
www.burmeseclassic.com

# ဓမ္မရောင်ခြည်




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

19 JUN 2013

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး




# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်











လောကီပညာရသစုံမဂ္ဂဇင်း

I.August, 2013.



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

**စာတည်းချုပ်**
ဦးကျော်မိုးသိန်း

**တာဝန်ခံစာတည်း**
ဓမ္မဒေဝ

**နယ်လှည့်အယ်ဒီတာ**
အောင်ဇ(LL.B)၊ ကိုစိုးဆန်း၊
သန်းထွန်း (ဘားအံ)

**ပါဠိ အယ်ဒီတာ**
ဦးစံတင်
(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)

**ဥပဒေအကြံပေး**
ဦးထွန်းစိန်
B.A(Myanmar), H.G.P.R.L(Advocate)

**ပန်းချီဒီဇိုင်းပညာရှင်**
ကိုတင်ဦး၊
တင်တင်နွယ်

**မျက်နှာဖုံးပန်းချီ**
မြတ်မင်းဟန်

**ဖြန့်ချိရေးမှူး**
ယဉ်ကျေးဝေ

**ကွန်ပျူတာစာစီ**
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

**အတွင်းဖလင်**
ပါရမီ

**နာယကကြီး**
ဒေါက်တာ အောင်နိုင်
M.B.B.S (Ygn)
ဒ-ဘ-ဓ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

**သာသနာ့အကျိုးဆောင်**
ဓောလာသ ဆရာအောင်

**တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေး**
ဒေါက်တာရည်ထွေး
B.Sc(Bot), Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos), Dip.T.Med.,
T.L.R.M (INDIA)

**အနောက်တိုင်း ဆေးကဏ္ဍ အယ်ဒီတာ**
ကိုကိုမောင်



ခရီးလှည့်လည်သွားလာနေရတဲ့သူတွေ
ဘေးအသာကင်းဝေးအောင်
ကျွန်စစ်သားမင်းဘုရားတစ်ဆူကို . . .
☛ စာ-၉

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၁၃၄၃၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကသာ ဖြန့်ချိရေး
မီးလှုံနှာစာပေ (တောင်ကြီး)
ဝင်းနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
ဖုန်း- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး — ကိုတင်မောင်ရွှေ
မင်္ဂလာ စီးပွားရေး ကြော်ငြာလုပ်ငန်း

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ
အမှတ် ၃၂၅
အုပ်ရေ
၁၀၀၀
ငါးရာကျပ် (၅၀၀/-)
ဖုန်း-၀၁ ၂၄၂၂၈၉



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်လေးဆူရဲ့ ပရိဘောဂတွေနဲ့အတူ
ဂေါတမဘုရားရှင်ရဲ့ လက်တော်ရာပါ
ထည့်သွင်းဌာပနာပြီး သိကြားမင်းက ... ☛ စာ-၁၀၉

နတ်တာလင်းဆိုတာ ဒီနေ့ရာပဲ
တံမြက်စည်းလှည်းစရာ မလိုဘူး
အမြဲပြောင်နေတယ် ... ☛ စာ-၂၉



## တွေ့ဆုံခြင်းရောင်ခြည်

သိဒ္ဓိမဟိဒ္ဓိဝိဇ္ဇာပညာရှင်ကြီးများနှင့် တွေ့ဆုံခြင်း
[ဘမင်းခေါင်နှင့် တွေ့ဆုံခြင်း]
[ဆရာ ဦးရဲအောင်-သိပ္ပံလက္ခဏာ+နက္ခတ္တဗေဒ+သင်္ချာဗေဒ] ၁၈၅
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) သဘာဝဓမ္မ
တိုင်းရင်းဆေးခန်း ဆရာဦးသန်းဆွေထွန်း(တဆ-၀၂၀၆၂)
၏ အမျိုးသား၊ အမျိုးသမီးအားနည်းရောဂါ
သိကောင်းစရာများနှင့်ကုထုံး [မြောင်းမြ မောင်ယဥ်တင့်] ၂၂၇

## ပညာပေးရောင်ခြည်

တရုတ်ကြိုးထုံးပညာ (၈၁) [ဟွာဂျင်းဇီ] ၇၈
သင်္ကေတများ၏ ဘာသာစကား (၂၅) [ဟွာဂျင်းဇီ] ၁၄၉
လူတိုင်းအတွက် တရုတ်ရိုးရာ
အိပ်မက်ရှင်းတမ်း (၇၁) [ထက်မင်းကျော်စွာ] ၂၀၁

## လက္ခဏာရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ညောင်သုံးပွ
ဝိပဿနာဓမ္မရိပ်သာ ဦးစီးပဓာန နာယကဆရာတော်
အရှင်သာသန(မေတ္တာရောင်ခြည်)၏ လက္ခဏာတော်
[ဆရာ ဦးခင်မောင်လင်း-B.Sc ရွှေဘို] ၃၇
အချစ်များသူလေလား [သန်းပညာ] ၇၀
ကျွန်ုပ်တို့ယ်တွေ့ မင်္ဂလာအခြံအရံသင်္ကေတများ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေသွဲ့] ၈၄
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၂၂၂
ကျွန်းမာရေးနဲ့ လက္ခဏာအမြင်
[ဆရာ ဦးခင်မောင်လင်း-B.Sc ရွှေဘို] ၂၉၆

## လမ်းညွှန်ရောင်ခြည်

ပိန္နဲတောင်ရွာ နတ်တောင်နှင့် ထူးခြားသော
နတ်တာလင်းသို့ [အရပ် ဆရာသိန်း-လပွတ္တာ] ၂၅
စိမ်းရောင်စို တောင်ညိုမှိုင်းရိုသည့် သာသနာ့မြေ
ဌာနေတိုင်းဆီသို့ (၅) [ထက်မင်းကျော်စွာ] ၅၇
သပြေအောင်ကျွန်းနှင့် သိဒ္ဓိမြောက် ရွှေမိကျောင်း(၃)
[ငြိမ်းသော်တာ] ၈၁

## အထူးတမူရောင်ခြည်

တော်ကူး မဟာသတိပဋ္ဌာန်ရိပ်သာသို့ လေ့လာ
ပူဇော်မှုခရီး(၁) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၁၉
ရေနီတောင်ဖီလာ (သို့) ဗဟိုတောင်ဖီလာတောရသို့
လေ့လာပူဇော်မှု ခရီးစဉ်(၂) [စံထွန်းသာ] ၄၉
မဟာဗောဓိမြစိမ်းတောင် ဆရာတော်နှင့်
ဖူးရင်းစမ်းတောရ သာသနာ့မြေ(၃) ၇၃
အောင်အတိတ်ဆောင် သိဂ်ိနိုက်တောင်ရိုးဆီမှ
ပုထိုးစေတီ ဒနုရာထူးများ (၁၂) [ထက်မင်းကျော်စွာ] ၈၉
ပေါင်လောင်ရှင်ဘသာပမထေရ် ကောင်းမှုစေတီများ
ပူဇော်မှုခရီး(အမြင့်တောကျောင်းစေတီ) [ဇင်ညီပြည်] ၁၀၅



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်တွေ့ရောင်ခြည်

မင်းရဲဘုရားတိုက်မှ ပျားစွဲဘုရားနှင့် အတန်းဆက်
[ထက်မင်းကျော်စွာ] ၁၇
ကြက်မ,တွန်ခြင်းနှင့် ကိုယ်တွေ့အတွေ့အကြုံ
[တင်ထွေး-အိမ်မဲ] ၄၇
ကြွပြန်သွားသော ရှင်သီဝလီ
[ညီလေးငယ်-လယ်တော်] ၂၀၉
နေတတ်သေတတ်၍ အမြတ်ရသူတစ်ဦး(၁၄)
[ကောင်းမြင့်မြတ်စိန်] ၂၃၃
ပလ္လင်ကြီးရှိုင်းထဲက ဆွဲပျားတူ [တင်ဘုန်းဝင်း] ၂၄၃
တွေ့ရကြုံရ ကျောက်သမားဘဝ(၇)
[ရွှေကသစ်-ကျောက်မျက်] ၂၆၄

## ကျန်းမာရောင်ခြည်

အစိဋ္ဌာန်ဆရာတော်၏ ဂုဏ်တော်အာရုံပြုနည်းဖြင့်
ပုတီးစိပ်ခြင်း [ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၁၃
ကိုယ်တွေ့ဘေးရန်တင်း၍ ဥစ္စာပရိသတ်အင်အား
ကောင်းစေရန် အစိဋ္ဌာန်ပုတီးစိပ်နည်း
[ဆရာ လှိုင်ဝင်းအောင်-ကျိုက္ကဆံ] ၁၄၂
ယောဘုတ်ရိုနီခွင်နှင့် ရန်ငြိမ်းချမ်းသာတုဉ့်စဉ်
[၄-တွင်း သောကြာသားသမီး သိုက်ဖွားများအတွက်]
[သန်းပညာ] ၁၆၈
ထံထူးအောင် နေနည်း
[ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းတန်း] ၁၉၀
တစ်ဆူတည်းပဲလား [ဝမ်း-စက်မှုတက္ကသိုလ်] ၂၄၈
ထူးခြားဆန်းပြား အကျိုးများသည့် ပုတီးစိပ်
[ဦးကလျာဏ-လှိုင်ကော်] ၂၈၄

## အသိအမြင်ရောင်ခြည်

လိုရာဆန္ဒ ပြည့်ဝစေသည့် ညာတင်ကုတ်အစီအရင်
[ဇင်ညိုငယ်] ၆၈
တက်ကင်းစာတ်နှင့် ဝမ္ဘိရအစီအရင်
[ဇရာမြေ ကျော်ဝေ] ၁၃၄
သိဒ္ဓိဝင် ရှင်သီဝလီ ဆိတ်စီးရုပ်တု အစီအရင်
[ညိုမင်းထက်-မြန်မာစာ၊ မော်လူး] ၁၃၇
အလောင်းထမ်းမွေးခြင်းအတွက် အဇ္ဈရာယ်ကင်း
တုသိုလ်တံမြှင့် ယတြာအစီအရင်
[နတ်မောက် လှမြင့်သစ်] ၁၃၉
မွေးဖွားရ လွယ်ကူစေအောင် ဒါကိုဆောင်
[မောင်မောင်-ဖောင်တော်လည်] ၁၆၀
သစ်သီးစားမျှောက် အစီအရင် [ကိုစိုးဆန်း] ၁၆၆
သူ့အသက်ကို ဝမ္ဘိရပညာဖြင့် ကယ်လိုက်ပြီ
[ဗိုလ်မှူးတင်လှ-ငြိမ်း] ၁၇၇



မိကျောင်းရုပ်တုနှင့်
မိကျောင်းကျောပေါ်မှာ စေတီတော်ကို
ဤသို့ ထူးခြားစွာ ဖူးမြင်ရသည်... ◆ စာ-၅၈


ငါးသရင် မီးသင့်ပါနဲ့၊ ရေမကျော့ပါနဲ့
မြေကြီးထဲ ရူးမမြုပ်ပါနဲ့၊ ဂူမသွင်းပါနဲ့
ကြက်စာ ငှက်စာဆိုပြီး မကျွေးပါနဲ့... ◆ စာ-၃၃





www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မှာကြားပါတယ်
ဝိပဿနာတရားကို အမြဲမပြတ် ရှုမှတ်နေကြပါ
ပေါ့ပေါ့ဆဆ မနေရဘူး... စာ-၁၉

ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်
ဆုံးပါးသွားတယ်
သူရဲ့ ရုပ်ကြွင်းတလဲ ပျော့ပျောင်းနေတာပဲ... စာ-၂၃၃



❐ အထွေထွေရောင်ခြည် ❐

ဆင်ကျောက်တုန်း ကြွက်ပုန်းလို့ ကူးကန့်၊ ဆင်နှင်းမြိန် မြေ့အံ့သည့်ထုံး [သူရိန်ထွန်း–ဝိဇ္ဇာစရဏ၊ မြည်] ၆၃
စီးပွား အလုပ်အကိုင် အောင်မြင်စေပြီး အိမ်မက်ပေးသော ဓာတ်လုံး ပြုလုပ်စီရင်နည်း [ဆရာနေမျိုး–ဘီအေ] ၈၀
သွပ်ဖမ်းချော်နှင့် သွပ်ပျဉ်းထိုးနည်း [ဟာသဝိ ကောင်းဖမ္မူကျော်] ၁၁၈
ရှေ့ဖြစ်ဆေးအကြောင်းသိကောင်းစရာ(၂) [ဦးမင်းဇင်–ရွှေနဝင်း] ၂၀၄
ထုံကျပြဒါး ရွှေသားအစစ်(၂) [ရွှေတောင် ခင်မောင်ကြည်] ၂၁၁

✳ ဂါထာမန္တန်ရောင်ခြည် ✳

အလိုရှိရာ တောင့်တရာရာ ကောင်းကျိုးချမ်းသာ လိုအင်ဆန္ဒ ဟူသမျှ ပြီးပြည့်စုံနိုင်စေသော ဂါထာမန္တန်တော်ကြီး [နီမာအေးမြ–ပြည့်ဖြိုးမုဒိတာ] ၉၅
အခိုက်ဖြေနည်း (သို့) အမှောင့်ပယောဂ ဖယ်ရှားသည့် ဂါထာမန္တန် [နတ်မောက် မင်းချစ်နော်] ၁၃၆
မဟာပုရိသပထမံဂါထာနှင့် ကျွန်တော် [မောင်ဗဟိန်း–အင်းတော်] ၁၅၈

✳ ဒေသဖြိုးပို့ရောင်ခြည် ✳

သွေးပိတ်လေပိတ် ရှောက်သံပရာနှင့်နိုင် [ကောင်းထက်–ချောင်းနက်] ၁၃
လိပ်ကြောက်သော လိပ်ကျောက် [ဘိကျွဲအနော်မ–ပဋ္ဌဝတီ] ၁၉၂
ဆီးချို သွေးချို မဖြစ်လို ဒါကို သင်ဆောင်ထား [ထီးချိုင့် ဦးအုတ်ရွှေ–K.4] ၂၀၀
မအူရွက်သုံးပြီး ညှော်နှင့် အပူကိုထုတ်ပါ [ရောဟိဏီကျော်–မအူပင်] ၂၁၆

◆ ဆေးဆေးဝါးရောင်ခြည် ◆

အာယုဝဍ္ဎနဆေး [သီရိ] ၃၉
သွားရောဂါအတွက် ဆေးတစ်လက် [ရွှေဝင်း–အင်းတော်ကြီး] ၁၂၀
သခေါ်ရွက်နှင့် ဆီးကျိုက်ရောဂါ [ဒဏ္ဍာရီ–စက်မှု၊ ဆင်ဖြူကျွန်း] ၁၄၄
သွားရောဂါ သက်သာပျောက်ကင်းစေသည့် ဆေးတစ်လက် [ဦးပညာလင်္ကာရ–ပန်းတောင်း] ၂၈၇

⁜ ကျိုးရုပ်ကျွဲရောင်ခြည် ⁜

ကုလားမတောင်နှင့် ရွှတ်ပင်ကြီး [ဒဿတင်ရွှေ] ၂၆၅
ပိတောက်ခွဲတဲ့ သရဲနောက်ပိုး [မျိုးတင့်–ညောင်လေးပင်] ၂၇၃

✳ ဓာတ်စွမ်းအင်ရောင်ခြည် ✳

လူနှင့် အာကာသချော [ဦးမောင်ဦး] ၂၈၉

+ ထူးခြားသမိုင်းရောင်ခြည် +

မြင်းခွာငယ်ဂမုန်း [ထက်မင်းကျော်စွာ] ၅၄

✳ စကားသုတရောင်ခြည် ✳

လက်တွေ့ပွားစွဲနိမိတ် [မင်းသန့်ကျော်–စီးကုန်း] ၇၂
၁၃၇၅ ခုနှစ်အတွက် ရောဂါနိမိတ် [ကာသာ သင်ရွှေ] ၁၁၅
ပြဒါး ပဒိုင်း ပုတီးနှင့် သီလဂုဏ်ရည် [တင်ထွေး–ဆီမ်မဲ] ၂၂၃



www.burmeseclassic.com

www.burmeseclassic.com

## ✝ ထူးခြားထူးဆန်းရောင်ခြည် ✝

ကျောက်လိပ်အကြောင်း [စလင်း ဦးကျော်] ၈၆
ဆားလင်းကြီးမြို့မှ ထူးသောနိမိတ်ဆောင် ကျောက်ခွေ
[တွေးမောင်] ၁၄၆
သစ်တွင်းနှစ်ထပ်နဲ့ အကျဉ်းအကျပ်မှ လွတ်ခဲ့ရသူ
[မြောင်းမြမြင့်လှိုင်] ၁၅၃
ဆောင်းဆန်းသူရိုယတိုက်ချွန်း ပြောပြသော
သူ၏အဆောင်များ [သူရမင်းနိုင်–ဖျာပုံ] ၁၆၉

## ● ကိုယ်ခံပညာရောင်ခြည် ●

သိုင်းပညာရှင် ဆရာကြီး မင်းယကွ၏ ဘဝအတွေ့
အကြုံများ (၁၈) [ဆရာကြီး မင်းယကွ–တိုက်ပွဲဝင်] ၁၈၂

## ✳ ကုသိုလ်ရောင်ခြည် ✳

နာစေးချောင်းဆိုးဝေဒနာ သက်သာပျောက်ကင်းကြောင်း
လေ့ကျင့်ခန်း နည်းလမ်းကောင်း [မြင့်သန်းအောင်] ၆၇
မရောင်ရာ ဆီလူး ကုသချက်ကထူး
[ကိုရွှေမောင်–ဒေါင်းအင်းကုန်း] ၁၇၈

## ✍ အမျိုးသမီးအလှရောင်ခြည် ✍

ရှေးလူတို့ ကန်စွန်းဥပြုတ်နည်း
[ဒေါ်ကြည်ညွန့်–ဇင်းကျိုက်] ၁၃၅

## ◯ သုတေသနရောင်ခြည် ◯

မဟာဘုတ်ရိုက်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
(ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်
ဆရာတော်ကြီး မဟာဂန္ဓဝါစကပဏ္ဍိတ
ဘဒ္ဒန္တယုဂန္ဓရအား ပူဇော်ဂါရဝပြုခြင်း) [သန်းပညာ] ၁၄၅
စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြဲလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြင့်–ဥပဒေတွဲ့] ၁၇၂
နေအိမ်လျှာထွက် လေ့လာချက် [ဦးစိန်–ခေတ္တမြိတ်] ၁၉၃
သိဒ္ဓိရှင် ဆိုသည်မှာ [စရဏ ဦးအောင်] ၂၂၅

## ◯ ကျန်းချင်းဖြိုးဆေးပင်ဆေးမြစ်ရောင်ခြည် ◯

ကွမ်းစားဝမုန်း လက်တွေ့ဆေးအသုံး
[နတ်မောက် ကောင်းမွန်မြင့်] ၈၅
တောင်ကုက္ကိုပင်၏အစွမ်း [မြဒင်–ဇင်းကျိုက်] ၂၃၂

## ✳ ဟိုရာနှင့်ရောင်ခြည် ✳

နွားလျှာ ပိုးထိုးနေလျှင် [မောင်မောင်ကျော်] ၁၃၃
ကျွဲနွား နှာတွင်းအနာ ကုသနည်း [နေမဝင် နတ်မောက်] ၂၅၃
နွားပန်း(ထမ်းပိုးတင်) အနာပေါက်လျှင် သက်သာ
ပျောက်ကင်းစေသော လိမ်းဆေး [မြဒင်–ဇင်းကျိုက်] ၂၅၉



မျက်မှန်းမင်းကောင်း
သရုပ်ဆောင်ရုပ်ကြီးသည့်
သက်မှန်ကုဆိုင်း ကျော်ကုဆိုင်
နှမ်းကုဆိုင်
သားသမီးမှုကုဆိုင်တို့ကို...
➡ စာ–၁၂၀

ကျိုက်ထီးရိုးကို
ဝိုက်ရံ၍
ပျံ့နှံ့ရှင်သန်ပါက
လှူအများ
ချစ်ခင်လေးစားခြင်းကို...
➡ စာ–၅၅





www.burmeseclassic.com

www.burmeseclassic.com



ပေလာဂီ အစ်အရင် ရုပ်တုတော်ဖြစ်သည့်
ဤညာဘင်ကုတ် ရုပ်တုအား
တွန်းမာစရာနှင့် မိသားစု ကိစ္စများအတွက် စာ-၆၈



ကျောက်မြွေ
ကား
အငါ
စုံလင်စွာ
ပါရှိသည်
ကောင်းသော
နိမိတ်
ဖြစ်သည်...
စာ-၁၄၇



ဒကာကို
ဘုန်းကြီး
ဒီ
သစ်ကွင်းလေး
စွန့်ခဲ့မယ်
ဘုန်းကြီး
တောထဲက
ရုလာတုန်းက...
စာ-၁၅၃


## ကြည်ညိုခြင်းရောင်ခြည်

ဘေးရန်ကင်းစေသည့် ကျိုက်စစ်မင်းကောင်းမှု
ရွှေတွင်းအောင်းစေတီတော် [တွေးမောင်] ၉

## အောင်မြေရောင်ခြည်

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိုးပူဇော် ဂါထာတော်များ(၆)
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၉၇

ရတ္တန်စင်တောင်ဆရာတော်ကြီး အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်၊
ဆေးကု၊ အစာကျွေး၊ သိဒ္ဓိတူးမြောက်ပုံများနှင့်
ကောလင်းကရာကုန်း ဘုန်းတော်ကြီးကျောင်း
[နေနီလင်း-ကောလင်း] ၁၂၁

## ဇော်တိဗေဒရောင်ခြည်

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ထီအတွက်
ရွှေချယ်ပါ ဟ၌ဂဏန်း [ဆရာရဲထက်-သုတေသီ] ၁၅
၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွက် ဓာတ်ကြီးငါးပါး
ရိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၁၀၄

## စိုက်ပျိုးရေးရောင်ခြည်

ဓန့်သလွန်ပင် အသီးများများ သီးစေဖို့
[မြမြဝင်း-တောင်ငူ] ၂၃၀

## အင်းစမရောင်ခြည်

တစ်နှစ်တစ်ခါ ဓာတာဆေးရအောင် [မောင်ရည်ပန်] ၁၄
ထီပေါက်စေနိုင်သော ရှင်သီဝလိ လာဘ်ဘဘိ ဒီပံဖင်း
[ကောင်းမြတ်ထွန်း-ဟသ်ာတ] ၁၅၆

## မှုရှိုးလိုက်ရှူးရောင်ခြည်

ဇောမီအောင်မြေ ဝိပဿနာ တမ္မဋ္ဌာန်းကျောင်းတိုက်
ဆရာတော် အသျှင်ထေရတိဿမထေရ်မြတ်၏
ထူးခြားသော ရှပ်ကလာပ်တော် [ကျော်-မော်လမြိုင်] ၃၃
ကျွန်ုပ်ကိုယ်တိုင် ဖူးတွေ့ရသော
ရဟန်းထူးရဟန်းမြတ်များ(၂)
[မျိုးမြင့်-ဆောက်လုပ်ရေးအင်ဂျင်နီယာ/ငြိမ်း] ၄၁
မြန်အောင်မြို့ သစ်ချိုကုန်းဆရာတော်
ဘဒ္ဒန္တဝါယမ မဟာထေရ်၏ ထေရုပ္ပတ္တိအကျဉ်းနှင့်
ကြောင်းတိုဆိုင်ရာ ကွင်းဆက်များ
[စိုးလင်းအောင်-ငြိမ်းအောင်] ၁၂၉




www.burmeseclassic.com

www.burmeseclassic.com


## ❖ ထူးခြားဆန်းကြယ်ရောင်ခြည် ❖

ညောင်တုန်းမြို့မှ ထူးခြားအံ့ဖွယ်တစ်ခု
[ဆရာကြီး ဦးအောင်မြင့်-ဥပဒေဘွဲ့] ၆၅
မြတ်ဘုရားရွှေတိဂုံနှင့် ဝဋ်ခွေရအတွေ့အကြုံ [သမ္မုဒ္ဒ] ၁၆၁
ညာဏ်စခန်း ဗျာနိလမ်းတိုက်တဲ့(၂)
[ရွှေတောင် ကြည်မောင်အေး] ၁၉၅
ဓာတ်ပုံဆရာဘဝ ဖြစ်ရပ်ဆန်းများ(၃)
[ရွှေက်မြေ ဖိုးကော] ၂၃၇
အင်းလယ်ရှင်နန်းမှ ဖြစ်ရပ်ဆန်း
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၂၆၀

## ○ အနေးအနဖြေရောင်ခြည် ○

အလောင်းထမ်းမှေ့ခြင်းနှင့်ပတ်သက်၍ ဤသို့ဖြစ်ပါသည်
[အရိုးန-စစ်တွေ] ၂၈၇

## ✂ နေ့စဉ်သုံး အဟောကိန်းညွှန်ရောင်ခြည် ✂

၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူကျင်းဇီ] ၈၈
၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၁၂၈

## ★ မြန်မာ့ရိုးရာပညာရောင်ခြည် ★

အိမ်နိမိတ်တွက်နည်း [ဗိုလ်မင်း-မင်းလှ] ၁၇၅

## ◆ ကျန်းမာရေး ဓာတ်ဆေးရောင်ခြည် ◆

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဟူကျင်းဇီ] ၁၁၂

## ✍ ဝိဇ္ဇာမှုထွန်းပုဂ္ဂိုလ်ထူးရောင်ခြည် ✍

မြစ်သာရွာကြီးမှ အဘိုးဆရာကြီး ဦးတိုက်စိ(၁)
[နေဝန်းနီ] ၂၁၇

## ● ဖြစ်ရပ်မှန်ရောင်ခြည် ●

နတ်လွှင့်ခံရသော မိန်းကလေး [နိုင်သစ္စာ-အလင်းသစ်] ၂၄၁
သတင်းပို့သော ဝိညာဉ် [ချစ်ဆိုင်] ၂၄၉
ကိုယ်တိုင်ဖူးရသော ဗျာနိပုံရဟန်းတော်နှစ်ပါး
[မောင်အေးကြူ-စီးပွားရေး] ၂၅၇
ပြောမယုံ ကြုံဖူးမှသိ (၂) [အင်ကြင်း-ကသာ] ၂၆၈
တွေးဖူးတင်သော ပရလောကသားများ
[တက္ကသိုလ် အပန်ငယ်] ၂၇၈
လှည်းဘီးတောင်က မောင်နှမနှင့် ပျောက်ဆုံးနေသော
ကျောက်လှည်းဘီးနှစ်ခု [အေးမြင့်စိုင်း-ဝန်းသို] ၂၈၁
ကွယ်လွန်သူ၏ ဆန္ဒမွန် [ကောင်းသုခ] ၂၉၂
အိမ်ပြောင်းတက်ခါက်ရင်
[အောင်ထက်-ရောအနောက်မြို့တော်] ၂၉၇
ခွေးမရောက် အိမ်ခေါင် [ရွှေမိုး-ရမည်းသင်း] ၂၉၉
ဓ နာ့ဈာပူရောင်ခြည်မဂ္ဂဇင်း





ဦး
ရှင်သီဝလိ
ဆီတင်စီး
ရုပ်တုကို
ပူဇော်ရင်
စီးပွားရေး
အဆင်ပြေမှုတွေ
ရှိလာတယ်..
စာ-၁၃၇

ကောင်းမှုတော်
ဘုရား၏
သိကြားမင်း၏
ရေစင်သွန်းရာ
သိကြားဂူနှင့်
ဆောင်မြေ
နေရာ
ဖြစ်သည်...
စာ-၁၀၂



www.burmeseclassic.com

www.burmeseclassic.com



▲ ရွှေတွင်းအောင်းရုပ်ပွားတော်

BURMESE CLASSIC .com

ဘေးရန်ကင်းစေသည့် ကျုန်စစ်မင်းကောင်းမှု

# ရွှေတွင်းအောင်း စေတီတော်

ဝေဠုမောင်

'ဒကာတို့လို ခရီးလှည့်လှည့်သွားလာနေရတဲ့သူတွေ ဘေးဘယာ ကင်းဝေးအောင် ကျန်စစ်မင်း ဘုရားတစ်ဆူကို ပူဇော်ဖူးမြော်သင့်ပါတယ်။

ရွာတောင်ဘက် မြစ်ကမ်းနားမှာ ရွှေတွင်းအောင်းဘုရားတဲ့။ တာလမ်းအတိုင်းလိုက်သွား မှားစရာမရှိဘူး။ ဘွဲ့မည်ကမ္ပည်း တင်ထားပါတယ်'

အမြင့်မြို့ပေါင်း ရန်အောင်မင်္ဂလာ ကျောင်းဆရာတော် ဦးဝါယမိန္ဒက အထက်ပါအတိုင်း တိုက်တွန်းလမ်းညွှန်ကာ စေတီသမိုင်း ဖြစ်စဉ်တော်များကိုပါ မိန့်ကြားတော်မူခဲ့လေသည်။

သို့ဖြစ်၍ အမြင့်သို့ ရောက်ခိုက် ထိုစေတီတော်အား သွားရောက်ဖူးမြော်ဖြစ်ခဲ့သည်။

## ရွှေတွင်းအောင်းစေတီ

မင်းရဲဘုရားတိုက်၏ တောင်ဘက်






www.burmeseclassic.com

www.burmeseclassic.com






◄ တန်ဆောင်းထက်မှ ပန်းတော့ရုပ်လုံး

◄ ရွှေတွင်းအောင်စေတီနှင့် အာရုံခံတန်ဆောင်း

တာလမ်းမကြီးအတိုင်း အနည်းငယ် သွားရကာ မြစ်ကမ်းအနီးသို့ ရောက် သော် စေတီကမ္ပည်းနှင့် မုခ်ဦးကိုတွေ့ ရသည်။

◄ ရွှေတွင်းအောင်စေတီအဝင်မုခ်



ဘုရားဝင်း၊ အတွင်း၌ စေတီနှစ်ဆူ တောင်မြောက် တန်းစီ၍ ကိန်းဝပ်တော်မူရာ မြောက်ဘက်စေတီမှာ ရွှေတွင်းအောင်း စေတီဖြစ်ကြောင်း သိရသည်။

လေးထောင့် ကုလားကျောင်းတိုက်မ ခံ၍ အထက်တွင် အရံထောင့်စိုက် စေတီလေးဆူနှင့်အတူ ခေါင်း လောင်းမှောက်စေတီ ပေါက် ထားသည်။ အရှေ့ဘက်လှည့် မုခ်နှင့် အာရုံခံတန်ဆောင်း ပါရှိသည်။

အာရုံခံ တိုက်တန်ဆောင်း အထက်မျက်နှာစာရှိ ပန်း တော့ရုပ်လုံးများ သွန်းလုပ် တန်ဆာဆင်မှု လက်ရာများ အရ စစ်ကိုင်ခေတ်က လှူဒါန်း သောတန်ဆောင်းဖြစ်ကြောင်း ခန့်မှန်းရသည်။

တန်ဆောင်း အတွင်း၌ကား ပုဂံခေတ် တန်ဆာဆင်မှု အတိုင်း ကျဉ်း၍ နိမ့်သော အဝင်မုခ်ဝကို တွေ့ရသည်။ လိုဏ်အတွင်း စံပယ်တော် မူသော ရုပ်ပွားတော်မှာ ခေတ် အဆက်ဆက် မွမ်းမံမှုများ ရောနှော ဖူးမြင်ရလေသည်။ ပလ္လင်ခုံအခြေ၌ သံတန်း ကာထားသော လေးထောင့် တွင်းငယ်တစ်ခု ရှိသည်။

**အုန်းသီးကဲ့သို့ ရေတွင် ပေါ်နိုင်သော အရာဝတ္ထုတစ်ခုကို ဤတွင်းမှ ပစ်ချ လိုက်ပါက ချင်းတွင်းမြစ်အလယ်တွင် သွား၍ပေါ်လာတတ်သည် ဆိုကြ၏။**

ယခုအခါ မြစ်တွင်းသောင်ထွန်း သဖြင့် လည်းကောင်း၊ ကလေးသူငယ် များ တုတ်ခဲမြေကြီးတို့ ပစ်ချဖန်များ သဖြင့် လည်းကောင်း ပိတ်ဆို့သွားပြီဟု သိရလေသည်။

## စေတီသမိုင်းအကျဉ်း


ကျန်စစ်သားမင်း၏ မယ်တော် ပဉ္စကလျာဏီမိဖုရားသည် အနော် ရထာမင်း အမျက်တော်ရှသဖြင့် ကိုယ်ဝန်အရင့်အမာနှင့် ပရိမ္မအရပ်သို့ ပို့ဆောင်ခြင်း ခံရသည်။

ပရိမ္မကိုရောက်၍ ကျန်စစ်မင်းသား ကို မွေးဖွားပြီးနောက် သမားဟူးရေးတို့ လျှောက်တင်ချက်အရ အနော်ရထာမင်း က အကြိမ်ကြိမ် လူလွှတ်၍ ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



▲ ပလ္လင်ခြေမှတွင်းဝ



ရွှေအိမ်စည်ဗိမာန် ▶

သတ်ဖြတ်စေသော်လည်း ဘုန်းတန်ခိုး
ကြီးမားသူဖြစ်၍ နဂါးလုလင် စောင့်
ရှောက်ပေးကာ အသက်ဘေးမှ လွတ်
ခဲ့လေသည်။
လူလားမြောက်သောအချိန်
တွင်လည်း ထပ်မံ ရှာဖွေ


▼ ရွှေအိမ်စည်မင်းသမီးရုပ်တု






www.burmeseclassic.com

www.burmeseclassic.com





◄ ကျဉ်းရှိမှိန်သော လိုဏ်ဂူဝ

နောက်ထပ် (၈)မြှောင့်စေတီ ►

သုတ်သင်စေပြန်သဖြင့် ဤနေရာသို့ ထွက်ပြေးတိမ်း ရှောင်ခဲ့ရသည်။ မင်းချင်းတို့ လိုက်ရှာသောအခါ နဂါးဖန်တီးပေးသော မြေအောက်ဥမင်၌ ပုန်းလျှိုးနေသဖြင့် မတွေ့ကြရချေ။

ထို့ကြောင့် ကျန်စစ်မင်း ဖြစ်သောအခါ ဤနေရာတွင် ရွှေတွင်းအောင်းစေတီ တည်ဆောက်ပူဇော်ခဲ့လေသည်။ ပလ္လင်ခြေတွင် တွေ့ရသော တွင်းဝသည် ကျန်စစ်မင်းသားဘဝ ပုန်းအောင်းခဲ့ရာ ဥမင်သို့ ရောက်ရှိနိုင်သည်ဟု ယုံကြည်ကြလေသည်။

## ရွှေအိမ်စည်မင်းသမီး

စေတီတော် အရှေ့ဘက်တွင် အုတ်အဆောင်ငယ်တစ်ခုနှင့်အတူ ရွှေအိမ်စည်မင်းသမီးရုပ်တုကို တွေ့မြင်ရသည်။

ကျန်စစ်မင်း နတ်ရွာစံ၍ အလောင်းစည်သူမင်း နန်းတက်သောအချိန်တွင် ကျန်စစ်မင်း၏သမီးတော် ရွှေအိမ်စည်မင်းသမီးသည် ရွှေကြိုးရစ်ရုပ်ပွားတော်ကို ပင့်ဆောင်ကာ အမြင့်တွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း ရွှေကြိုးရစ်ဘုရားသမိုင်း၌ တွေ့ရ၏။

အမြင့်သို့ရောက်လျှင် ခမည်းတော်ကောင်းမှု ရွှေတွင်းအောင်းစေတီကို ဆက်လက်မွမ်းမံ ကုသိုလ်ပြုမည်သာ ဖြစ်သည်။ ထို့ကြောင့် ဘုရားမွမ်းမံသူ ဒါယိကာမရုပ်တု ထားရှိဟန်တူပါသည်။


စေတီဝင်းအတွင်းရှိ သစ်ရွက်ကြွေများကောက်၍ ကုသိုလ်ပြုနေသူ အမျိုးသားတစ်ဦးက...

'လွန်ခဲ့တဲ့ရက်တွေက ရွှေအိမ်စည်မယ်တော်ရှေ့မှာ ကျောင်းသူကျောင်းသားတွေ ကြိတ်ကြိတ်တိုး စည်ကားနေတာပဲ။ စာမေးပွဲအောင်ဖို့ ဆုတောင်းကြတာလေ'

ဟု ပြောပြသည်။

'ကျောင်းသားကိုယ်တိုင် ကျက်နိုင်ဖြေနိုင်မှ အောင်မှာပဲဟုတ်လား၊

www.burmeseclassic.com



◆ ပျက်သုဉ်းနေသော
ရွှေတွင်းအောင်ကျောက်စာ

မယ်တော်ဆီ ဆုတောင်းရုံနဲ့ အောင်နိုင်ပါ့မလား'

'စာမေးပွဲက ဖြေပြီးသွားပြီလေ၊ စိတ်သက်သာရာရအောင် လုပ်တာနေမှာပေါ့။ ဒါပေမယ့် ဆုတောင်းပြည့်တယ်လို့ ပြောကြပါတယ်'

သူ့စကားအရ စာမကျေ စာမေးပွဲကောင်းစွာမဖြေနိုင်သူတို့သည် ရွှေအိမ်စည်မယ်တော်ထံ စာမေးပွဲ အောင်လိုကြောင်း ဆုတောင်းခြင်း မပြုဝံ့ကြဟု ယူဆဖွယ် ရှိလေသည်။

မည်သို့ ဆိုစေကာမူ အသက်အရွယ်အားဖြင့် ကြီးမြင့်မှု ဝယဝုဍ္ဍိအလေး အနက်ထားလျက် ဂါရဝပြု မေတ္တာပို့သခြင်းကား မင်္ဂလာမည်၍ ကုသိုလ်ရသည်သာ ဖြစ်လေသည်။

ထို့နောက် တောင်ဘက်ရှိ စေတီတော်အား ကြည်ညိုရာ ဖရုံမြှောင့်ပစ္စယံများအထက် (၈)မြှောင့်ပုံ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည့် နှောင်းခေတ် ကောင်းမှုစေတီဖြစ်ကြောင်း သိရသည်။ ရှမ်းပြည်နယ်ဒေသအချို့တွင် ဖူးတွေ့ရလေ့ရှိသော ဂြိုဟ်ပြေနံ့ပြေပူဇော်မှု စေတီများနှင့် ဆင်တူလေသည်။

စေတီ အနောက်ဘက် အရာမ်တံတိုင်း အပြင်ဘက်တွင် ချင်းတွင်းမြစ်ကမ်းတည်ရှိသည်။ ကမ်းသာရှိ၍ မြစ်ရေပြင်ကား သောင်ပြင်ကျယ်ကြီးခြားကာ အဝေးနေရာဆီ၌ ပျပျမြင်ရလေသည်။ တံတိုင်းအနီး၌ ကျောက်စာတစ်ခု ရှိသော်လည်း ဖတ်မရအောင် ပျက်စီးနေသည်ကို တွေ့ခဲ့ရသည်။

## နှုတ်ဆက်ဂါရဝ

ထို့နောက်တွင် ရွှေတွင်းအောင်စေတီနှင့် ရုပ်ပွားတော်အား နှုတ်ဆက်ကန်တော့ကာ ပြန်ထွက်ခဲ့သည်။

ရွှေတွင်းအောင်စေတီကား ကျွန်စစ်မင်းသားဘဝ ရန်သူဘေးမှ လွတ်ကင်းခဲ့ရာ နေရာဋ္ဌာနဖြစ်ရာ ကြီးပွားစေလိုဘုန်းရိပ်ခိုခြင်းဖြင့် မင်းကျန်စစ်ကဲ့သို့ ရန်ဘေးအသွယ်သွယ် ကင်းဝေးစေကြောင်း ကုသိုလ်ပြု ဆုပန်နိုင်သော စေတီဖြစ်သည်။

ရွှေတွင်းအောင် ပညတ်အရ ရန်ကို ရန်ချင်း တုံ့နှင်းခြင်းထက် ခမာဂုဏ်ဖြင့် သည်းခံရှောင်လွှဲခြင်းက ပိုမိုဘေးကင်း လုံခြုံလိမ့်မည်ဟု တွေးဆမိလေသည်။

**ထွေးမောင်**

# သွေးမိတ် လေမိတ်

**ဖျော်, သံပရာနှင့်နှိပ်**





အသက် (၅၀) ကျော် အရွယ်များနှင့် လေဖြတ် လေဖြန်းပြီးခါစ သူများတွင်ခြေကြော၊ လက်ကြောများထုံကျဉ် ကိုက်ခဲ၏။ တောင့်တင်း မာကြော၏။

သွေးမလျှောက်၊ လေမလျှောက် သကဲ့သို့ အကြောများ သေတတ်ပါသည်။ ယင်းကဲ့သို့သော အကြောရောဂါများအတွက် လိမ်းဆေးနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဆေးစီရင်ရန်နည်းမှာ...**

ရှောက်ရွက်အစို လက်တွင်းတစ်ဆုပ် သံပရာရွက်အစို လက်တွင်းတစ်ဆုပ်စီကို ကျောက်ရေတ်ဆုံဖြင့် ညက်စွာထောင်းပါ။

ထို ထောင်းပြီးဆေးကို နှမ်းဆီ သင့်တင့်အောင် ဖျော်၍ ခြေသလုံး လက်မောင်းများကို နှိပ်၍လိမ်းပေးပါ။

ညအိပ်ရာဝင်ခါနီးတွင် လိမ်း၍ အဝတ်ပါးဖြင့် ဖုံးထားပါ။

ဤသို့ သုံးကြိမ်မျှ လိမ်းပေးပါလျှင် ခြေလက်အကြောတင်းတောင့် သက်သာပျောက်ကင်းပါသည်။ ဘေးထွက်ဆိုးကျိုးမရှိ ရှာဖွေရန် လွယ်ကူသဖြင့် စေတနာဖြင့် ဖော်ပြအပ်ပါသည်။

ဤဆေးနည်း ပြောပြသော **ချောင်းနက်အရှေ့ရွာ တောင်တွင်းကြီးမြို့နယ်မှ ဆရာ ဦးအုန်းမြင့်** အား ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

***အားလုံး ကျန်းမာချမ်းသာကြပါစေ***

**ကောင်းထက် (ချောင်းနက်)**



www.burmeseclassic.com

www.burmeseclassic.com

### တစ်နှစ်တစ်ခါ

# ဇာတာဆေးရအောင်



တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုရိုးရှိသည်။ ပညာရှင်တစ်ဦးတွင်လည်း တစ်ခုကောင်း နည်းရှိသည်။ ကြားဖူးမှတ်သားမူးသည်အရ **အနန္တဒီပံ၊ မဟာဒီပံ၊ ရတနာဒီပံ၊ ဘယာဒီပံ၊ ရောဒီပံ** ဟူ၍ အမျိုးမျိုးရှိသည့်အနက် ဤနည်းသည်လည်း အကျိုးဝင်သော ဒီပံတစ်မျိုး ဖြစ်သည်။ သုံးစွဲသူပေါ်မှာ မူတည်ပြီး **ဒီပံ အတိုင်းအတာ ကွဲပြားသည်။**

လွန်ခဲ့သော(၁၅)နှစ်၊ နှစ်(၂၀)ခန့်က တောင်ငူ၊ အေးသုခကျောင်းတိုက်မှ ဓမ္မာစရိယ(၃)မျိုးအောင် **ဆရာတော်ဦးသုဇာတာဘိဝံသ (ပျံလွန်တော်မူပြီး)** ထံမှ ရသည်။

ရရှိသည့်အကြောင်းကလည်း ဓမ္မမိတ်ဆွေ ညီအစ်ကိုချင်း ဒကာကြီး ကူးချင်ရာကူးပါဆို၏။ သူ၏ လက်ရေးမူဖြင့် ရှာကြံစုဆောင်းထားသော မှတ်စု(၆)အုပ်၊ (၇)အုပ်ခန့် ထုတ်၍ပေးသည်။

ဆရာတော်က ပြောလိုက်သေးသည်။

'ဒကာကြီးရဲ့ ဓာတ်ထိုးပညာမှာ တခြားနည်းတွေအပြင် လက်တွေ့စားလယ်နည်း (၁၅၀)ကျော်ပါရှိတယ်'

ဟူ၏။

အင်း၊ စမ၊ ဂါထာ၊ မန္တန်၊ ဗေဒင်နှင့် ဓာတ်ထိုးပညာရပ်တွေလည်း စုပေါင်းစပ်ပေါင်းမနည်းပါ။ စာရေးသူက ဓာတ်ထိုးပညာကိုလည်း နားမလည်တော့ ဓာတ်ပညာမှလွဲ၍ ကျန်တာတွေ ကူးယူသင့်တာကူးယူသည်။

တစ်နှစ်တစ်ခါ ဇာတာဆေးနည်းနှင့်ပတ်သက်၍ ဆရာတော်ကိုယ်တိုင် လက်တွေ့ အသုံးချပြီး အကျိုးများကြောင်း ပြောကြားခဲ့သည်။

ယခုလည်း ကိုယ်တွေ့အသုံးချပြီးသော **ရသေ့ကြီးဦးခန္တီ၏ သမားအစဉ်အဆက်လျှို့ဝှက်ခဲ့သောနည်း** တစ်နှစ်တစ်ခါ **ဇာတာဆေး အင်းတစ်ချပ်ကို လိုအပ်သလို အသုံးပြုကြရတော့မည်။**

ဆရာတော်ကြီးကိုလည်း ကျေးဇူးဆပ်ရာရောက်၊ အများလည်း အကျိုးဖြစ်ထွန်းစေသော နည်းကောင်းတစ်ခုကို နက္ခတ္တရောင်ခြည်တွင် ပေးပို့ တင်ပြအပ်ပါသည်။

လုပ်ထုံးလုပ်နည်းမှာ...

ဦးစွာ မိမိအသက်ကိုတည်၊ မိမိမွေးနံ ဂြိုဟ်သက်နှင့် ပေါင်းပါ။ ရသောရလဒ်ကို မူတည်ထားကာ ဂြိုဟ်ခွင်အလိုက် လက်ယာရစ်ပတ်ပြီး အဆင့်ဆင့်ပေါင်း၍သွားပါ။ ဂြိုဟ်ရစ်ခွင်ပြည့်လျှင် ရပ်ထားပါ။

နောက်ဆုံးရသော ရလဒ်ကို မိမိအသက်နှင့် ပြန်နုတ်လျှင် (၁၀၈)နဝင်း ကျန်ရမည်။ မကျန်က မမှန်ပါ။ ပြန်တွက်ရပါမည်။ အင်းဆန်ကို အင်းဂဏန်းဖြင့် သွင်းပါ။

အသက်(၂၁)နှစ်ရှိ သောကြာသားနေ့နံနှင့် ဂြိုဟ်သက်အနေအထား

***

| | | |
|---|---|---|
| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| သောကြာ | | ဗုဒ္ဓဟူး |
| ရာဟု | ကြာသပတေး | စနေ |

| | | |
|---|---|---|
| ၆ | ၁၅ | ၈ |
| * ၂၁ | | ၁၇ |
| ၁၂ | ၁၉ | ၁၀ |

ခရေပွင့်ပြသော သောကြာသား သောကြာဂြိုဟ်သက်နှင့် အသက်ကို စပေါင်းရမည် ဖြစ်ပါသည်။


တွက်ယူပုံမှာ

၂၁ နှစ် = **ဇာတာရှင်၏ အသက်**

| | |
|---|---|
| ၂၁ | = **မွေးနံဂြိုဟ်သက်** |
| ၄၂* | |
| ၆ | **တနင်္ဂနွေဂြိုဟ်သက်** |
| ၄၈* | |
| ၁၅ | **တနင်္လာဂြိုဟ်သက်** |
| ၆၃* | |
| ၈ | **အင်္ဂါဂြိုဟ်သက်** |
| ၇၁* | |
| ၁၇ | **ဗုဒ္ဓဟူးဂြိုဟ်သက်** |
| ၈၈* | |
| ၁၀ | **စနေဂြိုဟ်သက်** |
| ၉၈* | |
| ၁၉ | **ကြာသပတေးဂြိုဟ်သက်** |
| ၁၁၇* | |
| ၁၂ | **ရာဟုဂြိုဟ်သက်** |
| ၁၂၉* | |

အင်းဆန်ဂဏန်းများ

၁ =
၂ =
၃ =
၄ =
၅ =
၆ =
၇ =
၈ =
၉ =



ဤသို့ ဂြိုဟ်သက်အလိုက်(၈)ခွင်အလိုက် အသီးသီးပေါင်းပြီး **ဆက်လက်ဆောင်ရွက်ရန်မှာ...**

* * *

အင်းသွားပုံ အဓိပ္ပာယ်ပြ

| | | |
|---|---|---|
| ၈ | ၁* | ၂ |
| ၇ | | ၃ |
| ၆ | ၅ | ၄ |

အထက်ပုံပါအတိုင်း...


**ပထမ** ကိန်းဂဏန်း လက်ယာရစ်သွား။



www.burmeseclassic.com

www.burmeseclassic.com

**သုံးစွဲရန် အသင့်ဖြစ်ပြီး အင်း**




**ဒုတိယ** စမလေးလုံး။

**တတိယ** ဗုဒ္ဓံ ဓမ္မံ သံဃံ ပူဇေမိ။

**စတုတ္ထ** မွေးနံကို အလယ်မှာ သွင်းပါ။

မိမိတို့နှစ်သက်ရာ နည်းနိဿယအတိုင်း၊ အဟိန်းအဟောက်နှင့် ရေးရမည်။ မိုင်းကိုင်စက္ကူ(ရှမ်းစက္ကူ)၊ သိမ်ဝင်သပိတ်ကွဲ၊ ကျောက်သင်ပုန်း၊ ကြေးပြား ရေးလိုရာဖြင့် ရေးပါ။

တစ်နှစ်တာအတွင်း ပူဇော်နိုင်ရန် အင်းအောက်ခံထား၍ အပေါ်မှာ ဆီမီးခွက်တင် ပူဇော်ပါ။ *(မိုင်းကိုင်စက္ကူအတွက်)* အခြားသော အင်းချပ်များကိုမူ အင်းပေါ်တွင် အလင်းတိုင် ထွန်းညှိ ပူဇော်ရပါမည်။

ပြုလုပ်ဆောင်ရွက်သူသည် ကံကြီး ငါးပါးထိုက်သူ လုံးဝ မအောင်မြင်ပါ။ သည့်အပြင် သူများသားမယား ပြစ်မှားသည့် ပရဒါရ ထိုက်သူလည်း မရပါ။

အကျိုးသက်ရောက်မှု ရယူလိုက မိမိမှ ဦးစွာ အရင်းအနှီးစိုက်ထုတ်သော အလုပ်ကို လုပ်ရမည်။ မိမိကိုယ်တွင်းကိုယ်ပ သန့်စင်ရန်အတွက် ရေမိုးချိုးပြီး ငါးပါးသီလ ခံယူပါ။ ကြိုဟ်ပြေနံပြေချေသည့် ဆိုရာ၌လည်း သက်ခက်ကြိုဟ်၊ ကြိုဟ်အိပ်ကြိုဟ်စားနှင့် နေ့နံသားသမီးများအပြင် ကြိုဟ်ရှစ်ခွင်ပတ်၍ နေ့နံသားသမီးများနှင့်တကွ (၃၁)ဘုံသားအားလုံးကို မေတ္တာပို့ရမည်။

အတတ်နိုင်ဆုံး မိမိ ရရှိထားသော ဂါထာ၊ မန္တန်၊ ပရိတ်များ ရွတ်ဆိုခြင်း၊ ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်း၊ အမျှမေတ္တာပေးဝေခြင်းများ ပြုရမည်။ သို့မှသာ မိမိ၏ ဇာတာစန်းလဂ်မှေးမှိန်မှု၊ ကြိုဟ်စီးဒသာ ကံကြမ္မာမကောင်းမှုမှ ပြေပျောက်မည်။ အနိဋ္ဌဖလ ကင်းပျောက်လျက် ဣဋ္ဌဖလဘက်သို့ ကူးပြောင်းခံစား၊ စံစားရမည်ဖြစ်မည်။

**တစ်ခု သတိချပ်ရန်**မှာ တစ်နှစ်တာ ကုန်ဆုံးလျှင် အင်းသက်တမ်း ကုန်ဆုံးသဖြင့် စွန့်ပစ်ရပေမည်။

**စွန့်ပစ်သည့် နေရာမှာ**လည်း ရေစီးရေလာကောင်းသော မြစ်ချောင်းနှင့် စမ်းချောင်း အစရှိသော နေရာတွင်သာ စွန့်ပစ်ရမည်။

အများသူငါ ကျန်းမာ၊ ချမ်းသာ လန်းဖြာစေကြောင်း မေတ္တာရေလောင်းလျက်၊ စုဆောင်းထားသမျှ ဗဟုသုတ တစ်စိတ်တစ်ပိုင်းကို ထုတ်နုတ် ရေးသား တင်ပြအပ်ပါကြောင်း။

**မောင်ရည်ပန်**

## ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ

# ၀၈

### အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၂၉၅ |
| **ဓာတ်လ** | ၈ |
| **ခုနှစ်** | ၂၀၁၃ |
| | ၂၃၁၆ = ၁၂ = ၃ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၃) ဂဏန်းရသည်။ သို့ဖြစ်၍ ၃၊ ၅၊ ၆၊ ၇၊ ၀ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

အထူးသဖြင့် ရှေ့ဂဏန်းများကို ၃၊ ၅၊ ၆၊ ၇ ဂဏန်းများကို ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၃...၃ | ၅...၃ | ၆...၃ | ၇...၃ |
| ၃...၅ | ၅...၅ | ၆...၅ | ၇...၅ |
| ၃...၆ | ၅...၆ | ၆...၆ | ၇...၆ |
| ၃...၇ | ၅...၇ | ၆...၇ | ၇...၇ |
| ၃...၀ | ၅...၀ | ၆...၀ | ၇...၀ |

မှတ်ချက်။ ။ (...)ကွင်းအတွင်း ပြထားသော အလယ်ဂဏန်းများကို ၃၊ ၅၊ ၇ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"**ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက(၈+၂+၀+၁+၃) = ၁၄ = ၅ပင် ရသည်။ သို့ဖြစ်၍ **'၅'**ဂဏန်းမှာ ပိုအားကောင်းပါသည်။

စ... ဆုံး

| | | | | | |
|---|---|---|---|---|---|
| ၃... | ၃၊ | ၅၊ | ၆၊ | ၇၊ | ၀ |
| ၅... | ၅၊ | ၆၊ | ၇၊ | ၀၊ | ၃ |
| ၆... | ၆၊ | ၇၊ | ၀၊ | ၃၊ | ၅ |
| ၇... | ၇၊ | ၀၊ | ၃၊ | ၅၊ | ၆ |

ဤလတွင် **အင်္ဂါသားသမီးနှင့် ကြာသပတေးသားသမီးများ** ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ မွေးနေ့မှစ၍ (၅)ရက်တိတိ အိမ်ရှိဘုရားတွင် သစ်သီး(၃)မျိုးကို ကပ်လှူပြီး **'မေတ္တသုတ်'**ပရိတ်တော်ကို နေ့စဉ်သက်စေ့ ရွတ်ပွားပူဇော်ပါ။


အထက်ပါ အဓိဋ္ဌာန်အောင်ပြီးပါက မိမိတို့အနီးရှိ စာသင်တိုက်တစ်ခုသို့ ဆေး၊ ဝါး၊ ဆန်၊ ဆီ၊ ဆား တစ်ခုခု တတ်နိုင်သမျှ လှူဒါန်းပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦ ၃၅၅၆၇၇ ✦ ၅၃၃၆၇၃ ✦ ၇၃၀၆၅၀

*ထီကံ ပွင့်ပါစေ။*

( ဆရာရဲထက် (သုဓေသီ) )





www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင်၇/၂၀၀၈၊တဆဆလ(တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။


**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-ရ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၅၅
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com



◆ မင်းရဲဘုရားတိုက် အရှေ့တောင်ထောင့်မှ ပျားစွဲဘုရား


ထက်မြင်းကျော်စွာ

မင်းရဲဘုရားတိုက်မှ

# ပျားစွဲဘုရား နှင့်

အကျိုးဆက်

◆ ပြာသာဒ်၏ အရှေ့တောင်ထောင့်မှ ပျားအုံ



အမြင့်မြို့ဟောင်း မင်းရဲဘုရားတိုက် ဝင်းရိုဝဏ်အတွင်း အရှေ့တောင်ထောင့် အရပ်၌ ကိန်းဝပ်တော်မူသော စေတီမှာ ထူးခြားသောပုံပုံဟန် ရှိသည်။

အောက်ခြေ ကုလားကျောင်း တိုက်မ ခံကာ အထက်ပစ္စယာ သုံးဆင့် အစွန်းများ၌ ထောင့်စိုက် စေတီလေးဆူ စီနှင့် ပစ္စယာအလယ်၌ မုခ်လေးခုစီ ပါဝင်သည်။

ပစ္စယာများအထက်တွင် ဖရုံမြှောင့် အချိုးများပါဝင်သည့် **ဟာမီက ဓာတ်တော်တိုက်**၊ ထိုအထက်တွင်မှ သွယ်လျလျ ခေါင်းလောင်းမှောက် စေတီ ပေါက်ထားလေသည်။

အနောက်ဘက်အာရုံခံ အုတ် ပြာသာဒ်ဆောင် ပါရှိသည်။

ပုံဟန်ထူးခြားသော ဤစေတီကို အဘွဲ့မည် မသိရသော်လည်း နှစ်စဉ် ပျားများ အုံဖွဲ့စွဲကပ်လေ့ရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



▲ အနောက်ဘက် အာရုံခံပြာသာဒ်

**"ပျားစွဲစေတီ"** ဟုတွင်ကြောင်း သိရသည်။ **ပျားစွဲသော အရပ်မျက်နှာသည် စည်ကားသာယာခြင်း၊ စားရေရိက္ခာ ဖူလုံခြင်း၊ အကျိုးခံစားရသည် ဆို၏။**

လေ့လာကြည့်ရှုရာ အာရုံခံပြာသာဒ်၏ ပဌမအဆင့် အရှေ့တောင်ထောင့်စွန်းတွင် ပျားကောင်များ လှုပ်လှုပ်ရွရွနှင့် ပျားအုံကို တွေ့ရသည်။

သို့ဖြစ်ရာ ယခုနှစ် ၁၃၇၄ ခုနှစ်တွင် အရှေ့တောင်ထောင့်အရပ်တွင် စည်ကားတိုးတက်၍ စားရေရိက္ခာ တိုးပွားဖူလုံမည့်နိမိတ် ဖြစ်သည်။ အင်္ဂါဂြိုဟ်မင်း ပိုင်ဆိုင်ရာ အရပ်ဖြစ်ရာ အမြင့်မြို့တောင်းတွင် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ အစားအစာ၊ စက်ပစ္စည်း စသည့် အင်္ဂါနံများ ပေါများမည့်နိမိတ် ဖြစ်သည်။

အင်္ဂါပရိယာယ်ဆိုင်ရာ ကိစ္စများ ကြုံရပါက အရှေ့တောင်ထောင့်အရပ်ရှိ စေတီပုထိုးတစ်ဆူတွင် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြုကာ တိုင်တည်လျှောက်ထား ဆုပန်နိုင်သည်။

မျက်စိ၊ စာအုပ်၊ လက်စွပ်၊ အစွပ်အစွဲ၊ စကားအငြင်းအခုံ၊ မုဆိုးဖို၊ မုဆိုးမ၊ ကိုယ်လက် အင်္ဂါချွတ်ယွင်းမှု စသည်တို့မှာ အင်္ဂါဂြိုဟ်ပရိယာယ်များ ဖြစ်ကြကာ ယင်းတို့နှင့် ဆိုင်ရာကိစ္စများ အကျုံးဝင်ပါသည်။

သက်ရှိ အရင်းယူ၍ သက်ရှိသတ္တဝါ၊ လူ စသည်တို့အတွက် **စ၊ဆ၊ဇ၊ဈ၊ည** နှင့် စတင်ခြင်း၊ **သက်မဲ့ အဖျားယူ၍ သက်မဲ့ပစ္စည်းများ၌ စ၊ဆ၊ဇ၊ဈ၊ည** နှင့် အဆုံးသတ်သည်တို့မှာလည်း အင်္ဂါဂြိုဟ်ပရိယာယ်များ၌ အကျုံးဝင်ပါသည်။

တစ်နည်းအားဖြင့် အမြင့်မြို့နံ့ကြာသပတေး အနောက်အရပ်မှ စတင်ရေတွက်ပါက တေဇအရပ်ဖြစ်သော အရှေ့တောင်ထောင့်အရပ်တွင် ပွားများခြင်း နိမိတ်ဆောင်သော ပျားများ အုံဖွဲ့ခြင်းကြောင့် **တေဇ၏ ရည်ညွှန်းချက်ဖြစ်သော ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းများ စည်ကားပွင့်ထွန်းမည့်** နိမိတ်လည်း ဖြစ်လေသည်။

အမြင့်မြို့ဟောင်းနှင့် ဝန်းကျင်ဒေသတစ်ဝိုက်ရှိ တိမ်မြုပ်ညှိုးမှိန်နေသော ရှေးဟောင်း စေတီဘုရားပုထိုးများ ပြန်လည် ပွင့်ထွန်းစည်ကားလာကာ သာသနာတော် နေရောင်လရောင်ပမာ လင်းထိန်တောက်ပနိုင်ပါစေ။

**ထက်မင်းကျော်စွာ**





www.burmeseclassic.com

www.burmeseclassic.com

# တော်ကူး မဟာသတိပဋ္ဌာန်ရိပ်သာသို့

## လေ့လာပူဇော်မှုခရီး (၁)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

တစ်ခုသော ဝါတွင်းကာလတွင် တတည်းချုပ်က တော်ကူးဆရာတော်ကြီးနှင့် တော်ကူးသတိပဋ္ဌာန်ရိပ်သာ အကြောင်း လေ့လာပူဇော်ရန် တာဝန်ပေး လမ်းညွှန်သောအခါ ၁၉၇၀ ပြည့်လွန်နှစ်များကာလ ကောလိပ်ကျောင်းသားဘဝကို ပြန်၍ မြင်ယောင်မိသည်။


ထိုစဉ်က ကျွန်ုပ်မှာ တက်ကြွ၍ သိတတ် စူးစမ်းလိုသောအရွယ်ဖြစ်ရာ နိုင်ငံတော်အစီအစဉ်ဖြင့် ရပ်ဝေး အခြေစိုက်လုပ်အားပေးစခန်းများ၊ စာမတတ်သူ ပပျောက်ရေး အ,သုံးလုံး လှုပ်ရှားမှုများတွင် ပါဝင်ကာ မြန်မာနိုင်ငံနေရာ အတန်စုံအောင် ရောက်ရှိသကဲ့သို့ တိုင်းရင်းဆေး ဥပဇ္ဈာယ်ဆရာဖြစ်သူ သထုံ ဦးကျော်ဝင်းနှင့် လိုက်ပါကာ သမထစခန်းဝင် ကျင့်ကြံခြင်းဖြင့် အတွေ့အကြုံ ရှာခဲ့သည်။

ကိုထွန်းရွှေ၊ ကိုဝင်းမြင့်၊ ကိုမြင့်ဦး သည့် ကျင့်ကြံဖော် မိတ်ဆွေများအား ဖုံးကာ ဇင်းကျိုက်၊ ဖွဲကပင်၊ ကေလာသ စသော တောင်တန်း လှိုဏ်မြောင်များအတွင်း ပဲတစ်ဆုပ်၊ ဆန်တစ်ထုပ်ဖြင့် အဓိဋ္ဌာန်ဝင်ကြခြင်း ဖြစ်သည်။

ကောလိပ်ကျောင်းသားဘဝ ရောက်သောအခါ မိန်းကလေးသူငယ်ချင်းဖြစ်သူ မခင်သန်းမြင့်က...

'တော်ကူးကျင့်စဉ်က တစ်မျိုးပဲ၊ တခြားမဟာစည်တို့ ဖားအောက်တောရတို့လို တပ်ဖွဲ့ပြီးထိုင်ရတာ မဟုတ်ဘူး။ မတ်တတ်ရပ်ပြီး မှတ်ရတာ'

ဟု ပြောလာသဖြင့် ထိုနှစ် နွေရာသီ ကျောင်းပိတ်သောအခါ လုပ်အားပေးစခန်း၊ အ,သုံးလုံးစခန်း၊ တက္ကသိုလ်အရံ တပ်ရင်းလေ့ကျင့်ရေးစခန်း၊ ခြေကျင်တောင်တက်ခရီး စသည်တို့အတွက် စီစဉ်စရာရှိသည်တို့ကို စီစဉ်ပေး၍ အချိန်ရခိုက် တော်ကူးတောရသို့ သွားရောက် လေ့လာဖြစ်ခဲ့သည်။



▲ မပျံလွန်မီ တစ်ရက်အလိုက ရိုက်ကူးထားသော
တော်ကူးဆရာတော် ဦးနန္ဒိယပုံတော်

ဆရာတော်ကြီးက ပြုံးရွှင်စွာ ကြိုဆိုမေးမြန်းတော်မူသည်။

'ဘယ်နှစ်ရက် အားထုတ်မှာလဲ'

'သုံးရက်လောက်ပါ ဘုရား'

www.burmeseclassic.com

'နည်းတာပေါ့ ကျောင်းပိတ်ထားတာပဲ၊ တစ်လလောက် ဝင်ကြည့်ပါလား'

'တပည့်တော်က တက္ကသိုလ်လမ်းစဉ်လူငယ်အဖွဲ့စု အတွင်းရေးမှူးဖြစ်နေတော့ လှုပ်ရှားမှုတိုင်းအတွက် တာဝန်ယူ ဆောင်ရွက်ပေးရပါတယ် ဘုရား။ အခုလဲ ခြေကျင်တောင်တက် အသင်းအနေနဲ့ ခါခါဘိုရာဇီတောင်တက်ဖို့ ရက်နည်းနည်းလိုနေတဲ့အချိန် လာဝင်ရတာပါ ဘုရား'

'ဘယ်နေ့ ခရီးထွက်မှာလဲ။ တစ်လ မနိုင်ရင်တောင် (၁၀)ရက်လောက် ဝင်ပါလား'

'(၉)ရက်နေ့ ထွက်ရမှာပါ ဘုရား'

'ဒါဆို အချိန်ရသားပဲ၊ ငါးရက်တော့ ဝင်ပါကွယ်'

သို့ဖြင့် ဆရာတော်ကြီး၏ စေတနာကို အသိအမှတ်ပြုသောအားဖြင့် ငါးရက်တာ တရားစခန်းဝင် ဖြစ်ခဲ့သည်။

ထိုစဉ်က ၁၉၇၉ ခုနှစ်ဖြစ်ကာ ဆရာတော်ကြီးမှာ သက်တော်(၈၉)နှစ်၊ ဝါတော်(၃၄)ဝါရှိပြီ ဖြစ်သည်။ ဦးခေါင်းခန္ဓာ ကြီးမားၡ၍ နားရွက်ပုံစံ ရှည်ဝန်းဝန်းရှိသည်။ ရိုးသားပွင့်လင်းစွာ မိန့်ကြား ဆက်ဆံတတ်လေသည်။

ယမန်နှစ် (သက်တော် ၈၈ နှစ်တွင်)ကအထိ ဆွမ်းခံကြွမြဲဖြစ်သော်လည်း ထိုနှစ်တွင် ပြင်းထန်စွာ ဖျားနာသဖြင့် ဒါယကာများ တောင်းပန်ချက်အရ ဆွမ်းခံ မကြွဖြစ်တော့ပါ။ ဝဖြိုးသဖြင့် (သက်တော်ကြီးရင့်သည့်လည်း ပါဝင်၏။)အထိုင်အထအချိန်များတွင် အနည်းငယ် ဖေးမပေးရသည်။

ဆရာတော်သည် ဆွမ်းခံမကြွတော့သော်လည်း တစ်နေ့တာပတ်လုံး လှည့်ပတ်သွားလာကာ ယောဂီများကို တရားပြ အားပေးတိုက်တွန်းခြင်း၊ တရားစစ်ခြင်း၊ တရားဟောခြင်း၊ မေတ္တာပို့ အမျှဝေခြင်း စသဖြင့် မနေမနား လှုပ်ရှား ဆောင်ရွက်တော်မူလေ့ရှိသည်။

မတ်တတ်ရပ်၍ ရှုမှတ်ခြင်းနှင့် ပတ်သက်၍ မေးလျှောက်သောအခါ ဆရာတော်သည် သက်တော်(၅၅)နှစ်တွင် ရဟန်းဘောင်သို့ ရောက်ခဲ့သော်လည်း သမထကမ္မဋ္ဌာန်းကိုသာ ပြင်းပြင်းထန်ထန် ကျင့်ကြံခဲ့ရသည်။

တေဇောကသိုဏ်း ရှုမှတ်ရာ၌ လပေါင်းများစွာ အားထုတ်ပြီးသောအခါ မည်သည့်အရပ်သို့ ကြည့်ကြည့် အလွန် ထိန်လင်းသော အလင်းရောင်ကိုသာ တွေ့မြင်ရသည်။ ညဥ့်အခါ ကောင်းကင်ပြင်အား မော်ကြည့်လျှင်လည်း လနှင့်ကြယ်တာရာများသည် အရောင်မှေးမှိန် ပျောက်ကွယ်သွားကြသည်။

ဆရာတော်၏ ရည်မှန်းချက်ကား တေဇောကသိုဏ်း ပေါက်မြောက်အောင် ရှုမှတ်ပြီးနောက် ဝိပဿနာကမ္မဋ္ဌာန်းသို့ ကူးပြောင်းရန် ဖြစ်သည်။

သို့သော် မည်ကဲ့သို့ ကူးရမည်ကို မသိသောကြောင့် (၁၅)နှစ်မျှ ကြာသွားခဲ့သည်။ ထို့နောက်တွင် ပြင်းထန်စွာ ကျင့်ကြံခဲ့သည့်ဒဏ်ကြောင့် ပေါင်ကြောတက်ခြင်း၊ မူးဝေခြင်း၊ လိင်ဥရောင်မုတ်ရောဂါနှင့် နှင်းခူကြီးများ၊ အသားပိုထွက်ခြင်းများ ခံစားရတော့သည်။

ယင်းတွင် ငှက်ဖျားလိုလို၊ အူရောင်ငန်းဖျားလိုလို အပြင်းဖျားလေရာ ဆေးဆရာများက ဆေးသုဥ်း၊ နဝင်းသုဥ်းပြီဟု ဆိုလျက် လက်လျှော့ကြသည်။

လေးလမျှအကြာတွင် အဖျားရောဂါ အနည်းငယ် သက်သာလာသဖြင့် **မော်လမြိုင်၊ မြို့ဝမဟာသတိပဋ္ဌာန်ကျောင်းသို့** ကြွကာ မဟာစည် ဆရာတော်၏ နည်းနာအတိုင်း စတင်၍ တရားရှုမှတ်ဖြစ်သည်။

ရှုမှတ်သောအခါ အဆိုပါ ဝေဒနာများကြောင့် ထိုင်၍ မရှုမှတ်နိုင်၊ မတ်တတ်ရပ်လျက် ဣရိယာပုတ်ဖြင့် တရားရှုမှတ်ခဲ့ရသည်။ သုံးလခန့် အားထုတ်ပြီးသောအခါ ခန္ဓာပြင်ပ ဝေဒနာအနာများမှလွဲ၍ ကျန်သောရောဂါများ အံ့ဩဖွယ် ပျောက်ကင်းသွား၏။

နောက် ကာလအတန်ကြာအောင် ရှုမှတ်လေမှ နှင်းခူကြီးများ၊ အသားပိုကြီးများ အမြစ်ပါကျွတ်၍ ပကတိကောင်းမွန်သွားသည်။

ထိုင်လျက် ရှုမှတ်ဖန်များလာသည့်အခါ တင်ပါးများ မခံမရပ်နိုင်အောင် နာကျင်ကျိန်းစပ်ခြင်း ခံစားရတတ်သည်။ ထိုအခါ မတ်တတ်ရပ်၍ ဣရိယာပုတ် ပြောင်းလဲ ရှုမှတ်ပေးသင့်သည်။ ထိနမိဒ္ဓကြောင့် ငိုက်မျဉ်းနေသူအတွက်လည်း သင့်လျော်သည်။

"ထ,ထိုင်,လျောင်း,လျှောက် မည်သည့် ဣရိယာပုတ်ဖြင့် ရှုမှတ်သည် ဖြစ်စေ ပြိုသက်စွာဖြင့် အသက်မှန်မှန်ရှူသွင်းကာ ဝမ်းဗိုက်ဖောင်းလာသောအခါ "ဖောင်းတယ်"၊ အသက်ရှူထုတ်၍ ဝမ်းဗိုက်ပိန်သွားသောအခါ "ပိန်တယ်"လို့ မှတ်နေပါ။ အသံထွက်ရန်မလိုပါ။ သတိကပ်ပြီး မပြတ်လပ်အောင် စိတ်နှင့် ရှုမှတ်နေပါ"ဟု မိန့်ကြားတော်မူခဲ့လေသည်။

ဆရာတော်ကြီးသည် **မတ်တတ်ရပ်လျက်** ဣရိယာပုတ်ဖြင့် (၂၄)နာရီ၊ **ထိုင်လျက်** ဣရိယာပုတ်ဖြင့် (၂၄)နာရီ၊ **လျောင်းလျက်** ဣရိယာပုတ်တွင်(၂၄)နာရီ **စင်္ကြံလျှောက်လျက်** ဣရိ... ပုတ်ဖြင့် မိမိအလိုရှိသလောက် ရှုမှတ်နိုင်ကြောင်း အတုယူဖွယ် ကြားနာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က တရားရှုမှတ်ခဲ့ရာတွင် ရက်ကာလ နည်းပါးတိုတောင်း၍ အဖွဲ့စု အတွင်းရေးမှူး ဗာဟီရတာဝန်များပြားသည့်အပြင် သမထကမ္မဋ္ဌာန်းကိုသာ အားသန်နေချိန်ဖြစ်၍ ဆရာတော် လက်ဆောင်ချီးမြှင့်သည့် တရားအမွေကို မရဖြစ်ခဲ့ပါ။

ထိုမှ နောက်တွင်လည်း ထပ်မံရောက်ဖြစ်ခြင်းမရှိဘဲ (၁၃–၄–၁၉၈၇) နေ့ရက်တွင် သက်တော်(၉၇)နှစ်၊ ဝါတော်(၄၂)ဝါရှိ တော်ကူးဆရာတော် ဦးနန္ဒိယ ပျံလွန်တော်မူကြောင်း သတင်းကြားသိရလေသည်။

ဆရာတော် မရှိတော့သော်လည်း ဆက်ခံသော ဆရာတော်က ပထမဆရာတော်ကဲ့သို့ပင် ယောဂီများစွာကို တရားနည်းလမ်းပြသ လမ်းညွှန်လျက်ရှိရာ ယနေ့တိုင်ပင် နေ့စဉ် ယောဂီတစ်ရာကျော်မျှ တရားဝင် ကျင့်ကြံလျက် ရှိကြောင်း ကြားသိရလေသည်။

## တော်ကူးတောရသို့

မော်လမြိုင်မှ သံဖြူဇရပ်၊ ကျိုက္ခမိကားလမ်းအတိုင်း သွားရောက်ကာ မုဒုံမြို့အလွန် (၅)မိုင်ခန့်အကွာတွင် တံခွန်တိုင်ရွာသွားလမ်းခွဲ ရှိသည်။ ထိုလမ်းအတွင်း ချိုးဝင်သွားပါက ကားလမ်းမှ (၆)ဖာလုံခန့်အကွာတွင် **"တော်ကူး သတိပဋ္ဌာန် ဝိပဿနာကျောင်းတိုက်"** ဟူသော မုခ်ဦးနှင့် ကမ္ပည်းကို တွေ့ရသည်။

ကျောင်းဝင်းအတွင်း ရောက်သောအခါ စင်္ကြံလျှောက်လျက် တရားမှတ်နေကြသော ယောဂီများကို တွေ့ရသဖြင့် တိတ်ဆိတ်စွာ ဆက်လျှောက်ခဲ့သည်။

ကျောင်းဆောင်တစ်ခုအနီး ရောက်လျှင် သီလရှင်တစ်ဦးအား မြင်ရလျက်



◆ တော်ကူးတောရအဝင်မုခ်

လက်ရှိဆရာတော်အား ဖူးတွေ့ခွင့်တောင်းရာ ဆရာတော်မှာ မျက်စိခွဲစိတ် ကုသမှု ခံယူထားခါစဖြစ်၍ အနားယူနေကြောင်း ပြောပြသည်။

သို့နှင့် ဆွမ်းစားကျောင်းအတွင်း ဝင်ရောက် စုံစမ်းသောအခါ အမျိုးသမီးကြီးတစ်ဦးက ကူညီပေးသဖြင့် ခန်းနေဦးပဥ္စင်း၏ လမ်းညွှန်မှုဖြင့် လေ့လာပူဇော်ဖြစ်ခဲ့သည်။

ရှေးဦးစွာ ဆွမ်းစားကျောင်းတွင်းရှိ ဆရာတော်၏ပုံတူရုပ်တုကို ဂါရဝပြုဖူးမြော်သည်။ ဆွမ်းစားဆောင် ခေါင်းရင်းဘက်တွင် တည်တည်ခံ့ခံ့ဟန် အမူအရာတော်ဖြင့် ဖူးတွေ့ရပါသည်။

ယင်း၏ လက်ဝဲဘက်တွင် ဆရာတော် ဓာတ်ပုံကားချပ်ကြီးကို ချိတ်ဆွဲထားသည်။ ပျံလွန်တော်မမူမီ တစ်ရက်အလိုတွင် ရိုက်ကူးထားသော ပုံတော်ဖြစ်သည်။ ရယ်ပြုံးလျက် အပူဇော်ခံယူတော်မူသော ပုံဟန်တော်မှာ နောက်တစ်နေ့တွင် ပျံလွန်တော်မူလိမ့်မည်ဟု မည်သူမျှ မထင်မှတ်ကြချေ။

ရောဂါဝေဒနာ ကင်းစင်၍ ပကတိကျန်းမာရွှင်လန်းတော်မူသည့် ပုံဟန်ဖြစ်ပေသည်။*(၁၂–၄–၁၉၈၇နေ့က ရိုက်ကူးခြင်း ဖြစ်၏။)*

## ထူးခြားသော
## နောက်ဆုံးကာလများ

ပျံတော်မမူမီ ရက်သတ္တပတ်အနည်းငယ်အလိုတွင် သကြံန်နားနီးလာသဖြင့် တိုးချဲ့ဆောက်လုပ်ထားသော ယောဂီဆောင်များတွင်ပါ ယောဂီများ ပြည့်လာသောအခါ...

'လူစုံနေပြီ မဂ္ဂင်သဘော်ကြီးထွက်တော့မယ်။ သဘော်ကြီးထွက်ပြီးရင် နောက်ထပ်သဘော်ငယ်တစ်စီး ကျန်ပါဦးမယ်'

ဟု မိန့်တော်မူသည်။

**(သဘော်ငယ်တစ်စီးမှာ လက်ရှိတော်ကူးဆရာတော် ဦးနာဝိကကို ရည်ညွှန်းဟန်ရှိကြောင်း နောက်ပိုင်းတွင် တပည့်သာဝကများက မှတ်ယူကြသည်။**

**လက်ရှိဆရာတော်သည် ရိတ်သင်ထားသော ဆံတော်များ လုံးခဲသွားခြင်း စသည်ဖြင့် ထူးခြားသည်။)**

၂၉–၃–၁၉၈၇နေ့ရက်တွင် တပေါင်း

www.burmeseclassic.com

လကွယ်နေ့ ဖြစ်သောကြောင့် သံဃာများနှင့်အတူ သိမ်တက်၍ ဥပုသ်ကံပြုသည်။ သံဃာ့ဥပုသ်ပါတိမောက်ကို နာကြားပြီးနောက်...

'သံဃာတော်များ သမစိတ္တ(ညီညွတ်ခြင်း) ရှိကြပါရဲ့လား'

'ရှိကြပါတယ် ဘုရား'

'အေး...ရက်လနှစ်တွေကြာလို့ ဘုန်းကြီးတို့လဲ သေဖို့ နီးလာပြီ။ အများကြီးပြောဖို့ အချိန်မရတော့ဘူး။ နောက်ဆုံး မှာကြားပါတယ်။ ဝိပဿနာတရားကို အပြမပြတ် ရှုမှတ်နေကြပါ။ ပေါ့ပေါ့ဆဆ မနေရဘူး'

နောက်ဆုံးဟူသော စကားကြောင့် တွယ်တာတပ်မက်မှု တဏှာမကင်းကြသေးသူတို့အတွက် နောက်ဆံတင်းစရာ ဖြစ်ခဲ့သည်။ ဆရာတော်၏ နောက်ဆုံး သံဃာ့ဥပုသ်ဖြစ်သည်။

**၁၀-၄-၁၉၈၇** နံနက်တွင် အရုဏ်ဆွမ်း ဆန်ပြုတ်ဘုဉ်းပေးပြီးနောက် အိပ်ရာပေါ်တွင် လျောင်း၍ တရားမှတ်လေ့ရှိရာမှ ဤနေ့တွင် အိပ်ရာခြေရင်း၌ မတ်တတ်ရပ်လျက် ရှုမှတ်၏။ (၆)နာရီခွဲခန့်တွင် တပည့်ဦးပဥ္စင်း ဦးနာဂိက (ယခုလက်ရှိ ဆရာတော်)ကျောင်းပေါ် တက်လာသည်။

'ဆရာတော် နေကောင်းရဲ့လား ဘုရား'

'ညကတည်းက သိပ်နေမကောင်းဘူး။ ဦးနာဂိကပဲ ယောဂီတွေ လိုအပ်တာ စီမံပါကွယ်'

မိုးလင်းပြီဖြစ်၍ ယောဂီများ အချိန်အနည်းငယ်စီခြားကာ ဆရာတော်အား လာရောက် ပူဇော်ကြသည်မှာ အဆက်မပြတ်ပါ။ ထိုအခါ မတ်တတ်ဣရိယာပုတ်ကို ဖြုတ်ကာ အနီးကပ်စောင့်ကြပ်သူ အကူအညီဖြင့် ကြမ်းပြင်ပေါ်မှ အိပ်ရာထက်ထိုင်ကာ အပူဇော်ခံသည်။

ယောဂီများ ပြန်ဆင်းသွားလျှင် မတ်တတ်ရပ်လျက် ဆက်၍ ရှုမှတ်သည်။ ရှုမှတ်နေစဉ် အိပ်ရာသို့ တွဲလျောက်နေစဉ်ကာလများတွင် မချိမဆံ့ ခံစားနေရသော ဝေဒနာရှင် ဂိလာနအသွင် ထင်ရှားသော်လည်း အပူဇော်ခံယူရာတွင် ဝေဒနာ အလျဉ်းမရှိသကဲ့သို့ ပြုံးရွှင်ရယ်မော အသောစကားများ မိန့်ကြားလေ့ရှိသည်။

ထိုကဲ့သို့ ဆန့်ကျင်ဘက်အသွင် နှစ်မျိုးဖြင့် ဖူးတွေ့ရသော ဆရာတော်သည် ထိုနေ့က စ၍ ဆီးဝမ်းချုပ်လေတော့သည်။

**၁၁-၄-၁၉၈၇** ။ ။ ဒေါက်တာခင်မောင်ညို ရောက်လာသောအခါ ဆေးထိုး၍ စားဆေးပေးသွားသည်။ ဆေးသောက်သောအခါ မျို၍ မကျတော့သဖြင့် မသောက်တော့ပါ။

ယောဂီများ လာရောက် ဖူးမြော်သောအခါ ရယ်ရယ်မောမော စကားဆို၍ တရားချီးမြှင့်၏။ တရားလင်္ကာများကိုလည်း မမောမပန်း တိုင်ပေးကာ ရှင်းပြတော်မူသည်။

ထို့နောက် ဝိပဿနာ၏ အကျိုးကျေးဇူးကို လိုက်ဆိုစေရန် ချပေးသည်။

'ညည်းညူမရှိ၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လန်ကြောဆွဲ၊ မရှိတဲ့လျက်၊ သေလဲမတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာတန်ခိုးတည်း'

ကျောင်းနံရံ၌လည်း မြေဖြူဖြင့် ရေးသားစေသည်။ ထို့နောက် လူရှင်း၍ တရားရှုမှတ်ရာ **"နေဦးလေ၊ နှစ်ရက်လောက် ဆိုင်းပါဦး။ ဆွေမျိုးတွေ မစုံသေးဘူး"** ဟု မမြင်ရသော တစ်စုံတစ်ဦးအား လှမ်းမိန့်သည်ကို အစောင့်သံဃာများ တွေ့ကြုံ ကြားသိရသည်။

ထိုနေ့က စိတ်ရောဂါ အထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့ အပါအဝင် ယောဂီသစ်များစွာ ရောက်လာကြရာ ဆရာတော်က ပြုံးရွှင်စွာ ကြိုဆို၍ ရယ်စရာမောစရာများ ပြောကြားသည့်အတွက် ဝေဒနာကြီးကျယ်စွာ ခံစားနေရခြင်းကို မရိပ်မိကြပေ။

"နက်ဖြန် နိုင်ငံခြားက ဧည့်သည်တွေ လာကြမယ်"

ဟုလည်း မိန့်ကြားရာ တပည့်များက အမှန်ပင် လာကြမည်လောဟု သံသယဖြစ်ကြသည်။

ညဥ့်(၇)နာရီထိုးသော် သံဃာတော်များ ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်သည်ကို နာကြားသောအခါ ခါတိုင်းကဲ့သို့ ထပ်ထားသော ခေါင်းအုံးထက် နဖူးတင်ကာ နာကြားနိုင်ခြင်း မရှိဘဲ ပက်လက်သာ နာကြားရ၏။

ညဥ့်ဘက်၌ ဦးနာဂိန္ဒနှင့် ရှင်သီဟ၊ ကပ္ပိယသုံးဦးတို့ စောင့်အိပ်ပေးကြရာ ဆရာတော်က...

'အောင်ပယ်... သိကြားနဲ့ နတ်တွေ လာပြီး ရွတ်ဖတ်သရဇ္ဈာယ်ကြတယ်။ သူတို့ပြန်သွားတော့ ဝိဇ္ဇာရဟန်းတွေ အသံကျယ်လောင်ကျယ်လောင်နဲ့ ပရိတ်ရွတ်နေကြတယ်။ ဦးပဥ္စင်းတို့ ကိုရင်တို့ ကြားကြရဲ့လား'

'မကြားရပါဘုရား'

'နားထောင်နေကြတဲ့ ပရိသတ်ကလဲ တို့ကျောင်းအပြည့်ပဲဟေ့။ ဝတ်စားထားတာတွေကလဲ လှလှပပ သစ်သစ်လွင်လွင်နဲ့ ရုပ်ရည်တွေကလဲ တယ်လှတာပဲ'

'ဘယ်မှာလဲ ဘုရား... တပည့်တော်တို့လဲ မမြင်ရပါလား။ တပည့်တော်တို့ မြင်အောင် ပြပေးပါဦး ဘုရား'

'ပြလို့မရဘူး ကိုရင်။ ကဲ... အိပ်တော့'

သို့နှင့် ဆရာတော်အား ခြင်ထောင်ချပေးပြီး လှဲနေကြစဉ်...



www.burmeseclassic.com

www.burmeseclassic.com

'အေး... ကောင်းတယ်၊ ကောင်းတယ် များများနှိပ်ပေး။ ဝတ်ဖြည့်တာကုသိုလ်ရတယ်။ ကဲ...တော်တော့ ခြေချိုးပေးစမ်း။ ဩော်...ဒီပုဂ္ဂိုလ်က ခြေချိုးလို့မှ မတတ်ပါလား။ ကဲ... တော်ပါတော့'

ဦးပဥ္စင်းတို့က ခေတ်မီးဖြင့် ထိုးကြည့်သော်လည်း တစ်စုံတစ်ယောက်မျှ မတွေ့ရပါ။

ညဉ့်နက်သောအခါ ဆရာတော်သည် ပါဠိဘာသာဖြင့် စကားပြောနေသည်ကို ကြားကြရလေသည်။ **(၁၂-၄-၁၉၈၇)** နောက်ဆုံးအကြိုနေ့ ဖြစ်သည်။ ဆရာတော်၏သမီး ဒေါ်တင်ရွှေက...

'အဖေ့ကိုယ်စား တပည့်တော် ဘုရား ဆွမ်းတော်၊ ပန်း၊ ရေချမ်း ဒါန ပြုပြီး ဆုတောင်းခဲ့ပါတယ် ဘုရား'

'သမီးပြုတဲ့ ဒါနကုသိုလ်တွေ သမီးလဲရတယ်။ ဘုန်းကြီးလဲ ရတယ်။ ဒါနကုသိုလ်ကို အမျှဝေပေးလို့ရတယ်။ ဝိပဿနာပညာကို အမျှဝေပေးလို့ မရဘူး။ ကိုယ်စားကိုယ်ဝ ကိုယ်လုပ်မှ ကိုယ်ရတယ်နော်'

ဟူ၍ ဆုံးမတော်မူသည်။

နံနက် (၈)နာရီကျော်ကျော်တွင် မစ္စတာ''ကစ်တာတာနီ'' ဦးဆောင်သော ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေး စီမံကိန်း UNDPအဖွဲ့ဝင် ကလေးလူကြီး (၈၆)ဦး လာရောက် ဖူးမြော်ကြသည်။



▲ ဆွမ်းစားဆောင်မှ ဆရာတော်ရုပ်တု

ဆရာတော်က ဝမ်းမြောက်ရွှင်လန်းစွာ ကြိုဆို ခွန်းဆက်ပြီးနောက် မစ္စတာ ကစ်တာတာနီက တရားအကြောင်း မေးလျှောက်သမျှ ကျေနပ်လောက်အောင် ဖြေကြားပေးတော်မူသည်။

ထို့နောက် ဆရာတော်က တရားစခန်း ဝင်ရောက်ရန် တိုက်တွန်း၍ ထိုအဖွဲ့က စက်စဲသို့ ခရီးမဆက်မီ ခွင့်တောင်းကာ ဓာတ်ပုံရိုက်ကူးသည်။

'တစ်ပုံမရိုက်နဲ့ နှစ်ပုံရိုက်။ ပြီးရင် ကျောင်းမှာ တစ်ပုံချိတ်ထားပေးပါ'

ဟု မှာကြားသဖြင့် ဓာတ်ပုံနှစ်ပုံ ရိုက်သည်။ တစ်ပုံမှာ ဆွမ်းစားကျောင်းတွင် ချိတ်ဆွဲထားသော ရယ်ပြုံးတော်မူဟန်ဓာတ်ပုံဖြစ်၍ ကျန်တစ်ပုံမှာ ရုပ်တုတော်ပုံသဏ္ဌာန်တည်တည်ခံ့ခံ့ ရှိသည်။

UNDPအဖွဲ့ ထွက်သွားပြီးနောက် မော်လမြိုင်၊ မြို့ဝသတိပဋ္ဌာန်ကျောင်းမှ ဆရာတော် ဦးဆောင်သောအဖွဲ့က စိုးရိမ်တကြီး လာရောက်ဖူးမြော်သည်။ ဆရာတော်က ပြုံးရွှင်စွာ ကြိုဆိုသဖြင့် စိတ်ချကာ တော်ကူးရိပ်သာတွင်လည်း ယောဂီများ ပြည့်နေသဖြင့် နှုတ်ဆက် ကန်တော့၍ ပြန်ရန် ပြင်စဉ်...

'သာဓု...သာဓု ချမ်းသာပါစေ။ တွေ့ကြုံဆုံကွဲ မမြဲတဲ့ လောကီသင်္ခါရတရားပဲနော်'

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ**
**(မြိုင်တဏ္ဍသိုလ်)**

**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်. . .*

**ဦးကျော်မိုးသိန်း**
**စာတည်းမှူး**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့တုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေးထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ညှိုသည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဉ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"


ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

| ဆေးထုတ်လုပ်ပင်ရင်း | ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန |
|---|---|
| အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊ (၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |



www.burmeseclassic.com

www.burmeseclassic.com



◆ မြသန်းတန်ဘုရား

ဘာရဟံ သရာသိန်း
(လပွတ္တာ)

ပိန္နဲတောင်ရှာ နတ်တောင်နှင့် ထူးခြားသော

# နတ်တလင်းသို့

မြသန်းတန်ဘုရားကုန်းတော် တောင်သည် **လပွတ္တာမြို့မှ (၃)မိုင်အကွာတွင် တည်ရှိသည်။** မြောင်းမြ၊ ပုသိမ်၊ ရန်ကုန် စသော မြို့များမှ လပွတ္တာမြို့သို့ လာရောက်သူတိုင်း မြသန်းတန်ဘုရားကုန်းတော်အနီးမှ ဖြတ်သွားနေကြရသည်။

မြသန်းတန်ဘုရားသို့ စာရေးသူတို့ ဘုရားဖူးရောက်ခဲ့ကြသည်။ ဘုရားကုန်းတော်မုခ်ဦးမှ စတင် တက်ရောက်ပြီး မြသန်းတန်စေတီတော်အား ဖူးမြော်ကြသည်။ ကုန်းတော်တစ်ပိုက်တွင် တောင်စွယ်တိုင်းမှာ ဘုရားတည်ထားသည်။

အနောက်ဘက် တောင်စွယ်တွင် နဂါးရုံဘုရားနှင့် ဘုရင်မကြီး ရှင်စောပု ကြည်ညိုနေသော ဘုရားရုပ်တုများမှာ လက်ရာမြောက်လှပါသည်။

မြောက်ဘက် တောင်စွယ်တွင် ဆုတောင်းပြည့်ဘုရား၊ အရှေ့ဘက် တောင်စွယ်တွင် တံခွန်တိုင်ဘုရား၊ မြသန်းတန်ဘုရား၊ သစ္စာလေးပါး မြရတနာဘုရားများ ဝန်းရံလျက် အလယ်တွင် မဏိမေခလာကန်တော် တည်ရှိသည်။

ကန်ဘေးတွင် မဏိမေခလာနတ်သမီးရုပ်တုမှာလည်း အမိုးအကာနှင့် သပ်ရပ်စွာ တည်ဆောက်ထားသည်။

ကုန်းတော်၏ မြောက်ဘက်ခြမ်းတွင် ဂေါက်ကွင်းတည်ရှိပြီး တစ်ဖက်တွင် သုံးမိုင်မြို့သစ် တည်ရှိသည်။ မြို့သစ်၏ အဆောက်အအုံများကို ဘုရားကုန်းတော်ပေါ်မှ မြင်နေရသည်။

ဤ မြသန်းတန်ဘုရားကုန်းတော်သည် မကြာမီအချိန်မှာ သုံးမိုင်မြို့၏ ကျက်သရေဆောင် အေးချမ်းသော သာသနာ့နယ်မြေအဖြစ် ထင်ရှားလာပါတော့မည်။


## မဟာသကျမုနိစေတီတော်

သုံးမိုင်မြို့သစ်မှ တစ်မိုင်ကျော် သွားရသည့် ကျောက်ဖြူရွာရှိ မဟာ



www.burmeseclassic.com

www.burmeseclassic.com





▲ မြသန်းတန်ဘုရားမုခ်ဦး

မဟာသကျမုနိစေတီတော် ▶

သကျမုနိစေတီတော်သို့ ခရီးဆက်ခဲ့ကြသည်။ စေတီတော်ကို တောင်ကုန်းပေါ်တွင် တည်ထားပြီး စေတီတော်၏ မုခ်ဦးကို ကားလမ်းမှ မြင်ရသည်။

စေတီတော်၏ ကုန်းတော်ပေါ်သို့ ဆိုင်ကယ်ဖြင့်သွား၍ ရသည်။ ဘုရားကုန်းတော်ပေါ်တွင် လက်ယာရစ် တစ်ပတ် ဖူးမြော်ကြည်ညိုကြသည်။ ဘယ်ဘက်ခြေတော်ရာ တစ်ဆူကိုလည်း ဖူးတွေ့ရသည်။

ကုန်းတော်၏ အရှေ့ဘက်စောင်းတွင် ဗောဓိညောင်ပင်နှင့်အတူ စေတီယေတစ်ဆူလည်း ဖူးတွေ့ရသည်။

ဘုရားကုန်းတော်ပေါ်မှ အဆင်းတွင် ဝိဇ္ဇာလင်္ကာရကျောင်းသို့ ဝင်ခဲ့ကြသည်။ ကျောင်းထိုင်ဆရာတော်အား မတွေ့သဖြင့် ကျောင်းသားလေးများအား မေးရသည်။ ကျောင်းသားလေးနှစ်ယောက်မှ ဆရာတော်ရှိသည့်နေရာကို လိုက်ပြကြသည်။

ကျောင်းအဝင် ကျောက်ထိုင်ခုံတစ်ခုပေါ်တွင် ဆရာတော် အေးဆေးစွာ ထိုင်နေသည်။ စာရေးသူတို့ ရှိသေစွာကန်တော့ပြီး သိလိုသည့် အချက်အလက်များ မေးလျှောက်ကြသည်။

ဆရာတော်ဘွဲ့မှာ ဦးသာသနဖြစ်သည်။ သက်တော် (၇၈)၊ ဝါတော် (၅၈)ဝါ ရှိပြီဖြစ်သည်။ ဆရာတော်သည် အနည်းငယ်ညှက်သည် ထင်ရလောက်အောင် သေးသွယ်သည်။ အေးချမ်းသော မျက်နှာသွင်ပြင်ရှိသည်။ နားလေးသဖြင့် နားကြပ် တပ်ထားရသည်။ အပြောအဆို တည်ငြိမ်သည်။

ဤ ဘုရားကုန်းတော်တောင်နှင့် ပတ်သက်သော သမိုင်းကြောင်းနှင့် ထူးခြားသော အကြောင်းအရာများ၊ ဖြစ်ရပ်များကို ဆရာတော် ပြောပြသည့်အတိုင်း တင်ပြလိုက်ပါသည်။

## တောင်ကုန်းပေါ်မှ
## အလင်းရောင်များ

ဤ ဘုရားကုန်းတော်တောင်သည် ယခင်က ဘုရားမရှိပါ။ တောင်ကုန်းပေါ်တွင် သစ်ပင်ကြီးငယ်များ၊ နွယ်ပင်များ ပိတ်ကျပ်နေသောတောင် ဖြစ်သည်။ သို့သော် တောင်ပေါ်မှ မီးလုံးလိုလို အလင်းလုံးများ ကောင်းကင်ကို ပျံတက်နေသည်ကို ကျောက်ဖြူ ရွာသူရွာသားများ မကြာခဏ တွေ့ကြရသည်။

ဤဒေသတစ်ပိုက်တွင် တောင်ကုန်းငယ်များ အလွန်များသောကြောင့် ရွာသားများက အလင်းရောင်ထွက်သော တောင်ကုန်းကို မှတ်ထားလိုက်ကြသည်။

နောက်ရက်တွင် ရွာသားများ ဓားကိုယ်စီနှင့် လူစုပြီး သူတို့မှတ်ထားသော အလင်းရောင်ထွက်သော တောင်ကို စတင် ရှင်းကြသည်။ မြွေများ၊ ကင်းများ ပေါ်များ၍ သတိထား ရှင်းရသည်။ သစ်ပင်ခုတ်သူခုတ်၊ ဆွဲပုံသူပုံနှင့် တက်ညီလက်ညီ လုပ်ကြသည်။

တောင်တစ်ဝက်လောက် ရှင်းပြီးနောက် အုတ်ခဲကျိုးများ စတင် တွေ့ကြသည်။ တစ်တောင်လုံး ရှင်းပြီးနောက် ဘုရားပျက် အုတ်ပုံကြီးဖြစ်မည်ဟု ခန့်မှန်းကြသည်။

တောရှင်းပြီးသော တောင်ထိပ်မှ

www.burmeseclassic.com

လပြည့်လကွယ်ရက်များတွင် အလင်းလုံးရောင်ခြည်တော်များ ကွန့်မြူးနေတတ်သည်။ ကျောက်ဖြူရွာနှင့် အနီးအနားရွာများမှ စေတနာရှင်များ စုပေါင်း၍ ကုန်းတော်ပေါ်ရှိ အုတ်ကျိုးပုံကြီးကို ပုံ၍ ဘုရားတည်ကြသည်။

ယခု မြင်တွေ့ဖူးမြော်ရသော စေတီတော်သည် စေတနာရှင်များ၊ ရွာသူရွာသားများ စုပေါင်းပြုန်တည်ထားခြင်းဖြစ်ကြောင်း ပြောပြသည်။

## ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်

လပြည့်လကွယ်ညများတွင် အပေါ်အဖြူ အောက်အဖြူ ဝတ်ဆင်ထားသော ဖိုးသူတော်လိုလို ပုဂ္ဂိုလ်တစ်ဦး ကုန်းတော်ကိုပတ်၍ လမ်းလျှောက်နေတတ်သည်။


ဆရာတော်ကိုယ်တိုင် အကြိမ်ကြိမ်မြင်ရသည်။ ကျောင်းသား၊ ကိုရင်များ မမြင်ကြရ။ ဤကုန်းတော်ကို စောင့်ရှောက်သောပုဂ္ဂိုလ် ဖြစ်မည်ထင်သည်ဟု ဆရာတော်မှ ပြောပြသည်။

'သုံးနှစ်တစ်ကြိမ် ဘုရားပွဲ ကျင်းပပေးရတယ်။ အကြောင်းအမျိုးမျိုးနဲ့ မကျင်းပနိုင်ရင် ဝင်ပူးပြီးပြောတယ်။ ထူးခြားမှုတွေဖြစ်ပြီး သတိပေးတယ်။ အဲဒီတော့ ဖြစ်အောင် လုပ်ပေးရတယ်။

ထူးခြားတာက ဒီမှာ ဘုရားပွဲလုပ်တိုင်း ခိုက်ရန်မဖြစ်ကြဘူး။ တခြား အပျက်အစီး တစ်စုံတစ်ရာ မရှိအောင် ကာကွယ်ပေးတယ်'


ဟု ဆရာတော်မှ ပြောပြပါသည်။

ဝိဇ္ဇာလင်္ကာရကျောင်း၏ မြောက်ဘက်တွင် မဟာသကျမုနိစေတီတော်ကုန်းတော် တည်ရှိသည်။တောင်ဘက်တွင် အောင်ချမ်းသော ဘုရားကုန်းတော် တည်ရှိသည်။



▲ နဂါးရုံဘုရား

▼ နတ်တောင်ကျောင်း



ကုန်းတော်နှစ်ကုန်းကြားတွင် တည်ရှိသော ဆရာတော့်ကျောင်းမှာလည်း ထူးခြားနေသည်ဟု ထင်မိသည်။ ဆရာတော်အား နှုတ်ဆက်၍ စာရေးသူတို့ ခရီးဆက်ထွက်ခဲ့ကြသည်။


## ပိန္နဲတောင်ရွာမှ နတ်တောင်ခရီး

မြောင်းမြကားလမ်းအတိုင်း ဆိုင်ကယ်ဖြင့် ခရီးဆက်ခဲ့ကြရာ မိုင်းတိုင်အမှတ် (၆)မိုင်(၄)ဖာလုံတွင် ပိန္နဲတောင်လမ်းခွဲသို့ ရောက်ရှိသည်။ လမ်းအဝတွင် ပိန္နဲတောင်လမ်းခွဲ လမ်းညွှန်စာ ကပ်ထားသည်။

ကားလမ်းမကြီးမှ ခွဲထွက်သော ကျောက်ခင်းလမ်းဖြစ်ပြီး အနည်းငယ်လမ်းကြမ်းသည်။ ဆိုင်ကယ်နှင့် ကားများ သွား၍ရသည်။

တောင်ကုန်း ကလေးများပေါ်မှ ဖောက်ထားသော လမ်းဖြစ်သဖြင့် ဆင်းလိုက်တက်လိုက် သွားရသည်။ လမ်းဘေးဝဲယာတို့တွင် ထီးရိုးဝါးများ တန်းစီစိုက်ထားသော ဥယျာဉ်များနှင့်

www.burmeseclassic.com



▲ နတ်တောင်



နတ်တောင်မှ တောင်စိုးပင်ကြီး ▶

ရာသီပင်များ၊ စားပင်များ စိုက်ပျိုးထားသော တောင်ယာများရှိသည်။

သာယာသော ကျေးလက်ရှုခင်းများက တစ်ခါတစ်ရံ မြင်ရသူများကို စိတ်ကြည်နူးစရာများ ဖြစ်စေပါသည်။ ကျောက်ခင်းလမ်းအတိုင်း သွားကြရာ (၂)မိုင်ခန့်တွင် ပိန္နဲတောင်ရွာထိပ်ကို ရောက်သည်။

ရေမကုက္ကိုပင်ကြီး (၂)ပင်က ရွာထိပ်တွင် ခံ့ညားစွာ တွေ့ရသည်။ ရွာလမ်းမကြီး တစ်လမ်းသာရှိသော ရွာတန်းရှည်ဖြစ်သည်။ ရွာ၏တစ်ဖက်ခြမ်းတွင် တောင်ရှိသဖြင့် တောင်ခြေရွာဖြစ်သည်။

တောရိပ်၊ သစ်ပင်ဥယျာဉ်ရိပ်များက ဤရွာကလေးကို အေးချမ်းသာယာစေပါသည်။ (၂)ဖာလုံခန့် ဆက်ဝင်လာခဲ့ကြရာ ရတနာ့သိဂီကျောင်း မုခ်ဝသို့ ရောက်သည်။ ရတနာသိဂီ ဘုန်းတော်ကြီးကျောင်းသည် နတ်တောင်ပေါ်တွင် ရှိကြောင်း ကြိုတင် စုံစမ်းလေ့လာထားပြီး ဖြစ်ပါသည်။

ကျောင်းမုခ်ဝမှ တောင်ပေါ်ကျောင်းအထိ ဆင်ခြေလျှော ဖောက်ထားသဖြင့် ဆိုင်ကယ်များ၊ ကားများ ကျောင်းအထိ မောင်းတက်၍ ရသည်။ တောင်ပေါ်မှ ကျောင်းရှေ့ အရောက်တွင် လမ်းလျှောက်နေသော ဆရာတော်ကြီးတစ်ပါးအား တွေ့ရသည်။

စာရေးသူတို့ ဝတ်ဖြည့်အရိုအသေပေးပြီး မေးကြည့်ရာ ကျောင်းထိုင်ဆရာတော်ဖြစ်ကြောင်း သိရသည်။ ဆရာတော်ဘွဲ့တော်မှာ ဦးပညာဝံသဖြစ်သည်။ ဤကျောင်းတွင် ငယ်စဉ်ကပင် နေလာသီတင်းသုံးလာခဲ့သူဖြစ်ကြောင်း ပြောပြသည်။

တောင်ပေါ်တွင် အထင်ကရ နေရာများမှာ ဆရာတော်ကျောင်း၊ သိမ်ကျောင်း၊ စေတီတစ်ဆူနှင့် ရေမတောင်စိုးပင်ကြီးတစ်ပင်ရှိသည်။ ဤတောင်နှင့်ပတ်သက်သော အကြောင်းများကို ဆရာတော်မှ ပြောပြသည်။

ဤနတ်တောင်သည် ယခင်က လူတိုင်း မတက်ကြ၊ ထင်းရှာခြင်းကိုလည်း အခြားတောင်များတွင် ပြုလုပ်ကြသည်။ အမှားမခံဟု ဆိုသည်။ ထင်းခွေခြင်း၊ ထင်းခုတ်ခြင်း၊ အပေါ့အလေးသွားခြင်းများ လုံးဝလက်မခံဟု ဆိုသည်။


ထိုသို့ပြုမိသူများ မူးလဲခြင်း၊ အော့အန်ခြင်း၊ ဝမ်းသွာခြင်း၊ တချို့အသက်ပါ ဆုံးရှုံးကြရသည်ဟု ဆိုသည်။ ယခင် နှစ်ပေါင်း(၄၀)ခန့် အစိုးရလက်ထက်က လပွတ္တာမြို့နယ်အတွင်း ကျေးရွာများ ခြံကာရန် အမိန့်ထုတ်ခဲ့ဖူးသည်။ ရွာတိုင်း ခြံကာရသည်။

ထိုခေတ်က ပိန္နဲတောင်ရွာလည်း ခြံကာရသည်။ အိမ်တိုင်း ခွဲတမ်းနှင့် ခြံစည်းရိုးကာရသည်။ ဤနတ်တောင်တွင် တောင်ပိုင်ကြီးအပင်ဟုဆိုသော ရေမတောင်စိုးပင်ကြီးမှ တောင်အောက်ကို ဆင်းသော လမ်းတစ်လမ်းရှိသည်။ ယင်းလမ်းကို ခြံကာမိသော အေးမောင်မှာ ခြံကာပြီး နောက်နေ့ မူးလဲပြီး သေဆုံးသွားသည်။ ကာထားသော ခြံများ ချက်ချင်း ပြန်ဖျက်ပေးခဲ့ရသည်။




www.burmeseclassic.com

www.burmeseclassic.com



◄ နတ်တလင်း



အောင်ချမ်းသာဘုရား ►

## နတ်တောင်ရှိ တောင်ပိုင်ကြီးပူဇော်ပွဲ

ကျေးရွာတိုင်းတွင် ရွာဓလေ့အရ ကိုးမြို့စင်ခေါ် နတ်ကွန်းရှိကြသည်။ နတ်ကွန်းများကို ရွာထိပ်ကန်ပေါင်များတွင် ရှိကြသလို ရွာလယ်သစ်ပင်ကြီးများအောက်တွင် ရှိကြသည်။ ကျေးရွာရှင်ပြုရဟန်းခံ အလှူများတွင် ရွာဓလေ့အရ ရှင်လောင်းများအား ကိုးမြို့စင် နတ်ကွန်းတွင် နတ်ပြရသည်။

ပိန္နဲတောင်ရွာတွင် နတ်ကွန်းနတ်စင် မရှိပါ။ ယင်းရွာ၏ ရှင်ပြုအလှူများတွင် ရှင်လောင်းများအား နတ်တောင်ရှိ တောင်ပိုင်ကြီး အပင်တွင် နတ်ပြကြသည်။ နှစ်စဉ် တစ်နှစ်တစ်ကြိမ် နတ်တောင်တွင် ပူဇော်ပွဲ ပြုလုပ်ကြသည်။ ရွာမှ ဦးတင်မောင်မှ ဦးဆောင်၍ အတီးအမှုတ်များဖြင့် စည်စည်ကားကား ပူဇော်ပွဲပြုလုပ်ကြသည်။

## ဆင်ရေတွင်း

နတ်တောင်ခြေရင်းတွင် ယခင်က သက်ယက်ရေတွင်းကြီး တစ်တွင်းရှိသည်။ ဆင်များ ရေဆင်းသောက်ခဲ့ဖူးသဖြင့် ဆင်ရေတွင်းဟု ခေါ်ကြသည်။ သုံးရေ့သောက်ရေ ခပ်ချင်သလောက်ခပ် ရေခန်းသွားသည်ဟု မရှိဟု ဆိုသည်။ ဆင်ရေတွင်း အနီးတစ်ဝိုက်တွင် အမျိုးသမီးများ ရေချိုးခြင်း မပြုရ၊ ရေစိုဖြင့် ရေဆင်းမခပ်ရ၊ ရေတွင်းအတွင်း တံတွေး မထွေးရ၊ အနီးအနား အပေါ့မသွားရ၊ တစ်ယောက်ယောက် ပြုလုပ်မိပါက ရေများ နောက်သွားပြီး သုံးမရအောင် ရေများ ပုပ်စော်နံလာသည်။

ရေတွင်းအတွင်း တရော် ကင်ပွန်းရည်ဖျန်းခြင်း၊ အမွှေးနံ့သာ ဖျန်းပေးခြင်း၊ ကန်တော့ပွဲပေး၍ တောင်းပန်ခြင်း ပြုလုပ်ပေးမှသာ ရေများ ပြန်ပြီးသန့်သွားသည်ဆို၏။ ယခု ထိုနေရာတွင် ကျောက်တွင်းကြီးများ အစီအရီတူးပြီး သုံးစွဲနေကြပြီ ဖြစ်သည်။

## အဂ္ဂိရတ်ကျောက်နက်

နတ်တောင်စောင်းတွင် ကျောက်လက်နက်အပိုင်းအစများ တွေ့ရသည်။ အဂ္ဂိရတ်ထိုးရာတွင် အသုံးပြုသော ကျောက်နက်ဖြစ်သည်ဟု ပြောသည်။ ရွာသား အချို့ကတော့ အဂ္ဂိရတ်ထိုးရာတွင် ဖြစ်ပေါ်လာသော ချော်ကျောက်ဟု ထင်ကြသည်။ ကျွမ်းကျင်သူများသာ ခွဲခြားနိုင်မည်ဟု ထင်ပါသည်။

## ထူးဆန်းသော နတ်တလင်း


ဒေသအခေါ် နတ်တလင်းဆိုသော နေရာကို နတ်တောင်ကျောင်းဆရာတော်ကိုယ်တိုင် လိုက်ပြသည်။ တောင်ပေါ်လမ်းကလေးမှ သွားရသည်။ လမ်းဘေးဝဲ,ယာတို့တွင် သစ်ပင်ဝါးပင်များဖြင့် ညို့မှိုင်းနေသည်။ လျှိုမြောင်အံနိမ့်များလည်း တွေ့ရသည်။


ရှေ့က လိုက်ပြသော ဆရာတော်မှ သစ်ပင်များ အုပ်ဆိုင်းနေသည့် တောင်ကြောဘက်သို့ ကွေ့ဝင်လိုက်သည်။ လမ်းမရှိသော နေရာဖြစ်၍ သစ်ရွက်ခြောက်များကို နင်း၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com






▲ ဗောဓိပင်

◀ အောင်ချမ်းသာဘုရားကျောင်းတော်

▼ ခြေတော်ရာ



ထို့နောက် မြေကွက်ပြောင်ပြောင်လေး တွေ့ရသည်။

'နတ်တလင်းဆိုတာ ဒီနေရာပဲ အကာကြီး တံမြက်စည်းလှည်းစရာ မလိုဘူး။ အမြဲပြောင်နေတယ်'


ဟု ဆရာတော်မှ ပြောပြသည်။


ထို နတ်တလင်းဆိုသော မြေကွက်အား ဖြတ်တိုင်းလျှင် (၆)ပေခန့် ကျယ်မည်။ အဝိုင်းတိုင်းလျှင် (၁၈)ပေခန့် ကျယ်မည်။ အနီးဝန်းကျင်တွင် သစ်နက်ပင်များ၊ တောင်ပိန်းပင်များ၊ ကညင်ပင်များသည် အုပ်ဆိုင်းနေသည်။

ဘေးပတ်လည်တွင် သစ်ရွက်ခြောက်များ အထပ်ထပ်ကြွေကျပြီး

www.burmeseclassic.com

www.burmeseclassic.com





⬆ ဘုရင်မကြီး ရှင်စောပုရုပ်တု

⬅ မဏိမေခလာနတ်သမီး

⬇ ဝိဇ္ဇာလင်္ကာရကျောင်းဆရာတော်



လမ်းလျှောက်တိုင်း မြေကြီးမထိအောင် ထုထပ်နေသည်။ ထို ပြောင်နေသော မြေကွက်အား ကျောက်သားလား၊ မြေသားလား သိနိုင်အောင် တုတ်တစ်ချောင်းနှင့် ထိုးဆွကြည့်ရာ မြေသားဖြစ်နေသည်။ ယင်းမြေသားအပေါ်ယံတွင် ချေးညှိများ တွေ့ရသဖြင့် မိုးတွင်းမိုးရွာဆိုကပင် မြေသား ပြောင်နေပုံရသည်ဟုထင်သည်။

ပြောင်နေသော မြေကွက်ကို လက်ဖြင့် ထုကြည့်ရာ လိုဏ်သံထွက်သဖြင့် အတွင်း၌ လိုဏ်ခေါင်းရှိနိုင်သည်ဟု ထင်ပါသည်။ အမွှေးတိုင်၊ ဖယောင်းတိုင်များ ပူဇော်ထားသည်ကိုလည်း တွေ့ရသည်။ ဤနေရာ၏ ထူးခြားချက်များကို ဆရာတော်မှ ပြောပြသည်။

## ကြမ်းတမ်းသောစကား

## ပြောဆိုခြင်းကို မကြိုက်

ယခင် လက်နက်ကိုင်တောတွင်း သူပုန်များ(ကွန်မြူနစ်) ရှိစဉ်က မယုံသဖြင့် သစ်တုံးကြီးများမ,ပြီး မြေကွက်အလယ်မှာ ချထားခဲ့ကြသည်။ ညနေပိုင်းတွင် (၅)ယောက်၊ (၆)ယောက် စုပြီး သွားကြည့်ကြသည်။ သစ်တုံးများ မြေကွက်အပြင်ဘက် ရောက်နေသည်ကို တွေ့ကြသည်။ သူတို့အထဲမှ ပြောင်စပ်စပ် ရွှတ်နောက်နောက်တစ်ယောက်မှ...

'တို့ချထားတဲ့ သစ်တုံးတွေ ဘယ်ကောင်လာရွှေ့တာလဲကွ၊ တွေ့ချင်လိုက်တာ၊ အခုတွေ့ချင်တယ်ဟေ့'


ဟု နောက်သလို ပြောင်သလိုပြောသည်။ စကားဆုံးသည်နှင့် ကျားဟိန်းသံကြီး ကြားသဖြင့် ပြန်ပြေးခဲ့ကြရသည်။

တစ်ခါက နတ်တောင်ကျောင်းမှ ကျောင်းသားများ ဆော့ရင်းဖြင့် နေရာတလင်းကို ရောက်သွားသည်။ ရွှတ်ရွှတ်ကျောင်းသားမှ ပြောင်လှောင်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျန်းတော်တက်သည့် လှေကား

သည်။ အပြန်မှာ ထိုကျောင်းသားအား ဝင်ပူးသည်ဆို၏။

ဝုန်းဒိုင်းကျဲသည်။ ကြမ်းသည်။ ထခုန်လိုက်လျှင် (၃)တောင်ခန့် မြင့်သည်ဆို၏။ ကျောင်းသားများ လူအုပ်နှင့် ဝိုင်းချုပ်ပြီး ဆရာတော်ထံ ပို့သည်။

ဆရာတော်မှ မေတ္တာဖြင့် ဖျောင်းဖျ၍ ရေစင်တိုက်ပေးသောအခါ ငြိမ်သွားပြီး **ဆရာတော့်ကျောင်းသားဖြစ်၍ ခွင့်လွှတ်ပါကြောင်း။ ဤကျောင်းနှင့် တစ်ရွာလုံးကို သူ စောင့်ရှောက်ပါသည်။ နောက်နောင် ဤနေရာတွင် ကြမ်းတမ်းသောစကား မပြောရန်** ပြောပြီး ထွက်သွားသည်ဆို၏။

## ဦးချိုတစ်ချောင်းနှင့် ချေ(ဂျီ)

နတ်တလင်းမြေကွက်နှင့် (၆)ပေခန့် အကွာတွင် သစ်နက်ပင်ကြီးတစ်ပင်ရှိသည်။ (ယခု နာဂစ်မုန်တိုင်းကြောင့် ငုတ်တိုပဲကျန်သည်။) ယင်းသစ်နက်ပင်ကြီး ခြေရင်းတွင် ချေ(ဂျီ)တစ်ကောင်ကို တွေ့ရသည်။

ချေ(ဂျီ)သည် ဆရာတော်ကို ကြည့်နေသည်။ မကြာခဏ ဤနတ်တလင်းသို့ ရောက်တတ်သော ဆရာတော်သည် တအံ့တသြဖြင့် ချေ(ဂျီ)ကို ကြည့်နေမိသည်။ ထူးခြားတာက ချေ(ဂျီ)၏ ဦးခေါင်းတွင် ဦးချိုတစ်ချောင်းသာရှိသည်။ ချေ(ဂျီ)တစ်ပင်တိုင်ဟု ခေါ်ကြောင်း၊ ထိုချေ၏ ဦးချိုကို လောကီပညာ ကျွမ်းကျင်သူများမှ ကာယသိဒ္ဓိ အစွမ်းထက်အောင် အစီအမံ ပြုလုပ်နိုင်ကြသည်ဆို၏။

တုတ်တုတ်မျှ မလှုပ် ငြိမ်နေသည့် ချေအား ဆရာတော်သည် ခေတ္တမျှ ကြည့်ပြီး ကျောင်းသို့ ပြန်ခဲ့သည်။ ဆရာတော် ပြောသဖြင့် ကျောင်းအနီးမှ လူများ၊ ကျောင်းသားများ သွားကြည့်ကြရာ ချေကို မတွေ့ကြတော့ဟုဆို၏။

## ငွေယားခွက်များ

နတ်တောင်နှင့် နတ်တလင်းတောင်စောင်း တစ်နေရာတွင် ယခင်က ငွေယားခွက်များ တွေ့ရသည်။ အဝ (၂)လက်မခန့် ရှိသော ငွေခွက်ငယ်များ တောင်စောင်းတွင် ပေါ်နေတတ်သည်။

ကလေးများ အုပ်စုလိုက် ကစားကြရာ ယင်းငွေခွက်များ ယူဆော့တတ်ကြသည်။ ခွက်၏အပေါ်ပိုင်းတွင် ကနုတ်ပန်းကလေးများ ဖော်ထားသည်ဆို၏။ ဆော့ပြီး ပြန်ထားခဲ့ကြရသည်။

ကလေးသဘာဝ အိမ်မှာဆော့မည်ဆိုပြီး ယူသွားသော ကလေးများ အလွန်ယားလာသဖြင့် အိမ်ပြန်မရ ဖြစ်ကြသည်။ ခွက်ကို ပစ်ချထားခဲ့လည်း ယားနေသေး၏။

တစ်ယောက်ယောက်က ခွက်ကို သူ့နေရာ ပြန်ပို့လိုက်မှသာ မယားတော့ဟုဆို၏။ နောက်တွင် ကလေးများ မကိုင်ရဲ၊ မဆော့ရဲ ဖြစ်လာကြသည်။

လူကြီးများမှလည်း ယူမဆော့ရန် တားထားကြသည်။ ယခုနောက်ပိုင်းတွင် ယင်းငွေယားခွက်များ မတွေ့တော့ဟု ပိန္နဲတောင်ရွာသား ကိုမြင့်ကြည်မှ ပြောပြသည်။

'အဲဒီနတ်တောင်ပေါ်က နတ်တလင်း ဆိုတာကို ကျုပ် ငယ်ငယ် (၅)နှစ်သားလောက်က ရောက်ဖူးတယ်။ လူကြီးတွေနဲ့ လိုက်သွားတာ။ အခုလိုပဲ ကွက်ပြီး ပြောင်နေတာပဲ။

အပင်ကြီးတွေက ဒီထက်များတယ်။ ညိုမှိုင်းအေးစိမ့်နေတယ်။ အခု ကျုပ် အသက် (၆၅)နှစ် ရှိပြီ။ နှစ်ပေါင်း (၆၀) ကြာတာတောင် ဒီနေရာလေးက မတိမ်ကောဘူး။ ပျောက်ပျက်မသွားသေးဘူးဆိုတော့ အံ့သြစရာတော့ ကောင်းတာပေါ့'

ဟု နှစ်ပေါင်း(၆၀)ကြာမှ နောက်တစ်ခေါက် ရောက်သွားသူတစ်ဦးက ပြောပြသည်။

အခါအခွင့်သင့်၍ **လပွတ္တာမြို့သို့ ရောက်ရှိသူတိုင်း ပိန္နဲတောင်ရွာမှ နတ်တောင်နှင့် နတ်တလင်းသို့** သွားရောက်လေ့လာနိုင်ပါသည်။

ဤဆောင်းပါးကို ဖတ်ရှုရသော **သုတေသီပညာရှင်များ နတ်တလင်း မြေကွက်အား လေ့လာ၍ တိကျသော အဖြေများ ထုတ်ပေးနိုင်ပါက** ဗဟုသုတ ရရှိကြမည် ထင်ပါကြောင်း တင်ပြလိုက်ရပါသည်။

**အရပ်ာ ဆရာသိန်း(လပွတ္တာ)**



www.burmeseclassic.com

www.burmeseclassic.com

ဆောင်း (မော်လမြိုင်)

ဗောဓိအောင်မြေ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော်

# အရှင်ထေရုတ္တိသမထေရ်မြတ်

၏ ထူးခြားသော ရုပ်ကလာပ်တော်

ဗောဓိအောင်မြေ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်သည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဈေးကြီးရပ်ကွက်၊ တက္ကသိုလ်ပတ်လမ်းတွင် တည်ရှိပါသည်။ ဗောဓိအောင်မြေ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ရှိရာ ဈေးကြီးရပ်ကွက်သည် မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်ကြီးတစ်ခု ဖြစ်ပါသည်။


ထို့အပြင် တန်ခိုးကြီးတောင်ဝိုင်းကုသိနာရုံဘုရား၊ တောင်ဝိုင်းလေယာဉ်ကွင်း၊ မော်လမြိုင်တက္ကသိုလ်၊ အရေပြားအထူးကုဆေးရုံကြီး၊ မွန်ပြည်နယ်စာရင်းရုံး၊ မွန်ပြည်နယ်လ.ဝ.ကရုံး၊ မွန်ပြည်နယ်က.ည.နရုံး၊ အမှတ်(၃)တက္ကသိုလ်အရန်တပ်ရင်း၊ အမှတ်(၁၀၄) ခြေလျင်တပ်ရင်းတို့ တည်ရှိရာ ရပ်ကွက်လည်း ဖြစ်သဖြင့် လူစည်ကားရာ နေရာဒေသလည်း ဖြစ်ပါသည်။

ဈေးကြီးရပ်ကွက်တွင် နေထိုင်လျက်ရှိကြသူများသည် အဓိကအားဖြင့် ဥယျာဉ်ခြံစိုက်ပျိုးခြင်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။

* * *

ရခဲလှသော လူ့ဘဝသည် လွန်စွာတန်ဖိုးကြီးလှပေသည်။ ထို့ကြောင့်ပင် မြတ်စွာဘုရားက "မနုဿဘာဝေါ ဒုလ္လဘော" (လူ့ဘဝကို ရခဲ၏)ဟု ဟောကြားတော်မူခဲ့ပါသည်။

ဤသို့ ရခဲလှသော လူ့ဘဝကို ရရှိလာ၌ ထိုက်တန်အောင် ကျင့်ကြံနေ



ဆရာတော် အရှင်မဟာထေရုတ္တိသ မထေရ်မြတ် သိမ်သမုတ်တော်မူစဉ်
(အနားမှ တွဲလာသူမှာ တပည့် ဦးဇောတိက ဖြစ်ပါသည်)






www.burmeseclassic.com

www.burmeseclassic.com

ထိုင် အသုံးချတတ်ရန် လွန်စွာအရေးကြီးလှပေသည်။ လူ့ဘဝကို တရားဓမ္မနှင့်အညီ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့ကို အသုံးပြုလျက် တန်ဖိုးရှိစွာ ပွားများကျင့်ကြံအားထုတ်ပြီး အောင်မြင်သွားခဲ့ကြသော ပုဂ္ဂိုလ်များစွာ မြန်မာနိုင်ငံအနှံ့အပြား ရှိခဲ့ပါသည်။

ထိုထိုသော ပုဂ္ဂိုလ်များတွင် တစ်ပါးအပါအဝင်ဖြစ်သော ဗောဓိအောင်မြေ ဆရာတော် အသျှင်မဟာထေရဝိသ မထေရ်မြတ်နှင့် ပတ်သက်၍ ရေးသားပူဇော်တင်ပြလိုပါသည်။



▲ ဆရာတော် အသျှင်မဟာထေရဝိသ မထေရ်မြတ် ရုပ်ကလာပ်တော်

## မွေးဖွားသန္ဓေစင်တော်မူခြင်း

ဆရာတော်လောင်းလျာကို မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ညောင်အုပ်ဖောင်ကွဲရွာနေ ဘုရားဒကာ, ရဟန်းကြီး ခမည်းတော် ဦးလူကြီး၊ မယ်တော် ဒေါ်အေးတို့မှ **၁၂၆၃ ခုနှစ်၊ ဝါဆိုလဆန်း(၁၃)ရက် ကြာသပတေးနေ့**တွင် မွေးဖွားသန္ဓေစင်တော်မူပါသည်။ ငယ်မည်မှာ မောင်ကြာ ဖြစ်ပါသည်။

## ရှင်ရဟန်းပြုခြင်း

ဆရာတော် လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ညောင်အုပ်ဖောင်ကွဲရွာရှိ အုံ့ကျော်စောကျောင်းတိုက်ဆရာတော် အရှင်မဟာနန္ဒိယကို ဥပဇ္ဈာယ်ပြု၍ အသက် (၁၁) နှစ်အရွယ် မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ဘွဲ့တော်မှာ ရှင်ပညာဇောတ ဖြစ်ပါသည်။

ရှင်သာမဏေဘဝတွင် ရှင်ကျင့်ဝတ်၊ မင်္ဂလသုတ်၊ အပြင်အောင်ခြင်းရှစ်ပါး၊ အတွင်းအောင်ခြင်းရှစ်ပါး၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး(၁၁)သုတ် အစရှိသော စာပေများကို သင်ကြားတတ်မြောက်ခဲ့ပါသည်။

လောကီရေးရာ ဗဟုသုတစာပေအဖြစ် သစ်တန်တွက်နည်း၊ စပါးချိန်တွယ်မှုတွက်နည်း အစရှိသော သင်္ချာပိုင်းဆိုင်ရာ စာပေများကိုပါ ပါဠိဘာသာဖြင့် သင်ကြားတတ်မြောက်ခဲ့ပါသည်။

ထို့နောက် သဒ္ဒါ၊ သင်္ဂြိုဟ်ကိုးပိုင်းစသည့် အခြေခံပညာများ တတ်မြောက်ပြီးနောက် ပခုက္ကူမြို့ မဟာ ဝိသုတာရာမ အလယ်တိုက် ဆရာတော်ထံတွင် ပညာ ဆက်လက်ဆည်းပူးခဲ့ပါသည်။

ထို့နောက် မန္တလေးမြို့ အနောက်ပြင်စကုတိုက်၊ ဒေါ်သင်အုန်းကျောင်း ဆရာတော်ထံတွင် ပိဋကတ်စာပေများကို ဆက်လက် သင်ယူတော်မူခဲ့ပါသည်။

ထိုကျောင်း၌ ပညာ ဆက်လက်ဆည်းပူးနေစဉ် တိဘက်ပြည်ဖွား အရှင်သီလတိဿ မထေရ်မြတ်သည် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံမှ မြန်မာနိုင်ငံသို့ မီးသင်္ဘောဖြင့် ကြွလာပြီး အဆိုပါ စာသင်တိုက်တွင် ခေတ္တလာရောက်တည်းခိုသီတင်းသုံးပါသည်။


ထိုအခါ သာမဏေ ရှင်ပညာဇောတသည် ဆရာတော် အရှင်သီလတိဿ မထေရ်မြတ်အား ကြည်ညိုလွန်း၍ အန္တေဝါသိက တပည့်အဖြစ် ခံယူပြီး ဝတ်ကြီးဝတ်ငယ်တို့ဖြင့် ပြုစုပေးခဲ့ပါသည်။

အရှင်သီလတိဿ မထေရ်မြတ်ကလည်း ရှင်ပညာဇောတနှင့် အတူတကွ သီတင်းသုံး နေထိုင်တော်မူခဲ့ပါသည်။ အတူတကွ သီတင်းသုံး နေထိုင်စဉ်ကာလအတွင်း ရှင်ပညာဇောတသည် ရှင်သီလတိဿ မထေရ်မြတ်ထံမှ ကမ္မဋ္ဌာန်းတရား အားထုတ်နည်း ပရိက်အခြေခံနည်းပညာများကို သင်ယူတော်မူခဲ့ပါသည်။

ရှင်ပညာဇောတသည် မန္တလေးမြို့မှ ပခုက္ကူမြို့သို့ ပြန်လည်ကြွရောက်လာပြီး မြန်မာသက္ကရာဇ် ၁၂၈၃ ခုနှစ် တပေါင်းလတွင် ဥပသမ္ပဒကံဆောင်ပြီး အသျှင်ထေရဝိသဘွဲ့တော် ခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပိဋကတ်သုံးပုံ နှံ့စပ်အောင် သင်ယူတော်မူပြီးနောက် ပခုက္ကူအလယ်တိုက်

www.burmeseclassic.com



ဆရာတော် အသျှင်မဟာထေရဝိသ မထေရ်မြတ် ရုပ်ကလာပ်တော်

တွင် စာချတာဝန်ယူ၍ ပရိယတ္တိသာသနာတော်တာဝန်ကို ဆက်လက်ထမ်းဆောင်တော်မူခဲ့ပါသည်။

## ဉာဏ်သံဝေဂ သတိရတော်မူခြင်းနှင့် ပဋိပတ္တိသာသနာသို့ ကူးပြောင်းခြင်း

ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်တော်မူပြီး နှစ်,နှစ်ခန့်အကြာ မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်တွင် အသျှင်ထေရဝိသ ရဟန်းတော်မြတ်သည် ဉာဏ်သံဝေဂ သတိရတော်မူ၍ သံသရာမှ လွတ်မြောက်ရန် ပဋိပတ္တိသာသနာဘက်သို့ ကူးပြောင်းအားထုတ်တော်မူခဲ့ပါသည်။

ပခုက္ကူမြို့၊ ဖောင်တော်ဦးဘုရားအနီးရှိ ဆရာတော် ဦးဖိုးတုတ်ကျောင်း၌ သီတင်းသုံးနေတော်မူသော တောရဆရာတော်ကြီး ဦးကံသာထံတွင် တပည့်အဖြစ် ခံယူတော်မူခဲ့ပါသည်။

ထိုမှတစ်ဆင့် ပခုက္ကူမြို့မြောက်ဘက် စိတ္တသုခတောင်ထွတ်တွင် သီတင်းသုံးတော်မူသော ကိုရင်ကြီးဦးခင်ထံသို့ ရောက်ရှိခဲ့ပါသည်။ ကိုရင်ကြီး ဆရာခင်က တရားအားထုတ်ရန်အတွက် မုံရွာမြို့ ကန်နီရွှေသိမ်တော်တောရကျောင်းသို့ လိုက်ခဲ့ရန် ခေါ်ဆောင်သွားခဲ့ပါသည်။

မုံရွာမြို့၊ ကန်နီရွှေသိမ်တော် တောရကျောင်းတိုက် ဆရာတော် ဦးသောဘိတထံမှောက်သို့ ခရီးရောက်မဆိုက်ပင် လျှင် တရားအားထုတ်လိုကြောင်း တရားပြသ ဆုံးမသြဝါဒပေးပါရန် မေတ္တာရပ်ခံ လျှောက်ထားခဲ့ပါသည်။

ရွှေသိမ်တော်တောရ ဆရာတော်ကြီးက...

'မင်းတို့ကို ငါ တရားဟောမနေနိုင်ဘူး။ ကိုယ့်အကျိုး ကိုယ့်စီးပွား ကိုယ်ရှာပြီးနေတာကွယ့်'

ဟု မိန့်ကြားပြီး ကျောင်းသခ်မ်းအတွင်းသို့ဝင်ကာ တရားအားထုတ်နေပါသည်။

သို့နှင့် ရွှေသိမ်တော်တောရဆရာတော် ဦးသောဘိတသည် ရဟန်းငယ်ရှင်ထေရဝိသကို သုံးရက်,သုံးညတိတိ မခေါ်၊ မပြော၊ မကြည့်၊ မသိဟန်ဆောင်နေတော်မူခဲ့လေသည်။

သုံးရက်,သုံးညလွန်မှ ရွှေသိမ်တော်တောရဆရာတော်ကြီးက...

'ဖိုးတပည့်လေး...လာ မင်းတရားအားထုတ်လိုရင် ငါ တရားပြပေးပါ့မယ်ကွယ့်'

ဟု မိန့်ကြားပြီး အာနာပါနကမ္မဋ္ဌာန်းကို အပ်ပေးပြီး ဆက်လက်တရားအားထုတ်စေခဲ့ပါသည်။

ထိုအချိန်မှစ၍ အရှင်ထေရဝိသသည် အရေသော် လည်းကောင်း၊ အကြောသော် လည်းကောင်း၊ အရိုးသော် လည်းကောင်း ကြွချင်ကြွပါစေ၊ ခြောက်ချင်ခြောက်ပါစေ ယောက်ျားတို့၏ အစွမ်းဖြင့် နိဗ္ဗာန်ကို ရောက်အံ့ဟု ဝီရိယသန်သန် ဖွဲ့ထန်ထန်ဖြင့် မဆုတ်မနစ် ဖြည့်ကျင့်တော်မူခဲ့ပါသည်။

## မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိတော်မူခြင်း

မုံရွာမြို့၊ ကန်နီရွှေသိမ်တော်တောရ ဆရာတော် ဦးသောဘိတထံပါး၌ တရားအားထုတ်နေစဉ် ဆရာတော်က တပည့်ဖြစ်သူ အသျှင်ထေရဝိသအား မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် သာသနာပြုရန် လမ်းညွှန်မှုပေးခဲ့ပါသည်။

ဆရာတော် လမ်းညွှန်သည့်အတိုင်း မြန်မာနိုင်ငံအနှံ့ရှိ မန္တလေးမြို့၊ မအူပင်မြို့၊ ဟသ်ာတမြို့၊ ရန်ကုန်မြို့၊ ကျောင်းကုန်းမြို့၊ မဲဇာလီကုန်းမြို့၊ ပြည်မြို့၊ ကော့ကရိတ်မြို့၊ မော်လမြိုင်မြို့များတွင် တရားအားထုတ်ရင်း သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော် အသျှင်ထေရဝိသသည် (၂၇-၄-၁၉၈၇)ရက်နေ့တွင် ကော့ကရိတ်မြို့မှတစ်ဆင့် မော်လမြိုင်မြို့၊ ဈေးကြီးရပ်ကွက်၊ တက္ကသိုလ်ပတ်လမ်းတွင် ဗောဓိအောင်မြေ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကို စတင်တည်ထောင်တော်မူခဲ့ပါသည်။

အဆိုပါနေရာသို့ ဆရာတော် ရောက်ရှိတော်မူစဉ်ကာလတွင် မြို့နယ်



www.burmeseclassic.com

www.burmeseclassic.com

ပိတ်ပေါင်းများ ရှင်းလင်းပြီး တဲကျောင်း ဆောက်လုပ် သီတင်းသုံးတော်မူခဲ့ပါ သည်။

ထိုအချိန်မှ အစပြု၍ သာသနာ့ပြု ဆရာတော် အသျှင်မဟာထေရတိဿ အရှင်မြတ်သည် ကိုယ်တိုင်ကျင့်ကြံ ပွားများအားထုတ်ခြင်း၊ တပည့် ဒါယကာ၊ ဒါယိကာမများကိုလည်း တရားဟောကြားခြင်း၊ တရားပြသခြင်း များကို နေ့ညမပြတ် ဆောင်ရွက်တော် မူခဲ့ပါသည်။

ဆရာတော်သည် တပည့်များ အား…

'ဖြစ်တတ် ပျက်တတ်သော ရုပ်နာမ်တရား တို့ကို သိမြင်အောင် အားထုတ်ကြပါ'


ဟု အမြဲမပြတ် တိုက်တွန်းလျက် ဆုံးမဩဝါဒ ပေးခဲ့ပါသည်။

ဆရာတော်၏ သီလဂုဏ်၊ သမာဓိ ဂုဏ်၊ ပညာဂုဏ်၊ မေတ္တာ၊စေတနာ အဟုန်များကြောင့် မကြာမီကာလ အတွင်း တရားနာသူ၊ တရားအားထုတ် သူများဖြင့် စည်ကားလာခဲ့ပါသည်။

ဆရာတော် အသျှင်မဟာထေရ တိဿမထေရ်မြတ်သည် ကိုယ်တိုင် လည်းကျင့်၊ တပည့်များအား တရား ဟော၊ တရားပြ စသည့် သာသနာပြု လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင် ရွက်တော်မူရင်း ခရစ်နှစ် ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာ (၇)ရက်နေ့ **သက်တော် (၈၉)နှစ်၊ ဝါတော်(၆၉)ဝါ** အရောက် တွင် ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူခဲ့ပါ သည်။

ဆရာတော် အသျှင်မဟာတိဿ မထေရ်မြတ်သည် ဘဝခန္ဓာ မချုပ်ငြိမ်း မီ တပည့်အပေါင်းတို့အား…

'ငါသေရင် မီးမရှို့ပါနဲ့ ရေမမျှောပါနဲ့ မြေကြီး ထဲတူးမမြှုပ်ပါနဲ့ ဂူမသွင်းပါနဲ့ ကြက်စာငှက်စာ ဆိုပြီး မကျွေးပါနဲ့'



ဆရာတော် ရုပ်ကလာပ်တော်ထားရှိရာတိုက်

ဟု မှာကြားတော်မူခဲ့ပါသည်။

ဆရာတော် မှာကြားတော်မူခဲ့သည့် အတိုင်း ဆရာတော်၏ ကွင်းကျန် သော ဥတုဇရုပ်ကလာပ်တော်ကို မပြု မပြင် မူလအတိုင်း ထားရှိခဲ့ရာ ယနေ့ ဆိုလျှင် ဆရာတော်အရှင်မြတ် ပျံလွန် တော်မူခဲ့သည်မှာ **(၂၄)နှစ်တိုင် ကြာခဲ့ ပြီ** ဖြစ်သော်လည်း မပုပ်မသိုးဘဲ တည်ရှိနေပါသည်။

ရုပ်ကလာပ်တော်အား မပြုမပြင် မူလအတိုင်း ထားရှိရခြင်း ဆရာတော် ၏ ရည်ရွယ်ချက်မှာ နောင်လာနောက် သားများ ဗုဒ္ဓသာသနာတော်ကို ယုံမှားသံသယကင်းစွာ ကြည်ညိုတတ် စေရန်၊ မြတ်စွာဘုရား၏ စကားတော် ကို ယုံကြည်စွာ နားထောင်၍ ဒါန၊ သီလ၊ဘာဝနာတရားများ ကျင့်ကြံအား ထုတ်ကြရန်…

နောင်လာနောက်သားများ ဗုဒ္ဓ သာသနာတော်ကို အမှီပြု၍ ကုသိုလ် တရားများ တိုးပွားစေရန်ဖြစ်ကြောင်း ဆရာတော်၏ တပည့်အရင်းဖြစ်သူ လက်ရှိ ဇောတိကအောင်မြေဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက်ဆရာတော် ဦးဇောတိကမှ ရှင်းလင်းမိန့်ကြားခဲ့ပါ သည်။

ဆရာတော် အသျှင်မဟာထေရ တိဿမထေရ်မြတ် ရေးသားပြုစုတော် မူခဲ့သော ကျမ်းများမှာ **သံသာရမဂ္ဂ ပါရဂူစာတမ်း၊ ပဋိသန္ဓာရ အနုပါဒိ သေသနိဗ္ဗာနကျမ်း၊ အရဟတ္တမဂ္ဂ ပါရဂူသုတေသီစာမူ**တို့ကို ရေးသား ပြုစုတော်မူခဲ့ပါသည်။

ဆရာတော် အသျှင်မဟာထေရ တိဿမထေရ်မြတ်၏ ဥတုဇရုပ် ကလာပ်တော်ကို မပြုမပြင် မူလ အတိုင်း ထားရှိခဲ့ရာ ယနေ့တိုင် **(၂၄)နှစ်ကြာပြီ** ဖြစ်သော်လည်း မပုပ် မသိုးဘဲ တည်ရှိနေခြင်း၊ ဦးခေါင်းတော် မှ ဆံပင်များပေါက်ခြင်း၊ လက်သည်း ခြေသည်းများ ရှည်လာခြင်းကို ထူးခြား အံ့သြစွာဖြင့် အများပြည်သူများ ဖူးမြော် တွေ့မြင်နိုင်ပါသည်။

**ဆရာတော် အသျှင်မဟာထေရ တိဿမထေရ်မြတ်၏ ဓာတုစေတီတော် သည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ တက္ကသိုလ်ပတ်လမ်းရှိ ဇောတိကအောင်မြေ ဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်ဝင်းအတွင်း တည်ရှိပါ သည်။**

ဆရာတော် အရှင်မဟာထေရ တိဿ မထေရ်မြတ်၏ ထူးခြားသော ရုပ်ကလာပ်တော်အား သွားရောက် ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း လမ်းညွှန် ရေးသား တင်ပြအပ်ပါသည်။

*သုခီ အတ္တာနံ ပရိဟရန္တု*

ကျော်(မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊
ညောင်သုံးခွ ဝိပဿနာဓမ္မရိပ်သာ ဦးစီးပဓာန နာယကဆရာတော်

# အရှင် သာသန

(မေတ္တာရောင်ခြည်)၏ လက္ခဏာတော်






◆ အရှင်သာသန(ကမ္မဋ္ဌာနာစရိယ)
ညောင်သုံးခွ ဝိပဿနာ
ဓမ္မရိပ်သာကျောင်းတိုက်

အရှင်သာသနသည် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်သုံးခွရွာနေ ဦးသန်းအောင်၊ ဒေါ်လှကြည်တို့မှ ၁၃၃၈ ခုနှစ် ဝါဆိုလဆန်း (၁၄) ရက်၊ သောကြာနေ့ ည(၁၁)နာရီတွင် ဖွားမြင်ခဲ့သည်။ မွေးချင်း (၄) ယောက်အနက် သားဦးရတနာလည်းဖြစ်၏။ ငယ်မည်မှာ မောင်သိန်းထွန်း ဖြစ်ပါသည်။

အရှင်သာသနသည် သက်ခဲတော် (၂၀)နှစ် ၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း (၅)ရက် နံနက် (၉)နာရီ (၂၄) မိနစ်တွင် ညောင်သုံးခွကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်သော ရဟန်းဘဝကို ရောက်တော်မူပါသည်။

အရှင်သာသနသည် ပဌမလတ်



www.burmeseclassic.com

www.burmeseclassic.com

တန်းကို အောင်မြင်ပြီး ပထမကြီးတန်းသို့ တက်ရောက်ဆဲကာလတွင် ဆရာတော်များ၏ တာဝန်ပေးချက်အရ ဝေါမြို့ ကြို့တူကျောင်းတိုက် ပဓာနနာယကအဖြစ် (၁၉၉၈–၂၀၀၂)ခုနှစ်အထိ တာဝန်ယူခဲ့ပြီး ၂၀၀၂ ခုနှစ်၊ ဇူလိုင်လမှစတင်ကာ ညောင်သုံးခွ ဝိပဿနာဓမ္မရိပ်သာ ကျောင်းတိုက်၏ ပဓာနတာဝန်ကို ယူခဲ့ရပါသည်။

**အရှင်သာသနသည် မေတ္တာရောင်ခြည် ပရဟိတလုပ်ငန်းများ အဖြစ်...**

(၁) (၇)ရက်စဉ် တရားစခန်းကို တစ်နှစ်လျှင် (၈)ကြိမ် ပြုသလျက်ရှိခြင်း၊

(၂) မေတ္တာရောင်ခြည် ဇီဝိတ ဆေးကုခန်းကို (၁–၁၂–၂၀၀၉) နေ့တွင် စတင်ဖွင့်လှစ်ခြင်း၊

(၃) မေတ္တာရောင်ခြည် ပညာ့ရိပ်မွန် အဆင့်မြင့် စာသင်ပိုင်းကြီးကို (၅–၅–၂၀၁၁)နေ့တွင် စတင်ဖွင့်လှစ်ပြီး တက္ကသိုလ်ဝင်တန်း ကျောင်းသား (၁၀၀)ကို နေ့စဉ် စခန်းသွင်း သင်ကြားပေးခြင်း၊

(၄) စုပေါင်း သွေးလှူဒါန်းပွဲ၊ ဆန်ဆီလှူဒါန်းပွဲ၊ မေတ္တာရောင်ခြည် နာရေးကူညီမှု၊ မေတ္တာရောင်ခြည် ပညာသင်ဆုများကို ဆောင်ရွက်လျက်ရှိခြင်း၊

(၅) မေတ္တာရောင်ခြည် ဘိုးဘွားပူဇော်ပွဲ၊ မေတ္တာရောင်ခြည် စာကြည့်တိုက်၊ မေတ္တာရောင်ခြည် ကွင်းဆင်းကုသရေးများကို မကြာမီ ဆောင်ရွက်ရန် မျှော်မှန်းပြီး မေတ္တာရောင်ခြည် ဘိုးဘွားရိပ်သာကို တည်ထောင်ရန် ရည်မှန်းထားခြင်း

တို့ ဖြစ်ပါသည်။


အရှင်သာသနသည် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်ပြီး...

ဗုဒ္ဓေါ (*ပုတီးတစ်လုံးချ*)၊

ဓမ္မော (*ပုတီးတစ်လုံးချ*)၊

သံဃော (*ပုတီးတစ်လုံးချ*)

သော နည်းအားဖြင့် ပုတီးစိပ်ပါသည်။




လက္ခဏာတော် လေ့လာချက်

◆ **တနင်္ဂနွေဂြိုဟ်ခုံ အလွန်အားကောင်းပါတယ်။ မျဉ်းမတ်များ၊ အောင်မြင်ရေး လမ်းကြောင်းများ တွေ့ရပါတယ်။ (A)** ဒါကတော့ အောင်မြင်မှုသရဖူ

www.burmeseclassic.com

ဆောင်းပြီး ထင်ရှားမှုကို ဖြစ်စေပါတယ်။ အသက် (၃၇)နှစ်တွင် အထူးအောင်မြင်ပြီး (၂၈,၂၉)တွင် အခက်အခဲပြဿနာ ကြုံခဲ့ရတတ်ပါတယ်။

- **စနေဂြိုဟ်ခုံတွင် သစ်ပင်သင်္ကေတ, ညောင်ရွက်သင်္ကေတများ တွေ့ရတယ်။ စနေဂြိုဟ်ခုံကို အားကောင်းစေပါတယ်။ (B)**

ဒါကြောင့်လဲ ဘာသာ,သာသနာအတွက် စွန့်လွှတ်လှူဒါန်း ကြိုးပမ်းဆောင်ရွက်နေရခြင်းပါပဲ။

- **ကြာသပတေးဂြိုဟ်ခုံတွင် မျဉ်းမတ်များကြောင့် ဂြိုဟ်ခုံ အားကောင်းစေပါမယ်။ (C)**

ဒါကတော့ ရည်ရွယ်ထားသမျှတွေ ပြီးမြောက်စေခြင်း၊ အထက်တန်းကျကျ နေထိုင်ရခြင်းနဲ့ ပရဟိတလုပ်ငန်းများ အောင်မြင်မှုရမယ့် အမှတ်သင်္ကေတပါ။ ကံအခွင့်အလမ်းကောင်းများ ကြုံပါမယ်။ အသက် (၂၁၊ ၃၀၊ ၄၂၊ ၄၈) နှစ်များတွင် ထူးခြားမှုများ ကြုံတွေ့ပါမယ်။

- **(D)အမှတ်အသားပြု လမ်းကြောင်းကြောင့်** ဆီးဝေဒနာ၊ ကျောက်ကပ်ဝေဒနာ ဖြစ်ပေါ်တတ်ပါတယ်။


- **လက်သန်းရှည်ပြီး အတွင်းဘက် ယိုင်နေပါတယ်။ (E)**

ဒါကတော့ အနေအေးခြင်းနဲ့ ဉာဏ်အမြော်အမြင် ကြီးခြင်းရဲ့ ပြယုဂ်ပါပဲ။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

# အာယုဝဍ္ဎနဆေး



စာရေးသူတို့ ကိုးကွယ်သော ဆရာတော်ကြီးသည် သက်တော်(၈၀) ကျော်သော်လည်း လွန်စွာကျန်းမာ၏။ ဆရာတော် ဖျားတာနာတာ မကြားဖူး သလောက်ပါပဲ။ တပည့် ဒါယကာ၊ ဒါယိကာမတို့ကို တရားဟောခြင်းဖြင့်သာ အချိန်ကုန်၏။

တစ်နေ့ ကျောင်းဝင်းအတွင်း ဆွမ်းစားကျောင်းဆောင်သစ် ဆောက်လုပ်ရာ စာရေးသူတို့ကလည်း တစ်တပ်တစ်အား ပါဝင်ကူညီပေးရင်း ကျောင်းသို့ နေ့စဉ်ရောက်၏။

ဆရာတော်ကြီး ကိုယ်တိုင်လည်း ကြပ်မတ်၍ ကြည့်ရှုတော်မူရာစာရေးသူက...

'ဆရာတော်ဘုရား တပည့်တော်မတို့ ဆရာတော်ဘုရား ဖျားတာနာတာကို မကြားဘူး သလောက်ပါပဲဘုရား။ တပည့်တော်မဖြင့် တစ်မျိုးပြီးတစ်မျိုး ရောဂါတွေက စုံတယ် ဘုရား။ ဆရာတော် ဆေးဝါးများကော မှီဝဲ သုံးဆောင်ပါသလား ဘုရား'

လို့ မေးလျှောက်ရာ ဆရာတော်ကြီးက မိန့်ကြားတော်မူသည်မှာ...

'ဟိုရှေးက ဆရာတော် ဦးကုဏ္ဍလဟာ ဆေးဆရာကြီးတစ်ပါးပဲ။ သူ့ဆေးတွေဟာလဲ စွမ်းတယ်။ တန်ဖိုးရှိတယ်။ ဘုန်းကြီးရဲ့ဆရာတော်လဲ သူ့ဆေးကို ဖော်စားလို့ အသက်ရာကျော် နေသွားရတယ်။ အဲဒီဆေးပဲ ကျုပ်လဲ ပြန်ဖော်စားတာ။

ဆေးနည်းက မြင်းခွာရွက်အစို (၁၅)ကျပ်သားကို ခြောက်အောင်လှန်း၊ ဇရုတ်ကောင်းက (၄)ကျပ်သား၊ ပိတ်ချင်း (၂)ကျပ်သား သုံးမျိုးရောပြီး အမှုန့်ပြု၊ ဆေးမှုန့်တွေကို ပျားရည်နဲ့ ထောပြီး အိပ်ရာဝင်ခါနီး ဇီး(ဆီး)ကင်းခန့် နေ့စဉ်မှန်မှန် စားတာပါပဲ။

ဒါကြောင့် ကျန်းမာတယ်။ အသားအရေ စိုပြည်တယ်။ ဒီဆေးကတော့ အာယုဝဍ္ဎနဆေးပဲ။ တစ်သက်လုံး စားနိုင်ရင်တော့ အကောင်းဆုံးပဲ။

အားအင်နည်းတဲ့ လူတွေတောင် (၂)လလောက်စားရင် ကျန်းမာဝဖြိုးလာတယ်။ ဆရာတော်လဲ ဒီဆေးကို အမြဲမှီဝဲလို့ ကျန်းမာတာ။

ဆေးက ဖော်ရတာလွယ်တယ်။ ကုန်ရင်း ဖော်စားရင်းပဲ၊ ဆေးကိုပုလင်းသန့်သန့်နဲ့ လေလုံအောင် ထားရတယ်။ ကျန်းမာချင်ရင် စားကြည့်'

လို့ ဆရာတော်က မိန့်ကြားပါတယ်။

ဆရာတော်ပြောသော ဆေးကို စာရေးသူလဲ ဖော်စားနေပါပြီ။ ဆရာတော်ကဲ့သို့ ကျန်းမာလိုချင်သူတိုင်း ဖော်စားနိုင်ရန် ရေးသားတင်ပြအပ်ပါတယ်။

**သီရိ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင် ၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀



**အမောပြေ၊ လန်းဆန်း၊ ကျန်းမာဖို့**

**သားမင်း** (အမှတ်တံဆိပ်)

**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ၇–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ၇–လွှာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

"ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ပါ"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ၇–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရှုံးသွားရှုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန်သောက်ရတဲ့ ၇–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဗ္ဗသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေအားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ်လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ... နှစ်ခြိုက်စွာ အိပ်မပျော်သူများ၊ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအား၊ သွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ်သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ်ပေးပါရဲ့ ဘရဏီရယ်..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဌာန(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၁၃၆၄, ၀၉ ၅၀ ၉၇၉၇၃



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်ကိုယ်တိုင် မျှးတွေ့ မျှးသော ရဟန်းထူး ရဟန်းမြတ်များ (၂)

ဖိုးမြင့်
(ဆောက်လုပ်ရေးအင်ဂျင်နီယာ/ငြိမ်း)

## ယခင်လမှအဆက်

ဓာတ်မှန်ဖြင့် ရိုက်လျှင်သော်မှ အပိုင်းလိုက် ရိုက်ကူးရမည်ဖြစ်ပြီး သင်္ကန်းပေါ်တွင် တစ်ဆက် တစ်စပ်တည်း ပေါ်နေသည်မှာ အံ့ဩဘနန်းဆန်းပြားလှစွာသော ဖြစ်ပေါ်မှုတစ်ခု ဖြစ်ပါသည်။

ဆရာတော်ကြီး၏ အန္တိမစျာပနပွဲ ကျင်းပပြီးနောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်မှန်ခေါင်းအား သုံးခန်းပါလည် အုတ်တိုက် အဆောက်အအုံ ဆောက်လုပ်ကာ ထားရှိ ပူဇော်ကြပါသည်။

ထိုအဆောက်အအုံမှာ ယာယီအားဖြင့် သက်ငယ်မိုးထားပါသည်။ နာယကဆရာတော်များနှင့် ရပ်မိရပ်ဖဒကာများမှ သက်ငယ်မိုးအစား သံကူကွန်ကရစ်အမိုးပြုလုပ်ပြီး အပေါ်မှ စေတီငယ်တစ်ဆူ တည်ထားကိုးကွယ်လိုသော ဆန္ဒအရ ကျွန်တော် ဦးဆောင်သော ဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ လုပ်သားများက သံကူကွန်ကရစ်အမိုး လောင်းပေးခဲ့ရပါသည်။

ဤလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကျွန်တော်သည် ဆရာတော်ကြီး၏ ရုပ်ကလာပ်အား နေ့စဉ် အနီးကပ် ဖူးတွေ့နေရပါသည်။ ထိုစဉ်က ရုပ်ကလာပ်အား ရွှေချခြင်း မပြုလုပ်ရသေးချေ။ ကျွန်တော်သည် ဆရာတော်ကြီး



ကျောက်ရှုရှင် ဝေသုဒ္ဓီ ဆရာတော်ကြီး

ပျံလွန်တော်မူစဉ်က ဗိုက်ခွဲပြီး ကလီစာများ ထုတ်ထားခြင်း ရှိ၊ မရှိ စူးစမ်းလိုသောစိတ်များ ဖြစ်ပေါ်လာ၍ သင်္ကန်းတော်အား လှပ်ကြည့်သောအခါ ချပ်ကပ်နေသော အရေပြားဗိုက်သားပြင်အောက်ဝယ် အသည်းနေရာနှင့် အူအခွေများကို ပုံစံတကျ မပျက်စီးဘဲ ဖူးမြင်ရပါသည်။ နားထင်ရှိ အကြော

www.burmeseclassic.com

များ၊ လက်ခုံပေါ်မှ အကြောများမှာ အသက်ရှိစဉ်က ပုံစံအတိုင်း ခပ်ဖောင်းဖောင်းဖြစ်နေပြီး သွေးမရှိ၍ ပိန်ကပ်သွားခြင်းမရှိပါ။ မျက်လုံးတော်များကလည်း ဟောက်ပက်ဖြစ်မသွားဘဲ ကျိန်းစက်နေသည့် ပုံသဏ္ဌာန်အတိုင်း ဖြစ်နေပါသည်။

ထို့အပြင် အနံ့အသက်လည်း မထွက်ပါပေ။ ထိုအချိန်ကဆိုလျှင် ဖန်းမောက်မြို့နယ်တွင် မြို့ပေါ်၌သာ (၁၆)ခုတင်ဆံ့ ဆေးရုံငယ်တစ်ခုရှိပြီး မြို့နယ်ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမ(၂)ဦး၊ ယောက်ျားသူနာပြု (၁) ဦးသာ ရှိပါသည်။

ဆေးဝါးများလည်း ပြည့်စုံမှုမရှိသေး၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်အား မပုပ်နိုင်သော (Formalin)ဆေးလည်း ယင်းမြို့နယ်တွင် မရှိနိုင်ပါ။ လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်းသေး၍ အချိန်မီ ထိုးနိုင်ရန် မဖြစ်နိုင်ပါ။

ဤကဲ့သို့ ခွဲစိတ်ပြုပြင်ခြင်း၊ ဆေးဝါးအသုံးပြုခြင်း မရှိဘဲ ဆရာတော်ကြီး၏ ရုပ်ကလာပ် မပုပ်မသိုးရခြင်းသည် ဆရာတော်ကြီး၏ ပညာ၊ သီလ၊ စာဂ၊ ဝီရိယ၊ ပဋိပတ် စသည့် ထူးမြတ်သည့် ဂုဏ်တော်များကြောင့်သာ ထူးခြားစွာ ဖြစ်ပေါ်ရခြင်း ဖြစ်ပေသည်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီး ခြောက်နှစ်ခန့်အကြာတွင်လည်း ထူးဆန်းသောဖြစ်ရပ်တစ်ခုကို ထပ်မံ ကြုံရပြန်ခဲ့ပါသည်။

၁၉၈၄ ခုနှစ်အချိန်က ကျွန်တော်၏ နေအိမ်ဘုရားစင်တွင် ပူဇော်ထားသော ဆရာတော်ကြီး၏ ဆံတော်နှင့် ရေထည့်ထားသော ပုလင်းငယ်တွင် မှုန်ညင်းစေ့အရွယ် ဝင်းလက်နေသော အလုံးငယ်ကလေးများ တစ်ရာခန့် ဖြစ်ပေါ်ခဲ့ပါသည်။

ထို အလုံးငယ်ကလေးများသည် ရေပူဖောင်းများ မဟုတ်ပါပေ။ ပုလင်းကို လှုပ်သော်လည်း ပျောက်မသွားပေ။ အရောင်သည် ယခုခေတ်(Steel) အရောင်ကဲ့သို့ ဝင်းလက် တောက်ပနေပါသည်။ (၂)ရက်ခန့် ဖြစ်ပေါ်ပြီး ပြန်လည် ပျောက်ကွယ်သွားပါသည်။ နောက်တစ်ကြိမ် ထပ်မံဖြစ်ပေါ်မှု မတွေ့ရတော့ချေ။

ကျွန်တော်တို့မိသားစုလည်း ယင်းဆံတော်ပုလင်းငယ်အား နေအိမ်တွင် ထားရန်မသင့်ဟု ယူဆကာ ဘုရားတစ်ဆူပြုပြင်ရာတွင် ထည့်သွင်း ဌာပနာ ပူဇော်ခဲ့ပါသည်။

အထက်ပါ ဆရာတော်ကြီး၏ ထူးမြတ် ထူးခြားစွာသော ဖြစ်ရပ်များမှာ ကျွန်တော်ကိုယ်တိုင် တွေ့မြင် သိရှိခဲ့ရသော ဖြစ်ရပ်မှန်များသာ ဖြစ်ပြီး ချဲ့ထွင်ရေးသား ဖော်ပြခြင်းများ မပါဝင်ပါ။

ဆရာတော်ကြီး၏ ထူးခြားလှစွာသော ဂုဏ်အင်များကို နောင်အစဉ်အဆက် သိရှိနိုင်စေရန် ရည်ရွယ်၍ ရေးသား ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီး၏ "ဘဝဖြစ်စဉ်" နှင့် ပဆ်သက်၍ ရုပ်နီးရုပ်ဝေး မသိကြသေးသူများ၊ သိရှိကြပြီး ကြည်ညိုသဒ္ဒါ ဖြစ်ကြစေသောငှာ သာဓုကိဠ်နစျာပနသဘင် ဆင်ယင်ရေးအဖွဲ့ နာယကဆရာတော်များ ကြီးမှူးပြုစု ရေးသားထားသော "ဝေသုခီ ထေရုပ္ပတ္တိသင်္ခေပကထာနှင့် အဘိတ္တဝဝန္ဒနာ ဂါထာဂီတိများ" စာအုပ်မှ ထုတ်နုတ်၍ အကျဉ်းချုပ်အားဖြင့် တင်ပြအပ်ပါသည်။

ဆရာတော်လောင်းလျာကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဖန်းမောက်မြို့တွင် မံစီကြီးတိုက်၊ မကျီးကုန်းကျေးရွာတွင် ၁၂၅၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၅)ရက်၊ တနင်္လာနေ့တွင် အဘ ကျောင်းဒကာကြီး ဦးလိပ်စု၊ အမိ ဒေါ်မင်းနေတို့မှ ဖွားမြင်ခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ်၊ တပို့တွဲလဆန်း (၁၃)ရက်၊ အင်္ဂါနေ့တွင် မံစီတိုက်နယ်၊ မံပိန်း ဆရာတော်ကြီး ဦးနန္ဒိသာရထံတွင် ရှင်သာမဏေ ပြုခဲ့ပါသည်။ ဆရာတော်လောင်းလျာသည် သာမဏေမဖြစ်မီက မံစီတိုက်နယ်၊ မကျီးကုန်းဆရာတော်ထံတွင် ကျောင်းနေ စာသင်ခဲ့ပါသည်။

ရှင်သာမဏေ ပြုသောအခါ အခြားသော ကျောင်းနေ စာသင်သားတို့ထက် ဉာဏ်ရည်ထက်မြက်မှုကြောင့် ဥပဇ္ဈာယ်ဆရာတော်တို့မှ ဘွဲ့တော်အမည်ကို "ရှင်ကဝိန္ဒ"ဟု မှည့်ခေါ်ခဲ့ကြလေသည်။ ထို့နောက် မံစီ – မံလောင်းတိုက်နယ် (၂)ခုတို့၏ ဂိုဏ်းချုပ် ဖြစ်တော်မူသော နောင်ပတ်ရွာ ဆရာတော်ကြီး ဦးနေမိန္ဒထံတော်တွင် ပရိယတ်စာပေများ ပညာများကို ဆက်လက်သင်ကြားတော်မူခဲ့ပေသည်။


၁၂၇၂ ခုနှစ်တွင် ဝေသုခီ ဆရာတော်ကြီး (ဦးတေဇော)ကို ဥပဇ္ဈာယ်ပြုကာ (နမ်းခမ်းကျောင်း၊ နဒီသိမ်)၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံတော်မူလျက် ပထမအကြိမ် ရဟန်းပြုတော်မူခဲ့ပါသည်။

တစ်ဖန် ၁၂၇၃ ခုနှစ်၊ ကဆုန်လဆန်း (၁၁)ရက်နေ့ ရောက်သောအခါ ဝေသုခီ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ မံစီကျေးရွာနေ ဟိန္ဒူအိန္ဒိယလူမျိုး (ဦးမိကျန် + ဒေါ်မယ်ညွန့်)တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပေပင်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



▲ ဆရာတော်ကြီး၏ မပုပ်မသိုးသော ရုပ်ကလာပ်တော်

နဒီသိမ်၌ ဒုတိယအကြိမ် ကံထပ်တော်မူခဲ့ပါသည်။

ရဟန်းဘဝ၌လည်း ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများထံ၌ ပရိယတ်၊ ပဋိပတ် နည်းနာစရပ်ကို လက်ထပ် သင်ယူခဲ့ပါသည်။ သက်တော် (၃၂)နှစ်အရွယ် မြန်မာသက္ကရာဇ် ၁၂၈၅ ခုနှစ်တွင် ဥပဇ္ဈာယ် ဝေသုခီ ဆရာတော်ကြီး ပျံလွန်တော်မူသွားသဖြင့် ဝေသုခီရွာ ဒကာများ၏ ပင့်လျှောက်တောင်းပန်ချက်အရ ဝေသုခီ ရွာကျောင်းတွင် ကျောင်းထိုင်အဖြစ် သီတင်းသုံးကာ ပရိယတ်၊ ပဋိပတ်များကို သင်ကြား ပို့ချတော်မူခဲ့သည်။

ဤသို့ ကျောင်းထိုင်ဆရာတော်အဖြစ် (၁၉)နှစ်တိုင်တိုင် သာသနာပြုတော်မူခဲ့ပြီး **မြန်မာသက္ကရာဇ် ၁၃၀၄ ခုနှစ်၊ ဝါဆိုဦးတွင် ဆရာတော်ကြီးသည် မည်သူ့ကိုမျှ အသိမပေးဘဲ ကျောင်းကို စွန့်ခွာ၍ ကိုယ်တော်မြတ်တစ်ပါးတည်း တောဝင်သွားကာ သစ်ပင်ဝါးပင်များအောက်တွင် သီတင်းသီလ ဆောက်တည်လျက် ပဋိပတ် မြတ်တရားကို စတင်အားထုတ်ခဲ့ပါသည်။** ဆရာတော်ကြီးသည်...

(၁) ၁၃၀၄ ခုနှစ်၊ ရွာနှင့် နှစ်ဖာလုံခန့်ဝေးသည့် "ရေရှင်ကုန်း"၌ (၁)ဝါ၊

(၂) ၁၃၀၅ ခုနှစ်၊ ရွာနှင့် လေးဖာလုံခန့်ဝေးသည့် "ရေရှင်ကုန်း"အနီး၌ (၁)ဝါ၊

(၃) ၁၃၀၆-၀၇ ခုနှစ်၊ "ပန်းတိမ်ကုန်းလေး" တောင်၌ (၂)ဝါ၊

(၄) ၁၃၀၈-၀၉ ခုနှစ်၊ "ပန်းတိမ်ကုန်းကြီး" တောင်၌ (၂)ဝါ၊

(၅) ၁၃၁၀-၁၁ ခုနှစ်၊ "ငွေ့ကုန်း" တောင်၌ (၂)ဝါ၊

(၆) ၁၃၁၂-၂၉ ခုနှစ်၊ "ပန်းတိမ်ကုန်းကြီး" တောင်၌ (၁၇)ဝါ၊

စုစုပေါင်း (၂၅)ဝါဟူ၍ ခြောက်ဌာနတွင် (၂၅)ဝါ (သို့မဟုတ်) (၂၅)နှစ် အကြာဖြင့် ကျင့်ကြံ အားထုတ်ခဲ့ပါသည်။

၁၃၂၉ ခုနှစ်တွင် တိုင်းရေးပြည်ရေး အခြေအနေအရလည်းကောင်း၊ သက်တော် (၇၆)နှစ် ရှိပြီဖြစ်သော ဆရာတော်ကြီး၏ အရွယ် ကြီးမြင့်လာသောကြောင့်လည်းကောင်း၊ ရွာသူရွာသားများက ဝေသုခီရွာကျောင်းသို့ ပြန်လည်သီတင်းသုံးရန် အကြိမ်ကြိမ် လျှောက်ထားချက်အရ ၁၃၂၉ ခုနှစ်၊ တပို့တွဲ လပြည့်နေ့မှစ၍ ရွာကျောင်းတွင် ပြန်လည် သီတင်းသုံးတော်မူခဲ့ပါသည်။

**(မှတ်ချက်။ ။ ထိုအချိန်က ဗန်းမောက်မြို့နယ်အတွင်း တပ်မတော်နှင့် ပြည်သူ့စစ်များမှ နယ်မြေရှင်းလင်းရေးကိစ္စများ ဆောင်ရွက်နေသောအချိန် ဖြစ်ပါသည်။ ယင်း**

www.burmeseclassic.com

ကိစ္စများ ပြီးသောအခါ ဗဟိုရုပ်ရှင်မှ ရိုက်ကူးထားသော "ဂဏန်းအောင်ပွဲ" အထိမ်းအမှတ်သတင်း ရုပ်ရှင်ကားအား နယ်လှည့် ပြသခဲ့ပါသည်။)

ဤသို့ဖြင့် ဆရာတော်ကြီးသည် ဝေသုခီရွာကျောင်းတွင် သီတင်းသုံးနေထိုင်ပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ရဟန်းရှင်လူ ပြည်သူများ၏ ဖူးမြော်ပူဇော်မှုကို ခံယူကာ ကုသိုလ်တရား တိုးပွားလာအောင် ချီးမြှောက်တော်မူခဲ့ပါသည်။

အများအားဖြင့် ဆရာတော်သည် ဒကာ, ဒကာမများကို ငါးပါးသီလနှင့် ကန်တော့တရားမျှသာ ဟော၍ ပြန်ကြရန် တိုက်တွန်းလေ့ရှိ၏။ ရှေးက သိပြီးသော ဒကာ, ကာမများနှင့် ဆရာတော်၏ ဆွေမျိုးများအပေါ်၌လည်း စွဲလမ်းမှုထားတော်မမူ၊ မသိဘူးသော ဒကာ, ဒကာမများနှင့် ထပ်တူမခြား ဆက်ဆံတော်မူ၏။

လှူဒါန်းကြသော ပစ္စည်းများကိုလည်း စုံမက်နှစ်သက်မှု မရှိပါ။ သိမ်းဆည်းလေ့မရှိ၊ တော်ရာနေရာမှာ ချထားစေ၏။ ကြုံလာသော ရဟန်းတော်များအား စွန့်ကြဲတော်မူတတ်၏။ လိုချင်သူများ ယူသွားကလည်း ဘာမျှ မပြောပေ။ ပကတိ နေမြဲအတိုင်း နေတော်မူ၏။

မိမိကြွလိုသော ခရီး ရှိပါကလည်း မိမိပရိက္ခရာမျှသာ ယူဆောင်ခဲ့ပြီး ငဲ့ကွက်မှုမရှိဘဲ ကြွတော်မူလေ့ရှိသည်။ ဒကာများ ဆွမ်းပို့သွားစဉ်မှာလည်း တစ်ခါတစ်ရံ ဆရာတော်ကို မတွေ့ရဘဲ ကျောင်းပေါ်မှာသာ ထားခဲ့ရတတ်၏။

ဒကာအချို့ ညအိပ်ညနေ နေခဲ့လျှင် ညအခါ မီးရှူးမီးတိုင် ထွန်းညှိခြင်းလုံးဝ ခွင့်ပြုတော်မမူ။ **သို့သော် အချို့**သော ဒကာများ ပြောပြချက်အရ ကျောင်း၌ အလင်းရောင်တစ်မျိုး တွေ့မြင်ရတတ်ပြီး အမွှေးနံ့သာတစ်မျိုးကို ရှူရှိုက်တတ်ရကြောင်း သိရသည်။

ဆရာတော်ကြီးသည် မိုးထဲရေထဲ သွားလျှင် လူရော သင်္ကန်းပါ ရေစိုစွတ်မှု မတွေ့ရကြောင်းနှင့် ညအချိန်တွင် အနီးအနား ရွာများဝယ် တစပြင် (ရွာပြင်)ထုတ်ထားသော အလောင်းစင်အနား၌လည်းကောင်း၊ သုသာန်များတွင်လည်းကောင်း၊ တရားဘာဝနာအားထုတ်နေသည်ကို တွေ့ရတတ်ကြောင်း၊ ရဟန်းရှင်လူ လေ့လာ အကဲခတ်သူများက မှတ်သား ပြောကြားခဲ့ဖူးကြောင်း ကြားသိရပါသည်။

တစ်ခါတစ်ရံ ဆရာတော်ကြီးဘေးဝယ် သူငယ်တစ်ယောက် ဝတ်ပြုနေသည်ကို အဝေးမှ မြင်ရပြီး အနီးရောက်လျှင် မတွေ့ရတတ်ကြောင်း သိရပါသည်။ ဆရာတော်ကြီး ကျိန်းစက်(အိပ်စက်)နေသည့်ကို တစ်ခါမျှ မည်သူ တစ်ဦးတစ်ယောက်မျှ မမြင်ဘူးကြပေ။

ဆရာတော်ကြီးသည် အပ္ပိစ္ဆတာဂုဏ်အထူးနှင့် ပြည့်စုံသော ရဟန်းထူးရဟန်းမြတ်တစ်ပါး ဖြစ်ပါသည်။

**အပ္ပိစ္ဆတာဂုဏ် ဆိုသည်မှာ...**

(၁)**ပစ္စယအပ္ပိစ္ဆတာ**၊ ပစ္စည်းလေးပါးကို တပ်မက်လိုခြင်းမှုမရှိခြင်း။

(၂)**ဓုတင်္ဂအပ္ပိစ္ဆတာ**၊ မိမိ၏ ဓုတင်အကျင့်ကို လူမသိစေလိုမှု။

(၃)**ပရိယတ္တိအပ္ပိစ္ဆတာ**၊ မိမိ စာတတ်ကျွမ်းကျင်သည်ကို လူမသိစေလိုမှု။

(၄)**အဓိဂမအပ္ပိစ္ဆတာ**၊ မိမိ ရရှိထားသော ဈာန်မဂ်ဖိုလ် တရားထူးကို လူမသိစေလိုမှု။

ဟူ၍ လေးပါးရှိပြီး ယင်းဂုဏ်အစုံနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို "**အပ္ပိစ္ဆဂုဏ်ရှင်**"ဟု သာသနာဝင်၌ မှတ်တမ်းတင်ကာ ဂုဏ်ပြု ချီးကျူးကြပေသည်။

ထို့ကြောင့် ဝေသုခီဆရာတော်ကြီးကိုလည်း "အပ္ပိစ္ဆဂုဏ်ရှင်"အဖြစ် သာသနာဝင်၌ မှတ်တမ်းတင်သင့်ပေသည်။

ဆရာတော်သည် ကာရိယာပုတ် အပြောင်းအလွဲ အလွန် လျင်မြန်၏။ ကပ္ပိယ၊ ကျောင်းသား၊ ကိုရင်၊ ဦးပဉ္စင်းစသော တပည့်ဒကာတို့ လုံးဝ အဖော်ထားတော်မမူဘဲ ပဋိပတ် မြတ်တရားကို အမြဲတမ်း ကျင့်ကြံပွားများ နေထိုင်သော ရဟန်းထူးတစ်ပါး ဖြစ်ပါသည်။

ဤသို့ ဝရဂုဏ္ဍပေတော – နှစ်ရှည်လများ ကျင့်ပွားအားထုတ်၊ ဆည်းပူးအပ်ထုံ အမြတ်ဂုဏ်နှင့် ပြည့်စုံတော်မူထသော "ဇေကရိစာရီ အရှည်ဝါသီ ဝေသုခီမဟာထေရ်" ဆရာတော်ကြီးသည် သက်တော် (၈၃)နှစ် အရွယ်၊ ၁၃၃၉ ခုနှစ်၊ တပို့တွဲလဆန်း (၆)ရက်၊ တနင်္လာနေ့ ညနေ (၆)နာရီ (၄၅) မိနစ်အချိန်တွင် သင်္ခါရဓမ္မတာ မလွန်သာ၍ ခန္ဓာဖြတ်ငြိမ်း၊ ဘဝဇာတ် သိမ်းတော်မူခဲ့ပါသည်။

ရုပ်ကလာပ်တော်ကို ၁၃၃၉ ခုနှစ်၊ တပို့တွဲလဆန်း (၆)ရက်နေ့မှ တပို့တွဲလပြည့်ကျော် (၄)ရက်နေ့အထိ (၁၃) ရက်ပတ်လုံး ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော ဝေသုခီကျောင်းပေါ်၌ ထားရှိ ပူဇော်ခဲ့ပါသည်။

ဗန်းမောက်မြို့နယ်၊ သရက်ကုန်းကျေးရွာ၊ ဒကာ ဦးသာပြည့် + ဒေါ်အေးစံ သားသမီး မြေးတစ်စုတို့က လှူဒါန်းသော အောက်ခံရွှေလွှန်ခုံ၊ နဂါးရုပ်တို့ဖြင့် အဆန်းကြယ် ခြယ်လှယ်အပ်သော ရွှေခေါင်းအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ကလာပ်တော်ကို ထည့်သွင်းပြီး အပို့တွဲလပြည့်ကျော် (၁၄)ရက်နေ့၊ နေ့လယ် (၁) နာရီအချိန်တွင် ယာယီ စံကျောင်းပေါ်သို့ ရွှေ့ပြောင်း ပူဇော်ကြပါသည်။

ဤကဲ့သို့ ရွှေ့ပြောင်းကြသောအခါ ဆရာတော်ကြီး၏ ရုပ်ကလာပ်သည် (၁) ပုံတော် ပျက်ယွင်းပုပ်သိုးခြင်းမရှိ ပကတိ အနေအထားအတိုင်း ရှိခြင်း။ (၂) ဆရာတော်ကြီး၏ ရုပ်ကလာပ်အောက် ခင်းထားသော သင်္ကန်းတော်တွင် အရိုးစု အရိပ်ပုံ ထင်ဟပ်လာခြင်း စသည့် ထူးခြားချက်များကို သတိထားမိကြပြီး ရှင်လူအများသည် လေးစားကြည်ညို၍ သဒ္ဒါစိတ်များ ပိုမို တိုးပွားလာခဲ့သောကြောင့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား မန်လည်၊ ရွှန်းလွန်း ဆရာတော်ကြီးများ ရုပ်ကလာပ်များကဲ့သို့ အမြဲ ပူဇော်ခွင့်ရအောင် စီစဉ်ပေးပါရန် နာယက ဆရာတော်ကြီးများအား လျှောက်ထားကြပါသည်။

မန်လောင်ဂိုဏ်း အုပ်ပေပင် ဆရာတော်၊ ဗန်းမောက်မြို့မကျောင်း ဆရာတော်၊ မန်ခါး၊ မန်လူ၊ နားပင် ဆရာတော် စသည့် သာစုကိဋ္ဌန ဈာပနကော်မတီမှ နာယက ဆရာတော်ကြီးများသည် ပရိနိဗ္ဗာန သုတ်တော်လာနှင့်အညီ...

(၁)တထာဂတော သမ္မာသမ္ဗုဒ္ဓေါ ထူပါရဟော (အရဟံဂုဏ်တော်ရှင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်အား စေတီတည်ထိုက်၏။)

(၂)ပစ္စေကသမ္ဗုဒ္ဓေါ ထူပါရဟော (ပစ္စေကဗုဒ္ဓါသည် စေတီ တည်ထိုက်၏။)

(၃)တထာဂတဿသာဝကော ထူပါရဟော (မြတ်စွာဘုရား၏ သာဝက (အရိယာ)သည် စေတီတည်ထိုက်၏။)

(၄)ရာဇစက္ကဝတ္တိထူပါရဟော (စကြာဝတေးမင်းသည် စေတီ တည်ထိုက်၏။)

စသည့် စေတီတည်ထိုက်သော ပုဂ္ဂိုလ်(၄)မျိုးအနက် အမှတ်စဉ် (၃) နှင့် ကိုက်ညီမှုမရှိကြောင်း၊ အရိယာအစစ်ဟု ကေန် မပြောနိုင်သော်လည်း အရိယာတမျှ အကျင့်အာစရ ထူးကဲတော်မူသော ရဟန်းထူး၊ ရဟန်းမြတ်တစ်ပါးဖြစ်၍ ဆရာတော်ကြီး၏ ဥတုဇမာတ်၊ ရုပ်ကလာပ်ကိုရှင်လူအပေါင်းတို့ ကာလကြာညောင်းစွာ သဒ္ဒါကော်ရော်ဖူးမြော်ပူဇော်နိုင်ကြရန် စေတီတော်ပုံပါသော အုတ်တိုက်၊ စံကျောင်းတစ်ခု တည်ဆောက်ပြီး ရုပ်ကလာပ်တော်အား မှန်ခေါင်းဖြင့် ထည့်သွင်း ပူဇော်ထားရန် ညှိနှိုင်းတိုင်ပင် ဆုံးဖြတ်ခဲ့ကြ



▲ ဆရာတော်ကြီး၏ သင်္ကန်းတော်တွင် ထင်နေသော အရိုးရုပ်သဏ္ဍာန်ကို ဖူးတွေ့ရစဉ်

www.burmeseclassic.com

ပါသည်။

မှန်ခေါင်းတော်ကို ဖန်းမောက်မြို့နယ်မှ ရဟန်းဒါယကာ ဦးဘငြိမ်း + ဒေါ်တင်ပုတို့ မိသားစုမှ လှူဒါန်းခဲ့ပြီး ၁၃၄၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော်မှ စတင်၍ ဖန်းမောက်မြို့မှ (၂၅)မိုင်ခန့် ဝေးကွာသော ဝေသုခီကျောင်း အရောက် ပခုံးထမ်း လမ်းလျှောက်ပြီး တစ်ရွာဝင် တစ်ရွာထွက် အတီးအမှုတ် အကအခုန် အကျွေးအမွေး စုံလင်စွာဖြင့် ဝမ်းမြောက်ဝမ်းသာ တက်ကြွစွာ ပါဝင် ပို့ဆောင်ပေးခဲ့ကြပါသည်။

၁၃၄၀ ပြည့်နှစ်၊ ကဆုန်လပြည့်နေ့ (ဗုဒ္ဓဟူး)နေ့တွင် ရွှေခေါင်းမှ မှန်ခေါင်းတော်သို့ ပြောင်းရွှေ့ ပူဇော်ကြပြီး စံကျောင်းတော်ကိုလည်း ထိုနေ့မှာပင် ပန္နက်ချပြီး စတင် ဆောက်လုပ်ခဲ့ပါသည်။

ဖန်းမောက်မြို့နယ်သူ၊ မြို့နယ်သားများသည် အလှူအတန်းပွဲများ ပြုလုပ်သောအခါ စပါးပေါ်၊ ငွေပေါ်လာသည့် အချိန်မှ လုပ်ကြလေ့ ရှိပါသည်။

ထို့ကြောင့်ပင် ၁၃၃၉ ခုနှစ်၊ တပို့တွဲလဆန်း (၆)ရက်နေ့ ပျံလွန်တော်မူခဲ့သော ရဟန်းထူး၊ ရဟန်းမြတ် ဝေသုခီဆရာတော်ကြီး၏ သာဓုကီဠန ဈာပနသဘင်ကိုလည်း ငွေရေးကြေးရေး ပြည့်စုံသော ၁၃၄၀ ပြည့်နှစ် တပေါင်းလဆန်း (၈)ရက်ရောက်မှ စတင် ကျင်းပခဲ့ကြပါသည်။ ပျံလွန်တော်မူချိန်နှင့် (၁)နှစ်၊ (၁)လခန့် ကွာခြားပါသည်။

ပွဲတော်ရက်ကို (၇)ရက် သတ်မှတ်ပြီး တပေါင်းလဆန်း (၁၅)ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ ဆရာတော်ကြီး စံကျောင်းတော်မှာ အန္တိမဈာပနသဘင် ကျင်းပချိန်တွင် နံ့ရုံများ အုတ်စီပြီး သက္ကယ်မိုးထားကာ ရုပ်ကလာပ်တော်အား မှန်ခေါင်းနှင့် ထည့်သွင်း ပူဇော်ခံထားပါသည်။

ပွဲတော်ပြီးမှ အမိုးအား သံကူကွန်ကရစ်ကြမ်းခင်း ပြုလုပ်၍ ယင်းအပေါ်တွင် စေတီငယ်များ တည်ထားခဲ့ကြပါသည်။ ထိုအချိန်က ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ရွှေမချရသေးပေ။

ယခုအခါ ဝေသုခီရွာတစ်ဝိုက်တွင် ရွှေထွက်နေသဖြင့် လာရောက် လုပ်ကိုင်သူများဖြင့် စည်ကားနေသည့်အလျောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ရွှေချလှူသူများ၊ စံကျောင်းတော်ကို မွမ်းမံပြုပြင် လှူဒါန်းသူများနှင့် ဆရာတော်ကြီး သီတင်းသုံးခဲ့သော ကျောင်းကြီးကိုလည်း အသစ် တည်ဆောက် လှူဒါန်းသူများကြောင့် ဝေသုခီရွာ၏ သာသနာ့ နယ်မြေလေးသည် ရွှေရောင်ဝင်းဝါ တင့်တယ်စွာဖြင့် သာသာယာယာ ရှိနေသည့်အပြင် ဆရာတော်ကြီး၏ ရုပ်ကလာပ်အား လာရောက် ဖူးမြော်သူများဖြင့် ထူးထူးခြားခြား တိုးတက် စည်ကားလာသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ကြရပြီ ဖြစ်ပါသည်။

**မျိုးမြင့်**
**(ဆောက်လုပ်ရေးအင်ဂျင်နီယာ/ငြိမ်း)**

**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .**

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

*လေးစားစွာဖြင့် . . .*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com

# ကြက်မ တွန်ခြင်းနှင့်

## ကိုယ်တွေ့ အတွေ့အကြုံ



လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ ဧပြီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၂၁)၊ စာမျက်နှာ(၃၈)တွင် "ကြက်မတွန်ခြင်းနှင့်ပတ်သက်၍ သိသူများမှ ဖြေကြားပေးပါရန်''ဟု မြမြဝင်း(တောင်ငူ)၏ ဆောင်းပါးအား ကျွန်ုပ်ဖတ်ရသဖြင့် ဤစာအား ရေးသားခြင်း ဖြစ်ပေသည်။

လွန်ခဲ့သော (၂)နှစ်ကျော်က ကျွန်ုပ်မွေးထားသော ကြက်မကလေးတွန်ပြီး မကြာမီ ကျွန်ုပ်၏ဇနီး သေဆုံးသွားသည့် တိကျသော အတွေ့အကြုံနှင့်လည်း တိုက်ဆိုင်နေသဖြင့် ဤစာကို ရေးဖြစ်သွားပါသည်။

တွန်သော ကြက်မကလေးသည် ယခုတိုင်ပင် ကျွန်ုပ်မိတ်ဆွေအိမ်၌ ရှိနေပါသေးသည်။ ယခုအခါမှာ မတွန်တော့ပါ။ အမြဲတွန်သည်လည်း မဟုတ်ပါ။

ဤ ကြက်မ,တွန်ခြင်းကြောင့် ကျွန်ုပ်ဇနီး သေသည်ဟုလည်း ကျွန်ုပ် မပြောနိုင်ပါ။ သို့ရာတွင် ကြက်မကလေး အမှန် တွန်သည်။ ကျွန်ုပ်ဇနီးလည်း သူ့ရောဂါနှင့်သူ အမှန်ဆုံးသွားသည်။ ဤကား သစ္စာပါတည်း။

ကြက်မ,တွန်လျှင် မကောင်း လို့ သေတတ်သည်။ တွန်သော ကြက်မအား ပေးပစ်၊ ရောင်းပစ်ရသည်ဟု ရှေးဘိုးဘွားမိဘများစကားကို ကျွန်ုပ်မှတ်သားဖူးသဖြင့်လည်း ကျွန်ုပ်၏ ကြက်မကလေး တွန်ကျူးစကရင်ထိတ်ခဲ့ရဖူးပါသည်။

အဆိုအမိန့်အတိုင်းလည်း ကျွန်ုပ်သည် ယင်းကြက်မကို မိတ်ဆွေတစ်ယောက်ထံ ပေးပစ်ခဲ့ပါသည်။ သူတစ်ပါးအသက်ဖြစ်၍ သတ်မပစ်ခဲ့ပါ။ ဖြစ်စဉ်အကျဉ်းနှင့် ကျွန်ုပ်၏ကိုယ်ပိုင်သဘောထားအား အတိုချုပ်၍ တင်ပြပါမည်။

လွန်ခဲ့သော ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ (၉)ရက်နေ့တွင် ကျွန်ုပ်၏ဇနီးသည် အဆုတ်ရောဝင်သဖြင့် ပုသိမ်ဆေးရုံကြီး၌ ဆေးကုသမှုခံယူရာ ရက်(၂၀)အရတွင် မသက်သာသဖြင့် (၄-၈-၂၀၀၉)၌ ရန်ကုန်ဆေးရုံကြီးသို့ ဆက်လက်တက်ရောက်ခဲ့ရာ အဆုတ်ကင်ဆာဖြစ်ကြောင်း သိရသည်။

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလကုန်ထိ ဆေးကုသမှုခံယူရာ လူကောင်းနှင့် မခြား ကျန်းမာလာ၍ အိမ်သို့ ပြန်လာခွင့်ရပါသည်။

လူမမာ အိမ်သို့ရောက်ပြီး အားလုံးစိတ်ကြည်လင် ငြိမ်းချမ်းနေသောအချိန်တွင် အိမ်၌ မွေးထားသော ကြက်ပြာမကလေးသည် အမြင့်သို့ ပျံတက်လိုက်၊ တောင်ပံခတ်လိုက် မပီကလာတွန်လိုက်ဖြင့် တက်ကြွစွာ နေ့စဉ် တွန်ပါတော့သည်။

ကျွန်ုပ်လည်း သေချာစေရန်အတွက် မိတ်ဆွေများအား ခေါ်ယူပြသ တိုင်ပင်ပါသည်။ စားရန်,ရောင်းရန် မွေးသည်မဟုတ်ဘဲ ဝါသနာပါ၍ အလှမွေးခြင်းသာဖြစ်၍ တစ်ကြောင်း၊ ကြက်ပြာမကလေးမှာ တိုက်ကြက်မျိုးကောင်းခေါင်းဝိုင်းဝိုင်းသေးသေးနှင့် ကြော့ရှင်းသော ကိုယ်နေကိုယ်ထားဖြင့် ချစ်စဖွယ်ဖြစ်နေ၍တစ်ကြောင်း ကျွန်ုပ်မိတ်ဆွေသို့ ပေးပစ်လိုက်ရပါသည်။

သို့သော် ကျွန်ုပ်၏ဇနီးသည် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလထဲတွင် ယခင်ရောဂါပြန်ထ၍ ဆုံးသွားပါတော့သည်။ ကြက်မကြောင့် ဆုံးသည်မဟုတ်ပါ။ **ဆုံးမည်ကိုတော့ အတိတ်နိမိတ်ပြသည်ဟု ကျွန်ုပ်ယူဆပါသည်။**

ကျွန်ုပ်တို့မြို့၏ တစ်ဖက်ကမ်းတွင်လည်း မိသားစုတစ်စု၌ ကြက်မတစ်ကောင် လောလောဆယ် တွန်နေပါသေးသည်။ သို့သော် ထိပေါက်၍ ကောင်းကျိုးချမ်းသာ ဖြစ်ကြောင်း အိမ်ရှင်ကိုယ်တိုင် ပြောလာပါသည်။

သို့ဖြစ်၍ လောက၌ ဆန့်ကျင်ဘက်သဘောတရားသည် ရှိနေပါလား၊ အသင်စာရှုသူကော ဘယ်လို ထင်မြင်ယူဆပါသလဲ...

**တင်ထွေး(အိမ်မဲ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အဖြေကျော်လေဆေးလျက်ဆား



မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

## ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ် **ငှက်ဖျားရောဂါသောက်ဆေး**

၀၇၁၁ Y၀၀၉၀၇၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနှာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

## ဒေါ်စင်စင်ထွေး၏

**သမားအို** အမှတ်တံဆိပ် **အစာအိမ်ရောဂါသောက်ဆေး** ၀၇၁၁ Y၀၀၉၀၇၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန်စသည် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

## ဒေါ်နှင်းနှင်းကြည်၏

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ၀၇၁၁ Y၀၀၉၀၇၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

## ဒေါ်အေးအေးမွှေ၏

**သမားအို** အမှတ်တံဆိပ် **ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး** ၀၆၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရွရွတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

## ဦးသန်းဇော်၏

**သမားအို** အမှတ်တံဆိပ် **အဖြေကျော်လေဆေးလျက်ဆား** ၀၇၁၁ Y၀၀၉၀၇၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနှံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း–၀၉–၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

ရေနီတောင်ဖီလာ (သို့မဟုတ်)

# ဗဟိုတောင်ဖီလာတောရသို့

လေ့လာဖူးမြော်မှုခရီးစဉ် (၂)

စံလွှမ်းသာ

ယခင်လမှ အဆက်

လွန်ခဲ့သော နှစ်,နှစ်ခန့် (၂၀၁၁ ခုနှစ်)တွင် ဒေါ်ပါရမီ ကွယ်လွန်သဖြင့် အစ်မကြီးအား ပြုစုရန်အတွက် ဒေါ်စောမြိုင်သည်လည်း တောင်ဖီလာသို့ ရောက်ရှိနေကြောင်း သိရသည်။

တောင်ဖီလာသို့

ဦးကိုကို၏ လမ်းညွှန်ချက်အရ **တောင်ငူမြို့မှ ရေတာရှည်၊ ဆွာမြို့များ ဖြတ်ကျော်ပြီးနောက် ရေနီမြို့၊ နေပြည်တော် သကြားစက် လမ်းခွဲတွင် ဆင်းသက်ကြသည်။** ဒါယကာရင်းတစ်ဦးဖြစ်သူ ဆရာ ဦးကျော်မြင့်လည်း အတူလိုက်ပါကူညီပေးသည်။

နေပြည်တော် သကြားစက် ဘိလပ်မြေစက်များဆီသို့ သွားရာ အင်္ဂတေကားလမ်းအတိုင်း ဆိုင်ကယ်တက္ကစီဖြင့် အဆင်ပြေစွာ သွားလာခွင့်ရ သည်။

ခရီး သုံးပုံ,နှစ်ပုံခန့်အရောက်တွင် လှိုင်ကော်မြို့သွား ကတ္တရာလမ်းပေါ်ရောက်၍ လမ်းပြမိုင်တိုင် (၁၀/၀)တွင်ကား တောင်ဖီလာသို့ မြေလမ်းအတိုင်း သွားရောက်နိုင်လေသည်။

အင်္ဂတေလမ်းမပေါ်မီ ဆရာဦးကျော်မြင့်တို့ ဒါယကာများ တပေါင်းလကွယ်နေ့ တောင်ဖီလာပွဲတော်သို့ လာရောက်ကြရပုံကို ဤသို့ ပြောပြသည်။

'အဖိတ်နေ့ ညနေကတည်းက ရေနီဒါမှမဟုတ်ရင် သာဝတ္တိမှာ လူစုရတယ်။ နွားလှည်းအစီး လေး,ငါးဆယ်



ကိုယာန်ကြီး ပူဇော်ထားသော ဝါးယုံတောင်ဝှေးနှင့် တောင်ဖီလာဆရာတော်ပုံ

စီတန်းပြီးမိုးချုပ်တာနဲ့ ခရီးစ,ထွက်တယ်။ နွေခင်းဆိုတော့ နေပူလို့ နွားတွေ ပင်ပန်းတယ်လေ။

စစ်တောင်းမြစ်ကို ယာယီတံတားနဲ့ ကူး မြစ်လယ်သောင်ပြင်ရောက် အဲဒီကနေမှ ရေတိမ်နေရာကနေ မြစ်အရှေ့ဘက်ကို ကူးရတယ်။ တစ်ညလုံး မောင်းပြီး မိုးလင်းခါနီးမှာ တောင်ဖီ

www.burmeseclassic.com

လာကိုရောက်တယ်။

တစ်နှစ်မှာ အဖေ့,အမေပါ ကျွန်တော်တို့လှည်းမှာ ဆရာတော်ကြီးလဲ လိုက်ပါတော်မူပါတယ်။ လမ်းတစ်ဝက်လောက်အရောက်မှာ ရှေ့ဆုံးက လှည်းက ရပ်သွားလို့ တောကြီးအလယ် လှည်းတန်းကြီး တုန့်ခနဲ ရပ်သွားတယ်။

တောကောင်ကြီး(ကျားရဲကို ဆိုလိုသည်။)နဲ့ ရင်ဆိုင်တိုးကြောင်း သိရတော့ ဆရာတော်က လှည်းဦးမှာ မတ်တတ်ရပ် အောက်လင်းဓာတ်မီးအိမ်ကို ကိုင်မြှောက်ဝှေ့ယမ်းပြီး သွား,သွားလို့ အမိန့်ပေးလိုက်တယ်။ တောကောင်လဲ ကြောင်တစ်ကောင်လို ဖက်လေးပုပြီး လွတ်ရာကို ထွက်သွားတယ်။

အဲဒီတုန်းက တောနက်ပြီး တောတိရစ္ဆာန်တွေပေါပေမယ့် ဆရာတော်ကြီးကို ယုံကြည်ကိုးစားစိတ်နဲ့ သွားလာဝံ့ကြပါတယ်။

အဲဒီခေတ်က လေထိုးရတဲ့ အောက်လင်းဓာတ်မီးနဲ့ မီးထွန်းရတယ်။ အောက်လင်းဓာတ်မီးကိုယ်စီနဲ့ အစီးရေ(၅၀)လောက်ရှိတဲ့ လှည်းတန်းကြီးဟာ တောထဲမှာ သာမန်တိရစ္ဆာန်တွေ လောက်တော့ ကြောက်စရာမရှိဘူး။ မီးရောင်မြင်ရင် ပြေးကြတာပါပဲ။

ပွဲတော်နေ့မှာ တောင်ဖီလာကို ပတ်ပြီး မီးလုံးကြီးတစ်လုံး ပျံဝဲနေတာ တွေ့ရတာတတ်တယ်။ တောင်စောင့်ပတ္တမြား လှည့်ပတ်နေတာလို့ ဆရာတော်က ပြောပြတယ်'

---

တောင်ဖီလာ

---

ဆရာတော်ကျောင်းဆောင်

---

တောင်ဖီလာတောရအဝင် ကျောက်



▲ အင်းစမ စီရင်ထားသော ဝါးပုံ့တောင်ဆေး

တိုင်နှစ်တိုင်အထက် စေတီငယ်တစ်ဆူစီ ပူဇော်ထားသော မုခ်ဦးကို တွေ့ရသည်။ **"တောင်ဖီလာတောရကျောင်း"** ဟူသော သံပန်းကမ္ပည်း စာရေးထိုးထား၏။

လက်ယာဘက် အုတ်တိုင်တွင်...

"တောင်ဖီလာဆရာတော် ဦးပဏ္ဍဝ၊ သီလရှင်ကြီး ဒေါ်ဝံသစာရီ၊ သီလရှင်လေး ဒေါ်ပါရမီတို့အား အမှူးထား၍ တောင်ဖူမြို့ အုပ်ကြွပ်တန်းရပ်၊ သာသနာ့ဟိတကာရီ ဝတ်အသင်းနှင့် (၃၁)တုံ ခုနစ်ရက်သားသမီး အများကောင်းမှု နတ်လူသာဓုခေါ်စေသော်ဝ်

၁၆-၃-၁၉၉၉"

ဟူသော မှတ်တမ်းကို ဖတ်ရှုရသည်။

ဆရာတော်ကြီး မရှိသည့်နောက်တွင် ဦးကိုကို ဦးဆောင်သော ဝတ်အဖွဲ့မှ အများကောင်းမှုဖြင့် စိုက်ထူထားသော မုခ်ဦးဖြစ်လေသည်။

ဦးကျော်မြင့်က မုခ်ဦးအဝင် လက်ယာဘက် ကုန်းမြင့်ထက်ရှိ အိမ်ကလေးသို့ ဦးဆောင်သွားသည်။ ကိုဟန်ကြီး၏ နေအိမ်ဖြစ်သည်။ တောင်ဖီလာဆရာတော်က သွားအမှတ်ဖြင့်






www.burmeseclassic.com

www.burmeseclassic.com



▲ တောင်ဖီလာဆရာတော်ရုပ်တု

▼ ဆရာတော်၏ အသုံးအဆောင်အချို့



မွေးစားခဲ့သော သားတပည့်သုံးဦးရှိရာ မောင်လှအောင်၊ မောင်ဟန်ကြီး၊ မောင်ကျော်ကြီးတို့ဖြစ်ကြောင်း သိရသည်။

မောင်လှအောင်မှာ တောင်ဖီလာ တောင်ပိုင် နတ်စုတေရာမှ ဝင်စားလာသူဖြစ်သည်။ တစ်နေ့တွင် ရေနီမြို့ အလှူပွဲတစ်ခုသို့ ဆရာတော်နှင့်အတူ ကျောင်းသားအဖြစ် လိုက်ပါသွားရာ အလှူတွင် ဆိုင်းဝိုင်းနှင့် အငြိမ့်ပွဲခွင်၌ လူကြိတ်ကြိတ်တိုး စည်ကားနေသော်လည်း သံဃာစင်ရှေ့၌ တရားနာပရိသတ် အလွန်နည်းပါးနေသည်ကို တွေ့ရသည်။ ထိုအခါ မောင်လှအောင်က...

'လူတွေဟာ တယ်ခက်တယ်၊ အပျော်ချည်း လိုက်နေကြတယ်။ ကုသိုလ်ရဖို့တော့ မလုပ်ချင်ကြဘူး'

ဟု တီးတိုးရွတ်ဆို၏။ ထို့နောက် လက်ဝါးနှစ်ဖက်ကို အုပ်ကာ နှုတ်မှ **"ပိတ်စမ်း၊ တိတ်စမ်း"**ဟု ပြောဆိုလေရာ ဆိုင်းဝိုင်းမှ ဗုံများအသံ မထွက်တော့သည်ကို ထူးဆန်းစွာ ကြုံတွေ့ရသည်။

အလှူရှင်နှင့် ဆရာတော်ကြီးများက အဖြစ်မှန်ကို စုံစမ်းကြည့်ရာ အစအဆုံး မြင်တွေ့သတိထားမိသော ဆရာတော်တစ်ပါးက မောင်လှအောင် ပြောဆိုပြုမူပုံကို ပြောပြသည်။ ထိုကျောင်းသား၏ ဆရာတော်ကို စုံစမ်းသောအခါ တောင်ဖီလာဆရာတော် ဖြစ်နေသည်။ ဆရာတော်က...

'မခက်ပါဘူးကွာ။ ဒီကောင်က ဗုံ အပ်မတန်ကြိုက်တာ၊ ဗုံကလေးတစ်လုံးသာ ပေးလိုက်ပါ'

ဟု မိန့်တော်မူသည်။ သို့နှင့် ဗုံငယ်တစ်လုံးပေးကာ ချော့မော့ကာ ပြောဆိုသောအခါမှ မောင်လှအောင်က ဗုံကို အားပါးတရ တီးခတ်လျက် **"ကဲ...ကဲ မြည်တော့၊ မြည်တော့"**ဟု ဆိုလေမှ ဆိုင်းဝိုင်းလည်း သံစုံမြည်တော့သည်။

ထိုကျောင်းသားမှာ ယခုတိုင် ရှိသေးကြောင်း သိရသည်။

'အဲဒီ ကိုလှအောင်က ဘယ်မှာနေတာလဲ ဆရာ'

'တောင်ဖီလာရွာထဲမှာပဲ နေပါတယ်။ အခုအချိန်ဆိုရင် တောတက်( တောင်ယာသွား ) နေလို့ တွေ့နိုင်မှာ မဟုတ်ဘူး။ ညအိပ်ညနေဆိုရင်တော့ မေးမြန်းလို့ ရနိုင်တယ်။ ဒါပေမယ့် လူပျိုပေါက်အရွယ်လောက်ကစပြီး အရင်ဘဝအကြောင်း သိပ်မပြောတော့ဘူး။ အခုလေးဆယ်ဝန်းကျင်အရွယ်မှာ အရင်ဘဝ အဖြစ်အပျက်အားလုံးကို မေ့သလောက် ရှိနေလောက်ပါပြီ။

သူငယ်ငယ်တုန်းကတော့ တောင်ဖီလာဝန်းကျင် ဘယ်နေရာမှာ ဘာဆေးပင်ရှိတယ်၊ ဘယ်နေရာမှာ ကျောက်သွေး၊ ဘယ်နေရာကတော့ ကျောက်နီဆိုပြီး ကိုယ်တိုင်လိုက်ပြပေးနိုင်တယ်။ ကျွန်တော် ငယ်စဉ်တုန်းက

www.burmeseclassic.com



◆ ဆရာတော်၏ မွေးစားသားဖြစ်သူ ကိုဟန်ကြီး



နမတော် ဒေါ်ဝံသစာရီ အသက်(၇၀)ကျော်ကာမုံ ◆

တစ်နှစ်မှာ ကျောက်နီ သုံး,လေးပုလင်းတော့ ရတာပဲ'

'ကျောက်နီဆိုတာ ဘယ်လိုမျိုးလဲ ဆရာ'

'ကျောက်နီက အဖြူရောင် အမှုန်ကလေးတွေပါ။ လျက်စားကြည့်ရင် ချိုတယ်။ သဲတော့ နည်းနည်းရှတယ်။ ကျားပေါက်စကလေးတွေ မိခင်အစာရှာထွက်တုန်း နို့ဆာရင် ကျောက်နီကိုပဲ လျက်စားတတ်ကြတယ်'

'အခုကော အဲဒါတွေ ထွက်သေးသလား'

ထိုအခါ ကိုဟန်ကြီးက ဝင်ရောက်ပြောပြသည်။

'ရှိတော့ ရှိတယ်။ လူသူ အရောက်အပေါက်နည်းတဲ့ တောင်အစွန်းအဖျားတွေမှာ ရှာရင်ရနိုင်ပါတယ်။ ခက်ခက်ခဲခဲတော့ ရှာရလိမ့်မယ်။ ကျောက်ထုတ်လုပ်ငန်းကလဲ ကျောက်တွေခွဲယူကြလို့ တောင်ဖီလာအရှေ့ခြမ်းမှာ ဘာအပင်မှ မပေါက်တော့ဘူး။ ကျောက်နီလဲ မတွေ့သလောက်ကို ရှားသွားပါပြီ။ ဟိုတလောက နည်းနည်းရထားတာ ဆရာတစ်ယောက်တောင်းလို့ ပေးလိုက်ပြီ'

ကိုဟန်ကြီး၏ အိမ်ကလေးတွင် ရေနွေးကြမ်းသောက်လျက် ခေတ္တနားနေကြပြီးနောက် တောရဆီသို့ လျှောက်ခဲ့ကြသည်။

အဝင်လမ်း၏ လက်ယာဘက်တွင် တောင်ဖီလာတောင်ကြီးက ရှေ့နောက်တန်း၍ ကန့်လန့်တည်ရှိကာ တောင်မြောက်တန်းနေသော ရှေ့နောက်တောင်တန်းနှစ်ခုအကြား ဖီလာပြု တည်ရှိနေသည်။

တောင်ပေါ်သို့တက်ရန် မတ်စောက်သော အုတ်လှေကား တည်ဆောက်ထားသည်။ တောင်ခြေအနီး လှိုဏ်အတွင်း၌ ဇရပ်ကြီးတစ်ဆောင်ရှိကာ ပွဲတော်ကာလတွင် စတုဒိသာ ကျွေးမွေးသော ဇရပ်ဖြစ်ကြောင်း သိရသည်။

တောရအတွင်း ကွက်လပ်သို့ ရောက်သောအခါ အုတ်ကျောင်းဆောင်တစ်ခု တွေ့ရသည်။ ဆရာတော်ရှိစဉ်က ပျဉ်ထောင်ကျောင်းကြီးဖြစ်ကာ တောင်ဖီလာတောရသို့ လာရောက် ကျင့်ကြံအားထုတ်ကြသော ရဟန်းယောဂီ၊ လူယောဂီတို့ သီတင်းသုံး နားခိုကြသည်ဟု သိရသည်။

ထိုကျောင်းကြီးနှင့် ကပ်လျက် မြောက်ဘက်တွင် ဆရာတော် သီတင်းသုံးခဲ့ရာကျောင်းကို သီးခြား အုတ်တံတိုင်းခတ်လျက် မြင်ရသည်။


တစ်ထပ်အုတ်တိုက်ငယ် ဖြစ်ကာ အခန်းတစ်ခန်း ကန့်ထားသည်။ အခန်းအပြင်ဘက် ခေါင်းရင်းဘက်၌ ဆရာတော် ဦးပဏ္ဍိဝ ရုပ်တုတော် ပူဇော်ထားလျက် ခြေရင်းဘက်၌ ဆရာတော်ရှိစဉ်က အသုံးပြုခဲ့သော အသုံးအဆောင်များကို ဗီရိုငယ်ဖြင့် ပြသထား၏။

ဗီရိုအတွင်းတွင် ကြွေကရား၊ ကြွေခွက်၊ ကြွေဇီးကွက်ရုပ်၊ ကြွေယုန်ရုပ်များ၊ ပလတ်စတစ်ပန်းကန်အနည်းငယ်၊ (၂၅)ကျပ်တန်ငွေစက္ကူများ တွေ့ရသည်။ ဆရာတော် ပျံလွန်တော်မူစဉ်က ရုပ်ကလာပ်တော်နှင့် သံဃာအချို့



www.burmeseclassic.com

www.burmeseclassic.com





▲ တောင်ဖီလာဆရာတော်၏ တပည့်ရင်း ဦးကိုကိုနှင့် ဒေါ်ခင်မြင့်

◀ နှမတော် ဒေါ်ဝံသစာရီ (ဝဲ) ဒေါ်ပိယရီ

၏ မှတ်တမ်းဓာတ်ပုံများကိုလည်း ပြသထားလေသည်။

ကျောင်းတွင်းရှိ အခန်းငယ်မှာ ဆရာတော်၏ ရုပ်ကလာပ်တော် ထားရှိ၍ အဝင်တံခါးပိတ်လျက် တွေ့ရသည်။

တောင်ဖီလာဆရာတော် ဦးပဏ္ဍဝသည် သက်တော်(၈၀)၊ ဝါတော်(၄၅)ဝါ အရ ၁၃၄၉ ခုနှစ်၊ တပေါင်းလကွယ်နေ့ ည(၈)နာရီအချိန်တွင် ပျံလွန်တော်မူခဲ့ရာ ကြိုတင်မှာထားသည့်အတိုင်း ဤအခန်းအတွင်း၌ ခုနစ်ရက်တာ ပူဇော်ခဲ့ကြသည်။ ခုနစ်ရက်စေ့မြောက်သည့် နံနက် ဝေလီဝေလင်းအချိန်တွင် နှမတော်အကြီးဖြစ်သော ဒေါ်ဝံသစာရီက ဆရာတော်၏ အသံတော်ကို ကြားရသည်။

'ဒီနေ့ကစပြီး ဒီအခန်းကို ငါခွင့်မပြုဘဲ မဖွင့်ပါနှင့်'

ဟု မှာကြားခြင်း ဖြစ်သည်။ ထိုနေ့ နံနက်(၉)နာရီအချိန်တွင် ရုပ်ကလာပ် ထားရှိရာ အခန်းတံခါးသည် အလိုအလျောက် ပိတ်သွားလေသည်။

တံခါးမှာ စရွေးအနည်းငယ် ချောင်နေသဖြင့် သာမန် ပိတ်ဖွင့်၍ မရပါ။ အားစိုက် ပင့်မ,ကာ အချိန်အတန်ကြာ ကြိုးစားမှ ပိတ်၍ဖွင့်၍ ရသည်ဖြစ်ရာ ထူးဆန်းလှသည်ဟု ဒေါ်ဝံသစာရီက ပြောပြသည်။

'လေတိုက်လို့ ပိတ်သွားတယ် ဆိုရအောင်ကလဲ အခန်းရဲ့ ပြတင်းပေါက်တံခါးတွေ အလုံပိတ်ထားပြီး တံခါးအထက် အလင်းဝင်ပေါက်ကိုလဲ မှန်တွေ အပြည့်ကာထားပါတယ်။ ရက်လနှစ်တွေ ကြာပေမယ့် အခန်းထဲက အနံ့အသက်ဆိုးတွေ ထွက်ပေါ်တာ မရှိပါဘူး'

ဒေါ်ဝံသစာရီနေထိုင်ရာ ကျောင်းကလေးသို့ သွားရောက် ဂါရဝပြုကန်တော့ရာ၌ ပြောပြခြင်းဖြစ်သည်။ အခန်းတံခါး ပိတ်ထားသော်လည်း ရံဖန်ရံခါ ညဥ့်ကာလများ၌ အခန်းတွင်းမှ အောက်လင်းဓာတ်မီးထွန်းသကဲ့သို့ အလင်းရောင်များ ဖြာထွက်နေလေ့ရှိသည်ဟု သိရ၏။

ဆရာတော်ရှိစဉ်က လက်သီးဆုပ်ပမာဏခန့် သက်သတ်လွတ်ဆွမ်းကို တစ်ထပ်သာ ဘုဉ်းပေးကာ ညဥ့်အခါ တစ်နာရီခန့်သာ ကျိန်းစက်တတ်သဖြင့် အခန်းမှာလည်း တစ်ညလုံးလိုလို မီးလင်းနေခဲ့သည် ဆိုလေသည်။

တောင်ဖီလာဆရာတော် ဦးပဏ္ဍဝအား ရှိခိုးဂါရဝပြုပြီးနောက် ဆရာဦးကျော်မြင့်က ကျောင်းခန်း၏ ပြင်ပနံရံအနီးသို့ ခေါ်ဆောင်သွားကာ ပြတင်းအထက် အလင်းဝင်ပေါက်ကို ညွှန်ပြလျက် **"ဒီကနေကြည့်ရင် ရိပ်ရိပ်တော့ မြင်ရတယ်"**ဟု ပြောပြသည်။

ပြတင်းပေါင်သို့ တက်ကာ မှန်မှတစ်ဆင့် အခန်းတွင်းသို့ ချောင်းကြည့်ရာ "ငှက်ချေးခံ"ဟု ခေါ်သော ရုပ်ကလာပ်အထက်တွင် ဆိုင်း၍ ကာမိုးထားသော မျက်နှာကြက်ပိတ်စကိုသာ တွေ့ရသည်။

ရွှေလ ဆက်ဖတ်ပါရန်

**စံထွန်းသာ**

www.burmeseclassic.com



▲ မြင်းခွာငယ်ဂမုန်း ရှင်သန်ပုံ နှင့် နေပုံ

# မြင်းခွာငယ်ဂမုန်း

တက်မင်းကျော်စွာ

အရွက်မှာ တစ်လက်မ၏ ငါးပုံတစ်ပုံ(၂-လက်မခန့်) ဖြက်ရှိသည့် သေးငယ်သော အပင်ဖြစ်သည်။ မြင်းခွာရွက်နှင့် ဆင်တူသော်လည်း အနီးကပ် အကြီးချဲ့ကြည့်မှ သိရသည်။

တရုတ်ဘာသာဖြင့်(小老江东) **ရှောင်းလောင်ကျန်းတုန်း**(Xiāo Lāo Jiāng Dōng)ဟုခေါ်သည်။ **လောင်ကျန်းတုန်း**မှာ မြင်းခွာရွက်ဟု အဓိပ္ပာယ်ရကာ မြင်းခွာငယ်ဟု ဆိုလိုသည်။

ဆေးနည်းသုံးသော်လည်း သူ၏ သဘာဝအရ ကောင်းသောနိမိတ်ဆောင် ဂမုန်းပင်အနေဖြင့် အလှစိုက်ပျိုးလေ့ရှိကြသည်။

မြင်းခွာငယ်ကို အိုး၊ ခွက်၊ ဇလုံ စသည်ဖြင့် စိုက်ပျိုးထားပါက အိုးခွက်အတွင်းသာမက ဆက်စပ်နေသော မြေပြင်အနှံ့ ပြန့်ပွားပေါက်ရောက်တတ်ကြသည်။


ဤဂမုန်းကို စိုက်ပျိုး၍ ကောင်းစွာ ပျံ့နှံ့ရှင်သန်နေပါက လူအများ ချစ်ခင်လေးစားခြင်းကို ခံယူရနိုင်သည်။ တရုတ်ဓလေ့တွင် နေရာအနှံ့ သွားလာရောက်ရှိဖူးသူကို အကြားအမြင် ဗဟုသုတ ကြွယ်ဝသူဟူ၍ လေးစားကြလေ

သည်။

ထို့ကြောင့် ဤဂမုန်းကို ခရီးလမ်းပန်း အဆင်ပြေရေးအတွက်လည်း နိမိတ် ကောင်းယူ စိုက်ပျိုးကြသည်။

ပျံ့နှံ့ခြင်း သဘာဝကြောင့်လည်း သားစဉ်မြေးဆက် အဓွန့်ရှည် တည် ရေးကိုလည်း ကိုယ်စားပြုသည်။ မိ လေ့လာသင်ယူထားသော ဆေး ပညာ၊ အနုလက်မှုပညာ စသည်တို့

www.burmeseclassic.com



အကြိုက်ချဲ့မြင်ရသော မြင်းခွာငယ်

သားမြေးစဉ်ဆက် မပျောက်ပျက်ရေးဟူသော နိမိတ်ကောင်းဆောင်သည်။

နေအိမ်မျက်နှာစာ၌ မြန်မာပြက္ခဒိန် လဆန်း(၁)ရက် သို့မှ လဆုတ်(၁) ရက်နေ့တွင် စတင်စိုက်ပျိုးရသည်။ပရိတ်ရေ (သို့မဟုတ်) ဘုရားသောက်တော်ရေ ပက်ဖျန်းပေးရသည်။

**သတိပြုရန်မှာ** စတင် ရှင်သန် အမြစ်တွယ်သောအချိန်တွင် အဆင်မပြေမှုကလေးများ၊ အထစ်အငေါ့ ပြဿနာကလေးများ ကြုံတွေ့ရတတ်သည်။ **'လဲမကျဘူးဘဲနှင့် လမ်းလျှောက်တတ်သော ကလေးမရှိ'** ဆိုရိုးကို နှလုံးသွင်းဆင်ခြင်ပါ။ **သည်းခံ ကျော်လွှားပါ။**

ကောင်းသောစိတ်ထားဖြင့် ကတိသစ္စာ တည်ကြည်မှန်ကန်ပါက အနှောင့်အယှက်များ ကင်းကွာ၍ အေးချမ်းတည်ငြိမ်သော ဘဝခရီးကို ဆက်လှမ်းနိုင်ပါလိမ့်မည်။

အဝေးရောက် မိသားစုဝင်တစ်ဦး တစ်ယောက်၏ခရီးလမ်း အဆင်ပြေရေး၊ လုပ်ငန်းဆောင်တာများ လွယ်ကူလျင်မြန်စေရေးတို့အတွက် ဆုတောင်းပေးနိုင်လေသည်။

မြင်းခွာငယ်ဂမုန်းကို ပေါင်မြို့မ ပေါင်းရပ်ကွက် မင်းလမ်းမရှိ ဦးထွန်းမြင့်၏ နေအိမ်မျက်နှာစာတွင် ကောင်းစွာရှင်သန်ဖွံ့ဖြိုးနေသည်ကို တွေ့ရသဖြင့် မှတ်တမ်းပြု တင်ပြလိုက်ပါသည်။

ခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူဖြစ်ရာ မြင်းခွာငယ်ဂမုန်းသည် သူ့အတွက် အထူး နိမိတ် ကောင်းမွန်လှပေသည်။

## ထက်မင်းကျော်စွာ

ချမ်းကိုး

(Myam Han Ci Dian. Page-724)

(မြန်ဟန့်ဆိရ်တျဲန်စာအုပ်၊ စာမျက်နှာ-၇၂၄)

www.burmeseclassic.com


► ကြော်ငြာဆောင်းပါး ◄

● မှတ်ပုံတင် - ၀၁၁၄၅/၀၁၈၇၃၆ လိုင်စင် ၇၂၂၀၁၁၊ တဆထလ၊တိုး (၁၃၁၂) ●

# နှလုံးရောဂါ ကင်းဝေးအောင်
# မုံရွာဆရာမိုး
အမှတ်တံဆိပ်
# အမောလုံ နှလုံးအားဆေးကိုသောင်

"ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး"




"ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ"

"နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး"

"နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ"

"ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ"

"ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့"

"ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ်"

"ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ်"

"သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး"

"သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

"ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ"

"ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ ရူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့"

"ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ"

"အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(၈၂/၁၅၆)မဟာဗန္ဓုလပန်းခြံ၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၈၈၆၁၂

**ဖြောင်းဖြ မောင်ယဉ်တင့်**




www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

### ဖူးမြော်ကြည်ညိုဖွယ်

### စေတီပုထိုးများ

မြစိမ်းတောင်ညို သာသနာမြေ စည်ကားရှင်သန်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားတော်မူခဲ့သော ဆရာတော် အရှင်ဓမ္မိကနှင့် ပတ်သက်၍ လေ့လာစုံစမ်းရသမျှ စုစည်းမှတ်တမ်းပြုပြီးနောက် သာသနာ့မြေအတွင်းရှိ စေတီပုထိုး သာသနိက အဆောက်အအုံများအား ဖူးမြော်ကြည်ညိုသည်။

သာသနာ့မြေ ပရိဝုဏ်မှာ တောင်ကုန်းများ၊ လျှိုမြောင်များဖြင့် စိမ်းစိမ်းညိုညို့ ရှိလှသော ကျယ်ဝန်းသည့် ကုန်းတော်မြေဖြစ်သည်။ ကုန်းတော်မြေ၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့တွင် မြေနိမ့်မြေပြန့်များ ရှိသည်။

အဓိကဝင်ပေါက်မှာ အနောက်မြောက်ထောင့်အရပ်၌ရှိသည်။ အဝင်လမ်းမှ လက်ယာဘက်ရှိ ကွင်းပြင်ကြီးမှာ တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရာ ပွဲခင်းကြီး ဖြစ်လေသည်။


ထိုကွင်းပြင်ကိုလွန်လျှင် ခြသေ့်နှစ်ကောင်ရံ မုခ်ဦးစောင်းတန်းကို ရှည်လျားစွာ တွေ့ရသည်။ ထိုစောင်းတန်းလှေကားမှ တက်ရောက်သွားပါက မိကျောင်းပုံသဏ္ဍာန် တောင်ညိုတောင်ထက် စံပယ်တော်မူသော ဓာတ်ပေါင်းစုစေတီတော်ကြီးကို ဖူးမြော်နိုင်လေသည်။

မော်တော်ကား၊ ဆိုင်ကယ်တို့ဖြင့် သာရောက်ခြင်း ဖြစ်ပါက စောင်းတန်းမုခ်ဦးအနီး ကွေ့ပိုက်သွားသော တောင်ထက်ကားလမ်းအတိုင်း တက်ရောက်လာ ကျွဲပုန်းတောင်ထက်ရှိ ဆရာ

စိမ်းရောင်စို တောင်ညိုမြိုင်းရှိသည့်

# သာသနာ့အောင်မြေ ရှာနေဟိုင်းဆီသို့ (၅)

ထက်မင်းကျော်စွာ



မိကျောင်းဘုရား နောက်ဘက်မြင်ကွင်း


တော်ကျောင်းတိုက်သို့ ဦးခိုက်ရောက်ရှိလေသည်။

ရှေးဦးစွာ ကုန်းတော်အတွင်း တောင်များ တည်နေဟန်ကို တင်ပြပါမည်။ ပင်မ ကျောင်းဆောင်တည်ရာ တောင်ကြောသည် 'ကျွဲပုန်းတောင်'



www.burmeseclassic.com

www.burmeseclassic.com



◆ မိကျောင်းဘုရား

ဖြစ်သည်။ ရှေ့နောက် သွယ်တန်းကာ အနောက်ဘက်တွင် နိမ့်လျှောသွားသည်။

အလောင်းတော်ကဿပမင်း ငယ်စဉ်ကာလ ဘေးအန္တရာယ်များမှ လွတ်ကင်းစေရန် ပုန်းအောင်းနေထိုင်ရာ နေရာဖြစ်၍ ကဿပုန်းတောင်ဟုခေါ်သည် ဆို၏။

အနောက်ဘက်တွင် မြစိမ်းတောင်တည်ရှိသည်။ တောင်ထွတ်တည်ပုံမှာ ဖားသဏ္ဌာန်ရှိသည်။ ဤတောင်၏ အနောက်ဘက်အခြမ်း စောင်းတန်းလှေကားမှဆင်းကာ လက်ယာဘက် (မြောက်ဘက်)သို့သွားပါက **စမတောင်** ရှိသည်။

စမတောင်၏ အရှေ့ဘက် အတန်ငယ် လှမ်းသောနေရာ၊ ကဿပုန်းတောင်မှ အရှေ့မြောက်ထောင့်အရပ် မနီးမဝေး နေရာတွင် **တောင်ညိုတောင်**ရှိသည်။ အရှေ့သို့ ဦးခေါင်းပြုကာ အနောက်သို့ အမြီးဆန့်ထားသော မိကျောင်းပုံသဏ္ဌာန်ရှိသည်။

တောင်ညိုတောင်မှ အရှေ့မြောက် ယွန်းယွန်း အနည်းငယ်နိမ့်သော နေရာ၌ **အဖြောင့်တောင်ရှိ၍** ပုံသဏ္ဌာန်မှာ **ငါးပုံသဏ္ဌာန်**ဖြစ်လေသည်။

ကုန်းတော်တွင်းရှိ တောင်များနှင့် စေတီပုထိုးများ ကိန်းဝပ်တော်မူပုံ မြေပုံညွှန်း ရေးဆွဲတင်ပြလိုက်ပါသည်။

## မြစိမ်းတောင်

ပင်မကျောင်းဆောင်မှ သွပ်မိုး၊ အုတ် စောင်းတန်းလှေကားအတိုင်း အနောက်ဘက်သို့ တက်လာပါက တောင်ထိပ်တန်ဆောင်းသို့ ရောက်သည်။ တန်ဆောင်းအတွင်း အလယ်ဗဟို၌ မတ်ရပ်ရုပ်ပွားတော်ကြီးတစ်ဆူ ဖူးတွေ့ရသည်။

လက်ယာလက်ဖဝါးကို ရှေ့သို့(ဖူးမြော်သူဘက်သို့) လှန်ပြထားသော အဘယမုဒြာရုပ်ပွားတော် ဖြစ်သည်။ လက်ယာဘက်တွင် ဘုရားရှင်အား လက်အုပ်ချီကာ ပုဆစ်ဒူးတုပ် ပူဇော်နေသော မြစိမ်းသခင်မရုပ်တု ရှိသည်။

လက်ဝဲဘက်တွင် အဘအောင်မင်းခေါင်ရုပ်တုနှင့် ဆရာတော် ဦးဓမ္မိက ရုပ်တုများ ပူဇော်ထားကာ လက်ဝဲဘက် အစွန်ဆုံးတွင် မြစိမ်းတောင်ပိုင်ဘိုးဘိုး ရုပ်တုကို တွေ့မြင်ရလေသည်။


မြစိမ်းသခင်မနှင့် ပတ်သက်၍ လက်ထောက် ကျောင်းထိုင် ဆရာတော် ဦးသီလာနန္ဒက ဤသို့ ရှင်းပြပေးတော်မူသည်။


'ဒီကနေ အရှေ့တောင်ထောင့် လောက်ကျမယ်။ ဥက္ကံမြို့ရဲ့ အနောက် ဘက်မှာ ''ဒဗူး''မြို့ဟောင်းဆိုတာ ရှိတယ်။ ဟံသာဝတီအနောက်အနွယ်



www.burmeseclassic.com

www.burmeseclassic.com





◆ မိကျောင်းကျောပေါ်မှ စေတီ

မိကျောင်းခံတွင်းမှ လိုဏ်ဂူ ◆

ဖြစ်တဲ့ ဘုရင်"မင်းရမ်းကား" တည်ထောင်ခဲ့တဲ့မြို့ပါ။

ဓားနှစ်လက်ပူးပြီး သစ္စာဆို ဌာပနာပြုထားတဲ့ မြို့ဦးနန်းဦးစေတီ၊ ဓားပူးစေတီ(ဒပူးစေတီ)ကို အစွဲပြုပြီး"ဒပူး" မြို့လို့ ခေါ်ကြတယ်။ အဲဒီဘုရင်ရဲ့ နှမတော် သီရိစန္ဒာဒေဝီက နယ်စားပယ်စား ကေရာဇ်ဘုရင်ငယ်တွေ နယ်မြေလု၊ စစ်ပွဲဖြစ်ကြလို့ သတ္တဝါအများ သေကျေပျက်စီးရတာကို သံဝေဂရမိတယ်။

ဒါကြောင့် နောင်တော် မြို့သစ်တည်ရာ လိုက်ပါခြင်းမပြုဘဲ ဒီမြစိမ်းတောင်မှာ တောရပ်မို့ တရားအားထုတ်ရင်း သတ္တဝါကယ်တင်ရေး၊ သာသနာတော် ထွန်းကားရေးကို အားထုတ်ဆောင်ရွက်ခဲ့တယ်။

မြစိမ်းတောင်မှာ နေထိုင် အားထုတ်ခဲ့လို့ **မြစိမ်းသခင်မ**လို့ ခေါ်ကြတယ်။ ယခုအထိလဲ သာသနာပြုပုဂ္ဂိုလ်(မယ်တော်)အဖြစ် ကျော်ကြားပါတယ်'

မြစိမ်းသခင်မအား တစ်အူထုံ့ဆင်းအစ်မ၊ နှမရင်းသဖွယ် ဂေဟာပေမ မေတ္တာဖြင့် ညွတ်ပျောင်းစွာ မေတ္တာပို့အမျှဝေကာ တိုင်တည်ဆုတောင်းပါက သမ္မာဆန္ဒအားလုံး ပြည့်ဝအောင်မြင်ကြရသည်ဟု သိရသည်။

ဆရာတော်ဦးဓမ္မိက သက်တော်ထင်ရှားရှိစဉ်ကာလတွင်လည်း လာရောက် ဝတ်ပြု ဖူးမြော်သူ ဒါယကာ,ဒါယိကာမတို့ကို အသက်အရွယ်အရ **"သမီးအစ်မ... မြစိမ်းဆီသွားပြီး လိုရာ ဆုတောင်းပါဦး၊ ဒကာကြီးနှမ မြစိမ်းထံမှာ လိုရာဆုတောင်းပါ"** စသည်ဖြင့် တိုက်တွန်းတော်မူကြောင်း ကြားနာခဲ့ရလေသည်။

ဦးသီလာနန္ဒ၏ ဘိုးဘွားများ ငယ်စဉ်က ညအခါ လသာသောကာလများတွင် မြစိမ်းတောင်ဆီမှ ရက်ကန်းခတ်သံများ ကြားရလေ့ရှိကြောင်း သိရှိရသည်။ နောင် ပွင့်တော်မူမည့် အရိမေတ္တေယျမြတ်စွာဘုရားရှင်အတွက် ခြုံထည် သင်္ကန်း ရက်လုပ်နေခြင်း ဖြစ်ကြောင်း ယူဆကြလေသည်။

ထိုအကြောင်းကို **"ဝိတ်လျှို့ရွာ"**၊ **"သိုက်တောရွာ"**တို့မှ သက်ကြီးများအား မေးမြန်းကြည့်သောအခါ **"အဲသလိုလဲ ကြားဖူးတာပ၊ ဘိုးဘိုးအောင်ခေါ်လာမယ့် စကြာမင်းကလေးအတွက် ခြုံထည်ပဝါ ရက်တာလို့လဲ ဆိုကြပါရဲ့"**ဟု ပြောပြကြလေသည်။

ထိုတန်ဆောင်း၏ နောက်ကျောဘက်ကပ်လျက် တန်ဆောင်းအတွင်း၌ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူ ပူဇော်ထားသည်၊ ဦးသူရိယ ကြွရောက်၍ သာသနာမပြုမီ ရှေးကာလများစွာကပင် တည်ရှိခဲ့သည်။

မူလကောင်းမှုရှင်ကို မသိကြပါဟု ဆိုသည်။ ရန်ကုန်မြို့မှ ဒါယကာများ မှန်စီကောင်းမှုပြုကြောင်း ကမ္ပည်းစာ တွေ့ရသည်။

တင်ပျဉ်ခွေရုပ်ပွားတော် စံပယ်တော်မူရာ ဂန္ဓကုဋိတန်ဆောင်း မျက်နှာစာအနောက်ဘက် စောင်းတန်းထိပ် တစ်ဖက်တစ်ချက်စီတွင် ပုံစံတူစေတီနှစ်ဆူ တည်ထားသည်။

လေးထောင့် ကုလားကျောင်းအထက် ဖားရုပ်ခံ၍ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားခြင်း ဖြစ်သည်။ **မဂ်စေတီ၊ ဖိုလ်စေတီ**ဟု



www.burmeseclassic.com

www.burmeseclassic.com





▲ တောင်ပြောင်မှ ငါးစေတီ

ငါးရုပ်အထက်စေတီ ▶

ကမ္ဗည်းထိုးထားသည်။ ဖားသည် ကုန်းနေရေပျော် သတ္တဝါများ ဖြစ်ကြသော်လည်း ရေငန်တွင်မနေ၊ ရေချိုတွင်သာ နေလေ့ရှိကြသည်။

ဆရာတော်ဦးဓမ္မိက တောင်ညိုသို့ သာသနာပြု ရောက်ရှိစဉ် စဦးကာလက ဖိတ်ခေါ်မိန့်ကြားလေ့ရှိသော လင်္ကာတွင် "**တောင်ညို ရေချိုထွက် အောင် တူးရက်စို့မောင်**"ဟု ပါရှိသည်။ ရေချိုတွင်သာ ကျက်စားသော ဖားသတ္တဝါ အောက်ခံပြုကာ တည်ထားသော ဤစေတီညီနောင်သည် ဆရာတော် မျှော်မှန်းသကဲ့သို့ "**ရေချို**" တည်းဟူသော သာသနာတော် ထွန်းကား ဝေစည်ခြင်းကို ကိုယ်စားပြုဟန်ရှိလေသည်။

မြစိမ်းတောင်ဟု အဘယ်ကြောင့် ခေါ်တွင်ကြောင်းကိုမူ မသိရှိရချေ။ သို့သော် "**မြစိမ်း**"ဟူသော အမည်ပညတ်က "**စိန်ပန်း**"နဝင်းမိတ်ဆောင်သဖြင့် **သာသနာတော် တည်တံ့ ထွန်းကားစေရန်အတွက် သာသနာပြုမယ်တော် မြစိမ်း သခင်မ သီရိစန္ဒာဒေဝီက အခြေချခဲ့ခြင်းဖြစ်သည်**ဟု ယူဆရလေသည်။

ဥသာ၊ စိန်ပန်း၊ ဒါန်းလှ၊ ကိုရှာ ဟူသော မိတ်ဂြိုဟ်တွဲများမှာ ဂြိုဟ်သက်ပေါင်းလျှင် ၂၇ (**၆+၂၁၊ ၈+၁၉၊ ၁၀+၁၇၊ ၁၅+၁၂**) သောမနဝင်းများ ဖြစ်ကြသဖြင့် အေးငြိမ်း တည်မြဲခြင်း နိမိတ်ဆောင်ပေသည်။

စမတောင့်၊


မြစိမ်းတောင် အနောက်ဘက် စောင်းတန်းလှေကားအတိုင်း ဆင်းသက်ကာ လက်ယာဘက်မြောက်ဆီသို့ ကွေ့သွားကြရာ လမ်းဆုံတစ်ခုသို့ ရောက်သည်။ လက်ယာဘက်လမ်းမှာ ကုန်းတော် တောင်တက်လမ်းသို့ ရောက်ရှိ၍ လက်ဝဲဘက် ချိုးကွေ့သွားပါက စမတောင်သို့ ရောက်သည်။

မမြင့်လှသော တောင်ကုန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကုလားကျောင်းအိုင်ပြင်နံရံမှ ငါးရုပ်

ဖြစ်ကာ စမစာလုံးများ ရေးထွင်းထားသည့် စေတီကိန်းဝပ်ရာ တောင်ဖြစ်သောကြောင့် **စမတောင်**ဟု ခေါ်ခြင်းဖြစ်သည်။

ကုန်းမြင့်လယ်တွင် လေးထောင့်ထုချွန် အုတ်မဏ္ဍိုင်ခံ၍ အထက်၌ ခေါင်းလောင်းမှောက် စေတီပေါက်ထားသည်။ စေတီလေးထောင့်တွင် သာဝကရဟန္တာလေးပါးရုံ၍ ပူဇော်နေဟန် သွင်းလုပ်ထားသည်။

လေးထောင့်မဏ္ဍိုင် အောက်ခြေတွင် မြောက်အရပ်မှ လက်ဝဲရစ်အတိုင်း ၁၁၁၀ စမလေးလုံး ရေးထွင်းထားသည်။ မဏ္ဍိုင်လေးမျက်နှာတွင် တောင်ဝှေးထမ်း ဇော်ဂျီရုပ်များ သွန်းလုပ်ထားသည်။ တစ်မျက်နှာလျှင် (၁၀) ရုပ်စီ တွေ့ရသည်။

သစ္စာမဏ္ဍိုင်စေတီဟု ဘွဲ့မည်တွင်သည်။ ဆေးဝက်ပါဆရာတော် ဦးသုရိယ ဦးဆောင် တည်ဆောက်ကြောင်း ယူဆရသည်။ ၁၃၂၉ ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက်နေ့တွင် ထပ်မံပြုပြင်ကြောင်း ကမ္ပည်းတွေ့ရသည်။

ထူးခြားသည်ကား တစ်မျက်နှာစီတွင် ပုံဟန်ကွဲပြားသော ဇော်ဂျီတစ်ဦးပါဝင်နေခြင်း ဖြစ်သည်။ ဥပမာ မြောက်ဘက်မျက်နှာတွင် ဇော်ဂျီနှစ်ဦးစီငါးဆင့် သွန်းလုပ်ထားရာ၌ ဒုတိယအဆင့် လက်ယာဘက် ဇော်ဂျီရုပ်သည် နောက်သို့ လည်ပြန်လှည့်နေဟန်ဖြစ်၍ ကျန်(၉)ဦးမှာ ရှေ့တူရူသို့သာ မျက်နှာမူထားသည်။

အနောက်ဘက်မျက်နှာတွင် နဖူးရေးပါးရေ တွန့်ရစ်ကြောင်းများစွာဖြင့် သက်ကြီးရွယ်အိုဟန်၊ တောင်ဘက်မျက်နှာတွင် ဦးခေါင်းငုံ့စောင်းကာ ရယ်ပြုံးနေဟန်၊ အရှေ့ဘက်မျက်နှာ၌ ပါးစုန့်ကြီးများ ဖောင်းထွက်အောင် ပြုံးနေသောဟန် စသည်ဖြင့် တစ်မူထူးစွာ မြင်တွေ့ရသည်။

စေတီအနီး အနောက်မြောက်ထောင့်အရပ်တွင် ဇရပ်တစ်ဆောင်ရှိသည်။ သင်္ကြန်ကာလတွင် မြစိမ်းတောင်ညို ကုန်းတော်မြေ၌ ဒုလ္လဘရဟန်းများ နှစ်စဉ် တစ်ရာကျော်မျှရှိလေရာ ဤဇရပ်တွင်လည်း သီတင်းသုံးကြသည်။ ဝါတွင်းဥပုသ်ရက်များတွင်မူ ဥပုသ်သီတင်း ဆောက်တည်သူများ နားခိုကြသောဇရပ် ဖြစ်သည်။

**"ဇော်ဂျီ"**ဝေါဟာရမှာ **ယုဇ္ဇန္တီတိ ယောဂီ၊ ယုဇ္ဇန္တိ၊** ယှဉ်တတ်ကုန်၏။ **ဣတိတသ္မာ၊** ထို့ကြောင့်။ **ယောဂီ၊** ယောဂီမည်၏။ **ယ** ကို **ဇ** ပြု၍ ဇော်ဂီဝါ ဇော်ဂျီတွင်၏ဟု ဖွင့်ဆိုထားသည်။

ဇော်ဂျီသည် သိဒ္ဓိ(၅)ပါးရသော အောက်ဝိဇ္ဇာဖြစ်သည်။ သိဒ္ဓိဆယ်ပါးပြည့်အောင် ကျင့်ကြံအားထုတ်ခြင်းဖြင့် ဝိဇ္ဇာအဖြစ် တက်လှမ်းရသည်။ ဝိဇ္ဇာများတွင် အမြတ်ဆုံးကား အဂ္ဂိယာဝိဇ္ဇာ

www.burmeseclassic.com

ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာသုံးပါးကို ကွက်ကွက်ကွင်းကွင်း သိမြင်တော်မူပြီး၍ သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်သော ဘုရား၊ အရိယာပုဂ္ဂိုလ်မြတ်အပေါင်းကို အရိယာဝိဇ္ဇာဟု ခေါ်ဝေါ်၏။

ထို့ကြောင့် အောက်ခြေတွင် ဇော်ဂျီ ရုပ်များ ပတ်လည်ထားရှိကာ အထက်၌ ဘုရားရဟန္တာ ကိုယ်စားတော်များ ပူဇော်ထားခြင်း ဖြစ်လေသည်။

## (၁၂)ရာသီအလှူ

စမတောင် သစ္စာမဏ္ဍိုင်စေတီမှ ပြန်ထွက်လာကာ တောင်တက်လမ်းမှ တစ်ဆင့် တောင်ညိုစောင်းတန်း လှေကားဆီသို့ သွားကြရာ လက်ဝဲဘက် ကုန်းတော်ဝင်း အနောက်မြောက်ထောင့်အရပ်တွင် ကျယ်ပြန့်သော ကွင်းပြင်ကို တွေ့ရသည်။ တပေါင်းလတွင် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရာ ကြည့်ချင်ပွဲများ ခင်းကျင်းရာ ပွဲခင်းဖြစ်သည်။

ပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း (၇)ရက်နေ့မှ စတင်ကာ ပဋ္ဌာန်းပူဇော်ခြင်းဖြင့် ဖွင့်လှစ်သည်။ ပဋ္ဌာန်း(၅)ရက် ပူဇော်ပြီးနောက် လဆန်း(၁၃)ရက်တွင် ဇာတ်အငြိမ့်ပွဲများ ကပြကြသည်။ သုံးရက်ကျင်းပပြီး လဆုတ်(၁)ရက်နေ့၌ ပွဲသိမ်းသည်။

ဆရာတော်ဦးခမ္မိက ထင်ရှားရှိစဉ်က နှစ်စဉ် မပျက်မကွက် ကြွရောက် ဦးဆောင်တော်မူကာ စည်းကမ်း ထိန်းသိမ်းရေး ဂေါပကအဖွဲ့ဝင်များ သည်ပင် (၃၀၀)နီးပါးရှိသည့် စည်ကားလှသော ဘုရားပွဲ ဖြစ်သည်။

ကြိတ်ကြိတ်တိုး စည်ကားသော်လည်း ဒုစရိုက်မှုများ၊ ခိုက်ရန်ဖြစ်ပွားခြင်းများ မရှိခဲ့ကြောင်း သိရသည်။

၁၃၇၄ ခုနှစ်တွင် (၄၄)နှစ်ပြည့်မြောက်ပြီဟု ဆိုသည်။

မြစိမ်းတောင်ညို သာသနာမြေတွင် ဦးခမ္မိက စတင် ဦးဆောင်သည့် အချိန်မှစ၍ (၁၂)လရာသီ အလှူအတန်း မပြတ်ရှိကြောင်း သိရသည်။ တန်ခူးလတွင် သံဃာတစ်ရာကျော် ဒုလ္လဘ ရဟန်းခံပွဲ (သင်္ကြန်ကာလ)၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုသင်္ကန်း ကပ်ပွဲ၊ ပဝါရဏာပွဲ၊ ဆီမီးပူဇော်ပွဲ (တောင်ညိုရှိ ဓာတ်ပေါင်းစုစေတီကို အဓိကထားသည်။)


စာရေးတံမဲအလှူပွဲ၊ ထမနဲပွဲ စသည့် အစဉ်အလာပွဲသဘင်များအပြင် ရပ်ဝေးရပ်နီး တပည့်ဒါယကာများ လာရောက် လှူဒါန်းခြင်းတို့ကြောင့် အလှူအတန်း မပြတ်ရှိသည်ဆို၏။

ပြာသိုလဆန်း (၃)ရက်နေ့တွင်မူ ဆရာတော်ဦးခမ္မိက၏ မွေးနေ့ပူဇာ အလှူပွဲကို ကျင်းပလေ့ရှိရာ ဆရာတော် ပျံတော်မူပြီး နောက်ပိုင်းတွင်လည်း နှစ်စဉ်မပြတ် ကျင်းပ ပူဇော်လေ့ရှိသည်ဟု သိရသည်။

၁၃၆၁ ခုနှစ်၊ သက်တော်(၇၃)နှစ်တွင် ပျံလွန်တော်မူသော ဆရာတော် ဦးခမ္မိကသည် ဤမွေးနေ့ပူဇာပွဲကြောင့် ၁၂၈၈ ခုနှစ်၊ ပြာသိုလဆန်း(၃)ရက်နေ့တွင် မွေးဖွားကြောင်း ခန့်မှန်းကြသည်။ ခမည်းတော်၊ မယ်တော်အမည်တို့ကို မသိရချေ။

* * *

**မြစိမ်းတောင်ညို သာသနာမြေ စေတီပုထိုးများ လမ်းညွှန်မြေပုံ**




ရွှေလ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**

www.burmeseclassic.com


ဆင်ကျောက်ကုန်း

# ကြက်ပုန်းဂို့ ပူးကန်

ဆင်နှင်းပြန့် မြွေအံ့သည့်ထုံး

သူရိန်ထွန်း
(ဗိဇ္ဇာစရဏ၊ မြည်)

ထိမ်မြုပ်ပျောက်ကွယ်၍ ဒဏ္ဍာရီအဖွယ် ဖြစ်နေသော မြန်မာ့အင်္ဂရတ်ပညာကို မတိမ်းစောင်းရအောင် အကောက်အယူ မှန်ကန်စွာဖြင့် အကျိုးကျေးဇူးရစေရန်အတွက် လည်းကောင်း၊ အမှန်တကယ် လွတ်မြောက်အောင်မြင်နိုင်မည့် နည်းနိဿယ ရှာဖွေ၍ ဝီရိယစိုက်ထုတ်ကာ မမိုတ်မသုန် သုံးကြည့်မှုဖြင့် နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်နေကြသော မြန်မာနိုင်ငံတစ်ဝန်းမှ ရဟန်းရှင်လူများအား စေတနာထား၍ ရေးသားတင်ပြလိုက်ပါသည်။



'ကျမ်းလျှောက်လျှင် မဆုံး၊
ကျမ်းပေါက်လျှင် တစ်လုံး၊
အလျားလိုက်မြစ်ပြင်ကို၊
ဉာဏ်မယှဉ်ကူး သည်သို့ထုံး'

ဆိုသည့် ပုဂ္ဂလပညတ်ဓာတ်ကျမ်း အလာကို သတိချပ်ကြပါရန် ရှေးဦးစွာ ပြန်ကြားလိုပါသည်။

'မသိလျှင်ကျယ်၊ သိလျှင်လွယ်စိမ့်၊ တစ်ဆယ်တွင် ခွဲတစ်ခုထဲကို၊ ခေါ်မြဲဂဠုန်၊ သုညနဂါး ဓာတ်နှစ်ပါးကို ချင့်ထားအနေ သိတတ်စေ ဟူ၍ လည်းကောင်း၊

တည်လျက်နဂါး တတို့ထား၍၊ ထပ်ပွားဂဠုန် သုံးကြိမ်ကုန်အောင်၊ ချက်တုံ့ပြီးမှု၊ အကျန်ရှုသော်၊ ပုံတုပတ္တမြား၊ နီထွားထွားကို၊ မှတ်ထားရှေးက၊ အဆွေပြလျက်၊ အစတည်ရန်၊ ဓာတ်အမှန်ဟူ၍ လည်းကောင်း'

ပြဆိုကြသည့်အတွက် ဆရာအပေါင်းမှ ဉာဏ်ကြီးသရွေ့ ချဲ့ထွင်ရေးသား လုပ်ဆောင်ကြပါသော်လည်း လိုရင်းမရောက် ခရီးမပေါက်ဘဲ အို၊နာ၊သေဖြင့်သာ အဆုံးသတ်ကြပါသည်။

ဤသို့ ဖြစ်ရခြင်းမှာ မီးသွား မှားသယောင် ဆိုကြပြန်ပါသည်။ မဟုတ်ပါ။ ဓာတ်များ၍သာ ဖြစ်ပါသည်။

မိမိခန္ဓာကိုယ်မှာလည်း ဓာတ်လေးပါးဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းပင်။ မိမိ၏ အသက်ရှည်ရာ အနာကင်းကြောင်းမှ တည့်မတ်အောင် မစွမ်းနိုင်သေးလျှင် "**အာရောဂျပရမာလာဘာ**" ဟူသော ဒေသနာတော်နှင့်အညီ အကြီးဆုံးလာဘ်ကြီးကို လူတိုင်းပင် လိုချင်တောင့်တကြပါသည်။

မိမိခန္ဓာဓာတ်လေးပါးကိုမှ ညီညွတ်မျှတအောင် မပြုပြင်နိုင်ပါလျှင် မိမိယူဆချက်များ မှားယွင်းနေကြောင်း သိရပါမည်။

ဆရာအပေါင်းတို့ ယူဆလုပ်ဆောင်နေသော ဖားဖြူသား (ဝါ) ဟိုင်းဓာတ် (ဝါ) ဂဠုန် (ဝါ) အန္တောဓာတ် ဆိုသည်မှာ ကြေး+ခဲ တစ်နည်းအားဖြင့် ဒန်+နာ မဟုတ်ပါ။ ဒန်ခေါ်သော ကြေးနီသည် ပထဝီဓာတ်နာခေါ်သော ခဲပုပ်သည် အာပေါဓာတ်ဖြစ်၍ နာမ် ရုပ်ပီသည့် ဂဠုန်မဖြစ်နိုင်ပါ။ (**သုညနှင့် ဒက်၊ ပူးပွက်ယှဉ်ကာ၊ နာမ်ရုပ်ရ၏။**) ဟု ဆိုသည်တစ်ချက်။ "**တစ်ကား ဂဠုန်၊ သုညနဂါး၊ ပေါင်းထားတဝ၊ ဟိုင်းမင်းရ၏**" ဆိုသည်တစ်ဖုံ။ (**နဂါး လည်ပင်း၊ ဂဠုန်နင်းလျက်၊ မြီးရင်း ဟိုင်းစီး၊ ကြွက်ကြီးဝမ်းဖောက်၊ ကျောင်းအိမ်ဆောက်တိုင်း၊ ခုံ မြောက်ဟူးရား၊ အခါကြားသည်**) ဟူ၍ ကျမ်းအဆောင်ဆောင်မှ ညွှန်ကြားခဲ့သည့်အတွက် ရုပ်ဓာတ် သက်သက်ဖြစ်သော ကြေးခဲကောလီသည် ဟိုင်းဓာတ် မဖြစ်ပါ။ "**နာမ်နှင့် ရုပ် မချုပ်သမျှ မရနိဗ္ဗာန်**" ဆိုသည်ကိုလည်း သတိပြုသင့်ပါသည်။

ဆရာတော် ရှင်ကုန္ဒာစရိယ၏

www.burmeseclassic.com

**"ဒန်နာသုတ ရဇတ"** ဆိုသည်မှာ ပညတ်ပြုထားခြင်းသာ ဖြစ်ပါသည်။ **"ရဇတ"** ဆိုသည့် ရည်ညွှန်းချက်မှာ အဠကလပ်ရှစ်ပါးကို ဆိုလိုပါသည်။

'ခြသေ့်တဲ့ပီပီ၊ ရေဝတီဆိုတဲ့ ကျားနဲ့ ငြားခဲ့ပြန်ပြီ။

ပဋ္ဌပီငါးလီအတွေ့ အဠမဂ္ဂင်နှင့်၊

ရွှေဉာဏ်ရှင် ဖောင်တော်ဦး ကူးမည်ယနေ့'

ဟူ၍ ရှင်မထီးဆရာတော်က ခန္ဓာငါးပါး အဠကလပ်ရှစ်ပါး ဖြစ်လာအောင် ကြံဆောင်ကြရန် ရေးသားခဲ့ပါသည်။

ထို့ကြောင့် **ပါပ၊ သူရဇ္ဈ၊ အမြိတ္တ ကောလီ၊ မညီသောအခါ မအောင်ရာ**ဟု ကျမ်းလာရှိသည်နှင့်အညီ ဓာတ်လေးပါး ပြည့်စုံညီညွတ်ရပါမည်။


ဓာတ်ကြီး(၉)ပါးတွင် နာမ်ရုပ်စုံဖြင့် အာကာသ သဘော သုခုမရုပ်အဖြစ် တည်ရှိနေသော ပြဒါးကို ချုပ်ရန်သတ်ရန်မှာ ကျန်ရှိသော ဓာတ်ကြီးရှစ်ပါးကို **(အခြင်းချင်းကို၊ နဝင်းဖြင့်သတ်၊ လေးပါးဓာတ်ကို၊ နက္ခတ်တွင်ယှဉ်၊ ပြဒါးမူကား၊ ဖြူစင်မုချ တေဇောရလိမ့်)**ဆိုသည်နှင့်အညီ ပါပနဝင်း၊ သောမနဝင်းဖြစ်အောင် တွဲယှက်ရပါမည်။ နာမ်ဓာတ်(၁၂)ပါးဟု ပညတ်သော ဓာတ်လပ်များနှင့်လည်း ချုပ်ခြင်း သတ်ခြင်းမပြုပါနှင့်။

ထို့ကြောင့်ပင် **သရဘရှုရှင်ရသေ့က...**

'ပါယ်သည်လေးလုံး သုဉ်းသည်လေးပါး၊ စက္ကသွားသို့ တွေ့ငြားအက္ခရာ၊ တစ်လုံးသာတည့်'

ဟု ပြဒါးကိုနိုင်သည့် ဂဠုန်ဆေးကို ဆိုပါသည်။

ဓာတ်ကြီး(၉)ပါးတွင် ပထဝီဓာတ်လေးပါး၊ အာပေါဓာတ်တစ်ပါး၊



ဝါယောဓာတ်နှစ်ပါး၊ တေဇောဓာတ်တစ်ပါး ရှိကြပါသည်။

ဓာတ်လေးပါးကို တိကျစွာ ခွဲခြားနိုင်ရန်မှာ **"သဘော သဘာဝဓာရေတိ"** ဟူသော ဒေသနာတော်အရ အသိပညာ မီးမှာရှာဆိုသည့်အတိုင်း မီးပေးကြည့်၍ ဆုံးဖြတ်ရပါသည်။

အဖိုဓာတ်တို့သည် မည်သည့်ဆေးဝါး မီးတို့ဖြင့် ပြုပြင်စေကာမူ သားမွေးဖွားမှု မပြုနိုင်ပါ။ အမဓာတ်တို့မှာလည်း သားမျိုးမပေးနိုင်ပါ။ ဓာတ်ဖိုဓာတ်မတို့၏ ပေါင်းစည်းမှုကြောင့် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟူ၍ လောကသုံးပါး တည်ရှိနေခြင်း ဖြစ်ပါသည်။

ဓာတ်ဖိုဓာတ်မတို့၏ ပေါင်းစည်းမှုကို ဟန့်တားပိတ်ဖုံးထားပါလျှင် လောကကြီးတစ်ခုလုံး ပျောက်ကွယ် ချုပ်ငြိမ်း၍ သွားပါမည်။ မြန်မာတို့၏ ဂမ္ဘီရပညာရပ်များတွင် ဓာတ်ဖိုကို **နေမင်းကိန်း** ပညတ်၍ ဓာတ်မကို **လမင်းကိန်း** ပညတ်ပါသည်။

ထို့အတူပင် အရှေ့တိုင်းသား လူမျိုးခြားတို့၏ ပညတ်တွင်လည်း ဓာတ်ဖိုဓာတ်မတို့ကို ယင်နှင့်ယန်းဟူ၍ ခေါ်ဆိုပညတ်ကြပါသည်။

'နေယှန်ဒေါင်းစကြ်၊ ဒွန်နှစ်ချက်ကို၊ တေအင်ပိုင်၊ မကြုံနိုင်သော် ကြုံနိုင်ခဲစွ၊ လက်ထပ်ပြုမူ၊ ဝိသမညို၊ တပည့်တို့က၊ ထိုဆရာကို၊ မိစ္ဆာ

ဂုဏ်ထူး ရှုတ်ချပူး၏၊ ကျေးဇူးမသိ၊ ချွင့်သတ္တိကြောင့်၊ မသိပညာ၊ မပြုရာသည်'

ဟု ကျမ်းလာစကားမှာ ပြဒါးသတ်ဆေးကို လွယ်ကူစွာ ကောက်ယူပြသပါက ဆရာအပေါင်း ကြံစည်လုပ်နေကြသည်နှင့် လားလားမှမတူ ကွဲပြားခြားနားနေသည့်အတွက် ကဲ့ရဲ့ပြက်ရယ်ပြုကြပါလိမ့်မည်။

ထို့ကြောင့်ပင် **"တစ်မူးနှင့်သာ ကျေလိမ့်မည်၊ အရှုးနည်းက ဝေလိမ့်မည်၊ ကြာရှည်လိုက်မှ မဟုတ်ဘူး၊ နာရီဆိုက်မှ မဟုတ်ဘူး၊ ကူးလမ်းဖြောင့် ရောက်လွယ်၏"**ဟု **ပြည်မြို့မှ ထွက်ရပ်သို့ ဝင်တော်မူသော ရသေ့ဆရာအောင်က** ရကန် (၁၄)ပိုဒ်တွင် ရေးသားခဲ့ပါသည်။

ဉာဏ်ဝီရိယထားကာ ကြိုးစားနေကြကုန်သော ရဟန်းရှင်လူအပေါင်းတို့အား စာရေးသူ တိုက်တွန်းလိုသည်မှာ ထွက်ရပ်စခန်း အောင်မြင်ပြီးမြောက်၍ နှောင်းလူများအား သနားသောအားဖြင့် ရေးသားခဲ့သော မူလကျမ်းရိုးများကို လေ့လာနိုင်သမျှ လေ့လာပါက ကျမ်းတစ်ခု၏ ဝှက်ကွယ်ထားသော အကြောင်းအရာကို နောက်ကျမ်းတစ်ခုမှ ဖွင့်ပြပါသည်။

ထို့ကြောင့် ကျမ်းပေါင်းစုံအကုန် လေ့လာပါက အဖြေမှာ ရှင်းလင်းပြတ်သားစွာ တွေ့ရပါသည်။ တစ်ကျောင်းတစ်ဂါထာဖြင့် အဖြေရှာ၍ မတွေ့နိုင်ပါကြောင်း မြန်မာတို့၏ ဓာတ်ပညာမတိမ်ကော မပပျောက်စေရန် ရည်သန်၍ ရေးသား တင်ပြလိုက်ပါသည်။ ဉာဏ်ဝီရိယရှင် အပေါင်းတို့ ခင်ဗျား...


**သူရိန်ထွန်း(ဝိဇ္ဇာစရဏ မြည်)**



www.burmeseclassic.com

www.burmeseclassic.com





◆ ညောင်တုန်းမြို့ ရန်ကင်းစံရာရွာရှိ

ညောင်ချောင်းသာ အပန်းဖြေနေရာပုံ

◀ မိုးဟုတ်စေတီတော်မြောက်ဘက်မုခ်ဦးပုံ

# ညောင်တုန်းမြို့မှ

## ထူးခြားအံ့ဖွယ်တစ်ခု

ဆရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၏အဝင်တွင် **ရှေးဟောင်းသမိုင်းဝင် မိုးကောင်းစေတီတော်**ဆိုသော မုခ်ဦးတန်ဆောင်းနှင့် စေတီတော်ကြီးတစ်ဆူကို ဖူးမြင်ရသဖြင့် ခေတ္တဝင်ရောက်ကြည်ညိုရင်း ဗဟုသုတရဖွယ်များကို လေ့လာခဲ့ပါသည်။

စေတီတော်ကြီး၏ မြောက်ဘက်မုခ်ဆောင်းတန်းထိပ်တွင် ဗီနိုင်းစဖြင့် ကြော်ငြာလိုလို ဓာတ်ပုံနှင့် ကပ်ထားသောပုံကို တွေ့ရှိရသည်။

"တောက်တဲ့ခွစီးတဲ့ ဖားပြုတ်" ဟူသော ခေါင်းစီးစာတန်းအောက်မှာ တောက်တဲ့ အရှင်တစ်ကောင်ပေါ်မှာ ဖားပြုတ်အရှင်တစ်ကောင်က ခွစီးထားသော ပုံ(၄)ပုံ တွေ့ရှိရသည်။ ထိုပုံ(၄)ပုံ၏ အောက်မှာ အောက်ပါကဲ့သို့ စာရေးသားထားသည်။

**(၃-၂-၂၀၁၃)ရက်နေ့ ၁၃၇၄ ခုနှစ် ပြာသိုလဆုတ် (၈)ရက်နေ့ည** (၀၆း၀၀) နာရီအချိန် မိုးဟုတ်စေတီတော်ဘုရားကြီး၏ ဂေါပကအဖွဲ့သည် တပေါင်းလပြည့် ဆွမ်းလောင်းပွဲနှင့် အကြိုမဲ့သဘင်တရားပွဲကို ကျင်းပပြုလုပ်ရန် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ထိုသို့ ညှိနှိုင်းပြီးနောက် ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးကြသည့်အခါ စနေထောင့်တွင် သစ္စာအဓိဋ္ဌာန်ဗုဒ္ဓရုပ်ပွားတော် (၄)ဆူ တည်ထား ပူဇော်ထားရှိသင့်ကြောင်း ရှေ့လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ဆက်လက်ဆွေးနွေးဆုံးဖြတ်ကြပြီး အစည်းအဝေးကို (၀၈း၀၀)နာရီခန့်၌ ရုပ်သိမ်းခဲ့ပါသည်။

အစည်းအဝေး ပြီးဆုံးပြီး ဂေါပကအဖွဲ့သည် စေတီတော်ကြီးအား လက်ယာရစ်ဖူးမြော်စဉ် အနောက်ဘက် တန်ဆောင်းရှေ့နံရံ၌ "တောက်တဲ့ခွစီးတဲ့ဖားပြုတ်" ထူးခြားသည့် ဖြစ်ရပ်တစ်ခု ထူးခြားအံ့ဖွယ် တွေ့ရှိရပါသည်။

အချိန်တစ်နာရီကျော်ခန့် ဖားပြုတ်မှ တောက်တဲ့အား ခွစီးထားပါသည်။ ထိုဖြစ်စဉ်နှင့် ပတ်သက်၍...

၁။ အတိတ်နိမိတ်ဟု ယူဆသင့်ပါသလား။
၂။ အခြားအယူအဆများ ရှိနိုင်ပါသလား။
၃။ မည်သို့ထူးခြားမှုများ ရှိနိုင် ဖြစ်နိုင်ပါသလား



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ အကြံပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။


**(စိုးတင့်)**

**မှတ်တမ်းတင်ဓာတ်ပုံရိုက်သူ**

ထို မေတ္တာရပ်ခံစာနှင့် မနီးမဝေးတိုင်မှာ (၁၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် သတ္တမအကြိမ် ဓမ္မပူဇာတရားပွဲ ဖိတ်ကြားနိုးဆော်လွှာစာရွက်ကို ကပ်ထားပါသည်။

အထက်ပါ ဖြစ်ရပ်နှင့် ပတ်သက်၍ ကျွန်ုပ် တစ်ဦးတည်း၏ ကိုယ်ပိုင်အယူအဆကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြပေးလိုက်ပါသည်။

ဤ ထူးခြားအံ့ဖွယ်ရာ ဖြစ်ရပ်မှာ ဖြစ်တောင့် ဖြစ်ခဲဟု သတ်မှတ်ရမည် ဖြစ်ရာ ညောင်တုန်းမြို့အတွက် အတိတ်နိမိတ် ကောက်ယူနိုင်ပါသည်။



▲ တောက်တဲ့ခွစီးတဲ့ ဖားပြုတ်ပုံ

* * *

| | | | |
|---|---|---|---|
| **တောက်တဲ့** | = စနေ | = မီးဓာတ် | = အပူ |
| **ဖားပြုတ်** | = ကြာသပတေး | = မြေဓာတ် | = အအေး |

စနေပေါ် ကြာသပတေး စီးသဖြင့် မီးပေါ်မြေအုပ်၊ အပူပေါ် အအေးအုပ် ဖြစ်သည်။ ညောင်တုန်းမှာ အပူတွေ ငြိမ်းအေးမည်။ ဆူဆူပူပူကိစ္စတွေ ကာကွယ်ပေးမည်။ အေးချမ်းတည်ငြိမ်မှုရရှိမည်။ ကျန်းမာရေး ကောင်းမွန်ကြမည်။ ဘေးဥပဒ်ဆိုးတွေ ကင်းရှင်းကြမည်။

"ဥစ္စာလို ရန်ပြုဟ်ရှာ" ဆိုသော

www.burmeseclassic.com

လက်ာအရ ညောင်တုန်းမှာ စီးပွားရေး ကောင်းမွန်လာမည်။ ငွေကြေးဥစ္စာ ရှာဖွေရလွယ်ကူမည်။ အလုပ်အကိုင် အခွင့်အလမ်းကောင်း ပေါ်ပေါက်မည်။

ယခုပင်လျှင် အခြေအနေကောင်း တွေဖြစ်နေပြီ။ (၁၀–၃–၂၀၁၃) တနင်္ဂနွေနေ့က ကျွန်ုပ်တို့မိသားစု ညောင်တုန်းမြို့ ရန်ကင်းစံရာကျေးရွာရှိ **ညောင်ချောင်းသာ**ဆိုသော ရေဝတီနှင့် လှိုင်မြစ်ဆုံရာ ရေချိုးဆိပ် အပန်းဖြေစခန်းသို့ သွားရောက်ခဲ့ကြရာ ကားကြီးကားငယ် အစီးပေါင်း လေးရာခန့် ကိုယ်တွေ့မြင်ခဲ့ရသည်။

လူဦးရေ စုစုပေါင်း အနည်းဆုံး (၅)ထောင်မှ (၁)သောင်းကျော်ခန့် အထိ ရှိမည်ဟု ခန့်မှန်းရသည်။ ကားဝင်ကြေး၊ ပါကင်ကြေး၊ တံတားကူးကြေး ကောက်ခံနေသူများ၏ ထိုနေ့ဝင်ငွေကို မခန့်မှန်းနိုင်ပေ။

နားနေဆောင်ငှားသူများ၊ အခပေး ရေချိုးခန်း၊ သန့်စင်ခန်း လုပ်ကိုင်သူများနှင့် ဈေးရောင်းသူများလည်း ဝင်ငွေ အထူးကောင်းကြသည်။

တစ်ကြိမ်တစ်ခါ ရောက်ဖူးရုံမျှနှင့် အကြိုက်တွေ့ပြီး အပတ်စဉ်၊ နေ့စဉ် လာချင်လောက်အောင် ဆွဲဆောင်မှုရှိလှသည်။ နောက်တစ်နှစ်လောက်ဆိုလျှင် ဒီနေရာ အံ့သြလောက်အောင် စည်ကားလာမည်မှာ မလွဲကေန် ဖြစ်ရာသည်။

ညောင်တုန်းမြို့မှာ နာမည်ကြီးသော ရွှေဟင်္သာတောရ သွန်းဘုရားကြီး၊ ဦးစိန်ကတုံးဘုရား၊ မိုးဟုတ်စေတီ၊ ဥသျှစ်လှစေတီ စသည်ဖြင့် လေ့လာစရာ ဘုရားဖူးရန် နေရာများလည်း ရှိသည်။ လမ်းတွေလည်း ပြုပြင်နေသည်။ ယခုပင် တော်တော်ကောင်းမွန်နေသည်။

ညောင်တုန်းမြို့ကို မရောက်ဘူးသေးသူများ တစ်ခါတစ်ခေါက် သွားရောက်ကြစေချင်ပါသည်။ ကားနှင့် သွားလျှင် ရန်ကုန်မှ ညောင်တုန်းမြို့အထိ အသွား တစ်နာရီခွဲခန့်၊ အပြန်တစ်နာရီခွဲခန့်သာ ကြာမြင့်ပါသည်။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

# နှာစေးချောင်းဆိုး

**ဝေဒနာသက်သာ ပျောက်ကင်းကြောင်း လေ့ကျင့်ခန်းနည်းလမ်းကောင်း**

စာရေးသူမှာ ငယ်စဉ်ကာလကပင် အအေးပတ်၍ နှာစေးချောင်းဆိုးခြင်း ဝေဒနာ မကြာခဏ ဆိုသလို ခံစားခဲ့ရသည်။ ရာသီဥတု ကူးပြောင်းစအချိန်တိုင်းမှာ နှာစေးချောင်းဆိုးဝေဒနာ ခံစားရသလို ချွေးအအေးပတ်ခြင်းဖြင့်လည်း နှာစေးချောင်းဆိုးခြင်း ဖြစ်ရတတ်သည်။



တစ်နေ့ မအူပင်ဘက် ခရီးသွားရင်း မိတ်ဆွေတစ်ယောက်နှင့် မမျှော်လင့်ဘဲ သိကျွမ်းခွင့်ရ၏။ သူ့အမည်မှာ ကိုကြည်ဖြစ်သည်။ သူက သူ့ကိုယ်တွေ့ နှာစေးချောင်းဆိုးဝေဒနာကာကွယ်နည်းတစ်ခု စာရေးသူအား ပေးသွား၏။

ယုံကြည်စွာ ပြုလုပ်ရန်လည်း အထပ်ထပ် တိုက်တွန်းသွားသည်။

သူ၏နည်းမှာ မည်သည့်ဆေးဝါးမှ သောက်သုံးစရာ မလိုအပ်ပါ။ လေ့ကျင့်ခန်းလုပ်ရသည့်သဘော ဖြစ်၏။ သူ ပြောသော လေ့ကျင့်နည်းဖြင့် မကြာခဏ ဒုက္ခပေးလေ့ရှိသော နှာစေးခြင်း၊ ချောင်းဆိုးခြင်းဝေဒနာဆိုးမှ စာရေးသူ အဖို့ ကင်းဝေးခဲ့ရသည်။

လိုက်နာကျင့်သုံးလိုကြသော နှာစေး ချောင်းဆိုးဝေဒနာရှင်များအတွက် ကိုယ်ချင်းစာစိတ်ဖြင့် မျှဝေ အသိပေးရေးသားအပ်ပါ၏။

ဆောင်ရွက်ရန်...

“သင်သည် နံနက်နှင့် ညတိုင်း ခြေထောက်ကို ဒူးအောက်မှစ၍ ရေလောင်းပေးပါ။ ပြီးလျှင် အဝတ်ကြမ်းနှင့် ခပ်နာနာတိုက်ပေးပါ။ ညအိပ်ရာမဝင်မီ ရေအေးအေးတစ်ခွက် သောက်ပေးပါ။ နှာစေးခြင်း၊ ချောင်းဆိုးခြင်း ဝေဒနာချမ်းသာရာ ရပါလိမ့်မည်”

တာရှည်စွာ နှာစေးချောင်းဆိုခြင်းကိုပင် (၂)ရက်၊ (၃)ရက် ပြုလုပ်ပေးရုံနှင့် ပျောက်ကင်းချမ်းသာနိုင်ကြောင်းတင်ပြအပ်ပါသည်။

**မြင့်သန်းအောင်**

www.burmeseclassic.com



ညာတင်ကုတ်ရုပ်တု

လိုရာဆန္ဒ ပြည့်ဝစေသည့်

စင်သိုင်ယ်

# ညာတင်ကုတ် အစီအရင်

ညာတင်ကုတ်များကို တွေ့ခဲ့ရာတွင် မာတ်သားဖြင့်သွန်းကာ ပြဒါးခဲစေရန် အသုံးပြုလေ့ရှိကြသည်ကိုသာ မြင်ခဲ့တွေ့ခဲ့ရသည်။ ယခု တွေ့မြင်ရသော ညာတင်ကုတ်မှာ သစ်သားရုပ်တု ဖြစ်ကာ အပြိုင်အဆိုင် အနိုင်ရရှိစေသော အစီအရင်ပြု ကိုးကွယ်မှုဖြစ်ကြောင်း တွေ့ရှိရသည်။

မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်၊ မင်းလမ်းမကြီးရှိ ဒေါ်ဌေးကြင်၏ နေအိမ်၌ လေ့လာခွင့်ရခြင်းဖြစ်သည်။ ရုပ်တု ရုပ်ပွား များစွာရှိသည့်အနက် ညာတင်ကုတ်ကို သီးသန့်မှန်ကျောင်း ဆောင်တွင်း ထားကာ ဗီရိုအထက် အမြင့်ဆုံးအဆင့်တွင် ပူဇော်ထားသည်။

ကိုယ်ခန္ဓာ ခါးအောက်ပိုင်းမှာ လဲလျောင်းနေဟန် ခြေဖဝါးနှစ်ရ ထပ်လျက်ရှိသည်၊ ခါးအထက်ပိုင်း မတ်မတ်ထားကာ လက်တစ်ဖက်က ကြမ်းပြင်ထောက်၍ ကျန်တစ်ဖက်က ပေါင်ပေါ်တွင် အလိုက်သင့်ချထားသည်။ သင်္ကန်းအနားစကို လက်ယာဘက်ပခုံးပေါ် တင်ထားသည်၊

ပြုံးတော်မူဟန် မျက်နှာတော်၊ ဦးခေါင်းပိုင်းမှာ အရှင်ဖြစ်ကာ ဖြုတ်တပ်၍ရသည်။ ခြေဖဝါးနှစ်ဖက်မှာလည်း အရှင်ဖြစ်၍ လှည့်နိုင်ဖြုတ်နိုင်သည်ဟု သိရသည်။ ရှေးနှစ်ရာပေါင်းများစွာ ကြာရှည်ခဲ့ပြီ ဖြစ်သော ရှေးဟောင်းရုပ်တု ဖြစ်သည်။

ရုပ်တုတစ်ခုလုံးကို ရွှေချထားသော်လည်း လက်တော်၏အနောက်ဘက် မျက်ကွယ်နေရာတွင် မူလသစ်သား အတိုင်း ချန်လှပ်ထားရာ နှစ်ကာလ မည်မျှကြာရှည်ခဲ့ပြီ ဖြစ်ကြောင်း လေ့လာသိရှိနိုင်သည့် အထောက် အထား ဖြစ်သည်။

ရုပ်တုမှာ ရှင်ဥပဂုတ္တအား ဘုရား ရှင်၏အသင်္ကန်းတော်ကို ဖန်ဆင်းပြသကဲ့ သို့ ဗုဒ္ဓအသင်္ကန်းတော်ကိုသာ ပင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ထားခြင်းဖြစ်သည့် လောကီ အစီအရင် ရုပ်တုတော် ဖြစ်သည်။ ထို့ကြောင့် ဤ "**ညာတင်ကုတ်**"အား ဓာတ်တော်များ ဌာပနာခြင်း၊ အနေကဇာတင် ပူဇော်ခြင်း စသည် မပြုလုပ်ရပေ။



▲ ဖြတ်တာပ်ရှိရသော ဦးခေါင်းတော်

▼ ဦးခေါင်းတော် ထဲသို့ တူရူပြီ၍



သက်တော်ထင်ရှား မြတ်ဘုရားအား ရည်မှန်းဦးညွှတ်ကာ သမ္မာအေနတ်အပေါင်း၏ ကူညီမှုမှုကို ခံယူခြင်းဖြစ်သည်။ "အပြင် လက်ဝဲ အထဲလက်ယာ" ဟူသည့်အတိုင်း မိမိကိုယ်ခန္ဓာတွင်း ဖြစ်ပေါ်နေသော ဝေဒနာ စသည့် ကျန်းမာရေးကိစ္စများ၊ မိသားစု အတွင်းရေးကိစ္စ၊ ကိုယ်ရေးကိုယ်တာနှင့် လူသိမခံဝံ့သော ကိစ္စရပ်များအတွက် ဦးခေါင်းတော်အား လက်ယာဘက် တူရူပြီး၍ အဓိဋ္ဌာန်ပြု ပူဇော် ဆုတောင်းရသည်။

အများနှင့်ဆိုင်သော ပရဟိတကိစ္စ၊ လူမှုဆက်ဆံရေး၊ အဖွဲ့အစည်း၊ လူထုအများစု၏ သဘောထားများနှင့် သက်ဆိုင်သောကိစ္စ၊ ရပ်ဝေးမြေခြား၊ တမလွန်ကိစ္စ၊ ပရလောကသားများဆိုင်ရာ ကိစ္စတို့အတွက် ဦးခေါင်းတော်ကို လက်ဝဲဘက် တူရူထား၍ ပူဇော်ကိုးစား ဆုပန်တတ်ကြသည်။

အနိစ္စသဘောနှင့် ဆက်စပ်သော ကိစ္စများကိုမူ ဦးခေါင်းတော် အနောက်သို့ တူရူထား၍ ပူဇော်ကြသည်။ အပြိုင်အဆိုင် အနိုင်ရလိုခြင်း၊ မရွှေ့မပြောင်းနိုင်သော (သို့မဟုတ်) အရေးကြီးသော ပစ္စည်းပစ္စယများ ရောင်းထွက်လိုမှု၊ မလိုလားအပ်သောကိစ္စများ အပြီးတိုင် ပျောက်ပျက်စေလိုမှု စသည့်ကဲ့သို့သော ကိစ္စရပ်များတွင် ပူဇော်ကြသည်။

ဤရုပ်တု အစီအရင်မှာ သမထီးလက်ထက်အခါက စတင်ခဲ့သော အစွမ်းထက်မြက်သည့် အစီအရင်ဖြစ်ကြောင်း ကြားသိရလေရာ ဖြစ်စဉ်ကို စေ့ငုကြည့်သည်။

"**ညာတင်**"ဟူသော ဝေါဟာရမှာ အထက်စီးမှနေခြင်း ဖြစ်သည်။ "**တေဇ**"အောင်ဓာတ်ကို အပြန်ပြုကာရန်ဖြင့် ထိန်းကွပ်ထားသည်။ "**ဇတေ**" ဟူသော ဤအပြန်အတွဲမှ "**ညာ**" (အဂ်ီ)အစသည် **ကုတ်(တနင်္လာ)** အဆုံးနှင့် "**စံကူး**" ဓာတ်ရန်မူနေကြသည်။

တေဇအောင်ဓာတ် အပျက်ရန်၊ ဓာတ်ရန်တို့ ပူးပေါင်းကာ ပြင်းထန်သော အရှိန်အဟုန်ဖြင့် ပေါက်ကွဲမှုကို တွန်းအားပေးသည်။ ဤသို့ ရန်၊ **ဝိဇ္ဇာမိတို့၏**




www.burmeseclassic.com

www.burmeseclassic.com



◆ ဦးခေါင်းတော် နောက်သို့ တွဲလျှက်

◆ ရှေ့အထောက်အထား ခန့်မှန်းနိုင်စေသည့် လက်တော်၏ အနောက်ဘက်



**ပေါင်းစည်းပြင်းထန်ကာ ပေါက်ကွဲမှု ပဋိပက္ခဖြစ်စဉ်တွင် အဆိုးများကို** ထိန်းချုပ်နိုင်ရန်အတွက် အတုမရှိသော ဗုဒ္ဓအသွင်တော်ကို ပင့်ဆောင်၍ အရိပ် ခိုလှုံရခြင်း ဖြစ်သည်။

ဤအစီအရင်တွင်ပြုသော ကိစ္စနှင့်ပတ်သက်၍ ကောင်းသောပရိယာယ်များကို အားပြုကာ ဆိုးသောပရိယာယ်များကို သတိပြုရှောင်ကြဉ်ရပါသည်။

အထူးသဖြင့် အင်္ဂါနံကို မူတည်သော အစီအရင်ဖြစ်သောကြောင့် သဘောထားကြီးခြင်း၊ သစ္စာရှိခြင်း၊ ဖွဲ့လုံ့လရှိခြင်း၊ အေးဆေးတည်ငြိမ်စွာ ကာကွယ်ဆောင်ရွက်ခြင်း၊ သူရသတ္တိရှိခြင်း၊ လွတ်လပ်မျှတခြင်း၊ ရှိသေသင့်သူတို့အား ရိုသေလေးစားခြင်းတို့ကို ဆောင်၍...

မျှော်မှန်းချက်ကင်းမဲ့စွာ ပရမ်းပတာ လုပ်ကိုင်ခြင်း၊ အလွယ်တကူ လက်လျှော့တတ်ခြင်း၊ ကိုယ်ကျင့်တရား ပျက်ယွင်းခြင်း၊ ယုတ်ညံ့ခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း၊ အဆင်ခြင်မဲ့ ရဲတင်းခြင်း၊ လက်ရဲဇက်ရဲနှင့် မိုက်ရူးရဲဆန်ခြင်း၊ လက်စားချေခြင်း၊ ကိုယ်နှုတ် အမူအရာ မစောင့်ထိန်းခြင်း စသည်တို့ကို သတိဖြင့် ရှောင် ရှားကြရသည်။

ဤရုပ်တုကို စီရင်ပြုလုပ်ရာတွင် **"ကျွန်းနက်"**ကဲ့သို့နဝင်းကျေသစ်သားကို အသုံးပြုရသည်။ သို့မဟုတ် မိမိ နေ့နံနှင့် ပေါင်းပါက နဝင်းကိန်းကျအောင် ပြုလုပ်ရသည်။ **ဥပမာ...**

**တနင်္ဂနွေသားသမီး + ရဲယိုသား**
၁ + ၈ ၉။

**တနင်္လာသားသမီး + ထိမ်၊ ထန်း၊ ထနောင်း** ၂ + ၇ = ၉။

**အင်္ဂါသားသမီး + သီး၊ ဟုံး၊ သျှိသျှား** ၃ + ၆ = ၉

စသည်ဖြင့် ပြုလုပ်ကြသည်။

ပူဇော်ဖွယ်မှာ ဘုရားရှင်အား ရည်မှန်းကပ်လှူခြင်းဖြစ်၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာ၊ သစ်သီး၊ စားဖွယ် စသည်တို့မှ နိမိတ်ကောင်းသည်များကို ရွေးချယ်ကပ်လှူကြသည်။ **ဥပမာ...**

**အောင်သပြေ၊ ကံ့ကော်** (အောင်မြင်ခြင်း၊ ကံမြင့်ခြင်း)။

**ကောက်ညှင်းဖြင့် ပြုလုပ်သော စားဖွယ်** (စေးကပ်၍ နိုင်မြဲခြင်း)။

**သစ်သီးယိုစုံ** (ချိုမြိန်၍ အရသာရှိခြင်း)

စသည် ရည်မှန်းကြသည်။

ဤသို့ဖြင့် မိမိတို့လိုရာကောင်းကျိုး အဖြာဖြာ ပြည့်စုံနိုင်ကြစေရန် အထက်၊ အသာစီးရသည့် **"ညာတင်"**ကို စွဲမြဲအောင်ချုပ်ကိုင်သည့် **"ကုတ်"**ဖြင့် ဖွဲ့စည်းခေါ်ဝေါ်သော **"ညာတင်ကုတ်"** အစီအရင်ကို အတ္တ၊ ပရ ဟူ သမျှ မျှတစွာ ကျင့်သုံး အောင်မြင်နိုင်ကြပါစေ။

ဇင်ညိုဝေ

www.burmeseclassic.com

www.burmeseclassic.com

# အချစ်များသူလေလား

ကြည့်ပါ။

- **လက်သန်းထိပ်ပိုင်း အတွင်းဘက်ကို ကွေးတယ်။(က)**

ဒါကတော့ ကာမဆောဂုဏ်ကို ဦးစားပေးတဲ့စိတ်ကို ပြတယ်။

- **နှလုံးလမ်းကြောင်း (၂)ကြောင်း ပါသလို ဉာဏ်လမ်းနဲ့ တစ်ထပ်တည်းကျတယ်။(ခ)**

ဒါကတော့ ချစ်ရေး ချစ်ရာနဲ့ ပတ်သက်ရင် ရင်ခုန်လွယ် စိတ်ဝင်စားလွယ် အစွဲအလန်းကြီးခြင်းရဲ့ သင်္ကေတပါ။

***အေးပါစေ၊ အောင်ပါစေ။***


သန်းပညာ






www.burmeseclassic.com

www.burmeseclassic.com



# လက်ဆော့ ပျားစွဲနိုင်မိတော်

လူနေအိမ်၊ ဈေးဆိုင် စသည်တို့တွင် ပျားစွဲပါက ကောင်းသည်၊ မကောင်းသည်ကို မိမိတို့ တွေ့ဖူးကြုံဖူးသည့်အတိုင်း ဖော်ပြရေးသားနေကြသည်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် မကြာခဏ ဖတ်ရှုရပါသည်။

ကျွန်ုပ်၏ နေအိမ်တွင်လည်း လွန်ခဲ့သည့် လေးနှစ်ခန့်က ပျားစွဲဖူးပါသည်။ ပျားစွဲခြင်းနှင့် ပတ်သက်၍ စာအုပ်တစ်အုပ်၌ ဖတ်ရှုဖူးသည်မှာ ပျားစွဲသည့် နေရာကိုလိုက်၍ ကောင်းသည်၊ မကောင်းသည် ကွဲပြားကြောင်း သိရှိရပါသည်။

ကျွန်ုပ်သည် အလုပ်မှ အငြိမ်းစားယူပြီးသည်နှင့် မိမိဒေသတွင် မိမိ ပြန်နေထိုင်ကာ မြို့သစ်တွင် အိမ်တစ်လုံး ဝယ်ယူပြီး အပေါင်ဆိုင် ဖွင့်လှစ်ကာ ပစ္စည်းများ အပေါင်ခံခြင်းလုပ်ငန်းကို လုပ်ကိုင်ပါသည်။ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ အပေါင်ခံပါသည်။

တစ်နေ့သ၌ နံနက်(၉)နာရီခန့်တွင် နေအိမ်အပေါ်မှ ဝီဝီအသံကြီး ကြားရပါသည်။ ကျွန်ုပ်ကြားရသော ဝီဝီအသံကြီးမှာ ကျယ်သည်ထက် ကျယ်လာပြီး အိမ်ခေါင်မိုးပေါ်သို့ မော့ကြည့်လိုက်သောအခါတွင် မည်းမည်းအလုံးကြီးကို မြင်ရပါသည်။

ဝီဝီအသံကြီးသည် ယင်းမည်းမည်းအလုံးကြီးမှ ထွက်ပေါ်လာသော အသံကြီး ဖြစ်ကြောင်းလည်း သိရပါသည်။

စင်စစ်သော်ကား ယင်း မည်းမည်းအလုံးကြီးသည် ပျားကောင်များ အစုအဝေးကြီးဖြစ်ကြောင်း သိရှိရပါသည်။

ပျားများသည် အိမ်ပေါ်တွင် စုဝေးနေကြပြီး အိမ်တွင်းဝင်ရောက်လာကာ တဝီဝီအော်မြည်လျက် လှည့်ပတ်ပျံသန်းနေသည်မှာ မြင်ရသူအဖို့ အသည်းယားစရာ ကောင်းလှပါသည်။

ကျွန်ုပ်မှာလည်း ပျားတုပ်မည်စိုး၍ ပုန်းရှောင်နေရပါသည်။ ပျားကောင်များမှာ သေးသေးမဟုတ်ဘဲ ကျိုင်းကောင်အရွယ်ရှိသော ပျားကြီးများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

လမ်းပေါ်မှ လမ်းသွားမိန်းမကြီးတစ်ဦးက ပျားများကို ဘုရားတွင် ကပ်လှူထားသော သောက်တော်ရေကို စွန့်ယူကာ ပက်ဖျန်းပေးရန်နှင့် သူတို့ကို မေတ္တာပို့ပေးရန် ပြောပါသည်။

ကျွန်ုပ်သည် ဘုရားတွင် ကပ်လှူထားသော သောက်တော်ရေကို စွန့်ယူကာ ရိုးရိုးရေနှင့်ရောပြီး ဖလားခွက်တွင် ထည့်ကာ ပျားများအား ပက်ဖျန်းပါသည်။

ပါးစပ်မှလည်း ပျားများကို မေတ္တာပို့ပါသည်။ ကျွန်ုပ်၏ ကိုယ်ခန္ဓာကိုလည်း ပျားများ မတုပ်မိစေရန် ပုဆိုးနှစ်ကွင်းဖြင့် ပတ်ထားရပါသည်။

များမကြာမီမှာပင် ပျားကြီးများသည် နေအိမ်အတွင်းမှ အပြင်သို့ ပျံထွက်သွားပါသည်။ ကျွန်ုပ်လည်း ပျားများ မရှိတော့ကြောင်း သေချာတော့မှ ကိုယ်တွင် ပတ်ထားသော ပုဆိုးများကို ဖယ်ချကာ အလုပ်လုပ်ရန် စားပွဲ၌ ထိုင်လိုက်ပါသည်။

မကြာမီ ပစ္စည်းပေါင်သူတစ်ဦးမှ သူ့ပုဆိုးတစ်ထည်ကို လာရွေးပါသည်။ အထည်ပစ္စည်းများကို ဗီရိုကြီးထဲတွင် ထားရှိပါသည်။

ဗီရိုကြီးသည် ကျွန်ုပ်၏ ဇနီးသည် အထည်ရောင်းစဉ်က အသုံးပြုခဲ့သော ဗီရိုဖြစ်ပြီး အလျား(၁၀)ပေ၊ အမြင့်(၈)ပေ၊ အနံ(၂)ပေခန့် ကျယ်ဝန်းပြီး စုစုပေါင်း အထပ်(၄)ထပ်ရှိပါသည်။ အထည်ပစ္စည်းများကို ယင်း ဗီရိုကြီးထဲတွင် အပြည့်ထည့်ထားပါသည်။

ပုဆိုးယူရန်အတွက် ဗီရိုအား ဖွင့်လိုက်ရာ ကျွန်ုပ် မြင်တွေ့ရသည်မှာ ပျားကြီးများသည် ဗီရိုအတွင်း မည်သည့်အပေါက်မှ ဝင်သည်မသိရဘဲ အထက်ထပ်မှ ဒုတိယထပ်အထိ ဘယက်ကြီးသဖွယ် တွဲရရွဲဆွဲလျက် စွဲနေပါတော့သည်။

ကျွန်ုပ်သည် စောစောက ကျန်သေးသော ရေဖြင့် ပျားကြီးများအား ပက်ဖျန်းကာ ဖယ်ရှားပေးရန် တောင်းပန်ရပါသည်။ ထိုခဏမှာပင် ပျားများသည် အထည်များကို စွဲနေရာမှ တစ်ကောင်ချင်းစီ ပျံထွက်သွားပါတော့သည်။

အထည်များ ပျားစွဲပြီးနောက် ကျွန်ုပ်သည် **ထီဆုသေးလေးများ(၄)ကြိမ်မျှ ဆွတ်ခူးရရှိပါသည်။** ရသောငွေကိုလည်း အလှူအတန်းပြုလုပ်ခြင်း၊ ရရှိသော ကုသိုလ်အဖို့ကို ပျားများအား အမျှအတန်းပေးဝေခြင်း ပြုလုပ်ရပါသည်။ နောက်ထပ် ပျားစွဲခြင်း မ[illegible] တွေ့ရတော့ပါ။

**မင်းသန့်ကျော်(ဇီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com

# ပအောက် ဖြိုးတောင် ဆရာတော်

နှင့် ဒူးရင်းစမ်းတောရ သာသနာမြေ (၃)

စံလွင်နွယ်သာ

**ယခင်လမှ အဆက်**


အဲဒီနေ့ တစ်နေ့လုံး ဝေဒနာနဲ့ နပန်းလုံးနေရတယ်။ လက်တစ်ဖက်က အေးပြီး တစ်ဖက်က နွေးနေတယ်။ ပင်ပန်းလွန်းလို့ တရားမှတ်ဖို့တောင် စိတ်ပျက်အားလျော့ချင်မိပေမယ့် အားတင်းပြီး ဆက်မှတ်ဖြစ်ပါတယ်။

▲ ၂၂-၁-၂၀၀၆။ ။ ဖောင်းပိန် နာရီဝက်၊ ဝေဒနာ နာရီဝက်စီ ဖြစ်နေတယ်။ ဖောင်းပိန်မှတ်ရင်း မိမိ ကိုယ်ခန္ဓာကို တရားထိုင်နေပုံ အတိုင်း မြင်ရတယ်။

အဲဒီနေ့လဲ ဖောင်းတာ ပိန်တာ ရှေ့တိုးနောက်ဆုတ် ဘယ်ညာ ရွေ့နေတယ်။ ညနေ တရားလျှောက်တော့ ဆရာတော်က ကြိုးစားမှတ်ပါလို့ပဲ မိန့်တယ်။

▲ ၂၄-၁-၂၀၀၆။ ။ နံနက် ၈,ထိုင်တဲ့ အချိန် အလင်းကွက် အဝိုင်း ကလေး တွေ့ရတယ်။ ဒုတိယ အချိန် ဆက်ထိုင်တော့ တွင်းနက်ကြီးကို မျက်စိတစ်ဆုံး မြင်ရတယ်။ အမည်းရောင်နဲ့ အနီရောင် အလုံး နှစ်လုံး ဘယ်ညာ တွေ့ရတယ်။ တဖြည်းဖြည်း မြင့်တက်သွားပြီး သေးသေးကလေး ဖြစ်သွားချိန်၊ အားလုံး အနီရောင် ဖြစ်သွားတယ်။

နေ့လယ် ထိုင်တဲ့အချိန် လက်တစ်ဖက် ဘယ်လက်ကြီးလာတာ မြင်ရတယ်။ ခန္ဓာကိုယ် ဟင်းလင်းပြင်ကြီး ဖြစ်ပြီး ထိုင်တယ်, ထိတယ် မှတ်လိုက်



ဓမ္မစကြာ ရုပ်ပွားမှုဦး

တော့ ကိုယ်ခန္ဓာ တဖြည်းဖြည်း သေးသွားတာ တွေ့ရတယ်။

ညဦးပိုင်း ထိုင်ချိန်မှာ ဝေဒနာ နည်းနည်းတက်ပြီး ပူလာတယ်။ နောက်တော့ နွေးလာတယ်။ ကိုယ်ခန္ဓာလဲ တစ်ဖက် ယိုင်စောင်းနေတယ်။ ညနောက်ပိုင်း ထိုင်ချိန်မှာလဲ ကိုယ်ခန္ဓာ ယိုင်စောင်းနေပြီး ခြေဖဝါး တစ်ဖက် နှစ်ခြမ်းကွဲသွား၊ ပျစ်ချွဲချွဲအရည်တွေ စီးကျနေတာ မြင်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

▲ **၂၆-၁-၂၀၀၆**။ ။ နံနက်ပိုင်း ထိုင်ချိန် တစ်ကိုယ်လုံးယား နေရခက်နေတယ်။ ရှေ့မှာ အနီရောင်တွေ ဖြစ်နေပြီး ပိုးကလေးတွေ တက်လိုက်၊ ဆင်းလိုက် ရှင်းရှင်းလင်းလင်း မြင်နေရတယ်။

တရားဖြုတ်လို့ စင်္ကြံလျှောက်တော့ ကိုယ်ခန္ဓာ အလိုလို ပေါ့ပါးလာ၊ ခြေဖဝါးတွေ အေးနေတယ်။ နောက် တစ်ကိုယ်လုံး အေးသွားပြီး ကိုယ်ကြီးက လေးလာတယ်။ နောက် တဖြည်းဖြည်း ပေါ့သွားပြန်တယ်။

နေ့လယ်ထိုင်ချိန် ဖောင်းတာ ပိန်တာ နှေးနေတယ်။ စက်ခုတ်မောင်းနေသလိုပဲ။ ရှေ့နောက် ဘယ်ညာ ဖောင်းလိုက်ပိန်လိုက် ဖြစ်လာတယ်။

နောက်တော့ အလင်းရောင် ပေါ်လာပြီး ကိုယ်ကြီးလေးလာ၊ ဆက်မှတ်တော့ မျက်နှာပိုင်းမှာ ဖောင်းပိန်မြင်ရပြီး ကိုယ်ခန္ဓာ မဲ့သလို ဖြစ်သွားတယ်။ နောက် ခြေချောင်းတွေနာလာ၊ ကိုယ်ခန္ဓာ လင်းလိုက်မှောင်လိုက်ဖြစ် ပန်းတွေ မြင်ရတယ်။ နာနေတဲ့ ဝေဒနာ ပျောက်ပြီး အေးလာတယ်။

ဆက်မှတ်တော့ စိတ်လဲငြိမ်ပြီး ဘယ်မှမထွက်၊ မှတ်လို့သိပ်ကောင်းပါတယ်။ ညဘက်ထိုင်တော့ ဖောင်းပိန်က မြန်ပြီး လေရှူတာ နှေးနေတယ်။ နောက်တော့ ကိုယ်ခန္ဓာ အောက်ပိုင်း နေရောင်ထိုးထားသလို လင်းနေတယ်။ တရားဖြုတ် စင်္ကြံလျှောက်တော့ ကြွတဲ့အချိန် ပေါ့ပါးပြီး ချတဲ့အချိန် ပူတယ်။ ဖောင်းပိန်မှတ်တော့ တည်ငြိမ်ပြီး မှတ်လို့ သိပ်ကောင်းတယ်။

▲ **၇-၂-၂၀၀၆**။ ။ နံနက်ပိုင်း တရားထိုင်ချိန်မှာ တံခါးပိတ်သံကို ဖုံးပေါက်သံလို ကြားရပြီး လန့်သွားတယ်။ ကြိုးစားမှတ်တော့ မှတ်လို့ရ



ဓမ္မစကြာ တရားဦး ဟောဟန်

လာတယ်။ ခန္ဓာကိုယ်ထဲမှာ ဘာမှ မရှိသလို ရှင်းနေတာ မြင်ရတယ်။ အသက်ရှူနေတာလဲ မြင်ရတယ်။ ကိုယ်ခန္ဓာ အပေါက်ကြီး ဖြစ်သွားတာ တွေ့ရတယ်။

နေ့ခင်း (၂) နာရီမှာ မီးလိုပူ၊ နောက်တော့ နွေးပြီး အေးသွားတယ်။ (၃) နာရီမှာ တရားဖြုတ်လို့မရတာနဲ့ ဆက်ထိုင်တယ်။ မှတ်လို့ကောင်းလာတယ်။ (၄) နာရီမှာ တရားဖြုတ် စင်္ကြံလျှောက်၊ သူ့အလိုလို လျှောက်နေပြီး ခြေလက်တွေ ပျော့ပျောင်းနေတယ်။ မှတ်နေရင်း တစ်ချက်၊ တစ်ချက် သမ်းတယ်။

▲ **၈-၂-၂၀၀၆**။ ။ မျက်စိထဲ ရေခဲတုံးလိုဖြစ်နေ၊ မျက်နှာတစ်ခုလုံးလင်း။ ဖောင်းပိန်မှတ်တော့ ဗိုက်က ရှူထွက်လာ၊ ပြန်ကျုံ့ဝင်သွား။ ပိတ်စ တစ်စလို ရှည်ထွက်လာ တဖြည်းဖြည်း ပြန်ပိန်သွား။

▲ **၉-၂-၂၀၀၆**။ ။ တစ်ချိန် အမှတ်ကောင်း၊ တစ်ချိန် ဝေဒနာဖြစ်နေ။

▲ **၁၃-၂-၂၀၀၆**။ ။ ကိုယ် နှစ်ခြမ်းကွဲသွား၊ တစ်ခြမ်းလင်း၊ တစ်ခြမ်းမှောင် ဖြစ်နေ။ နောက် ကိုယ်ခန္ဓာ ပျောက်သွား၊ မျက်စိမှာ ဖောင်းပိန်ဖြစ်နေ။ ထိုင်တယ်, ထိတယ် မှတ်တော့ ကိုယ်လုံးက နောက်ကို ဆုတ်ဆုတ်သွားသလို ဖြစ်နေတယ်။

▲ **(၁၅)ရက်၊ (၁၆)ရက်** တွေမှာ တည်ငြိမ်၊ မှတ်လို့ကောင်း၊ တစ်ခါတလေ ပူနွေးဖြစ်။

▲ **၁၉-၂-၂၀၀၆**။ ။ ဖောင်းပိန်တည်ငြိမ်၊ ဝေဒနာမတက်၊ ခန္ဓာကိုယ်လင်းလာ။ ဝမ်းဗိုက်ကိုစိုက်မှတ်၊ ကွင်းပြင်ကြီးဖြစ်၊ လင်းနေ။ မှတ်ရင်းသမ်း၊ မျက်ရည်လဲကျ။

အချိန်ပြည့်တော့ ဖြုတ်မရ၊ ဆက်ထိုင်။ ဝေဒနာတက်၊ ကိုယ်ခန္ဓာ စောင်းနေတာ မြင်ရ။ ဖောင်းပိန် အမှတ်ကောင်း။

သူ၏ မှတ်တမ်းမှာ **၁၆-၁-၂၀၀၆** မှ **၁၉-၂-၂၀၀၆** အထိ တစ်လတာ တရားစခန်းဝင်စဉ်က မှတ်သားထားခြင်း ဖြစ်သည်။

ထို့နောက် ဆရာတော်က သဒ္ဓါရုပေက္ခာဉာဏ်နှင့် ပတ်သက်၍ ဝိသုဒ္ဓိမဂ်မှ ထုတ်နှုတ် ရှင်းပြသည်။





www.burmeseclassic.com

www.burmeseclassic.com



ဒူးရင်းစမ်းသိမ်

## ဝိသုဒ္ဓိမဂ်လာ သင်္ခါရုပေက္ခာဉာဏ်

'သင်္ခါရုပေက္ခာ မည်သောဉာဏ်သည် ပူပန်ခပ်သိမ်း ငြိမ်းရာဖြစ်သော အမတဓာတ်၏ နိဗ္ဗာန်မြတ်ကို ငြိမ်သက်သော သန္တိအားဖြင့် အကယ်၍ မြင်နိုင်ကြအံ့။ ခပ်သိမ်းသော သင်္ခါရတို့၏ ဖြစ်ခြင်းကို စွန့်၍ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်၏။

နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် မရှုသည်ဖြစ်အံ့။ သင်္ခါရတရားတို့သာလျှင် အဖန်ဖန် အာရုံရှိသည်ဖြစ်၏။

သင်္ခါရုပေက္ခာ ဝိပဿနာဉာဏ်သည် အနုပဿနာသုံးပါး၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့် သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ သုံးပါးတို့၏ သမ္ပယုတ်တရားတို့ကို အစိုးရသောအဖြစ်၏ အစွမ်းဖြင့် သုံးပါးအပြားရှိသော ဝိမောက္ခမုခ၏ အဖြစ်သို့ ရောက်၏။ အနုပဿနာ သုံးပါးတို့သည်ပင်လျှင် "ဝိမောက္ခမုခ" သုံးပါးတို့ပင်တည်း။

**ဥပမာ**... သမုဒ္ဒရာ၏ ကမ်းနှစ်ဖက်ကူးကုန်သော ကုန်သည်တို့သည် သင်္ဘောသို့ရောက်သော် အရပ်မျက်နှာကိုသိသော "ဒိသာကာက" ကျီးကို ဖမ်းယူကုန်၏။ အကြင်အခါ၌ သင်္ဘောသည် ကမ်းကိုမမြင်ရ၊ ဘယ်ရောက်မှန်းမသိ၊ လမ်းမှားသောအခါ၌ ဒိသာကာကကျီးကို လွှတ်ကုန်၏။

ထိုကျီးသည် လင်းယဉ်တိုင်မှ အရပ်လေးမျက်နှာသို့ လည်းကောင်း၊ ထောင့်လေးထောင့် အရပ်သို့လည်းကောင်း အစဉ်သဖြင့် ပျံဝဲ၏။ အကယ်၍ ကမ်းကို မမြင်ငြားအံ့။ ထိုကျီးသည် လင်းယဉ်တိုင်သို့ နားလာပြန်သကဲ့သို့ ထို့အတူ သင်္ခါရုပေက္ခာဉာဏ်သည် ပူပန်ခပ်သိမ်း ငြိမ်းအေးရာဖြစ်သော အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကို ငြိမ်သက်သော မျက်စိအားဖြင့် အကယ်၍ ရှုအံ့၊ အလုံးစုံသော သင်္ခါရ၏အဖြစ်ကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာ ပြေးဝင်၏'

ဟူ၍ ဖြစ်သည်။

## ဒူးရင်းစမ်းမှ ဗိတ်ဖန္တကာ

ဒူးရင်းစမ်းတောရ မဟာဗောဓိမြစိမ်းတောင်ဆရာတော် **(ဒူးရင်းစမ်းနှင့် ဆရာတော် ၁၅ နှစ်တာမျှ ကွဲကွာနေစဉ်ကာလ ကျိုက်မရောနယ် တစ်ဝိုက်တွင် မြစိမ်းတောင် ဆရာတော် အတန်များစွာ ပေါ်ထွက်လာသဖြင့် ကွဲပြားစေရန် မဟာဗောဓိမြစိမ်းတောင်ဟု ဝိသေသပြုရခြင်းဖြစ်သည်။)**

အရှင်ရာဟုလာ၏ ကျင့်စဉ်တရားမှာ ဖောင်းသည်ပိန်သည်ကို စတင် ရှုမှတ်ကာ သမာဓိ ထူထောင်ရခြင်း ဖြစ်သည်။ ဝေဒနာ ပေါ်လာသောအခါ နာတယ်၊ ကျဉ်တယ်၊ စူးတယ်၊ အောင့်တယ် စသည်ဖြင့် ဝေဒနာကို မှတ်ရသည်။ ဝေဒနာ လျော့ပါးသွားသောအခါ ဖောင်းသည်ပိန်သည်ကို ဆက်မှတ်ရသည်။

ဆရာတော်ထံသို့ ရပ်နီးရပ်ဝေးမှ ယောဂီများစွာ လာရောက်ကာ ကြိုးစားအားထုတ်ပါသော်လည်း ခရီးမရောက်ဘဲ အခက်အခဲ ကြုံနေရသည်များကို လျှောက်ထား အကြံတောင်းလေ့ ရှိကြသည်။

တစ်ခါသော် ဘုတလင်နယ်မှာ သက်ကြီးရွယ်အို ဒါယကာတစ်ဦး တရားအဆင့် တိုးတက်မှုမရှိခြင်းကို လာရောက်မေးမြန်းသည်။ ထိုသူမှာ မန္တလေးရှိ ကျောင်းတိုက်ကြီး တစ်တိုက်မှ ပဓာန ဆရာတော်ကြီးအဖြစ်မှ ပရိသုဒ္ဓပြုသွားသော လူပြန်တော် တစ်ဦး ဖြစ်သည်။

ဆရာတော်က တရား စစ်ဆေးသောအခါ နတ်ဒေဝတာများနှင့် တွေ့ဆုံ ပြောဆိုနေရခြင်းကို သာယာ ကြည်နူးနေ၍ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် လိုအပ်သည်များကို လမ်းညွှန်ပဲ့ပြင်ပေးလိုက်ရာ ဘုတလင်သို့ မပြန်မီတွင်ပင် ငြိမ်းအေးသော သန္တိသုခကို ခံစားသွားရလေသည်။

ထို့ကြောင့် မက်ဖိုလ်ကို လိုချင်စိတ်ဖြင့် ကြိုးစားပမ်းစား အားထုတ်ကြသူများ မည်သို့ပင် အားထုတ်ပါသော်လည်း အခက်အခဲကြုံကာ ခရီးမတွင်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေကြပါလျှင် ဒူးရင်းစမ်းတောရသို့ လာရောက်ကာ ဆရာတော်ထံမှ နည်းနာ၊ အကြံဉာဏ် ခံယူနိုင်ကြပေသည်။

ဒူးရင်းစမ်းမှ အပြန်တွင် မဟာဗောဓိစေတီအား ဝင်ရောက် ပူဇော်ရာ တောင်ပို့၍ လမ်းပိတ်နေသဖြင့် အဝေးမြင်ကွင်းကောင်းသောနေရာမှ လှမ်း၍ မှတ်တမ်းပြု တင်ပြလိုက်ပါသည်။

## ခမာဂုဏ်နှင့် ပြည့်စုံသောဆရာတော်

ဒူးရင်းစမ်းမှ ပြန်လာပြီးနောက် ဆရာတော် ဒူးရင်းစမ်း မရောက်မီ နောက်ဆုံး သီတင်းသုံးခဲ့ရာ ကံမမြို့မှ မိတ်ဆွေများထံ တယ်လီဖုန်းဖြင့် ဆက်သွယ် ပြောဆိုဖြစ်ရာ ဆရာတော်၏ ခမာဂုဏ်နှင့် ပြည့်စုံခြင်းကို သိရှိ ကြည်ညိုရလေသည်။

ကံမမြို့၊ ပုထိုးတောင်ထက်တွင် ပြိုကျ ပျက်စီးလျက်ရှိသော ဒွတ္တဘောင်မင်း ကောင်းမှုစေတီအား ဆရာတော် ဦးဆောင်ကာ အသစ်တစ်ဖန် မွမ်းမံတည်ဆောက်ခဲ့သည်။ ၁၃၆၁ ခုနှစ်၊ တပေါင်းလမှ စတင်ကာ (၁၁)လကြာ အချိန်ယူ၍ ကုန်ကျငွေ ကျပ်သိန်း (၁၀၀)ခန့် သုံးစွဲ တည်ဆောက်ရသည်။

ဤစေတီတော်ကြီးအတွက် ထိုစဉ်က သရက်ခရိုင် ခ–ယ–က ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး တင်စိုးနှင့် အဖွဲ့ ဦးဆောင်သော ဌာနဆိုင်ရာလူကြီးများ၊ မုဒ့်မောင်မောင် (ကားပစ္စည်း ရောင်းဝယ်ရေး) ကိုကျော်စိုး (ဂျပန်ဟိုတယ်၊ မော်လမြိုင်) သရုပ်ဆောင် ထက်ထက်မိုးဦး အပါအဝင် ရပ်နီးရပ်ဝေးမှ ကောင်းမှုရှင်များ ကုသိုလ် ပါဝင်ခဲ့ကြသည်။ ၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း (၁၄)ရက်နေ့တွင် ထီးတော်တင်လှူ ပြီးစီးသည်။

ထို့အပြင်လည်း ကံမမြို့တွင်းရှိ **"မြရေတောင်ဘက်"** ဘုန်းတော်ကြီးကျောင်းတွင်း၌ (၈) နှစ်ကြာ မပြီးပြတ်



◆ ဒူးရင်းစမ်းတောရ အဝင်မုခ်

သေးသော ဂန္ဓကုဋီတိုက်ကြီးကို အပြီးသတ် ဆောင်ရွက်ပေးတော်မူခဲ့သည်။

၁၃၆၄ ခုနှစ်တွင် ယွန်းကျောင်းတိုက် နာယကဆရာတော်နှင့် မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်တို့၏ မေတ္တာရပ်ခံချက်အရ ရှေးဟောင်း ရုပ်ပွားတော်များ စံပယ်ရန် ဂန္ဓကုဋီတိုက်တော်ကြီးတစ်ဆောင် ဆောက်လုပ်ပေးခဲ့သည်။

ထို့မှတစ်ပါး အခြားသော သာသနိက အဆောက်အအုံ စေတီပုထိုးများစွာ ဦးဆောင် ပြုပြင်ပေးခဲ့ရာ ကံမြို့ မြို့နယ်တွင်းရှိ ဆရာတော် သံဃာတော်များ အလေးထားမှု၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ နာမည်ကျော် သရုပ်ဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ဆည်းကပ်ပူဇော်မှုတို့အတွက် မရှုစိမ့်နိုင်သူ တစ်စုက ဆရာတော်သည် ဝိနည်းသိက္ခာပုဒ်များ ဖောက်ဖျက်ကြောင်း ဗဟို သံဃနာယကအဖွဲ့ထံ တိုင်ကြား အမှုဆင်ခဲ့သည်။

ဆရာတော်က သံသယ ကင်းရှင်းစေသည့်အထိ အစစ်ဆေးခံ သီတင်းသုံးပြီးနောက် မိမိကြောင့် သူတစ်ပါး အပြစ်မရစေရန် ကံမမြို့မှ စွန့်ခွာ၍ မူလအောင်မြေဖြစ်သော ကျိုက်မရော မြို့နယ်၊ တောင်ညိုတောင်ကြောရှိ ဒူးရင်းစမ်းလျှိုမြောင်သို့ ၂၀၀၅ ခုနှစ်တွင် ပြန်လည် ကြွရောက်တော်မူလေသည်။

## ဖရောကမ်းအာဆွယ်က ဆင်စွယ်ပုတီး

၁၉၉၉ ခုနှစ်ကာလ...

ထောက်ကြံ့ရဲဟု ခမ္ဘမိတ်ဆွေ၊ ရင်းနှီးသူတို့က အနွတ္တသညာ ပြုကြသည့် (ထိုစဉ်က) ထောက်လှမ်းရေး ဒုတပ်ကြပ် ဇော်ဝင်းဦး၊ ရဲတပ်ဖွဲ့ မြို့နယ်မှူး ဦးမောင်မောင်မြင့်၊ ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဝင်းတင့်တို့ သုံးဦးသည် ပုထိုးတောင် မြသီတင် စေတီတော် ပြန်လည် ပွင့်ထွန်းရေးအတွက် အားကြိုးမာန်တက် အလုပ်များလျက်ရှိစဉ် အရေးတကြီး တယ်လီဖုန်း သတင်းဟု ဆိုသဖြင့် အပြေးအလွှား သွားရောက်နားထောင်သည်။

'မြောက်ဆင်းဆရာတော် ဦးရာမာလာ (ယခု ဒူးရင်းစမ်းတောရ ကြီးတောင် ဆရာ



www.burmeseclassic.com

www.burmeseclassic.com

တော်) ပြောခိုင်းတယ်။ ကမ်းနားပိုင်း အဆွယ်ကလေးမှာနေတဲ့ ကိုဘဦး၊ အရပ်ပုပု ဂင်တိုတိုနဲ့ လူဆီက ဆင်စွယ်ပုတီးကို သူကျေနပ်လောက်အောင် ပံ့ပိုးပြီး ယူလာပေးပါတဲ့'

အရေးကြီးမှုသာ ဤကဲ့သို့ မှာလေ့ရှိသဖြင့် ဦးအောင်ဝင်းတို့ သုံးဦး လုပ်လက်စ အလုပ်များ ခေတ္တရပ်နားကာ မင်းတုန်းချောင်းနှင့် ဧရာဝတီမြစ်တို့ ပေါင်းဆုံရာ ချောင်းအဆွယ်ရှိ ကိုဘဦးနေအိမ်သို့ စုံစမ်း ရောက်ရှိသွားကြသည်။

'ကိုဘဦး ရှိပါသလား'

'ရှိပါတယ်၊ အဝတ်လဲနေလို့ ခဏကလေးနော်'

မကြာမီ အရပ်ပုပု ဂင်တိုတိုနှင့် လူတစ်ဦး ထွက်လာသည်။

'ဟာ... ဆရာတို့ပါလား၊ ဘာကိစ္စရှိပါလိမ့်'

'ကိုဘဦးဆီမှာ ဆင်စွယ် ပုတီးတစ်ကုံး ရှိတယ် ဆိုလို့ပါ'

'ဗျာ... ရှိ့ရှိပါတယ်'


'အဲဒါလေးကို မြောက်ဆင်း ဆရာတော်ဆီ ကပ်ချင်လို့ ကူညီပါဗျာ၊ ခင်ဗျားအတွက် အဆင်ပြေအောင် စီစဉ်ပေးပါ့မယ်'

'ရပါတယ် ဆရာတော်ကို လှူဖို့အတွက်ပဲ'

ကိုဘဦးက ဘုရားစင်ထောင့်ရှိ အထုပ်ကလေးတစ်ထုပ် ယူလာပေးသည်။ မျက်နှာသုတ်ပဝါဖြင့် သေချာစွာ ထုပ်ပိုးထားခြင်း ဖြစ်သည်။ အတွင်း၌ ဝါကြန့်ကြန့် ဆင်စွယ်ပုတီးတစ်ကုံး၊ စိပ်ဖန်များသဖြင့် ပြောင်လက်နေသည်။

'ကိုဘဦး ဘယ်လောက်လိုချင်သလဲ'

'မသိဘူးလေ။ ကျွန်တော်လဲ



◆ မွှောရုံ

ကောက်ရတာပဲ'

'ဘယ်က ကောက်ရတာလဲ'

'ဒီနေ့လယ် မြစ်ကမ်းမှာ ရေချိုးနေတုန်း ရေပြင်မှာ ကြာရွက်လိုလို တွေ့မိတယ်။ အနီးကပ်ကြည့်တော့ ပုတီးတစ်ကုံး၊ ကြာရွက် ပုံစံဝိုင်းပြီး ရေပေါ် ပေါလောပေါ်နေတယ်။ ဒီလောက် အလေးချိန်စီးတဲ့ပုတီး ရေပေါ်နေလို့ အံ့သြပြီး ကမန်းကတန်း အိမ်ပြန်လာ၊ ဘုရားစင်မှာ သိမ်းပြီးလို့ အဝတ်အစား လဲနေတုန်း ဆရာတို့ ရောက်လာတာပဲ'

ဆရာတော် အကြောင်းကြားခိုင်းသည့်အချိန်သည် ကိုဘဦး ပုတီးကို တွေ့စအချိန် ဖြစ်ပေမည်။

ဦးအောင်ဝင်းတင့်က မှန်းဆ၍ ငွေသုံးသောင်းပေးကာ ပုတီးကို ယူလာခဲ့ကြသည်။ ထို့နောက် အိမ် မဝင်တော့ဘဲ မြောက်ဆင်း ဆရာတော်ထံ ဆိုင်ကယ်ကိုယ်စီဖြင့် သွားရောက် ကပ်လှူကြသည်။

ဆရာတော်က ဝတ္ထုငွေ သုံးသောင်း၊ ခတ်ဆီ တစ်ပုံးနှင့် စမ ရေးထားသော ရွှေပြားတစ်ချပ် စွန့်လှူသည်။

'အနာဂါမ်တစ်ဦး စိပ်ပွားခဲ့တဲ့ ပုတီး၊ အင်မတန် ထက်မြက်တယ်'

ဆရာတော်က ဤမျှသာ မိန့်ကြားသဖြင့် သုံးဦးသား ကံမမြို့သို့ ပြန်လာခဲ့ကြလေသည်။

ဒီအဖြစ်အပျက်ကလေးက ထူးထူးခြားခြား အမှတ်တရပါပဲ။ ဆရာတော်ကြီးက ဝိဇ္ဇာဓရနည်းနိဿယတွေမှာလဲ အတော့်ကို ခရီး ရောက်ခဲ့ဖူးတယ်။ နောက်ပိုင်းမှ အားလုံးကိုစွန့်ပြီး ဝိပဿနာဘက် လုံးလုံးလျားလျား ကူးပြောင်းသွားခဲ့တယ်။

တရားထူးရပြီလို့ မိန့်တော်မမူပေမယ့် ဆရာတော်ကြီးတွေ ပြောစကားအရ အောင်မြင်ပြီးပြီလို့ လူအများက ယုံကြည်ကြပါတယ်'


ကံမမြို့မှ ဦးအောင်ဝင်းတင့် ပြောပြခြင်း ဖြစ်သည်။ ဆရာတော်ကမူ ဤကိစ္စများကို တစ်ခွန်းတစ်ပါဒမျှမမြွက် **"တရားစစ် တရားမှန်ကို အမှန်တကယ် လိုလား အားထုတ်လိုပါလျှင် လမ်းပြ ကူညီပါမည်"** ဟုသာ မိန့်ကြားတော်မူလေသည်။

စံထွန်းသာ

www.burmeseclassic.com

ဟူကွင်းဇီ

# တရုတ်ကြိုးထုံးပညာ (၈၁)




ယခင်လမှ အဆက်

| |
|---|
| အခြေခံ ကြိုးထုံးနည်း(၈၁) |
| 吉祥葫芦 |
| (ကျိ ရှန် ဟူ လူ)Ji Xiǎng Hú Lú |
| မင်္ဂလာဘူးသီး ကြိုးထုံး |

**"ကျိရှန်ကျဲ"** ကျက်သရေမင်္ဂလာ ကြိုးထုံးနည်းကို တရုတ်ကြိုးထုံးပညာ (၅၄)တွင် လေ့လာခဲ့ကြပြီးဖြစ်သည်။


ကျိရှန်ကျဲ ကျက်သရေမင်္ဂလာ ကြိုးထုံးနည်းကို အခြေခံ၍ မင်္ဂလာဖြောက်အိုးချည်နည်း [တရုတ်ကြိုးထုံးပညာ (၈၀)]တွင်လည်း အသုံးပြုခဲ့ပြီး ဖြစ်သည်။


ပုံ(၁) ကျက်သရေ မင်္ဂလာကြိုးထုံးနည်းဖြင့် စတင်ချည်ထုံးပါ။


ပုံ(၂) ငြိမ်းချမ်းရေး ကြိုးထုံးနည်းဖြင့် စက်ဝိုင်းပုံ နှစ်ထပ်ရအောင် ထုံးချည်ပါ။


[ငြိမ်းချမ်းရေး ကြိုးထုံးနည်းကို ၂၀၁၀ ပြည့်နှစ်၊ ဖွန်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ(၂၈၇)တွင် ဖော်ပြပြီးဖြစ်ကာ ယင်းနောက် ဖော်ပြသော ကြိုးထုံးနည်းများ၌လည်း အကြိမ်ကြိမ် သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။]


ပုံ(၃) နောက်ထပ် စက်ဝိုင်းပုံတစ်ခုကို ငြိမ်းချမ်းရေး ကြိုးထုံးနည်းဖြင့် သုံးထပ်ရအောင် ချည်ထုံးပါ။ ပျမ်းမျှခြင်း (၂၂)ကြိမ်မှ ချည်ထုံးရပါသည်။



















www.burmeseclassic.com

www.burmeseclassic.com




ပုံ(၄) သီးခြား ကြိုးတစ်ချောင်းဖြင့် ငြိမ်းချမ်းရေး ကြိုးထုံးနည်း, အကြိမ်(၂၀)ခန့် ထုံးပါ။

ပုံ(၅) မူလ စက်ဝိုင်းကွင်းဆက်၏ အထက် စက်ဝိုင်းကွင်းအတွင်း ခွေသွင်းပါ။

ပုံ(၆) သီးခြား ကြိုးတစ်ချောင်းကို ထပ်မံ၍ ငြိမ်းချမ်းရေးကြိုးထုံး နည်းဖြင့် အကြိမ်(၃၀)ခန့် ချည်ထုံးပါ။

ပုံ(၇) မူလ စက်ဝိုင်းကွင်းဆက်၏ အောက် စက်ဝိုင်းကွင်းအတွင်း ခွေထည့်ပါ။ ဘူးသီးပုံရပါပြီ။

ပုံ(၈) ရရှိလာသော ဘူးသီးပုံတွင် ကြယ်သီးပုံချည်နည်း(ခ) ချိုးနို့ ကျဲဖြင့် အဆုံးသတ် ချည်ထုံး ပါ။

[ချိုးနို့ကျဲ ကြယ်သီးပုံချည်နည်း (ခ)ကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာထုတ် နဂါးငွေ့ရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ (၁၄၉)၌ ဖော်ပြပြီး ဖြစ်ပါသည်။]

ပုံ(၉) အဝိုင်း၏ ဗဟိုချက်နှစ်နေရာ၌ ကြိုးစနှစ်ခုအဆုံးတွင် ရောင်စုံ ဘော်ကြယ်လုံးများ တစ်လုံးစီ ထည့်သွင်းပေးခြင်းဖြင့် မင်္ဂလာ ဘူးသီး ကြိုးချည် နည်းပြီးဆုံး ပါပြီ။

ပုံ(၁၀) **"မင်္ဂလာဘူးသီး"** အဆင် တန်ဆာ ဖြစ်သည်။

ဤမင်္ဂလာဘူးသီးသည် တရုတ် ဗုဒ္ဓဘာသာ ထုံးစလေ့အရ...

သာသနာ့ဘောင်မှ ရတနာ(၈)ပါး အနက် အမှတ်(၆)ဖြစ်သော (宝瓶) **"ပေါင်ဖိင်း"** (Bǎo Píng) ရတနာ ရေဘူးပုံစံဖြစ်လေရာ အထွတ်အမြတ် ထားအပ်သော နေ့ထူးနေ့မြတ်များတွင် အိမ်ကျက်သရေဆောင် မင်္ဂလာပြည့်ဝ စေသော အဆင်တန်ဆာတစ်ခု ဖြစ် လေသည်။

**ဟူဂျင်းဖီ**

စာမျက်နှာ (၈၀)မှ အဆက်

(က) **ဘော်သွေး** (ကွမ်းရွက်စိမ်းရည်တွင် (၇)ကြိမ်လောင်း)။

(ခ) **မိုးကြိုးသွေး** (သံပရာရည်တွင် (၇)ကြိမ်လောင်း)။

(ဂ) **ရွှေသွေး** (ရှားစောင်းသတ္တုရည်တွင် (၇)ကြိမ်လောင်း)။

(ဃ) **ပုလဲသွေး** (ကြံသကာရည်တွင် (၇)ကြိမ်လောင်းပါ)။

(င) **ပိတုန်းတောင်ပံသွေး** (အုန်းစိမ်းရည်တွင် (၇)ကြိမ်လောင်း)။

(စ) **ကြယ်တာရာသွေး** (ထောပတ်တွင် (၇)ကြိမ်လောင်း)။

(ဆ) **မြင်းဆီတွင်** (၇)ကြိမ်လောင်း)။

ဝင်းမွတ်ပြောင်လက်နေတဲ့ သွပ်ဓာတ်လုံးကို ရပါလိမ့်မယ်။ ရလာတဲ့ သွပ်ဓာတ်လုံးကို နို့သာ(၅)ပါးရည်နဲ့ စိမ်ပြီး မိမိအိမ် ဘုရားကျောင်းဆောင်မှာ (၇)ရက်တိတိ ဆက်ကပ်ထားပါ။

မိမိမွေးနံ့ရောက်ရင် နေထွက်ချိန်မှာ တန်ခိုးကြီးဘုရား သောကြာအရပ်တွင် **ဆီမီး(၇)တိုင်၊ ပန်း(၇)မွှင့်**လှူဒါန်းပြီး ငါးပါးသီလ ခံယူဆောက်တည်ပါ။

ပြီးရင် သွပ်ဓာတ်လုံးကို ညာလက်နဲ့ဆုပ်ကိုင်ပြီး မြတ်စွာဘုရားကိုးကွယ်ပါမည်၊ သစ္စာပြုပါ၏လို့ (၃)ကြိမ်ရွတ်ဆိုပြီး ဓာတ်ပိုင်းဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာ၊ သိုက်ပိုင်းဆိုင်ရာတို့ကို တိုင်တည်သမှု သက်သေပြုကာ အမျှပေးဝေပါ။

ထိုနေ့ညမှစတင်ပြီး ဓာတ်လုံးကို ညာလက်နှင့်ဆုပ်ကိုင်ပြီး မေးခွန်းမေးပါ။ အိပ်မက်တောင်းပါ။ ယုံကြည်ကြည်နဲ့ ပြုလုပ်ပါ။ မလောနဲ့ လောဘမကြီးနဲ့ မဖြစ်မရှိပါဘူး။ စားလဲစား လှူလဲလှူပေါ့ ဆရာနေမျိုး။ ပဲခူးပြန်ရောက်ရင် လုပ်ဖြစ်အောင် လုပ်ပေတော့မျိုး’

ဦးခင်မောင်ထွေး(ဒေးစွန်ပါတောင်) ပေးသောအိပ်မက်ပေးစေသည့်ဓာတ်လုံးအကြောင်း တင်ပြလိုက်ပါသည်။

**ဆရာနေမျိုး (ဘီအေ)**




www.burmeseclassic.com

www.burmeseclassic.com

# စီးပွားအလုပ်အကိုင် အောင်မြင်စေပြီး

## အိပ်မက်ပေးသော ဓာတ်လုံးပြုလုပ်စီရင်နည်း

ဆရာနေမျိုး
(ဘီအေ)



ကျိုက်ထီးရိုးဘုရား နတ်တောင်ပေါ်တွင် အဓိဋ္ဌာန်ဝင်ရင်း ညောင်လေးပင်မြို့သား ဦးခင်မောင်ထွေးဆိုသူနှင့် ရင်းနှီး သိကျွမ်းခင်မင်ခဲ့ပါသည်။ တစ်ယောက်နှင့်တစ်ယောက် အတွေ့အကြုံများ ပြောဆိုကြရင်းဖြင့် ဒေးစွန်ပါတောင်တွင် ဂန္ဓာရီစခန်း ကျင့်ကြံအားထုတ်စဉ်က သူ၏အဘ ဘိုးဖြူဆီမှ ရရှိခဲ့သော အိပ်မက်ပေးသည့် ဓာတ်လုံးအကြောင်း ကျွန်တော့်ကို ပြောပြလေသည်။

'ဓာတ်လုံးက ဘယ်လိုအိပ်မက်ပေးတာလဲ ဦးထွေး'

ဟု မေးလိုက်လျှင်...

'ဒီလိုဗျာ ဆရာနေမျိုးရဲ့ ညဘက်အိပ်ရာဝင်ကာနီး ဘုရားဝတ်ပြုဆုတောင်းပြီး ဓာတ်လုံးကို ညာလက်ထဲဆုပ်ကိုင်ပြီး သိချင်တဲ့ အကြောင်းအရာကို မေးရတယ်။ အစပိုင်းတော့ (၁၀)ခါလောက်မေးရတယ်။နောက်ပိုင်းကျတော့ (၃)ခါမေးရင် ရပါတယ်။

မေးပြီးပြီဆိုရင် ဝင်လေထွက်လေမှတ်ပြီး အိပ်ပါ။ ပထမတော့ အကြောင်းအရာတစ်ခုကို စွဲစွဲမြဲမြဲမေးရတယ်။ အင်း အဲ့ဒီမှာ စိတ်ရှည်ရတယ်။ စိတ်ပျက်သွားလို့ မဖြစ်ဘူး။

'ဘယ်လောက်တောင် ကြာသလဲ ဦးထွေး'

ဟု ကျွန်တော်ဖြတ်မေးလိုက်သည်။ ဦးထွေးက ပြုံးပြုံးကြီးစိုက်ကြည့်နေပြီးမှ...

'ခြေလေးချောင်းသာ မစားရင် (၇)ရက်မကျော်ပါဘူး။ ပထမတစ်ခါ မေးလို့ ပြန်ဖြေပြီဆိုရင် အောင်ပြီ ဆရာနေမျိုးရေ။ နောက်ထပ် ကြိုက်တာ မေးပေတော့၊ ဓာတ်လုံးက အိပ်မက်ထဲမှာ အဖြေလာပေးတာပါပဲ'

'ဓာတ်လုံးက ဘယ်လိုပုံစံနဲ့ အိပ်မက်ပေးတာလဲ'

ဟု ကျွန်တော် သိချင်ဇောနှင့်မေးလိုက်ပါသည်။

'တစ်ယောက်နဲ့ တစ်ယောက်တော့ မတူဘူးပေါ့။ တချို့က အရိပ်လိုလို မထင်မရှားဘဲ။ ဒါပေမယ့် အသံက ပီပီပြင်ပြင် ကြားရပါတယ်'

'ဒါဆိုရင်ဗျာ ယနေ့ခေတ် ဈေးကွက် စီးပွားရေး မေးလို့ရလား'

ဟု ကျွန်တော် တဲ့ထိုးမေးချလိုက်ပါတော့သည်။ ဦးထွေးမှ...

'ကိုယ့်လူ ဘယ်ဆိုးလို့လဲ၊ အလာကြီးပဲ'

ဟု ဆိုကာ တဟားဟားအသံထွက်၍ ရယ်နေသည်။ ပြီးမှ...

'ကျုပ် အဲဒီအလုပ်တွေနဲ့ ညောင်လေးပင်မြို့မှာ နာမည်ကြီးခဲ့ဖူးပါတယ်။ စားခဲ့ရတယ်၊ လှူခဲ့ရပါတယ်၊ နောက်ပိုင်းကျတော့ အထက်ဆရာတွေက အဲဒီအလုပ်တွေနားပြီး အကျင့်စခန်းဝင်တော့လို့ အမိန့်ချလို့ ရပ်လိုက်တာပါ'

'ဦးထွေးရေ ဒါဆို အဲဒီဓာတ်လုံးရော အခုဘယ်မှာလဲ'

'ဒီကနေ့မနက်ပိုင်းကပဲ ဘုရားမှာ လှူလိုက်ပြီ'

'ဟာဗျာ'

'မဟာနဲ့ကိုယ့်လူ၊ လိုချင်ရင် နည်းပေးလိုက်မယ်။ လွယ်လွယ်လေးမှ လွယ်လွယ်လေး။ ကျုပ်ကိုတော့ မလုပ်ခိုင်းနဲ့။ ဝိနည်းလွတ်အောင် နည်းစဉ်ပေးလိုက်မယ် ဖြစ်ပါတယ်'

'ဒါဆိုလဲသေသေချာချာမှတ်ပါ့မယ်။ ပြောပြပါ ဦးထွေး'

'အေးပါ လိုက်ရေးမှတ်ထား။ အိပ်မက်ပေးသော ဓာတ်လုံးပြုလုပ်မယ့်သူက...

၁။ ခြေလေးချောင်းသား မစားရဘူး။

၂။ အရက်သေစာ မသောက်ရဘူး၊

၃။ လင်ရှိမယား မစော်ကားရဘူး၊

၄။ လပြည့်၊ လကွယ်နေ့မှာ မမေးရဘူး။ စည်းကမ်းတွေကို လိုက်နာရမယ်နော်။

ပထမ ပြုလုပ်မယ့်သူရဲ့မွေးနေ့ နေထွက်တာနဲ့စပြီးလုပ်ပါ။ သွပ်(၃၀) ကျပ်သားကို အရည်ကျိုပြီး ဝါးခြမ်း ခွဲထဲ လောင်းချပြီး ထိပ်ပိုင်းဖြတ်ယူ အဲဒီလိုလောင်းလိုက်၊ ထိပ်ပိုင်းဖြတ်ယူ လိုက် ပြုလုပ်ပါ။ သွပ်(၅)ကျပ်သ ကျန်ရင်ရပ်ပါ။ အဲဒါ ပထမအဆင့် ဒုတိယအဆင့်က **ခံရည်လောင်း ရမယ်။**

စာမျက်နှာ (၇၉) သို့

www.burmeseclassic.com

သခြေဆောင်ကျွန်းနှင့်

# အံ့ဖွယ်ပြကျက်ရှေးပါကျောင်း (၃)

မြေးသော်တာ





◆ ဆရာတော် ဦးဥတ္တရ

ဘုရားဆောင်မှ ရှေးဟောင်း

အနုပညာပစ္စည်းများ ◆

ယခင်လမှအဆက်

သာသနာနှစ် ၂၃၉ ခုနှစ်တွင် သာသနာပြု ကြွရောက်လာသော ရဟန္တာမထေရ် (၅)ပါးမှ သမုတ်ခဲ့သော သိမ်ဖြစ်သောကြောင့် ကလျာဏီသိမ်ဟု ခေါ်တွင်ကြသည်။

သိမ်မှာ ယင်းခေတ် အစဉ်အလာအတိုင်း အရှေ့ဘက်သို့ မျက်နှာလှည့်ကာ သိမ်အတွင်း သီတင်းသုံး စံပယ်နေသော ရုပ်ပွားတော်နှင့် ပလ္လင်မှာလည်း ခေတ်နှောင်းပိုင်းကာလ ဆောက်လုပ်သော သိမ်များကဲ့သို့ နံရံကပ် ပူဇော်ထားခြင်းမရှိ၊ နံရံမှ အနည်းငယ်ကွာစေ၍ နောက်တော်မှ လှည့်ပတ်ဖူးမြော်နိုင်ရန် စီမံထားသည်ကို တွေ့ရလေသည်။

ဘေးပတ်လည်ရှိ ကျုံးမှာ တရနာချောင်းမှ တစ်ဆင့် ဂျိုင်းရေကြီးမှုဘေးရန်ကို ကာကွယ်ရန်နှင့် နွေကာလတွင် ရွာသားများ သောက်သုံးရေအဖြစ် အသုံးပြုနိုင်ရန် စီမံခဲ့ကြောင်း ယူဆရလေသည်။

ဤရေသိမ်တော်၏ ဝဲယာ ကျုံးရေများမှာ တစ်နေရာ၊ တစ်စပ်တည်းတွင် တည်ရှိနေသော်လည်း အရောင်အဆင်းမှာ မတူညီ။ တစ်ဖက်ဖက်မှ

www.burmeseclassic.com





▲ ကိုယ်တိုင် ရှင်းလင်း

ပြောပြနေသည့်

ဆရာတော်

▼ တရုနာရွာသား ဦးဆောင်လွှင်



▲ ကြေးဆင်းတုနံဘေးမှ (၂၅)ပေခန့် ရှည်သော ဆင်စွယ်ပန်းကြွရုပ်လုံး

ပိုမို ကြည်လင်နေမြဲရှိကြောင်း သိရှိရလေသည်။

## ဆရာတော်ကြီး၏
## ဖိတ်မန္တက

ဤသို့လျှင် အောင်နိမိတ်ဆောင်ယူသော **"သပြေဆောင်ကျွန်း"** (ခေါ်) တရုနာရွာ အောင်နိမိတ် စေတီကုန်းတော်တွင် အဓိဋ္ဌာန်ပြု တရားဓမ္မအားထုတ်လိုလျှင်လည်းကောင်း...

သာသနာတော် အစွန့်ရှည်ရေးအတွက် ဦးဆောင်ဦးရွက် ပြုခဲ့ကြသော ရဟန္တာထေရ်ငါးပါးတို့ကိုယ်တိုင် သိမ်သမုတ်၊ သီတင်းသုံးခဲ့ကြသော **တရုနာရွာ၊ ကလျာဏီရေသိမ်**သို့ သွားရောက် လေ့လာကာ ကြည်ညိုသဒ္ဓါ ပွားလိုလျှင်လည်းကောင်း...


ရှေး မွန်ဘုရင်အဆက်





www.burmeseclassic.com


www.burmeseclassic.com





◆ ပျံလွန်တော်မူသွားသော
ဆရာတော် ဦးသီလပုံတော်

ဆရာတော် အိပ်ခန်းဆောင်ရှင်မှ
ထူးခြားသော ကြေးသွန်းကိုယ်တော် ◆



◆ ရွှေပန်းခိုင်များဖြင့်
အင်္ဂါဘာသာဝါ ရုပ်ပွားတော်

ဆက် ပူဇော်ခဲ့ကြသော ရှေးဟောင်း ရုပ်ပွားတော်များ၊ ထူးခြားသည့် ရှေးဟောင်း အနုပညာလက်ရာများ လေ့လာလိုလျှင် လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက် မွမ်းမံရေး အတွက် ကုသိုလ်ဒါန ပြုလိုလျှင် လည်းကောင်း...

တရုနာကျောင်းကြီး ဆရာတော် ဦးဥတ္တရသို့ ဆက်သွယ် လျှောက်ထားနိုင်ကြောင်းကို ဆရာတော်မှ ဖိတ်မန္တက ပြု မွက်ကြားလေသည်။

ငြိမ်းသော်တာ

www.burmeseclassic.com

ကျွန်ုပ်ကိုယ်တွေ့

# မင်္ဂလာအခြံအရံ သင်္ကေတများ

သရော်ကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

အသက်(၃၀)ကျော် အမျိုးသား တစ်ဦး၊ **သူ့ဇာတိကတော့ အင်္ဂလန် နိုင်ငံ၊ ကိန်းဘာရစ်မြို့။** ကျွန်ုပ်ထံ လာရောက် တွေ့ဆုံခဲ့သော ကာလမှာ ၂၀၁၀ ပြည့်နှစ်၊ မေလ။


သူ့ညာလက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံပေါ်မှာ ကြယ်ပွင့်မင်္ဂလာ အခြံအရံသင်္ကေတကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရတယ်။


ဒီမင်္ဂလာအခြံအရံ သင်္ကေတရှိသူဟာ ဆန္ဒပြည့်ဝခြင်း၊ ရတ်တရက် ချမ်းသာကြွယ်ဝခြင်း၊ ဩဇာအာဏာရှိခြင်း၊ အကြီးအကဲဖြစ်ခြင်း၊ လူအများစုအပေါ် အုပ်စိုးခြင်းလို့ အဟော ရှိပါတယ်။


ဒါကြောင့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ နိုင်ငံရေး စတဲ့ အလုပ် အကိုင်မျိုးမှာ ရာထူးအဆင့် အတန်း မြင့်မားစွာ လုပ်ကိုင် ရနိုင်သူလို့ သတ်မှတ် ရပါမယ်။

**"က" အကွရား။**

* * *







www.burmeseclassic.com

www.burmeseclassic.com

သူ့လက်မရဲ့ ပထမဆစ်မှာလဲ **ကြယ်ပွင့်မင်္ဂလာအခြံအရံ** သင်္ကေတ ထင်ရှားတွေ့ရှိရတယ်။

စိတ်ဓာတ်ခိုင်မြဲစွမ်းအင်ပြည့်ဝသူ လွှမ်းမိုးနိုင်သူ လက်မထောင်နိုင်လောက်တဲ့ အဆင့်အတန်း အခြေအနေမျိုး ရောက်ရှိမယ့်သူလို့ ဟောနိုင်ပါတယ်။ **“ခ” အက္ခရာ**

* * *





သူ့လက်မရဲ့ ဒုတိယဆစ်မှာ တြိဂံ မင်္ဂလာအခြံအရံ သင်္ကေတ ထင်ရှားရှိတယ်။ **“ဂ” အက္ခရာ**

နက်နက်နဲနဲတွေးခေါ် ဆင်ခြင်နိုင်စွမ်းရှိသူ၊ အတွေးအခေါ် အထူးကောင်းသူလို့ အဟော ထုတ်ရမှာပါ။

သူ့လက်ညှိုးနဲ့ လက်ခလယ်ကြား ကြားသပတေးဂြိုဟ်ခုံနဲ့ စနေဂြိုဟ်ခုံ ကြားမှာ ညောင်ရွက်သင်္ကေတ မင်္ဂလာ အခြံအရံ တွေ့ရတယ်။ **“ဃ” အက္ခရာ**

* * *




ဒီမင်္ဂလာအခြံအရံကြောင့် မင်းစိုးရာဇာတွေနဲ့ ရင်းနှီးကျွမ်းဝင်သူ၊ ရာဇယုဂ်ရသူ၊ မင်းစိုးရာဇာ ဖြစ်လာနိုင်သူလို့ အဟောထုတ်ရပါမယ်။

ယခု ဖော်ပြခဲ့တဲ့ သင်္ကေတ(၄)မျိုး မင်္ဂလာအခြံအရံတွေကြောင့် နောင်တစ်ချိန်မှာ အင်္ဂလန်နိုင်ငံရဲ့ အဆင့်မြင့်ရာထူးမျိုးအထိ ထမ်းဆောင် လုပ်ကိုင်ရနိုင်တယ်လို့ အဟော ထုတ်လိုက်ပါတယ်။

ဒီလက္ခဏာရှင်ကလဲ အဲဒီလို ရာထူးမျိုးအထိ ရည်မှန်းကြိုးစားနေပါတယ်လို့ ဆိုပါတယ်။

စာဖတ်သူများလဲ မိမိတို့ရဲ့ လက်ဖဝါးပြင်နဲ့ လက်ချောင်းများကို သေချာပြန်ကြည့်ပါ။ အဲဒီလို မင်္ဂလာအခြံအရံ သင်္ကေတမျိုးတွေ နီးစပ်တူညီပါရှိရင် သင်လဲ အဆင့်မြင့်ရာထူးကြီးများ လောက်အထိ မျှော်မှန်းကြိုးစားနိုင်ပါတယ်။

***လက္ခဏာပညာသုတ တိုးပွားကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေသွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

# ကွမ်းစားဂမုန်း
## လက်တွေ့ဆေးအသုံး

ကွမ်းစားဂမုန်းသည် မြန်မာ့တိုင်းရင်းဆေးဝါးများတွင် သူ့တစ်မည်တည်းဖြင့်သော်လည်းကောင်း၊ အခြားဆေးအမည်များနှင့် ပေါင်းစပ်၍ လည်းကောင်း ဆေးဖက်ဝင် ပရဆေးပစ္စည်းတစ်မျိုး ဖြစ်ပါသည်။

အလေ့ကျပေါက်လေ့ရှိပြီး နှစ်ရှည်ခံ အပင်မျိုးတွင် ပါဝင်ပါသည်။ ချင်းကဲ့သို့ ဥအတက်များရှိပြီး ထိုအပိုင်းကိုသာ ဆေးဖက်အဖြစ် အသုံးများပါသည်။

တောင်တန်း၊ တောင်ကုန်းများတွင် မြေပြင်ကို ကပ်၍ ပေါက်တတ်ပါသည်။ မွှေးသောရနံ့ရှိပြီး နေရာမရွေး စိုက်ပျိုးနိုင်သော အပင်လည်း ဖြစ်ပါသည်။

အဆစ်ရောင်တင်းသူများ အနေဖြင့် ကွမ်းစားဂမုန်းအမြစ်ဥသည် လွန်စွာ အကျိုးပြု ထိရောက် အစွမ်းထက် လှပါသည်။

ကွမ်းစားဂမုန်းဥအမြစ်တို့ကို တူးယူပြီး ရေစင်စွာ ဆေးပါ။

ထို့နောက် တောချက်အရက်မီးတောက်နှင့် ရောကြိတ်ပြီး အဆစ်အမြစ် ရောင်တင်း ကိုက်ခဲရာပေါ်သို့ အဝတ်နှင့် ပတ်စည်းပေးထားပါ။

တစ်နေ့လျှင် နှစ်ကြိမ်မှ သုံးကြိမ် အထိ အသစ်လဲလှယ် စည်းပေးရပါမည်။

ရက်ပိုင်းအတွင်း သက်သာပျောက်ကင်းစေသော လက်တွေ့ဆေးအသုံး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကွမ်းစားဂမုန်း၏ သူ



တစ်မည်တည်း လက်တွေ့အစွမ်းထက် ဆေးအသုံးကို လူတိုင်း အလွယ်တကူ သိရှိ အသုံးပြုနိုင်ရန် တင်ပြအပ်ပါသည်။

***ကျန်းမာ ချမ်းသာကြပါစေ။***

**နတ်မောက် ကောင်းမြန်မြင့်**



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်လိပ် အကြောင်း

စလင်း ဦးကျော်

ကျွန်တော်သည် ကျောက်လိပ်အကြောင်းနှင့် ပတ်သက်၍ သိရှိမှတ်သားထားသည်များကို ဗဟုသုတအဖြစ် ရေးသားတင်ပြသွားပါမည်။ ယခု ရေးသားမည့် ကျောက်လိပ်မှာ သိဒ္ဓိရှိသော ကျောက်ခဲမှ လိပ်ပုံသဏ္ဌာန် ဖြစ်နေသော ကျောက်ခဲများအကြောင်း ဖြစ်ပါသည်။

ယင်း ကျောက်လိပ်ကလေးများသည် သက်ရှိလိပ်သတ္တဝါကဲ့သို့ ကျောက်ကုန်း (နောက်ကျောကုန်း) ကလေးများ ခုံးနေပါသည်။ ဦးခေါင်း၊ အမြီး၊ ခြေလက်သဏ္ဌာန်များ ပါတတ်ပါသည်။ အချို့မှာ ဦးခေါင်းအဂ်ါ တစ်ခုတည်းသာ ထွက်နေသော ပုံသဏ္ဌာန် ရှိတတ်ပါသည်။

သိဒ္ဓိရှိသော ကျောက်လိပ် ဟုတ်, မဟုတ် သိလိုလျှင် ကျောက်လိပ်ကို ခဲတံ၊ မင်တံ၊ မြေဖြူ တစ်ခုခုဖြင့် စည်းဝိုင်းဝိုင်းထားပါ။ ယင်းကို ကျယ်ပြန့်သော အုပ်ဆောင်း (သို့မဟုတ်) အခြားပစ္စည်း တစ်ခုခုဖြင့် အုပ်ထားပါ။

နာရီအနည်းငယ်ကြာလျှင် ကျောက်လိပ်သည် စည်းဝိုင်းအပြင်ဘက်သို့ ရောက်နေပါက သိဒ္ဓိရှိသော ကျောက်လိပ် (သို့မဟုတ်) ကျောက်လိပ်အရှင်ဟု သတ်မှတ်ခေါ်ဝေါ်ကြပါသည်။

ယင်းကျောက်လိပ် အရွယ်ပမာဏသည် နို့ဆီဘူး ဖင်အဝိုင်းထက် သေးငယ်ပါက အရောင်းအဝယ် ပြုလုပ်ကြပါသည်။ အဆောင်ပစ္စည်းအဖြစ် အသုံးပြုကြပါသည်။


ကျောက်လိပ်ကို ဆောင်လျှင် အရောင်းအဝယ် လုပ်ငန်းကြီးများ၌ တိုးတက်ပွားများစေခြင်း၊ လာဘ်လာဘ ပေါများခြင်းကို ဖြစ်စေတတ်ပါသည်။ "ကိုယ်ဘက် ကိုယ်ယက်တဲ့လိပ်မျိုး" ဟု စကားပုံပင် ရှိပါသည်။

လိပ်ဆိုသည်မှာ ဗုဒ္ဓဟူးနံသင့် ဖြစ်သည့်အတွက် ဗေဒင်ပညာအရ အရောင်းအဝယ် လာဘ်လာဘတို့နှင့် ပတ်သက်၍ အကျိုးပြု ကောင်းမွန်စေခြင်းဟု ယူဆနိုင်ပါသည်။

ကျောက်လိပ်ကို ဆောင်ခြင်းဖြင့် ဘေးအန္တရာယ် အကျဉ်းအကျပ်ကြားမှ လွတ်ကင်းစေနိုင်ပါသည်။ ဟိုတုန်းက ရုပ်သေးပွဲတစ်ပွဲတွင် ရန်ပွဲအကြီးအကျယ် ဖြစ်ပွားခဲ့ပါသည်။ တစ်ဖက်နှင့်တစ်ဖက် ထုရိုက် ပစ်ခတ်ကြပါသည်။

ကျောက်လိပ်ကို ဆောင်ထားသော ရုပ်သေးအဖွဲ့မှ အဘိုးအိုကြီးတစ်ယောက် ထိုရုန်းရင်းဆန်ခတ်ကြားထဲမှ အန္တရာယ်ကင်းစွာ လွတ်မြောက်ခဲ့ပါသည်။ အဘိုးအိုက မိမိသည် ကျောက်လိပ်ဆောင်၍ အန္တရာယ်မှ လွတ်ကင်းကြောင်း ပြောပြခဲ့ပါသည်။

ကျောက်လိပ်သည် လာဘ၊ ပီယ၊ သိဒ္ဓိဘက်များမှာ အစွမ်းထက်သလို ကာယသိဒ္ဓိဘက်တွင်လည်း အစွမ်းထက်ပါသည်။ ဂန္ဓာရပညာကို လိုက်စားသော ပုဂ္ဂိုလ်တစ်ဦး၏ ကျောက်လိပ်ကို သေနတ် (ကျည်ဆန်) ဖြင့် ပစ်ကြည့်ရာ ကျည်ဆန်မထွက်ကြောင်း ပြောပြပါသည်။



ကျောက်လိပ်ကို စပါး၊ ဆန်များတွင် ထည့်ထားပါက ဆန်၊ စပါးများ တစ်နည်းနည်းနှင့် တိုးပွားလာသည်ဟု ဆိုပါသည်။

ကျောက်လိပ်သည် လက်ဝဲလမ်း၊ လက်ယာလမ်း လောကီထွက်ရပ်လမ်းကိုပင် ပေါက်ရောက်နိုင်ပါသည်။ ကျောက်လိပ်များသည် ညအချိန်တွင် လှုပ်ရှားလေ့ ရှိပါသည်။

ဂန္ဓာရပညာရှင်ကြီးများသည် လ၏ အလင်းရောင် အားကောင်းသော ရက်များတွင် လိပ်တောင်သို့ ရောက်သွားပြီး ညအခါလသာချိန်တွင် တွေ့ရှိရသော



www.burmeseclassic.com

www.burmeseclassic.com

ကျောက်လိပ်များကိုရှာဖွေယူကြပါသည်။ (လိပ်တောင် ဆိုသည်မှာ အချို့တောင်များတွင် ဗန်းကြီး၊ ဆန်ကော၊ လင်ပန်း အရွယ်မှ ဒယ်ိးပြား အဝိုင်းအရွယ်ထိ သဘာဝအလျောက် ကျောက်လိပ်များ အမြောက်အမြား ဖြစ်ပေါ်နေသော တောင်ကို ခေါ်ပါသည်။)

## ကျောက်လိပ်ကို ပြဒါးကျွေးပုံ

ပြဒါးကို ကျောက်လိပ်၏ အလေးချိန် တစ်ဝက်သာ ကျွေးရပါသည်။

**ဥပမာ** ကျောက်လိပ်၏ အလေးချိန်သည် (၂)ကျပ်သားရှိပါက ပြဒါးကို (၁)ကျပ်သားသာ ကျွေးရပါသည်။ **[ပြဒါးကို တစ်ကြိမ်တည်းနှင့် အလေးချိန် အကုန်မကျွေးရပါ။ အနည်းငယ် အနည်းငယ်သာ ကျွေးရမည်။ ]**

ကြွေပန်းကန်ထဲတွင် ပြဒါး အနည်းငယ်ထည့်၍ ကျောက်လိပ်ကို ပြဒါးပေါ်ကို တင်လိုက်ပါ။ ကြွေးပန်းကန်ကို အဖုံးတစ်ခုခုဖြင့် အုပ်ထားပါ။ **[ ပြဒါးကျွေးရန်မှာ ညဥ့်သန်းခေါင်(၁၂)နာရီတွင် ဖြစ်ပါသည်။ ]**

နံနက်လင်းသောအခါ ကြွေပန်းကန်ထဲတွင် ပြဒါးများ မရှိသည်ကို တွေ့ရမည်။ ပြဒါးများသည် ကျောက်လိပ်အတွင်းသို့ စိမ့်ဝင်သွားခြင်း ဖြစ်ပါသည်။ ယင်းကို ကျောက်လိပ်က ပြဒါးကို စားသည်ဟု ခေါ်ပါသည်။

ယင်းနည်းအတိုင်း နောက်နေ့ ညများတွင်လည်း ပြဒါးကို နည်းနည်းစီ ကျွေးသွားပါ။ ကျောက်လိပ်၏ အလေးချိန်တစ်ဝက် ပြဒါး ကုန်သွားပါက ကျောက်လိပ်သည် ပြဒါးကို ပြာအဖြစ် (ပြဒါးပြာ) ကြွေပန်းကန်ထဲတွင် အန်ထုတ်ပါလိမ့်မည်။ **(ထုံးကဲ့သို့ ဖြူဖွေးသော ပြဒါးပြာများကို ရရှိပါလိမ့်မည်။)** ကျောက်လိပ်လည်း အုပ်ထားသော အဖုံး၏ အတွင်းဘက် ကြွတက်လျက် အဖုံးကို ထိကပ်နေလိမ့်မည်။

ဤအချိန်တွင် သတိပြုရန်မှာ ကျောက်လိပ်သည် အထက်သို့ ကောင်းကင်သို့ တဖြည်းဖြည်း ကြွတက်(ပျံတက်)သွားတတ်သဖြင့် အထူး ဂရုစိုက်ရန် လိုပါသည်။

နောက်နေ့များတွင် ယင်းကျောက်လိပ်ကို ရွှေတစ်ရွေးသား ကျွေးပါက ရွှေပြာတစ်ရွေးသား ပြန်၍အန်ပါသည်။ ဘော်တစ်ရွေးသား ကျွေးပါက ဘော်ပြာတစ်ရွေးသား ပြန်အန်ပါသည်။ ပတ္တမြား ကျောက်မှုန့်ကလေးများကို ကျွေးလျှင်လည်း ကျောက်မှုန့်ပြာများကို ပြန်၍ အန်ပါသည်။

ပြဒါးပြာ၊ ရွှေပြာ၊ ဘော်ပြာ စသည်တို့ကို ရရှိပါက ထွက်ရပ်လမ်း၊ လက်ယာလမ်း၊ လက်ဝဲလမ်း၊ စားလမ်း စသည့်တို့ကို မိမိတို့၏ အလိုဆန္ဒအတိုင်း ဆက်လက် ပြုလုပ်သွားနိုင်ပါသည်။

**ခြွင်းချက် ။ ။ အချို့ ကျောက်လိပ်များသည် ရွှေ့လျားသော်လည်း ပြဒါး မစားသည်ကို တွေ့ရသည်ဟု မှတ်သားရပါသည်။**

***[မင်းဘူးမြို့ သူဌေးကုန်းရပ်မှ ဆရာဦးခင်မောင်အား ဂါရဝပြုပါ၏။]***

*လိုရာဆန္ဒ ပြည့်ဝကြပါစေ။*

**စလင်း ဦးကျော်**

**ဇာမျက်နှာ (၈၈)မှ အဆက်**

သွပ်၊ သံစများ ထိရှမှုဘေး သတိပြုရှောင်လွှဲပါ။ စည်သွတ်အစားအသောက်များကြောင့် ကျန်းမာရေး ထိခိုက်နိုင်သည်။ အမျိုးသားများ မိန်းမပွေ့ ပွေ့တတ်သောကာလ ဖြစ်သည်။



✣ ကြက်နှစ်ဖွားများ

ငွေကြေးလာဘ်လာဘ များဝင်နိုင်သည်။ သင်ယုံကြည်ထားသော အတတ်အသိပညာရပ်များကြောင့် တိုတိုထွာထွာငွေကြေးများ ဝေဝေဆာဆာ ဝင်နေတတ်သည်။

ယာဥ်ရထား ဝင်ကိန်းရှိသည်။ အဆုတ်၊ အူမတို့နှင့်ဆိုင်သော ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းများလိမ့်မည်။



✣ ခွေးနှစ်ဖွားများ

အလုပ်အကိုင်များ အဆင်ပြေပါသည်။ ပူဇော်ချီးမြှောက်ခြင်း ခံရကိန်း ရှိသည်။ ငါးပိ၊ ငါးခြောက် ရေထွက်ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရရှိနိုင်သည်။

ကျောက်ကပ်နှင့် ဆီးအိမ်ဆိုင်ရာ ဝေဒနာများ ကြိုတင်စစ်ဆေး ကာကွယ်ပါ။ ပျို့မေတ္တာ အိမ်ထောင်ကျကိန်းရှိသည်။



✣ ဝက်နှစ်ဖွားများ

နေအိမ်ဂေဟာ လုံခြုံရေး ဂရုစိုက်ပါ။ သူခိုး၊ ဓားပြရန်ဘေး စိုးရိမ်ရတတ်သည်။ ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မိသဖြင့် အရေးယူခံရကိန်း ရှိသည်။

မြေစမ်း ခရမ်းပျိုးရသော မရေရာသည့်လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို ရွှေ့ဆိုင်းထားသင့်သည်။ အမျိုးသမီးတို့ မျိုးပွားအင်္ဂါဆိုင်ရာ ရောဂါများ သတိထား ကာကွယ်ပါ။

ဤလတွင် ကံဇာတာနိမ့်ပါးသူများသည် **တနင်္ဂနွေနေ့တွင် နေမွန်းမတည့်မီ(နံနက်ပိုင်း)**အချိန်တွင် ဖခင်အရွယ် အမျိုးသားတစ်ဦးအား ထီး၊ ခမောက်၊ ဦးထုပ် တစ်ခုခု လှူဒါန်းပါ။ ပါပဂြိုဟ်များ၏ ဆိုးကျိုးများ ကွယ်ပျောက်ကာ အဆင်ပြေ လွယ်ကူပါလိမ့်မည်။

*ကြံအောင်သမျှ အောင်မြင်ကြပါစေ။*

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်၊
ဩဂုတ်လအတွင်း
ပုံရိုပ်ရှင်တို့၏

# ဇာတာဖွာ

ဟူကျင်ဇီ (Hu Jin Zhi)

## ဤလတွင်...



✣ ကြွက်နှစ်ဖွား

အကြံအစည်အချို့ အကောင်အထည်ပေါ် အောင်မြင်နိုင်သည်။ အိမ်မြေဝင်ကိန်းရှိသည်။ တစ်ကိုယ်တည်းသမားတို့ တီးတိုးတိုင်ပင်နိုင်မည့် ဘ၀အဖော်များ ရဖွယ်ရှိသည်။

ကြွေထည်မြေထည်ပစ္စည်း အကျိုးပေးသန်သည်။ ခံတွင်းနှင့် အစာအိမ်ဆိုင်ရာရောဂါဝေဒနာများ သတိထားပါ။



✣ ကျွဲနှစ်ဖွား

တန်ခိုးသြဇာ လျော့ပါးတတ်သောကာလဖြစ်သည်။ မိမိနှင့်တိုက်ရိုက်သက်ဆိုင်ခြင်း မရှိသောကိစ္စများ၌ ပါ၀င်စွက်ဖက်၊ စပ်စုခြင်းကို ဆင်ခြင်သင့်သည်။

ထိတ်လန့်ဖွယ် အနိဋ္ဌာရုံမြင်ကွင်းများ မြင်တွေ့ ကြုံဆုံရကိန်းရှိသည်။ နားနှင့် အကြားအာရုံဆိုင်ရာရောဂါဝေဒနာများ သတိပြုကာကွယ်ပါ။



✣ ကျားနှစ်ဖွား

ရာထူးဌာနန္တရ တိုးတက်နိုင်သည်။ အမွေအနှစ်များ လက်ခံရကိန်းရှိသည်။ အဖျော်ယမကာ၊ ရေထွက်ပစ္စည်းများ လက်ဆောင်ရတတ်သည်။

ပြည်ပရပ်ဝေးမှ သတင်းစကားများ ကြားရဖွယ်ရှိသည်။ အမျိုးသမီးများမှာ ခင်ပွန်းကောင်းရရှိတတ်သည်။



✣ ယုန်နှစ်ဖွား

မိတ်ဆွေသားချင်းများ၏ သုမင်္ဂလာရေးကိစ္စများတွင် ကိုယ်ရောစိတ်ပါ ကူညီပေးရတတ်သည်။ အိမ်တွင်းရေးပြဿနာအချို့ ပြေလည်သွားမည်။

လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ ဝင်ကိန်းရှိသည်။

မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းအတွက် သတိပြု ရှောင်ရှားပါ။



✣ နဂါးနှစ်ဖွား

ပြောစကားဆိုစကား အောင်မြင်၍ ပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွင်း အရေးကိစ္စများအတွက် ခုံသမာဓိလူကြီးအဖြစ် ပါဝင် ဆုံးဖြတ်ပေးရတတ်သည်။ တယ်လီဖုန်း စကားပြောစက်များ ဝင်နိုင်သည်။ အိမ်ထောင်ရှင်တို့ သားသမီးရတနာ တိုးပွားဖွယ်ရှိသည်။



✣ မြွေနှစ်ဖွား

စီးပွားရေးနှင့် အခြားအခက်အခဲများအတွက် ကူညီဖြေရှင်းပေးသူ ပေါ်ပေါက်မည်။ စိတ်ကြည်လင် လန်းဆန်းဖွယ် ကာမဂုဏ်အာရုံမြင်ကွင်း၊ အဖြစ်အပျက်များ မြင်တွေ့ရကိန်းရှိသည်။

ယွန်းထည်၊ သစ်သားကြိမ်ထည် ပစ္စည်းများ လက်ဆောင်ရတတ်သည်။ မိခင်ဘက်မှ ဆွေမျိုးသားချင်းတို့အတွင်း မင်္ဂလာကိစ္စ ပေါ်ပေါက်နိုင်သည်။



✣ မြင်းနှစ်ဖွား

အခြေအရံ ကူဖော်လောင်ဖက် ရရှိတတ်သည်။ စိတ်ပျက် အားလျော့ဖွယ် အခြေအနေများ ပြေလျော့သွားမည်။ အထည်အလိပ်၊ အဝတ်အစားများ ဝင်နိုင်သည်။

တတ်သိလေ့လာထားသော အသိပညာများကြောင့် လူအများ အရေးတယူ နေရာပေးခြင်း ခံရကိန်းရှိသည်။ မိခင်၏သားချင်းများထံမှ လက်ဆောင်ပစ္စည်းလက်ခံရဖွယ်ရှိသည်။



✣ ဆိတ်နှစ်ဖွား

တီထွင်ဆန်းသစ်မှု၊ သုတေသန လုပ်ငန်းများ အကျိုးပေးသောကာလ ဖြစ်သည်။ ကုန်သည်များအတွက် ဈေးကွက်သစ်၊ ကုန်စည်အသစ် စမ်းသပ် လုပ်ကိုင်သင့်သည်။

နေထိုင်မှုအဆင့်အတန်း မြင့်မားလာနိုင်သည့် နေအိမ်သို့ ဂုဏ်သရေရှိ ဧည့်ကောင်းစောင်ကောင်းများ ရောက်ရှိလာတတ်သည်။



✣ မျောက်နှစ်ဖွား


ဥပဒေနှင့်မကင်းသော ငွေကြေး၊ လောင်းကစား ကိစ္စများနှင့် ဆက်စပ် ပတ်သက်မိသဖြင့် ဒုက္ခကြုံတတ်သောကာလဖြစ်သည်။

စာမျက်နှာ (၈၇) သို့



www.burmeseclassic.com

www.burmeseclassic.com



◆ ရှပ်မဟာဗုဒ္ဓသာသ လျောင်းတော်မှုပုံ

ထက်မြက်ကျော်စွာ

အောင်အတိတ်ဆောင်

# သိဂိရိက်တောင်ကြီးဆီ မှ

## ပုထိုးစေတီ နေရာထူးများ (၁၂)

ယခင်လမှအဆက်

ကန်တော် မင်္ဂလာ

နေမိန္ဒရတောင်၏ အနောက်မြောက်ယွန်းယွန်းတွင် တည်ရှိသည်။ မော်တော်ယာဉ်ဖြင့် သွားပါက နေမိန္ဒရတောင် အနောက်ဘက် လေယာဉ်ကွင်း သွားရာလမ်းအတိုင်း အနည်းငယ်မောင်းနှင်ပြီး လက်ယာဘက်မြောက်ဘက်သို့ ချိုးဝင်သွားရသည်။

ကျယ်ပြန့်ကြီးမားသော ရေကန်ကြီးဖြစ်သည်။ မြတ်စွာဘုရား သထုံသို့ ကြွစဉ် ခြေတော်ဆေးသည့်ကန်တော်ဖြစ်သည် ဆို၏။ သုဝဏ္ဏဘူမိပြည့်ရှင်မင်းအဆက်ဆက် သားတော်များ ရေကစားရာကန်ဟုလည်း ပြောစမှတ်တွင်၏။

အနောက်ဘက်တွင် ကန်တော်သို့ ဆင်းသက်ရန် လှေကားရှိသည်။ ကန်အလယ် အောက်ခြေ၌သာ ရေနေ၍ မိုးကြီးရွာသော်လည်း ကန်ရေမပြည့်နိုင်ပါ။ ကန်ကြမ်းပြင် ရေစိမ့်သောကြောင့်ဟု ဆိုသည်။

ကုန်းမြေမြင့်၌ တည်ရှိသဖြင့် ရေများ နိမ့်ရာသို့ စီးဆင်းသွားခြင်းဖြစ်သည်။ ကွန်ကရစ်ခင်း ပြုပြင်နိုင်ပါက ရေနေနိုင်သော်လည်း ကုန်ကျစရိတ် ကြီးမားလှသဖြင့် ဒါယကာ မပေါ်သေးဟု သိရသည်။

ကန်အနောက်ဘက်ပေါင် အလယ်ခန့်တွင် ဂန္ဓကုဋီတန်ဆောင်း ဆောက်လုပ်၍အထက်၌ စေတီတစ်ဆူ၊ အရံစေတီရှစ်ဆူ ပူဇော်ထားသည်။ တန်ဆောင်းအတွင်း၌ကား မြတ်စွာဘုရား မတ်ရပ်တော်တစ်ဆူနှင့် ပတ်လည်၌ သာဝကရဟန္တာ ရှစ်ပါး ဝန်းရံပူဇော်ထားသည်။

အရှင်ဂဝမ္ပတိ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်ရာဟုလာ၊ အရှင်





www.burmeseclassic.com

www.burmeseclassic.com



ကောဏ္ဍညာ၊ အရှင်ရေဝတ၊ အရှင်သာရိပုတ္တရာ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ စသည့် မှတ်တမ်းကမ္ပည်းနှင့်တကွ တွေ့ရသည်။ အနီးကပ်ဖူးမြော်ရသဖြင့် 'ဉာဏ်တော်မြင့်မားလှသော ရုပ်ပွားရုပ်တုတော်များ ဖြစ်ကြသည်။

ကန်လယ်တွင် အဆက်မပြတ် ရွာသွန်းထားသောမိုးကြောင့် ရေအနည်းငယ် တင်ကျန်နေရာ လိပ်ကလေးများက ရေပြင်တွင် ခေါင်းဖော်ကာ အစာကျွေးသူကို စောင့်မျှော်နေကြလေသည်။

ဘုရားရှင်ကိုယ်တိုင် ကြွရောက်တော်မူခဲ့ခြင်းကြောင့် နောက်ခံသမိုင်းထူးခြားသော ကန်တော်မင်္ဂလာဖြစ်သည်။ အနီးတွင် **'အရှင်ဆန္ဒာဓိကာ၏ ရွှေပါရမီ စာသင်တိုက်'** လည်း တည်ရှိကြောင်း ဦးကျော်တင့်က ပြောပြသည်။

## သူရဲကောင်း ဗိမာန်

ကန်တော်မင်္ဂလာမှ တောင်ဘက်သို့ ထွက်လာကြရာ မဝေးလှသောနေရာတွင် ပုဂံ အနော်ရထာမင်းလက်ထက် သူရဲကောင်းများဖြစ်ကြသော ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးရုပ်တုများကို တွေ့ရသည်။

ထိုရုပ်တုများ၏ မျက်နှာချင်းဆိုင်နေရာတွင် မြို့ရိုးတံတိုင်းသဏ္ဌာန်တည်ဆောက်ကာ မြို့ရိုးထက်၌ ဗျတ်ဝိ၊ ဗျတ္တ ညီနောင်ရုပ်တု သွန်းလုပ်ထားသည်။

အနော်ရထာသည် မနူဟာမင်းထံမှ ပိဋကတ်တော်များ ရရှိရန် သုဝဏ္ဏဘူမိ







www.burmeseclassic.com

www.burmeseclassic.com



◆ အလံတစ်ရာစေတီ

◆ အလံတစ်ရာစေတီ တောင်ဘက်မုခ်



မြို့တော်အား လုပ်ကြံရာ၌ မနူဟာမင်းက အင်အားတောင့်တင်းစွာဖြင့် မြို့ရိုးကိုလည်း အခိုင်အမာပြုလုပ်ထားသည့်အပြင် သူရဲကောင်းဗျတ်ဝိ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအား စီရင်မြှုပ်နှံထားသဖြင့် ပုဂံစစ်သူများ မြို့ရိုးကို မကျော်နိုင် ဖြစ်နေကြရသည်။


သို့သော် စီရင်ရာ၌ မြို့ရိုး၏ အရှေ့တောင်ထောင့် မြို့ရိုးနှစ်ထပ်ကြား၌ ကြက်မတစ်ဝပ်စာ လစ်လပ်နေခဲ့သည်။ ထိုအကြောင်းကို ဇော်ဂျီဖိုဝင်သား စားထား၌ တန်ခိုးစွမ်းအင်ထူးပိုင်ဆိုင်သော ဗျတ္တက အစ်ကိုဗျတ်ဝိထံမှ သိရှိကာ ထိုလစ်လပ်သောနေရာမှ မြို့တွင်းဝင်၍ မရီးတော် မဒိုဇာအား တွေ့ဆုံမေးမြန်းပြီးနောက် ဗျတ်ဝိ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို မြှုပ်နှံထားရာမှ တူးဖော်ယူခဲ့သည်။

ထိုအစိတ်အပိုင်းများကို ပင်လယ်သို့ချရာ ထန်းတစ်ရပ်မျှ လှိုင်းလုံးကြီးများ ပေါ်ထွက်လာသည်ဆို၏။ ဒီနောက်တွင်မှ ပုဂံစစ်သည်တို့ သုဝဏ္ဏဘူမိမြို့တော်ကို သိမ်းပိုက်နိုင်ခဲ့သသည်။

ဤသည်ကို ရည်ညွှန်းကာ သူ၏

www.burmeseclassic.com






▲ ပထမ ဆရာတော်လက်ထက် အလံတော်ရာ
သာသနိက အဆောက်အအုံများ

◀ တောင်ဘက်မုခ်မှ ရုပ်တော်မူ

▼ လက်ရှိ ဆရာတော်လက်ထက် သာသနိက အဆောက်အအုံများ



ကောင်းငါးပြီး အထိမ်းအမှတ်ပြုလုပ်ထားခြင်း ဖြစ်သည်။ သထုံမြို့ အရှေ့တောင်ထောင့်ရှိ မြို့ရိုးနှင့်ထိ၊ ကျုံးနှင့် ကြက်မတစ်ဝပ်စာ လစ်လပ်သောနေရာကို ယနေ့တိုင် လေ့လာနိုင်ပေသည်။

## ဓာတ်တော်စေတီ

ကန်တော်မင်္ဂလာမှ လေယာဉ်ကွင်းကိုဖြတ်ကာ မြောက်ဘက်သို့ ခရီးနှင်ပါက ဓာတ်တော်စေတီသို့ သွားရာလမ်းသို့ ရောက်ရှိသည်။ ထိုမှ လက်ဝဲဘက် အနောက်ဘက်သို့ အနည်းငယ်သွားရုံဖြင့် ရေပုပ်ချောင်းကို ကျော်ဖြတ်ကာ ဓာတ်တော်စေတီကို ဖူးတွေ့ရသည်။

၁၂၉၀ ပြည့်နှစ်တွင် ရေစကြိုမှ ဆရာတော် ဦးကိတ္တိက သီရိလင်္ကာနိုင်ငံ မဟာစေတီမှ ဓာတ်တော်များ ပင့်ဆောင်လာကာ ထိုစဉ်က ဆရာတော် ဦးစန္ဒာဝရ သီတင်းသုံးသော ရဟန္တာမြို့တော် သာသနာ့မြေတွင် စေတီနှင့် ကျောင်းတစ်ဆောင် တည်ဆောက်ပူဇော်လိုကြောင်း တောင်းပန်လျှောက်ထားခဲ့သည်။

ဦးစန္ဒာဝရက ခွင့်ပြုတော်မူသဖြင့် ဓာတ်တော်များ ကိန်းဝပ်ရန် စေတီတစ်ဆူ ဆောက်လုပ်ပူဇော်ရာ **'ဒုတိယမဟာစေတီ'**ဟု ဘွဲ့မည်ကပ်လှူသည်။ နောက်ပိုင်းတွင် နန်းဦးဆရာတော် ဦးပက္ခိယက ဆက်လက် ထိန်းသိမ်းတော်မူကြောင်း သိရှိရသည်။

စေတီအတွင်း အနောက်ဘက်မုခ် တစ်ခုရှိ၍ ဓာတ်တော်များကို စေတီလိုဏ် ပြုလုပ်ပူဇော်ထားသည်။ ဝင်ရောက်ဖူးမြော်ရာ လျှပ်စစ်မီး မလာသဖြင့် ဤအတိုင်း ဖူးမြော်ပါရန် အစောင့်ဦးပဥ္စင်းက မိန့်ကြားတော်မူသဖြင့် မှုန်ဝါးဝါး အလင်းရောင်အောက်မှ ဓာတ်တော်ကြုတ်အချို့ကို ဖူးမြော်ခဲ့ရသည်။

စေတီလိုဏ် အတွင်းပိုင်းတိုကားသော့ခတ်ထားသော တံခါးနှင့် မှုန်ဝါး




www.burmeseclassic.com

www.burmeseclassic.com



◆ ရင်ပြင်တွင်းမှ ရွှေကုံဘာစ်ဆောင်



အရှေ့ဘက် အာရုံခံမှ မင်းဝတ်ဘုရား ◆

သော အလင်းရောင်တို့ကြောင့် ဓာတ်ပုံရိုက်ကူးတင်ပြရန်အတွက် လက်လျှော့ခဲ့ရလေသည်။

စေတီအနီး မြောက်ဘက်ကပ်လျက် ရေပုပ်ချောင်းစပ် မြစ်ကျိုးအင်းပမာ ဖြစ်ပေါ်ကျန်ရစ်သောနေရာကို **'ဓာတ်တော်ချိုင့်'** ဟု ခေါ်ကြောင်း ဒေသခံများက ပြောပြကြသည်။ ဓာတ်တော်ချိုင့်မှ ကျောက်ခဲများအား ယူငင်ကာ ဆီးချိုဝေဒနာ ပျောက်ကင်းစေသော အစွမ်းထက်ဆေးအဖြစ် အားကိုးအားထားပြုကြသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက ဤဓာတ်တော်ချိုင့်တွင်းမှ ကျောက်အချို့ကို ယူဆောင်ကာ ဆီးချိုဝေဒနာ ခံစားနေရသော ကျိုက်မရောမြို့နယ် ဓမ္မသတ်မူလကျောင်း ဆရာတော်အားလည်းကောင်း၊ တိုက်ကြီးမြို့ ကျန့်တိတ်ဘုံဘုရားကျောင်း ဒါယကာအဖွဲ့ ဥက္ကဋ္ဌ (တွံ့ကိုး)အားလည်းကောင်း အာယုဒါယ (အသက်၏ အထောက်အပံ့ ဖြစ်စေခြင်းငှာ) လှူဒါန်းခြင်း) အလှူပြုခဲ့ဖူးလေသည်။

ယခုသော်ကား ကျွမ်းဝင်သော မိတ်သင်္ဂဟ ဆွေမျိုးများ အတွင်း ဆီးချိုဝေဒနာရှင် မရှိသဖြင့် ကျောက်တုံးများ သယ်ဆောင်ခြင်း မပြုဖြစ်ခဲ့ချေ။

## အတုလမာန်အောင် မူလစေတီတော်

ဓာတ်တော်စေတီ၏ အနောက်ဘက်တွင် **'အတုလ ရွှေစည်းခုံ'** ဟူသော ဆိုင်းဘုတ်ကမ္ပည်းနှင့် စေတီကြီးတစ်ဆူ တွေ့ရသည်။ ပစ္စယံထောင့်စွန်းများတွင် မနုဟာမင်းကြီးရုပ်တုကို **'သုဝဏ္ဏ မနုရာဇာမင်းကြီး'** ဟူသော ကမ္ပည်းဖြင့် ထားရှိသည်။

အထက်တွင် ရဟန္တာရုပ်တု တစ်ခုစီရှိသည်။ ရဟန္တာတိုက်တွင်းရှိ ရဟန္တာ သိမ်တော်တွင် သီတင်းသုံးတော်မူသော ဦးပဥ္ဇင်းအား မေးလျှောက်ကြည့်ရာ **'အတုလမာန်အောင် မူလစေတီ'** ဖြစ်ကြောင်း သိရသည်။

သာသနာ ၉၄၆ ခုနှစ်တွင် သီဟိုဠ် (သီရိလင်္ကာ)သို့ ကြွရောက်ကာ ပိဋကတ်သုံးပုံကို မွန်ဘာသာဖြင့် ကူးယူနိုင်ခဲ့သော ရှင်မဟာဗုဒ္ဓဃောသ အပါအဝင် ရဟန္တာထေရ် သုံးပါးတို့၏ အရိုးတော်ဓာတ်များကို ဌာပနာပြု တည်ထားသောစေတီ ဖြစ်၏။

မြန်မာနိုင်ငံတွင် သာသနာတော် သုံးရပ် ထွန်းကားပြန့်ပွားစေရန် ကြိုးစားဆောင်ရွက်ခဲ့ကြသော ကျေးဇူးရှင်ကြီးများအား အလေးထားဂုဏ်ပြုသောစေတီကြီး ဖြစ်သည်။

သာသနာသက္ကရာဇ် ၁၅၀၁ ခုနှစ်၊ တပေါင်းလဆန်း (၁)ရက်နေ့တွင်မှ တည်ထားပူဇော်ဖြစ်၍ ၁၂၉၂ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ရဟန္တာတိုက် ဆရာတော် ဦးဇဝန၏ ဘိုးဘွားများ ထပ်မံပြုပြင်ခဲ့သည်။ ယခု တွေ့ရသည်ကား နှောင်းခေတ် ကုသိုလ်ရှင်များကောင်းမှု ဖြစ်ပေသည်။

**(မွန်ပြည်နယ် ဗြိမ်ဝဝ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခင်)မှ မှတ်တမ်းပြု ထုတ်ဝေသော မွန်ပြည်နယ်တွင်းရှိ တန်ခိုးကြီးဘုရားများ စာတမ်း၊ စာမျက်နှာ (၃၁၀၊ ၃၁၁)မှ**



www.burmeseclassic.com

ထုတ်နုတ်သည်။)

## စန္ဒကူးကျောင်းတော်


အတုလမာန်အောင် မူလစေတီ၏ အနောက်ဘက်ကပ်လျက်တွင် ကျယ်ပြန့်သော ပရိဝုဏ်ကြီးတစ်ခုရှိကာ အဝင်မုခ်ဦးတွင် **'စန္ဒကူးကျောင်းတော်'**ဟု ကမ္ပည်းတင်ထားသည်။ မြတ်စွာဘုရားရှင် သထုံမြို့သို့ ကြွရောက်စဉ် ရဟန္တာများနှင့် သီတင်းသုံးတော်မူခဲ့သော စန္ဒကူးကျောင်းတော်ရာ ဖြစ်သည်ဆို၏။

ပရိဝုဏ်အလယ်တွင် တန်ဆောင်းကြီးတစ်ဆောင်ရှိ၍ တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် သာဝက ရဟန္တာရုပ်ပွားတော်များ တွေ့ရသည်။ ဤတန်ဆောင်း (စန္ဒကူးကျောင်းတော်) အတွင်း စံပယ်တော်မူသော ရုပ်ပွားတော်ကို **'သိဒ္ဓိအောင် ရုပ်ပွားတော်'** ဟု ခေါ်တွင်သည်။

မန္တလေးတောင် သာသနာပြု ရသေ့ကြီး ဦးခန္တီက ၁၂၈၅ ခုနှစ် သံဝိဿာလိုက် (၂၀၀)ဖြင့် သွန်းလောင်းကာ ဗုဒ္ဓ၏ ဆံတော်စစ်နှစ်ဆူကို ဆံထုံးတော်တွင်း ထည့်သွင်းပူဇော် လှူဒါန်းခဲ့သည် ဆို၏။

သိဒ္ဓိအောင် ရုပ်ပွားတော်မှ (၂၀.၄.၁၉၉၁) စနေနေ့ ည(၆)နာရီ အချိန်တွင် သုံးကြိမ်တိုင်အောင် ရောင်ခြည်တော် ကွန့်မြူးခဲ့သည်။

သိဒ္ဓိအောင်ရုပ်ပွားတော်အား သစ်သီး၊ ဆွမ်း၊ အုန်းဆွမ်း၊ ပန်း၊ ရေချမ်း တို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ အမွှေးနံ့သာရည် သပ္ပာယ်ခြင်း၊ ကုသိုလ်ပြုခြင်း ဖြင့် ရဟန်းရှင်လူတို့သည် စွဲငြိကပ်ရောက်နေသော ရောဂါဝေဒနာနှင့် အခက်အခဲ ပြဿနာအပေါင်း ကျော်နင်းလွတ်မြောက်နိုင်သော သတ္တိထူးနှင့် ပြည့်စုံသည်။ **(မွန်ပြည်နယ်တွင်း တန်ခိုးကြီးဘုရားများ (ညွန်း**



▲ တောင်ဘက်ဆောင်တန်း

▼ ဘုရားဈေးတန်း



**ပြီး) စာတမ်း စာမျက်နှာ (၃၀၉၊ ၃၁၀)။)**

## ရဟန္တာရုပ်တုများ

စန္ဒကူးကျောင်းတော်တွင် သိဒ္ဓိအောင်ရုပ်ပွားတော်နှင့်အတူ ရဟန္တာငါးပါးရုပ်တုများကိုလည်း ပူဇော်ထားရှိသည်ကို တွေ့ရသည်။ ၁၂၈၅ ခုနှစ်တွင် ရသေ့ကြီး ဦးခန္တီ ကြီးကြပ်သွန်းလုပ်သည်ဟူသော ကမ္ပည်းစာတမ်း။ ဆိုင်ရာရဟန္တာဘွဲ့တော်များနှင့် စွမ်းဆောင်ခဲ့သော ဂုဏ်ထူးများ စသည် တို့ကို ပလ္လင်ခြေ စမ္ဗခဏ်တွင် ရေး... ထွင်းထားသည်။

၁။ ကြီးသော တန်ခိုးရှိသော **သောဏ... မထေရ် ရဟန္တာ၊**

၂။ ကြီးသောတန်ခိုးရှိသော **ဥတ္တ... မထေရ် ရဟန္တာ၊**

**ရွှေလ ဆက်တော်ပါရန်**

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



အလိုရှိရာ တောင့်တရာရာ

# ကောင်းကျိုးချမ်းသာ လိုအင်ဆန္ဒဟူသမျှ

## ပြီးပြည့်စုံနိုင်စေသော ဂါထာမန္တန်တော်

နိမ္မာဇော်မြ
(ပြည့်ဖြိုးမေဒီတာ)

လူအမျိုးမျိုး ဆန္ဒအထွေထွေ တောင့်တမှု, မျှော်လင့်မှုအမျိုးမျိုးနဲ့ ရှင်သန်နေထိုင်နေကြတဲ့ လောကီသူသားများအတွက် အေးငြိမ်းချမ်းသာမှုနဲ့ ကောင်းကျိုး လိုအင်ဆန္ဒတွေ ပြီးပြည့်စုံနိုင်စေသော ဂါထာမန္တန်တော်ကြီးကို ဓမ္မဒါန ဖော်ပြပေးလိုပါတယ်။

- လာဘ်လာဘတွေ ပေါ်ကြွယ်ပြီး လာဘ်မိုးရတနာ အကြိမ်ကြိမ် အခါခါ ရွာသွန်းဖြိုးစေချင်သူတွေ၊
- လုပ်ငန်းကိုင်ငန်းများ အခက်အခဲ အတားအဆီး အထစ်အငေါ့မရှိဘဲ အဆင်ပြေ ချောမွေ့ချင်သူတွေ၊
- စီးပွားဥစ္စာနေများ ဒီရေအလား အလျှံပယ် တိုးပွားချင်သူတွေ၊
- ဘုန်းကျက်သရေ တိုးပွားပြီး ရာထူးဂုဏ်ရှိန် တရိပ်ရိပ်တိုး၍ ဩဇာတိက္ကမ ကြီးမားကျယ်ပြန့်ချင်သူတွေ၊
- ရန်ဘေးကင်းရှင်းပြီး နှတ်လူအများ၏ ချစ်ခင်နှစ်သက်ခြင်းကို အလိုရှိသူတွေ၊
- အလိုရှိရာ တောင့်တရာရာ ကောင်းကျိုးလိုအင် ဆန္ဒဟူသမျှ ပြီးပြည့်စုံနိုင်စေရန်အတွက် ယုံကြည်မှုသဒ္ဓါတရားအပြည့်ဖြင့် စွဲစွဲမြဲမြဲ ရွတ်ဆိုပွားများ ကြည့်စေလိုပါတယ်။

ဇောတိမိတ္တံ မန္တန်တော်ကြီး

- သီမိတ္တံ ဟိတံပုညံ

ယထာ ကာစိ ကတံ ဖလံ။
ဟေိနန္ဒာ ပိယာ ပုတ္တာ၊
ပိယာ သိရိ ပိယာ ပိယာ။
ဩဇောင်း သုဝဏ္ဏဟာရ ဒွေဖလံ၊
ဩဇောင်း ကာယ မနသိမာ မဏ္ဍာယ။
သဟာသ ပရိဝါရာယ ဝိသာခါယ
ဇောတိသဏ္ဍာယ။
သဗ္ဗနဂရေ သဗ္ဗဂါမေ၊
သဗ္ဗဂေဟေ သဗ္ဗ ဇနာနံ၊
သဗ္ဗ လာဘ မိတ္တံ ဘဝန္တု၊
မမ သန္တိကေ ဟေိဟေိ။

* * *

ပြောမယုံ ကြုံမှသိ ဆိုသလိုပါပဲ။ နေ့စဉ် ပုံမှန် (၁၀၈)လုံးပုတီးဖြင့် ပုတီး (၁)ပတ် အနည်းဆုံးရအောင် ရွတ်ဖတ်ပွားများ အားထုတ် ကြည့်စေချင်ပါသည်။ နေ့စဉ် အာစိဏ္ဏကံ စွဲစွဲမြဲမြဲဖြင့် (၄၅)ရက်၊ ရက်(၉၀) အစရှိသဖြင့် မိမိသဒ္ဓါတရားပေါ် မူတည်၍ ရွတ်ပွားအားထုတ်ကြည့်ပါ။ အဘက်ဘက်မှ ထူးခြားခြင်း၊ ပြီးပြည့်စုံခြင်း၊ အေးငြိမ်း

အနက်အဓိပ္ပာယ်

| | |
|---|---|
| **မိတ္တံ၊** | လူနတ်အပေါင်း အဆွေခင်ပွန်းကောင်းသည်။ |
| **ဟေိ၊** | ယခုအခါ လာလှည့်ပါလော့။ |
| **ဟိတံ၊** | လောကီ,လောကုတ် အယုတ်အကျိုးများ အစီးအပွားဖြစ်သော။ |
| **ပုညံ၊** | ဖြူစင်မှန်လှ ဒါန,သီလ စသည့် ပြုကြောင်း ကုသိုလ်ပေါင်းကို။ |
| **ကတံ၊** | ခုရောနောင်ခါ ပြုလုပ်အပ်ပါပြီ။ |
| **ဖလံ၊** | ရှေးနှင့်ခုပြု ကောင်းမှုအကျိုး တန်ခိုးအာနိသင်ကို။ |
| **ယာစိ၊** | ယခုအခါ ဖြစ်လာပါရန် တောင်းပန်ပါ၏။ |
| **နန္ဒာ၊** | စိတ်လိုဖြည့်တတ် နှစ်သက်အပ်ကုန်သော။ |
| **ပိယာ၊** | စိတ်နှလုံးကို ရွှင်ပြုံးအထပ်ထပ် ချစ်ခင်အပ်ကုန်သော။ |
| **ပုတ္တာ၊** | အလိုဖြည့်တတ် သားမြတ်ရတနာတို့သည်။ |
| **ဟေိန္တု၊** | မြန်စွာမုချ လာလှည့်ကြပါကုန်လော့။ |
| **ပိယာ၊** | စိတ်နှလုံးကို ရွှင်ပြုံးအထပ်ထပ် ချစ်ခင်အပ်ကုန်သော။ |
| **သိရိ၊** | ကောင်းကျိုး အထွေထွေ ဘုန်းကျက်သရေသည်။ |



www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| **ပေဟိ၊** | မြန်စွာမုချ လာလှည့်ကြပါကုန်လော့။ |
| **ဝိယာ ဝိယာ၊** | စိတ်လိုဖြည့်တတ် အလွန် ချစ်ခင်အပ်သော။ |
| **သုဝဏ္ဏ၊** | ရွှေငွေအဖြာဖြာ ရတနာကို။ |
| **ဩြောင်း ဟရ၊** | မနှင်းကြည်ဖြူ (အောင်မြင်စွာ) ဆောင်ယူခဲ့ကြပါကုန်လော့။ |
| **ဒွေ၊** | နှစ်ပါးကုန်သော။ |
| **ကာယ မနသိ၊** | ကိုယ်စိတ်နှလုံး၌။ |
| **မာမတ္တာယ၊** | ချမ်းသာပွားတိုး မြတ်နိုးခြင်းအကျိုးငှာ။ |
| **ဖလံ၊** | ပူဇော်အ ဖြာဖြာ အကျိုးများစွာကို။ |
| **ဩြောင်း ဟရ၊** | မနှင်းကြည်ဖြူ (အောင်မြင်စွာ) ဆောင်ယူခဲ့ကြပါကုန်လော့။ |
| **သဟာသ ပရိဝါရာယ၊** | အထောင်မက အခြွေအရံနှင့်တကွသော။ |
| **ဝိသာခါယ၊** | ပုဗ္ဗာရုံကျောင်းအမဝိသာခါ ဒါယကာမ၌ လည်းကောင်း။ |
| **မောဇိသတ္တာယ၊** | သုံးဘုံကျော်ကြား မြတ်စွာဘုရားအလောင်း၌ လည်းကောင်း။ |
| **ဝိယာ ယထာ၊** | ချစ်သူခင်သူ ကြည်ဖြူလွန်တိုး မြတ်နိုးကြသကဲ့သို့။ |
| **တထာ၊** | ဝတ္ထု စေတနာ ထို့အတူသာလျှင်။ |
| **မေ၊** | ကောင်းကျိုးအားထုတ် အကျွန်ုပ်အား။ |
| **သဗ္ဗ န ဂရေ၊** | လုံးစုံများစွာ မြို့တကာ၌ လည်းကောင်း။ |
| **သဗ္ဗ ဂါမေ၊** | လုံးစုံများစွာ ရွာတကာ၌ လည်းကောင်း။ |
| **သဗ္ဗဂေဟေ၊** | လုံးစုံများစွာ အိမ်တကာ၌ လည်းကောင်း။ |
| **သဗ္ဗဇနာနံ၊** | ခပ်သိမ်းဥသုံ အလုံးစုံသော နတ်၊ လူတို့၏။ |
| **ဝိယံ၊** | သဒ္ဓါတိုးပွား ချစ်ခင်မြတ်နိုးခြင်းသည်။ |
| **ဘဝန္တု၊** | နှစ်သက်စုပုံ ဖြစ်ကြပါစေကုန်သတည်း။ |
| **သဗ္ဗလာဘ မိတ္တံ၊** | အလုံးစုံများစွာ လာဘ်ရတနာ အဆွေခင်ပွန်းကောင်းများစွာသည်။ |
| **မမ သန္တိကေ၊** | ကောင်းကျိုးအားထုတ် အကျွန်ုပ်၏အထံသို့။ |
| **ပေဟိ ပေဟိ၊** | နှစ်သက်ရွှင်စွာ လာလှည့် လာလှည့်ကြပါကုန်လော့။ |

ချမ်းသာခြင်းများစွာကို လက်တွေ့ခံစားရလာပါလိမ့်မယ်။

အကျွရာပီပီသသနှင့် မှန်မှန်ကန်ကန် ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုပွားများပါမူ အကျိုးအာနိသင် ပိုမိုထက်မြက်၍ လျင်မြန်ထိရောက်စွာ အကျိုးထူးပေးပါလိမ့်မယ်။

ဒါကြောင့် လိုအင်ဆန္ဒ ကိုယ်စီရှိကြတဲ့ လောကီလူသားများအားလုံး ပေဟိမိတ္တံဂါထာ မန္တန်တော်ကြီးကို အစဉ်အမြဲ လက်ကိုင်ထားရင်း နေ့စဉ်ပုံမှန်ရွတ်ပွားအားထုတ်ကြခြင်းဖြင့် လိုအင်ဆန္ဒဟူသမျှ ပြည့်စုံနိုင်ကြပါစေကြောင်း တိုက်တွန်း နှိုးဆော်ဆန္ဒပြုခြင်းများစွာဖြင့်...

**နီမာအေးမြ**
*(ပြည်မြို့မှဒီတာ)*

**စာမူရှင်များသို့...**

ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

*လေးစားစွာဖြင့်...*

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်စွန်း သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ (၆)

ဆောင်ရွေးမြတ်
(စစ်ကိုင်းတောင်)

### ငါးထပ်ကြီး မြတ်စွာဘုရား

**နမောတဿ ဘဂဝတော အရဟ တော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ် ဆိုပါ]*

သာလွန်ရာဇဿ ပုတ္တေန၊
ပင်းတလဲ ရညေန ကာရိတံ။
ငါးထပ်ကြီးဝှ ပဋိရူပံ၊
ဝန္ဒေ တံ အဟ မာဒရံ။

ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ရာဇဿ** | **= ရာဇတ်သ** |
| **ပုတ္တေန** | **= ပုတ်တေန** |
| **ရညေန** | **= ရင်ညေန** |
| **ပဋိရူပံ** | **= ပတိရူပံ** |
| **ဝန္ဒေတံ** | **= ဝန်ဒေတံ** |

မာပြန်

**သာလွန်ရာဇဿ၊** ကောင်းမှုတော် ကြီး၏ ဒါယကာ သာလွန်မင်း ၏။

**ပုတ္တေန၊** သားတော်ဖြစ်သော။

**ပင်းတလဲ ရညေန၊** ပင်းတလဲ ခင်းမြတ်သည်။


**ငါးထပ်ကြီးဝှ ပဋိရူပံ၊** အကြင် ထပ်ကြီးမြတ်စွာဘုရား ရုပ်ပွားတော် ကြီးကို။

**ကာရိတံ၊** ရဟန်းရှင်လူ ပြည်သူ ကုသိုလ်ပွားအောင် တည်ထား ပြီ။

ထို ငါးထပ်ကြီး ဘွဲ့အမည် ဘော်မူသော မြတ်စွာဘုရားရှင်ကို။

**တံ၊** "......"ဟု နာမ သမုတ် ပါသည်။

**မှတ်။ ။"......"နေရာတွင် သည့် ထည့်ဆိုရန်]**



▲ စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရား ဆင်းတုတော်
(ဉာဏ်တော် ၂၀-တောင်)အား ကြည်ညိုဖွယ်ရာ ဖူးမြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



◆ စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရားမုခ်ဦးအား ရှုမြင်ရစဉ်

◆ ဘုံဆောင်ငါးထပ်နှင့် ငါးထပ်ကြီးဘုရားအဆောင်တော်အား ရှုမြော်မြင်ရစဉ်



**အာဒရုံ၊** ရှိသေလေးမြတ်စွာ။

**ဝန္ဒေဝန္ဒာမိ၊** ရှိခိုးကော်ရော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၁၀၂၀ ပြည့်နှစ်။

ဘုရားဒါယကာ

မင်းရဲနန္ဒမိတ်ခေါ် ပင်းတလဲဘုရင် သီရိနန္ဒာ ဓမ္မရာဇာပဝရာဓိပတိနှင့် မိဖုရားခေါင်ကြီး အတုလ မဟာ နန္ဒ ဒေဝီ။

တည်နေရာ

စစ်ကိုင်းမြို့၊ အနောက်တာ၊ တောင်ဘော်ဂါရပ်။

ပွဲတော်ရက်

နှစ်စဉ် သီတင်းကျွတ်လဆန်း (၃) ရက်မှ (၇)ရက်နေ့ထိ တစ်ပွဲ။ နှစ်စဉ် နတ်တော်လပြည့်နေ့၌ တစ်ပွဲ။ (ပွဲတော် ၂-ကြိမ် ရပါသည်။)

အောင်မြေနေရာ

ရုပ်ပွားတော်မြတ်ကြီး၏ လက်ယာဒူးတော်အနီး။

အစောင့်အရှောက်

လုံးဗော ဘိုးဘိုးကြီး။

ထူးခြားချက်

ငါးထပ်ကြီး ဆင်းတုတော်မြတ်ကြီး အားပူဇော်ထားသော ရွှေကျောင်းတော် ကြီးကို...

၁။ လည်ပေါ်ငါးရပ်၊

၂။ ဘုံအဆင့်ငါးထပ်၊

၃။ ဉာဏ်တော်အမြင့် (၂၈)တောင် သော ဆင်းတုတော်ကြီးအ ပြာသာဒ်ငါးဆင့်၊

၄။ ပလ္လင်တော်ငါးထပ်၊

၅။ ဌာပနာတော်ငါးရက်၊

၆။ အထပ်ငါးထပ်၊

၇။ ပွဲတော်ငါးရက်၊

၈။ မြေပယ်(၅)ပယ်တွင်ရှိသော ဝန် ဝါးတောကြီး၌ တည်ထ သောကြောင့် ဝေဠုဝန်ငါးထပ် မြတ်စွာဘုရားဟု ကမ္ပည်း တော် မှုခဲ့လေ၏။

**၂၈-တောင်ရှိသော ဆင်း တော်ကြီး၏ ဉာဏ်တော်အတွ ၌...**

၁။ မဏိတော်တွင် ဆံတော်နှင့် စွယ်တော်ပွား။

၂။ မေးဖျားတွင် ဓာတ်တော်။

၃။ သမီးတော် သီရိဘုန်းထွဋ် မြန်းသော ရတနာများကို ပုရပိုက်ပြုလုပ်၍ ပိဋကတ် ကျမ်းဦးအက္ခရာ ရေးသွင်း ရင်ဘတ်တော်၌ လည်းကော

၄။ နဝရတ်ကိုးပါး ရတနာမျ လက်ယာဒူးတော်၌ လ ကောင်း။


၅။ ရွှေလက်ကျပ် ရတနာမျ လက်ဝဲဒူးတော်၌ဌာပနာ ခြင်းကြောင့် ငါးထပ်ကြီးမြ





www.burmeseclassic.com

www.burmeseclassic.com



◄ ငါးထပ်ကြီးဆင်းတုတော်ကြီး၏
လက်ယာဘူးတော်အနီးမှ အောင်မြေနေရာ



စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရား အတက်လှေကားအနီးမှ
ထူးခြားသော ပုတီးကြီးပုံ ►

ဘုရားဟု ကျော်ကြားတော်မူလေသည်။

ဆင်းတုတော်မြတ်ကြီးအား ဖူးမြော်ရာ အထက်ဝဲယာရှိ အလွန်ကြီးမားသော ပုတီးကုံးကြီးများမှာ ထူးခြားဆန်းပြားလှပေ၏။

ပုတီး အဓိဋ္ဌာန်တင်လိုကြသော ...လ်အပေါင်းတို့သည် ရက်မြတ် ...လာချိန်ခါသမယ၌ ဤပုတီးကြီးအား လက်ယာလက်ဖြင့် ထိကိုင်၍ အဓိဋ္ဌာန် တင်ကြလေ၏။

...ရဝင် သာသနာမြေ ဖြစ်သော ...ကြောင့် **အာပေါသိဒ္ဓိ** ရရှိနိုင်လေသည်။

ကောင်းမှုတော်စေတီ

...ပူဇော် ဂါထာတော် (၁)

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ် ...]*

**အရဟတော၊** ပူဇော်အထူးကို ...ခံတော်မူထိုက်သော။

**သမ္မာသမ္ဗုဒ္ဓဿ၊** သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော။

**တဿဘဂဝတော၊** ထို မြတ်စွာဘုရားအရှင်အား။

**နမော၊** ဒူး၊ လက်၊ နဖူးထည့် ငါးဦးဖြင့် ကြည်နူးသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား။

**ဩကာသ၊ ဩကာသ၊ ဩကာသ။**

''ကနက္ကဒါန်'' ရောင်လျှံထိန်ညီး၊ မြရွှေထီးနှင့် တောင်ကြီးတမျှ မြစ်ကမ်းစဝယ်၊ ရာဇာမဏိစူဠာ၊ ဘွဲ့မည်သာလျက်၊ တေဇောပြောင်ရွှန်း၊ အစဉ်ထွန်းသာသည့်၊ တတိယပစ္စယာ၊ ထက်မှာတလီ ''အကြည်တော်ညွှန်း''။

အဝန်းလေးရာ၊ ရှစ်ဆယ်သာဆောင်၊ တစ်ထွာနှင့်တစ်တောင်၊ သံတောင်အစောက် တစ်ရာမောက်၍ ဆယ့်ခြောက်လက်သစ်၊ လက်ရှစ်သစ်တည်း၊ စနစ်ထီးတော်၊ လေးတောင်ပေါ်တွင် ကျော်ခြောက်သစ်ထက်၊ ညီညီလက်မျှ။

အချက်ခြောက်တောင်၊ နှစ်သစ်ဆောင်သား၊ ဆယ်တောင်အချင်း၊ သာလွန်မင်းလျှင်၊ သောင်းထွင်းပိုလ်ခြေ ကိုးကွယ်စေဟု။

ရေပင်လယ်ဝန်း၊ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌၊ တည်ထွန်းမွေပုံ၊ ထူပါရုံသို့၊ ပုံစနစ်ယူ၊ တည်တော်မူ၏။

နတ်လူသခင်၊ မြတ်ချစ်ရှင်၏၊ ရွှေစင်လျှံဖိတ်၊ မြသပိတ်နှင့်၊ လျှံဖိတ်စွယ်တော် ကိုယ်စားတော်ကို၊ ဓာတ်တော်သိန်းသောင်း၊ မွေတော်ပေါင်းနှင့် စုပေါင်းများစွာ ဌာပနာလျက်။


ဧယျာမြစ်ကမ်း၊ မင်းဝံစွန်းတွင်၊ တင့်ရွှန်းစေသည်၊ မိုးဖြာသည်မျှ ရောင်ခြည်ခြောက်သွယ်၊ ကောင်းကင်ကြယ်သို့၊ ရှုဖွယ်ဝန်းကျင်၊ ဆေးစုံမင်နှင့်၊ ဇာတ်စင်ငါးရာ၊ ရေးပြီးခါလျှင်...

ရတနာရွှေကျောင်း၊ ရွှေတန်ဆောင်းနှင့် ခေါင်းလောင်းရွှေစည်၊ ထက်ဝန်းလည်လျက်၊ ရောင်ခြည်ယှက်သန်း၊ ရွှေဝန်းမှ၊ မြောက်ယွန်းပါရပ်၊ နတ်တို့ကြပ်၍၊ ပြီးအပ်သည်သာ။




www.burmeseclassic.com

www.burmeseclassic.com



▲ ကောင်းမှုတော် စေတီတော်ကြီးအား ယနေ့အချိန်၌ ရွှေဝါရောင် သုတ်သေးများဖြင့် ပူဇော်ထားရစ်

▼ ကောင်းမှုတော်စေတီတော်မြတ်ကြီးအား ၊ ယခင်ကာလက စိန်တောင်ကြီးအလား မုလိဦးအနီးမှ ဖူးမြင်ရစဉ်



သာသနာ၏ရွှေဝါထွန်းပေါ်၊ ကောင်းမှုတော်ကို၊ ပူဇော်မြတ်နိုး၊ ရှိပန်ခိုးသည်၊ ကောင်းကျိုးယခုပြည့်စေသော်။

သဗ္ဗညုမြတ်ရှင်စော၊ ဩကာသ၊ ဩကာသ၊ ဩကာသပါ မြတ်စွာဘုရား။

မှတ်ချက်

**ကနက္ကဒါနိ** = အထွတ် ငါးဆင့်ရှိသော ထီးတော်။

**အကြည်တော်** = တတိယပစ္စယအထက်ကို "အကြည်တော်" ခေါ်ပါသည်။

**ပါရစ်** = **ပါ** – ကြာသပတေး
**ရစ်** – ရာဟု။

**ပါရစ်** = ကြာသပတေးနှင့်စပ်သော ရာဟုအရပ်ဟု ဆိုလိုပါသည်။

ကောင်းမှုတော် ဘုရားရှိခိုးဂါထာ

**နမောတဿ ဘဂဝတော အ... တော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်... ဆိုပါ။]*


○ သာလွန်ရာဇေန မာပိတံ၊
မဟာကုသလံ ယံ ထူပံ။
ရာဇာမဏိစူဠာ ဝှယံ၊
နာနာ ဓာတူ ဟိ နိဓာနံ။

○ ဝဇီရာစလ သဏ္ဍာသံ၊
မြန်မာရဋ္ဌေ သိရိရွှံ၊
ကပ္ပမဋ္ဌေ သုပါကဋံ၊
ဝန္ဒာမိ အဘိသက္ကတ္တံ။



www.burmeseclassic.com

www.burmeseclassic.com



▲ ကောင်းမှုတော် စေတီကြီး၏ တောင်ဘက် အာရုံခံအတွင်းမှ အလွန်ထူးခြားသော ပန္နလောဟာ ရုပ်ပွားတော်မြတ်ကြီး

ခက်ခဲသော ပါဠိအသံထွက်

**သိရိနွရံ** = သိရိန်ဓရံ
**ကပ္ပမဇ္ဈေ** = ကပ်ပမစ်ဈေ
**သုပါကဋံ** = သုပါကတံ
**ဝန္ဒာမိ** = ဝန်ဒါမိ
**သက္ကစ္စံ** = သက်ကစ်စံ

မြန်မာပြန်

**သာလွန်ရာဇေန**၊ အင်းဝနန်းစံ သဒ္ဓါသန်လှသော သာလွန်မင်းတရားကြီးသည်။

**နာနာဓါတူဟိ**၊ ဂေါတမမြတ်စွာဘုရားရှင်၏ လက်ဝဲအောက် စွယ်တော်မြတ်နှင့် များလှသိန်းသောင်း၊ ဓါတ်မွေတော် အပေါင်းတို့ဖြင့်။

**နိဓါနံ**၊ ထည့်သွင်း ဌာပနာ ပူဇော်ထားအပ်ပါသော။

**ဝဇီရာဓလ သက်ာသံ**၊ ညစ်ကြေးမထင်၊ ဖြူသန့်စင်၍ ကမ္ဘာကျော်ဟည်း ရောမ စိန်တော်ကြီးနှယ်၊ တူတော်မူပေသော။

**မြန်မာရဋ္ဌေ**၊ မြန်မာနိုင်ငံတော်ကြီး၌။

**သိရိနွရံ**၊ သာသနာတော်၏ ကျက်သရေဆောင်ကြီးလည်း ဖြစ်ပါပေသော။

**ကပ္ပမဇ္ဈေ**၊ ကမ္ဘာ့အလယ်၌။

**သုပါကဋံ**၊ ကောင်းစွာထင်ရှားသော။

**ရာဇမဏိစူဠာဝှယံ**၊ ရာဇမဏိစူဠာ ဘွဲ့အမည် ရရှိပါသော။

**ယံ မဟာကုသလံ ထူပံ**၊ အကြင်ကောင်းမှုတော် စေတီတော်မြတ်ကြီးကို။

**မာပိတံ**၊ ကမ္ဘာသူ ကမ္ဘာသား၊ သတ္တဝါအများတို့၊ အကျိုးများအောင်၊ တည်ထောင်ဖန်ဆင်း၊ ကိုးကွယ်ပူဇော်ခြင်း ပြုအပ်ခဲ့လေပြီ။

**တံ**၊ ထို ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီးကို။

**အဟံ**၊ "......"ဟု နာမ သမုတ် အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုရန်]**

**အတိ သက္ကစ္စံ**၊ အလွန်ရိုသေလေးမြတ်စွာ။

**ဝန္ဒာမိ**၊ ရှိခိုးကော်ရော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ မြတ်စွာဘုရား။

ကောင်းမှုတော်စွယ်တော်ရှိခိုးဂါထာ(၃)

○ ဒါဌာဓါတုံ၊ အသမ္ဘိန္နံ၊
ရံသိဇာလ၊ သမုဇ္ဇလံ။



www.burmeseclassic.com

www.burmeseclassic.com

ကိန္နိ ရတ္တံ၊ သိစ္ဆောဒါတံ၊
သိဂိနိက္ခ၊ သရိက္ခတံ။
○ ဒန္တဂ္ဂ သမာ သဏ္ဌာနံ၊
တိဝင်္ဂုလိ ပမာဏကံ။
မဇ္ဈင်္ဂုလိ ပရိဏာဟံ၊
နမာမိ အဂ္ဂ ဆိန္ဒကံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **အသမ္ဘိန္န** | = အသမ်ဘိန်န |
| **သမုဇ္ဇလံ** | = သမုတ်ဇလံ |
| **ကိန္နိရတ္တံ** | = ကိန်စိရတ်တံ |
| **ကိစ္ဆောဒါတံ** | = ကိန်စောဒါတံ |
| **သိဂိနိက္ခ** | = သိဂိနိတ်ခ |
| **သရိက္ခတံ** | = သရိတ်ခတံ |
| **ဒန္တဂ္ဂ** | = ဒန်တက်ဂ |
| **သဏ္ဌာနံ** | = သန်ထာနံ |
| **တိဝင်္ဂုလိ** | = တိဝင်ဂုလိ |
| **အဂ္ဂ** | = အက်ဂ |
| **ဆိန္ဒကံ** | = ဆိန်ဒကံ |

မြန်မာပြန်

**အသမ္ဘိန္နံ**၊ မကွဲမပြို၊ မယိုမယွင်း၊ ပကတိ ပင်ကိုယ်ရင်းလည်း ရှိတော်မူသော။

**ရံသိဇာလ သမုဇ္ဇလံ**၊ ရောင်စုံထွေးယှက်၊ ရွှေကွန်ရက်ကဲ့သို့၊ ကူးယှက်လည့်ကြွ ကောင်းစွာတောက်ပသော၊ အဆင်းရှိတော်မူပေသော။

**ကိန္နိရတ္တံ** အရင်းအဖျားတို့၌၊ ဟင်္သပဒါးသက်ရေး၊ စွေးစွေးနီမြန်း၊ လယ်ခေါင်ရန်းကဲ့သို့၊ ယှက်သန်းသေးသွယ်၊ စဥ်းငယ်နီမြန်းသော အဆင်းလည်း ရှိပေသော။

**ကိစ္ဆောဒါတံ**၊ အစအဆုံး၊ စွယ်တော်လုံး၌၊ ရစ်ဖုံးထွေးယှက်၊ ဘော်ငွေရွက်အတူ၊ ပုလဲမှုမယွင်း၊ ပုံစနစ်ခင်းရအောင်၊ စဥ်းငယ်ဖြူဝင်းသော အဆင်းလည်း ရှိပါပေသော။

**သိဂိနိက္ခ သရိက္ခတံ**၊ နာရဇာသိင်္ဂ



ကောင်းမှုတော်ဘုရား၌ ရှိ သိကြားမင်းကြီး၏ ရေစင်သွန်းရာ
သိကြားရုပ်နှင့် အောင်မြေနေရာ

နိက်၊ ခပ်နိုက်ရွှေစင်၊ အသွင်မခြား၊ တသားတည်း တူတော်မူပေသော။

**ဒန္တဂ္ဂ သမာသဏ္ဌာနံ**၊ ဆဒ္ဒန်စွယ်ဖျား၊ ပုံမခြားဘဲ၊ အဖျားသွယ်သပ်၊ လျောက်ပတ်တင့်ရှိုင်း၊ စဥ်းငယ်သွယ်ကိုင်းသော၊ သဏ္ဌာန်လည်း ရှိတော်မူပါပေသော။

**တိဝင်္ဂုလိ ပမာဏကံ**၊ ပကတိလူအများ၊ အတိုင်းအရှည်အားဖြင့်၊ လက်သုံးသစ် ရှိတော်မူပါပေသော။

**မဇ္ဈင်္ဂုလိ ပရိဏာဟံ**၊ လက်လယ်သမုဒ်၊ ဖွင့်ထုတ်ဖော်ပြား၊ လက်ချောင်းဖျားကဲ့သို့၊ ကောင်းစွာသွယ်ရုံး၊ ဝန်းလုံးသော သဏ္ဌာန်လည်း ရှိပါပေသော။

**အဂ္ဂဆိန္ဒကံ**၊ စွယ်တော်ဖျား၌၊ ထင်ရှားမမြင်၊ ရေးရေးထင်သည့်၊ စဥ်းငယ်အပေါက်၊ အသွင်လည်း ရှိတော်မူပါပေသော။

**ဒါဌာဓာတုံ**၊ လူရောနတ်ပါ ပြဟ္မာမလပ်၊ နှံ့စပ်ကျော်ကြား၊ ဘုရားရှင်

www.burmeseclassic.com

မြတ်၊ စွယ်တော်ဓာတ်ကို။

**အဟံ၊** ရုပ်နှင့်နာမ်ဓာတ်၊ ဤနှစ်ရပ်ဖြင့်၊ အတ္တသမုဒ်၊ ...အကျွန်ုပ်သည်။

**နမာမိ၊** ဖရဏာပိတိ၊ ဝွမ်းဆီထိပုံ၊ သဒ္ဒါဟုံဖြင့်၊ ကြည်ယုံမြတ်နိုး၊ လက်စုံမိုးကာ ရှိခိုးကော်ရော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ်–၉၉၈ ခုနှစ်မှ သက္ကရာဇ်–၁၀၁၀ခုနှစ်အထိ၊ ၁၂–နှစ်တိုင် တည်ခဲ့ရ၏။

ဘုရားဒါယကာ

သီရိသုဓမ္မရာဇာ မဟာဓိပတိဘွဲ့မည်ရှိသော သာလွန်မင်းကြီး။

ရွှေထီးဒါယကာ

သာလွန်မင်းတရားကြီး၏ သားတော် **"ငါးထပ်ကြီးဘုရားဒကာ"** ပင်းတလဲမင်း။

တည်နေရာ

စစ်ကိုင်းမြို့ မြောက်ဘက်၊ တင်းတိပ်ရွာအနီး၊ ရွှေဘို မုံရွာလမ်းမကြီး အရှေ့ဘက်။

ပွဲတော်ရက်

၁။ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့ တစ်ပွဲ။
၂။ နှစ်စဉ် သီတင်းကျွတ် လပြည့်ကျော် (၈)ရက် တစ်ပွဲ။
၃။ နှစ်စဉ် တန်ဆောင်မုန်း လပြည့်နေ့ တစ်ပွဲ။

အောင်မြေနေရာ

သိကြားဂူ။

အစောင့်အရှောက်

ဣန္ဒာသက္က ဘိုးတော်သိကြားမင်းနှင့် နတ်စစ်သည် တစ်ရာ့နှစ်ဆယ်။

ထူးခြားချက်

မြတ်စွာဘုရားရှင်၏ လက်ဝဲအောက်စွယ်တော်အစစ် ဌာပနာထားခြင်း။



◆ ကောင်းမှုတော်ဘုရားမှ ထူးခြားလှသော မေတ္တာကန်တော်

စတုမဟာရာဇ်နတ်မင်းကြီး (၄)ပါး ဆက်ကပ်သော၊ အနားလေးရစ်ရှိသည့် မြသပိတ်တော်အစစ် ဌာပနာခြင်း။

ပြဟ္မာမင်း ဆက်သသော ဓာတ်တော်များ ဌာပနာထားခြင်း။

မြန်မာနိုင်ငံတော်၏ "မဟာထာဝရ ဘုရားကြီးအစု" တွင် ပါဝင်ခြင်း။

မည်သည့်ခေတ်တွင်မဆို ငလျင်မည်မျှ ပြင်းထန်စွာ တုန်လှုပ်သော်လည်း အက်ရာမျှမထင်အောင် တန်ခိုးကြီးတော်မူခြင်း။

ကမ္ဘာပေါ်တွင် အကြီးဆုံး၊ အခမ်းနားဆုံးနှင့် အခိုင်ခံ့ဆုံးစေတီကြီးဖြစ်ခြင်း။

အလွန်ထူးခြားသော ပဋ္ဌလော်ဟာ ရုပ်ပွားတော်မြတ်ကြီးကို အပူဇော်ခံထားခြင်း။

စေတီတော်ကြီး၏ မြောက်ဘက်မျက်နှာစာတွင် ရေတွင်းရေကန်တူးရန် သိကြားမင်း၏ မေတ္တာရပ်ခံခြင်းကြောင့် **မေတ္တာကန်**ဟု ခေါ်တွင်လေ၏။

မေတ္တာကန်၏ အတွင်းလေးထောင့်တွင် ရေတွင်းလေးတွင်း ထူးခြားစွာပါရှိ၏။

မေတ္တာကန်တော်မှာ ဘေးမဲ့သက်ကယ် ကန်တော်ဖြစ်ခြင်း။

စစ်ကိုင်းမြို့နယ်၏ ကောင်းဆိုးနှစ်တန်အား နိမိတ်ပြရာ ကန်တော်ဖြစ်ခြင်း။

ကောင်းမှုတော်ဘုရား ဝန်းကျင်အား ကွာသိပတန မိဂဒါကဲ့သို့ သတ်မှတ်၍ ရေနေ၊ ကြည်းနေ၊ သတ္တဝါတို့ကို ဘေးမဲ့အရပ်အဖြစ် သတ်မှတ်ထားခြင်း။

ရာဇမဏိစူဠာ ကောင်းမှုတော် စေတီတော်ကြီးသည်ကား။

**ဗုဒ္ဓစည်း၊ ဓမ္မစည်း၊ သံဃစည်း၊ သိကြားစည်း** ဖြစ်သောကြောင့် သီလ၊ သမာဓိ၊ သစ္စာ၊ ပညာဖြင့် ကြိုးစားအားထုတ် အောင်မြင်နိုင်ကြပါစေ။


**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ခုနှစ်၊ ဩဂုတ်လအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ



# ထီ ဆုငွေ



ဩဂုတ်လတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ဆုငွေအမြောက်အမြား ပိုင်ဆိုင်ရရှိနိုင်ရန် **၄၊ ၇၊ ၈** ဂဏန်းခြေများကို **၈၊ ၅၊ ၁၊ ၀** အက္ခရာဝလီတို့နှင့် တွဲဖက် ကံစမ်းကြည့်ကြပါ။

ဂဏန်းတွဲများကို ရွေးချယ်လိုပါက **၈၁၊ ၄၈၊ ၇၁** ဂဏန်းတွဲများကို ဦးစားပေးသင့်ပါသည်။

မိမိတို့ မွေးနှစ်အလိုက် ကံစမ်းလိုပါလျှင် အောက်တွင် ကြည့်ပါ။

* * *

| မွေးနှစ် | လာဘ်ပွင့်အရောင် | ကံပွင့်ဂဏန်း | ကံပွင့်အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| နွား ကျား | အစိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ယုန် | အညို | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| နဂါး မြွေ | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မြင်း | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ဆိတ်၊ မျောက် | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ကြက် | မြေဝါ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ခွေး ဝက် | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |

**ဥပမာ။** ။ မြင်းနှစ်ဖွားဖြစ်လျှင် အစိမ်းရင့်ရောင် လာဘ်ပွင့်စေသည်။ ကံပွင့်ဂဏန်း(၄)ဖြစ်၍ အရှေ့တောင်ထောင့်အရပ် ကံပွင့်အရပ်ဖြစ်သည်။

စပ်တူထိုးလိုပါက တနင်္ဂနွေသားသမီးနှင့် ကံစပ်ပါ။ ကြာသပတေးနေ့တွင် ကံစမ်းသင့်သည်။

**ဆိုင်တည်ရာ ဌာနဗလအင်အား ရယူလိုပါက...**

စားသောက်ဆိုင်ကြီးများ၊ ဓား၊ ကတ်ကြေး၊ ကွမ်းညှပ်၊ မူလီ၊ သံချောင်း၊ သံပြားများ စသဖြင့် သတ္တုပစ္စည်းအရောင်းဆိုင်၊ စက်ပစ္စည်းကိရိယာများ အရောင်းဆိုင်၊ ကျောက်မျက်ရတနာ အရောင်းဆိုင်၊ ပန်းပဲဖို၊ ပန်းထိမ်ဖို၊ ပန်းတဉ်းအလုပ်ရုံ စသည်တို့အနီး ဖွင့်လှစ်ရောင်းချသော ထီလက်မှတ်အရောင်းဆိုင်များတွင်လည်း ကံစမ်းနိုင်သည်။

ဆိုင်ရှေ့တွင် မီးပုံး၊ ဘောလုံးကဲ့သို့ လုံးဝန်းသောအရာများ တန်ဆာဆင်ထားသည့်ဆိုင်၊ ရွှေရောင်ငွေရောင် လွှမ်းမိုးခြယ်သထားသော ဆိုင်တို့၌လည်း ကံပွင့် ကံထူးနိုင်ကြပါသည်။

**ထီကံပွင့် ယတြာပြုလိုပါက...**

သောကြာနေ့တွင် လူအများကိုးကွယ်သော ဘုရားစေတီတစ်ဆူ၏ မြောက်အရပ်၊ သောကြာဂြိုဟ်တိုင်အနီးမှနေ၍ အမွှေးနံ့သာ ကပ်လှူပါ။ အမွှေးတိုင် ကပ်လှူ၍လည်း ရသည်။ (၇)တိုင် ထွန်းညှိပူဇော်သင့်သည်။ ထီဆုကြီးများရရှိရန် သမ္မာဒေဝများထံ တိုင်တည် ဆုတောင်းပါ။

***ဝှယောင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

# ပေါင်လောင်ရှင်ကဿပမထေရ်


ကောင်းမှုစေတီများ ပူဇော်မှုခရီး

## အမြင့်တောကျောင်းစေတီ

စင်သိုယေ

**မန္တလေး မဟာမုနိကျောက်စာရုံ အတွင်းရှိ ကျောက်စာအမှတ်(၃၀၃)တွင် ပေါင်လောင်ရှင် ကဿပမထေရ်၏ မြတ်ကြီး၏ ကောင်းမှုတော်များ အနက် ထင်ရှားသော စေတီပုထိုး (၃၇)ဆူကို ရေးထွင်းထားသည်ကို တွေ့ရသည်။**

အလားတူပင် အနိမ့်တောကျောင်း ရွှေဂူကြီး ဘုရားကျောက်စာတွင်လည်း အဆိုပါ (၃၇)ဆူစာရင်း ရေးထွင်းထား သည်ကို လေ့လာသိရှိရ၏။ ထိုစာရင်းမှ **အမှတ်(၂)စေတီဖြစ်သော အမြင့်တောကျောင်းစေတီသို့** အခန့်သင့် သဖြင့် သွားရောက် ပူဇော်ဖြစ်ခဲ့သည်။



◆ ကိုယ်တော်ပျောက်စေတီ

### တည်နေရာ

ချောင်းဦးမြို့ အနောက်ဘက်ခရီး (၆)မိုင်ခန့်သာ ကွာဝေး၍ အမြင့်မြို့ ဟောင်းမှ မိုင်ဝက်ခရီးအကွာတွင် တောကျောင်းနှင့် စေတီရှိသည်။ စေတီ တော်မှာ ယခုအခါ **"ကိုယ်တော် ပျောက်"**စေတီဟု ဘွဲ့မည်တွင်လေ သည်။

ပုဂံခေတ်ကာလအခါက လက်တော် ရာတောကျောင်း သို့မဟုတ် တက် သချိုင်တောင်အရပ် တောကျောင်းနှင့် စေတီဟု ခေါ်တွင် သုံးနှုန်းခဲ့ကြောင်း ပုဂံခေတ် ကျောက်စာများအရ သိရှိရ သည်။

မုံရွာ-မန္တလေးအဝေးပြေးကားလမ်း ၏ တောင်ဘက် (၁၀)မိုင်နီးပါးအကွာ အမြင့်မြို့ဟောင်းသို့ သွားရာလမ်းမှာ ချောမွေ့ အဆင်ပြေပါသည်။

ချောင်းဦးမှ လာသောလမ်းမှာ မြေ လမ်းဖြစ်ကာ ကျောက်ခင်းလမ်းဖြစ်ရန် စတင် ဖောက်လုပ်နေကြသည်ကို မြင် တွေ့ရပေသည်။

### ကိုယ်တော်ပျောက်စေတီ

တောကျောင်းရှာ လက်တော်ရာ ကျောင်းဝင်းအတွင်း ကိန်းဝပ်တော်မူ



www.burmeseclassic.com

www.burmeseclassic.com





▲ ရှေ့လက်ယာလိုဏ်မှ ရုပ်ပွားတော်

◀ ကိုယ်တော်ပျောက်စေတီလိုဏ်မှ ရုပ်ပွားတော်

သည်။ ဤဘွဲ့တော်ကို မည်သည့်အကြောင်းကြောင့် ခေါ်တွင်ကြသည်ဟု မသိခဲ့ရပေ။ နရပတိစည်သူမင်း မွမ်းမံတည်ထားစဉ်က အခြားဘွဲ့မည် ရှိခဲ့ဟန် တူပါသည်။

ကုလားကျောင်း တိုက်မ,ခံ၍ ပစ္စယံသုံးဆင့် အထက်ခေါင်းလောင်းမှောက်စေတီပေါက်ထားသည့် မြင့်မားခံ့ထည်လှသောစေတီ ဖြစ်သည်။ အရှေ့လှည့်မုခ်ပါဝင်၍ ကုလားကျောင်းလိုဏ်အတွင်း တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူ စံပယ်တော်မူသည်။

ပုဂံခေတ်လက်ရာ အနည်းငယ်သာကျန်ရှိ၍ နှောင်းခေတ်မွမ်းမံမှုလက်ရာများ ရောနှောနေသည်ကို တွေ့ရသည်။ ရှေ့တော်ဝဲယာတွင် နံရံတွင်း မုခ်လိုဏ်ထွင်း၍ တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူစီ ပူဇော်ထားသည်။

ပေါင်လောင်ရှင် ကဿပမထေရ်ဦးဆောင်မှုဖြင့် တည်ထားကိုးကွယ်သောစေတီများ၌ မြင်ရလေ့ရှိသည့် **ပေါင်လောင်ငယ်ရုပ်၊ ဘီလူးရုပ်များကိုမူ မမြင်တွေ့ရပေ။**

ကိုယ်တော်ပျောက်စေတီ၏ တောင်ဘက်တွင် ပြိုပျက်နေသော စေတီတစ်ဆူအတွင်း ရှေးရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ရသည်။ လက်ယာလက်မောင်းတော်နှင့် မဏိတော်အထက်ပိုင်း ပျက်စီးနေသည်။ ပုဂံခေတ်လက်ရာဟု ယူဆရဖွယ်ရှိလေသည်။


စေတီပုံသဏ္ဌာန်မှာ မြေစိုက်စေတီ ပစ္စယံအပိုင်းများခံ၍ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားခဲ့ဟန် ရှိပေသည်။

ကျောင်းဝင်းအတွင်း၌ ဤကဲ့သို့ ရှေးစေတီ အပြိုအကြွင်း အုတ်ပုံများစွာ မြင်တွေ့ခဲ့ရသည်။ ၆၀၂ ခုနှစ်ထိုး ကျောက်စာတစ်ခု၌ ဤနေရာကို **"လက်တော်ရာ တောကျောင်း"**ဟု ဖော်ပြထား၏။

## လက်တော်ရာဘုရား

ကိုယ်တော်ပျောက်စေတီ မြောက်ဘက်ကပ်လျက် ဂန္ဓကုဋိတန်ဆောင်း

www.burmeseclassic.com



◆ လက်တော်ရာ တန်ဆောင်းတွင်း မြင်ကွင်း

◆ လက်တော်ရာ ဂန္ဓကုဋိတန်ဆောင်း



အတွင်း၌ လက်တော်ရာဘုရားဟူသောကမ္ပည်းနှင့် မတ်ရပ်တော်တစ်ဆူ ဖူးတွေ့ရသည်။ လက်ယာလက်ဖဝါးကို အပြင်သို့ (ဖူးမြော်သူဘက်သို့)ထောင်လျက် လှန်ပြထားသည်။ အဘယမုဒြာရုပ်ပွားတော်ဖြစ်သည်။

ရှေ့တော်မှောက် ပလ္လင်ပေါ်၌ မှန်ခန်းငယ်နှင့် လက်တော်ရာတစ်ဆူ ပူဇော်ထားသည်။ လက်ယာဘက်လက်တော်ရာ ဖြစ်သည်။ **လက်ချောင်းထိပ်များ၌ ခရုသင်းတစ်ခုစီရှိ၍ လက်တော်လေးချောင်း အရှည်တစ်ညီတည်း ဖြစ်သည်။**

**လက်ညှိုးတတိယဆစ်**မှ အစပြုသော နှလုံးလမ်းသည် လက်ဝါးစောင်းသို့ ကွေးဝိုက်သွားသည်။ အသက်လမ်းအောက်ခြေတွင် ကံလမ်း(ခေါ်) ထီးရိုးက ပူး၍ရှိကာ အထက်လက်ခလယ်ဒုတိယဆစ်တိုင် တက်သွားသည်။

အသက်လမ်းနှင့် အစတွင် ပူးထွက်လာသော ဉာဏ်လမ်းက ကံလမ်းနှင့် နှလုံးလမ်းဖြတ်ရာမှ ထပ်မံ ဖြတ်သန်းကာ လက်သန်းတတိယဆစ်လယ်သို့တိုင် တက်သွားသည်။ အရံအသက်လမ်းကြောင်းက လက်မအောက်ခြေကို ကွေ့ဝိုက်ထားလေသည်။

ဤ လက်တော်ရာနှင့်ပတ်သက်၍ **လက်တော်ရာကျောင်းတိုက် ဆရာတော် အရှင်နရိန္ဒက** ဤသို့ မိန့်တော်မူသည်။

'ဘုရားရှင်လက်ထက်အခါက ဒီနေရာမှာ ဘီလူးကိုးသောင်း နေထိုင်ကြတယ်။ မြတ်စွာဘုရားရှင် စန္ဒကူးကျောင်းတော်ရာကနေ ဒေသစာရီ ကြွချီလို့ ဒီနေရာကိုရောက်တော့ ဘီလူး အများစုက ထွက်ပြေးကြလို့ ကျန်တဲ့ ဘီလူးလေးရာကိုပဲ တရားဟော ချွေချွတ်တော်မူရတယ်။

တရားဟောပြီးတဲ့အခါ ဘီလူးလေးရာစလုံး သောတာပန်တည်ကြပြီးနောင်တော့ စေတီတည်ခဲ့တာ မြစ်ကမ်းနားမှာ သောတာပန်စေတီလို့ ရှိလေရဲ့။

ညီတော်အာနန္ဒာက ဘီလူးကိုးသောင်းမှာ ဘာကြောင့်"လေးရာ"သာ တရားနာခွင့်ရသလဲလို့ မေးလျှောက်တော့ ပထဝီမြေကြီးနဲ့ လက်သည်းခွံပေါ် တင်ကျန်တဲ့မြေကြီး ဥပမာပေးဖို့ မြေကြီးကို ရွှေလက်တော် ပြတော်မူပါတယ်။

အဲဒီအခါ ပထဝီမြေအောက်က နဂါးမင်းက မြေခွဲထွက်လာပြီး လက်ဖဝါးပုံစံတော် ခတ်နှိပ်ပူဇော်ပါတယ်။ ကွဲသွားတဲ့မြေကြီးရဲ့ အတောင်(၁၀) အနက်မှာ ဘဒ္ဒကမ္ဘာမှာ ပွင့်ခဲ့တဲ့ နောင်

www.burmeseclassic.com

မတ်ရပ်တော်နှင့် ရှေ့တော်မှောက်မှ
လက်တော်ရာ ▶



တော် ဘုရားသုံးဆူရဲ့ ပရိဘောဂတွေ တွေ့ကြရတယ်။

မြတ်စွာဘုရားက နောင်တော် ဘုရားရှင်တွေကို ရည်မှန်းဖူးမြော်ပြီး ဒုကုဋ်တော်ကို ထည့်သွင်းတော်မူပါ တယ်။ အဲဒီနောက် ဘုရားရှင်လေးဆူရဲ့ ပရိဘောဂတွေနဲ့အတူ ဂေါတမဘုရား ရှင်ရဲ့ လက်တော်ရာပါ ထည့်သွင်း ဌာပနာပြီး သိကြားမင်းက ဂူကို ပိတ် လိုက်ပါတယ်။


ပုဂံ တောင်သူကြီးမင်းလက်ထက် ရောက်တော့ ဘုရားရှင်ရဲ့လက်တော်ရာ ကိုယ်စားတော်ကို ဂူအထက်မှာ ထုလုပ် ပူဇော်ခဲ့လို့ အခု ဒကာတို့ ဖူးတွေ့ရပါ တယ်။ ဘုရားရှင်က ဒီနေရာကနေ မန္တလေးတောင်ကို ဆက်ပြီး ကြွတော် မူတယ် ဆိုတယ်။ ဒါတွေက လူကြီး သူမ အစဉ်အဆက် ပြောခဲ့ကြတာတွေ ဘုန်းကြီးက လက်ဆင့်ကမ်းတာပါ ဒကာ'

## လက်တော်ရာ
## ဘုရားဒါယကာနှင့် ပတ်သက်၍

ဆရာတော်အရှင်နရိန္ဒ မိန့်ကြားခဲ့ သော လက်တော်ရာဘုရားဒါယကာ တောင်သူကြီးမင်းခေါ် စောရဟန်းမင်း ကား ပုဂံထီးနန်းကို မြန်မာသက္ကရာဇ် ၃၁၈ ခုနှစ်မှ ၃၆၃ခုနှစ်တိုင် အုပ်ချုပ်ခဲ့ သော ဘုရင်တစ်ပါး ဖြစ်သည်။

သိန်းခိုမင်း တောကစားထွက်ရာ တောင်သူကြီး၏ယာခင်းမှ သခွားသီး ကို ဆွတ်စားမိ၍ လုပ်ကြံခံရပြီးနောက် တောင်သူကြီးအား မင်းမြှောက်ကြ သည်။


လက်တော်ရာကျောင်းတိုက်
ဆရာတော် အရှင်နရိန္ဒ ▶






www.burmeseclassic.com

www.burmeseclassic.com



လက်တော်ရာသီးသန့်ပူဇော်ရစဉ်



နဂါးရစ်ခွေထားသော လက်တော်ရာ

ညောင်ဦး စောရဟန်းမင်းဟု တွင်၏။ ထိုမင်းလက်ထက် နဂါးကို အလေးအမြတ်ထား၍ အရုပ်ထုထားသည်ဆို၏။ ရာဇဝင်တွင် တန်ခိုး အာနုဘော်ကြီးမားသောမင်းတို့ကို နဂါး စောင့်ရှောက်လေ့ရှိသည်ဟု ဖော်ပြတတ်ကြသည်။

ထိုမင်းသည် စေတီပုထိုး များစွာတည်ခဲ့သည့် အရည်းရဟန်းတို့ သာသနာ ထွန်းကားသည်။

နဂါးစောင့်ရှောက်သဖြင့် နဂါးတို့ ပုံစံခတ်နှိပ်ပူဇော်ထားသော ဗုဒ္ဓဘုရားလက်တော်ရာစေတီပုံစံတူ ကိုယ်ပွားမှိုတလက်တော်ရာကို ပူဇော်နိုင်ခဲ့သည်ဟု ယူဆဖွယ်ရှိသည်။

သို့သော်လည်း ထိုမင်းလက်ထက် အရည်းရဟန်းတို့ သာသနာထွန်းကားသည်ဆိုသဖြင့် ညောင်ဦးစောရဟန်းမင်းနှင့်တကွ တစ်ပြည်လုံး လွဲမှားသောအယူကို ယူကြကုန်သည်ဟု ရာဇဝင်ကျမ်းတို့၌ ဖော်ပြကြ၏။

ဤ အချက်နှင့်ပတ်သက်၍ ပါမောက္ခဂျီအိပ်ချ်လုစ်က အောက်ပါအတိုင်း မှတ်ချက်ပေးခဲ့သည်။ *(လူသမိန်၏ ပုဂံခေတ် မြင်ကွင်းကျယ်စာအုပ်၊ စာမျက်နှာ ၄၉)*

ကျောက်စာတစ်ခုအရ တုရင်တောင်ထက် စောရဟန်း သိမ်ပျက်သည်ကို ပြင်ခဲ့ရကြောင်း သိရ၏။ အနုရုဒ္ဓမတိုင်မီ ကျောက်စာ၌ ပါရှိသော တစ်ဦးတည်းသော မင်းကား ထိုစောရဟန်းမင်း ဖြစ်၏။

ဤအချက်အရ ထိုခေတ်ကပင် ဗုဒ္ဓသာသနာဝင် ရဟန်းများရှိလျက် ဗုဒ္ဓသာသနိက အဆောက်အအုံများကို ရာဇဝင်ကျမ်းတို့၌ **"နဂါးကိုးကွယ်၍ ပုထိုးများ တည်ခဲ့သည့် မိစ္ဆာဒိဋ္ဌိ"**ဟု စွပ်စွဲထားခြင်းခံရသူက တည်ဆောက်ခဲ့သည်ကို တွေ့ရ၏။

ဤအချက်မျိုးကြောင့် ပုဂံပေါ်လာပုံနှင့်ဆိုင်သော ရာဇဝင်ကျမ်းလာ စကားတို့ကို အလျှင်စလို မပယ်သင့်ပေ။

ထို့ကြောင့် သာသနာတွင်း အရေးကြီးလှသော သိမ်ဒါယကာ စောရဟန်းမင်းကို အယူလွဲမှားသူဟု ယူဆရန်မှာ မသေချာလှပေ။


## ပြန်လည်ပွင့်ထွန်းလာသော လက်တော်ရာ


လက်တော်ရာဘုရားမှာ ၁၀၀၀ပြည့်နှစ်မတိုင်မီ အချိန်ကာလအထိ ရပ်နီး



www.burmeseclassic.com

www.burmeseclassic.com





▲ ရုပ်ပွားမရှိတော့သည့် စေတီပျက်တစ်ဆူ

◀ ပြိုပျက်နေသော ပစ္စယာအဝိုင်းပုံစေတီ

ရပ်ဝေး ဘုရားဖူးပရိသတ် စည်ကားသိုက်မြိုက်ခဲ့ကာ နောင်တွင် တဖြည်းဖြည်း ဆုတ်ယုတ်ခဲ့သည်။

ကျောင်းအောက်တွင် စီတန်းထားသော ခေါင်းလောင်းများ၏ ကမ္ပည်းမှတ်တမ်းအရ ၁၂၇၅ ခုနှစ်၊ ၁၂၈၅ ခုနှစ်တို့တွင် လှူဒါန်းကြောင်းနှင့် တောကျောင်းကျေးရွာအပြင် ရပ်ဝေးဒါယကာများလည်း အလှူပါဝင်ကြောင်း သိရသည်။

ဆရာတော်ဦးနရိန္ဒ စတင်ရောက်ရှိလာသော လွန်ခဲ့သည့် နှစ်လေးဆယ်ခန့်ကာလ၌ ဤနေရာတွင် ဆူးချုံအတိဖုံးလွှမ်းနေခဲ့သည်။ လူတစ်ကိုယ်လျှောက်လမ်းကလေး အတွက်ပင်လျှင် ငှက်ပျောတုံးများလှိမ့်ကာ ဆူးလေဆူးများ ဖယ်ရှားခဲ့ရသည်။

နှစ်အတန်ကြာ ရှင်းလင်းခဲ့ရသည်ဟု ဆရာတော်က ပြောပြသည်။ ယခုအခါ ကျောင်း၊ အာရုံခံဇရပ်များနှင့် စေတီအချို့ကို မွမ်းမံနိုင်ကာ ရပ်ဝေးဘုရားဖူးများလည်း အတန်အသင့် လာရောက်ကြသည်ဟု သိရသည်။

## အာပန်းဖြေဥယျာဉ်သာ

လက်တော်ရာဘုရားကို ရှိခိုးဖူးမြော်ပြီးနောက် စေတီဝင်း အရှေ့တောင်ထောင့်အရပ်တွင် သီးခြားအရာမ်တံတိုင်းခြားလျက်ရှိသော ပန်းဥယျာဉ်ကလေးသို့ သွားရောက် လေ့လာသည်။

အဝင်ဝတွင် **"အပန်းဖြေပါ ပန်းမခြွေပါနှင့်"**ဟူသော စာတမ်း ချိတ်ဆွဲထားသည်။ ဂမုန်း၊ သစ်ခွ၊ ဆေးဝါးပင်စသည် စုံလင် စိမ်းစိုစွာ တွေ့ရသည်။

အပူလွန်ကဲသော အညာဒေသတွင် ထူးခြားစွာ မြင်တွေ့ရသော အိုအေစစ်ပမာ ဖြစ်သည်။ ဘုရားဖူးရောက်လာသူတိုင်း မပြန်ချင်အောင် ဆွဲဆောင်မှု ရှိလှသောနေရာကလေးဖြစ်ကြောင်း သိရလေသည်။

## နှုတ်ဆက်ဂါရဝ

လက်တော်ရာ ကျောင်းဝင်းအတွင်းရှိ စေတီပုထိုးများကို လှည့်လည်ကြည့်ရှုပြီးနောက် ဆရာတော်ဦးနရိန္ဒအား နှုတ်ဆက်ကန်တော့ကာ ပြန်လာသည်တွင် အမြင့်တောကျောင်း စေတီနှင့်ပတ်သက်၍ ပြန်လည်စေ့ငုကြည့်သည်။

လက်တော်ရာဘုရားသမိုင်းနှင့် ပတ်သက်၍ ဆရာတော်ဦးနရိန္ဒက လက်လှမ်းမီသမျှ ပြန်လည်ပြောပြခဲ့သည်။ သမိုင်းမှတ်တမ်းအရ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် ငြိမ်းမောင်၏ **ရှေးဟောင်း မြန်မာကျောက်စာများ ဒုတိယတွဲ စာမျက်နှာ (၂၁)**တွင် **"လက်တ်ရာတစ်ကျွောင်"** ဟူ၍ အေဒီ ၁၂၄၀ ပြည့်နှစ်၊ ဇူလိုင်လ(၃)ရက်ထိုး ကျောက်စာ၌ ပါရှိသည်။

လက်တော်ရာတောကျောင်း ဟူသော ကမ္ပည်းကို တိုက်ရိုက်တွေ့ရခြင်းဖြစ်သည်။ အမြင့်တောကျောင်းကို **"တောကျောင်း တက်သမြိုင်တောင်အရပ်"**ဟုလည်း ရေးသားကြောင်း တွေ့ရသည်။


ကျောက်စာစာအုပ် စတုတ္ထတွဲ စာမျက်နှာ(၂၈)၌ ၁၂၆၂ခုနှစ် ဖေဖော်ဝါရီ



www.burmeseclassic.com

www.burmeseclassic.com






▲ ၁၃၀၀ ပြည့်နှစ် မတိုင်မီက
ဝေါင်းလောင်းများ

◀ ပစ္စယာအဝိုင်းပုံစေတီတွင်းမှ
ရှေးရုပ်ပွားတော်

▼ အပန်းဖြေဥယျာဉ်အဝင်



လ(၃)ရက်၊ **တံကျွောင်း၊ တက်သမြိုင်တောင်အရပ်**ဟု ပါရှိလေသည်။

ထို့ကြောင့် လက်တော်ရာဘုရားနှင့် တောကျောင်းစေတီတို့သည် လွန်ခဲ့သော နှစ်ပေါင်း(၇၀၀)ကျော်ကပင် တည်ရှိခဲ့ပြီး ဖြစ်သည်။

ပေါင်လောင်ရှင်ကဿပ၊ နရပတိစည်သူမင်းတို့နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ မတွေ့ရသော်လည်း အမြင့်တောကျောင်း သို့မဟုတ် လက်တော်ရာ တောကျောင်းတွင် ပေါင်လောင်ရှင် ကဿပမထေရ် သာသနာပြုခဲ့ကြောင်း အနိမ့်တောကျောင်း ရွှေဂူကြီးကျောက်စာ မဟာမုနိကျောက်စာရုံမှ ကျောက်စာအမှတ်(၁၀၃)တို့က ညွှန်းဆိုကြလေသည်။

သို့ဖြစ်လေရာ လက်တော်ရာတောကျောင်းနှင့် ပတ်သက်၍ သုတေသီတို့ ဆုတ်ဖော် သုတေသနပြုနိုင်ကြလျှင် ကောင်းပေစွဟု တွေးမိသည်။

ဤ ရှေးဟောင်းလက်တော်ရာ ဘုရားနှင့်ပတ်သက်၍ကား မှန်သော စကားကို သစ္စာဆို၍ ယုံကြည်စွာ ဆုတောင်း အဓိဋ္ဌာန်ပြုပါက မိမိလိုလား အပ်သော ငွေကြေးလာဘ်လာဘ၊ ရာထူး၊ အခွင့်အလမ်း၊ ရသင့်ပိုင်သင့်သော ပစ္စည်းပစ္စယများ အမှန်ပင် ရရှိကြကြောင်း အမြင့်တွင် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ကာ အငြိမ်းစား ယူသွားသည့် ပညာရေးဝန်ထမ်းတစ်ဦးက ကိုယ်တွေ့အဖြစ်များနှင့်ယှဉ်၍ ပြောပြခဲ့လေသည်။

**ဖင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ

# ကျန်းမာရေး အကျော် အကြံပေးချက်များ

| ပုရိုဝ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ဝက်, ယုန်, ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| နွား | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ကျား | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ယုန် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | ခွေး, မြင်း, ကျား | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |
| နဂါး | နှလုံး | အနီ | ၉ | ပြောင်း | တောင် | မျောက်, ကြွက်, နဂါး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| မြွေ | အူသိမ် | အနီ | ၉ | ပြောင်း | တောင် | မျောက်, ကြွက်, နဂါး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| မြင်း | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | စက္ခုအာရုံ |
| ဆိတ် | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြက်, မြွေ, နွား | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| မျောက် | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြက်, မြွေ, နွား | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| ကြက် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာနေ့ | သဒ္ဒါရုံ |
| ခွေး | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | နဂါး, ကြွက်, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| ဝက် | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | နဂါး, ကြွက်, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |

* * *

၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် **ကျားနှစ်ဖွား၊ မျောက်နှစ်ဖွားနှင့် ဝက်နှစ်ဖွားတို့မှာ** ကျန်းမာရေး ချို့ယွင်းတတ်သည်။ ဤလအတွက် ဇယားကို မျောက်နှစ်ဖွားတို့အား စံပြု၍ ရှင်းပြပါမည်။

**မျောက်နှစ်**ဖွားတို့သည် အူမနှင့် ပတ်သက်သော ရောဂါဝေဒနာ သတိထားပါ။ ရွှေဝါရောင်နှင့် (၇)ဂဏန်းတို့ ကံလာဘ်ပွင့်စေသည်။ ဆန်နှင့် ပြုလုပ်သော စားဖွယ်များနှင့် သင့်လျော်သည်။

အနောက်အရပ်သို့ သွားရောက်အနားယူခြင်း၊ အနောက်အရပ်တွင် ဆေးဝါးသမားကောင်း တွေ့ခြင်းတို့ကြောင့် ကျန်းမာရေး ပြည့်စုံစေနိုင်သည်။ ကြွက်နှစ်ဖွား၊ မြွေနှစ်ဖွား၊



နွားနှစ်ဖွားတို့မှာ မိတ်ဖက်များ ဖြစ်ကြသည်။

အကြောင်း တစ်စုံတစ်ရာ ရှိပါက ကြာသပတေးသားသမီးက ကူညီပေးလိမ့်မည်။ သောကြာနေ့မှာ နေကောင်းနေ့မြတ်ဖြစ်သည်။ ဂန္ဓာရုံ ဆိုးဝါးသော အနံ့အသက်များကြောင့် ကျန်းမာရေး ထိခိုက်နိုင်သည်။

**ကျန်နှစ်ဖွားများလည်း ဤအတိုင်း ကောက်ချက်ချကြပါ။**

***အာရောဂျ ဆုလာဘ်နှင့် ပြည့်စုံနိုင်ကြပါစေ။***

ဟူကျင်းဇီ ***(Hu Jin Zhi)***



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

# အဓိဋ္ဌာန်အကျတော်ပါ

## ဂုဏ်တော် အာရုံပြုနည်းဖြင့် ပုတီးစိပ်ခြင်း



▲ မဟာကျိန်သစ္စာရှင်ဘုရား ဝင်ပေါက်အဝင်မုခ်ဦးရှေ့လမ်းတစ်ဖက်မှ ဖူးမြင်ရပုံ

ပျံ့လွင့်နေသော "**သိစိတ်**"များကို ကြာရှည်စွာ စုစည်းထိန်းချုပ်နိုင်လျှင် အစွမ်းထက်သော "**မသိစိတ်**"များ ထွက်ပေါ်လိမ့်မည်။ ထိုအခါ လိုရာဆန္ဒများ လွယ်ကူစွာ ပြည့်ဝနိုင်သည်။

"သိစိတ်"များကို စုစည်းထိန်းချုပ်သော နည်းလမ်းများစွာ ရှိသည့်အနက် "**ပုတီးစိပ်ခြင်း**"မှာ နည်းလမ်းတချို့ ဖြစ်ပါသည်။


"**ပုတီးစိပ်ခြင်း**" နည်းလမ်းတွင်လည်း ပုတီးစိပ် ဂါထာတော်အမျိုးမျိုး၊ အာရုံပြုနည်းအမျိုးမျိုး၊ ပုတီးသတ်မှတ်ပုံအမျိုးမျိုး၊ အချိန်ကာလ သတ်မှတ်ပုံအမျိုးမျိုး၊ နေရာဌာန ရွေးချယ်ပုံအမျိုးမျိုး၊ အဓိဋ္ဌာန်ပြုပုံ အမျိုးမျိုး၊ ဆုတောင်းပုံ အမျိုးမျိုး စသည်ဖြင့် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသကဲ့သို့ ရဟန်းပုဂ္ဂိုလ်၊ ရသေ့ပုဂ္ဂိုလ်၊ ဝိဇ္ဇာပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အမျိုးမျိုးက တီထွင်ပေးခဲ့ကြသည်။

အများအားဖြင့်မူ သူတို့ကိုယ်တိုင်ဆောင်ရွက် အောင်မြင်ခဲ့သော နည်းလမ်းများ ဖြစ်ကြပါသည်။

နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြားတော်မူသော သာသနာပြု ပုဂ္ဂိုလ်ကျော်၊ မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်ဦးကုသလရက္ခိတဦးဆောင်တည်ထားတော်မူသော မဟာကျိန်သစ္စာရှင်ဘုရားကြီးအား သွားရောက်ဖူးမြော်စဉ်က ကျောင်းတော်ကြီး၏ အပေါ်ထပ် ဘုရားခန်းခေါင်းရင်းဘက်သက်ဝဲနံရံပေါ်မှာ ဗီနိုင်းစနှင့် ရိုက်နှိပ်ထားသော **ဂုဏ်တော်အာရုံ ပြုနည်း**ကို တွေ့ရှိရသဖြင့် ဓာတ်ပုံရိုက်ကူးယူလာခဲ့ပါသည်။

ထိုဓာတ်ပုံကို (၃ပေ x ၃ပေ) အကျယ် ဗီနိုင်းစဖြင့် ပြန်လည်ကူးခဲ့၍ ကျွန်ုပ်၏ ဘုရားဝတ်ပြုခန်းမှာ ကျွန်ုပ်ထိုင်သော နေရာရှေ့တည့်တည့်၌ ချိတ်

www.burmeseclassic.com




◆ ဂုဏ်တော်အာရုံပြုနည်း ပန်းချီကားဝိုင်း

ထားသည်။ နေ့စဉ် နံနက်အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင်တွင်တစ်ကြိမ် (၁၀၈)လုံးပုတီးဖြင့် ကျွန်ုပ် ပုတီးစိပ်သော အလေ့အကျင့် စွဲမြဲရှိခဲ့ပါသည်။

ကျွန်ုပ် ပုတီးစိပ်လေ့ရှိသော ဂါထာတော်မှာ အောက်ပါအတိုင်း ဖြစ်သည်။

○ သော ဘဂဝါ ဣတိပိ အရဟံ
*[ပုတီးတစ်လုံးချ]*

○ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
*[ပုတီးတစ်လုံးချ]*

○ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော
*[ပုတီးတစ်လုံးချ]*

○ သော ဘဂဝါ ဣတိပိ သုဂတော
*[ပုတီးတစ်လုံးချ]*

○ သော ဘဂဝါ ဣတိပိ လောကဝိဒူ
*[ပုတီးတစ်လုံးချ]*

○ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ *[ပုတီးတစ်လုံးချ]*

○ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ *[ပုတီးတစ်လုံးချ]*

○ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ
*[ပုတီးတစ်လုံးချ]*

○ သော ဘဂဝါ ဣတိပိ ဘဂဝါ
*[ပုတီးတစ်လုံးချ]*

အထက်ပါ ဂါထာတော်ကို အရဟံမှ ဘဂဝါ၊ ဘဂဝါမှ အရဟံ အနုလုံပဋိလုံ စိပ်ခြင်း ဖြစ်သည်။

အဓိဋ္ဌာန်ဆရာတော်၏ ဂုဏ်တော် အာရုံပြုနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**အရဟံ၊** မြတ်စွာဘုရား ပူဇော်ခံယူ နေပုံ။

**သမ္မာသမ္ဗုဒ္ဓေါ၊** ဗောဓိပင်ရွှေပလ္လင်




www.burmeseclassic.com

www.burmeseclassic.com

ဂကာသ သင်းမွှေး

၂၀၁၃ခုနှစ်အတွက်

# ရေကိန်းချုပ်ဖြင့်



ဤရေကိန်းချုပ်နည်းဖြင့် "**ကုန်ဈေးကောင်းမှာ တွက်ကြည့်ပါ**"ဟူ၍ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့အတူ "**ရေကိန်းတွက်နည်း**"ဟူ၍ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလတွင်လည်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားခဲ့ပြီး ဖြစ်ပါသည်။

ထို့နောက် ဤရေကိန်းချုနည်းဖြင့် နှစ်စဉ်ညွှိနှိုင်းချပြလိုသော်လည်း မရေးဖြစ်ခဲ့ပါ။ အချုပ်အားဖြင့် မြန်မာနိုင်ငံတွင် သစ်တောဧရိယာ (၈၀)ရာခိုင်နှုန်း ရှိခဲ့ရာမှ ဆယ်စုနှစ်အတွင်း သစ်တောဧရိယာ (၅၀)ရာခိုင်နှုန်းတောင် မရှိတော့ကြောင်း မဂ္ဂဇင်းဂျာနယ်များတွင် ဖတ်ရသည့်အတွက် မိုးလေဝသ မှန်တော့မည် မဟုတ်သည့်အတွက်လည်းကောင်း၊ ကမ္ဘာမြေကြီးသည် တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ ပူနွေးလာနေပြီဖြစ်၍ ရာသီဥတု ဖောက်ပြန်နေသည့်အတွက် လည်းကောင်း မရေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

နက္ခတ်တာရာ ဂြိုဟ်နေဂြိုဟ်သွားတွေလည်း ပြောင်းလဲနေသည့်အလျောက် ရာသီဥတုလည်း ပြောင်းနေမည်မှာ အမှန်ဖြစ်ပါသည်။

သို့သော် ၂၀၁၂–ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်တွင် "ကမ္ဘာကြီးမပျက်ပေမယ့် သဘာဝဘေးအန္တရာယ်တွေပိုလာနိုင်။ မိုးလေဝသနှင့် ဇလဗေဒ ကျွမ်းကျင်ပညာရှင် ဒေါက်တာ ဦးထွန်းလွင်နှင့် တွေ့ဆုံခြင်း" ခေါင်းစဉ်ဖြင့် မော်ဒန်ကမေး၊ ဦးထွန်းလွင်က ဖြေသည်ကို ဖတ်ရသဖြင့် ဤဆောင်းပါးကို ရေးချင်လာပါသည်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်နေ့မှာ ကမ္ဘာကြီးပျက်ကိန်းရှိသည်ဟူ၍ နှစ်ပေါင်း ၅၁၅၀ သက်တမ်းရှိ မာယာလူမျိုးတွေရဲ့ ပြက္ခဒိန်မှာ ဖော်ပြထားတာနဲ့ ပတ်သက်ပြီး မော်ဒန်ကမေးသည်ကို ဦးထွန်းလွင် ပြန်လည် ဖြေထားခြင်း ဖြစ်ပါသည်။

ဦးထွန်းလွင်၏အဖြေကို ပြည့်ပြည့်စုံစုံ မဖော်ပြလိုတော့ပါ။ မာယာပြက္ခဒိန်အရ ဘယ်နေ့ဘယ်ရက်မှာ ဘာဖြစ်မယ်ဆိုတာတွေအားလုံး မှန်ခဲ့တယ်လို့ဆိုတယ်။ အဲဒီလို ကြိုတင်နိမိတ်ဖတ်တာကို Mayan Prophecyလို့ခေါ်တယ်။

ဟောစာတမ်းဖြစ်တဲ့ Orion Prophecyမှာလည်း ၂၀၁၂–ခုနှစ် ဒီဇင်ဘာလ (၂၁)ရက်နေ့မှာ ကမ္ဘာပေါ်မှာ ဖြစ်ပေါ်လာမှာတွေလဲ ရှိတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံတိုင်းမှာ ဂယက်ရိုက်ခဲ့ပါတယ်။

Scientific Prophecy (သိပ္ပံအမြင်) နာဆာအဖွဲ့ရဲ့ ထင်မြင်ချက်တွေအရ တချို့အရာတွေဖြစ်နိုင်သလို တချို့အရာတွေ မဖြစ်နိုင်ပါဘူး။ သဘာဝဘေးအန္တရာယ်တွေတော့ အခုထက်ပိုဖြစ်နိုင်ပါတယ်။ ၂၀၁၃ခုနှစ်မှာ ရာသီဥတုဖောက်ပြန်မှုတွေ အရေးကြီးမယ်။ အပူအအေးမမျှတာ အလယ်ပိုင်းဒေသတွေမှာ မိုးခေါင်မယ်။ အပူလွန်ပြီး အအေးပေါ့မယ်။ မမျှတတဲ့ ရာသီဥတုမျိုး ခံစားရမယ်။ အဲဒါတွေ ဖြစ်နိုင်တယ်။ အဲဒါတွေ သတိထားရမယ်ဟု ဖြေကြားထားပါသည်။

သဘာဝဘေးအန္တရာယ် ထိခိုက်မှုအများဆုံး ဆယ်နိုင်ငံထဲမှာ မြန်မာနိုင်ငံက နံပါတ်(၂)နဲ့ ပါနေတာဆိုတာ သိသင့်တယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ပိုသတိထားသင့်တယ်။

နိုင်ငံတော်အဆင့်အနေနဲ့ ရာသီဥတုပြောင်းလဲခြင်းကို သည့်ထက်ပိုပြီး ထဲထဲဝင်ဝင်လုပ်ဖို့ လိုအပ်နေပါတယ်ဟူ၍ အကြံပြုထားပါသည်။

* * *

"**ကောန်ရှာသား မြစ်နားရေစပ်** (၁၂၄၆၅၇၄၃)"ဟူသော အချိ်အရ

www.burmeseclassic.com

၁၃၇၅-ခုနှစ်အတွက် ရေကိန်းချကြည့်ပါမည်။ ၁၃၇၅-ခုနှစ်၏ နှစ်ဆန်း (၁)ရက်နေ့သည် "**တန်ခူးလဆန်း (၇)ရက် ဗုဒ္ဓဟူးနေ့**"ဖြစ်ပါသည်။


ထို့ကြောင့် မိဿ(တန်ခူး)ရာသီခွင်တွင် ဗုဒ္ဓဟူးနံ (၄)မှစ၍ လက်ယာရစ် သုံးထပ်ဖြစ်အောင် လှည့်ပါမည်။ သို့သော် ဗုဒ္ဓဟူးနံ (၄)သည် နှစ်ကြိမ်ပါသည့်အတွက် (**၄၆၅၇၄၃၁၂**)နှင့် ချကြည့်လျှင် ဖယား(၁)ဖြစ်ပါမည်။ (**၄၃၁၂၄၆၅၇**)နှင့် ချကြည့်လျှင် ဖယား(၂)ဖြစ်လာပါမည်။

* * *

ရက် လဆုတ်(၁)ရက်သည်**သောကြာ**ဖြစ်၍ကောင်းပါသည်။ ဝါခေါင်လဆန်း (၁)ရက်သည် **ဗုဒ္ဓဟူး**ဖြစ်၍ ဘီလူးတာနေရက်၊ လဆုတ်(၁)ရက်သည် **ကြာသပတေး** ဖြစ်၍ လဒဏ်သင့်ရက် ဘီလူးတာနေရက်ဖြစ်ပါသည်။

နတ်တော်လဆန်း (၁)ရက်သည် အင်္ဂါဖြစ်၍ လဒဏ်သင့်ရက် ရှမ်းရက်၊ လဆုတ်(၁)ရက်သည် ဗုဒ္ဓဟူးဖြစ်၍ လဒဏ်သင့်ရက် ရှမ်းရက်ဖြစ်ပါသည်။

သို့သော်လည်း ဗုဒ္ဓဟူးနံ (၃)လုံးထပ်သော တန်ခူး၊ ဝါခေါင်၊ နတ်တော်လများကို မကောင်းသောလများ ဖြစ်




ဖယားနှစ်ခုစလုံးတွင် မိဿ(တန်ခူး)၊ သိဟ်(ဝါခေါင်)၊ ဓနု(နတ်တော်)လများတွင် ဗုဒ္ဓဟူးနံ(၄)သုံးခါထပ်သည်ကို တွေ့ရပါမည်။ အခြားလများတွင် နံသင့်အကွက်ရာများ မတွေ့ကြပါ။

ဤဆောင်းပါးသည် ရေကိန်းညှိခြင်းအတွက်သာ ဖြစ်ပါသည်။ ကုန်ပစ္စည်း ပေါ်ခြင်း၊ ရှားခြင်းနှင့်မဆိုင်ပါ။ သက်ဆိုင်ရာ နံသင့်အလိုက် ကုန်ပစ္စည်းအပေါ်အရှားကို ချင့်ချိန်ကြည့်ကြပါဟု ပြောလိုပါသည်။ လအလိုက် ရှင်သာရိပုတ္တရာကိန်းဖြင့်လည်း ညှိကြည့်ရပါမည်။

**၁၃၇၅-ခုနှစ်၊ တန်ခူးလဆန်း (၁) ရက်** ကြာသပတေးဖြစ်၍ လဒဏ်သင့် နေသည်ဟုလည်း တစ်ထစ်ချ စွဲမှတ်မထားသင့်ပါ။

တန်ခူး၊ ဝါခေါင်၊ နတ်တော်လများသည် တေဇောဓာတ်ကျသောလများ ဖြစ်၍ လေဒဏ်၊ မိုးဒဏ်၊ ရေဒဏ် မကြီးနိုင်ပါ။ "**စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့တည်သော ဆရာတော် အရှင်ဒေဝိန္ဒ (ထီးချိုင့်နတ်စိုး) ရေးသားထုတ်ဝေသော ဗုဒ္ဓဘာသာ မူလသင်ခန်းစာနှင့် လောကီမှတ်သားဖွယ်အသွယ်သွယ်များ**" စာအုပ်တွင် နှစ်ဆန်းရက်တွင် နဂါး၊ ဆင်ကြုံလျှင် မိုးမကောင်း။ ဥပဒ်အန္တရာယ်အသွယ်သွယ် ပြည်နယ်များတတ်ကြောင်း။ ကြွက်နှင့် ဂဠုန် နှစ်ဆန်းကြုံ၊ သုံးပုံရွှေ မိုးကောင်း။ ဥပဒ်ကင်းစင်၊ သာစည်ပင်၊ ပြည်ခွင်ငြိမ်းကြောင်း။ နှစ်ဆန်းရက်ဦး ကျားနှင့်ပူး မိုးဦးမိုးနှောင်းကောင်း။ ခြင်္သေ့ကြုံသော် အလယ်မျှော်၊ မပျော်မိုးဦးရှောင်"ဟူ၍ ပါသည် အတိုင်း ၁၃၇၅-ခုနှစ် နှစ်ဆန်း(၁)ရက်သည် ဗုဒ္ဓဟူးဖြစ်၍ မိုးမကောင်းသော နှစ်ဖြစ်လျှင် ရေလည်းမကြီးနိုင်ပါ။


သို့သော် မိုးခေါင်ရေရှားဖြစ်သည့်အတွက် အခြားဆိုးကျိုးများ ကြုံတွေ့ရတတ်ပါသည်။ သတိပြုဖွယ်ဖြစ်ပါသည်။

ထို့အတူ ထီးချိုင့်မြို့နယ် ကမ်းနီရွာ မြောက်ကျောင်းဆရာတော်၏ နည်းအရပြောရလျှင် ၁၃၇၄-ခုနှစ် တပို့တွဲလဆန်း (၁)ရက်နေ့သည် တနင်္လာနေ့ ဖြစ်သည့်အတွက် နွားကောင်၏ ဒူးဆစ်ကျပါသည်။

ထို့ကြောင့် ယခုနှစ်တွင် ရေမကြီးနိုင်ပါ။ ထီးချိုင့်မြို့နယ် ကမ်းနီရွာ ဆရာတော်၏နည်းမှာ ယခုနှစ်အတွက် ရေကြီးမကြီး သိလိုပါက ယခင်နှစ် တပို့တွဲလဆန်း (၁)ရက်နေ့၏ နံသင့်အကွက်ရာအရ နွားကောင်၏ပုံကို ကြည့်ရခြင်း ဖြစ်ပါသည်။

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးတွင် ပါပြီးဖြစ်သော်လည်း ပြန်လည်ဖော်ပြပါသည်။

* * *



www.burmeseclassic.com

ယခင်နှစ် တပို့တွဲလဆန်း (၁)ရက်နေ့၏ နံသင့်အရ...

၁။ ခွာဆစ်၊
၂။ ဒူးဆစ်၊
၃။ သိုပတ်၊
၄။ မြီးထူး၊
၅။ ကျောရိုး၊
၆။ လပို့၊
၇။ ဦးချို

တို့ ဖြစ်ကြပါသည်။

မိုးလေဝသ ခန့်မှန်းခြင်းနှင့် ပတ်သက်၍ သက်ရှိသက်မဲ့တို့ကို ကြည့်ပြီး အမျိုးမျိုး ခန့်မှန်းကြသည်ကို ရေးရလျှင် ကုန်နိုင်ဖွယ်မရှိပါ။ **ယခုနှစ် ၁၃၇၅ခုနှစ် အတွက် ရေကိန်းညီခြင်းသာ ဖြစ်သည့်အတွက် ရေကြီးနိုင်ခြင်းမရှိဟု ခန့်မှန်းရပါသည်။**

လစဉ် လဆန်း(၃)ရက်နေ့ရှိ လခြမ်းကွေးကွေးလေးကို ရေခွက်သဏ္ဍာန်ထား၍ အတည့်အစောင်းပေါ် မူတည်ပြီး ဒီလတွင် မိုးများမည်၊ မများမည်ကိုလည်း ခန့်မှန်းခြင်းဖြင့် ရေကြီးမကြီး သိနိုင်ပါသည်။ (**၂၀၁၁ ခုနှစ်၊ ဖွန်လထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင်ပါပြီး**)

အပူဓာတ် လွန်ကဲလာခြင်းကြောင့် ရေခဲတောင်များ အရည်ပျော်ပြီး ရေကိုနိုင်သော အန္တရာယ်လေမုန်တိုင်း ဖြစ်ပေါ်လာပြီး တိုက်ခတ်ခြင်း၊ မြေလွှာအောက်ရှိ ချော်ရည်များလှုပ်ရှားခြင်းကြောင့် ငလျင်လှုပ်ခြင်း၊ မိုးခေါင်သည့်အတွက် စိုက်ပျိုးသီးနှံများ ဆုတ်ယုတ်ခြင်းစသော သဘာဝဘေးအန္တရာယ်များကိုတော့ ကြိုတင်သိထားနိုင်လျှင် လူသာပဓာနအမြင်အရ ကာကွယ်တွန်းလှန်နိုင်မည် ဖြစ်ပါ၍ သတိထား စောင့်ကြည့်ကြပါရန် နိုးဆော်ရပါသည်။

***ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပျော်ရွှင်နိုင်ကြပါစေ။***

**ကသာ သင်းမွှေး**

စာမျက်နှာ (၁၁၄)မှ အဆက်

အောင်တော်မူပုံ။

**ဝိဓုရစရဏ သမ္ပန္နော၊** ရဟန္တာစကြာကြွနေပုံ။

**သုဂတော၊** တရားဟောတော်မူပုံ။

**လောကဝိဒူ၊** ကျွတ်ထိုက်သူတို့ကို ကြည့်ရှုနေပုံ။

**အနုတ္တရော ပုရိသ ဒမ္မသာရထိ၊** ဆုံးမတော်မူပုံ။

**သတ္ထာဒေဝမနုဿာနံ၊** နတ်ဘီလူးတို့ တရားဟောနေပုံ။

**ဗုဒ္ဓေါ၊** ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာဟောနေပုံ။

**ဘဂဝါ၊** တန်ခိုးပြဋ္ဌိဟာ ပြနေပုံ။

ကျွန်ုပ် ပုတီးစိပ်သည့်အခါ အစပထမတွင် ဂုဏ်တော်တစ်ပါး ရွတ်တိုင်း ပုတီးတစ်လုံးချစဉ် သက်ဆိုင်ရာ အာရုံပြုပုံတော်ကို ကြည့်ပြီး အာရုံပြုပါသည်။

(၉)ရက်ခန့် ကြာသောအခါ ထိုပုံတော်များကို မျက်လုံးဖြင့် ဖွင့်ကြည့်ရန် မလိုတော့ဘဲ စိတ်အာရုံမှာပင် မြင်လာမှတ်မိလာခဲ့သည်။ ပထမ (၉)ရက်တွင် ပုတီးတစ်ပတ်ပြည့်အောင် နာရီဝက်ခန့် ကြာခဲ့သော်လည်း နောက်ပိုင်းတွင်တော့ (၁၀)မိနစ်မျှသာ ကြာပါသည်။

ထိုသို့ ပုတီးစိပ်ခြင်းကို ပထမ(၉)ရက်တွင် တစ်ကြိမ်လျှင် ပုတီး(၁)ပတ်၊ ဒုတိယ(၉)ရက်တွင် တစ်ကြိမ်လျှင် ပုတီး(၂)ပတ်၊ တတိယ(၉)ရက်တွင် တစ်ကြိမ်လျှင် ပုတီး(၃)ပတ် စသဖြင့် ပုတီးပတ်ရေတိုးပြီး စိပ်သွားခြင်းဖြစ်သည်။

မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုန္ဒရာလမ်းမကြီး စိန်ရတီလမ်းသွယ်ထိပ်တွင် မဟာကျိန်သစ္စာရှင် ဘုရားကြီးပရိဂုဏ် ခမ်းနားထည်ဝါစွာ ရှိပါသည်။

စာဖတ်သူများ တစ်ခါတစ်ခေါက် သွားရောက် ဖူးမြော်ကြစေချင်သည်။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ ကျွန်ုပ်တို့ မိသားစု သွားရောက်ခဲ့စဉ်ကလည်း အဓိဋ္ဌာန်ဆရာတော်၏ သာသနာပြုကျောင်းတော်သို့ ရောက်ရှိခဲ့ဖူးပါသည်။

ပြည်တွင်း၊ ပြည်ပ သာသနာပြုလုပ်ငန်းကြီးများ ဆောင်ရွက်အောင်မြင်တော်မူခဲ့သော အဓိဋ္ဌာန်ဆရာတော်၏ ဂုဏ်တော်အာရုံပြုနည်းဖြင့် ပုတီးစိပ်ခြင်းမှာ ဘာအကျိုးထူးသလဲဟု ဂုဏ်ဖော် မပြောလိုတော့ပါ။ ကိုယ်တိုင်လုပ်ကြည့်စေချင်ပါသည်။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

သွပ်ဖမ်းချော့နှင့်


# သွပ်ဖမ်းချော့ထိုးနည်း

ဟင်္သာတ ကောင်းဇမ္ဗူကျော်

ကျွန်တော်သည် ညောင်ကျိုးရွာမှ မောင်ဝင်းစိုးနှင့် ဖေယျာသီဂီကျောင်းတွင် တွေ့လိုက်ရပါသည်။ သူ၏ အဘသည် အဂ္ဂိရတ် ဝါသနာပါသည့် အလျောက် ဖားဖိုနှင့် ဓာတ်ထိုးရာတွင် ဖိုဆွဲပေးရခဲ့ဖူးကြောင်း ပြောပါသည်။

'နည်းလမ်းတွေ မပေးခဲ့ဘူးလားကွ'

'ဟာ ပေးပါတယ်။ ကျွန်တော်က မှတ်ရုံပဲ မှတ်တာ။ အဘလို စိတ်မရှည်ဘူး။ ဖွဲ့မရှိဘူး။ အဲဒါကြောင့် ဘာမှ မလုပ်ခဲ့တော့ဘူး။ အခုတော့ အဘရဲ့ စာအုပ်တွေ မရှိတော့ပါဘူး။ အကြောင်းအမျိုးမျိုးနဲ့ ပျောက်ကုန်ပါပြီ'



'အေးကွာ နက်နဲခက်ခဲ တန်ဖိုးရှိတဲ့ ပညာရပ်တွေ ဆုံးရှုံးကုန်တော့ နှမြောစရာပဲ'

'ဟုတ်ပါတယ်။ အဲဒါ ကျွန်တော်တို့ စောင့်ထိန်းမှု လိုအပ်နေလို့ ပျောက်ပျက်ကုန်ရတာပါပဲ'

'အေးပေါ့ကွာ အရင်က မင်းတို့က အဲဒီပညာရပ်တွေရဲ့ တန်ဖိုး မသိခဲ့ကြလို့ နေမှာပေါ့'

'ဟုတ်ပါတယ် ဝါသနာကလဲ မပါမိလို့ပါ'

'ထားပါတော့ကွာ၊ ထားပါတော့၊ မင်းမှတ်မိတဲ့ နည်းတွေထဲက ပြောပြပါလား။ ငါလဲ နည်းယူမှတ်သားပါရစေလား'

'ဟာ ရပါတယ် အစ်ကိုရယ်၊ ဝါသနာပါပြီး ပညာတန်ဖိုးထားတဲ့ အစ်ကိုတို့ကို ဒီနည်းတွေ မပေးရင် ဘယ်သူတွေကို သွားပေးရမလဲ။ တန်ဖိုးမသိ၊ တန်ဖိုးမထား မထိန်းသိမ်းတဲ့သူတွေကို သွားပေးရင် သဲထဲရေသွန်၊ ရေပေါ် အရုပ်ရေးသလို ဖြစ်မှာပေါ့ဗျ'

'အေး ဟုတ်တယ် ဟုတ်တယ်။ မင်းအသိက တော်တယ်။ ကဲ ဒီလိုဆိုရင် ပြောကွာ'

'အစ်ကို ကျွန်တော်က အဘ သင်ပေးတဲ့ လင်္ကာတွေကို ရတာအစ်ကိုရဲ့'

'ဟာ ပိုကောင်းတာပေါ့ကွာ။ အလွတ်ကျက်ထားနိုင်ရင် ရထားတဲ့သူတွေအဖို့ တစ်သက် မမေ့တော့ဘူးပေါ့ကွာ။ တို့ဆရာတွေ ပြောဖူးတယ်။ ပညာရပ်တစ်ခုကို အာဂုံရထားမှ အာဂလူတဲ့'

'ဟုတ်လားအစ်ကို။ ကဲ ဒါဆိုရင် ကျွန်တော် လင်္ကာရွတ်ပြမယ်။ အစ်ကို ရေးမှတ်ပေတော့'

'အေး စိတ်ချ ရေးမှတ်ရုံတင်မက ဘူး အစ်ကိုပါ အလွတ်ရအောင် ကျက်ထားမယ်။ ဒါမှ အာဂလူ ဖြစ်မှာကွ'

ဟု ကျွန်တော်က ပြောလိုက်သည်။ မောင်ဝင်းစိုးက ရယ်ပါသည်။ နောက် လင်္ကာကို အောက်ပါအတိုင်း ရွတ်ဆိုပြပါသည်။ ကျွန်တော်က ရေးမှတ်လိုက်ပါသည်။

**သွပ်ဖမ်းချော့လင်္ကာ**

* ဇာတိဗွိုလ်မှာ သုံးလုံးပါ ရေကာကြိတ်ထား ဆားဆယ်ကျပ်၊
* ကြောင်ပန်းဂျင်ခါး မှုန့်စပါး အသားညက် ကြိတ် လုံးတွင်းကပ်၊
* ထိုသည့်လုံးမှာ ဆားထည့်ကာ လုံစွာလုံပိတ် မီးပြင်းတတ်၊
* ထိုးပြီးဆားမှာ သုံးလုံးဇာ ထည့်ကာဆေးမံ မီးပြင်းထပ်၊
* ကျွန်ုပ်ညည်းညီစွ လုံသတ္တာ ပြီးမှထိုချော် ဝါယော ပြတ်၊
* ထိုချော်(၄)ဆ သွပ်ဇကာ ထိုးကြမ်ပြတ် သွပ် သေမှတ်၊
* ဆရာ့နည်းကောင်း ဘယ်မှကောင်း နောက် နှောင်းတပည့် တည့်ညီမှတ်။

www.burmeseclassic.com

'အဲဒါက နည်းတစ်နည်း အစ်ကိုရဲ့၊ အဲဒီအဓိပ္ပာယ် အစ်ကိုသိရဲ့လား'

မောင်ဝင်းစိုးက လက်ာဆုံးလျှင် ထိုသို့ ပြောလာပါသည်။

'အေး သိပါတယ်ကွာ'

'ပြောပြပါလား အစ်ကို'

'အေး ပြောပြရတာပေါ့ကွာ၊ ဒီလိုကွ။

## သွပ်ဖမ်းချော်

ဆား (၁၀)ကျပ်သား၊

ဇာတိပ္ဖိုလ်သီး (၃)လုံး


အတူ ရောကြိတ်ထားရမယ်ကွ။ နောက်ပြီးတော့ ကြောင်ပန်းရွက် ချင်ခါးရွက်(ကြက်ဟင်းခါးရွက်) ဆတူလိုသလောက်ကို အညက်ကြိတ်ရမယ်။

အဲဒီကြိတ်ပြီးသားကို လုံအလောတော်မှာ အတွင်းက မံရမယ်။ အဲဒီဆေးနှစ်မျိုး မံပြီးရင် ဇာတိပ္ဖိုလ်နဲ့ဆား ကြိတ်ပြီးသားကို ထည့်၊ လုံပိတ်၊ မီးပြင်း နာနာထိုးရမယ်။ ပြီးရင် လုံတစ်ခိုင်ပြီးရင် လုံကို အသစ်လဲရမယ်။ အသစ်လဲတဲ့ လုံအတွင်းမှာလဲ ကြောင်ပန်းနဲ့ ချင်ခါး ကြိတ်ပြီးကို အတွင်းက မံထားရမယ်။

အဲဒီ လုံတစ်ခိုင်ထိုးပြီး ဆားမှာ ဇာတိဖိုလ်သီးသုံးလုံး ထပ်ထည့် ကြိတ်ရမယ်။ ကြိတ်ပြီးရင် လုံထဲထည့် မီးပြင်းထိုးရမယ်။ အဲဒီလိုနည်းတူ လုံ (၇)လုံထိ ထိုးရမယ်ကွ။

အဲဒီလို ထိုးပြီးရင် အဲဒီဆားဟာ သွပ်ဖမ်းဖို့အတွက် ချော်ဖြစ်သွားပြီ။ အဲဒီဆားချော် (၄)ဆ၊ သွပ်စိမ်း (၁)ဆကိုအုပ်ပြီး ထိုးလိုက်ရင် သွပ်ဟာ မိပြီးသေတယ်လို့ လမ်းညွှန်ထားတယ်။

အဲဒီနည်းကို မတိမ်းမစောင်းဘဲ



တည့်တည့်မတ်မတ် နောက်နောင်လူတွေ လိုက်နာပြီး သွပ်ဖမ်းရမယ်လို့ ဆိုလိုတာပါပဲ'

ကျွန်တော်က လင်္ကာကို ထိုသို့ ရှင်းပြလိုက်ပါသည်။

'ဟာ အစ်ကိုက တော်တယ်။ ကျွန်တော်က လင်္ကာကို ရထားပေမယ့် အဓိပ္ပာယ် အကုန်မရှင်းဘူး အစ်ကိုရဲ့'

'အေးပေါ့ကွာ၊ လေ့လာထားမှု အပေါ်မှာ မူတည်ပါတယ်။ တယ်ပြီး မခက်လှပါဘူး'

'ဟုတ်ပါတယ် နောက်တစ်မျိုး ကျွန်တော် လင်္ကာရွတ်ပြဦးမယ် အစ်ကို မှတ်ဦးမလား'

'လုပ်လိုက်လေကွာ မှတ်ရမှာပေါ့'

'ဒီလို အစ်ကိုရဲ့'

ဟု ဆိုကာ လင်္ကာကို ရွတ်ပြပါသည်။ ကျွန်တော်က ရေးမှတ်လိုက်ပါသည်။

## သွပ်ပျဉ်းထိုးနည်းလင်္ကာ

* သွပ်တံစဉ်းစား ဇဝက်သာ တူစွာရောကြိတ် လုံမှာသွင်း။
* လုံကိုပိတ်နှံ့ ထိုးမီးလျှံ တစ်ဖန်ထိုးကာ မီးနာပြင်း။
* နောက်ထပ်တစ်ခါ ဇဝက်သာ ထည့်ပါ တစ်ကျပ် မီးဆက်နှင်း။
* ဇဝက်သာပုံ တစ်ဆယ်ကုန် မီးဟုန်ရပ်တော့ သွပ်ပျော့ပျဉ်း။
* ဝီရိယဥ္စ လုံ့လတွဲ လူထဲ လူမော်လူတော် မင်း။
* ဆရာ့နည်းများ ကွယ်မထား တရားရှိသူ မျှဝေနှင်း။

'အဲဒါပါပဲ အစ်ကို။ အဓိပ္ပာယ် အစ်ကိုသိရင် ပြောပြပါဦး အစ်ကိုရဲ့'

'အင်မတန် လွယ်ပါတယ်။ ရှင်းပါတယ်ကွာ။ မင်းမှတ်ထား ဟုတ်လား။

## သွပ်ပျဉ်းထိုးနည်း

သွပ် (၁)ကျပ်သားကို တံစဉ်းစာချ၊ ဇဝက်သာ (၁)ကျပ်သားနဲ့ ရောကြိတ်။ ပြီးရင် လုံထဲထည့်၊ လုံကိုပိတ် မီးလျှံချော့၊ မီးလေးထိုး၊ အတန်ကြာတဲ့ အခါ၊ အခိုးအငွေ့တွေ ငြိမ်လောက်တဲ့အခါ မီးပြင်း နာနာထိုးပေးရမယ်။

အဲဒီလိုနည်းနဲ့ ဇဝက်သာ တစ်ဆယ်ကျပ်သားကုန်အောင် ထိုးရမယ်ကွ။ လုံပေါင်း (၁၀)လုံလောက် ကုန်မယ်ကွာ။ အဲဒီ (၁၀)လုံထိုးပြီးရင် သွပ်ဟာ ပျော့ပျဉ်းမယ်။ မီးမှာ ခုန်ပျံ မထွက်တော့ဘဲ မီးမှာ ဝပ်နေမယ်။ သွပ်သေပြီပေါ့ကွာ။

အဲဒါကို ဝီရိယ၊ လုံ့လ၊ ဖွဲနဲ့ ထိုးတတ်ရင် လူဖော်၊ လူမော်၊ လူတော်လို့ ပြောတာပဲကွ။ နောက် ဒီနည်းကို ကွယ်ဝှက်မထားဘဲ သမ္မာတဲ့၊ တရားမျှတမှုရှိတဲ့ အဂ္ဂိရတ်ပုဂ္ဂိုလ်တွေကို မျှဝေပါလို့ လင်္ကာပြ ဆိုထားတာကွ'

'ဟုတ်လား အစ်ကို'

'အေး ဟုတ်ပါတယ်။ နည်းကောင်း ကောင်းတယ်ကွ။ နောက်ထပ် ...

www.burmeseclassic.com

မိတဲ့နည်းတွေရှိရင် ပြောပါဦးကွ'

'နောက်တစ်ခါ အစ်ကိုနဲ့ တွေ့တော့ ထပ်ပြောမယ်။ အစ်ကို အခု နည်း နှစ်မျိုးကို အစ်ကိုနဲ့ ဝါသနာတူတွေ သိရအောင် ဝေငှပေးလိုက်ပါဦး အစ်ကို ရယ်'

'အေးကွာ မင်းက မျှဝေစေချင်ရင် တော့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက နေပြီး ရေးသား တင်ပြလိုက်ရတာပေါ့ ကွာ'

'နောက်တစ်ခါတွေ့ရင် ကျွန်တော့် အဘ ထိုးခဲ့တဲ့ သွပ်လုံးတစ်လုံး ပေး မယ်။ ကျွန်တော့်မှာရှိတယ်။ ပထမ နည်းနဲ့ ထိုးထားတဲ့ သွပ်လုံးပဲအစ်ကို ရဲ့'

'ဟာ သိပ်ကောင်းတာပေါ့ကွာ။ မေတ္တာ၊ စေတနာဆိုတာ ရောင်ပြန် ဟပ်ပါတယ်။ မင်း တစ်နေ့မှာ မင်း မေတ္တာ၊ စေတနာက ကောင်းကျိုးပေး ပါလိမ့်မယ်။ ကဲ အစ်ကို ဒီနည်းတွေကို စာရေးရဦးမယ်။ ပြန်မယ် ဟုတ်လား၊ မင်းနဲ့ မင်းအဘကို ကျေးဇူးတင်ပါ တယ်။ ကဲ ငါသွားမယ်'

'ဟုတ်ကဲ့ အစ်ကို'

မောင်ဝင်းစိုးက ထိုသို့ ပြော၍...

'အစ်ကို နောက်တနင်္ဂနွေနေ့ လာခဲ့ ဦး'

ဟု ပြောပါသည်။

'အေး လာခဲ့မယ်'

ဟု ကျွန်တော်ကပြော၍ ပြန်လာခဲ့ပါ တော့သည်။

***အားလုံး ဆန္ဒကောင်းများ ပြည့်ဝကြ ပါစေ။***

**ဟသ်ာတ ကောင်းဇမ္ဗူကျော်**

# သွားရောဂါအတွက်



## ဆေးတစ်လက်

ဘဝပေးကံကြမ္မာကြောင့် တစ်သက် လုံး သွားအတွက် ရတက်မပွားရသူ တွေကတော့ လူသားအားလုံးရဲ့ တစ် ဆယ်ရာခိုင်နှုန်းပဲ ရှိလိမ့်မယ်လို့ ထင်မိ ပါတယ်။

အဲဒီလို သွားအတွက် ရတက်မပွား ရဘဲ တစ်သက်လုံး စိတ်ချရအောင် ဆေးနည်းလေး တစ်ခုပေးပါ့မယ်။

ဒီဆေးနည်းလေးက ဆေးမြီးတိုလို့ ဆိုနိုင်ပေမယ့် လုပ်ရတာတော့ ခဲရာ ခဲဆစ်နိုင်ပါတယ်။

ဆေးနည်းလေးကတော့ ဒီလိုပါ။ တောင် ဆိတ်လျှာ (သို့မဟုတ်) တောင်ဆိတ်ရိုး တစ်ကျပ်သားကို အမှုန့်ထောင်းပါ။ ညက်ပြီ ဆိုရင် လက်ပံဆေး လေးကျပ်သားနဲ့ သမသွား အောင် ထပ်ထောင်းပါ။ အားလုံး သမသွားပြီ ဆိုရင် ဆေးအားလုံးဆံ့နိုင်မယ့် လုံဖောက် တစ်လုံးထဲသို့ သိပ်ထည့်ပါ။ ပြီးရင် အရွယ် တော်လုံ လုံပက်(ပန်းထိမ်သုံးလုံ)တစ်လုံးနဲ့ ဖုံးအုပ်ပါ။

လုံနှစ်လုံးရဲ့ အဆက်အစပ်ကို မြေစေးနဲ့လုံအောင် သရွတ်မံပါ။ ချည် သားအဝတ်နဲ့ မြေစေးကို နယ်ပြီး အပေါ် က ထပ်ပတ်ပါ။ ဇော်မံတယ်လို့ ခေါ်ပါ တယ်။

ဇော်မံထားတာ ခြောက်အောင်လှန်း ပြီးရင် ထင်းတုံးကြီးတွေနဲ့ မီးပုံတိုက် ပြီး မီးရှိန်ကောင်းကောင်းမှာ သုံးနာရီ ကြာအောင် ဖုတ်ရင် အထဲကဆေးတွေ ပြာကျပါတယ်။

ရလာတဲ့ဆေးပြာနဲ့ သွားနာ၊ သွားကိုက်၊ သွားပိုးစားတဲ့ နေရာမှာ သိပ်ပေးရုံပါပဲ။ ရေစီးကမ်းပြို ဒန္တစိုနာ တွေအထိ သုံးနိုင်ပါတယ်။

မီးနဲ့ စီရင်ရတာမို့ ဝိဇ္ဇာရေအဂ္ဂိရတ် ဆေးလို့ ခေါ်ရမလားတော့ မပြောတတ် ပါ။ သွားရောဂါတွေနဲ့ ပတ်သက်လို့ တော့ အတော့်ကိုစွမ်းတဲ့ ဆေးစွမ်း ကောင်းတစ်လက်ပါ။

ဒီဆေးနဲ့ မကြာမကြာ သွားပွတ်ပေး ရင် အသက်ကြီးသော်လဲ သွားမကျွတ် သွားမနာနိုင်ဘူးလို့ စာရေးသူကို ဆေးနည်းပေးသူက ပြောခဲ့ပါတယ်။

လက်တွေ့ စီမံပြီးတော့ သုံးကြည့် တော့လဲ အတော်အစွမ်းထက်တာကို တွေ့ရပါတယ်။ သွားနာလို့ အဲဒီဆေးနဲ့ သိပ်ပြီး သွားနာပျောက်တော့လဲ အဲဒီ ဆေးနဲ့ပဲ မကြာခဏ သွားပွတ်ပေးလာ တဲ့ အဘိုးကြီးတစ်ယောက်ရဲ့ ပြောပြ ချက်ကတော့ သူ့အသက် ခြောက်ဆယ် လောက်မှာ သဘာဝအတိုင်း သွားတော့ ကျွတ်ပါတယ်။ ဒါပေမယ့် လုံးဝမနာဘဲ စားရင်းသောက်ရင်းနဲ့ ကျွတ်ကျလာ တယ်လို့ သူ့ရဲ့ကိုယ်တွေ့ ပြောပြဖူးပါ တယ်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ် ပရိသတ်ထဲမှ သွားအတွက် အစားခက် ပြီး ရတက်ပွားနေရသူများအတွက် ယောနိသောမနသိကာရဖော စေတနာ ရှေ့ထားပြီး ဆေးနည်းဒါနပြု ရေးသ လိုက်ရပါတယ်။

***သုခီ အတ္တာနံ ပရိဟရန္တု***

**ရွှေဝင်း (အင်းတော်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com

# ရက္ကန်းစင်တောင် ဆရာတော်ကြီး

အစိဋ္ဌာန်ဝင်၊ ပုတီးစိပ်၊ ဆေးကု၊ အစာကျွေး၊ သိဒ္ဓိကူးမြောက်ပုံများနှင့် ကောလင်း ကရာကုန်းဘုန်းတော်ကြီးကျောင်း

ရွှေနီလင်း (ကောလင်း)

"ရက္ကန်းစင်တောင် ဆရာတော်ကြီး တရားအားထုတ်သွားခဲ့သော မနောမယ အောင်တော်မူဘုရားနှင့် ကရာကုန်းကျောင်း ဆရာတော် ဦးကေသရ၏ကျင့်စဉ် ဗုဒ္ဓါနုဿတိ" ဆောင်းပါးကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ၌ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့ပါသည်။ သို့ဖြစ်၍ ဆောင်းပါး အဆက်ကို ရေးသားရပါသည်။

**နှိုးဆော်စာတစ်စောင်**



◆ အစိဋ္ဌာန်အောင်မြင်ခဲ့ရာ နဂါးရုံဘုရားနှင့် မဟာကစ္စာဉ်ဗိမ္မာရုပ်

ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသ

## မနောမယ

## အောင်တော်မူဘုရား ပြုပြင်ခြင်း


မြန်မာ့ရှေ့ တိုင်းဌာနဌ် ခေါ်ကြထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးအဝင် ပေါ်လွင်ရှေ့တွင်း နာမည်သင်းသည့် ကောလင်းနဂရာ ပစ္ဆိမာနောက်ရပ် နှစ်ဖာလုံဝေးလတ်၍ ကရာကုန်းကျောင်းမြတ်ဟု ခေါ်စမှတ် ရှိခဲ့ပါသည်။


ဖော်ခါသရုပ် လျော်စွာထုတ်လိုက်လျှင် ပေါ်လာသည့်ပုဒ်ပဒ ဗျူပွတ်အရ ပြောဆိုကမူ ခရေပင်တောကြား ရေလျှင် တဖွားဖွားနှင့် ပေါများသည့် ရပ်ဒေသမှာ မပြတ်အမြဲချ နေထိုင်ကြသော ရပ်ရွာဂါမကို ကရာကုန်းဟု ခေါ်တွင်ပေသည်။

ထိုကရာကုန်းရွာ၌ သာယာစိမ့်စမ်းတောတန်းဂနိုင် ရိပ်မြိုင်မွှမ္မ ညို့ညို့မှိုင်းမှိုင်း အုံ့ဆိုင်းဝေဟင် မြေပြင်တဝ ပဗ္ဗတတောင်ခြေ ကုန်းမြေပေါ်၌ စေတီတော်များ မြတ်ဘုရားဖြူဖြူ တစ်ဆယ့်ငါးဆူမျှ ရှိခဲ့လေသည်။

သက္ကရာဇ် ၁၂၇၇ ခုနှစ်၊ တပို့တွဲလတပေါင်းလ ချိန်ခါကောင်းသမယတွင် တဲကြီးကုန်းဂါမကျောင်း ဝိဟာရ၌ မျှတသီတင်းသုံး နေထိုင်တော်မူသော ဆရာတော် ဦးသောဘိတ၏ ဝေဒနာစွဲကပ်မှုကို အကြောင်းပြု၍ ထီးချိုင့် ဆင်ဖြူဆိတ်ရွာသား ဓာတ်ဆရာ ဆရာငြိမ်း၊ ဆရာထွန်းတို့သည် လာရောက် ကုသခဲ့ကြရာ ဆရာတော်၏ ဝေဒနာပျောက်ဖို့ရန် ထိုဓာတ်ဆရာကြီးများ၏ ဆရာဖြစ်သော ရှိန်းမကား ရက္ကန်းစင်တောင်

www.burmeseclassic.com





▲ ရှေးရေတွင်းဟောင်းပေါ်မှ တူးဖော်ရရှိသည့် ရှေးဟောင်း သေတ္တာဘူး

◄ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ရက္ကန်းစင်တောင် ဆရာတော်ကြီး ဦးသြဘာသ တရားအားထုတ်သွားသော မနောမယ အဓိဋ္ဌာန်လိုဏ်ဂူတော်ဘုရား(ခေါ်) မနောမယ အောင်တော်မူစေတီတော်မုံ

ဆရာတော် ဦးသြဘာသကို သွားရောက် ပင့်ခဲ့ကြသည်။

ထိုပင့်လျှောက်ချက်အရ ဆရာတော် ဦးသြဘာသ တဲကြီးကုန်းသို့ ကြွလာရခြင်း ဖြစ်ပါသည်။ တဲကြီးကုန်းကျောင်းမှာ ခေတ္တ သီတင်းသုံးနေထိုင်စဉ် ရောဂါဝေဒနာ အမျိုးမျိုးကိုလည်း ကုသပေးခဲ့သည့်ပြင် ဆရာတော်သည် ကရာကုန်းကျောင်း မနောမယ အောင်တော်မူဘုရား လိုဏ်ဂူ၌ (၇)ရက်ခန့် အဓိဋ္ဌာန်ဝင် ပုတီးစိပ် တရားအားထုတ်ခဲ့လေသည်။

ယင်းအရပ်တွင် ဆန်ရေစပါး ပေါများစေရန် ရည်သန်၍ **ဆန်ဓာတ်တိုင်၊ စပါးဓာတ်တိုင်၊ နမ်းဓာတ်တိုင်၊ သာသနာဓာတ်တိုင်**တို့ကို စိုက်ခဲ့သည်ဟု ဆိုပါသည်။ ထို့ပြင် အုတ်ဖိုရွာ **(မှတ်ချက်။ ။ ဝန်းသို မြို့နယ်၊ စာကူးသျှ)**၌ ဓာတ်တိုင်တစ်ခု စိုက်ထူထားခဲ့ရာ ယခုထက်တိုင် **ထိုအုတ်ဖိုရွာ ဓာတ်တိုင်ရှိနေသည်ကို** လူတိုင်း တွေ့မြင်နိုင်ပါသည်။

မနောမယ အောင်တော်မူဘုရား လိုဏ်ဂူ၌ ထွက်ရပ်ပေါက် ရက္ကန်းစင်တောင်ဆရာတော် ဦးသြဘာသ အဓိဋ္ဌာန်ဝင် တရားအားထုတ်သွားခဲ့ဖူးသည်ကို ယခုထက်တိုင် လူရှင်ရဟန်း အပေါင်းတို့က ရက္ကန်းစင်တောင် ဦးသြဘာသဂူဟူ၍ ပြောစမှတ်ပြုခဲ့ကြပါသည်။

ထိုလိုဏ်ဂူ၌ ညဉ့်အခါ တရားအားထုတ်ပုတီးစိပ်နေသူ ဝတ်ဖြူဝတ် လူသူတော်တစ်ယောက် ပုတီးလက်စွဲနှင့် လာရောက်နေတတ်သည်။ ကရာကုန်းရွာသား မောင်စံငြိမ်းဆိုသူက သုံး၊လေးကြိမ် ညအခါ တွေ့ဖူးကြောင်း ပြောပြခဲ့ပါသည်။

ထို့ကြောင့် ထွက်ရပ်ပေါက်ဂိုဏ်း ဆရာကြီးများ လာရောက်တတ်ကြောင်းကိုလည်း သိရပါသည်။

မည်သို့ပင်ဖြစ်စေ ထိုမနောမယ အောင်တော်မူဘုရားသည် အခြားသော စေတီဘုရားတို့ထက် ထူးခြားချက်ကို သိရသဖြင့် လည်းကောင်း၊ တရားနှလုံး စိတ်ကိုသုံး၍ ပုတီးစိပ်နေထိုင်ရန် ကောင်းသည်ကို လည်းကောင်း၊ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်၍ ဟောင်းနွမ်းပြိုပျက် ပျက်စီးနေမှုကို လည်းကောင်း၊ ဘုရားပျက်ဘဝ၊ ဘုရားငုတ်တိုဘဝနှင့် လူ အရိုအသေ ကင်းမဲ့ပြီး ဆွမ်းတော်၊ ပန်းတော်၊ ဆီမီးတော် တင်မှုကိုပင် မခံရသော အဖြစ်ဆိုးကို လည်းကောင်း တွေ့ရှိရပါသည်။

ဤကဲ့သို့ မနုစ်မြို့ဖွယ် အနိဋ္ဌာရုံတို့ကို တွေ့မြင်ရမှုကို အကြောင်းပြု၍ မနောမယ အောင်တော်မူဘုရားစေတီတော်အား မိမိတတ်စွမ်းသမျှ ပြုပြင်လိုစိတ် ယိုဖိတ်စီးဆင်း အကြောင်းရင်းကြောင့် ကရာကုန်းကျောင်း ဆရာတော် ဦးကေသရအား လျှောက်ထား၍ သာသနာပြုလုပ်ငန်းကို ကြိုးပမ်းသမျှ များစွာ ပြုလုပ်ခဲ့သော အရှင်ကောဝိဒ ခေါ် ရဟန်းတော်သည် ကရာကုန်းရွာ ရ.ဝ.တ ဦးဝင်းညွန့်နှင့် အကျိုးတော်ဆောင် ဦးအုန်းမောင် စသော ရပ်ရွာ လူကြီးများကို တိုင်ပင်ညှိနှိုင်း၍ ပြုပြင်နေခြင်း ဖြစ်ပါသည်။

သာသနာပြုလုပ်ငန်းတွင် စိတ်ပါဝင်စားသူတိုင်း၊ ပါရမီဖြည့်ဖက်ပဋ္ဌာန်းဆက်ရှိသူတိုင်း လာရောက် အားပေးကူညီကြပါရန် အကျိုးမျှော်၍ နှိုးဆော်

www.burmeseclassic.com

လိုက်ရပါသည်။

**နာယကဆရာတော် ဦးကေသရ**
**သာသနာပြု အရှင်ကောဝိဒ**
**ကရာကုန်းကျောင်း၊**
**ကရာကုန်းရွာ၊ ကောလင်းမြို့။**

အထက်ပါ နှိုးဆော်စာသည် ၁၉၉၆ ခုနှစ်ဝန်းကျင်က ထုတ်ဝေခဲ့သော နှိုးဆော်စာဖြစ်ပါသည်။ အုတ်ဖိုရွာမှာ ကောလင်းမြောက်နား၌ရှိပြီး ဝန်းသိုနယ်၌ ပါဝင်သည်။


ဘုရားပြီးစီးကြောင်း ကျောက်စာ

စိရံ တိဋ္ဌတု သဒ္ဓမ္မော
ဇေယျတု သဗ္ဗမင်္ဂလံ
မနောမယ အောင်တော်မူဘုရား
သာသနာသက္ကရာဇ် ၂၅၄၀ ပြည့်နှစ်
ကောဇာသက္ကရာဇ် ၁၃၅၈ ခုနှစ်
တန်ခူးလပြည့်ကျော် (၁၄)ရက်

**၁၇-၄-၁၉၉၆ ခုနှစ်**

နှစ်ပေါင်းတစ်ရာကျော် မင်းတုန်းမင်းလက်ထက်မှ တည်ထားခဲ့သော ရှေးဘုရားဟောင်းတစ်ဆူ ဖြစ်သော ကောလင်းမြို့နယ် ကရာကုန်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဘုရားတစ်ဆူကို အသစ်တစ်ဖန် ပြုပြင်မွမ်းမံ၍ ဆရာတော် ဦးကောဝိဒ ဦးစီး၍ တစ်ဖက် ဖော်ပြပါ ဘုရားဒါယကာ၊ ဒါယိကာမ တစ်စုတို့က ပေးလှူအပ်သော ဝတ္ထုငွေအသပြာတို့နှင့် ဗုဒ္ဓပဋိသင်္ခရဏ ဘုရားဟောင်းပြုပြင်မှုကုသိုလ်အစုကို နိဗ္ဗာန်ကို ရည်စူး၍ အထူးပြုလုပ်ထားခဲ့ပါသည်။

ရက္ခန်းစင်တောင် ဆရာတော် ဦးဩဘာသ တရားအားထုတ်ခဲ့ရာ ဘုရားများဖြစ်သည့် မနောမယ အောင်တော်မူဘုရားနှင့် လာဘမုနိဆုတောင်းပြည့်ဘုရားသည် တစ်ဝဂ္ဂပုံသဏ္ဍာန်



▲ ကရာကုန်းကျောင်း ကျောင်းထိုင်ဆရာတော် ဦးကေသရ

မနောမယအောင်တော်မူ ရှေးဘုရားများ ပြုပြင်ရေး ကြီးကြပ်နေစဉ်

▼ ကောလင်းမြို့အနောက်ဘက်ရှိ ရှေးဟောင်းဘုရားစေတီများ



ရှိပြီး ပုဂံခေတ်လက်ရာဟု တချို့က အဆိုရှိ၏။

မူလက ဘုရား(၂)ဆူ (မနောမယ အောင်တော်မူဘုရားနှင့် လာဘမုနိဘုရား)အတွင်း ရှေးခေတ်ပန်းချီ၊ ဓာတ်တော်၊ နိပါတ်တော်များ ပါရှိခဲ့ကြောင်း သိရသည်။

မနောမယ အောင်တော်မူဘုရား အတွင်း ဌာပနာ၌ (၁)ပေခန့် ငွေပြားပေါ်မှာ ရှေးဟောင်းစာများပါရှိပြီး ဘုရင်နှင့် သက္ကရာဇ်များ ရေးထိုးထားရာ မပီမသဖြစ်ပြီး ဖတ်မရကြောင်း ရပ်မိရပ်ဖ ဦးစံရက ပြောပြခဲ့သည်။

ယင်းဘုရားများကို အသစ်တစ်ဖန် ပြုပြင်မွမ်းမံ၍ **ဆရာတော်ဦးကောဝိဒ** (အေးစေတီကျောင်း၊ နမ္မားရွာ၊ ပင်လည်ဘူးမြို့နယ်)မှာ စာရေးသူနှင့် တွေ့ဆုံခဲ့သော ၂၉-၁-၂၀၀၁ ခုနှစ်တွင် ကျန်းမာရွှင်လန်းစွာ ရှိခဲ့သည်။

ထို့နောက် ၂၀၀၂ ခုနှစ်ခန့်တွင်




www.burmeseclassic.com

www.burmeseclassic.com



▲ ကောလင်းမြို့အနောက်ဘက်ရှိ ရှေးဟောင်းဘုရားစေတီများ

▼ ကောလင်းမြို့အနောက်ဘက်ရှိ ရှေးဟောင်းဘုရားစေတီများ



ယင်း ဆရာတော် ဦးကောဝိဒသည် ပျံလွန်တော်မူခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

မဟာဂန္ဓာရီဝိဇ္ဇာဓိုရ် ရက္ကန်းစင်တောင် ဆရာတော် ဦးသြဘာသသည် မန္တလေးမြို့၏ မြောက်ဘက် (၃၂)မိုင်ကွာရှိ ရက္ကန်းစင်တောင်တော်၌ သိဒ္ဓိပြီးမြောက် ဝိဇ္ဇာဓိုရ်အဖြစ်သို့ ရောက်တော်မူခဲ့ကြောင်း ထိုတောင်တော်ရှိ ထေရုပ္ပတ္တိကျောက်စာအရ သိရသည်။

မတ္တရာနယ်၊ မြွေပုန်ကန်မြောက်ရွာတွင် ဘိုးရာကျော်၊ မယ်ငွေနှင်းတို့မှ ၁၂၀၂ ခုနှစ်၌ တပေါင်းလဆန်း(၉)ရက်တွင် ဖွားမြင်၏။ ငယ်မည်မှာ ဆရာကွန်းဖြစ်ရာ နှမမှာ မလှဝင်းဟုခေါ်၏။

ဝက်လက်နယ်ရှိ ရှိန်းမကားရွာ ရက္ကန်းစင်တောင် ဆရာတော် ဦးသြဘာသဟူ၍ရှိရာ ယင်းဆရာတော်သည် တစ်ပါးတည်းဖြစ်ကြောင်း သိရ၏။ ဦးသြဘာသ၏နှမမှာ ကောလင်းနယ်တွင် မယ်ဖော့ဟု မှုကွဲရှိနေသည်။

ရက္ကန်းစင်တောင် ဆရာတော် ဦးသြဘာသနှင့်ပတ်သက်၍ ရေးက လက်ရာ(နှစ်တစ်ရာကျော်)က ကောလင်း မြို့ တောင်အင်းရပ်နေ ကျောင်းဆရာ စာဆိုကြီး **"ဦးနေမျိုးမှတ်တမ်း"** ခေါ် **(သဒ္ဒမ္မပကိဏ္ဏကာကဗျာဝစန ကျမ်းကြီး)**တွင် ရေးသားခဲ့ဖူး၏။

သူသား(၂)ဦးက ၁၉၃၇ ခုနှစ်၌ ရတနာသိဒ္ဓိပိဋကက ပုံနှိပ်တိုက် မန္တလေး၌ ရိုက်နှိပ်ခဲ့၏။ မာတိကာ၌ ၁၂၆၄ ခုနှစ်တွင် ကောလင်းမြို့အနီးတွင် ရက္ကန်း စင်တောင်ဆရာ၏ ဂိုဏ်းပေါ်လာသဖြင့် ယင်း၏ ဆေးကုသပုံ၊ အစာကျွေးပုံ မိန်းမများအား သိဒ္ဓိကူးမြောက်ပေးပုံ တို့ကို သရုပ်ပါအောင် ရေးစပ်ထား သော လင်္ကာဗဟုသုတအလို့ငှာ မှတ် သားဖွယ် ကောင်းလှ၏ဟု ပါရှိ၏။

## အကြောင်းနှင့် အကျိုးဆက်

ဖော်ပြပါ ကရာကုန်းကျောင်းတိုက် ၏ နှီးဆော်စာ၊ ဦးနေမျိုး၏ မှတ်တမ်း စာပါ ရက္ကန်းစင်တောင်အကြောင်း မတ္တရာ ရက္ကန်းစင်တောင်မှ ရက္ကန်းစင် တောင် ဆရာတော် ဦးသြဘာသ ထေရုပ္ပတ္တိ ကျောက်စာ...

ကရာကုန်းဘုန်းတော်ကြီး ကျောင်း ဝင်း မနောမယ အောင်တော်မူဘုရား၏ အနောက်တောင်ထောင့်တွင် ရက္ကန်း စင်တောင် ဆရာတော်၏နှမ မယ်ဖော့ ကို ရေကန်တူးခိုင်းခြင်း စသည်တို့ကို အကြောင်းနှင့်အကျိုး ချိတ်ဆက်၍ ရေး သားပါအံ့။

ရက္ကန်းစင်တောင် ဆရာတော်၏ ထေရုပ္ပတ္တိကျောက်စာ နိဂုံးတစ်နေရာ တွင် **"ခေတ်ခါအလျောက်၊ အသွင်ကို ဖျောက်ပြီး၊ ကိုရင်ကြီးလို၊ အရွယ် ဖြင့်၊ ကာယ်ထိုက်သူသာ၊ ကာယ်မျ လျှင်၊ ထိုဖြစ်အင်မှု၊ ယာရာ သော ဗဟုကိစ္စောဟု၊ ကိစ္စမြန်မြောင်၊**



www.burmeseclassic.com

www.burmeseclassic.com

**တို့ဘောင်၏၊ လူတစ်ခု ပုမ္မဆယ်ကုဋေ၊ နည်းထွေထွေဖြင့် လူ၏အကြိုက် လိုက်၍မဆုံး၊ ဤဖြစ်ထုံးကို နှလုံးသွင်းကာသာ နေရရှာပါတော့သည်''**ဟူ၍ ဖော်ပြထား၏။


ယင်းဆရာတော် ဦးဩဘာသသည် လောကီပညာ သာသနာရေးရာတို့ တော်တော်ကြီး လိုက်စားနေသည့်အချိန်က သူ့ရပ်နယ်ရွာမှ ကျေးရွာလူကြီးတစ်ဦးက ရိုက်နှက် နှိပ်စက်ခဲ့ဖူး၏။ အခြား လူ့အကြိုက် မလိုက်နိုင်ခဲ့သည့် ဖြစ်ရပ်အချို့လည်း ရှိခဲ့ဖူး၏။

ဆရာတော်၏ ဇာတိသည် မတ္တရာနယ်နှင့် ဝက်လက်နယ်ရှိ ရှိန်းမကားဟူ၍ မှုကွဲဖြစ်နေရာ ဇာတိရွာနှင့် အနေများရာရွာတို့ကို အစွဲပြု၍ ဇာတိ အမည်တပ်ခြင်းလည်း ဖြစ်နိုင်သည်။

ဆရာတော်၏နမမှာ မလှဝင်းနှင့် မယ်ဖော့ဟူ၍ မှုကွဲဖြစ်နေခြင်းသည်လည်း အကြောင်းအမျိုးမျိုးကြောင့် အမည်ပြောင်းပြီး ကောလင်း၊ ကရာကုန်းရွာတွင် ယာယီနေထိုင်လာခဲ့ကြခြင်းလည်း ဖြစ်နိုင်ပေသည်။

မင်းတုန်းမင်းခေတ်တွင် ကောလင်းမြို့နယ်၊ ကရာကုန်းကျောင်းဝင်းနယ်မြေအတွင်း၌ ရက္ခန်းစင်တောင်ဆရာတော် ဦးဩဘာသနှင့် နမမယ်ဖော့က ယောဂီဝတ်ဖြင့် ကျောင်းတစ်ကျောင်းစီ နေထိုင်ခဲ့ကြ၏။

သာသနာရေးဆိုင်ရာ အလုပ်များကို လုပ်ကိုင်ဆောင်ရွက်ကြပြီး အစ်ကိုတော်က လောကီပညာများပါ အထူးလိုက်စား ကျင့်ကြံအားထုတ်ကြောင်း ဇန်နဝါရီလ ၂၀၁၃ ခုနှစ်တွင် ရေးသား ဖော်ပြခဲ့ပြီးဖြစ်သည်။



▲ ကောလင်းမြို့အနောက်ဘက်ရှိ ရှေးဟောင်းဘုရားစေတီများ

▼ ကောလင်းမြို့အနောက်ဘက်ရှိ ရှေးဟောင်းဘုရားစေတီများ



အစ်ကိုတော်က နမမယ်ဖော့ ကံနိမ့်နေ၍ တရားထိုင်ရာ မနောမယဘုရား၏ အနောက်တောင်ထောင့်အရပ်နေရာ၌ ကံဇာတာ မြင့်စေရန် ရေကန်တူးခိုင်းခဲ့၏။ မယ်ဖော့သည် အဖော်များနှင့် ရေကန်တူးရသည်။ ကိုယ့်ကျိုး အများအကျိုး ရေသောက်သုံးကြဖို့ဖြစ်၏။

ရှေးယခင်ကာလများက စာရေးသူတို့၏ အထက်ပိုင်းဒေသဝန်းကျင်တွင် ရေကန်တူးလျှင် ရေကန်အတွင်းတွင် ရေတွင်းတူးခြင်း (ဝါ) ရေကန်တူးလျှင် ရေကန်အနီး ရေတွင်းတူးခြင်း ဓလေ့ရှိခဲ့ကြသည်။

ယခုအခါလည်း ထိုနမူနာကို အသုံးပြုကြဆဲ ဓလေ့အချို့ ကျန်ရှိခဲ့သည်။ ထိုရေတွင်းရေကန် ပူးတွဲတူးကြခြင်းသည် ရေဓာတ်များ တစ်ခုခန်းလျှင် တစ်ခုကျန်စေရန် ရည်ရွယ်ကြောင်း စာရေးသူ တွေးဆမိသည်။

မယ်ဖော့တို့သည် ထိုရှေးခေတ်က ရေကန်အနီး တောင်ဘက်တွင် အုတ်ရေတွင်းကြီးပါ တူးခဲ့ဟန် တူသည်။ ထိုအကြောင်းကို ဤစာရေးရင်း ဖော်ပြသွားပါမည်။

နှစ်ကာလ ကြာလေသော် မယ်ဖော့ရေကန်နှင့် အုတ်ရေတွင်းတို့သည် တိမ်ကော၍ မြေသားများ ဖုံးအုပ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



◆ ကောလင်းမြို့အနောက်ဘက်ရှိ ရှေးဟောင်းဘုရားစေတီများ

◆ ကောလင်းမြို့အနောက်ဘက်ရှိ ရှေးဟောင်းဘုရားစေတီများ



လေသည်။ ၂၀၁၂ ခုနှစ်(ယခင်နှစ်)က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်သည် ကရာကုန်းကျောင်းဆရာတော်ကြီး ဦးကောသရ၏ ဩဝါဒကို ခံယူ၍ ရွာသူရွာသားများနှင့် မယ်ဖော့ကန်ကို တူးဖော်၍ **"မနောမယရေကန်တော်"**အဖြစ် အမည်မှည့်ခေါ်ခဲ့၏။

ဆရာတော်ကြီး ဦးကောသရသည် ယခုအခါ သက်တော်(၈၀)၊ ဝါတော်(၆၁)ဝါ ရှိခဲ့ပြီဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် အကြားအမြင်ဆရာမ ဒေါ်တင်တင်အေးသည် အိုးမက်ထူးများ၊ အာရုံများရရှိခဲ့သည်ကို ဆရာတော်ကြီး ဦးကောသရအား လျှောက်ထားခဲ့၏။

ဆရာတော်ကြီး၏ ဩဝါဒများကို ခံယူ၍ အကြားအမြင်ဆရာမသည် ရွာသား(၅)ဦးဖြင့် မနောမယရေကန်၏ တောင်ဘက်အနီးတွင် တူးဖော်ခဲ့ကြ၏။

(၃)ရက်ကြာ ၅-၂-၂၀၁၃ နေ့တွင် တူးဖော်ပြီးသည့် မြေသားရွံ့တွင်း (၁၀) ပေကျော်လောက်တွင် **ရွှေရောင်သေတ္တာဘူး**တစ်ခုကို တွေ့ရှိခဲ့၏။

သေတ္တာသည် ထောင့်ပေါင်း(၆) ထောင့်ရှိပြီး အမြင့်(၂)လက်မ အဖုံးပါ (၂ ဒသမ ၉)လက်မရှိ၏။ အလျား (၈)လက်မ၊ အနံ (၃ ဒသမ ၇)လက်မ ရှိ၏။

ယင်းသေတ္တာသည် ရှေးပုံစံအုတ်ချပ်ကြီးများဖြင့် တည်ဆောက်ထားသည့် ရေတွင်းပျက်ကြီး၏ စနေထောင့် လောက်အပေါ်နားမှ တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းသေတ္တာအောက်နှင့် ဝန်းကျင်အောက်ခြေတွင် ကွန်ကရစ်အုတ်များဖြင့် သီးသန့်ဝိုင်းထားသကဲ့သို့ အမှတ်အသားပုံစံဖြင့် ပြုလုပ်ထားသည်။ သေတ္တာသည် ရွှံ့မဝင်နိုင်လောက်အောင် အထူးလုံခြုံ၏။

ယင်းသေတ္တာပေါ်တွင် နဂါး၊ ဥဒေါင်း၊ သမင်၊ ဆင်၊ မြင်း စသည့်ရုပ်စုံတို့ကို ပန်းတဉ်း အတတ်ပညာဖြင့် ပုံဖော်ထားသည်။ ဘုရားအလောင်းတော် နှစ်ဥကာလက တိရစ္ဆာန်ဘဝများကို ဖော်ကျူးထားဟန်ရှိ၏။

သေတ္တာကို **၆-၂-၂၀၁၃ နေ့တွင်** ဖွင့်ကြည့်ကြကြောင်း သိရှိရသည်။ သုတေသီတို့၏ အဆိုအရ အင်းဝခေတ် ညောင်ရမ်းမင်းတရားကြီး၏ လက်ထက်က လက်ရာဖြစ်ကြောင်း ပြောဆိုကြ၏။

ရှေးကာလများက အလှူကြီးလုပ်ရာ ရွှေငွေလက်ဝတ်ရတနာများကို တစ်စုံတစ်ဦးက ယူဆောင်သွားခဲ့ကြောင်းကိုလည်း ပြောဆိုကြ၏။

မယ်ဖော့ကန်ကို **"ဓာတ်ကန်"**ဟု အဆိုရှိခဲ့ပြီး ယမန်နှစ်က ထပ်မံတူးဖော်ခဲ့၍ **"မနောမယရေကန်တော်"**ဟု အမည်ပြောင်းလဲခဲ့သည်။

ယခုအခါ သေတ္တာတူးဖော်ရရှိခဲ့သော နေရာဝန်းကျင်တွင် အကျယ်(၄၅)ပေ၊ အနက်(၁၈)ပေဖြင့် (၉)နှင်းကျေ ရေကန်ကြီးတစ်ကန် ထပ်မံ၍ အသစ်တူးဖော်မည်ဖြစ်ကြောင်း ဆရာ

www.burmeseclassic.com

တော်၏ ဩဝါဒအရ အကြားအမြင် ဆရာမက ရေကန်တော်ကို တူးဖော်မှုကို တာဝန်ယူမည် ဖြစ်ကြောင်း သိရှိရ၏။

စောစောက စာရေးသူ တင်ပြခဲ့သည့် အကြောင်းနှင့်အကျိုး ချိတ်ဆက်၍ ရေးသားတင်ပြမည့် အကြောင်းကို ယခု တင်ပြပါမည်။ ရေတွင်းပျက်ပေါ်တွင် သီးသန့် သီးခြားတည်ရှိထားသော သေတ္တာ အနေအထားအရ၊ မယ်ဖော့ ဓာတ်ကန်အနီး တည်ရှိနေသော အနေအထားအရ အကြောင်းအကျိုး ချိတ်ဆက်ကြည့်လိုပေသည်။


ထိုနေရာဝန်းကျင်သည် ရှေးနှစ်တစ်ရာကျော်ကာလက ရက္ကန်းစင်တောင် ဆရာတော်သည် လောကီ၊ လောကုတ္တရာရေးရာများ အနေဖြင့် မနောမယ အဓိဋ္ဌာန်လိုဏ်ဂူတော်ဘုရားတွင် တရားအားထုတ်လေ့ရှိခဲ့၏။

ထိုဘုရား၏ အနောက်ဘက်နားတွင် ဖိုတည်၍ ဖိုထိုးခြင်း စသည်တို့ကို အထူးတလည် လိုက်စားကျင့်ကြံ အားထုတ်ခဲ့၏။ ဆရာတော်က ရဟန်းဝတ်ဖြင့် ကျောင်းတစ်ကျောင်းဖြင့် နေထိုင်၏။ နမတော်က ယောဂီဝတ်ဖြင့် ကျောင်းတစ်ကျောင်းနှင့် နေထိုင်၏။

အစ်ကိုတော်က နမတော် မယ်ဖော့ ကံနိမ့်နေ၍ မနောမယဘုရား၏ အနောက်တောင်ထောင့်အရပ် နေရာတွင် ကံမြင့်စေရန် ဓာတ်ရေကန်ကို တူးခိုင်းသည်။ မယ်ဖော့က အဖော်များနှင့် ရေကန်တူးရသည်။

ရေကန်တူးရာတွင် ရှေးအစဉ်အလာအတိုင်း ရေတွင်းပါ ပါရှိမည်ဖြစ်ရာ ဓာတ်ကန်၏ တောင်ဘက်တွင် အုတ်ရေတွင်းကို တူးဖော်ခဲ့ပေလိမ့်မည်။ အုတ်ရေတွင်းကို ရေဓာတ် အောင်မြင်စေရန်သာ တူးဖော်ခဲ့ပေလိမ့်မည်။

ရှေးဟောင်းသေတ္တာဘူး တူးဖော်တွေ့ရှိရာနေရာပြ မြေပုံကြမ်း




မယ်ဖော့အတွက်မှု ကံနိမ့်နေ၍ ကံမြင့်စေရန် ဓာတ်ရေကန်ကို အဓိကထား၍ တူးစေဟန်တူသည်။ အုတ်ရေတွင်းပေါ်တွင် လောကီအစီအရင် အောင်မြေ (ဝါ) လောကီအစီအရင် အောင်မြင်စေရန် ဓာတ်ပြာတို့ ထည့်သွင်း စီမံထားသော ရုပ်စုံပါ ရွှေရောင် သေတ္တာဘူးငယ်ကို အဓိဋ္ဌာန်ပြု မြှုပ်နှံခဲ့ပေလိမ့်မည်။

ဆရာတော်နှင့် နမတော် မယ်ဖော့တို့သည် ထိုကဲ့သို့ ရေကန်နှင့် ရေတွင်းတို့ကို မတူးဖော်နိုင်စရာအကြောင်း မရှိ။

အဘယ်ကြောင့်ဆိုသော် ရှေးက ကျောင်းဆရာကြီး စာဆိုကြီး ဦးနေမျိုး သိမီလိုက်သောခေတ်က ဆရာကြီး ရေးသားခဲ့သည့် မှတ်တမ်းကဗျာအရ ရက္ကန်းတောင်ဆရာဟူ၍ ဂိုဏ်းတစ်မျိုး ပေါ်ပေါက်လာကြောင်း မှတ်တမ်းကဗျာအရ ယင်းဂိုဏ်းသည် တပည့် တပန်း အမြောက်အမြားတို့နှင့် အုပ်နှင့် ကျင်းနှင့် တည်ဆောက်ခဲ့ဖူးသောကြောင့် ဖြစ်ပေသည်။

ထိုသို့ တည်ဆောက်ခဲ့သည်မှာလည်း ကရာကုန်းဘုန်းတော်ကြီး ကျောင်းနယ်မြေ ပရိဝုဏ်ဝန်းကျင်၌ပင် ဖြစ်ပေမည်။

ဤစာရေးသူက ရှေ့ပိုင်းတွင် ပြန်လည် ကူးယူဖော်ပြခဲ့သော ဆရာတော်ကြီး(၂)ပါး၏ နိုးဆော်စာမှာ ရပ်ရွာ နီးနားဝန်းကျင်က ပုဂ္ဂိုလ်အချို့ ပြောပြ၍ မှတ်မိသိရှိသလောက် ဖော်ပြထားခြင်း ဖြစ်နိုင်သည်။

ကရာကုန်း ဘုန်းတော်ကြီးကျောင်း နယ်မြေဝန်းကျင်သည် လောကီ၊ လောကုတ္တရာကျင့်ကြံ အားထုတ်မှုများအရ နေရာထူး၊ ဝိသေသထူးများ အမှန် ရှိခဲ့ခြင်း ဖြစ်သည်။

နိုးဆော်စာ၊ မှတ်တမ်းကဗျာ၊ ထေရုပ္ပတ္တိကျောက်စာ၊ ပါးစပ်ရာဇဝင်များ စသည်တို့အရ စာရေးသူ၏ အနုမာန တွေးဆယူဆချက်များ၊ အကြောင်းနှင့်အကျိုး ချိတ်ဆက်၍



www.burmeseclassic.com

www.burmeseclassic.com

ဆီလျော်သော သမိုင်းကွင်းဆက်တို့ကို စာဖတ်ပရိသတ်များအား ဆွေးနွေး တင်ပြရေးသားလိုပေသည်။

မန္တလေးမြို့၏ မြောက်ဘက် (၃၂) မိုင်ကွာရှိ ရက္ကန်းစင်တောင်တော်ရှိ ရက္ကန်းစင်တောင် ဆရာတော် ထေရုပ္ပတ္တိကျောက်စာ တစ်နေရာတွင် စဉ့်ကူးနယ်အဝင် ဧရာဝတီမြစ်ကမ်း အရှေ့ ဟင်္သာမရွာ သုံးထပ်ကျောင်း ဝိဟာ၌ ရက္ကန်းစင်တောင် ထေဘုန်း မောင်သည် (အဓိဋ္ဌာန်အောင် ဆု တောင်းပြည့်) နဂါးရုံမြတ်ဘုရားကို နေ့ညမအား အဓိဋ္ဌာန်ထားလျက် အားပါးတရ ဖူးမဝနိုင် သဒ္ဓါစိတ်ခိုင်ခိုင် ဖြင့် သိဒ္ဓိပြီးမြောက်ရေး အလေးပေး ကာ ရှေးရှုမြော်ခေါ် ကျင့်တော်မူခဲ့ပါ သတည်းဟု ဖော်ပြထားပေသည်။

အဆိုပါ အချက်အလက်များနှင့် လက်ရှိတွေ့ရှိခဲ့သည့် ရွှေရောင်ရုပ်စုံ ကြေးသေတ္တာဘူးငယ်ကို ဆွေးနွေးပါ မည်။

တွေ့ရှိရသော သေတ္တာသည် ရက္ကန်း စင်တောင် ဆရာတော်ဦးဩဘာသ တရားကျင့်ရာ မနောမယလိုဏ်ဂူတော် ဘုရားစေတီ၏ စနေထောင့်တွင် လည်းကောင်း၊ ဆရာတော်၏ နှမတော် မယ်ဖော့၏ ဓာတ်ကန်၏ တောင်ဘက် ရေတွင်းပျက်၏ စနေ ထောင့်တွင် လည်းကောင်း တူးဖော်ရရှိ ခဲ့ခြင်း ဖြစ်သည်။

ဖြစ်ပျက်ခဲ့သမျှသည် ရက္ကန်းစင် တောင် ဆရာတော် ဦးဩဘာသ၏ ဩဝါဒများနှင့် ကင်းသည်ဟု မဆိုနိုင်။ စနေသည် နဂါးဟု ယူမည်ဆိုက ယူနိုင် သည်။

ဆရာတော်ဦးဩဘာသသည် နဂါး ရုံမြတ်ဘုရားကို နေ့ညမအား အဓိဋ္ဌာန် ထားလျက် သိဒ္ဓိပြီးမြောက်ရေး အလေး ပေးခဲ့ပြီး ကျင့်တော်မူခဲ့၏။

ရက္ကန်းစင်တောင် ဆရာတော် ဦးဩဘာသသည် စနေထောင့်တွင် တစ်နေရာရာ၌ နဂါးရုံမြတ်ဘုရား တည်ရန် ဓာတ်ပန္နက်ထုပ်များ ချထားခဲ့ ပြီး ဖော်ပြပါ သေတ္တာဘူးငယ်ကို မြှုပ်နှံ ထားခဲ့ပြီး တစ်ချိန်ချိန် အချိန်ကောင်း အခါကောင်းတွင် ဘုရားလောင်း နုစဉ် ဘဝက ဖြစ်တော်စဉ်များနှင့် ပေါ်တော် မူ ပေါ်ထွက်လာစေရန် အစီအရင်များ ဖြင့် စီရင်ခဲ့လေသလော။

**ပေါ်တော်မူဆိုသည်မှာ** ဓာတ် ပန္နက်စီရင်မြှုပ်နှံခဲ့သည့် သေတ္တာ ပေါ် ထွက်လာပြီးနောက်ပိုင်း တည်ထား ကိုးကွယ်ရမည့် ဘုရားစေတီအသစ် တည်ထားခြင်းဖြင့် ပေါ်ထွက်လာသည် ကို ဆိုလိုပါသည်။

ဤ စာရေးသူ၏ အနုမာန တွေးဆ ချက် တင်ပြချက်များ ဖြစ်နိုင်,မဖြစ်နိုင် စာဖတ်သူတို့ ဝေဖန် သုံးသပ်ကြည့်ကြ ပါကုန်။

**နေနီလင်း**
***(ကောလင်း)***


ဤလတွင် တွေ့ကြုံဆုံရဖွယ်ရှိသော ငွေကြေးကိစ္စအဝဝတို့ အဆင်ပြေ ချောမွေ့၍ လာဘ်လာဘများ ဝေဝေ ဆာဆာ ဝင်ရောက်နိုင်စေရန်အတွက် လုံးဝန်းသော ပုံသဏ္ဌာန်ရှိသည့် ပစ္စည်း တစ်ခုခုကို ရွေးချယ်ကာ အောက်ပါ အစီအစဉ်အတိုင်း လက်ဆောင်ပေး လှူဒါန်းနိုင်ကြပါသည်။

* * * ⟶


**ဥပမာ။ ။** ကြွက်နှစ်ဖွားတို့သည် လိမ္မော်သီး(၆)လုံးကို တနင်္ဂနွေနေ့ တွင် အနောက်မြောက်ထောင့်အရပ်ရှိ ကြာသပတေးသားသမီး တစ်ယောက် အား လှူဒါန်းပြီးနောက် သမ္မာဒေဝများ ထံတွင်လိုရာဆုတောင်းကြရန်ဖြစ်သည်။

***လာဘ်လာဘ ရွှင်လန်းကြပါစေ။***

**ထက်မင်းကျော်စွာ**

၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း

# လာဘ်လာဘ



ရွှင်လန်းစေဖို့

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| နွား၊ ကျား | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေး[နေ့] |
| ယုန် | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| နဂါး၊ မြွေ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မြင်း | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး[နေ့] |
| ဆိတ်၊ မျောက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ကြက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္ဂနွေနေ့ |
| ခွေး၊ ဝက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |




www.burmeseclassic.com

www.burmeseclassic.com

**ဗိုလ်လင်းအောင်**
**(မြန်အောင်)**

သစ်ချိုကုန်း သံယျမကျောင်း ဆရာတော် ဘဒ္ဒန္တ ဝါယမသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ သဟာပေါက်ကျေးရွာနေ ခမည်းတော် ဦးဘိုးသာ ၊ မယ်တော် ဒေါ်ရွှေပုတို့မှ ကောဇာသက္ကရာဇ် ၁၂၇၈ ခုနှစ်၊ နတ်တော်လဆန်း(၈)ရက် ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူပါသည်။

မွေးချင်း (၄)ယောက်ရှိသည့်တွင် ဆရာတော်လောင်းလျာသည် စတုတ္ထမြောက် သားရတနာ ဖြစ်ပါသည်။

သာသနာ့နွယ်စစ် သာမဏေရှင်ဖြစ်အရွယ်တွင် ဆင်ကျုံးကွင်းကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ သာမဏေဘဝကို ရောက်ရှိခဲ့လေသည်။ ဘွဲ့တော်မှာ ရှင်ဝါယမဖြစ်သည်။

ရှင်ဝါယမသည် ကောဇာသက္ကရာဇ် ၁၂၉၈ ခုနှစ်တွင် ဥတုနေ့အစ တပေါင်းလ၏ ဆန်းသစ်စ(၁၁)ရက်၊ နံနက်(၈)နာရီ(၃၀)မိနစ်တွင် ဆင်ကျုံးကွင်းကျောင်း ခဏ္ဍသိမ်တော်၌ ရဟန်းဖြစ်တော်မူပါသည်။

သစ်ချိုကုန်းဆရာတော် ဦးဂန္ဓမာလာအား ဥပဇ္ဈာယ်ပြု၍ မြန်အောင်မြို့နယ်၊ ညောင်မြစ်ဆွဲအုပ်စု၊ ပျဉ်ထောင်တွင်းကျေးရွာနေ ရဟန်းဒါယကာ ဦးအုံးခိုင်၊ ရဟန်းဒါယိကာမ ဒေါ်ထူးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်တင့်ဆန်း ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

ရှင်ဝါယမသည် ဆင်ကျုံးကွင်း ဆရာတော်ထံတွင် ပရိယတ္တိ စာပေများကို သင်ယူရင်း တစ်ဆယ့်ခြောက်နှစ်သားအရွယ်တွင် ပါဠိ၊ အဌကထာ၊

မြန်အောင်မြို့နယ် သစ်ချိုကုန်းဆရာတော်

**ဘဒ္ဒန္တ ဝါယမ**
**မဟာထေရ်မြတ်**

ထေရုပ္ပတ္တိအကျဉ်းနှင့် ကြောင်းကျိုးဆိုင်ရာ ကွင်းဆက်များ

မြန်အောင်မြို့နယ် ရှားတောအုပ်စု သစ်ချိုကုန်းကျေးရွာ
သံယျမကျောင်းတိုက် ဆရာတော်

ဘဒ္ဒန္တဝါယမ
မဟာထေရ်၏



**ထေရုပ္ပတ္တိအကျဉ်း**

| | |
|---|---|
| သာသနာနှစ် | ကောဇာသက္ကရာဇ် |
| ၂၅၅၄ | ၁၃၇၂ |

▲ မြန်အောင်မြို့နယ် ရှားတောအုပ်စု သစ်ချိုကုန်းကျေးရွာ
သံယျမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယမ မဟာထေရ်



www.burmeseclassic.com

www.burmeseclassic.com

ဋီကာ စသည့် ကျမ်းကြီးကျမ်းငယ်များကို စေ့စေ့ငငကျနသေချာစွာ သင်ယူရန်အတွက် **ပုဂံမြို့ မြင်းကပါကျောင်းတိုက်**၌ ပညာရည်နို့ သောက်စို့ခဲ့ပါသည်။

ထိုစဉ်အချိန်အခါက ယခုကဲ့သို့ အတန်းဆိုင်ရာ ကန့်သတ်မှုမရှိခဲ့၍ ဆရာတော်၏ ပရိယတ္တိပညာ အဆင့်အတန်းကို မခန့်မှန်းနိုင်ပါ။

ဆရာတော် ဘဒ္ဒန္တ ဝါယမသည် ၁၃၁၈ ခုနှစ်တွင် သစ်ချိုကုန်း ဆရာတော်ကြီးနှင့်အတူ သစ်ချိုကုန်း သံယုဇျမကျောင်းတိုက်၏ တိုက်အုပ်ဆရာတော်အဖြစ်နှင့်လည်းကောင်း၊ သစ်ချိုကုန်း သံယုဇျမကျောင်း ဆရာတော်ကြီး ဘဝနတ်နန်း စံမြန်းတော်မူသည်မှစ၍ ဦးစီးပဓာနနာယက ဆရာတော်အဖြစ်လည်းကောင်း၊ မြန်အောင်မြို့နယ် မဟာဒွါရဂိုဏ်းကြီး၏ နာယက ဆရာတော်အဖြစ် လည်းကောင်း (၅၄)နှစ်တိုင်တိုင် သာသနာအကျိုးကို အားထုတ်တော် မူခဲ့ပါသည်။

သစ်ချိုကုန်း သံယုဇျမကျောင်း သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဝါယမသည် တာဝန်များကို ထမ်းဆောင်တော်မူရင်း ၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃)ရက်၊ သောကြာနေ့ နံနက်(၁၁)နာရီ (၁၅)မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

## ဆရာတော်ကြီး၏ အတိတ်ပုံရိပ်နှင့် ကျောင်းကျိုးကွင်းဆက်များ

ဆရာတော်သည် ဖက်ဆစ်ဂျပန်ခေတ်တွင် ပုဂံမှ သင်္ဘောဖြင့် ပြန်လာရာ လမ်းတွင် ဆွမ်း(၃)နပ် မစားရကြောင်း ပြောပြပါသည်။

တချို့ကလည်း ထုံးဘိုအထိသာ လှေဖြင့် ပြန်ခဲ့ရပြီး မြန်အောင်အထိ တောလမ်းခရီးများကို ခြေကျင်လျှောက်၍ ပြန်ခဲ့ရကြောင်းနှင့် တောများကို ဖြတ်သန်းခဲ့သော်လည်း သစ်ပင်အောက်တွင် တစ်ခါမှ မကျိန်းစက်ခဲ့ရဘဲ ကျေးရွာများကိုသာ တွေ့ရခြင်း ဆွမ်းအတွက် ကြောင့်ကြပူပန်မှုမရှိခဲ့ရဘူးဟု ပြောပါသည်။

၁၃၃၄-၃၅ခုနှစ်တွင် မြန်အောင်ရေနံမြေနှင့် ရွှေပြည်သာရေနံမြေ ကားလမ်းဖောက်ရာမှ တာဖို့လုပ်သားများ တဲထိုးနေကြရင်း တဲတန်းဆိုပြီး အိမ်(၁၀)လုံးခန့် တိုးလာသည်။

ထို့ကြောင့် ဆရာတော်သည် (၁၄) အိမ်လောက်သာ ဆွမ်းခံရင်းဖြင့်လည်းကောင်း ကုန်းတလုံးရွာ၊ တယ်ကုန်းရွာမှ ဆွမ်းအုပ်များဖြင့်သာ ဆွမ်းကွမ်းအတွက် အလှူခံရရှိပါသည်။ **(ကုန်းတလုံးရွာနှင့် တစ်မိုင်ခန့်ဝေးပြီး တယ်ကုန်းရွာနှင့် တစ်မိုင်ခွဲခန့် ဝေးပါသည်။)**

အရွယ်ကောင်းစဉ် သွားနိုင်လာနိုင်တုန်းက အနယ်နယ် အရပ်ရပ်တွင် တရားဓမ္မများ လှည့်လည် ဟောကြားရင်း ဓမ္မကထိကအဖြစ် နာမည် ကျော်ကြားခဲ့ပါသည်။ ရသည့် နဝကမ္မဝတ္ထုငွေနှင့် လာဘ်လာဘကိုလည်း ဆရာတော်ကြီးက ဘုရားတန်ဆောင်းများကိုသာ ပြုပြင်လေ့ရှိပါသည်။

တစ်ခါတစ်ရံ ဆရာတော်ကြီးက နောက်ကြောင်းများကို ပြန်လည် ပြောပြလေ့ရှိ၏။

'ခုလူတွေ ဘိုးတော်အစစ်နဲ့ တွေ့ဖူးရဲ့လားကွ။ ပုဂံမှာနေတုန်းက ငါ ဘိုးတော်အစစ်နဲ့ တွေ့ခဲ့ရတယ်။ ဘိုးတော်က ညအခါမှာ ငါ့လက်ကိုဆွဲလို့ ဤဟာက ဆင်တာရ၊ ဤဟာက မြင်းတာရလို့ ပြောပြီး ငါ့ကို ဆေးသုံးခွက် တိုက်ခဲ့တယ်ကွ။ ဘိုးတော်ရဲ့ လက်က ပျော့ပျော့ပျောင်းပျောင်းလေးကွ'

ဟု ပြောပြပါသည်။

**"ပုဂံပြန်ဆရာတော်"**ဟူ၍ နယ်ဝေးမြို့ကြီးများက လာရောက်ဖူးမြော်ကြည်ညိုကြ၏။ မုန့်များ၊ သစ်သီးများ ဆက်ကပ်လှူဒါန်းပါက ဘုရားဆွမ်းတော်ကပ်ပြီးမှ ဘုဉ်းပေးတော်မူလေ့ရှိပါသည်။

တောက်တဲ့ကိုက်ခံရသူ၊ မြွေကိုက်ခံရသူနှင့် ကင်ဆာရောဂါ ဖြစ်နေသူများ လေငန်းရောဂါသည်များကို ဆရာတော်က ကျောင်းတွင်းရှိသော ဆေးပင်များနှင့် ကုသပေးပါသည်။ **(နောင်အလျဉ်းသင့်ပါက ဆေးပင်များအကြောင်းကို ရေးသားပါဦးမည်။)**

၁၃၅၄ ခုနှစ်က မြန်အောင်ရေနံမြေတွင်းတူးစက် အမှတ်(...)သည် တယ်ကုန်းကျေးရွာဘေးတွင် ရေနံတွင်းတူးနေစဉ် လေထန်၊ လေကန်၍ ရေနံများထွက်ကာ နီးစပ်ရာ လယ်ကွက်များတွင် ရေနံများ ပြည့်လျှံသွားပါသည်။

(...)တွင်းတူးစက်မှ အရာရှိတစ်ဦးက ရေနံဝန်ထမ်းများ ယောက်ယက်ခတ် အလုပ်များနေစဉ် ဘုန်းတော်ကြီးတစ်ပါးကို တွေ့လိုက်ရ၍...

'အရှင်ဘုရား ဒီနေရာက အင်မတန်အန္တရာယ်ကြီးမားပါတယ်ဘုရား။ ဒီနေရာကို မလာပါနဲ့'

ဟု လျှောက်ထားရာ ဆရာတော်မှာ ထိုနေရာတွင် ပျောက်ကွယ်သွားကြောင်း သိရသည်။

နောင်တွင် ထိုဆရာတော်မှာ သစ်ချိုကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ ဝါယမဖြစ်မှန်း သိရသောကြောင့် အရာရှိမှာ ဆရာတော်ကို ကြည်ညိုသွားပါသည်။

ဆရာတော်ကြီးကို ဂရုစိုက်... ဆရာတော်သည် သာမန်ပုဂ္ဂိုလ်မဟုတ်၊ ထူးခြားသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ပြောပြပါသည်။ ဤအရာမှာ



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး (၇)ရက်သားသမီးတို့အား ဘေးအန္တရာယ်မှ ကင်းဝေးစေရန် မေတ္တာပို့သရန် သွားခြင်းဖြစ်ပါသည်။

(၇)ရက်သားသမီးတို့အား ဘေးအန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်ကြစေဖို့ မေတ္တာသုတ်၊ ခရဏပရိတ်နှင့် ပဋ္ဌာန်းဒေသနာကို ညစဉ်ဘုရားဝတ်ပြုပြီးတိုင်း တစ်နာရီခန့် ရွတ်ဖတ် ပူဇော်လေ့ရှိ၏။

တစ်ခါတွင် တဲတန်းရွာနေ ကိုဖိုးပါဆိုသူက နှမ်းများ နေလှန်းထားရာ မိုးသားများ တက်လာ၍...

'အရှင်ဘုရား မိုးတွေတက်လာပြီ တပည့်တော် နှမ်းတွေ လှန်းထားလို့ မိုးတောင် လွှတ်ပုံ့မလား'

ဟု လျှောက်ထားရာ ဆရာတော်မှ...

'ကိစ္စမရှိပါဘူးကွာ'

ဟု ပြောပြီး မိုးသားခဲများဆီသို့ သက်ညှိုးဖြင့် ထိုးလိုက်ရာ မိုးသားခဲများမှာ တစ်စစီ လွင့်စဉ်ကွဲကွာသွားကြပြီး ရာသီဥတု ကြည်လင်သွားကြောင်း ကြားသိရသည်။

ထိုကဲ့သို့ ကိုဖိုးပါကို မိုးအန္တရာယ်က တားပေးကြောင်းကို သစ်ချိုကုန်းကျေးရွာမှ ကိုကြည်ဝင်း ဆရာတော်ကြီး၏တပည့် (ဂေါပကအဖွဲ့ဝင်)အား မေးကြည့်ရာ **"အဲဒီလို မိုးအန္တရာယ်တွေက တားပေးတာ ခဏခဏပဲ"** ဟု ပြောပါသည်။

ဆရာတော်ကြီး၏ ကျောင်းတွင် ခန့်မနေဦးပဉ္စင်းများ တစ်ပါးပြီး တစ်ပါး စောင့်ရှောက်ရန် ရောက်ရှိလာသော်လည်း ရေရှည်မမြဲဘဲ ဆရာတော်ကြီးမှာ ကိုရင် တစ်ပါး၊ နှစ်ပါး၊ ကျောင်းသား တစ်ယောက်၊ နှစ်ယောက်စဖြင့် နှစ်ပေါင်းများစွာ သီတင်းသုံးခဲ့ရပါ



သည်။

နှစ်အတော်ကြာ ကျောင်းသားမရှိ၍ ရွာမှစု၍ ဆွမ်းအုပ် အပို့အယူအတွက် ကျောင်းသား ငှားပေးရ၏။

အခြေအရုံနည်းပါးစွာ သီတင်းသုံးနေရသော်လည်း တချို့က လောကီကိစ္စများကို လာရောက် မေးမြန်းလေ့ရှိသည်။ မှန်သည်လည်း ရှိသလို မမှန်တာလည်း ရှိသည်။ ထိုအခါ နီးစပ်ရာ ဒကာများက...

'အရှင်ဘုရား ဘာပြုလို့ အဲဒီအကြောင်းတွေ လျှောက်ပြောနေရတာလဲ'

ဟု လျှောက်လျှင်...

'သူတို့မေးလို့ ငါ ပြောတာ'

ဟု ပြောပါသည်။

သာရေးနာရေးများမှ ကပ်လှူသော ဆွမ်း၊ မုန့်နှင့် စားသောက်စရာတို့ကို ကပ်လှူသရွေ့ တည့်သည်ဖြစ်စေ၊ မတည့်သည်ဖြစ်စေ ဘုဉ်းပေးတော်မူပါသည်။ သူတို့စေတနာ သဒ္ဓါတရားကို ချိုးမြှောက် ထောက်ပံ့သည့်အနေနှင့် ဒါနမြောက်အောင် ဘုဉ်းပေးကြောင်း ပြောပါသည်။

ထို့ကြောင့် တချို့ ဒကာ၊ ဒကာမများက ဆရာတော်ကြီးကို လောကီကိစ္စများ ဆောင်ရွက်ပေးမှုကြောင့် တစ်မျိုးမြင်ကြသည်။ အမှန်မှာ ဆရာတော်ကြီး၏ (၇)ရက်သားသမီးတို့အပေါ် ထားရှိသော စေတနာအမှန်ကို မသိရှာကြပေ။

ဦးပဉ္စင်းငယ်များ တာရှည်မနေနိုင်ခြင်းမှာလည်း ဆိတ်ငြိမ်ရာအရပ် ဖြစ်နေခြင်း၊ ဂေါစရဂါမ် နည်းပါးခြင်းတို့ကြောင့်လည်း ပါနိုင်သည်။ ဆိတ်ငြိမ်ရာအရပ်တွင် တရားရှိသူတို့သာ ပျော်မွေ့နိုင်ပေသည်။

နောက်တစ်ကြောင်းမှာ ဤကျောင်းပရိဝုဏ်အတွင်းတွင် အရက်သေစာ သောက်စားခြင်း၊ မကောင်းမှု ပြုလုပ်ခြင်းများရှိပါက ခြောက်လှန့် သတိပေးခြင်းကို ခံရ၍ တချို့ ဦးပဉ္စင်းငယ်များ မနေနိုင်ကြခြင်း ဖြစ်၏။

ကိုကြည်ဝင်း၏အဖေ ဦးချစ်ရွှေမှာ မိန်းမဖြစ်သူနှင့် စကားများရန်ဖြစ်ပြီး အရက်များမူး၍ သင်္ကန်းဝတ်လိုကြောင်း ဆရာတော်ကြီးအား လျှောက်ထားရာ...

'မင်းကို ငါ သင်္ကန်းဝတ်မပေးနိုင်ဘူး။ မင်းဝတ်ချင်ရင် တစ်ကျောင်းကျောင်းကို သွားဝတ်'

ဟု ပြောလိုက်၏။ ဦးချစ်ရွှေမှာ မြန်အောင် သင်္ဃာကျောင်းသစ်တွင် သင်္ကန်းဝတ်ပြီး သင်္ဃာကျောင်း ဆရာတော်က "မင်းရွာကျောင်း မင်းပြန်နေ"ဆို၍ သစ်ချိုကုန်းကျောင်းသို့ ပြန်လာ၏။

သစ်ချိုကုန်းကျောင်း တန်ဆောင်းထဲရှိ ဘုရားတွင် အရက်မူးမူးဖြင့် ကုန်း၍ ဦးချလိုက်ရာ တစ်ကြိမ်သာ ချရသေးသည်။ "အမယ်လေး လာကြပါ လာကြပါ ကယ်ကြပါ"ဆိုပြီး အော်ဟစ်နေ၍ ပိုင်းဝန်းထူမပေးကာ သင်္ကန်းဝတ်ချွတ်၍ လူလတ်ဝဲပေး လိုက်ရကြောင်း ကိုကြည်ဝင်းက ပြောပြပါသည်။ ဝိနည်းသိက္ခာနှင့် မပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com

လျှင် ဤကျောင်းတွင် နေ၍မရကြောင်း သိရ၏။

ဆရာတော်ကြီးမှာ စကားပြောလျှင် တိုတိုတောင်းတောင်း ပြတ်ပြတ်ပြောတတ်၏။ မည်သူ့ကိုသာစေ၊ မည်သူ့ကိုနာစေ သဘောမထား၊ မျက်နှာကြီးငယ်မလိုက် ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်၍ တော်ရုံတန်ရုံလူ အနားမကပ်ရဲကြ။ ပျံလွန်တော်မူသွားသော ကုန်းတလုံးကျောင်း ဆရာတော်ဦးပုညဝန္တကပင်လျှင်...

'အဲဒီဆရာတော်က ဂျပန်ခေတ်တုန်းက ကျောက်ရောဂါဖြစ်ပြီး မသေရုံတမယ် ခံခဲ့ရလို့ စကားပြောတာ တိုတိုတောင်းတောင်း ပြောတာပါကွာ။ စိတ်ရင်းစေတနာကတော့ ကောင်းပါတယ်'

ဟု မိန့်ကြားခဲ့ဖူးပါသည်။

ဆရာတော်ကြီးမှာ ဝိနည်းသိက္ခာ အင်မတန် လေးစားလိုက်နာပြီး အသက်အရွယ် တော်တော်လေးရသည်အထိ သာရေး၊ နာရေး ကိစ္စများကြွရာတွင် လှည်းမစီးပါ။

ဒကာ၊ ဒကာမများအနေဖြင့် (၅)ပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲဖို့လိုကြောင်းနှင့် အနာထပိဏ်၏ အလုပ်သမားသည် နေ့ဝက်ကလေး ဥပုသ်စောင့်ခဲ့သောကြောင့် နတ်ပြည်မှာ ဖြစ်ရကြောင်း၊ ထို့ကြောင့် သီလကို နေ့ဝက်ဆိုသော်လည်း အထင်မသေးသင့်ကြောင်း၊ ကောင်းရာသုဂတိရောက်နိုင်ကြောင်းကို ဆရာတော်ကြီး ဟောကြားသည်ကို စာရေးသူ တစ်ခါက နာကြားခဲ့ရပါသည်။

ရဟန်းဖြစ်ပါက ဝိနည်းသိက္ခာ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုကြောင်းနှင့် ဝိနည်းသိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ရင်းက နေ့စဉ် ပဋ္ဌာန်းဒေသနာတော်ကို တစ်နာရီခန့် အမြဲ ရွတ်ဖတ်ပူဇော်သော အကျင့်ကြောင့် နေထိုင်မကောင်း၍ အပူကြီးပြီး ေယာင်လျှင်ပင် ပဋ္ဌာန်းဒေသနာကို ရွတ်ဖတ်နေသည်။

ဆရာတော်ကြီး ဆင်ကျုံးကွင်းရွာတွင် ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်စဉ်က ပရိတ်ရေများ ဆောက်လာကြောင်း မျက်မြင် တွေ့ရှိသူများက ပြောပါသည်။

ထိုကဲ့သို့ ပဋ္ဌာန်းဒေသနာတော်ကို နေ့စဉ် ရွတ်ဖတ်နေခြင်းကြောင့်လောမသိ ကျောင်းဘေးတွင် သေနေသော သရက်ပင်ခြောက်မှ ရွက်နုများ ပြန်ထွက်လာ၏။ အသက် (၉၀)ကျော်မှ ကျိုးနေသော သွားများအစား သွားတွေ ပြန်ပေါက်လာသည်ကို ဆရာတော်ကြီး ကိုယ်တိုင်ပြ၍ ဒကာ၊ ဒကာမများ မြင်ကြရ၏။

သက်တော် (၉၀)ကျော်လာသော် ဆရာတော်ကြီးမှာ ကျန်းမာရေး ချူချာလာသည်။ တစ်ခါတွင် ကျန်းမာရေး အတော်ညံ့လာပြီး ဆရာတော်ကြီး ပျံလွန်တော်မူလိမ့်မည်ဟု ထင်ထားကြ၏။

ကျောင်းထဲသို့ ပျားတွေဝင်လာသည်။ နောက်နေ့တွင် မထင်မှတ်ဘဲ ဆရာတော်ကြီး ပြန်လည် ကောင်းမွန်လာပြီး ဆွမ်းဘုဉ်းပေးနိုင်လေသည်။

ဒီတစ်ခါတော့ တကယ်ပျံလွန်တော်မူမည်ဟု ထင်ထားကြပြန်သည်။ ဒုတိယအကြိမ် ပျားတွေ လှေကားပေါက်ဝတံခါးမှ ဝင်လာကြပြန်၏။ နောက်နေ့တွင် ထူထူထောင်ထောင် ပြန်ဖြစ်လာသည်။

တတိယအကြိမ် အသည်းအသန်ဖြစ်ချိန်၌ ပျားတွေ မလာတော့ပါ။ ထိုအခါတွင် ဆရာတော်ကြီး ပျံလွန်တော်မူသွားခဲ့လေပြီ။ အနီးကပ် ပြုစု နေသော ဒကာ၊ ဒကာမများက "ပျာ
များလာရောက် ဆေးကုသနေခြ
လော"ဟု ထင်ထားကြသည်။

ဆရာတော်ကြီး ပျံလွန်တော်
သွားချိန်၌ ဆရာတော်ကြီးဘေးတွ
တပည့် ဒကာ,ဒကာမ တစ်ဦးစ,နှစ်ဦး
သာ ရှိလေသည်။ အခြွေအရံ နည်း
ပေ၏။ ထိုကဲ့သို့ အခြွေအရံနည်း
တိတ်ဆိတ်ခြင်းကပင် ဆရာတော်ကြ
အတွက် တရားထူးရရန် အထော
အကူပင် မဟုတ်ပါလော။

ဣရိယာပုတ်လေးပါးတွင် ရပ်, ထိုင်
လျောင်း, သွား ဟူ၍ ရှိလေသည်
သာမန်ပုထုဇဉ်(အမိုက်အကန်း)တို့
တင်ပျဉ်ခွေ၍ ထိုင်နေပါမှ တရားထို
နေ တရားရှုမှတ်နေသည်ဟု ထင်
၏။

ပရိယတ်ကျွမ်းကျင်ပြီး အကျ
သီလ ဝိနည်းသိက္ခာနှင့် ပြည့်စုံပြီးသေ
ဆရာတော်ကြီးအဖို့ ဣရိယာပု
လေးပါးတွင် တစ်ပါးပါးဖြင့် ပွားမ
ဆင်ခြင်ရှုမှတ်လိုက်ပါက တရား
တရားမြတ်သည် လက်တစ်ကမ်းတွ
သာ ရှိပါလိမ့်မည်။ အခြွေအရံ နည်း
ခြင်းနှင့် ဆိတ်ငြိမ်ရာအရပ်တို့က
လျှင် အထောက်အကူပြုခဲ့လေ
မဟုတ်လော။

ထိုအကြောင်းအရာတို့ကား ဒက
ဒကာမတို့ အသိနောက်ကျခဲ့လေ
ဆရာတော်ကြီးရှိစဉ်က အနီး
မပြုစု မဆည်းကပ် မဖူးမျှော်လို
ခြင်းဖြင့်သာ အဆုံးသတ်ခဲ့ရ
သည်။

ဆရာတော်ကြီး နေထိုင်မကော
စဉ်တွင် ဂေါပကအဖွဲ့ဝင် ဦး
(ကုန်းတလုံး)က ဆရာတော်ကြီး
ဖူးမြော်လာရောက်သူတို့အား အ
၍ အနှံ့အသက်များ ပပျောက်

www.burmeseclassic.com

www.burmeseclassic.com

ဆေးဘူးများဖြင့် တရှိုးရှိုး လိုက်ဖျန်းနေသည်။

ဆရာတော်ကြီးက…

'အဲဒါ ဘာလုပ်တာလဲ'

ဟု မေးလေ၏။ အနီးကပ်ပြုစုနေသူတို့က ''ချွေးနံ့ ဆီးနံ့တွေ ပျောက်အောင်'ဟု မလျှောက်ထားဘဲ **''ခြင်တွေ၊ ယင်တွေ မလာရအောင်''**ဟု လျှောက်ထားရာ ဆရာတော်ကြီးမှ ခေါင်းတညိတ်ညိတ် လုပ်နေပါသည်။

အနံ့အသက်ဆိုးတို့သည် အသက်အရွယ်ကြီးသည့် ဘယ်လူမမာမဆို မကင်းချေ။ ဆရာတော်ကြီးမှာလည်း ရှိခဲ့ပါသည်။

သို့သော် ပျံလွန်တော်မူပြီးသောအခါ ဆရာတော်ကြီး၏ ကိုယ်မှ လုံးဝ အနံ့အသက်များ မရှိတော့ကြောင်း အန္တိမ ဈာပနပွဲသို့ လာရောက်သူတိုင်း အံ့သြကြရသည်။ တချို့က အသားအရေနှင့် သက်န်းများကို ကုန်း၍ နမ်းကြည့်ကြ၏။

အန္တိမဈာပနပွဲတွင် (၆)ရက်တိုင်တိုင် အပူဇော်ခံထားရာ မပုပ်မသိုးနှင့် ခြေချောင်း၊ လက်ချောင်းကလေးများမှစ၍ ကွေး၍ဆန့်၍ ပျော့ပျော့ပျောင်းပျောင်းနှင့် ချိုး၍ရသည်ကို ဈာပနပွဲသို့ လာကြသူတိုင်း မြင်ကြရ ဖူးကြရ၏။

ဆရာတော်ကြီး မှာကြားခဲ့သည်။ နောင်ကျန်သူတွေ တာဝန်မကြီးစေရန် **''ငါ့သေရင် ရေထဲမျှောလိုက်''**ဟု မှာခဲ့၏။ တချို့လူတွေကလည်း မပုပ်မသိုး ပျော့ပျော့ပျောင်းပျောင်းနှင့်မို့ ထူးခြားသည်ဟုဆိုကာ ကျွန်းခေါင်းနှင့် ထားလိုကြသည်။

နောက်ဆုံးတွင် အများသဘော ဆန္ဒအရ မီးသင်္ဂြိုဟ်လိုက်ကြ၏။ သက်တော်ထင်ရှားရှိစဉ်က ဆရာတော်ကြီးအား အနီးကပ်ပြုစုယုယ ကြည်ညိုဖူးမြော်ခွင့် မရလိုက်၍ ယနေ့ထက်တိုင် ယူကျုံးမရ နောင်တများစွာဖြင့်သာ…။

သူတော်ကောင်း သူမြတ်လောင်းတို့သည် အစစအရာရာ သိုသပ်လွန်းလှသည်ကို စာဖတ်သူတို့ သိစေရန် တင်ပြလိုက်ရပေသည်။


စာရေးသူ၏ နားထဲတွင် ဝိပဿနာ၏ အကျိုးတရားဖြစ်သော **''တောင့်တင်းမှုကင်း ပုပ်နံ့ကင်းသည်''** ဆိုသော စကားကိုသာ ထာဝရ ကြားယောင်နေမိပါတော့သတည်း။

**ဝန်ခံချက် ။ ။ ဆရာတော်ကြီး၏ အန္တိမဈာပနပွဲတွင် မှတ်တမ်းတင် ရိုက်ကူးထားသော DVDအခွေကို ယူ၍ ဓာတ်ပုံများကူးပြီး ဝေဝေဆာဆာ တင်ပြဖို့ ရည်ရွယ်ခဲ့သော်လည်းအခွေမှာထစ်နေသောကြောင့် အစီအစဉ်များ ပျက်သွားပါသည်။**

**ထို့ကြောင့် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် အခွေကောင်းစဉ်က ဖူးမြော်ကြည်ညိုခွင့် ရလိုက်သူများ၊ ဈာပနပွဲတွင် မျက်မြင်ဖူးတွေ့ ကြည်ညိုခဲ့ရသူများ၏ ပြောပြချက်များ၊ ဆရာတော်ကြီး၏ အနီးကပ်ပြုစုခဲ့သည့် တပည့် ဂေါပကအဖွဲ့ဝင် ကိုကြည်ဝင်း(သစ်ချိုကုန်း)နှင့် ဆရာတော်ကြီးအတွက် လစဉ် ဆွမ်းအုပ်များ လှူဒါန်း၍ ဝိပဿနာတရား စခန်းပွဲတွင် အမြဲတမ်း တရားဝင်အားထုတ်နေသော ယောဂီ ဒေါ်တင်ရွှေ (ကုန်းတလုံး)၏ ပြောပြချက်များကို မှီငြမ်းကိုးကား၍ ရေးသားတင်ပြထားပါသည်။**

*သမ္မာဆန္ဒ ပြည့်ဝကြပါစေ။*

*စိုးလင်းအောင် (မြန်အောင်)*



# နွားလျှာ

ပိုးထိုးနေလျှင်

နွားများနှင့် ထွန်ယက်စိုက်ပျိုး လုပ်ကိုင်နေကြသော တောင်သူဦးကြီးများသည် မိမိတို့၏နွားများ အစာကို ပုံမှန်စားနေကြအတိုင်း မစားကြတော့ဘဲ ဟိုမော့ဒီမော့၊ ဟိုငေးဒီငေးဖြစ်နေခြင်း၊ နွားစားကျင်းခွက်သို့မဟုတ် နွားချည်တိုင်တို့အား လျှာဖြင့် အကြိမ်ကြိမ် လျက်နေတတ်ခြင်း၊ လျှာအားသွားများနှင့် ကိုက်နေတတ်ခြင်းတို့ ဖြစ်နေလျှင် နွား၏လျှာအား ဆွဲထုတ်ပြီး ကြည့်ပါက အပ်ဖျားအရွယ်ခန့် ပိုးကောင် အနက်ကလေးများ ထိုးနေသည်ကို တွေ့ရပါမည်။

ဤ ပိုးကောင်အနက်ကလေးများက လျှာအား ထိုးနေသောကြောင့် နွားသည် လျှာယားသဖြင့် အစားပျက်ခြင်း၊ နွားစားကျင်းခွက်၊ ချည်တိုင်တို့အား လျက်နေခြင်း၊ လျှာကို သွားနှင့် ကိုက်နေတတ်ခြင်းတို့ဖြစ်တတ်ကြပါသည်။

နွား၏လျှာတွင် ပိုးတွေ့ခဲ့လျှင် နွားလျှာအား ပြောင်းဖူးအူတိုင်နှင့်တိုက်ပြီး မြွေပွေးပြာနှင့် ပွတ်ပေးပါ။

မြွေပွေးပြာဆိုသည်မှာ မြွေပွေးအသေတစ်ကောင်ကို မြေအိုးထဲတွင်ထည့်ပြီး အဖုံးလုံအောင်ပိတ်ကာ ပြာဖြစ်သွားသည်အထိ မီးဖုတ်ထားသည်ကို ဆိုလိုပါသည်။

အချို့တောင်သူဦးကြီးများသည် မြွေပွေးအသေတစ်ကောင်ရလျှင် မြွေပွေးပြာအဖြစ်ပြုလုပ်ပြီး သိမ်းဆည်း ထားတတ်ကြပါသည်။


မြွေပွေးပြာနှင့် နွားလျှာအား တစ်နေ့တစ်ကြိမ်နှင့် (၃)ရက်ဆက်တိုက် ပွတ်ပေးပါက နွားလျှာပိုးရောဂါ လုံးဝ ပျောက်ကင်းသွားပြီး ပုံမှန်အတိုင်း အစာစားလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

မောင်မောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကတ်တင်းစာတ်နှင့်

ရေမြေ့ ကျော်ဝေ

# ဂမ္ဘီရ အစီအရင်

ကိုလူအေးနှင့် မနှင်းထွေးတို့သည် ဈေးရောင်းဈေးဝယ် အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများ ဖြစ်သလို အိုးပိုင်အိမ်ပိုင် မဝယ်နိုင်သဖြင့် အိမ်ငှား နေထိုင်သူများ ဖြစ်ကြသည်။ ပေ(၄၀) × ပေ(၆၀) ခြံမြေ အတွင်းတွင် သီးပင်စားပင်များ အသင့်အတင့် ရှိပါသော်လည်း ကိုလူအေးက စိုက်ပျိုးရေး ဝါသနာပါသဖြင့် ဘူး၊ ခရမ်း၊ ငှက်ပျောတို့ကို ကွက်လပ်မြေလွတ်တွင် စိုက်ပျိုးသည်။ စိုက်ပျိုးရာတွင်လည်း ဖြစ်ထွန်းသည်။ သစ်ရိပ် ဝါးရိပ်ဖြင့် အေးမြနေသော ဤအိမ်ကလေးကို ငှားရမ်းနေထိုင်သော သူတို့ဇနီးမောင်နှံအတွက် စီးပွားရေးအခြေအနေက တစ်စထက်တစ်စ တိုးတက်ကောင်းမွန်လာသည်။

တချို့က အိမ်ခြံမြေအေးချမ်း၍ စီးပွားတက်သည်ဟု ပြောကြသည်။ တစ်ခါတလေ မြွေများသွားလာသည်ကို တွေ့မြင်ရသော ကိုလူအေးသည် မနှင်းထွေးကို ကြောက်တတ်မှန်း သိသဖြင့် မပြောပြ မြွေများကို မေတ္တာပို့ပြီး အမျှဝေသည်။

ကိုလူအေးတစ်ယောက် နယ်ဘက်သို့ ဈေးရောင်းထွက်သော အချိန်တွင် အကောင်ရှည် လင်းမြွေကြီးဖိုမနှစ်ကောင်ကို မနှင်းထွေးသည် ဝါးရုံအောက်တွင် တွေ့သောအခါ အကြောက်လွန်ပြီး အိမ်ဘေးမှ လူများကို အကူအညီတောင်းသည်။

'လာကြပါဦးရှင် ကျွန်မခြံထဲမှာ မြွေရှည်ကြီးနှစ်ကောင် ကြောက်စရာကောင်းပါတယ်'

ဟု အော်ပြောသောအခါ အိမ်နီးချင်းများ ဝိုင်းအုံလာသောအခါ မြွေကြီးများကို မတွေ့ရတော့ချေ။

ထိုအဖြစ်ကို မနှင်းထွေးက ဖခင်ဖြစ်သူကို ပြောပြသောအခါ ဖခင်ဖြစ်သူ ဦးဝင်းကျော်က ဂမ္ဘီရအစီအရင်ကို ဆရာဖြစ် မဟုတ်သော်လည်း အနည်းငယ်တော့ တတ်သဖြင့်...

'ငါ့သမီး ခြံထဲကိုလာတဲ့မြွေတွေက မြွေကောင်းတွေပါ သမီး။ သမီးတို့အတွက် စီးပွားရေး အဆင်ပြေစေမယ့် လင်းမြွေတွေပါ။

ဒီမြွေတွေ မလာစေချင်ရင် လွယ်ပါတယ်။ အဖေ ဂမ္ဘီရနည်းနဲ့ လုပ်တတ်ပါတယ်။ အစီအရင်တစ်ခုပေါ့။ ဒါပေမယ့် သမီးတို့ စီးပွားရေးအတွက် ခက်ခဲသွားနိုင်တယ်'

ဟု ဦးဝင်းကျော်မှ ပြောသောအခါ မနှင်းထွေးက...

'စီးပွားရေးဆိုတာ လူက ရှာတာပါ အဖေ။ သမီး မြွေဆိုရင် ဘာမြွေမဆို ကြောက်တတ်ပါတယ်။ ခြံထဲမှာ မြွေမလာတာ အကောင်းဆုံးပါပဲ။ အဖေ့သမက် ကိုလူအေးက သူတော်ကောင်း။ ခြံထဲ မြွေလာတာ သူ သိသားပဲ။ မြွေကို မသတ်ဘူး။ သူက မေတ္တာပို့လွှတ်တယ်လေ။

တိရစ္ဆာန်ဆိုတာ ဘာသိမှာလဲ။ သတ္တဝါဆိုတာ လူ့ချွတ်မှ ကျွတ်မှာပါ။ ကျွန်မ တောင်ပို့တစ်ရာက ဖထီး ဦးစောထူးကိုတောင် မှာထားပါသေးတယ်။ ဖထီးက လင်းမြွေသာရရင် သူက ကြက်လက်ဆောင်ပြန်ပေးမယ်တဲ့။ မြွေဖမ်းလဲ ကျွမ်းကျင်တယ်လို့တော့ ပြောတာပဲအဖေ'

ဟု မနှင်းဖွေးက ပြောသောအခါ ဦးဝင်းကျော်သည် အတန်ငယ် စဉ်းစားပြီး...

'မြွေတွေကို သတ်ဖို့ မလိုပါဘူး သမီး။ မြွေတွေမလာနိုင်အောင် အဖေ့အခုပဲ လုပ်



www.burmeseclassic.com

www.burmeseclassic.com

ပေးပို့မယ်။ ကဲ ငါသမီး ဈေးထဲမှာ သောက်ရေအိုးသစ်တစ်လုံးနဲ့ အညှာပါတဲ့ ကြွက်ပြီးကောင်း အုန်းသီးတစ်လုံးပါ ဝယ်လာခဲ့'

ဟု ပြောသောအခါ မနှင်းထွေးသည် ဝမ်းသာစွာဖြင့် ဈေးသို့ ထွက်သွားလေတော့သည်။

ဦးဝင်းကျော်သည် ခြံ၏ တောင်ဘက် ထောင့်တစ်နေရာတွင် မြေကျင်းကို တူးပြီး အိုးဝကို အုန်းသီးဖြင့် ပိတ်ပြီး အုန်းညှာကို အပေါ်တွင်ထားပြီး အညှာပေါ်ရုံလေးအိုးနှင့် အုန်းသီးကို မြေမြှုပ်လိုက်လေသည်။

ထိုအစီအရင် ပြုလုပ်ပြီးသည့်နောက်ပိုင်းတွင် မြွေဆိုးမြွေကောင်း ဟူသမျှ မတွေ့ရတော့ပါ။ မောင်လူအေးနှင့် မနှင်းထွေးကို ဦးဝင်းကျော်သည် သူ ပြုလုပ်ပေးသော ဂမ္ဘီရ အစီအရင်ကို ဤကဲ့သို့ ပြောပြတော့သည်။

'သားနဲ့သမီးတို့ မြဲမြဲ မှတ်ထားကြ ဒီအစီအရင်က အင်မတန်မှ ကောင်းတဲ့ အစီအရင်ကွ။ သတ္တဝါတွေကို သတ်ဖို့ မလိုဘူး။ မြွေဆိုတဲ့ သတ္တဝါက နဂါး အမျိုးအနွယ်တွေ။ စနေနံဖြစ်သလို အုန်းနဲ့ အိုးဆိုတာက တနင်္ဂနွေနံ၊ တနင်္ဂနွေဆိုတဲ့ ဂဠုန်က နဂါးကို သုတ်မယ်ဆိုတဲ့ အစီအရင်ပဲ။ မြွေဆိုတဲ့ နဂါးမျိုးနွယ်တွေက ဂဠုန်ဆို အသေကြောက်ကြတာကွယ်။

အိမ်ရှင်အိမ်ငှား မတည့်ကြရင်လဲ အိမ်ရှင်က စနေသမီး ဖြစ်လို့ကတော့ အိမ်မကပ်နိုင်အောင်ပါဘဲ။ အဲ တစ်ခုတော့ ရှိတယ်။ အိမ်ငှားက စနေသမီး ဖြစ်မှ ဒီအစီအရင်ကို လုပ်လို့ရမှာ။

စနေသမီး ဖြစ်ရင်တော့ ကိုယ်ပြုလုပ်တာ ကိုယ့်ထံပြန်ပြီး အိမ်မကပ်နိုင်ဘဲ မရှုရုံတမည် ပြေးလွှားနေရမှာပဲ။

နဂါးဆိုတာ မြွေ၊ မြွေဆိုတာ ဂဠုန်ရဲ့ အစာ အစားမခံရအောင်တော့ ကိုယ့်အသက်ဘေး လွတ်အောင်ပြေးရမှာက မြွေရဲ့တာဝန်ပဲ။ စနေနဂါး ဂဠုန်ကို သတိထားလို့ ရှေးက စာပေတွေထဲမှာလဲ တွေ့ဖူး၊ ဖတ်ဖူးခဲ့ပါတယ်။

ငါတို့ငယ်ငယ်တုန်းက လေပွေလာရင် အမေက ဓားမတစ်ချောင်းကိုင်ပြီး **"ဓား၊ ဓား၊ ဓား ဂဠုန်က နဂါးလိုက်၊ ကြို့ရာကို ပိုင်းလိုက်မယ်"**ဟု ပြောလိုက်တော့မှ လေပွေလဲ တခြားကို လွင့်ပြီး ပျောက်သွားတော့တာပါပဲ။

ငယ်ငယ်က တွေ့ကြုံခဲ့ဖူးတဲ့ ဂမ္ဘီရ စကား၊ ဂမ္ဘီရပညာတွေကို မယုံလို့ မရပါဘူး။ အစီအရင်ဆိုတာ မကောင်းတဲ့ စိတ်ဓာတ်နဲ့ ပြုလုပ်ရင်တော့ ခိုက်တတ်ပါတယ်။


ဘုရား၊ ရဟန္တာ၊ တရားထူးရတဲ့ ပုဂ္ဂိုလ်တွေ၊ နောက်ဆုံး ကံငါးပါးကို လုံခြုံအောင် ထိန်းနိုင်တဲ့ ပုဂ္ဂိုလ်တွေကိုတော့ ဘယ်လို အတိုက်အခိုက်တွေကမှ မစွမ်းဆောင်နိုင်ပါဘူး။ ပြုလုပ်သူများဟာ သဲထဲကို ရေသွန်သလို အချည်းအနှီး ဖြစ်သွားမှာပါပဲ'

ဟု မှတ်သားစရာ စကား ဥပမာများကို ဦးဝင်းကျော်က သမီးနှင့်သမက်ကို ဆုံးမသွန်သင်၍ စကားကို အဆုံးသတ်လိုက်လေတော့သည်။

**(သီလရှင်ကြီး ဒေါ်နန္ဒ၏ ကိုယ်တွေ့ကို ဆီလျော်အောင် ဆောင်းပါးအဖြစ် ရေးသားပါသည်။)**

*ရှင်လန်း၊ ချမ်းမြေ့ပါစေ။*

ရောမြေ ကျော်ဝေ



ရှေးလူတို့

## ကန်စွန်းဥပြုတ်နည်း

စာရေးသူတို့ ငယ်ငယ်က အဘွားရဲ့ ကန်စွန်းဥပြုတ်နည်းလေးကို အမှတ်ရမိပါတယ်။ အဘွားပြုတ်နည်းက အရသာထူးတယ်။ ဒီကနေ့ခေတ်မှာတော့ ကန်စွန်းဥကို ရေထည့်ပြီး ပြုတ်ကြတာချည်းပဲ။

ဒါပေမယ့် စာရေးသူရဲ့ အဘွား ကန်စွန်းဥပြုတ်နည်းကို သုံးကြည့်ပါ။

တစ်ခုတော့ ကြိုပြောထားမယ်။ မြေအိုးနဲ့သာ အသုံးပြုရမယ်။ မြေအိုးမှာလဲ အသုံးပြုပြီးသား မြေအိုးဖြစ်ရမယ်။ မြေအိုးအသစ်ဆို မရပါဘူး။

ကန်စွန်းဥပြုတ်မယ်ဆိုရင် ပထမ ကန်စွန်းဥကို ရေစင်အောင်ဆေးပါ။ ပြီးရင် မြေအိုးထဲကိုထည့်၊ နောက် အိုးအဖုံးကို ပက်လက်ဖုံးပြီး ယင်းအိုးအဖုံးထဲသို့ ရေမပြည့်တပြည့် ထည့်ပြီး မီးကို မှန်မှန်ထိုးပေးပါ။ ခဏအကြာ ရေဆူလာမယ်။

ရေတော်တော်ဆူလာရင် ကန်စွန်းဥကို ကြည့်ပါ။ နပ်ပြီဆိုရင် ဖိုပေါ်က ချနိုင်ပြီ။ အအေးခံပြီး စားသုံးကြည့်ပါ။ ရေနဲ့ လုံးပြုတ်တဲ့ ကန်စွန်းဥထက် အရသာပိုထူးကြောင်း လျှာကပင် သက်သေပြသွားပါမယ်။

ဒေါ်ကြည်ညွန့်(ဇင်းကျိုက်)



www.burmeseclassic.com

www.burmeseclassic.com

# အနိုက်ဖြေနည်း

(သို့မဟုတ်)
အမှောင့်ပယောဂ ဖယ်ရှားသည့်
ဂါထာမန္တန်



လွန်ခဲ့သည့် ငါးနှစ်ခန့်က မကွေးတိုင်းဒေသကြီး၊ ညောင်ပင်သာရွာသို့ ရောက်ရှိစဉ် တိုင်းရင်းမြန်မာဆေးဆရာကြီး ဦးဟန်ညွန့်ထံမှ ရရှိခဲ့သည့် **"အနိုက်ဖြေနည်း(ဝါ) အမှောင့်ပယောဂ ဖယ်ရှားသည့် ဂါထာမန္တန်"**ကို အမှတ်တရ ရေးသား တင်ပြအပ်ပါသည်။

'ဒီလိုရှိတယ် မောင်ချစ်၊ ဆရာတို့မှာ ဆေး၊ အင်း၊ လက်ဖွဲ့စသည်ဖြင့်ပေါ့။ စီရင်ကြ၊ စီမံကြ၊ ဖော်စပ်ကြရာမှာ သက်ဆိုင်ရာအစောင့်တွေ ရှိတယ်။ ကောင်းတဲ့နတ်, မကောင်းတဲ့နတ်၊ ကောင်းတဲ့ဘီလူး, မကောင်းတဲ့ဘီလူး ရှိတတ်ကြတယ်။ ရှိလဲ ရှိပါတယ်လေ။

စီရင်ပြုလုပ်ရာမှာ အမှတ်မထင် အမှားအယွင်း အတိမ်းအစောင်းရှိခဲ့ရင် စီရင်ပေးသူ ဆရာကို ပြန်ပြီး နိုက်တတ်တယ်။

ထို့အတူပဲ မင်းတို့ ဆရာတို့ နေရာဒေသအနှံ့ ခရီးဆန့်တဲ့အခါ မသန့်တဲ့ နေရာမှာ နားခိုမိတာတို့ အစောင့်ကြမ်း၊ နတ်ကြမ်းတဲ့နေရာမှာ အပေါ့အလေး စွန့်မိတဲ့အခါမျိုးမှာ အမှောင့်ပယောဂ ပူးဝင်နှောင့်ယှက်တာမျိုး ကြုံရတတ်တယ်လေ။

ဒီအခါမှာ အမှောင့်ပယောဂ ဖယ်ရှားသွားအောင်၊ အနိုက်ခံတတ် လွင့်ပျယ်သွားအောင် ဒီဂါထာမန္တန်နဲ့ (၇)အုပ်မန်းပြီး လက်နဲ့သပ်ချရတယ်'

ဟု ပြောပြပေးခဲ့ပါသည်။

ဆရာလုပ်သူတို့ ဆေးတော်ကြီးများ ဖော်ပြီးသည့်အခါ၊ အင်းအိုင်ခါးလှည့် လက်ဖွဲ့များ စီရင်ပြီးသည့်အခါ သို့မဟုတ် မသန့်သောနေရာ အရိပ်ခိုမိ, သွားမိသည့်အခါတွင် ဖြေရန် ဂါထာမန္တန် ဖြစ်ပါသည်။

ဘုရားစင်ရှေ့၊ ဘုရားတစ်ဆူဆူရှေ့တွင် လက်ဆက်ဖြာ ထိပ်မှာမိုးလျက် ဆောင့်ကြောင့်ထိုင်ကာ...

'ဉ်၊ သဗ္ဗဗုဒ္ဓါနုဘာဝေန မမ သရီရေ
သဗ္ဗ အန္တရာယော ဝိနဿန္တု'

**ခက်ခဲသော ပါဠိအသံထွက်**

| | | |
|---|---|---|
| **သဗ္ဗဗုဒ္ဓါ** | = | သပ်ဗဗုတ်ဓာ |
| **သဗ္ဗေ** | = | သပ်ဗေ |
| **အန္တရာယော** | = | အန်တရာယော |
| **ဝိနဿန္တု** | = | ဝိနတ်သန်တု |

အနက်

**ဉ်၊** အန္တရာယ်ကင်း ရန်စွယ်ရှင်းစေသတည်း။

**သဗ္ဗဗုဒ္ဓါနုဘာဝေန၊** အားလုံးသော ဘုရားရှင်တို့၏ အာနုဘော်ကြောင့်။ **မမ၊** ငါ၏။ **သရီရေ၊** ကိုယ်၌။ **သဗ္ဗေ၊** အားလုံးကုန်သော။ **အန္တရာယော၊** အန္တရာယ်တို့သည်။ **ဝိနဿန္တု၊** ကင်းပျောက်စေကုန်သတည်း။

***(ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးစံတင့်(စတုနိကာယကောဝိဒ၊ ဝိနယဓရ မဟာစရိယ)မှ ပြန်ဆိုပေးပါသည်။)***

အသံဩာန်ကရိုကျောကျနစွာ (၇)အုပ်မန်းပြီး ဦးခေါင်း၊ မျက်နှာ၊ လက်ရုံး နှစ်ဖက်၊ ရင်ဘတ်တို့ကို လက်နှင့်သုံးကြိမ် အောက်သို့ သပ်ချပါ။ တပည့်နှင့် စီရင်သွားလာခဲ့လျှင် တပည့်ကိုပါ သပ်ချပေးပါ။

အကယ်၍ အခြားသူတစ်ဦးဦးကို ပြုလုပ်ပေးရ၊ ကုသပေးရလျှင် **"မမ သရီရေ"**နေရာတွင် **"တဝသရီရေ"** ဟု အစားထိုးမန်း၍ ပြုလုပ်ဖြေပေးနိုင်ပါသည်။

ပြုလုပ်ပေးသူသည် ကံငါးပါးတွင် အရက်သေစာ လုံးဝ မသောက်မစားသူဖြစ်ဖို့သာ လိုပါသည်။

ချွတ်ယွင်းတိမ်းစောင်း မှားယွင်းမှု အန္တရာယ်အသွယ်သွယ် ကင်းငြိမ်း လွင့်ပျောက်ပြေစေပါသည်။ လိုသူတို့ လက်တွေ့ အသုံးပြုနိုင်ရန် ထပ်ဆင့် ဝေငှ တင်ပြရေးသားအပ်ပါသည်။

**// နတ်မောက် မင်းချစ်နော် //**



www.burmeseclassic.com

www.burmeseclassic.com

ဗန်းမော်မြို့နယ်၊ မံထုံကျေးရွာက အပြန် ဆိုင်ကယ်ဆီထည့်ရင်း နမီးရွာ စာရေးသူအသိ ဦးကျော်ဦး အိမ်ဝင်ပြီး ခဏနားသည်။ ဦးကျော်ဦးက အိမ်ပေါ် ခေါ်ပြီး ရေနွေးကြမ်း လက်ဖက်သုပ်ဖြင့် ဧည့်ဝတ်ပြုပါသည်။

စာရေးသူလည်း ဘယ်အိမ်ရောက်ရောက်၊ ဘယ်ကျောင်းရောက်ရောက် ရှေးရုပ်ပွားဆင်းတုတော်တို့၊ ဂမ္ဘီရ ပစ္စည်းတို့၊ သိဒ္ဓိဝင်အစီအရင်တို့ ရှိမရှိ ဘုရားဆောင်တွေ့တိုင်း ရှိခိုးဦးချပြီး တွေ့ရလိုတွေ့ရငြား ကြည့်မိသည်။

ဦးကျော်ဦး၏ ဘုရားဆောင်အတွင်း ရုပ်ပွားဆင်းတုတော်အနီးတွင် ထူးဆန်းသည့် ရုပ်တုဟော်တစ်ခုကို တွေ့မိသည်။ ရုပ်တုက ရှင်သီဝလိကိုယ်တော် ဆိတ်ကို စီးထားဟန်။

ညာဘက်က တောင်ဝှေးနှင့် စိပ်ပုတီး၊ ဘယ်ဘက်က ယပ်တောင်ကို ဦးခေါင်းတော်နောက်ထားပြီး သပိတ် လွယ်ထားသည့်ပုံ။ ရုပ်တုတစ်ဆူလုံး ပဥ္စလောဟာဖြင့် ပြုလုပ်ထားဟန်ရှိသည်။

'ဦးကျော်ဦး ဒီရှင်သီဝလိဆိတ်စီးတဲ့ ရုပ်တုက ဘယ်က ဘယ်လို ရရှိတာလဲ



ညိုမင်းထက်
(မြန်မာစာ၊ မော်လူး)

သိဒ္ဓိဝင်

# ရှင်သီဝလိဆိတ်စီးရုပ်တု

အစီအရင်

ကျွန်တော့်ကို ရှင်းပြပါဦး'

'အင်း ပြောရရင်တော့ ဒီပစ္စည်းက ရှားပါးပစ္စည်း သိဒ္ဓိဝင်တယ်လို့ ဆိုရမှာပေါ့။ ပဥ္စလောဟာနဲ့ အစီအရင်လုပ်ထားတဲ့ ကြေးသွန်းရုပ်တုလေးပါ။

ရုပ်ပုံလေးက ဒီလိုပါ။ ဟိုးလွန်ခဲ့တဲ့ ၁၉၈၃ ခုနှစ်လောက်က ကျွန်တော် အဖော်သုံးယောက်နဲ့ ဖားကန့်မှော်ထဲကို စီးပွားရှာတက်တယ်။ အသွားမှာလဲ အစစ်အဆေး အမေးအမြန်းခံရ၊ ဖားကန့်ထဲမှာ ရက်ရှည်လများစွာ ကျောက်လုပ်ငန်းလုပ်တော့လဲ အဆင်မပြေပါဘူး။ ကံနည်းလို့ပဲလား။

ဒါနဲ့ တုံပင်ရွာက အကြားအမြင်ပေါက်သူ ဆရာကြီးတစ်ဦးကို ဝင်ပြီး ဟိုမေးဒီမေး မေးကြပါတယ်။ ဆရာကြီးက...

"ကိုကျော်ဦး မင်းဟာ သွားလမ်းသာရှိပြီး ပြန်လမ်းမရှိဘူး။ အန္တရာယ်တွေနဲ့ တွေ့လိမ့်မယ်။ ဘာမှမပူနဲ့ ဆရာကြီး အစီအရင်တစ်ခု ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ယုံယုံကြည်ကြည်နဲ့ မိမိရဲ့ ကိုယ်ခန္ဓာအပေါ်ပိုင်းမှာ လုံခြုံစွာ သိုသိုသိပ်သိပ် ကိုယ်နဲ့မကွာ ယူဆောင်သွား" ဆိုပြီး ဒီရှင်သီဝလိဆိတ်စီးတဲ့ ကြေးသွန်းရုပ်တုလေးကို ကုသိုလ်ဖြစ်ပေးခဲ့တယ်။

အိမ်ရောက်ရင်လဲ ဘုရားဆောင်မှာ အမြဲပူဇော်ထားဖို့ မှာလိုက်တယ်။ နေ့စဉ် မနက်နဲ့ည ဘုရားဝတ်ပြုပြီးတိုင်း ရှင်သီဝလိမန္တန်ကို ရွတ်ဖတ်ဖို့ စာရွက်နဲ့ ရေးထားတဲ့ ရှင်သီဝလိမန္တန်ကိုလဲ ပေးလိုက်တယ်။

ကျွန်တော်တို့လဲ ဆရာကြီးကို တတ်နိုင်သမျှ ဝတ္ထုငွေနဲ့ ရှိခိုးဦးချပြီး ထွက်ခဲ့တယ်။ ဆရာကြီးပေးလိုက်တဲ့ ဒီအစီအရင်ရုပ်တုလေးကို ကိုယ်ပေါ်မှာ လုံခြုံအောင် ယူဆောင်လာခဲ့တယ်။

လမ်းတွေမှာ စခန်းတွေ ဖြတ်ခဲ့ရတယ်။ စခန်းပတ်လည်မှာ မိုင်းတွေ ထောင်ထားလေ့ရှိတယ်။ ကျွန်တော်တို့ အဖော်သုံးယောက် မိုင်းတွေကြားက ဖြတ်လာပေမယ့် မိုင်းတွေက မကွဲတော့ သူတို့က ကျွန်တော်တို့ကို အတင်းဖမ်းဆွဲခေါ်ပြီး...

"မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်ကို သွားမှာလဲ၊ ဘာတွေပါသလဲ"

စစ်မေးတယ်။ အိတ်တွေ၊ ခြင်းတွေထဲ အနှံ့လိုက်ရှာတယ်။ ကိုယ်ပေါ်မှာတော့ ထိထိရောက်ရောက် မရှာလို့ တော်ပါသေးတယ်။

အဲဒီမှာ မျက်မှန်တပ်ထားတဲ့ ခေါင်းဆောင်တစ်ယောက်က...

"ဒီလူတွေကို ငါသိတယ်။ အသွားတုန်းက တွေ့ဖူးတယ်။ ဈေးသည်တွေပါ။ ရိုးရိုးသားသားတွေ ပြန်လွှတ်ပေးလိုက်"

ဆိုတာနဲ့ ကျွန်တော်တို့ လွတ်ခဲ့တယ်။



ကိုယ့်ကိုယ်ကိုယ်တော့ တွေးမိတယ်။ ဒါ ဆရာကြီးပေးလိုက်တဲ့ သိဒ္ဓိဝင်အစီအရင်ကြောင့်ပဲလို့။ ဒါနဲ့ပဲ အိမ်ရောက်တယ်ဆိုပါတော့။ အိမ်ရောက်တော့ ဆရာကြီး မှာကြားတဲ့အတိုင်း ဒီရှင်သီဝလိ ဆိတ်စီးထားတဲ့ ပဉ္စလောဟာကြေးသွန်းရုပ်တုကို ဘုရားဆောင်ပေါ်မှာ တင်လှူ ပူဇော်ထားပါတယ်။

အဲဒီနောက် ဆရာကြီး ချီးမြှင့်လိုက်တဲ့ ရှင်သီဝလိမန္တန်ကို ဘုရားရှိခိုး၊ ငါးပါးသီလခံယူ၊ ပရိတ်တရားတော်ရွတ်၊ မေတ္တာပို့ အမျှဝေပြီးနောက် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရွတ်ဖတ်ကိုးကွယ်ခဲ့တယ်။

ဆရာကြီး ပေးလိုက်တဲ့ ဒီရှင်သီဝလိကိုယ်တော် ဆိတ်စီးထားတဲ့ ပဉ္စလောဟာ ကြေးသွန်းရုပ်တုတော်ကို သီလစင်ကြယ်စွာနဲ့ ကိုးကွယ်ပူဇော်ခဲ့ရင် ကိုယ့်မှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေ ပြေလည်သွားတယ်။ အကူအညီပေးမယ့်သူတွေ ပေါ်လာတယ်။ စီးပွားရေးအဆင်ပြေမှုတွေ ရှိလာတယ်'

ဟု ဦးကျော်ဦးက ပြောပြသည်။

ဤ ရှင်သီဝလိရုပ်တုတော်မှာ အလျား(၂)လက်မခွဲ အမြင့်(၂)လက်မရှိပြီး ကြေးသွန်းရုပ်တုလေး ဖြစ်သည်နှင့်အမျှ အစဉ် ဝင်းလက်နေသည်။ ရှင်သီဝလိဆိတ်စီးနေသည့် ရုပ်တုမျိုးကို စာရေးသူသည် တစ်ခါပဲ တွေ့ဖူးပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ ဤရှင်သီဝလိ ဆိတ်စီးရုပ်တုမျိုးရှိပါက ရှင်သီဝလိ၏ ရုပ်တုတော်ကို ပူဇော်ထားခြင်းဖြင့် မိမိတို့ ကြုံတွေ့ကြရသော တန်ခိုးသိဒ္ဓိများ၊ ဖြစ်ရပ်ဆန်းများကို ဖော်ပြပေးရန်နှင့် ဦးကျော်ဦးအား ကချင်ပြည်နယ်၊ ဖားကန့်၊ တုံပင်ကျေးရွာမှ အကြား အမြင်ဆရာကြီး ချီးမြှင့်လိုက်သော ရှင်သီဝလိမန္တန်ကိုလည်း ဖော်ပြလိုက်ပါသည်။

---

## ရှင်သီဝလိမန္တန်

---

၁။ နမော ထေရဿ ယတော ဟောတိ၊
ယဿ သန္တာ ပိယံ ယန္တိ။
ယဿ ယန္တိ နမော နမံ။
လာဘီနံ သီဝလိ အဂ္ဂေါ၊
မမ သီဿေဿသု ဘိက္ခဝေါ။
သဗ္ဗလောက ဟိတော သတ္ထာ၊
ကိတ္တယိ ပရိသာသု မံ။
ရေဝတံ အဿနတ္တာယ၊
ယဒါ ယာတိ ဝိနာယကော။
တိံသ ဘိက္ခု သဟဿေဟိ၊
သဟ လောကဂ္ဂနာယကော။
၂။ နမော သဗ္ဗတ္ထ ကာရုဏာနိတော သံဘာ...
တော၊
ဣတိ ရာဇဟံသတောနမ။
၃။ နမော ဘဝဘဝ သဗ္ဗသိဒ္ဓိ ကာရုဏာ...
သဟာသာပ္ပကောဇို၊
ဗုဒ္ဓနာယ နဝဋ္ဌ လောဟံဣတိသဒ္ဓတောနမ...
၄။ နမော ဟာန ဟာန ဒဟာန ပူသိဝ သိ...
သာဝကာယ၊
ဟ(ရိ)အဂ္ဂိ သမ္ဗုဒ္ဓ နာယဘာဝနုခတောနမ...





www.burmeseclassic.com

www.burmeseclassic.com



# အလောင်းထမ်းမွေးခြင်းအကျွက်

အန္တရာယ်ကင်း ကုသိုလ်ကံမြင့် ယတြာအစီအရင်



နတ်မောက် လှမြင့်သစ်

၂၀၁၃ ခုနှစ်၊ မတ်လထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၂၀) စာမျက်နှာ(၂၆၄)တွင် ကျွန်တော် ရေးသားပေးပို့ခဲ့သော **"အလောင်းထမ်း မမွေးကောင်းဘူးလား"** သိသူများမှ ဖြေကြားပေးရန် ဆောင်းပါးစာမူကို ဖော်ပြပေးခဲ့ရာ ၂၀၁၃ ခုနှစ်၊ မေလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၂၂) စာမျက်နှာ(၃၀)တွင် ဆရာဦးညွန့်ဝင်း (နတ်တလင်း)မှ **"အလောင်းထမ်းမွေးခြင်းနှင့် ပတ်သက်၍ သိသမျှဖြေလိုက်ပါသည်"** အဖြေဆောင်းပါး ထုတ်ရှုရသဖြင့် ဝမ်းမြောက် ကျေးဇူးတင်ပါသည်။

ထိုအဖြေဆောင်းပါး၏ အောက်ခြေမှတ်ချက်အဖြစ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ် ဦးကျော်မိုးသိန်းမှ...

'ဤကဲ့သို့ အလောင်းထမ်းမွေးခြင်းကဲ့သို့ ကိစ္စရပ်များအတွက် ကုသိုလ်ကံမြင့် ယတြာအစီအရင်များရှိပါက သိရှိသူ သုတေသီပညာရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ရေးသားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်' ဟု မှတ်ချက်ပြုထားပါသည်။

ကျွန်တော့်အနေဖြင့် ရုံးအားရက်စနေ၊ တနင်္ဂနွေတွင် တခုတ်တရ လှည့်လည် စုံစမ်းလေ့လာရန် ဆုံးဖြတ်ရည်ရွယ်ထားသော်လည်း (၂၂-၃-၂၀၁၃)သောကြာနေ့တွင် ယင်းကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော့်ထံ လာရောက်၍ ကိုယ်တွေ့ အသိပေးပြောပြသူ **အလယ်တန်းပြ အငြိမ်းစား ကျောင်းဆရာကြီး ဦးအောင်မောင်း၊ အဘဦးကြည်ရွှေ(၈၃-နှစ်)၊ ရွှေပုံရွာမှ အမေဒေါ်ချစ်တို့၏ ပြောပြသမျှ** လက်တွေ့ ဗဟုသုတများကို အသံဖမ်းယူထားခဲ့ပြီး ယခု ရေးသားတင်ပြပါမည်။

**အငြိမ်းစားဆရာကြီး ဦးအောင်မောင်း ပြောပြသည်မှာ...**

'အလောင်းထမ်း မမွေးကောင်းဘူးဆိုတာ အမှန်ပဲ မောင်လှမြင့်ရေ... ဆရာ့အစ်ကိုတစ်ယောက်မှာ သား(၄)ယောက်၊ သမီး(၁)ယောက် မွေးခဲ့တယ်။ သမီးလေးဟာ အသက်ရှင်လျက်နဲ့ ဘဝသေခဲ့ရတယ်ကွာ။

ပြောပြလို့ မသင့်တော်တဲ့ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး လူတောမတိုးဝံ့၊ အိမ်တွင်းပုန်း ဖြစ်ခဲ့ရတယ်။

အဲဒီလိုဖြစ်ပြီး ခြောက်လလောက်အကြာမှာ သား(၄)ယောက်ထဲက (၁)ယောက်ဟာ ဝက်ရူးပြန်ရောဂါဖြစ်ပြီး သေဆုံးသွားခဲ့ရတယ်။

တတ်ကျွမ်းနားလည်သူများကို မေးကြည့်တော့ သမီးလေးဟာ အလွန်ဘုန်းကံကြီးပြီး အသက်မသေဘဲ အရှက်ကွဲရုံလောက်နဲ့ ငြိမ်းသွားပြီး ဘုန်းကံအနိမ့်ဆုံး ရာဟုဂြိုဟ်ထဲရောက်နေတဲ့ သားတစ်ယောက် သေဆုံးသွားရတာလို့ ပြောတယ်။

အဲဒီတော့ ဆရာလဲ ကြောက်တာပေါ့ကွာ။ အဲဒီအချိန်မှာ ဆရာ့မှာလဲ သားလေးယောက်နဲ့ သမီးတစ်ယောက် ရှိနေပြီကွာ။ အငယ်ဆုံးသားက လေးနှစ်သား,ငါးနှစ်သား အရွယ်လောက် ရှိနေပြီ။

ဒါနဲ့ ဆရာလဲ သက်ကြီးဝါကြီး ဘိုးဘွားမိဘတွေဆီ ဒါမျိုး ဒီလိုဖြစ်နေတယ်။ အကျိုးအကြောင်းပြောပြ လေ့လာမေးမြန်းတော့ သားလေးယောက်ထဲက တစ်ယောက်ကို သူများ ရောင်းပစ်ရမယ်၊ စတီသဘောပေါ့ကွာ။

www.burmeseclassic.com

ဆွေမျိုးမွေးချင်းထဲကိုပဲ ရောင်းရောင်း၊ ဆွေမျိုးရင်းခြာလို ခင်မင်ရင်းနှီးသူကိုပဲ ရောင်းရောင်း ရောင်းပစ်ရမယ်။ ဒါမှမဟုတ် ကိုတ္တိမ မွေးစားစာချုပ်ချုပ်ပြီးပဲ ပေးပေး ပေးပစ်ရမယ်။ ဒါဆိုရင် သားသုံးယောက်၊ သမီးတစ်ယောက်ဖြစ်သွားပြီဆိုတော့ အလောင်းထမ်းမွေးတာ မဟုတ်တော့ဘူးပေါ့ကွာ။

မိတ်ဆွေအပေါင်းအသင်း ဆွေမျိုးများနဲ့ စကားစပ်လို့ ပြောမိရင်လဲ ကျွန်တော့်မှာ သားသုံးယောက်၊ သမီးတစ်ယောက်ရှိတယ်လို့ပဲ ပြောရမယ်တဲ့ကွ။

ဆရာကတော့ သားတစ်ယောက်ကို ရွာဦးကျောင်း ဆရာတော် ဦးပဏ္ဍိကို သွားလှူပစ်ခဲ့တယ်။ အရှင်ဘုရား ခိုင်းလိုရာခိုင်း လိုရာသုံး၊ သံဃိကပစ္စည်းအဖြစ် လှူပါတယ်ဘုရားဆိုပြီး လှူပစ်ခဲ့တယ်။

ခုဆိုရင် သမီးလဲ အိမ်ထောင်ကျသွားပါပြီ။ သားတွေလဲ အလုပ်ရဝန်ထမ်းနဲ့ ကုန်သည်၊ ဈေးသည်တွေ ဖြစ်ကုန်ပါပြီ။ ဘာမှ အထိအခိုက်၊ အဖိတ်အစင် မရှိခဲ့ပါဘူး’

အထက်ပါအချက်များမှာ အငြိမ်းစားကျောင်းဆရာကြီး ဦးအောင်မောင်း၏ သူ၏ ကိုယ်တွေ့ပြောပြချက်များမှ မသင့်သည့်အချက် အချို့အဝက် ချန်လှန်၍ တင်ပြအပ်ပါသည်။

**အဘဦးကြည်ရွှေ(၈၃–နှစ်) သဲဖြူရွာမှ ပြောပြသည်မှာ...**

‘ဟုတ်တယ် လူလေးရ... အဘတို့ ရှေးဘိုးဘွားမိဘ လက်ထက်ကတည်းက သားလေးယောက်၊ သမီးတစ်ယောက်မွေးရင် အလောင်းထမ်းမွေးတယ်။ သမီးပျက်စီးတတ်တယ်။ မိဘတွေမှာ စီးပွားရှာရင် အနည်းဆုံး ပျက်စီးတတ်တယ်လို့ ပြောခဲ့ကြတယ်။



အဲဒီလို ကြုံရရင် သားလေးယောက်ကို ငါးယောက်ဖြစ်အောင် ဆွေမျိုးမွေးချင်းထဲကပဲ ဖြစ်ဖြစ်၊ အခြားကပဲဖြစ်ဖြစ် သားတစ်ယောက်မွေးစားပြီး မိသားစုစာရင်းသွင်းရတယ်။

ကျွန်တော်,ကျွန်မတို့မှာ သားငါးယောက်၊ သမီးတစ်ယောက်ရှိပါတယ်လို့ ပြောဆို သုံးစွဲရတယ်ကွ။ ဒါဆိုကျန်းမာ၊ သက်ရှည်၊ စီးပွားတက်၊ မိသားစု အေးချမ်းသာယာတယ်ကွ’

ဟု ပြောပြပါသည်။

**ရွှေပုံကျေးရွာမှ အမေဒေါ်ချစ် ပြောပြသည်မှာ...**

‘အမေ့ကိုယ်တွေ့ပြောပြမယ် လူလေး... အမေ့မှာလဲ ပထမသားဦးမွေးတယ်၊ ဒုတိယ သမီးမွေးတယ်၊ တတိယ သားလေးမွေးတယ်။ သားနှစ်ယောက်၊ သမီးတစ်ယောက်ပဲ ဖြစ်နေတယ်။ သမီးလေးတစ်ယောက် အလှည့်ပဲဆိုပြီး စတုတ္ထကိုယ်ဝန်ဆောင် မွေးလိုက်တော့လဲ သားပဲ ထပ်မွေးတယ်။

ဒါနဲ့ ခုတစ်ခါတော့ မုချသေချာ သမီးမွေးမှာပဲဆိုပြီး အမေ အသက်လေးဆယ်မှာကို ကိုယ်ဝန်လွယ်မွေးလိုက်တာ သားပဲ ထပ်မွေးတော့ သားလေးယောက်၊ သမီးတစ်ယောက် ဖြစ်ခဲ့ရတယ်။

နှစ်ဖက်မိဘနဲ့ ယောက္ခမတွေက အမေတို့ဇနီးမောင်နှံကို ဆူကြ,ပြောကြတာပေါ့။ ဟင်း... အနေအထိုင် မဆင်ခြင်ကြဘူး။ လေးဆယ်ကျော်မှ ကံပေါ်ပြီး ထပ်မွေးသေးတယ်။ မွေးပြန်တော့လဲ သားထပ်မွေးတယ်။ ခုတော့ သားလေးယောက်၊ သမီးတစ်ယောက်ဖြစ်ပြီ၊ အလောင်းထမ်းဖြစ်နေပြီ။ နောက်ထပ်လဲ သွေးဆုံးပြီ မမွေးနိုင်ကြတော့ဘူး။ မစဉ်းစား မဆင်မခြင်တွေ ဘာဘာညာညာ ဆူကြ,ပြောကြတာပေါ့’

‘နောက်ဆုံး ဘယ်လို အဆင်ပြေသွားသလဲ၊ ဘယ်လိုလုပ်ပါသလဲ အမေချစ်’

ဟု ကျွန်တော်မှ စကားထောက်မေးလိုက်သောအခါ...

‘လူလေးရေ လောကကြီးမှာ ဉာဏ်ကို လွှာသုံးရမယ်။ ဉာဏ်ကို ခွဲခြမ်းစိတ်ဖြာ သုံးတတ်ရတယ်ကွယ့်။ ပညာရှိများ ပြောလိုက်တော့လဲ တစ်ခွန်းတည်းနဲ့ အဆင်ပြေ အေးချမ်းသွားတာပဲ။

အမေ့ရဲ့ ဦးကြီးဦးဘိုးအောင်ဆိုတာ လူပြန်တော်ပညာရှိကွယ့်။ လူပြန်တော်ဆိုတာ ရဟန်းဖြစ်ပြီးမှ လူဝတ်လဲ၊ အိမ်ထောင်ပြုသူကို ပြောတာ။ ဦးကြီးက ရဟန်း(၁၁)ဝါ၊ ကျောင်းထိုင်ဖြစ်ပြီးမှ ကုသိုလ်ကံအရ လူဝတ်လဲ အိမ်ထောင်ကျခဲ့တာ။

လောကီ,လောကုတ္တရာ စာပေ ဗဟုသုတတွေ တော်တော်နှံ့နှံ့စပ်စပ် သိတယ်,တတ်တယ်ကွယ့်။ အင်္ဂလိပ်လဲ ထိုးတာပဲ။

တစ်နေ့မှာ ဦးကြီးက ပြောတယ်။

“နင်တို့တွေဟာ စာမသိ,ပေမသိ၊ ဗဟုသုတလဲ မရှိကြဘူး။ လွယ်တာကို ခက်အောင် လုပ်နေကြတယ်။ နင်တို့ သိထားတဲ့အတိုင်း သားလေးယောက်၊ သမီးတစ်ယောက် မမွေးကောင်းဘူး၊ အလောင်းထမ်းမွေးတယ်လို့ ပြောတယ် ဆိုတာ ဟုတ်ပါတယ်၊ မှန်လဲ မှန်ပါ

www.burmeseclassic.com

တယ်။

ဒါဆိုရင် အဲသလို ကြုံလာရင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ယတြာ မသိကြတော့ ခက်တာပေါ့။ လွယ်လွယ်လေးရယ်။ သားရင် ငါးယောက်ဖြစ်အောင်လုပ်၊ ဒါမှမဟုတ် သမီးရင်နှစ်ယောက်ဖြစ်အောင်လုပ်ပေါ့ဟာ။

ဒီတော့ သားငါးယောက်ဖြစ်ချင်ရင် နောက်တစ်ယောက် ကောက်ယူ မွေးစားလိုက်၊ သားငါးယောက် မဖြစ်ချင်ဘူး။ သမီးနှစ်ယောက်ဖြစ်ချင်ရင် သမီးမိန်းကလေးတစ်ယောက် မွေးစားလိုက်ပေါ့ဟာ။

ဒါဆိုရင် **"သားငါးယောက်၊ သမီးတစ်ယောက်ရင်ဖြစ် ဒါမဟုတ် သမီးနှစ်ယောက်၊ သားလေးယောက်ရင်ဖြစ်သွားပြီပေါ့"** ပြီးပြီပေါ့။ အစစအရာရာ ပြီးပြည့်စုံ သက်ရှည်ကျန်းမာ၊ စီးပွားဖြစ် မင်္ဂလာပြည့်ဝသွားပြီပေါ့ဟ"

လို့ပြောမှပဲ "ဟာ...ဟင်...ဟယ်...ဟုတ်ပါရဲ့" နဲ့ ဖြစ်သွားကြတယ်ကွယ့်။

ဒါနဲ့အမေလဲ တူမလေးတစ်ယောက်ကို ခေါ်ယူပြီး မွေးစားခဲ့လို့ သမီးနှစ်ယောက်၊ သားလေးယောက် အမေဖြစ်ခဲ့ပြီး ဒီနေ့ထိ အားလုံး အဆင်ပြေ အေးချမ်းသက်ရှည် ကျန်းမာကြပါတယ်ကွယ်'

ဟု ပြောပြပါသည်။

**ကျွန်တော် အနှစ်ချုပ်ကောက်ယူတင်ပြရလျှင်...**

သားလေးယောက်၊ သမီးတစ်ယောက်ဖြစ်နေပါက...

- ❖ သားတစ်ယောက်ကို မွေးစားရန်၊ ရောင်းပစ်ရန်၊ လှူပစ်ရန်၊
- ❖ သို့မဟုတ် သားငါးယောက်ဖြစ်အောင် နောက်ထပ်သားတစ်ယောက် မွေးစားရန်
- ❖ သို့မဟုတ် သမီးနှစ်ယောက်ဖြစ်အောင် နောက်ထပ် သမီးတစ်ယောက် မွေးစားရန်

အထက်ပါ တစ်နည်းနည်းဖြင့် ကုသိုလ်ဖြစ်၊ ကံမြင့်ကံပွင့်၊ ကျန်းမာ၊ သက်ရှည်၊ အေးချမ်းသာယာ ယတြာပြုနိုင်ပါကြောင်း လက်လှမ်းမီသမျှ လေ့လာမေးမြန်း မှတ်တမ်းတင် ရေးသားတင်ပြအပ်ပါသည်။

**[ကူညီလိုက်ပါပေးသည့် မြေတိုင်းစာရေးကြီး ဦးဝင်းကျော်သူ၊ ဦးကျော်ဟိန်းထက်နှင့် မေးသမျှ ဖြေကြားပေးသော ဆရာကြီး ဦးအောင်မောင်း၊ အဘဦးကြည်ရွှေ၊ အမေဒေါ်ချစ်တို့ကို ကျေးဇူးတင်ပါသည်။]**

**နတ်မောက် လှမြင့်သစ်**

စာမျက်နှာ (၁၃၈)မှ အဆက်

၅။ နမော တေ သံဗုဒ္ဓ သရဏံ ကောဝိဒ္ဒကော ပိုဗ္ဗိန်း ယဝိုကာ ကပ္ပတာဝ တေနမ။

၆။ နမောကူရ ပူရ ပူရ ယောဝအဂ္ဂိုလာဥတြ ပုတြသီဝလိ တေနမ။

၇။ နမော ဘောဂနိုရမ ဘာဂန ဇာတပံသ ဘာဂဝတော နမောနမ။

၈။ နမော သီဝလိ သုယျုတာပတိ အာ ဣ ဥ ဩ အို အဲ နတေး ဗုဒ္ဓ တုဇာ် ဓာရဏာယ တောဗုဒ္ဓ ဘြိဝဏ္ဏ ပုဂလေတေနမ။
(နမကို နမောဟု ရွတ်ဆိုပါ။)

အနက်

၁။ **ထေရဿ၊** ရှင်သီဝလိမထေရ်အား။ **ယတော၊** အကြင်ကြောင့်။ **နမော၊** ရှိခိုးခြင်းသည်။ **ဟောတိ၊** ဖြစ်၏။ **ယဿ၊** အကြင်ရှင်သီဝလိကို ရှိခိုးသောသူအား။ **သန္တာ၊** သူတော်ကောင်းတို့သည်။ **ပိယံ၊** ချစ်ခြင်းသို့။ **ယန္တိ၊** ရောက်ကုန်၏။ **ယဿ၊** အကြင်သူအား။ **နမောနမံ၊** ရှင် သီဝလိကို ရှိခိုးခြင်းသို့။ **ယန္တိ၊** ရောက်ကုန်၏။

**လောကဟိတော၊** လောကအကျိုး စီးပွားကို ဆောင်ရွက်သော။ **သတ္ထာ၊** မြတ်စွာဘုရားသည်။ **ပရိသာသု၊** ပရိသတ်တို့၌။ မံ၊ ငါသီဝလိကို။ **ဘိက္ခဝေါ၊** ရဟန်းတို့။ **မမ၊** ငါဘုရား၏။ **သီဝေသသု၊** တပည့်တို့တွင်။ **လာဘီနံ၊** လာဘ်ရသော ပုဂ္ဂိုလ်၊ လာဘ်လာဘ ပေါများသော ပုဂ္ဂိုလ်တို့တွင်။ **သီဝလိ၊** သီဝလိသည်။ **အဂ္ဂေါ၊** အမြတ်ဆုံး ဖြစ်၏။ **(ဣတိ၊** ဤသို့။) **ကိတ္တယိ၊** ချီးကျူးမြွက်ကြားပြီ။

**ယဒါ၊** အကြင်အခါ၌။ **လောကဂ္ဂ နာယကော၊** လောက၏ အမြတ်ဆုံး ရှေ့ဆောင်နာယက ဖြစ်တော်မူသော။ **ဝိနာယကော၊** သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာ ဘုရားသည်။ **တိသဘိက္ခု သဟ သေဿဟိ၊** ရဟန်းတော်သုံးသောင်းတို့နှင့်။ **သဟ၊** တကွ။ **ရေဝတံ၊** ရေဝတ သာမဏေကို။ **ဒဿနတ္တာယ၊** ကြည့်ရှုခြင်းငှာ။ **ယာတိ၊** ကြွတော်မူ၏။

[နံပါတ်(၂)မန္တန် စသည်တို့ကား အနက်ပေး၍မရ။]

*(ဤ သိဒ္ဓိဝင်ရှင်သီဝလိဂါထာတော် ပါဠိအနက်ကို နဂါးမြွေရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိ အယ်ဒီတာ ဆရာကြီးဦးစံတင့်(မဟာစရိယ၊ ဝိနယဓရစတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါသည်။)*

ညိုမင်းထက်
*(မြန်မာစာ၊ မော်လူး)*



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့

# ဘေးရန်ကင်း၍

ဥစ္စာပရိသတ်အင်အား တောင်းစေရန်

# အဓိဋ္ဌာန်ပုတီးစိပ်နည်း



သရော ထိုင်ဝင်းအောင်
(ကျိုက္ကာစံ၊ အေးချမ်းသူတို့စံပျော်ရာ)

BURMESE CLASSIC .com

၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ။

ပဲခူးမြို့ ဒေးစွန့်ပါတောင်၊ ဗားသိဒ္ဓိရှင် သာသနာစခန်းမှ အဓိဋ္ဌာန်များ ပြီးမြောက်ပြီးပြီဖြစ်၍ ရန်ကုန်မြို့သို့ ညောင်လေးပင် ကားစီး၍ ပြန်လာခဲ့ရ၏။

ပဲခူးမြို့သို့ အရောက်တွင် ကျွန်ုပ်၏ ဓမ္မမိတ်ဆွေ ဦးမြင့်သြန့်အတူ ညောင်ဝိုင်း(၁၃)လမ်းရှိ သူ၏ ဆွေမျိုးများအိမ်သို့ တစ်ခဏတာ ဝင်လည်မိ၏။

ဦးမြင့်သြ၏ ညီအစ်ကိုမောင်နှမ တစ်စုက ကျွန်ုပ်အား လိုလေသေး မရှိအောင် ညေ့ခံပြုစုကြ၏။

ထိုအချိန်တွင် ဦးမြင့်သြက သူ့ရဲ့ ညီမ ဒေါ်ခင်ညီအား...

'ဟဲ ခင်ရီ ဒီပုဂ္ဂိုလ်က ရွှေတိဂုံ ဘုရားက ဗေဒင်ဆရာပဲ။ ငါနဲ့အတူ အဓိဋ္ဌာန်လာဝင်တာ။ အခုရောက်တုန်း ဗေဒင်တွက်ကြည့်ပါလား'

လို့ ပြောလိုက်သောကြောင့် တစ်မိသားစုလုံးကို ဗေဒင်ဟောဖြစ်ခဲ့၏။

ပြီးလျှင် ဒေါ်ခင်ရီတို့ မိသားစု၏ ပံ့ပိုးမှုကြောင့် ပဲခူးမြို့တွင် နှစ်ပတ်ကြာ အထိ ဗေဒင်ဟောပြောခဲ့၏။

ပဲခူးတွင် ရှိစဉ်ကာလအတွင်း ရွှေမှဋ္ဌောဘုရားသို့ နံနက်တစ်ခါ၊ ည တစ်ခါ မှန်မှန်သွား၍ ပုတီးစိပ်ဖြစ်ခဲ့၏။

တစ်ညနေတွင် ဦးမြင့်သြ ငှက်ဖျား တက်နေသောကြောင့် ကျွန်ုပ်တစ်ဦး တည်း ရွှေမှဋ္ဌောဘုရားမြောက်ဘက် သစ်ပင်တစ်ပင်အောက်တွင် ပုတီးစိပ် နေမိ၏။

ထိုသို့ ပုတီးစိပ်နေစဉ် ကျွန်ုပ်၏ ဘေးတွင် တစ်စုံတစ်ယောက် ဝင်ထိုင် လိုက်သည်ကို သတိထားလိုက်မိ၏။

ပုတီးစိပ်ပြီး မေတ္တာပို့ အမျှဝေပြီး မျက်စိကို ဖွင့်ကြည့်လိုက်ရာ စောစောက ကျွန်ုပ်၏ဘေးတွင် ဝင်ထိုင်လိုက် သောသူမှာ သစ်ခေါက်ဆိုးရောင် သင်္ကန်း ဝတ်ထားသည့် ရဟန်းတစ်ပါး ဖြစ်နေသည်ကို တွေ့လိုက်ရ၍ ရှိုးဦးချ ကန်တော့လိုက်မိ၏။

ကန်တော့ပြီး ဆရာတော်ကို မော့ကြည့်လိုက်ရာ အလွန်အံ့သြစွာ မှင်တက်နေမိ၏။

ထိုအခါ ဆရာတော်က...

'ဒကာ ဆရာတော်ကို မှတ်မိသေး ရဲ့လား'

ထိုစဉ် ကျွန်ုပ်မှ...

'ဒေးစွန့်ပါစေတီပေါ်တွင် တပည့် တော်အား အဓိဋ္ဌာန်ကျင့်စဉ် ချီးမြှင့်ပေး သွားတဲ့ ဆရာတော် ဦးနန္ဒသာမိ မဟုတ်လားဘုရား'

'သိပ်ဟုတ်တာပေါ့ ဒကာလေး ရယ်... ဒကာ မှတ်ဉာဏ်ကောင်းသား ပဲ။ အခု ဆရာတော် ဒကာ့ဆီကို တမင်လာတာကွယ်။ အကြောင်းက ဒီလို ဒကာရဲ့။

(၇)ရက်သားသမီး အားလုံးဟာ ဘေးရန်ကင်းပြီး ပစ္စည်းဥစ္စာလဲ ပေါ ချင်ကြတယ်။ ပြီးရင် ပရိသတ် အသိုင်း အဝိုင်းနဲ့ ပြည့်စုံချင်ကြတယ်။

ဒါကြောင့် (၇)ရက်သားသမီးအား လုံး လိုအင်ဆန္ဒ ပြည့်ဝအောင် ကျင့်စဉ် တစ်ခု ရှိတယ်။

ဒီကျင့်စဉ်ကို ဒကာ အရင်ကျင့်ကြ ပါ။ ပြီးရင် (၇)ရက်သားသမီးအားလုံး သိအောင် ဖြန့်ဝေပါ'

ဟု အမိန့်ချကာ ရွှေမှဋ္ဌောဘုရား မြောက်ဘက်မုခ်မှ ဆင်း၍ ကြွသွားလေ တော့၏။

ထိုည တည်းခိုသည့်အိမ်သို့ ပြန် ရောက်သောအခါ ဦးမြင့်သြအား ကျွန်ုပ်၏ ဖြစ်စဉ်တို့ကို တင်ပြ၍ နှစ်ဦး သား ဆရာတော် ချီးမြှင့်သော ကျင့်စဉ် ကို အဓိဋ္ဌာန်ဝင်ကြည့်ရာ အံ့မခန်း



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ အောင်မြင်မှုများ ရရှိလာပါတော့သည်။

ထို့ကြောင့် (၇)ရက်သားသမီးများ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းများ လိုရင်းနှင့် ခရီးရောက်သည့် ဤကျင့်စဉ်ကို ဓမ္မဒါန ပြုလိုက်ပါသည်။

**ဤနည်းတွင် ရွတ်ဖွားရမည့် ဂါထာမှာ** အောက်ပါအတိုင်းဖြစ်၏။

ဝေရာ ခံသီယ ဘောဂါ စ၊
အနန္တာ ဒီဃာ ဘောဂဝါ။
အနန္တာ ဘဗ္ဗ ပရိသော၊
ဘဝသော ပါပုဏေ သိဝံ။

ခက်ခဲသော ပါဠိအသံထွက်

**အနန္တာ** = အနန်တာ
**ဘဗ္ဗ** = ဘစ်ဗ

**အဟံ၊** အကျွန်ုပ်သည်။ **ဘဝသော၊** ဘဝတိုင်း ဘဝတိုင်း။ **ဝေရာခံသီယ ဘောဂါ၊** ရန်သူမျိုးငါးပါးတို့သည် မလုယက် မဖျက်ဆီးနိုင်သော ဥစ္စာရှိသည်လည်းကောင်း။ **အနန္တာ ဒီဃ ဘောဂဝါ၊** အတိုင်းမသိ အဆုံးမရှိ ကျော်ခန်းနိုင်သော စည်းစိမ်ဥစ္စာ ရှိသည်လည်းကောင်း။ **အနန္တာဘဗ္ဗပရိသော၊** အတိုင်းမသိ သူတစ်ပါးတို့ မဖျက်ဆီးနိုင်သောပရိသတ် ရှိသည်လည်းကောင်း။ **ဟုတွာ၊** ဖြစ်၍။ **သိဝံ၊** နိဗ္ဗာန်သို့။ **ပါပုဏေ၊** ရောက်ရပါလို၏။

ဟု အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုထား၏။

ထိုဂါထာကို ဂြိုဟ်ရှစ်ခွင် လှည့်၍ ပူဇော်ရမည်။ ဂြိုဟ်ခွင်တစ်ခုစီမှာ (၉) ခေါက်စီ ပူဇော်ရပါမည်။

**အောင်ပ ကုလား ဆွေသား တော်ရင်း**

၁၊ ၅ ၂ ၄ ၃ ၆ ၇ ၈

ဟုပြဆိုထားသော အပြင်မိတ်လက်ာ အတိုင်း လှည့်ပတ်ရမည်။

(၇)ရက်သားသမီးတို့ နေ့သားသမီး အလိုက် လှည့်ပတ်ရမည်။ ဂြိုဟ်ခွင် အစဉ်လိုက်ကို အောက်တွင် ဇယားချ၍ ပြထား၏။

* * *

| စဉ် | နေ့သားများ | နေ့သားသမီးအလိုက် အစဉ်လိုက် လှည့်ရမည့်ဂြိုဟ်ခွင်များ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | တနင်္ဂနွေ | ၁နွေ | ၅တေး | ၂လာ | ၄ဟူး | ၃ဂါ | ၆ကြာ | ၈နေ | ရာဟု | ၁နွေ |
| ၂ | တနင်္လာ | ၂လာ | ၄ဟူး | ၃ဂါ | ၆ကြာ | စနေ | ရာဟု | ၁နွေ | ၅တေး | ၂လာ |
| ၃ | အင်္ဂါ | ၃ဂါ | ၆ကြာ | စနေ | ရာဟု | ၁နွေ | ၅တေး | ၂လာ | ၄ဟူး | ၃ဂါ |
| ၄ | ဗုဒ္ဓဟူး | ၄ဟူး | ၂လာ | ၃ဂါ | ၆ကြာ | စနေ | ရာဟု | ၁နွေ | ၅တေး | ၄ဟူး |
| ၅ | ကြာသပတေး | ၅တေး | ၁နွေ | ၂လာ | ၄ဟူး | ၃ဂါ | ၆ကြာ | စနေ | ရာဟု | ၅တေး |
| ၆ | သောကြာ | ၆ကြာ | ၃ဂါ | စနေ | ရာဟု | ၁နွေ | ၅တေး | ၂လာ | ၄ဟူး | ၆ကြာ |
| ၇ | စနေ | စနေ | ရာဟု | ၁နွေ | ၅တေး | ၂လာ | ၄ဟူး | ၃ဂါ | ၆ကြာ | စနေ |

**မှတ်ချက် ။ ။ ရာဟုသားသမီး(ဗုဒ္ဓဟူးနေ့ ညနေပိုင်းမွေး)များ ဗုဒ္ဓဟူးခွင်ကိုသုံးပါ။**

ထိုအဓိဋ္ဌာန်ကျင့်စဉ်ကို တစ်ကြိမ်လျှင် (၉)ရက် အနည်းဆုံး (၃)ကြိမ်လောက် ဆက်တိုက် ကျင့်ကြံနိုင်မည်ဆိုလျှင် ဘေးရန်အပေါင်းမှ ကင်းလွတ်ပြီး ပစ္စည်းဥစ္စာ အခြွေအရံတို့ ပေါ်များလာပါလိမ့်မည်။

**ဆရာ လှိုင်ဝင်းအောင်**
***(ကျိုက္ကစံ၊ အေးချမ်းသူတို့စံပျော်ရာ)***

စာမျက်နှာ (၁၄၄)မှ အဆက်

နည်းကို မေးမြန်းပြီး စာဖတ်သူများ သိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။

**ဆေးနည်းမှာ...**

ပည်းသည့်သဘော်ပင်မှ သဘော်ရွက်ကို မဆို (အဖို့၊ အမ)ခူးယူပြီး သဘော်ရိုးတံ အခြေမှ သဘော်ရွက်ကို ဖြတ်ယူပြီး ရေစင်အောင်ဆေးပါ။ ပြီးလျှင် မြေအိုးသေးတစ်ခုအတွင်း သဘော်ရွက်များ လိုသလောက်ထည့်ပြီး (၃)ရွက် (၁)ရွက်တင် ကျန်အောင် ပြုတ်ပြီးသော သဘော်ရွက်ပြုတ်ရည်အား နံနက် အစာမစားမီ တစ်ကြိမ်၊ နေ့ခင်း အစာမစားမီ တစ်ကြိမ်၊ ည အစာစားပြီး တစ်ကြိမ် ပုံမှန်သောက်ပေးပါ။ (၁)ကြိမ်သောက်လျှင် အချိုပန်းကန်လုံးတစ်လုံးစာ ကုန်သည်အထိ သောက်ရမည်။

**နောက်တစ်နည်းကတော့...**

ခူးဆွတ်ရေဆေးပြီးသား သဘော်ရွက်များကို ဓားဖြင့် နုပ်နုပ်စဉ်းကာ နေရိပ်မှာသာ အခြောက်လှန်းပြီး ခြောက်သွားသော သဘော်ရွက်ဖတ်များကို ရေနွေးသောက်သည့်အခါ လက်ဖက်ခြောက်အစား သဘော်ရွက်ခြောက်များ ထည့်ပြီး သောက်ပေးရပေမည်။

ဤနည်းဖြင့် စာရေးသူ၏ ဖခင်ကြီးမှာ ယခုအချိန်ထိ ကျန်းမာပျော်ရွှင်စွာနှင့် နေထိုင်စားသောက်ကောင်းနေကြောင်းကို သက်ကြီးရွယ်အိုများအတွက် ငွေမကုန်သည့် ဆေးနည်းအား ရေးသားဖော်ပြလိုက်ပေသည်။

**ဆေးနည်းပြောပြသော ဦးကျော်ခဲအား ကျေးဇူးတင်လျက်...**

**ဒဏ္ဍာရီ**
***(ဇက်မှုလယ်ယာ၊ ဆင်ဖြူကျွန်း)***



www.burmeseclassic.com

www.burmeseclassic.com



# သဘောရွက်နှင့် ဆီးကျိတ်ရောဂါ

ဒေါက်တာရီ
(စက်မှုလယ်ယာ၊ ဆင်ဖြူကျွန်း)

စာရေးသူ၏ ဇာတိမှာ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ပျော်ခင်းသာ ကျေးရွာမှ ဖြစ်ပါသည်။ တစ်နေ့ ၂၀၁၁ ခုနှစ်၊ (၈)လပိုင်းက ဖြစ်ပါသည်။

စာရေးသူ၏ဖခင် ဆီးရောဂါဖြစ်၍ မန္တလေးမြို့ အထူးကုဆေးခန်း သွားရမည်ဟု ဖုန်းဆက်အကြောင်း ကြားသဖြင့် မိဘများရှိရာသို့ ခွင့်ယူကာ အပြေးအလွှား ခရီးသွားခဲ့ရပါသည်။

"ယောက်ျားမှာ ဆီး မိန်းမမှာ မီး" ဆိုသကဲ့သို့ အမျိုးသားများ အသက်အရွယ် ကြီးရင့်လာလျှင် ဆီးရောဂါ အဖြစ်များလေ့ ရှိပါသည်။ ဖခင်ကြီးမှာ အသက်(၈၀)ကျော် ဆိုသော်လည်း အရွယ်တင်ပါသည်။ သို့သော် အသက်ကြီးသူတို့၏ ဇရာအတိုင်း ခန္ဓာကိုယ်မှ ချို့ယွင်းလာပါသည်။

ဆီးပေါက်သည့်အခါ ပေါပေါများများ မဟုတ်ဘဲ ဆီးခဏခဏ သွားပါသည်။ သွားလာနေထိုင် အိပ်နေရင်းလည်း ဆီးတစ်စက်စက်ကျကာ ထိန်းမရတော့ပေ။ ကြာလာတော့ အစားအသောက်ပျက်ကာ ဆီးသွားလျှင် ဆီးအိမ်ပတ်ဝန်းကျင်မှ နာကျင်သော ဝေဒနာကို ခံစားရပါတော့သည်။

ထိုရောဂါကြောင့် မန္တလေးမြို့ နာမည်ကြီး ဆေးခန်းကို သွားပြပါသည်။ ဆရာဝန်ကြီးမှ ဓာတ်မှန်ရိုက် ဆီးစစ် ဆေးစစ်ပြီးလျှင် စာရေးသူတို့ မောင်နှမနှစ်ယောက်အား ရုံးခန်းတွင်း ခေါ်ပြီး ဖခင်ကြီးရောဂါမှာ ဆီးကျိတ်ရောဂါဖြစ်ကြောင်းနှင့်အသက်ကြီးလျှင် ဖြစ်တတ်ကြောင်း လုံးဝပျောက်ကင်းသည်အထိ ကုမရကြောင်း...

ခွဲစိတ်ပြန်လျှင်လည်း အသက်ကြီးတော့ သွေးတိုး၊ နှလုံးတို့ကြောင့် စိတ်ချမရကြောင်းနှင့် ဖခင်ကြီးအား စိတ်ချမ်းသာစွာထားရန်၊ စားချင်တာများကို ဂရုစိုက်ကျွေးမွေးရန်နှင့် ရှောင်ရန်ဆောင်ရန်များ ညွှန်ကြားလိုက်ပါသည်။

နောက်ဆုံး အခြေအနေအရ ကုသမရနိုင်ကြောင်း သဘောပေါက်မိပါသည်။ ဆရာဝန်ကြီးမှလည်း ဆေးထိုး စားဆေးများပေးပြီး ပြန်လွှတ်ပါသည်။

စာရေးသူတို့ မောင်နှမလည်း ဖခင်ကြီးအတွက် စိတ်မကောင်းကြီးစွာ ဖြစ်ရပါသည်။ သို့နှင့် (၁)လအကြာ၊ ဒုတိယအကြိမ် နောက်(၁)အကြာ၊ တတိယအကြိမ်အဖြစ် မန္တလေးသို့ ကားငှားကာ မိသားစုများ သွားရောက်ပြသကြပါသည်။

သို့သော် အကြောင်းကြောင်းကြောင့် နောက်ထပ်မံ၍ သွားရောက်ကုသနိုင်ခြင်း မရှိတော့ပါ။

သို့နှင့် အိမ်မှာနေရင်း ဆေးမြီးတိုများ၊ ဆရာဝန်ညွှန်ကြားသော ဆေးများ ဝယ်စားရတော့သည်။ တစ်ဖက်မှလည်း (၆)လသာ အလွန်ဆုံး… သဖြင့် စားချင်တာ ရှာကြံကျွေးရတော… သည်။

တစ်နေ့မှာတော့ အထက်ရွာမှ အိ… လည်လာသော ဦးကျော်ခဲဆိုသူ… စာရေးသူ ဖခင်ရောဂါအား ငွေမကု… လူမပန်းသည့် ဆေးနည်းကို စမ်းသ… သောက်ကြည့်ရန် ညွှန်ကြားသော… ကြောင့် သောက်ကြည့်ပါသည်။

ထိုဆေးကို ယခုထိ သောက်… ကြောင်းနှင့် ခုချိန်ထိ (၁-နှစ်ခွဲနီးပါး… ကျန်းမာစွာနှင့် အစားအသောက်မပျ… ပကတိ လူကောင်းတစ်ယောက်ကဲ့သို့… ဘာရောဂါမှ မခံစားရကြောင်း စာ… သူထံ ဖုန်းဆက်အကြောင်းကြား… သည်။

ဦးကျော်ခဲပြောပြသော ဆေး…




စာမျက်နှာ (၁၄၃) သို့

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

## ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပညာ



◆ မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ယုဂန္ဓရထေရ်

ညောင်တုန်းမြို့ ရွှေဟင်္သာတောရ
ကျောင်းတိုက် ဆရာတော်
မဟာဂန္ဓဝါစက ပဏ္ဍိတ
ဘဒ္ဒန္တယုဂန္ဓရအား
ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် **၁၃၀၁ ခုနှစ်၊ နတ်တော်လဆန်း(၃)ရက်နေ့** ဗုဒ္ဓဟူးနေ့တွင် မွေးဖွားရာ မဟာဘုတ်အရ (၆)ကြွင်း မဟာဘုတ်ပိုင်ရှင် ရာဇဖွားဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

ဆရာတော်သည် ရာဇဖွားဖြစ်တဲ့အတွက် ကျမ်းအလိုအရ ငယ်စဉ်မှာ အနာရောဂါကင်းခြင်း၊ စိတ်သဘောကောင်းခြင်း၊ အခြွေအရံပေါများခြင်း၊ အမြော်အမြင်ကြီးခြင်း၊ စကားကို ချောင့်ဖြောင့်ပြောဆိုတတ်ခြင်း၊ ပညာထက်မြက်ခြင်း၊ နာမည်သတင်းကျော်ကြားခြင်း၊ အဆန်းတကြယ် ကြံဆတတ်ခြင်း၊ မရှိအေးအေး ရှိအေးအေး နေလိုစိတ်ရှိခြင်း၊ ဘာသာရေးကို ကြည်ညိုလေးစားတတ်ခြင်းတို့ပါပဲ။

ကြာသပတေးဂြိုဟ်သည် အထွန်းဂြိုဟ်ဖြစ်သဖြင့် အကျိုးပြုဆုံးဂြိုဟ်လဲ ဖြစ်ပါတယ်။ ဒါကြောင့်...

★ ဆရာသမား အကြီးအကဲခေါင်းဆောင်ဖြစ်ရခြင်း၊
★ ဆရာကောင်း၊ သမားကောင်းများနဲ့ ကြုံရခြင်း၊
★ လူ့ဒါန်းသူ၊ ကိုးကွယ်သူ ဒကာ၊ ဒကာမ ပေါများခြင်း၊
★ ပညာရေး၌ ထူးချွန်ခြင်း၊
★ လူမှုဝန်ထမ်း လုပ်ငန်းများ လုပ်ဆောင်ရခြင်း၊
★ ပညာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိခြင်း

တို့ ဖြစ်ပါတယ်။

ထို့ပြင်...

**စနေဂြိုဟ်ဟာ ပုတိအိမ်မှာ ရပ်တည်နေတဲ့အတွက်...**

✦ ရပ်ဝေးဒေသများသို့ မကြာခဏ ခရီးသွားရခြင်း၊
✦ နိုင်ငံရပ်ခြား ခရီးကြွခြင်း၊
✦ လူမျိုးခြားများနဲ့ အကျိုးဖြစ်ထွန်းနိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



▲ ဦးထိပ်မှ မျက်လုံးနှင့် ပါးစပ်

ထွေးမောင်

ဆားလင်းကြီးမြို့မှ ထူးသော

# နိမိတ်ဆောင်

# ကျောက်မြွေ

ဆားလင်းကြီးမြို့ တောင်ပေါ်ကျောင်း ဆရာတော် အရှင်အာဒိစ္စဝံသ လမ်းညွှန်ပေးတော်မူသဖြင့် ဆားလင်းကြီးမြို့ အရှေ့ဘက် မြို့ဦးတွင် ကိန်းဝပ်တော်မူသော **ခတ်ပေါင်းမဋ္ဌူစေတီတော်ကြီး**အား သွားရောက်ပူဇော်ကြည်ညိုရာ အာရုံခံ တန်ဆောင်အတွင်းရှိ မှန်ခန်းငယ်ကလေးတွင် ထူးဆန်းသော ကျောက်မြွေကို တွေ့ခဲ့ရသည်။

တစ်စုံတစ်ခုကို ရစ်ပတ်ထားဟန်သို့မဟုတ် တွင်းလျှိုတွင်းမှ ကွေ့ပိုက်လျှိုထွက်လာဟန် ဖြစ်သည်။ ပါးပျဉ်းထောင်၍ မျက်စိနှစ်လုံးကိုလည်း အပြူးသား တွေ့ရသည်။



မျက်သွင်းနေသော

ဆင်သုံးကောင်ပလ္လင် ▶





www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘက်မှ ပါးပျဉ်းထောင်ဟန်

လွန်ခဲ့သော ဆယ်နှစ်ခန့်က ဆားလင်းကြီးမြို့ အမှတ်(၂)ရပ်ကွက်နေသူ ဦးတင်၊ ဒေါ်လင်း(မူလတန်းကျောင်းအုပ်ဆရာမကြီး–ငြိမ်း)တို့ ခြံဝင်း အုတ်တံတိုင်းခတ်ရန် မြေတူးစဉ် တွေ့ရသဖြင့် ဓာတ်ပေါင်းမဥ္ဇူဘုရားကျောင်း ဦးပဉ္စင်းထံသို့ လာရောက်လှူဒါန်းသွားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနှင့်အတူ ဆင်သုံးကောင်ပုံစံကျောက်ရုပ်လည်း ပါဝင်သည်ဆို၏။ ဆင်မှာ အတန်ပင် ပျက်ယွင်းနေပါပြီ။ မူလက ရုပ်ပွားတော် ပူဇော်သည့် ဆင်ခံလှူင်ဖြစ်ခဲ့ဟန် ရှိပေသည်။

ကျောက်မြွေကား အင်္ဂါစုံလင်စွာပါရှိသည်။ အမြီးများ အနည်းငယ်သာ အရှုင်း ထိုးမိသဖြင့် ပဲ့ပြတ်သွားသည် ဆို၏။ ဤကျောက်မြွေ၏ ဖြစ်စဉ်သမိုင်းကို ခန့်မှန်း၍ မရသော်လည်း ဆားလင်းကြီးမြို့အတွက်ကား ကောင်းသောနိမိတ် ဆောင်ပေသည်။

တောင်စဉ်ဘုရား ကျောက်စာအရ ဆားလင်းကြီးမြို့ကို မြန်မာသက္ကရာဇ် ၃၁၁ ခုနှစ်တွင် စ,တည်ခဲ့သည်ဆို၏။ နှစ်ကျိုတိုက်နယ်အတွင်း ပါဝင်သည်။ (တိုက်နယ်သည် ယခုအခါ "ခရိုင်" နှင့် ဆင်တူ၏။) မြို့တည်နှစ်မှာ ဇာတိပုံရိပ်အရ နွားစိုးမိုးသောနှစ် ဖြစ်သည်။


နွားပုံရိပ်နှင့် မြွေပုံရိပ်တို့မှာ မိတ်ဖက်များဖြစ်ကြလေရာ ဤမြွေကြီးသည် ဆားလင်းကြီးမြို့၏ အဓိကရ စေတီဖြစ်သော ဓာတ်ပေါင်းမဥ္ဇူစေတီ ကုန်းတော်သို့ ရောက်လာခြင်းမှာ ဆားလင်းကြီးမြို့ စည်ကားတိုးတက်မည့် နိမိတ်ဆောင်ပေသည်။

မြို့တည်သော ၃၁၁ ခုနှစ်သည် မြေဓာတ် ဦးဆောင်သော နွားနှစ်ဖြစ်သည်။ ထို့ကြောင့် မြေဓာတ်(ကျောက်) ဆောင် မြွေသည် ဆားလင်းကြီးမြို့၏ ပင်ကိုမြေဓာတ်ကို ပိုမို၍ တောင့်တင်းပြည့်ဝစေသည်။

ဓာတ်ကြီးငါးပါး ဆက်သွယ်မှုတွင် **ဇီရ်ယှိုင်း**(Zì Xíng)ဟု ဆိုသည်။ အကျိုးကား မြို့နေလူထုတို့ စပါးဆန်ရေ ပေါကြွယ်စေ၏။ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေ၏။ အခက်အခဲ အဟန့်အတားများ လျော့နည်းပပျောက်၍ မြို့ရွာဒေသအကျိုး တိုးတက် ထမ်းရွက်နိုင်စေလေသည်။

ဝေဒအလိုအရ **"ကျောက်မြွေ"** ဂဗ္ဘော ပထဝီဓာတ်မိတ်ဆောင်သည့် အပြင် သက်မဲ့ အဖျားယူကာ **"ဆားလင်းကြီး"**မြို့နံ့ တနင်္လာနှင့် မြွေကြာသပတေးတို့သည်လည်း ဂဗ္ဘော ဓာတ်မိတ်ပင် ဆောင်နေ၏။

www.burmeseclassic.com



ကျောက်မြွေကို
အပေါ်စီးမှ မြင်ရပုံ

ထို့ကြောင့် တည်တံ့ရှည်ကြာခြင်း အကျိုးပေး၏။ ကျောက်မြွေ ရောက်ရှိရာ ဌာနကား မြို့အဓိကရ စေတီတော်ကြီးဖြစ်ရာ ဆားလင်းကြီးမြို့တွင် သာသနာတော် အဓွန့်ရှည် တည်တံ့ရေးအတွက် ကောင်းသောနိမိတ် ဆောင်ပေသည်။

**[ကူညီမိန့်ကြားပေးသော စာတိပေါင်းမဠု ဘုရားကြီးကျောင်းမှ ဦးပဠင်း အား ကျေးဇူးတင် ဂါရဝပြုအပ်ပါသည်။]**

**ထွေးမောင်**

**စာမျက်နှာ (၁၄၅)မှ အဆက်**

✦ ဆင်းရဲနွမ်းပါးသူများအား ကူညီစောင့်ရှောက် ရခြင်း။
✦ မွေးရာဇာတိမြေမှ စွန့်ခွာရခြင်းများ ကြုံတွေ့ရပါမယ်။

ထို့ပြင်...

**ကြာသပတေးဂြိုဟ် (အထွန်းဂြိုဟ်) နဲ့ စနေဂြိုဟ်(ပုတိဂြိုဟ်)ဟာ ပက္ခမ် နေသဖြင့်...**

❋ ပညာသင်ကြားစဉ် အခက်အခဲ ကြုံတွေ့ ရခြင်း။
❋ တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့ခြင်း၊

တို့ ဖြစ်တတ်ပါတယ်။

ထို့ပြင်...

**သောကြာဂြိုဟ်ဟာ ဘင်္ဂအိမ်၌ ရပ်တည်နေသဖြင့်...**

✪ ခရီး မကြာခဏ သွားရခြင်း။
✪ စကားပြောကောင်းခြင်း။
✪ အသံအားကောင်းခြင်း

တို့ကို ဖြစ်စေပါမယ်။

**တနင်္ဂနွေဂြိုဟ်သည် သိုက်ဂြိုဟ် ဖြစ်တဲ့အတွက်...**

✪ အလုပ်အကိုင် တည်တံ့ခိုင်မြဲစေခြင်း။
✪ နေရာဌာနစွဲမြဲစေခြင်း။
✪ အကြီးအကဲ ဖြစ်ရခြင်း

တို့ ရှိငြားသော်လဲ **တနင်္ဂနွေဂြိုဟ် (သိုက်ဂြိုဟ်)နဲ့ ဗုဒ္ဓဟူး(ရာဇဂြိုဟ်)** တို့သည် ပက္ခမိရာ အင်းဝရန်ဖက် ကျသဖြင့်...

☆ လုပ်ငန်းတွင်း ပဋိပက္ခများခြင်း။
☆ လုပ်ငန်းတွင်း မညီမညွတ်ဖြစ်ခြင်း

များလဲ ကြုံတွေ့ရပါလိမ့်မယ်။

ကျေးဇူးရှင် ဆရာတော်ကြီး မဟာ ဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ယုဂန္ဓရအား ပူဇော်ဂါရဝပြုလိုက်ရပါတယ်။

***အေးပါစေ၊ အောင်ပါစေ***

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com



◆ ညှင်ပင်လယ်ကို ဖြတ်သန်းခြင်း

ဟုလွင်ငေးဝိ

# သင်္ကေတပဟေဠိ

## ဘာသာစကား(၂၈)

### သင်္ဘော

ပင်လယ်ပြင်တွင်း၌ သင်္ဘောတစ်စင်း လွှမ်းထိုးခုတ်မောင်း ဖြတ်သန်းသွားသော ပုံသဏ္ဌာန်ကို ငွေဒင်္ဂါးများ၌ တွေ့ရတတ်သည်။ ယင်းသည် ကျေနပ်ဝမ်းမြောက်ခြင်းနှင့် ပျော်ရွှင်မှု အထိမ်းအမှတ်ဖြစ်သည်။

သို့သော်လည်း အချို့က တစ်မျိုးသော အဓိပ္ပာယ်ကို ဖွင့်ဆိုသည်။ **ဥပမာ** ပွန်ပေဘုရင်ကြီး (Pompey the great)က သက်ရှင်နေထိုင်မှုသည် မလွဲမကင်းသာ၍ ရင်ဆိုင်လျှောက်လှမ်းနေရခြင်း မဟုတ်၊ ရေကြောင်းခရီး သွားလာနေခြင်း(ရှက်လွှင့်နေခြင်း)သာ ဖြစ်သည်ဟု ဆိုသည်။

သူက သက်ရှင်နေထိုင်မှုလည်း လုံးဝပျောက်ကွယ်ဆိတ်သုဉ်းခြင်း ဆင့်ကဲဖြစ်စဉ်ဟု နားလည်ခံယူ၏။ မလွှဲရှောင်နိုင်သည့် မရဏတရားကို ဆိုလိုဟန်ရှိသည်။

စွန့်စားသွားလာခြင်းသည် အခြေခံအားဖြင့် ဘာမှမရှိလှပါ။ သို့သော် ရေကြောင်းပုံပြင်ဒဏ္ဍာရီများရ ပျက်စီးနိုင်ခြင်း(သမုဒ္ဒရာ ရေစီးကြောင်းတွင် လွင့်မျောပါသွားခြင်း)နှင့် ပယ်နုတ်၍ရနိုင်ခြင်း(မူလ အခြေအနေ မူလကမ်းခြေသို့ ပြန်ရောက်ခြင်း) ဟူသည့် ဘေးအန္တရာယ်နှစ်ခုကို အောင်မြင်စွာကျော်ဖြတ် ရှက်လွှင့်နိုင်ခြင်း၏ သင်္ကေတအဖြစ် ပင်လယ်ကို ဖြတ်သန်းခုတ်မောင်းနေသော သင်္ဘောကို ပမာပြုကြသည်။

ဆိုလိုသည်ကား ဘာမှ မလုပ်လျှင် ဘာမှ ဖြစ်မလာပါ။ စွန့်စားကြိုးပမ်းလုပ်ကိုင်ပါမှ မူလအခြေအနေသို့ ပြန်ရောက်ကောင်းရောက်မည်။ ရေစီးတွင် လွင့်မျောသကဲ့သို့ ပျက်စီးခြင်းလည်း ဖြစ်သွားနိုင်သည်။

ထိုဘေးအန္တရာယ်နှစ်ခုကို လွှမ်းမြောက်လျှင်ကား ကြီးစွာသော အောင်မြင်မှုကို ရရှိပေမည်။ ထို့ကြောင့် ထိုသင်္ဘော၏ ဖွင့်ဆိုချက်သည် ဘဝနေထိုင်မှုစွမ်းအင်များကို နှိုးဆွပေးခြင်းလည်း ဖြစ်ပေသည်။

တစ်နည်းအားဖြင့် သင်္ဘောသည် ပုံသဏ္ဌာန်ကင်းမဲ့၍ ရန်လိုတတ်သော ပင်လယ်ပြင်ကြီး၏ အလွှမ်းဝေးကွာသော တစ်နေရာရှိ မြင့်မြတ်စေသော ကျွန်းသာယာကို ညွှန်ပြသော သင်္ကေတလည်း ဖြစ်သည်။

ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတရားတွင်လည်း သင်္ဘောကို ပမာပြုသုံးနှုန်းတတ်ကြသည်။ *(ဗုဒ္ဓဘာသာတွင် မဂ္ဂင်သင်္ဘောဟု သုံးနှုန်းသကဲ့သို့ ဖြစ်သည်။)*



www.burmeseclassic.com

www.burmeseclassic.com

ညည့်ပင်လယ်ကို ဖြတ်သန်းခြင်းဟု အမည်ပေးထားသော ကားချပ်တစ်ခုတွင် ဝေလငါးနှင့် သင်္ဘောပုံကို သရုပ်ဖော် ရေးဆွဲထားသည်။ **ဂေါသ်**(Gothic) လူမျိုးတို့၏ အမှတ်အသားဖြစ်သည်။

တစ်ချိန်တစ်ခါက ဆက်နွယ်ပတ်သက်ခဲ့ခြင်းနှင့် ဆန့်ကျင်ခြင်း၏ သင်္ကေတဟု အဓိပ္ပာယ်ဖွင့်သည်။ ဇာတိမြေကို စွန့်ခွာ၍ ပင်လယ်ပြင်ကို ဖြတ်သန်းကာ နယ်မြေသစ်ရှာဖွေလျက် တစ်ထီးတစ်နန်း ထူထောင်ခြင်းကို ရည်ညွှန်းသည်။

ထို့ကြောင့်ပင် သင်္ဘောကို လွတ်လပ်ခြင်းနှင့် ရွေ့ပြောင်းဦးဆောင်ခြင်းဟု အဓိပ္ပာယ်ဖွင့်သည်လည်း ရှိသကဲ့သို့ အပြောကျယ်၍ အန္တရာယ် ပြွမ်းလှသော ပင်လယ်ပြင်တွင် ခုတ်မောင်းရသည်ကိုညွှန်း၍ အသက်ဇီဝ ချုပ်ငြိမ်းခြင်းနှင့် နှိုင်းယှဉ်ကာ **'မရဏသင်္ဘော'** ဟုလည်း သုံးနှုန်းတတ်ကြလေသည်။

---

အသံ

---

အရာအားလုံးတွင် ပထမဦးဆုံးဖန်ဆင်းမှုဟု ဖွင့်ဆိုသည်။ လေ၊ မီး၊ အလင်းရောင်တို့ကဲ့သို့ လူသား၏ တိုးတက်မှုဖြစ်စဉ်ကို အားပေးသည်ဟု ဆို၏။

အိန္ဒိယဒေသတွင်မူ **ခရစ်ရှနား** (Krishna)၏ ပုလွေသံသည် ကမ္ဘာလောကကြီး မွေးဖွားမှုကို ဖန်တီးပေးသည်ဟု ယူဆကြသည်။

တရုတ်ဓလေ့တွင်မူ အခြေခံဓာတ်ကြီးငါးပါးကို ဖန်တီးပေးသည်ဟု ယူဆကြသည်။

တရုတ်ဓလေ့တွင်မူ အခြေခံဓာတ်ကြီးငါးပါးကို သံစဉ်များဖြင့်လည်း ခွဲခြားသတ်မှတ်ကြသည်။ သစ်သားဓာတ်သည် ကျွယ်(Jué) **(မြန်မာ့စောင်း သံစဉ် ခြောက်သွယ်ညွှန်းနှင့်တူ၏။)** မီးဓာတ်သည် ကျိရ်(Zhǐ)(ပြည်တော်ပြန်)၊ မြေဓာတ်သည် ကုန်း(Gōng) (ပုလဲ)၊ သတ္တုဓာတ်သည် ရှန့်(Shàng) (ညှင်းလုံး)၊ ရေဓာတ်သည် ယွိ(Yù) (ပြည်တော်ပြန်)ဟူ၍ ဖြစ်ကြသည်။

ဤသို့လျှင် အကောင်အထည်ဒြပ်ထု မရှိသော်လည်း အသံကို သင်္ကေတတစ်ခုအဖြစ် သတ်မှတ်ကြလေသည်။

---

ခရုပတ်

---



အနအလှ၏သင်္ကေတ ဖြစ်သည်။ အီဂျစ်အဆောက်အအုံများကဲ့သို့ ရှေးအဆောက်အအုံများ၏ ထိပ်ပိုင်းအထွတ်တွင် ခရုပတ်ပုံစံများ တွေ့ရတတ်သကဲ့သို့ ခေတ်မီသိပ္ပံနည်းပညာများတွင်လည်း ခရုပတ်ပုံစံကို အသုံးပြုလေ့ ရှိကြသည်။

လွယ်ကူ အဆင်ပြေခြင်းသဘောဆောင်သည်။ ဥပမာ ခရုပတ် လှန်သွားသဖြင့် အရာဝတ္ထုများတွင် သပ်ရပ်ညီညာသော အပေါက်များ ထွင်းဖောက်နိုင်လေသည်။

ခရုပတ်သည် အနအလှအတွက်သာမက အသုံးချနိုင်သော လက်တွေ့နယ်ပယ်တွင်လည်း နေရာများစွာယူထားသော ပုံစံတစ်မျိုးဖြစ်သည်။

---

ပင့်ကူ

---



ပင့်ကူကို တစ်ခါတစ်ရံ ပူးပေါင်းခြင်းအနက်ဆောင် သုံးနှုန်း၍ တစ်ခါတစ်ရံ ဩဇာလွှမ်းမိုးမှုသဘောဆောင် အမှတ်အသားအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

ပင့်ကူ၌ ထူးခြားသော ဝိသေသ သုံးခုရှိသည်။

၁။ ကွန်ရက်(ပင့်ကူအိမ်)ကို မိမိကိုယ်တိုင် ရက်လုပ်နိုင်ခြင်း သာဓကကြောင့် ပင့်ကူသည် ဖန်တီးတီထွင်နိုင်သော စွမ်းအင်ရှိသည်။

၂။ ကျူးကျော်ရန်စလိုသော သဘောထားရှိသည်။

၃။ ပင့်ကူအိမ်သည် အလယ်ဗဟိုချက်မှနေ၍ ခရုပတ်ပုံ ကွန်ရက်ဖြန့်ကာ စနစ်ကျသော ဖွဲ့စည်းပုံရှိသည်။

ပင့်ကူသည် ပင့်ကူအိမ်၏ အလယ်ဆုံချက်၌ ငြိမ်သက်စွာ ရှိနေခြင်းကို ကမ္ဘာမြေကြီး၏ အလယ်ဗဟိုအဖြစ် သင်္ကေတပြုကြသည်။ အလားတူပင် အိန္ဒိယ၊ မာယာလူမျိုးများကလည်း အဆုံးအစမရှိသော ထင်ယောင်ထင်မှားဖြစ်စေသည့် ကွန်ရက်ကို ဖန်တီးသူဟု အဓိပ္ပာယ်ဖွင့်ကြသည်။

စေးကပ်သော အမျှင်များဖြင့် ဖွဲ့စည်းထားသည့် ပင့်ကူအိမ်တွင် ကပ်ငြိရောက်ရှိလာသော ပိုးကောင်များကို ဖမ်းယူစားသောက်တတ်ကြသည်။

ဤဓလေ့ကြောင့် ပင့်ကူအိမ်တွင်း၌ ပင့်ကူတစ်ကောင် ထိုင်နေသောပုံစံကို သူသတ်အဆောက်အအုံ သို့မဟုတ် ဖျက်ဆီးခြင်းဟုလည်း အဓိပ္ပာယ်ဖွင့်ကြသည်။

ပင့်ကူသည် အစာကို လိုက်လံဖမ်းဆီးရန် အားထုတ်လေ့ မရှိဘဲ သူ့ကွန်ရက်တွင် ငြိတွယ်စေပြီးမှ ဖမ်းယူစားသောက်ခြင်းကို အခြေခံ၍ ယင်းဓာတ်ဆောင် လပြက္ခဒိန်(Lunar



www.burmeseclassic.com

www.burmeseclassic.com

animal)ဟု သတ်မှတ်ကြသည်။

စိတ်နယ်လွန် ဒဏ္ဍာရီများတွင် လကို ကြီးမားသော ပင့်ကူကြီးသဏ္ဍာန် ရေးဖွဲ့တတ်ကြသည်။ အာကာသတွင် **ယင်းဓာတ်** အများဆုံးဖြစ်သော လနှင့် တိရစ္ဆာန်များတွင် ပရိယာယ်ကြွသော **ယင်းဓာတ်ဆောင်** ပင့်ကူတို့ကို ဆပ်တူပြု တင်စားကြခြင်း ဖြစ်လေသည်။

### မြေပြင် (သို့မဟုတ်) ဗာစ်စုံဗာစ်ခုပေါ်၌ စိုက်ထူထားသော တုတ်ချောင်း


ဤသင်္ကေတသည် အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်မျိုးရှိသည်။ ထောက်ပံ့ကူညီခြင်းနှင့် အပြစ်ပေးဒဏ်ခတ်ခြင်း၏ ကိရိယာဟူ၍ ဖြစ်သည်။

ထောက်ပံ့ကူညီခြင်း အဓိပ္ပာယ်နှင့် စပ်လျဉ်း၍ ရှေးအီဂျစ်လူမျိုးတို့သည် ဆောင်းဦးရာသီအကုန်တွင် ပွဲတော်ကျင်းပကြသည့်အခါ **မြေပြင်၌ တုတ်တိုင်တစ်ခု စိုက်ထူလျက် နေ့တိုင်မွေးဖွားခြင်း** (Nativity of Sun-Stick) ဟု ခေါ်ဝေါ်ကြသည်။

အဘယ်ကြောင့်ဆိုသော် ထိုရာသီတွင် နေ့တာတိုလာ၍ နေရောင်သည်လည်း အားလျော့လာသဖြင့် နေမင်းသည် ထောက်ကန်ပေးရန် လိုအပ်သည်ဟု ယူဆကြသောကြောင့် ဖြစ်ပေသည်။

အပြစ်ပေး ဒဏ်ခတ်ခြင်း အဓိပ္ပာယ်အား မြေပြင်၌ ထိုးစိုက်ထားသော တုတ်တိုင်သည် လူတစ်ယောက်၏ ရင်ဝတွင် အသွားစူးနစ်နေသော လှံတစ်ချောင်းနှင့် အလားသဏ္ဍာန် တူနေခြင်းကြောင့် ဖြစ်သည်။

### ကြွက်




အင်အားချည့်နဲ့ခြင်းနှင့် မရဏသေမင်းကို ခေါ်ဆောင်လာသည့် သင်္ကေတဟု မှတ်ယူကြသည်။ အီဂျစ်နှင့် တရုတ်နိုင်ငံတို့တွင် အကြီးအကျယ် ကျရောက်ခဲ့သော ပလိပ်ရောဂါ ကပ်ဘေးကြီးများကြောင့် မာရ်နတ်ဆိုး၏ ဝိညာဉ်များ ကိန်းအောင်းနေသည့် သတ္တဝါများအဖြစ် ရှုမြင်ကြသည်။

သို့သော်လည်း ကြွက်များတွင် ထူးခြားသော စွမ်းအင်များ ရှိကြသည်။ တရုတ်ဆိုရိုးတစ်ခုမှာ ကြွက်နေထိုင်ရာ တွင်းပတ်ဝန်းကျင်ရှိ ဂယ်ပေါက်များ အားလုံးကို ပိတ်ဆို့ကာ မီးခိုးမှိုင်းတိုက်သော်မှ ထိုအန္တရာယ်မှ ထွက်ပြေးလွတ်မြောက်နိုင်သော အကျပ်အတည်းမှ ရုန်းထွက်နိုင်သော စွမ်းအင်ရှိသည်ဆို၏။ ပါးရည်နပ်ရည်ရှိသော သတ္တဝါအဖြစ် တင်စားကြသည်။

လက်တွေ့ အခြေအနေအရ နိမ်ချရာတွင်လည်း ကြွက်ကို ပမာပြုသည်။ ကြွက်လို ညစ်ပတ်စုတ်ပြတ်သူ၊ ခွေးပြေးကြွက်ပြေး ပြေးရသည်၊ ကြွက်လို အမြင်တိုသည်၊ ကြွက်လို ခိုးကြောင်ခိုးဝှက်နိုင်သည် စသည်ဖြင့် သုံးနှုန်းတတ်ကြလေသည်။

### မှန်ကူကွက်

အမျိုးသမီးအင်္ဂါ ကိုယ်စားပြု သင်္ကေတဖြစ်သည်ဆို၏။ ရှေးဟောင်းအီဂျစ်ပဋ္ဌလက်အတတ်တွင် အသုံးပြု




သည့် ကိရိယာတန်ဆာပလာတစ်ခုဖြစ်သည်။

ယင်းကို ဝှေ့ယမ်းလိုက်ပါက ပုရိသတို့၏ ရမ္မက်ဇောဆန္ဒကို လှုံ့ဆော်မီးညှိပေးလိုက်သကဲ့သို့ တရှိန်ရှိန် တညီးညီး တောက်လောင် တက်ကြွစေသည်ဆို၏။

လှုပ်ရှားပြင်းထန်မှုကို ပြသော သင်္ကေတလည်းဖြစ်သည်။

### ဖဲကြိုးပြား



ပေါင်းစပ်ဖွဲ့စည်းမှု၏ သင်္ကေတ ဖြစ်သည်။ စည်းနှောင်ထားသော ဖဲကြိုးပြား၏ ပုံသဏ္ဍာန်ကြောင့် ဖြစ်သည်။

သရဖူ (သို့မဟုတ်) ပန်းကုံးများနည်းတူ အသုံးများကာ အရှိန်အဝါဩဇာ လွှမ်းမိုးမှု အထိမ်းအမှတ်အဖြစ်လည်း အဓိပ္ပာယ်ဖွင့်တတ်ကြသည်။

**ဟူဂျင်းဗီ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အာရုံကြောရောဂါနှင့် အစာအိမ်ရောဂါအတွက်

# မိုးဦးပန်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်




မှတ်ပုံတင်- TMR010978(0614)

''ကိုမင်းမြတ်မောင်နဲ့ ကိုဇော်ရဲနိုင်တို့ ဘယ်က လှည့်လာကြတာလဲ''

''စာပေအကြောင်းလည်း ဆွေးနွေးရင်း ကျွန်တော်တို့နှစ်ယောက် ခံစားနေရတဲ့ ဝေဒနာအတွက် တိုင်းရင်းဆေးသုတေသီဖြစ်တဲ့ ဆရာကိုယဉ်တင့်နဲ့ တိုင်ပင်ပြီး ဆေးဝါးကောင်း လမ်းညွှန်ပေးဖို့ပါ''

''ဆရာတို့နှစ်ယောက်က ဘယ်လိုဝေဒနာတွေ ခံစားနေရလို့လဲ''

ကိုမင်းမြတ်မောင်က 'အခုတလော ဇက်ကြောတွေထိုး... နောက်ကြောတွေ တက်ပြီး ခေါင်းတွေ မူးဝေပြီး... စိတ်ထဲ မကြည်မလင်ဖြစ်နေတယ်...သတိတွေလည်း မေ့လျော့တယ်...ခြေလက်တွေလည်း ထုံ ကျဉ်နေတယ်ဗျာ...'

ကိုဇော်ရဲနိုင်က 'ကျွန်တော်ကတော့ စားတဲ့အစာလည်း မကြေဘူး... ရင်ထဲတောင့် တင်းပြီး အောင့်လည်း အောင့်တယ်... လေချဉ်လည်း တက်ပြီး ဝမ်းလည်း မကြာခဏ ပျက်တယ်'

''ဆရာကိုမင်းမြတ်မောင်က အာရုံကြောရောဂါဖြစ်နေပြီး... ကိုဇော်ရဲနိုင်က အစာအိမ်ရောဂါစနေပြီလို့ ပြောရမှာပဲ''

''ဒါ ကျွန်တော်တို့ ဘာဆေးသောက်ရင် ကောင်းမယ်...ဆိုတာ ညွှန်ကြားပေးပါဦး''

''လွန်ခဲ့တဲ့ တစ်နှစ်က...ကျွန်တော်ကိုယ်တိုင် အဲဒီရောဂါနှစ်မျိုးစလုံး ခံစားနေရတာ... မြောက်ဥက္ကလာပမြို့နယ်က မိုးဦးပန်းဆေးတိုက်ကို ရောက်တော့... ဆရာ ဦးကံအေးနဲ့တွေ့ပြီး သူကိုယ်တိုင်ထုတ်တဲ့ အာရုံကြောဆေးနဲ့ အစာအိမ်ရောဂါဆေးကို သောက်ကြည့်စမ်းပါလို့ ပြောတာ... အဲဒီ ဆေးတွေကို သုံးစွဲခဲ့လို့... ဆီး.. ဝမ်း.. လေ မှန်ပြီး မှတ်ဉာဏ်တွေလည်းကောင်း... ကိုယ်လက်လည်း ပေါ့ပါးသွက်လက်နေတာ ဆရာတို့အမြင်ပဲ...''

''ဆရာ...ကိုယဉ်တင့်ပြောတဲ့ မိုးဦးပန်း ဆေးတိုက်က ထုတ်တဲ့ အာရုံကြောဆေးနဲ့ အစာအိမ်ဆေးသောက်မယ်ဗျာ... အဲဒီဆေးတွေ မသောက်မီ... ဆေးရဲ့ အာနိသင်တွေကို သိချင်ပါတယ်... ဆေးညွှန်းကို ပြောပြပါဦး''

''ဆေးအညွှန်းတွေကို မပြောမီ ... ဆေးထုတ်လုပ်တဲ့ ဆရာ ဦးကံအေး (မန္တလေးတိုင်းရင်းဆေး ဒီပလိုမာ - အမှတ်စဉ် ၁၂ ဆင်း)၊ ဆေးခန်းမှူးဘဝနဲ့... အင်္ဂပူမြို့၊ မအူပင်မြို့၊ ကျိုက်လတ်မြို့၊ လှည်းကူးမြို့တွေက.. အာရုံကြောရောဂါဝေဒနာရှင်တွေ... အစာအိမ်ရောဂါဝေဒနာရှင်တွေကို ကုသအောင်မြင်ခဲ့တဲ့ ဆေးမို့ ရောဂါဝေဒနာရှင်တွေ ကောင်းဆိုချက်အရ ထုတ်လုပ်ဖြန့်ချိတဲ့ဆေးပဲ။ ကျွန်တော်သွားလေရာဆောင်တဲ့ဆေးမို့ အညွှန်းတွေလည်း ပါတယ်။ ကြားချင်ရင်... နားဆင်ကြပါ။ အာရုံကြောဆေးအညွှန်းကတော့... ခေါင်းအုံ၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်.. ဇက်ကြောထိုးခြင်း၊ မျက်ရိုးကိုက်.. မျက်ကြောထိုးခြင်း၊ မေးရွဲ့ပါးရွဲ့ခြင်း၊ လျှာလေးအာလေးခြင်း၊ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်း၊ အကြွေးအဆန့် အထိုင်အထအားနည်းခြင်း၊ ခြေလက်များ ထုံကျဉ်ခြင်း၊ လေငန်းလေဖြတ်ခြင်း၊ နာတာရှည်ရောဂါခံစားနေရခြင်း၊ စိတ်မကြည်မလင်ဖြစ်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ခြင်း၊ အိပ်မပျော်ခြင်း၊ မူးဝေခြင်း၊ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါနှင့် ၄င်းရောဂါ နောက်ဆက်တွဲဆိုးကျိုးများအတွက် သင့်လျော်သော ဆေးဖြစ်ပါသည်...တဲ့။ အစာအိမ်ရောဂါသောက်ဆေးအညွှန်းကတော့... အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ရင်ထဲတောင့်တင်းနေခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အနာဖြစ်ခြင်း၊ ရောင်ခြင်း၊ အောင့်ခြင်း၊ လေချဉ်တက်ခြင်း၊ လေပူထခြင်း၊ လေနာရောဂါစွဲကပ်ခြင်း၊ မိမိနှင့် မတတ်မတည့်သော အစားအစာများ စားမိ၍ ခန္ဓာကိုယ် ယားယံခြင်း၊ အဖုအပိမ့်ထခြင်း၊ အစာအဆိပ်ဖြစ်၍ ဗိုက်နာခြင်း၊ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊ မကြာခဏ ဝမ်းပျက်ခြင်း၊ အစားအသောက် အမှားမခံခြင်း စသော အစာအိမ်နှင့် အူလမ်းကြောင်းရောဂါအတွက် သင့်လျော်သော ဆေးဖြစ်ပါသည်... တဲ့။ ဤဆေးသည် အစာအိမ်ဆေး၊ အစာကြေဆေး၊ အစာဖျက်ဆေး... အဖြေကျော် ဆေး ၄ မည်ရ မဟာဆေးတော်ကြီးဖြစ်လျှက် - စားသမျှကြေပြီး မှားသမျှဖြေတဲ့ ဆေးစွမ်းကောင်းတစ်လက်ပဲ...''




မှတ်ပုံတင်- TMR010979(0614)

''တိုင်းရင်းဆေး သုတေသီဖြစ်တဲ့ ဆရာ ကိုယဉ်တင့်ကိုယ်တိုင် သုံးစွဲနေတဲ့ ဆေးစွမ်းကောင်းနှစ်လက်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ယုံယုံကြည်ကြည် သုံးစွဲကြမယ်ဗျာ။ ဒါဖြင့် ဘယ်ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်သလဲဆိုတာ လမ်းညွှန်ပါဦး''

''အမြို့မြို့ရှိ မြန်မာဆေးမျိုးစုံ ဆိုင်တိုင်းမှာ ဝယ်ယူရရှိနိုင်ကြောင်းပါ''

## မိုးဦးပန်း ဆေးတိုက်

အမှတ် ၇၄၃၊ ဘုမ္မာ ၅ လမ်း၊

(၅) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၄၅၀၀၂၃၂၈၀



www.burmeseclassic.com

www.burmeseclassic.com

# သစ်ကွင်းနှစ်ထပ်နဲ့

အကျဉ်းအကျပ်မှ လွတ်ခဲ့ရသူ

မြောင်းမြ မြင့်ရှိန်

ပြီးခဲ့တဲ့လရဲ့တစ်ခုသော နံနက်စောစောမှာ ကျွန်တော့်ဇနီးက မြောင်းမြမုန့်ဟင်းခါး စားချင်တယ်လို့ တမ်းတလာတယ်။

သူ့အနေနဲ့ မုန့်ဟင်းခါးကို မက်ရေစက်ရေ ကြိုက်တာတော့ မဟုတ်ဘူး။ တစ်ခါတလေမှ စားဖြစ်တာ။ စားရင်လဲ အခုလိုကောင်းပေ့ဆိုတဲ့ မုန့်ဟင်းခါးတွေပဲ စားတယ်။


ဒါနဲ့ ကျွန်တော်လဲ စက်ဘီးဆွဲပြီး သုဝဏ္ဏပေါ်ဆန်းလမ်းထိပ်မှာ ဖွင့်တဲ့ မြောင်းမြမုန့်ဟင်းခါးဆိုင်ကို ထွက်လာခဲ့တယ်။ ကျွန်တော်တို့နေတာ သာကေတ အပိုင်းနားမှာဆိုတော့ ကမာကြည်တံတား ကျော်လိုက်တာနဲ့ သုဝဏ္ဏထဲ ရောက်နေပြီကိုး။

ပေါ်ဆန်းလမ်းထိပ်က မြောင်းမြမုန့်ဟင်းခါးဆိုင်ရောက်တော့ ဆိုင်ထဲမှာ ပါဆယ်ဝယ်သူတွေ၊ ဆိုင်မှာထိုင်စားတဲ့သူတွေနဲ့ အတော်ကို စည်စည်ကားကား ရောင်းနေတာ တွေ့ရတယ်။


ကျွန်တော်တို့မိသားစု ပြီးခဲ့တဲ့ တစ်နှစ်ကျော်လောက်က တစ်ခါလာစားတုန်းက အခြေအနေနဲ့ တခြားစီပဲ။ ဒီတုန်းက ဆိုင်လေးက ခြောက်တီးခြောက်ကပ်နဲ့ အရောင်းအဝယ်လဲ ကောင်းပုံ မပေါ်ဘူးလေ။

ဆိုင်ပိုင်ရှင်ဖြစ်တဲ့ ဦးမြင့်ကို၊ ဒေါ်အေးအေးလှိုင် ဆိုတာက မြောင်းမြဇာတိတွေ။ ကျွန်တော်နဲ့ဆိုလဲ မြောင်းမြမှာကတည်းက ရပ်ဆွေရပ်မျိုးတွေလို နေလာကြတဲ့သူတွေ။ သူတို့မိသားစုလိုက် ဒီသုဝဏ္ဏကို ပြောင်းလာကြတာ လေး‚ငါးနှစ်လောက်ပဲ ရှိသေးတယ်။

ပြောင်းလာစကတော့ တခြားအရောင်းအဝယ်တွေ လုပ်ပေမယ့် သိပ်အဆင်မပြေတာနဲ့ သူတို့ကျွမ်းကျင်



▲ သစ်ကွင်းနှစ်ထပ်ပုံကို တစောင်းအနေအထားဖြင့် မြင်တွေ့ရပုံ



▲ သစ်ကွင်းနှစ်ထပ်ပုံကို ကျောဘက်မှ မြင်ရပုံ

တဲ့ မုန့်ဟင်းခါးဆိုင်လေး ဖွင့်ဖြစ်ကြတယ်လို့ တစ်ခါက ပြောဖူးတယ်။

'ဟာ ကိုမြင့်လှိုင် မတွေ့ဖြစ်တာကြာပြီနော်။ မုန့်လာစားတာလား'

'ဩော် ဟုတ်တယ် မောင်မြင့်ရေ ဒီနေ့မှ မိန်းမက မုန့်ဟင်းခါးစားချင်တယ်ဆိုတာနဲ့ ထွက်လာခဲ့တာ။ ပြီးတော့ မင်းအစ်ကို ကိုမြင့်ကိုနဲ့လဲ မတွေ့ရတာကြာလို့ လှည့်ဝင်လာတာ။ မင်းရော အခု ဘာတွေလုပ်နေလဲကွ'





www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်လား မုန့်ဟင်းခါးပဲ ရောင်းတယ်လေ။ ကိုမြင့်ကိုတို့ လင်မယား (၁၀)ရက် တရားစခန်းဝင်နေလို့ ရေစက်က ကျွန်တော့်ဆိုင်ကို ခဏပိတ်ပြီး ဒီမှာ ဝင်ပေးနေတာ'

မောင်မြင့်ဆိုတာက ဆိုင်ရှင် ကိုမြင့်ကိုရဲ့ညီပါ။ တစ်ကိုယ်ရည် တစ်ကာယသမားဆိုတော့ ကိုမြင့်ကိုတို့ ရန်ကုန်ပြောင်းလာတော့ သူလဲ ပါလာခဲ့တယ်လေ။

'ဩော် ကြောင့်မို့ ကိုမြင့်ကိုတို့ လင်မယားကို မတွေ့တာကိုး။ ဒါဆို မင်းလဲ မြောင်းမြမုန့်ဟင်းခါးဆိုင်ပဲပေါ့ ဟုတ်လား'


'အင်းလေ အစ်ကိုကြီးတို့က အခုဆိုင်ခွဲသုံးခုတောင် ဖွင့်ထားတာ၊ ရေစက်မှာ ကျွန်တော်ရောင်းတယ်။ ဈေးနားမှာက အစ်ကိုကြီးသမီး အကြီးမ၊ အိမ်နဲ့တွဲနေတဲ့ ဒီဆိုင်မှာ အစ်ကိုကြီးတို့ လင်မယားထိုင်တယ်'

'ဟ...တယ်ဟုတ်ပါလား တော်တော်ရောင်းကောင်းတာပေါ့။ ကိုယ့်တစ်မြို့တည်းသားတွေ အခုလို အဆင်ပြေတာတွေရတော့ ဝမ်းသာတယ် မောင်မြင့်ရေ ကြိုးစားကွ'

'ဟုတ်တယ် ကိုမြင့်လှိုင်ရေ ကျွန်တော်တို့လဲ အခုမှ အသက်ရှူချောင်တာ။ ဟိုနှစ်တွေက အရောင်းအဝယ်က ကိုမြင့်လှိုင် တွေ့တဲ့အတိုင်းပဲ စားဖို့တောင် အနိုင်နိုင်ရယ်။ လာ အစ်ကိုရောက်တုန်း အိမ်ထဲဝင်ပြီး လက်ဖက်ရည် သောက်သွားပါဦး'

'နေပါစေ မောင်မြင့်ရယ်...ဒီမှာလဲ ဝယ်သူတွေနဲ့ ဒီလောက်အလုပ်များနေတာ နောင်ကြုံမှ သောက်တာပေါ့'

'ဟာ ဒါများတယ် မခေါ်ဘူး၊ ကိုမြင့်လှိုင်ရဲ၊ ဒီလူလောက်ကို ကျွန်တော့်ချာတိတ်တွေ နိုင်ပါတယ်။ မနက်စော



◆ သစ်ကွင်းနှစ်ထပ်ပုံကို

ရှေ့တည့်တည့်မှ မြင်ရပုံ

စောတစ်ချက်ပဲ ချိုင့်ဆွဲတွေနဲ့မို့ မနိုင်မနင်း ဖြစ်တတ်တာ၊ ခုချိန်လောက်ဆို အေးဆေးပါ'

ဒါနဲ့ ကျွန်တော်လဲ ဆိုင်နဲ့ တစ်ဆက်တည်းဖြစ်တဲ့ ကိုမြင့်ကိုတို့ အိမ်ထဲ ဝင်ခဲ့တယ်။ အဲဒီမှာ ကျွန်တော် သတိထားမိတာက ဘုရားစင်အောက်နားမှာ ချိတ်ဆွဲထားတဲ့ ပစ္စည်းလေး တစ်ခု။

ဒါကလဲ တခြားတော့မဟုတ်ဘူး။ **ဆင်စွယ်ရောင် သစ်ကွင်းတစ်ခုပါ။** ဒီလိုပစ္စည်းမျိုးတွေက ဂမ္ဘီရဆန်တယ်ဆိုတာ ရိပ်ဖမ်းသံဖမ်းလောက်သာ ကြားဖူးပေမယ့် ဘယ်လိုစီရင် အသုံးချရင် ကောင်းကျိုးချမ်းသာ ဖြစ်စေတယ် ဆိုတာတော့ မသိတာအမှန်ပါ။

'ဟေ့ မောင်မြင့် ဘုရားစင်အောက်မှာ ချိတ်ထားတာ သစ်ကွင်းလေး မဟုတ်လား။ ဒီပစ္စည်းလေးတွေက ဘာတွေကောင်းလဲကွ ငါ မသိလို့'

လို့ ကျွန်တော်မေးတော့...

'ဟုတ်တယ် ကိုမြင့်လှိုင်ရေ အဲဒါ သစ်ကွင်းအစစ်ပဲ။ သစ်ကွင်းမှ နှစ်ထပ်။ ဒီမှာ လာကြည့်ပါလား'

ဆိုတော့

ကျွန်တော်လဲ အနားကပ်ပြီး ကြည့်တော့ ဟုတ်တယ်၊ သစ်ကွင်းကြီးအပေါ်နားမှာကပ်ပြီး နောက်သစ်လေးတစ်ခုက ရှိနေတယ်။

'အေးကွာ ထူးတော့ တော်တော်ထူးတယ်နော် မောင်မြင့်'

'ဟုတ်တယ် ကိုမြင့်လှိုင်ရဲ့ ဒီသစ်ကွင်းလေးက တခြားဘာတွေ ကောင်းတယ်တော့ ကျွန်တော်မသိဘူး။ ဒါပေမယ့် ဒီသစ်ကွင်းလေးကို အစ်ကိုကြီး ကိုမြင့်ကို ယူလာပြီးနောက်ပိုင်းတော့ ဈေးရောင်းကောင်းချက်က ခြောက်တီးခြောက်ကပ်ဆိုင်လေးကနေ ဆိုင်ခွဲနှစ်ဆိုင်,သုံးဆိုင်ဖွင့်နိုင်တာပဲ ကြည့်တော့။ ဟိုတုန်းက ကျွန်တော်တို့ဆိုင် အရောင်းအဝယ်လဲ ကိုမြင့်လှိုင်သိတဲ့ အတိုင်းပဲ'

မောင်မြင့် ပြောတာကို ကျွန်တော် အနေနဲ့ မငြင်းလိုပါဘူး။ ပြီးခဲ့တဲ့နှစ်က သူ့တို့ဆိုင်အခြေအနေကို ကျွန်တော်လဲ သိနေတာကိုး။

'မင်းအစ်ကိုကြီး ဒါကို ဘယ်က ရတာလဲကွ သိလား'

လို့ ကျွန်တော် မေးလိုက်တော့...

'အင်း သိပါတယ်။ သိတယ်ဆိုတာ





www.burmeseclassic.com

www.burmeseclassic.com

လဲ အစ်ကိုကြီး ယူလာကာစက ကျွန်တော့်ကို ပြောပြဖူးလို့ပါ။ ဒီတုန်းက ဆိုင်ကလဲ အရောင်းအဝယ်က ခပ်ပါးပါးဆိုတော့ ဒီနေ့ ရောင်းရတဲ့ငွေက နောက်တစ်နေ့ ဈေးပြန်ရင်းဖို့တောင် အခက်အခဲရှိနေတဲ့ အချိန်လေ။

ဒါနဲ့ အစ်ကိုကြီးက ဟိုတုန်းက သူ ကူညီထားဖူးတဲ့ ငပုတောဘက်က သူ့ သူငယ်ချင်းဆီမှာ သူ ကူညီထားတဲ့ ငွေလေး ရလို့ရငြား သွားတောင်းတယ်။ မြောင်းမြကနေတစ်ဆင့် သွားတာဆိုတော့ ရတနာထွန်း တစ်ထပ်စက်လှေနဲ့ပဲ လိုက်သွားဖြစ်တယ်။

စက်လှေထဲမှာ လူပြည့်နေလို့ စက်လှေခေါင်မိုး ထပ်ခိုးပေါ်ကပဲ ကိုမြင့်ကို လိုက်ခဲ့ရတယ်။ စက်လှေခေါင်မိုးပေါ်မှာက နေနည်းနည်း ပူတာကလွဲရင် သူနဲ့ ဘုန်းကြီးတစ်ပါးပဲ ရှိတာဆိုတော့ လွတ်လွတ်လပ်လပ်နေလို့ ရတယ်လေ။

စက်လှေခေါင်မိုးပေါ်မှာ နှစ်ယောက်တည်းရှိပေမယ့် မြောင်းမြဆိပ်ကမ်းက ထွက်လာကတည်းက ဘာစကားမှ မပြောဖြစ်ကြဘူး။ သူ့အနေနဲ့ မပြေလည်တဲ့ စီးပွားရေးအကြောင်းကို အတွေးနယ်ချဲ့နေသလို ဘုန်းတော်ကြီးကလဲ မျက်လွှာချပြီး တစ်ခုခုကို ရွတ်ပွားပူဇော်ပြီး လိုက်ပါခဲ့ကြတယ်။

မွန်းမတည့်ခင် ရွာတစ်ရွာကပ်တော့ အစ်ကိုကြီး ကမ်းပေါ်တက် ထမင်းထုပ်ဆင်းဝယ်ရင်း သတိရတာနဲ့ ဘုန်းတော်ကြီးအတွက်ပါ ဆွမ်းတစ်ထုပ်ကို ပိုဝယ်ဖြစ်ခဲ့တယ်။

စက်လှေပြန်ထွက်တော့ အစ်ကိုကြီးက ဘုန်းတော်ကြီးကို ဆွမ်းကပ်ပြီး သူလဲ ထမင်းထုပ်ဖြေစားတယ်။ ဘုန်းတော်ကြီးကတော့ ဆွမ်းဘုဉ်းပေးပြီး ဆွမ်းအလှူအတွက် သာဓုခေါ်



ဂမ္ဘီရဆန်သော သစ်ကွင်းနှစ်ထပ်
ရုရှိုလာဖုံကို ပြန်လည်ရှင်းပြနေသော
ကိုမောင်မြင့်

တယ်။ ပြီးတော့ ဘာအလုပ်လုပ်သလဲလို့ မေးလာတယ်။ အစ်ကိုကြီးကလဲ မုန့်ဟင်းခါးရောင်းတဲ့အကြောင်း၊ ဒါပေမယ့် အရောင်းအဝယ် အဆင်မပြေလို့ သူငယ်ချင်းကို ချေးထားတဲ့ ငွေလေး သွားတောင်းမယ့်အကြောင်း လျှောက်တယ်။

ဒါနဲ့ ဘုန်းတော်ကြီးက သူ့ဘေးမှာ ပိနန်အိတ်နဲ့ထုပ်ထားတဲ့ ဒီနှစ်ထပ် သစ်ကွင်းလေးကိုပေးပြီး…

"ဒကာကို ဘုန်းကြီး ဒီသစ်ကွင်းလေး စွန့်ခဲ့မယ်။ ဘုန်းကြီး တောထဲက ရလာတုန်းကတော့ ဘယ်သူ့ဖို့ ဘယ်ဝါဖို့လို့ ရည်ရွယ်ချက်မရှိပေမယ့် အခုတော့ ဒကာနဲ့ ထိုက်လို့ ရတယ်ပဲ သဘောထားလိုက်ပါ။ ဒီပစ္စည်းမျိုးတွေက ဘုန်းကြီးတို့ လက်ထဲမှာထက်စာရင် ဒကာတို့လက်ထဲမှာရှိတာက ပိုပြီး အဓိပ္ပာယ်ရှိတယ်။

လိုအပ်တာတွေ အားလုံး လုပ်ထားပြီးသားမို့ ဘာမှ ထပ်လုပ်စရာမလိုဘူး။ သူ့သဘာဝအရောင်လေးအတိုင်း သန့်ပြန့်တဲ့နေရာလေးမှာ ချိတ်ဆွဲထားရင် လုံလောက်တယ်။ ရေ့တစ်ရွာဆို ဘုန်းကြီးလဲ ဆင်းတော့မယ်"

ဆိုပြီး အစ်ကိုကြီးကို ပေးခဲ့တာလေ။

ရေနစ်တဲ့လူအဖို့တော့ ကောက်ရိုးတစ်မျှင်ဟာလဲ အားကိုးစရာပဲ မဟုတ်လား။ အစ်ကိုကြီးကတော့ ဘုန်းတော်ကြီးပေးခဲ့တဲ့ ဒီနှစ်ထပ်သစ်ကွင်းလေးကို အမွှေးနံ့သာတွေ ပက်ဖျန်းပြီး တရိုတသေနဲ့ ဘုရားစင်အောက်မှာ ချိတ်ဆွဲထားခဲ့တယ်။

တိုက်ဆိုင်လို့ပဲလား၊ အစ်ကိုကြီးရဲ့ ကံဇာတာကပဲ အကျိုးပေးချိန်တန်လာလို့လားတော့ မသိဘူး။ ဒီသစ်ကွင်းလေး ရောက်လာပြီး နောက်ပိုင်းတော့ အထက်က ကျွန်တော်ပြောခဲ့သလို ခြောက်တီးခြောက်ကပ် ဆိုင်လေးကနေ ဆိုင်ခွဲ နှစ်ဆိုင်၊ သုံးဆိုင် ဖွင့်နိုင်တဲ့ အခြေအနေ ရောက်လာခဲ့တာတော့ အမှန်ပဲ'

'ဘာပဲဖြစ်ဖြစ် ဒီလို ဂမ္ဘီရဆန်တဲ့ ပစ္စည်းလေးတွေမှာ ထူးခြားတဲ့ အစွမ်းသတ္တိလေးတွေ ရှိနေတတ်တယ်ဆိုတာတော့ သံသယဖြစ်စရာ မရှိပါဘူး'

ဒါနဲ့ ကျွန်တော်လဲ ပြန်ခါနီးတော့ မောင်မြင့်ကို အကူအညီတောင်းပြီး မှတ်တမ်းတင်ဖို့ ဓာတ်ပုံလေး နှစ်ပုံ၊ သုံးပုံ ရိုက်ယူခဲ့တယ်။ ပြီးတော့ ဒီအကြောင်းလေးကို ဆောင်းပါးရေးပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ပေးပို့မယ့်အကြောင်းနဲ့ ဖော်ပြခံရရင် မဂ္ဂဇင်းစာအုပ်လေး လက်ဆောင်လာပေးမယ့်အကြောင်း မောင်မြင့်ကို ပြောပြီးပြန်ခဲ့တယ်။ မုန့်ဟင်းခါးစားဖို့ စောင့်နေတဲ့ ကျွန်တော့်ဇနီးကတော့ လည်ပင်းရှည်နေလောက်ပြီ။

**မြောင်းမြ မြင့်လှိုင်**



www.burmeseclassic.com

www.burmeseclassic.com

# ထီပေါက်စေနိုင်သော

ရှင်သီဝလိ လာဘသိဒ္ဓိ ဒီပံအင်း

ကောင်းမြတ်ထွန်း
(ဟသ်ာတ)

ဆရာတော် ဦးဝိသုဒ္ဓနှင့် အောင်ချမ်းသာရပ်ကွက် ရဟန်းခံရှင်ပြုတွင် တွေ့ရှိပြီး ဆရာတော်မှ "ကျောင်းကို လိုက်ခဲ့ပါ"ဟု အမိန့်ရှိသည့် အားလျော်စွာ သီလကုန်းကျောင်းသို့ လိုက်ခဲ့ပါသည်။

ဆရာတော် ဦးဝိသုဒ္ဓထံသို့ရောက်ပြီး စကားများပြောရာမှ ဆေး၊အင်း၊လက်ဖွဲ့ စသည့် လိုင်းများသို့ ရောက်ရှိသွားပါသည်။


ထိုတွင် ကျွန်တော်က ဆရာတော်ထံမှ လာဘ်လာဘနှင့်ဆိုင်သော အင်း၊ စမ စသည်များ ချီးမြှင့်ပေးပါရန် တောင်းဆိုသဖြင့် ဆရာတော်က အောက်ဖော်ပြပါ **"ထီပေါက်စေနိုင်သော လာဘသိဒ္ဓိ ရှင်သီဝလိဒီပံအစီအရင်"**ကို ပေးလိုက်ပါသည်။

ထိုဒီပံအင်းကို ကျွန်တော် ဆရာတော်မှာသည့်အတိုင်း နေ့စဉ် မီးထွန်းခဲ့ပါသည်။

ထိုနှစ်တွင် ရွှေထီးထီဆိုင်မှ (၃)ကြိမ်ပေါက်ပါသည်။ နောက်တစ်နှစ်တွင် ရွှေမိုးငွေမိုးထီဆိုင်မှ ထပ်မံ၍ ထီပေါက်ခဲ့ဖူးပါသည်။

ထို့ကြောင့် အကြောင်းတိုက်ဆိုင်၍ ထီပေါက်ခဲ့ရသော ဆရာတော် ဦးဝိသုဒ္ဓ ချီးမြှင့်ခဲ့သော ထိုလာဘသိဒ္ဓိ သီဝလိ ဒီပံအင်းကို အသုံးပြုလိုသော ပုဂ္ဂိုလ်များအတွက် စေတနာကောင်းဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် တင်ပြလိုက်ရပါသည်။

ထီပေါက်စေနိုင်သော လာဘသိဒ္ဓိ ရှင်သီဝလိ အင်းဒီပံပုံ




[အထက်ပါ အင်းပုံစံတွင် အထက်မှစ၍ ရေတွက်လာလျှင် (၂)ကွက်မြောက် (အလယ်)အကွက်နှင့် (၅)ကွက်မြောက်(အလယ်)တွင် ကွက်လပ်များ ရှိပါသည်။ ယင်း ကွက်လပ်တို့တွင် မီးထွန်းလိုသူ၏ နံ(နေ့)ကို ထည့်ရေးရပါသည်။ ဥပမာ ၁နွေသား(၁)ဂဏန်း။ ၂လာ တနင်္လာသား(၂)ဂဏန်း စသည်တို့ ဖြစ်ပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

### ထီပေါက်စေနိုင်သော လာဘ်သိဒ္ဓိ ရှင်သီဝလိဒီပံအင်း အစီအရင်

ဤ ရှင်သီဝလိဒီပံအင်းကို **အဝင်ဝါတ်၊ အပြီးတွစုတ်၊ နှစ်ဖက်မြင်ကြာနေ့ နေဝန်းပေါ်ချိန်မှစ၍** စီရင်ရပါသည်။

တန်ခိုးကြီးသော ဘုရား(၅)ဆူမှ ဖယောင်းများနှင့် ပျားဖယောင်းကို ရော၍ (ဆတူရောပါ) စင်ကြယ်အောင်ကျို၍ ယူကာ အပြားလုပ်ထားရပါသည်။

အထက်က ပြဆိုထားသော နေ့ရက် နေဝန်းပေါ်ချိန်တွင် ရှင်သီဝလိရဟန္တာ ထေရ်မြတ်အား ရည်စူး၍ သစ်သီးမျိုးစုံ ဆွမ်းပွဲ ကပ်လှူပူဇော်ရပါသည်။

ပြီးလျှင် ရှင်သီဝလိဒီပံ ပုံစံအင်းကို ဆောင်၍ စီရင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။


#### စီရင်နည်း

ပဌမ ။ ။ ပုံစံတွင် ပြထားသော အင်းကွက်ပုံစံအတိုင်း ချပါ။ အင်းပုံစံတွင် ပါသည့်အတိုင်း '**သီဝလိ ဂုဏ်တိ ဝိသုဒ္ဓ တောတိဟုံ**'ဟူ၍ ဝဲယာ အစဉ်အတိုင်း ရေးသွင်းပါ။

ဒုတိယ ။ ။ အင်းကွက်တွင် '**အာဟု နေယျော ပါဟုနေယျော**' ဟု အင်းဆန် ရေးသွင်းရပါသည်။

တတိယ ။ ။ အလယ်ကွက်တွင် **စမရှပ်** ရေးသွင်းပါ။

စတုတ္ထ ။ ။ တစ်ဆင့်တက်၍ '**လာဘီနံ မုတ္တမောထေရော**'ဟု မြင်းသွားချပြီး ကျန် အလယ်ကွက်တွင်မီးထွန်း လိုသူ၏နံ ထည့်ပါ။



ပဉ္စမ ။ ။ အထက်တက်၍ '**ဒက္ခိဏေယျော**'ကို အင်းပုံစံအတိုင်း ရေးသွင်းရပါသည်။ ကျန်အလယ်ကွက်တွင် မီးထွန်းလိုသူ၏ နံ ထည့်ပါ။

ဆဋ္ဌမ ။ ။ အရံဂါထာကို အင်းတွင် ရံ၍ ရေးရပါသည်။

သတ္တမ ။ ။ လက်ဝဲဘက် အင်းအောက်ခြေတွင် '**စဝဗဝ**' ရေးသွင်းပါ။

အဋ္ဌမ။ ။ အင်း၏ အောက်ခြေတွင် '**ဋ-သ-ဉ-က**' ရေးသွင်းရပါသည်။

သိမ်ဝင်ချည်ကို မီးစာလုပ်၍ (သက်စေ့)ထည့်ပါ။ ထို့နောက် အရံဂါထာမန္တန်နှင့် မိမိစီရင်မည့် ဒီပံပစ္စည်းများကို (၁၀၀၀)စုတ်ရပါသည်။ တစ်ထောင်ပြည့်သော် ဖယောင်းတိုင်အဖြစ် ပြုလုပ်နိုင်ပါပြီ။

**မှတ်ချက်** ။ ။ အချို့က ယင်းဖယောင်းအပြားတွင် ဒီပံအင်းချ၍ စီရင်ကြ၏။ အချို့က မိုင်းကိုင်စက္ကူတွင် ဒီပံအင်းချ၍ သိမ်ဝင်ချည်တွင် ပတ်၍ လည်းကောင်း၊ ဖယောင်းတိုင်၏ အပြင်မှ ပတ်၍လည်းကောင်း စီရင်ကြရပါသည်။

ဖယောင်းတိုင်၏ အရွယ်အစားမှာ မိမိတို့ အလိုရှိသလောက် အရွယ်အစားကို ပြုလုပ်နိုင်ပါသည်။

ဤအစီအရင်ကို ရှာနံအဘိညာဉ်ရ ရသေ့ဆရာကြီးများမှ အက္ခရာ(၄၁)လုံးဖြင့် မူလအမှန်ဘူတပြန် ဝိဇ္ဇာမယနည်းပညာအတတ်ဖြင့် စီရင်ခဲ့ကြသည်ဟု ဆိုပါသည်။

မီးထွန်းတိုင်တွင် အရံဂါထာမန္တန်ဖြင့် (၇)အုပ်စုတ်၍ ကျူးရင့်ပြီး လိုရာဆုရည်မှန်းတောင့်တလျက် မီးထွန်းပါ။

အရံဂါထာမန္တန်

**"ဦး သီဝလိနာမေန ထေရေန စတုဓာတု ပသိဒ္ဓိယာ သန္တိဋ္ဌိကဖလံ စတုကျွရံ သိဒ္ဓိလာဘံ ဒွါမေဟ"** ဖြစ်ပါသည်။

**အင်းမီးထွန်းခြင်း၏ အကျိုးအာနိသင်အညွှန်းမှာ...**

(၁) ထီထိုးရက် ထီဖွင့်ရက်များတွင် မီးထွန်းလျှင် ထီပေါက်နိုင်ပါသည်။

(၂) ကုန်ရောင်းကုန်ဝယ်ဟူသမျှ မီးထွန်းပါ။ အမြတ်အစွန်း ဈေးနှုန်းတို့ မိမိတို့၏ ဆန္ဒပြည့်ဝစေနိုင်ပါသည်။

(၃) နေ့စဉ် ထွန်းပါက တစ်နေ့တခြား သိသိသာသာ စီးပွားဥစ္စာ တိုးပွားလာမည်။ လာဘ်ပေါ်၍ အလုပ်အကိုင် အကြံအစည်များ အောင်မြင် ထမြောက်စေနိုင်ပါသည်။

(၄) ဈေးရောင်း၊ အိမ်ဆိုင်ကြီးများ၊ စတိုးဆိုင်ကြီးများ၊ ကုန်တိုက်ကြီးများတွင် နေ့စဉ် မီးထွန်းထိုက်ပါသည်။

ရှင်သီဝလိမဟာထေရ်မြတ်သည် ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးမှ လာဘ်အရာ၌ ဧတဒဂ်အရာ ပေးထားသည်ဖြစ်သဖြင့် ဤအစီအရင်ကို



www.burmeseclassic.com

www.burmeseclassic.com

# မဟာပုရိသပထမံ ဂါထာနှင့်

ကျွန်တော်

မောင်ဖယ်ဝိန်း
(အင်းတော်)



မဟာပုရိသပထမံဂါထာကို စာရေးသူသည် ဆရာတော် ဦးကလျာဏထံမှ ရရှိခဲ့သည်။ စာရေးသူသည် ပင်ကို စရိုက်ကပင် ဂါထာမန္တန်၊ အင်း၊ အိုင်၊ စမများကို လေ့လာလိုချင်သည့် ဆန္ဒများ များစွာရှိခဲ့သည်။ ဘဝအဆက်ဆက်က ပဋ္ဌာန်းဆက်ဟု ဆိုရမည် ဖြစ်ပါသည်။

ပထမံဂါထာအပြင် မဟာပုရိသပထမံဂါထာကို ကျက်မှတ်ထားပါသည်။ ဂါထာ၏အညွှန်းအရ နေ့စဉ်(၉) ခေါက်ရွတ်နိုင်သလို အရေးကြုံက (၄၅) ခေါက်ရွတ်ရမည်ဟု ဆိုသည်။

စာရေးသူ၏ သားကြီးနှင့် သားငယ်တို့ ဗိုလ်သင်တန်း ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲဖြေဆိုစဉ်ကလည်း ဂါထာ အညွှန်းအရ ရွတ်ဆိုစေခဲ့ပါသည်။

စာရေးသူ၏ သားများ၏ ကံတရားအရလည်းကောင်း၊ ဂါထာအစွမ်းအရလည်းကောင်း ရေဖြေ့၊နှုတ်ဖြေ ဆေးစစ်ချက်များကို ကျော်လွှားအောင်မြင်စေခဲ့ပြီး ယနေ့ဆိုလျှင် ဗိုလ်ကြီးအဆင့်များအထိ ရာထူးတိုးလျက် တိုင်းပြည်၏ တာဝန်များကို ထမ်းဆောင်နေကြပြီ ဖြစ်ပါသည်။

စစ်ဘက်တွင် အသိအကျွမ်း မရှိသလို ကလေးတွေကိုလည်း ဝင်ခွင့်ကျူးရှင် မတတ်နိုင်၍ မတက်ခဲ့ရပါ။ ဤဂါထာအစွမ်းကို ထိုအချိန်ကတည်းက သိခဲ့ရပါသည်။

စာရေးသူဆိုလျှင် နေ့စဉ် (၉)ခေါက် ရွတ်သကဲ့သို့ အရေးကြုံက (၄၅)ခေါက် ရွတ်ပါသည်။ အကြွေးရစရာရှိသည့် အခါတွင်လည်း ဤဂါထာကိုပင် အမြဲ ရွတ်ပြီး ဆောင်ရွက်ခဲ့ပါသည်။

စာရေးသူအဖို့မှ ရေလဲသုံးသည့် ဂါထာ ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်တွင် စာရေးသူ ဆိုင်ကယ်တစ်စီး ဝယ်ပါသည်။ စာရေးသူ၏ အသက်အရွယ်အရ မစီးရဲပါ။ သားတွေသာလျှင် စီးကြသည်။

သားနှစ်ယောက် ခွင့်ပြန်သည့်အခါ စီးကြသလို မိုးညှင်းတက္ကသိုလ်တွင် တက်နေသော ကျောင်းသားပြန်လာသည့်အခါ စီးပါသည်။

စာရေးသူနှင့် သားအဖ(၂)ယောက်ကို မောင်ထွန်းကျော်က စီးတတ်အောင် သင်ပေးပါသည်။ သားတွေ ကိုယ်စီကိုယ်င လုပ်ငန်းတာဝန်အရ ပြန်သွားကြသည့်အခါ စာရေးသူက အစီး လေ့ကျင့်ရပါတော့သည်။

မစီးလျှင်လည်းမဖြစ် ဘက်ထရီပျက်မှာစိုး၍ စီးရပါသည်။ ညနေပိုင်းတွင် အောင်မင်္ဂလာရှိ ပိုင်းတစ်ပိုင်းနှင့် အောင်မေတ္တာရှိ ပိုင်းတစ်ပိုင်းစီတွင် စာရေးသူ စာသွားပြပေးရပါသည်။

ရပ်ကွက်နှစ်ကွက်မှာ မြို့ ... တစ်ဖက်တစ်ချက်စီ ဖြစ်နေ၍ မ... မဖြစ်တော့ပါ။ ကြောက်ကြောက်... စီးရပါသည်။

စီးသည့်အခါတိုင်း မစီးမီကတ... က မဟာပုရိသပထမံဂါထာကို ရွ... စီးပါသည်။ စီးရဲလာသလို ခပ်မြ... လည်း စီးရဲလာပါသည်။ စီးရင်း ... သလို စီးရင်း မရွတ်မိသည့်အခါလ... ရှိလာသည်။ မေ့လျော့သည့်... ဘရိတ်အုပ်၍ လဲသည့်မှာ အကြိမ်... ဖြစ်ပါသည်။

တစ်ကြိမ်ကမူ စာရေးသူ စီး... သော ဆိုင်ကယ်နှင့် တစ်ဖက်က ... ပြင်းပြင်းနှင့် ဝင်လာသည့် ... ဖြင့် အရှိန်ပြင်းပြင်း တိုက်မိလို...



www.burmeseclassic.com

www.burmeseclassic.com

…သည်။

…ဘတ်ရှေ့အရောက်တွင် မြို့နယ် …ည့်ပင်မှ ရေဖျန်းသည့်ကားသည် …မှိန်လျှော့ပြီး ဖြည်းဖြည်းသွားရာ …ဆိုပါ ကားကို ကျော်လို၍ စာရေးသူ …ည် ကျော်ပြီးတက်ရာ စာရေးသူနှင့် …ချင်ဘက်မှ ဆိုင်ကယ်တစ်စီး …ရာ အတိမ်းခြင်း မမျှော်လင့်ဘဲ …ပြီး တိုက်မိလိုက်ကြပါသည်။

…နံ့ခန့် အသံနှင့် စာရေးသူလည်း …ကျသွားပါသည်။ တစ်ဖက်မှ …လေးမှာ လူငယ်ဖြစ်၍ လဲကျမသွား …လည်း စာရေးသူ၏ ဆိုင်ကယ် …ပ်မှာ ကတ္တရာလမ်းပေါ် လွင့်စဉ် …သွားသလို လက်ပတ်နာရီနှင့် အင်္ကျီ …ထောင်ထဲရှိ ဘောလ်ပင်မှာ လွင့် …သွားပါသည်။

…သမ်းပေါ် လွင့်ကျသွားမှ စာရေးသူ …ရသွားပါသည်။ တော်သေးသည်။ …ယ်စည်ပင်ကား၏ ကားဘီး …ာက်ထဲ မဝင်သွား၍ တော်သေးပါ သည်။

ဆိုင်ကယ်လည်း အပျက်အစီး မဖြစ် သလို စာရေးသူလည်း သာမန် ပွန်းပဲ့ ဒဏ်ရာမှအပ ဘာမှမဖြစ်ခဲ့ပါ။ ဦးဘညွန့် လက်ဖက်ရည်ဆိုင်ရှေ့ ဖြစ်ခဲ့ပါသည်။ မဟာပုရိသပဋ္ဌာန်ဂါထာကို အလျှင်းမရွတ်မိပါက တွေးဝံ့စရာမရှိ။

စာဖတ်သူများ ဤမျှ အညွှန်းပြော ပြီးပြီဖြစ်သဖြင့် စာရေးသူ ရွတ်ဆိုနေကျ မဟာပုရိသပဋ္ဌာန်ဂါထာကို အောက်ပါ အတိုင်း ရေးသားဖော်ပြအပ်ပါသည်။ အသေးအဖွဲ့ အောင်မြင်မှုများကို စာ မျက်နှာလေးမည်စိုးသဖြင့် မတင်ပြ တော့ပါ။

ဗုဒ္ဓေါ အာစရိယော, သေသနာမဟာပညာဓိက ဇောဓိသတ္တော နိဗ္ဗာန္တိ မမ သဗ္ဗညုကော ဘဝေသွှာပါရမံ။

**အနက်**

**ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **အာစရိယော၊** ဆရာဖြစ်၏။ **သေသနာ မာပညာဓိကဇောဓိသတ္တော၊** ကြွင်း ကျန်သောအမည် ပညာဓိက ဘုရား လောင်းသည်။ **နိဗ္ဗာန္တိ၊** ငြိမ်းကုန်၏။ **မမ၊** ငါ၏။ **သဗ္ဗညုကော၊** သဗ္ဗညုတ ဉာဏ်ကို အလိုရှိခြင်းသည်။ **သစ္စာ ပါရမံ၊** သစ္စာပါရမီသည်။ **ဘဝေ၊** ဖြစ်၏။

***(ဤ မဟာပုရိသပဋ္ဌာန်ဂါထာတော် ပါဠိ အနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း နှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့်(မွှာစရိယ၊ ဝိနယဓရ၊ စတုနိကာယကောဝိဒ)မှ ပြန်ဆိုပေးပါ သည်။)***

ဆီမီးတိုင်အဖြစ် စီရင်လိုလျှင် (၄၅) ခေါက်ရွတ်ပြီး ထွန်းပါ။ စာဖတ် ပရိသတ်များ ကျန်းမာချမ်းသာကြပါ စေ။

***အာယု ဝဏ္ဏော သုခံ ဗလံ***

**မောင်ဗဟိန်း(အင်းတော်)**

စာမျက်နှာ (၁၅၇)မှ အဆက်

…ဆရာကြီးများ၏ ဝိဇ္ဇာမယပညာဖြင့် **"လာဘသိဒ္ဓိဒီပ"** …အရင်ကို စီရင်ခဲ့ကြောင်း ရှေးဟောင်းပေစာမူတို့တွင် …ည်ဟု အဆိုရှိပါသည်။

…ည်သို့ပင်ဖြစ်စေ ကျွန်တော်၏ ကိုယ်တွေ့မှာ ထီ(၄)ကြိမ် …က်ခဲ့ဖူးသည် ဖြစ်ပါသည်။ ထိုရှင်သီဝလိဂါထာကိုလည်း …ဒ့်ရွတ်လျက် ရှိပါသည်။

…ယုံကြည်သောစိတ်သည် မိမိ၏ အားကိုးတစ်ခု ဖြစ်ပါ …ည်။ ထို့ကြောင့် တကယ်ယုံကြည်ထိုက်သော အရာကိုစွ …ယုံကြည်အပ်၏။ ယုံကြည်စွာသတိမူ၍လုပ်ကိုင်ဆောင် …အပ်ပါသည်ဟု တိုက်တွန်းလျက် ဤ "ထီပေါက်စေနိုင် …သော လာဘသိဒ္ဓိ ရှင်သီဝလိဒီပံ မီးထွန်းအင်း" ကို နက္ခတ္တ …ခြည်မဂ္ဂဇင်းမှတစ်ဆင့် စေတနာကောင်းဖြင့် အလိုရှိသူ …သုံးနိုင်စေခြင်းအလို့ငှာ တင်ပြလိုက်ရပါသည်။

**(ဘဝနတ်ထံ ပျံလွန်တော်မူပြီးသော ဆရာတော် ဦးဝိသုဒ္ဓအား ဤ ဆောင်းပါးဖြင့် အားလုံး အပြစ်များ ကင်းဝေးစေပြီးလျှင် နတ်ရွာနိဗ္ဗာန် ရောက်ပါစေသတည်း ဟူ၍ ဆုတောင်းလျက်...)**

***အားလုံး အဆင်ပြေကာ လိုရာဆန္ဒ အဝဝ ပြည့်စုံကြပါစေ။***

**ကောင်းမြတ်ထွန်း**
*(ဟင်္သာတ)*

**မှတ်ချက်။ ။ စမရှပ်ရေးသွင်းနည်း ပါမလာပါ။ သိရှိသူ ပညာရှင်များမှ ရေးသားပေးပို့ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***



www.burmeseclassic.com

www.burmeseclassic.com

"**ယောက်ျားဖောင်စီး၊ မိန်းမ မီးနေ**"ဟူသော မြန်မာ့ဆိုရိုးစကား ရှိပါသည်။

ယောက်ျားများ သစ်ဖောင်၊ ဝါးဖောင်ဖြင့် ခရီးသွားလာရသည့်အခါနှင့် အသက်မွေးဝမ်းကြောင်းလုပ်ရသည့်အခါ၌ အသက်ကိုရင်း၍ လုပ်ကိုင်ရသကဲ့သို့ မိန်းမများသည်လည်း နေ့စေ့လစေ့ မီးဖွားရချိန်တွင် အသက်ကိုပင် ရင်းထားကြရသဖြင့် အထက်ပါဆိုရိုးစကား ပေါ်ပေါက်လာခြင်းပင်ဖြစ်လိမ့်မည် သုံးသပ်မိပါသည်။

ယခုတင်ပြလိုသည်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများ လွယ်ကူ ချောမွေ့စွာ မိမိရင်သွေး လူ့လောကသို့ အောင်မြင်စွာ မွေးဖွားနိုင်ရေးကို ရှေးရှု၍ ရေးသား တင်ပြအပ်ပါသည်။

တချို့က ပြောချင် ပြောပါလိမ့်မည်။ "ယခုလို တိုးတက်နေတဲ့ ခေတ်ကြီးမှာ ဒါတွေမလိုပါဘူး"ဟု ပြောကြပေလိမ့်မည်။ "**ရှေးထုံးလဲ မပယ်နဲ့**" ဟူသော စကားလည်း ရှိပါသည်။

ကျွန်တော်မှတ်မိတဲ့အချိန်က စပြောရမယ်ဆိုရင် ဆဋ္ဌမတန်းကျောင်းသား ဘဝလောက် ဖြစ်ပေလိမ့်မယ်။ ကလေးဘဝဆိုတော့ မြင်တော့ မြင်နေပါတယ်။ ခဏခဏလိုပါပဲ။ ကျွန်တော့်ဖခင်ထံ ကိုပါ။ အဲဒီအချိန်တွေမှာတော့ သဲသဲကွဲကွဲ မသိခဲ့ရပါ။

လာသမျှ လူတွေအားလုံး ရေခွက်ကလေးကိုင်ပြီး အဖေပေးလိုက်သော သစ်ကိုင်းစိမ်းစိမ်းလေးကိုသာ ကိုင်ပြီး ပြန်သွားကြပါတယ်။

တစ်ပတ်၊ ဆယ်ရက်ကြာတဲ့အခါမှာ အဖေ့ထံကို လာတဲ့သူတွေ သူတို့တတ်နိုင်သမျှ ငှက်ပျောဖီး၊ ကြက်ဥ စတာတို့နဲ့ ဂါရဝလာပြုကြပါတယ်။

မှတ်မှတ်ထင်ထင် ကျွန်တော်

# မွေးဖွားရာ ပျော်ရွှင်ဆောင်

ဒါကိုဆောင်

အဋ္ဌမတန်းကျောင်းသားဘဝ ရောက်တော့ ထိုအကြောင်းအရာကို စပ်စုဖြစ်ခဲ့မိပါတယ်။ ထိုအချိန်မှစပြီးတော့ ကျွန်တော်မှတ်သားထားခဲ့ပါတော့တယ်။

ထိုကဲ့သို့သော ဖြစ်ရပ်မျိုးများလဲ ခဏခဏ ကြုံတွေ့နေပါတော့တယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ မီးမဖွားနိုင်ရင် ပြုလုပ်ရမယ့်အစီအရင်ကို တင်ပြပေးပါမယ်။ **(အမျိုးသားများသာ ဆောင်ရွက်ရန်)**

တော်စပ်သူ အမျိုးသား(သို့မဟုတ်) ဖခင်(သို့မဟုတ်) အစ်ကို(သို့မဟုတ်) မောင် စသူတို့မှ ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

**ပြုလုပ်ပုံမှာ...**


ကျီးမနား ထန်းပင်မှ ထန်းလက်တစ်လက်ကို ဦးစွာ ခုတ်ရပါမယ်။ (ကျီးမနားထန်းပင်ဆိုသည်မှာ လူတစ်ရပ် မကျော်သေးသော ကျီးငှက်မနားရသေးသော ထန်းပင်ငယ်ကို ခေါ်ပါသည်။)

ယင်း ထန်းလက်ကို (၂)လက်မခန့် ခုတ်ယူပြီး သန်လျက်ပုံသဏ္ဌာန် ပေါ်အောင် ဓားဖြင့် ခုတ်ပါ။ ထန်းလက်အား မျက်နှာပြင်ညီသောဘက်ကို ချန်လှပ်ပါ။

ခုံးနေသောအသားကို ခုတ်၊ လှီးပစ်လိုက်ပါ။ ပြင်ညီအသားပေါ်တွင် "**သံ**" (သို့မဟုတ်) "**စူး**"ဖြင့် မြန်မာအက္ခရာ "န"ငယ်ကို ပြောင်းပြန် ရေးဆွဲပါ။ ( ꩲ )

**ဒုတိယအဆင့်မှာ...**

'ပရိတ္တံ ယံ ဘဏာမသေ၊ နိသိန္နာ ...



ထောဝန်'

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ပရိတ္တံ** | = | ပရိတ်တံ |
| **ဘဏာမသေ** | = | ဘဏာန်တ... |
| **နိသိန္နာန** | = | နိသိန်နထာ... |

အစရှိသော အင်္ဂုလိမာလသုတ်... ရွတ်ဆိုပြီး လက်မှ ဖန်ခွက် ရေအ... ထည့်ပြီး ကိုင်ထားပါ။ (ညာလက်... သာ။ ရွတ်ဆိုပြီးသောအခါ ယင်း... အိမ်အမိုးပေါ်သို့ ဖျန်းပက် ပ... လိုက်ပါ။

အမိုးပေါ်မှ ကျလာသော... ယင်းဖန်ခွက်ဖြင့် ပြန်လည်ခံ... မီးဖွားရခက်ခဲနေသော အမျိုးသမီး... တိုက်လိုက်ပါ။

သန်လျက်ပုံ ထန်းလက်... ဦးခေါင်း ဆံပင်တွင် ထိုးပေးလို... ခဏအတွင်း လွယ်ကူချော... အောင်မြင်စွာ မွေးဖွားလာပါလိမ့်...

**(၂၂-၁-၂၀၁၁)နေ့တွင် ကွ... အနိစ္စရောက်သွားသော ကျေး... ဖခင်ကြီးအား ကန်တော့... လျက်...**

**မောင်မောင်(မောင်တော်...**



www.burmeseclassic.com

www.burmeseclassic.com



# မြတ်ဘုရားရွှေတိဂုံ နှင့်

ဂမ္ဘီရအတွေ့အကြုံ

ကျွန်တော် ရွှေတိဂုံရင်ပြင်တော်ပေါ် ရောက်တော့ ညဥ့်နက်သန်းခေါင်ယံ အချိန်လေ။ ရွှေတိဂုံရင်ပြင်တော်ပေါ် ကို ညဥ့် (၁၀)နာရီခွဲရင် ဘယ်သူမှ တက်ခွင့်မရှိပါဘူး။

ကျွန်တော်ကတော့ အထူး အစီ အစဉ်တစ်ခုကြောင့် ရောက်လာရ တယ်လို့ပဲ ဆိုရပါစေ။ ကျွန်တော် ရောက်တဲ့အချိန်မှာ ရင်ပြင်တော်ပေါ်မှာ လူဆိုလို့ အရိပ်ယောင်တောင် မမြင်ရ ပါဘူး။

ကောင်းကင်မှာတော့ လမင်းကြီးက ထိန်ထိန်သာနေသလို ညဥ့်လုံးပေါက် ပူဇော်ထားတဲ့ လျှပ်စစ်မီးမောင်းကြီး တွေရဲ့ အလင်းရောင်ကြောင့်လဲ ကောင်းကင်ပြာနောက်ခံမှာ ရွှေတောင် ကြီး ပေါက်နေသလို စေတီတော်မြတ် ကြီးကို ဖူးတွေ့ရပါတယ်။

ခံ့ညားထည်ဝါ သပ္ပါယ်ကြည်ညို ဖွယ် ကောင်းလိုက်ပုံကိုတော့ စာဖွဲ့လို့ ကုန်နိုင်အောင်ပါပဲ။

ညဥ့်ဟာ တိတ်ဆိတ်ငြိမ်သက်နေ တယ်။ ညဥ့်ပိုးကောင်လေးတွေရဲ့ အော်သံကိုပဲ ကြားနေရတယ်။ တစ်ခါ တစ်ရံမှာတော့ မြို့ထဲက တစ်စီးတလေ ဖြတ်မောင်းသွားတတ်တဲ့ မော်တော် ကားသံတွေကိုတော့ ကြားနေရတယ်။

ရန်ကုန်မြို့တော်ကြီးမှာ ဒီအချိန်မျိုး ကို အတိတ်ဆိတ်ဆုံးလို့ ဆိုရမှာပါ။ ရှင်တော်မြတ်ဗုဒ္ဓဟာ တိတ်ဆိတ် ငြိမ်သက်မှုကို အထူး မြတ်နိုးတော်မူပါ တယ်။

ဒီလို ငြိမ်သက်နေမှလဲ ရတနာသုံး ပါး အာရုံပြု ဘာဝနာပွားဖို့အတွက် အဆင်ပြေမှာလေ။ ကျွန်တော်ဟာ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော် ကြည်ညိုနေရင်း ကြည်ညိုသဒ္ဓါစိတ် ကြောင့် ကြက်သီးတွေ တဖြန်းဖြန်း ထနေမိတယ်။

စေတီတော်ကြီးရဲ့ ရင်ပြင်တော် တစ်နေရာကနေပြီး ရှိုရှိုသေသေ ထိခြင်းငါးပါးနဲ့ ရှိခိုးပူဇော်နေခိုက်မှာ လေပြေလေညင်းက ရနံ့သင်းတစ်မျိုး ကို သယ်ဆောင်လာတယ်။ ချိုအီမွှေးပျံ့ တဲ့ ရနံ့ပါ။

စေတီတော်မြတ်ကြီးရဲ့ ရွှေထီးတော် အထွတ်ဆီကလဲ တလွင်လွင်သာတဲ့ ဆည်းလည်းလှုပ်ခတ်သံကို ကြားနေ ရတယ်။

ကျွန်တော်ဟာ စေတီတော်မြတ်ကြီး ရဲ့ ရွှေထီးတော်၊ ငှက်မြတ်နားတော်နဲ့ စိန်ဖူးတော်မြတ်ကို မော်ပြီးဖူးမြော် ကြည်ညိုနေချိန်မှာတော့ ရင်ထဲမှာ ဟာခနဲ အသံမထွက်တဲ့ အာမေဋိတ်သံ ဖြစ်သွားမိတယ်။

စိန်ဖူးတော်မြတ်ကြီးရဲ့ တည့်တည့် ကောင်းကင်ပြာကြီးပေါ်က မြင်ကွင်း ကြောင့်ပါ။ ကြည့်စမ်းပါဦး၊ ကျွန်တော့် ရဲ့ မျက်လုံးအစုံနဲ့ အထင်အရှား မြင်ရ တဲ့ ကြယ်ကြီးသုံးလုံးဟာ မာကျူရီ မီးသီးကြီးတွေလို လင်းလက်နေတယ်။

ဒီမြင်ကွင်းမျိုးကို တစ်သက်တာမှာ တစ်ခါမှ မမြင်ဘူးလို့ အံ့သြရခြင်းပါ။ ကြယ်ကြီးသုံးလုံးဟာ တစ်လုံးနဲ့တစ်လုံး တစ်လံသာသာကွာပြီး ဖိုခုံလောက်ဆိုင် လင်းနေတာပါ။ နေ့စွဲကို သေသေချာချာ မမှတ်မိပေမယ့် **၂၀၀၀ ပြည့်နှစ်တုန်း က** အဖြစ်ပါ။

အဲဒီလို အံ့သြငေးမောကြည့်နေ တုန်းမှာ…


'လူလေး မင်းက ဘာတွေ ငေးမော အံ့သြနေတာလဲကွယ့်'

ဆိုတဲ့ အသံကို ကျွန်တော် အဆန်း တကြယ် ကြားလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ပိတ်ဖြူစင်ကြယ် ဝတ်ထားတဲ့ အဘိုးအိုကို တွေ့ရတယ်။ တောက်ပဝင်းလက်နေတဲ့ မျက်လုံး အစုံနဲ့ ကြည့်နေတယ်။ လည်ပင်းမှာလဲ စိပ်ပုတီးကိုဆွဲလို့၊ လက်တစ်ဖက်က တောင်ဝှေးကို ထောက်ထားလေရဲ့။

'ကျွန်တော် ကြယ်ကြီးသုံးလုံးကို ကြည့်နေတာပါ အဘိုး'

'အေး လူလေး ဒီနက္ခတ်ဟာ နှစ်ပေါင်း တစ်ထောင်ကြာမှ တစ်ခါသာ ပေါ်ထွန်းတတ်ပြီး ထူးထူးခြားခြား ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပူဇော်တာကွယ့်။

ဒီကြယ်စုကို တြိဂံကြယ်စုလို့ ခေါ်ကြတယ်။ တို့နိုင်ငံတော်ကြီးဟာ ရတနာသုံးပါးဂုဏ်ကြောင့် တိုးတက်လာမယ့်နိမိတ် သင်္ကေတတွေပေါ့ကွာ။

တို့များရဲ့ ကိုးကွယ်အားထားရာ မြတ်ဗုဒ္ဓရှင်တော်ဟာ တန်ခိုးတော် အနန္တနဲ့ ပြည့်စုံတော်မူသောကြောင့် လူ့,နတ်,ဗြဟ္မာသတ္တဝါတို့ရဲ့ ကိုယ်စားလူမဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်၊ နတ်ဗြဟ္မာမဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်ကြီးတွေဟာ ဒီနေ့မှာ မြတ်ဘုရားရွှေတိဂုံကို အထူးပြုပြီး ပူဇော်ဖူးမြော်ကြတယ်ကွယ့်။ ကြုံခဲဆုံခဲ မြင်နိုင်ခဲ့တဲ့ သုနက္ခတ္တံဆိုတဲ့ အချိန်ကောင်းကြီးပေါ့'

အဘိုးမှာ ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ စိန်ဖူးတော်မြတ်ကြီးဆီကို အာရုံပြုဖူးမြော်ပြီး အတန်ကြာမှ ကျွန်တော့်ဘက်သို့လှည့်ကာ စကားဆက်ပြန်တယ်။

'ဒီမှာ လူလေး ရွှေတိဂုံစေတီတော်မြတ်ကြီးဟာ တို့များဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ အလွန်ထွတ်မြတ်ဆန်းကြယ်တဲ့ စေတီတော်မြတ်ကြီးဖြစ်တယ်။

ကမ္ဘာ့ဂြိုဟ် တာရာနက္ခတ်နဲ့ စကြဝဠာကြီးတို့ ဟန်ချက်ညီအောင် ချိန်ကိုက်တည်နေတော်မူတဲ့ စေတီတော်မြတ်ကြီးပဲ။ ကမ္ဘာမြေလွှာမှာ ဘယ်နေရာမှာမှ ရှာမတွေ့နိုင်တဲ့ ပွင့်တော်မူပြီး ဘုရားရှင်တော်(၄)ဆူတို့ရဲ့ သရီရဓာတ်တော်မွေတော်တွေ ပေါင်းစုဌာပနာပြုပြီး တည်ထားတော်မူတဲ့ နေရာမြတ်လဲ ဖြစ်တယ်ကွယ့်။

လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၅၀၀)ကျော်က သာသနာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်နေ့မှာ ဥက္ကလာပတိုင်း ဥက္ကလာဆိုတဲ့ မင်းမြတ်က တည်ထားကိုးကွယ်ခဲ့တာ။

ဒီစေတီတော်မြတ်မှာ ရှေးရှေးဘုရားများ ဖြစ်ကြတဲ့ ကကုသန်ဘုရားရှင်ရဲ့ တောင်ဝှေးတော်၊ ကောဏာဂုံဘုရားရှင်ရဲ့ ရေစစ်တော်၊ ကဿပဘုရားရှင်ရဲ့ ရေသနုပ်တော်(ရေလဲတော်)နဲ့ ငါတို့ ဂေါတမဘုရားရှင်ရဲ့ ဆံတော်ရှစ်ဆူကို ဌာပနာထားခဲ့တာလေ။

အဲဒီလို ဘုရားရှင် (၄)ဆူတို့ရဲ့ ဓာတ်တော်မွေတော်တွေ ကိန်းဝပ်တော်မူတဲ့ နေရာဟာ ဒီနေရာ တစ်နေရာတည်း ရှိတာမို့လဲ ကမ္ဘာ့အံ့ဖွယ် စေတီတော်မြတ်ကြီး ဖြစ်ခဲ့တာပေါ့ ငါ့မြေးရဲ့'

အဘိုးဟာ ကျွန်တော့်ကို ရွှေတိဂုံစေတီတော်နဲ့ ပတ်သက်တဲ့ သမိုင်းကို ရှင်းလင်းပြောပြနေပါတယ်။ ကုန်းတော်ပေါ်မှာတော့ ကျွန်တော်နဲ့ အဘိုးနှစ်ယောက်တည်းရယ်ပါ။

အဘိုးက ကျွန်တော့်ကို ရှင်းပြနေတုန်း ကျွန်တော်ဟာ အဘိုးကို စေ့စေ့စပ်စပ် ကြည့်နေမိတယ်။ အဘိုးဟာ အသက် (၇၀)ကျော်အရွယ်လောက် ထင်ရတယ်။

မုတ်ဆိတ်မွေးတွေက ဖြူဖွေးနေပြီး ရှည်လျားလှပါတယ်။ ကျင်စွယ်နှုတ်ခမ်းမွေးတွေကိုလဲ မှတ်မိနေတယ်။ နောက်ပြီးတော့ အရွယ်နဲ့ မလိုက်အောင် ကျစ်လျစ်သန်စွမ်းတဲ့ ခန္ဓာကိုယ်ရယ်၊ တောက်ပဝင်းလက်နေတဲ့ မျက်လုံးအစုံ ခွန်အားပါတဲ့ အပြုံးတွေ ဟုတ်တယ် တစ်ချိန်တုန်းဆီက





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ဒီအဘိုးကို တွေ့ခဲ့ဖူးတယ်။ ဒါကို ကျွန်တော် ကောင်းကောင်း ပြန်အမှတ်ရနေမိတယ်။

ဒီလိုပါ ကျွန်တော် ပေပင်ကုန်းဆိုတဲ့ရွာကလေးမှာ နေခဲ့စဉ်ကပေါ့။ လူပေလူတေဘဝနဲ့ ရွာတာရိုးပေါ်မှာ သဝေထိုးပြီး မူးရူးနေချိန်ကပါ။ ကြက်ပွဲ၊ အရက်ပွဲ၊ ရန်ပွဲတွေမှာ နစ်မွန်းနေတဲ့ကာလ။

တစ်ညမှာ အရက်မူးမူးနဲ့ တာရိုးပေါ်မှာ လျှောက်လာတုန်း ကျွန်တော့်ကို အဘိုးက...

'ဟေ့ကောင် အောင်ပိုင် မင်း လူမိုက်လား'

ကျွန်တော့်ကို တောင်ဝှေးနဲ့ မျက်နှာအညီတည့်ကို ထိုးတော့မလို ချိန်ရွယ်ပြီး မေးခဲ့တဲ့အဘိုး၊

ဒီတုန်းက ကျွန်တော် အရက်မူးပြေသလိုဖြစ်ပြီး ထိတ်လန့်သွားစေခဲ့တဲ့အဘိုး...

'အောင်ပိုင် လူလေး မင်းဟာ ငါနဲ့ ပဋ္ဌာန်းဆက်ရှိလို့ မင်းကို ငါရှာနေတာ။ မင်းကို တွေ့မယ့်တွေ့တော့ အရက်သမားဘဝနဲ့ ကောင်းကွာ။

မင်း အရက်မသောက်နဲ့။ ငါပြောတာကြားလား။ မကောင်းတာတွေ မင်းလုပ်နေရင် မင်းကြမ္မာဆိုးနဲ့ သေရတော့မယ်။ သတိထားပေတော့ ငါ့လူရေ'

လို့ ပြောဆိုပြီး အဘိုးဟာ ရွာရဲ့အရှေ့ဘက်က တောတန်းတွေရှိတဲ့နောက်ကို ထွက်သွားခဲ့ပါတယ်။

ကျွန်တော်ဟာ လူကောင်းတစ်ယောက် မဟုတ်ပါဘူး။ အဘိုးနဲ့တွေ့ပြီးတဲ့နောက် အရက်ကို ဆက်သောက်ခဲ့တာပါ။ အလုပ်က လယ်သမားဆိုတော့ မူးမူးရူးရူးနဲ့ လယ်ထဲတော့ ဆင်းရပါတယ်။

အဲဒီမှာ လိုရင်းပြောရရင် လယ်ထဲမှာ ပိုးထိတယ်။ ဆေးရုံပို့ သတိမေ့မြောပြီးနေတုန်း ကျွန်တော့်ဆီကို အဘိုးရောက်လာတယ်။ ပြီးတော့ ကျွန်တော့်ကို လက်ဆွဲပြီး ခေါ်သွားခဲ့တယ်။

ခေါ်သွားတဲ့ နေရာက ငရဲပြည်ပါ။ အဲဒီမှာ ကျွန်တော့်သူငယ်ချင်း သောက်ဖော်သောက်ဖက် မိုက်ဖော်မိုက်ဖက်တွေနဲ့ ပြန်တွေ့ရပါတယ်။ လှဘို၊ အောင်သီး၊ ကြက်တော၊ ဘိုးသစ်တုံး တို့တစ်တွေရယ်ပါ။

သူတို့က ကျွန်တော့်ထက်အရင်သေပြီး ဒီနေရာကို ရောက်နေကြတာပေါ့။ ကျွန်တော့်ကို သူတို့က မရဲ့သမပြုံး စိမ်းစိမ်းကြီးတွေ ကြည့်နေကြတယ်လေ။

ဒီကောင်တွေ မျက်နှာဟာ သွေးမရှိတော့ဘူး ဗလာစာရွက်လို ဖြူဖွေးနေကြတယ်။ ငရဲပြည်မှာ ကျွန်တော်တို့အဖွဲ့ဟာ ဟိုအရင်ခေတ်က သမဝါယမဆိုင်မှာ တန်းစီတိုးသလို တန်းစီပြီး ရပ်နေကြရတယ်။

ခေါင်းမှာ နွားချိုလို ပေါက်နေတဲ့ ငရဲမင်းကြီးလား ဘာလားမသိတဲ့ လူကြီးတစ်ယောက် မည်းနက်တောက်ပြောင်တဲ့ အသားရောင်၊ အခိုးထွက်နေတဲ့ မီးလျှံရှိတဲ့ မျက်လုံးနဲ့ လူကြီးဟာ အလျှံညီးညီး တောက်နေတဲ့ မီးလျှံကြားက သံဒယ်အိုးကြီးဆီက ပွက်ပွက်လောနေတဲ့ သံရည်ပူတွေကို တစ်ခွက်ပြီး တစ်ခွက်ခပ်လိုက် တန်းစီနေသူတွေရဲ့ ပါးစပ်ကို ငရဲသားအခြားတစ်ယောက်က ကိုင်ဖြဲပေးပြီး လောင်းချလိုက်နဲ့ တစ်ယောက်ပြီး တစ်ယောက် မရှုမလှ အလှည့်ကျ ခံနေကြရတယ်။

အောင်မယ်လေး အဘလေး အော်သံတွေကလဲ ပွက်လောရိုက်နေတာပေါ့။ သံရည်ပူလောင်းပြီးရင်တော့ ဒီလူတွေကို အလကား မထားပါဘူး။ မစင်ဘင်ပုပ်တွေ ပြည့်နေတဲ့ ကန်ကြီးထဲကို ငရဲသားနှစ်ယောက်က ခြေထောက်နှစ်ချောင်းကို ကိုင်ဆွဲပြီး အရှိန်နဲ့ လွှဲပစ်ချလိုက်ကြတယ်။

ကျွန်တော်ဟာ ကြည့်နေရင်း ကိုယ့်အလှည့်ကို ထိတ်လန့်တုန်ယင်စွာ စောင့်ဆိုင်းနေရတယ်။ ရင်ထဲမှာ တဒုန်းဒုန်း ခုန်နေတယ်။ ဘုရား ဘုရား ဘုရား ကယ်တော်မူပါလို့လည်း နှုတ်က တစ်ခါဖူးမှ မတမ်းတဘူးတဲ့ ဘုရားရှင်ကို တမ်းတနေမိတယ်။

ဒီလို ဘုရားတလိုက်သံနဲ့အတူ ကျွန်တော် မြောနေရာက ပြန်သတိရလာတယ်။ ထူးဆန်းတာက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

လက်ထဲမှာ အဘိုး ဘယ်အချိန်က ပေးသွားမှန်းမသိတဲ့ ဆေးလုံးကလေး သုံးလုံးကို ဆုပ်ကိုင်ထားတယ်။

ကျွန်တော် သတိရလာတော့ အဖေ အမေနဲ့ ဆွေမျိုးတွေက တအံ့တသြ ဖြစ်နေကြပါတယ်။ ကျွန်တော်လဲ အဘိုး ပေးထားတဲ့ ဆေးသုံးလုံးကို သောက် လိုက်တယ်။ သိပ်မကြာခင်မှာဘဲ ကျွန်တော် သေတွင်းက လွတ်မြောက် ပြီး ဆေးရုံက ပြန်ဆင်းနိုင်ခဲ့ပါတယ်။

ဆေးရုံက ပြန်ဆင်းပြီးတော့ ကျွန်တော့်စိတ်တွေဟာ မယုံနိုင်အောင် ပြောင်းလဲသွားတယ်။ အရက်ဆိုတာ ဝေလာဝေးပါပဲ။ နောက်တော့ ကျွန်တော် အိမ်က ထွက်လာခဲ့တယ်။

တောတွေ၊ တောင်တွေ၊ ဘုရားစေတီတွေမှာ ကျွန်တော် အဓိဋ္ဌာန်ဝင် ခဲ့တယ်။ တစ်မြို့ပြီးတစ်မြို့ တစ်နယ်ပြီး တစ်နယ် တစ်ကိုယ်တော် လှည့်လည် နေခဲ့ပါတယ်။ ကျွန်တော်က မမြင်ရတဲ့ အဘိုးရဲ့အသံက တစ်ခုပြီးတစ်ခု လမ်း ညွှန်အမိန့်ပေးနေခဲ့တာပါ။

ကျွန်တော်ဟာ ဂန္ဓာရီစခန်းအဆင့် ဆင့်မှာ အဓိဋ္ဌာန်တွေ အောင်ခဲ့ပါတယ်။ ဒီလိုနဲ့ပဲ ထူးခြားလှတဲ့ ညဉ့်တစ်ညဉ့် မှာတော့ အဘိုးနဲ့ ရွှေတိဂုံရင်ပြင်တော် ပေါ်မှာ ပြန်လည် ဆုံတွေ့ခဲ့ရတယ်။

ဩော် အဘိုး... အဘိုးဟာ ကျွန်တော့်ဘဝကို ကယ်တင်ခဲ့သူ၊ ဘဝ လမ်းကြောင်း ဖြောင့်တန်းရေးအတွက် လမ်းပြခဲ့တဲ့ လမ်းပြကြယ်ကြီးပါလား၊ ကျွန်တော်ဟာ အဘိုးရဲ့ ခြေတော်အစုံ ကို နဖူးနဲ့ထိရင်း လေးလေးစားစား ဦးချ ကန်တော့နေခဲ့မိပါတယ်။

အဘိုးက...

'ငါ့မြေး မင်းလဲ တတ်ရှူး နတ်ရှူးလို့ အပြော ခံပြီး ဝိဇ္ဇာစခန်း ဂန္ဓာရီလမ်းကို လျှောက်ခဲ့ တာ အတော်တော့ ဟုတ်လာပါပြီ။ တော ကျင့်တောင်ကျင့်နဲ့ မဆိုးတော့ပါဘူးကွာ'

လို့ ပြောလိုက်ပါတယ်။

ကျွန်တော့်စိတ်ထဲမှာ တောကျင့် တောင်ကျင့်လို့ ပြောလိုက်တဲ့ အဘိုးရဲ့ စကားကြောင့် နိုးလိုးနုလု ခံစားသွား မိတယ်။

'အဘိုး ကျွန်တော် တောကျင့် တောင်ကျင့် ဖြစ်သလို မလုပ်ပါဘူး အဘိုးရယ်၊ အဘိုးလမ်းညွှန်မိန့်ကြား တဲ့အတိုင်း သေသေချာချာ ကျင့်ကြံခဲ့ တာပါ ခင်ဗျာ'

လို့ ပြောလိုက်တော့ အဘိုးက ပြုံး ပြီး...

'အေးလေ မင်းကို တောကျင့် တောင်ကျင့်လို့ ပြောရတာက တော တွေတောင်တွေထဲမှာ ကျင့်တာကို ပြောတာပါကွာ။ ဖြစ်သလို ကျင့်တယ် လို့ ပြောတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ပါဘူး။ မင်းစိတ်ထဲမှာ နိုးလိုးနုလု မဖြစ်ပါနဲ့ ငါ့မြေးရယ်'

လို့ ပြောပြီး...

'မင်းလဲ သမထစွမ်းအား တော်တော်လေး ပြည့်ဝနေပြီပဲ။ အဲဒီတော့ မင်းကို သူများ မရောက်ဘူးတဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီး ရဲ့ နေရာထူးကို လိုက်ပြမယ်'

လို့ ပြောပါတယ်။ အဘိုးဟာ ကျွန်တော့်ကို ဦးဆောင်ပြီး ရွှေတိဂုံ ရင်ပြင်တော်ပေါ်က နေရာတစ်နေရာ ကို ခေါ်သွားပါတယ်။

'ဒီနေရာကို ဆံတော်တွင်းလို့ ခေါ်တယ် ကွယ့်။ ဟိုးရှေ့ ပုဂံခေတ်က သူရဲကောင်း ယောင်ကံဆိုတဲ့လူ ရွှေတိဂုံဘုရားရဲ့ ဌာပနာ တိုက်ထဲကို ဆင်းခဲ့တဲ့ တွင်းပေါ့'

လို့ ပြောပြီး ကျွန်တော် တွင်းဝနား ကို ကပ်လိုက်တော့ အဘိုးဟာ သူ့ရဲ့ တောင်ဝှေးနဲ့ ကျွန်တော့်ကို ဖမ်းတို့ လိုက်ပါရော။ ဘာပြောကောင်းမလဲ ဗျာ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တော့ဘဲ တောင်အမြင့်ကြီး ပေါ်က ခုန်ချလိုက်သလိုမျိုး ရင်ထဲမှာ အေးခနဲဖြစ်ပြီး အောက်ကို ပြုတ်ကျ သွားပါတော့တယ်။

အောက်ခြေကို ရောက်တော့ မား စက်၊ လုံ့စက်တွေကြားမှာ မတ်တတ် ရပ်ပြီး ရောက်နေတယ်။

အဲဒီလိုနေတုန်းမှာ အသားညိုညို လူထွားထွားကြီး တစ်ယောက် ကျွန်တော့်ဆီကို အတင်းပြေးဝင်လာ တယ်။ ဒီလူကြီးက သျှောင်တစောင်း နဲ့ ရှေးခေတ်လူသားကြီးပေါ့။

'ဟေ့ကောင်လေး မင်း ဘာလာ လုပ်တာလဲ၊ တော်တော်ခက်တဲ့ အကောင်ပဲ။ မင်း ဒီနေရာကို ရောက် လာတာ သေတွင်းထဲ ကျလာတာပဲကွ မင်းရောက်တဲ့အချိန်မှာ မားစက်၊ လုံ့ စက်တွေကို ပိတ်ထားမိပေလို့သာ မင်းကို အကောင်းတိုင်းမြင်ရတာ။ မဟုတ်ရင်လား အပိုင်းပိုင်း အတစ်တစ် နဲ့ မင်း အသက်ထွက်သွားပြီ'

'ခင်ဗျာ'

ကျွန်တော်လည်း လူကြီးပြောတာ ကို တအံ့တသြ နားထောင်ရင်း 'ခင်ဗျာ' လို့ ယောင်ပြီး အသံထွက်သွား ပါတယ်။

'ကျွန်တော် ဌာပနာတိုက်ကို လာ ဖူးတာပါ။ ကျွန်တော့်ရဲ့ အဘိုးဆ က လွှတ်လိုက်လို့ပါ'

လို့ ထိတ်ထိတ်လန့်လန့်နဲ့ ပြန်ပြေ လိုက်ပါတယ်။

'အေး ဒါဆိုရင်လဲ မင်း ကော ကောင်းမွန်မွန် ဖူးပေတော့၊ ဟို တွေ့လားကွ၊ မင်းလိုပဲ လူစွမ်းကော တစ်ယောက်'

သျှောင်တစောင်းနဲ့ လူညိုထွား က ကျွန်တော့်ကို တစ်နေရာ လ ညွှန်ပြပါတယ်။ ကျောက်ချိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးတစ်ယောက်ဟာ တုံးလုံးပက်လက်ကြီး လဲလျောင်းနေလေရဲ့၊ ကျောက်ရုပ်ကြီးတစ်ရုပ်လိုပါပဲ။

'အေး အဲဒီလူက မောင်ကံလို့ခေါ်တဲ့လူပဲ။ သူဟာ တရုတ်နိုင်ငံ ဗုဒ္ဓမြတ်စွာရဲ့ စွယ်တော်ကို ပင့်ဖို့အသွားမှာ တရုတ်ဘုရင် ဦးတည်ဘွားက သမီးတော်နဲ့ လက်ထပ်ထိမ်းမြားပြီး ညှိရုံးတာကို ခံသွားရတာပေါ့။ စွယ်တော်မပင့်ခဲ့တဲ့ တို့မျိုး ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ ဌာပနာတိုက်ထဲက ရတနာနိုက်ဖို့ ပြန်လာခဲ့တာ။

ရတနာမရတဲ့ လောဘတရားကြောင့် ခုလိုလူ့ရင်ဘဝက မလှုပ်နိုင် မရှားနိုင်တဲ့ ဘဝမျိုး ရောက်သွားရတာပေါ့။ မင်းကိုတော့ ဒီလိုမထင်ပါဘူး။ ကဲ မင်း ဘုရားဖူးပေတော့ပေါ့'

လို့ ပြောပါတယ်။

ကျွန်တော် ရောက်နေတဲ့ နေရာဟာ ရွှေတိဂုံစေတီတော်ရဲ့ မြေအောက်ဌာပနာတိုက်ကြီးပါပဲ။ အလွန်ကိုပဲ ခမ်းနားထည်ဝါလှပါတယ်။

အဲဒီမှာ ရွက်လွှင့်ပြီး ထွက်ခွာဖို့ အဆင်သင့်ပြင်ထားတဲ့ လှေကြီးနှစ်စင်းကို တွေ့ရတယ်။ တစ်စင်းက ရွှေလှေ၊ တစ်စင်းကတော့ ငွေလှေပါ။

ဒီလှေကြီးတွေပေါ်မှာ ရတနာတွေ စီခြယ်ထားတဲ့ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူခဲ့သော ဗုဒ္ဓရှင်တော်မြတ်တို့ရဲ့ ဓာတ်တော်မွေတော်တွေ ရှိနေပါတယ်။

ကျွန်တော်လဲ လက်ယာရစ် လှည့်ပတ်ပြီး ပူဇော်နေမိတယ်။ ဒါပေမယ့် ကျွန်တော် ကြာကြာမနေနိုင်ခဲ့ပါဘူး။ လှေကြီးနှစ်စင်းက ပြိုးပြိုးပြက်ပြက် ထွက်နေတဲ့ အရောင်အဝါတွေကြောင့် မျက်စိတွေ ကျိန်းစပ်လာပါတယ်။ အအေးဓာတ်ကလဲ တစ်ကိုယ်လုံး ခဲတုံးဘဝ ရောက်သွားမလား ထင်ရတယ်လေ။



ထူးဆန်းတာက လှေကြီးနှစ်စင်းဟာ သမုဒ္ဒရာရေပြင်ကြီးနဲ့ ဆက်သွယ်နေတယ်။ အချိန်မရွေး ရွက်လွှင့်ပြီး တစ်နေရာကို ထွက်ခွာသွားနိုင်တယ်။ လေထုပေါ်မှာ ရေထုရှိတယ်။ ရေထုပေါ်မှာမှ မြေထုရှိတယ်ဆိုတာကို ဗုဒ္ဓစာပေကျမ်းဂန်တွေမှာ ဖတ်ရှုလေ့လာဖူးပါတယ်။

အမှန်တော့ ကျွန်တော် ရောက်နေတာ မြေထုရဲ့ အောက်က ရေထုရှိတဲ့အလွှာပါ။ ဒီရေလွှာထုပေါ်မှာ သိကြံ့တ္တရ ကုန်းတော်ကြီးနဲ့ မြတ်ဘုရားရွှေတိဂုံ တည်တော်မူနေတာပါ။

ကျွန်တော် ကြာကြာမနေနိုင်တော့ဘူး။ တစ်ပတ်လောက်သာ လက်ယာရစ်လှည့်ပတ်ပူဇော်ပြီး ဌာပနာတော်များကို ရှိရှိသေသေ ကန်တော့ရှိခိုးရပါတယ်။ ပြန်ချင်တဲ့အကြောင်း လူ့ညိုထွားကြီးကို အကူအညီ တောင်းလိုက်တော့...

'အေး...မင်း ရာဟုထောင့်က ပြန်ထွက်ပေ့'

လို့ အော်ပြီး ပြောလိုက်ပါတယ်။

ခြေလှမ်း (၇)လှမ်းလောက် လှမ်းလိုက်တယ်ဆိုရင်ပဲ ကျွန်တော်ဟာ ရွှေတိဂုံရင်ပြင်တော်ပေါ်က ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်ရှိရာ စေတီလေးနားကို ရောက်လာပါတယ်။ အဲဒီမှာတော့ ကျွန်တော့်ဆရာသခင် အဘိုးဟာ ပြုံးပြုံးကြီး ကျွန်တော့်ကို ဆီးကြိုနေပါတယ်။

'အေး ငါ့မြေးကို ရွှေတိဂုံဘုရား ဌာပနာတိုက်တော် ဖူးမြော်ခွင့် အောင်ဆုကို ချီးမြှင့်ပေးပြီးပြီ။ ကဲ ငါတို့ ခရီးထွက်ကြဦးစို့'

ဆိုပြီး ကျွန်တော့်လက်ကို ဆွဲခေါ်လိုက်တာမို့ ကျွန်တော်လဲ အဘိုးနဲ့ အတူ လိုက်သွားခဲ့တာပါပဲ။

* * *

စာရေးသူဟာ အားလပ်ရက်ရသော တစ်နေ့တွင် မိမိရဲ့ မိတ်ဆွေရသေ့ကြီး ဦးဒီပရှိရာ ဒေးစွန်ပါတောင်တော်ကြီးကို ရောက်ရှိခဲ့ပါတယ်။

ရသေ့ကြီးဦးဒီပထံ ရောက်တော့ အသက်အရွယ် နုပျိုတဲ့ ရသေ့ငယ်တစ်ပါးကို အမှတ်မထင် တွေ့ဆုံရင်းနှီးခွင့် ရခဲ့ပါတယ်။

ရသေ့လေးရဲ့ သက်တော်မှာ (၄၀) ဝန်းကျင်ခန့်သာ ရှိပါသေးတယ်။ သူ့ရဲ့ စရဏစွမ်းအားကိုတော့ တောက်ပရွှန်းလက်ပြီး စူးရှလွန်းတဲ့ မျက်စိတစ်စုံက သက်သေခံနေပါတယ်။

ဒီရသေ့လေးဟာ စာရေးသူ ရေးသားတင်ပြခဲ့တဲ့ မြတ်ဘုရားရွှေတိဂုံနဲ့ ဂမ္ဘီရအတွေ့အကြုံများကို ပြောပြခဲ့တဲ့ ရသေ့လေး ဦးအောင်ပိုင်ပဲ ဖြစ်ပါတယ်။ ဒီစာစုများဟာ ရသေ့လေးရဲ့ ပြောစကားများကို ဆီလျော်အောင် ရေးသား တင်ပြထားခြင်းသာ ဖြစ်ပါတယ်။

သမ္မုဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com

ကိုစိုးသန်း

# သစ်သီးစားမျောက် အစီအရင်

၂၀၀၄ ခုနှစ် နှစ်ဦးကာလတွင် စာတည်းချုပ်က ကျော်အောင်စံထား ကျောင်းသို့ ခရီးကြုံဝင်ရောက်လေ့လာသင့်ကြောင်း အကြံပေး လမ်းညွှန်ခဲ့သဖြင့် မုံရွာ မဟာလယ်တီတိုက်မှ အရှင်သီလာစာရနှင့်အတူ သွားရောက်ဖြစ်ခဲ့သည်။

ကျော်အောင်စံထား ဆရာတော်က (အမရပူရ)တောင်မြို့တစ်ခွင် လေ့လာသင့်သည့် ထူးခြားသော နေရာများကို လမ်းညွှန်ပေးတော်မူကာ ပြန်ခါနီးတွင် **"သိဒ္ဓိဖေယျကျမ်းလာ သစ်သီးစား မျောက်အစီအရင်"**ကို စွန့်လှူပေး၏။

ဂျွန်းနက်ကို သစ်သီးစားနေသည့် မျောက်ပုံထု။ **ညနေဝင်စအချိန်မှာ...**

'ဥုံ အပေတယံ စက္ခုမာ ဧကရာဇာ ဟရိဿ ဝဏ္ဏော ပထဝိပ္ပဘာသော။ တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။ တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗ ဓမ္မေ၊ တေ မေ နမော, တေ စ မံ ပါလယန္တု။ နမတ္ထု ဗုဒ္ဓါနံ,နမတ္ထု ဗောဓိယာ။ နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။ ဣမံ သော ပရိတ္တံ ကတ္တွာ မောရော ဝါသ မကပ္ပယိ'

ဂါထာတစ်ထောင် စုတ်ပါ။

နံနက်မိုးသောက်ချိန်မှာ...

'ဥုံ ဥဒေတယံ စက္ခုမာ ဧကရာဇာ ဟရိဿ ဝဏ္ဏော ပထဝိပ္ပဘာသော။ တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။ တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗ ဓမ္မေ၊ တေ မေ နမော,တေ စ မံ ပါလယန္တု။ နမတ္ထု ဗုဒ္ဓါနံ,နမတ္ထု ဗောဓိယာ၊ နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။ ဣမံ သော ပရိတ္တံ ကတ္တွာ မောရော စရတိ ဧသနာ'



◆ ဖိုးကြီးဆ ထန်းလက်ဖြင့် ထုလုပ်ထားသည့် သစ်သီးစားမျောက်ကလေး

ဂါထာ တစ်ထောင်စုတ်ပါ။

'အကျိုးကတော့ စားရေရိက္ခာ ပူပန်စရာ မလိုတော့ဘူးကွ'

'ငွေကြေး လာဘ်လာဘကော ဘုရား'

'စားရေရိက္ခာ ပူစရာမလိုတော့မှ ငွေကြေးလာဘ်လာဘက အလျှံပယ် ပေါ့ ဒကာရယ်'

'ဂျွန်းနက်သားနဲ့မှ ထုလို့ ရတာလား အရှင်ဘုရား'

'အစောင့်ကာရက ကြီးမားတဲ့ တခြား အသား(သစ်သား)တွေကိုလဲ သုံးလို့ရပါတယ်'

ဤသို့ဖြင့် နောက်ပိုင်းတွင် ကျောက်ဆည်မြို့ အရှေ့ဘက်ရှိ (ရှေးမြန်မာ ဘုရင်ခေတ်၊ ရှမ်းဗမာနယ်စပ်)တွင် ပေါက်ရောက်သော နှစ်တစ်ထော... ကျော်ရှိသည့် **ကင်းမန်ကျည်းပင်မှ ကျိုးပေါင်း(ဖုထုံး)**ကို လည်း...ကောင်း... သီလရှင် မယ်တော်... ဒေါ်သုမင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com

သီတင်းသုံးရာ မိုးညှင်းချောင်မှ **မိုးကြိုးခထန်းလက်ငုတ်**ကို လည်းကောင်း...

သစ်သီးစားနေသော မျောက်ရုပ်ထုလုပ်ကာ ဂါထာစုတ်၏။ တစ်နေ့အတွင်း ဂါထာတစ်ထောင် မပြီးပါ။ သပေါင်းများစွာ ကြိုးပမ်းခဲ့ရသည်။

ထိုမျောက်ရုပ်နှစ်ခုတို့ ဂါထာနှစ်ထောင်စီ စုတ်ပြီးသောအချိန်တွင် စစ်ကိုင်း မုံရွာသို့ စာပေခရီးထွက်ရလေရာ ထိုအရုပ်များကိုလည်း ကင်မရာအိတ်တွင်း ထည့်ယူလာခဲ့လေသည်။

---

### ပဌမနေ့

---

ဆားလင်းကြီးမြို့နယ်၊ တုံရွာ ရွှေဥမင် စေတီအား ဝင်ရောက် ပူဇော်ရာ စေတီသမိုင်းကို ဆားလင်းကြီး တောင်ပေါ်ကျောင်း ဆရာတော် ဦးအာဒိစ္စဝံသအား ဖူးတွေ့ လျှောက်ထားကြည့်သည်။

'ရွှေဥမင်သမိုင်းတော့ ဘုန်းကြီး မသိဘူး။ တုံဆရာတော်အကြောင်းတော့ ပြောပြနိုင်ပါတယ်။ ဒီမှာ တရားပွဲပြီးလို့ ဆွမ်းဘုဉ်းပြီးမှ တောင်ပေါ်ကျောင်းမှာ ဆုံကြရအောင်'

ဆရာတော်က ဖော်ရွှေစွာ မိန့်ကြားသဖြင့် ကျောင်းဝင်း မန်ကျည်းပင်ရိပ်တွင် ခို၍ စောင့်ဆိုင်း၏။ ထိုစဉ် လူတစ်ယောက် လာရောက်၍...

'ဆရာတို့ ထမင်းသုံးဆောင်ရအောင် ကြွကြပါ'

ဟု ဖိတ်ကြားသဖြင့် ဆွမ်းစားဆောင်သို့ လိုက်သွားသည်။ အညာခလေ့ ချဉ်ရည်ဟင်း၊ ကုလားပဲခြမ်းပြုတ်ကြော်၊ ငါးခြောက်ထိုး (ငါးခြောက်နှင့် ကြက်သွန်နီ ရောမွှေကြော်ထားသည့် အညာအလှူ ပင်တိုင်ဟင်း)တို့ဖြင့် တည်ခင်း၏။

ထမင်းစားပြီး၍ အပင်ရိပ်အောက် ပြန်စောင့်နေစဉ် ဆရာတော်များ တရားဟောပြီးသဖြင့် ဆွမ်းကပ်ကြသည်။

'ဆရာ ထမင်းစားရအောင်'

'ဗျာ ခုနကလေးတင် စားပြီးတယ်လေ'

'ဟုတ်ပါတယ် ကျွန်တော်တို့လဲ ကျွေးပြီးပြီလို့ ပြောပါတယ်။ ဘုန်းကြီး (ဆရာတော်)က ထပ်ကျွေးပါဆိုလို့ပါ။ မစားရင် ကျွန်တော်တို့ အပေါက်ခံရပါမယ်။ တခြားဟင်းလျာတွေနဲ့ နည်းနည်းဖြစ်ဖြစ် ထပ်စားပါဦးဗျာ'

သို့ဖြင့် ဒုတိယမ္ပိ နံနက်စာကို ဘုန်းကြီးပိုင်းကျ ကြက်သား၊ ဝက်သား၊ ငါးတို့ဖြင့် စတီသဘော ထပ်၍စားခဲ့ရလေသည်။

---

### ဒုတိယနေ့

---

အမြင့်တောကျောင်းခေါ် ပေါင်လောင်ရှင် ကဿပထေရ် သာသနာပြုခဲ့သည့် လက်တော်ရာ တောကျောင်း ပူဇော်မှုခရီးအတွက် အမြင့်သို့ ရောက်ရှိရာ ရန်အောင်မင်္ဂလာကျောင်းတိုက် ဆရာတော် ဦးဝါယမိန္ဒအား ဝင်ရောက်ခွန်းဆက်ဖူးမြော်သည်။ ဆရာတော်က...

'အကာတို့ သွားစရာရှိတာတွေ သွားပြီး ဒီမှာပဲ နံနက်စာ ပြန်စားကြပါ။ ရှိထမင်း ရှိဟင်းနဲ့ပေါ့'

ဟု ဖိတ်မန္တက ပြုတော်မူသည်။

ဘုရားပုထိုးများအား လှည့်လည်ကြည့်ညို ဓာတ်ပုံရိုက်ပြီးနောက် ရန်အောင်မင်္ဂလာကျောင်းသို့ ပြန်၍ ထမင်းစားရာ (စားသောက်ဆိုင်မှ ဝယ်ယူသည်လော၊ လောင်းလှူသည့်လော မသိပါ။) ကုန်းဘောင်ကြီး စသည့် တရုတ်ဟင်းလျာများဖြင့် ကျွေးမွေးတော်မူသည်။

ထို့နောက် ဆရာတော်အား နှုတ်ဆက်၍အပြန် နဂါးတွင်းရွာ ချမ်းသာကြီးကျောင်းဆရာတော်အား သွားရောက်ဖူးမြော်ရာ...

'ကျောင်းရောက်လာသူမှန်သမျှ ထမင်းစားပြီးမှ ပြန်ရတယ်'

ဟု တိုက်တိုက်တွန်းတွန်း ကျွေးမွေးပြန်သဖြင့် ကျေနပ်တော်မူရန် ထပ်စားရပြန်သည်။

စာပေတာဝန်ဖြင့် ခရီးထွက်သောအခါ စာတည်းချုပ်က ခရီးစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ် စသည် ပြည့်စုံစွာ ထောက်ပံ့သည်ဖြစ်ရာ "သီးစားမျောက်"များအား ကျေးဇူးရှိသူထံသို့ ပြန်လှူရန် တွေးမိသည်။

ဘုရားကြီးရပ် ချင်းတွင်းမြစ်ကမ်းနဖူးတွင် လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ရောင်းချသော ဦးသာရှင်၊ ဒေါ်နှင်းအေး မိသားစုမှာ ကျွန်ုပ် မုံရွာသို့ရောက်လျှင် ဆွေမျိုးရင်းချာသဖွယ် ကူညီပေးလေ့ရှိ၏။ ကမ်းနားနေသူဖြစ်၍ ထန်းသားမျောက်ရုပ်ကို လှူဒါန်းခဲ့၏။

မဟာလယ်တီတိုက်မှ အရှင်သီလာစာရသည်လည်း လိုလေသေးမရှိ ပြည့်စုံအောင် ကူညီပေးတော်မူ၏။ ပယင်းပုတီးစွန့်ဖူးသဖြင့် ကင်းမန်ကျည်းမျောက်ကို ကပ်လှူခဲ့လေသည်။

ဤ သစ်သီးစားမျောက်ရုပ်ကို အကုသိုလ် ဒုစရိုက်ဆယ်ပါး ရှောင်ရှားပြုလုပ်စီရင်ပါက အစွမ်းထက်သည် သာဖြစ်ကြောင်း ကျော်အောင်စံထား ဆရာတော်ကြီးက မိန့်မှာတော်မူခဲ့ပေသည်။

**ကိုစိုးဆန်း**



www.burmeseclassic.com

# မဟာဘုတ်ဟော်ချိန်ညွှန်းနှင့်



ရန်ငြိမ်းချမ်းသာ ကျင့်စဉ်

(၄–ကြွင်း သောကြာသားသမီး
သိုက်ဖွားများအတွက်)

ရန်ငြိမ်းချမ်းသာကျင့်စဉ်သည် (၄) **ကြွင်း မဟာဘုတ်ပိုင်ရှင် သောကြာသားသမီး** သိုက်ဖွားများအတွက် အထူးယတြာလည်း ဖြစ်ပါတယ်။

ကြည့်ပါဦး။

* * *

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

(၄)ကြွင်း မဟာဘုတ်ပိုင်ရှင်ဖြစ်သော သောကြာသားသမီးများသည် သိုက်ဖွားများဖြစ်သည့်အတွက် အစဉ်ကံကောင်းနိုင်မည်ဟု မျှော်လင့်ထား၍ မရပါချေ။ ဘာကြောင့်လဲဆိုရင်...

သိုက်ဖွား ဗုဒ္ဓဟူးသားသမီးများ၏ အမြစ်ဂြိုဟ်သည် (ကြာသပတေးဂြိုဟ်) ပုတိ (အပုပ်)အိမ်၌ ရပ်တည်နေခြင်းပါပဲ။ အမြစ်မသန်သဖြင့် ပင်စည်မသန်မှာ သေချာလှပါတယ်။ အမြစ်မကောင်းသဖြင့် အညွန့်ကရော ကောင်းကောင်းရှင်သန်ပါ့မလား။

အညွန့်ဖြစ်တဲ့ စနေဂြိုဟ်(၀–နေ) သည် မရဏအိမ် (အသေ)၌ ရပ်တည်နေကြောင်းလည်း တွေ့ရပါတယ်။ အမြစ်၊ အညွန့်အားနည်းခြင်းကလည်း ပင်စည်ကို အားနည်းစေမှာ ဖြစ်ပါတယ်။

တစ်ဖန်...

**မူလဂြိုဟ်**ဖြစ်သော သောကြာဂြိုဟ်သည် သိုက်ဂြိုဟ်ဖြစ်ပြီး တနင်္လာဂြိုဟ်သည် ရာဇဂြိုဟ်ဖြစ်တဲ့အတွက် ပက္ခမိတဲ့အတွက် အချစ်ရေး၊ ငွေရေးကြေးရေး၊ မိခင်၊ ဇနီးမယား၊ သွေးသား သံယောဇဉ်တို့ကြောင့် သောကမကင်းနိုင်ပါဘူး။

ထို့ပြင်...

အမြစ်ဂြိုဟ်ဖြစ်သော ကြာသပတေးဂြိုဟ်သည် ပုတိဂြိုဟ်ဖြစ်ပြီး အင်္ဂါဂြိုဟ်က အထွန်းဂြိုဟ်ဖြစ်တဲ့အတွက် ပက္ခမိနေပြန်ပါတယ်။ **စိန်ပန်း** ဆိုတဲ့ အတွင်းမိတ် ပျက်တဲ့အတွက် မိတ်ဆွေပျက်၊ ဆရာပျက်ကြုံရမယ်။ အိမ်တွင်းရေး အဆင်မပြေဖြစ်ပါမယ်။


ထို့ပြင်...

**အညွန့်ဂြိုဟ်**ဖြစ်သော စနေဂြိုဟ်သည် မရဏဂြိုဟ်ဖြစ်ပြီး တနင်္ဂနွေဂြိုဟ်သည် အဓိပတိအိမ်မှာ ရပ်တည်တဲ့အတွက် ပက္ခမိပြန်ပါတယ်။ အနွှော တတ်ဘက် ပျက်စေတဲ့အတွက် အောင်မြင်ကြီးပွားရေးမှာ နှောင့်နှေးတတ်ပါတယ်။ အခက်အခဲကြုံတတ်တာပါပဲ။

ဒါတွေကို အဆင်ပြေသွားရအောင် ရန်ငြိမ်းချမ်းသာကျင့်စဉ်ကို ပြောပြပါ့မယ်။

ကြည့်ပါဦး။

* * *




ကြည့်ပါဦး။

သောကြာနေ့တိုင်း သောကြာ... အရပ်၌...

❖ ဒန်ပန်းအိုး (မရလျှင် စတီးပန်းအိုး)... ရေကြည်ကြည်သန့်သန့် ထည့်ပါ။

ပြီးလျှင်...

❖ ကသစ်ညွန့်နှင့် စံပယ်ညွန့် ရောထိုးပြီးလျှ...

*(အရေအတွက် မလိုပါ)*

ပြီးလျှင်...

ရဟန်းတော်တစ်ပါးပါးကို...

❖ (၁) သင်္ကြား (ဝါ) သကြားသီးလှူပါ။

❖ (၂) ဆပ်ပြာလှူပါ။

❖ (၃) အုန်းထန်းလျက်လှူပါ။

သောကြာသား ဖြစ်တဲ့အတွ... **ပိတောက်သားပုတီးဖြင့် သုဂတော...** **ဂုဏ်တော်ကို** ပုတီးစိပ်ပေးပါ။

***အေးပါစေ အောင်ပါစေ။***

**သန်းပညာ**

www.burmeseclassic.com



သူရခင်နိုင် (မြာပုံ)

# အောင်ဆန်းသူရိယတိုက်ချွန်း

ပြောပြသော

# သူ၏ အဆောင်များ

ဤဆောင်းပါးကိုရေးရန် ကျွန်ုပ် စဉ်းစားမိသည်မှာ ကြာပြီဖြစ်ပါသည်။ သို့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် ကျွန်ုပ် မရေးဖြစ်ခဲ့ပါ။

ယမန်နေ့က စစ်မှုထမ်းဟောင်း တက်သွေးတစ်ဦးနှင့် စပ်မိစပ်ရာပြောကြရင်း ဗိုလ်ကြီးသူရအောင်ဆန်း သူရိယတိုက်ချွန်း(ဗိုင်ကောင်း) အကြောင်း ရောက်ရှိသွားသဖြင့် သူနှင့်ပတ်သက်သည်များကို ပြန်လည်သတိရလာပြီး ယခုမှ ရေးဖြစ်ခြင်းဖြစ်ပါသည်။

၁၉၇၉ ခုနှစ်၊ ဧပြီလ ဒုတိယပတ်အတွင်း တစ်ရက်တွင်ဖြစ်၏။ ထိုနေ့က ရန်ကုန်မြို့ သမ္မတအိမ်တော်ဝင်းအတွင်း ရှိ ...န်းမဆောင်ကြီး၌ ၁၉၅၀ ပြည့်နှစ်မှ ...၇၉ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်ချီးမြှင့်ခံရသူများ အနက်မှ ဘွဲ့တံဆိပ်အပ်နှင်းခြင်း မပြုရသေးသူများအား သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များကို အခမ်းအနားဖြင့် အပ်နှင်းချီးမြှင့်ခဲ့ပါသည်။

ထိုအခမ်းအနားသို့ ကိုယ်တိုင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် လက်ခံရယူမည့် ပုဂ္ဂိုလ်များ၊ ကိုယ်စား ဘွဲ့တံဆိပ်လက်ခံရယူမည့် အမွေစား၊ အမွေခံများနှင့် ဧည့်သည်တော်များပါ တက်ရောက်ခဲ့ကြပါသည်။

ထိုအခမ်းအနားတွင် စစ်ဖက်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူး လက်ခံကြရမည့်သူများအား စစ်တိုင်းကြီးများ နယ်မြေအလိုက်

www.burmeseclassic.com



စုစည်းပြီးမှ ရန်ကုန်သို့ စစ်တိုင်းကြီး အလိုက် စေလွှတ် တက်ရောက်စေခဲ့သည်ဖြစ်ရာ ကျွန်ုပ်သည် ထိုစဉ်က အနောက်မြောက်တိုင်း စစ်ဌာနချုပ် (နမခ)အဖွဲ့နှင့် အတူ တက်ရောက်ခဲ့ရပါသည်။

ထိုအချိန်က အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေမှာ ကျယ်ဝန်းလှသည့်အလျောက် ဘွဲ့တံဆိပ်လက်ခံ ရယူကြမည့် ပုဂ္ဂိုလ်များမှာလည်း မနည်းလှပေ။

ဘွဲ့လက်ခံမည့် ပုဂ္ဂိုလ်တစ်ဦးလျှင် ညွှန်သည်တစ်ဦးစီ တက်ရောက်ခွင့် ပေးထားသဖြင့်လည်း အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေ အဆိုပါ အခမ်းအနားသို့ တက်ရောက်ကြမည့် ပုဂ္ဂိုလ်များမှာ အတန်ပင်များပြားလျက် ရှိပါသည်။

သို့ဖြစ်ရာ ယင်းတို့အား ထိုစဉ်က နမခ စစ်တိုင်းကြီးတည်ရှိရာ မန္တလေးတွင် စုစည်းပြီးချိန်မှ ရန်ကုန်တွင် ကျင်းပမည့် အခမ်းအနားပြီးဆုံးသည် အထိ အုပ်ချုပ်ကွပ်ကဲရန် အရာရှိတစ်ဦးအား စစ်တိုင်းကြီးမှပင် ရွေးချယ် တာဝန်ပေးအပ်ခဲ့ပါသည်။

ကျွန်ုပ်သည် ထိုစဉ်က ကိုယ်တိုင် ဘွဲ့တက်ရောက် လက်ခံခဲ့ရသည့် နည်းတူ အဆိုပါအဖွဲ့အား အုပ်ချုပ်သူအဖြစ်လည်း ဆောင်ရွက်ခဲ့ရပါသည်။

နမခနယ်မြေမှ ဘွဲ့လက်ခံရယူမည့် သူများတွင် သူရဘွဲ့ရရှိသူများနှင့် သီဟဗလတံဆိပ်ရရှိသူတစ်ဦး ပါရှိခဲ့ပြီး သူရဘွဲ့ လက်ခံရယူမည့်သူများထဲတွင် ထူးထူးခြားခြား အောင်ဆန်းသူရိယဘွဲ့ ရရှိပြီးသူ ဗိုလ်ကြီးတိုက်ချွန်း (ဖိုင်ကောင်း)တစ်ယောက် ပါဝင်ခဲ့ပါသည်။

ထိုစဉ်က ဗိုလ်ကြီးတိုက်ချွန်းမှာ စစ်မှုထမ်းဆဲ အရာရှိ မဟုတ်တော့ပေ၊ တပ်မတော်မှ အငြိမ်းစားယူပြီး ဇာတိဖြစ်သော ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ်တွင် လုပ်ငန်း စစ်ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်နေသူ ဖြစ်ပါသည်။

ကျွန်ုပ်သည် မန္တလေးမှ ရန်ကုန်သို့ ထိုအဖွဲ့နှင့် ခရီးစတင်ထွက်သည့် အချိန်မှစ၍ အုပ်ချုပ်မှုကိစ္စ အဝဝအတွက် ယင်းတို့နှင့် အနီးကပ် ဆက်သွယ်နေထိုင်ခဲ့ရသည်ဖြစ်ရာ ဘွဲ့လက်ခံရယူကြမည့်သူ အားလုံးလိုလိုနှင့် မကြာမီမှာပင် ရင်းနှီးခင်မင်လာခဲ့ပါသည်။

ထိုသူများအနက် ဗိုလ်ကြီးတိုက်ချွန်းမှာ ကျွန်ုပ်နှင့် အရင်းနှီးဆုံးဖြစ်ပါ၏။

ဗိုလ်ကြီးတိုက်ချွန်းမှာ ထိုစဉ်က အသက်(၆၀)ခန့်ရှိပြီ ဖြစ်သော်လည်း သန်မာဆဲ ဖျတ်လတ်ဆဲ ဖြစ်ပါသည်။ စကားပြောလျှင်မူ သူ၏အသက်အရွယ်အရ မိမိကိုယ်မိမိ အဘဟူ၍ သုံးနှုန်းပြောဆိုလေ့ရှိ၏။

ကျွန်ုပ်ကလည်း သူ့အား သူပြောဆိုသုံးနှုန်းသည့် စကားအတိုင်းပင် အဘဟူ၍ ခေါ်ဝေါ်ဆက်ဆံခဲ့ပါသည်။

ဘွဲ့ယူမည့် အခမ်းအနား မတိုင်မီ တစ်ရက်အလိုတွင် အစမ်းလေ့ကျင့်မှု ပြုလုပ်ကြရသည်ဖြစ်ရာ ဘွဲ့လက်ခံကြမည့်သူများအားလုံး အခမ်းအနားနေ့တွင် ဝတ်ဆင်မည့် ဝတ်စုံအတိုင်း ဝတ်စုံပြည့် ဝတ်ဆင်ကြရပါသည်။

စစ်ဖက်အရာရှိများမှာ စစ်ဖက်အခမ်းအနားဝတ်စုံကို ဝတ်ဆင်ကြရ[ပြီး] ကိုယ်စားဘွဲ့ လက်ခံမည့်သူများမှာ အမျိုးသားဝတ်စုံကို ဝတ်ဆင်ကြရ၏။

ထိုနေ့က အစမ်းလေ့ကျင့်သည့် အခမ်းအနားသို့ သွားရောက်ရန် အတွက် အားလုံးလိုလို မော်တော်ယာဉ် များပေါ်သို့ တက်ရောက်နေရာယူပြီး သည့်တိုင် ဗိုလ်ကြီးတိုက်ချွန်းတစ် ယောက် မော်တော်ယာဉ်များရှိရာသို့ ရောက်ရှိလာခြင်း မရှိသေးပါ။

သို့ဖြစ်ရာ ''အဘရေ မြန်မြန်လုပ်... အားလုံးလူစုံပြီ'' ကျွန်ုပ်က အဘရှိ... အပေါ်ထပ်သို့ လှမ်းအော်၍ပြောလို... ပါသည်။

ယင်းသို့ လှမ်းအော်၍ ပြောလို... သော်လည်း ပြန်၍ ထူးသံမကြား... ဖြင့် ကျွန်ုပ်သည်အဘရှိရာ အဆော... အခန်း အပေါ်ထပ်သို့ အပြေးတစ်ပိုင်း... တက်ရောက်လာခဲ့ပါသည်။ ကျွ... အပေါ်ထပ် ရောက်သည်နှင့်...

'ဗိုလ်ကြီးရေ လာပါဦးဟ အ... တော့ လည်စည်း မစည်းတတ်... ဘူး။ လည်ပင်းကို ကြိုးကွင်းစွပ်သ... ဖြစ်နေပြီ'

ကျွန်ုပ်အား အဘက လှမ်းခေါ်... ပြော၏။ အခမ်းအနားဝတ်စုံကို မ... ရသည်မှာ ကြာပြီဖြစ်သော သူ့... လည်စည်းက ဒုက္ခပေးနေခြင်... သည်။

ကျွန်ုပ်သည် မိမိလည်ပင်းမှ ...





www.burmeseclassic.com

www.burmeseclassic.com

ည်းကိုဖြုတ်၍ အဘအား လည်စည်း ည်းနည်း သင်ပြပေးလိုက်၏။

ဤတွင်...

'စည်းနည်းတွေ ဘာတွေသင်မနေ ါနဲ့တော့ ဗိုလ်ကြီးရယ် အဘလည်ပင်း မှာသာ တစ်ခါတည်း စည်းပေးလိုက်ပါ တော့။ ဒါကြီးကို ဒီနေ့ တစ်ကြိမ်နဲ့ နက်ဖြန်တစ်ကြိမ်ပဲ အသုံးချမှာပါ။ အိမ် ပြန်ရောက်တာနဲ့သူလဲသေတ္တာထဲမှာပဲ နေမှာဆိုတော့ အဘအတွက်စည်း တတ်ဖို့ မလိုတော့ပါဘူး'

အဘကပြောနေသဖြင့် ထိုနေ့က ကျွန်ုပ်ကိုယ်တိုင် အဘအား လည်စည်း ည်းပေးခဲ့ရပါသည်။

ထိုနေ့ ထိုအချိန်မှစ၍ အဘနှင့် ကျွန်ုပ်၏အကြားတွင် ရင်းနှီးမှုပိုခဲ့၏။ ယခင်ကပင် သူ့အပေါ် လေးစားရင်းရှိခဲ့ ရာမှ သူ၏ ရိုးသားပွင့်လင်းမှု၊ မာန်မာန ကင်းမဲ့မှုတို့ကြောင့် ခင်မင်မှု အတိုင်း အတာ ကြီးမားခဲ့ရခြင်း ဖြစ်ပါသည်။

ထိုနေ့က အစမ်းလေ့ကျင့်ရာမှ တည်းခိုဆောင်သို့ ပြန်အရောက်တွင် ကျွန်ုပ်က အဘအား...

'နေ့လည်က လည်စည်း စည်းပေးရတဲ့ အတွက် အဖိုးအခအနေနဲ့ အဘရဲ့ စွန့် စားခန်းတွေ ပြောပြရမယ်'

ဟူ၍ ပွဲတောင်းခံ၏။ သို့နှင့် ထိုနေ့ ညတွင် အဘက သူ၏ စွန့်စားခန်း အချို့တွင် ကျွန်ုပ်အား ပြောပြဖြစ်ခဲ့ပါ သည်။

'တိုက်ပွဲတစ်ခုမှာ အဘရန်သူ့လက် ထဲက ဘရင်းဂန်းကိုတက်ပြီး ဆွဲခဲ့ဖူး တာပေါ့ ဗိုလ်ကြီးရဲ့။ အဖြစ်ကဒီလို အဘတို့ခေတ်မှာက ဘရင်းဂန်းဆိုတာ တိုက်ပွဲမှာ ဇာတ်လိုက်လို့ ပြောရမှာပဲ။ တိုက်ပွဲမှာ ဘရင်းဂန်းကို ဦးနှိမ်ထား နိုင်ရင် အဲဒီတိုက်ပွဲမှာ နိုင်ပြီလို့တောင် ပြောလို့ရတဲ့ခေတ် မဟုတ်လား။



အဲဒီနေ့က တိုက်ပွဲမှာ ရန်သူက နေရာကောင်းကောင်းကနေ ဘရင်းဂန်းနဲ့ အဘတို့ကို အဆက်မပြတ်ပစ်နေတာ၊ ရန်သူ ယူထားတဲ့နေရာကလဲ ကောင်း နေတော့ အဘတို့က ပြန်ပစ်ပေမယ့် ဘယ်လိုမှ မထိရောက်ဘူး ဖြစ်နေတယ်။ ဒီမှာတင် အဘက အဲဒီဘရင်းဂန်းကို တက်လုဖို့ ဆုံးဖြတ်လိုက်တာပဲ'

'ဘရင်းဂန်းဆိုတာက ကျည်ကပ် တစ်ကပ်မှာ ကျည်(၂၈)တောင့် ဆန့် တယ်လေ။ ဒါပေမယ့် များသောအား ဖြင့်ကတော့ ကျည် (၂၅)တောင့် လောက်ပဲ ထည့်လေ့ထည့်ထရှိတာပါ။ ဒါကို အဘက သတိထားလိုက်မိတယ်။

ရန်သူ့ဘရင်းဂန်း စပြီး ပစ်ချိန်က အပစ်ရပ်သွားတဲ့ အချိန်အထိ သေနတ် သံကို အဘလိုက်ပြီး ရေတွက်ကြည့် လိုက်တော့ သူ့သေနတ်က ကျည်(၂၅) တောင့် ပစ်ပြီးတိုင်းမှာ တစ်ခါ ရပ်,ရပ် သွားလေ့ရှိတယ်။

ဒီတော့ အဘကသိလိုက်ပြီ ဒီကောင် ကျည်ကပ်တစ်ကပ်မှာ ကျည် (၂၅) တောင့် ဖြည့်ထားတာ သေချာပြီပေါ့'

'အဘက သူ့နဲ့အနီးဆုံးကို ချဉ်း ကပ်ထားလိုက်ပြီး သူ့ကျည်ကပ်က ကျည်အကုန်ကို စောင့်တော့တာပေါ့။ တဒိုင်းဒိုင်းနဲ့ ပစ်နေတဲ့ သူ့ဘရင်းဂန်း သံကို ရေတွက်ပြီး ကျည်(၂၅)တောင့် ပြည့်တာနဲ့ အဘ ဒီကောင့်ကို ဝင်ပြီး လုံးလိုက်တာပဲ။ ဘရင်းဂန်းလဲ အဘလက်ထဲ ရောက်လာရော ပွဲကပြီးပြီလေ။ အဘ လူတွေက အတင်းတက်တော့တာ ပေါ့။ အဘတို့ အဲဒီပွဲမှာ အနိုင်ရလိုက်တယ်'

အဘက သူ့စကားကို ရပ်လိုက် သည်။

'အဘ ဒီလောက် ရှုပ်ရှုပ်ချုံချုံ စွန့်စွန့် စားစားလုပ်ရဲတာ။ အဘမှာ ဘယ်လို အဆောင်ကောင်းတွေများ ရှိနေလို့လဲ အဘရဲ့'

ကျွန်ုပ်က မေးမိ၏။

'ရှိပြီလား ဗိုလ်ကြီးရဲ့။ အဘမှာ အဆောင်က တစ်ခု မဟုတ်ဘူး (၃)ခု တောင်ရှိတာ။ **အဆောင်တစ်ခုက** အဘ တပ်မတော်ထဲဝင်ပြီး ချင်းတောင် ကို ပထမဦးဆုံးအကြိမ် ခွင့်ပြန်တော့ အဘအဖေ ပေးလိုက်တဲ့ **ဝက်စွယ် အဆောင်ပဲ။**

အဖေကပြောတယ် **သူ့တောင်ယာ မီးရှို့ရာက မီးမလောင်နိုင်တဲ့သစ်ငုတ် တစ်ခုမှာ ရှာကြည့်တော့ တွေ့လာခဲ့ တာတဲ့။** တပ်ထဲမှာ အသုံးတည့်နိုင် တယ်။ ယူသွားဆိုတာနဲ့ ယူလာခဲ့တာ။

အဲဒီအဆောင်က အဘရဲ့ မူလစွန့် စားချင်တဲ့ စိတ်ဓာတ်ကို တွန်းအားပေး တာကတော့ အမှန်ပဲ။ ဒါပေမယ့် ဒီ အဆောင်မျိုးက ကြုံကြိုက်မှ ရတာဆို တော့ ရဖို့ခက်သလို ကိုယ့်မှာ ဒီ အဆောင်မျိုးရှိတာကိုလဲ လူသိမခံရဘူး။ လူသိရင် အခိုးခံရတတ်တယ်။


 စာမျက်နှာ (၁၇၄)သို့

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များ အကြောင်း





သာရာကြီးဦးအောင်မြင့်
(ဥပဒေအဖွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **အသက်(၃၀)ခန့် အမျိုးသမီးတစ်ဦး** ဖြစ်ပါသည်။

"**စန်းသီတာအေး**" ဆိုသော နာမည်၏ထိပ်စာလုံး "**စန်း**"ကို အဓိကဦးစားပေး လက်မှတ်ထိုးထားခြင်း ဖြစ်သည်။ လက်မှတ်ပုံသဏ္ဍာန်မှာ ကြက်ခြေသင်္ကေတရှိခြင်း၊ "**စ**" အက္ခရာနှင့် "**န**"အက္ခရာ ကွာဟနေခြင်းတို့ကြောင့် အတိုက်အခံ အနှောင့်အယှက်များခြင်း၊ အမှုပြဿနာကြုံခြင်း၊ ခရီးအသွားအလာများခြင်း၊ ချစ်သူ၊ ခင်ပွန်းနှင့် ခွဲခွာနေထိုင်လုပ်ကိုင်ရခြင်း၊ ငွေမမြဲခြင်းများ ဖြစ်တတ်သည်။

ထို့ပြင်"**စန်း**"ဆိုသော စာလုံးကို အမျိုးသမီးတို့၏ နာမည်ထိပ်ဆုံးစာလုံးအဖြစ် သုံးခြင်းမှာ အချစ်ရေး၊ အိမ်ထောင်ရေးကံကြမ္မာ သိပ်မကောင်းတတ်ပါ။

အထူးသဖြင့် အသားညိုညိုမည်းမည်းဆိုလျှင် ပိုဆိုးစေနိုင်သည်။ သူမ၏ မွေးသက္ကရာဇ် ၁၃၄၅ ခုနှစ်၊ ဝါဆိုလ၊ အင်္ဂါနေ့ဖြစ်၍ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိအစဉ်တို့ ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရသည်။

* * * *(နံပါတ်–၁)*


အင်္ဂါသိုက်ဖွားဖြစ်သူကို အင်္ဂါအ[...] တနင်္ဂနွေအဆုံး နာမည်ပေးထား[...] **သိုက် + ဘင်္ဂ = ကူ၅ + အနိ၅** နာ[...] ညွှန်သည်။ နာမက္ခရတိုင်စဉ်မှာ၊ ဝုဒ္ဓိ[...] ဖြစ်နေသည်။ ဘာပဲလုပ်လုပ် အ[...] ကောင်း၊ အနှောင်းပျက် ဖြစ်တ[...] သည်။

သင်္ချာဗေဒင်ပညာအရ "**စန်း**"[...] သော စာလုံး၏ ပေါင်းလဒ်မှာ (၉)[...] ရာ ဘယ်ကိစ္စမဆို အခက်အခဲ အနှော[...] အယှက်ကြုံတတ်သော နိမိတ်[...] သည်။ လက်မှတ်ထိုးရာတွင် "သီတာ[...] ကိုသာ ရွေးထိုးသင့်သည်။ "**ရာ**[...] **အထွန်း**"နာမက္ခရတိုင်စဉ်မှန် [...] သွားမည်။

* * *



(ထိုးမြဲလက်မှတ်နမူနာပုံစံ)





(မူလမဟာဘုတ်ခွင်) (နာမက္ခရတိုင်) (ဝုဒ္ဓိ)

www.burmeseclassic.com

လက်မှတ်အောက်က မျဉ်းမသားသင့်ပါ။ အညွှန့်နေရာမှာ ပွင့်ဖတ်(၃)ခုပါသော ပန်းပွင့်သင်္ကေတထည့်ရမည်။ **"သ"အက္ခရာ**ကို ငွေအိတ်သင်္ကေတဖြစ်အောင် ဆွဲပါ။

၂။

* * *



ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **အသက်(၄၀)ကျော် အမျိုးသားတစ်ဦး** ဖြစ်ပါသည်။

လက်မှတ်သင်္ကေတမှာ အညွှန့်(၉၀)ဒီဂရီခန့် အပေါ်ထောင်လွန်းခြင်း၊ လက်မှတ်အောက်ခြေမှာ တူညီသော သင်္ကေတတစ်စုံရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အဆင်မပြေဖြစ်တတ်ခြင်း၊ အချစ်ရေး အိမ်ထောင်ရေး ရှုပ်ထွေးတတ်ခြင်းတို့ကြောင့် အလုပ်အကိုင်မှာ မမျှော်လင့်ဘဲ ထုတ်,ထွက်,ပြုတ်,ပျက် ဖြစ်တတ်သည်။

ကြီးမြင့်သော ရာထူးမျိုးမရောက်မီ (ရည်မှန်းချက်မရောက်မီ) ပြန်ကျသွားတတ်သည်။

**"မြင့်ထွန်း"**ဆိုသော နာမည်မှာ ကြာသပတေး+စနေ(အတွင်းရန်ဓာတ်) နာမည်ဖြစ်ရာ ကျန်းမာရေးနှင့် အိမ်ထောင်ရေးကို ထိခိုက်စေတတ်သည်။

အသားဖြူသူကို အမည်းရောင်နှစ်သက်သည့် "မ"အက္ခရာ ရှေ့စာလုံးအဖြစ် အသုံးပြုထားခြင်း၊ "မ"အက္ခရာမှာ(ဗို+မ)ဒွိစုံအက္ခရာ ဖြစ်ခြင်းတို့ကြောင့် အိမ်ထောင်ရေး အရှုပ်အထွေး ပြဿနာက အလုပ်အကိုင်၊ စီးပွားရေး၊ ဂုဏ်သိက္ခာတို့ကို ထိခိုက် နှောင့်ယှက် ပျက်ပြားစေတတ်သည်။

**မြန်မာသက္ကရာဇ် ၁၃၃၁ ခုနှစ်၊ တော်သလင်းလ၊ ကြာသပတေးသား** ဖြစ်ရာ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်တို့ ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည်။

* * * *(နံပါတ်-၂)*

လက်မှတ်အောက်က မျဉ်းမသားသင့်ပါ။ ငွေအိတ်သင်္ကေတ တည့်တည့်လှလှဆွဲရမည်။

၃။

* * *



နံပါတ် - ၂

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |


| | |
|---|---|
| | ၇ |
| ၆ | ၅ |
| ၄ | ၃ |
| ၂ | ၁ |

ကြာသပတေး အဓိပတိဖွားဖြစ်သူကို ကြာသပတေး+စနေ နာမည်ပေးထားရာ **အဓိပတိ + အထွန်း** နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန်ဖြစ်၍ နာမည်ကောင်းဖြစ်ပါသည်။ **ဏ္ဍ + ဏ္ဍ** နာမည်ဖြစ်၍ ဏ္ဍဖြစ်သောလုပ်ငန်းများနှင့် အကျိုးပေးမည်။


ထိုးမြဲလက်မှတ်ထိုးရာတွင် အဖြူရောင်နှစ်သက်သော အထွန်းဌာနမှ စာလုံး **"ထွန်း"**(နာမည်နောက်ဆုံးစာလုံး)ကို ပုံသဏ္ဌာန်ကောင်းအောင် ပြုပြင်ထိုးသင့်သည်။

* * *

**(ထိုးမြဲလက်မှတ်ပုံစံ)**



**မြန်မာလို**



**အင်္ဂလိပ်လို**

ယခုလအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသက်(၃၇)နှစ်ဝန်းကျင် အမျိုးသမီးတစ်ဦးဖြစ်ပါသည်။

**"မေနှင်းဖြူ"** ဆိုသော နာမည်(၃)လုံးမှ အစအလယ်(၂)လုံးဖြစ်သော **"မေနှင်း"**ကို နှစ်လုံးတွဲလက်မှတ် ရေးထိုးထားခြင်း ဖြစ်သည်။ အသားအရောင် ဆွတ်ဆွတ်ဖြူနေသူက အမည်းရောင်နှစ်သက်သော **"မ"** အက္ခရာစာလုံး **"မေ"**နှင့် **"န"** အက္ခရာစာလုံး **"နှင်း"**တို့ကို ထိုးမြဲလက်မှတ် ရွေးချယ်ထိုးထားခြင်းကမှားပါသည်။

ထိုအက္ခရာစာလုံး(၂)လုံးမှာ (ဗို+မ) ဒွိစုံအက္ခရာလည်း ဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်ရေး၊ ကျန်းမာရေးကို



www.burmeseclassic.com

www.burmeseclassic.com

အထူးညွှံ့စေတတ်သည်။

**မြန်မာသက္ကရာဇ် ၁၃၃၇ ခုနှစ်၊ တပို့တွဲလ၊ ကြာသပတေးသမီးဖြစ်ရာ** မူလမဟာဘုတ်ခွင် ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရသည်။

* * * *(နံပါတ်-၃)*

**(နံပါတ် - ၃)**

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ * |
| ၃ | ၇ | ၁ |

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

ကြာသပတေး ရာဇဖွားဖြစ်သူကို ကြာသပတေး အစ၊ ကြာသပတေး အဆုံး နာမည်ပေးခြင်းမှာ နေ့ပုံခံ အကျော်အစော နာမည်ပေးနည်း မှန်ပါသည်။ သို့သော် "**မေနှင်း**" နှစ်လုံးတွဲကို လက်မှတ်ရွေးထိုးခြင်းကတော့ မှားပါသည်။

မူလမဟာဘုတ်ခွင်မှာ **ရာဇ+ ဘင်္ဂ = ဗုဒ္ဓ + အင်္ဂါ** လည်းဖြစ်၊ အတွင်းရန်ဓာတ်လည်း ဖြစ်နေသည်။ ဤနာမည်မျိုးတွင် နောက်ဆုံးစာလုံး "**ဖြူ**"ကိုသာ လက်မှတ်ရွေးထိုးသင့်ပါသည်။

* * *

**(ထိုးမြဲလက်မှတ်နမူနာပုံစံ)**



**မြန်မာလို**



**အင်္ဂလိပ်လို**

လက်မှတ်အောက်က မျဉ်းမသားရပါ။ အညွှန့်နေရာတွင် ပွင့်ဖတ်(၅) ခုပါသည့် ကြာပွင့်သင်္ကေတထည့်ပေးပါ။ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ ဖြစ်လာပါလိမ့်မည်။

**ယခုတစ်လ ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ။**

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**

စာမျက်နှာ (၁၇၁)မှ အဆက်

အဘမှာ ဒီအဆောင်ရှိတာ ပြောခဲ့ပါတယ် မပြောဖူးဘူး။ အခုတော့ ဗိုလ်ကြီးက မေးလွန်းလို့ အဘပြောတာ။

နောက် အဆောင်တစ်ခုကတော့ တပ်ထဲကို စဝင်ကတည်းက ဆရာသမားတွေ သင်ကြားပေးခဲ့တဲ့**ကျည်ကွယ်မျက်ကွယ်**ဆိုတဲ့ စစ်ပညာအဆောင်ပေါ့။ ကျည်ကွယ်က သေနတ်ပြီးတယ်။ မျက်ကွယ်က ကိုယ်ပျောက်တယ်။ ဒီထက်ကောင်းတဲ့အဆောင် ဘယ်မှာ ရှိပါ့မလဲ။

ဒီအဆောင်မျိုးမှ ကိုယ်မှာမြဲတာ။ လူခိုးမှာလဲ မကြောက်ရဘူး။ ဒါက ပညာအဆောင်လေ။ ပညာကို ဘယ်လူဆိုးတို့ ယူနိုင်လို့ပါ့ပါမယ်လို့ဆိုတယ် မဟုတ်လား။ အဲဒီကဗျာလေး အဘရဖူးတယ်။ အခုတော့ မေ့ကုန်ပါပြီ။

အဲ စောစောကပြောခဲ့တဲ့ ဝက်စွယ်အဆောင် အဘမှာ ရှိပေမယ့်လဲ ဒီကျည်ကွယ်မျက်ကွယ်ဆိုတဲ့ အဆောင်ကိုတော့ အဘဘယ်တော့မှ လက်မလွှတ်ဘူး'

'တတိယမြောက် အဘရဲ့ အဆောင်တစ်ခုကတော့ **ဉာဏ်ကို လွှာပြီးသုံးတာလို့ ပြောရမှာပဲ။** အဘ အလုပ်တစ်ခု လုပ်ရင် ဘယ်တော့မှ မိုက်ရူးရဲ မလုပ်ဘူး။ သေသေချာချာ စဉ်းစားပြီးမှ လုပ်တာ။

စွန့်စားချင်တဲ့ စိတ်ဓာတ်ရယ်၊ စစ်ပညာရယ်၊ ဉာဏ်ရယ် ပေါင်းမိမှတော့ ဘယ်ရန်သူမှ မခံနိုင်ပါဘူး ဗိုလ်ကြီးရယ်။ ဒီစကားက ဗိုလ်ကြီးအတွက် အဘရဲ့ လက်ဆောင်ပါ'

ယင်းသို့ပြောရင်း ထိုနေ့ညက စကားဝိုင်းကို အဘအဆုံးသတ်ခဲ့ပါသည်။

ကျွန်ုပ်သည် အဘ၏စကားလက်ဆောင်ကို ,တလေးတစား မှတ်သားနာယူခဲ့ပါ၏။ အဘ၏ စကားများမှာ နောင်လာနောင်သား မျိုးဆက်တို့အတွက် အကျိုးရှိနိုင်သဖြင့် ကျွန်ုပ်က ဤဆောင်းပါးဖြင့် ဖောက်သည်ချ ဖြန့်ဝေလိုက်ပါသတည်း။

**သူရမင်းနိုင်** *(ဖျာပုံ)*



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မင်း (မင်းလှ)

# အိမ်နိမိတ် တွက်နည်း

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် စာရေးသူ မင်းလှမြို့၊ သာယာမြို့သစ် (၇)လမ်းက အစ်ကိုကြီး ဦးအောင်မောင်း၊ ဒေါ်ညိုတို့နေအိမ်သို့ ကျန်းမာရေးအတွက် လမ်းလျှောက်ရင်း ရောက်ရှိသွားပါသည်။

အချိန်က ညနေ(၆)နာရီကျော်ခန့် ရှိပြီဖြစ်၍ အနည်းငယ် မှောင်နေပြီဖြစ်သည်။ ဦးအောင်မောင်းတို့ မိသားစုနှင့် စာရေးသူတို့ မိသားစုက ဆွေမျိုးရင်းကဲ့သို့ ခင်မင်ကြသည်။ မကြာခဏ ကိုယ်လက်လှုပ်ရှား ကျန်းမာရေး အတွက် လမ်းလျှောက်သွားလျှင် ဝင်ဖြစ်ပါသည်။

စာရေးသူက ဦးအောင်မောင်းခြံဝင်းထဲသို့ ဝင်လိုက်ပြီး...

'အစ်ကိုကြီး ဦးအောင်မောင်း'

ဟု လှမ်းခေါ်လိုက်သည်။

ဦးအောင်မောင်း၏ ဇနီး ဒေါ်ညိုက အိမ်ထဲကနေ၍...

'ဦးအောင်မောင်း ရှိပါတယ် ဆရာရယ်၊ အိမ်ပေါ်သို့ တက်လာခဲ့ပါ'

ဟု ဖိတ်ခေါ်ပါသည်။

စာရေးသူ အိမ်ပေါ်သို့ ရောက်ရှိသွားရာ စာရေးဆရာ ကိုစနေလည်း ရောက်ရှိနေသဖြင့် စာရေးသူက...

'ကိုစနေကလဲဗျာ၊ အသံလေး ဘာလေး ပေးပါဦးဗျာ'

ဟု ပြောလိုက်ရာ ကိုစနေက...

'ကျုပ် ဒီနေ့ ဒီမှာ ဆရာဗိုလ်နဲ့ တွေ့ရင် ကောင်းမှာပဲလို့ ဆုတောင်းနေတာ။ ခုတော့ ကျုပ် ဆုတောင်းပြည့်ပြီ'

'ကဲ ပြော ကျွန်တော်နဲ့ တွေ့ဆုံလိုတဲ့အကြောင်း'

'ဒီလို ဆရာဗိုလ်ရဲ့ ပြီးခဲ့တဲ့လက ဆရာဗိုလ် အိမ်ဆောက်၊ ကျောင်းဆောက် နက္ခတ်တွက်နည်း ဆောင်းပါး ရေးပြီး ပို့လိုက်ပြီ မဟုတ်လား'

'ဟုတ်တယ်လေ ကိုစနေနဲ့အတူ စာတိုက်သွားတဲ့နေ့က ပို့လိုက်ပြီ'

'အဲဒီနေ့က ဆရာဗိုလ်ပြောတဲ့ **"အိမ်နိမိတ်"**အကြောင်း ရေးဦးမယ် ဆို ခုပြီးပြီလား'

စာရေးသူက...

'ဟာ ကိုစနေ ပြောကာမှ သတိရတယ်ဗျာ၊ ကျွန်တော် မရေးရသေးဘူး။ ဒီနေ့ ကိုစနေနဲ့ တွေ့ရတာ ကျေးဇူးတင်တယ်ဗျာ။ ဒီဆောင်းပါးရေးပို့ဖို့ မေ့နေတာ'

စာရေးသူနှင့် ကိုစနေတို့ စကားပြောဆိုနေကြရာ ဧည့်ခန်းသို့ ဦးအောင်မောင်းနှင့် ဒေါ်ညိုတို့လည်း ရေနွေးကြမ်း၊ လက်ဖက်သုပ်ပန်းကန်များ လာချပေးရင်း ထိုင်ကြသည်။

ဦးအောင်မောင်းက...

'ဆရာတို့ သုံးဆောင်ကြပါဦး'

ဟု ပြောပြီး ဧည့်ဝတ်ပြုကြသည်။

ဆရာ ကိုစနေက...

'ဆရာဗိုလ် ခုရေးပို့မယ့် အိမ်နိမိတ်အကြောင်းကို ဗဟုသုတအဖြစ် ပြောပြပေးပါလားဗျာ'

ဟု တောင်းဆိုရာ စာရေးသူက...

'အေးပါဗျာ၊ ပြောပြပါ့မယ်။ အိမ်ဆိုတာ နိမိတ်(၈)မျိုးရှိတယ်။ အဲဒီ အိမ်နိမိတ်(၈)မျိုးကို မင်းလှမြို့က လက်သမားဆရာကြီး ဦးချစ်တင်ကို ကျွန်တော် မေးကြည့်တယ်။ သူ မသိဘူးပြောတယ်။

လက်သမားကျမ်းထဲမှာ မသင်ခဲ့ဘူး ပြောတယ်။ ကျွန်တော်လဲ ဒီ အိမ်နိမိတ် တွက်နည်းပညာကို ငယ်စဉ်က **ကျောက်ထရံဆရာတော်ကြီး (ဦးကောဝိဒမဇ္ဈ)**ထံက သင်ယူခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ တွက်နည်းကတော့ မခက်ပါဘူး။ လွယ်ကူတဲ့ နည်းပါ။

မည်သူမဆို မိမိဆောက်လုပ်နေထိုင်မယ့် အိမ်ရဲ့ ထုပ်(၂)ဖက်၊ လျှောက်(၂)ဖက် ပတ်လည်ကို နေထိုင်မယ့်သူရဲ့လက်နဲ့ အတောင်ရေဖြင့် ရေတွက်ပါ။

အဲဒီ အတောင်အရေအတွက်ကို (၃)ဂဏန်းဖြင့် မြှောက်ပါ။ အဲဒီ မြှောက်လို့ရသော ဂဏန်းကို (၈)ဂဏန်းနဲ့စား၊ စားလဒ်ကို မယူရ။ အကြွင်းကို ယူရမယ်။

**ဥပမာတွက်နည်း**

ထုပ်(၉)တောင်၊ လျှောက်(၁၂) တောင် နေအိမ် ဆောက်လုပ်နေထိုင်မယ် ဆိုပါစို့။

* * *

| | | | | | |
|---|---|---|---|---|---|
| ထုပ် (၂)ဆက် ဖြစ်တဲ့အတွက် | ၉ | × | ၂ | = | (၁၈)တောင် |
| လျှောက်(၂)ဆက် ဖြစ်တဲ့အတွက် | ၁၂ | × | ၂ | = | (၂၄)တောင် |
| **ပေါင်းလျှင်** | ၁၈ | + | ၂၄ | = | **(၄၂)တောင်** |
| အိမ်ပတ်လည်တောင် | ၄၂ | × | ၃ | = | (၁၂၆)တောင် |
| | ၁၂၆ | ÷ | ၈ | = | (၆)ကြွင်းသည်။ |

**အိမ်နိမိတ် အဟောမှာက...**

(၁)ကြွင်းလျှင် → ကုန်သည်အိမ်
(၂)ကြွင်းလျှင် → ရဟန်းပုဏ္ဏားအိမ်
(၃)ကြွင်းလျှင် → မင်းရာဇအိမ်
(၄)ကြွင်းလျှင် → မုဆိုးဖို မုဆိုးမအိမ်
(၅)ကြွင်းလျှင် → ဆင်းရဲသားအိမ်
(၆)ကြွင်းလျှင် → သူဌေး/သူကြွယ်အိမ်
(၇)ကြွင်းလျှင် → ပြည့်တန်ဆာအိမ်
(၀)ကြွင်းလျှင် → ဒွန်းစဏ္ဍားအိမ်

ဒီအိမ်နိမိတ်(၈)မျိုးမှာ ဒီတွက်နည်းအရ (၆)ကြွင်းသောကြောင့် သူဌေးသူကြွယ်အိမ် ဖြစ်တယ်။

ဒီလိုအိမ်မှာ နေထိုင်သူများမှာ စီးပွားတိုးတက်မယ်။ ရာထူး၊ ဂုဏ်ထူး



ရရှိမယ်။ ဩဇာရှိမယ်။ ကောင်းကျိုးပေးမယ်။

မည်သူမဆို အိမ်ပဲဆောက်ဆောက်၊ တိုက်ပဲဆောက်ဆောက် နိမိတ်ကောင်းဖို့လိုတယ်။ နိမိတ်ကောင်းအိမ်ဖြစ်အောင် တွက်ချက်ပြီး ဆောက်လုပ်နေထိုင်ဖို့ လိုအပ်တယ်။

နိမိတ်မကောင်းတဲ့ အိမ်ကို ဆောက်ပြီးနေရင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အလုပ်အကိုင် အစစအရာရာ ကျဆင်းမယ်ဗျာ'

ဟု စာရေးသူက ပြောပြလိုက်ရာ ဆရာကိုစနေနှင့် ဦးအောင်မောင်း၊ ဒေါ်ညိုတို့က...

'ဆရာဗိုလ် ပြောပြသလိုဆိုရင် ကျုပ်တို့ ကိုယ့်အိမ်ကိုယ် အိမ်နိမိတ် တွက်ကြည့်ဦးမှပဲ။ ကောင်းတဲ့နိမိတ်၊ မကောင်းတဲ့နိမိတ်အိမ်ဆိုတာ ခွဲခြားသိရတာပေါ့'

စာရေးသူက...

'လူတိုင်း မိမိနေထိုင်မယ့်အိမ်ရဲ့ နက္ခတ်တွေကို သိထားရမယ်။ ပြီးရင် နိမိတ်ကို သိရမယ်။ နိမိတ်လဲ ကောင်း၊ နက္ခတ်လဲ ကောင်းတဲ့အိမ်မှာ နေထိုင်ကြသူများမှာ သုခချမ်းသာ မင်္ဂလာ အမျိုးမျိုး ရရှိနိုင်ကြမယ်ပေါ့ဗျာ။ ကျွန်တော်လဲ ပြောပြရတာ မောပန်းသွားပြီ'

ဟု ဆိုပြီး ဦးအောင်မောင်း၊ ဒေါ်ညိုတို့ ဧည့်ခံသည့် လက်ဖက်သုပ်၊ ရေနွေးကြမ်းကို သုံးဆောင်ပြီး နားလိုက်ပါသည်။

ဦးအောင်မောင်းနှင့် ဒေါ်ညိုတို့က...

'ဆရာ ဒီဆောင်းပါးရေးပြီးရင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ပို့မှာပေါ့နော်'

ဟု မေးကြရာ စာရေးသူက...

'ဟုတ်ကဲ့ပါ၊ ဒီလထဲမှာ ပို့မှာပါ။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ပါလာရင် အဲဒီစာအုပ်ကို ဝယ်ပြီး သားသမီးတွေကို ဖတ်ခိုင်းရဦးမယ်'

စာရေးသူအနေဖြင့် **အိမ်နိမိတ်တွက်နည်းကို ကျေးဇူးရှင် ဆရာတော်ကြီး (ဦးကောဝိဒဓမ္မ)အား ကျေးဇူးဆပ်သောအားဖြင့်** ဝါသနာရှင် သုတေသီ စာရှုသူများအားလုံး သိရှိနိုင်ကြစေခြင်းငှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရေးသားဖော်ပြအပ်ပါသည်။

***ကျောက်ထရံ ဆရာတော်ကြီးအား ဦးထိပ်ပန်ဆင်လျက်...***

**ဗိုလ်မင်း (မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

ယခု မျက်မှောက်ကာလတွင် သိပ္ပံ
ည်ဖြင့် လူ့အသက်ပေါင်းများစွာကို
ယ်တင်နေကြသည်ကို အံ့မခန်း
ကြုံနေကြရပါသည်။

သို့ရာတွင် ကံမကောင်း အကြောင်း
၍ ဆေးရုံမှ လက်လွှတ်လိုက်
ော်လည်း ဆေးရုံမှ ဆင်းလာပြီး
အားလျော်စွာ ဂမ္ဘီရပညာစွမ်းဖြင့်
ယ်တင်ခံရသူများလည်း ရှိနေသည်
တွေ့မြင်ရပြန်ပါသည်။

ဆောင်းပါးရှင် ငယ်စဉ် ကလေးဘဝ
ဆွေမျိုးသားချင်းထဲမှ ပုဂ္ဂိုလ်တစ်ဦး
သည်းအသန် မမာမကျန်း ရှိနေ
သည့်အတွက် မိခင်ကြီးက ဂျုံရုပ်လုပ်
ယတြာလုပ်ပေးသည်ကို တွေ့မြင်
ပါသည်။

သို့ရာတွင် ထိုအချိန်က ငယ်လည်း
ယ်သည့်အတွက် ဂမ္ဘီရပညာကို
လာမိပါ။ အသက်ရလာပြီး ပညာ
က်စားလာသည့်အခါတွင် **ပန်းချီ
ရာကြီး ဦးငွေကိုင်နှင့် တွေ့ရှိပြီး**
ားထိုင်၊ ပုတီးစိပ်၊ အဓိဋ္ဌာန်စခန်း
ခြင်းဖြင့် လက်ဦးဆရာအဖြစ် ခံယူ
အထုံပါရမီ ရင့်ခဲ့ပါသည်။

နောက်ပိုင်းတွင် ဆောင်းပါးရှင်၏
ဆရာ၊ မြင်ဆရာများမှာ မဂ္ဂဇင်း၊
နယ်၊ စာစောင်များတွင် ရေးသား
ာ ဂမ္ဘီရပညာရှင်များသာ ဖြစ်ပါ
ည်။

တစ်ချိန်တစ်ခါက ဗားမဲ့ လက်တွေ့
န်းခုင်း ပထမတွဲ ဆရာညို၏စာအုပ်
လူနာတစ်ဦး၏ ရင်ညွန့်တွင်
ပေါက်နေရာမှ မြန်မာဆေးဆရာ
ဦးက ပေါင်ရင်းသို့ ရွှေ့ပြောင်း
လိုက်ပြီး...

'ဒါကတော့ ကျွန်ုပ်တို့ ဝိဇ္ဇာဓရ
ာနဲ့က သာမန်ပါ'

ဟု ချေပပြောဆိုခဲ့သည်ကို ဖတ်ရှု
ပါသည်။

ဒီပညာကို ဆောင်းပါးရှင်အနေ
အင်မတန် လိုချင်နေရာ မကြာမီ
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်
**က်ဦးမြို့မှာ နေထိုင်သူ ဦးရွှေ**



ဗိုလ်မှူး တင်လှ(ငြိမ်း)

# လူနာအသက်ကို

## ဂမ္ဘီရပညာဖြင့် ကယ်လိုက်ပြီ


**ကျော်သာ၏ ကုသနည်းကို ဆောင်းပါးရှင် ခွန်စိုင်းဝမ်းက ရေးသား ဖော်ကျူးလိုက်၍** များစွာ ဝမ်းမြောက် ကျေးဇူးတင်စွာ ဖတ်ရှုလိုက်ရပြန်ပါသည်။

မကြာမီကာလ ၂၀၀၅ ခုနှစ်၊ ဖွန်လပိုင်းတွင် ဆောင်းပါးရှင်၏ပညာ လက်တွေ့ ကျင့်သုံးရတော့မည့် အကြောင်းတရား ပေါ်ပေါက်ခဲ့ပါသည်။ ဆောင်းပါးရှင်သည် ၁၉၄၅ ခုနှစ်တွင် ရေတပ်မတော်သို့ တပ်သားအဖြစ် ဝင်ရောက်အမှုထမ်းစဉ်ကပင် အလွန်တရာ ချစ်ခင်သော ရဲဘော်တစ်ဦးဖြစ်သည့် သန်လျင်မြို့တွင် နေထိုင်သော အရာခံဗိုလ် ဦး(...) ဆိုသူသည် မကျန်းမမာဖြစ်ပြီး အိပ်ရာထဲတွင် လဲနေပြီး ပိုက်သွင်းထားရကြောင်း၊ ရဖွယ်မရှိသော အခြေအနေသို့ ရောက်ရှိနေသော သတင်းစကားကြောင့် ဆောင်းပါးရှင်သည် သန်လျင်သို့ အပြေးသွားခဲ့ပါသည်။

လူမမာမှာ အသက်အားဖြင့် **(၈၄)နှစ်ရှိပြီး** ဆောင်းပါးရှင်ထက် (၂)နှစ်၊ (၃)နှစ်ကြီးပြီး အရိုးပေါ်အရေတင်ကာ စကား လုံးဝ မပြောနိုင်တော့သည်ကို တွေ့မြင်ရသည့်အတွက် ဆောင်းပါးရှင်သည် မျက်ရည်မဆည်နိုင်ဖြစ်ကာ ကိုယ်တတ်နိုင်သောနည်းလမ်း တွေးပြီး လုပ်ငန်းစ,ရပါတော့သည်။ လူနာရှင်မှာ **တနင်္ဂနွေသား** ဖြစ်ပါသည်။

လုပ်နည်းလုပ်ဟန် ပထမ

* * *




၁။ လုပ်ထုံးလုပ်နည်းမှာ ရှာလို့ ရလွယ်ပြီး နေ့နံသင့်ပစ္စည်းသာ လိုပါသည်။

လူနာရှင်မှာ **တနင်္ဂနွေသား ဖြစ်၍ တနင်္ဂနွေ၏ နံသင့်ပစ္စည်း အုန်းလက်ကို လူနာအရပ်နှင့်အညီ ဖြတ်ပါမည်။**

၂။ ဆံပင်များကို စတိဖြတ်ပြီး ဆယ်လူတိပ်ဖြင့် ကပ်ရပါသည်။

၃။ **လူနာ၏ အနံ့အသက် မကင်းသော အဝတ် အင်္ကျီစုတ် အနည်းငယ်ကို အုန်းလက်တွင်** ပတ်ပြီး တိပ်ဖြင့် ကပ်ပါ။

၄။ **လက်သည်းစ အနည်းငယ်ကို စက္ကူနဲ့ ထုပ်ကာ** တိပ်ဖြင့် ပတ်ပါ။



 (စာမျက်နှာ (၁၈၃) သို့)

www.burmeseclassic.com

ကိုးတန်းဘုရားပွဲဟုဆိုလျှင် **သာဂရ အရှေ့ဘက် စစ်တောင်းမြစ် အရှေ့ခြမ်းတွင် ထင်ရှားစည်ကားသော ပွဲတော်တစ်ခုဟု** ဆိုပါက မမှား။ ယင်း ဘုရားပွဲတော်ကို အားခဲ၍ စောင့်မျှော်ကြသည်။

အထူးသဖြင့် ကြာအင်းကုန်း ကျေးရွာအုပ်စု၊ ကျိုက်ပွတီးခင်တန်းကျေးရွာအုပ်စု၊ ဒေါင်းအင်းကုန်းကျေးရွာ အုပ်စုများမှ ပို၍ မျှော်လင့် စောင့်မျှော်ကြသည်။

ယင်းဘုရားပွဲတွင် ကြက်သွန်၊ ဆား၊ ကြေးကုန်သံကုန်သည်များထံမှ ပေါက်တူး၊ ဓား၊ တလပါ၊ စူးဆောက်မှအစ နွားချည်ကြိုးအဆုံး ဝယ်ကြသည်။

ဒီအချိန်တွင် ပွဲကလည်း ပြတ်လပ်သည်မှာ ကြာပြီဖြစ်၍ ဇာတ်ပွဲကိုလည်း လှည်းနွား ရှိသူများက လှည်းဖြင့်၊ လက်လုပ်လက်စားသမားများက ခြေကျင်ဖြင့် တပျော်တပါး သွားကြလာကြသည်။

ယခုနှစ် ''သာစည်နိုင်ဇာတ်ပွဲ'' ဝင်သည်။ နာမည်ကြီးလေသော ဇာတ်ဖြစ်၍လည်း လူများ ပို၍အားခဲ့ကြသည်။ တောင်ပေါ်ဒေသမှ ကရင်တိုင်းရင်းသားများလည်း စုစုဝေးဝေးဖြင့် လာကြသည်။ အလွန်စည်ကားသော ဘုရားပွဲဖြစ်သည်။

မနိုင်... ကျောင်းဆရာမတာဝန်ထမ်းဆောင်ချိန်တွင် ဖြစ်သည်။ တစ်ရွာလုံးမှ စုပေါင်း၍ အိမ်ငယ်တစ်လုံး ဆောက်ပေးထားသည်။ သာစည်နိုင် ဇာတ်ပွဲသွားကြရန် ဒေါင်းအင်းကုန်း တစ်ရွာလုံး ပြင်ဆင်ကြသည်။ ဒီအထဲ မနိုင်လည်းပါသည်။

ဦးပိုင်တင်အိမ်မှ နွားလှည်းပြင်သည်။ ယင်းလှည်းအား မနိုင်တပည့် အောင်ငြိမ်းမှ မောင်းမည်။ လှည်းပေါ်တွင် ဒေါ်သန်းကြည်၊ ဒေါ်ပြုံး၊ မနိုင် စုစုပေါင်း(၄)ဦးပါသည်။ ဒေါ်သန်းကြည်မှာ မပေါ့မပါးနှင့်။

'ကိုလေး လှည်းကို သေသေချာချာ မောင်းနော်'

'စိတ်ချပါ ဆရာမရဲ့'

ကိုရွှေမောင်
(ဒေါင်းအင်းကုန်း)





www.burmeseclassic.com

www.burmeseclassic.com

မနိုင်မှ သတိပေးသည်။ အောင်ငြိမ်း
လှည်းစ,ထွက်ပြီဆိုသည်နှင့် ခပ်
ကြမ်းကြမ်း မောင်းထွက်လိုက်သည်။
အပြင်ရောက်သည်နှင့် လှည်းများမှာ
ကားများအလား ဖုန်တထောင်း
ထောင်းအကြားတွင် ခြူသံများဖြင့် ညံ
နေသည်။

'အောင်ငြိမ်း နွားတွေက ဆတ်တယ်
ကွာ၊ ခပ်ထိန်းထိန်းမောင်း'

'အေးပါ လေးပြုံးရဲ့'

'ဟုတ်တယ် အောင်ငြိမ်းရဲ့ သတိ
ထားမောင်းနော်'

'ကျွန်တော် နွားကိုင်နေကျပါ လေး
ခန်းကြည်ရဲ့ ရပါတယ်'

ရွာမှလွန်ပြီး ဆည်တော်ရွာ
နောက်တောင်ဘက်လယ်ကွင်း လမ်း
ကြားမှ လှည့်မောင်းသည်။ ထိုစဉ်
အတွင်းမှ ကျော်မောင်တို့လှည်း
အောင်ငြိမ်းမောင်းသော လှည်းကို
ကျော်လိုက်သည်။

'ဟေး ဟေး'

ကျော်မောင်တို့ လှည်းပေါ်မှ လူများ
ဝိုင်းညာသည်။ အောင်ငြိမ်း မခံချင်
။ လူငယ်ပီပီ ကျော်မောင်တို့
လှည်းနောက် ခပ်ကြမ်းကြမ်းမောင်း
သည်။ ကျော်တက်ရန် ကြိုးစားသည်။
လိုဖြစ်ဖြစ် ရှိနေဆဲ လယ်ကွင်း
ယ်ကွက်တစ်ကွက် ကျော်တက်ရန်
အစား...

'ဝုန်း... ဂျိုင်း'

မနိုင်တို့လှည်း လယ်ကန်သင်း
ကျော် လှည်းဘီးထောင်ပြီး လှည်း
သွားသည်။ အားလုံး လွင့်စဉ်
သွားကြသည်။ ဒေါ်သန်းကြည်နှင့်
ပြီး ဘေးစင်ကျသည်။ မနိုင် တစ်ဦး
ည်း လှည်းဖြင့် ပိနေသည်။

'ဟဲ့ မပြုံးရဲ့ ဆရာမ လှည်း
အောက်မှာ ဆွဲထုတ်ပါဟဲ့'



'ဆရာမ ဆရာမ'

မနိုင် သတိမေ့နေသည်။ လှည်း
အောက်မှ ဆွဲထုတ်ကြပြီး မနိုင်၏
မေးအား လှုပ်ခေါ်သည်။ မနိုင်ကို
ခေါ်မရ။ ထိုစဉ် လှည်းတစ်စီး ရောက်
လာသည်။

'ဟဲ့... မောင်တင်ဦးလှည်းပဲ၊
မောင်တင်ဦး နေပါဦးဟဲ့။ ဒီမှာ လှည်း
မှောက်ပြီး ဆရာမ သတိမရတော့ဘူး။
ဘယ်လိုဖြစ်သွားလဲ မသိဘူး'

'ဟုတ်ကဲ့ လေးလေး'

မောင်တင်ဦးမှ လှည်းရပ်လိုက်ကာ
ဆင်းပြီး မနိုင်အား ပြုစုကြသည်။
ညာလက်တစ်ဖက် ကျိုးသွားသည်
ထင်သည်။ လှုပ်မရတော့။

'မောင်တင်ဦး နင့်လှည်းနဲ့ ရွာပြန်ပို့
ဟယ်။ လက်ကျိုးသွားတာ ရွာရောက်မှ
ဆရာသမား ခေါ်ရမှာဟဲ့'

'ဟုတ်ကဲ့ လေးပြုံး'

'အောင်ငြိမ်း နင် လှည်းပြန်ပြင်ဦး'

အားလုံးမှ စိုးရိမ်နေကြသည်။
ဆရာမဖြစ်သူအား ကြည့်ရင်း စိတ်
မကောင်းကြတော့ပါ။ မောင်တင်ဦး၏
လှည်းဖြင့် ရွာဘက်သို့ ခပ်သုတ်သုတ်
ပြန်မောင်းခဲ့ကြသည်။ ဘုရားပွဲဆီမှ
ဆိုင်းသံများ ခပ်သဲ့သဲ့တော့ ကြားနေရ
သည်။

* * *

'အားလုံး ဖယ်ကြ၊ ဖယ်ကြ ဆရာ
ဦးကေတုလာပြီ'

ဝိုင်းဝန်းပြီး ဘေးမှ ပြုစုကြ၊ လာ
မေးကြသော လူအများ ဘေးရဲလိုက်
ကြသည်။ ဦးကေတု အိမ်ဦးခန်းတွင်
ဝင်ထိုင်လိုက်သည်။

'ဘယ်လိုဖြစ်တာလဲ'

'ကိုးတန်းဘုရားပွဲအသွား လှည်း
မှောက်တာ ဆရာ၊ လက်ကျိုးသွားတယ်
ထင်တယ်'

ဒေါင်းအင်းကုန်းရွာ ရောက်သည်နှင့်
မနိုင်နေသော အိမ်ပေါ်တင်ပြီး တပ်ဆိုး
ကျေးရွာမှ နာမည်ကြီးဆရာ ဦးကေတု
အား သွားပင့်ခြင်း ဖြစ်သည်။

အကြောတင်၊ အကြောထုံး၊ အဆစ်
လွဲ၊ အရိုးကျိုး၊ အသားရောင် ကုသရာ
တွင် နာမည်အလွန်ကြီးသည်။ အနီး
တစ်ဝိုက်မှ ကရင်တောင်တန်းတခွင်
ပြုပြုစင်သည်။ ကျော်ကြားလွန်းလှ
သည်။

'နှမ်းဆီစစ်စစ်ကော ရှိရဲ့လား'

'ဝယ်ထားပြီးပါပြီ ဆရာ၊ အဆင်သင့်
ပါပဲ'

'အေးဟဲ့ နှမ်းဆီကို ပန်းကန်တစ်ခု
ထဲထည့်'

ဆရာဦးကေတုမှ ပေးသော နှမ်းဆီ
ပန်းကန်အား ယူလိုက်သည်။လူမမာ
လာကြည့်သော သူများကား ဘေးမှ
စိုးရိမ်ကြီးစွာ ကြည့်နေသည်။

ဦးကေတုမှ ဘုရားအား ကန်တော့
သည်။ ငါးပါးသီလ ခံယူသည်။ နှမ်းဆီ
ပန်းကန်ကို လက်နှင့်ကိုင်ကာ ဆီမန်း
ဂါထာ(၃၇)အုပ် ''ဥုံ'' ခံပြီး စုတ်တော့
သည်။

ဂါထာ၏ စာသားများကား မကြား
ရပါ။ ''ဥုံ''သံတစ်ခုပဲ ကြားရသည်။
(၃၇)အုပ် မန်းပြီးသောအခါ မနိုင်၏
လက်အား ကိုင်ကြည့်ပြီး ကျိုးနေသည်

www.burmeseclassic.com

ဟု ထင်ရသော ညာလက်အား ရွှဲနေအောင် ဆီမန်းလိမ်းတော့သည်။

'မရောင်ရာ ဆီလူးလို့ ဆိုရိုးစကားရှိတယ်။ အေး ငါ့ဆီမန်းက မရောင်ရာကို ဆီလူးရမယ်ကွယ့်။ ဟောဒီ ကျိုးနေတဲ့ဘက်က လိမ်းထားတဲ့ ဆီမန်းတွေကို ဘာမှ မဖြစ်တဲ့ ဟောဒီ ဘယ်လက်ကို ကူပြီး လိမ်းပေးပြီး။ ညာဘက်ကျိုးတဲ့နေရာမှန်းပြီး ဘယ်လက်ကို နှိပ်ပေးရတယ်'

ဦးကေတုမှ ပြောလည်း ပြော၊ နှိပ်လည်း နှိပ်ပေးသည်။ ဘေးမှ ကြည့်နေသူများကတော့ ဘာမှမဖြစ်သည့်ဘက် ဆီများ လိမ်းကာ နှိပ်နေသည်ကို တအံ့တဩ ကြည့်ကြသည်။

'အဆစ်လွဲ အကြောထုံး အရိုးကျိုးဖြစ်တဲ့ လက်ကို လုံးဝမနှိပ်ရဘူး။ မဖြစ်တဲ့ လက်ကိုပဲ နှိပ်ရတာ။ ဒီအချက်ဟာ ဆရာ့ဆီမန်းရဲ့ ထူးခြားတဲ့ ကုသချက်တစ်ခုပဲ'

ဦးကေတုမှ ကျိုးသည့်လက်အား ဆီရွှဲအောင် လူးလိုက်၊ ယင်းဆီများအား မကျိုးသောဘက်သို့ ယူကာ လိမ်းသည်။ ပြီး ကျိုးသောနေရာ ခန့်မှန်းကာ နှိပ်ပေးနေပါတော့သည်။

'မစိုးရိမ်ကြပါနဲ့။ မရောင်ရာ ဆီလူးတယ် ဆိုပေမယ့် ရောင်တဲ့နေရာကို လူးတာထက် ထိရောက်တဲ့ ဆရာ့ဆီမန်းဟာ ဆရာမလက် မကြာခင် သိသာလာပါလိမ့်မယ်'

ဆရာဦးကေတုမှ နှုတ်မှလည်း ပြောသည်။ လက်မှလည်း ကျိုးနေသောလက် ငြိမ်ရန် ဝါးဖြင့် ကျပ်စည်း၍ တော့ထားပါသည်။

'ကဲ ကဲ ဆရာ့ကို ခွင့်ပြုကြဦး။ တစ်နေ့ တစ်ခေါက်တော့ လာကြည့်တာပေါ့ကွယ်။ သိပ်ကြာမှာ မဟုတ်ပါဘူး။ ပြန်ကောင်းလာမှာပါကွယ်။ မစိုးရိမ်ကြပါနဲ့'

ဆရာဦးကေတု လွယ်အိတ်ကို



လွယ်ရင်းမှ ကွမ်းတမြုံ့မြုံ့ ဝါးရင်း ပြန်လည် ထွက်သွားပါတော့သည်။ မနိုင်သည် ဆရာဦးကေတု ဆီမန်းလိမ်းပြီး မိုန်းလျက်နေသည်။ အနည်းငယ်နေသာသွားသည်မှာကား အမှန်ပင်ဖြစ်ပါတော့သည်။

*　*　*

'ဆရာ့ကို ကန်တော့ပါတယ်'

'ဟုတ်ပါတယ်ဆရာ။ ကျွန်တော်နဲ့ မနိုင်နဲ့ အိမ်ထောင်ပြုတော့ မနိုင်က ပြောပါတယ်။ ကိုးတန်းဘုရားပွဲအသွား လှည်းမှောက်ပြီး လက်ကျိုးခဲ့တာ ဆရာကုပေးလို့ ပျောက်သွားတယ်ဆိုတဲ့ အကြောင်း၊ မရောင်ရာ ဆီလူးတဲ့ ထူးခြားတဲ့ ဆီမန်းနဲ့ ကုသတယ်ဆိုတဲ့ အကြောင်း ပြောပြပါတယ်ဆရာ။ အဲဒါကြောင့် ဆရာ့ကျေးဇူးကို သတိရသောအားဖြင့် ကန်တော့ခြင်းပါ ဆရာ'

ကျွန်တော်တို့နှစ်ဦးသား သင့်တင့်သော ပစ္စည်းလေးများဖြင့် ဆရာဦးကေတုအား ဦးချ ကန်တော့လိုက်သည်။

'အေးကွယ် ဆရာမှန်းသိသိ၊ သမားမှန်းသိသိ ကန်တော့ရသော စေတနာလေးကြောင့် ဆရာ,ဆရာမတို့ အိုအောင်မင်းအောင် ပေါင်းသင်းနိုင်ပြီး အမျိုးဘာသာ သာသနာ စောင့်ရှောက် ထိန်းသိမ်းနိုင်သော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါစေကွယ်'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ'

ဆရာဦးကေတုမျက်နှာ ပီတိအဟ
ကြောင့် ပြုံးရောင်သန်းနေသည်။

'ဆရာ့ဆီက အကူအညီတစ်
တောင်းခံပါရစေ ဆရာ'

'ဘာများလဲကွယ့် မောင်ရွှေမော

ကျွန်တော်မှ ဆိုင်းမဆင့် ဗုံမဆ
အမေးကို ဆရာဦးကေတုမှ စိတ်
လက်ရ ပြောပါသည်။

'ဒီလိုပါဆရာ မရောင်ရာဆီ
ကုထုံးလေး ကျွန်တော် လေးစ
သင်ယူလိုပါတယ်ဆရာ'

'ဪ ဒီပညာလားကွယ့်၊ သင
ရင်၊ လိုချင်ရင် ဆရာ သင်ပေး
ပေါ့ကွယ့်။ ဒါပေမယ့် ပညာတစ်
ဂါထာပေးတော့ တေးဖြစ်တတ်
ကွယ့်။ မသိရင် ရွှေတစ်ဆုပ်၊ သ
ဖွဲတစ်ဆုပ် ဖြစ်တတ်တော့ လွယ်
လို့ ပေါ့ပျက်ပျက် ဖြစ်သွားတတ်
ကွယ့်။ ယုံကြည်မှု အပြည့်ရှိဖို့ လို
ကွယ့်'

'ယုံပါတယ် ဆရာ မရောင်ရာ
တဲ့ ကုသချက် ထူးလှတဲ့ပညာကို
ပြောပြကတည်းက ပညာအ
အနက်ကို သိချင်နေတာကြာပြီ
ကျွန်တော် တရိုတသေ ထိန်းသိမ်း
ပါမယ်ဆရာ'

'ဒီလိုကွယ့် မောင်ရွှေမောင်ရဲ့
မရောင်ရာဆီလူး ဂါထာ
ဘုရားဂုဏ်တော်၊ တရားဂုဏ်
သံဃဂုဏ်တော်တွေတော့ ဂါ
မှာ မပါပေဘူးကွယ့်။ ဒါပေမ
ဂါထာနဲ့ ဆီမန်းခင်မှာ ဘုရား
ငါးပါးသီလခံဖို့တော့ အထူး
ကွယ့်၊ ငါးပါးသီလခံပြီးတာနဲ့
တစ်ခုထဲ နှမ်းဆီအထည်
ပန်းကန်ကို လက်ကကိုင် အော



www.burmeseclassic.com

www.burmeseclassic.com

ဂါထာကို "ဥုံ"ခံပြီး (၃၇)အုပ်စုတ် ရတယ်ကွယ့်။

"ဥုံ နမ္မေးကြောင် နမ္မေးနက် ဘိုးတွားအမက် ဆက်ဆရာဆက် ဖွဟာ"

ဆိုပြီး ယုံယုံကြည်ကြည်နဲ့သာ မန်း ပေတော့။ အဲဒီလို မန်းပြီးရင် ပန်းကန် ထဲကိုကြည့် မရှိုးသားရင် ပန်းကန်ထဲ က ဆီထဲမှာ ဆံခြည်မျှင်လို တွေ့မယ်။ ဒါဆိုရင် မရိုးသားဘူး။ မှတ်ထားရ မယ်။ ဆယ်မပစ်နဲ့။ ဆယ်လို့လဲ မရ ဘူး။

အဲဒီဆီနဲ့ ဖြစ်တဲ့လက် သို့မဟုတ် ခြေထောက်မှာ ဥပမာ အကြောထုံး သွားတယ် ဆိုပါစို့။ အကြောထုံးသွား တဲ့ နေရာကို မန်းထားတဲ့ဆီနဲ့ ရွှဲအောင် သုတ်လိမ်း၊ ရွှဲနေတဲ့ဆီတွေကို ဘာမှ မဖြစ်တဲ့ ခြေထောက်(သို့မဟုတ်)လက် ကိုပြောင်းပြီး လိမ်းပေး၊ လိမ်းပြီးတာနဲ့ အကြောထုံးတဲ့ဘက်က နေရာမှန်းပြီး မထုံးတဲ့ဘက်မှာ နာနာဖိလိမ်းပေ တော့။

အကြောတင်၊ အကြောထုံး၊ အသားရောင်၊ အရိုးကျိုး အားလုံးကို နိုင်အောင် ကုနိုင်တဲ့ ဆေးနည်းပေပဲ မောင်ရွှေမောင်။ ယုံယုံကြည်ကြည်နဲ့ သာ ဆောင်ရွက်ပါလေ'

'ဟုတ်ကဲ့ဆရာ ဆရာရဲ့ မရောင်ရာ ဆီလူးဆီမန်း ဂါထာလေးလဲ ဂရုတစိုက် ထိန်းသိမ်းပါမယ်ဆိုတာ ကတိပေးပါ တယ်ဆရာ'

'တို့ မြန်မာ့ရိုးရာ ဆေးနည်းပညာလေးတွေ ဟာ ဘိုးတွားအစဉ်အဆက် ဆရာစားချန်ခဲ့ လို့ တိမ်ကောပပျောက်ခဲ့တာပဲ မောင်ရွှေ မောင်။ ဆရာရဲ့ ဒီပညာလေးဟာ ဆရာက မောင်ရွှေမောင်ကို ပေးခဲ့သလို မောင်ရွှေ မောင်ကလဲ တစ်ဆင့် လက်ဆင့်ကမ်းပေးဦး ပေါ့ကွယ် ဆရာ ခွင့်ပြုပါတယ်'

'ကျေးဇူးတင်ပါဆရာ၊ ရှားပါးတိမ် မြုပ်နေတဲ့ ဒီ မရောင်ရာဆီလူး ဂါထာ လေးကို တစ်နိုင်ငံလုံး ပြန့်သွားအောင် ကျွန်တော် တစ်နည်းနည်းနဲ့ ဆောက် ရွက်ပေးပါမယ်ဆရာ'

'မောင်ရွှေမောင်စကား ကြားရတာ ဝမ်းသာသကွယ်။ မောင်ရွှေမောင် မရောင်ရာဆီလူး အရိုးဆက်ဆီမန်း ကုထုံးနဲ့ အောင်မြင်စွာ ကုသနိုင်ပါစေ လို့ ဆုတောင်းခဲ့ပါတယ်ကွယ်'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေဆရာ'

ကျွန်တော်နှင့် မနိုင် ဆရာဦးကောတု အား ပြိုင်တူ ဦးချကန်တော့လိုက်ပါ သည်။ ဆရာဦးကောတုက နှုတ်မှ ခပ်တိုးတိုး ဆုထပ်ပေးနေသည်။ သူ၏ နှုတ်ခမ်းတို့သည် ပြုံးရိပ်သန်းလျက်၊ ပီတိဖြစ်လျက် နေပါတော့သည်။

**ကိုရွှေမောင် (*ဒေါင်းအင်းကုန်း*)**

စာမျက်နှာ (၁၇၇)မှ အဆက်

အုန်းလက်တွင် ပတ်ပြီး တိပ်ဖြင့် ကပ်ပါ။

၅။ လူနာ၏ လုံချည်ဟောင်း အစုတ်ကို အုန်းလက်တွင်ပတ်ပြီး အထက်နည်းအတိုင်း တိပ်ဖြင့် ကပ်ပါ။

၆။ **ခြေသည်း ဘယ်,ညာ အနည်းငယ်**ကို စက္ကူနဲ့ထုပ်ပြီး တိပ်ဖြင့်ပတ်ပါ။

အထက်ပါအတိုင်း လုပ်ကိုင်ပြီးလျှင် ယင်းယတြာကို လူနာနှင့်အတူ ယှဉ်တွဲပြီး တစ်ညသိပ်ပါ။ ထို့နောက်...

'(ဦး...)၏ ရုပ်နာမ်တို့သည် ဤ ရုပ်ထားနုံထား၌ တိဋ္ဌာတု တည်ပေစေ'

ဟု သုံးခါဆိုပြီး ရေစီးသော မြောင်း၊ ချောင်းတွင်း စွန့် လိုက်ပါ။

မှတ်ချက်

ရုပ်ထားနာမ်ထားကို ယူသွားသည့်အခါ အသုဘချသည့် သဘော အိမ်သား (ဖနီး၊ သမီး၊ သား)များက အိမ်ပေါက် အထွက်အထိ မသာပို့သည့်သဘော လုပ်ရပါမည်။

ဒုတိယနည်း

ဒုတိယနည်းမှာ **လိပ် ဝယ်နိုင်က ဝယ်ပါ။**

လိပ်ကို သုံးရခြင်းမှာ ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံး သတ္တဝါမှာ လိပ်ကမ္ဘာကြီးဖြစ်၍ (လိပ်)ကိုသုံးခြင်း ဖြစ်ပါသည်။ (ငါး)သုံးရင်လည်း ရပါသည်။ သက်စေ့ လုပ်ရမည်ဖြစ်ပါ၍ ဝန်ကျယ်ပါသည်။

လိပ်ကိုလည်း အိပ်ရာပေါ်တွင် တစ်ညသိပ်ပြီး နောက်နေ့ တွင် ကံကောင်းစေရန် ကန်တော်ကြီး(ကံကြီး စေရန်)လွှတ်ပါ။

ဂမ္ဘီရခရီးတစ်လျှောက် ကိုယ်တွေ့ အတွေ့အကြုံများကို နောက် ကြုံ ကြိုက်သည့်အခါ ဆက်လက် ရေးပါဦးမည်။ ဆောင်းပါးရှင်ထက် အသက်အားဖြင့်သော် လည်းကောင်း၊ ဝါအားဖြင့်သော်လည်းကောင်း၊ စရဏအားဖြင့်သော် လည်း ကောင်း မြင့်မားသော ပညာရှင်များကို အထူးပဲ ကျေးဇူး တင်ရှိကြောင်းနှင့် အလေးပြုလိုက်ပါသည်။

အထက်ပါအတိုင်း ယတြာများ လုပ်ကိုင်ပြီးသည့်နောက် ပြန်လည် ကျန်းမာလာပြီး ပုံမှန် စားသောက်နေသည်ကို တွေ့ရှိရပါသည်။

ဆောင်းပါးရှင်အနေဖြင့် သူ့ အသက်ကို ကိုယ်ထိလက် ရောက် ကယ်ဆယ်လိုက်ရသည့်အတွက် ဝမ်းမြောက် ကြည်နူးလျက် ရှိပါသည်။ မည်သူ့ကိုမဆို အကူအညီလိုပါက ဆောင်းပါးရှင်အနေဖြင့် ဤကုသိုလ်မျိုးကို ဆက်လက်ဆောင် ရွက်ပေးလိုပါသည်။

**ဗိုလ်မှူး တင်လှ (*ငြိမ်း*)**



www.burmeseclassic.com

www.burmeseclassic.com




# ဆရာကြီး မင်းယက္ခ

## ၏ ဘဝအတွေ့အကြုံများ

(၁၈)

ဆရာကြီးမင်းယက္ခ (တိုက်ပွဲဝင်)



**ယခင်လမှ အဆက်**

ကျွန်တော့်အား ဂုဏ်တက်စေမည့်ပွဲ၊ ကြေညာသည့်ပွဲ၊ မင်္ဂလာယူမည့်ပွဲ၊ "ဆရာမင်းယက္ခဆိုတာ ဒီလိုပညာတွေကိုလဲ တတ်မြောက်တဲ့ ဆရာ့ကွ" ဟု ကြွေးဝါးသံပပြုသမည့်ပွဲ၊ ဆရာမင်းယက္ခအား လူကြိုက်များစေမည့်ပွဲဖြစ်သည်။

သို့သော် ဒီပွဲတွင် မင်္ဂလာယူချင်သူက ဆရာ ဦးချစ်တင် ဖြစ်နေသည်။ သူက ဂုဏ်ယူချင်သည်။ နာမည်ကျော်ချင်သည်။ ထို့ကြောင့် ကျွန်တော့်အား နေရာပေးပါရန်၊ ကစားခွင့်ပေးပါရန်၊ စင်ပေါ်တက်ခွင့်ပေးပါရန် တောင်းတောင်းပန်ပန်ဖြင့် တင်ပြနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် တပည့်တို့၏ဆန္ဒကို အစဉ် လိုက်လျောလေ့ရှိသော ကျွန်တော်က မိမိ ရရှိမည့် ဂုဏ်သိက္ခာကျော်ကြားမှု အကျိုးအမြတ်တို့ကို ဥပေက္ခာပြု၍...

'ကိုချစ်တင်ရေ့ယ်... ခင်ဗျား တတ်ချင်ရင် သင်ပေးရမှာပေါ့။ ပြီးတော့ သိုင်းပညာပြပွဲမှာလဲ ကျွန်တော့်နေရာက ဝင်ကစားပါ။ ကျွန်တော် ခွင့်ပြုပါတယ်။ ကျွန်တော် မကစားတော့ပါဘူး။

ဒါပေမယ့် ခင်ဗျားအနေနဲ့ ခွမ့်ဟော့ကပ်ကိုတော့ ပေါ့ပေါ့ဆဆ လေ့ကျင့်လို့ မရဘူး။ အလေးအနက်ထားပြီး အပြင်းအထန် လေ့ကျင့်ရမယ်။

ခွမ့်ဟော့ကပ်ကို ကျွမ်းကျွမ်းကျင်ကျင် ကစားနိုင်ပြီဆိုရင် ဆရာထွေးသောင်းနဲ့ တိုက်ကွက်တွေကို အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ရမယ်။ တစ်ချက်မှ မှားလို့ မဖြစ်ဘူး။

ခင်ဗျား လေ့ကျင့်မှုနည်းပြီး အမှားအယွင်းရှိရင် ကစားခွင့် မပြုနိုင်ဘူးနော်၊ နောက်မှ လုပ်ရက်လိုက်တာ ဆရာရယ်လို့ မပြောနဲ့'

ဟု ပြောလိုက်ရာ ဆရာ ဦးချစ်တင်မှာ ဝမ်းသာအားရဖြစ်ကာ...

'စိတ်ချစမ်းပါဆရာရယ်၊ ကျွန်တော် ဆရာ သင်ပေးတာကိုလဲ ကျွမ်းကျင်အောင် လေ့ကျင့်ပါ့မယ်။ ခွမ့်ဟော့ကပ်တိုက်ကွက်ကိုလဲ ဆရာထွေးသောင်းနဲ့ ဆရာ ကျေနပ်တဲ့အထိ လေ့ကျင့်ပါမယ်။ ဆရာ့စကားကြားရတာ ကျွန်တော့်မှာ ဝမ်းသာလိုက်တာ ဆရာရယ်၊ ဆရာ့ကျေးဇူးကိုလဲ မမေ့ပါဘူး'

ဟူ၍ ဝမ်းသာအယ်လဲပြောပြီး ထိုင်ကန်တော့ပါသည်။

ဆရာ ဦးချစ်တင်၏ ဝမ်းသာပျော်ရွှင်မှုကိုကြည့်ပြီး ကျွန်တော့်မှာလည်း ဝမ်းမြောက်ကြည်နူးမိပါသည်။ သူ့တစ်ပါးကိုလည်း ဝမ်းသာပျော်ရွှင်စေရန် ဆောင်ရွက်ပေးသောကြောင့် ရရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com

သောပီတီ ဖြစ်ပါသည်။

နောက်တစ်နေ့မှစ၍ ဆရာဦးချစ်တင်အား ခွမ့်ဟော့ကပ်၏ အခြေခံလမ်းကြောင်း (၈)ကြောင်း၊ အန္တရာယ်လမ်းကြောင်းများ၊ တားရိုက်လမ်းကြောင်းများ၊ ရိုက်တားလမ်းကြောင်းများကို စတင် သင်ကြားပေးပါသည်။

ဆရာ ဦးချစ်တင်ကလည်း (တတ်ချင်စိတ်ရှိ၍လားမသိ) ကြိုးကြိုးစားစား သင်ယူလေ့ကျင့်ပါသည်။ ဆရာ ဦးချစ်တင်မှာ (၇)ရက်ခန့် ပြင်းပြင်းထန်ထန် လေ့ကျင့်လိုက်သောအခါ ခွမ့်ဟော့ကပ်ကို ကျွမ်းကျွမ်းကျင်ကျင် ကစားတတ်လာပါသည်။

ခွမ့်ဟော့ကပ်ကစားကွက် (Form)ကိုလည်း အစအဆုံး တတ်မြောက်သွားခဲ့ပါသည်။ ထို့ကြောင့် နောက်ရက်များတွင် ဆရာထွေးသောင်း(ထိုစဉ်က တိုက်ပွဲဝင်သင်တန်း၏ ဒုတိယသင်တန်းမှူးကြီး၊ ယခု ပင်မဆရာကြီးအဆင့်၊ အမေရိကန်ပြည်ထောင်စု လော့အိန်ဂျယ်လိစ်မြို့တွင် နေထိုင်လျက်ရှိသည်။)နှင့် အတူ တွဲပြသရမည့် ခွမ့်ဟော့ကပ်နှင့် လုံရှည်တိုက်ကွက်ကို လေ့ကျင့်စေပါတော့သည်။

ကန္ဒာကျောင်းဝင်း၏ အနောက်ဘက်ကွက်လပ်တွင် ဆရာတော်ဦးကော၏ တပည့်ကြီးများဖြစ်သည့် ဆရာမ မသန်းလှ(ဆရာတော်၏တူမ)၊ (ရောဝတီတိုင်းဒေသကြီး သိုင်းပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးဆုရ)၊ ဆရာမ မတင်ဝင်း (ရောဝတီတိုင်းဒေသကြီး သိုင်းပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးဆုရ)၊ ဆရာ ကိုမျိုးမြင့်(မော်လမြိုင်ကျွန်းမြို့နယ်၊ အဖွဲ့ပေါင်းစုံ သိုင်းပြိုင်ပွဲတွင် ဒံခွန်စိုက်ပထမဆုရ)နှင့် အဖွဲ့တို့ကလည်း သိုင်းသင်တန်းဆင်းပွဲတွင် ပြသ



မည့် အပြသိုင်း၊ အကသိုင်းတို့ကို ကြိုးကြိုးစားစား လေ့ကျင့်နေကြပါသည်။

ဆရာတော်ဦးကော လက်ထွက်တပည့်များမှာ သိုင်းပညာအရာတွင် တော်တော်ပင် စုံစုံလင်လင် တတ်မြောက်ကြပါသည်။ တော်ရုံတန်ရုံ ဆရာဆိုလျှင် သူတို့ကို ဆရာလုပ်ရန် မလွယ်ပါ။

ဆရာတော်က သူ တတ်မြောက်ထားသော သိုင်းပညာရပ်များကို သင်ကြား လေ့ကျင့်ပေးသည့်အပြင် ဆရာတော်က သူသဘောကျနှစ်သက်သော သိုင်းဆရာတို့ကို ကျောင်းသို့ ဖိတ်ကြား၍ သူ့တပည့်များကို သင်ပေးစေသည်။

ဆရာတော်က သင်တန်းကြေးကို စိုက်ထုတ်ပေးသည်။ ထို့ကြောင့် ဆရာတော့်တပည့်များမှာ ပညာစုံသည်။

စာရေးသူ ကန္ဒာကျောင်းတွင် သင်တန်း ပို့ချနေခိုက် ရှမ်းတရုတ်သိုင်းပညာ သင်ကြားပေးမည့် ဆရာတစ်ယောက် ကျောင်းသို့ ရောက်လာရာ ဆရာတော်က ကျကျနန ကျွေးမွေးညှော်ခံပြီး ဆရာမ မသန်းလှနှင့် ဆရာမ မတင်ဝင်းတို့ကို ရှမ်းတရုတ် စကာတုတ်သိုင်းတို့ကို ကစားပြစေရာ သူတို့နှစ်ယောက်ကလည်း ရှမ်းတရုတ် တုတ်အမျိုးမျိုးကို ပြည့်ပြည့်စုံစုံ ကစားပြခဲ့ကြပါသည်။

နောက်တစ်နေ့တွင် အဆိုပါ ရှမ်းတရုတ်သိုင်းဆရာသည် သင်တန်းမဖွင့်ဘဲ ပြန်သွားခဲ့ပါသည်။ စာရေးသူ(ဆရာမင်းယက္ခ)ပင်လျှင် သူတို့ မတတ်မြောက်သေးသော ဆရာကြီး ဦးနေဝင်း၏ ဓားတစ်လက်သိုင်း ဗိုင်းထွက်ပညာ၊ ဆရာကြီး ဦးပြည်သိမ်း၏ ဓားတစ်လက်သိုင်း, ဓားနှစ်လက်သိုင်း, တုတ်ရှည်သိုင်း, ဗန်တိုပညာ၊ ဆရာကြီး မြန်မာ့ရိုးရာ ဦးသန်းတင်၏ ဓားတစ်လက်သိုင်း, ဓားနှစ်လက်သိုင်း, တုတ်တိုသိုင်း(ရွှေဘို တုတ်), တုတ်ရှည်သိုင်း, လှံရှည်သိုင်းပညာ, ကြိုးသိုင်းပညာ...

ဆရာကြီး ရန်တိုင်းအောင် ဦးလှမောင်၏ လှံယဉ်ပညာ, လှံမကြီးပညာ, ဓားတစ်လက်ပညာ၊ ဆရာကြီး စိုင်းခင်သောင်းနိုင် (တအန်းလိုင်းမွန်းသိုင်းအဖွဲ့၏) ခွမ့်ဟော့ကပ်(ပလောင်ရိုးရာကြိုးဆက်တုတ်သိုင်း)...

ထယ်စီ(ဓားရှစ်လက်သိုင်း)၊ လှံသွားတပ်ကြိုးသိုင်း အပါအဝင် ရှမ်း၊ ပလောင် တိုင်းရင်းသား သိုင်းပညာစသည်တို့ကို တတ်မြောက်ထား၍သာ မော်လမြိုင်ကျွန်းမြို့ ကန္ဒာကျောင်းတွင် ဆရာတစ်ဆူလုပ်နေနိုင်ခြင်း ဖြစ်ပါသည်။

ကျောင်း၏ အရှေ့ဘက်ကွက်လပ်တွင် ဆရာချစ်တင်နှင့် ဆရာထွေးသောင်းတို့က ခွမ့်ဟော့ကပ်နှင့် လှံရှည်တိုက်ကွက်(ပြကွက်)ကို မမောနိုင်၊ မပန်းနိုင် လေ့ကျင့်ကြပါသည်။

သိုင်းပညာသရုပ်ပြပွဲ ဟူသည် ယှဉ်ကွက်၊ တိုက်ပွဲ၊ ခုခံကွက်၊ ...

www.burmeseclassic.com

တိုက်ကွက်တို့ကို စီစဉ်၍ လေ့ကျင့်ပြီး ပြရသော ပြကွက်များ ဖြစ်သော်လည်း လေ့ကျင့်မှုနည်းလျှင် မှားယွင်းတတ်သည်။

သို့မဟုတ် တုံ့ဆိုင်းသွားခြင်း၊ အထစ်ထစ် အငေါ့ငေါ့ဖြစ်ခြင်း၊ ထိမိခိုက်မိခြင်း၊ စည်းဝါးမကိုက်ခြင်း၊ လွဲချော်ခြင်း၊ လက်နက် လွတ်ကျခြင်း စသည်တို့ ဖြစ်ပေါ်တတ်ပါသည်။

ထိုအခါ ခဲလေသမျှ သဲရေကျ ဖြစ်ရပါတော့သည်။ ဂုဏ်သိက္ခာ မတက်သည့်အပြင် ဂုဏ်သိက္ခာ ကျရတတ်ပါသည်။ ထို့ကြောင့် သရုပ်ပြ သိုင်းကွက်တို့ကို မမှားယွင်းရလေအောင် စည်းကိုက်၊ ဝါးကိုက် ဖြစ်အောင် ထပ်ကာတလဲလဲ လေ့ကျင့်ရပါသည်။

ဆရာ ဦးချစ်တင်ကလည်း တတ်ချင်၊ ပြချင်လွန်း၍ ကြိုးစားသည်။ ထို့ကြောင့်လည်း ပြကွက်ကို မမှားယွင်းဘဲ ပြသနိုင်ခဲ့ကြသည်။

သိုင်းသင်တန်းဆင်းပွဲရက် ရောက်ပေပြီ။ စာရေးသူ(မင်းယက္ခ) အပါအဝင် ဆရာတော်ဦးကော အမှူးပြုသော မော်လမြိုင်ကျွန်း ကန္တားကျောင်းသိုင်း သရုပ်ပြအဖွဲ့ကြီးသည် ကျုံသင်သို့ စက်တပ်သမ္ဗန်ကြီးဖြင့် သွားခဲ့ကြပါသည်။

သရုပ်ပြအဖွဲ့ဝင်များမှာ လှေနံရံ နှစ်ဖက်တွင်(တစ်ဖက်တစ်ချက်) ကျောမှီ၍ ခြေဆင်းပြီး(မျက်နှာချင်းဆိုင်) ထိုင်လာခဲ့ကြပါသည်။ လှေတစ်ဖက် တစ်ချက်တွင် လူ(၁၅)ယောက်ရှိ၍ နှစ်ဖက် လူပေါင်း (၃၀)ရှိပါသည်။

ဆရာတော်က စက်လှေ အမိုးပြန့်ပေါ်တွင် ကုလားထိုင်ဖြင့် ထိုင်လျက် လိုက်ပါလာခဲ့ပါသည်။

စက်မောင်းသူကလည်း အမိုးပေါ်မှ



မောင်းရင်း ခရီးနှင်ခဲ့ကြပါသည်။ ကျုံသင်သို့ နံနက် (၁၀)နာရီခန့်တွင် ရောက်သွားကြပါသည်။ တအောင့် တဖြုတ်နားနေကြပြီး နေ့လယ်စာ စားကြပါသည်။

ညနေ (၄)နာရီတိတိတွင် သိုင်းသင်တန်းဆင်းပွဲနှင့် သိုင်းသရုပ်ပြပွဲ ပြုလုပ်မည်ဖြစ်၍ သိုင်းသင်တန်းဆင်းမည့် ကျုံသင်မှ သိုင်းအဖွဲ့သားများကလည်း သူတို့ပြသမည့် သရုပ်ပြ သိုင်းကွက်များကို လေ့ကျင့်ကြပါသည်။

ဆရာတော် ဦးကော၏ ပင်မအဖွဲ့ကြီးမှ သရုပ်ပြအဖွဲ့ကလည်း မိမိတို့ ပြသမည့် သိုင်းပြကွက်များကို အစအဆုံး လေ့ကျင့်ကြပါသည်။ ဆရာတော်ဦးကော၏ တပည့်ရင်းများ ဖြစ်ကြပြီး စာရေးသူ၏ ဓားတစ်လက် သိုင်းဝိုင်းထွက် ပညာသင် တပည့်များ ဖြစ်ကြသည့် ဆရာမ မသန်းလှနှင့် ဆရာမ မတင်ဝင်းတို့ကိုလည်း ဓားတစ်လက်သိုင်းဝိုင်းထွက် သရုပ်ပြကွက်အတွက် နောက်ဆုံး အပြီးသတ် လေ့ကျင့်စေပါသည်။

သိုင်းသင်တန်းဆင်းပွဲနှင့် သိုင်းသရုပ်ပြပွဲကို တင်ဆက်ပြသရန် သိုင်းအဖွဲ့အသီးသီးက အဆင်သင့် ဖြစ်နေပါပြီ။

သိုင်းသရုပ်ပြပွဲ မစတင်မီ ဆရာချစ်တင်နှင့် ဆရာထွေးသောင်းတို့က စာရေးသူအား ထိုင်ကန်တော့ကြသည်။ ဒါက မြန်မာ့သိုင်းသမားတို့၏ ရိုးရာဓလေ့။ ဘေးအန္တရာယ် ကင်းရှင်းပြီး အောင်မြင်မှု ရရှိသည်၊ နာမည်ဂုဏ်သတင်း ကျော်စောသည်ဟု ယုံကြည်ကြသည်။

ဆရာချစ်တင်က တရုတ်နိုင်ငံဖြစ် အနက်ရောင် ဖဲသားထူထူဖြင့် ချုပ်ထားသော ရှမ်းဘောင်းဘီပွပွကို ခါးတွင် ဝတ်ဆင်ထား၍ ဖဲသားအဖြူရောင်ကို ရှမ်းတိုက်ပုံကော်လံနှင့် (တိုက်မောင်း) ကို ဝတ်ဆင်ထားသည်။ ကြွားကြွားရွားရွားနှင့် သားသားနားနား ရှိလှသည်။

ဆရာထွေးသောင်းကတော့ အပေါ်အဖြူ၊ အောက် နီညို သိုင်းဝတ်စုံကို ဝတ်ဆင်ထားသည်။ ဆရာ ချစ်တင်က ဖဲသားရှမ်းဘောင်းဘီကို ပုဆိုးလို ဝတ်၍ အပေါ်မှ ခါးပတ်ကို ပတ်ထား၍ စိုးရိမ်သောကြောင့် သူ့အား…

'ဆရာချစ်တင် ခင်ဗျား ရှမ်းဘောင်းဘီအပေါ်ကပတ်ပြီး ရှမ်းဘောင်းဘီ အထက်ဆင်စကို ပြန်လှန်ချထားလိုက်၊ ဒါဆို ဘောင်းဘီ ကျွတ်မကျတော့ဘူး။ စိတ်ချလက်ချ ကစားနိုင်တယ်။ ကျွန်တော် အခုဝတ်ထားသလိုပေါ့ဗျာ'

ဟူ၍ ပြောလည်းပြော ရှမ်းဘောင်းဘီ ဝတ်ထားပုံကိုလည်း ပြလည်းပြလိုက်ပါသေးသည်။ ဆရာချစ်တင်က…

ရှေ့လ ဆက်ဖတ်ပါရန်

ဆရာကြီး မင်းယက္ခ
(တိုက်ပွဲဝင်)



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးရဲအောင်
(သိပ္ပံလက္ခဏာ+နက္ခတ္တဗေဒ+သင်္ချာဗေဒ)



# သိဒ္ဓိမဟာဒွိဝိဇ္ဇာပညာရှင်ကြီးများနှင့်

## တွေ့ဆုံခြင်း

### အဘဘိုးမင်းခေါင်နှင့်တွေ့ဆုံခြင်း

ဘိုးမင်းခေါင် ပုတီးစိပ်နည်း

(၁) ဩောင်း နမော ဗုဒ္ဓါယ၊
သော ဘဂဝါ ဣတိပိ အရဟံ၊
(၂) ဩောင်း နမော ဗုဒ္ဓါယ၊
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
(၃) ဩောင်း နမော ဗုဒ္ဓါယ၊
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊
(၄) ဩောင်း နမော ဗုဒ္ဓါယ၊
သော ဘဂဝါ ဣတိပိ သုဂတော၊
(၅) ဩောင်း နမော ဗုဒ္ဓါယ၊
သော ဘဂဝါ ဣတိပိ လောကဝိဒူ၊
(၆) ဩောင်း နမော ဗုဒ္ဓါယ၊
သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
(၇) ဩောင်း နမော ဗုဒ္ဓါယ၊
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ၊
(၈) ဩောင်း နမော ဗုဒ္ဓါယ၊
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
(၉) ဩောင်း နမော ဗုဒ္ဓါယ၊
သော ဘဂဝါ ဣတိပိ ဘဂဝါ။

- ဘုရားဂုဏ်တော်(၉)ပါး ပုတီးစိပ်ဖြစ်ပါသည်။
- ထွက်ရပ်ပေါက်ပုဂ္ဂိုလ် အဘဘိုးမင်းခေါင်သည် ဤနည်းအတိုင်း ပုတီးစိပ်ပါသည်။

ဤပုတီးစိပ်နည်းဖြင့် ထွက်ရပ်လမ်းအောင်မြင်စွာ ကူးမြောက်နိုင်သည် ဆိုပါသည်။

- အရဟံ၊
- သမ္မာသမ္ဗုဒ္ဓေါ၊
- ဝိဇ္ဇာစရဏသမ္ပန္နော၊
- သုဂတော၊
- လောကဝိဒူ၊
- အနုတ္တရောပုရိသဒမ္မသာရထိ၊
- သတ္ထာဒေဝမနုဿာနံ၊
- ဗုဒ္ဓေါ၊
- ဘဂဝါ။

ဤသို့သော ဂုဏ်တော်အားရှေ့တွင်...

**"ဩောင်း နမော ဗုဒ္ဓါယ၊ သော ဘဂဝါ ဣတိပိ"** အဆင်တန်ဆာ မွမ်းမံအမှူးပြု ရွတ်ဆိုထားခြင်း ဖြစ်၏။

ထွက်ရပ်လမ်း ကြွမြန်းတော်မူသော "အဘဘိုးမင်းခေါင်" သည် ပင်လျှင် ဤသို့ ရွတ်ဆိုပူဇော်ခဲ့ဖူးသည်။ အတုယူစရာ ကောင်း၏။ စံနမူနာယူစရာကောင်း၏။ ကျွန်ုပ်တို့ကော အဘယ်ကြောင့် မရွတ်ဆိုရမည်နည်း။

ကျွန်ုပ်သည် လေးစားအားကျ ဂုဏ်ယူစွာဖြင့် အဘဘိုးမင်းခေါင်၏ ...



www.burmeseclassic.com

www.burmeseclassic.com

စိပ်နည်းအတိုင်း မြတ်စွာဘုရား၏ ဂုဏ်တော်(၉)ပါးကို ရွတ်ဆိုပူဇော် အဓိဋ္ဌာန်ပုတီး စိပ်ခဲ့ပါသည်။

ဂုဏ်တော်တစ်ပါးလျှင် (၉)ရက်၊ ဂုဏ်တော်(၉)ရက် ဆုံးပြီးသော် (၈၁)ရက် စသော အဓိဋ္ဌာန်ပုတီးစွဲမြဲစွာ စိပ်ခဲ့သည်။ ပထမအကြိမ် (၈၁)ရက် အဓိဋ္ဌာန်ပြီးသော် ဒုတိယအကြိမ်၊ တတိယအကြိမ် အကြိမ်ပေါင်းများစွာ အဓိဋ္ဌာန်ပုတီးစိပ်ခဲ့ရာ နဝမအကြိမ် (၉) ကြိမ်မြောက်တွင်ကား ထူးခြားသော အခြင်းအရာများ ဖြစ်လာပါတော့သည်။

မမျှော်လင့်သော ထူးထူးဆန်းဆန်း အကြောင်းအရာများ ကြုံတွေ့လာရ၏။

ပထမ အကြောင်းအရာမှာ အမေရိကန်နိုင်ငံတွင် အလုပ် လုပ်ကိုင်နေသော ညီမဖြစ်သူထံမှ ငွေ ကျပ်သိန်း(၅၀) ပေးပို့လိုက်သော သတင်းဖြစ်၏။

ဝမ်းသာမှုပီတိအဟုန်မှာ ပြောမကုန်နိုင်အောင် ဖြစ်ရ၏။ ဝန်ထမ်းဘဝဖြင့် နှစ်ပေါင်းများစွာ အမှုထမ်းဆောင်ရွက်ခဲ့သော်လည်း သိန်းဂဏန်းတည်းဟူသော ငွေကြေး မကိုင်ရခဲ့ပါ။

အငြိမ်းစားဘဝဖြင့် ဗေဒင်လက္ခဏာဟောခြင်းနှင့် ကျူရှင်လုပ်ငန်းများ လုပ်ကိုင်ခဲ့သော်လည်း ဝင်ငွေ မကောင်းပါ။ သိန်းဂဏန်းဟူ၍ ရသည်မရှိ။

သို့ဖြစ်၍ ငွေကျပ် သိန်း(၅၀)တည်းဟူသော ငွေမှာ နတ်ပြဟ္မာများ ဝိဇ္ဇာဇော်ဂျီများက လာရောက်မ,စသလို ဖြစ်နေ၏။

နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်သော ထီဆုကြီးပင်လျှင် သိန်း(၅၀)သည် အမြင့်ဆုံးဖြစ်၏။

ကျွန်ုပ်သည် ဤငွေဖြင့် ရင်းနှီး၍



တိုးတက်လမ်းရှာမည်။ လူမှုရေး တိုးတက်မှုအတွက် မည်သည့် အလုပ်များ လုပ်လျှင် ကောင်းမည်နည်း စိတ်ဖြင့် စိတ်ကူးယဉ်မိသည်။

ဤငွေအား လူကြုံဖြင့် တစ်ဆင့်ပါးလိုက်သဖြင့် ကျွန်ုပ်သည် လိပ်စာအတိုင်း သွားတွေ့၏။ တစ်ကြိမ်လည်း မတွေ့၊ နှစ်ကြိမ်လည်း မတွေ့၊ သုံးကြိမ်လည်း မတွေ့ဖြစ်ရ၏။

စိတ်ဓာတ် အကျကြီးကျသွား၏။ စိတ်မောလူမော ဖြစ်ရ၏။

လေးကြိမ်မြောက် ရှာဖွေပြီးချိန်၌ ကျွန်ုပ်သည် အလိမ်ခံလိုက်ရမှန်း သိသွား၏။ တစ်ဆင့်လူ၊ ကြားခံလူ၏ လိမ်လည်လှည့်စားမှု ခံလိုက်ရသည်။ မျှော်လင့်ချက် ရွှေတောင်ကြီး ပြိုကွဲသွားရချေပြီတကား။

**ဒုတိယအကြိမ်မှာမူကား...**

အငြိမ်းစားယူပြီးစ လုပ်ငန်းများ မကောင်း၊ ပင်စင်လစာက မဖြစ်စလောက်နှင့် ဘဝကို အနိုင်နိုင် ရုန်းကန်နေရချိန်ဖြစ်၏။

ဤအချိန်တွင် ကျွန်ုပ်၏ လက်ဖဝါးတွင် **"နိုင်ငံခြားခရီးသွားလမ်းများ"** ထိုးဖောက် ပေါ်လာကြ၏။ နိုင်ငံရပ်ခြား သွားချင်၏။ နိုင်ငံခြားမှာ အလုပ်လုပ်ချင်၏။ မြန်မာနိုင်ငံမှာ နေခြင်းထက် သာလိမ့်မည်။ ဝင်ငွေကောင်းလိမ့်မည်။

သို့သော်...

နိုင်ငံခြားသွားဖို့ ငွေကြေးအပြည့်အစုံ မရှိ။ လူဆက်မရှိနိုင်သဖြင့် နိုင်ငံခြားမှာ အလုပ်အကိုင် ချောချောမွေ့မွေ့ မရနိုင်။

ဘယ်လိုလုပ်ရမလဲ စဉ်းစားစမ်း စဉ်းစားစမ်း...

အင်း ဟုတ်ပြီ... သတိရပြီ။

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အလုပ် လျှောက်မည်။

နိုင်ငံခြားရေးဝန်ကြီးသည် မိမိ၏ နယ်သားဖြစ်သည်။ အကူအညီပေးနိုင် လိမ့်မည်။

ဤအတွေးဖြင့် မိမိ၏ အသက် ပညာအရည်အချင်း လုပ်ကိုင်ခဲ့ဖူးသော အလုပ်အတွေ့အကြုံများ ဖော်ပြပြီး မိမိအား "ပညာရေးသံမှူး" ခန့်အပ်ပေး ပါရန် လျှောက်ထားလိုက်၏။

အံ့ဩစရာကောင်းသည်မှာ နိုင်ငံ ခြားရေးဌာနမှ စာပြန်လာသည်။

စောင့်နေပါ။ အကြောင်းတိုက်ဆိုင် သော် ခေါ်ပါမည်တဲ့။

ကျွန်ုပ် အလွန်ဝမ်းသာသွားပါသည် ဘာပဲဖြစ်ဖြစ် နိုင်ငံခြားသွားရမည် အလုပ်လုပ်မည်။ စီးပွားရေး လူမှုရေး အခွင့်အလမ်း ပွင့်ခြင်းဖြစ်၏။ မဖြစ်မ သွားတော့အံ့ဟု စိတ်ကူးယဉ်မိ သည်။

နိုင်ငံခြားဌာနမှ အကြောင်းကြား မျှော်ဆဲ...မျှော်ဆဲ...မျှော်လင့်နေဆဲ

ဖြုန်းဆို နိုင်ငံခြားဝန်ကြီးအပြော အလဲ ဖြစ်သွား၏။

ကျွန်ုပ်၏ လျှောက်လွှာမှာလည်း မြောင်းထဲ ရောက်သွားပါတော့သ

ဒုတိယမျှော်လင့်ချက် ရွှေတောင် ကြီး ပြိုကွဲပြန်ပြီတကား။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ပြီးဆင်းသွားသော၊ လွင့်မျောနေသော စိတ်တလေလေအား ထိန်းချုပ်နိုင်စွမ်း မရှိတော့ပါ။ သို့သော် ဘာသာရေးအလုပ်ဖြင့် ထိန်းတော့အံ့။

ဤဆုံးဖြတ်ချက်ဖြင့် စိတ်တည်ငြိမ်မှုအတွက် လည်းကောင်း၊ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန် လည်းကောင်း ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း စသော သမထ၊ ဝိပဿနာ၊ ဘာဝနာအလုပ်ကို စတင်ပါသည်။

ကျွန်ုပ်သည် ပရိတ်ကြီး(၁၁)သုတ်၊ ၂၄ပစ္စည်း၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ မဟာသမယသုတ်၊ သရဏဂုံ(၃၀)မဏ္ဍန်၊ ဓာရဏပရိတ်၊ ဂုဏ်တော် စသည်တို့ကို တတ်နိုင်သမျှ ရွတ်ဖတ် ပူဇော်၏။

နေရာမှာ ဆူးလေဘုရားတွင်ဖြစ်၏။ ဆူးလေဘုရားပတ်လည်တွင် ကျောက်ဆင်းတုကြီးများရှိ၏။ ကျောင်းဆောင် အုတ်ဂူအတွင်း တိတ်ဆိတ်စွာ သပ္ပာယ်လှ၏။ မျက်နှာတော်၏ ကြည်လင်ပြည့်ဖြိုးမှု၊ ပကတိ ကျောက်သား၏ ဖြူစင်သန့်ရှင်း၊ သပ်ရပ်မှု၊ မြတ်စွာဘုရား၏ရှေ့တွင် ပရိတ်ရေ ရေချမ်းများ အစီအရီဖြင့် တည်ရှိနေပြီး ပန်းအိုးများတွင် မေမြို့ပန်းများ၊ သပြေညွန့်များဖြင့် ဝေဆာလျက်ရှိ၏။

ပြင်ပမှ ဖြတ်သန်းသွားလာနေကြသော ကားသံများ၊ ဟွန်းတီးသံများ၊ စက်သံများကို အတော်အသင့်သာ ကြားရ၏။ အခန်းသည် လုံနေသလားဟု ထင်ရ၏။

ကျွန်ုပ်သည် ရောက်လာတိုင်း ဤနေရာတွင် ထိုင်ဖြစ်၏။ ကျွန်ုပ်၏ ပုံမှန်နေရာဖြစ်၏။ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ပုတီးစိပ်၏။ တရားထိုင်၏။ ပြီးသော် အမျှဝေ၏။ မြတ်စွာဘုရားအား



ဖူးမြော်၍ မျက်စိနှစ်လုံးဖွင့်လိုက်သော်...

ထိုင်တော်မူ ကျောက်ဆင်းတု မြတ်စွာဘုရား၏ လက်တော်တွင် ပုတီးကုံးလေးတစ်ခု တွဲလဲဆွဲလျက်ရှိ၏။ လေအတိုးတွင် ပုတီးကုံးလေးမှာ တလှုပ်လှုပ်ရှိ၏။ အုန်းပုတီးလေးတစ်ကုံးပင်ဖြစ်၏။ ပုံမှန်အတိုင်း (၁၀၈)လုံးပုတီးဖြစ်ဟန် ရှိ၏။

မြတ်စွာဘုရား၏ ညာဘက်တွင် ပုတီးစိပ်သူများ၏ ထိုင်ခုံတစ်ခုရှိ၏။ ထိုင်ခုံမှာ လွတ်နေ၏။ သို့သော် တစ်စုံတစ်ယောက်သည် မကြာမီက ဤနေရာသို့လာပြီး ပုတီးစိပ်ခြင်း တရားဘာဝနာအလုပ်ကို လုပ်ဟန်တူ၏။ သစ်သားအခင်းပျဉ်တွင် သင်္ကန်းဖြင့် ချုပ်လုပ်ထားသော နေရာထိုင်တစ်ခု တွေ့ရ၏။

တစ်စုံတစ်ယောက်က လှူဒါန်းထားဟန်တူ၏။ ကုသိုလ်ရရေးအတွက် အမျိုးမျိုး ဖန်တီးကြ၏။ သာဓု သာဓု သာဓု ခေါ်ထိုက်ပါပေ၏။

ကျွန်ုပ်မှာ သီးသန့် နေရာထိုင်မရှိ။ ပုတီးများကား ရှိ၏။ (၉)လုံးပုတီး၊ (၂၄)လုံး ၂၄ ပစ္စည်းပုတီးနှင့် (၁၀၈)လုံး ပုတီးများ ပါလာ၏။

ဘုရားဂုဏ်တော်(၉)ပါး ကွန်ချာအတွက် (၉)လုံးပုတီး...

၂၄ ပစ္စည်းပဌာန်းအတွက် (၂၄)လုံး ပုတီး...

သရဏဂုံ + ဂုဏ်တော်(၉)ပါး + ပဌာန်းအတွက် (၁၀၈)လုံးပုတီး စသဖြင့် စိပ်ပါသည်။

နေ့စဉ်အဓိဋ္ဌာန်အပြီး လှမ်းမျှော်ကြည့်သော် ဤအခြင်းအရာများ တွေ့ရ၏။

ကျွန်ုပ်သည် မြတ်စွာဘုရား၏ လက်တော်မှ ပုတီးကုံးနှင့် နေရာထိုင်ကို ယူလိုက်ပြီး မိမိအဓိဋ္ဌာန်အတွက် ပစ္စည်းများဟု သဘောထားကာ သိမ်းဆည်းခဲ့ပါသည်။

မိမိအိမ်အရောက်တွင် ပုတီးအား ဘုရားစင်တွင် ချိတ်ဆွဲ၊ နေရာထိုင်အား မိမိထိုင်၍ ပုတီးစိပ်သည့် သင်ဖျာပေါ်တွင် အသာအယာ ဖြန့်ခင်းလိုက်သည်။

အင်း ကံကောင်းလေစွတကားဟု ထင်မှတ်မိပါသည်။ ဤညသည် အလွန်အားရ၏။ နှစ်ခြိုက်စွာ အိပ်စက်ရ၏။ သို့သော် အဘဘိုးမင်းခေါင်နှင့် စတင် တွေ့ဆုံသောညဟု ဆိုရပါလိမ့်မည်။

ဤညတွင် အိပ်မက်ပေးပါသည်။ အိပ်မက်တွင်...

ဘုရားစင်၏ အောက်တွင် ဘိုးတော်ပွဲ ရှိပါသည်။ ပွဲတော်တွင်းရှိ အုန်း၊ ငှက်ပျောတို့အား အမွှေးနံ့သာရည်များ ပက်ဖျန်းထားပါသည်။ ပွဲ၏ ဘေးတစ်ဖက်တစ်ချက်တွင် ပန်းအိုးကြီးများ ကာရံထားပြီး တောက်ပသော အဝါရောင် မေမြို့ပန်းများ၊ သပြေခက်များ၊ အုန်းညွန့်များ ပူးတွဲထားရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အမွေးတိုင်၊ ဖယောင်းတိုင်များအား ပွဲတော်တွင် ကပ်ထားပြီး မွှေးကြိုင်လန်းဆန်းသော အမွှေးရနံ့များကြောင့် တစ်အိမ်လုံး သင်းပျံ့နေပါသည်။

အဘဘိုးမင်းခေါင်သည် ဝတ်ဆင်နေကျဖြစ်သော ကွက်ထောက်လုံချည်၊ ယောဂီရောင် တိုက်ပုံအင်္ကျီ၊ ဆံပင်ရှည်ရှည်အား ဖားလျားချလျက် ထိုင်နေကျပုံစံအတိုင်း ထိုင်လျက် ကျွန်ုပ်ကို စူးစူးဝါးဝါး စိုက်ကြည့်နေပါသည်။ မျက်နှာထားမှာ တင်းမာမှုမရှိ၊ ပြုံးရွှင်သော ဟန်ပန်ရှိသဖြင့် ကွပ်ထားသော ရွှေသွား၏ အရောင်မှာ ပြိုးပြိုးပြက်ပြက်ရှိ၏။

'သားတော် မင်း စိတ်ဓာတ်ကျနေသလားကွယ့်'

'ဟုတ်ကဲ့ပါ အဘခင်ဗျာ'

'ဘာကြောင့်တုန်းကွယ့်'

'အဘမြင်တဲ့အတိုင်းပဲ သားတော်အလုပ်များကို ကြိုးစားလုပ်ခဲ့ပါတယ်။ ဒါပေမယ့် မအောင်မြင်တာတွေ များနေတယ်။ ဆုံးရှုံးနေပါတယ်။ ငွေတွေလဲ အလိမ်ခံရ၊ လျှောက်ထားတဲ့ အလုပ်ကလဲ ပျက်သွားပါပြီ'

'အဲဒါတွေက လောကဓံတရားပဲကွယ့်။ လောကဓံတရားရှစ်ပါးရဲ့ ဖြစ်ခြင်း၊ပျက်ခြင်း သဘာဝတရားကို ခံရမှာပဲကွယ့်၊ ငါတို့ မြတ်စွာဘုရားတောင်မှ မလွန်ဆန်နိုင်ဘူးလေ။

လောကီ၊ လောကုတ္တရာအတွက် အောင်မြင်ချင်ရင်တော့ ဘုရားဂုဏ်တော်(၉)ပါး ပုတီးစိပ်ပါ။ အချိန်ကာလတွေ ရောက်လာတဲ့အခါ အဆိုးတွေပျောက်၊ အကောင်းတွေ ရောက်လာမှာပေါ့ကွယ်။

အဘပေးထားတဲ့ ပုတီးရှိသားပဲ။ အဲဒီပုတီးနဲ့ စိပ်လေကွယ်'

'ဟုတ်ကဲ့ပါ အဘခင်ဗျာ'



ဤသို့ဆိုဆုံးမပြီးနောက် အဘဘိုးမင်းခေါင်၏ပုံတော် ကွယ်ပျောက်သွားပါသည်။ ကျွန်ုပ်သည် အိပ်ရာမှ လန့်နိုးသွား၏။ စိတ်ထဲတွင် ကျေနပ်မှု ပီတိ ခံစားရ၏။

ပုတီးစိပ်ပါ။ ဂုဏ်တော်(၉)ပါးစိပ်၊ သူပေးထားသော ပုတီးတဲ့။

ဘိုးတော်ပေးထားသော ပုတီးဆိုသည်မှာ ဘာလဲ... ဘယ်မှာလဲ စဉ်းစားရ၏။

ဟိုး... သိပြီ သိပြီ...

ဆူးလေဘုရားတွင် အဓိဋ္ဌာန်ပြုစဉ်က ရခဲ့သော ပုတီး။

မြတ်စွာဘုရား၏ လက်တော်တွင် ချိတ်ဆွဲ တွဲလဲကျနေသော ပုတီး၊ ဤပုတီးကို ကျွန်ုပ် မစိပ်ဖြစ်ပါ။ ဘုရားစင်တွင်သာ ချိတ်ဆွဲထားခဲ့၏။

ဤပုတီးလေးကား "အဘ ဘိုးမင်းခေါင်" ပေးခဲ့သော ပုတီးပါတကား။ ဤစိပ်ပုတီးလေး၏ သမိုင်းက ရှည်လျား၏။ ကောင်းသူကယ်၍ မကောင်းသူကို ပယ်ခဲ့၏။ နောင်အခါတွင် အဖြစ်အပျက်တစ်ခုကို ကြုံရပါသည်။ အဖြစ်အပျက်ကား ဤသို့ပါ။

*   *   *

၁၉၈၈ ခုနှစ်၊ (၈)လေးလုံး အရေးအခင်းအပြီး ကျွန်ုပ်သည် ရန်ကုန်တွင် မပျော်မွေ့တော့ပါ။ ဒီအချိန်တွင် ကျွန်ုပ်၏တပည့်ဖြစ်ခဲ့သူ "မောင်ခင်မောင်ဝင်း"သည် ရုတ်တရက် ရန်ကုန်သို့ ရောက်လာပြီး ကျွန်ုပ်အား မိမိမွေးရပ်မြေ "ဖိုးကုန်းမြို့"သို့ ပြန်လည်ခေါ်ပါတော့သည်။

ကျွန်ုပ်မှာလည်း ရန်ကုန်တွင် နေချင်စိတ်မရှိသည့်အချိန် တပည့်လုပ်သူ၏ ကမ်းလှမ်းချိန်နှင့် အံဝင်ခွင်ကျ ဖြစ်သွား၏။

တောင်ဥက္ကလာပ (၇)ဆူဘုရားမှ **"နဂါးမယ်တော်"**၏ ကြိုတင်ဟော ပြောချက်အတိုင်း ကျွန်ုပ်သည် မိမိ မွေးရပ်ဇာတိသို့ ပြန်ရောက်လာပါ သည်။

ကျူရှင်ပြခြင်း၊ ဗေဒင်လက္ခဏာ ဟောပြောခြင်းကို စတင် ဆောင်ရွက် ပါတော့သည်။ ဤအချိန်တွင် ကျွန်ုပ်၏ ငယ်သူငယ်ချင်းဖြစ်သူ တပ်ကြပ်ကြီး (ငြိမ်း) ကိုအေးမြင့် ရောက်လာသည်။ သူသည် ကျွန်ုပ်နှင့် ကျောင်းနေဖက် ဖြစ်၏။ ဖိုးကုန်း အ.ထ.က ကျောင်း ထွက် ဖြစ်၏။

တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင် မြင်ကြပြီး လူစုကွဲသွား၏။ ကျွန်ုပ်က ပညာရေးတက္ကသိုလ်တက်ပြီး ကျောင်း ဆရာဖြစ်သွား၏။ သူက •မိတ္ထီလာ လေတပ်တွင် ဝင်ရောက်အမှုထမ်းပြီး (၁၀)နှစ်အကြာ ပင်စင်ယူလျက် မိမိ ဌာနေ ပြန်ရောက်လာ၏။

ဦးလေးဖြစ်သူ၏ ဆန်စက်၌ မန်နေဂျာအဖြစ် အလုပ်ရ၏။ ဦးလေး ဖြစ်သူက စက်တစ်ခုလုံး သူ့ကို လွှဲထား ၏။ အလုပ်သမားများနှင့် ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေအောင်ပေါင်း၏။ ဖော်ရွေ၏။ လိုက်လျော၏။

သို့သော် အလုပ်သမားများက မရိုးသား ကလိမ်ကျခြင်း၊ ခိုးခြင်း၊ ဝှက်ခြင်းများ ပြု၏။ သူက စစ်သားလူထွက်ပီပီ တိကျ၏။ ခိုင်မာ၏။ သို့ဖြစ်၍ အလုပ်သမားများနှင့် သူ မတည့်တော့ချေ။ အလုပ်သမားများက ရန်ရှာလာ၏။ သူ မရှိမှ ဖြစ်မည်။ သူ့ကို ရှင်းပစ်ရမည်ဟု သတင်းလွင့်၏။ ထိုအခါ တပ်ကြပ်ကြီး(ငြိမ်း)ကိုအေးမြင့် ကျွန်ုပ်ထံ ရောက်လာ၏။

'သူငယ်ချင်း ကိုယ့်ကို ကူညီပါဦးကွာ။ လိုအပ်တဲ့ယတြာတို့၊ အဆောင်အယောင်တို့လဲ ပေးပါကွာ။ ကိုယ့်အတွက် လုံခြုံမှုက အရေးကြီးနေလို့ပါ'

ကျွန်ုပ်သည် မနေသာတော့ပါ။ အဆောင်အယောင် ယတြာများ လုပ်ပေးပြီးနောက်...

'ကိုင်း ကိုယ့်လူ ဒီပုတီးယူသွား စိပ်၊ အဲဒီ အဘဘိုးမင်းခေါင်ပေးတဲ့ပုတီးပဲ။ မင်းကိစ္စပြီးပြောက်ရင် စိပ်ပုတီး ပြန်ပို့နော်'

'စိတ်ချပါ သူငယ်ချင်း ကျေးဇူးပါပဲကွာ'

ကိုအေးမြင့်သည် နိုးနိုးကြားကြားနေရင်း ဆန်စက်ကြီးအတွက် အဘဘိုးမင်းခေါင်ပေးသော ပုတီးကို အဓိဋ္ဌာန်ဖြင့် စိပ်တော့၏။

ဤတွင်စက်အတွင်းရှိ အလုပ်သမားများမှာ အလုပ်မှ ထွက်သူထွက်၊ ပြေးသူပြေး၊ အလုပ်မဆင်းသူ မဆင်းနှင့် ဆန်စက်ကြီး ရပ်သွား၏။

ကိုအေးမြင့်လည်း ပျင်းလာ၏။ စက်ကလည်း မလည်ပတ်၊ အလုပ်ကလည်း လုပ်စရာမရှိ ဖြစ်နေ၏။ ထို့ကြောင့် မိမိနေရာဖြစ်သော မိတ္ထီလာကို ပြန်သွားတော့သည်။

မကြာမီ ဤစက်အတွင်းမှ လက်နက်ပုန်းများမိသည်ဟု သတင်းကြားရ၏။ စက်ပိုင်ရှင် ဦးလေးဖြစ်သူအား ဖမ်းဆီးတရားစွဲ ထောင်ချလိုက်၏။ ကိုအေးမြင့်ကား လွတ်သွား၏။ စိပ်ပုတီး၏ အကျိုးပေးတည်း။

❖ ရန်သူများကို ဖြိုခွင်းနိုင်ခြင်း၊

❖ မိမိသည်လည်း အဖမ်းအဆီး အချုပ်အနှောင်မှ လွတ်မြောက်ခြင်း၊

❖ မိမိဌာနေမိတ္ထီလာအား ဘေးအန္တရာယ်မရှိ အေးချမ်းစွာ ပြန်ရောက်ခြင်း

စသော အကျိုးတရားများကား "အဘဘိုးမင်းခေါင်" ၏ စိပ်ပုတီးအစွမ်း ပါတကား။

ဤအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ကိုအေးမြင့်နှင့် အဆက်ပြတ်သွားပါသည်။ အဆိုးများ၊ အညံ့များ၊ အန္တရာယ်များမှ လွတ်မြောက်သွားသည်ဟု ထင်ရပါသည်။ ကျွန်ုပ်သည်လည်း မိမိ၏ ကူညီမှု အောင်မြင်သူသဖြင့် အလွန်ဝမ်းမြောက်ပါသည်။ (၃)လခန့်အကြာတွင် ကျွန်ုပ်ထံ တယ်လီဖုန်းဆက်ပါသည်။

'ဟဲလို ဆရာ ဦးရဲအောင်လား'

'ဟုတ်ကဲ့ ပြောပါ'

'ဟေ့သူငယ်ချင်း ကိုယ်ပါကွ ကိုအေးမြင့်ပါ'

'မင်း ဘယ်လိုဖြစ်သွားတာလဲ ပြောဦးကွာ'

'ဒီလိုသူငယ်ချင်းရေ မင်းပေးလိုက်တဲ့ အဘဘိုးမင်းခေါင်ရဲ့ စိပ်ပုတီးက တယ်ထက်တာကိုးကွ။ ကိုယ်လဲ အဓိဋ္ဌာန်လုပ်ပြီး ဆန်စက်ထဲမှာ ပုတီးစိပ်တယ်၊ အလုပ်သမားတွေကိုလဲ ထိန်းရင်း တစ်ဖက်ကလဲ ကြိတ်ခွဲအလုပ်လဲ လုပ်ရသေးတယ်။ အလုပ်သမားတွေ ထဲမှာ လူလည်၊ လူနပ်တွေလဲ ပါတယ်ကွ။ သူတို့က ဒီဆန်စက်ကြီး ပြုတ်သွားအောင် နှက်မယ့် ကလိမ်ကကျစ်တွေကွ။

ငါလဲ (၉)ရက်တစ်ကြိမ် အဓိဋ္ဌာန်တစ်ခုပြီးတယ်။ အဲ သုံးကြိမ်မြောက်လဲပြီးရော အချို့အလုပ်သမား ထွက်တဲ့ကောင် ထွက်သွားတယ်။ အချို့ကတော့ ကိုယ်ဆီက ငွေချေးသုံးစွဲထားတဲ့ကောင်တွေ ပျောက်ကုန်တယ်။ ဒီအတွင်း မိတ္ထီလာက အမျိုးသမီးထံမှ အမြန်ဆုံး ပြန်လာဖို့ တယ်လီဖုန်းဆက်တယ်။ သားငယ်လေး ဆေးရုံတက်နေရသတဲ့။

အင်း ငါတော့ ဒုက္ခပဲဆိုပြီး အမြန်လစ်ရတော့တယ်။

အဲဒီနောက်တော့ အလုပ်သမားတွေလဲ ထွက်ကုန်၊ ဆန်စက်ကြီးလဲ ရပ်ထား။ လက်နက်ပုန်းအချို့လဲမိ၊ ဦးလေးဖြစ်သူလဲ အမှုအခင်းဖြစ်၊ ထောင်နန်းစံ။ အဲဒါတွေ ကိုယ့်လူလဲ သိပြီး ဖြစ်မှာပါ။

ထူးခြားတာ တစ်ခုပြောမယ်။ ဒီလိုကွ...

ပုတီးစိပ်တော့ အိပ်မက်ကောင်းတွေလဲရတယ်။ ပြီးတော့ အိပ်မက်ထဲမှာ **"မောင်ရင် ဒီမှာမနေနှင့် အိမ်ပြန်တော့"** လို့ မကြာခဏ လာပြောတယ်၊ ကိုယ်ကတော့ စိတ်ထင်လို့ပဲ အောက်မေ့တာ။ အိမ်က ဖုန်းဆက်မှပဲ ပြေးရတာ။ မပြေးရင် ကိုယ်ခံရမှာကွ။

အဘဘိုးမင်းခေါင်ရဲ့ ကျေးဇူးပေါ့ကွာ။ အဘဘိုးမင်းခေါင်ရဲ့ စိပ်ပုတီးလေးကိုလဲ ပြန်မတောင်းပါနဲ့တော့ကွာ။ သူငယ်ချင်းကို ကိုယ်လာပြီး ကန်တော့ပါဦးမယ်နော်'

**ဆရာဦးရဲအောင်**
***(သိပ္ပံလက္ခဏာ+နက္ခတ္တဗေဒ+သချာင်္ဗေဒ)***



www.burmeseclassic.com

www.burmeseclassic.com

ဦးခင်မောင်သန်း
(အ.ထ.က-ပခန်းတန်း)

# ကံရေးအောင်နေနည်း



မိဘနှင့်အတူနေရစဉ်က ပန်းခင်းသောလမ်းပမာ ကျွန်တော့်ဘဝ မကြမ်းတမ်းခဲ့ပါ။ သည်တော့မှ မိဘ၏အရိပ်ကား အေးမြလွန်းလှပါလားဟု သိလိုက်ရပါသည်။ သို့သော်...

အတောင်စုံစ ငှက်ပမာ ပျံသန်းထွက်ခွာမိတော့မှ လောကဆိုတာ ဒါပါလားဟု မျက်ဝါးထင်ထင် တွေ့ခဲ့ရလေသည်။ လူဆိုသည်မှာ ကိုယ့်မာန် ကိုယ့်မာနနဲ့မို့ ထင်တစ်လုံးကို လက်ကိုင်ပြုပြီး ရှန်းကြည့်လိုက်တော့မှ မလွယ်လှပါလားဟု မှတ်ချက်ပေးလိုက်မိပါသည်။

ထင်တိုင်းမဖြစ်၊ လုပ်တိုင်းမရ၊ တောင်း တိုင်းမပြည့်သောအခါ စိတ်ညစ် စိတ်မောတ်ကျလာပြီး အားငယ်သလိုဖြစ်၊ တွေဝေမှုများပါ ပူးတွဲလာတော့သည်။

'ယိုင်နေသောငါ့ဘဝ ပြိုလုလု၊ ငါ့ဘဝကို ငါ ဘယ်လိုပြုစုပျိုးထောင်၍ မြေတောင် မြှောက်ပေးရပါ့မလဲ'ဟု တွေးရင်းတွေးရင်းဖြင့် အိပ်မရသော ညများစွာလည်း ရှိလာခဲ့ရပြန်ပါသည်။

ထိုအချိန်ဝယ် ပတ်ဝန်းကျင်ကလည်း မေးငေ့ါ လက်ညှိုးထိုး တီးတိုးစကားတွေဆိုကြနှင့် လောကကြီးမှာ အကျည်းတန်လွန်းမက တန်သွားစေခဲ့သလို ကျွန်တော့်ဘဝကိုလည်း အရုပ်ဆိုးသွားစေခဲ့ပါသည်။

သည်တော့လည်း ပုထုဇဉ်လူသား တစ်ဦးပီပီ အားကိုးရှာမိတော့သည်။ နီးစပ်ရာ သိသမျှ မြင်သမျှ ကြားသမျှ ဆရာထိုထို ပုဂ္ဂိုလ်များထံသို့ ချဉ်းကပ်အကြံတောင်းရင်းဖြင့် ကယ်တင်ရှင် ကျေးဇူးရှင်ဖြစ်သော တောဘုန်းကြီးလေး၏ အရိပ်အောက်ဝယ် ခိုလှုံဝင်ရောက်ခဲ့ရပါသည်။

'ဖြစ်သမျှအကြောင်း အကောင်းပေါ့'

ဟု မိန့်တော်မူလိုက်သော တောဘုန်းကြီးလေး၏ စကားသံကြောင့် ငုံ့ထားသော ဦးခေါင်းကိုဖြင့် အသာအယာ မြှင့်တင်လိုက်မိလေသည်။

'ဖြစ်သမျှအကြောင်း အကောင်းလို့ သဘောမထားဘဲ အဆိုးလို့သဘောထားချင်လို့လား၊ တွေးတွေးဆဆလေး လုပ်ပါကွာ မဝေးစမ်းပါနဲ့'

'အေး တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မင်းဘဝတစ်ခုလုံး ယုံလို့ ပုံအပ်လိုက်စမ်းပါ။ ဘာတွေကို ယုံရမှာလဲဆိုလျှင် တို့ဘုရားရှင်ရဲ့ အတုမဲ့ အနှိုင်းမဲ့ ဂုဏ်ကျေးဇူးတော် ယုံရမယ်ပေါ့။

ဘယ်လိုပုံအပ်ရမှာလဲဆိုလျှင် ဒီဂုဏ်ကျေးဇူးတော်တွေဟာ မြတ်နိုးစွာ ပူဇော်တဲ့သူ မှန်သမျှကို လက်ငင်းဒိဋ္ဌ အကျိုးပေးမယ်လို့ လက်ခံပြီး ပူဇော်ဂါရဝပြုခြင်းပါပဲကွယ်။

ဒီလို ယုံလို့ပုံအပ်လိုက်ပြီဆိုတာနဲ့ မင်းအပေါ်မှာ ကျရောက်လာမယ့် လာဆဲဖြစ်တဲ့ ဘေးတွေရန်တွေ အန္တရာယ်တွေဟာ နေရောင်တွေ့တဲ့ ဆီးနှင်းပေါက်လို ပျောက်ကွယ်သွားပြီး ကံထူးလာမှာဖြစ်တယ် ဒကာကြီး'

တောဘုန်းကြီးလေး မိန့်ကြားခဲ့သော စကားများကို နားစိုက်ထောင်ရင်း ဝေဖန်ဆန်းစစ်နေမိသောကြောင့် မလှုပ်မယှက် ငြိမ်၍ နေမိလေသည်။

ထို့ကြောင့် တောဘုန်းကြီးလေးက...

'ဒကာကြီးရှင်းသွားအောင် ဥပမာ ဆောင်ပါဦးမယ် နားထောင်၊ ငွေကြေး အင်မတန်ချမ်းသာကြွယ်ဝတဲ့ သူဌေးတစ်ဦးရဲ့သား [illegible] သမီးတွေလိုပေါ့၊ သူတို့ကိုယ်တိုင် စီးပွားမ[illegible] နိုင်သေးပေမယ့် သူတို့မှာ စားချင်ရာ စား[illegible] တယ်၊ ဝတ်ချင်တာ ဝတ်နိုင်တယ် မဟုတ်[illegible] လား။

နောက်ပြီး ရွှေငွေရတနာ ပစ္စည်း[illegible] အထူးပြည့်စုံ၊ ချစ်ခင်ယုယမယ့်သူ[illegible] တစ်ပုံတစ်ပင်၊ ကူညီစောင့်ရှောက်မယ့်သူ[illegible] လဲ အများအပြား လိုရာကို ဖြည့်စွမ်းပေး[illegible] သူကလဲ အနန္တနဲ့ မဟုတ်ဘူးလား။

ဒီဥပမာလိုပဲပေါ့ တို့ဘုရားရှင်ကို[illegible] တော်မြတ်ကြီးကို ယုံလို့ပုံအပ်လိုက်[illegible] ဆိုကတည်းက ဘုရားရှင်ရဲ့ ရင်[illegible] ရင်နှစ်ပမာဖြစ်သွားပြီ။ ပြီးတော့ဘု[illegible] ရှင်ရဲ့ ကြီးမားလွန်းလှတဲ့ [illegible] ကရုဏာအောက်၊ မေတ္တာတော် [illegible] အောက်မှာ ခိုလှုံပြီးသားဖြစ်သွား[illegible]

ဒါဆိုရင် တို့ဘုရားရှင်ရဲ့ မကြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အပ်၊ မန္တိုင်းယှဉ်အပ်၊ ရေတွက်ခြင်းငှာ မစွမ်းနိုင်တဲ့ ပါရမီတော် ဘုန်းတော်၊ တန်ခိုးတော် ကျေးဇူးတော်အစုံကို လဲ ခိုလှုံပြီးသား ဖြစ်သွားပြီပေါ့။

ဒီမှာသိစေလိုတာက တို့ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ကြံစည်ခြင်း၊ နှိုင်းယှဉ်ခြင်း၊ ရေတွက်ခြင်းငှာ မစွမ်းနိုင်တဲ့ ကျေးဇူးတော်တွေသည် တို့ဘုရားရှင်က ဘဝအဆက်ဆက် သံသရာ အဆက်ဆက်မှာ သာမာန်ပုဂ္ဂိုလ်များ မပြုနိုင် မလုပ်နိုင်တဲ့ အိုကွယ် စိတ်ထောင် မကူးရဲတဲ့ ကုသိုလ်တော်ထူး၊ ကောင်းမှုထူး၊ ပါရမီတော်ထူးတွေကို ဖြည့်ခဲ့လို့ ရအပ်တဲ့ အကျိုးတွေပါပဲ။

ဒီထက် ရှင်းအောင်ပြောရရင် တို့ဘုရားရှင်ရဲ့ ထူးတဲ့ကံတွေကြောင့် ရလာတဲ့ ထူးတဲ့ ဂုဏ်ဒြပ်တွေပဲမဟုတ်လား။ ဒီတော့ ကံထူးရှင် ဖြစ်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ကျုပ်တို့က ယုံယုံကြည်ကြည်နဲ့ ပူဇော်ဂါရဝ ပြုခြင်းသည် ပြုတဲ့ကျုပ်တို့လဲ ကံထူးလာမယ်ဆိုတာကို ကျိန်းသေပြောလို့ ရပေဘူးလား။

ဒီလိုဆိုရင် တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ယုံလို့ပုံအပ်တဲ့ ဂါထာတစ်ပုဒ်ပေးလိုက်မယ်။ မင်းရဲ့မွေးနေ့ကစပြီး လုပ်ပေါ့။ မနက်တစ်ကြိမ် ညတစ်ကြိမ် တစ်လလောက် စွဲစွဲမြဲမြဲလေး လုပ်ကြည့်ပေါ့၊ မင်း ကံထူးလာပါလိမ့်မယ်။

မနက်ဘက်မှာ စောစောထပြီး ဘုရားရှင်ကို ရည်မှန်းပြီး ဆွမ်း၊ ရေ၊ သီး၊ ပန်းကပ်လှူပြီး ဒီဂါထာကို ပုတီးတစ်လုံးချ (၅)ပတ်စိပ်ရမယ်။ ညနေကျတော့ ရေ၊ ဆီမီး၊ အမွှေးနံ့သာ လှူဒါန်းပြီး ဒီဂါထာကို ပုတီးတစ်လုံးချ (၅)ပတ်စိပ်ပေါ့ ကြားလား။ မှာတဲ့အတိုင်းလုပ်ရင် တစ်လအတွင်း မင်းကို



ထူးစေရမယ်ကွယ့်'

ဟု မိန့်တော်မူလိုက်ပါသည်။

မှန်ရာဝန်ခံရလျှင်ဖြင့် ကျွန်တော်ရဲ့ ဘဝကို ပြောင်းလဲစေခဲ့ပါသည်။ ကောက်နေသော ကျွန်တော့်ဘဝ ဖြောင့်သွားစေခဲ့ပါသည်။ ယိုင်နေသော ဘဝကို တည့်မတ်သွားစေခဲ့ပါသည်။ နိမ့်နေသောဘဝကို မြင့်သွားစေခဲ့ပါသည်။ ဆိုးနေသောဘဝကို ကောင်းသွားစေခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်ပြောလိုသည်မှာ ကံထူးအောင်နေနည်းသည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ယုံ၍ ပုံအပ်လိုက်ခြင်းဟု ဆိုရပေလိမ့်မည်။

### ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ယုံ၍ ပုံအပ်လိုက်ခြင်းဖြင့် ကံထူးလာစေနိုင်သော ဂါထာတော်ကြီး

နမော တေ ဗုဒ္ဓ ဝီရတ္ထု
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ
တဿ မေ သရဏံ ဘဝ။

ခက်ခဲသော ပါဠိအသံထွက်

**ဗုဒ္ဓဝီရတ္ထု** =ဗုတ်ဓဝီရတ်ထု
**ဝိပ္ပမုတ္တောသိ** =ဝိပ်ပမုတ်တောသိ
**သဗ္ဗဓိ** =သပ်ဗဓိ
**သမ္ဗာဓပဋိပန္နောသ္မိ** = သမ်ဗာဓပ်ပတိပန်နောသမိ
**တဿ** =တတ်သ

အနက်

**ဝီရ၊** ကြီးသောလုံ့လရှိတော်မူသော။ **ဗုဒ္ဓ၊** မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးခြင်းသည်။ **အတ္ထု၊** ဖြစ်ပါစေသတည်း။ **တွံ၊** အရှင်ဘုရားသည်။ **သဗ္ဗဓိ၊** ဘဝ၌ တွယ်တာကပ်ငြိတတ်သော ဥပဓိတရားလေးပါးမှ။ **ဝိပ္ပမုတ္တော၊** လွတ်သည်။ **အသိ၊** ဖြစ်တော်မူပါ၏။ (**အဟံ၊** တပည့်တော်သည်။) **သမ္ဗာဓ ပဋိပန္နော၊** အကျဉ်းအကျပ်သို့ ရောက်သည်။ **အသ္မိ၊** ဖြစ်ပါ၏။ **တဿမေ၊** ထိုတပည့်တော်၏။ **သရဏံ၊** ကိုးကွယ်ရာသည်။ **ဘဝ၊** ဖြစ်တော်မူပါဘုရား။

### ပုတီးတစ်ပတ်စိပ်ပြီးတိုင်း တစ်ခေါက်ရွတ်ဆို ရင့်ကျူးရမည့် ဂါထာတော်

(က) တထာဂတံ အရဟန္တံ၊
စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊
ဗုဒ္ဓါ လောကာနု ကမ္ပကာ။

***(တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာသမီးများ ရွတ်ဆိုရန်။)***

(က) ခက်ခဲသော ပါဠိအသံထွက်

**အရဟန္တံ** = အရဟန်တံ
**စန္ဒိမာ** = စန်ဒိမာ
**စန္ဒံ** = စန်ဒံ
**ပမုဉ္စဿု** = ပမုန်စတ်သု
**ဗုဒ္ဓါ** = ဗုတ်ဓါ
**ကမ္ပကာ** = ကမ်ပကာ

အနက်

**အရဟန္တံ၊** ပူဇော်အထူးကို ခံတော်


www.burmeseclassic.com

www.burmeseclassic.com

မူထိုက်သော။ **တထာဂတံ၊** မြတ်စွာဘုရားကို။ **စန္ဒိမာ၊** လ(နတ်သား)သည်။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။ **ဂတော၊** ရောက်၏။ **ရာဟု၊** ရဟုအသူရိန်။ **စန္ဒံ၊** လ(နတ်သား)ကို။ **ပမုဉ္စဿု၊** လွှတ်လိုက်ပါလော့။ **ဗုဒ္ဓါ၊** ဘုရားရှင်တို့သည်။ **လောကာနုကမ္ပကာ၊** လောကကို အစဉ်သနား စောင့်ရှောက်တော်မူကြကုန်၏။

(၁) တထာဂတံ အရဟန္တံ၊
သူရိယော သရဏံ ဂတော။
ရာဟု သူရိယံ ပမုဉ္စဿု။
ဗုဒ္ဓါ လောကာန ကမ္ပကာ။

***(တနင်္ဂနွေ၊ အင်္ဂါ၊ ရာဟု၊ စနေသား သမီးများရွတ်ဆိုရန်။)***

အနက်

**အရဟန္တံ၊** ပူဇော်အထူးကို ခံတော်မူထိုက်သော။ **တထာဂတံ၊** မြတ်စွာဘုရားကို။ **သူရိယော၊** နေ(နတ်သား)သည်။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။ **ဂတော၊** ရောက်၏။ **ရာဟု၊** ရဟုအသူရိန်။ **သူရိယံ၊** နေ(နတ်သား)ကို။ **ပမုဉ္စဿု၊** လွှတ်လိုက်ပါလော့။ **ဗုဒ္ဓါ၊** ဘုရားရှင်တို့သည်။ **လောကာနုကမ္ပကာ၊** လောကကို အစဉ်သနား စောင့်ရှောက်တော်မူကြကုန်၏။

*[နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့် (စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ မေ့္ဗာစရိယ)မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။]*

***သင်၏ဘဝ သာယာပါစေ။***

**ဦးခင်မောင်သန်း**
***(အ.မ.က-ပခန်းတန်း)***

လိပ်ကြောက်သော

# လိပ်ကျောက်

ဤအရှင် ၁၃၅၀ ပြည့်နှစ်က ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးကို နိကာယ်စာဝါကြီးများ သင်ယူရန် ကြွရောက်ခဲ့ပါသည်။

ဤအရှင် အညာရောက်၍ မကြာမီမှာ ခမည်းတော်ဒကာကြီး လိပ်ခေါင်းရောဂါနှင့် နှစ်ပေါင်း(၅၀)လောက် အဆက်မပြတ် သောက်ခဲ့သည့် အရက်နာ နှစ်မျိုးက ညှပ်ပူးညှပ်ပိတ် သမလိုက်ကြသည့်အတွက် သေလုမျောပါး ခံလိုက်ရသည်။

အစားတစ်ချက် မှားလိုက်သည်နှင့် စအိုဝကို မီးစနှင့် ထိုးလိုက်သလို ခံစားရပါသည်တဲ့။ စီးပွားရေးကလည်း ကျဆင်းနေချိန်ဖြစ်၍ မယ်တော် ဒကာမကြီးခမျာ မကြံတတ် မဖန်တတ်နှင့် ဒုက္ခရောက်နေချိန် ရွာထဲက သက်ကြီးရွယ်အို အဘိုးကြီးတစ်ယောက်၏ ဆေးနည်းနှင့် သက်သာပျောက်ကင်းသွားပါသည်။

ဤအရှင် အညာက ပြန်ရောက်မှ မယ်တော် ဒကာမကြီး ပြောပြ၍ အလုံးစုံ သိရပါသည်။


မယ်တော် ဒကာမကြီးက...

'ဦးပဉ္စင်း အဲဒီဆေးနည်းကို တိုင်းပြည်ကို တင်ပြပေးပါ။ ဦးပဉ္စင်းခမည်းတော်လို ဝေဒနာရှင်တွေရှိရင် ဇီဝိတဒါနကုသိုလ်ပေါ့ ဦးပဉ္စင်းရယ်'

ဟု လျှောက်ထားဖူးပါသည်။

'အေးပါ ဒကာမကြီး'

ကတိပေးထားပြီး မေ့နေလိုက်တာ (၁၀)စုနှစ် တစ်ခုကျော်မှ အမှတ်တရ ပေါ်လာသည့်အတွက် နက္ခတ္တရောင်



ခြည်မဂ္ဂဇင်းမှတစ်ဆင့် ဇီဝိတဒါန ပြုလိုက်ရပါသည်။

လိပ်ကြောက်သော

## လိပ်ပျောက်ဆေးနည်း

၁။ လိပ်ကျောက်ငါး၏ ကျောကုန်း၌ရှိသော သင်္ဘောစေ့အရွယ် ကျောက်ကလေးကို ရအောင်ရှာ၍ ယင်းကို နေပူလှမ်း (သို့မဟုတ်) ရှရှလေးဖြစ်အောင် ကျော် လိုက်ပါ။

၂။ နှမ်းဆီစစ်စစ်ကိုရှာ၍ ပန်းကန်လုံးထဲမှာ ထည့်ထားပါ။

၃။ လိပ်ကျောက်ကို ကျောက်ပျဉ်မှာ သွေး၍ နှမ်းဆီနှင့်ရောကာ ဝါဂွမ်းလေးနှင့် စုပ်ယူပြီး လိပ်ခေါင်းရှိသည့် နေရာကို တို့လိုက်ပါ။ လိပ်သာဖြစ်လျှင် ခေါင်းမပြူတော့ဘဲ တစ်ခါတည်းကြောက်ပြီး သက်သာပျောက် ကင်းသွားပါလိမ့်မည်။

**ဘိက္ခု အနောမ (ပဥ္စဝတီ)**

စာမူရှင်လိပ်စာ မပါ,ပါ၍ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းတိုက်သို့ လိပ်စာ ပို့ပေးပါရန်။



www.burmeseclassic.com


www.burmeseclassic.com

မိုးစိန်
(ခေတ္တ၊ မြိတ်)

# နေအိမ် လျှာထွက်






**၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ၊ အမှတ် (၂၄၄) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ(၁၈၃)တွင်** ဆောင်းပါးရှင် နတ်မောက် လှမြင့်သစ်၏ **"နေအိမ် လျှာထွက်နှင့် ပတ်သက်၍"** အမည်ပါဆောင်းပါးအား ဖတ်ရှုလိုက်ရသဖြင့် အတိုင်းထက်အလွန် ဗဟုသုတ ရလိုက်ပါတယ်။

ကျွန်တော်ဟာ ဗိသုကာတစ်ဦးလဲ မဟုတ်ပါ။ လက်သမားဆရာတစ်ဦးလဲ မဟုတ်ပါ။ သို့သော် အိမ်ပုံစံတွေကို တန်ဖိုးထားပါတယ်။ အိမ်လှလှလေးတွေကို စိတ်ပါဝင်စားတယ်။ တိုက်၊ ပျဉ်ထောင်အိမ်တွေကို မပြောနဲ့၊ ဝါး,ဓနိနဲ့ ဆောက်လုပ်ထားတဲ့ အိမ်လှလှလေးတွေတောင် သဘောကျပါတယ်။

ရောက်လေရာ အရပ်ဒေသတွေမှာ နေအိမ်ပုံစံတွေကို အမြဲ သတိပြုနေမိတတ်တယ်။ ဆောင်းပါးရှင် နတ်မောက် လှမြင့်သစ်၏ ဆောင်းပါး ဖတ်ရမိတော့မှ ဆောင်းပါးတွင် ပုံကြမ်းရေးဆွဲ တင်ပြထားသော အိမ်ပုံစံမျိုးကို **"လျှာထွက်တဲ့အိမ်"**ပါလားလို့ မြင်တွေ့သိတော့တယ်။

လျှာထွက်တော့ ခိုက်တယ်။ နိမိတ်မကောင်း။ ကျက်သရေမင်္ဂလာမဲ့တော့ လူကို ခိုက်တယ်ဆိုတာတွေ သိလိုက်ရပါတယ်။

ကျွန်တော်က နယ်လှည့်တာဝန်ထမ်းဆောင်နေရသော စား/ဖျော် (အငြိမ်းစား)ဝန်ထမ်းတစ်ဦးပါ။ ဒါကြောင့် ရောက်လေရာ အရပ်ရပ်မှာ အိမ်တွေကို ဂရုပြုမိတာပါပဲ။

လျှာထွက်တဲ့ အိမ်တွေကို ဂရုပြုမိတာက လျှာထွက်အိမ် အတော်များများဟာ အများအားဖြင့် ရုံးအဆောက်အအုံများ ဖြစ်နေတာကို တွေ့မြင်ခဲ့ရပါတယ်။ တချို့ လျှာထွက်အိမ်ပိုင်ရှင်တွေဟာ အိမ်ခန်းငှားထားတာကို တွေ့မြင်ခဲ့ရပါတယ်။

အိမ်ငှားတယ်ဆိုတာ လစဉ်ဝင်ငွေ ပုံမှန်ပဲ ရတာပါ။ တစ်လငါးထောင်ဆိုရင် နောက်လလဲ ငါးထောင်ပဲ ရပါတယ်။ အခြေအနေ အရပ်ရပ်ပေါ်မူတည်ပြီး တစ်ခါတစ်ရံ အိမ်လခတိုးတက်သွားတာပဲရှိတယ်။ စီးပွားတော့ မဖြစ်ပါဘူး။

ကျွန်တော်တို့ငယ်စဉ် ကလေးဘဝက ရန်ကုန်၊ သင်္ဃန်းကျွန်း အ.ထ.က (၁)ကျောင်းကြီး မဆောက်မီ ကျောင်းဝင်းအတွင်းမှာ အဲဒီလို လျှာထွက်တိုက်အိမ်ကြီးတစ်လုံး ရှိတယ်။

အောက်ထပ်ကို ဒေသန္တရကျန်းမာရေးဆေးခန်း ဖွင့်ထားတယ်။ အပေါ်ထပ်မှာတော့ အိန္ဒိယလူမျိုး ကျန်းမာရေးဝန်ထမ်းများ နေကြတယ်။ သင်္ဃန်းကျွန်း အ.ထ.က(၁)ကျောင်းကြီး ဆောက်ပြီးတော့မှ အဲဒီအဆောက်အအုံကို ဖျက်ဆီးပြောင်းရွှေ့လိုက်တာပါ။ ယနေ့ထက်ထိ သင်္ဃန်းကျွန်း လေးထောင့်ကန် လမ်းဘေးမှာ ရှေးဟောင်းလျှာထွက် အိမ်ကြီးတွေ ရှိသေးပါ။

www.burmeseclassic.com

ကျွန်တော့်အမြင်ကတော့ အောက်ထပ်နဲ့ ခြံဝင်းအတွင်းကို ငှားရမ်းထားတာပဲ မြင်တွေ့ရတတ်ပါတယ်။ စီးပွားရေး တိုးတက်ခြင်းမရှိပါ။

ကျွန်တော် ဝန်ထမ်းဘဝ မရောက်မီက ရန်ကုန်ရှိ အလုပ်သမား ရှာဖွေရေးရုံးကြီးတစ်ရုံးဟာ အဲဒီလို လျှာထွက်အိမ်ကြီးပါပဲ။ အဲဒီရုံးမှ တစ်ဆင့် ကျွန်တော် အစိုးရအလုပ်ကို ရလိုက်ခြင်းပါ။

နယ်လှည့်ဝန်ထမ်းဘဝနဲ့ ၁၉၈၅ ခုနှစ်မှာ ညောင်လေးပင်ကို ပြောင်းရွှေ့ရတော့တယ်။ ညောင်လေးပင်မှာ ကျွန်တော် (၁၀)နှစ်နီးပါး နေထိုင်ခဲ့ရပါတယ်။

ကျွန်တော် နေထိုင်ခဲ့တဲ့ (...)လမ်းထဲမှာ လျှာထွက်အိမ် သုံးလုံးလောက်ရှိပါတယ်။ အိမ်ခန်းတွေကို ငှားထားကြတယ်။ ပြီးခဲ့တဲ့ ၂၀၀၄ ခုနှစ်ထဲမှာ ညောင်လေးပင်ကို ခေတ္တ သွားလည်တော့ လျှာထွက်အိမ်ကြီးတစ်လုံးကို (၂၈)သိန်းနဲ့ ရောင်းမယ်လို့ စုံစမ်းသိရှိခဲ့ရပါတယ်။ ဘယ်သူမှ မဝယ်ကြပါဘူး။

အဲဒီအိမ်ဟာ ကျွန်တော် ညောင်လေးပင်မှာ နေစဉ်ကတည်းက အိမ်ကိုသာ မြင်တွေ့နေရတယ်။ နေထိုင်သူ တစ်ဦးတစ်ယောက်မှ မမြင်ဘူးခဲ့ပါ။

ဒီလိုပဲ ညောင်လေးပင်က (...)ရုံးကြီးဟာ လျှာထွက်အိမ်ကို ငှားရမ်းသုံးစွဲနေကြောင်း၊ အပေါ်ထပ်တွင် အိမ်ပိုင်ရှင်နေကြောင်း သိခဲ့ရပါတယ်။

အဲဒီနောက် ပဲခူးကို ပြောင်းခဲ့ရပြန်ပါတယ်။ ပဲခူး ရွှေမော်ဓောဘုရားလမ်းနဲ့ သနပ်ပင် လမ်းမကြီးတွေပေါ်မှာလဲ ရှေးဟောင်းလျှာထွက်အိမ်ကြီးတွေကို တွေ့မြင်နိုင်ပါတယ်။ အိမ်တစ်လုံးဆိုရင် လူသူ မရှိသလောက်ပါပဲ။ အိမ်ကြီးက ရှေးကတည်းက ဆောက်လုပ်ထားတဲ့ ပျဉ်ထောင်အိမ်ကြီးပါ။ ကောင်းမှကောင်း။ သို့သော် အိမ်ကိုသာ မြင်ရတယ်။ လူသူကျဲပါးပြီး တိုးတက်ပုံ မရပါဘူး။

ယခုတော့ အငြိမ်းစားယူပြီး မြိတ်ကကုမ္ပဏီတစ်ခုမှာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေရာမှ မြိတ်က အထင်ကရ (...)ရုံးကြီးဟာလဲ လျှာထွက်အိမ်ကြီးပါပဲ။

ယနေ့ ရန်ကုန်မြို့မှာရော အခြားမြို့များမှာပါ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြထားသော ပုံစံပါ လျှာထွက်အိမ်ကြီးများကို ငွေကုန်ကြေးကျခံ၍ ဆောက်လုပ်နေထိုင်ရင်း ရောင်းချနေကြောင်း ကြားမြင်တွေ့ရှိနေရပါတယ်။

ဤသို့ ခိုက်သော အိမ်ကြီးများကို မခိုက်အောင် ပြန်လည်ပြုပြင်ရန် နည်းလမ်းကိုလဲ ဆောင်းပါးတွင် ပုံကြမ်းရေးဆွဲ၍ ဖော်ပြထားတာကိုလဲ ဖတ်ရှုတွေ့မြင်ရပါတယ်။

ဒါကြောင့် ယခုလို ဗဟုသုတ တိုးပွားလာအောင် မဂ္ဂဇင်းတွေမှာ ရေးသားနေကြသော စာရေးဆရာ အပေါင်းနဲ့ တကွ လျှာထွက်အိမ်အကြောင်း ရေးသားပေးပို့သော နတ်မောက်လှမြင့်သစ်နဲ့ ထည့်သွင်းဖော်ပြပေးသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတို့အား အထူးကျေးဇူးတင်လျက်ပါ။

ကျွန်တော့်မှာလဲ ကျွန်တော် လေ့လာတွေ့ရှိချက် အမြင်လေးကို ရေးသားပို့လိုက်ရပါတယ်ခင်ဗျား။ စာရှုသူ အပေါင်းမှလဲ သတိထား လေ့လာကြည့်ကြပါ။

***စာအုပ်စာပေ လူ့မိတ်ဆွေ၊ ကြည်သောသူမြင်၏။***

**ဦးစိန်(ခေတ္တ၊ မြိတ်)**

## စာရှုသူ၊ သုတေသီနှင့်
## စာရေးသူ
## ဆောင်းပါးရှင်များသို့ . . .

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါး များမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေ ပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များ မှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့် သွင်းမည်ကို သဘောတူညီပြီးဖြစ် သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များ တွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း သို့ ဆောင်းပါးများကို မူလကတည်း ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံ အပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါး ပေါင်းချုပ်များတွင် ထည့်သွင်းမှုကို သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ် လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

**အမှတ် ၂၃၃၊ (၂၉)လမ်း**

**မန်းအဲတန်းစာတိုက်၊ ရန်ကုန်မြို့**





www.burmeseclassic.com

www.burmeseclassic.com

# ဘုဟ်စခန်း

## ရှာန်းလမ်းကိုတဲ့...(၂)

ရွှေတောင်
ကြည်မောင်ဖြိုး



**ယခင်လမှ အဆက်**

'မယူတော့ဘူးဘုရား'

'မဟုတ်ဘူးလေ၊ ယူသွားလေ'

'မယူဘူး ဘုရား'

'ယူသွားလိုက်ပါ'

ဦးပဍ္ဍင်းလေး အတင်းတိုက်တွန်းတာကြောင့် ဖိုးဟန် ဓာတ်မီးယူသွားတယ်။ ခါတိုင်းဆို ဘယ်တော့မှ ဓာတ်မီးမထိုးတဲ့ ဖိုးဟန်၊ ထိုင်မယ့်နေရာကို ဓာတ်မီးနဲ့ လှမ်းထိုးလိုက်တယ်။ ဖိုးဟန်နှုတ်ဖျားက ကြောက်လန့်တကြား ထွက်သွားတယ်။

'အလို... မြွေကြီးတစ်ကောင်ပါလား'

သေသေချာချာ ကြည့်လိုက်တော့ ငန်းတော်ရေ မြွေမင်းသား။ အဝါ, အနက်ကျား မဟုတ်ဘူး။ အဖြူ,အနက်အကျား (၃)တောင်လောက်ရှည်တယ်။ လုံးပတ်က ဖိုးဟန် လက်ကောက်ဝတ်လောက်ရှိတယ်။ ဖိုးဟန် ခြေထောက်ချပြီး နင်းမယ့်နေရာမှာ စင်းစင်းကြီး။

ဦးပဍ္ဍင်းလေး မိန့်ကြားတဲ့စကားနားမထောင်ခဲ့ရင်၊ ဓာတ်မီးသာ မယူခဲ့ရင်...

ဖိုးဟန် မတွေးဝံ့တော့ဘူး။ ဆေးကုချိန်တောင် ရမှာမဟုတ်ဘူး။ ချက်ချင်းသေမယ်။ ဦးပဍ္ဍင်းလေးကြောင့် သေဘေးက လွတ်ခဲ့ရပုံလေးကလဲ ဖိုးဟန် အသိ၊ ပကတိအမှန်။

နေ့စဉ်နေ့တိုင်း မနက်တိုင်း (၄)နာရီထိုးပြီဆိုရင် ဦးပဍ္ဍင်းလေးက အုန်းမောင်းခေါက်တယ်။ တစ်ရက်မှ မပျက်ကွက်ဘူး။ နေမကောင်းလဲ ခေါက်တာပဲ။ အုန်းမောင်းက နှစ်ဆောင်ပြိုင်ကျောင်းကြီးပေါ်တက်တဲ့ လှေကားအရှေ့ဘက်မှာ ချိတ်ဆွဲထားတယ်။ ကောင်းလိုက်တဲ့ အုန်းမောင်း။

ကျောင်းပိတ်တဲ့နေ့၊ ဖိုးဟန် တရုတ်မော်မှာရှိတဲ့နေ့ဆိုရင် ဦးပဍ္ဍင်းလေး ခေါက်လိုက်တဲ့ အုန်းမောင်းသံကို အတိုင်းသား ကြားရတယ်။ ခရီး (၅)မိုင် အကွာအဝေးက ကြားရတဲ့ အုန်းမောင်းသံ။

အုန်းမောင်း ထွင်တဲ့သူက အင်းမက လက်သမားဆရာကြီး ဦးလှတင်။ အသက်(ရ၀)ကျော်အဘိုးကြီး။ အဘွားကြီးက ဒေါ်ပန်းစိန်။ ကျောင်းထိုင်ဆရာတော် ဦးဝေပုလ္လကိုရော၊ ဦးပဍ္ဍင်းလေး ဦးရေဝတကိုရော သိက္ခာထပ်ထားခဲ့ရဟန်းဒကာကြီး၊ ဒကာမကြီးတွေ

www.burmeseclassic.com

သဒ္ဒါတရား ထက်သန်ကြတယ်။ စိတ်စေတနာ ကောင်းကြရှာတယ်။

အဘိုးကြီးက အလုပ်ကို အရမ်းရှိသေတာ။ ဖိုးဟန်တို့ ကျောင်းဆင်းချိန် အလုပ်မနားသေးဘူး။ ကြိုးစားပမ်းစား ထွင်းတုန်း၊ ထုတုန်း၊ သစ်သားတူလေးနဲ့ အသံစမ်းတုန်း မကြိုက်ရင် ဆက်ထွင်းတယ်။ ထုလိုက်၊ ဆက်ထွင်းလိုက်၊ အသံစမ်းလိုက်နဲ့ စိတ်ကြိုက်အသံကိုရမှ လက်လွှတ်တာ။ (၇)ရက်ကြာတယ်။ ကောင်းရောပေါ့။

အသံစွာပြီး သာတဲ့အုန်းမောင်းကို ဖိုးဟန် ခေါက်ချင်လာတယ်။ လက်ကိုယားနေတာပဲ။ တစ်နေ့တော့ ဦးပဉ္စင်းလေး အုန်းမောင်းခေါက်ဖို့ ဆင်းအသွား ဖိုးဟန်လဲ လိုက်သွားတယ်။ ဖိုးဟန်က အုန်းမောင်းခေါက်ပါရစေ လျှောက်တော့ ဦးပဉ္စင်းလေးက ခွင့်မပြုဘူး။ မခေါက်နဲ့တဲ့။

နောက် (၇)ရက်လောက်အကြာမှာ အုန်းမောင်းခေါက်ပါရစေ ထပ်လျှောက်တယ်။ ခွင့်မပြုဘူး။ မခေါက်နိုင်းဘူး။ ဒါနဲ့...

နောက် (၅)ရက်လောက်ကြာတော့ ဦးပဉ္စင်းလေး ခေါက်မယ့်ဆဲဆဲ အုန်းမောင်းခေါက်တဲ့ဘုကို ဖိုးဟန် အတင်းလုယူတယ်။ ဦးပဉ္စင်းလေးက...

'ကျောင်းဆရာ ခက်တော့တာပဲ'

လို့ မိန့်ကြားပြီး လက်ထဲက အုန်းမောင်းထုတဲ့ဘုကို လွှတ်ပေးလိုက်တယ်။ စိတ်မဆိုးဘူး။ ဦးပဉ္စင်းလေး စိတ်ဆိုးမာန်ဆိုးနဲ့ ဒေါသထွက်တာ တစ်ခါမှ မတွေ့ဖူးဘူး။

ဖိုးဟန်လဲ လိုအင်ဆန္ဒ တစ်ခဏနဲ့ ပြည့်ဝသွားပြီ။ ပဌာန်း ၂၄ ပစ္စည်းနဲ့ အုန်းမောင်းခေါက်မယ်။ အုန်းမောင်းဘုကို မြှောက်ပြီး ဟေတုပစ္စယောဆိုပြီး



ထုလိုက်တယ်။ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယောဆိုပြီး ဆက်,ဆက်ထုတယ်။ အညမညပစ္စယောလို့ ဆိုပြီးလဲ ထုလိုက်ရော...

ငါ...ဟာ ငါ...ဟာနဲ့ ငါချင်း မိုးမွှန်အောင် ဆဲလိုက်တဲ့အသံကို အကျယ်ကြီး ကြားရတယ်။ ဆဲတဲ့အသံကြီးက ဟိန်းနေတာပဲ။ ထန်းပင်ကုန်းနဲ့ ဝွေးတောက်မြှောင်ကတောင် ကြားရလောက်တယ်။ ဆဲလိုက်တာမှ ရက်ရက်စက်စက်ပဲ။ ငါ...သား ဘာလို့ ခေါက်နေတာလဲကွ ဆိုတာလဲ ပါသေးတယ်။

ဆဲနေတာကို ဖိုးဟန် ဂရုမစိုက်နိုင်ဘူး။ ဆဲပါစေ။ ၂၄ပစ္စည်း ဆုံးသွားအောင် အုန်းမောင်းခေါက်တယ်။ အုန်းမောင်းသံ ဆုံးသွားတော့လဲ ဆဲတုန်းပဲ။ ဆဲသံလာရာကို မှန်းဆလိုက်တော့ ကျောင်းရဲ့ အနောက်မြောက်ထောင့်က လာတာ။ ဖိုးဟန် ဓာတ်မီးလေး လက်ကကိုင်ပြီး အဲဒီနေရာကို ပြေးသွားတယ်။ လရောင်လေးကလဲ ဝိုးတဝါး။ မလင်းတစ်ချက်၊ လင်းတစ်ချက် ဆဲချက်ကလဲပြင်း။

ဆဲတဲ့နေရာကို ရောက်ပြီ။ ဆဲတုန်းပဲ။ ဓာတ်မီးနဲ့ ထိုးကြည့်တယ်။ ဘာမှ မတွေ့ဘူး။ အသံသာကြားရတယ်။ လူမမြင်ရဘူး။ ဖိုးဟန် ဓာတ်မီးနဲ့ထိုးထားတော့ ဆဲသံက (၂)ဆ ပိုပြီးကျယ်လာတယ်။ အသံဝါကြီးနဲ့ ဆဲတာဗျာ။ ရင်ခေါင်းသံကြီးနဲ့ တစ်ခါမှ မတွေ့ဖူးဘူး။ လက်လန်ရော။

ဖိုးဟန်က ဓာတ်မီးကို တည့်တည့်ထိုးလိုက်၊ ဇွေထိုးလိုက်၊ ယမ်းထိုးလိုက်၊ ဝိုက်ထိုးလိုက်၊ မှိတ်လိုက်၊ ဖွင့်လိုက် စိတ်ကြိုက်ကိုထိုးတာ။ ဆဲတာကလဲ မပြတ်ဘူး။ ဆက်တိုက် ငါ...ဟာ။

'ကျောင်းဆရာ ကြည့်မနေနဲ့၊ လာလာ ကျောင်းကို ပြန်ကြမယ်'

ဖိုးဟန် နောက်ကို ဦးပဉ္စင်းလေး ဘယ်အချိန် ရောက်နေသလဲ မသိဘူး။ ခေါ်နေပြီ။ ဖိုးဟန်လဲ ဦးပဉ္စင်းလေးနဲ့ ပြန်လိုက်သွားပါတယ်။

'ဦးပဉ္စင်းလေး အဲဒါ ဘာတွေလဲ'

'မသိဘူး၊ တွေးမနေနဲ့၊ မိုးမလင်းသေးဘူး၊ ပြန်အိပ်လိုက်ဦး အချိန်ရသေးတယ်'

ဦးပဉ္စင်းလေးက ဖိုးဟန်ကို ဘာပြု လို့ အုန်းမောင်း မခေါက်ခိုင်းတာလဲ ဆိုတာ သိလိုက်ရပြန်ပါတယ်။ ဒီအသိက အဆဲခံပြီးမှ ရတဲ့အသိ။ တန်ဖိုး ပါဘိ။

အဖြစ်အပျက်ကလဲ နောက်တစ်နေ့ မနက်မှာ ရပ်ကျော်ရွာကျော်အသိ။

* * *

၁၉၈၇ ခုနှစ်၊ လောကဓံရဲ့ အလှည့် အပြောင်းက ဖိုးဟန်ကို ပြောင်းဆန် သွားစေတယ်။ ကုန်းကောက်စရာ မရှိအောင်ကို ဆင်းရဲသွားတယ်။ အကုသိုလ်များ ဝင်သွားပြီဆိုရင် တ... ယောက်တည်း ဘယ်တော့မှ မလာ ဘူး။ အပေါင်းနဲ့ အသင်းနဲ့ အခြွေ အရံနဲ့ကို လာတာ။

လဲရာသူခိုးထောင်း ဆိုသလို ပြ... ကြီးနားကိုအသွား ပြည်...ဘားဂိတ်မှ...



www.burmeseclassic.com

www.burmeseclassic.com

ဘတ်အိတ်ကြီးတစ်လုံးကို သူခိုးက လှုခံလိုက်တယ်။ ချမ်းသာသမျှ န်ပါလေရော။ ငွေတွေလဲ အကုန်ပါ။ တွေလဲပါ။

ိုးဟန် မရှက်ပါဘူး။ ဟုတ်မှန်တဲ့ ရုပ်၊ လုပ်ကြံတဲ့ ဇာတ်မှ မဟုတ် ။ ဆင်းရဲလိုက်တာ ငွေတစ်ဆယ် ောင် အိတ်ထဲမှာမကပ်ဘူး။ လမကုန် သေးဘူး။ ရက်(၂၀) မပြည့်သေးဘူး။ ဟန်လက်ထဲမှာ ငွေပြတ်ပြီ။ တ်ကျန်မရှိတော့ဘူး။ အခက် ွေ့ပြီ။

ို့စုမဲ့စု လက်ကျန်ငွေကလေး ိုက်တော့ မနက် အကြော်၊ ည သုပ်၊ ည အသုပ်၊ မနက် အကြော် ော်ပျော်ကြီးစားဖို့ ဖန်လာတယ်။ ဟန်ကလဲ အထက်တန်းပြဆရာ၊ သည်ကလဲ အထက်တန်းပြ ဆရာမ။ အထက်တန်းပြကြီးများ ငတ် ိုက်ပုံ မပြောပါနဲ့တော့။ သားသမီး ွေနဲ့ ကသီလင်တ။

မေ့မရနိုင်တဲ့ ဘဝတစ်ကွေ့ တ်နေရာ ဝက်ထီးကန် အ.ထ.ကမှာ ၁၉၉၀–၉၁)မှာ။

သူခိုး အလှူမခံနိုင်လို့ ကျန်ခဲ့တဲ့ သတ္တာထဲမှာ ထည့်ထားတဲ့ က်ထရပ်ရှန်အဖြူ လက်ရှည်လေး ို နေ့တိုင်းဝတ်ရတယ်။ ကျောက ၁)ကွဲ ကွဲနေတဲ့အကျီ။ သူ့အပေါ်က င်နီတိုက်ပုံ ထပ်ဝတ်လိုက်တော့ ကြည့်ပျော်ရှုပျော်လေး။ မနက် ကျောင်းအသွားမှာ ဝတ်၊ ညနေ ကျောင်းအဆင်းမှာ လျှော်၊ လေတိုက် ဲ့နေရာမှာ လှန်း။ နောက်နေ့တွေ ဲ ဝတ်လိုက်၊ လျှော်လိုက်နဲ့။ တ်...လျှော်။ လျှော်ပြီးရင်တော့ ဝတ် ိုက်ပြန်။

ဖိုးဟန် အဲသလို ဆင်းရဲတွင်း



နက်နေတဲ့အချိန် ဦးပဉ္ဇင်းလေးက ဖိုးဟန်ကို တရုတ်မှော်က လူကြုံနဲ့ မှာတယ်။ ဝက်ထီးကန်ကနေ တရုတ် မှော်ကိုလာရင် ဝွေးတောက်မြောင်ကို ဝင်ခဲ့ပါတဲ့။

ဝက်ထီးကန်နဲ့ ပြည်က (၁၆)မိုင် ဝေးတယ်။ ပြည်နဲ့ ထန်းကုန်းတာဂွက (၁၈)မိုင်၊ ထန်းကုန်းနဲ့ တရုတ်မှော် တောကြားတောင်ကြား လမ်းကြမ်းခရီး က (၁၄)မိုင်ဆိုတော့ ခရီးဆန့်လိုက်ရင် (၄၈)မိုင်။

အဲဒီ (၄၈)မိုင်ခရီးကို ဖိုးဟန် ကား မစီးနိုင်ပါဘူး။ စက်ဘီးနဲ့ ပြန်ရတယ်။ ငွေ(၃)ကျပ် ပါလာတယ်။ စက်ဘီး ပေါက်ရင် ဖာဖို့က (၁)ကျပ်၊ ရွှေတောင် အထွက် တည်ကုန်းကိုရောက်ရင် မော မောနဲ့ အအေးသောက်ဖို့က (၁)ကျပ် အရံ (၁)ကျပ်။

တရုတ်မှော်ကိုရောက်တော့ ဦးပဉ္ဇင်း လေးရဲ့ အမှာစကား ပြန်ပြီးကြားလိုက် ရတယ်။ တရုတ်မှော်က ဝက်ထီးကန် ကို အပြန်ခရီး မနက် (၈)နာရီလောက် မှာ ဝွေးတောက်မြောင် ဘုန်းကြီး ကျောင်းကိုဝင် ဦးပဉ္ဇင်းလေးကို

ကန်တော့တယ်။

လက်အုပ်ချီမိုး ရှိခိုးလို့ ကန်တော့ တာပါ။ လှူဖွယ်ဝတ္ထုဆိုတာ ဘာတစ်ခု မျှ မပါဘူး။ ဆုတွေပေးလိုက်တာက တော့ ကြည်နူးစရာ။ တရိုက်မက်မက် ပြည့်စုံပါစေကြောင်း မောင်ဖိုးဟန်မှာ ဆုတွေတောင်းလို့...

မောင်ဖိုးဟန် တောင်းဆုတွေ ခြွေလို့မှ မဆုံးသေးဘူး။ ဦးပဉ္ဇင်းလေး က...

'ကျောင်းဆရာ ဘုရားတောင် မှန်မှန် မရှိခိုး ပါလား။ ဘဝဆိုတာ အတက်အကျရှိတယ်။ ချမ်းသာပြီးရင် ဆင်းရဲမယ်။ ဆင်းရဲပြီးရင် ချမ်းသာမယ်။ အမြဲတမ်း မချမ်းသာဘူး။ ဆင်းရဲတာလဲ မမြဲဘူး။

လောကဓံနဲ့ကြုံရင် ရတနာ (၃)ပါးမှတစ်ပါး ကိုးကွယ်အားထားစရာ အခြားမရှိပြီ။ မနက် တစ်ကြိမ်၊ ညတစ်ကြိမ် ဘုရားမှန်မှန်ရှိခိုးပါ။ ချမ်းသာခြင်း ရောက်လာပါလိမ့်မယ်'

'စိတ်ဆင်းရဲနေတဲ့အချိန် အာရုံမရ ဘူးဘုရား'

'မရတာ ရှိမခိုးလို့၊ ရှိခိုးပါ ရလာပါ လိမ့်မယ်'

'ရှိမခိုးသေးဘူး ဘုရား'

'အဲသလို ဖွတ်မငြင်းနဲ့လေ၊ မြတ်ဗုဒ္ဓ ရဲ့ တရားတော်များဟာ ပူပူနွေးနွေးကြီး ရှိသေးတယ်၊ ကျောင်းဆရာ သိနေတာ ပဲ။ ဝိပဿနာရှုပါ။ ကနေ့လုပ်ရင် ကနေ့ရတယ်။ မနက်ဖြန် မကူးဘူး'

'တပည့်တော်ဘဝ မထူးတော့ပါဘူး ဘုရား'

'ထူးစေချင်လို့ ပြောနေတာ ကျောင်း ဆရာ'

ဖိုးဟန်က နှုတ်ပိတ်လို့ ငြိမ်နေတယ်။ ဦးပဉ္ဇင်းလေးကလဲ ရှေ့ဆက်ပြီး တရား ရေအေး တိုက်ကျွေးတော် မမူတော့ ဘူး။ နောက်တော့...

ဦးပဉ္ဇင်းလေးက ဖိုးဟန်ရဲ့ ကျန်း



www.burmeseclassic.com

www.burmeseclassic.com

ရေး မေးတယ်။ နေရေးထိုင်ရေး မေးတယ်။ စာသင်ကြားရေး မေးတယ်။ လူမှုရေး မေးတယ်။ စီးပွားရေးတော့ မမေးဘူး။

ဖိုးဟန် ငတ်ငတ်ပြတ်ပြတ်နဲ့ ဆင်းရဲဒုက္ခ ရောက်နေတာကို သိတယ်ဗျာ။

ဆရာဒကာ မတွေ့ရတာလဲ (၁၀) နှစ် ကျော်ပြီ။ အားရှိပါးရှိ မေးလိုက်၊ လျှောက်လိုက်နဲ့ တစ်နာရီကျော်ကျော် ကြာသွားတယ်။

'ကဲ ကျောင်းဆရာ ခရီးဆက်ဖို့ ရှိသေးတယ်။ ထိုင်ရာက ခဏထလိုက်၊ ထိုင်နေတဲ့ သင်ဖြူးကို လှန်လိုက်'

လို့ ဦးပဥ္စင်းလေးက အမိန့်ရှိတယ်။

ဖိုးဟန် သင်ဖြူးကို လှန်လိုက်တော့ ငွေတွေ၊ ဝတ္ထုတွေ သင်ဖြူးဖျာ တစ်ချပ်စာ ပြည့်ခမန်းပဲ။ အထပ်လိုက်၊ အထပ်လိုက်ကလေးတွေ ကပ်,ကပ်စီထားတယ်။ အံ့ဩစရာတွေ တွေ့နေရတယ်။

'အဲဒါတွေကို ထပ်လိုက်၊ အကုန်ထပ်လိုက်။ မရေနဲ့။ ကျောင်းဆရာ ယူသွား'

ဖိုးဟန် ရင်ထဲဆို့သွားတယ်။ မျက်ရည်လဲစို့တယ်။ အသက်ရှူ မမှန်တော့ဘူး။ စုတ်စုတ်ပြတ်ပြတ်နဲ့ ဆင်းရဲနွံချာတဲ့ဘဝ၊ အကျီမှာ ငွေတစ်ဆယ်တောင် မကပ်တဲ့ဘဝ ဦးပဥ္စင်းလေး သိနေပါလား။ ဖိုးဟန်သည်ကား ဆိုရင်...

'မယူပါရစေနဲ့ ဘုရား'

လို့ လျှောက်ပြီး ဖိုးဟန် တစ်ယောက်ထိုင် သင်ဖြူးဖျာကလေးနဲ့ ပြန်ဖုံးပြီး ထိုင်လိုက်တယ်။

'မဟုတ်ဘူးလေ ကျောင်းဆရာ ယူသာယူပါ။ ကျေးဇူးဆပ်တာ'

'မယူပါဘူး ဘုရား'

'ကျောင်းဆရာ ဒီကျောင်းမှာရှိတုန်း



က (၅)ရက်စာ ကြော်လှော်လာတဲ့ ဟင်းတွေကို ဆွမ်းဟင်းအဖြစ် အကုန် လှူခဲ့ဖူးတာပဲ။ ကာလဒါန ဆွမ်းတွေလဲ ကပ်လှူခဲ့တယ်။ ဝါဆိုသင်္ကန်းလဲ လှူခဲ့တယ်။

လိုအပ်တဲ့ ပါဠိစာအုပ်တွေ၊ စာအုပ် စာတမ်း စာရေးကိရိယာတွေလဲ လှူတယ်။ နေကောင်းထိုင်သာ မရှိရင် ဆေးဝါးကုသပေးခဲ့တယ်။ ဓမ္မာစရိယ ဦးဌေးလှိုင်ရဲ့ ''ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ'' စာအုပ်ကိုလဲ လှူတယ်။ ကျေးဇူးကြီးတဲ့ ဒကာတစ်ယောက်ကို ပြန်လည်ချီးမြှောက်တာပါ'

'မယူပါရစေနဲ့ ဘုရား'

မောင်ဖိုးဟန် ရှိသေညွတ်တွားထိခြင်းငါးပါးနဲ့ ကမန်းကတန်း ရှိခိုးဦးချပြီး ခရီးဆက်ခဲ့တယ်။ အဲဒီလိုလဲ ဖိုးဟန် သိပြန်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ အပ်ကျမပ်ကျ။

* * *

၁၃၅၅ ခုနှစ်၊ တော်သလင်းလ မောင်ဖိုးဟန် ဝက်ထီးကန်ကနေ တရုတ်မော်ကို အပြန်ခရီး အဖော်တစ်ယောက်ပါတယ်။ ဒီတစ်ခါတော့ ဝက်ထီးကန်က ရွှေတောင်ထိ စက်ဘီးစီး၊ ရွှေတောင်ကနေ ရေနံမြေ ကြို့ပင်ဂိတ်အထိ ကားစီး၊ ကြို့ပင်ဂိတ်ကနေ ရေနံမြေလမ်းအတိုင်း ကားဆက်စီး၊ အန္တရာယ်ကွေ့မှာ ဆင်းတယ်။ ခြေကျင်ခရီး။

ခရီးသွားဖော် ဦးလှမြင့်က သာယာကုန်းရွာကို ခဏဝင်ချင်တယ်။ မိတ်ဆွေတွေကို နှုတ်ဆက်ချင်တယ်လို့ ပြောတယ်။ ဖိုးဟန် လိုက်သွားတယ်။ လက်ဖက် ရေနွေးကြမ်းသောက်ရင်း အမြည်းစားရင်း စကားတွေ ပြောကြတယ်။ (၁၅)မိနစ်လောက် ကြာတော့ အိမ်ရှင်ရဲ့ဇနီးနဲ့ သမီး အိမ်ပေါ်တက်လာတယ်။ အဝတ်သစ် အစားသစ်တွေနဲ့။ ဦးလှမြင့်က လှမ်းပြီး မေးတယ်။

'ဘယ်က ပြန်လာကြတာလဲ'

'ဘုန်းကြီးပျံက'

မေးသူကလဲ ဒါပဲ မေးတယ်။ ဖြေသူကလဲ ဒါပဲ ဖြေတယ်။ စကားမဆက်ကြဘူး။ ဖိုးဟန်ကတော့ ရေနွေး သောက်လိုက်၊ အမြည်းစားလိုက်။ ကြို့ပင်ဂိတ်မှာ ကားစောင့်ရတာရယ်၊ အန္တရာယ်ကွေ့က သာယာကုန်းကို ခြေကျင်လျှောက်ရတာရယ် (၂)နာ ပေါင်းတော့ ဆာတာပေါ့။ ဒါတောင် အန္တရာယ်ကွေ့ကနေ သာယာကုန်းရွာ အထိက တောင်အဆင်းလမ်း (၁)မိုင် သာသာလောက်ပဲ လျှောက်ရတာ။

စကားဝိုင်းက (၁)နာရီကျော်ကျော် ကြာတယ်။ ဖိုးဟန် သတိလှုံ့ဆော် ခရီးဆက်ကြစို့။ ဦးလှမြင့်ကတော့ နေချင်သေးတယ်။ ဖိုးဟန်ကြောင့်သာ မထချင်၊ ထချင်နဲ့ ထလိုက်လာတယ်။ နှစ်ယောက်သား စကားတပြောပြော နဲ့ လျှောက်လာလိုက်ကြတာ (၁)နာ သာသာမှာတော့ တရုတ်မော် ရောက်ပြီ။ ညနေ (၃)နာရီ။

အိမ်ရောက်တာနဲ့ ခဏနား ရင်း အမေ့အကျီနဲ့ ထဘီတွေ လျှော်ဖွပ်ပေး။ တန်းမှာလှန်း။ အ ကလေး ရှုပ်သွားတယ်။ ဖိုးဟ အမေနဲ့ ခွဲနေရတာဆိုတော့ မော်ကို ပြန်လာမှ လျှော်ဖွပ်ရ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေ အမေက ဖိုးဟန် ပြန်လာတာ မြင်လိုက်တာနဲ့ သူ့ထဘီ၊ အကျီတွေကို ဖွက်ထားပြီ။ မောင်ဖိုးဟန် တွေ့အောင်ရှာပေတော့။ မတွေ့ တွေ့အောင်ရှာ။ ရှာရင်တွေ့တာပဲ။ နှပ်ပြီ။

သစ္စာနဲ့ မပြီးတဲ့အရာ ဘယ်ဟာမှ မရှိ။ သစ္စာဆိုလို့ ရတယ်ဗျာ။

အမယ်... ပထမတော့ ရွံသလိုပဲ ။ အမေ့ထဘီ ဆပ်ပြာတိုက်ပြီး (၂) ချက်,(၃)ချက်လောက် ဆောင့်, ဆောင့်ပြီးဖွပ်၊ ဆပ်ပြာ အမြှုပ်ထွက်တာနဲ့ ခေါင်းပေါ်ကိုတင် ဆပ်ပြာရေ ရနေတဲ့ အမေ့ထဘီနဲ့ တစ်ခေါင်းလုံး တိုက်ချလိုက်တယ်။ ပြီးတာနဲ့ ဖားစီးဒီး ဗိန်းမောင်းတိုက် ဖွပ်တော့တာပဲ။ ပထမအဆင့်။

ပထမတန်းကို အောင်ပြီဆိုတော့ ဒုတိယတန်း။ တတိယတန်း စတာတွေပဲ ဆက်တိုက် အောင်တော့တာပဲ။ အခက်အခဲမရှိ။

ညစာ စားကြတော့ ထမင်းဝိုင်းမှာ အမေက ပြောတယ်။

'ငွေးတောက်မြှောင်က ဦးပဥ္စင်းလေး ပျံတော်မူပြီ နင်မကြားခဲ့ဘူးလား' တဲ့။ ဖိုးဟန်က...

'သာယာကုန်းရွာမှာ ကြားခဲ့တယ်။ ဦးပဥ္စင်းလေးမှန်း ဘယ်သိမလဲ။ မမေးမိဘူး။ သိသာသိရင် ဘယ်နေမလဲ အမေရယ်၊ ကျွန်တော် သွားရောက်ရမှာပေါ့။ တရုတ်မှော်ကိုတောင် ဆက်မလာဘူး။ ညအိပ်ညနေ နေရမှာ။ ဘုန်းကြီးပျံမှာ ကူညီညာ လုပ်ရမှာပေါ့'

လို့ ပြောလိုက်ရတယ်။ ဒီနေ့ပဲ အမှီမစျာပန ပြာကျပြီတဲ့။ အဲဒါက ဖိုးဟန်မသိတဲ့အကြောင်း။

တရုတ်မှော်မှာ (၂)ရက်နေပြီး ရွှေတောင်အသွား ငွေးတောက်မြှောင် ဘုန်းကြီးကျောင်းကို ဝင်တယ်။ မြင်လိုက်တာနဲ့ ကျောင်းကိုရောက်နေတဲ့ ဒကာ၊ ဒကာမတွေက ဝိုင်းပြီး မေးကြတယ်။

'ဦးပဥ္စင်းလေး ပျံတော်မူတာ မသိဘူးလား'

ဖိုးဟန် အတော်ကြီးကို ရှင်းပြရတယ်။ အမေ့ကို ရှင်းပြရတာထက် ခက်တယ်။ ရင်းနှီးတဲ့ သူတွေက ပြောကြတယ်။ ဘယ်ဘုန်းကြီးပျံတော်မူတာလဲ၊ မေးရောပေါ့တဲ့။

အဲဒါကြောင့် ပြောတာပေါ့ဗျာ၊ ဖိုးဟန်က စာပဲသင်တတ်တာ။ ငအေပါ၊ ငတုံးပါ၊ ငဖျင်းပါလို့ မမေးမိတာ ပြဿနာ။

နောက်တော့လဲ အားလုံးက ခွင့်လွှတ်ကြပါတယ်။ အပြုံးမျက်နှာတွေ ပြန်ဖြစ်လာကြတယ်။ ရေနွေးဝိုင်းမှာ စကားပြောကြဆိုကြရင်း စိုစိုပြည်ပြည် ပြန်ဖြစ်လာတယ်။ ဒီကျောင်းဆရာ သနားစရာကောင်းလိုက်တာလို့ တွေးမယ်ထင်တယ်။ တွေးကြပါစေ၊ အမှန်ပဲ။

ပထမဆုံး ပျံတော်မူပုံကို မေးရတယ်။ ကျောင်းထိုင်ဆရာတော် အမိန့်ရှိတာက ပျံတော်မူမယ့်နေ့ မနက်မှာ အရုဏ်ဆွမ်း ဘုဉ်းပေးတယ်။ ရေနွေးပွဲ သုံးဆောင်အပြီးမှာ နှစ်ဆောင်ပြိုင်ကျောင်းကို ပြန်ကြွတယ်။

ဆွမ်းစားဆောင်အဆင်း လှေကားရင်း ရောက်တော့ ကျောင်းဖိနပ်ချွတ်တိုင်ကိုကိုင်ပြီး ဖြည်းဖြည်း ဖြည်းဖြည်း ထိုင်သွားတယ်။ အကြောင်းတစ်ခုရှိလို့သာ ထိုင်တာထင်ပါရဲ့လို့ တွေးတယ်။ တော်တော်ကြာတဲ့အထိပြန်မထတော့...

မင်းတို့ ဦးပဥ္စင်းလေး ဘာဖြစ်ကာလဲ ကြည့်ကြပါဦးလို့ ဆိုတော့ ကလေးတွေ သွားကြည့်ကြတယ်။ ဦးပဥ္စင်းလေး မျက်စိမှိတ်ထားတယ်လို့ လျှောက်တော့ သွားလဲကြည့်ပါလေရော။ အသက်မရှိတော့ဘူး။ ပျံတော်မူနေပြီ။

ကျောင်းသားတွေရဲ့ ငိုသံတွေက တစ်ကျောင်းလုံး ပွက်လောရိုက်သွားတယ်။ ဖြစ်သွားတာက အချိန်တိုတောင်းပါတယ်။ (၅)မိနစ်လောက်ပါ။ ရွာထဲက ဒကာ,ဒကာမတွေကို ပြေးခေါ်ခိုင်းရတော့တယ်။ အကုန်စီစဉ်ရတော့တာပေါ့။

တစ်ခုထူးခြားတာက အဲဒီမနက် ဆွမ်းစားကျောင်းကို ဦးပဥ္စင်းလေး ကြွလာတော့ မြေပြင်ကို ရုပ်တိုက်လာနေသလိုပဲလို့ မြင်တဲ့ကျောင်းသား (၂)ယောက်၊ (၃)ယောက်က ပြောကြတယ်လို့ မိန့်တော်မူတယ်။

အဲဒီနောက်ဆုံးစကားကို ကြားတော့ ဖိုးဟန် အရမ်းအံ့ဩသွားတယ်။ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်လို့ တွေးမိတယ်။

ကိုယ်တိုင်ကလဲ အံ့ဩထူးဆန်း အံ့မခန်းဖြစ်ရပ်တစ်ခုကို ကြုံထားရတာဆိုတော့ ထိုင်ရာမထ မောင်ဖိုးဟန် ချက်ချင်းပဲ သတိရသွားတယ်။ ၁၉၉၂ ခုနှစ်က အဖြစ်ပဲ။

၁၉၉၂ ခုနှစ်၊ မတ်လ နွေရာသီရဲ့ နေ့တစ်နေ့မှာ ဖိုးဟန် ဝက်ထီးကန်ကနေ တရုတ်မှော်ကို ပြန်တယ်။ ငွေးတောက်မြှောင် ဘုန်းကြီးကျောင်းကို ဝင်တယ်။ မွန်းလွဲ (၂)နာရီခွဲလောက်တော့ရှိပြီ။ ထန်းပင်ကုန်းရွာနောက်ဖေး အင်ပင်ကြီးအောက်ကနေ ဖြတ်ပြီး ကျောင်းထဲကို ဝင်လိုက်တယ်။

ရှေ့လ ဆက်ဖတ်ပါရန်

**ရွှေတောင် ကြည့်မောင်အေး**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ထီးချိုင့်မြို့ ကုက္ကိုကုန်းကျောင်းဆရာတော်(တိုင်းသံဃနာယက အဖွဲ့ဝင်)နှင့် ကသာခရိုင်အတွင်း မြို့(၇)မြို့သို့ ကြွရောက်တော်မူစဉ်က လိုက်ပါခွင့်ရခဲ့သူဖြစ်ပါသည်။

ဆရာတော်ကြီးများနှင့် အနီးနား နေခွင့်ရသဖြင့် ရောက်လေရာ မြို့နေ ဆရာတော်ကြီးများ၏ ဩဝါဒစကားများ၊ အခြားဗဟုသုတဖြစ်ဖွယ်ရာ စကားများနှင့် ကျန်းမာရေးဆိုင်ရာ ဆိုင်ရာ ရှောင်ရန်,ဆောင်ရန်များကို လည်း မှတ်သားခဲ့ရပါသည်။

ကောလင်းရောက်တော့ ကျွန်ုပ်တို့ တည်းခိုသည့် ဒက္ခိဏာရာမကျောင်းတိုက်နှင့် ကပ်လျက် ရေဝန်းကျောင်းတိုက်သို့ သွားရောက် လည်ပတ်ကြပါသည်။ ဆရာတော်သည် သက်တော်(၈၂)နှစ်လည်း ရောက်ရှိနေပါပြီ။ သို့ရာတွင် သွက်လက် ဖျတ်လတ်ဆဲပင်။

'ဆရာတော်ဘုရား ဘာဆေးတွေများ အမြဲသုံးဆောင်ပါသလဲ ဘုရား'

'ခု လောလောဆယ်ကတော့ တပည့်တော်တို့ ကောလင်းမြို့က ထွက်တဲ့ ဆင်တုံးမနွယ်ဆေး စားနေတယ်'

'ခုဆိုတော့ အရင်က ဘာဖြစ်ဖူးလို့လဲ ဘုရား'

'အရင်က ဆီးချိုဖြစ်ဖူးတယ်။ အသက်(၅၀)ကျော်လောက်ကပဲ။ဖြစ်ခါစမှာသိလို့ ဆေးစားလိုက်တာ ရောဂါကြာကြာ မခံစားလိုက်ဘူး။


ငါက ကြားဖူးနားဝရှိတာနဲ့ ဆီးသွားတာကို သတိထားတယ်။ ဆီးချို ဖြစ်လာရင် ဆီးကို ပုရွက်ဆိတ်အုံတယ်လို့ မှတ်ထားဖူးလို့။ နောက် ကိုယ့်ဆီးကို ကိုယ် ပြန်လျက်ကြည့်တယ်။ ချိုတဲ့ အရသာတွေ့တယ်။

ဒါတွေ့ပြီဆိုတာနဲ့ **ဆင်တုံးမနွယ်**

# ဆီးချို သွေးချို မဖြစ်ကြ

ဒါကို သင်ဆောင်ထား

**အစိမ်းကို ရိုက်,ပြား။ ရေစိမ်းနဲ့စိမ်။ တစ်နေ့ (၆) ကြိမ်သောက်လိုက်တယ်။ (၆)လလောက် သောက်တော့ ဆီးကိုပုရွက်ဆိတ် မအုံတော့ဘူး။ လျက်ကြည့်တော့ ဆီးက အငန်ဓာတ်ပေါ်လာတယ်။**



**ဘာစား စား ဘာမှ မဖြစ်တော့ဘူး။**

ဆက်သောက်တယ်။ နောက် ဒကာ တစ်ယောက်က ဆင်တုံးမနွယ်ဆေး လာလှူ။ ဒါနဲ့ ခုတော့ ဒါပဲ စားနေတော့တယ်။ ငါ့လူတို့ရေ ဆီးချို မဖြစ်ချင်ရင် အချိုတွေ များများ မစားနဲ့ဗျို။ အဆီ အအိမ့်ရှောင်၊ ဖြစ်နိုင်သမျှ ဆီလျှော့စား ဆီးချိုဖြစ်ရင် ပန်းပါ သေတယ်ဗျို့ သတိထား။

'မောင်ရင်တို့ကို ကျုပ်သိသမျှ ပြောရဦးမယ်'

'အမိန့်ရှိပါ ဆရာတော်'

'မောင်ရင်တို့ အစာအိမ်ဖြစ်ဖူးကြသလား'

'မဖြစ်ဖူးသေးဘူး ဆရာတော်'

'အေး အစာအိမ်မဖြစ်ချင်ရင် မှိုဟူသမျှ မစားနဲ့။ မျှစ်ဟူသမျှ မစားနဲ့။ ဒံပေါက်၊ အုန်းထမင်း၊ ထောပတ်ထမင်း၊ တည်င်းသီး၊ ဆူးပုပ်ကြီး၊ ထိုးမုန့်၊ ဆနွင်းမကင်း၊ အုန်းနို့ ကျောက်ကျောတွေ ရှောင်၊ လက်လုပ်ချဉ် (ဥပမာ မုန်ညင်းချဉ်လိုဟာမျိုး) မစားနဲ့။

ဒါတွေရှောင်နိုင်ရင် အစာအိမ်ရောဂါ မဖြစ်နိုင်ဘူး။ အချို့က နွေးနွေးလေး စားရအောင် ထမင်းကို ကြော်စားကြ

သေးတယ်။ မဖြစ်ချင်ရင် ရှောင်...
အဖြစ်နည်းတာပေါ့။

အစာအိမ်ရောဂါဖြစ်တာက အ...
မျိုး ရှိတယ်။ အသွား,အစား၊ အ...
အထိုင် မတတ်ရင် ဆင်ခြင်ဉာဏ်...
မရှိရင် ဖြစ်တတ်တယ်။ အထူးသဖြ...
ထမင်းသာ အဝစားပြီး ရေမသော...
တာက ပိုဆိုးတယ်။ ဆောင်ပုဒ်က...
တောင်ရှိသေး'

'အမိန့်ရှိပါဦး ဆရာတော်'

**'သောကကို ရှောင်၊ ဝ,အော...**
**မစား။ လှုပ်ရှားကိုယ်လက်၊ ဥ...**
**ချက် အသက်ရှည်ကြောင်းတည်...**
တဲ့။ မောင်ရင်တို့ လူငယ်တွေ မ...
ထားကြ'

'မှန်လှပါ မှတ်သားလိုက်နာပ...
ဘုရား။ တပည့်တော်တို့ကို ပြန်...
တော်မူပါဦး ဘုရား'

'အေး အေး ပြန်ကြပေရော့'

**ဝေ၊** ဤသို့ **သုတ၊** ကြား...
ရ၏။ **ဥပလက္ခိတ၊** မှတ်သား...
၏။ **ဥပဓာရိတ၊** ဆောင်လိုက်...
**တုမှု၊** သင်တို့သည်လည်း...
**ရိတ၊** ဆောင်ထားကြပေ...

**//ထီးချိုင့် ဦးအုန်းမြွေ(...**




www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ကျမ်းတမ်း (၅၁)



ထက်မြက်ကျော်စွာ

扇子

**ယပ်တောင်[ရှန်ဇီ](Shān Zǐ)**

÷ ယပ်တောင်ကို မြင်မက်ခြင်းသည် အကူအညီ အထောက်အပံ့ကို ရည်ညွှန်းသည်။

**✤ အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

မိတ်ဆွေကောင်း အထောက်အပံ့ ခံစားရတတ်သည်။

**✤ အိမ်ရှင်မက မြင်မက်လျှင်...**

တိုးတိုးဖော် တိုင်ပင်ဖက်ရမည်။

**✤ အိမ်ထောင်မရှိသေးသူ လူပျိုက မြင်မက်လျှင်...**

မိတ်ဆွေအပေါင်းအသင်း ကောင်းမှုဖြင့် ဇနီးမယားရကိန်းရှိသည်။

**✤ အိမ်ထောင်မရှိသေးသူ အပျိုက မြင်မက်လျှင်...**

အောင်သွယ်ရောက်လာမည်။

**✤ နာမကျန်း ဖြစ်နေသူက မြင်မက်လျှင်...**

ဆေးနည်းကောင်း ရတတ်သည်။

**✤ ကုန်သည်က မြင်မက်လျှင်...**

အကျိုးတူ ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် စီးပွားတက်မည်။

**✤ ခရီးသွားနေစဉ် မြင်မက်ပါက...**

ခရီးဖော်၊ လမ်းညွှန်မှုကောင်းများ ရနိုင်သည်။

**✤ ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာနာကူညီတတ်သော စာသင်ဖက်၊ သူငယ်ချင်းကောင်းကြောင့် ပညာရည် တိုးတက်မည်။

**✤ ပစ္စည်းပျောက် လူပျောက်စဉ် မြင်မက်ပါက...**

ရှိနိုင်သည့် နေရာအတွက် သတင်းပေးကူညီသူ ပေါ်ပေါက်မည်။

**✤ အမှုတပေါင် ရင်ဆိုင်နေရပါက...**

ရှေ့နေ၊ သက်သေကောင်းရ၍ အမှုနိုင်မည်။

**✤ ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

ချောမောစွာ မျက်နှာမြင်လိမ့်မည်။

**✤ တောင်သူလယ်သမားက မြင်မက်လျှင်...**

မြေဆီသြဇာကောင်း၍ သီးနှံအထွက်တိုးမည်။

❂ ယပ်တောင်ကိုင်ထားသည့် အမျိုးသမီးတစ်ယောက်ကို မြင်မက်လျှင် လုပ်ငန်းစီးပွားတိုးတက်မည့်လက္ခဏာ ဖြစ်သည်။

**✤ အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အိမ်၏ စီးပွားရေး တိုးတက်မည်။

**✤ အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်အသုံးအဆောင် ပရိဘောဂ ဝင်ကိန်းရှိသည်။

**✤ ကုန်သည်က မြင်မက်လျှင်...**

အရောင်းအဝယ် တိုးတက်ဖြစ်ထွန်းမည်။

**✤ ဝန်ထမ်းက မြင်မက်လျှင်...**

ရာထူး၊ လုပ်အားခ တိုးတက်ရရှိမည်။

**✤ တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးထပ်သီးညှပ် စိုက်ပျိုးဖြစ်ထွန်း၍ ကောက်ပဲသီးနှံ အထွက်တိုးမည်။

**✤ ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲတွင် အဆင်ပြေစွာ အောင်မြင်မည်။

**✤ အိမ်ထောင်မဲ့ လူပျိုက မြင်မက်လျှင်...**

ချစ်သူရည်းစား ရကိန်းရှိသည်။

**✤ အိမ်ထောင်မဲ့ အပျိုက မြင်မက်လျှင်...**

စပ်ဟပ်တောင်းရမ်းသူ ပေါ်ပေါက်မည်။

**✤ အမှုတပေါင် ရင်ဆိုင်နေရစဉ် မြင်မက်ပါက...**

ကျေအေးမှု ရရှိမည်။

**✤ ခရီးသွားစဉ် မြင်မက်ပါက...**

လမ်းပန်းချောမွေ့ အဆင်ပြေမည်။

**✤ ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

ကျန်းမာဝဖြိုးသော သားငယ်[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ပြန်တွေ့နိုင်သည်။

✤ **လူပျောက်စဉ် မြင်မက်ပါက...**

သူ့အလိုအလျောက် ပြန်ရောက်လာမည်။

✤ **နာတာရှည်ဝေဒနာရှင်က မြင်မက်လျှင်...**

လျင်မြန်စွာ သက်သာ၍ နာလန်ထူနိုင်မည်။

✤ **ဆရာဝန် ဆေးသမားက မြင်မက်လျှင်...**

ကူးစက်ရောဂါဘေး ကာကွယ်နိုင်လိမ့်မည်။

❂ ရန်သူ(မချစ်မနှစ်သက်သူ၊ စိတ်သဘောချင်းအစဉ်အမြဲ ဖီလာဆန့်ကျင်သူများ အပါအဝင်) အား ယပ်တောင်ပေးရသည်ဟု မြင်မက်လျှင် အောင်နိုင်ခြင်းနိမိတ်ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ရန်ပြုနှောင့်ယှက်နေသူ အလိုအလျောက် အလျှော့ပေး အညံ့ခံလာလိမ့်မည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

သားပုပ်လေလွင့် ပြောဆိုတိုက်ခိုက်နေသူက ချွေပြည်အေးစကား ဆိုလာမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**


စီးပွားပြိုင်ဆိုင်ဘက်တို့ မိမိလက်အောက် ရောက်လာမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံအဖျက်ပိုးမွှား၊ ရောဂါများကင်းရှင်း၍ ကောက်ပံသီးနှံအထွက်တိုးမည်။

✤ **မိန်းမပျိုက မြင်မက်လျှင်...**

ဂုဏ်တုဂုဏ်ပြိုင် မိန်းမဖော်များ လျော့နည်းသွားမည်။



✤ **ယောကျ်ားပျိုက မြင်မက်လျှင်...**

ချစ်သူလုဘက် ကင်းရှင်းမည်။

✤ **ကျောင်းသူကျောင်းက မြင်မက်လျှင်...**

အနှောင့်အယှက်ကင်းစွာ ပညာသင်ယူခွင့် ရမည်။

✤ **ကိုယ်ဝန်ဆောင်က မြင်မက်လျှင်...**

မေ့တာအတိုင်း လွယ်ကူစွာ မျက်နှာမြင်မည်။

✤ **အမှုတပေါင်ရင်ဆိုင်နေရစဉ် မြင်မက်ပါက...**

အမှုနိုင်မည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ဘေးကင်းမည်။

✤ **ပစ္စည်းပျောက်၊ လူပျောက်စဉ် မြင်မက်ပါက...**

အလိုအလျောက် ပြန်ရ၊ ပြန်ရောက်လာမည်။

✤ **ရောဂါဝေဒနာ ခံစားရစဉ် မြင်မက်ပါက...**

ဆေးကောင်းတွေ့၍ မကြာမီ ရောဂါပျောက်ကင်းမည်။

✤ **အဝးရောက်နေသူက မြင်မက်လျှင်...**

မကြာမီ အိမ်ထောင်၊ မိသားစုနှင့် ပြန်လည်ဆုံတွေ့နိုင်သည်။

❂ စုတ်ပြဲဟောင်းနွမ်းသော ယပ်တောင်ကို မြင်မက်ပါက အတွင်းလူ ဒုက္ခပေးမည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

လက်ရုံးလက်ထောက် သစ္စာဖောက်ခြင်း သတိထားပါ။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ခင်ပွန်းသည်၏ အရှုပ်အထွေ[း] သတင်း ကြားရတတ်သည်။

✤ **အပျိုက မြင်မက်လျှင်...**

အောင်သွယ်ကြားလူ ဒုက္ခပေးခြင်း သတိပြုပါ။

✤ **လူပျိုက မြင်မက်လျှင်...**

ချစ်သူငြိုငြင်ခြင်း ခံရကိန်း ရှိသည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ဝိရိယနည်း၍ ပညာရေးနှောင့်နှေ[း] မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အတွင်းလူယုံကြောင့် ဆုံးရှုံးမှု ကြုံ တွေ့ရမည်။

✤ **တောင်သူလယ်သမားက မြင်မက်ပါလျှင်...**

လယ်ယာမြေ လျော့ပါးတတ်သည်။

✤ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

ခက်ခဲစွာ မွေးရတတ်သည်။

✤ **နာမကျန်းဖြစ်သူက မြင်မက်[လျှင်] က...**

ဆေးထိုး၊ ဆေးစားမှား၍ ဝေဒနာ တိုးနိုင်သည်။

✤ **အမှုတပေါင် ရင်ဆိုင်ရစဉ် မြင်မက်ပါက...**

ကိုယ့်လူ သူ့ဘက်သား ဖြစ်[နေ] တတ်သည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါ က...**

ရင်းနှီးသူ၊ အတွင်းလူ ခိုးယူခြင်း[ဖြစ်] သည်။

梯 子

လှေကား[ထီးဇီ](Ti Zi)

❂ လှေကားမှ တက်ရသည့်...





www.burmeseclassic.com

www.burmeseclassic.com

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

လေးမျက်နှာအနှံ့ ကောင်းသတင်းဟိုးဟိုးကျော်မည်။ (ဂုဏ်သတင်းကောင်း မွှေးပျံ့ကျော်စောမည်ကို (揚名四海)ယန်းမိန်စိန်ဟိုင်(Yàng ming Sì hãi) ပင်လယ်လေးစင်းကျော်ကြားမည်။ သို့မဟုတ် မိုးအောက်မြေပြင် (နေရာအနှံ့ဟု ဆိုလိုသည်။) ကျော်ကြားမည်ဟု ဆိုရိုးပြုလေ့ ရှိကြသည်။

✤ **ချွေးကောက်ပွဲ ဝင်သည့် အမတ်က မြင်မက်လျှင်...**

လူထုထောက်ခံမှု ရရှိမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

မျက်နှာပွင့်လန်းမည်။ ခေါ်ပြောဆက်ဆံသူ ပေါ်များမည်။

✤ **အပျိုက မြင်မက်လျှင်...**

တော်ကောက်ခြင်း ခံရမည်။

✤ **လူပျိုက မြင်မက်လျှင်...**

ဂုဏ်သရေရှိ မိသားစုဝင် ဖြစ်တတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အရောင်းအဝယ် သွက်လက်မည်။

✤ **ဝန်ထမ်းက မြင်မက်လျှင်...**

ရာထူးတိုးတက်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ တိုးပွားနိုင်သည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ပညာ၊ အားကစား ထူးချွန်၍ လူသိများမည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

အသစ်၊ အစား ပြန်ရမည်။

✪ လှေကားမှ ဆင်းရသည်ဟု...

✤ **အိမ်ထောင်ဦးစီးက မြင်မက်**





**လျှင်...**

စီးပွားကျဆင်း၍ အပုပ်ချ ပြောဆိုခြင်း ခံရတတ်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်မှုကိစ္စ မနိုင်မနင်း စကားတင်းဆိုခြင်းခံရဖွယ် ရှိသည်။

✤ **မိန်းမပျိုက မြင်မက်လျှင်...**

မဟုတ်တမ်းတရား ပြောဆိုခြင်း ခံရကိန်းရှိသည်။

✤ **ယောက်ျားပျိုက မြင်မက်လျှင်...**

ကာမပိုင်ရှင် မိန်းမနှင့် မကောင်းသတင်း အနံ့ထွက်တတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အကျိုးအမြတ် သိသာစွာ လျော့နည်းမည်။ (ဆုံးရှုံးမှု အတန်အသင့် များပြားမည်။)

✤ **အမှုတပေါင် ရင်ဆိုင်နေရစဉ် မြင်မက်ပါက...**

မိမိဘက်မှ ရှုံးနိုင်ခြေများ၏။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ကောက်ပဲသီးနှံဈေး ထိုးကျသွားတတ်သည်။

✤ **ပစ္စည်းပျောက်၊ လူပျောက်စဉ် မြင်မက်ပါက...**

ပြန်မရနိုင်၊ မရောက်နိုင်တော့ပြီ။

✤ **ကိုယ်ဝန်ဆောင်စဉ် မြင်မက်ပါက...**

အဖျားအနာရောဂါ ထူပြောတတ်သည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်ပါက...**

အမည်စာရင်းတွင် မိမိအမည် ကွယ်ပျောက်နေတတ်သည်။ အောင်စာရင်းတွင် အမည်မပါ။ စာမေးပွဲကျတတ်သည်ဟု ဆိုလိုသည်။

✷ လှေကားမှ ပြုတ်ကျသည်၊ လိမ့်ကျသည်ဟု မြင်မက်ပါက အဆင့်အတန်း ခွဲခြားခြင်း ခံရတတ်သည်။ မထိမ့်မြင် ပြောဆိုနှိမ့်ချခြင်း ခံရကိန်းရှိသည်။

✤ **ကိုယ်ဝန်ဆောင်မိခင် လှေကားမှ လိမ့်ကျသည်ဟု မြင်မက်လျှင်...**

ကိုယ်ဝန်ပျက်လျှောနိုင်သည်။

✤ **အမျိုးသားက မြင်မက်ပါက...**

မိန်းမပျက်များနှင့် ငြိစွန်းတတ်သည်။

✤ **အမျိုးသမီးက မြင်မက်ပါက...**

မတော်မတရား ပြုကျင့်ခံရခြင်း သတိထားရှောင်ကွင်းပါ။

✷ မိမိအိမ်လှေကား၊ မိမိပိုင်လှေကား ပျောက်သွားသည်ဟု မြင်မက်လျှင် သူခိုးသူဝှက်ရန် သတိပြုကာကွယ်ပါ။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

နေအိမ် သူခိုး အခိုးခံရကိန်းရှိသည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

စားဖိုသုံး အဖိုးတန်ပစ္စည်းများ ပျောက်ဆုံးနိုင်သည်။

✤ **လူပျိုက မြင်မက်လျှင်...**



www.burmeseclassic.com

www.burmeseclassic.com

**ယခင်လမှ အဆက်**

ဟု ဆိုအပ်သော ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက် အကိုင်တွယ်ခက်၊ ဆေးပေးရခက်သည့် နာတာရှည်ရောဂါကြီးများတွင် ကုသသည့်ဆရာသည် ဓာတ်အမြင့်ကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ဆုံးဖြတ်ပြီး မိမိလိုသော(အပူလိုင်း၊ အအေးလိုင်း)တစ်ခုခုဘက်သို့ ရောဂါကို ပါလာအောင် ဆွဲဆောင်ပြီး ကုသရသော ဓာတ်မြူဓာတ်ဆွ ကုရသည့်ကုထုံး။

ခန္ဓာကိုယ်တွင် လွန်ကျူးဦးစွာနေသည့် ဓာတ်တို့ကို တိုက်ဖျက်သည့် အဖျက်ကုထုံးတို့တွင် ရှောင်ဆေးသည် အဓိက စွမ်းဆောင်နိုင်သော နတ်ဆေးတစ်လက်ပင် ဖြစ်ပါသည်။

သို့သော် ဆရာစဉ်ဆက် အာစရိယဝါဒနည်းနာကို ပိုင်နိုင်ပြီး လက်တွေ့ကျွမ်းကျင်စွာ ကုသရသည့် အတွေ့အကြုံရှိသော ပညာရှင် ဆရာများသာ ရှောင်ဆေးကို လိမ္မာစွာ ကိုင်တွယ်၍ အစွမ်းထက်အောင် သုံးနိုင်ပါသည်။

တော်ရုံ ဉာဏ်နု အတွေ့အကြုံနည်းသူများ လားလားမှ မသုံးနိုင်ဘဲ **"ဓာတ်လည်"** ရှင်းမှ ပိုရှုပ်ဆိုသကဲ့သို့ ရောဂါအခြေအနေ ပိုဆိုသွားနိုင်ပါသည်။ **(မကျွမ်းကျင်လျှင် ရှောင်ဆေးကို မသုံးပါနှင့်။)**

**(ဆ) မီးယပ်သွေးသား ဖောက်ပြန်၍ စုန်းပူး၊ နတ်ပူး နတ်ဖမ်းသလို တငိုငို တရယ်ရယ် ဖြစ်နေသည့် စိတ်ရောဂါရှင်များ။**

**(ဇ) နှလုံးသွေးကြောကျဉ်း ရောဂါရှင်များ။**

**ရှင်းချက် ။ ။ နှလုံးသွေးကြောရောဂါသည်...**

(A) နှလုံးသွေးကြောမှာ၍ စပြီး သွေးကြောကျဉ်းသော ရောဂါ၊



# ရှောင်ဆေးအကြောင်း

**သိကောင်းစရာ (၂)**

ဦးမင်းဇင် (ရွှေနဝင်း)

(B) နှလုံးသွေးကြော ကျဉ်းနေရာမှ နှလုံးသွေးကြော ပိတ်သွားပြီး (Heart attack)ရပြီး နှလုံးကြွက်သားပုပ်၍ ဒဏ်ရာရသော နှလုံးရောဂါ၊

(C) နှလုံးအခန်းများ မလုံသော မွေးရာပါ နှလုံးရောဂါများ၊

(D) နှလုံးအဆို့ရှင်များ ချို့ယွင်းပျက်စီး၍ဖြစ်သော နှလုံးရောဂါ...

စသည်တို့တွင် ရှောင်ဆေးကို (A)နှလုံးသွေးကြောမှာ၍ စပြီး နှလုံးသွေးကြောကျဉ်းသော လူနာရှင်များတွင်သာ ရှောင်ဆေးသုံး၍ ကုသနိုင်ပြီး ကျန်သည့် (B), (C), (D) အထက်ဖော်ပြပါ နှလုံးသွေးကြောရောဂါများတွင် ရှောင်ဆေးကို လုံးဝ မသုံးစွဲရပါ။ အထူးသတိပြုပါ။ လူနာ၏ အသက်အန္တရာယ်ကို ပေးနိုင်ပါသည်။

**(ဈ) ငှက်ဖျားရောဂါ၊ အဖျားအိုအဖျားဟောင်းများ**

စသည်အားဖြင့် ဆေးကို ကိုင်တွယ်ကုသသည့် ဆရာ၏ ကျွမ်းကျင်ပိုင်နိုင်မှုပေါ် မူတည်၍ ရောဂါများကို အစွမ်းထက်စွာ ကုသသွားနိုင်ပါသည်။

"အချုပ် ဆိုရသော်" ရှောင်ဆေးသည် နားလည်ကျွမ်းကျင်သော ဆရာကိုယ်တိုင် စောင့်ကြပ်၍ တိုက်ကျွေးကုသရသော အရေးကြီးဆေးမျိုး ဖြစ်သည်။

လူနာ၏ လက်ထဲသို့ ဆေးကို ထည့်ထားပြီး ရက်ရှည် တိုက်ကျွေးကုသသော၊ မျက်နှာလွှဲခဲပစ် ကုသရသော သာမန်ဆေးမျိုး မဟုတ်ဆိုသော အချက်ကို ဝါသနာရှင် ပညာသင် ပုဂ္ဂိုလ်အပေါင်းကို အထူးသတိပေး တင်ပြပါသည်။

**(၆)ရှောင်ဆေးကို ခန္ဓာကိုယ်တွင်း ဝင်ပြီး ထားရှိရမည့်အချိန် အတိုင်းအရှည်နှင့် ဆေးပမာဏ**

ရှောင်ဆေးသည် ပြဒါးဓာတ် ဦးဆောင်သော အဆိပ်ဆေးမျိုးဖြစ် လူ၏ ခန္ဓာကိုယ်အတွင်း စတင် ကျွေးပြီးသည့် အချိန်မှစ၍ (၂၄)နာ



www.burmeseclassic.com

www.burmeseclassic.com

အတွင်း ထိုဆေးအခိုးအငွေ့ကို ကျွမ်းကျင်သော ဆရာက စောင့်ကြပ်ပြီး ခန္ဓာကိုယ်ထဲမှာ ဆေးခိုးဆေးငွေ့ ကြွင်းကျန်မနေဘဲ ကုန်စင်အောင် ပြန်ထုတ်ပေးရခြင်းသည် ရှောင်ဆေးတိုက်ကျွေးခြင်း၏ အဓိက အရေးကြီးဆုံး အချက် ဖြစ်ပါသည်။


လူနာတွင် ဖြစ်ပေါ်နေသော ဓာတ်လက္ခဏာကို ကြည့်ပြီး အပိုင်စောင့်၍ တစ်ခွက်ကောင်း၊ တစ်ချက်ကောင်း တိုက်ရသည့်ဆေး ဖြစ်သည်။

ထို့ကြောင့် ရှောင်ဆေးကို နားမလည်၍ လက်လွတ်စပယ် လူနာကိုပေး၍ တိုက်ကျွေးကုသနေကြခြင်းသည် လွန်စွာ ရင်လေးဖွယ် ဖြစ်သည်။ အဘယ်ကြောင့်ဆိုရသော် ရှောင်ဆေးသည် အချိန်အခါကို စောင့်ပြီး ရန်သူကို တစ်ချက်တည်းနှင့် အလဲထိုး အနိုင်တိုက်ရသော အစွမ်းထက် တိုက်ခိုက်နည်းဗျူဟာပင် ဖြစ်သည်။

ထို့ကြောင့် ရှောင်ဆေးကို ဆေးစ,တိုက်ပြီးသည်မှစ၍ (၂၄)နာရီဆေး (Action)လုပ်ဆောင်မှု ပြုပြီးသည်နှင့် ခန္ဓာကိုယ်ပြင်ပသို့ ဆေးခိုး ပြန်မထွက်ဘဲ ကိုယ်ထဲတွင် စုအောင်းနေမည်ဆိုပါက ဆေး၏ ကြီးစွာသော ဘေးထွက်ဆိုးကျိုး(ရှောင်ခိုက်ခြင်း)ကို လူနာသည် ဆွဲမသွေ ခံစားရမည်ဖြစ်သည်။

**ရှောင်ခိုက်သည့် လက္ခဏာများမှာ...**

၁။ သွားဖုံးသွားခြေရိ၍ နာခြင်း၊ ပုပ်ခြင်း။
၂။ ခေါင်းအုံးခေါင်းခဲ၍ စိတ်မရှင်ခြင်း။
၃။ ရင်ထဲတွင် လေးလံ၍ ရင်မရှင်း နှုတ်မပေါ်ခြင်း။
၄။ အာရုံစူးစိုက်၍ မရခြင်း၊ နားအူခြင်း။
၅။ မျက်နှာပ်ခြင်း၊ မျက်ခွံပို့ခြင်း၊ မျက်နှာလေးခြင်း။
၆။ ဆီးကြော၊ ဝမ်းကြောတင်း၍ ဖြောင့်မှန်မှု မရှိခြင်း။



၇။ ချွေးထွက်မများခြင်း၊ အပူအအေး မညီခြင်း။
၈။ သွေးလေး၍ အလွန်အိပ်ချင်ခြင်း (သို့မဟုတ်) လုံးဝ မအိပ်ခြင်း။
၉။ နှလုံးခုန်ရင်တုန် မူးဝေ၍ အော့အန်ခြင်း။

စသည့် လက္ခဏာများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

ဆေးတိုက်သည့် ပမာဏနှင့် အချိန်မှာ (၁)ကြိမ်တည်း **ဆေးရွှေးကြီး(၁) စေ့ခန့်**ထက်ပိုပြီး မတိုက်ရပါ။

ရှောင်ဆေးနှင့်တွဲ၍ တိုက်ရသည့် ဆေးစွယ်(ရေလဲ) နည်းတို့သည်လည်း ရောဂါအပေါ် မူတည်၍ အမျိုးမျိုးရှိပါသည်။

ပညာရပ်ပိုင်းဆိုင်ရာ အတွေးအခေါ်နှင့် အတွေ့အကြုံပေါ် မူတည်ပြီး သိမ်မွေ့နက်နဲမှုများစွာ ရှိသည်ဖြစ်၍ သိသာစေရန် အနည်းငယ် ဖော်ပြလိုက်ပါသည်။

**ဥပမာ – ရေအေး၊ ရေနွေးပူပူ၊ ပျားရည်၊ ကွမ်းရွက်ပြုတ်ရည်ပူပူ၊ ချင်းပြုတ်ရည်၊ သံပရာရည်၊ အုန်းစိမ်းမီးနွေးရည်** စသည်ဖြင့် ရောဂါပေါ်မူတည်၍ ဆရာ၏ ပညာသဘောနှင့် ချင့်ချိန်၍ တိုက်ရသည်။

## (၇)ရှောင်ဆေးကို ခန္ဓာကိုယ်တွင်းမှ ပြန်ထုတ်ခြင်း

အထက်မှာ ဖော်ပြခဲ့သည့်အတိုင်း ရှောင်ဆေးကို ဆေးစ,တိုက်ပြီး (၂၄) နာရီအတွင်း ခန္ဓာကိုယ်ထဲမှ ပြန်၍ ထုတ်ပစ်ရသည်။

**ဆေးပြန်ထုတ်ရသည့် နည်းများမှာ...**

၁။ ဝမ်းဖြင့် ထုတ်ယူနည်း။ ***(ဝမ်းနုတ်ခြင်း)***
၂။ ဆီးဖြင့် ထုတ်ယူနည်း။ ***(ဆီးရှင်ဆေး ပေးခြင်း)***
၃။ ချွေးနှင့် ထုတ်ယူနည်း။ ***(ပေါင်းချွေးအောင်းခြင်း)***
၄။ ဖြေဆေးပေး၍ ထုတ်ယူနည်း။
၅။ ဓာတ်စာဓာတ်ကြိုက် အစာပေး၍ ထုတ်ယူနည်း။
၆။ ရန့်အခိုးပေး၍ ထုတ်ယူနည်း။
၇။ သွေးသန့်၍ အခိုးပွင့် အားကြေပွင့်ဆေးများ ပေး၍ ထုတ်ယူနည်း။

စသည်ဖြင့် အခြေအနေပေါ် မူတည်၍ ရှောင်ခိုးအငွေ့ကို ခန္ဓာကိုယ်အတွင်းမှ စင်ကြယ်အောင် ထုတ်ပေးရသည်။

## (၈)ရှောင်ဆေးတိုက်ကျွေးနည်းစနစ်

ကျွမ်းကျင်လိမ္မာသော သမားတော်သည် မိမိ ကုသနေသော ရောဂါဝေဒနာကို တိကျမှန်ကန်စွာ ချင့်ချိန်သုံးသပ်ပြီး ရှောင်ဆေးတိုက်တော့မည်ဆိုလျှင် ဆေးမတိုက်မီ (၁)ပတ်အတွင်း လူနာကို ဆီး,ဝမ်းဖြောင့်မှန်အောင် ဦးစွာ အခြားဆေးများဖြင့် ပေးကျွေး၍ ပြုပြင်ထားရမည်။

ယင်း(၁)ပတ်အတွင်း လူနာကို ပိတ်ဆို့ဖွဲ့စည်းစေသော ဆေးအစာအာဟာရများ စားသုံးခြင်း မပြုရပါ။

ရှောင်ဆေးတိုက်သည့် တစ်နေ့လုံး ဆရာကိုယ်တိုင် ကြပ်မတ်၍ လူနာကို စောင့်ရှောက်နေရမည်။ ဆေးမတိုက်ဖီ ညဉ့်ဦးပိုင်း (၉)နာရီမှစ၍ လူနာကို အစာစားခြင်း မပြုရတော့ပါ။

နံနက်စောစော နံနက်(၅)နာရီခန့်တွင် လူနာကို ရောဂါအလိုက် ဆေးစွယ်(ရေလဲ)နှင့် ဆရာကိုယ်တိုင် ဆေးတိုက်ပေးရမည်။ ဆေးတိုက်ပြီးသည့်အချိန်မှစ၍ လူနာ၏ အခြေအနေကို အချိန်



www.burmeseclassic.com

www.burmeseclassic.com

တိုင်း စောင့်ကြည့်နေရမည်။

ပထမဆေးတိုက်ပြီး (၂)နာရီ၊ (၃) နာရီအတွင်း ရှောင်ဆေးသတ္တိ(Action) ပြလာမည်။

**ပြလာပုံမှာ** မျက်နှာ၊ နားရွက်၊ ဦးခေါင်းပိုင်းတို့တွင် တရှိန်းရှိန်း ဖြစ်လာခြင်း၊ မျက်သားနီလာခြင်း၊ ရင်တွင် ပျို့အန်လာခြင်း၊ ပါးစပ်တွင်း တံတွေးထွက်လာခြင်း၊ လျှာခြောက်၍ ရေငတ်လာခြင်းတို့ ဖြစ်ပေါ်လာပြီး ခါးအောက်ပိုင်း တဖြည်းဖြည်းနှင့် ပူလာပြီး ချွေးစို့လာမည်။ ခြေဖျား နွေးလာမည်။

လေငန်းရောဂါများ၊ ထုံကျဉ်ရောဂါသည်များတွင် ခြေလက်များ အကြောတဆတ်ဆတ် ဖြစ်လာမည်။ အချို့ (၂/၃)ကြိမ် ပျို့အန်လာမည်။ အချို့မှာ (၂/၃)ကြိမ် ဝမ်းသွားတတ်သည်။

**[ယင်းတို့ကို ဆေးပညာသဘောတရားအရ ဓာတ်ထွက်လက္ခဏာများဟု ခေါ်သည်။]**

နံနက်ပိုင်း (၅)နာရီမှစ၍ ဆေးတိုက်ပြီး နံနက်(၁၀)နာရီ၊ (၁၁)နာရီအချိန်ပိုင်းလောက်တွင် လူနာသည် ဓာတ်ထွက်လက္ခဏာ အတော်များများ ပေါ်လာပြီး ဓာတ်ထွက်စုံ၍ ခြေဖျား၊ လက်ဖျား နွေးလာပြီဆိုလျှင် မိမိကုသသည့် ကုသချက် တစ်ဝက်အောင်ပြီဟု ဆိုနိုင်ပါသည်။ ဓာတ်ထွက်လက္ခဏာ မစုံမချင်း လူနာကို အစာမကျွေးရပါ။


**နံနက် (၁၀/၁၁)နာရီအချိန်**လောက်တွင် လူနာသည် ဓာတ်ထွက်လက္ခဏာ စုံပြီဆိုလျှင် **ဓာတ်ဖြေဆေး**ပေးရတော့မည်။

ဓာတ်ဖြေဆေးမှာ ရောဂါပေါ် မူတည်ပြီး...

၁။ ကွမ်းရွက်ပြုတ်ရည်ပူပူ၊

၂။ ချင်း၊ ထန်းလျက်ပြုတ်ရည်ပူပူ၊

၃။ ကော်ဖီပလိန်း၊



၄။ ရေနွေးကြမ်းဖန်ဖန်၊

၅။ သံပရာ (သို့မဟုတ်) ရှောက်ရည်၊ ပျားရည် ဖျော်ရည်၊

၆။ အုန်းစိမ်းရည်ကို အပူပေး၍ တိုက်ခြင်း၊

၇။ ကြက်မှန်ရွက်၊ ထန်းလျက်ပြုတ်ရည်ပူပူ

စသည်တို့ကို ရောဂါအခြေအနေကြည့်ပြီး တိုက်ကျွေး၍ ဓာတ်ဖြေပေးရသည်။

ဓာတ်ထွက်စုံပြီး ဓာတ်ဖြေ၍ လူနာသည် ဓာတ်ပြေသွားပါက အစာတောင်းလာမည်။ ဗိုက်ဆာလာမည်။ ဝမ်းလေကျူတ်သံ ပေါ်လာမည်။ စိတ်ကြည်လင်လာပြီး မျက်နှာ ရွှင်ပျလာမည်။ ထိုအခါ ရောဂါအခြေအနေ ဓာတ်ခံပေါ် မူတည်၍...

(က) ထမင်းပူပူနွေးနွေး နှမ်းဆီစစ်စစ်ဆမ်း၍ ထန်းလျက်ခဲနှင့်ကျွေးခြင်း၊

(ခ) ထမင်းပူပူနွေးနွေးနှင့် ကြက်သားဟင်း၊ ကြက်သားကြော်၊ ဆိတ်သားဟင်း၊ အုန်းသလွန်ရွက်၊ ကန့်ချွန်ရွက်၊ မြင်းခွာရွက် စသည် ဟင်းချိုချက်၍ ကျွေးခြင်း၊

(ဂ) ကော်ဖီအချိုကို သင့်တော်သော မုန့်မျိုးစုံနှင့်ကျွေးခြင်း၊

(ဃ) ဆိတ်သား၊ ကြက်သားအစိုတို့ကို လူနာရှေ့တွင် မီးကင်၍ အနံ့ပေး၍ ကျွေးခြင်း၊ *[အာရုံကို နှိုးဆွ၍ ပေးကျွေးခြင်း။]*

(င) အမဲခြောက်၊ ဆတ်သားခြောက်တို့ကို မီးတွင်ဖုတ်၍ အနံ့ပေးပြီးကျွေးခြင်း၊ *[ဓာတ်နှိုး၍ ပေးကျွေးခြင်း။]*

စသည် ဓာတ်စာတို့ကို ဆရာဖြစ်သူက ဉာဏ်နှင့် ချိန်၍ ပေးကျွေးရသည်။ ကုသ၍ ဓာတ်လမ်းဖြောင့်မှန်သွားလျှင် လူနာသည် ရောဂါဝေဒနာမှာ နင်နေ ငါသွားဟု ဆိုရသလောက် ကောင်းမွန် သွားမည်။

**မှတ်ချက်။ ။ အဆင့်မြင့် တိုင်းရင်း ဆေးပညာရှင်များတွင် ပုံသေနည်း မထားပါ။ အခြေအနေကြည့်၍ ပေါ် လာသည့် ဓာတ်အပေါ် ဆင်ခြင် သုံးသပ်၍ ဆုံးဖြတ်ချက်ချပြီး ကုသ သွားကြပါသည်။**

ဤနေရာတွင် ဝါသနာရှင်များ တွေ ခေါ်သိမြင်နိုင်စေရန် အာစရိယထံ ကြားနာခဲ့ရသော အကြောင်းအရာ လေးတစ်ခုကို ကြားညှပ်ပြောပါမည်။

လွတ်လပ်ရေး မရမီအချိန်က ရှမ်း ပြည်နယ်ဘက်တွင် ဆရာချေဆိုသော ပုဂ္ဂိုလ်တစ်ယောက် ဆေးကုသတော် ကြောင်း သတင်းကြီးသည်။ သို့သော် ဆရာချေသည် ဘာဆေးဝါးမှ မ စပ် ဆေးဝါးလက်ကိုင်မထားပါ။ သ ကြိုက်နှစ်သက်သည်က ဘိန်းသုံးစွဲ ပင် ဖြစ်သည်။

လူနာရှင်က ဆရာကို သွားပင့်လျှ ဘိန်းတစ်ကျပ်သား ခြေကြွခ ကန်တော ရသည်။ ဆရာချေက လူနာထံ လိုက် လာပြီး မေးမြန်းအခြေအနေကြ သည်။ ပြီးလျှင် လူနာကို ကုသပေး ရက်ချိန်းကိုပေးပြီး ပြန်သွားပြီး ဘိန်း နေသည်။

ရက်ချိန်းပြည့်သည့်နေ့တွင် ဆ ချေ ရောက်လာသည်။ လူနာ၏ ဓာ ပေါ် မူတည်ပြီး ကုသရမည့် ပ လာသည်။ **[ဆေးဝါးမဟုတ်ပါ]**

ဆိုကြပါစို့။ သူ ကုသရမည့် က ဖောရောင်ပြီး တအီအီ တအ အော်နေရသည်။ ဗိုက်ကလည်း ကား၍ ရေဝင်နေသည့် ရေ



www.burmeseclassic.com

www.burmeseclassic.com

သည် ရက်ချိန်းပြည့်သည့်နေ့တွင် ဆရာချေက ရခိုင်ပြည်နယ်ထွက် ငါးမန်းခြောက် အမြှောင်းလိုက် တစ်ကောင်ကို အမြီးမှကိုင်၍ ဖော့ယမ်းပြီး လူနာ၏ အိမ်ပေါ်သို့ တက်လာသည်။

ပြီးလျှင် လူနာကို ထိုင်ခိုင်းပြီး မီးဖို၊ ဒယ်အိုး၊ နှမ်းဆီ စသည်တို့ကို အဆင်သင့်ပြင်ခိုင်းသည်။ အားလုံး အဆင်သင့်ဖြစ်လျှင် လူနာ၏ လျှာကို ထုတ်ခိုင်းပြီး ရှောက်ရည် (၁)စက်၊ (၂)စက်ကို တို့ပေးပြီး ရှောက်သီးအနံ့ကို တဝရှူခိုင်းထားပြီး(ဓာတ်နှိုးထားသည်။) လူနာကို...

'မင်း ငါးမန်းခြောက်ကြော် ကြွပ်ကြွပ်လေး မစားချင်ဘူးလား'

ဟု မေးသည်။

လူနာကလည်း သွားရည် တရွှမ်းရွှမ်းထွက်လာပြီး...

'အလွန် စားချင်ပါတယ်ဆရာ'

ဟု ပြောသည်။ ထိုအခါ ဆရာချေကိုယ်တိုင် ငါးမန်းခြောက် လက်လေးသစ်ခန့်တုံးပြီး ဆီအိုးထဲပစ်ထည့်၍ ကြော်ပြီး လူနာကို ပေးသည်။


တစ်လကိုးသီတင်း မည်သည့်အစာကိုမှ စား၍မဝင်သည့် လူနာသည် ငါးမန်းခြောက်ကြော် လက်လေးသစ်ကို အငမ်းမရ စားနေသည်။ ပြီးနောက်...

'ဆရာ မြန်မြန်ကြော် မြန်မြန်ကြော်'

ဟု လောဆော်နေသည်။

ဘေးမှ ကြည့်နေကြသော လူနာရှင်နှင့် ဆွေ့ပရိသတ်များ အံ့သြတကြီးဖြစ်နေကြသည်။ ဆရာချေ ငါးမန်းခြောက်ကြော်နေသည်ကို လူနာသည် သည်းခံပြီး မစောင့်နိုင်တော့ဘဲ ကိုယ်တိုင်ဝင်၍ ငါးမန်းခြောက် ဝင်ကြော်ပြီး အားရပါးရ ငါးမန်းခြောက် တစ်ကောင်လုံး ကုန်သည်အထိ စားသည်။

သာမန်လူကောင်း (၃/၄)ဦးခန့်



စားမကုန်သည့် ငါးမန်းခြောက်ကို လူနာတစ်ယောက်တည်း တစ်ထိုင်တည်းနှင့် အကုန်စားပစ်လိုက်လေသည်။

ပြီးနောက် ရေနွေးကြမ်းခါးခါး ပူပူလေး တဝမှုတ်သောက်ပြီး ချွေးတဖြိုက်ဖြိုက် ထွက်လာလိုက်၊ ဆီးထပြီး သွားလိုက်နှင့် နေ့တစ်ဝက် ကျိုးချိန်တွင် လူနာ၏ ခြေ,လက်,မျက်နှာများ အကုန်လုံး အရည်စစ်ပြီး ဝမ်းဗိုက်ပါ ချပ်၍လာသည်။

နေ့လယ်ပိုင်း တရေးတမော လူနာကို အိပ်စေပြီး ညနေပိုင်း အိပ်ရာနိုးလျှင် လနှင့်ချီ ခံစားနေရသည့် အဖောရောင် ရေဖျဉ်းရောဂါသည် ယူပစ်လိုက်သလို ရှင်းရှင်းကွာသွားသည်။

ကဲ ဝါသနာရှင် သုတေသီအပေါင်းတို့ ဘာပြောကြမည်နည်း။

ငါးမန်းခြောက်ကြော်ပြီး ကျွေး၍ အဖောရောဂါ၊ ရေဖျဉ်းရောဂါ ပျောက်ပါသည်ဟု တရားသေမှတ်ပြီး အဖောရောဂါ၊ ရေဖျဉ်းရောဂါသည်များကို ထိုနည်းအတိုင်း လိုက်၍ ကုနေကြမည်လား။ နည်းနည်းလေးမှတောင် သွားပြီး ဒီလို မကုသကြပါနှင့်။

"ဆရာပေါက်တူး" ဘွဲ့အမည်ခွင် သွားကြပါမည်။

အဆင့်မြင့် အဆင့်လွန်ပညာများတွင် တွေးခေါ်မြော်မြင်နိုင်မှု ဓာတ်တရားတို့ကို ထိုးထွင်းသိမြင်နိုင်စွမ်းသည် အင်မတန်မှ အရေးပါ အရာရောက်လှပေသည်။

"ဉာဏ်ချင်းမတူ ကံချင်းမမျှဘဲ" ပုံသေနည်း သွားထုတ်၍ အတုခိုးပြီး သုံးလျှင် အားလုံး ဒုက္ခရောက်သွားမည်။ ဒီတော့ ဉာဏ်ချင်းတူအောင် လေ့လာပါ။ တွေးခေါ် သုံးသပ်ဆင်ခြင်ပါ။ အမြဲတမ်း စိတ်တံခါးကို ဖွင့်ထားပြီး မြင်အောင်ကြည့်ပါ။

သို့မှသာ ပညာရပ်များ၏ သိမ်မွေ့နက်နဲမှုကို သိမြင်လာမည်။ မိမိသူတစ်ပါး နှစ်ဦးသားတို့ အကျိုးရှိမည် ဖြစ်သည်။ **[အဲဒါမှ နက်နဲခက်ခဲသည့် မြန်မာ့ဆေးပညာ ဓာတ်သိမှုပညာ ဖြစ်သည်။]**ဇာတ်လမ်းက အဆုံးမသတ်သေးပါ။ ကျန်သေးသည်။

လူနာရှင်နှင့် လူနာသည် ဆရာချေကို အထူးတလှယ် ကျွေးမွေးတင်၍ ပစ္စည်းငွေကြေး ပြည့်စုံစွာဖြင့် ကန်တော့ကြသည်။ ဆရာချေက လူနာကို...

'မင်းဗိုက်ကို ငါ့ကို ပြစမ်းပါဦး'

ဟု ဆို၏။

ထိုအခါ လူနာ၏ ချက်နေရာတွင် ကြက်ဉလုံးအရွယ်ခန့် အဖုတစ်ခု ကျန်နေသည်။

'အဲဒါကတော့ ငါရောဂါ အချုကြမ်း သွားလို့ နည်းနည်းတော့ ကျန်ခဲ့မယ်။ မင်း သည်းခံ'

ဟု ဆရာက ပြန်တောင်းပန်သည်။ လူနာက...

'ဆရာရယ် သေတွင်းထဲကနေ ဆွဲထုတ်ထားတာ ဒါလောက်တော့ စာဖွဲ့စရာ မလိုပါဘူး'

ဟု ဆိုသောအခါ အားလုံးပြုံး၍ ရယ်မောစွာဖြင့် စခန်းသိမ်းကြပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

### (၉)ရှောင်ဆေးတိုက်ပြီးနောက် ပြုမူနေထိုင် စားသောက်နည်း

လူနာ ဓာတ်ထွက်စုံဓာတ်ဖြေပြီး အစာအာဟာရ ကျွေးပြီးလျှင် နံနက်က တိုက်ကျွေးခဲ့သော ရှောင်ဆေး၏ အခိုး အငွေ့ကို နောက်တစ်နေ့နံနက်စော စောတွင် ပြန်ထုတ်ပေးရမည်။

လူနာကို ညနေ(၆)နာရီနောက်ပိုင်း အစာမကျွေးတော့ဘဲ နံနက်(၄)နာရီ ခန့်တွင် ကနဦးကဲသော ဝမ်းနုတ်ဆေး ကို တိုက်ပေးရမည်။

ဆေးတိုက်ပြီး (၃)နာရီခန့်တွင် ဝမ်း(၄,၅)ကြိမ်သွားမည်။ ဝမ်းရှင်းပြီဟု ထင်ရချိန်တွင် ချင်း+ထန်းလျက်ပြုတ် ရည်ပူပူတိုက်၍ ဓာတ်ဖြေပေးရမည်။ ဝမ်းသွားလည်း ရပ်သွားမည်။

ထိုအချိန်မှစပြီး အုန်းစိမ်းရည်ကို မီးအပူပေး၍ နွေးနွေးလေး တိုက်ပေး ပါ။ ဆီးကောင်းကောင်း လိုက်လာမည်။ ပြီးလျှင် ဆီထမင်းနှင့် ကြက်ကြော်ကို တဝကျွေးလိုက်ပါ။ **ဒုတိယနေ့** အစီ အစဉ်ပြီးပြီ။

**"တတိယနေ့"**

နံနက်(၉)နာရီတွင် ချွေးပေါင်းအိုး ဖြင့် ချွေးထုတ်ပေးရမည်။ **ချွေးပေါင်း အိုး ပြုတ်ဆေးများမှာ...**

(က) ကွမ်းရွက်ပြုတ်အိုး။

(ခ) နနွင်းမီး ပွိုင်းတိုက်ခြင်း။

(ဂ) သက်ရင်းကြီး + ဖုံမသိန်ရွက်ပြုတ်ခြင်း။

(ဃ) အကင်းဆယ်ပါးဆေးကို ရေနွေးဆူဆူနှင့် ပြုတ်၍ ဆေးပြုတ်အိုးလုပ်ခြင်း

စသည့် ရောဂါနှင့် သင့်လျော်လိုက် ဖက်သော ဆေးပြုတ်ရည်အိုးနှင့် ပေါင်း ချွေးအောင်း၍ ချွေးထုတ်ပါ။ ပြီးလျှင် လူနာကို ရေနွေးနှင့်စပ်၍ ရေချိုးပေး ပြီး...

(၁) နံ့သာဖြူ+ကရမက် +ဇာသီးသွေးရည်၊

(၂) အကင်းဆယ်ပါးဆေး + ကရမက်သွေးရည်

စသည် တစ်မျိုးမျိုးကို တစ်ကိုယ် လုံး လိမ်း၍ အခိုးထုတ်ပေးပါ။

ပေါင်းချွေးထုတ်ပြီး နံနက်စော ထမင်းမစားမီ လူနာကို ထန်းရည်(စစ် စစ်) ချိုပြင်လေးနှင့် ကြက်သားကြော် **[အိမ်ကြက်သုံးပါ။ မွေးမြူရေး အသား တိုးကြက် မသုံးရပါ။]**ကို ဓာတ်... ပေးကျွေးလိုက်ပါက နတ်ရေကန်... တက်လာသည့်အသွင် ရွှင်လန်းချ... မြေ့စွာဖြင့် မြင်တွေ့ရတော့သည်။

အထက်ပါ တင်ပြချက်အပေါင်း... သည် ဝါသနာရှင်သုတေသီအပေါ်... တို့ အကျိုးများစေရန်၊ မကျဉ်းမကျ... သိသာမြင်သာစေရန် ရှောင်ဆေး... ပတ်သက်သမျှ ရိုးသားစွာ စိတ်... အမှန်ဖြင့် ရေးသားတင်ပြလိုက်... သည်။

**[ပညာရပ်ဆိုင်ရာများသည် တ... နှင့်တစ်ခု ပတ်သက်ဆက်စပ်နေ... သဖြင့် အနုစိတ် ရေးသားတင်ပြ... လျှင် ကုထုံးကျမ်းတစ်စောင်အ... ရေးသားတင်ပြမှသာလျှင် ပြီးပြ... နိုင်ပေလိမ့်မည်။ သို့ပါ၍ ဤ... လောက်နှင့် ကျေနပ်ကြပါဟု ပန်... ပါသည်။]**

**ဦးမင်းဖင်(ရွှေနဝင်း)**

---

စာမျက်နှာ (၂၀၃)မှ အဆက်

မိမိချစ်သူ သူတစ်ပါးလက် ရောက်သွားတတ်သည်။

❖ **အမျိုက မြင်မက်လျှင်...**
လိမ်လည် ဖြားယောင်းသွေးဆောင်မှု ဂရုစိုက်ပါ။

❖ **ကုန်သည်က မြင်မက်လျှင်...**
ကုန်ပစ္စည်းများ ရန်သူဘေးကြောင့် ဆုံးရှုံးနိုင်သည်။

❖ **တောင်သူလယ်သမားက မြင်မက်လျှင်...**
ကောက်ပသီးနှံ အထွက်လျော့တတ်သည်။

❖ **ကျောင်းသူကျောင်းက မြင်မက်လျှင်...**
စာအုပ်၊ စာရေးကိရိယာများ လုံခြုံစွာ သိမ်းပါ။

❖ **ကိုယ်ဝန်ဆောင်စဉ် မြင်မက်လျှင်...**
သန္ဓေသား ကျန်းမာရေး ချို့ယွင်းတတ်သည်။

❖ **ပစ္စည်းပျောက်၊ လူပျောက်စဉ် မြင်မက်လျှင်...**
လမ်းစ မမြင်ရတော့ပြီ။

❖ **အမှုတပေါင် ရင်ဆိုင်ရစဉ် မြင်မက်ပါက...**
မတရားအမှုဆင် လိမ်လည်ယိုးစွပ်ခြင်း ခံရဖွယ်ရှိသ...

❖ **ကျန်းမာရေး ညှိုးဖျင်းစဉ် မြင်မက်ပါက...**
ရောဂါဝေဒနာ တာရှည်တတ်သည်။

❖ **အဝေး တစ်နယ်တစ်ကျေး ရောက်နေသူအတွ... မြင်မက်လျှင်...**
ပြည်ပြန်၊ ရွာပြန်ခရီး မနီးလှသေးပါ။

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# ကြွပြန့်သွားသော ရှင်သီဝလိ

သီလေးငယ်
(လယ်တော်)



စာရေးသူတို့ ရှမ်းတိုင်းရင်းသားများစုတို့သည် နတ်ကိုးကွယ်မှုများ ကြသည်။ အဓိကအားဖြင့် အိမ်တွင်းနတ်များကို ကိုးကွယ်ကြသည်။ ထို့ပြင် များသော နတ်များကိုလည်း မိမိတို့ ကြည်ရာ ကိုးကွယ်တတ်ကြ၏။

စာရေးသူတို့ ရှမ်းတိုင်းရင်းသား ရွာတိုင်းတွင်မူ ရွာနတ်စင်များ စီရှိကြပါသည်။ ထိုနတ်စင်များ သန့်ရှင်းရေးလုပ်ရန်နှင့် ဆွမ်း,ပန်း မွမ်း ကပ်ရန်အတွက် ရွာမှ တာဝန် လူတစ်ယောက် ထားရှိပါသည်။ ထိုသူကို **"နတ်ထိန်း"**ဟု ခေါ်ကြ သည်။ ထိုသူကား ရွာနတ်စင်၏ တာဝန်အားလုံးကို ယူရသူဖြစ်သည်။

ရွာနတ်စင်များကို **"ရွာတော်အရှင်**"ဟူ၍ ပူဇော်ပသလေ့ရှိကြ၏။ ထိုသို့ပူဇော်ရာတွင် နှစ်စဉ် ဝါတွင်း ကာလမတိုင်မီ နယုန်လတွင် တစ်ရွာ တစ်ရက် သတ်မှတ်ပြီး နတ်ပူဇော် များ ပြုလုပ်ကြသည်။ ထိုနတ်ပူဇော် များကို ကျေးရွာ(အရပ်)အခေါ် **"နတ်တက်ပွဲ"**ဟု ခေါ်ကြသည်။

ထို နတ်တက်ပွဲကို ကျေးရွာရှိ ကြီးရွယ်အိုမှစ၍ အပျို၊ လူပျို၊ လေးများပါမကျန် ဝင်ရောက်ဆင်နွှဲ ကြသည်။ ထိုနတ်တက်ပွဲကိုလည်း ရွာ နတ်စင်ရှိရာ နတ်စင်ကျောင်းတလင်း တွင် ပြုလုပ်ကြ၏။

ထိုနတ်ပူဇော်ပွဲတွင် အဓိကအားဖြင့် ထမင်း၊ ဟင်းနှင့် မုန့်များ၊ ခြံထွက် သီးနှံများဖြင့် နတ်ကို ပူဇော်ပသကြ သည့်အပြင် လာရောက်ကြသော ရွာသားများပါ ပျော်ရွှင်စွာ ဝိုင်းဝန်း စားသောက်ကြ၏။

မုန့်များကိုမူ ကောက်ညှင်းဆန်မုန့် များဖြင့် အဖြူ၊ အနီ၊ အဝါ စသည်ဖြင့် စွာ ရောင်စုံပြုလုပ်ကြသည်။

နတ်တက်ပွဲတွင် အဓိက ပူဇော်သော ဟင်းလျာတစ်မျိုးမှာ ငါးကင်ဖြစ်သည်။ ငါးများကို တံစို့နှင့်ကင်၍ ပူဇော်ပသကြ၏။ ကျေးရွာအယူအဆများအရ ထိုငါးကင်ထားသော ငါးတံစို့များကို စပါးခင်းများ၏ အလယ်တွင် မြှုပ်နှံထားပါက စပါးပိုးမကျဟု အယူအဆ ရှိကြသည်။

ထို့ပြင် နတ်ပူဇော်ပွဲ၌ ကျွေးသော ထမင်း၊ ဟင်းနှင့် မုန့်များ၊ သစ်သီးများကို ကလေးငယ်များအား ကျွေးခြင်းဖြင့် သူငယ်နာစင်၍ ကျန်းမာသည်ဟု တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ယူဆကြပြန်သည်။

စာရေးသူတို့ မိသားစုမှာ ထိုသို့ နတ်ပူဇော်ပွဲများကို သွားရောက်ကြပါသော်လည်း အိမ်၌မူ နတ်ကိုးကွယ်မှု မရှိပါ။ စာရေးသူ၏အဘိုး လက်ထက်ကတည်းက ဘုရားမှတစ်ပါး အခြား ကိုးကွယ်ရာမရှိဟု အဓိဋ္ဌာန်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

သို့ရာတွင် စာရေးသူတို့ မျိုးရိုး၏ အစဉ်အလာများအရ အဖေ၊ အမေ ကိုးကွယ်ခဲ့သော ဘုရားဆင်းတုတော်နှင့်တကွ ကိုးကွယ်ခဲ့သော အရာအားလုံးကို အထွေးဆုံး(အငယ်ဆုံး)သား သမီးများက ဆက်ခံကိုးကွယ်လေ့ ရှိကြပါသည်။

စာရေးသူ၏မိခင်မှာ အထွေးဆုံး သမီးဖြစ်၍ မိဘထံမှ ကိုးကွယ်ရာများကို အမွေအဖြစ် ဆက်ခံကိုးကွယ်ခွင့် ရခဲ့သည်။

ထိုကိုးကွယ်ရာများမှာ ဘုရားဆင်းတုတော်နှစ်ဆူနှင့် တန်ခိုးကြီးဆရာတော်(ရဟန်းတော်)များ၏ ပုံတော်များဖြစ်သည်။ ထိုအထဲတွင် ကြုတ်ဘူး(လက်မ အရွယ် ပုလင်းသေးသေးလေး)ထဲတွင် ထည့်ထားသော ရှင်သီဝလိရုပ်ပွားတော်ပါ ပါရှိ၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုရှင်သီဝလိ ရုပ်ပွားတော်အား ကိုးကွယ်ခြင်းဖြင့် ရန်သူမျိုးငါးပါးမှ ကင်းဝေးနိုင်စေပါသည်။ ထို့ကြောင့် စာရေးသူတို့အဘိုး လက်ထက်ကတည်းက ယုံယုံကြည်ကြည်ဖြင့် ကိုးကွယ်ခဲ့ကြသည်။ လက်တွေ့၌လည်း အကျိုးရှိခဲ့ပါသည်။

စာရေးသူ၏ အဘိုးသည်လည်း အဘိုး၏အဖေထံမှ ထိုရှင်သီဝလိ ရုပ်ပွားတော်ကို အမွေအဖြစ် ဆက်ခံကိုးကွယ်ခွင့် ရခဲ့သည်ဟု ဆိုပါသည်။ ထို့ကြောင့် ထိုရုပ်ပွားတော်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

ထိုရုပ်ပွားတော်မှာ ပုလင်းသေးသေးလေးထဲတွင် ထိုရှင်သီဝလိရုပ်ပွားတော်ကို လက်ရာမြောက်စွာ ထွင်းထု၍ ထည့်ထားခြင်းဖြစ်ပေသည်။ ပုလင်း၏ အရောင်မှာ အကြည်ရောင်ဖြစ်၍ ထိုရုပ်ပွားတော်ကို ရွှေရည်သွန်းလောင်းထားခြင်းကြောင့် အလွန်တရာ သပ္ပါယ်လှပါသည်။

ထိုရှင်သီဝလိရုပ်ပွားတော်ကို မြင့်မြတ်သောနေရာ၌သာ စံထားရခြင်းဖြစ်၏။ မသန့်ရှင်းသော နေရာ၌ မထားသင့်ပေ။ အထူးသဖြင့် အောက်သို့ မချသင့်ကြောင်းကို စာရေးသူ၏ အဘိုးလက်ထက်ကတည်းက အစဉ်အဆက် သိရှိမှတ်သားလာခဲ့ကြသည်။ ထိုသို့ မြင့်မြတ်သော နေရာများ၌သာ စံထားလျှင် ထိုရုပ်ပွားတော်ကြီးမှာ အိမ်၌ စွဲမြဲစွာ ကိန်းဝပ်စံပယ်တော်မူနေတတ်သည်။

စာရေးသူ၏မိခင် လက်ထက်၌လည်း မြင့်မြတ်သော နေရာ၌သာ ထား၍ ကိုးကွယ်ခဲ့ပါသည်။

သို့ပါသော်ငြား တစ်ခုသော သင်္ကြန်တွင်းအခါရက်တွင်ဖြစ်သည်။ စာရေးသူ၏ မိခင်သည် ဘုရား ရေသပ္ပါယ်ရန်အတွက် ဘုရားဆင်းတုတော်နှင့်တကွ ထို ရှင်သီဝလိရုပ်ပွားတော် ဘူးလေးကိုပါ အိမ်ရှေ့ ကွပ်ပျစ်ပေါ်သို့ ပင့်ဆောင်ခဲ့သည်။



ကွပ်ပျစ်၏ စားပွဲပေါ်တွင် ဘုရားရုပ်ပွားတော်များကို စံထားပြီး ရှင်သီဝလိရုပ်ပွားတော်ကိုမူ အခြားခုံသေး တစ်လုံးပေါ်တွင် စံထားသည်။

ထို့နောက် စားပွဲဘေးတွင် ချထားသော ကင်ပွန်းတရော်ရည် ရေဇလုံကို လှမ်းယူသည့်အခိုက် လက်ဖြင့် ရှင်သီဝလိရုပ်ပွားတော်မြတ် စံတော်မူနေရာခုံကို တိုက်မိလိုက်၏။ ထိုအခါ ရှင်သီဝလိရုပ်ပွားတော် ဘူးလေးမှာ သေးငယ်ပေါ့ပါးလှသည့်အတွက် မြေအောက်သို့ လွင့်စဉ်ကျသွားခဲ့သည်။

စာရေးသူ၏မိခင်မှာ ပျာပျာသလဲ ဘူးလေးကို ပြန်လည်ကောက်ယူလိုက်သည့်အချိန်မှာ ဘူးအခွံ(ပုလင်းအလွတ်)သာ ကျန်တော့၏။ ရှင်သီဝလိရုပ်ပွားတော်မှာ ပျောက်ချင်းမလှ ပျောက်သွားခဲ့ပါသည်။

စာရေးသူ၏ မိခင်မှာ ထိုပုလင်းလေးကို ပင့်ဆောင်လာစဉ်က ပုလင်းထဲမှ ရှင်သီဝလိရုပ်ပွားတော်မြတ် ရှိနေသေးကြောင်းကို အသေအချာ တွေ့ခဲ့သည်။ မြေအောက်သို့ ကျပြီးမှသာ ပျောက်သွားခြင်း ဖြစ်ပေသည်။

ထိုပုလင်း၏ အဖုံးမှာလည်း ဖွင့်ရလွယ်ကူသည့် အဖုံးမျိုး မဟုတ်ပါ။ သို့ပါသော်ငြား ပုလင်းအဖုံး မပွင့်ဘဲ ရုပ်ပွားတော် ပျောက်သွားခြင်းမှာ လွန်စွာ ထူးဆန်းလှပါသည်။

ထိုအချိန်က စာရေး
၏မိခင်မှာ စိတ်မကော
ကြီးစွာ ဖြစ်ခဲ့
ရှင်သီဝလိအား ရည်
ပြန်လည် ကြွပေးပါ
တောင်းပန်ခဲ့သော်လည်
ယနေ့ထိ ပြန်ကြွလာ
မရှိပါ။ ယခုထိ ပု
အလွတ်လေးကို စာရေး
တို့ နေအိမ်၏ ဘုရား
ကိုးကွယ်ထားဆဲ ဖြ
သည်။

ဤသည်မှာ အနိမ့်
သို့ ရောက်သွားသောကြောင့် ကြ
သွားခြင်း ဖြစ်မည်ဟု စာရေးသူ
ယုံကြည် ယူဆခဲ့ပါသည်။

ထို့ပြင် ရှေးလူကြီးများ၏ ပြော
ချက်များရ **ထိုသို့ တန်ခိုးကြီးရုပ်
တော်များသည် အနိမ့်ပိုင်းရော
လျှင် ပြန်ကြွသွားတတ်ကြသ
သာမက မကောင်းမှုတွေ လွ
နေတတ်သော အိမ်များတွင်လည်
မ,စံမွေ့ယ်တတ်ကြောင်း သိရသ**
ထို့နည်းတူစွာ တန်ခိုးကြီး တတ်
များသည်လည်း ဤသို့ပင် ဖြ
သည်။

မြင့်မြတ်သော ပုဂ္ဂိုလ်တို့
မြင့်မြတ်သော နေရာ၌သာ စံ
တတ်ကြပါသည်။

**[စာရေးသူ မိခင်၏ ကိုယ်
ဖြစ်ရပ်အား ဆီလျော်အောင် ရေး
ပါသည်။]**

*စာရှုသူများအား အစဉ်
လျက်...*

**ညီလေးငယ်(လယ်**





www.burmeseclassic.com

www.burmeseclassic.com



# ယုံကျမြင်း မျှောားဆောင် (၂)

ရွှေတောင် ခင်မောင်ကြည်

ယခင်လမှ အဆက်

တရုတ်မော်ရှာဝင်တော့ သူကြီး ည်းယာဥ်မှန်း လူတိုင်းသိ။ အသံဗလံ တ်ဆိတ်ထိပ်တုံးနဲ့ ဝေးဝေး။

သူကြီးအိမ်ကို ရောက်ပြီ လှည်းပေါ် အဆင်း ဘေးဘီဝဲယာ ကြည့်လိုက် တော့ သူကြီးအိမ်က နှစ်ဆောင်ပြိုင် ကြီး။ မြောက်အရပ်က ခြေရင်း၊ တောင်အရပ်ကတော့ ခေါင်းရင်း။ ရှေ့ဘက်ကို ကျောခိုင်း၊ အနောက် နှုပ်ကို မျက်နှာမူထားတယ်။

လမ်းနှစ်သွယ်အကြားမှာ အိမ်က နေတာ။ အိမ်ဘေးပတ်လည်မှာ ယ်တွေနဲ့ အဖီတွေ ချထားတယ်။ အုန်းလေးဘက်ချကြီး။

သူ့အိမ်ရဲ့ရှေ့ဘက် တစ်လမ်းကျော် အနောက်အရပ်မှာ အင်္ဂလိပ်ကိုလိုနီ အစိုးရ ဂေါ်ရာစစ်ပုလိပ်တွေနေဘဲ့ ဂတ်ကွင်း။ မြင်ကွင်းက ရှင်းတယ်။ ကပ်လျက်။

တိုက်သူကြီးက ကျုပ်ကို ကြည့်ပြီး သူ့တပည့် တစ်ယောက်ကို ကျုပ်နေရမယ့်အိမ်ကို လိုက်ပို့ခိုင်းတယ်။ သူကြီးအိမ်ရဲ့ အနောက်တောင်ထောင့်က မြေစိုက်သွပ်မိုး ပျဉ်ထောင် အိမ်တစ်လုံး။

ကျုပ် အဲဒီအိမ်ကို သွားခါနီး သူကြီး ကမှာတယ်။ စိတ်အေးချမ်းသာနေပါ၊ လိုတာပြောပါတဲ့။

မနက်စာစားတော့ ကျုပ်ကို ခေါ်တယ်။ အတူစားတယ်။ ညစာလဲ အဲဒီ အတိုင်းပဲ။

သူကြီးနဲ့ ကျုပ်နဲ့က အသက်မတိမ်း မယိမ်း။ သူက ကြီးရင် (၂)နှစ်၊ (၃)



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပဲ။ ကျုပ်ကအငယ် သူကအကြီး။ ကျုပ်ကို ရင်းရင်းနှီးနှီး ဆက်ဆံတယ်။ သူကြီးဆိုတဲ့ပါဝါ ကျုပ်အပေါ်မှာ မရှိဘူး။ ပြလဲ မပြဘူး။

ကျုပ် တရုတ်မော်ကိုရောက်လို့ (၁၅) ရက်လောက်ကြာတော့ သူကြီးက ကျုပ်ကို ပြောတယ်။ ဘမြိုင်ကို ပြောစရာတွေ ရှိတယ်တဲ့၊ ပြောပါဆိုတော့...

'ဘမြိုင်ကို ဘယ်သူကြီးကမှ လက်မခံဘူး။ အရေးပိုင်မင်းတောင် စိတ်ညစ်နေတာ။ ငါနဲ့က ရင်းနှီးတော့ မောင်မြမင့်ကို ယုံတယ်။ မင်းခေါ်သွားလိုက်ဆိုပြီး ထည့်လိုက်တာပဲ၊ ကျုပ်ကိုညီအစ်ကိုလို သဘောထားပါ'

လို့ ပြောတယ်။ ကျုပ်ကလဲ သူ့ကို ကိုယ့်အစ်ကိုအရင်းလိုပါပဲ။ သူ့ကျေးဇူးကြီးတယ်။ သူကောင်းထားတာတွေ အများကြီး။ တစ်သက်မမေ့နိုင်စရာ။

နယ်ပြောင်း ကျော်စောနဲ့ မတူတဲ့ ဘမြိုင်ပါ။ သူကြီးရဲ့ စေတနာ။

တရုတ်မော်ကို ရောက်လို့ (၃)လလောက်အကြာ...

မနက်စာ စားအပြီး လက်ဖက်ရည်ကြမ်း သောက်ကြတော့ ချေသားကြော်လေးမြည်းလိုက်၊ ဆတ်သားခြောက်ဖုတ်ကလေးဝါးလိုက်၊ ချိုးကြော်ကလေး ကိုက်လိုက်၊ လက်ဖက်ခွက်ကလေး နှိုက်လိုက်၊ စကားတွေ ပြောလိုက် ရယ်လိုက်မောလိုက်။

အထိုက်အလျောက် စိတ်နောက်ရယ်တဲ့ ကိုယ်မပါ။ အိမ်ကို လွမ်းလိုက်တာ၊ ရွာကိုလွမ်းလိုက်တာ။ တကတည်းလေ မပြောချင်ဘူး။ အဟုတ်။

အဲဒီအချိန် ဆိုင်းမဆင့်ဗုံမပါ သူကြီးက စကားစတယ်။

'ဘမြိုင် မင်းရွှေဖြစ်တယ်ဆိုတာ တကယ်လား'

ကျုပ် မဖြစ်ဘူးပြောလဲ သူကြီးက



ယုံမှာမဟုတ်။ ဖြစ်လဲဖြစ်နေတာ မလိမ်ပါဘူး။ တဲ့တိုးပဲ ဖြစ်တယ်လို့ ပြောလိုက်တယ်။

'ငါ ကြည့်ချင်တယ်'

တဲ့ဗျာ။

လုပ်ပြရသေးတာပေါ့၊ ရိက္ခာထောက်လမ်းစပ်တူလမ်းလေး၊ စားလမ်းလေး။ ပြဒါးကနေ ရွှေဖြစ်တာလေး။

'လိုတာတွေ ဝယ်ပေးပါ'

ဆိုတော့...

သူကြီးဆိုတာလေ ချက်ချင်းပဲ သူ့တပည့်တစ်ယောက်ကို မြင်းနဲ့ လွှတ်လိုက်တယ် ပြည်မြို့ကို။

ညောင်စာရေးကိုဖြတ်၊ ရွှေတောင်မှာရပ်၊ ရွှေတောင်ကနေ ပြည်ကို တစ်ဆင့်သွား ကားကလေးကိုစီး။

မြင်းသည်တော် ထွက်သွားလို့ တစ်နာရီတောင် မကြာလိုက်ဘူး။ လူတစ်ယောက် ရောက်လာတယ်။ ပခုံးပေါ်မှာ ဖားဖိုထမ်းလို့ လေးထပ်ဖိုလေး။ တစ်တောင်သာသာ (အဲဒီဖိုလေး အခုဖိုးဟန်လက်ထဲမှာ)။

နောက်တစ်နေ့ညနေ နေဝင်ခါနီး အဝယ်တော် ပြန်ရောက်လာတယ်။ မှာလိုက်တာတွေ ပါလာတယ်။

အိန္ဒိယဒုတ္တာက တစ်ပိဿာ၊ ခဲတစ်ပိဿာ၊ ဝါးဆစ်ဘူးနဲ့ ထည့်တဲ့ တရုတ်နိုင်ငံကလာတဲ့ ပြဒါးက (၄၀) သား၊ လက်ချားက တစ်ပိဿာ၊ များများစားစားမဟုတ်၊ ပေါ့ပေါ့ပါးပါး

တစ်နိုင် သံပျော့ဒယ်အိုးနှစ်ဖက်...
လေးက တစ်လုံး။

မနေ့ကပဲ ကျုပ် အိမ်မှာထိုင်နေ...
လုံရိုက်ဖို့ မြေကြီးမှာတော့ သူကြီး...
ရှာပေးတယ်။ သူ့တပည့်တွေကို ...
ကြစမ်းဟေ့ သွားကြစမ်း။

သူကြီးအိမ်ခေါင်းရင်းဘက် ဆီး...
အောက်က တောင်ပို့မြေ၊ ကရင်...
ရွာ အရှေ့ဘက်ထိပ်က မြေနီ၊ ရေ...
မြစ်ထဲကသဲ၊ မီးဖိုထဲကပြာ၊ ရေ...
ပက်ပက်နဲ့ပြီး နှပ်ထားလိုက်တ...
အချိုးအစားကျကျလေး။

ကနေ့မနက်တော့ လုံရိုက်ဖို့ လုံ...
ပုံစံလုပ်တယ်။ လုံရိုက်တယ်။ လုံ...
က (၆)လက်မ၊ ထိပ်ဝက လက်နှ...
လုံးပတ်က တစ်မိုက်။

ကျုပ်ထိုးမယ့် ဓာတ်တွေနဲ့...
အံကိုက်။

ဖောက်လုံ၊ လုံခါးပြတ်၊ လုံ...
မိုက်လုံ။ ရွှေကျိုဖုံ အရွယ်စုံ ဆို...
အကုန်ရိုက်လိုက်တယ်။ လိုလေ...
မရှိ အပြည့်။

လူပျိုကြီးဘမြိုင်။ ဆရာ...
ကျောင်းမှာ ကပ်နေတဲ့ ကပ္ပိယ။ ...
သီလတော့ လုံသဗျို့။ အသက်က...
အရွယ်ကလဲကျ မာနကလဲကင်း...
လိုခြင်းလဲမရှိ၊ အလိုရမက် ကင်း...
ဦးတည်ခြင်းတစ်ရပ်အတွက်...

စားဖို့မပူရ၊ ဝတ်ဖို့မပူရ၊ နေ့...
တိုက်သူကြီး ကျေးဇူးရှင်ဦးမြ ကြ...
စောင်မ။ လိုတာမှန်က' အ...
နေမကောင်းတာက အစ။

နှာစေး ချောင်းဆိုးလေး...
အဖြစ်မခံဘူး။ အရိပ်တကြည့်ကြ...
မှန်ရှသလို၊ ကျုပ်ကတော့ တိုက်...
ဦးမြ တယ်လဲ တာဝန်ကြီးလှ...
တွေးမိတယ်။

သူတာဝန်ကျေပြီး ဝတ္တ...



www.burmeseclassic.com

www.burmeseclassic.com



ပိုသလို ကျူပ်ကလဲ တုံ့ပြန်ကျေးဇူး အထူးဆပ်မှာပါ။

သာသနာတော်စောင့်နတ်၊ လောကပါလနတ်၊ သမ္မာဒေဝနတ် နတ်ကောင်းနတ်မြတ်တွေကို မေတ္တာပို့တယ်။ အမျှဝေတယ်။ ဆွေမျိုးစပ်တယ်။

ထွက်ရပ်ပေါက် ဆရာတော်ကြီးများ။ ရသေ့မြတ်များ။ ဘိုးတော်ကြီးများ။ မယ်တော်ကြီးများ ကူညီညာပိုင်း မှိုင်းမကာ စောင့်ရှောက်ကြဖို့ တောင်းပန်တယ်။ အပ်နှံတယ်။

နှုတ်ကလဲတရစပ် မြတ်ဗုဒ္ဓဒေသနာတော် ပရိတ်မြတ်တွေကို ရွတ်ဖတ်လို့ ကျူပ် သီလမြဲတယ်။ သမာဓိရှိတယ်။ ပညာတတ်တယ်။

အဂ္ဂိရတ်မီးအတတ်မှာတော့ ကျူပ်ဆရာတော်က ထွက်ရပ်ပေါက်ပုဂ္ဂိုလ်။ ဘာလိုသေးလဲ။ ကျူပ်ကလဲ ဆရာတော်နဲ့ အတူနေ တပည့်တစ်ယောက်။

ကိုင်း **"စပ်တူလမ်း ရိက္ခာထောက်"** ကျူပ် ဖြစ်မြောက်အောင်လုပ်ပြီ။

*　*　*

အဂ္ဂိရတ်ဆရာကြီး ဘမြိုင်အကြောင်း ဘကြီးဦးတက်တိုးက မနားတမ်း ပြောသွားတာ အရှုအရှိုက်တွေနဲ့။ ဖိုးဟာန် မေးကွက်ကလေး တစ်ကွက်တောင် ဝင်ပြီးတော့ မထောက်နိုင်ဘူး။ ဇာတ်လမ်းပြတ်ပြီး အာရုံရပ်သွားမှာစိုးလို့။

နတ်သံမနှောတဲ့ ဇာတ်လမ်းရေယဉ်ကြောမှာ မောင်ဖိုးဟာန် မျောပါနေပါတယ်။

ဘကြီးအပြော ရပ်လိုက်တော့ မောင်ဖိုးဟာန် သတိကပ်မိပါပြီ။

ဘကြီးဆက်ပြောပါဗျာ ဆိုတော့ နေပါဦးကွာ ရေနွေးကလေး သောက်လိုက်ပါရစေဦးတဲ့။ လက်ဖက်ခွက်ကို လက်နှိုက်ပြီး ဝါးတယ်။ မြို့နေပြီးမှ ရေနွေးတစ်ကျိုက် သောက်တယ်။

အသက်က (၈၀)ထဲကို ချင်းနင်း၊ အရွယ်ကလဲ အိုမင်း။ အင်းပေ့ါလေ။ တောက်လျှောက်ကြီး မနားတမ်း ပြောတာဆိုတော့ သူ့ခမျာ မောပေရှာမှာပေ့ါ။

စာရှုသူများပင် ဖတ်ရတာ မောနေလောက်ပြီ ထင်ပါရဲ့။

သည်းခံကြပါဗျာ ဆက်ဖတ်ပေးကြပါ။

"ဖြစ်ရပ်မှန်လေးမို့ အသေးစိတ်ရေးချင်တာ"

မြန်မာ့အဂ္ဂိရတ် မီးအတတ်က ကိတ်ဓာတ်မြတ်ထွက်ပါတယ်။ နည်းပညာလဲမှီး မီးကိုလဲ နားလည်ရင် ဖြစ်ကြပြီ။

မြန်မာ့အဂ္ဂိရတ်ပညာ ဆိုတာက အာရုံ(၆)ပါးနဲ့ မီးကစားကြရတာပါ။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန။ နိုင်ငံရပ်ခြား တိုင်းတစ်ပါးနဲ့တော့ ကွာပ။

မီးချိန်မရှိ မျက်စိနဲ့ ကြည့်ရတဲ့ မီးပညာ။

လေချိန်မရှိ ပကတိ ဖိုဆွဲတဲ့ လက်ပေါ်မှာ။

လေအလျှော့အတင်းနဲ့ မီးကို ရင်းနှီးပြီး လိုရင်းရောက်စေတဲ့ပညာ။ အတတ်ပညာပိုင်းမှာ လျှို့ဝှက်နက်နဲတဲ့ မြန်မာ့အဂ္ဂိရတ်မီးပညာ ကမ္ဘာမှာ မြန်မာဟော့လို့ ဂုဏ်ယူစရာ။

ဘကြီးဦးတက်တိုး ဆက်ပြောမယ့် အခန်းက အရမ်း အရမ်း အရေးကြီးတဲ့ အခန်း။ ဒိဋ္ဌဓမ္မ ကိုယ်တွေ့မျက်မြင် လက်တွေ့အတတ်သင်။

တရုတ်မော်ရှာ အဂ္ဂိရတ်သမိုင်းမှာတော့ မှတ်တမ်း။ တကယ်ရွှေဖြစ်တဲ့ ဇာတ်လမ်း။

နားထောင်ကြစမ်း။ မှန်းစမ်း။

ဘကြီး ပြောဖို့ အားယူနေပြီ။ ဟော ပြောပြီ။

*　*　*

အဖေတိုက်သူကြီးက လူကြီးပီပီ ရှေ့ခရီးကို မျှော်တယ်။ ငါနဲ့ ငါ့ညီ မောင်ဘသောင်းကို အဂ္ဂိရတ် တတ်စေချင်တယ်။ ရွှေဖြစ်စေချင်တယ်။ ဆရာကြီးဘမြိုင်ရဲ့ပညာကို ရစေချင်တယ်။

မိဘရဲ့မေတ္တာနဲ့စေတနာ။ ပိုတာမရှိ။ လိုတာသာရှိ။

အဲဒါနဲ့ ဆရာကြီး ဖိုခွင် စဝင်တဲ့နေ့ တို့ညီအစ်ကိုနှစ်ယောက်ကို တပည့်အဖြစ် အမေက အပ်တယ်။ ဆရာကြီးကလဲ လက်ခံတယ်။ ဆရာတပည့်တွေ ဖြစ်သွားကြပြီ။

ပထမနေ့ ပြဒါးဖမ်းတာက စသင်တယ်။ ထုံကလဲ နာထုံ။

သံပျော့ဒယ်အိုးထဲမှာ နာ (၂၀)ကျပ်သားကိုထည့်၊ ဖိုခွင်နှုတ်ခမ်းမှာ ကျောက်စရစ်ခဲ (၃)ခဲကို ဖိုခုံလောက် ဆိုင်တင်၊ အဲဒီအပေါ် ဒယ်အိုးတင်၊ မီးဆင်ပြီး ထိုးတယ်။

ဖိုရုံလေးဘေးမှာ ပေါက်နေတဲ့ဘမာပင်က လက်ညှိုးလုံးလောက် ဘမာကိုင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ကိုင်းကို ဓားနဲ့ခုတ် တစ်တောင်သာသာ ဖြတ်ယူတယ်။

တစ်ပေါက်ဖားဖို မီးပြင်းတာပဲ။ ခဏနဲ့ နာအရည်ပျော်ပြီ။ ဖားဖိုကိုရပ်၊ သံပျော့ဒယ်ပိုင်းလေး အောက်ကိုချ၊ သဲခွက်ပေါ်ကိုတင်။



ပျော်နေတဲ့နာကို တမာကိုင်းထောက်ပြီး မွှေတယ်။ မွှေနေရင်း၊ မွှေနေရင်း နာချေးတွေ ထွက်လာတယ်။ အဖတ်လိုက်၊ အဖတ်လိုက် သံဒယ်နှုတ်ခမ်းကို ကပ်,ကပ်သွားတယ်။

မီးဖိုပေါ်တင်လိုက်၊ မွှေလိုက်၊ မွှေလိုက်၊ တင်လိုက်နဲ့ နာက ဖွေးပြီး သန့်လာတယ်။ တို့ညီအစ်ကိုကိုလဲ မွှေနိုင်းတယ်။ မွှေကြရတယ်။ လက်တွေညောင်းလို့။

နောက်ဆုံး နာတစ်ဆယ်သား ကျန်တဲ့အခါမှာ နာထိပ်မှာ ပြဒါးဟိတ်တက်ရိုက်နေလိုက်တာ အကွက်လိုက်၊ အကွက်လိုက် ဖွေးပြီး ပွင့်နေသလိုပဲ။

နာခဲအလယ်မှာ ဝ,လေးကွင်းလို့။ အပေါက်ကလေး တစ်ပေါက်။ အဲဒီအပေါက်ထဲမှာ နာပြဒါးက အမြှောင်းလိုက်၊ အမြှောင်းလိုက် တစ်ချောင်းအပေါ် တစ်ချောင်းထပ်ပြီး ယှက်နေတယ်။

ဖိတ် ဖိတ် ဖိတ် ဖိတ်နဲ့ နေရောင်မှာ ထောင်ကြည့်ရင် ရောင်စုံယှက်နေလိုက်တာ မက်မောစရာ။

ဇောက်လုံထဲမှာ ဖိတ်ဖိတ်တောက်နေတဲ့ နာသန့်ကိုထည့်။ ဖားဖိုမီးနဲ့ ခါးတိုက်ထိုးတယ်။ နာအရည်ပျော်တော့ သဲခွက်ထဲကို ဆွဲချတယ်။

ကြည့်လိုက်တော့ နာ(၁၀)ကျပ်သားနဲ့ လုံးက အံကိုက်ပဲ။ အစပထမထဲက နာ(၁၀)ကျပ်သားဆံ့မယ် လုံးကို ရွေးထားတာ။ လုံးနှုတ်ခမ်းအောက် စပါးလုံး တစ်လုံးစာလောက်မှာ နာမျက်နှာပြင် ဝင်းနေတယ်။

နာပျော်နှုန်း တော်တော်ကျပြီး ခဲခါနီးမှာ နာပျော်မျက်နှာပြင်ပေါ်ကို မီးဖိုပြာနုနုလေးနဲ့ ပါးပါးလေး ဖုံးတယ်။

နာမျက်နှာပြင်ပေါ်ကို နီးပြားသေးသေးလေးနဲ့ ထောက်,ထောက်ကြည့်တယ်။ နီးပြားလေး မီးလဲမလိုက်၊ ကွေးအောင်လဲ အထောက်ခံတဲ့အချိန် နာမျက်နှာပြင်ပေါ်ကို ပြဒါးတစ်ကျပ်သား တင်လိုက်တယ်။

ကြည့်နေရင်း၊ ကြည့်နေရင်း အရည်ဘဝကနေ အခဲဘဝကို ပြောင်းသွားတယ်။

တစ်ခါဖမ်းမှ တစ်ကျပ်သား။ ထုံကျပြဒါးတစ်ကျပ်သား။ အမာသား။ ငွေဒင်္ဂါးသံလွင်လွင် တချွင်ချွင်မြည်လို့။

ဒုတိယအကြိမ် ဖမ်းတယ် တစ်ကျပ်သား။

တတိယအကြိမ် တင်ပြန်တယ်။ တစ်ကျပ်သား။

ဆယ်ကြိမ် ဆယ်ခါတင်တယ်။ ပြဒါး(၁၀)ကျပ်သား တစ်မနက်အတွင်း ပြီးလို့သွား။ ထမင်းစားချိန်လဲ ရောက်ပြီ။ နာရီတောင် စုံပြီ။ နာရီပြန်တစ်ချက် အကွက်ကို မိနစ်တံက ထွက်နေပြီ။ မွန်းလွဲပေါ့။

ဆရာကြီးက မောင်တက်တိုး ထမင်းစားကြစို့တဲ့။

မနက်စာ စားပြီးတော့ ဖိုခွင်မဝင်ဘူး။ နွေရာသီ ပူလှကော။ နေပြင်းတော့ မီးပူဒဏ်ဘယ်ခံနိုင်မလဲ။

မနက်ကစ မွန်းလွဲတဲ့အထိ အချိန်အရ ပင်ပန်းလှတယ်။ ဖောစိုက်ပြီး လုပ်ကြလို့သာ မသိသာတာ။ တရေးတမော အိပ်ကြလို့။

မောမောလေးနဲ့ တခေါ်ခေါ်။

နောက်တစ်နေ့မနက် ထမင်းကြမ်းစားပြီးကြတော့ ဆရာကြီးက မောင်တက်တိုးတို့ လာကြဖော့လို့ခေါ်တာ။ ဖိုခွင်မှာ မီးတင်နေပြီ။ လုံ့လဝီရိယ ကြီးလှပါဘိ။

တို့နဲ့ မောင်ဘသောင်းလဲ သွားကြရတာပေါ့။ ဟိုရောက်တော့ နာကို အရည်ဖျော်နေပြီ။ နာရည်ပျော်တော့မယ်။ ဆရာကြီးက နေရာဖယ်ပေးတာပဲ။

ဒီမှာ လာထိုင်ဆိုပြီး ဖိုဆွဲခိုင်းတယ်။ နောက် ပြောသေးတယ်။ မင်းဟာမင်းလုပ်တဲ့။

သိလိုက်ပြီ။ ပြဒါးဖမ်းခိုင်းတာ လက်တွေ့ လုပ်ရတော့မယ်။

ဆရာကြီးမနေ့က လုပ်သွားတဲ့အတိုင်းပါပဲ။ နာပျော်လုံကို သဲခွက်ထဲချ၊ အအေးခံ၊ ပြာမှုန့်လေးတွေတင်၊ နီးပြားထောက်ပြီး ဖမ်းချလိုက်တာ အောင်မြင်ပြီ။

ပြဒါးဆိုတာ ငွေဒင်္ဂါးသံ ပေါက်သွားတယ်။ ပြားပြီးအချပ်လိုက်ကလေး။

ဆရာကြီးက ဒုတိယအကြိမ် ဖမ်းခိုင်းပြန်တယ်။ ရတယ်။ တတိယအကြိမ် ရပြန်ပြီ။

ဒါကြောင့် ဘကြီးဦးတက်တိုး နာထုံနဲ့ ပြဒါးဖမ်းတဲ့အခါ ကွိခနဲ၊ ကွိခနဲ မတာပဲ။ အာစရိယဝါဒ လက်ကျလက်သေသပ်လှ။ ဩချ။

မောင်ဘသောင်းကို ဖမ်းခိုင်းပြီ နာမျက်နှာပြင် တင်းတဲ့အချိန်ကို မမှ ဆနိုင်ဘူးနဲ့တူပါရဲ့ ပြဒါးက နာထဲ စုပ်ခနဲ ဝင်သွားတယ်။ နာထဲနုသွား



www.burmeseclassic.com

www.burmeseclassic.com

လေပြီ။ ထုံပြီးသွားပြီ။ ပျို့သွားပြီ။

မောင်ဘသောင်းက ဆရာကြီးကို ကြည့်တယ်။ ဆရာကြီးကတော့ ပြုံးလို့ ဘာမှ မပြောဘူး။ လက်တွေ့သင်တန်း။ ဖမ်းကြည့်စမ်း။

ဆရာကြီး နာထုံပေါ်က ပြာတွေကို မှုတ်ထုတ်လိုက်ပြီ။ နာထုံကို ဖိုခွင်ထဲ ပြန်ထည့်တယ်။ ပထမမှာ လေပျော့ လေညင်း မှန်မှန်သွင်းပြီး ဖိုကြိုးကို ဆွဲတယ်။ ပြဒါး ပုစွန်ဆိတ်ခုန်မခံဘူး။ တစ်ခုန်, နှစ်ခုန် မီးကိုရပ်။ ဆက်ဆွဲ... ခုန်...ရပ်...ဆွဲ...

ပုစွန်ဆိတ်ခုန်ရပ်၊ နာပျော်ခတ်ငြိမ် တော့ မီးနာနာထိုးတယ်။ လုံခါးတိုက် ကြီး။ လုံခါလိုက်တာပဲ။

နာတော်တော်ပျော်ပြီဆိုတော့ ပြဒါး ဖမ်းပြပြန်တယ်။ မိတာပဲ။


မောင်ဘသောင်းကို ဖမ်းခိုင်းပြန် တယ်။ ဒီတစ်ခါတော့ မိပါပြီ။ ငါနဲ့ မောင်ဘသောင်း တစ်လှည့်စီ ဖမ်း လိုက်ကြတာ ပြဒါး(၁၀)ကျပ်သား ခဲသွားတယ်။

အဲဒီနေ့လဲ ပြဒါးဖမ်းပြီးတာနဲ့ နားကြ ပြန်တာပဲ။ ဖိုခွင်တော့ လက်မလွှတ်ဘူး ဝင်တယ်။

မီးရှိနေသေးတဲ့ ဖိုခွင်ထဲကို မီးသွေး ထပ်ထည့်တယ်။ ဖိုခွင်နှုတ်ခမ်းမှာ ကျောက်စရစ်ခဲ (၃)လုံး ချပြီး သံပျော့ ဒယ်အိုးကို တင်တယ်။

သံဒယ်အိုးထဲကို အိန္ဒိယဒင်္ဂါး (၂၀)ကျပ်သားထည့်ပြီး လော့တယ်။ အပြာရင့်ရောင် ဒင်္ဂါးအသားဟာ မီးခိုး ရောင်ပျော့သွားတဲ့အထိပဲ။ ဖိုခွင်က နေ အောက်ကိုချပြီး အအေးခံထား တယ်။ လက်ချားကို ဆက်ပြီး မီးဖောက် တယ်။

လက်ချား မီးဖောက်ပြီးတာနဲ့ ဖိုခွင် မီးထဲကို အိမ်သုံးဆား ပက်ထည့်တယ်။ ပက်တယ်။ ဖိုဆွဲတယ်။ ပက်တယ်။



ဖိုကို ပြင်းပြင်းဆွဲတယ်။ ဆားချော်နံ့က ပြင်းပြီး ထွက်လာတယ်။ မီးခိုးထောင်း ထောင်းထလာတယ်။

မီးသွေးထပ်ထည့်တယ်။ ထိုးတယ်။ ဆားချော်ရောင် အဝါလင်းပျောက် မီး ပုံမှန်အရောင်ရောက်မှ ဖိုခွင်သန့်တာ ရပ်တော့တယ်။

ဖိုခွင်မှာ နာကို မီးကစားထားလို့ နာဟိတ်နဲ့ နာခိုးတွေ ကင်းသွားအောင် ဖိုခွင်ကို သန့်လိုက်တာလို့ ပြောတယ်။

ဒင်္ဂါးတွေ အေးတာနဲ့ သံဆုံထဲကို ထည့်ပြီး ထောင်းတယ်။ အဖြုန်းတွေကို ထပ်ထောင်းတယ်။ ဆန်ကာချတယ်။ ထောင်းလိုက်၊ ဆန်ကာချလိုက်၊ ဆန် ကာချလိုက်၊ ထောင်းလိုက် ထောင်း လိုက်တာ ပေါင်ဒါသားကျ။

စိတ်တိုင်းကျသွားပြီဆိုတာနဲ့ (၆) လက်မ ဖောက်လုံကြီးထဲကို ထုံကျပြဒါး (၂၀)ကျပ်သားကို ထည့်တယ်။ မီးနဲ့ ပူတန်ပူတန် ပေးတယ်။ ပျော်သွားပြီ ဆိုတော့ အအေးခံလိုက်တယ်။

နောက် ဒင်္ဂါးအမှုန့်(၂)ဆ လက် ချားမီးပေါက်အမှုန့်(၁)ဆကို ကြွေ ပန်းကန်ပြားကြီးထဲမှာ ရောတယ်။ သမ အောင် မွှေပေးတယ်။

ဒင်္ဂါးလက်ချား ရောထည့်ထားတဲ့ အမှုန့်တွေကို ထုံကျပြဒါး ထည့်ထား တဲ့ လုံထဲကို ထည့်တယ်။ လုံနှုတ်ခမ်း ကနေ အောက်ကို (၁)လက်မ ချန်ထား တယ်။

အဲဒီချန်ထားတဲ့ တစ်လက်မထဲကို လက်ချားမီးပေါက် လက်မဝက် ထပ်ပြီး သိပ်ထည့်တယ်။

ချော်ပျော်ရင် ဝေမကျအောင်လို့လို့ ပြောသေးတယ်။

အဲဒါပြီးတာနဲ့ ဆရာကြီး နားတယ်။ ထွေရာလေးပါး စကားဆိုတယ်။ နား ထောင်လို့ မညည်းတဲ့ သူ့ဆရာတော် ကြီးအကြောင်းကို ပြောပြတယ်။ မယုံ နိုင်စရာ၊ အံ့ဩဖွယ်ရာ။

နောက်တစ်နေ့မနက်မှာတော့ ဖိုခွင် ဝင်ကြပြီ။ နွေနေနဲ့ ဖိုမီးကိုလဲ သည်းခံ နိုင်ကြပြီ။

မနေ့က ဆားပက်ပြီး ထိုးထားတဲ့ ဖိုခွင်ကို ရှင်းတယ်။ ဖိုတိုက်သန့်ပြီး ပြောင်သွားတော့ နာပေါက်အောက် လက်တစ်လုံး အကွာအထိ (၆)လက်မ ဖောက်လုံဆံ့အောင် ဖိုတိုက်အောက် ခြေကို တူးတယ်။

ဖိုခွင်အခြေမျက်နှာပြင်ကို သဲခံ တယ်။ လုံကို ထားကြည့်တယ်။ လုံဖင် ကနေ အပေါ်ဘက် ခတ်သားမြုပ်တဲ့ အထိ လုံကို သဲထူးခတ်တယ်။ လုံဘေး မှာ မီးသွေးတွေ ညှပ်တယ်။ လုံငှားဖုံး ဖုံးတယ်။

လုံငှားဖုံးပေါ်မှာ မီးသွေးတစ်လွှာ ပတ်ပတ်လည်တင်၊ မီးခဲ(၃)ခဲအပေါ် ကထည့်၊ ဖိုကိုဆွဲ၊ မီးသွေးတစ်ထပ် နောက်ထပ်ဖြည့်၊ ဖိုကြိုးကိုဆွဲပြီး လေ သွင်းလိုက်တော့တာပဲ။

တစ်ခု ထူးခြားတာက လုံကို ဖော်မမံ ဘူး။

မီးညီသွားတော့ ဖိုကြိုးလွှတ်ပြီး လေကို ဖြတ်လိုက်တယ်။ မီးပြင်းရင် ချော်ဖောင်းပွပြီး တက်လာမှာစိုးလို့ အဲဒီလို လုပ်ရတာတဲ့။

---

ရှေ့လ ဆက်ဖတ်ပါရန်

---


**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com

# မအူရွက်သုံးပြီး



## အပူနှင့် ညှော်ကိုထုတ်ပါ

စာရေးသူတို့တစ်စု ထိုင်နေကြ "ကျူ့ပစ်" လက်ဖက်ရည်ဆိုင်၏ ထောင့်ကျကျ ခုံပိုင်းလေးတစ်ခုမှာဖြင့် စက်ဘီးပြင်ဆရာ ကိုကျော်ငွေ၏ လက်မကို တူချော်ထုမိရာကနေ လက်ခုံကြီး တစ်ခုလုံးကို တစ်လွယ်ကြီး ဖြစ်အောင် ရောင်ရမ်းနေသည့်ကိစ္စ ကို သတင်းစကားမေးနေရင်း မိမိက နေ ဘာအကူအညီဖြင့် ထိုဝေဒနာ သက်သာပျောက်ကင်းအောင် ပြုလုပ် ပေးရမည်ကို ခဏတွေးတောနေမိ၏။

ထိုအချိန်တွင် ယင်းဆိုင်ကို အီကြာကွေး၊ ဖရုံမုန့်၊ ပဲမုန့်စသည်ဖြင့် အမြဲပို့နေကြဖြစ်သည့် မောင်မင်းမင်း က မိမိ၏မုန့်ကို လာပို့ရင်း စာရေးသူ တို့ရှိရာ လက်ဖက်ရည်ခုံဝိုင်းသို့ ထုံးစံ အတိုင်း စကားပြောရန် ရောက်လာပါ သည်။

မောင်မင်းမင်းက ရောက်လျှင်ပဲ မိမိကိုသာကြောင်း၊ မာကြောင်း၊ စီးပွား ရေးအကြောင်း၊ ကျန်းမာရေးအကြောင်း တို့ကို ဦးစွာနှုတ်ဆက်စကားဆိုပြီး မိမိ ၏မျက်နှာသာဘက်၌ လက်ကိုခုံပေါ် တင်ပြီး ထိုင်နေသော ကိုကျော်ငွေ၏ လက်ကိုကြည့်ပြီး...

'ဒီက အစ်ကိုကြီးလက်က ဘာဖြစ် တာလဲ'

'ရောင်ပြီး အညှော်တွေလဲ ဝင် နေပါလား၊ ဒီ အရောင်တွေကျပြီး အညှော်တွေ ထွက်သွားအောင် ကျွန်တော် ပြောတာ လုပ်မလား'

ဟုပြောပြီး မင်းမင်းက စကားဖြတ် ထားလိုက်ပါသည်။

'အစ်ကို့ကို ကျွန်တော် လက်တွေ့ ပြမယ်'

မိမိ၏ လက်မကြီးနှင့် တောက်လျှောက် လက်ခုံပေါ်၌ ချုပ်ရိုးချုပ်သားများ အထင်းသား တွေ့နေရသော ဒဏ်ရာကြီးတစ်ခုကို ပြပါသည်။

'ဒီဟာဖြစ်တာ "ရေလဲ"က မုန့်ဖိုတစ်ခုမှာ ဝင်လုပ်ရင်း စက်ညပ်လို့ ဖြစ်ခဲ့တာပါ။ ဆေးရုံမှာတက်ပြီး ချုပ်ရ ပါတယ်။ အနာက မကျက်သေး၊ အညှော်တွေက ဆက်တိုက်မိနေတော့ ဒဏ်ရာတင်မဟုတ်ဘူး တံတောင်ဆစ် အထိ လက်တစ်ချောင်းလုံး ရောင်တင်း နေပါတယ်'

ဦးကြီးတစ်ယောက်နှင့် တွေ့တော့...

'ကလေး မင်းဘာမှမပူပါနဲ့၊ မင်း ဝေဒနာ ပျောက်ပါတယ်ကွာ'

ဟုပြောပြီး...

'အစကသိရင် ဒီလို အပ်နဲ့ချုပ်စရာ မလိုကြောင်း' ပြောပြီး ဖော်ပြပါ ဆေး နည်းကို ပေးပါသည်။

**ဆေးနည်း**

မအူပင်မှ မအူရွက်ကို ညှော်နေ့တက်နေသော၊ ရောင်ရမ်းနေသောနေရာကို အုပ်ပြီး စည်းထားပေးပါ။ တဖြည်းဖြည်းနှင့် မကြာမီ ညှော်ထွက်ပြီး အရောင်ကျသွားပါမည်။ အကြောတက် ဝေဒနာကိုလည်း ထိုကဲ့သို့ပဲ ပြုလုပ်ပေးပါ။

မအူရွက်သည် ဒါတင်မကသေးပါ၊ ကိုယ်ခန္ဓာအတွင်းမှ အပူရှိုးများကိုလည်း ထိုအရွက်ကို ဝမ်းဗိုက်၌ စည်းပေးခြင်းဖြင့် အပူများထွက်ပြီး ပေါ့ပါးလန်းဆန်းပါ ကြောင်း လက်တွေ့လေ့လာပြီး သိရပါသည်။

စာဖတ်သူများ အကြောင်းတိုက်ဆိုင်ပါက ငွေကုန်ကြေးကျ မရှိပါဘဲနှင့် ဖော်ပြပါ ရောဂါဝေဒနာတို့ကို ကုသကယ်မ ပေးနိုင်ပါကြောင်း စာဖတ်သူများ သိရှိနိုင်ရန် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှတစ်ဆင့် တင်ပြလိုက်ပါသည်။

***ကောင်ကျိုး လိုရာဆန္ဒ***

***ပြည့်စုံကြပါစေ။***

**ရောဂါတိမ်ကျော် (မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဝန်းနီ

မြစ်သာရွာကြီးမှ

# အဘိုးဆရာကြီး ဦးတိုက်စိ (၁)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်ရှိ မြစ်သာရွာကြီးတွင် လွန်ခဲ့သောနှစ်ပေါင်း တစ်ရာ (၁၀၀) နီးပါးလောက်က ဆရာကြီး ဦးတိုက်စိဟူသည် ပုဂ္ဂိုလ်ထူးကြီးတစ်ဦး ထူးခြားစွာ ပေါ်ပေါက်ခဲ့ဖူးလေ၏။

ထို ထူးခြားသည့် ပုဂ္ဂိုလ်ထူးကြီးနှင့် ပတ်သက်၍ မြစ်သာရွာကြီးနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် အံ့ဩမကုန်နိုင်သော အဘိုးဆရာကြီး ဦးတိုက်စိ အကြောင်းများကို အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင် ပြောကြလျက် ရှိခဲ့ကြရာ ယနေ့တိုင်အောင်ပင် ဖြစ်သည်။ ယခုတော့ ထိုဒေသတစ်ဝိုက်၌ ဆရာကြီး ဦးတိုက်စိ၏ အကြောင်းများက ပုံပြင်တစ်ပုဒ်လိုပင် ဖြစ်နေခဲ့ပေသည်။

ကျွန်တော်သည် တာဝန်တစ်ခုဖြင့် ထိုမြစ်သာရွာကြီးသို့ရောက်ခိုက် အဘိုးဆရာကြီး ဦးတိုက်စိ၏ အကြောင်းများကို ကြားရသည်နှင့် စိတ်ဝင်စားလာသဖြင့် မေးမြန်းစုံစမ်းကြည့်ရာ ထိုကျေးရွာ၏ အုပ်ချုပ်ရေးမှူးကိုမြသောင်းက အဘိုးဆရာကြီး၏ မြစ်တော်သူထံ လိုက်လံပို့ဆောင်ပေးခဲ့

www.burmeseclassic.com

သည်။

အောက်ပါ အကြောင်းအရာများမှာ **ဘိုးဆရာကြီး၏ တီတော်သူ ဦးသော ကြာ**၏ ပြောပြချက်များ ဖြစ်ပါသည်။ အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအတွက် တစ်ဆင့် ပြန်လည်တင်ပြလိုက်ပါ၏။

* * *

မြစ်သာရွာကြီးသည် မြို့နှင့် အတန် ငယ်ဝေးသော ကမ်းနားခေါ်(မြစ်ကမ်း ဘေးရှိ) မြေနိမ့်ပိုင်းတွင် တည်ထား သော အိမ်ခြေ(၃၀၀)ခန့်မျှလောက်ရှိ ရွာကြီးတစ်ရွာဖြစ်သည်။

မြစ်ကမ်းဘေးတွင် တည်ထားသော ရွာကြီးဖြစ်သဖြင့် ဆောက်ပြာချုံ၊ နဘဲ ချုံ၊ ခရာချုံ၊ ဆူးရစ်ချုံတို့နှင့် ကျူတော၊ ကိုင်းတော၊ ယင်းတောကြီးများ တပြန့် တပြော ထူထပ်သိပ်သည်းစွာ ပေါက် ရောက်ရာ နုန်းတို့ အမြဲလိုလို တက်ရာ ရေကြီးရေလျှံရာအရပ် ဖြစ်၏။

မြစ်သာရွာကြီးနှင့် ပတ်ဝန်းကျင် ဒေသရှိ မင်းအို၊ ကျောက်ဝ၊ ထန်းကုန်း၊ ပောမိကုန်း အစရှိသော ကျေးရွာများ နှင့် တောင်ယာတောကြီး၊ တောင်ယာ တောလေး၊ သမီးလှ၊ ရေမွှေး၊ ပုတ်သင် ကြီး အစရှိသည့် ကျေးရွာများတွင် နေထိုင်ကြသူများသည် မိုးရာသီ မိုးကာလများ၌ လယ်ယာလုပ်ငန်းများ မလုပ်ကိုင်ကြရဘဲ မိုးကုန်၍ ရေကြီး ရေလျှံမှု လုံးဝ မရှိတော့သည့် ဆောင်း ရာသီနှင့် နွေဥတုတို့၌သာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ မြေပဲ၊ ကုလားပဲ၊ ပဲကြီး၊ မတ်ပဲ၊ ပဲစာဉ်၊ ပဲထောပတ် စသည့် သီးနှံအမျိုးမျိုးကို စိုက်ပျိုးကြရလေ သည်။

မိုးကာလများ၌မူ ငါးဖမ်းခြင်း၊ ပိုက် ချခြင်း၊ ကွန်ထောင်ကွန်တိုက်ခြင်း၊ ကျားထောင်ခြင်း၊ ငါးများတန်းချခြင်း၊ ကိုင်း(ဂိုင်း)ထောက်ခြင်း၊ ပုစွန်ပုန်း ထောင်ခြင်း စသော တံငါလုပ်ငန်း အမျိုးမျိုးကို လုပ်ကိုင်ကြရလေ၏။ အိမ်တိုင်းအိမ်တိုင်း၌ လှေတစ်စီးနှင့် ငါးဖမ်းရန် ပိုက်ကွန်တစ်ခုကတော့ ရှိကြမြဲဖြစ်သည်။

နယ်မြေ အခြေအနေအရ ထိုဒေသ ဝန်းကျင်တစ်ဝိုက်၌ နေထိုင်ကြသူတိုင်း သည် တံငါလုပ်ငန်းကို လုပ်ကိုင်ကြသူ များလိုလို ဖြစ်နေကြသည်။

သို့သော် ဘိုးဆရာကြီး ဦးတိုက်စိ ဖြစ်လာမည့် မောင်တိုက်စိလေးကမူ ဆင်းရဲသည့် မိဘနှစ်ပါးမှ မွေးဖွားလာ သော်လည်း ငယ်စဉ်ကပင် ထိုလုပ်ငန်း များကို လုံးဝ စိတ်ဝင်မစားဘဲ အတတ် နိုင်ဆုံး မလွှတ်,လွှတ်အောင် ရှောင်ခဲ့ ပေ၏။

မောင်တိုက်စိသည် သိတတ်စ အရွယ်မှစ၍ သူတစ်ပါး၏ အသက်ဖြစ် သည့် သတ္တဝါတို့၏ အသွေးအသားတို့ ကို မစားဘဲ ရှောင်ကြဉ်ခဲ့လေသည်။ အစွန်ဆုံးဆိုလျှင် သီလျက်နှင့် ကွဲနို့၊ နွားနို့များကိုပင် မသောက်သုံးခဲ့ပေ။ မိဘများကလည်း ဆင်းရဲနွမ်းပါးသူများ ဖြစ်လင့်ကစား သားလေးတစ်ယောက် ကို အလိုလိုက်ကာ အစစအရာရာ မောင်တိုက်စိလေး၏ဆန္ဒ အလိုကျသာ ဖြစ်စေခဲ့၏။

မောင်တိုက်စိသည် ငယ်စဉ်ကပင် ကိုယ်ချင်းစာတတ်သူ၊ အသိတရားရှိသူ ဖြစ်သည်။ ဂရုဓမ္မသီလဖြစ်သည့် ဝါရိတ္တသီလကို မကျိုးမပေါက်အောင် စောင့်ရှောက်ခဲ့သည်။ သူ့အသက် မသတ်ခြင်း၊ သူတစ်ပါးပစ္စည်းအား မခိုးယူခြင်း၊ သူတစ်ပါးအိမ်ရာ မကျူး လွန်ခြင်း၊ သေရည်သေရက် မသောက် ခြင်း၊ မုသာဝါဒကို ရှောင်ကြဉ်ခြင်း တို့ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲလေသည်။

သို့ကြောင့်ပင် မောင်တိုက်စိလေး၏ ဂုဏ်သတင်းက ငယ်စဉ်ကပင် သင်းပျံ့မွှေးကြိုင်ခဲ့ပေ၏။

မောင်တိုက်စိလေး မွေးဖွားပြီးသည့် အချိန်မှစ၍ သူတို့မိသားစုမှာလည်း တစ်နေ့တခြား ကြီးပွားတိုးတက်လာခဲ့ သည်။ ခြေချုတ်လက်ချုတ်ဘဝမှ ကျွဲ နှင့်နွားနှင့်၊ လယ်နှင့်ကိုင်းနှင့် ဖြစ်လာ သည်။ ရွှေတိုငွေစများကိုလည်း ပိုင်ဆိုင် လာသည်။

မောင်တိုက်စိကို ပဋိသန္ဓေရှိတော့ မည်ဆိုတော့ မောင်တိုက်စိ၏မိခင်မှာ သူတို့အိမ်သို့ လည်၌ စည်ကြီးတစ်လုံး ဆွဲထားသည့် ဆင်ကြီးတစ်ကောင် ဝင်လာသည်ဟု အိပ်မက် မက်သည်။ နောက် မောင်တိုက်စိကို ကိုယ်ဝန်ရှိ လာသည်။

သို့ကြောင့်ပင် မောင်တိုက်စိကိုမွေး ပြီး မကြာမြင့်မီပင် ရွှေတိုငွေစများ ပိုင်ဆိုင်လာကြသည့် မိဘနှစ်ပါးက ထို ကလေးကို မောင်တိုက်စိဟု ကင်ပွန်း တပ်မင်္ဂလာ ပြုခဲ့ကြ၏။

* * *

မောင်တိုက်စိ ခုနစ်နှစ်သားအရွယ် တွင် မိဘများက ရွာဦးကျောင်းဆရာ တော်ထံတွင် အပ်နှံ၍ စာပေသင်ကြား စေပြီး ဆယ်နှစ်သားအရွယ်၌ ရှင်သာမဏေ ဝတ်ပေးခဲ့ကြသည်။ မောင်တိုက်စိက သာမဏေဘဝကို သဘောကျ နှစ်ခြိုက်ခဲ့၏။

သို့ကြောင့်ပင် ရဟန်းဘောင်သို့ ဆက်လက်တက်ရန် စိတ်ပိုင်းဖြတ်ခဲ့ ၏။ သို့သော် ဖြစ်ချင်သလို မဖြစ်ရ သည့် လောကကြီးက မောင်တိုက်စိ လေးအား ရဟန်းအဖြစ် အခွင့်အရေး မပေးခဲ့။

မောင်တိုက်စိ (၁၈)နှစ်သားရောက် ၌ ဖခင်ကြီး အသည်းအသန် နာမကျန်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သဖြင့် ကျွဲ၊ နွားများ ထိန်းကျောင်းမည့်သူ မရှိ၊ လုပ်ငန်းကိုင်ငန်း လုပ်မည့်သူမရှိသည့်အတွက် ကိုရင်ဘဝမှ မဖြစ်မနေ ထွက်ခဲ့ရသည်။

ဖခင်ကြီးကိုလည်း အတော် ဆေးကုယူခဲ့ရသည်။ ဖခင်ကြီးက တစ်နှစ်ကျော်ကျော်ကြာမှ ပြန်လည်နာလန်ထလာနိုင်ခဲ့၏။ ဖခင်ကြီး ကျန်းမာလာသည့်အခါတွင်တော့ မိဘနှစ်ပါးနှင့် ဆွေမျိုးများက မောင်တိုက်စီအား ဆွေရိပ်မျိုးရိပ် မကင်းသော ကျွန်းကြီးရွာမှ မယ်လှနှင့် အိမ်ထောင်ချပေးခဲ့ကြလေ၏။

'အဖေ,အမေတို့စိတ်ချမ်းသာ လက်ချမ်းသာ ခေါင်းချသွားနိုင်အောင် အဖေတို့၊ အမေတို့ စီစဉ်တာကို နာခံပါသားရယ်။ ညီ,မရှိ၊ အစ်ကို,မရှိ၊ ညီမ,မရှိ၊ အစ်မ,မရှိနဲ့ သားအတွက် အဖေတို့ မျက်စိရှေ့မှာပဲ အိုးအိမ်ထောင်ချပေးခဲ့ချင်တယ်။

ဒါမှ ငါတို့စိတ်ချမ်းသာကြမှာ။ တို့တွေကလဲ အသက်တွေကြီးကုန်ကြပြီ။ နေ့လား ညလား အရွယ်တွေဖြစ်နေပြီ။ သားအတွက် အစစ အရာရာ စိတ်ချသွားချင်ကွယ်။ ဒါမှလဲ အယူဖြောင့်မှာ'

ဟု အဖေနှင့် အမေက ထပ်ကာတလဲလဲ တိုက်တွန်းသဖြင့် မောင်တိုက်စီ ခေါင်းညိတ်ခဲ့ရခြင်းလည်း ဖြစ်ပေသည်။

မောင်တိုက်စီသည် နေ့စဉ် ညနေ့နက် ဘုရားဝတ်တက်၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်လျက် မေတ္တာပို့၊ ပုတီးစိပ်၊ တရားထိုင်သည့် အလုပ်များကို ဝတ်မပျက်လုပ်ခဲ့သည်။ သမ္မာအာဇီဝဖြင့် အသက်မွေးခဲ့သည်။ သူ့အလုပ်က ဆောင်းရာသီ သီးနှံများစိုက်ခြင်း၊ ကျွဲ,နွားကျောင်းခြင်း ဖြစ်သည်။

ကျွဲတွေ,နွားတွေကို ကိုင်းတော



ကြီးများ၊ ယင်းတော၊ ကျူတောကြီးများအတွင်း မောင်းလွှတ်ပြီးသည်နှင့် အရိပ်ကောင်းကောင်း သစ်ပင်ကြီးအောက်ထိုင်ကာ မေတ္တာပို့ပြီး ပုတီးစိပ်တော့သည်။

ကျွဲ,နွားသွင်းချိန်ရောက်မှ အလုပ်ကထသည်။ တစ်ခါတစ်ရံတော့ မေတ္တာပို့၊ ပရိတ်ရွတ်၊ ပဋ္ဌာန်းပူဇော်နေတတ်သည်။ ဒါက မောင်တိုက်စီ၏ နေ့စဉ်လုပ်နေကျအလုပ် ဖြစ်၏။

ဤသို့နှင့် တစ်နေ့တွင် မောင်တိုက်စီ တရားထိုင် ပုတီးစိပ်နေရာ အနီးသို့ ထိုးကွင်းမင်ကြောင်များနှင့် သျှောင်တစောင်းထုံး၍ ခါးတောင်းမြှောင်အောင် ကျိုက်ထားသည့် အားကောင်းမောင်းသန်လူကြီးတစ်ဦး ကျားကြီးစီးလျက်ပေါ်လာသည်။ အင်္ကျီမပါ ဗလာကိုယ်အထက်ပိုင်းကြောင့် ဖုထစ်မို့မောက်နေကြသည့် အပြိုင်းပြိုင်းထနေသော ကြွက်သားဆိုင်ကြီးများကိုလည်း အထင်းသား မြင်လိုက်ရသည်။

သူနှင့် မလှမ်းမကမ်း ဝါးတစ်ရိုက်လောက်အကွာ၌ ရပ်နေခြင်းဖြစ်သည်။ လူကြီးက သူ့ကို ခပ်ပြုံးပြုံး ကြည့်နေသည်။ သူကလည်း နားမလည်နိုင်စွာ ပြန်ကြည့်ရင်း အံ့ဩနေမိ၏။ ထိုအချိန်တွင်ပင် လူကြီးသည် သူ့ကို လက်ယပ်ခေါ်ရင်း သူ့ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာသည်။ ကျားကြီးကတော့ ပထမ ရောက်နေသော နေရာတွင်ပင် ဝပ်ကျန်ခဲ့၏။

မောင်တိုက်စီနှင့် လက်တစ်ကမ်းလောက်အကွာအရောက်တွင် ထိုလူကြီးက ရပ်လိုက်သည်။ ထို့နောက် ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

'မောင်တိုက်စီ မောင့်ကို အဘက ခေါ်ခိုင်းလိုက်တယ်'

ဟု အဆက်အစပ်မရှိ ပြောလိုက်၏။

မောင်တိုက်စီလည်း ထိုလူကြီးအား ကြောင်ငေးကြည့်ရင်း...

'ဘယ်က အဘလဲ'

ဟု ပြန်မေးလိုက်သည်။

'ဘယ်က အဘလဲဆိုရင်တော့ ဟိုရောက်ရင် မောင်သိပါလိမ့်မယ်'

'ကျွန်တော် ကျွဲတွေ၊ နွားတွေကျောင်းနေတာပါ။ လိုက်လို့ မဖြစ်ပါဘူး ခင်ဗျာ'

'မလိုက်လို့ကတော့ မဖြစ်ဘူးကွယ့်။ မရ,ရအောင် ခေါ်ခဲ့ရမယ်လို့ အဘကိုတာဝန်ပေးလိုက်တာ၊ မောင်လိုက်တော့လိုက်မှဖြစ်မှာ။ သိပ်မကြာပါဘူး ခဏပါ။ မောင့် ကျွဲတွေ၊ နွားတွေလဲ စိတ်ချပါကွယ်'

ထိုလူကြီးက မရ,ရအောင် ခေါ်မည့်သဘော ဖြစ်သဖြင့် မောင်တိုက်စီ ကျားကြီးကိုလှမ်းကြည့်ရင်း ကျောချမ်းသွားသည်။ လူကြီးကလည်း အကင်းပါး၏။ မောင်တိုက်စီကို...

'ဘာလဲ မောင်...ကျားကြီးကြည့်ပြီး လန့်နေသလား၊ ငါ့သားကြီးက အလွန်လိမ္မာတဲ့ သားကြီးပါ။ မောင့်ကို ဘာမှ မလုပ်ပါဘူး။ ကဲ အချိန်ကြာနေမယ်လာ သွားကြစို့'

ဟု ပြောရင်း မောင်တိုက်စီ ဘာ



www.burmeseclassic.com

www.burmeseclassic.com

ပြန်မပြောနိုင်မီမှာပင် မောင်တိုက်စီ၏ လက်ကို လှမ်းဆွဲပြီး ကျားကြီးဆီ ဆွဲခေါ်ခဲ့လေသည်။

ကျားကြီးဆီ ရောက်သည့်နှင့် ကျားကြီးကို ခွစီးကာ မောင်တိုက်စီကိုလည်း သူ့နောက်က ခွထိုင်စေပြီး...

'ကဲ သားကြီးရေ ယွန်းလိုက်ပေဦးတော့'

ဟု ပြောလိုက်လေ၏။

ထိုခဏ ကျားကြီးလည်း သူတို့နှစ်ယောက်ကိုတင်ပြီး ဟီးခနဲ အထက်သို့ သစ်တန်းလွတ်အောင် ပျံတက်လိုက်ပြီး အရှေ့စူးစူးသို့ လေကို တဝှီးဝှီးတိုးဝှေ့ဖြိုခွင်း၍ ငှက်တစ်ကောင်ပမာ ပျံသန်းခဲ့ပေ၏။

မကြာလိုက်ပါချေ။ မောင်တိုက်စီ တစ်ခါမျှ မမြင်ဘူး၊ မတွေ့ဘူး၊ မရောက်ဘူးသည့် မည်သည့်အရပ်၊ မည်သည့် ဒေသမှန်းမသိသော အရပ်ဒေသမှ သစ်ကြီးဝါးကြီးတို့ ထူထပ်သိပ်သည်းစွာ ပေါက်ရောက်လျက်ရှိရာ နက်ရှိုင်းသည့် တောကြီးတစ်တောထဲသို့ ရောက်ခဲ့လေသည်။

ထိုနေရာ ရောက်သည့်နှင့် ကျားကြီးသည် တဖြည်းဖြည်းနှင့် အောက်သို့ နိမ့်ဆင်း၍ တောင်ကြီးနှစ်တောင်ကြား၌ ရပ်လိုက်လေသည်။

*　*　*

'လာဟေ့ မောင်တိုက်စီ၊ မောင်က ခရီးဆက်ရဦးမှာ'

လူကြီးက မောင်တိုက်စီကို တောင်ကြားလမ်းလေးအတိုင်း ခေါ်လာခဲ့သည်။ သစ်တောကြီး အနည်းငယ်ကို ဖြတ်ပြီးသည်နှင့် လှိုင်းလုံးကြီးများ အလိပ်လိုက်ထလျက် ကမ်းစပ်ဆီသို့ တဝုန်းဝုန်း လာရောက်ရိုက်ခတ်နေသည့် ကမ်းမမြင်၊ လမ်းမမြင်နိုင်အောင် ကျယ်ပြောလှသော ကမ်းခြေတစ်



နေရာသို့ သူတို့ ရောက်လာကြသည်။ ပင်လယ်ကြီးတစ်ခု၏ ကမ်းခြေတစ်နေရာဖြစ်မှန်း သူသိလိုက်သည်။

ပင်လယ်လေတို့ကလည်း တဝီးဝီး တိုက်ခတ်နေကြ၏။ ပင်လယ်ကမ်းခြေရှိ အုန်းပင်များနှင့် လမုပင်များ၊ ကျူပင်၊ ကိုင်းပင်များ ပြားခနဲ ပြားခနဲ ဖြစ်နေကြသည်။ သူတို့ရောက်ရာ ကမ်းစပ်၌ သစ်လုံးကို ထွင်းထားသည့် လောင်းလှေ လုံးလုံးလေးတစ်စီးကို တွေ့လိုက်ရ၏။

လှေပေါ်၌ အင်္ကျီဗလာ၊ သျှောင်တစောင်းနှင့် ပုဆိုးခါးတောင်း ကျိုက်ထားကြသည့် ဦးတစ်ယောက်၊ ပဲ့တစ်ယောက် ထိုင်နေကြသူနှစ်ဦးကို တွေ့လိုက်ရ၏။

ထိုနေရာ၌ လူကြီးက ရပ်လိုက်ကာ...

'မောင်တိုက်စီရေ လှေပေါ်တက်၊ သူတို့နဲ့ လိုက်သွားပေရော့။ အဲဒီမှာ အဘနဲ့ တွေ့လိမ့်မယ်'

ဟု ဆိုပြီး လှေပေါ်ပါသူ လှေလှော်သားနှစ်ယောက်ထံ သူ့ကို အပ်လိုက်သည်။

မောင်တိုက်စီမှာ မြစ်နားအရပ်၌ မွေးဖွားသူဖြစ်၍ မိုးကာလတိုင်း လှေစီးနေကျ၊ လှေနှင့်ရင်းနှီးသူ ဖြစ်သော်လည်း ယခုလို လှိုင်းထန်လေထန် ပင်လယ်ယံကြီးကိုဖြတ်၍ ဘယ်အရပ် ဒေသမှန်းမသိသော အရပ်သို့ သစ်ထွင်းလှေလေးနှင့် သွားရမည်ကိုတော့ လုံးဝ မတွေ့မရဲဖြစ်ကာ ကြောက်နေမိသည်။

'လာဟေ့ တက် ကြောက်မနေနဲ့ ဒီလှေလေးနဲ့ ဒီပင်လယ်ပြင်ကြီးထဲမှာ အခါပေါင်း မရေမတွက်နိုင်တော့ဘူး ငါတို့ဖြတ်နေတာ။ ကြောက်ရင် မျက်စိမှိတ်ထား'

လောင်းလှေလေး၏ ပဲ့ပိုင်းမှ လူကြီးက လှမ်းအော်ပြောလိုက်သည်။ မောင်တိုက်စီလည်း မဖြစ်မနေ လိုက်ရတော့မည်မှန်း သိနေသည့်အတွက် နောက်ဆုံး ရတနာသုံးပါး အနန္တော အနန္တငါးပါး အာရုံပြုကာ စိတ်နှလုံး တုံးတုံးချ၍ လှေပေါ်သို့ တက်လိုက်လေ၏။

လှေလေးပေါ် ရောက်သည်နှင့် လှေလေး၏အလယ် သူ့အတွက် အဆင်သင့်လုပ်ထားသော နေရာ၌ ထိုင်လိုက်သည်။ ထိုင်မိသည်နှင့် လှေ လှော်သားတစ်ယောက်က...

'ကြောက်ရင် မျက်စိမှိတ်ထား'

ဟု ထပ်ပြောလိုက်ပြန်သည်။


လှေလေးက လှိုင်းလုံးကြီးများပေါ်၌ နိမ့်လိုက်၊ မြင့်လိုက်ဖြစ်၍ လူးခါနေသည်။

သူက မျက်စိမှိတ်ထားလိုက်၏။ ထိုခဏ လှေလေး နိမ့်ခနဲဖြစ်သွားသည်။ လန့်ပြီး မျက်စိဖွင့်လိုက်တော့ တစ်ဖက်ကမ်းသို့ ရောက်သွားသည်ကို သူ အံ့သြစွာ တွေ့လိုက်ရ၏။

*　*　*

ကမ်းခြေ ကျောက်ဆောင်တစ်ခုပေါ်၌ ပိန်ပိန်ပါးပါး အသက်(၆၀)ခန့် ... အိုတစ်ယောက်ကို တွေ့ရသည်။ အ...

www.burmeseclassic.com



ကြိုးသည် သူတို့ လှေဆိုက်လာသည်ကို တွေ့သည်နှင့် ထိုင်ရာမှထကာ သူတို့ သူ့ဆီ ဆင်းလာကာ...

'လာဟေ့ သား၊ သားကို အဘမျှော်နေတယ်'

ဟု ပြောရင်း ဆီးကြိုကာ ကမ်းထက်သို့ခေါ်ခဲ့သည်။ ကမ်းပေါ် ရောက်သည်နှင့် အတော်အတန်မြင့်သော ကုန်းမြေနှင့် တောင်ကုန်းတောင်တန်းများ၊ သစ်တော၊ ဝါးတောကြီးများကို တွေ့ရသည်။ သစ်တောဝါးတောကြီးများက ထူထပ်စွာ ပေါက်နေကြ၏။

ထိုတောကြီးထဲမှ ရေးရေးသာထင်သော လူသွားလမ်းကလေးအတိုင်း သူ့ကို ခေါ်ခဲ့၏။ အတန်ကြာသွားမိသော့ တစ်တောလုံး မွှေးကြိုင်နေအောင် ပွင့်နေကြသည့် ပန်းမျိုးစုံ ပွင့်နေကြသော တောကြီးထဲ ရောက်လာသည်။

'ဒီတောကြီးက ပန်းပေါင်းစုံ၊ ဂမုန်းပေါင်းစုံ ပွင့်ကြတဲ့ ဝိဇ္ဇာဓိုရ်ရိတို့ စံပျော်ရာ မဟာမြိုင်တောကြီးလို့ခေါ်တယ်၊ အဘဆီ ဒီကနေသွားရင် သိပ်မဝေးတော့ဘူး။ ဟိုးရှေ့က ထီးထီးကြီး မြင်နေရတဲ့ "ဝိဇ္ဇာဗလ"တောင်ကြီးမှာရှိတဲ့ "မနောမယ"ဂူကြီးထဲမှာ နေတယ်။ လာသား မကြာခင် ရောက်တော့မယ်'

လူကြီးက မောင်တိုက်စီကို ရှင်းပြသည်။ ထိုလူကြီးပြောသလိုပင် တောကြီးတစ်တောလုံး အမွှေးပေါင်းစုံ၊ ရနံ့ပေါင်းစုံတို့၏ အနံ့က သင်းပျံ့နေသည်။ မောင်တိုက်စီ ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်တော့ သစ်ပင်ကြီးများအောက်၌ တရားထိုင်နေကြသူ အချို့နှင့် ပုတီးစိပ်နေသူအချို့တို့အပြင် ဆေးကြိတ် ဆေးထောင်းသူအချို့နှင့် အင်းကစားနေသူ၊ အင်္ဂါရုတ် ထိုးနေကြသူအချို့တို့ကို တွေ့ရသည်။

'ဒီနေရာဟာ သူတော်ကောင်း သူမြတ်လောင်းတွေရဲ့ နေရာပဲသားရဲ့၊ တော်ရုံလူ ပါရမီမရှိရင် မရောက်နိုင်ဘူး'

ထိုလူကြီး ရှင်းပြသမျှ နားထောင်းရင်း အံ့သြနေသည်။ အားလုံးကတော့ သူတို့နှစ်ယောက်ကို ဂရုမထားကြကိုယ့်အလုပ်ကိုယ် အာရုံယူလုပ်နေကြသည်။ ဒီလိုနှင့် သူတို့နှစ်ယောက် ဝိဇ္ဇာဗလတောင်ကြီးဆီ ရောက်လာသည်။ တောင်ကြောလေး အနည်းငယ်တက်လိုက်တော့ မနောမယဂူကြီးကို တွေ့လိုက်ရ၏။

ဂူကြီး၏ အပေါက်ဝ၌ စန္ဒကူးပန်းတို့က ပွင့်နေကြသည်။

ကျေးငှက်ပေါင်းစုံတို့၏ သာယာနာပျော်ဖွယ်ရာ ဟစ်ကြွေးနေကြသော တေးသံစုံတို့ကိုလည်း ကြားနေရသည်။ ဂူကြီးထဲ လှမ်းကြည့်လိုက်တော့ ဂူကြီးတစ်ခုလုံး ရွှေရောင်ဝင်းနေသည်ကို တွေ့ရပြန်သည်။ ဂူနံရံနှင့် အမိုးနေရာတို့က အိရွှန်းနေကြသည့် ရွှေသားတွေ အတိဖြင့်။

ဂူကြီးက အခန်းအခန်းတို့ ဖွဲ့စည်းမှု မရှိဘဲ အခန်းကျယ်ကြီးဖြစ်သည်။ အခန်း၏ထိပ်၌ ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးနေသော ဉာဏ်တော် တစ်တောင်သာသာလောက် ရှိမည့် မြသားတင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူကို လူတစ်ရပ်ခန့်ရှိ ရွှေသားပလ္လင်ကြီးတစ်ခုပေါ်၌ ကြည်ညိုစွာ ဖူးတွေ့လိုက်ရသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ရှေ့၌ အသက်ခန့်မှန်းရခက်သည့် ပိန်ပိန်သွယ်သွယ် ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုတစ်ဦး တရားထိုင်နေသည်ကို တွေ့ရသည်။ သူ့ကို ခေါ်လာသော လူကြီးက...

'သားရေ အဲဒါ သားကို အခေါ်ခိုင်းတဲ့ အဘပဲ နေခဲ့ပေရော့။ ခုတော့ အဘ တရားထိုင်နေတုန်း ခဏစောင့်လိုက်ဦး'

ဟု ပြောပြီး နောက်ကြောင်းပြန် လှည့်ထွက်သွားသည်။

ထိုဝတ်ဖြူဝတ်အဘိုးအိုက တရားထိုင်ပြီးတော့ မောင်တိုက်စီကို သူ့အနားသို့ခေါ်သည်။

ထို့နောက် သူ ယခုလို ဝိဇ္ဇာနန်းစံမြန်းနိုင်အောင် ပါရမီဖြည့်ခဲ့ကြသူများကို ပြန်လည် ကျေးဇူးဆပ်ဖို့အတွက် အခေါ်ခိုင်းရခြင်းဖြစ်ကြောင်း၊ အတိတ်က သူ့အပေါ် လိုလေသေးမရှိ အစစအရာရာ ပါရမီဖြည့်ခဲ့သူ နှစ်ဦးရှိကြောင်း...

---

**ရွှေလ ဆက်ဖတ်ပါရန်**

---

**နေဝန်းနီ**




www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အငြိမ့်ကြူ


သရောကြီးဦးအောင်မြင့်
(ဥပဒေအဖွဲ့)
လက္ခဏာဗေဒင်ပညာသုတေသ


ဤဆောင်းပါးနှ
အတူ ဖော်ပြပေးလိုက်
သော ဘယ်လက်ဖဝါ
ပုံစံပိုင်ရှင်မှာ အသက်
လေးဆယ်ကျော် အမျ
သမီးတစ်ဦး ဖြစ်ပ
သည်။ လက်ဖဝါးပြင်နှ
လက်ချောင်းများကိုပ
သေချာစွာ ကြည့်ရှုလေ့
လာ စစ်ဆေးပြီး
အောက်ပါ မေးခွန်းမျာ
ကို ဖြေကြည့်ပါ။

၁။ ဘဝမှာ နာမည်ဂုဏ်
သတင်း ထင်ရှ
ကျော်ကြားနိုင်သလား။

၂။ အလှူ အတန်းကြီးမျ
ပေးရတဲ့ကံ ရှိလား။

၃။ ပညာ သင်ကြား
ဆရာမအလုပ်၊ ပညာ
ရေးဆိုင်ရာ အလုပ်မျ
အကျိုးပေး အောင်
နိုင်သလား။

၄။ ကိုယ်ပိုင်အိမ်ခြံမြေ ကျ
ကျယ်ဝန်းဝန်းနဲ့ နေနိုင်
လား။

မိမိတို့၏ အဖြေများကို သီးခြ
စာရွက်လွတ်တွင် ရေးမှတ်ပြီးမှ ပဟေဠိ
အဖြေများနှင့် တိုက်ဆိုင်ကြည့်ပါ
လက္ခဏာပညာသုတ ပိုမိုတိုးပွား
ကြပါလိမ့်မည်။


ပဟေဠိ အဖြေများကို
စာမျက်နှာ(၂၂၄)တွင်
ကြည့်ရှုပါရန်။




www.burmeseclassic.com

www.burmeseclassic.com



ပြဒါး၊ ပဒိုင်း၊ ပုတီးနှင့်

# သီလရှုကျပ်ရည်

တင်ဝေထွန်း (အိမ်မဲ)

ကျွန်ုပ်တို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာ ယ်ဝယ်တွင် သီလစောင့်ထိန်းအပ် ကြောင်း၊ ပြင်းထန်သော သီလတန်ခိုး င့် အရာရာကို အောင်မြင်ပြီးမြောက် နိုင်ကြောင်း၊ သီလခေါ် ကိုယ်ကျင့် ရား၏ ကောင်းမြတ်သောဂုဏ်တို့ကို ဘာသာ၏ အနှစ်သာရတစ်ခုအဖြစ် ှာန်းဆုံးမထားသော်လည်း ယခု ခါမှာဖြင့် ကမ္ဘာကြီး တိုးတက်လာ ည်နှင့်အမျှ ရုပ်ဝတ္ထုပစ္စည်းများ ဆမတန် ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ွင် အခြေခံ၍ သီလပျက်ယွင်းစရာ ် ရပ်များအား ဗုဒ္ဓဘာသာများ ကိုယ် ်ပင် ပေါ့ပေါ့တန်တန် သဘောထား ကြသည်။

ပြုမူဆောင်မှု(ကာယကံ)၊ ပြောဆိုမှု ကံ)၊ တွေးခေါ်ကြံစည်မှု (မနောကံ) ှင့် မိမိတို့ နေ့စဉ် အသက်မွေးမှု ပေါ်တွင် သီလပျက်ယွင်းလာကြ ည်။

ျက်ယွင်းသော သီလအပေါ်တွင် ည်း ကြောက်ရွံ့ထိတ်လန့်မှု၊ သီလ က်ခြင်း၏ အကျိုးဆက်အား မလွဲ သွ မိမိခံစားရမှာပါလား ဟူသော တွေးမျိုး တစ်စတလေပင် မဝင် ာ့ဘဲ အကျိုးဆက်မရှိသယောင် ာင်ပင် လက်ခံနေကြသည်။

လက်ရှိဥပဒေအား မကျူးလွန်လျှင် ရော ဟူ၍ ခံယူနေကြသည်။ ဤ ရာ၌ ကျွန်ုပ် တင်ပြလိုသည့်အချက် သီလတစ်ချက်ပျက်ရုံ သီလကလေး ်ကျားသွားရုံဖြင့် မိမိ ဆောင်ရွက် သော ဓာတ်လုံး ထွက်သွား ဆုံးရှုံးရ သာ သာဓကတစ်ခု ကျွန်ုပ် ကြုံခဲ့ဖူးပါ ည်။

ွန်ခဲ့သော **၁၉၆၂ ခုနှစ်ခန့်က** ုပ် အသက်(၁၀)နှစ်သားခန့်တွင် ုပ်၏ ဆရာသခင်ဖြစ်တော်မူသော ဆရာကြီး ဘိုးကျော်သောင်းသည် ကျွန်ုပ်၏အိမ်သို့ ရောက်ရှိလာပြီး ပြဒါး ရှင်ဓာတ်လုံး တည်ပါသည်။

ပထမ ဆရာကြီးက **နာ(၅)ကျပ် သားတွင် ဆေးဒန်း(၅)မတ်ပစ်ကာ** ထုံတည်ပါသည်။ ယင်းထုံဖြင့် **ပြဒါး (၂)ကျပ်သား**အား ခဲယူပြီး ထုံကျ ပြဒါးခဲအား ဆက်တက်ရာတွင် ခက်ခက်ခဲခဲ မဟုတ်ပါ။ အချိန်တော့ ယူရပါသည်။

ဆရာကြီးသည် ကျွန်ုပ်ဖခင်အား ပဒိုင်းမျိုးစေ့များပေး၍ ပဒိုင်းစိုက်ခင်း ကလေးတစ်ခု စိုက်ပျိုးစေပါသည်။ ပဒိုင်းပင်များ အသီးသီး၍ သံပရာသီး ခန့်အရွယ်တွင် ခူးယူပြီး ပဒိုင်းသီးကို ဖောက် အလယ်တွင် ပြဒါးထည့်ပြီး ဖော်မံကာ ဖွဲမီးဖြင့် ကျင်းချအုံပါသည်။

နောက်နေ့တွင် မီးကျွမ်းသွားသော အခါ ပဒိုင်းသီးမှ ဓာတ်လုံးကို ဖော်ယူ ပြီး နောက်တစ်လုံး ပြောင်းဖုတ်ပါ သည်။ ပြဒါးအား ပဒိုင်းထဲထည့်၍ သီလစောင့်ကာ ပုတီးနာနာ စိပ်ပါလေ တော့သည်။

ဆရာကြီး၏ အဆိုအမိန့်ကဖြင့်...

"“ဓာတ်တူနာမ်တူ ဆေးဖက်ယူ နာမ်တူ သတ်က အသေရ”တဲ့ တပည့်ရဲ့ (ပြဒါး ပဒိုင်း ပုတီး)ဟာ ကက်ကင်းတွေချည်းပဲ တပည့်ရဲ့’

ဟု ပြောခဲ့ဖူးပါသည်။

ဟုတ်ပါသည်။ (၃)လအကြာတွင် ဓာတ်လုံးထူးခြားမှု ပြလာပါသည်။ ကြည်လင်ဖြူမှိုင်းသော ဓာတ်လုံးမှ ဖြူနီပြာဝါရောင်စဉ်တန်းများ လင်း လက်လာသည်။ ဓာတ်လုံးသည် ည အချိန် အမှောင်ထဲထားသောအခါ အထူးမြူတောက်ပသော အရောင်များ ထွက်ပေါ်လာပါသည်။

ဤအချိန်တွင် ဓာတ်လုံးဆုံးရှုံးတော့ မည့် သီလပျက်စရာအကြောင်း ပေါ် လာသည်။ တစ်နေ့ လူမမာတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ထံမှ ငွေကျပ်နှစ်ရာအား မဟုတ်သော အကြောင်းပြချက်ဖြင့် ဆရာကြီး သိသိကြီးနှင့် မုသားသုံးကာ လက်ခံလိုက်ပါသည်။

ငွေနှစ်ရာကျပ်သည် ထိုခေတ်က ဝန်ထမ်းတစ်လစာဖြစ်၍ နည်းသည် ဟုလည်း မဆိုသာပါ။ သို့သော် သီလကတော့ အပြောက်အကျား ထင်သွားပြီထင့်။ နောက်တစ်နေ့ ပြဒါးလုံး ဖုတ်ထားစဉ် ဝင်းပြောင်သော အရောင်တို့ဖြင့် ဓာတ်လုံး အာကာသထဲသို့ တိုးဝင်ပျံတက် ပျောက်ကွယ်သွားပါသည်။

ဆရာကြီးသည် နောက်တစ်ကြိမ် ထပ်မံ၍ ဓာတ်လမ်းပြန်စ၊ သီလပြန်စောင့်ပြန်ပါသည်။ အထက်ကကဲ့သို့ပင် ဓာတ်လုံး အဆင့်မြင့်လာပြန်ပါသည်။

ဤတစ်ကြိမ်တွင်လည်း သီလပြောက်ကျားစေသောအရာ ပေါ်ပေါက်လာပါသည်။ ဖွဲကျင်းထဲသို့ ဆရာကြီး ဖွဲသွန်ထည့်စဉ် မြွေကလေးတစ်ကောင် ပါသွားပြီး ဖွဲမီးပူဖြင့် တွန့်လိမ်သေသွားရှာပါသည်။

ဤတစ်ကြိမ်တွင်လည်း ဆရာကြီး စိတ်အစဉ် နောက်ကျိသွား၍ ယခင်ကဲ့သို့ပင် ဓာတ်လုံး ထွက်သွားပြန်ပါတော့သည်။ ကျွန်ုပ်သည် ဓာတ်လမ်းအကြောင်း ရေးလိုရင်းမဟုတ် သီလပျက်ခြင်း၏ အရှိန်အဟုန် မကောင်းကျိုးသည် အမှန်ကျရောက်ကြောင်း ပြောလိုရင်းပါ။

ဓာတ်လုံးထိုးသော ပုဂ္ဂိုလ်များအတွက် သီလသည် ဓာတ်အပေါ်တွင် လွှမ်းမိုးကြောင်း ကျွန်ုပ်တို့ သိကြပါ သည်။ ဓာတ်လုံးမထိုးလင့်ကစား သီလ ပျက်ပါက ကိုယ်ခန္ဓာဟူသော ဓာတ် လေးပါး အစုအဝေးကြီးသို့ သီလပျက် ခြင်း၏ ဆိုးကျိုးများ ကျိန်းသေကျ ရောက်ပါလိမ့်မည်။

ဤခန္ဓာကိုယ်ပေါ်သို့ သီလပျက် ခြင်း၏ အပြစ်ဒဏ်များ ကျရောက်ခံစား ရလေ့ရှိကြောင်း စံနမူနာများ မကြာ ခဏ တွေ့မြင်နေကြသည် မဟုတ် လော။

***သီလကိုယ်ကျင့်များ စောင့်ထိန်းနိုင် ကြပါစေ။***

**တင်ထွေး(အိမ်မဲ)**

စာမျက်နှာ (၂၂၂)မှ အဆက်

**လက္ခဏာပဓာနျှ အဖြေများ**

**၁။ ဘဝမှာ နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြားနိုင်သူ ဖြစ်ပါသည်။**


အဘယ်ကြောင့်ဆိုသော် လက်သူကြွယ်အောက် **တနင်္ဂနွေဂြိုဟ်ခုံတွင် ကြိုးမွေ့** ရှိခြင်းကြောင့် ဖြစ်သည်။ **"ခ"အက္ခရာ**

* * *




**၂။ အလှူ အတန်းကြီးများ ပေးရမည့်ကံရှိပါသည်။**

အဘယ်ကြောင့်ဆိုသော်လက်ခလယ်နှင့် လက်ညှိုးကြားတွင် **ညောင်ရွက်ပုံ မင်္ဂလာအခြံအရံ** ရှိခြင်းကြောင့် ဖြစ်သည်။ **"ဂ" အက္ခရာ**





* * *

**၃။ ပညာသင်ကြားသော ဆရာမ အလုပ်၊ ပညာရေးဆိုင်ရာ အလုပ်မျိုးနှင့် အကျိုးပေး အောင်မြင်နိုင်ပါသည်။**

အဘယ်ကြောင့်ဆိုသော် လက်ညှိုးလက်ချောင်းထိပ်က လက်သူကြွယ်လက်ချောင်းထိပ်ထက် သိသိသာသာ ပိုရှည်နေခြင်း "က"အက္ခရာနှင့် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတွင် **လျှို့ဝှက် မဟောသဓာ လက်စွပ် သင်္ကေတရှိခြင်း "ဃ" အက္ခရာတို့ကြောင့်** ဖြစ်သည်။


* * *




**၄။ ကိုယ်ပိုင် အိမ်ခြံမြေ ကျယ်ကျယ် ဝန်းဝန်းနှင့် နေနိုင်ပါလိမ့်မည်။**

အဘယ်ကြောင့်ဆိုသော် စတုရံလွင်ပြင်တွင် စတုရံကွက်ကျယ်ကြီးပုံ ရှိခြင်းကြောင့် ဖြစ်သည်။ "င"အက္ခရာ

* * *




မှတ်ချက် ။ ။ ယခုလက္ခဏာရှင်မှာ လွန်ခဲ့သော(၁၁)နှစ်ခန့်က ကျူရှင်၊ ဘော်ဒါ ဆရာမအနေဖြင့် ကျွန်ုပ်နှင့် စတင် သိကျွမ်းခဲ့ပြီး ယခုအခါ ပုဂ္ဂလိကပညာရေး ကျောင်း တည်ထောင်လုပ်ကိုင်ခွင့် ရရှိ၍ လုပ်ကိုင်နေပြီ ဖြစ်ပါသည်။

*လက္ခဏာပညာသုတ တိုးပွား ပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာ ပွားအောင်...*

ဆရာကြီး ဦးအောင်မြိုင်
(ဥပဒေသွဲ့)
လက္ခဏာဗေဒင်ပညာပုံတော်



www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိရှင် ဆိုသည်မှာ

စရဏ ဦးအောင်

'လာပါ၊ ကြွပါ ဝိဇ္ဇာကြီး ဦးစရဏ'

'ဘယ်လိုလဲ ဦးခင်ရွှေ ကျွန်တော့်ကို ခေါ်တာ ထူးလှချည့်လား'

'ထူးရမယ်လေ ဦးစရဏရယ်'

'ဝိဇ္ဇာလို့ မခေါ်ပါနဲ့ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်က သိဒ္ဓိရှင်အကြောင်းတွေကို လေ့လာပြီး သိဒ္ဓိရှင်ကို ဝိဇ္ဇာလို့ ရေးမိတာတောင် နောင်တရနေတယ်။ ရေးပြီးတဲ့ ဆောင်းပါးတွေကိုတောင် ဝိဇ္ဇာဆိုတဲ့ စကားလုံးအစား သိဒ္ဓိရှင်လို့ ပြင်ပြီးရေးနေတယ်။ နောင်ကိုလဲ ဆောင်းပါးရေးရင် သိဒ္ဓိရှင်လို့ပဲ ရေးတော့မယ်ဗျာ'

'ဝိဇ္ဇာနဲ့ သိဒ္ဓိရှင် ဘာကွာလဲ'

'အဓိပ္ပာယ်ဖွင့်လိုက်ရင် ကွာတော့ ကွာလှပါဘူး။ အတူတူပါပဲ။ ဝိဇ္ဇာဆိုတာက ကျွန်တော်တို့၊ ဦးခင်ရွှေတို့ ဘိုးဘွားသမီးတွေ တက္ကသိုလ်မှာ ကျောင်းတက်တဲ့အခါ ဝိဇ္ဇာလိုင်းကလူတွေ ကျောင်းပြီး ဝိဇ္ဇာဘွဲ့ ရကြလို့ ဝိဇ္ဇာ။ ဂုဏ်ထူးနဲ့ အောင်ရင် ဝိဇ္ဇာ(ဂုဏ်ထူး)လို့ ခေါ်ကြတယ်။ အတတ်ပညာ တတ်မြောက်ရင် ဝိဇ္ဇာလို့ ခေါ်ကြတာပဲ။

ဥပမာဗျာ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ သံဝိဇ္ဇာတို့ စတာတွေဟာ သူတို့က အင်း၊ ပြဒါး၊ ဆေး၊ သံတွေကို နိုင်နင်းကျွမ်းကျင်ကြတဲ့အတွက် ဝိဇ္ဇာလို့ တင်စားပြီး ခေါ်ကြတယ်'

'သိဒ္ဓိရှင် ဆိုတာကရော'

'သိဒ္ဓိရှင်ဆိုတာ ကျွန်တော်တို့၊ ဦးခင်ရွှေတို့ ကြားဖူးနေကျ စကားအတိုင်းပဲပေါ့။ ဥပမာ ကာယသိဒ္ဓိ၊ ...သိဒ္ဓိ၊ လာဘသိဒ္ဓိ၊ မနသိဒ္ဓိ စတာတွေ သိဒ္ဓိတစ်ခုခုကို ရရင် သိဒ္ဓိရှင်ပေါ့ဗျာ'



သရာတော် အရှင် နေမိန္ဒမ္မဝိဇ္ဇာ (နေမိန္ဒမ္မဘောဂရိပ်သာ)

'ဒါဖြင့်ရင် ဘိုးတော် ခေါ်မယ်ဗျာ'

'ဟာ မလုပ်ပါနဲ့ဗျာ၊ အချို့လူတွေက ဝိဇ္ဇာတို့၊ ဘိုးတော်တို့ရဲ့ နာမ်စားကို သိပ်ပြီး မြင်ပြင်းကတ်ကြတယ်ဗျ။ ဒါကြောင့် ကျွန်တော်က အဲဒီ ဝိဇ္ဇာ၊ ဘိုးတော်ဆိုတဲ့ နာမ်စားနှစ်ခုကို ရှောင်မယ်ဗျာ'

'အထက် မန္တလေးဘက်မှာဆိုရင် အသက်ကြီးတဲ့ လတွေကို ဘိုးတော်လို့ ခေါ်ကြတယ်။ အဲဒါကို ဘယ်လို ပြောမလဲ'

'အဲဒီလိုခေါ်တာအသက်ကြီးတဲ့ လူကို ရိုသေတဲ့ သဘောပဲလို့ ကျွန်တော် ထင်တယ်။ မန္တလေးမှာတင် မဟုတ်ပါဘူး။ အချို့ဒေသတွေမှာလဲဘိုးတော်လို့ခေါ်ကြတာပါပဲ'

'အင်း ဒါဆို ဦးစရဏက သိဒ္ဓိရှင်ပေါ့'

'ဟာ ဟာ မလုပ်ပါနဲ့ ဦးခင်ရွှေရယ်၊ ကျွန်တော်က ဘာသိဒ္ဓိမှ မရသေးပါဘူးဗျာ'

'လျှို့မနေပါနဲ့ ဦးစရဏရယ် မလေးရှားမှာ အလုပ်သွားလုပ်တဲ့လူကို ဦးစရဏက ဒီကနေ လုပ်ပေးလို့ အဆင်ပြေသွားတယ်လို့ ကြားရတယ်ဗျာ။ ဒါဟာ သိဒ္ဓိရှင်မို့လို့ လုပ်ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com

တာပေါ့'

'ဟာ ဦးခင်ရွှေ အတွေးချော်သွားပြီ။ အဲဒီလိုလုပ်တာ သီလ၊ သမသစ္စာနဲ့ဆိုင်တာ။ သိဒ္ဓိနဲ့ မဆိုင်ပါဘူး

'ဘာပဲပြောပြောလေ၊ အဲဒီလိုလုပ်ပေးနိုင်တာကိုက အစွမ်းထက်လို့ သိဒ္ဓိရှင်လို့ ခေါ်တာပေါ့'

'အဲဒီလိုလုပ်တာ အစွမ်းထက်လား၊ မထက်လားဆိုတာ စမ်းသပ်တဲ့သဘောပဲ ရှိပါသေးတယ် ဦးခင်ရွှေရယ်။ အစွမ်းထက်တာက အရှင်နေမိန္ဒြဓမ္မဝိဇ္ဇာဗျ။ ကျွန်တော်က ဆရာတော်ရဲ့ နည်းနိဿရည်းကိုယူပြီး စမ်းသပ်ကြည့်နေတာပါဗျာ'

'ဘာလဲ ထောက်ကြန့်က ဆရာတော်လား၊ ဗဟုသုတအဖြစ် ပြောပြစမ်းပါဗျာ'

'ဆရာတော်က လူ့ဝတ်ကြောင်ဘဝကတည်းက သိဒ္ဓိရှင် ဖြစ်နေပြီဗျ။ အခုတော့ ဝိပဿနာလိုင်းပြောင်းပြီး တစ်ဘဝတည်းနဲ့ နိဗ္ဗာန်ကိုအရောက် ကျားကုတ်ကျားခဲ ကျင့်ကြံအားထုတ်နေတယ်လေ'

'ဆရာတော် လူ့ဝတ်ကြောင်ဘဝကတည်းက သိဒ္ဓိရှင်လို့ ဦးစရဏာ ဘယ်လိုလုပ်သိလဲ'

'သူနဲ့ကျွန်တော် အနှစ်(၂၀)နီးပါး ခင်မင်ရင်းနှီးရင်း သာသနာပြုတဲ့ လုပ်ငန်းမှာ အတူလုပ်ခဲ့ကြတယ် ဆိုတော့ သူ့မှတ်တမ်းစာအုပ်ကို ဖတ်ခွင့်ရလို့ သူ သိဒ္ဓိရှင် ဖြစ်နေပြီဆိုတာ သိရတာပေါ့ဗျာ'

'ဦးစရဏာက သိဒ္ဓိရှင်မှန်းသိတော့ သူ့ထူးခြားချက်တွေကို ဘာတွေ့ခဲ့ရလဲ ပြောစမ်းပါဦး'

'သူ့ ထူးခြားချက်တွေကတော့ အများကြီးပေါ့ဗျာ။ ပြောလို့ကုန်မှာ မဟုတ်ဘူး'

'အများကြီးထဲက ထူးခြားတာတစ်ခု



ပြောဗျာ'

'ဒီလိုဗျ ဆောင်းပါးတစ်ပုဒ်မှာ ခန္တီစေတီ (၁၀၈)ဆူ တည်ပြီးရင် တွေ့ရမယ်လို့ ရေးထားတယ်။ ကျွန်တော်က သိဒ္ဓိရှင်နဲ့ တွေ့ချင်တဲ့လူဆိုတော့ ခန္တီစေတီကို တည်တယ်။ ခန္တီစေတီ (၁၀၈)ဆူ မကဘူး (၁၁၈)ဆူ တည်ပြီးသွားသော်လဲ သိဒ္ဓိရှင်နဲ့ မတွေ့ဘူးဗျ'

'ဆရာတော့်ရဲ့ ထူးခြားတဲ့အကြောင်း ပြောပါဆို ဘယ့်နှယ် ခန္တီစေတီ အကြောင်း ရောက်သွားတာလဲ'

'လာမယ်လေ ခန္တီစေတီအကြောင်းနဲ့ ဆက်စပ်နေလို့ ခန္တီစေတီအကြောင်း ပြောရတာ'

'အင်း ပြော'

'ဆရာတော် ရဟန်းဝတ်ပြီး (၃)ဝါအရမှာ ကျွန်တော့်မှတ်တမ်းအရ ပြောရင် (၁၉–၃–၉၅)ရက်နေ့ကပေါ့။ ကျွန်တော်နဲ့ ဆရာတော် နှစ်ဦးတည်း ရှိနေတဲ့အချိန်မှာ ကျွန်တော်က...

"ဘုန်းကြီးရယ် ခန္တီစေတီ(၁၀၈)ဆူ တည်ပြီးရင် သိဒ္ဓိရှင်နဲ့ တွေ့ရမယ်ဆိုလို့ တပည့်တော်ဟာ သိဒ္ဓိရှင်နဲ့ တွေ့ချင်လို့ ခန္တီစေတီကိုတည်တာ (၁၀၈)ဆူ မကဘူး (၁၁၈)ဆူတောင် တည်ပြီးပြီ။ အခုထိ သိဒ္ဓိရှင်နဲ့ မတွေ့ရသေး
ဘူး"

လို့လျှောက်လိုက်တော့ ဆရာတော်
က...

"ခုထိ မတွေ့ရသေးဘူးလား"

"မတွေ့ရသေးပါဘူး ဘုရား"

"ဩော် ဒကာချစ်နှယ် ဖြစ်မှဖြစ်
လေ။ မတွေ့ရသေးဘူးတဲ့လား"

အဲဒီလို ပြောတော့မှ ကျွန်တော်
လဲ...

"ဟာ ဘုန်းကြီး ဒါဆိုရင် တပည့်
တော်ကို သိဒ္ဓိရှင်ဖြစ်နည်းကို ပေး
ဘုရား"

"ဒကာချစ်က သိဒ္ဓိရှင် ဖြစ်ချင်
လား"

"ဖြစ်ချင်တာပေါ့ဘုရား။ သိဒ္ဓိရှင်
ဖြစ်ချင်လို့ သိဒ္ဓိရှင်နဲ့တွေ့ပြီး သိဒ္ဓိရှင်
ဖြစ်နည်း လမ်းညွှန် တောင်းချင်နေတာ
အခုတော့ သိဒ္ဓိရှင်နဲ့ တွေ့ပါပြီ။ တပည့်
တော်ကို သိဒ္ဓိရှင်ဖြစ်နည်း ပေး
ဘုရား"

လို့ လျှောက်တယ်'

'ဦးစရဏာကို သိဒ္ဓိရှင်ဖြစ်နည်း ပေး
ရောလား'

'ပေးတာပေါ့။ ဆရာတော်က သိဒ္ဓိ
ရှင်ဖြစ်နည်းကို အသေအချာ ရေး
ကျွန်တော့်ကိုပေးတယ်။ ကျွန်တော်
ဆရာတော် ရေးပေးတဲ့ သိဒ္ဓိရှင်
နည်းစာကို ဖတ်ကြည့်တော့ ကျွန်
ဘာမှ နားမလည်ဘူး။ ဒါကြောင့်
ကျွန်တော်က...

"ဘုန်းကြီး ဘုန်းကြီးရေးထား
တပည့်တော် ဘာမှ နားမလည်
ဘုရား၊ အဓိပ္ပာယ်ကို ရှင်းပြပါဦး"

လို့ လျှောက်တော့ ဆရာ
က...

'သိဒ္ဓိရှင် ဖြစ်ချင်ရင် အဲ
လေ့လာ၊ ကျင့် အဲဒါအားလုံး သိ



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) သဘာဝဓမ္မတိုင်းရင်းဆေးခန်း

# ဆရာ ဦးသန်းဆွေထွန်း

(တဆ-၀၂၀၆၂) နှင့် တွေ့ဆုံဆွေးနွေးခဲ့သော အမျိုးသား/အမျိုးသမီး

# အားနည်းရောဂါ

သိကောင်းစရာများ

မြောင်းမြ မောင်ယဉ်ဆင့်



◆ ဆရာဦးသန်းဆွေထွန်း(တဆ-၀၂၀၆၂)

အမျိုးသား အားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ)ဟာ သက်ကြီးပိုင်းအရွယ် (အသက် ၆၀ အထက်) ဖြစ်တာများပြီး လူလတ်ပိုင်းအရွယ် အသက်(၄၀ မှ ၅၀)အရွယ်)တွေလဲ ဖြစ်တာ တွေ့ရှိရပါတယ်။ အမျိုးသားများ အားနည်းရောဂါရှိသလို အမျိုးသမီးများလဲ ဆန္ဒအားနည်းရောဂါရှိတာ လေ့လာတွေ့ရှိရပါတယ်။

အဲဒီ အမျိုးသား/အမျိုးသမီး အားနည်းရောဂါတွေအကြောင်း ဆွေးနွေးဖို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ကို သွားရောက်ပြီး ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာ ဦးသန်းဆွေထွန်းက တောင်သာဆရာကြီး ဦးရွှေသော့(သယံနှံကျွန်း) ရဲ့ မြေးဖြစ်ပြီး သဘာဝဓမ္မ ဆရာကြီး ဦးထွန်းရည်၊ သဘာဝဓမ္မ ဆရာကြီး ဦးငြိမ်းမောင်တို့ရဲ့ တပည့်ရင်း ဖြစ်ပါတယ်။ ဆေးကုသက် (၁၇)နှစ်ကျော်နေပြီဖြစ်တဲ့ ဆရာဦးသန်းဆွေထွန်းနဲ့ ဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

❒ **"ဒီတစ်ပတ် ဆရာနဲ့ အမျိုးသား/ အမျိုးသမီး အားနည်းရောဂါ အကြောင်းကိုဆွေးနွေးမှာ ဖြစ်ပါတယ်။ ခု ပထမ အမျိုးသားအားနည်းရောဂါ(ပန်းသေ/ ပန်းညှိုးရောဂါ) ဖြစ်စေတဲ့ အကြောင်းရင်းများကို ပြောပြပေးပါ"**

❍ 'အမျိုးသားအားနည်းရောဂါ (ပန်းသေ/ပန်းညှိုးရောဂါ) ဖြစ်စေတဲ့ အကြောင်းရင်းများကတော့...

၁။ စိတ်ဖိစီးမှုများခြင်း၊
၂။ အာဟာရချို့တဲ့ခြင်း၊
၃။ အချို့ရောဂါနှင့် ဆေးဝါးများ သုံးစွဲခြင်း၊
၄။ ဆေးလိပ်နှင့်အရက် အလွန်အကျွံသောက်ခြင်း၊
၅။ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊
၆။ လေဖြတ်ခြင်း၊
၇။ ကျောရိုးမကြီး ထိခိုက်ဒဏ်ရာရခြင်း၊
၈။ ဆီးကျိတ်ခွဲစိတ်မှုနှင့် အခြားခွဲစိတ်မှုများ ပြုလုပ်ခဲ့ခြင်း၊
၉။ ဆီးချိုသွေးချိုရောဂါရှိခြင်း

စတဲ့ အကြောင်းအချက်အလက်များဟာ ပန်းသေပန်းညှိုးရောဂါ ဖြစ်ပွားစေတဲ့ အကြောင်းရင်းများ ဖြစ်ပါတယ်'

❒ **"ပန်းသေပန်းညှိုးရောဂါ ဘယ်နှမျိုး ရှိပါသလဲဆရာ"**

❍ 'ဒေသနာနည်းနဲ့ပြောရရင် ပန်းသေပန်းညှိုးရောဂါ (၂)မျိုး ရှိပါတယ်။ အပူအကြောင်းခံပြီးဖြစ်တဲ့ တိက္ခပန်းသေပန်းညှိုးရောဂါနဲ့ အအေးအကြောင်းခံပြီးဖြစ်တဲ့ မန္ဒပန်းသေပန်းညှိုးရောဂါပါ။

အပူအကြောင်းခံပြီးဖြစ်တဲ့ ပန်းသေပန်းညှိုးရောဂါဟာ ပန်းထကြွမှုအနည်းငယ်သာရှိပြီး သုက်သွေးမရှိဘဲ အားနည်းနေမှုကြောင့် ကာမအလိုဆန္ဒအားနည်းတဲ့ရောဂါပါ။

အအေးအကြောင်းခံပြီး ဖြစ်တဲ့ ပန်းသေပန်းညှိုးရောဂါကတော့ သလိပ်ဓာတ် သုက်သွေးများရှိပေမယ့် ပန်း



www.burmeseclassic.com

www.burmeseclassic.com

လှုပ်ရှားမှုကိုပေးနိုင်တဲ့ လေဓာတ် ယုတ်လျော့အားနည်းမှုကြောင့် ဂ ဆန္ဒစိတ်အားရှိသလောက် ပန်းထကြွမှု မရှိတဲ့ ပန်းသေပန်းညှိုးရောဂါ'

❒ **'မေထုန်ကိစ္စ မပြုသင့်တဲ့အချိန်နဲ့ မပြုသင့်တဲ့ အရွယ်တွေ ရှိပါသလား ဆရာ ရှင်းပြပေးပါဦး'**

❍ 'မေထုန်ကိစ္စ မပြုသင့်တဲ့အချိန်နဲ့ ပတ်သက်ပြီး ပြောရရင် အပုပ်ချိန်၊ သလိပ်ချိန်၊ သွေးချိန်၊ သည်းခြေ ချိန်၊ လေချိန်ဆိုတဲ့ အချိန် (၅)ပါး ထဲက အပုပ်ချိန်ဖြစ်တဲ့ ည(၇း၀၀) နာရီမှ သန်းခေါင်ယံ(၁၂)နာရီ အတွင်းမှာသာ မေထုန်ကိစ္စ ပြုသင့် ယ်။

အရုဏ်တက်ချိန်နဲ့ ည(၁၂)နာရီ နောက်ပိုင်းအချိန်တွေမှာ မေထုန်ကိစ္စ ပြုရင် အားအင်ကုန်ခန်းပြီး ကုန်သွားတဲ့ အားတွေ,သွေးတွေဟာ သူ့နေရာနဲ့သူ နေသားတကျ ပြန်မဖြစ်တဲ့အတွက် ဖြစ် ပါတယ်။

မဃဒေဝကျမ်းအလိုအရ အသက် (၅၀)ကျော်အမျိုးသမီးများ (အရွယ် လွန်သက်ကြီးမိန်းမ)နဲ့ နေပူချိန်ပြင်းတဲ့ တော်သလင်းလမှာ မေထုန်ကိစ္စ ရှောင် ကြဉ်ရမယ်လို့ ဆိုထားပါတယ်။

မေထုန်ကိစ္စ မပြုသင့်တဲ့ အရွယ်နဲ့ ပတ်သက်ပြီးပြောရရင် စရကာသံဟိတာ ကုထုံးကျမ်းအရ အသက်(၁၆)နှစ်ထက် လျော့သော အရွယ်သူတို့သည် လည်း ကောင်း၊ အသက်(၇၀)ကျော်အထက် ရှိသူတို့သည် လည်းကောင်း အကယ်၍ အသက်ရှည်လိုငြားအံ့ မည်သည့်အခါ မှ မေထုန်မှီဝဲခြင်း မပြုရလို့ ဖွင့်ဆိုထား ပါတယ်။

ဒီအချက်တွေနဲ့ ပတ်သက်ပြီး ပြောင်းလဲနေတဲ့ ခေတ်အဆက်ဆက် မှာ (၁၃)နှစ်ရင်လျား လင်သားယူကြတဲ့ ခေတ်စနစ်တွထဲ လူလာဖြစ်ကြသူတွေ မို့ ယနေ့ မျက်မှောက်ခေတ် မြန်မာ နိုင်ငံအပါအဝင် နိုင်ငံတကာအသီးသီး မှာ (၁၄,၁၅,၁၆)နှစ်ရှိတဲ့ အမျိုးသား၊ အမျိုးသမီးတွေ အိမ်ထောင်ပြုနေကြ တာ တွေ့နေရပါတယ်။

ကျန်းမာရေး၊ လူမှုရေးပြဿနာလို့ ယူဆလို့မဖြစ်ပါဘူး။ ဒါပေမယ့် (၁၆)နှစ် အထက် အိမ်ထောင်ပြုရင် ပိုပြီးသင့် လျော်ပါတယ်။ အထူးသဖြင့် အသက် (၇၀)ကျော်အရွယ်တွေလဲ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံတကာမှာ အိမ်ထောင် ပြုနေကြပါတယ်။

မြန်မာနိုင်ငံမှာ အသက်(၇၀)နှစ် အမျိုးသားများနဲ့ အသက်(၄၅)နှစ် အရွယ် အမျိုးသမီးတွေ အိမ်ထောင်ပြု နေကြသလို နိုင်ငံတကာမှာ အသက် (၈၆)နှစ် အမျိုးသားများနဲ့ အသက်(၄၀) အရွယ် အမျိုးသမီးတွေ အိမ်ထောင်ပြု နေကြပါတယ်။

အထက်မှာ ပြောခဲ့သလို ပန်းသေ ပန်းညှိုးရောဂါဖြစ်စေတဲ့ အကြောင်းရင်း တွေကို ရှောင်ကြဉ်ပြီး ဒေသနာနည်း အရ ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ သမုဋ္ဌာန်(၄)ပါးနဲ့ ညီညွတ်ပြီး ကိုယ် စိတ်နှစ်ပါး ကျန်းမာချမ်းသာသူတွေ အိမ်ထောင်ပြုနိုင်တယ်လို့ ကျန်းမာရေး အမြင်နဲ့ ပြောပါရစေ'

❒ **'ပန်းသေပန်းညှိုးရောဂါရဲ့ ကုထုံးကိုလဲ ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

❍ 'ပန်းသေပန်းညှိုးရောဂါရဲ့ ကုထုံး ကတော့ ပထမဦးဆုံး ရောဂါရှင်ကို အပူပန်းသေပန်းညှိုး၊ အအေး ပန်းသေပန်းညှိုးလားဆိုတာ ဆန်း စစ် ရပါတယ်။ အဲဒီနောက် ရောဂါ ရှင်ကို ဆီး,ဝမ်း,လေမှန်အောင် ပြုပြင်ပေးရပါတယ်။

ယောက်ျားမှာ ဆီး၊ မိန်းမမှာမီးဆိုတဲ့ စကားရပ်နဲ့အညီ ယောက်ျားများ ဖြစ် လေ့ဖြစ်ထရှိတဲ့ ဆီးချိုရောဂါ၊ ဆီး ရောဂါ၊ ဆီးပူညှောင်းကျရောဂါ ရှိ,မရှိ စစ်ဆေးရပါတယ်။ အဲဒီနောက် စိတ် ပိုင်းဆိုင်ရာနဲ့ လူမှုရေးကိစ္စများ အိမ်ထောင်ရေးကိစ္စများကို ဆွေးနွေး မေးမြန်းရပါတယ်။

အပူပန်းသေပန်းညှိုးရောဂါရှင်ကို ချို ဆိမ့်ရသာကျွေးပြီး၊ အအေးဆေး အအေးဓာတ်စာများကို ပေးရပါတယ်။ အအေးပန်းသေပန်းညှိုးရောဂါကို ချဉ် ငန်၊ ခါးဆေးနဲ့ ဓာတ်စာကို တိုက်ကျွေး ရပါတယ်။

အဲဒီရောဂါရှင် (အပူပန်းသေ ပန်းညှိုး၊ အအေးပန်းသေပန်းညှိုး)များ ကို မနက်စာ စားပြီးချိန်မှာ အာရုံကြော တွေ အားကောင်းဖို့ အာရုံကြောဆေး ကို ကျွေးပြီး ညနေစာစားပြီးချိန်မှာ အကြောတွေ သန်မာဖို့ အကြော အားဆေးကို တိုက်ကျွေးရပါတယ်။

အာရုံကြောဆေး၊ အကြောအား ဆေးတွေကို သမားစဉ်သုံး တိုင်းရင်း ဆေးစစ်စစ်များနဲ့ ဖော်စပ်ထားတာ ကြောင့် ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ အချိုးအစား တိကျမှန်ကန်စွာ ဖော်စပ် ထားတာကြောင့် အစွမ်းလဲ ထက် တယ်။

ပန်းသေပန်းညှိုးရောဂါရှင်ကို အသက် အရွယ်လိုက်ပြီး လည်းကောင်း၊ ရော အခြေအနေကိုလိုက်ပြီး လည်းကောင်း ဖောက်ပြန်တဲ့ ဓာတ်(၄)ပါးရဲ့ အ အနေကိုလိုက်ပြီး ညှိနှိုင်းပြုပြင်ကု ပေးရင် ပန်းသေပန်းညှိုးရောဂါ တဖြည်းဖြည်း သက်သာ ပျောက်က မှာ ဖြစ်ပါတယ်'

❒ **'အမျိုးသမီးများလဲ ဆ ရောဂါရှိပါသလား ဆ**

❍ 'အဲဒီအမေးနဲ့ ပတ်သက်ပြီး အ

www.burmeseclassic.com

www.burmeseclassic.com

နိဒါန်း ဘာသာဗေဒကာကျမ်း စာမျက်နှာ (၃၈၇)မှာ အမျိုးသမီးများ ပန်းသေရောဂါရှိသလော ဆိုတဲ့ အချက်ကို ကိုးကားပြောရရင် စင်စစ် အမျိုးသမီးများမှာ ယောက်ျားများကဲ့သို့ ထင်ထင်ရှားရှား ပန်းထကြွမှု မရှိသောကြောင့် ပန်းသေမှု၊ ပန်းညှိုးမှု မရှိဟု မှတ်ရမယ်။

ပန်းထကြွမှု မရှိစေကာမူ သားအိမ်အားနည်းမှု၊ သားအိမ်ပွမှု၊ ကာမဂုဏ်ခန်းမှုကား ရှိသည်သာလျှင်တည်းလို့ ဆိုထားပါတယ်။

ကျွန်တော်ရဲ့ ဆေးကုသက်(၁၇)နှစ်ခန့်မှာ ရောက်ရှိလာတဲ့ အမျိုးသမီးဆန္ဒအားနည်းရောဂါရှင်များကို ဆွေးနွေးမေးမြန်းတဲ့အခါ အမျိုးသားများနည်းတူ စိတ်ဖိစီးမှုများတဲ့သူ၊ အာဟာရချို့တဲ့သူ၊ အိမ်ထောင်ရေး အဆင်မပြေသူ၊ မီးယပ်မမှန်တဲ့သူ၊ မီးယပ်ဖြူဆင်းရောဂါရှိတဲ့သူ၊ ဆီးချိုရောဂါရှိတဲ့သူတွေနဲ့ နေပူမိုးရွာမရှောင် ပင်ပင်ပန်းပန်း အလုပ်လုပ်ကြတဲ့ အမျိုးသမီးတွေဟာ ကာမဆန္ဒနည်းခြင်း၊ လိင်ဆက်ဆံလိုစိတ်မရှိခြင်း စတဲ့ အကြောင်း အချက်အလက်တွေကို တွေ့ရှိပါတယ်'

❐ **'ဆရာရဲ့ ဆေးကုသက်(၁၇)နှစ်အတွင်း ကြုံတွေ့ခဲ့ရတဲ့ အမျိုးသမီးဆန္ဒအားနည်း ရောဂါရှင်တွေကို ဘယ်လို ကုသခဲ့ပါသလဲ ဆရာ'**

❍ 'ကျွန်တော့်ထံ ရောက်လာတဲ့ အမျိုးသမီးရောဂါ ရှိတဲ့သူတွေကို ကုသရတဲ့အခါ ပထမ စစ်တမ်းကောက်ရပါတယ်။ သာမန်မီးယပ်ဖြူဆင်းရောဂါရှိတဲ့သူတွေကို ဒိန်ချဉ် မှန်မှန်သောက်စေခြင်း၊ မုရားကြီးရွက်သတ္တုရည်ကို သကြားရောစပ်သောက်စေခြင်း(သို့မဟုတ်) မုရားကြီးရွက်ပြုတ်ရည်ကို သကြား ရောစပ်သောက်စေခြင်း...

မီးယပ်ဖြူဆင်းရောဂါ ရင့်ရင့်ရင့်သလို ကုသပေးခြင်း၊ မီးယပ်ရောဂါကြောင့် ဖြစ်ရင် ဖြစ်တတ်တဲ့ ရောဂါအလိုက် ဆေးဓာတ်စာ ပေးကုသခြင်း၊ အထူးသဖြင့် အမျိုးသမီးဆန္ဒ အားနည်းရောဂါရှင်တွေကို သက်သာပျောက်ကင်းစေတဲ့ ရှားစောင်းလက်ပပ်ချက်ဆေးတစ်မျိုးကို တိုက်ကျွေး ကုသပေးခြင်း ပြုလုပ်တဲ့အခါ **အသက်(၄၀) ကျော်(၅၀)အတွင်း အမျိုးသမီးများ ဆန္ဒအားနည်းရောဂါ သိသိသာသာ သက်သာ ပျောက်ကင်းကြပါတယ်။**

ကျွန်တော် ကုသပေးခဲ့တဲ့ အမျိုးသမီးတွေထဲက အသက်(၄၀)ကျော် အသက်(၆၀)အတွင်း အမျိုးသမီးကြီးများကို ရှားစောင်းလက်ပပ်ချက်ဆေး တိုက်ကျွေးကုသတဲ့အခါ သိသိသာသာ ကျန်းမာဝဖြိုးပြီး မီးယပ်သွေးဆုံးကိုင်ခြင်း၊ မီးယပ်ပိန်မီးယပ်ခြောက်နဲ့ မီးယပ်ရောဂါအမျိုးမျိုး ကင်းဝေးကြတာ တွေ့ရှိရပါတယ်'

❐ **'အခုလို အမျိုးသားအားနည်းရောဂါနဲ့ အမျိုးသမီးဆန္ဒအားနည်းရောဂါ အကြောင်းတွေကို မအားလပ်တဲ့ကြားက လိုရင်းတိုရှင်း ပြောကြားပေးတဲ့အတွက် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ရဲ့ ကိုယ်စား ကျေးဇူးတင်ပါတယ် ဆရာ'**

**ဆရာ ဦးသန်းဆွေထွန်းနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...**

ဆရာ ဦးသန်းဆွေထွန်း
**သဘာဝစမ္မတိုင်းရင်းဆေးခန်း**
အမှတ်(၃၉)၊ လှော်ကားလမ်းကြီး
(၁၀၅)ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁ ၇၀၃၃၆၄

မြောင်းမြ မောင်ယဉ်တင့်

စာမျက်နှာ (၂၂၆)မှ အဆက်

မှန်ရင် သိဒ္ဓိရှင်ဖြစ်မယ်"

ဆရာတော်က ဒါပဲပြောပြီး နေရာမှ ထထွက်သွားတယ်။ ကျွန်တော်က ဒီ သိဒ္ဓိရှင်ဖြစ်နည်း လမ်းညွှန်စာကို ကျွန်တော့် မှတ်တမ်းစာအုပ်မှာ ရေးမှတ်ထားလိုက်တယ်။ တစ်နေ့မှာ အသုံး တည့်လိမ့်မယ်ဆိုတဲ့ သဘောနဲ့ သိမ်းထားတာ။ သူ့နည်းက အတိုနည်းနဲ့ ရေးထားတော့ အခုချိန်ထိ ကျွန်တော် ဘာမှ နားမလည်သေးဘူး။ ဒါကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ထည့်ရေးပေးလိုက်မယ်။ စိတ်ဝင်စားတဲ့လူ၊ နားလည်တဲ့လူ၊ အသုံးတည့်တဲ့လူ သုံးကြပေါ့ဗျာ'

'ဘာတွေ ရေးထားလဲ'

'နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ပါလာရင် ဖတ်ကြည့်ပေါ့ဗျာ'

'အင်း စောင့်ကြည့်ပေါ့ဗျာ'

(ဆောင်းပါးအဆုံးပိုင်းတွင် သိဒ္ဓိရှင်ဖြစ်နည်းကို ဖော်ပြထားသည်။)

'ဦးခင်ရွှေကို ပြောချင်တာက ကျွန်တော်ဟာ သိဒ္ဓိရှင် မဟုတ်ဘူး ဆိုတာပါပဲ။ ကဲ ရှင်းပြီမဟုတ်လား'

'ရှင်းတော့ရှင်းတယ် မယုံဘူး'

'မယုံမရှိနဲ့ ဦးခင်ရွှေ။ ကျွန်တော်က သိဒ္ဓိရှင် မဟုတ်ဘူး။ သိဒ္ဓိရှင်ဖြစ်မယ့် သိဒ္ဓိရှင်ဖြစ်နည်း အကြောင်းတွေကို လေ့လာပြီး ဆောင်းပါးပြန်ရေးနေတဲ့ လူ၊ စရဏဦးအောင်ပါ'

'ဦးစရဏက သိဒ္ဓိရှင်လမ်းစဉ်ကို လိုက်စားနေတယ် မဟုတ်လား'


'အင်း သိဒ္ဓိရှင်လမ်းစဉ်ကို လိုက်စားနေတာက မှန်တယ်။ ဒါပေမယ့် ကျွန်တော် အလုပ်များတာက အဓိဋ္ဌာန် ပုတီးအမျိုးမျိုး စိပ်တာရယ်၊ သီလ


စာမျက်နှာ (၂၃၁) သို့



www.burmeseclassic.com

www.burmeseclassic.com





◄ ဒန့်သလွန်သီး အစေ့အခြောက်

ဒန့်သလွန်သီး၊ အပွင့်၊ အရွက် ►

# ဒန့်သလွန်ပင် အသီးများများသီးစေဖို့

မြမြဝင်း
(တောင်

ဆောင်းအကုန် နွေအကူး တပို့တွဲလ၏ နေ့တစ်နေ့၌ စာရေးသူ၏ အစ်မ လတ် ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းမြင့်နှင့် လက်ထောက်ဆရာမ ဒေါ်ကြည်ပြာအောင်တို့သည် စာရေးသူ၏ နေအိမ်သို့ နေခိုရန် ရောက်ရှိလာပါသည်။

ဒေါ်ကြည်ပြာအောင်က…

'ဟူး… ပူလိုက်တာ အန်တီရယ်၊ အိမ်ခြံထဲရောက်မှာပဲ အေးတော့တယ်'

စာရေးသူက…

'အေးရမှာပေါ့… လေဝင်ထွက်ကောင်းအောင် သီးပင်စားပင်တွေ များများ စိုက်ထားရတယ်လေ'

'ဟုတ်တယ်နော် အန်တီ… သစ်ပင်တွေက သမီးတို့လူသားတွေ စားသောက်ဖို့၊ အရိပ်ခိုဖို့၊ လေကောင်းလေသန့် ရဖို့အပြင် အခြားကျေးဇူးသာရကာ တွေလဲ အသက်ရှင်နေတိုင်ဖို့ကို အကျိုးပြုစေတဲ့အတွက် သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးဖို့ဆိုတဲ့ ဆောင်ပုဒ်ကို ပညာရှိတွေက ရေးသားခဲ့ကြတာပေါ့နော်'

ဒေါ်အုန်းမြင့်က…

'ဆိုရိုးစကားတစ်ခု ရှိသေးတယ် ကြည်ပြာရဲ့…ဘာတဲ့ တစ်နှစ်ပျော် ရင် အိမ်ထောင်ပြု၊ တစ်သ ပျော်ချင်ရင် သစ်ပင်စိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com

'ဆရာမကြီး ဒီမှာကြည့်ပါဦး... အန်တီတို့ ဒန့်သလွန်ပင်ဟာ သိပ်မကြီးပေမယ့် အသီးတွေ များလိုက်တာ မြွတ်သိပ်နေတာပဲနော်။ သမီးတို့ အိမ်ခြံထဲက ဒန့်သလွန်ပင်ကတော့ စိုက်ထားတာ (၃)နှစ်ရှိနေပြီ။ ဒီနှစ်မှ အပွင့်ပွင့်တယ်ဆိုပြီး ဝမ်းသာနေတာ အသီးမတွေ့ရသေးဘူး။ အပင်ကလဲ အမြင့်ကြီးဖြစ်နေပြီ'

ဟု ကြည်ပြာအောင်က ပြောရာ...

စာရေးသူက...

'ကေ့န္တ ကြည်ပြာတို့ခြံထဲက ဒန့်သလွန်ပင်ဟာ ကားလမ်းနဲ့ အလှမ်းဝေးမယ် ထင်တယ်'

'ဟုတ်တယ်...ဟုတ်တယ် သမီးတို့အိမ်ရဲ့အနောက်မှာ စိုက်ထားရတော့ ကားလမ်းနဲ့ ဝေးတယ်။ အန်တီက သမီးတို့ ခြံကို မရောက်ဘူးပေမယ့် သိနေပါလား'

စာရေးသူက...

'ဒီလို ကြည်ပြာရဲ့ ဒန့်သလွန်ပင်ဟာ ကုန်းမိုမိုကို ကြိုက်တယ်။ ရေကြိုက်တယ်။ ရေမလောင်းနိုင်ရင် အပင်အနီးအနားမှာ ရေမြောင်းလေးတစ်ခု ရှိသင့်တယ်။ အဝတ်လျှော်၊ ရေချိုးလို့ ကျလာတဲ့ရေဆိုရင်လဲ အဆင်ပြေတယ်။ နောက် အကြိုက်တစ်ခုက ဆူညံသံကိုလဲ ကြိုက်တယ်လို့ စာအုပ်တစ်အုပ်မှာ ဖတ်ဖူးတယ်'

'ဩော်...ဟုတ်လား အန်တီ၊ ဆက်ပြောပြပါဦး'

'အန်တီတို့ ဒန့်သလွန်ပင်ကတော့ ဘုရားနဲ့ နီးတယ်လေ။ မနက်လေးနာရီခွဲ အချိန်ကစပြီး တိတ်ခွေနဲ့ ဖွင့်တဲ့ ဆရာတော်ကြီးတွေရဲ့ ပရိတ်ရွတ်သံ၊ နိဗ္ဗာန်ဆော်ရဲ့ ကြေးစည်သံ၊ ဘူတာနဲ့ နီးတော့ မီးရထားဥသြဆွဲသံ၊ ဈေးနဲ့ နီးတော့ ဈေးဝယ်ထွက်သူတွေ စကားပြောသံ၊ ကားလမ်းနဲ့နီးတော့ ကားသံ၊ ဆိုင်ကယ်သံ၊ ဒီအိမ်ရှေ့မှာ ကလေးငယ်တွေရှိတော့ ကလေးငိုသံ၊ ငှက်တွေ မြည်တွန်သံ၊ လမ်းမပေါ် အလှူခံတွေရဲ့ နှိုးဆော်သံ၊ လမ်းလျှောက်ဈေးသည်တွေ အော်ရောင်းတဲ့အသံ စတဲ့ ဆူညံသံတွေကို မိုးလင်းက မိုးချုပ်အထိ ကြားနေရတော့ ဆူညံသံကို ကြိုက်တဲ့ ဒန့်သလွန်ပင်ဟာ အသီးတွေ ပိုပြီး သီးတာပေါ့'

စာရေးသူမှ ဆက်လက်၍ ပြောပြသည်မှာ...

'ဒီလို နိမ့်နိမ့်လေး အသီးခူးရလွယ်ချင်ရင် အသီးရာသီကုန်တာနဲ့ ပင်စည်ကို လူတစ်ရပ်စာ ချန်လှပ်ပြီး ခုတ်ပစ်ရတယ်။ ကျန်နေတဲ့ပင်စည်က မကြာမီမှာ အတက်တွေဝေပြီး ထွက်လာရင် ထပ်မခုတ်နဲ့။ အဲဒီကိုင်းတက်ကနေ အသီးရာသီရောက်တာနဲ့ ပြန်ပြီး အသီးသီးတယ်။ အဲဒါကို အပင်ပုဖြစ်အောင် ပြုပြင်တယ်လို့ ခေါ်တယ်'

'ဟုတ်လား အန်တီ'

'နောက်တစ်ခုက အစေ့ကို စိုက်ရင် (၃)နှစ်ကြာမှ အသီးတင်တယ်။ အကိုင်းကို စိုက်ရင် ဒီနှစ်စိုက် နောက်နှစ်သီး (၁)နှစ်ပဲ စောင့်ရတယ်'

'အန်တီပြောပြမှပဲ ဒန့်သလွန်ပင် စိုက်တဲ့နည်းစနစ်တွေ သိရတော့တယ်။ ဒန့်သလွန်အရွက်နဲ့ အသီးကို စားရင် သွေးတိုးရောဂါရှိသူတွေအတွက် ကောင်းတယ်လို့ ပြောကြတယ်နော်'

'ဟုတ်တယ် ကြည်ပြာ၊ ဒန့်သလွန်သီးနဲ့ အစေ့ခြောက်ကလဲ ဆေးဖက်ဝင်တယ်လို့ ဆိုတယ်'

**မြမြဝင်း(တောင်ငူ)**

---

စာမျက်နှာ (၂၂၉)မှ အဆက်

ထိန်းသိမ်းစောင့်ထိန်းတာရယ်၊ သမထအလုပ်ကို လုပ်တာရယ် ဒါပါပဲ'

### အရှင်နေမိန္ဒမွပိဋ္ဋကာ၏

### သိဒ္ဓိရှင်ဖြစ်နည်း လမ်းညွှန်

*[(၁၉-၃-၉၅)ရက်နေ့က ပေးသည့်နည်း]*

၁၀ - လေ

၄

၃+၈= ၁၁ ရေ

၁+၁= ၂ လ (ပူလ အေးမြ...)

၆=ဘုန်းတော်(၆)ပါး ရောင်ခြည်တော်(၆)သွယ်

၁+၀=အ+တော=အင်္ဂါ(မီး)

၁+၀=၁၀+၂=မီး - ရေ(အပူ+အအေး)

### သိဒ္ဓိရှင်

- သီလ-သမာဓိ အပြည့်စုံရှိ၍ ဝိဇ္ဇာဉာဏ်=
- ခန္ဓာ၊ ရုပ်နာမ်ဉာဏ်နဲ့ အမှန်သိမှ ကျင့်(၅၀)ရာခိုင်နှုန်းထက် မလျော့မှ။
- သစ္စာ(၄)ပါးသိ၊ သိဒ္ဓိရှင်အစစ် ဖြစ်မည်။
- ဓာတ်(၉)ပါးသိ၊ ဓာတ်ဖမ်းယူမှု မှန်၍ အမှန်ရထားပါက...။
- ကာယ၊ ဝီယ၊ ဓန၊ လာဘ(စေပိုင်)။
- ကြားမှုအမှန်၊ မြင်မှုအမှန်ရှိသော သမာဓိ ပိုင်ရမည်။
- ရွှေဖြစ်၊ ငွေဖြစ်စွမ်းရ (ဗိုလ်ထိုးမှ ရွှေဖြစ်တာမျိုး မလို)။
- မီး-ရေ လိုသလို အသုံးပြုနိုင်။

မှတ်ချက်

ဆရာတော် ရေးပေးသည့် မူရင်းအတိုင်း ဖြစ်သည်။

***လေ့လာဖော်ထုတ်၍ ကျင့်ကြံနိုင်ပြီး အလိုဆန္ဒ ပြည့်ဝကြပါစေ။***

**စရဏ ဦးအောင်**



www.burmeseclassic.com

www.burmeseclassic.com



# တောင်ကုက္ကိုပင်၏ အစွမ်း

ဝက်ခြံ၊ တင်းတိပ် သည့်လည်း အမျိုးသား၊ အမျိုးသမီးများ မျက်နှာ အတော် များများပေါ်၌ ရှိကြပါသည်။ ဝက်ခြံ ဆိုသော အဖုအပိမ့်လေး များသည် အင်မတန်မှ လည်း ကြည့်ရခက်ပါ၏။ ကောင်းသွားသော်လည်း ပါးပြင်ပေါ်တွင် အမည်း ကွက်၊ အမည်းစက် လေးများ တင်ကျန်နေခဲ့ ပါသည်။

စာရေးသူသည် ဖင်းကျိုက် ကုလားမတောင် ဆရာတော်ထံ သွား ရောက် ဖူးမြော်စဉ်ခါက တောင်အရှေ့ခေါ် အုန်း တစ်ပင် ဆင်ရွာမှ ဘုရား ဖူးသူ ကရင်တိုင်းရင်းသူ များလည်း ရောက်ရှိနေ ကြ၏။ ဆရာတော်အား ကန်တော့ကြပြီး ဘုရားလိုက်ဖူးကြ လေသည်။

စာရေးသူလည်း ဘုရားလိုက်ဖူးရန် တောင်ကုန်းလေးပေါ်သို့ တက်လာခဲ့ သည်။ ဘုရားစေတီပုထိုးများ လိုက်ဖူး ပြီးသောအခါ စာရေးသူသည် အရိပ် ကောင်းသော သစ်ပင်အောက်၌ ထိုင်လိုက်လေသည်။

ထိုအခါ ကရင်တိုင်းရင်းသူများ သစ်ပင်တစ်ပင်၏ အခေါက်များကို ဓားဖြင့် ခုတ်ခွာနေတာကို အမှတ်မထင် တွေ့လိုက်ရလေသည်။ ထိုသစ်ပင် အခေါက်များကို ခွာပြီး တစ်ဦးကို နှစ်လက်မပတ်လည်ခန့်ရှိ အခေါက် သုံး,လေးခုစီ ဝေနေကြသည်ကို တွေ့ရှိ ရသဖြင့် စာရေးသူ စိတ်ဝင်စားမိလေ သည်။

ထို့ကြောင့် စာရေးသူသည် ထိုင်ရာ မှထ၍ ထိုအမျိုးသမီးများ ရှိရာသို့ ရောက်လာခဲ့သည်။ ထိုအမျိုးသမီးအုပ် ထဲမှ အသက် သုံးဆယ်ခန့်ရှိသူအား စာရေးသူမှ မေးမြန်းစပ်စုမိသည်။

'အဲဒါ ဘာပင်အခေါက်တွေလဲ'

ထိုအမျိုးသမီးက စာရေးသူကို အသေအချာကြည့်ပြီး...

'တောင်ကုက္ကိုအပင်ရဲ့ အခေါက်'

သူမ ညွှန်ပြရာဆီသို့ စာရေးသူ ကြည့်လိုက်မိ လေသည်။ ဟုတ်ပါရဲ့ ရွာ၌ပေါက်သော ကုက္ကိုရွက် နှင့် မခြားမနား။

'အဲဒီ အခေါက်က ဘာ အတွက် အသုံးဝင်တာတုံး'

'သနပ်ခါးအဖြစ် သွေးလူး တာ။ မျက်နှာဖြူတယ်။ ဝက်ခြံ တင်းတိပ်၊ မျက်နှာပေါ်ရှိ နေ လောင်အကွက်တွေလဲ ဒီ အခေါက်ကို သွေးလူးပါ။ ကြာ ရင် ပျောက်တယ်'

သူမစကား ဆုံးတော့ ကရင် တိုင်းရင်းသူများ၏ မျက်နှာများကို စာရေးသူ မသိမသာ အကဲခတ်ကြည့် လိုက်မိ လေသည်။

ကရင် တိုင်းရင်းသူများ သည် အသားအရေ ဖြူကြသည်။ သို့သော် လည်း အသားအရေနှင့် မျက်နှာမှာ တော်တော်ကို ကွာဟနေ သည်။ ထိုအမျိုး သမီးများ၏ မျက်နှာ ပါးနှစ်ဖက်တို့မှာ ဖြူဖွေး၍ နေ၏။ လူတိုင်း မျက်နှာပေါ်တွင် ဝက်ခြံ၊ အဖု အပိမ့်လေးများတောင် မတွေ့ရပေ။

'ကျွန်မတို့က ဒီအခေါက်ကိုပဲ သနပ် ခါးအဖြစ် သွေးလူးကြတာ'

ကဲ စာရှုသူများလည်း ဆောင်းပါး ကို ဖတ်ပြီး တောင်ကုက္ကိုအခေါက်၏ အသုံးဝင်ပုံကို သိရှိကြပြီး ဖြစ်ပါသည်။

ထို့ကြောင့် ဝက်ခြံ၊ တင်းတိပ်၊ နေလောင်အကွက်များ ဖြစ်နေသူ အပေါင်း တောင်ကုက္ကိုအခေါက်ကို သွေးလူးကြပါဟု...။

မြဒင်(ဖင်းကျိုက်)



www.burmeseclassic.com

# နေတတ်သေတတ်၍

အမြတ်ရသူတစ်ဦး (၁၄)




နေတတ်သေတတ်၍ အမြတ်ရသူ ဦးစိုးမောင်

ဦးပဥ္စင်းဒွေးက သတင်းပေးပြန်ပါပြီ။ (၁၆-၃-၁၃)နေ့က ဖြစ်ပါတယ်။

'အကာကြီး ရောက်လာတာနဲ့ အတော်ပဲ။ ပြီးခဲ့တဲ့ ဇန်နဝါရီလထဲက ထူးခြားတဲ့ ပုဂ္ဂိုလ် တစ်ယောက် ဆုံးပါးသွားတယ်။ ဦးသာလှ တို့၊ ဦးအေးမြင့်တို့နဲ့အတူ တရားထိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ။

သူ့ရဲ့ရုပ်ကြွင်းခန္ဓာကလဲ ပျော့ပျောင်းနေတာ ပဲလို့ သိရတယ်။ အကာကြီး ဦးအေးမြင့် ကိုယ်တိုင် တစ်ကိုယ်လုံး ကိုင်တွယ်စမ်းသပ် ကြည့်ခဲ့သတဲ့။

ခန္ဓာကိုယ်တစ်ကိုယ်လုံးဟာ ထူးထူးခြားခြား ပျော့ပျောင်းနေတာပဲတဲ့။ လက်,ခြေတွေ ရော၊ နှာခေါင်း,နားရွက်တွေပါ ပျော့ပျောင်း နေသတဲ့'

'ဒါဆိုရင်တော့ တပည့်တော်ကို ဦးပဥ္စင်းပဲ လမ်းညွှန်ပေးပါဘုရား။ မိတ်ဆက်ပေးပါဦးဘုရား'

ဦးပဥ္စင်းဒွေးက ချက်ချင်း ဖုန်းဆက် ပါတယ်။ အဲဒီအိမ်ကလဲ လိုလို လားလားပါပဲ။ ညနေ (၅)နာရီလောက် မှာ သူတို့အိမ်ကို လာခဲ့ဖို့ ဖိတ်ခေါ် လိုက်တဲ့အကြောင်း ဦးပဥ္စင်းဒွေးက ကျွန်တော့်ကို ပြန်ပြီးမိန့်ပါတယ်။

ဦးပဥ္စင်းဒွေးက အဲဒီအိမ်သွားဖို့ လမ်းညွှန်ပေးပါတယ်။ လိပ်စာရော၊ ဖုန်းနံပါတ်ရော ပေးလိုက်ပါတယ်။

ဦးပဥ္စင်းဒွေးဆိုတာ ကျောက်ပန်း တောင်းမြို့နယ်၊ တောင်ဖင်ရွာ '**အေးငြိမ်းချမ်းသာကျောင်းက ရဟန်းတော် တစ်ပါးပါ။** မိုးကုတ်ဝိပဿနာတရား စခန်းပွဲတွေ စဉ်ဆက်မပြတ် ပြုလုပ် ပေးတဲ့ကျောင်းလဲ ဖြစ်ပါတယ်။

ဦးပဥ္စင်းဒွေးကိုယ်တိုင်လဲ ဝိပဿနာ တရားကို အထူး အလေးထား လိုက်နာ အားထုတ်နေတဲ့ ရဟန်းတစ်ပါးပါ။ ဦးပဥ္စင်းဒွေးလို့ ခေါ်ရတာကတော့ သူ့ရဲ့ လူ့ဘဝနာမည်က ဦးခင်မောင်ဒွေးဖြစ်လို့ပါ။

ရဟန်းဘွဲ့တော်က ဦးမုနိန္ဒ ဖြစ်ပါ တယ်။ ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက် ဖြစ်ခဲ့ပါတယ်။ အလွန် ရင်းနှီးခင်မင်သူ တွေ ဖြစ်ပါတယ်။

ဦးအေးမြင်ကတော့ ကျောက်ပန်း တောင်းမြို့က မိုးကုတ်တရားစခန်းပွဲ တွေမှာ ဦးဆောင်နေသူပါ။ သူကိုယ် တိုင်လဲ တောင်ဖင်ရွာ အေးငြိမ်းချမ်း သာ ကျောင်းမှာ နေ့စဉ် တရားထိုင်နေ သူဖြစ်ပါတယ်။

တောင်ဖင်ရွာ အေးငြိမ်းချမ်းသာ ကျောင်းမှာ နေ့စဉ် (၁၂)နာရီကနေ ညနေ(၅)နာရီအထိ တရားအားထုတ် တဲ့ ယောဂီတွေ ရှိပါတယ်။ မိုးကုတ် ဆရာတော်ကြီးရဲ့ တရားခွေဖွင့်ပြီး တရားထိုင်ကြတာပါ။

မိုးကုတ်ဆရာတော်ကြီးရဲ့ "**နားက တရားနာ၊ ဉာဏ်က ခန္ဓာစိုက်**"ဆိုတဲ့ အဆုံးအမနဲ့အညီ ကျင့်ကြံအားထုတ် ကြတာ ဖြစ်ပါတယ်။ ဦးအေးမြင့်ဟာ (တရားနဲ့သေကြသူ ပုဂ္ဂိုလ်ထူး)တွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံများသူ ဖြစ် ပါတယ်။

ဦးအေးမြင့်ရဲ့ဇနီးနဲ့ အစ်မဖြစ်သူတို့ ဟာ အနေတတ်လို့ အသေမြတ်ခဲ့သူ တွေ ဖြစ်ပါတယ်။ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ အဲဒီပုဂ္ဂိုလ်ထူးတွေ အကြောင်း ဖော်ပြပေးဖူးပါတယ်။

ဦးသာလှဟာလဲ ဦးအေးမြင့်ရဲ့ ဓမ္မ မိတ်ဆွေပါပဲ။ ဦးသာလှလဲ အသေထူး အသေမြတ်ခဲ့တဲ့၊ တရားနဲ့သေခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဦးသာလှ အကြောင်းကိုလဲ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးမှာ ဖော်ပြခဲ့ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဒီအကြောင်းတွေ နိဒါန်း ချီနေရတာကတော့ ယခုဖော်ပြမယ့် အသေထူးတဲ့ ပုဂ္ဂိုလ်ထူးအကြောင်း ဖော်ထုတ်ရာမှာ တိကျခိုင်လုံစေချင်လို့ပါ။ ကာယကံရှင် မိသားစုဝင်တွေက ဓာတ်ပုံနဲ့ ဗီဒီယိုမှတ်တမ်းတွေ လုပ်မထားခဲ့တော့ လိုအပ်တဲ့ ဓာတ်ပုံတွေ မတင်ပြနိုင်လို့ပါ။

ကျွန်တော်ကလဲ တိတိကျကျ ခိုင်ခိုင်လုံလုံ သိချင်တာနဲ့ (ကာယကံရှင် မိသားစုဝင်တွေနဲ့ (၁၆–၃–၁၃)ညနေက သွားရောက် တွေ့ဆုံမေးမြန်းပြီးခဲ့ပေမယ့်) နောက်ရက် (၁၇–၃–၁၃) မနက်ပိုင်းမှာ ဦးအေးမြင့်အိမ်ကို အရောက်သွားပြီး ထပ်မံ မေးကြည့်ခဲ့ပါတယ်။

ဦးအေးမြင့်ကလဲ သူကိုယ်တိုင် ကိုင်တွယ် စမ်းသပ်ကြည့်ခဲ့ကြောင်း၊ အမှန်တကယ်ပဲ တရားနဲ့သေခဲ့တာဖြစ်ကြောင်း၊ တရားနှလုံးသွင်းမှန်ခဲ့လို့ အသေထူးတာဖြစ်ကြောင်း ရှင်းပြပေးခဲ့ပါတယ်။ ဦးအေးမြင့်ကိုယ်တိုင်က ဝန်ခံရှင်းပြလိုက်တော့မှ ဘဝင်ကျကျနဲ့ ဒီဆောင်းပါးကို ရေးချလိုက်ရပါတော့တယ်။

(၁၆–၃–၁၃) ညနေ (၅)နာရီကျော်ကျော်မှာ အဲဒီ ကာယကံရှင်များရဲ့အိမ်ကို ရောက်သွားခဲ့ပါတယ်။ **ကျောက်ပန်းတောင်းမြို့ ဘူတာရပ်ကွက်**ထဲမှာ ဖြစ်ပါတယ်။ မီးရထားဘူတာရုံ မရောက်ခင် သစ်ဝါးရောင်းတဲ့ဆိုင်ကြီး ဖွင့်ထားတဲ့အိမ် ဖြစ်ပါတယ်။

ဖော်ဖော်ရွေရွေ ကြိုဆိုကြတဲ့အတွက် ကျွန်တော့်မှာ အားရှိသွားပါတယ်။ သူတို့ မိသားစုဝင်တွေအားလုံး သူတို့ဖခင်အကြောင်း၊ တရားအကြောင်း ပြောရတာ တက်ကြွပျော်ရွှင်လို့ နေကြပါတယ်။

သူတို့မိသားစုနဲ့ တွေ့ရတာ စိတ်အားတက်ကြွစရာ တရားဆွေးနွေးပွဲလေးတစ်ခု လုပ်လိုက်ရသလိုပါပဲ။ သွက်လက်တဲ့ အမျိုးသမီးက စတင်မိတ်ဆက်ပေးပါတယ်။

သူ့ရဲ့အစ်ကိုကြီး ဦးမြင့်စိုးဦး၊ မိခင်ကြီး ဒေါ်တင်စန်း၊ အစ်မကြီး ဒေါ်ပန်ပန်လွင်တို့နဲ့ မိတ်ဆက်ပေးပါတယ်။ သူမရဲ့ အမည်ကတော့ မစိုးစိုးခိုင်လို့ သိရပါတယ်။

သူတို့မိခင်ကြီး ဒေါ်တင်စန်းက စတင် ပြောပါတယ်။

'သူ မသေခင် ခဏခဏ ပြောသွားတာ ရှိတယ်။ **ခန္ဓာကြီးကို မလိုချင်တော့ဘူး။ ဘဝဆိုတာလဲ မလိုချင်တော့ဘူးတဲ့'**

ထိုအခါ ဦးမြင့်စိုးဦးက...

'ဟုတ်တယ် အဖေက အဲဒီစကား ခဏခဏ ပြောရုံမကဘူး...

"ဖြစ်ပျက်သမျှ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။
ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယ။
ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည့်၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။
ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်"

ဆိုတဲ့ ဆရာတော်ကြီးရဲ့ အဆုံးအမ လင်္ကာလေးကိုပဲ အမြဲ ရွတ်,ရွတ်ပြတယ်။

ပြီးတော့လဲ ပြောသေးတယ်။ ဒီလင်္ကာဟာ ရွတ်နေရမယ့် လင်္ကာမျိုး မဟုတ်ဘူး။ လက်တွေ့ လိုက်နာကျင့်ကြံရမယ့် လင်္ကာလို့လဲ ရှင်းပြခဲ့သေးတယ်'

ထိုအခါ ကျွန်တော်က ထိုလင်္ကာလေးကို လိုက်လံရေးမှတ်ပြီး...

'ဟာ ဟုတ်တာပေါ့ တိုတိုလေးနဲ့ ထိရောက်တဲ့ လင်္ကာပဲနော်'

'အဖေက ဒီလင်္ကာကို ခေါင်းရင်းက ဘုရားစင်မှာကို (စာရွက်နဲ့ရေးပြီး) ကပ်ထားတာ ဆရာ' **(ဒေါ်ပန်ပန်လွင်က ဝင်ပြောပါတယ်။)**

'ဒါနဲ့ ဦးမြင့်စိုးဦးတို့အဖေရဲ့ နာမည်က ဘယ်သူလဲ၊ အသက်က ဘယ်လောက် ရှိပြီလဲဗျ'

'ဦးစိုးမောင်လို့ ခေါ်ပါတယ်။ အသက်က (၇၄)နှစ် ရှိပါပြီ'

'ဟုတ်ကဲ့ အစ်ကို၊ အစ်ကိုတို့ အဖေအကြောင်း အကျဉ်းချုပ်လေး ပြောပြပေးပါဦး'

'အဖေက မီးရထားဘူတာရုံပိုင်ကြီး လုပ်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်က ပင်စင်ယူခဲ့ပါတယ်။ ပင်စင်မယူခင် ၁၉၉၈ ခုနှစ်ကတည်းကစပြီး မိုးကုတ်ဝိပဿနာ တရားစခန်းတွေဝင်ပြီး တရားအလုပ်တွေ လုပ်ခဲ့တာပါ။

တောင်တွင်းကြီးမြို့ မိုးကုတ်ဝိပဿနာ တရားရိပ်သာအဖွဲ့ခွဲ အမှတ်(၃၈)မှာ စ,ဝင်ခဲ့တယ်။ ကျောက်ပန်းတောင်းရောက်တော့ မြတ်ရွှေကျောင်း၊ တောင်ဇင်ရွာ အေးငြိမ်းချမ်းသာကျောင်း၊ ပုပ္ပါးစွယ်တော်ကျောင်းတိုက်တွေမှာဖွင့်တဲ့ မိုးကုတ်တရားစခန်းတွေ ဝင်ခဲ့တယ်။

အိမ်မှာလဲ တရားနာ တရားထိုင်တယ်။ နှလုံးရောဂါက ဆိုးလာတော့မှ ဒီနောက်ပိုင်းမှာ သိပ်မထိုင်နိုင်ဘူး။

ဒါပေမယ့် ကျွန်တော်တို့အိမ်မှာ ညတိုင်း တစ်နာရီ တရားမှတ်ကြတယ်၊ မိသားစုအားလုံး ထိုင်ကြတာပါ။ မိုးကုတ်ဆရာတော်ကြီးရဲ့ တရားခွေဖွင့်ပြီး နားက တရားနာ၊ ဉာဏ်က ခန္ဓာစိုက်ပြီး ရှုမှတ် အားထုတ်ကြတာပါ'

ထိုအခါ ကျွန်တော်က...

'မိသားစု ဘယ်နှစ်ယော အစ်ကို'



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်တို့အိမ်မှာ အဖေရှိတုန်းက အဖေရောဆို မိသားစုငါးယောက် ရှိတာပေါ့။ မိသားစုငါးယောက် စုပြီး တရားထိုင်ကြတယ်။ အဲ… ကျွန်တော်တို့ မွေးချင်းကတော့ ငါးယောက်ရှိတယ်။

ကျွန်တော်က အကြီးဆုံး၊ တတိယမြောက်ညီက ဘုန်းကြီး ဦးဝိသုဒ္ဓ ဖြစ်ပါတယ်။ မြို့လှမြို့နယ် ရေတာရှည်မြို့ဦးကျောင်း ကျောင်းထိုင်ဘုန်းကြီးပါ။

ညီအငယ်ဆုံးကတော့ ကိုယဉ်မင်းထွေးပါ။ စမုံဘူတာရုံပိုင်ကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ဇာတိက ပဲခူးတိုင်းဒေသကြီး၊ မြို့လှမြို့ပါ။

ကျောက်ပန်းတောင်းမြို့ကို အဖေ ရုံပိုင်ကြီးတာဝန်ကျ ကတည်းက အခြေချ နေဖြစ်ခဲ့တာ။ မြို့လှမြို့ကို မပြောင်းဖြစ်တော့ဘူး။ ဒီကျောက်ပန်းတောင်းမှာကတော့ ရေခံမြေခံကောင်းတော့ အဖေရော၊ အမေရော ကျွန်တော်တို့ သားသမီးတွေပါ တရားအလုပ်တွေ မပြတ်တမ်း လုပ်ဖြစ်ကြတာပဲ'

'ကောင်းလိုက်တာ အစ်ကိုရာ၊ အစ်ကိုတို့ မိသားစုကတော့ ရှာမှရှားတဲ့ မိသားစုပါပဲ။ မိသားစုအားလုံး တရားကို လေးလေးနက်နက် အားထုတ်တယ်ဆိုတာ အလွန်တွေ့ရခဲပါတယ်'

ထိုအခါ မစိုးစိုးခိုင်က…

'အစ်ကိုကြီးဆိုရင် ဆရာတော်ကြီးတွေက လက်စွဲပဲ။ တရားစခန်းတွေမှာ ယောဂီတွေကို သင်ပြကြပ်မတ်ပေးဖို့ အမြဲခေါ်တယ်။ အစ်ကိုကြီးက နားမလည်တဲ့သူတွေကိုလဲ နားလည်အောင် သင်ပြပေးတတ်တယ်။ တရားဆွေးနွေးပွဲတွေလဲ ဦးဆောင်လုပ်နေသေးတယ်။

ကျွန်မတို့အမေဆိုရင်လဲ အငြိမ်းစားကျောင်းအုပ်ဆရာမကြီးပဲလေ။ အခုဆို အမေ့အသက်က (၇၈)နှစ်တောင် ရှိနေပြီ။ တရားနဲ့ အမြဲနေပြီး ကျန်းမာတယ်ဆရာ'

မစိုးစိုးခိုင် ပြောသလိုပါပဲ၊ အမေကြီး ဒေါ်တင်စန်းက ပိန်ပိန်ပါးပါးနဲ့ ဖျတ်လတ်သွက်လက်လှပါတယ်။

အမေကြီး ဒေါ်တင်စန်းက ပြောပါတယ်။

'ဦးစိုးမောင် ဆုံးတော့ ကျွန်မတို့ သားအမိတစ်တွေကို ငိုကြွယိုကြတာ၊ ပူဆွေးနေတာတွေ မတွေ့ကြရ၊ တက်တက်ကြွကြွ အားရပါးရနဲ့ လာသမျှလူတွေကို ဧည့်ခံနေကြတော့ ပတ်ဝန်းကျင် အိမ်နီးနားချင်းတွေက အံ့သြနေကြသတဲ့။

အခုဆို တရားလုပ်လို့ ထူးတာကို လက်တွေ့ တွေ့မြင်နေကြရတော့ အိမ်နားကလူတွေ တရားကို စိတ်ဝင်စားလာကြတယ်။ တရားစခန်းဝင်ချင်ကြောင်းတွေ ပြောလာကုန်ပြီလေ။ **"ကိုယ်သာ နာစေ၊ စိတ်မှာ မနာစေနဲ့"** ဆိုတဲ့ တရားသဘောကို ကျွန်မတို့ တစ်မိသားစုလုံး နားလည် လက်ခံထားပြီလေ'

အမေကြီး ဒေါ်တင်စန်းက ဆက်ပြောပါသေးတယ်။

'သူ ဆုံးမယ့်နေ့က ကျွန်မတို့က ဆုံးမယ်လဲ မထင်ကြပါဘူး။ သူကလဲ လန်းလန်းဆန်းဆန်းပဲ။ ကျွေးတာလဲ အကုန်စားနိုင်တယ်။ ညနေ (၃)နာရီလောက်မှာ မိုးကုတ်ဆရာတော်ကြီးရဲ့ "အနတ္တလက္ခဏာဉာဏ်" ဆိုတဲ့ တရားခွေ ဖွင့်ပြီး နာကြတယ်။ ဦးစိုးမောင်လဲ အိပ်ရာထဲက နာနေတယ်။

ညနေ(၅)နာရီလောက်မှာ သူ့နား သွားကြည့်တော့မှ အသက်မရှိတော့တာ သိကြရတယ်။ မျက်နှာက ညာဘက် စောင်းနေတယ်။ ကြည်လင် အေးချမ်းနေတယ်။ နောက်ရက် ညနေ (၄)နာရီကျမှ သင်္ဂြိုဟ်ခဲ့ကြတယ်။

အဲဒီအချိန်ထိ သူ့ခန္ဓာကိုယ်က ပျော့ပျောင်းနေတာပဲ။ ခြေတွေလက်တွေ ကွေးလို့ဆန့်လို့ရတယ်။ နားတွေ ချိုးလို့ရတယ်။ အနံ့အသက်လဲ ဘာမှ မထွက်ခဲ့ဘူး။

ဒါကြောင့် ကျွန်မတို့အားလုံး တရားအသိနဲ့ ကျေနပ်နေခဲ့ကြတယ်။ အားလဲ တက်မိကြတယ်။ တရားက တကယ်လုပ်ရင် တကယ်ထူးပါတယ်'

ထိုအခါ ကျွန်တော်က…

'ဟုတ်ကဲ့ အမေ၊ တခြားထူးခြားတာတွေ ရှိရင်လဲ ပြောပြပါဦး'

'အဖေ မသေခင် တစ်နှစ်လောက်က သူ အိပ်မက်ထဲမှာ "စူဠာမဏိဘုရား" ဖူးရတယ်လို့ ပြောပြတယ်။ ဘုရားစင်မှာတောင် "စူဠာမဏိဘုရား" ပုံတော်တစ်ခု ချိတ်ထားတယ်။ အဖေ ဘယ်က ရလာတယ်တော့ မသိဘူး'

ထိုသို့ ဒေါ်ပန်ပန်လွင်က ပြောလဲပြော အဲဒီ ချိတ်ဆွဲထားတယ်ဆိုတဲ့ စူဠာမဏိဘုရား စေတီပုံတော်ကိုလဲ ယူပြပါတယ်။

ဒေါ်စိုးစိုးခိုင်က…

'အဖေ မဆုံးခင် တစ်ပတ်လောက်က အဖေက ပြောခဲ့သေးတယ်။ **သူ့ခြင်ထောင်ထဲ ဆင်ဖြူ(၄)ကောင် လာဝပ်နေတယ်တဲ့။** ပြီးတော့လဲ နတ်မင်းကြီးလေးပါးက လာခေါ်နေပြီလို့လဲ ပြောသေးတယ်။

မဆုံးခင် နှစ်ရက်လောက်ကလဲ ဘုန်းကြီးနှစ်ပါးပင့်ပြီး ဆွမ်းကပ်ခိုင်းတယ်။ ကျွန်မတို့က အဲဒီတုန်းက သဘောမပေါက်ကြဘူး။

ဒီကျောက်ပန်းတောင်းမြို့ ထုံးစံက လူသေလို့ ဆွမ်းသွတ်ရင် ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပါးပင့်တဲ့ထုံးစံ ရှိတယ်လေ။ ဘုန်းကြီး (၂)ပါး၊ (၄)ပါး စသဖြင့် (စုံ)ပင့်ရတဲ့ ထုံးစံရှိတယ်။ အခုမှ ကျွန်မတို့ သဘောပေါက်တယ်။ အဖေက သူ့သေမှာကို ကြိုသိနေတဲ့ သဘောပဲ ဆရာ'

'**သတိမမေ့ ချိန်နေ့သိပြန်**ဆိုတဲ့ အချက်နဲ့ ညီတာပေါ့'

လို့ ကျွန်တော်က ပြောတဲ့အခါ ဦးမြင့်စိုးဦးက...

'ဟုတ်ပါတယ်၊ အဖေက "**ရောဂါကြီးမူ၊ ညည်းညူမရှိ၊ မြဲဂတိနှင့်၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လန်ကြောဆွဲ၊ မရှိဘဲနှင့်၊ သေလဲမတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်းဝိပဿနာတည်း**"လင်္ကာနဲ့ အညီပါပဲ။

အဖေဆုံးခါနီး ညည်းတာညူတာ မရှိခဲ့ပါဘူး။ မိုးကုတ်ဆရာတော်ကြီး ဟောတဲ့ "**အနတ္တလက္ခဏာဉာဏ်**" တရားကိုနာပြီး အေးအေးချမ်းချမ်း တရားနဲ့ ဆုံးပါးသွားခဲ့တာပါ။ အကြောဆွဲတာ၊ မျက်ဖြူလန်တာ မရှိဘူး။ သက်မဲ့ခန္ဓာကြီးတစ်ခုလုံးလဲ ပျော့နေတာပဲ။ နောက်နေ့ ညနေ(၄)နာရီကျမှ သဂြိုဟ်ခဲ့တဲ့ အချိန်ထိလဲ မကောင်းတဲ့ အနံ့ဆိုးတွေ မထွက်ခဲ့ဘူး။

အဖေ မဆုံးခင်က ကျွန်တော့်ကို မေးဖူးတယ်။ "**ငရဲရှိတာ ယုံလား**" တဲ့။ ပြီးတော့ မေးသေးတယ်။ "**နတ်ပြဟ္မာ ရှိတာရောယုံလား**"တဲ့။ ကျွန်တော်က "**ယုံပါတယ်**"လို့ ဖြေတော့ အဖေက ကျေနပ်နေတယ်။

"**အေး အေး ဒါဆို ပြီးတာပါပဲကွာ**"တဲ့။ အဖေက ကျွန်တော့်ကို တရားနဲ့ ပတ်သက်ရင် ပိုပြီး အရေးထား မေးလေ့ပြောလေ့ ရှိပါတယ်'

ဦးမြင့်စိုးဦးက ဆက်ပြောပါတယ်။

'အဖေ့ကိုတော့ ဆရာဝန်ကြီးတွေ ကတောင် အံ့ဩတယ်။ ဘာလို့လဲဆိုတော့ အဖေ့ကို နှလုံးရောဂါနဲ့ မန္တလေး ပြည်သူ့ဆေးရုံတင်ရတယ်။ အခြေအနေ အလွန်ဆိုးနေပြီတဲ့။ ဒါပေမယ့် အဖေက သိပ်ပြီး ဝေဒနာ ခံစားရပုံ မပေါ်ဘဲ အေးအေး ဆေးဆေး သွားလာနေထိုင်နိုင်တာ တွေ့ရတော့ ဆရာဝန်ကြီးတွေက အံ့ဩကြတာပေါ့။

အဲဒီနောက် နှလုံးခုန်စက် ထည့်ပေးထားရတယ်။ မဆုံးခင် လေးလကျော်လောက်တော့ကြာမယ်။ ရောဂါ ပိုဆိုးလာတာကတော့ (၂)လလောက် ရှိပါပြီ။ ဒါပေမယ့် အဖေက တရားနဲ့ အမြဲနေတတ်တယ်။ သတိကောင်းတယ်။

ဆုံးမယ့်နေ့မှာတောင် ဝေဒနာတွေ ပြင်းပြင်းထန်ထန် ခံစားမသွားခဲ့ရဘူး။ တရားတော်ရဲ့ အစွမ်းလို့ပဲ ပြောရမှာပေါ့။ "ကိုယ်သာ နာစေ၊ စိတ် မနာစေနဲ့"ဆိုတဲ့ တရားလမ်းညွှန်အတိုင်း နေနိုင်ခဲ့တယ်'

'ဟုတ်ပါတယ်။ ခြုပြီး သုံးသပ်ကြည့်ရင် ဝိပဿနာတရားကို အာစိဏ္ဏကံအားထုတ်နေတာရယ်၊ မိသားစုအားလုံး စိတ်တူကိုယ်တူ တရားစိတ် ရှိတာရယ်တွေက တရား အစွမ်းအားကောင်းစေဖို့ ဖြစ်လာတာပေါ့ဗျာ'

အဲဒီလို ကျွန်တော်က ပြောတော့ ဦးမြင့်စိုးဦးက...

'အဓိက,ကတော့ တရားနှလုံးသွင်းမှန်ပြီး သတိကောင်းတာလဲ ပါတာပေါ့။ ရတနာမြတ်သုံးပါးဂုဏ်ကျေးဇူး မိုးကုတ်ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေက တကယ်ကို ကြီးမားလှပါတယ်'

'ဟုတ်တာပေါ့ အစ်ကိုရာ'

**ကောင်းမြင့်မြတ်စိန်**


စာရှုသူ၊ သုတေသီနှင့်
စာရေးသူ
ဆောင်းပါးရှင်များသို့...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်တဏ္ဍာအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များ တွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း သို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံ အပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါး ပေါင်းချုပ်များတွင် ထည့်သွင်းမှုကို သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက် မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါ သင့်လျော်သောစာမူခနှင့် စာအုပ် လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

လေးစားစွာဖြင့်...
ဦးကျော်မိုးသိန်း၊
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
ပါရမီမဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း
ပန်းဘဲတန်းစာတိုက်၊ ရန်




www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ပုံဆရာဘဝ

ဖြစ်ရပ်ဆန်းများ(၃)

ရွှေကံမြေ ဖိုးကေ



ကျွန်တော့် အမျိုးသမီးက သာစည်သူ၊ ကျွန်တော်က ဝက်ထီးကန်သား၊ မန္တလေးတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့ ရန်ကုန်တိုင်းဒေသကြီးမှာ ဆုံကြပြီး ရေးရေစက်ကြောင့် လက်ထပ်ဖြစ်ခဲ့ကြတယ်။

မင်္ဂလာပွဲကို သာစည်မြို့နယ် ကြာပင်ကုန်းရွာက သူတို့အိမ်မှာပဲ ကျင်းပဖြစ်ကြတယ်။ ကျွန်တော့်ဘက်ကတော့ အဖေဦးတင်အေးရယ်၊ အမေဒေါ်ထွေးကြည်ရယ် နှစ်ယောက်ပဲ လိုက်လာနိုင်တယ် ဝေးတာကိုး။

မင်္ဂလာပွဲပြီးတော့ တစ်ပတ်လောက် ရွာမှာ ထပ်နေဖြစ်ကြရင်း ဒီအဖြစ်အပျက်ကို ကြုံခဲ့ရတာပါ။ တကယ့်ဖြစ်ရပ်မှန်ပေါ့။

ကျွန်တော့်အမျိုးသမီး နာမည်က မခိုင်တဲ့။ သူတို့အမျိုးတွေက သာစည်၊ တောင်ကြီး၊ မိတ္ထီလာ အဲဒီတစ်ဝိုက်မှာ အနေများကြတော့ ကျွန်တော်တို့ မင်္ဂလာပွဲကို အားလုံးနီးပါး လာကြပါတယ်။ အဲဒီထဲမှာ မိတ္ထီလာက အန်တီဝင်းတို့ ဖနီးမောင်နှံလဲပါတယ်၊ မှတ်မှတ်ရရပေါ့။

ဒီလိုနဲ့ မင်္ဂလာပွဲအပြီး လင်မယား နှစ်ယောက် ရွာမှာနေစဉ်ခဏ ရန်ကုန် မပြန်ခင် (၃)ရက်အလို တစ်နေ့မှာ အန်တီဝင်းတို့ဆီက ဖုန်းလာတယ်။ သူတို့အဖေ ဘဘကြီးဦးမြရွှေ ဆုံးလို့တဲ့။

အဲဒါသိရခြင်း ပထမတော့ အဖေ (ယောက္ခမ) ကသွားဖို့။ ဒါပေမယ့် သူ့မှာ အလုပ်တွေက မအားတာကြောင့် သမီးကြီးဖြစ်တဲ့ မခိုင်နဲ့ ကျွန်တော်တို့ သွားဖို့ ဖြစ်လာတယ်။ နာရေးကိုး။

ဒါနဲ့ သွားမယ်လုပ်တော့ ကျွန်တော် မင်္ဂလာဆောင်တုန်းက အဖေဦးတင်အေး ပြန်ခါနီး လိုရမယ်ရ ကင်မရာ ထားခဲ့မယ် ဆိုလို့ ယူထားခဲ့တဲ့ အဖေ့ရဲ့ ကိုနီကာ (Konica)ကင်မရာကလဲ လက်ထဲရှိနေတော့ မိတ္ထီလာမှာ အမှတ်တရ ဘာတွေ ရိုက်ယူထားရင် ကောင်းမလဲဆိုပြီး အဲဒီကင်မရာပါ ယူသွားဖြစ်တယ်။ Flash gumတွေကော အားလုံးပေါ့။

တကယ်တော့ အန်တီဝင်းတို့က မိတ္ထီလာမြို့ ဝန်းဇင်းရပ်၊ စိတ္တသုခ လမ်း အိမ်အမှတ်(၃၉၃)မှာ နေကြတာ၊ သူတို့မိသားစုနဲ့ ပတ်သက်တဲ့ ထူးခြားတဲ့ လူနေမှုပုံစံတွေကို ကျွန်တော့်ဇနီးက ပြောဖြစ်တယ်။

အမှန်ဆို အန်တီဝင်းတို့မိသားစုက သူတို့ အမျိုးတွေကြားထဲမှာ တကယ့် စံပြမိသားစုလို့ ပြောလို့ရတယ်။ မောင်နှမတွေ တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတာ ရန်ဖြစ်တယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာမရှိဘူး။ တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် ရယ်စရာတွေပဲ ပြောကြတယ်။ စုစုပေါင်း မောင်နှမ(၁၀)ယောက် ရှိတယ်။

ယောက်ျား(၅)ယောက်၊ မိန်းမ(၅)ယောက် ပျော်စရာကြီး။ နောက်ထပ်ထူးခြားတာက အားလုံး အစိုးရဝန်ထမ်းတွေချည်းပဲ။ အစိုးရဘဏ်လုပ်ငန်း၊ ကျောင်းဆရာ၊ လျှပ်စစ်အို စုံနေတာပဲ။

ဘဘကြီးဦးမြရွှေ ကိုယ်တိုင်က အဲဒီခေတ် ၁၉၂၀ ပြည့်နှစ်ဝန်းကျင်လောက်က ကျန်းမာရေး အင်စပက်တော်ခေါ်တာပေါ့၊ ဒီခေတ်ဆို(ဆရာဝန်ကြီး)ပေါ့။ အန်တီဝင်းတို့ မောင်နှမတွေကိုတောင် ဆရာဝန်ကြီးသားတွေ သမီးတွေလို ခေါ်ကြရတာကလား။

အန်တီဝင်းတို့အမေ ဘွားဘွားဒေါ်သွယ်ကတော့ ဆုံးတာကြာပြီ၊ အသက်(၆၉)နှစ် ၁၉၉၂ခုနှစ်လောက်ကပေါ့။ ဘွားသွယ်ဆုံးပြီးကတည်းက ဘဘကြီးဟာ သားတွေသမီးတွေကို စောင့်ရှောက်ရင်း သူတို့တွေ အလုပ်ကိုယ်စီရတော့မှ ဝန်ဖင်းရပ်ထဲက (မြစည်းခုံဘုရား) စည်းခုံကြီးဘုရားမှာ ဂေါပကလူကြီး လုပ်နေလေရဲ့။

အချိန်တိုင်းနီးပါး ပုတီးနဲ့လက်နဲ့ ပြတ်တယ်လို့မရှိဘူး။ ဘဘကြီးပုံစံက အရမ်းကြည့်ကောင်းတယ်။ လူက ထောင်ထောင်မောင်းမောင်း အသားက ဖြူဖြူဆိုတော့ အမျိုးတွေက ဦးမင်းသားလို့ ခေါ်ကြတယ်။

ဒီလိုနဲ့ တဖြည်းဖြည်း သားသမီး(၁၀)ယောက်မှာ (၇)ယောက်က အိမ်ထောင်ကျသူကျ တာဝန်အရ အဝေးရောက်သူရောက်နဲ့ အခုနေတဲ့ အိမ်မှာ အန်တီဝင်း (ဒေါ်ခင်ဝင်းမာ)၊ ဒေါ်သီတာအေး၊ ဦးစိုးနဲ့ အန်တီဝင်း အမျိုးသားဦးဌေးလွင်ရယ် (၄)ယောက်ပဲ ကျန်တော့တယ်။ ဘဘကြီး အပါအဝင် (၅)ယောက်ပေါ့။

ဦးဌေးလွင်ကလဲ သမက်ဆိုပေမယ့် ဘဘကြီးအပေါ်မှာ ကိုယ့်ဖအေအရင်းလို ဂရုစိုက်ရှာတယ်။

ဘဘကြီးတစ်ယောက် အိုဇာတာကောင်းတယ်ပြောရမယ်။ အန်တီဝင်းတို့(၄)ယောက်စလုံးက သူ့ကို သိပ်ချစ်ကြောက်ရိုသေကြတယ်။

ဘယ်လောက် ချစ်ကြသလဲဆိုရင် လစာထုတ်လို့ ပိုက်ဆံရလာကြတာနဲ့ တစ်ပြိုင်နက် အားလုံး တစ်ပြားမကျန် ဘဘကြီးကို အပ်ကြတယ်။ နောက်နေ့နောက်နေ့တွေမှာ လိုရင် လိုတဲ့ကိစ္စ ပြောပြီး လာတောင်းကြ သုံးကြပေါ့။

အဲဒီလို လာတောင်းတဲ့အခါ သူ့သိမ်းထားတဲ့(၄)ယောက်စလုံးရဲ့ လစာတွေပါတဲ့ သေတ္တာထဲကနေ ပြန်ထုတ်ပေး စာအုပ်မှာ ဘာအတွက် ဘယ်လောက်ရေးပြီး ယူကြပေါ့။

အန်တီဝင်းက ချက်ပြုတ်ရေးသမားဆိုတော့ မနက်မနက်ဆိုရင်...

'အဖေ သမီးကို ဈေးဖိုးပေးပါဦးဆိုရင်'

'အေး သမီးလိုသလောက် နှိုက်ယူသွား'

ဆိုပြီး ပြောတတ်တယ်။ အဲ... ဈေးက ပြန်လာရင်တော့ ဘာဟင်းလျာဝယ်တယ်၊ ဘယ်လောက်ကျတယ် တစ်ခါတည်း စာရင်းစာအုပ်ထဲ ထည့်ရေး။ ပိုတဲ့ပိုက်ဆံ သေတ္တာထဲ ပြန်ထည့် အဲဒီလို ချစ်ကြတာ။

တကယ်တော့ သားသမီးတွေထဲမှာ ဘဘကြီးက အန်တီဝင်းကို အချစ်ဆုံးလို့ပြောရမယ်။ တိုးတိုးဖော်ဆိုလဲဟုတ် အန်တီဝင်းက ကျောင်းဆရာမ ကျောင်းဆင်းလို့သာ အိမ်ပြန်ခဲ့ရ ညဘက်မှာ မပြီးပြတ်နိုင်သေးတဲ့ သင်တန်းမှတ်စုတွေလုပ်နေရင် သူ့အဖေက ဘေးက ထိုင်စောင့်နေရော။

အန်တီဝင်းက သူ့အဖေ အိပ်ရေးပျက်မှာစိုးလို့ အိပ်ခိုင်းရင် "ရတယ်လုပ်"ဆိုပြီး ဆက်စောင့်နေတတ်တယ် မပြီးမချင်း...။

အဲဒီတော့ အန်တီဝင်းက...

'သမီးအလုပ်တွေက ရပ်လိုက်လို့ရတယ်...အဖေမအိပ်သေးလို့ သမီးက ဆက်လုပ်နေတာ'

လို့ပြောရင်ချက်ချင်း အိပ်ယာထဲ ဝင်တော့တာပဲ။ တကယ် အိပ်တာတော့မဟုတ် သမီးစိတ်ချမ်းသာအောင် သရုပ်ဆောင်ခြင်းသာ အဲဒီ (၅၂၈)သားအဖတွေ။ အဲဒါ နှစ်ရ... နော် တစ်ရက်မဟုတ်။

နောက်ရှိသေးတယ်။ ဘဘကြီး... ဘုရားခန်းထဲမှာ အိပ်တယ်။ အန်တီဝ... ကညစဉ်ရေချမ်းကပ် ဆီမီးကပ်ပြီး... ဘုရားရှိခိုး အမျှအတန်းဝေပြီးသွား... အဖေလုပ်သူက "သာဓုဗျာ... သာဓု... သာဓု"လို့ သုံးကြိမ်ခေါ်လေ့ ရှိတယ်...

သမီးဖြစ်တဲ့သူကလဲ ဖအေကို ... တော့ပြီးမှ အိပ်လေ့ရှိတယ်။ ဒါကြော... လဲ ဘဘကြီးရဲ့ အချစ်တော်... အန်တီဝင်း ဖြစ်နေတာပေါ့။

တကယ်တော့ ဒီအကြောင်းတွေ... အန်တီဝင်းကိုယ်တိုင် မခိုင်ကိုပြောပြ... သိခဲ့ရတာတွေပါ။ ကျွန်တော် အန်တီ... တို့ မိသားစုအကြောင်းကို ဒီလော... စေ့စေ့ငုငု ပြောပြထားရတာက ... ကျွန်တော် ဆက်ပြောမယ့်ကိစ္စတွေ... လိုအပ်လာမှာမို့ပါ။

ကဲ ကျွန်တော့်ရဲ့ ဓာတ်ပုံဆရာ... ဖြစ်ရပ်ဆန်းလေး စလိုက်ကြရအော... နော်။

ကျွန်တော်တို့ဇနီးမောင်နှံလဲ ... စားစားပြီး ရွာကထွက်၊ မြန်... 



www.burmeseclassic.com

www.burmeseclassic.com

အောင်လို့ တောင်ကြီး–မိတ္ထီလာကား စီးပြီး သွားကြတာပေါ့။ တကယ်တော့ ကြာပင်ကုန်းရွာနဲ့ မိတ္ထီလာက ကားစီး သွားရင် လွန်ရောကျွံရော (၃)နာရီ (၃)နာရီခွဲပေါ့။

ကံဆိုးချင်တော့ ကျွန်တော်တို့ စီးလာတဲ့ ပေါင်မုန့်ကားက လမ်းမှာ ခဏခဏပျက်ပြီး ပြင်လိုက်ပျက်လိုက် စီးလာလိုက်တာ မိတ္ထီလာကို ရောက် တော့မှောင်နေပြီလင်မယားနှစ်ယောက် လုံးလဲ ချွေးသံတရွှဲရွှဲနဲ့ပေါ့။

အန်တီဝင်းတို့အိမ် ရောက်တာနဲ့ ဘဘ ကြီးအလောင်းကို ကန်တော့ပြီး ရေမိုး ချိုး ထမင်းစား။ ဘာမှမပြောနိုင်တော့ ဘူး ကျွန်တော်ကတော့ တချိုးတည်း အိပ်တော့တာပဲ။ မခိုင်နဲ့ သူ့အန်တီတွေ ကတော့ စကားကောင်းနေကြတုံး။

မနက်(၅း၃၀)နာရီလောက် ရောက် တော့ ကျွန်တော်လဲ နိုးလာပြီ။ မခိုင်က တော့ အိပ်တုန်း။ ဒီနေ့က သက်ပျောက် ဆွမ်းကပ်မှာမို့ မနက်အစောကတည်း ကချက်ကြပြုတ်ကြဆိုတော့ ကျွန်တော် လဲ စောစောထ ဖြစ်တယ်။

ဒီနေရာမှာ သက်ပျောက်ဆွမ်း အကြောင်းလေး ပြောချင်တယ်။ သိသ လောက်ပေါ့။ သက်ပျောက်ဆွမ်းရဲ့ သဘောက ကျွန်တော်တို့ လူတစ် ယောက် သေသွားပြီဆိုပါဆို့၊ ဒါကြောင့် သေပြီး ပူပူနွေးနွေး နောက်တစ်ရက်မှာ သက်ပျောက်ဆွမ်းကပ်ပြီး သေသူ အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ် လေး လုပ်ပေးတဲ့သဘောပေါ့။

ခဏနေတော့ အန်တီဝင်းရောက် လာပြီး...

'မောင်ကျော် (စာရေးသူ)နိုးပြီလား'

'ဟုတ်ကဲ့ အန်တီဝင်း။ မနေ့က လမ်းမှာ ကားကလဲ ခဏ ခဏပျက်၊ ရာသီလဲပူ၊ မောကလဲ မောလာတော့



ညက ဟန်တောင် မဆောင်နိုင်တော့ ဘူး။ ချက်ချင်း အိပ်ပျော်သွားတယ်။ အားတောင်နာတယ် အန်တီဝင်းရယ်'

'ရပါတယ်'

'ဒါနဲ့ ဘဘကြီးအသက်က (၉၂)ဆို တော့ လူကြီးရောဂါပဲ မဟုတ်လား အန်တီဝင်း'

'ဟုတ်တယ် အန်တီဝင်းလဲ ထင် တော့ ထင်ပါတယ်။ ဒီရက်ထဲ အဖေ့ အခြေအနေ မကောင်းဘူးလို့၊ ဘာဖြစ် လို့လဲဆိုတော့ ဒီရက်တွေမှာ အဖေက ခေါင်းတွေ ခဏခဏ ယားတယ်ပြော လို့ ကုပ်ကုပ်ပေးရသေးတယ်။ နှာ ခေါင်းထဲမှာလဲ နှပ်ချေးခြောက်တွေနဲ့ ပြည့်ပြည့်နေတတ်တယ်။ ဒါ မီးစာကုန် ချင်တဲ့သဘောလို့ ဆရာဝန်က ပြော ထားလို့လေ'

စကားကောင်းနေတုန်း တစ်ချက် သတိထားလိုက်မိတယ်။ သူတို့ အညာ ဓလေ့ထင်ရဲ့ အိမ်တစ်အိမ်မှာ လူသေ ရင် ဘုရားပန်းအိုးတွေကို ဘုရားစင်က နေ အောက်ချထားရတယ်။ ပန်းအိုး တစ်လုံးပဲ သေသူရဲ့ခေါင်းရင်းဘက်မှာ ထားထားရတယ်။ အခုလဲ ဘဘကြီး ရဲ့ခေါင်းရင်းမှာ ပန်းအိုးတစ်လုံးနဲ့...

'ဪ ဒါနဲ့ အန်တီဝင်း အခုမှသတိရတယ်။ မနက်စောစော ဆွေမျိုးတွေ မလာခင် လူရှင်းတုန်း ဘဘကြီးပုံကို ဓာတ်ပုံရိုက်ယူ ထားချင်လို့ပြောနေ ကျွန်တော့်မှာ ကင်မရာ ပါတယ်'

'အေး ဟုတ်သားပဲ ငါတို့မေ့နေတာ ရိုက်မယ်လေ ဒီလိုလုပ် အဖေ့ကိုဘယ် ညာဘေးတိုက်နှစ်ပုံ၊ အပေါ်ကနေမိုးပြီး တစ်ပုံ စုစုပေါင်း သုံးပုံရိုက်လိုက်'

လို့ အကြံပေးတယ်။

ဒါနဲ့ ကင်မရာထုတ်၊ မီးကိုဖွင့်ထား ပြီး ကင်မရာမှာတပ် မီးအားပြည့်ပြီဆို တာ သေချာမှ ရိုက်လိုက်တယ်၊ မီးမပွင့် ဘူး။ သိတယ် ဒီပုံမပေါ်ဘူးဆိုတာ။

ဒါနဲ့ စမ်းကြည့်တယ်။အပြင်ဘက်ကို လှည့်ပြီး မရဘူး။ အိမ်ပေါ် နေရာစုံ လိုက် စမ်းကြည့်တယ် မရဘူး။ ဘုရား စင်အောက်ကိုရောက်တော့မှ မီးကပွင့် တယ်။ ဒါပေမယ့် ခက်တာက ဘုရား စင်အောက်ကနေ ရိုက်ရင် လိုချင်သလို ပုံကောင်းကောင်း ရမှာမဟုတ်တော့ ရိုက်လို့မရပြန်ဘူး။

အန်တီဝင်းတို့အိမ်က ပျဉ်ခင်းအိမ် ကြီးဧည့်ခန်းထဲမှာ ဘဘကြီးအလောင်း ကို ထားထားပေမယ့် မနက် (၅း၃၀) နာရီလောက်ဆိုတော့ ဝေလီဝေလင်း နေအလင်းရောင်ကလဲ မရသေး။ အခန်းထဲမှာ မီးချောင်းထွန်းထားတယ် ဆိုပေမယ့် အလင်းရောင် အလုံ အလောက်မရဆိုတော့ ဒီကင်မရာက မီးမပွင့်ရင် အလကားပဲ ဓာတ်ပုံ ကောင်းကောင်းမရနိုင်ဘူး။ ဟုတ်ပြီ နောက်တစ်မျိုး စဉ်းစားကြည့်တယ်။

အပါချာ(Apertuer)တွေ ရှပ်တာ (Shutter)တွေကို အစွမ်းကုန်ဖွင့် လက်ကို ငြိမ်ငြိမ်ထား ရိုက်ပြန်ရင်လဲ သိပ်တော့မလွယ်၊ ပုံကောင်းမရနိုင်။ ဒီတော့ ကြိုက်တဲ့နေ ရာကနေရိုက် မီးကတော့ ပွင့်ကိုပွင့်မှ ဖြစ်လိမ့်မယ်။ တခြားနည်းလမ်း မရှိနိုင်။

'အန်တီဝင်း ကျွန်တော့်မီးက အားကောင်း



www.burmeseclassic.com

www.burmeseclassic.com

သားနဲ့ အဆင်မပြေဘူး ဖြစ်နေတယ်။ အန်တီဝင်း မြင်တဲ့အတိုင်းပဲ ကျွန်တော့် အထင် မဟုတ်မှလွဲရော ဘဘကြီးကြောင့် များလား ကြည့်ရတာ ဘဘကြီးက သူ့ပုံ ရိုက်တာမကြိုက်ဘူးနဲ့တူတယ်။ မေမရိုက် ဘူး လုပ်ပါဦး'

ဒီတော့ အန်တီဝင်းက ကျုံ့ကျုံ့ ကလေးထိုင် လက်အုပ်ကလေးချီပြီး ဘဘကြီးကို ကန်တော့တယ်။ ပြီးမှ...

'အဖေ... သမီးတို့အဖေရဲ့ပုံကို နောက်ဆုံး အနေနဲ့ အမှတ်တရလိုချင်လို့ပါ။ အဲဒါ ရိုက်ယူထားခွင့်ပြုပါနော်'

လို့ ခွင့်တောင်းလိုက်တယ်။ ပြီးမှ...

'လာ မောင်ကျော် ရိုက်ကြည့်ပါဦး'

ဒါနဲ့ ကျွန်တော်လဲ အားလုံးReady လုပ်ပြီး ပြန်စရိုက်လိုက်တယ် မီးကပွင့် သွားပါပြီ အိုကေပဲ ဝမ်းသာအားရနဲ့...

''အန်တီဝင်း လာကြည့် ဒီပုံကြိုက် လား ဒီလိုပုံကြိုက်လား ဒါလေးတော့ မဆိုးဘူး''ရယ်နဲ့ ရိုက်လိုက်တာ စိတ် ကြိုက်ပဲ။

ကျွန်တော်တို့ ဓာတ်ပုံရိုက်ပြီးသွား တော့ တဖြည်းဖြည်းနဲ့ ဧည့်သည်တွေ လဲ တဖွဲဖွဲရောက်လာကြပြီး၊ ဘုန်းကြီး တွေလဲ ကြွလာပြီ ခဏနေတော့ တရား နာကြပေါ့။

ဒီလိုနဲ့ တရားနာ ရေစက်ချအမျှဝေ ပြီး သိပ်မကြာလိုက်...

'ရှမ်း' ဆိုတဲ့အသံကိုကြားလို့ အား လုံး ကြည့်လိုက်ကြတော့ အလောင်း ရဲ့ခြေရင်းဘက်မှ ချိတ်ထားတဲ့ မိသားစု ဓာတ်ပုံကြီးဟာ လေမတိုက် အိမ်မလှုပ် ပါဘဲ သူ့အလိုလို ပြုတ်ကြသွားတာကို တွေ့လိုက်ရတယ်။

ဓာတ်ပုံမှန်ကားက မှောက်လျက် ကြီးကြည့်လိုက်တော့ မှန်စတွေက စုစု စည်းစည်းကွဲလို့ ဘေးကို မလွင့်မစဉ် ကြည့်ရတာ ဘဘကြီးတစ်ယောက်



သာမှသုံးကြိမ်ခေါ်ရင်း မိသားစုဓာတ်ပုံ ကိုခွဲပြပြီး ''**ငါတော့ ကျွတ်သွားပြီ လွတ်သွားပြီ**''ဆိုတဲ့သဘော...

ကျွန်တော်တို့လဲ မနက်စာစားပြီး (၉း၃၀)နာရီလောက်မှာ အန်တီဝင်း ကို နှုတ်ဆက်ဖြစ်တယ်။

'အန်တီဝင်းရေ အားတော့နာတယ် နောက်နေ့အတွက် ကားလက်မှတ်တွေ က ဖြတ်ထားပြီးသားဆိုတော့ မနက်ဖြန် ကျွန်တော်တို့ ရန်ကုန်ကိုပြန်ရတော့ မယ် အချိန်သိပ်မရတော့လို့ ခွင့်ပြုဦး နော်'

'အေးပါ မောင်ကျော်ရယ် မခိုင်လဲ အားမနာနဲ့ သွားစရာရှိတာသွားကြ တကူးတက မအားတဲ့ကြားက ရောက် အောင်လာခဲ့ကြတာကိုပဲ ဝမ်းသာပါ တယ်'

'မနက်ဖြန် ကျွန်တော်တို့ စီးရမယ့် ကားက ဒီ(မိတ္ထီလာ)မှာ လာစီးရမှာ ဆိုတော့ ဒီနေ့ ဓာတ်ပုံတွေအပ်သွား လိုက်မယ် မနက်ဖြန်ညနေလောက် ဝင်ပေးခဲ့မယ် ကားမထွက်ခင်ပေါ့'

'အေးပါ မောင်ကျော်ရယ် ကျေးဇူး ပါပဲ'

ဒါနဲ့ နှုတ်ဆက်ပြီးပြန်ခဲ့တယ်၊ ရွာပြန် ရောက်တော့ ပြင်စရာရှိတာပြင် ထည့် စရာရှိတာထည့် တစ်ညအိပ်၊ နောက် တစ်နေ့နေ့လယ်ထွက်လာတော့မှသတိ ရတယ် မနေ့က အရေးကြီးနေလို့ ဓာတ်ပုံတွေ မကူးခဲ့ရဘူး။

ဒါနဲ့ မိတ္ထီလာကိုရောက်ရောက်ချင်း မခိုင်ကို ကားဂိတ်မှာ ပစ္စည်းတွေနဲ့ ခဏထား ဓာတ်ပုံဆိုင်ကိုသွားပြီး ကူး လိုက်တယ်။ တကယ့်ကို အံ့သြစရာပဲ တစ်ပုံမှမပေါ်ဘူး။ ဒါနဲ့ အန်တီဝင်း အိမ်ကို ဆိုင်ကယ်Taxiနဲ့ပြေးပြီး ပြော ဖြစ်တယ်။

ပထမတော့ အန်တီဝင်းလဲ အံ့ဩ သွားတာပေါ့ ခဏနေတော့မှ...

'ဘယ်တတ်နိုင်ပါ့မလဲ မောင်ကျော် ရယ်၊ မင်းက ဓာတ်ပုံဆရာမျိုးရိုး ကျွမ်း ကျင်ပြီးသားဆိုတာ မခိုင်ပြောပြထား လို့ အန်တီဝင်း သိပြီးသားပါ။ မင်းရဲ့ ဓာတ်ပုံပညာကို အန်တီဝင်း ယုံပါတယ်'

'ကျွန်တော်တော့ ဘယ်လို မစဉ်းစားတတ်တော့ဘူးဗျာ။ အန် ဝင်းကော ဘယ်လိုထင်လဲ'

'အန်တီဝင်း အထင်တော့ ပထမတစ် နေ့တိုင်း ပုတီးစိပ် ဘုရားတရား အလုပ် ချည်း လုပ်လုပ်နေတော့ သီလ သမာ ပညာအရာ ပြီးပြည့်စုံလို့ ထူးခြားနေတာ ဒုတိယအချက် ကျန်ရစ်ခဲ့ရတော့မယ့် သားတွေသမီးတွေ သူ့ရဲ့ဓာတ်ပုံကို ကြည့် မလိုလားအပ်ဘဲ ဝမ်းနည်းကြေကွဲနေမှာ လား။ တစ်စုံတစ်ခုကြောင့် အဖေ ဒီဓာတ်ပုံတွေကို ရိုက်ခွင့်မပြုခဲ့တာ ဖြစ် တယ်'


တကယ်တော့ မိသားစုကို သိပ် တဲ့ သားတွေသမီးတွေကို သိပ်ချစ် ဖခင်တစ်ယောက်ရဲ့ မေတ္တာတရား သက်သေပြသွားတဲ့ သဘောဆို တော့...

**ရွှေကံမြေ ဖိုးကေ**



www.burmeseclassic.com

www.burmeseclassic.com



နိုင်သစ္စာ
(အလင်းသစ်)

# နတ်လှည့်ခံရသော မိန်းကလေး

နတ်မောက်မြို့၏ အရှေ့ဘက်တွင် **နကျားထူးရွာ**ရှိသည်။ နကျားထူးရွာနှင့် **နတ်မောက်မြို့သည် တစ်မိုင်ခန့်သာဝေးပြီး** ရွာနှင့်မြို့ကြားတွင် ယင်းချောင်းသဲလွင်ပြင်သာ ခြားသည်။

နေ့စဉ် နတ်မောက်သို့ ဈေးဝယ်၊ ကျောင်းတက်၊ ရုံးတက် သွားလာနိုင်သည်။ ရွာနှင့်မြို့ လှမ်းမြင်ရသည်။ ဓာတ်စက်(အသံချဲ့စက်)ဖြင့် လှမ်းခေါ်လျှင် ကြားရသည်။

ထို နကျားထူးရွာမှ နတ်လှည့်ခံရသော မိန်းကလေးတစ်ဦး၏ **(၁၆–၈–၂၀၀၃)** နေ့မှ **(၁၈–၈–၂၀၀၃)**ထိ အဖြစ်အပျက်သည် အလွန်ပင် ထူးဆန်းလှပြီး လာရောက်တွေ့ဆုံ မေးမြန်းသူတွေများပြားနေပါသည်။ ပူပူနွေးနွေး ရေးသားတင်ပြလိုက်ပါသည်။

ဖြစ်ပျက်ပုံမှာ...

* * *

**၁၆–၈–၂၀၀၃ စနေနေ့** နံနက်တွင် ဖြစ်သည်။ မသဲ၊ မပဲနှင့် သူတို့၏ ဖခင် ဦး(...)တို့ သားအဖသုံးယောက် နကျားထူးရွာ၏ အရှေ့ဘက်ဆီသို့ အိမ်သုံးရန် ထင်းခွေသွားခဲ့ကြသည်။

မသဲမှာ အစ်မကြီးဖြစ်ပြီး မပဲမှာ ညီမဖြစ်သည်။ မသဲသည် အလွန်စကားနည်းသူဖြစ်သည်။ အေးအေးဆေးဆေး နေတတ်သည်။ ဟိုဟိုဒီဒီ လည်ပတ်သွားလာခြင်းမျိုးလည်း နည်းပါးသည်။

သားအဖသုံးယောက် တောထဲတွင် ထင်းခြောက်ရှာ ထင်းခွေပြီး မသဲကို အလယ်မှထားပြီး ထင်းခြောက်ရှာ ထင်းခွေပြီး မသဲကို အလယ်မှထားပြီး ရှေ့နောက် တန်းစီ၍ ပြန်လာခဲ့ကြသည်။ နေ့လယ် (၁၁)နာရီလောက်တွင် သွားရင်းလာရင်းနှင့်ပင် မသဲမှာ ပျောက်ချင်းမလှ ပျောက်သွားသည်။

ထင်းစည်းချ၍ အနားယူရင်း တစ်နေရာရာတွင် ကျန်ခဲ့သည်ဟု ယူဆ၍ ဦး(...)နှင့် မပဲတို့ သားအဖနှစ်ဦး မသဲကို လိုက်လံရှာဖွေကြသည်။ မတွေ့...။

လမ်းသွားလမ်းလာ ခရီးသည်များကို မေးမြန်းသောအခါတွင်လည်း သတင်းမရ။ တစ်နာရီကျော်သည်အထိ ရှာဖွေသော်လည်း မသဲကို အရိပ်အယောင်ပင် မမြင်ရ မတွေ့ရ။

မပဲတို့ သားအဖ စိုးရိမ်ရပြီ။ နကျားထူးရွာသို့ ချက်ချင်း အမြန်ပြန်လာပြီး ဆွေမျိုးမိတ်သင်္ဂဟများခေါ်၍ တောထဲလိုက်ရှာသည်။ မတွေ့။ **ညနေစောင်းသည်အထိ မတွေ့။** တဖြည်းဖြည်း မှောင်ရိပ်သမ်းလာပြီး ညသည် ပီပြင်လာခဲ့လေသည်။

* * *

**၁၆–၈–၂၀၀၃နေ့** တစ်ညတာ

www.burmeseclassic.com

ကုန်လွန်ခဲ့ပြီ။ မသဲကို မတွေ့ရချေ။ သတင်းလည်းမရ။

**၁၇–၈–၂၀၀၃နေ့တွင်** ကျေးရွာလူကြီးမှ နကျားထူးရွာတစ်ရွာလုံး တစ်အိမ်ထောင်လျှင် တစ်ဦးကျ မလိုက်မနေရ မသဲကို တောထဲထွက်ရှာရန် စီစဉ်သဖြင့် တစ်ရွာလုံး နကျားထူးရွာ၏ အရှေ့ဘက်၊ တောင်ဘက်၊ မြောက်ဘက် ဆိုသလို တောနင်း မြေလှန် ပိုက်စိပ်တိုက်၍ မသဲကို ရှာဖွေကြတော့သည်။

မပဲနှင့် ဖခင် ဦး(...)တို့မှာ သမီးမသဲအတွက် စိုးရိမ်လှုပြီ။ ရင်ထဲမှာ ပူလောင်လှုပြီ။ သမီးလေးကို မသူတော်တွေကများ ဆွဲခေါ်သွားသလား၊ မကောင်းကြံစည်လေသား၊ လုပ်ကြံသတ်ဖြတ်ပစ်မည်လား... သို့လော သို့လော တွေးတော စိုးရိမ် ပူပန်လှုပြီ။

နကျားထူးရွာနှင့် အဆက်အစပ်ဖြစ်သော **ဝမ်းဘဲအင်းရွာ၊ ဝွေးပင်ရွာ၊ ကုလားရှင်ရွာ** စသော ကျေးရွာများမှ ခရီးသွား၊ လမ်းသွားများထံ စုံစမ်းမေးမြန်းသော်လည်း မသဲကို တွေ့သူမရှိ၊ မြင်သူမရှိ၊ သတင်း အစအပင် မတွေ့ရ။

နကျားထူးရွာမှ လိုက်လံ ရှာဖွေသူများကလည်း ရိုးပြတ်၊ ရိုးနက်၊ ထူးတွင်း၊ ချုံပုတ်များပါမကျန် ပုတ်ခတ်အသံပေး ဟစ်အော်၍ ထောင့်စေ့အောင် ရှာဖွေသော်လည်း မသဲကို မတွေ့ရ။

အချို့က သစ်ပင်ကြီးများပေါ် တက်၍ပင် အဝေးဆီ မြင်နိုင်သမျှ မြင်ရအောင် လှမ်းမျှော်ကြည့် ရှာဖွေကြသည်။

**၁၇–၈–၂၀၀၃ရက်နေ့** ညနေစောင်းသော်လည်း မသဲကို မတွေ့ရသေးပေ။ လိုက်လံရှာဖွေသူတို့ ခရီးပန်းနွမ်းကြပြီ။ ပါလာသော ထမင်းထုပ် ဖြေစားကြ၊ ရေဘူးဖွင့်သောက်၊ ဆေးလိပ်ဖွာ အနားယူကြပြီ။

စိတ်ဓာတ်လည်း ကျလာကြသည်။ ရှာစရာနေရာလည်း မကျန်သလောက် ဖြစ်နေပြီ။ နှစ်မိုင်,သုံးမိုင် ပတ်လည်



အတွင်း ခြေရာထပ်တွေချင်း ထပ်နေပြီ။ တောကျေနေပြီ။

နေလုံးကြီးသည် ဂေါယာကျွန်းဆီတွင် မေးတင်နေပြီ။ မှောင်ရိပ်သည် တစ်စတစ်စ ကြီးစိုးလာပြီ။ ညသည် တဖြည်းဖြည်း ပိပြင်လာပြီ။

မကြာမီ အမှောင်ထုသည် လုံးဝ လွှမ်းခြုံသွားလေသည်။ နကျားထူးရွာမှ မသဲကို လိုက်လံ ရှာဖွေသူများလည်း အလုပ်မပြီးမြောက်ဘဲ စိတ်ပန်း လူပန်းဖြင့် ရွာဘက်ဆီသို့ ပြန်ခဲ့ကြရလေပြီ။

* * *

**၁၇–၈–၂၀၀၃ရက်နေ့**သည် ကုန်လွန်ခဲ့ရပြီ။ မသဲ ပျောက်နေသည်မှာ နှစ်ညပင် ရှိခဲ့ချေပြီ။ ယခုအထိလည်း တွေ့ဖို့မပြောနှင့် သတင်းစကားပင် မရသေး။

မသဲအတွက် စိုးရိမ်ပူပန်ခြင်းကြီးစွာသောကပရိဒေဝမီး တောက်လောင်လျက် ကျိတ်၍ ငိုသူတို့ ငိုကြပြီ။ မငိုကောင်းဘူးဟု တားမြစ် ဖျောင်းဖျရသည်။

ဗေဒင် တွက်တတ်သူတို့က ဗေဒင်တွက်ကြည့်ကြသည်။ နတ်မေးသူတွေကလည်း နတ်မေးကြသည်။ ပွဲတင်ကြသည်။ အဖြေကား...

'မသဲတစ်ယောက် အသက်ရှင်လျက် ကျန်းမာလျက် ရှိသေးသည်။ တောထဲမှာပဲ ရှိနေသည်။ တောစောင့်နတ်၏ ကျီစားမှုနတ်လှည့်မှုသာဖြစ်သည်။ ယနေ့(၁၈.၈.၂၀၀၃) နေ့ ထပ်မံရှာဖွေပါ။ အကောင်းပကတိ တွေ့ပါလိမ့်မည်'

ဟု ဆိုသည်။

တစ်ရွာလုံး အားတက် ရွှင်လန်းသွားကြသည်။ **၁၈–၈–၂၀၀၃ရက်နေ့**တွင် နကျားထူးရွာ၏ အရှေ့ဘက်ဆီ လူသွားလမ်းမှန်သမျှတို့ လူစုခွဲပြီး မသဲကို မတွေ့မချင်း မပြန်ဟု ဆုံးဖြတ်ချက်ကိုယ်စီဖြင့် လိုက်လံ ရှာဖွေကြသည်။

လူကြီးပိုင်းအချို့က ဘုရားဂုဏ်တော်များ၊ ဂါထာ၊ မန္တန်များ ရွတ်ဆိုဆုတောင်းရင်း မသဲကို ရှာဖွေကြသလို လူငယ်,လူလတ်ပိုင်းတို့ကလည်း အသံအမျိုးမျိုးပေးပြီး ကြိုးစားပမ်းစား ရှာဖွေကြလေသည်။

**၁၈–၈–၂၀၀၃ရက်နေ့ နံနက် (၉)နာရီခွဲ (၁၀)နာရီခန့်တွင်** ဝမ်းဘဲအင်းရွာမှ နတ်မောက်သို့ လာကြသည့် ခရီးသွားများနှင့် မသဲ လမ်းပေါ်တွင် ထိပ်တိုက်တိုးကြ တွေ့ကြသည်။ ဝမ်းဘဲအင်းရွာမှ မသဲကိုသိသူ ခရီးသွားက...

'ဘယ်သွားမှာလဲ'

ဟု မေးရာ...

'ကျွန်မ ရွာဆိုပြီး သွားနေတာပဲ'

ဟု ပြန်ဖြေမှ...

'ဒီကလေးမ မျက်စိလည်နေတာဖြစ်မှာ၊ လာ လာ တို့နဲ့လိုက်ခဲ့'

ဟု ဆိုပြီး နကျားထူးရွာလမ်းသို့ ခေါ်ခဲ့ကြသည်။ မကြာမီပင် မသဲကို လိုက်လံရှာဖွေနေသော နကျားထူးရွာမှ လူစုနှင့် တွေ့ရလေသည်။


ချက်ချင်းပင် လိုက်လံရှာဖွေသူ လူစုသိအောင် အသံပေး အချက်ပေးကြသည်။ မသဲကို တွေ့ပြီဖြစ်ကြောင်း ကျန်းကျန်းမာမာ အကောင်းပကတိ တွေ့ရကြောင်း နကျားထူးရွာသို့ လူငယ်သုံး,လေးယောက်က ...မှ ပြန်ပြီး သတင်းပြေးပို့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com



ကြိုးဝိုင်းဖွဲ့စည်းသည့် အလုပ်နှင့် မဟာမြိုင်တောကြီးခွင်က ပလ္လင်ကြိုးဝိုင်းအနီးမှ လက်ဖက်ချောင်းစခန်းရောက်နေသည်မှာ လချီကြာခဲ့ပါပြီ။

ထော်သာရွာမှ ထိုင်ပြီး ပေါင်ပြိုင်ချောင်းက စခဲ့သည့် ဖုန်းသုန်းကြိုးဝိုင်း နယ်နိမိတ်က ပလ္လင်ကြိုးဝိုင်းနှင့်ဆုံပြီး အလုပ်သိမ်းခါနီးမှ အခက်အခဲပေါင်းများစွာနှင့် ကြုံခဲ့ရသည်။

တိုက်ဆိုင်သည်လားတော့ မပြောတတ်၊ တောခေါင်းကြီး ကိုတင်လှ နှုတ်မစောင့်မှုက စ,ခဲ့သည့် တောကြီးမာယာ၏ ပြဿနာတွေက တသီတတန်းကြီးပါပဲ။ ကျောင်းကြီးကုန်းရွာသား အလုပ်သမား ကိုထွန်းလူတို့အဖွဲ့ မလုပ်ဝံ့တော့ပါဟုဆိုကာ ပြန်သွားသည်အထိပင် ဖြစ်ခဲ့ရသည်။

အလုပ်သမားမရှိတော့ အလုပ်မဖြစ်သည့် ပြဿနာက တည့်တည့်တိုးပြီ။ သစ်တောဝန်ကလည်း အလုပ်တွေကို လာစစ်တော့မည်။ ညွှံခံဖို့ ချေကလေး၊ ဆတ်ကလေး ရလိုရငြား စာရေးသူကိုယ်တိုင်သွားပြီး အမဲလည်ရာမှ **''တောခွေးချ အမဲကို ဝင်ဆွဲ''** မိသည့် အမှားတစ်ခုကိုလည်း ကျူးလွန်မိခဲ့ပြန်သည်။

ဒီတစ်ခါအများက ''ကျိန်စာသင့်

တင်ဘုန်းဝင်း

# ပလ္လင်ကြိုးဝိုင်းထဲက

ဆွဲဖျားတူ



www.burmeseclassic.com

www.burmeseclassic.com

လေသလား''ပင် ထင်ခဲ့ရသည်။ တောတောင်တွေထဲမှာ မမှားသင့်တာ ကိုယ်က မှားမိထားသည့်အချိန်၊ ထူးခြားဆန်းကြယ်လှသည့် အဖြစ်အပျက်တွေနှင့်လည်း ကြုံကြိုက်ချိန်ဆိုတော့ တောကြီးမာယာစုံကို မယုံ၍မရ၊ ခုတော့ ကိုယ်တွေ့ကြုံခဲ့ရပြီ။



အခက်အခဲပေါင်းစုံ ကြုံခဲ့သည့် ဖုန်းသုန်းကြိုးဝိုင်းနယ်နိမိတ် မိုးကောင်းရွာသား ကိုပွဲမောင်တို့အဖွဲ့ ဝိုင်းကျိတ်မှ ပြီးလေတော့သည်။

စခန်းသိမ်းပြီ။ အလုပ်ခွင် အဆင်မပြေသည့်ကြားက နိခဲ့၊ နားခဲ့ရသည့် လက်ဖက်ချောင်း။ နောက်ကြောင်း ပြန်ရတော့မှာဖြစ်၍ ခွဲရခွာရတော့မည်။ ဒီစခန်းက ရေစမ်းရှိပေမယ့် ရေက ရှားသည်။ ပျားကောင်တွေတော့ ပေါသည်။

ရေရှားတော့ လူ့ကိုယ်က ထွက်သည့် ချွေးကိုပင် အလွတ်မပေး။ မွေးလိမ်ပျားကအစ လာစုပ်ကြသည်။ စုပ်သည့်ပျားကို လက်နှင့် အုပ်လိုက်တာနှင့် အတုပ်ခံရလေတော့သည်။ လွမ်းစရာမရှိသည့် ဒီစခန်း မေ့နိုင်စွမ်းပါတော့မည်လား။

'ရေရှားပျားတုပ်၊ အလုပ်မဟန်၊ နေရန်မကောင်း။ လက်ဖက်ချောင်း'

ဆိုသည့် မှတ်တမ်းလေးကို ကညင်ပင်ကြီး၏ပင်စည်မှာ ဓားနှင့်ခွာပြီး အသေအချာ ရေးထားခဲ့သည်။

ဆောင်းနှောင်းကာလ နွေဦးစ၍ လက်ဖက်ခူးသူတွေ ရောက်လာလျှင် မြင်စေ၊ တွေ့စေတော့ဆိုသည့် အတွေးကိုတွေးရင်း လက်ဖက်ချောင်းဝစခန်းကနေ ပလ္လင်ကြီးဝိုင်းတောကြီးဆီ ဆင်နှစ်ကောင်ဖြင့် ဝန်တွေတင်ကာ ထွက်ခဲ့ကြသည်။

တကယ်တော့ ဒီစခန်းကနေ စခန်းသိမ်းပြီး ထော်သာရွာဘက် ပြန်ထွက်ကာ မော်လိုက်ကိုသာ ပြန်ရမည့်ခရီးပါ။ ခရီးစဉ်ဘယ်လိုရှိရှိ စခန်းသိမ်းအလုပ်ကို လာလုပ်ပေးခဲ့ကြသည့် ကိုပွဲမောင်တို့အဖွဲ့ကို ရွာအရောက်ပြန်ပို့ရမည့် ဝတ္တရားကို ကြည့်ကာ အလာလမ်းမဟုတ်သည့် အပြန်လမ်းကို လှမ်းခဲ့ကြခြင်းသာ ဖြစ်လေတော့သည်။

အပြန်လမ်းအဖြစ်လှမ်းခဲ့ကြသည့် ကိုပွဲမောင်တို့ မိုးကောင်းရွာက ပလ္လင်ကြီးဝိုင်းကြီး၏ အနောက်ဘက်အထွက် တောင်ခြေရင်းက ချင်းတွင်းမြစ်ဝှမ်းထဲမှာရှိသည်။ ရွာကိုရောက်ဖို့ တစ်နေ့ကုန် လျှောက်ကြရဦးမည်။

ဖုန်းသုန်းကြိုးဝိုင်းတော လွန်တော့ နေက အတော်မြင့်နေပါပြီ။ ပလ္လင်ကြီးဝိုင်းတောကို မော့တက်လိုက်သည်နှင့် မြေပြန့်တောကြီး ဖြစ်နေတော့သည်။ သစ်ပင်ကြီးတွေ၏ အရိပ်အောက်မှာ သွားနေရ၍ အေးအေးချမ်းချမ်းနှင့် မပင်ပန်းပေမယ့် ရေစမ်းက နေရာတိုင်းမှာ ရှာမရ၍ နားဖို့ခက်နေသည်။

လက်ဖက်ချောင်းစခန်းကို ဝင်စတုန်းကတော့ ထော်သာရွာကနေ တောထဲဝင်လိုက်သည်နှင့် သဲချောင်းပြင်ကျယ်ကြီးအတိုင်း ဝင်ခဲ့ရ၍ ဆင်တွေပါ အပင်ပန်းကြီး ပင်ပန်းခဲ့ကြရသည်။

အလွန် သဘောကောင်းလှသည့် မဥဒိန်ကြီးပင်လျှင် သူ့ဝမ်းခေါင်းထဲက ရေအိတ်ထဲမှရေကို နှာမောင်းကြီးနှင့် အကြိမ်ကြိမ် ထုတ်ကာ သူ့ကိုယ်လုံးကို တဖူးဖူး မှုတ်နေတော့သည်။

ကြာတော့ ရှေ့ဆက်မသွားဘဲ ကန်ကန်လုပ်ပြီး ခံနေ၍ ဆင်ဦးစီး ကိုသန်းမောင်က သူ့ဦးကင်းကို ခုတ်တော့မှ ငြိမ်ကျသွားသည်။ မဥဒိန်ခေါင်းမှာ ဒဏ်ရာခုထိ မပျောက်သေးပါ။

တောထဲတောင်ထဲမှာ ဝန်တင်ဆင်တွေနှင့် ခရီးသွားလျှင် ခရီးတစ်ထောက်ကို (၅)မိုင်၊ (၁၀)မိုင်သာ သွားခွင့်သည်။ နေပူပြင်းခရီးဆိုလျှင် နေမတည့်မီ စခန်းချ ရပ်နားကြရသည်။ ရပ်နားသည့် နေရာတိုင်းမှာလည်း ဆင်အတွက် အစာရှိသည့်နေရာ၊ ရေသည့်နေရာတွေကိုသာ စခန်းချရှိကြသည်။

ခုရောက်နေသည့် ပလ္လင်ကြီးတောမှာ ဆင်အတွက် ရေစမ်းမရှိမယ့် အစာက ပေါသည်။ ခရီးကလည်း (၁၀)မိုင်နီးပါး ရှိသွား၍ စခန်းချပြင်ဆင်ခဲ့ကြသည်။

ဆင်ဦးစီး ကိုသန်းမောင်က ပေါ်မှ ဝန်တွေကိုချပြီး ''က'' ချနေဆဲမှာပဲ ဆင်မ ''အီး''ခနဲ ငယ်သံပါအောင် အော်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုခါပြီး ပြေးပါလေတော့သည်။

"ဆင်က"ကော ကိုသန်းမောင်ပါ မြေပြင်ပေါ် လွင့်စဉ် ကျသွားသည်။ ရုတ်တရက် ဘာဖြစ်လို့ ဖြစ်မှန်းမသိ လိုက်ဆိုတော့ အားလုံး ထိတ်လန့် တုန်လှုပ်သွားသည်။ ဆင်မကြီးမှာ ခေါင်းတခါခါ နှာတဖူးဖူးနှင့် သစ်ခက်တွေကို ဆွဲချိုးကာ သူ့ဦးခေါင်းကို ရိုက်ပုတ်နေလေတော့သည်။

ကိုသန်းမောင်က "ဟောင်ဟောင်"ဟု အော်ကာ ပြေးလိုက်သွားသည်။ ဆင်မကြီးအနား ရောက်သည်နှင့်...

'လာကြပြီး ဆင်မကြီးကို ပျားတွေ ဝိုင်းတုပ်နေတယ်။ ပျားကောင်တွေက အကြီးကြီးတွေ'

ဟု အော်ခေါ်နေသည်။ စာရေးသူနှင့် ကိုပွဲမောင် ပြေးလိုက်သွားသည်။

'ကိုသန်းမောင် အနားမကပ်နဲ့။ အဲဒါ ပျားမဟုတ်ဘူး။ ပတူ(ပျားတူ)တွေ'

ကိုပွဲမောင်က အော်ဟစ် သတိပေးသည်။ ဆင်မကြီးကလည်း ချာချာလည်ကာ သူ့ခေါင်းကို သစ်ခက်တွေနှင့် ရိုက်နေဆဲဖြစ်သည်။ ဆင်မကြီး ခေါင်းက အနာကို ပတူ(ပျားတူ)တွေက ဝိုင်းပြီးကိုက်ဖဲ့နေကြသည်။ ကိုပွဲမောင်က ပတူ(ပျားတူ)တွေကို ကြည့်ကာ...

'ဒီနားမှာ ပျားတူအုံ ရှိရမယ်'

ဆိုပြီး ဟိုကြည့်ဒီကြည့် ကြည့်ကာ ပျားတူလာရာလမ်းကို ရှာနေသည်။

စာရေးသူကလည်း ပတူ(ပျားတူ)ဆိုသည့် အသံကြားရုံနှင့် ပြင်ဦးလွင်သစ်တော ကျောင်းတုန်းက စောအေးမြင့် ဖွပ်သည့် ပတူ(ပျားတူ)အုံကို သွားသတိရသည်။ တစ်နေ့မှာ စာရေးသူတို့ ကျောင်းသားတွေ ဆရာဦးမောင်မောင် အေးနေသည့် ချယ်ရီမြိုင် အိမ်ဝင်းကြီးမှာ ပေါင်းရှင်းကြသည်။

အိမ်ကြီး၏ ခေါင်းရင်းပိုင်း နောက်ဖေးဘက်က ခြတောင်ပို့လိုလို သစ်ငုတ်တိုဘေးနားအရောက် အောင်ဌေးကို ပျားလာတုပ်သည်။ အောင်ဌေးက "အော်"ပြေးရင်း ပျားကို အမိအရ လက်နှင့်အုပ်ကာ ဖိသတ်လိုက်သည်။ အနီးမှာရှိနေသည့် စောအေးမြင့်က ပြောမှ ပတူ(ပျားတူ)မှန်း သိရသည်။

အဲဒီတုန်းက ပတူ(ပျားတူ)က မြေအောင်းပတူဖြစ်သည်။ စောအေးမြင့်က ပတူတွင်းဝကို ရအောင် ရှာနိုင်ခဲ့သည်။ ပတူတွင်းဝအနီးမှာ သစ်ရွက်ခြောက်တွေကို မီးရှို့ကာ ထွက်လာသည့် မီးခိုးမှိုင်းတွေကို ပတူတွင်းထဲ မှုတ်သွင်းပြီး ဖွပ်ယူခဲ့သည်။

ပတူတွင်းကို တူးတော့ ခက်ခက်ခဲခဲ မတူးခဲ့ကြရပါ။ တွင်းပေါ်မှာ ခြေပြင်းပြင်း နင်းမိရုံနှင့် ကျွံဝင်သွားသည်ကို စောအေးမြင့်က လက်တွေ့ပြခဲ့သည်။

တောထဲတောင်ထဲက ပတူတွင်းပေါ်က ပြေးရင်းလွှားရင်း ဝင်နင်းမိသည့် သားကောင်တွေ တွင်းထဲ ခြေကျွံဝင်သွားသည်နှင့် ခြေကို ပြန်နုတ်သည့် အချိန် အတွင်းမှာ ခြေထောက်တစ်ခုလုံး အရိုးသာ ကျန်တော့ကြောင်း...

ပြောင်တို့၊ ဆတ်တို့လို အကောင်ကြီးတွေတောင် မလွတ်ကြောင်း။ ပတူတွင်း နင်းမိလျှင် ကျားခံတွင်းရောက်သည်နှင့် တူကြောင်း ပြောခဲ့ဖူးသည်။

ယခု ဆင်မကြီး မဉ္ဇဒိန်၏ ခေါင်းက အနာကို လာနားသည့်ပတူတွေကို တွေ့နေရပြီ။ အကောင်ကြီးတွေက လူကြီး လက်မလောက်ရှိသည်။ အရောင်က နီညိုရောင်။ ပတူတွေက ဆင်မကြီးနား မှမခွာ။

ဆင်ဦးစီးကိုသန်းမောင် ပြန်ပြေးလာပြီ။ ဆင်မကြီးကလည်း ခေါင်းကို တယမ်းထဲယမ်းကာ သစ်ခက်တွေနှင့် တဖန်းဖန်းရိုက်နေဆဲ။ ကြာလျှင် မဉ္ဇဒိန် ဒုက္ခရောက်တော့မည်။

စာရေးသူက စိတ်ပူလွန်း၍ မီးတုတ်လုပ်ခြောက်ဖို့ပြောမှ ကိုပွဲမောင်နှင့် ကိုသန်းမောင်တို့က ဝါးရောင်းခြောက်တွေ ရှာပြီး မီးတုတ်လုပ်ကာ ဝှေ့ယမ်းခြောက်လေတော့သည်။ ဝဲနေသည့် ပတူကောင်တွေလည်း ဒီတော့မှ စဲသွားသည်။

ပတူဆိုတာ အသားစား သတ္တဝါဖြစ်ကြောင်း။ ငါးကင်နှင့် အသားကင်ကို ပိုနှစ်သက်ကြောင်း၊ ဒီဒေသမှာ ပတူတွေကို ထောင်ပြီး ပတူအုံရှာသည့် အလေ့အထရှိကြောင်း၊ ပတူတွေ ရေသောက်ဆင်းလေ့ရှိသည့် နေရာမှာ အသားကင်၊ ငါးကင်ကို ထားပြီး စောင့်ကြည့်နေလျှင် ပတူတွေ တစ်ကောင်ပြီး တစ်ကောင် လာစားကြောင်း...

စားပြီးပျံသွားသည့် ပတူတွေကို ကြည့်ကာ ပတူအုံရှိသည့်နေရာ ရှာတွေ့နိုင်ကြောင်း၊ အသားကင်သေးသေးလေးတွေဖွဲ့ပြီး လက်သည်ခွ



www.burmeseclassic.com

www.burmeseclassic.com

လောက် စာရွက်ဖြူဖြူလေးမှာ အပ်ချည်နှင့် တွဲချည်ထားလျှင် ပတူအုံရှာရတာ ပိုလွယ်ကြောင်း...

**တွင်းပတူနှင့် ဆွဲပတူ**ဆိုပြီး ပတူနှစ်မျိုးရှိကြောင်း။ တွင်းပတူက မြေကြီးထဲမှာနေပြီး ဆွဲပတူက သစ်ပင်သစ်ကိုင်းတွေမှာ တွဲလောင်းဆွဲကာ အုံဖွဲ့နေကြောင်း။ တွင်းပတူတွေသည် သူတို့နေရာကို လုံခြုံအောင် သစ်ငုတ်တွေ၊ တောင်ပို့တွေရှိသည့်နေရာ သားကောင်တွေ သွားလမ်း၊လာလမ်း လွတ်သည့်နေရာရှာပြီး မြေကြီးမှာ လိုဏ်ဖြစ်အောင် ဝိုင်းတူးကြကြောင်း၊ မြေစာတွေကိုလည်း တွင်းဝနှင့် ဝေးရာနေရာတွေမှာဖြန့်ပြီး ခြေရာလက်ရာ ဖျောက်ထားတတ်ကြောင်း...

လူတွေကလည်း ပတူအုံကို ရအောင် ရှာနိုင်ကြောင်း၊ ပတူဆန်က ပျားဆန်ထက် ပိုကြီးကြောင်း၊ အရသာလည်း ပိုရှိကြောင်း၊ များများစားလျှင် ဖျားတတ်ကြောင်း...

ကိုပွဲမောင်က ရှင်းပြရင်း ပတူတွေ လာရာလမ်းအတိုင်း လိုက်သည်။ စာရေးသူကလည်း ပတူတွေ ပျံပုံကို ကြည့်ရင်း နောက်ကလိုက်သည်။ ပတူတွေက ခေါင်းပေါ်မှ လုစ်ခနဲ လုစ်ခနဲ ထိုးပျံသွားသည်။ ကိုပွဲမောင်ကလည်း မလွတ်တမ်း လိုက်ကြည့်သည်။ ကြည့်နေရင်းက...

'တွေ့ပြီ တွေ့ပြီ ဆွဲပတူကြီး ဟိုကျွန်းပင်ကြီးပေါ်မှာ'

ဝမ်းသာအားရ အော်ပြောကာ လက်ညှိုးထိုးပြနေသည်။ စာရေးသူကလည်း မြင်သည်။ ပတူအုံက ရောမ အကြီးကြီး။ ကျွန်းပင်ကလည်း အမြင့်ကြီး။ ကျွန်းကိုင်းအဖျားမှာ အသီးကြီးသီးနေသလို တွဲလောင်းကြီးဆိုတော့ ကြည့်ရှုပင် ကောင်းလှသည်။



အရောင်က နွားချေးခြောက်ရောင်၊ သစ်ခေါက်ရောင်လို ညိုဖျော့ဖျော့ပါ။

ပုံစံက အလယ်မှာဖောင်းပြီး သစ်ကိုင်းမှာ တွယ်သည့်နေရာနှင့် အောက်က အဖျားဘက်မှာ ပြေပြေရှူးနေသည်။ စနစ်တကျ ပွတ်နင်းထားသည့် ဘဲဥပုံဆန်ဆန် နှစ်ဖက်ရှူး ပွတ်လုံးလို အချိုးအစားကျပြီး လှပနေသည်။ မိုင်းတောင့်ပုံစံနှင့်လည်း ဆင်ဆင်တူသည်။

ပတူအုံကြီးထဲမှ ပတူတွေက ထွက်လိုက်ဝင်လိုက်နှင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ စာရေးသူက ဆွဲပတူကို တစ်ခါမှ မတွေ့ဘူးပါ။ တွေ့တုန်းကြုံတုန်း သေသေချာချာ လေ့လာလိုစိတ်က ပြင်းပြလာသည်။

ဦးစောဝင်း ရုံးမှယူလာပြီး မေ့ကျန်ခဲ့သည့် မှန်ပြောင်းကို သတိရကာ ထုတ်ပြီး ကြည့်လိုက်သည်။ ရောမ ပတူအုံကြီးကို အသေအချာ မြင်ရပါပြီ။ ဘေးတိုက်ကကြည့်တော့ မိုင်းတောင့်ပုံကြီးလို ပိန်းပိတ်ပြီး ဝင်ပေါက်ထွက်ပေါက် မရှိဟု ထင်ရသည်။

အောက်တည့်တည့်ကနေ မော့ကြည့်မိတော့မှ ပတူတွေ ဖန်တီး တည်ဆောက်ထားသည့် ဝင်ပေါက်ထွက် ပေါက်တွေက အတော်အံ့ဩဖို့ ကောင်း လှသည်။

ပတူအုံကြီးတစ်ခုလုံး၏ အပြင်ဘက်မှာ လက်နှစ်သစ်လောက် အကျယ် မြိတ်စွန်းကို ထုတ်ကာ အောက်ခြေ အထက်ဖျားထိ ခရုပတ်လို ရစ်ပတ်ပြီး ပြုလုပ်ထားသည်။ လူသားတွေ၏ နေအိမ် အဆောက်အအုံတွေမှာ အမိုးမြိတ်စွန်းထုတ်ပြီး မိုးဒဏ်မ အောင် စီမံထားသလို ပုံစံမျိုးပါပဲ။

အုံကြီး၏ အပြင်ဘက်မှာ မြိတ်စွ ထုတ်ပြီး မြိတ်စွန်း၏ အောက်ဘ မျက်နှာပြင်မှာ ဝင်ပေါက်ထွက်ပေါ တွေကို မိုးလုံအောင် ဖောက်ထား ပညာသားပါလှသည်။ ဝင်ပေါ ထွက်ပေါက်အဝိုင်းလေးတွေက တ နှင့်တစ်ခု ထိကာ ပုတီးစေ့ သီ သလို မြင်နေရသည်။

ဒီအပေါက်တွေထဲကနေ ပတူ ကောင်ကြီးတွေ ထွက်လိုက်ဝင်လို လုပ်နေသည်။ အုံကြီးထဲမှာ သား သည့် သလက်အိမ်တွေ ရှိနေပါ မည်။ စာရေးသူကလည်း ကြ ကောင်းကောင်းနှင့် စိမ်ပြေနပြေ ကြ နေမိသည်။

ကိုပွဲမောင်တို့အဖွဲ့က "သူတို့ ကြည့်ပါရစေ" ဆိုမှ မှန်ပြောင်း ပေးလိုက်သည်။ အားလုံးက မှန် ဖြင့် တစ်ယောက်ပြီး တစ်ယော အလုအယက်ကြည့်ကာ တအံ့ ဖြစ်နေကြသည်။ သူတို့လည်း လောက်ကြီးသည့် ဆွဲပတူကို ဒီတ တွေ့ဖူးကြောင်း တစ်ယောက် ပေါက် ပြောနေဆဲ...

'ကိုင်း ကြည့်ကောင်းနေလို့ ပတူဖွပ်ကြရအောင်'

ကိုပွဲမောင်က ပတူဖွပ်ဖို့ နှီး



www.burmeseclassic.com

www.burmeseclassic.com

ိုက်သည်။ တစ်ဖွဲ့လုံး ဝါးသွားခုတ်ကြသည်။ ဝါးတွေ ရလာသည်နှင့် ခွဲသူခွဲ၊ ချက်စူးချွန်သူကချွန်၊ ဝါးမှာ ချက်ပေါက် ဖောက်သူက ဖောက်နှင့် တစ်ယောက်မကျန် ဝိုင်းလုပ်နေကြသည်။

ဝါးလေး,ငါးလုံးလောက် ချက်ပေါက်ဖောက်ပြီးသည်နှင့် ကိုပွဲမောင် သေးသေးရှည်ရှည် ဝါးလုံးတစ်လုံး၏ ထိပ်မှာ အရှည်သုံးတောင်လောက် ရောင်းခြောက် ခွဲခြမ်းသေးသေး သေးတွေနှင့် စုချည်ပြီး မီးတုတ်လုပ်ဖို့ သင့်ပြင်လိုက်သည်။ ပတ္တူအုံကြီး၏ အောက်တည့်တည့်မှာလည်း သစ်ရွက် ခြောက် ငှက်ပျောရွက်တွေကိုရှာပြီး ထူထူ ထဲထဲ ဖြန့်ခင်းထားလေသည်။

ပြင်ဆင်စရာတွေကို ပြုလုပ်ပြင်ဆင်သည်နှင့် ကိုပွဲမောင်က ကျွန်းပင် ရင်းမှ ချက်ဝါးကို ဆောင့်စိုက်ပြီး သည်ကို မှီထောင်ကာ ချက်စူးတွေနှင့် တစ်ချက်ပြီး တစ်ချက် ရိုက်တက်သွား သည်။

ချက်ဝါးလေးလုံးဆင့် ရိုက်ပြီးသည်နှင့် မီးတုတ်ကို မီးရှို့ကာ ပတ္တူအုံကြီးဆီ လှမ်းထိုးလိုက်လေသည်။ မီးတုတ်မှ မီးက ပတ္တူအုံကို ချက်ချင်းစွဲကာ မီးရှူး မီးပန်းတွေလို တဖန်းဖန်းမြည်ရင်း စတင် လောင်မြိုက်လေတော့သည်။

စောစောက တအုံ့တည ငေးမောခဲ့ ရသည့် ပတ္တူအုံကြီး… ယခုတော့ တဖြောက်ဖြောက်နှင့် မီးတောက်နေ လေပြီ။ ကြည့်ရင်းကြည့်ရင်း စာရေး သူရင်ထဲမှာ ဗလောင်ဆူလာသည်။ မိုးဒဏ်လေဒဏ်၊ သဘာဝဘေးဒဏ် တွေကို ကြံ့ကြံ့ခံနိုင်အောင် စနစ်တကျ စီမံတည်ဆောက်ထားသည့် ဗိသုကာ ပညာမြောက်လှသည့် ပတ္တူအုံကြီး ယခုတော့ ပျက်စီးသွားလေပြီ။

တူးစရာ စူးဆောက်မပါ မြေကြီးထဲ မှာ လိုဏ်ဖောက်ပြီး အဆောက်အုံ တည်ခဲ့ဆောက်ခဲ့ကြသည့် တွင်းပတ္တူ (ပျားတူ)တွေ သစ်ခေါက်သစ်ခွံတွေ၏ သစ်မျှင်၊ သစ်စလေးတွေနှင့် အသိုက် အအုံ ဆောက်ခဲ့ကြသည့် ဆွဲပတ္တူတွေ၊ လူသားမှဆိုးတွေ၏ ပယောဂဖြင့် ကမ္ဘာပျက်ခဲ့ကြရလေပြီ။

ရင်ထဲဆို့နင့်စွာ ဒီလို တွေးနေဆဲမှာပဲ မီးစွဲလောင်နေသည့် ပျားတူသလက် ကြီးတွေက "ဖိုး ဖုန်း"၊ "ဖိုး ဖုန်း" ဆိုသည့် အသံကြီးတွေနှင့်အတူ ကိုပွဲ မောင် ခင်းထားသော သစ်ရွက်ပုံပေါ် မှာ တစ်ခုပြီးတစ်ခု ပြုတ်ကျလာလေ တော့သည်။ ရှေးဦးစွာ ကျလာသည့် သလက်တွေက ပျားဆန်တွေမှာ မွမွ ကြေသွားလေသည်။

ကျလာသည့် သလက်ပေါင်းက (၂၀) ရှိသည်။ အကြီးဆုံးသလက်ကြီး တွေ၏ အချင်းက (၃)ပေရှိသည်။ လုံးပတ်ဆို(၉)ပေပေါ့။ အရွယ်က လူ တစ်ရပ်လောက်ရှိသည်။ ဒီလို ထူးခြား ကြီးမားလှသည့် ဆွဲပျားတူမျိုးတွေ့ဖို့ ကြုံဖို့ မလွယ်တော့သည်ကို တွေးပြီး စိတ်ထိခိုက်ကာ နှမြောတသနေမိပါ တော့သည်။

**တင်ဘုန်းဝင်း**

## စာမျက်နှာ (၂၄၂)မှ အဆက်

မသဲကို ယခုကဲ့သို့ သုံးရက်နှင့် နှစ်ညတိတိ ပျောက်ဆုံး ပြီး ကျွန်းမာလန်းရွှင်စွာ လမ်းလျှောက်သွားလာနိုင် သည်ကို တွေ့မြင်ရရာ အံ့ဩနေကြသည်။ လိုက်လံရှာဖွေသူ များက သုံးရက်လုံးလုံး ဘာမှမစားရဘဲ လမ်းလျှောက်နေ သော မသဲကို ကရုဏာသက်စွာ ပါလာသော မုန့်ပဲသရေစာ၊ နံလျက်နှင့်ထမင်းထုပ်များကျွေးသော်လည်း မသဲကမစား။

'ဘာမှ မဆာဘူး။ ရေလေးပဲ ဆာပါတယ်'

ဟု ဆိုသဖြင့် ရေဘူးပေးကြသည်။ ရေကိုလည်း အလွန် လောင်မွတ် သိပ်စွာ အငမ်းမရ သောက်ခြင်းမရှိ၊ ပုံမှန် သောက်သလို အေးဆေးညင်သာစွာ လုံလောက်ရုံ ာက်သည်ကို တွေ့ရသည်။

သဲကို နကျားထူးရွာမှ လူများက နတ်ဖုက်ခံရသော ကလေး၊ နတ်လွှင့်ခံရသော မိန်းကလေးဟုဆိုကာ အံ့စည် င်းများနှင့် အောင်မောင်းထု၍ စည်စည်ကားကား ကြိုဆို လေသည်။

* * *

နှစ်ညနှင့် သုံးရက် ပျောက်ဆုံးနေသော မသဲကို မေးကြ ကြနှင့် ဦး(…)တို့အိမ်မှာ လူမပြတ် ဖြစ်နေရသည်။

မသဲဖြေသမျှ စကားမှာ…

'ကိုယ့်ရွာဘက်ဆိုပြီး ကျွန်မပြန်တာပဲ။ တောက်လျှောက် ခရီးသွား၊ လမ်းလျှောက်နေတာပဲ။ ထမင်းလဲ မဆာဘူး။ နေ့ညနေးပါပဲ။ တစ်ခါမှ မှောင်မသွားဘူး။ အချိန်ပြည့် အလင်းရောင် ရှိနေတာပဲ။

အလင်းရောင်ထဲ လမ်းပေါ်လျှောက်နေရတာပဲ။ ခရီးသွားလဲ တစ်ယောက်မှ မတွေ့ရဘူး။ ရေပဲ နည်းနည်းဆာတယ်။ ခုလဲ ဘာမှ မဖြစ်ဘူး။ ခရီးလဲ မပန်းဘူး။ ကျန်းမာပါတယ်'

ဟူ၍သာ။

**၁၆–၈–၂၀၀၃နေ့မှ ၁၈–၈–၂၀၀၃** နေ့ထိ နတ်လွှင့်ခံရ သော (နကျားထူး ရွာမှ မသဲ၏) ဖြစ်ရပ်မှန်ကို ပူပူနွေးနွေး တင်ပြလိုက်ရပါသည်။

*[မသဲကို လိုက်လံရှာဖွေသည့် နကျားထူးရွာမှ ဦးစိန်မိုး(မြို့နယ် တရားရုံးဝန်ထမ်း)နှင့် ဦးဇော်တိုးအောင်(အ.လ.က ကျောင်း ဆရာ၊ နတ်မောက်)တို့က အသေးစိတ် အချက်အလက်များ ကူညီဖြည့်ဆည်း ပြောပြသည်ကို အထူး ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုပါသည်။]*

*[လေ့လာလိုသူများ လာရောက် လေ့လာနိုင်ပါသည်။]*

**နိုင်သစ္စာ (အလင်းသစ်)**



www.burmeseclassic.com

www.burmeseclassic.com



# တစ်ခုတည်းပါဘူး

[ ၁ ]

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက် မကွေးမြို့ မြို့လယ်ဘုရားထဲမှာ ညအိပ်ညဥ့်နေ ပုတီးစိပ်တုန်းကပါပဲ။ တစ်မနက်ခင်း အရှဏ်အတက်မှာ ဘုရားထဲမှာနေတဲ့ အဘိုးကြီးကို အမျိုးအမည်မထင်ရှားတဲ့အရပ်ရှည်ရှည် ပုဂ္ဂိုလ်ကြီးက လက်ယပ်ခေါ် ဘုရားတစ်ဆူပေး၊ ဘုရားဝင်းထဲက ညောင်ပင်ကို လက်ညှိုးထိုးပြနဲ့ လုပ်တာကို ကြုံခဲ့ရပါတယ်။

အဲဒီမှာ ဖူးတွေ့ရတဲ့ ဘုရားကိုယ်တော်မြတ်က သရက္ခန်အစစ်လက်လေးသစ်လို့ဆိုတဲ့ ပခုက္ကူ ရေစကြိုဘက်က ဘုရားရုပ်ပွားတော်မြတ်တွေနဲ့ တစ်ပုံစံတည်းပါပဲ။ အဲဒီရုပ်ပွားတော်မြတ်တွေက အလောင်းစည်သူမင်းကို သိကြားမင်း ပေးလှူခဲ့တာလို့ သိရပါတယ်။

တစ်ခါ အညာသီဟတောဘုရားနဲ့ မုံရွာ ကျောက္ကာရွှေဂူနီဘုရားတွေကို ဖူးတွေ့ရပြန်တော့ အထက်က ဘုရားရုပ်ပွားတော်မြတ်တွေနဲ့ ဉာဏ်တော် အကြီးအသေးကွာပြီး ရုပ်လက္ခဏာတွေ တူနေတာ တွေ့ရပြန်ပါတယ်။ အထူးသဖြင့် ဦးခေါင်းတော် အဝန်းအဝိုင်းကို ကျွန်တော် ညွှန်းလိုက်ပါတယ်။

[ ၂ ]

ဂုဏ်တော်ကို ပွားများတာက ဘုရားရှင်ကို ဖူးတွေ့ရသလို ဖြစ်တတ်၊ ကြုံတတ်ပါတယ်။ ဘုရားရှင်နဲ့ ရဟန်းတော်တွေ ကောင်းကင်မှာ ဈာန်ပျံသွားတာကို ထင်မြင်ဖူးတွေ့ရလို့ အော်ဟစ်တာ၊ ပြေးလိုက်သွားတာတွေ ကြားဖူးကြုံဖူးပါတယ်။

ကိုယ်တိုင်ကတော့ ကိုယ့်ခန္ဓာကိုယ်နေရာမှာ ရုပ်ပွားတော်တစ်ဆူ ကြွနေတာ၊ ဦးခေါင်းနေရာမှာ ရုပ်ပွားတော်ကြွနေလို့ ပခုံးနှစ်ဖက်ပေါ်မှာ တင်ပျဉ်ဖွဲ့ခွေနေတာတွေ မကြာခဏ ကြုံရပါတယ်။ အထူးသဖြင့်ကတော့ ပုတီးစိပ်လို့ နှလုံးစိတ်ဝမ်း အေးချမ်းလာပြီဆိုရင် အာရုံထဲမှာ နေ့အလင်းက ပေါ်လာတော့တာ။ အဲဒီမှာ မဟာမြတ်မုနိဘုရားကြီးကို ဖူးတွေ့ ... တတ်တာပါပဲ။ ဒါ ... မကြာခဏကို ဖြစ်နေ ... တာ။

ဟော အခုကျ ... တစ်မျိုး၊ ဒါကိုပဲ အ ... ပြောချင်တာပါ။

အခု လောလော ... မှာတော့ မဟာမြတ် ... ဘုရားကြီးက မကိုင်း ... မပါဘဲ အာရုံထဲမှာ အ ... မြော် ခံနေပါတယ်။ အဲ ... ရုပ်လက္ခဏာက သ ... ရုပ်ပွားတော်တွေလို အ ... သီဟတော ဘုရ ... ဦးခေါင်းတော် အဝန်း ... ဖြစ်နေတာကို ထူးထူး ... ခြား ဖူးတွေ့နေရပါ ...

ဒါကို တောင် ... ဆရာတော်ကြီးရဲ့ တပည့်တ ... စကားစပ်ပြောမိတော့...

'ဆရာတော်ကြီး မိန့်ဖူးတာက ... မွေ့ထိုက္ခန်ဘုရားကို ဖူးတွေ့ ... အရင်ဘဝက ဖူးခဲ့ရလို့ ... ဖူးရတာလို့ ဆရာတော်ကြီးမိန့်တ ... ဒီလို ပြောလာပါတယ်။

ဒါက ခက်တော့လဲ အခ ... လား။ ကျွန်တော့်အနေနဲ့က အ ... ကို အရေးအရာ လုပ်နေမိတာ ... လား။

ဒါပေမယ့် ရေးလက်စနဲ့တော ... နည်း ဆက်လိုက်ပါရစေဦး။

ဒါကတော့ အခု ကျွန်တော် ... ရတဲ့ ရုပ်ပွားတော်တွေဟာ ... တည်းကိုပဲ ဦးတည်နေ ... ဆိုတာပါပဲ။

ဝမ်း(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခိုင်

# သစ္စာမဲ့သော မိတ္တဒြောဟ

၁၉၈၅ ခုနှစ်က ကျွန်ုပ်အနေဖြင့် ...တန်းစစ်ဆင်ရေးသို့ မလိုက်ရဘဲ ...ောက်တန်းတွင် လစာကြပ်တာဝန်ကို ...မ်းဆောင်ရပါသည်။

ထိုနှစ်က ကျွန်ုပ်တို့တပ်ရင်းအနေ ...ြင့် ထိုစဉ်က အကြမ်းဖက်သောင်း ...ျန်းသူတို့၏ အခိုင်အမာစခန်းတစ်ခု ...ဖြစ်သော မယ်လုစခန်းသိမ်းတိုက်ပွဲ ...တွင် ပါဝင်ဆင်နွှဲနေရပါသည်။

မယ်လုစခန်းသည် ထိုင်းနိုင်ငံနှင့် ...ယ်စပ်မျဉ်းဖြစ်သော ...သောင်ရင်းမြစ် ကမ်းဘေးတွင် ...ည်ရှိနေပါသည်။

ကျွန်ုပ်တို့တပ်ရင်းသည် ...ယ်လုစခန်း၏ရှေ့တွင် ...ှိသော ပေါင်မုန့်ကုန်းနှင့် ...ကျဲနီကုန်းတစ်လျှောက် ...တွင် တပ်ဖြန့်ပြီး ...ယ်လုစခန်းအား ...ိန်းချုပ်ထားရပါသည်။ ...သစ်အငိုက်တွင် ...ရောက်တိုက်ခိုက်ခြင်း ...ရလျှင် နောက်ဆုတ်ပြီး ...ခဲလည်း ထိန်းချုပ်ခံ ...ဆင်ထားရခြင်း စသည်ဖြင့် ...ိုက်ပွဲ ဝင်နေရပါသည်။

ကျွန်ုပ်တို့ လစာကြပ်များကတော့ ...ကုန်သည်နှင့် တစ်လတစ်ခါ ရှေ့...န်းသို့သွားပြီး လစာငွေနှင့်အတူ ...ောက်တန်းမှစီစဉ်ပေးသော စား...သောက်ဖွယ်ရာများ၊ မိသားစုများက ...သောစာများ၊ ပစ္စည်းများကို သယ်ပြီး ...ရှေ့တန်းအရောက် ပို့ပေးနေရစမြဲ ...ဖြစ်ပါသည်။


*　*　*

...ယခုလည်း လကုန်သည်နှင့် ကျွန်ုပ် ...လစာကြပ်များက ရှေ့တန်းသို့လစာ ...ပို့ရန်အတွက် အရာရှိတစ်ယောက် ဦးစီးကာ ရှေ့တန်းတပ်မ၏ အစီအစဉ် ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် လှိုင်းဘွဲ့အထိ ထွက်ခဲ့ပါတော့သည်။ အခြားသောတပ်ရင်းများမှ လစာပေးအဖွဲ့များလည်း ပါလာကြသည်။

လှိုင်းဘွဲ့မြို့ကိုရောက်ရှိပြီး နောက်တစ်ရက်မှာတော့ ပိုင်ကျုံစခန်းရောက်သည်အထိ ကားဖြင့် လိုက်ပို့ပါသေးသည်။ ပိုင်ကျုံစခန်းကစပြီး ရှေ့တန်းရောက်သည်အထိ ခြေကျင်ခရီး စရတော့မည်ဖြစ်ပါသည်။

သို့ဖြစ်၍ ပိုင်ကျုံစခန်းမှစပြီး ပါလာသမျှ အထုပ်အပိုးများအားလုံးကို လမ်းကြောင်းတစ်လျှောက်တွင် ...

www.burmeseclassic.com



နေကြသော တပ်စခန်းများက တစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်း သယ်ပိုးပေးကြရပါတော့သည်။

ပိုင်ကျုံစခန်းမှ မိကျောင်စခန်းကို ဖြတ်ပြီး ပွိုင့် ၅၃၆၃ နော်တရာတောင် (ခေါ်)ကုလားမတောင်အား တက်ရသည်။ ထိုမှတစ်ဖန် တာလေရွာပျက်သို့ ဆင်းရပြန်သည်။ တာလေရွာပျက်တွင် စခန်းတစ်ခု တည်ဆောက်ထားပြီး ထိုစခန်းတွင် ဗျူဟာမှူးတစ်ယောက်က ရှေ့တန်းတွင် တိုက်ပွဲဝင်နေသော တပ်ရင်းများအား ကြီးကြပ်ကွပ်ကဲနေပါသည်။

နော်တရာတောင်ကို ကျော်လာသည်ဆိုသည်နှင့် တိုက်ပွဲဝင်နေကြသော တပ်ရင်းများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့၏ ပစ်ခတ်ပေါက်ကွဲသံများကို စတင်၍ ကြားနေရပါတော့သည်။

ကျွန်ုပ်တို့ လစာပေးအဖွဲ့များအား လုံး တာလေစခန်းကိုရောက်ဖို့ လမ်းခရီးတွင် သုံးညအိပ်ခဲ့ကြရပါသည်။ တာလေစခန်းကိုရောက်ပြီး နောက်တစ်နေ့မှာတော့ ရှေ့တန်းတွင် တိုက်ပွဲဝင်နေသော တပ်ရင်းအသီးသီးတို့က ကိုယ့်အဖွဲ့နှင့်ကိုယ် လာရောက်ပြီး ကြိုကြရပါသည်။

ကျွန်ုပ်တို့တပ်ရင်းကလည်း တပ်စုတစ်စု စေလွှတ်ကာ လာရောက်ပြီး ကြိုကြပါသည်။ လာရောက်ပြီးကြိုရသောတပ်စုမှာ ကျွန်ုပ် တာဝန်ထမ်းဆောင်ရသော အမှတ်(၁)တပ်ခွဲထဲမှ ထုတ်နုတ် အင်အားတပ်စုတစ်စု ဖြစ်ပါသည်။ လာကြိုကြသော အဖွဲ့ထဲက ဆရာကြီး မောင်စိုးသည် ကျွန်ုပ်အား တွေ့သည်နှင့်...

'ကိုဖေရေ ကိုဖေရဲ့ဆရာ ဆရာကြီးရွှေသိန်းမောင်ကတော့ မနေ့ကညနေမှာပဲ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲပြီး ကျဆုံးသွားပြီ'

ဟု ပြောလေတော့သည်။

ကျွန်ုပ်သည် ကြားလိုက်ရသော သတင်းဆိုးကြီးကြောင့် ရင်ထဲတွင် ဆို့နစ်စေခဲ့ပါသည်။ ကျွန်ုပ်အနေဖြင့် ယခုတပ်ရင်းတွင် တပ်သားသစ်ဘဝ ဖြင့် ရောက်ရှိလာခဲ့ရပြီး ဆရာရွှေသိန်း မောင်၏ တပ်စိတ်တွင် ပထမဦးဆုံး ပါဝင်၍ တာဝန်ထမ်းဆောင်ခဲ့ရသူ ဖြစ် ပါသည်။

ခြေမြန်တပ်ရင်းတွင် ကျွန်ုပ်၏ ပထမဦးသော တပ်စိတ်မှူးပင် ဖြစ်ပါ သည်။ ထိုဆရာ၏ သွန်သင်ဆုံးမ အောက်တွင် တာဝန်များကို ထမ်းဆောင် ရင်း ယခုဆိုလျှင် ကျွန်ုပ်အနေဖြင့် တပ်ကြပ်ရာထူးကိုပင် ရရှိခဲ့ပြီ ဖြစ်ပါ သည်။

ယခုတော့ ကျွန်ုပ်၏ ပထမဦးဆုံး တပ်စိတ်ဖြစ်ခဲ့သူ ဆရာ ရွှေသိန်းမောင် က ရန်သူ၏လက်နက်ဖြင့် ကျဆုံးသွား ခဲ့ရချေပြီ။ ကျွန်ုပ်သည် ဝမ်းနည်း စိတ်မကောင်းရုံကလွဲပြီး ဘာမှ မတ နိုင်ပါ။

သို့ဖြင့် ကျွန်ုပ်တို့ လစာပေးအ များသည် လာကြိုကြသောအဖွဲ့ နှင့်အတူ ရှေ့တန်းစစ်ကြောင်းများ ဆီသို့ ရောက်ရှိခဲ့ကြရပါတော့သည် ကျွန်ုပ် တာဝန်ထမ်းဆောင်ရသော အမှတ်(၁)တပ်ခွဲသည် မယ်လုစခန်း ရှေ့တည့်တည့်တွင်ရှိသော ပေါ် ကုန်းတွင် တပ်စွဲထားရပါသည်။ နော ပိုင်းမှာတော့ တပ်ရင်းမှူးဦးစီး စစ်ကြောင်းရုံးအဖွဲ့များက တပ်စွဲ ကြပါသည်။

အချိန်နှင့်အမျှ ဆိုသလို လက် ကြီးတို့၏ ကျရောက်ပေါက်ကွဲသံ လက်နက်ငယ်တို့၏ ပစ်ခတ်သံ ဆူညံလျက်ရှိနေပါသည်။ အ ညနေ(၄)နာရီကျော်၊ (၅)န





www.burmeseclassic.com

www.burmeseclassic.com

မှစ၍ ည(၁၀)နာရီ၊ (၁၁)နာရီကျော် အထိမှာ တစ်ဖက်နှင့်တစ်ဖက် ပစ်ကြ၊ ခတ်ကြ အော်ဟစ်သူဆဲကြဖြင့် ဖြစ်နေကြသည်။

သည်ကြားထဲ အချို့သောအဖွဲ့များက တစ်ဖက်နှင့်တစ်ဖက် အော်ဟစ်ပြီး စကားတွေပြောကြ၊ မိတ်ဖွဲ့ပြီး သီချင်းတွေဆိုနိုင်းကြနှင့် လုပ်သူက လုပ်ကြသည်။

ထိုကဲ့သို့ သီချင်းဆိုနိုင်းသူက ဆိုနိုင်းပြီး ဆိုသူက သီဆိုနေစဉ် အခြားအဖွဲ့က သီဆိုနေသော အဖွဲ့အား ဝိုင်းပြီး ပစ်ခတ်ကြသဖြင့် သီချင်းသီဆိုနေရာမှ ပြန်ပြီး ပစ်ကြခတ်ကြ ဆူဆဲကြနှင့် ဖြစ်ချင်တိုင်း ဖြစ်နေကြပါသည်။

ထိုကဲ့သို့ ရက်ရှည်လများ ဖြစ်နေခဲ့ကြရလေရာ ကြာသောအခါ ပျော်စရာပင် ကောင်းနေသေးတော့သည်။ ကျွန်ုပ်တို့တပ်မတော်ဘက်ကတော့ မည်သည့်အခါမှ သီချင်းဆိုခြင်း မရှိခဲ့ပါ။ ရန်သူများကိုသာ သီချင်းဆိုပြနိုင်းခြင်းသာ ရှိခဲ့ပါသည်။ သူတို့ကလည်း တင်ပြခဲ့အတိုင်း ဆိုပေးကြပါသည်။

* * *



ကျွန်ုပ်သည် ပေါင်မုန့်ကုန်းတွင် သုံးညအိပ်နေခဲ့ရစဉ်အတွင်း ဆရာကြီး ရွှေသိန်းမောင် သေဆုံးခဲ့ရသည့် နေရာအား သွားရောက်ကြည့်ရှုခဲ့ပါသေးသည်။ အဖော်အဖြစ် ဆရာလှမင်းအား ခေါ်သွားခဲ့ပါသည်။

သေဆုံးသည့်နေ့က ဖြစ်စဉ်မှာ ဆရာကြီး ရွှေသိန်းမောင်နှင့်အတူ တပ်ခွဲရုံးမှ ဆရာလှမင်းတို့နှစ်ဦးသည် မယ်လုစခန်းနှင့် ထိပ်တိုက်ရင်ဆိုင်နေရသော ပေါင်မုန့်ကုန်းမှနေပြီး နောက်ပိုင်းရှိ တပ်ရင်းမှူးစစ်ကြောင်းရှိရာဆီသို့ ကြေးနန်းစာယူရန်အသွား လမ်းခရီးအကြားတွင် ရန်သူ့လက်နက်ကြီးကျည်၏ ကျရောက်ပေါက်ကွဲမှုကြောင့် ဆရာကြီးရွှေသိန်းမောင် ကျဆုံးသွားခဲ့ရခြင်းသာ ဖြစ်သည်။

ပေါင်မုန့်ကုန်းနှင့် စစ်ကြောင်းရုံး အကြားဆက်သွယ်ရေးလမ်းတစ်လျှောက်တွင် ရန်သူမှ လက်နက်ကြီးဖြင့် ပစ်ခတ်လာပါက ဝင်ပြီး ခိုနိုင်ရန်အတွက် ကျင်းများကို ကျိုးတိုးကျဲတဲဖြင့်တူးထားကြပါသည်။

ရန်သူ့လက်နက်ကြီးပစ်သံ ကြားလိုက်ရသောအခါ ဆရာလှမင်းက နီးစပ်ရာကျင်းထဲသို့ ပြေးဝင်လိုက်သည်။ ဆရာကြီး ရွှေသိန်းမောင်ကတော့ အရှေ့တွင်ရှိနေသော ကျင်းထဲသို့ ပြေးပြီးဝင်ရန်အသွား ကျင်းထဲသို့မဝင်ရောက်မီ လက်နက်ကြီးဗုံးသီးက ဆရာကြီးရွှေသိန်းမောင်၏ နောက်ကျောတွင်ကပ်ပြီး ကျရောက်ပေါက်ကွဲခဲ့ပါသည်။

သို့နှင့် သူ၏ တင်ပါးဆုံ၊ ကျောကုန်းနှင့် ဦးခေါင်းတို့တွင် လက်နက်ကြီးအစများ ထိမှန်ကာ စကားမေးပင်မရဘဲ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ဆရာလှမင်း၏ ပြောပြချက်အရ သိရှိခဲ့ရပါသည်။

* * *

ပေါင်မုန့်ကုန်းတွင် (၃)ညအိပ်ပြီးနောက် ကျွန်ုပ်တို့ လစာပေးအဖွဲ့များသည် မိမိတို့ချီတက်လာခဲ့သော လမ်းကြောင်းအတိုင်း ပိုင်ကျုံစခန်းအထိ တစ်ဆင့်ပြီးတစ်ဆင့် ပြန်ခဲ့ပါတော့သည်။ ထိုမှတစ်ဆင့် ကားဖြင့်၊ ရထားဖြင့် အဆင့်ဆင့်ကူးပြောင်းကာ တပ်ရင်းသို့ ပြန်လည် ရောက်ရှိခဲ့ပါတော့သည်။

တပ်ရင်းသို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက်တစ်နေ့တွင် ကျွန်ုပ်က တပ်ခွဲရုံးတွင် လုပ်စရာရှိသည်များကို လုပ်နေစဉ် အသက်(၆၀)ကျော်လောက်ရှိမည့် အဒေါ်တစ်ယောက်နှင့်အတူ အသက်(၁၀)နှစ်ကျော်လောက်ရှိမည့် သမီးမိန်းကလေးတို့နှစ်ယောက် လက်ဆွဲခြင်းတစ်လုံးကိုဆွဲပြီး ရောက်ရှိလာခဲ့ကြပါတော့သည်။ ကျွန်ုပ်က ဘာကိစ္စရှိပါသလဲဟုမေးရာ အဒေါ်က...

'အဒေါ်က တောင်ကုတ်မြို့နယ်ကနေပြီးမှ လာခဲ့ရသူပါ။ ဒီတပ်ရင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာကြီးရွှေသိန်းမောင်ရဲ့ အမေပါ။ အခု အဒေါ်ရဲ့သားနဲ့ တွေ့ချင်လို့ လိုက်လာခဲ့ရတာပါ။ အဒေါ်ရဲ့သားက အခု ဘယ်မှာပါလဲ'

ဟု ပြောပြလေတော့သည်။ ကျွန်ုပ်သည် ဘာကစပြီး ပြောရမည်ကို မသိနိုင်အောင်ပင် ဖြစ်သွားရပါတော့သည်။ ဆရာ ရွှေသိန်းမောင်ဆိုသူမှာ လွန်ခဲ့သည့် ရက်ပိုင်းလောက်ကလေးကမှ ကျွန်ုပ်တို့ရှေ့တန်းကို လစာသွားပေးစဉ် ရန်သူ့လက်နက်ကြီးကြောင့် သေဆုံးခဲ့ရပြီး ဖြစ်ပါသည်။


သူ၏ မိဘများကိုလည်း ကျွန်ုပ်တို့တပ်ရင်းက ကြေးနန်းဖြင့် ပို့ထားပြီး ဖြစ်ပါသည်။ ကြေးနန်းစာမှာ ချောလမ်းကြောင်းမှ သွားနေသဖြင့် ကြေးနန်းစာမရမီ ရွာက သို့မဟုတ် မြို့ကနေ ထွက်လာခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

သို့ဖြစ်၍ ဆရာကြီး ရွှေသိန်းမောင် သေဆုံးပြီဖြစ်ကြောင်းမသိ၍ ယခုကဲ့သို့ မေးနေခြင်း ဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုအဒေါ်၏ အမေးကို ပြန်ပြီးမဖြေကြားလိုပါ။ သို့သော် မဖြေရင်လည်း ပြီးမည့်ကိစ္စမဟုတ်ပါ။ သို့ဖြင့် မပြောချင်သည့်စကားကို ပြောပြရန်အားယူပြီး...

'ဩော်...ဟုတ်ကဲ့ပါ။ ကဲဗျာ ထိုင်ကြပါဦး။ မတ်တပ်ရပ်ကြီးနဲ့ဆိုတော့ ဒါနဲ့ နေ့လယ်စာကိုကော စားခဲ့ကြပြီးပြီလား'

ဟု ပြောလိုက်လျှင် အဒေါ်ကြီးက...

'စားခဲ့ပြီးပါပြီ။ အဒေါ်ရဲ့သားကိုပဲ တွေ့ချင်ပါတယ်။ ဘယ်မှာရှိသလဲ ပြောပါ'

ဟု ဖွတ်အတင်း ပြောပါလေတော့သည်။ တကယ်တော့ တပ်ရင်းအဝင်ဂိတ်တွင် တွေ့ခဲ့ရသောတပ်ရဲ (RP)များကို မေးခဲ့လျှင်လည်း ပြီးနေသည့်ကိစ္စပါ။ သူတို့ကိုလည်း မေးကောင်းမေးခဲ့နိုင်ပါသည်။ သူတို့မဖြေချင်၍ ကျွန်ုပ်ဆီကို ပုတ်ထုတ်လိုက်တာလည်း ဖြစ်နိုင်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်က မပြောချင်သည့် စကားကို မပြော၍ မရတော့သောအခါ...

'စိတ်ကိုထိန်းပါ ဒေါ်ဒေါ် ဒေါ်ဒေါ်ရဲ့သားဟာ မကြာခင်ရက်ပိုင်းလေးကတပဲ ရှေ့တန်းမှာ သေဆုံးခဲ့...'

ကျွန်ုပ်၏ စကားမဆုံးမီ ဆရာကြီး ရွှေသိန်းမောင်၏ မိခင်ဖြစ်သော ထိုအဒေါ်က...

'အောင်မလေး... အဲဒါကြောင့် ငါထင်သားပဲ။ ငါ့သားကြီး ရှေ့တန်းမှာ သေသွားပြီဆိုတာကို လွန်ခဲ့တဲ့တစ်ပတ်လောက်က ငါ့ကိုလာပြီး အိပ်မက်ပေးခဲ့တယ်။

အမေတဲ့။ သားရှေ့တန်းကို ထွက်နေရပါတယ်။ အဲဒီမှာ ရန်သူကပစ်လိုက်တဲ့ လက်နက်ကြီး ဗုံးသီးတစ်လုံးက သားရဲ့နောက်ကျောနားမှာကပ်ပြီး လာပေါက်ကွဲလို့ သား သေခဲ့ရပါပြီ။

ရန်သူရဲ့ လက်နက်ကြီးပစ်သံကြားတာနဲ့ သားကလဲ ဗုံးခိုဖို့ကျင်းထဲကို အမြန်ဆုံးပြေးပြီး ဝင်ခဲ့ပါသေးတယ်တဲ့။ ဗုံးခိုကျင်းထဲ ခုန်ဆင်းခါနီးလေးမှာ လာပြီး ပေါက်ကွဲသွားတာပါတဲ့။

ဗုံးသီးတွေရဲ့အစတွေဟာ သားရဲ့ တင်ပါးဆုံမှာရော၊ ကျောကုန်းနဲ့ ခေါင်းတွေမှာပါ ထိမှန်ခဲ့တာ ဒီမှာ ကြည့်ပါဦးတဲ့။ သူရဲ့ စစ်အင်္ကျီကြီးကို လှန်ပြီးပြတာ ဟုတ်ပါတယ်၊ ငါ့သားကြီး ပြောသလိုပါပဲ ဒဏ်ရာတွေဗရပွနဲ့ ထိမှန်ထားတာ။ ကျောပြင်တစ်ခုလုံးမှာလဲ သွေးတွေက ရွှဲနေတာပါပဲ။

အောင်မလေး ကယ်ကြပါဦး အရပ်ကတို့ရဲ့။ အဒေါ်မှာတော့လေ အဲဒီသားလေး အိပ်မက်လာပေးပြီး မိုးလင်းလာတော့ အိမ်ကမိသားစုတွေနဲ့ ပြောဆိုတိုင်ပင်ဖြစ်ခဲ့တယ်ဆိုပါတော့။ တိုင်ပင်တဲ့အခါမှာ ဘယ်သူကမှ အလေးထား

ပြီး မယုံကြည်ခဲ့ကြပါဘူး... အဒေါ်ကလဲ ဘယ်... ယုံယုံမယုံယုံ သားရှိ... တပ်ရင်းကို လိုက်... သွားစုံစမ်းမယ်ဆိုပြီးတော... ဟောဒီမြေးလေးကို လက်... ဆွဲပြီး ထွက်လာခဲ့ရတာ... ဆရာရဲ့။ ဒီကိုလဲ တစ်... မရောက် ဖူးပါဘူး။ ဒီ... မေးမြန်းစုံစမ်း... လိုက်ခဲ့ရတာပါ။ လမ်းမှာ... ဒုက္ခ ရောက်ခဲ့ရတာ မ... ပါနဲ့တော့။

အခု ဒီကိုရောက်လာခဲ့ကာမှ ... မက်ထဲကအတိုင်းလာပြီး မှန်... ပေါ့လား။ တစ်ထပ်တည်းလာပြီးကျ... ပါပေါ့လား။ ဘာကြောင့်များ တစ်... တည်း လာပြီး ကျရတာလဲ။ ရှေ့တ... ဆိုတာ ဘယ်မှာလဲ။ ဒေါ်ဒေါ်ကို အ... ချက်ချင်း လိုက်ပြီး ပို့ပေးပါလား ဆ... ရဲ့။ အီး...ဟီး...ဟီး...'

ဆရာကြီးရွှေသိန်းမောင်၏ မိ... မှာ ဆောက်တည်ရာမရနိုင်လော... အောင်ဖြစ်နေပြီး ကျွန်ုပ် ပြောဆို... သည့်စကားကို သူနားမထောင်... သူကချည်းပဲ တစ်ဖက်သက် ဆို... ပြောချင်သလိုပြော၊ အော်ချင်သ... အော်၊ ငိုချင်သလို ဖြစ်နေလေ... ရာ ကျွန်ုပ်ကပင်လျှင် ထွက်ပြေး... လျှင် ထွက်ပြေးချင်စိတ်ပင် ပေါ်... လာခဲ့ရလေတော့သည်။

ထိုအချိန်တွင် ရုံးခန်းချင်းက... သော တပ်ခွဲ(၂)၊ တပ်ခွဲ(၃)နှင့် ... ချုပ်တပ်ခွဲမှ လစာကြပ်များအပြင် ... ရေးမှုလ်ကြီးတို့ကပါ ဝိုင်းပြီး ... လာခဲ့ကြသဖြင့် ကျွန်ုပ်မှာ ယခု... ချမ်းသာရလေတော့သည်။

ကျွန်ုပ်မှာ တပ်ရေးဗိုလ်ကြီး...



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်စဉ်ကို အကျဉ်းရုံးပြီး တင်ပြလိုက်ရာ တပ်ရေးဗိုလ်ကြီးက သူတို့မြေအဘွားအတွက် နေရာထိုင်ခင်းများ စီစဉ်ပေးပါလေတော့သည်။

ကျွန်ုပ်ကလည်း ထိုမြေးအဘွားနှစ်ယောက်အား တပ်ရေးဗိုလ်ကြီး စီစဉ်ပေးသော နေရာဆီသို့ အမြန်ဆုံးသွားရောက်ကာ ပို့ဆောင်လိုက်ရပါတော့သည်။ မြေးအဘွားနှစ်ယောက်သွားပို့ပြီး ကျွန်ုပ်၏ရုံးခန်းဆီသို့ ပြန်ရောက်ခဲ့ရပါတော့သည်။

ကျွန်ုပ်သည် ကျွန်ုပ်၏ ကာယ်တင်ရှင်ကြီးများဖြစ်ကြသော တပ်ရေးဗိုလ်ကြီးနှင့်တကွ လစာကြပ်များအားလုံးကို ကျေးဇူးတင်၍ မဆုံးနိုင်အောင် ဖြစ်နေရပါတော့သည်။ သူတို့တစ်တွေ ရောက်မလာခဲ့ကြလျှင်ကား ကျွန်ုပ်၏ ရုံးခန်းတွင် တင်ပြခဲ့သည့်အတိုင်း မနားတမ်းဆိုသလို ပြောလိုက်၊ ငိုလိုက် ဖြစ်နေဦးမည်။

တကယ်တော့ ဆရာကြီး ရွှေသိန်းမောင်နှင့် ပတ်သက်ပြီး သူတို့တစ်တွေမှသာ ခံစားရသည်မဟုတ်ပါ။ ကျွန်ုပ်ကလည်း ခံစားခဲ့ရသည်သာ ဖြစ်ပါသည်။ သို့ပါသော်လည်း ထိုအခေါ်က တော့ မိခင်အရင်းကြီးပေပဲကိုး။ ဒီလောက်တော့ ရှိမည်သာ ဖြစ်သည်။

ယခုဖြစ်စဉ်ကို ကြည့်လိုက်လျှင် ကျွန်ုပ်တို့တပ်ရင်းက ချောလမ်းကြောင်းဖြင့် ပေးပို့လိုက်သော ကြေးနန်းစာမှာ မိခင်ဖြစ်သူ ထိုအခေါ်အား ရောက်မသွားမီ သေဆုံးသွားခဲ့သူ ဆရာကြီးရွှေသိန်းမောင်၏ ဝိညာဉ်က အရင်ဦးစွာ အိပ်မက်ဖြင့် သွားရောက်ကာ ပြောပြလိုက်ခြင်းဖြင့် ယခုကဲ့သို့ ဖြစ်ပေါ်လာရခြင်းပင် ဖြစ်ရပါတော့သည်။

အိပ်မက်ဖြင့် သွားရောက်ကာ ပြောပြခဲ့ပုံနှင့် အပြင်တွင် သေဆုံးခဲ့ရပုံတို့မှာ တူညီနိုင်လွန်းလှပါသည်။ တိုက်ဆိုင်သည်ဟုဆိုလျှင်လည်း ထိုတိုက်ဆိုင်မှုမှာ အံ့သြစရာကောင်းလှပါသော တိုက်ဆိုင်မှုဟုပင် ဆိုရမည် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ သေဆုံးသွားသူ ဆရာကြီး ရွှေသိန်းမောင်က သူ၏ ဝိညာဉ်ဘဝဖြင့် မိခင်အားသွားရောက်ကာ ပြောပြနေခြင်းမှာ သာမန်အရပ်သား တစ်ယောက်အနေဖြင့် ပြောရလျှင် မှန်၏။ မိခင်အား သူ၏ သေဆုံးရပုံများကို သွားရောက်ကာ ပြောနေခြင်းပင် ဖြစ်ပါသည်။

သို့သော်လည်း သေဆုံးသွားသူမှာ သာမန်အရပ်သားတစ်ယောက် မဟုတ်။ တပ်မတော်သားတစ်ဦး ဖြစ်ပါသည်။

သို့ဖြစ်၍ တပ်မတော်သားတစ်ဦး ဖြစ်နေသည်နှင့်အညီ တပ်မတော်သားတို့၏ အသုံးအနှုန်းအတိုင်းပြောရလျှင် သေဆုံးသွားသူ၏ဝိညာဉ်က သူ၏ သေဆုံးသွားခဲ့ရပုံများကို မိခင်ဖြစ်သူအားသွားရောက်ပြီး သတင်းပို့လိုက်ခြင်းသာ ဖြစ်ပါလေတော့သည်။

***ရှင်လန်းချမ်းမြေ့ကြပါစေ။***

**ချစ်ဆိုင်**

* * *

**ကျွဲ၊ နွား**

# ခွာတွင်းအနာ

**ကုသနည်း**





ကျွဲ၊ နွားများ ခွာတွင်းအနာ ဖြစ်ရခြင်းမှာ သွားလာရာ၊ ခြေလှမ်းရာမှ ကျောက်ခဲအချွန် ကျောက်စောင်းပြတ်စူးရှမှု၊ သံချွန်သံစ စူးခြင်း၊ ဖန်ပုလင်းကွဲ၊ဖန်စ စူးခြင်း၊ သစ်၊ဝါး၊ခြောင့် စူးဝင်ခြင်းတို့မှ အနာဖြစ်ရခြင်း ဖြစ်ပါသည်။

အနာထဲသို့ ပိုးဝင်ပြီး ခွာ ပုပ်နံ့ထွက်လာပါသည်။ မကုသလျှင် သုံးစား မဖြစ်တော့ဘဲ ပစ်ရတတ်ပါသည်။

အနာရှိသော လက်၊ခြေထောက်ကို ညှာ၍၊ဆ၍ နင်းနေတတ်သည်။ လက်နှင့် ခွာအုံကို စမ်းကြည့်လျှင် အနာမရှိသော ခွာအိုးထက် ပူနေတတ်သည်။ ခွာတွင်းနာကို နောက်ကျမှ သိလျှင် ပြည်တည်၍ ပုပ်နေတတ်ပါသည်။

ပုပ်သောအပိုင်းကို လှီး၍ရနိုင်က လှီးပစ်ရမည်။ လှီး၍ အသားနု ထိသွားလျှင် "ပိုလတစ်"အုပ်ဆေး (၂)ရက်ခန့် ထည့်အုံပေးပြီးမှ လှီးပါ။

ကုသနည်းမှာ မခက်ခဲလှပါ။

နနွင်းမှုန့်နှင့် ချင်းခြောက်မှုန့် ဆတူယူ၍ ပီးသင်းလှော်ပြီး အေးလျှင် ခွာတွင်းနာ အနာပေါ် ဖိဖိရရ ဖြူးပေးပါ။

နှစ်ရက်၊ သုံးရက် ဂရုစိုက်ဖြူးပေးလျှင် အပုပ်နံ့ပျောက်ပြီး ခြောက်သွေ့လာပါမည်။

ထိုသို့ ခြောက်သွေ့ပြီး ခွာပုပ်နံ့ မရှိတော့လျှင် ကတ္တရာစေး သုတ်ပေးထားလိုက်ပါ။ လုံးဝ ပြန်ကြည့်ရန်မလိုအောင် သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။

**နတ်မောက်မြို့နယ် စမ်းတောရွာမှ နွားဆေးသမား ဦးသန်း၏** လက်တွေ့ကုသ သက်သာပျောက်ကင်းသည့် ဆေးနည်းစနစ်ဖြစ်၍ တင်ပြအပ်ပါသည်။

***တိုးတက် ကြီးပွားကြပါစေ။***

**နေမဝင် နတ်မောက်**

www.burmeseclassic.com

# ထွေးကြီးရဲ့ ကျောက်သမားဘဝ

(၇)

ရွှေကာသစ်
(ကျောက်မျက်)



## မိမိကို အကျိုးပြုသော ကျောက်များ

၁၉၇၈ ခုနှစ်လောက်က ကိုချမ်းသာဟာ ယခုလို တီဗွီတွေ မရှိသေးတဲ့ အချိန် မန္တလေးမြို့ ဗထူးဘောလုံးကွင်းတွင် ကွင်းဖွင့်ဖလား၊ ရတနာပုံဒိုင်း– ကွင်းပိတ်ဖလား စသော ဘောပွဲများ ကျင်းပနေချိန်က ကိုချမ်းသာမှာ ညနေ သုံးနာရီထိုးပြီဆိုရင် ဘောလုံးပွဲသွားရန် ပြင်ဆင်ရပါတော့တယ်။

တစ်နေ့ ဘောလုံးပွဲသွားရန် ပြင်ဆင်နေချိန်တွင် ကိုချမ်းသာရဲ့ ကျောက်ပွဲစားတစ်ယောက်ဖြစ်သူ ဘိုးသော်ကိုချမ်းသာရဲ့အိမ်ကို ကျောက်ကြည့်ဖို့ လာခေါ်ပါတယ်။ အဲဒီအချိန်က ကိုချမ်းသာမှာ လမ်း–၄၀၊ ၈၃ × ၈၄လမ်းနေအိမ်တွင် နေစဉ်က ဖြစ်ပါတယ်။

ကိုချမ်းသာက ဘိုးသော်ကိုမြင်လိုက်တော့...

'ဘိုးသော် လာထိုင်လေ၊ ဘယ်သူ့ ကျောက် ရောက်လို့လဲ'

'သန်းထွန်းတို့ကျောက် ရောက်လို့ လာခေါ်တာပါဆရာ'

ကိုချမ်းသာ ကျောက်ဝယ်နေကျ မောင်သန်းထွန်းတို့ လူငယ်တစ်စုမှာ မီးရထားသံလမ်းရိုးဖြစ်သော မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဟိုပင်မြို့များသို့ သွားဝယ်ကြပြီး မန္တလေးတွင် ချရောင်းကြသော အုပ်စုဖြစ်ပါတယ်။ ယခု လာခေါ်သော ကျောက်ပွဲစားကြီး ဘိုးသော်မှာ ဤကလေးများအား အမြဲလိုလို ငွေရင်းစိုက်ထုတ်ပေးနေသော သူတစ်ယောက်ဖြစ်ပါတယ်။

ဘိုးသော်ရဲ့ နေအိမ်မှာ ၃၉–လမ်း ၈၁ × ၈၂လမ်းကြားရှိ မျက်ဝင်းရပ်ကွက်ရဲ့ တောင်ဘက်ဘေးတွင်ဖြစ်ရာ ကိုချမ်းသာ ဗထူးကွင်းသို့ သွားရမယ့် လမ်းဖြစ်လို့ ကိုချမ်းသာက...

'ဘိုးသော် ပြန်နှင့်ပါ။ ကျွန်တော် အခု ဘောလုံးပွဲသွားရင်း ဝင်ကြည့် မယ်'

လို့ ပြောလိုက်တော့ ဘိုးသော် ပြ သွားပါတယ်။

ကိုချမ်းသာလဲ ဘောလုံးပွဲသွား ဘိုးသော်အိမ်သို့ ဝင်သွားတော့ သ ထွန်းတို့အုပ်စု ပါလာသော ကျေ



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ပြ၍ ကြည့်လိုက်ရာ (၅)ပိဿာ **ခန့်ရှိသော ကျောက်တုံးမှာ ပျားအုံပုံစံဖြစ်ပြီး ပျားလပို့နဲ့တူသော ထူသောဘက်မှ အရည်အသွေး ကြိုးနှစ်ပင် ကြက်ခြေခတ်ပြီး ပါသောဘက်သို့** ဆင်းသွားပါတယ်။

ကျောက်အမျိုးအစားမှာ **မုံထုခွန်နိုင်ခွန်ဝါ**ဖြစ်ပြီး အသွေးကြိုးနှစ်ပင် ကြက်ခြေခတ်ဆုံသောနေရာတွင် မှတ်နဲ့ တိုက်ဖောက်ထားရာ ကျောက်ရည်မှာ အပြာခတ်လျက် ရှိပေသည်။ ဤလို အပြာရည်ခတ်သော အရည်ကျောက်မျိုးမှာ အများအားဖြင့် ကျောက်သမားများ မကြိုက်တတ်ကြပါ။ အထူးသဖြင့် ကျောက်လုပ်သက် နုသောသူများ ပို၍ မကြိုက်တတ်ကြပေ။

ကိုချမ်းသာရဲ့ ကျောက်လုပ်သက် အတွေ့အကြုံအရ ယင်းကျောက်မျိုးမှာ အခွံဝါ အသွေးဝါ ဖြစ်သဖြင့် ဤကျောက်ရည်မှာ အပေါ်ယံတွင် ပြာတတ်ပြီး ကျောက်သားရောက်ပါက ဝါသွားတတ်ကြပါတယ်။ ဤကျောက်ကို ကိုချမ်းသာ ကြိုက်ပါတယ်။

ကျောက်ကို သေချာပြန်ကြည့်ပြီး…

'ကဲ ဘိုးသော်ရေ ကျောက်ကတော့ အပြာရည်ပဲ။ သူ့ဈေးနဲ့သူ ရောင်းမယ်ဆိုရင်တော့ ကျွန်တော် ကြိုက်ပါတယ်။ ကောင်လေးတွေ ဘယ်လောက်ရောင်းမယ် ပြောသလဲ'

'ကောင်လေးတွေကတော့ တစ်သောင်းငါးထောင် ရောင်းမယ်ပြောတာပဲ။ ဆရာကြီး ကြိုက်ဈေးရှိရင် ဖွင့်ကြည့်ပါ'

ပြောတော့ ကိုချမ်းသာ ဝယ်ချင်သူဆိုတော့ ကျောက်မှာရှိတဲ့ အပြစ်တွေကိုပြောပြီး **(ကျောက်လုပ်သက် ရင့်ပြီး ကျောက်အတွေ့အကြုံများသောသူများမှာ ဘယ်လိုပင် စင်းလုံးချော**



**ကျောက်တစ်တုံး ဖြစ်ပါစေ အပြစ်ကို ရှာပြောလို့ ရတာချည်း ဖြစ်ကြပါတယ်။ ကျောက်တိုင်းတွင် အကျိုး, အပြစ် နှစ်မျိုးရှိတတ်ပါတယ်။)**

'များတယ် ဘိုးသော်၊ ကျွန်တော်မိတ့် ဈေးပေးမယ်၊ သုံးထောင်ပေးမယ်'

'မရလောက်ဘူးဆရာ တက်ပါဦး'

ဆိုတော့ ဈေးညှိကြရင်း လေးထောင့်ငါးရာကို ရောက်ခဲ့တော့ ဘိုးသော်က…

'ခုနစ်ထောင်လောက် မမီဘူးလား။ ဆရာ မီအောင်ကြည့်ပါ'

ကိုချမ်းသာက…

'ဒါ ဈေးကုန်ပေးထားတာပဲ ဘိုးသော်၊ ဈေးတော့ မတတ်နိုင်တော့ဘူး။ ဘိုးသော်တို့ကို ကျွန်တော် အခွင့်အရေး တစ်ခု ပေးခဲ့မယ်။ ဒီကျောက်ကို ဒီနေ့ တစ်ရက်၊ နက်ဖြန်တစ်ရက် အခြားကုန်သည်တွေ ခေါ်ပြကြည့်ပါ။ ကျွန်တော့်ထက် ဈေးပိုမီရင် ရောင်းလိုက်တော့၊ ကျွန်တော့်ဈေးမမီရင် မနက်ဖြန်ညနေအထိ ကျွန်တော် ဈေးမြဲပါတယ် လာအပ်ပါ'

လို့ ပြောပြီး ဘောလုံးပွဲကို ထွက်ခဲ့တော့တယ်။

ကိုချမ်းသာ ကြိုပြီး ခန့်မှန်းမိပါတယ်။ ဒီလို အပြည်ရည်ခတ်နေတဲ့ ကျောက်မျိုးကို ကျောက်သမားတိုင်း မကြိုက်ကြဘူးဆိုတာ။ အများကြိုက်တတ်ကြတဲ့ ကျောက်မျိုးဆိုရင်တော့ တွေ့တွေ့ချင်း နေရာမှာတင် အပြတ်ဝယ်မှာပေါ့။

နောက်တစ်နေ့နံနက်တွင် ပွဲစားကြီး ဘိုးသော် ကျောက်တုံးယူလာပြီး အပ်တဲ့အတွက် ကျသင့်ငွေ ကျောက်ဖိုးရော ပွဲခပါပေးချေပြီး ကိုချမ်းသာက သူရဲ့ပစ္စည်းများ ထားနေကျဂျကာ မန္တလေး တောင်ဘက်အထွက် မုန့်တန်းကွက်သစ်မှာရှိသော ဦးဝင်းမောင်အိမ်မှာ သွားပို့ပြီး…

'ကိုဝင်းမောင် ဒီကျောက်အပေါ်မှာ မထားနဲ့နော်၊ မြေထဲမှာ မြှုပ်သိမ်းထားပေးပါ'

မှာပြီး ပြန်ခဲ့တော့တယ်။

ကိုချမ်းသာ သူရဲ့ ကျောက်တုံးပေးအပ်ထားလို့ သုံး,လေးရက်တွင် ကိုဝင်းမောင် ဂျကာကို အမရပူရရဲစခန်းမှ ဝင်ဖမ်းရာ ကိုချမ်းသာရဲ့ ကျောက်ကလေးပါ ဖမ်းတဲ့အထဲ ပါသွားတော့တာပေါ့။

ဥာဏ်ကြီးရှင် ဆရာဝင်းမောင်က ဒီကျောက်ကို သူ့အိမ်မှာ မသိမ်းထားဘဲ အမရပူရကျုံးဟောင်းဘေးတွင် အိမ်သစ်ဆောက်နေသော သူ့ညီမောင်ဝင်းဆောင်ရဲ့ ဆောက်လက်စအိမ်ပေါ်တွင် သေတ္တာထဲ သိမ်းထားတာကိုး။

ဖြစ်ပုံက ကိုဝင်းမောင်က သူ့ညီဝင်းဆောင်ရဲ့ အိမ်ဘေး အမရပူရကျုံးဟောင်းချုံထဲတွင် နန်းဆွဲပြီး ဖြတ်ရသော ကျောက်ဖြတ်ခုံ(အဲဒီအချိန်က စိန်ဘီးဖြင့် ဖြတ်ခုံများ မရှိသေးပါ။) လုပ်ထားရာ လမ်းပေါ်မှနေ၍ အဲဒီကျောက်ဖြတ်ခုံအား ကျုံးထဲတွင် ချုံများထူထပ်စွာ ပေါက်နေသဖြင့် လုံးဝမမြင်ရပါ။ အင်မတန် လုံခြုံသောနေရာပါ။

www.burmeseclassic.com

ယခုလို ဘာကြောင့် ဝင်ဖမ်းတာလဲ ဆိုတော့ မန္တလေးမှဖြတ်ရန် အပ်ထားသော ကျောက်တစ်တုံးကို ရှယ်ယာချင်း စကားများပြီး ရဲစခန်းတိုင်၍ လာဖမ်းသွားရာ ကိုချမ်းသာရဲ့ ကျောက်တုံးလေးမှာ ဖမ်းရာတွင် ပါသွားပါတော့တယ်။

## ကျားပါးစပ်မှ သားတစ်ကို ထုတ်ယူရခြင်း

'ကိုဝင်းမောင် အမရပူရရဲစခန်းမှာ ခင်ဗျားခင်တဲ့လူ မရှိဘူးလား'

သူနဲ့ခင်တဲ့ လူတစ်ယောက်မှ မရှိပါဘူးတဲ့ခင်ဗျာ။

ကိုချမ်းသာ ထင်ထားတဲ့ ကျောက်တုံး ဆုံးမလို ဖြစ်နေတုန်း ကိုဝင်းမောင်တို့ မှန်တန်းရပ်တွင် နေထိုင်ပြီး ဝက်လိုင်စင်လုပ်သော ကိုမောင်နဲ့ ဆိုင်ကယ်ဝပ်ရှော့တွင် ဆုံကြရာ...

'ကိုမောင် ခင်ဗျား အမရပူရရဲစခန်းမှာ ခင်တဲ့သူ မရှိဘူးလား'

မေးတော့...

'ခင်တာပေါ့ဗျာ၊ ဒလမ–ဗိုလ်မင်းအောင်တို့ဆိုတာ ကျွန်တော့်အိမ်မှာ စားအိမ်သောက်အိမ်လို နေကြတာပဲ'

လို့ ပြောပြရာ ကိုချမ်းသာက...

'ကျွန်တော့် ကျောက်တစ်တုံး ကိုဝင်းမောင်အိမ် ဝင်ဖမ်းတုန်းက ပါသွားတယ်ဗျ။ အဲဒါ ခင်ဗျားနဲ့ခင်တဲ့ ဒလမကို စုံစမ်းပေးစမ်းပါ'

လို့ အကူအညီ တောင်းလိုက်ရာ စုံစမ်းပေးပါမယ်လို့ ကတိပြုသွား၍ လေး,ငါးရက်ခန့်တွင် ကိုမောင်နဲ့ ပြန်တွေ့လို့ အခြေအနေ မေးကြည့်ရာ...

'ဗိုလ်မင်းအောင်ကို မေးကြည့်တော့ ရှိတယ်တဲ့၊ အဲဒီကျောက်ကို သူ အဖမ်းစာရင်းထဲမှာ ထည့်မထားဘူး ပြောတယ်'



'ကျေးဇူးတင်ပါတယ် ကျေးဇူးရှင်ရယ်၊ အဲဒီကျောက်လေး ကျွန်တော် ပြန်ရချင်လို့ မေးပေးစမ်းပါ ကိုမောင်။ ကျွန်တော် သုံးထောင်ပေးပါ့မယ်'

နောက်တစ်နေ့ ကိုမောင်ရဲ့ ပြန်ကြားချက်က သုံးထောင်နဲ့ မရလို့ သိရရာ ကိုချမ်းသာက လေးထောင်အထိ တက်ပေးတာ မရလို့ ဒီလိုနဲ့ ဆက်မပြောတော့ဘဲ မေ့မေ့ပျောက်ပျောက် ထားခဲ့တယ်။

နောက်တစ်လကျော်ကျော် အကြာလောက်မှာ ဆိုင်ကယ်ဝပ်ရှော့မှာ ကိုမောင်နဲ့ တွေ့ပြန်တော့ မေ့သလို ဖြစ်နေတဲ့ ကျောက်လေး သတိရပြီး ကိုမောင်ကိုမေးတော့...

'ရှိသေးတယ်ဗျ။ ဗိုလ်မင်းအောင်လဲ ခု သင်တန်းသွားရမယ်လို့ ပြောတယ်။ ရှိသေးရင်လဲ လေးထောင့်ငါးရာလောက် သွားပေးဗျာ'

ကိုမောင် ပြန်လာပြီး...

'ဆရာကြီးရေ နည်းတာများတာတော့ ကျွန်တော်မသိဘူး ငါးထောင်နဲ့ ဖြတ်ခဲ့ပြီ'

ဆိုလို့ ဝမ်းသာစွာဖြင့် နောက်နေ့ မနက်ငါးနာရီတွင် ကိုမောင်က သူ့အိမ် လာရန် ချိန်းတဲ့အတွက် မနက်ငါးနာရီတွင် ကိုမောင့်အိမ်မှ နှစ်ယောက်အတူ အမရပူရရဲစခန်း နောက်ဘက်မလှမ်းပေါက်မှ ဒလမအိမ်ထဲသို့ ရောက်ခဲ့ကြရာ ထိန်ထိန်လင်းနေတဲ့ မီးရောင်အောက်တွင် မှောင်ချပြီး လက်ဆွဲကြိမ်ခြင်းလေးထဲမှ ရေလဲဝတ်လေးနဲ့ ပတ်ထားတာကို ဖြေလိုက်ရာ ကိုချမ်းသာက သူ့ရဲ့ကျောက်တုံးလေးအား ခြေရာလက်ရာမပျက် ပြန်တွေ့လိုက်ရတယ်။ နှစ်ပေါင်းများစွာ ကွဲကွာနေရသော ချစ်သူရည်းစားလေးအား ပြန်တွေ့ရသလို ဝမ်းသာစွာဖြင့် ကျောက်တုံးလေး ရင်မှာပိုက်ပြီး ရဲစခန်းမှ ထွက်ခဲ့ရပါတော့တယ်။

ကျောက်တုံးလေး ပြန်ရလာပြီး နောက်တစ်နေ့မှာ တပည့်ဖြစ်သူအား အကွမ်ခိုင်းလိုက်ရာ ကျောက်ရည်မှာ ပြာမြပြာနေပါ၍ နောက်တစ်ခါ ကွမ်ချက်နေရာတွင် ကျပ်ပြားပိုင်းခန့် ခဲတားပြီး ခြေနင်းခုံတွင် သွားအဖြတ်ခိုင်း၍ ဖြတ်ပြီးပြန်လာမှ ဖြတ်ချက်ကို ကြည့်လိုက်ရာ ရေလိုကြည်နေသည့် ဘော်လီသားထဲတွင် ဆွေးလုကြီး ကြိုးနှစ်ကြိုး စိုက်ဆင်းသွားခြင်းကို မြင်ရပါတော့သည်။

နောက်တစ်နေ့တွင် ဈေးကွက်တင်ကြည့်ရာ ထမင်းအဝစား ပြားငါးဆယ်ခေတ် ငွေတန်ဖိုးရှိသော အချိန်တွင် ခုနစ်သောင်းဖြင့် ရောင်းလိုက်ရပါတော့တယ်။ ယခုဆိုရင်တော့ သိန်းထောင်ဂဏန်းပေါ့။

ကိုချမ်းသာမှာ ငွေခုနစ်သောင်းရတဲ့ ပျော်ခြင်းထက် မိမိမှန်းထားတဲ့ ကျောက်လေး မှန်းထားသလို ဖြစ်တဲ့အတွက် နှစ်ထောင်းအားရ ဝမ်းသာလှပါတော့တယ်။ အဲဒီလို မိမိအား အကျိုးပေးသော ကျောက်များကို ကိုချမ်းသာရဲ့ ဘဝတစ်လျှောက်တွင် အစဉ် သတိရနေပါတော့တယ်။

***ခဏာရောက်ရ လူ့ဘဝ သုခချမ်းသာ ပြည့်စုံပါစေ။***

**ရွှေကာသစ်(ကျောက်...က်)**



www.burmeseclassic.com

www.burmeseclassic.com



ဝေဘူဆရာတော်ကြီး အကြောင်း ဟိုးယခင်က သိရှိကြားသိ ဖတ်ရှုမိစဉ်ကပင် အလွန် ကြည်ညိုခဲ့ပါသည်။ မိမိ၏ ပါရမီနှင့် ဘယ်လိုမှ နှိုင်းယှဉ်ရေသလို ဆရာတော်ကြီးအားလည်း အလွန်ပင် အားကျမိခဲ့ရပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိသော **ဆရာ ကျောက်ဆည် မင်းမဟော်၏ "ဝေဘူဆရာတော်ကြီး ကြည်ညိုဖွယ်ရာများနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်များ"** အခန်းဆက် ဆောင်းပါးကို စောင့်၍ ဖတ်လာခဲ့သည်မှာ ၂၀၁၃ ခုနှစ်၊ မတ်လထုတ်မဂ္ဂဇင်း၌ အပိုင်း(၁၈)တိုင် ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ ဆရာမင်းမဟော်ကိုလည်း အထူးပင် ကျေးဇူးတင်ပါသည်။

ဝေဘူဆရာတော်ကြီး အကြောင်း ဆောင်းပါးအမှတ်စဉ် (၁၈)၏ စာမျက်နှာ(၄၂)တွင်...

'ညဦးယံတွင်အချိန်တွင် ဆရာတော်သည် ကောင်းကင်ယံမှနေပြီး တောင်ပေါ်သို့ ကြွလာပါသည်။ ဦးဉာဏနှင့် သံဃာငါးပါးက တွေ့မြင်ရပြီး လက်အုပ်ချီကန်တော့၍ အသံမပေးဘဲ ဆရာတော်ကြီးကို အကဲခတ်၍ ကြည်ညိုနေသည်'

ဟု ဖော်ပြထားသည်ကို ဖတ်ရသည်။

ဩော်... ရဟန္တာဖြစ်သော ဆရာတော်ကြီး ဈာန်ဖြင့် ကြွလာသည်ကို မျက်မြင်ကိုယ်တွေ့ အနီးကပ် ဖူးတွေ့ရသော ဦးဉာဏတို့ ကံကောင်းကြလေစွဟု တွေးမိပါသည်။

ဇော်ဝင်းကြူ
(စီးပွားရေး)

ကိုယ်တိုင်ဖူးရသော

# ဈာန်ပျံရဟန်းတော်နှစ်ပါး

ထိုသို့တွေးမိရင်း ကျွန်တော် ငယ်စဉ်က ဖူးတွေ့ရဖူးသော ဈာန်ပျံ ရဟန်းတော်နှစ်ပါးအကြောင်း ပြန်လည်သတိရလာသဖြင့် ဤစာကို ရေးသားရပါသည်။

ကျွန်တော့်ချက်မြှုပ် ဇာတိမှာ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ တဘူးချောင်းရိုးအတွင်းရှိ ကညင်ပင်ရွာ ဖြစ်ပါသည်။

ကျွန်တော် မှတ်မိစအရွယ် သူငယ်တန်းကို ပဲခူးမြို့၊ ပထမတန်းကို တောင်ငူမြို့၊ ဒုတိယတန်းကို ရန်ကုန် (ဖ.ဆ.ပ.လ)ရပ်ကွက်၊ တတိယတန်းကို ကျောက်ဖြူ(ရခိုင်ပြည်နယ်)၊ စတုတ္ထတန်းကို လွိုင်ကော်(ကယားပြည်နယ်)၊ ပဉ္စမတန်း(ဒုတိယနှစ်ဝက်)မှ သတ္တမတန်း(ပထမနှစ်ဝက်)ကို မြင်းကကုန်းရွာ (ဘိုကလေးမြို့နယ်)တို့တွင် တက်ရောက်ခဲ့ပြီးနောက် ဖခင်ပြောင်းရွှေ့သည့် ပုသိမ်မြို့သို့ပြန်ရောက်ခဲ့ပါသည်။ တက္ကသိုလ်ဝင်တန်းကို အ.ထ.က–၂(နေရှင်နယ်)မှ အောင်မြင်

www.burmeseclassic.com

ခဲ့ပါသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးနောက် အားလပ်နေသော တစ်ရက်တွင် အမေက ပုသိမ်မြို့လယ်ရှိ မီးလောင်ဈေးကြီးသို့ စေလွှတ်ခဲ့ပါသည်။



ဈေးထဲတွင် အမေ့မောင် ဦးလေး (အကောက်)က ကုန်စုံဆိုင် ဖွင့်ထားပါသည်။ ကျွန်တော်လည်း ဦးလေးဆိုင်မှ လက်ဖက်ခြောက်ဝယ်ပြီး ပြန်လာခဲ့ပါသည်။

ပုသိမ်မြို့သည် ငဝန်မြစ် (ဝါ) ပုသိမ်မြစ်ကမ်း၏ အရှေ့ဘက်တွင် တောင်မြောက်တန်း၍ တည်ရှိပါသည်။ ဈေးကြီးက တောင်ဘက်ခြမ်းတွင်ရှိပြီး ကျွန်တော်တို့နေအိမ်က မြောက်ဘက်ခြမ်း တလိုင်းချောင်းရပ်ကွက် သမ္မတကွက်သစ်တွင် ဖြစ်ပါသည်။

အချိန်ကား ညနေစောင်း နေညိုချိန်လေး ဖြစ်ပါသည်။ နေမင်းကြီးက အနောက်ဂေါ်ယာကျွန်းသို့ ယွန်းနေပြီ။ အနောက်ရိုးမတောင်တန်းကြီးပေါ် မေးတင်နေပြီ။

ကျွန်တော်က ကမ်းနားလမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ ဟိုငေးဒီငေးဖြင့် အေးအေးဆေးဆေး လျှောက်လာခဲ့ပါသည်။ နွေကာလမို့ ညနေဆည်းဆာအချိန် မြစ်ရေကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးတို့ တဝရှူရှိုက်ရသည်မှာ အရသာတစ်ပါးပင် ဖြစ်ပါသည်။

ကျွန်တော့်လက်ဝဲဘက် ငဝန်မြစ်အတွင်း၌မူ မော်တော်များက တဘုတ်ဘုတ် မြည်သံပေး၍ ဥဒဟိုသွားနေကြသည်။ လက်ခတ် သမ္ဗန်များကလည်း မနည်းလှ။ ကမ်းနားလမ်းတစ်လျှောက် တောင်မှမြောက်သို့ လျှောက်လာခဲ့သည်မှာ ဗိုလ်ချုပ်ပန်းခြံကိုလွန်၍ ရန်ကုန်–ပုသိမ် သင်္ဘောဆိပ်နားသို့ ရောက်လာပါသည်။

ထိုစဉ် ကျွန်တော်သည် အမှတ်မထင်ပင် ကောင်းကင်ယံသို့ မော်ကြည့်လိုက်မိပါသည်။ အံ့သြသွားရပါသည်။ ကျွန်တော့်မျက်စိထဲတွင် ကောင်းကင်ယံ၌ ရှာန်ဖြင့်ကြွနေသော သံဃာတော်ကို ဖူးမြင်ရသည်။ တစ်ပါးလား မဟုတ် နှစ်ပါး။

မှန်ပါသည်။ သံဃာတော်နှစ်ပါး ကောင်းကင်ယံတွင် ဈာန်ဖြင့်ကြွနေသည်။ စမြင်စက သံဃာတော်နှစ်ပါးကို ကျွန်တော်၏ လက်ယာဘက် ခပ်စောင်းစောင်းတွင် ဖူးတွေ့ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် နှစ်ပါးဖြစ်မှန်း သေချာပါသည်။ ဘေးချင်းယှဉ်၍ ကြွနေခြင်းဖြစ်သည်။

သံဃာတော်နှစ်ပါးမှာ ငဝန်မြစ်၏ အရှေ့ဘက်အရပ်မှ မြစ်ကိုဖြတ်ကျော်၍ အနောက်ဘက်ရှိ အနောက်ရိုးမကြီးဆီသို့ မျက်နှာမူဦးတည်နေခြင်း ဖြစ်ပါသည်။

ကျွန်တော်လည်း မှင်တက်မိပြီး ငေးကြည့်နေမိသည်။ နေမင်းက အနောက်ရိုးမတွင် မေးတင်နေရာမှ တောင်တန်းကြီးနောက်သို့ ငုပ်လျှိုးသော်လည်း ညနေဆည်းဆာ အလင်းက ကျန်နေပါသေးသည်။

ကောင်းကင်တစ်ခိုတွင် မြူတိမ်များ ကင်းစင်နေကာ ပြာလဲ့လဲ့မိုးသားပြင်ကြီးကို အတိုင်းသား မြင်နေရပါသည်။ ထို့ကြောင့်လည်း ပိန္နဲရောင်သင်္ကန်း ဝတ်ထားသော သံဃာတော်နှစ်ပါးကို ထင်းထင်းကြီး မြင်နေရခြင်း ဖြစ်ပါသည်။

ကျွန်တော် ငေးမောနေစဉ်မှာပင် ဈာန်ပျံ သံဃာတော်နှစ်ပါးသည် ကျွန်တော့်ရှေ့ တူရူတည့်တည့်သို့ ရောက်လာပါသည်။ ထိုအခါ ရင်ပေါင်တန်း အနေအထားဖြစ်၍ သံဃာတော်တစ်ပါးကိုသာ ဘေးတိုက်ဖူးတွေ့ရပါသည်။ ယပ်တောင်ကိုင်ထားခြင်း မရှိပါ။ ခြေစုံရပ်၍ လက်နှစ်ဖက်ဘေးချထားပါသည်။

မကြာမီအချိန်ကလေး၌ပင် သံဃာတော်နှစ်ပါးသည် ငဝန်မြစ်ကို ကောင်းကင်ယံမှ ကျော်ဖြတ်သွားပါသည်။ ထိုအခါ ကျွန်တော်၏ လက်ဝဲဘက် ခပ်စောင်းစောင်း အနေအထားသို့ ရောက်သွားသဖြင့် နှစ်ပါးဖြစ်မှန်း သေချာသွားပြန်ပါသည်။ ကျွန်တော်ကမူ အံ့သြငေးမောဆဲ ဖြစ်ပါသည်။

အတန်ကြာသော် ထို ဈာန်ပျံ သံဃာတော်နှစ်ပါးသည် မှန်ပျပျ မြင်နေရသော အနောက်ရိုးမဘက်သို့ တရွေ့ရွေ့ ရောက်ရှိသွားကာ တဖြည်းဖြည်း သေး၍သေး၍ မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ပါသည်။ ကျွန်တော်ကမူ မျက်စိတဆုံး ငေးမောနေမိဆဲပါတည်း။

ကျွန်တော် စတင် ဖူးတွေ့ရစဉ်က စ၍ မြင်ကွင်းမှ ကွယ်ပျောက်သွားသည် အထိ ငါးမိနစ်လောက်သာ ကြာမြင့် ဖွယ်ရှိပါသည်။ ကျွန်တော် မျက်နှာမူ





www.burmeseclassic.com

www.burmeseclassic.com

(၄၅)ဒီဂရီလောက်တွင် ဖူးတွေ့ရခြင်း ဖြစ်ပါသည်။

မည်မျှသော မြန်နှုန်းဖြင့် ကြွသနည်းဟု မေးလာပါလျှင် ကောင်းကင်ယံရှိ လေယာဉ်တစ်စီး ပျံသန်းသွားသည်ကို မြင်ရသလောက်ပင် ရှိပါသည်ဟု ဖြေပါမည်။ နှိုင်းယှဉ်ခံစားမိခြင်း ဖြစ်ပါသည်။

သို့သော် လေယာဉ်သည် ဟိုး အမြင့်ပေ (၂၀၀၀၀)ကျော်၊ (၃၀၀၀၀) တွင် ပျံသန်းခြင်းဖြစ်ပြီး ဈာန်ပျံသံဃာတော်နှစ်ပါးမှာ ထိုမျှအမြင့်မှ ပျံသန်းခြင်းမဟုတ်ပါ။

ထိုရဟန်းတော်များသည် ဈာန်ရပုဂ္ဂိုလ်သက်သက်ပေလော သို့တည်းမဟုတ် ရဟန္တာလည်းဖြစ်၊ ဈာန်လည်းရသော ဝေဘူဆရာတော်ကြီးကဲ့သို့ ပုဂ္ဂိုလ်များပေလော မသိတတ်နိုင်ပါ။

ဈာန်ပျံသံဃာတော်နှစ်ပါး မြင်ကွင်းမှ ပျောက်ကွယ်သွားပြီးနောက် ကျွန်တော် သတိပြန်ဝင်လာသည်။ အနီးဝန်းကျင်တွင် ကျွန်တော့်ကဲ့သို့ပင် ဖူးတွေ့လိုက်ရသူ ရှိလေမလားဟူသော အတွေးဖြင့် အကဲခတ်လိုက်သည်။

လူများ၊ စက်ဘီး၊ ဆိုက်ကား၊ ကားများ ဥဒဟို သွားလာနေကြသော်လည်း မည်သူမျှ ကောင်းကင်သို့ မော့ကြည့်ပုံမရပါ။ သတိထားမိကြပုံလည်း မပေါ်ပါ။

အကယ်၍ ကျွန်တော့်ကဲ့သို့ ဖူးတွေ့လိုက်ရသူ ရှိပါက ကောင်းကင်သို့ လက်ညှိုးတထိုးထိုးဖြင့် အုတ်အော်သောင်းတင်း ဖြစ်သွားဖွယ်ရှိပါသည်။

မည်သို့ဆိုစေ အမှန်တကယ် စဉ်းစားကြည့်ပါက ဈာန်ပျံရဟန်းတော်များကို ကိုယ်တွေ့မျက်မြင် ဖူးတွေ့ရဖို့ ဆိုသည်မှာ မလွယ်လှပါ။ မြတ်စွာဘုရားရှင်လက်ထက်ကလည်း မိမိတို့ရရှိထားသော တန်ခိုးကို အထင်အရှား မပြရန် ဝိနည်းဖြင့် ပညတ်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် လူ့ပြည်တွင် လူဖြစ်၍ သက်တမ်းစေ့နေရသော်မှ တစ်ကြိမ်တစ်ခါကြုံဖို့ အလွန်ခဲယဉ်းလာလိမ့်မည်။ ကံကောင်းကံထူးမှ ကြုံနိုင်ဖွယ်ရှိပါသည်။

ယခုဆိုလျှင် ကျွန်တော့်အသက် (၆၆)နှစ်ရှိပါပြီ။ ထိုတစ်ကြိမ်သာ တိုက်တိုက်ဆိုင်ဆိုင် ကြုံဖူး ဖူး,ဖူးရခြင်းဖြစ်ပါသည်။

ထို့ပြင် ကျွန်တော်သည် ကံကောင်းသူတစ်ယောက် ဖြစ်နေပြန်ပါသည်။ ဤလောကတွင် ဈာန်ရသော ပုဂ္ဂိုလ်ထူးများ တကယ်ရှိကြောင်း မျက်မြင်ကိုယ်တွေ့ ကြုံဖူးခဲ့ရသည်ကို မှတ်တမ်းတင်နိုင်ခဲ့သည် မဟုတ်လား ခင်ဗျား။

**မောင်အေးကြူ** *(စီးပွားရေး)*

# နွားပခုံး

## (ထမ်းပိုးတင်) အနာပေါက်လျှင် သက်သာပျောက်ကင်းစေသော လိမ်းဆေး

တောင်သူလယ်သမားများသည် မိရိုးဖလာ နွား၊ ကျွဲများကို မိမိတို့လယ်ယာ ထွန်ယက်ရန်အတွက် အသုံးပြုကြရသည်။ လုပ်ငန်းလုပ်ရာတွင် နွား၊ ကျွဲများ အားအင် ပြည့်ဖြိုးပြီးသောအချိန်တွင် လုပ်ငန်းအဆင်ပြေစွာ ထွန်ယက်နိုင်သော်လည်း ထမ်းပိုး မကျင်လည်သော နွားများနှင့် လုပ်ငန်းအခိုင်းနာသော နွား,ကျွဲများ၊ ဝန်လေးကို ဆွဲကြရသော နွား,ကျွဲများ၏ ပခုံး(ထမ်းပိုးတင်)တွင် ပွန်းပဲ့သော အနာနှင့် အရည်ကြည်ဖုများထသော အနာများ ဖြစ်တတ်ကြပါသည်။

ဤကဲ့သို့ အနာများ ပေါက်ပြီဆိုလျှင် ကျန်းမာရေး မကောင်းသော နွား၊ကျွဲများ ထွန်ရေး မဆင်းနိုင်ဘဲ ရှိသဖြင့် တောင်သူများ လုပ်ငန်းရက်ပျက်ကာ နွား၊ ကျွဲများကို အနားပေးရတော့သည်။ နွား၊ ကျွဲများကိုသာ အားကိုးပြီး လုပ်ငန်းလုပ်သူတို့ အခက်အခဲများစွာ ဖြစ်ရတော့သည်။

ရာသီအမီ စိုက်ပျိုးရသော သီးနှံစိုက်ဖို့ အချိန်သည် အရေးကြီးသော အချိန် ဖြစ်သည့်အတွက် လုပ်ငန်းခွင်တွင်း နွားထမ်းပိုးပေါက်လျှင် လုပ်ငန်းလုပ်ရင်း နွားပခုံးအနာများ သက်သာပျောက်ကင်းစေသော ဆေးနည်းကို **ကသာမြို့၊ ရပ်ကွက်(၈)တွင် နေထိုင်သော တောင်သူကြီး ဦးကိုမြင့်**က နွားပခုံးပေါက်လျှင် သက်သာပျောက်



ကင်းစေသော ဆေးနည်းကို ပြောပြခဲ့ပါသည်။ **ဆေးနည်းမှာ**...

သစ်ပင်၊ သစ်ကိုင်းများတွင် အုံဖွဲ့၍ နေတတ်သော ပုရွက်ဆိတ်အသေး(အမည်း)များ၏ စွန့်ခွာကျန်ရစ်ခဲ့သော အုံကို မီးရှို့၍ ပြာဖြစ်သွားလျှင် ယင်း ပုရွက်ဆိတ်အုံပြာကို အုန်းဆီနှင့်ရောပြီး အကြိမ်ကြိမ် လိမ်းပေးပါက နွား,ကျွဲများ လုပ်ငန်းမပျက်ရဘဲ ခိုင်းရင်းနှင့်ပင် အနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**သာဂဒူး** *(ကသာမြေ)*



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနွဲ့
(သခွတ်မြေ၊ ဝက်လက်)

# အခါးလပယံရှုင်ခံနခိုး့မှု

မြစ်ရပ်ဆန်း

သူ့နာမည်က "ညွန့်ဟန်"။

လူအများကတော့ သူ့ကို "အာဋ္ဌာဝက"ဟု ခေါ်ကြသည်။ ခေါ်မည်ဆိုက ခေါ်စရာပင်။ သူ၏ ဥပဓိရုပ်ကို ကြည့်ပါဦး။ နဖူးကမောက် နှာရောင်က ကောက်၍ ဖနောင့်ကတို ခန္ဓာကိုယ်ဝသလောက် သူ၏ အရုပ်အမောင်

ငါးပေမှ လက်မစွန်းသည် ဆိုရုံ

တစ်ဆယ့်နှစ်ရာသီပတ်လုံး အ

ကိုယ်ကျွတ်နှင့်နေသူ ဖြစ်သဖြင့်

နေစားလေစားထားမှုကြောင့်

အသားအရေက နက်မှောင်မည်း

နေ၏။

ထို့ထက်ဆိုသည်က...

ရုပ်ကြမ်း အစားကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ရမ်းသလောက် လုပ်သည့် အလုပ်ကလည်း ကံငါးပါးဆို၍ တစ်ပါးမျှပင်မလုံ။ နွားထု၊ ဝက်ထိုး အမျိုးမျိုးသော အကုသိုလ်အလုပ်တို့ကို လက်မရွံ့တမ်း လုပ်ဝံ့၏။

ဖဲရိုက်၊ ကြက်တိုက် ဒါတွေလည်း စရိုက်ဝါသနာအလွန်ပါ၏။

အဆိုးဆုံးကတော့ အရက်မူးလာလျှင် ပတ်ဝန်းကျင်ကို ရမ်းကားခြင်းပင်ဖြစ်သည်။

ထို့ကြောင့်မို့လည်း "ညွန့်ဟန်အရက်မူးလာပြီဟေ့"ဆိုလျှင် ရွာလမ်းမပေါ်၌ လူမဆိုထားနှင့် အဟိတ်တိရစ္ဆာန်များဖြစ်သော ခွေးတစ်ကောင် ကြောင်တစ်မြီးမှပင် မရှိတော့၊ မနေရဲကြတော့ ရှောင်ကြ၏။

အားလုံး ကြောက်၍ချည်းတော့ဟုတ်မည်မထင် မိုက်မည်းသူနှင့် ဖက်ပြိုင်၍ မတုချင်ကြသောကြောင့်သာ ဖြစ်ပေလိမ့်မည်။ ထိုသို့ ရုပ်ကြမ်း စရိုက်ကြမ်းသောကြောင့်လည်း "ယပ်တောင်မဝေ လက်ဖက်မကာမ်း"ရဘဲ သူ၏ နာမည်အရင်း ညွန့်ဟန်ဆိုသည်မှာ ပျောက်၍ "အာဋ္ဌာဝက"ဟု အများက ကင်ပွန်းတပ်ပေးထားကြခြင်းပင် ဖြစ်တော့သည်။

ထိုထိုသော ရုပ်ကြမ်း၊ အလုပ်ကြမ်း၊ အစားကြမ်း၊ အသောက်ကြမ်း ကြမ်းလေးကြမ်းနှင့်ညီသော အာဋ္ဌာဝကတစ်ယောက် အရှင်စန္ဒိမာဘဝသို့ ရောက်သွားသည်ဟု ဆိုလျှင် စာဖတ်သူတို့ အလွန်မှပင် အံ့အားသင့်သွားကြပေလိမ့်မည်ပင်။

တကယ်လည်း ရောက်သွားခဲ့၏။ ထိုသို့ရောက်သွားရခြင်း အကြောင်းရင်းကား

* * *

နယုန်လ၏ ဆန်းစ ညတစ်ည...

ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်လုမတတ် မှောင်နေသည်။ ကောင်းကင်ပြင်၌ တလက်လက် မဝံ့မရဲ တောက်ပနေသော ကြယ်လေးတွေမှအပ ဖော်မစုံပိုးစုန်းကြူးလေးတွေသာလျှင် မလင်းတစ်လှည့်၊ လင်းတစ်လှည့် လူးလာခေါက်တုံ့ ပျံသန်းနေကြ၏။

မှုန်ဝါးဝါး အလင်းရောင်သာလျှင်ပေးနိုင်စွမ်းရှိသော ဆန်းစသစ်စ ဖိုးရွှေလသည်လည်း မြေလွှာကမ်းပါးစွန်းမှ ပုန်းလျှိုးပျောက်ကွယ်သွားပြီ ဖြစ်၏။

အချိန်ကား "သက်ကြီးခေါင်းချ" အချိန် ညွန့်ဟန် ခေါ် အာဋ္ဌာဝကတစ်ယောက် ပြောင်းဖူးဖက် ဆေးလိပ်တိုကို မီးတရဲရဲထအောင် စိတ်မရှည်စွာ ဖွာရင်း ထိုင်စောင့်နေ၏။

သူ၏ မနီးမဝေးဝန်းကျင်တွင် မှတ်သုန်ဦးလေ၏ ဆော့သရမ်းအားပေးအားမြှောက်မှုကြောင့် တရွှမ်းရွှမ်း တရှန်းရှန်း အသံပေးကာ မြူးထူးကခုန်နေကြသော ပိတ်ပင်(ရှင်မွေးလွန်း)တို့နှင့် အင်းဆက်ပိုးမွှားတို့၏ တကျစ်ကျစ်မြည်နေသံမှအပ ကြီးကြီးမားမား သက်ရှိသတ္တဝါဟူ၍ တစ်စုံတစ်ရာမျှ ရှိသည်ဟု မထင်ရပေ။

'တောက်...'

တောက်တစ်ချက်ကို စိတ်တိုစွာခေါက်လိုက်၏။ လူနှစ်ယောက်နှင့် ချိန်းထားသဖြင့် သူ စောင့်နေခြင်း ဖြစ်သည်။ သူ ရောက်နေသည့်နေရာကား

**"အင်းလယ်ရှင်မိဖုရား စင်တော်ရှိရာ အင်း၏အလယ်မှနတ်ကုန်း"**

**(ဒီနေရာ၌ အင်းလယ်ရှင်မိဖုရား အကြောင်းနှင့် အင်းလယ်နတ်ကုန်း၏ ပထဝီအနေအထားကို အနည်းငယ် တင်ပြခွင့်ပြုပါ။ ယခု ဟံလင်းအင်း၏ အကြောင်းကိုတော့ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလထုတ် ပါရမီမဂ္ဂဇင်းတွင် ကာလဝိပါက်အမည်ရှိ ဆောင်းပါး၌ စာရေးသူ ဖော်ပြခဲ့ပြီး ဖြစ်၏။)**

ဟံလင်းအင်းကို အပိုင်စားရထားသော အင်းလယ်ရှင်မိဖုရား ဖြစ်ပေါ်လာပုံမှာ ရှေးအခါက ဘုရင်တစ်ပါးသည် မျှုံမတ်ဗိုလ်ပါ မောင်းမမိဿံ စုံစွာဖြင့် ဖောင်တော်နှင့် ဟံလင်းသို့ ဆန်တက်လာရာ ယခု နတ်ကုန်းနေရာအရောက်၌ မိဖုရားတစ်ပါးကို စိတ်အလိုမကျသဖြင့် လှော်တက်နှင့် ရိုက်နှက်ကာ ကွပ်မျက်ခဲ့၏။

ထိုမိဖုရား နတ်စိမ်းဖြစ်ပြီး အပိုင်စားနယ်ပယ် ကောင်းသဖြင့် ထိုနေရာနှင့် ထိုအင်းတစ်ပိုက်ကို အပိုင်စားပေးခဲ့သည်ဟု သမိုင်းရာဇဝင် အထောက်အထား အတိအကျ မရှိသော်လည်း လူကြီးသူမတို့၏ အဆင့်ဆင့် ပါးစပ်ရာဇဝင်အရ သိခဲ့ရ၏။

ခေတ်အဆက်ဆက်မှ ရှိသော...



www.burmeseclassic.com

www.burmeseclassic.com

နတ်ကွန်းဆောက်ကာ ပူဇော်ပသလာကြသည်မှာ ယခု မျက်မှောက်ခေတ်အထိပင် ဖြစ်သည်။

မိဖုရားဘဝက တက်နှင့်ရိုက်၍ကွပ်မျက်ခြင်းခံရသူ ဖြစ်သဖြင့်လည်း ယနေ့ထိတိုင် ထိုအင်းထဲ၌ တက်သုံး၍ လှေလှော်ခြင်းကို မကြိုက်ပေ။ လှော်တက် သုံးမိသူတွင်လည်း တစ်ခုမဟုတ် တစ်ခုခု ခိုက်တတ်သည်၊ ဒုက္ခ တွေ့တတ်သည်ဟု အယူရှိကြ၏။



စင်တော်ရှိရာ နတ်ကုန်းတစ်ဝိုက်တွင်လည်း ရုန့်ရင်းကြမ်းတမ်းသော စကားများ ပြောဆိုခြင်းနှင့် ကြီးနိုင်ငယ်ညှင်း သတ်ဖြတ်ခြင်းတို့ကိုလည်း နတ်မကြိုက်ဟူ၍ ထိုနယ်တစ်ဝိုက်မှ လူများ ရှောင်ရှားကြ၏။

ထိုစင်တော်ရှိရာ မြေသည် အကျယ်အဝန်း ပေ(၁၂၀)ခန့်မျှသာ ရှိပြီး ကုန်းမောက်ယောင်ယောင် ဖြစ်နေခြင်းနှင့် အခြားနေရာလို စနယ်မြေသား မဟုတ်ဘဲ ကျောက်စရစ်မြေ ဖြစ်နေခြင်းက ထူးခြားမှုတစ်ခုပင်။

ကျန်သည့် အင်းမြေတစ်ပြင်လုံးသည် စနယ်မြေသားများ ဖြစ်၏။ ပြီးတော့ ထိုနတ်ကုန်းအနီးတစ်ဝိုက်မှ ရှေးခေတ်မြေသားကို ပြုလုပ်ထားသော **"မြေအိုးမြေခွက်"** အစအနများနှင့် မြေဆေးတံ အကျိုးအပဲ့များ တွေ့ရတတ်၏။ **(ယခုအထိ အိုးကွဲအပိုင်းအစများ တွေ့နိုင်ပါသည်။)**

အာဠာဝကသည် ထိုနတ်ကုန်းပေါ်သို့ ရောက်ရှိနေ၏။ သူ ရောက်ရှိနေခြင်းက လွန်ခဲ့သည့်ညမှ သူငယ်ချင်းဖြစ်သူ သောင်းလွင်တို့ နွားတစ်ကောင် ဆွဲလာပြီး အင်းထဲတစ်နေရာမှာ ဝှက်ထားသည်။ ယခုည ဒီနေရာ၌ ဟင်းပေါ်ပေးရန် သူနှင့် ချိန်းထားခြင်းဖြစ်သဖြင့် သူလာ၍ စောင့်နေခြင်း ဖြစ်သည်။

သောင်းလွင်တို့လူစုသည် တောင်သူတို့၏ ခိုင်းနွား၊ ခိုင်းကျွဲများကို လစ်လျှင် လစ်သလို ခိုးဝှက်သတ်ဖြတ်နေကြသူများ ဖြစ်သည်။

ယခုလိုကာလ မိုးကလေးတစ်ပြိုက်နှစ်ပြိုက်ရွာ၍ "ခွာရေသောက်" ချိန်၌ တောင်သူများတွင် နွားအရောင်းအဝယ် အလဲအထပ်များ၏။ နွားဈေးတန်၏။ ထို နွားရောင်းဝယ်လဲလှယ်သူတွေနှင့် ရောင်တော်ပြန် ရောလွတ်၍ တစ်ရွာမှတစ်ရွာ နွားဆွဲ အသယ်အပြုသူတို့အလုပ်မှာ ပို၍ လွယ်ကူ၏။

ထိုအချိန်ကာလက ကျွဲနွားများသည် တောင်သူလယ်သမားများအတွက် မရှိမဖြစ်ပေ။ ထွန်ယက်စိုက်ပျိုးရာတွင် လည်းကောင်း၊ ရိတ်သိမ်းသယ်ယူရာတွင် လည်းကောင်း နွားထွန် နွားလှည်းများကိုသာ အားကိုးကြရ၏။ အသုံးပြုကြရ၏။ **(ထိုခေတ်က လယ်ထွန်စက်များမရှိသေးပါ။)**

မိုးနှင့် ကောက်ကြီး တစ်သီးပြီးတစ်သီး နွားနှင့်ဖက်ပြီး ရုန်းကြရ၏။ နွားကို တန်ဖိုးထားကြ၏။ ထို့ကြောင့် နွားသည် တောင်သူလယ်သမားများအတွက် အင်မတန်အသုံးဝင်သော ဒိုးတူပေါင်ဖက် စီးပွားဖက်ဖြစ်သလို ထမင်းစားသူတိုင်း အနေနှင့်လည်း ထမင်းရှင် ကျေးဇူးရှင်အစစ် ဖြစ်လေသည်။ ထိုကျေးဇူးရှင်တို့ကို သောင်းလွင်တို့က မိုက်မဲသူတစ်စုက ခိုးဝှက်သတ်ဖြတ်ပြီး ဟင်းပေါ်ရောင်းကြ၏ ကျေးဇူးကန်းလေစွတကား။

အာဠာဝကဆိုသူကလည်း ငယ်ရွယ်စဉ်ကတည်းက ငှက်ထောင်၊ ငါးနိုက်၊ ဖားရိုက်၊ ကြွက်ရှာ သတ္တဝါလေးတွေ၏ အသက်ကို ဖက်ရွက်လောက်မှ အလေးမထား၊ မညှာတာ၊ သတ်ဖြတ်တတ်သူမို့လည်း သောင်းလွင်တို့နှင့် ပေါင်းမိသောအခါ မသူတော် အချင်းချင်း သီတင်းလွေ့လွေ့ ဆိုသလို သူအတွက် လက်စသား ဟင်းစားရလျှင်ပင် အပေါင်းအသင်းတို့၏ နွားသတ်ဝက်သတ်ဟင်းကိုင် အလုပ်တို့ကို အကုသိုလ်ကံ တုံးလိုက်တစ်လိုက် ယူပြီး လုပ်ကိုင်ပေးလေ့ရှိ၏။

ယခုလည်း ရွာတစ်ရွာမှ သောင်းလွင်တို့ ခိုးလာသော နွားတစ်ကောင်အား ဟင်းပေါ်ပေးရန် ဒီနေရာသို့ ချိန်းထားသဖြင့် စောစော အချိန်ကတည်းက သူ စောင့်နေခြင်းပင် ဖြစ်လေသည်။

* * *

'အောက် အီအီးအွတ်'

အင်းဘေး ရွာတွေဆီမှ "သန်းခေါင်ကြက်"တွန်သံပင် ကြားရပြီဖြစ်၏ သောင်းလွင်တို့နှစ်ယောက်က ခုထိ မရောက်သေး။

'တောက်... တော်တော်ကြီးပဲ မျှ တဲ့ အကောင်တွေ'



www.burmeseclassic.com

www.burmeseclassic.com



အာဠာဝကက စိတ်မရှည်တော့ တောက်တစ်ချက်ခေါက်ရင်း အပြစ်တင် စကားဆိုလိုက်၏။

ထိုအချိန်၌...

'ရွှန်း...ရွှန်း...ရွှန်း... ဖွမ်း...ဖွမ်း... ဖွမ်း'

လူနှစ်ယောက် နွား တစ်ကောင်အား ရှေ့နောက် ညှပ်မောင်းပြီး ရှင်မွေးလွန်း တောင်တွေကြားမှ ဖြတ်ကာ နတ်ကုန်း ချောင်းကိုပင် ဖြတ်ကူးလာ၏။ မကြာမီ နတ်ကုန်း မောက်မောက်လေးပေါ်သို့ ရောက်လာသည်။

'ချီး...မှပဲ စောင့်လိုက်ရတာ'

'မလောစမ်းပါနဲ့ အာဠာဝကရာ... ဒီအချိန်ကစပြီး လုပ်ရင် ကြက်ဦးမတွန်ခင် အားလုံးပြီးပါတယ်ကွာ။ တို့ရွာက နည်းနည်းလှမ်းတယ် မဟုတ်လား။ လူရိပ်လူခြည် မမြင်အောင် မှောင်မှ ထွက်လာရတာဆိုတော့ နည်းနည်း တော့ နောက်ကျမှာပေါ့။ ရော့ မင်း အတွက် မီးတောက်အရက် တစ်လုံး ဆွဲလာတယ်။ မင်း အဲဒါသောက်ပြီးမှ တို့အလုပ်စကြတာပေါ့'

သောင်းလွင်သည် ခါးကြားတွင် ထိုးထားသော ပုလင်းကို အာဠာဝက အား လှမ်းလိုက်၏။ အာဠာဝကသည် လည်း လက်ထဲသို့ ရောက်လာသော ပုလင်းကို နွားငယ်ရေကျ မော့လိုက်၏။

'ခွီး...ခွီး...ဖွီး...ဟီး...ဟီး...'

'သောက်ကျိုးနည်း အာဠာဝကရာ သုပ်လိုက်ရင် အရမ်းချည်းပဲ။ ဒီ သောက်ပြင်းတဲ့ အရက်ကို ပုလင်း အတိုင်း မော့ရသလား။ ရော့ ဒီမှာ ခွက်နဲ့ သောက်'

သောင်းလွင်က ခါးပိုက်ထဲမှာ ယူလာသော အုန်းမှုတ်ခွက်ငယ်လေးကို လှမ်းပေးလိုက်၏။

'ချီးမှပဲ... နေဝင်ကတည်းက ခြင် အကိုက်ခံပြီး စောင့်နေရတာ၊ ကြာတော့ စိတ်မရှည်တော့ဘူး'

'ကဲပါကွာ ဒါတွေပြောမနေပါနဲ့ တော့ တို့က ရွာမှာထဲက သောက်ခဲ့ပြီ ဆိုတော့ ခွက်လဲစရာမှ မလိုတော့တာ မင်း ဝအောင်သာ ဆက်သောက်လိုက်၊ အဲ... မင်းဝမှ အလုပ်စမယ်'

အာဠာဝကသည်လည်း အရက်ကို လေး,ငါးခွက် ဆင့်သောက်ကာ...

'တော်ပြီ၊ အလုပ်ပြီးမှ ဆက်သောက် တော့မယ် ကဲ... စကြစို့'

ဟု ပြောကာ သူ၏ခါးတွင် ချိတ်ထားသော ပုဆိန်ကို ကောက်ပြီး ကိုင်လိုက် ၏။

'ဟော့ စံသိန်း မင်းက နွားနဖားကြိုး ကို မြဲမြဲကိုင်ထား ကဲ အာဠာဝကရေ စ,ပေတော့'

သောင်းလွင်က နွားကြိုးကိုင်ထား သော စံသိန်းအား ပြောရင်း အရန်သင့် ပါလာသော ရေနံဆီမီးခွက်ကို မီးထွန်း ညှိ၍ မီးပုံးထဲသို့ ထည့်လိုက်၏။

အာဠာဝကသည်လည်း လက်ထဲမှ ပုဆိန်ကို မြှောက်ပြီး နွား၏ ဦးခေါင်းမှ "မှန်ကင်း"နေရာသို့ ဆကာ တစ်ချက် တည်း အားကုန်လွှဲ၍ ထုလိုက်သည်။

'ခွမ်း... ဘဲ... ဝုန်း...'

ဦးခေါင်းထဲသို့ ပုဆိန်အနောင့် ကျွံ ဝင်သွားသည်နှင့် တစ်ပြိုင်နက် နွား သည်လည်း မြေပေါ်သို့ လဲကျကာ ခြေနှင့်လက်တို့ တစ်ချက်,နှစ်ချက် ဆန့်ငင်ဆန့်ငင် ဖြစ်လျက် ငြိမ်ကျသွား၏။

မချိမဆံ့ သေသွားပြီဖြစ်သော နွား ကို သားရေချရန်(သားရေခွာ)အတွက် နွားသေကို ပက်လက်လှန်စေကာ ခြေ,လက်လေးချောင်းတို့ကို မိုးပေါ် ထောင်ပြီးမှ ဗျက် လက်သုံးလုံးခန့် အရှည် တစ်ပေကျော်ကျော်ရှိ နှစ်ဖက် သွား ဓားဝင်းဖြင့်(ဓားချွန်း) နွား၏ လက်တစ်ဖက်ကို ခွာအရင်းမှ ရစ်ကာ သားရေကို စတင် ခွာ၏။

နွားသတ် နွားဖျက် အမဲကိုင် အလုပ် တို့ကို ကျွမ်းကျင်လှသော အာဠာဝက အဖို့ နွားသားရေချခြင်း အလုပ်သည် "ကွမ်းတစ်ယာညက်"မျှပင် မကြာ လိုက်ပေ။ နွားတစ်ကောင်လုံး၏ သားရေကို လှီးဖြတ်ခွာပြီးသား ဖြစ်သွား ၏။

စံသိန်းတစ်ယောက် နံဘေးမှနေ၍ လိုအပ်သည်များကို ကူညီလုပ်ကိုင် ပေး နေရင်းမှ မီးရောင်မှိန်မှိန်အောက် တွင် သွေးသံရဲရဲလူးကာ ဘီးလူးတစ် ကောင်ကဲ့သို့ လှီးဖြတ်နေသော အာဠာဝကကို ကြည့်ပြီး ကြက်သီးများ ပင် ထသွား၏။

ထိုအချိန်၌...

'ဝူး... ဝူး... အူး...'

အဝေးတစ်နေရာဆီမှ တောခွေးအ တစ်ကောင်၏ ဆွဲဆွဲငင်ငင်အူသံ ပေါ်ထွက်လာသည်နှင့်အတူ...

'တစ်... တစ်... တစ်တီတူး...



www.burmeseclassic.com

www.burmeseclassic.com

တစ်တီတူး'

ညဉ့်ငှက်တစ်ကောင်၏ ထိတ်လန့်တကြား အော်မြည်သံကပါ ပေါ်ထွက်လာ၏။ အချိန်မည်သို့မျှ မကြာလိုက်။

'ရွှန်း…ရွှန်း…ရွှန်း…ရွှန်း…'

တစ်ရပ်တသူမြင့်၍ အင်းတပြင်လုံး ဖုံးလွှမ်းထားသော ပိတ်ပင်၊ ကိုင်းပင်တို့ကို သတ္တဝါအကောင်ရေများများ တိုးဝှေ့လာသည့် အသံမျိုးကိုပါ သူတို့သုံးယောက် ကြားလိုက်ရ၏။

'ကို… ကို… အဋ္ဌဝက အဲ… အဲဒါ ဘာကောင်တွေလဲဟင်'

'ဟ စံသိန်းရ အဲဒါ ဒီအင်းလယ်ရှင် မိဖုရားနဲ့ သူ့အပေါင်းပါတွေ နေမှာပေါ့ကွ။ တို့အမဲကိုင်တဲ့ဆီကို အရိုးအရင်း ကိုက်ချင်လို့ လာတာနေမှာပေါ့ကွာ။ ဟား…ဟား…ဟား…ဟား…'

သားရေခွာပြီးသည်နှင့် နွား၏ ဝမ်းတွင်းသားကို ဖောက်ယူရန် စီစဉ်နေသော အဋ္ဌဝကသည် စံသိန်း၏ ကြောက်ရွံ့ရွံ့မေးသံကို စိတ်တိုစွာ အရွဲ့တိုက်ပြီး ဖြေလိုက်၏။

'ဝေါ… ဝရော'

မီးသက်လေပြင်း တစ်ချက်၏ ဆောင့်တိုက်လိုက်မှုကြောင့် သောင်းလွင် ကိုင်မြှောက်ပြနေသော မီးပုံးထဲမှ ရေနံဆီမီးခွက်သည် ဝုတ်ခနဲ ငြိမ်းသွား၏။ ဝန်းကျင်၏ အမှောင်ထုသည် သူတို့၏ အနီးတစ်ဝိုက်ကိုပါ ဝါးမျိုသွားတော့သည်။

မည်သို့မျှမထင်… မည်သို့မျှ မထင်မှတ်သော အဖြစ်အပျက်တစ်ခုက သူတို့ ရှေ့မှောက်၌ ဖြစ်ပေါ်လာ၏။

'ဝတ်…ထရိန်း…'

အရေခွံ အခွာခံထားရသော သွေးသံရဲရဲနှင့် နွားသေသည် ထိတ်လန့်ဖွယ်ရာ အသံနက်ကြီးနှင့် တွန်သံပေး၍ ကုန်းထပြီးလျှင် သူ၏ ဦးခေါင်းအနားမှ



ကြောက်ရွံ့တုန်လှုပ်နေသော စံသိန်းအား ကျုံး၍ ဝှေ့လေတော့သည်။

'ဝုန်း…အား…အမလေး'

'ဟာ'

မထင်မှတ်သော ဖြစ်ရပ်ကြောင့် စံသိန်းကို ဒေါသတကြီးဝှေ့နေသော နွားသေအား အဋ္ဌဝကနှင့် သောင်းလွင်သည် အံ့အားသင့်ကာ တုန်လှုပ်စွာ ရပ်ကြည့်နေကြ၏။

'ရှူး'

ဝါးတစ်ရိုက်ခန့် ရောက်သွားသော နွားသည် စံသိန်းတစ်ယောက် မလှုပ်နိုင်တော့မှ ရုတ်တရက် သူတို့ နှစ်ယောက်ဘက်သို့ ဦးခေါင်းလှည့်လာကာ နှာမှုတ်သံတစ်ချက် ပေးလိုက်သည်။

'ဟာ… သောင်းလွင်ရေ နွား…နွား တို့ဘက်လှည့်လာပြီ ပြေးပြေး'

'ဝတ်…ထရိမ်း'

တွန်သံပေး၍ ပြေးလာသော နွားရန်မှ လွတ်ကင်းရန် အဋ္ဌဝကနှင့် သောင်းလွင်တို့သည် ငါးရတွင်း(ငါးရွာတွင်း)မျှဝေးသော ရွာလေးဆီသို့ ကြောက်ရွံ့တုန်လှုပ်စွာ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးခဲ့ကြရလေတော့သတည်း။

* * *

နောက်တစ်နေ့ နံနက်လင်းလျှင် ရွာသားတချို့ အကြောင်းစုံ သိရသဖြင့် သူတို့ဖြစ်ပျက်ခဲ့ရာ နတ်ကုန်းဆီသို့ သွားရောက်ကြည့်ရှုခဲ့ကြ၏။

ထူးဆန်းသည်ကား သူတို့ပြောပြ သည်နှင့်တခြား သွေးသံရဲရဲနှင့် နွားသေသည် သားရေဖြန့်ထားသော အခင်းပေါ်၌ ခြေရာလက်ရာမပျက် ရှိနေ၍ ဝါးတစ်ရိုက်အကွာ၌ စံသိန်း၏ အလောင်းကိုသာ ရုပ်ပျက်ဆင်းပျက် တွေ့ခဲ့ရခြင်းပင်လျှင် ဖြစ်လေတော့သည်။ အဋ္ဌဝကနှင့် သောင်းလွင်တို့ နှစ်ယောက်မှာကား သည်းခြေပျက်လု မတတ် ကယောင်ကတမ်း ဖြစ်နေသဖြင့် ဆရာနှင့် တော်တော်လေး ကုယူရသည်။ ထိုအဖြစ်အပျက်တို့ဖြစ်ပျက်ပြီး ရက်သိပ်မကြာလိုက်ချေ။

ရုပ်ကြမ်း၊ အလုပ်ကြမ်း၊ အစား ကြမ်း၊ အသောက်ကြမ်း ကြမ်းသော ကြမ်းနှင့် ညီသော အဋ္ဌဝက… ယောက် သူ၏ ဆိုးညစ်လှသော အကုသိုလ်အလုပ်တွေကို နောင်တ… စွာ "ဦးစန္ဒိမာ"ဘဝသို့ ကူးပြော… ရောက်ရှိသွားလေတော့သည်။

**[ဝက်လက်မြို့နယ် ဟံလင်းအင်း… ထဲမှ တကယ်ဖြစ်ပျက်ခဲ့သော အဖြစ် အပျက်တစ်ခုကို ဇာတ်လမ်းဖွဲ့… ပါသည်။]**

**ကောင်းခန့်**
**(သခွတ်မြေ၊ ဝက်လက်…)**

www.burmeseclassic.com

www.burmeseclassic.com

# ကုလားမတောင်နှင့်

ငွေထိပ်ကြီး

ဒသမတင်ငြွေး



ဒီနေ့ မိုးလေဝသ အခြေအနေမကောင်းကြောင်း မုတ္တမပင်လယ်ကွေ့ကို လှမ်းကြည့်ရုံဖြင့် သိသာ ထင်ရှားနေသည်။ မိုးမှာ စနေ၊ လေမှာ ရာဟု ဆိုသော ရှေးလူကြီးများ၏ စကားပုံက မှန်ပေသည်။ ကျွန်ုပ်နေထိုင်ရာ ခင်းကျိုက်ရွာရှိ တောတက်၍ ထင်းခုတ်၊ ဝါးခုတ်၊ လွှဆွဲအလုပ်ကို လုပ်ကိုင်စားသောက်သော လူများသည် ယခုကဲ့သို့ မိုးရာသီသို့ ရောက်လာသော အခါ တောတက်အလုပ်သည် မမှန်ကြတော့ပါ။ မိုးကြီးလေကြီးနှင့် နားရက်များက များနေသည်။

အိမ်က ထွက်လာစဉ် မိုးလေကင်းရှင်းနေသော်လည်း ငါးထပ်ကြီးဓမ္မာရုံထဲမှာ စုဝေး၍ မိုးလေဝသ အခြေအနေကိုသာ စောင့်မျှော်နေကြသည်။ စနေထောင့် မုတ္တမပင်လယ်ကွေ့က မိုးသားများ ညို့တက်လာလျှင်တော တက်သမား ယောကျ်ား၊ မိန်းမတို့သည် ငါးထပ်ကြီးဘုရားဓမ္မာရုံ၌ နေရာယူကြလေပြီ။

ယောကျ်ားသားများက ကျားကွက်ကစားကြသလို မိန်းကလေးတွေကလည်း ကြည့်ထားဖူးသော ရုပ်ရှင်အကြောင်းကို တစ်ယောက်တစ်လှည့် ပြောဆိုကြလေသည်။ တချို့သော အ

www.burmeseclassic.com

ပြောင်ပြောင် ကောင်လေးတွေက သီချင်းတွေ အော်ဆို၍ မိုးရွာပါစေကြောင်း တမ်းတနေကြသည်။

ပျော်စရာလည်း အလွန်ကောင်းပါသည်။ အိမ်မှာဆို ယခုကဲ့သို့ လူစုလူဝေးနှင့် ဆုံတွေ့ဖို့ဆိုတာ မလွယ်ကူလှ။ ဤနေရာလေးမှာသာ လူစုံတက်စုံ ဖြစ်၏။ တောတောင်ကို အမှီသဟဲ ပြုပြီး လုပ်ကိုင်စားသောက်နေကြသော လူများမှန်သမျှ မိုးဦးကာလဆို ဤနေရာလေးမှာ စုဝေး၍ ဆုံတွေ့ကြခြင်း ဖြစ်၏။

မိုးလေဝသအခြေအနေ ကောင်းလျှင် နေရာမှာ နာရီဝက်ခန့်မျှသာ ထိုင်ကြပြီး လိုရာခရီးကို ဆက်သွားကြလေသည်။ တစ်ခါတစ်ရံ မိုးများနေလျှင် ဓမ္မာရုံထဲမှာပင် ပါလာသော ထမင်းထုပ်များကို ဖြေစားကြ၏။ လူစုံ၊ တက်စုံ ဟင်းစုံမို့ စားရသည့်အရသာ ချိုမြိန်လှပေသည်။

မိုးသိပ်များသည့်နေ့ဆို ထမင်းစားသောက်ပြီး အချိန်က နောက်ကျနေလျှင် တောတက်ခြင်း မရှိတော့ပါ။ တပျော်တပါးဖြင့် အုပ်စုလိုက် လှည့်ပြန်လာကြလေသည်။

ဤနံနက် မိုးလေဝ သအခြေအနေ မကောင်းသဖြင့် ထုံးစံအတိုင်း ဓမ္မာရုံကြီးထဲ၌ အခြေအနေကို စောင့်ကြည့်နေကြ၏။ နာရီဝက်ခန့်ကြာထိ စောင့်ကြည့်သော်လည်း အခြေအနေက မထူးခြားလာသဖြင့် ပုဆိန်၊ ဓား၊ လွှများကို ကိုယ်စီယူကြပြီး ဓမ္မာရုံကြီးထဲမှ ထွက်လာခဲ့ကြသည်။

ဓားသွေးစမ်းဟု ခေါ်သော စမ်းချောင်းသို့ ရောက်လာခဲ့ကြသည်။ ထိုစမ်းချောင်းတွင် ဓားသွေးသူ၊ ပုဆိန်သွေးသူ ခေတ္တ အမောဖြေကြလေ



သည်။ ထိုမှ ဆက်သွား၍ တစ်နာရီခန့် ခရီးဆက်လျှင် မြေပြန့်တစ်နေရာသို့ ရောက်လာမည်။

ထိုမြေပြန့်ကို ဓားသွေးစမ်းမြေပြန့် ဟုခေါ်ဆိုကြ၏။ ထိုမြေပြန့်မှာပင် အမောဖြေကြလေသည်။

ပျော်စရာ ပျက်စရာ စကားများ ပြောကြပြီး ရှေ့သို့ တစ်အောင့်ပင် ခရီးဆက်ပါက လမ်းခွဲနှစ်ခုကို တွေ့ရသည်။ တစ်လမ်းက ဖင်းကျိုက် ဆံတော်ရှင်အောက်ချောက် (ဘုရားချောက်) လျှိုထဲသို့ ဆင်းသောလမ်း၊ နောက်တစ်လမ်းက ကုလားမတောင်သို့ သွားသောလမ်းဖြစ်သည်။

ထိုလမ်းခွဲရောက်လျှင် တောတက်သမားများ လမ်းခွဲကြလေသည်။ ဘုရားချောက်ထဲသို့ ဆင်းသူဆင်း၊ ကုလားမတောင်သို့ သွားသူသွားနှင့် ဟိုဘက်တစ်ဝက်၊ ဒီဘက်တစ်ဝက် ဖြစ်သွား၏။ ထင်းခြောက်ခုတ်၊ ဝါးခုတ်သူများမှာ ကုလားမတောင်သွားသော လမ်းကိုသာ ဦးတည်သွားကြသလို သစ်ခုတ်၊ လွှဆွဲသူတွေက ဘုရားချောက်လျှိုထဲကိုသာ သွားကြလေသည်။

လမ်းခွဲရောက်လာကြတော့ တစ်ယောက်နှင့် တစ်ယောက် လမ်းခွဲ၍ သွားကြလေ၏။ မိုးလေက သိပ်တော့ မရှင်းလင်းသေး။ တောင်နံရိုးတွေကလည်း တစ်တောင်လုံး မှိုင်းညို့နေ၏။ လမ်းကို ပင် သိပ်မမြင်ရတော့။

ဦးပြူးသည် ပုဆိန်ကို ခါးထိုး လျက် တစ်ယောက်တည်း ခြေလှမ်းကို ပုံမှန် လျှောက်လှမ်း တက်လာခဲ့သည်။ တောင်ေ ရေစိမ့် (ထမင်းစားရေစိမ့်) ရောက်တော့ ကျောက်စက်ရေတစ်ခွက်ကို ခွက်ဖြင့် ခပ်၍ မော့ချလိုက်လေသည်။

ကုလားမတောင် တစ်တောင်လုံး ထိုရေသည် အအေးမြဆုံးဖြစ် သည်။ ကျောက်မှာ အလယ်ဗဟိုတည် တည့်မှ ကွဲကြောင်းဖြစ်၍ ထွက် သည့်ရေဖြစ်၍ အလွန် အေးမြလှ ၏။

အချို့သော ရှေးစကားအ ထိုကျောက်ဖျာသည် ကုလား မိန်းမကိုယ်ဖြစ်သည်ဟု ခေါ်ဆို လေသည်။

ထို့နောက် ဦးပြူးသည် ပွတ် တစ်လိပ်ကို လိပ်သောက်ပြီး ထိုင် ထကာ သူသွားလိုသည့် နေရာ ခြေဦးတည့်ကာ လျှောက်လှမ်းလာ တော့၏။ ဦးပြူး သွားမည့်နေရာ ကုလားမတောင်ထိပ်သို့ ဖြစ်သည် မနေ့က နံနက်ပိုင်းက သတုံမြို့မှ တစ်ဦး အိမ်သို့ရောက်လာ တောရှောက်မြစ် ငါးပိယာ လာမှာ သည်။

စရန်ငွေ တချို့တစ်ဝက်လည်း ခဲ့သည်။ ဒီနေ့ညနေ လာယူမည် မှာထားခဲ့၏။ ကိုယ့်ဘက်မှ ပျက်လျှင် မကောင်း။ ထို့ တစ်ယောက်တည်း ကုလား ကို သွားဖို့ဆိုတာက ခပ်





www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မသွား၍ကမဖြစ်။ ထင်းခြောက်ခုတ်၍ ပြန်မည်ဆိုလျှင် ရှေ့သို့ဆက်သွားစရာမလို။

ဦးပြုံးတစ်ယောက် တစ်လှမ်းချင်းတက်လာရင်း အတွေးနယ်ချဲ့နေသည်။ ကျောက်ဖြူတောင်ထိပ်သို့ ရောက်လာခဲ့၏။ ကုလားမတောင်ကို ရောက်ဖို့ကနီးနေပြီ။ တောရှောက်ပင်တွေကတခြားနေရာတွေမှာ မတွေ့။ ကုလားမတောင်မှာဆို ရှာစရာမလို၊ လမ်းဘေးနားမှာ အစီအရီပေါက်လျက် ရှိ၏။

ထို့ကြောင့် ကုလားမတောင်ကိုသာအားတင်း၍ တက်လာခဲ့လေသည်။ ကျောက်ညုပ်တောင်ထိပ်သို့ ရောက်လာတော့ မိုးဖွဲလေးတွေ ရွာချလာ၏။ လေကလည်း တိုက်ခတ်လာသည်။ မကြာမီ မိုးရွာချတော့မည် ဆိုတာကိုဦးပြုံး သိလိုက်ရသည်။

ထို့နောက် အသင့်ပါလာသော မိုးကာအင်္ကျီကို ဝတ်လိုက်လေသည်။ မကြာမီ မိုးသီးမိုးပေါက်များ ခြွေကျလာတော့၏။ တောင်ခိုးတွေလည်း မှောင်ကျလာသည်။ ဘာကိုမှ မမြင်ရတော့ပေ။

လေတိုက်ဒဏ်ကြောင့် ဦးပြုံးတစ်ယောက် ချမ်းတုန်လာသည်။ အသက်ကလည်း ငါးဆယ်ကျော်ပြီမို့ အအေးဒဏ်ကို ခံနိုင်ရည်မရှိတော့။ ထို့ကြောင့်ကျောက်ဂူတစ်လုံး ရရှိစေရေးအတွက်လိုက်ကြည့်နေ၏။ တစ်ကိုယ်စာ ဂူငယ်လေးတစ်လုံး တွေ့လိုက်ရသည့်အတွက် အဆင်ပြေသွားသည်။

အချမ်းပြေ ပွတ်ချွန်းတစ်လိပ် မီးညှိလိုက်ပြီး ခပ်ပြင်းပြင်းရှိုက်၏။ ဖွာလိုက်၏။ အနွေးဓာတ် ရလာသည်။ မိုးကတော့ ကောင်းနေဆဲ။ ဒီအတိုင်း ဆက်ထိုင်နေ၍တော့မဖြစ်။ အချိန်က ရှိသေးသည်။

နံနက်က အိမ်မှ ထွက်ခဲ့တာ ခြောက်နာရီ။ ငါးထပ်ကြီးမွှောရုံမှာ မိုးရွာနိုးထိုင်စောင့်တာက နာရီဝက်ခန့်။ ယခုကုလားမတောင်ကို ရောက်လာခဲ့သည့်အချိန်ကို ဦးပြုံး တွက်ကြည့်နေသည်။ ဆယ်နာရီကျော်ခန့် ရှိမည်ဟုတွက်၍မှန်းကြည့်သည်။

တောရှောက်မြစ်တူးမှာနှင့် ပြန်ရမည့်အချိန်ကို စဉ်းစားပြီး ''မဖြစ်သေးပါဘူး''ဟု နှုတ်မှ ဦးပြုံး ရေရွတ်၍ကျောက်ဂူထဲမှ ထွက်လာခဲ့လေသည်။

မိုးကတော့ သဲသဲမဲမဲ ရွာသွန်းချနေသည်။ ကျောက်ဂူမှ ထွက်လာပြီးဆယ့်လေး,ငါးလှမ်း အကွာတွင်တောရှောက်ပင်တစ်ပင်တွေ့၍ ဦးပြုံးသည် တူးရွင်းတိုလေးကိုကိုင်ကာတောရှောက်မြစ်များကို တူးဆွနေတော့၏။

မိုးက ကောင်းနေသည့်အတွက်မောရမှန်းမသိ။ မိုးရေကြောင့် မြေသားများ နူးအိနေသည့်အတွက် သိပ်ကြာကြာပင် မတူးလိုက်ရ။ တောရှောက်မြစ်သုံးချောင်းရ၏။

ရှေ့နားကို ဆက်သွားသည်။ တောင်ခိုးတွေက တအားကျနေသည့်အတွက်တောရှောက်ပင်ကို မနည်းရှာရသည်။ တောင်ကျရေများလည်း တဝေါဝေါစီးဆင်းလာသည်။ တောရှောက်ပင်တစ်ပင် တွေ့လေ၏။ လက်၌ကိုင်ထားသော တူးရွင်းကို မြေပေါ်စိုက်၍ ထိုင်လိုက်လေသည်။

တစ်ချက်၊ နှစ်ချက် တူးလိုက်ပြီးခေတ္တရပ်လိုက်သည်။ ရေတ်သီးစိမ်းလေး၊ ငါး၊ ဆယ်တောင့် ရေနှင့်မျောပါလာသည်ကို တွေ့လိုက်ရသဖြင့်ကောက်ယူထားလိုက်သည်။ ရေတ်သီးတောင့်ကိုကြည့်ပြီး ဦးပြုံးတစ်ယောက်တွေးနေမိသည်။ စိတ်ထဲမှာလည်းကောက်ချက်ချနေမိ၏။

'ကုလားမတောင်ပေါ်မှာ ရေတ်ပင် ဘယ်သူစိုက်ထားပါလိမ့်'

အပေါ်ယံတွင် တောင်ယာခြံများရှိနေသည်လား၊ သိလိုစိတ်ဖြင့် တူးလက်စအလုပ်ကို ရပ်နားပြီး တောင်ကျရေစီးကျလာသော ရေစီးကြောင်းကိုနောက်ယောင်ခံ၍ လိုက်ကြည့်၏။

တော်တော်ဝေးဝေး ရောက်လာသည်။ ရှေ့၌ တောင်ကုန်းကြီးသာ

www.burmeseclassic.com

# ပြောမယ့် ကြဖူးမှာသိ (၂)

အင်ကြင်း (ကသာ)



၁၉၈၂ ခုနှစ်၊ အထက်မြန်မာနိုင်ငံ ခရိုင်ဆေးရုံကြီးတစ်ရုံတွင် လက်ထောက်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်ပါသည်။ ထိုဆေးရုံကြီးသို့ ရောက်ရှိသည်မှ (၅)နှစ် တင်းတင်းပြည့်ခဲ့ပြီ ဖြစ်ပါသည်။

ထိုစဉ်က ဆေးရုံကြီးမှာ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်ဟူ၍ နှစ်ဆောင်သာ ရှိပါသည်။ ညတာဝန်ကျ ဆရာဝန်၊ ဆရာမအခန်းများသည် ဆေးရုံတံခါးမကြီးမှ ဝင်ဝင်ချင်း ဝဲ,ယာ တစ်ဖက်တစ်ချက်တွင် ရှိပါသည်။ ည ဒရဝမ်သည် တံခါးကြီးနှင့်ကပ်လျက် ခုံရှည်တွင် အမြဲစောင့်နေလျက် လူ အဝင်အထွက်မရှိသည့်အခါ နားနေ အိပ်စက်ခွင့် ရပါသည်။

မေလတွင် ကျွန်မသည် အမျိုးသားဆောင်၌ တာဝန်ကျပါသည်။ တစ်နေ့ နံနက်ခင်းတွင် ဗိုက်နာပြီး အော့အန်သော လူနာတစ်ဦးကို ဆွေမျိုးသားချင်းများက စောင်ပုခက်ဖြင့်ထမ်း၍ လာပို့ကြပါသည်။

တာဝန်ကျဆရာမက ဆေးရုံတက်



မှတ်တမ်း(CHART)တွင် လူနာအမည်၊ အသက်၊ နေရပ်လိပ်စာတို့ကို ရေးသွင်းရာ လူနာ၏အမည်မှာ ဦးသန်းမောင်၊ အသက်(၄၆)နှစ်၊ ညောင်ကုန်းရွာဟု သိရပါသည်။

* * *

လူနာအား ခုတင်နေရာပေးပြီးသော အခါ ကျွန်မသည် လူနာအား မေး... စမ်းသပ်ပါသည်။

'ဗိုက်နာတာ ဘယ်လောက်ကြာ... လဲ'

'တစ်ပတ်လောက် ရှိပါပြီ'



www.burmeseclassic.com

www.burmeseclassic.com

'ဘာလို့ ဒီလောက် နောက်ကျမှ လာရတာလဲ။ လူနာမှာ သွေးပေါင်ကျပြီး အရမ်းအားနည်းနေပြီ။ အဖျားလဲ (၁၀၃)တောင်ရှိတယ်'

ကျွန်မက အပြစ်တင်သံဖြင့် ပြောလိုက်မိပါသည်။

လူနာ၏ဗိုက်မှာ ဖောင်းတင်းပြီး အထိမခံနိုင်ပါ။ ခြေ၊ လက်၊ မျက်နှာတို့မှာ ရေဓာတ်ခန်းခြောက်ပြီး ပိန်ချောင်နေပါသည်။

'သူက ဝမ်းချုပ်၊ လေချုပ်ဖြစ်နေတော့ ဝမ်းနုတ်ဆေးတိုက်တယ်။ ဝမ်းချုပေးရင် သက်သာမလားလို့ ဝမ်းလဲ ချုပေးတယ်။ ဒါပေမယ့် ဝမ်းမသွားဘဲ ဝမ်းချုတဲ့အရည်တွေပဲ ပြန်ထွက်လာတယ်။ ရေငတ်လို့ ရေတိုက်လဲ အန်တယ်။ ဆီးလဲမသွားဘူး။ ငွေကြေးမပြေလည်လို့ ဆေးမြီးတိုနဲ့ သက်သာမလားလို့ ကြာသွားတာပါ ဆရာမရယ်'

အဝတ်အစားနွမ်းနွမ်းနှင့် လူနာ၏ဖနီးမှာ ရိုးသားစွာ ပြောပြရှာပါသည်။ ကျွန်မသည် လူနာကို အပြစ်မဆိုရက်တော့ဘဲ ဆက်လက် စမ်းသပ်ပါသည်။ တာဝန်ကျဝန်ထမ်းများကို လူနာအား နှာခေါင်းပိုက်၊ ဆီးပိုက်များတပ်ခိုင်းပြီး အားဖြည့်ဆေးရည်များ (DRIPS)သွင်းခိုင်းပါသည်။ လူနာသည် မျက်လုံးဟောက်ပက်ဖြင့် တာဝန်ခံဆရာဝန်ကျွန်မကို အားကိုးတကြီး ကြည့်နေပါသည်။

မေးမြန်းစမ်းသပ်ချက်အရ လူနာ၏ရောဂါမှာ အူလမ်းကြောင်းပိတ်သော ရောဂါ(INTESTINAL OBSTRUCTION)ဟု ယူဆ၍ ဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ခြင်း၊ သွေးသွင်းပေးခြင်း၊ ပဋိဇီဝဆေးများထိုးပေးခြင်း စသည်ဖြင့် ကုထုံးနည်းအတိုင်း ဆောင်ရွက်ပေးပါသည်။

လိုအပ်သည်များကို ဆောင်ရွက်ပေး



ပြီးသောအခါ ကျွန်မသည် မိမိထက်ဝါရင့်သော (SENIOR)လက်ထောက်ဆရာဝန် ဒေါက်တာဝင်းညွှန့်ကို တင်ပြပါသည်။ ဒေါက်တာဝင်းညွှန့်သည် ခွဲစိတ်ကုသမှုများကို အထူးကျွမ်းကျင်၍ ခရိုင်ဆရာဝန်ကြီး၏ လက်ရုံးတစ်ဆူ ဖြစ်ပါသည်။

လွန်ခဲ့သည့်နှစ်(၃၀)ကျော်က နယ်ဆေးရုံကြီးများတွင် အထူးကုဆရာဝန်များ မရှိသေးပါ။ ခရိုင်ဆရာဝန်ကြီးက ခွဲစိတ်မှုများကို တာဝန်ခံဆောင်ရွက်ပေးရပြီး လက်ထောက်ဆရာဝန်များက ကြီးစဉ်ငယ်လိုက်ပညာကို လက်ဆင့်ကမ်း သင်ယူကြရပါသည်။

* * *

ဒေါက်တာဝင်းညွှန့်သည် လူနာအားလိုက်လံကြည့်ရှုပေးပြီး ဓာတ်မှန်နှင့် တိုက်ဆိုင်စစ်ဆေးရာ အူကြောင်းပိတ်သည့်ရောဂါဟု အတည်ပြုပါသည်။ ယင်းနောက် လူနာ၏ဖနီးနှင့် အစ်ကိုတော်သူအား ဆရာဝန်စားပွဲရှိရာသို့ ခေါ်ယူ ဆွေးနွေးပါသည်။

'ခင်ဗျားတို့လူနာက အူကြောင်းပိတ်တဲ့ရောဂါပဲ။ ဗိုက်ဖွင့်ကြည့်ပြီး ပိတ်နေတာကို ပွင့်သွားအောင် လုပ်ပေးရမယ်။ ပိတ်နေတာကြာလို့ အူပုပ်နေရင်လဲ ပုပ်တဲ့အစိတ်အပိုင်းကို ဖြတ်တောက်ပြီး ပြန်ဆက်ပေးရမယ်။ ဒါပေမယ့် လက်ရှိအနေအထားအရ လူနာက သိပ်ပြီး အားနည်းနေတယ်။ ခွဲစိတ်မှုကို မခံနိုင်သေးဘူး။ အဖျားတက်နေတဲ့ အချက်ကလဲ မကောင်းဘူး။ ဒါကြောင့် ချက်ချင်းမခွဲသေးဘဲနဲ့ လူနာရဲ့ အခြေအနေကို စောင့်ကြည့်ရဦးမယ်'

'လိုအပ်တာ အမိန့်ရှိပါ ဆရာ။ သွေးလိုရင် လှူမယ့်သူတွေလဲ ကျွန်တော်တို့ ခေါ်လာပါတယ်'

လူနာ၏အစ်ကိုက ပြောပါသည်။

လူနာ၏ဖနီးသည်ကမူ တုန်တုန်ယင်ယင်ဖြင့်

'ခွဲမှပျောက်မယ်ဆိုရင်လဲ မြန်မြန်ခွဲပေးပါ ဆရာရယ်။ ကျွန်မတို့ကတော့ ဘာမှနားမလည်လို့လဲ ဒီလောက် ဖြစ်သွားရတာပါ'

'ကျွန်တော့်အထက်မှာ ခရိုင်ဆရာဝန်ကြီးရှိပါသေးတယ်။ ကျွန်တော်သူ့ကို တင်ပြပေးပါမယ်။ အခုထက်ပိုပြီး အခြေအနေတိုးတက်လာမှ ခွဲစိတ်ဖို့ စဉ်းစားကြတာပေါ့ဗျာ'

* * *

ဒေါက်တာဝင်းညွှန့်သည် လူနာ၏ဆေးရုံတက် မှတ်တမ်းစာရွက်နှင့် ဓာတ်မှန်ကိုယူ၍ ခရိုင်ဆရာဝန်ကြီးထံ သွားရောက် တင်ပြပါသည်။

ဆရာဝန်ကြီး လာရောက်ကြည့်ရှုသောအခါ လူနာ၏အစ်ကိုက ဆရာဝန်ကြီးကို အရဲစွန့်၍ ပြောပါသည်။

'ကျွန်တော်တို့ အားကိုးပါတယ် ဆရာကြီးရယ်။ လူနာရဲ့အသက်ကို ဆရာကြီးကို အပ်ပါတယ်။ သူ့အတ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ အစွမ်းကုန် ဆောင်ရွက်ပေးချင်ပါတယ်။ ခွဲရမယ်ဆိုရင်လဲ ခွဲသာ ခွဲပါ။ ပျောက်တာ မပျောက်တာကတော့ သူ့ကံအတိုင်းပါပဲ'

လူနာ၏ဖနီးမှာ မျက်နှာအောက်ချ၍ လူနာ၏ခြေဖဝါးများကို ဆုပ်နယ်လျက် ဆရာဝန်ကြီး၏ ဆုံးဖြတ်ချက်ကို ငံ့လင့်နေပါသည်။ စကားတစ်ခွန်းမှတော့ ထွက်မလာ။ ပြောရဲဟန်လည်း မတူပါ။

လူနာ၏ မျက်လုံးများကတော့ သေရေးရှင်ရေး မိမိကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ဆရာဝန်ကြီး၏ မျက်နှာမှ မခွာ။

'ကျွန်တော့်ကို ခွဲပေးပါ ဆရာကြီးရယ်'

လူနာက အားနည်းဖျော့တော့သော အသံဖြင့် တောင်းဆိုပါသည်။

'ခွဲစိတ်မှုခံနိုင်အောင် အားမွေးလိုက်ပါဦး။ ဟုတ်ပြီလား'

ဆရာကြီးသည် လူနာကို ကြင်နာစွာ ကြည့်ပြီး အားပေးပါသည်။

သူ၏အတွေ့အကြုံအရ လူနာ၏ အခြေအနေမှာ ''အလာကောင်းပေမယ့် အခါနှောင်းပြီ''ဆိုသလိုမျိုး။

ပြီးလျှင် ဆရာဝန်ကြီးသည် ဒေါက်တာဝင်းညွှန့်ကို မှာကြားပါသည်။

'လူနာကို အားမွေးဖို့ အချိန်ပေးပြီး နေ့လယ်ပိုင်းမှ ထပ်ကြည့်ကြတာပေါ့ဗျာ။ လူနာရှင်တွေ သိပ်ပြီး ဆန္ဒပြင်းပြနေပေမယ့် မေ့ဆေးပေးနိုင်ဖို့ ပရက်ရှာ (BLOOD PRESSURE သွေးပေါင်ချိန်) တက်အောင်တော့ စောင့်ရမှာပဲ။ ကျွန်တော်က ဒီနေ့ မတက်မဖြစ်တဲ့ အစည်းအဝေးရှိနေတယ်။ ကိုဝင်းညွှန့်ဆက်ပြီး ဆောင်ရွက်လိုက်ပါ။ ခွဲမယ်ဆိုရင် လူနာရှင်တွေရဲ့ သဘောတူညီချက်ကို သေချာအောင်ရယူပါ။ သူတို့



မျှော်လင့်သလို ဖြစ်မလာရင် မကောင်းဘူး'

ကျွန်မသည် လူနာကို အားပေးစကားပြောပြီး မွန်းတည့်(၁၂)နာရီတွင် ထမင်းစားဆင်းခဲ့ပါသည်။

* * *

ကျွန်မသည် လူနာ၏ အခြေအနေကို ကြိုတင်စစ်ဆေး၍ ဒေါက်တာဝင်းညွှန့်အား တင်ပြနိုင်ရန် နေ့(၁)နာရီအချိန်တွင် ဆေးရုံသို့ ပြန်လည် ရောက်ရှိခဲ့ပါသည်။ လူနာသည် သွေးနှင့် ဆေးရည်များ သွင်းထားသဖြင့် အနည်းငယ် လန်းဆန်းလာပါသည်။

နေ့(၂)နာရီအချိန်တွင် ဒေါက်တာဝင်းညွှန့်ရောက်ရှိလာ၍ ကျွန်မက လူနာအခြေအနေကို တင်ပြပါသည်။

'ပရက်ရှာက (၁၀၅/၇၀)ရှိပါတယ်။ ဆပ်ရှင်(SUCTION နှာခေါင်းပိုက်မှ အရည်စုတ်ထုတ်ခြင်း)လဲ အများကြီးထွက်တယ်။ သူတို့ကတော့ ခွဲပေးဖို့ပဲ ပြောနေတယ် ဆရာ'

ဒေါက်တာဝင်းညွှန့်သည် လူနာကို ကြည့်ရှုစစ်ဆေးပြီး ကျွန်မတို့နှင့် ဆွေးနွေးပါသည်။

'ပုံမှန် သွေးပေါင်ချိန်အထိတော့ တက်နိုင်မှာ မဟုတ်ဘူး။ ဒီလောက်နဲ့ပဲ ခွဲခန်းသွင်းရမယ်ထင်တယ်။ မခွဲပေးရင်လဲ လူနာရှင်တွေ ကျေနပ်မှာ မဟုတ်ဘူး။ မေ့ဆေးကို အတတ်နိုင်ဆုံး လျှော့ပေးပြီး အမြန်ဆုံး လုပ်ရမှာပေါ့ဗျာ။ အွန်သယ်တေဘယ်လ်(ON THE TABLE ခွဲစိတ်မှုမပြီးမီ ခွဲခုတင်ပေါ်၌ လူနာသေဆုံးခြင်း)တော့ ကျွန်တော်ကြောက်တယ်'

ဆရာဝန်အားလုံးသည် ဤကဲ့သို့ဖြစ်မှာကို မလိုလားကြပါ။

ဒေါက်တာဝင်းညွှန့်သည် ခွဲစိတ်မှုအန္တရာယ်များကို ရှင်းပြပြီး လူနာရှင်များ၏ သဘောထားကို ထပ်မံတောင်းခံပါသည်။

'ကျွန်တော်တို့ကတော့ ဆုံးဖြတ်ပြီးသားပါ ဆရာ။ ဒီအတိုင်းထားလဲ သေမယ့်အချိန်ကို စောင့်နေရတာနဲ့ အတူတူပါပဲ။ သေလဲဆရာတို့လက်ထဲ၊ ရှင်လဲ ဆရာတို့လက်ထဲ လူနာကလဲ ဒီအတိုင်းပဲ ဆန္ဒရှိပါတယ် ဆရာ'

လူနာဦးသန်းမောင်၏အစ်ကိုက ခွဲပေးစေလိုသည့်သဘောဖြင့် အားတက်သရော ပြောပါသည်။

ဒေါက်တာဝင်းညွှန့်သည် ဦးသန်းမောင်အား ခွဲစိတ်ကုသပေးရန် ခဲခဲယဉ်းယဉ်း စဉ်းစားဆုံးဖြတ်ပြီး နေ့(၃)နာရီအချိန်တွင် လူနာကို ခွဲစိတ်ခန်းအတွင်းသို့ သွင်းခဲ့ကြပါသည်။

ကျွန်မသည် မေ့ဆေးတာဝန်ယူရပြီး ဒေါက်တာဝင်းညွှန့်က ကျွမ်းကျင်စွာ အမြန်ဆုံး ခွဲစိတ်ကုသပေးပါသည်။ သို့သော် ကံကြမ္မာသည် ဦးသန်းမောင်ဘက်တွင် ရှိမနေပါ။ ကျွန်မတို့ စိုးရိမ်သည့်အတိုင်း ခွဲစိတ်မှုပြီးလုနီးတွင် ခွဲခုတင်ပေါ်၌ ဦးသန်းမောင် သေဆုံးခဲ့ပါသည်။

* * *

ထိုနေ့ညတွင် ကျွန်မသည် ညဂျူတီကျ၍ အရေးကြီးလူနာများကို ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com

စစ်ဆေးပြီး (၁၀)နာရီခန့်တွင် မီးပိတ်၍ အိပ်ရာဝင်ခဲ့ပါသည်။ အနန္တောအနန္တ ငါးပါးကို ဝတ္တရားမပျက် ဦးချသော်လည်း တစ်နေ့လုံး ပင်ပန်းသဖြင့် ရွတ်ဖတ်သရဇ္ဈာယ်မှုကိုတော့ မပြုခဲ့ပါ။

(၁၀)လအရွယ် သမီးငယ်ကို ကျွန်မ၏ ယာဘက်တွင် သိပ်ထားပြီး ကျွန်မအသုံးပြုနေကျ နှစ်ခဲထိုးဓာတ်မီးကို သမီး၏ ခေါင်းရင်းတွင်ထားပါသည်။

'ဝုတ် ဝုတ် ဝုတ်'

သတိလက်လွတ် အိပ်ပျော်သွားခဲ့သော ကျွန်မသည် ဆေးရုံရှေ့လမ်းပေါ်မှ ထိုးဟောင်လိုက်သော ခွေးဟောင်သံကြောင့် နိုးလာခဲ့ပါသည်။ ကျွန်မသည် တိတ်ဆိတ်သော ညဉ့်ယံ၌ ထွက်ပေါ်လာသော ခွေးဟောင်သံကို နားစိုက်မိရင်း ထူးခြားသော ခံစားမှုတစ်မျိုး ရရှိလာပါသည်။

ဆေးရုံအနီးတစ်ဝိုက်တွင် ရှိသော ခွေးများသည် လူများကို ဟောင်လေ့၊ ကိုက်လေ့ မရှိကြပါ။ ဆေးရုံသည် လူအများ ဝင်ထွက်သွားလာနေသော နေရာဖြစ်၍ သူတို့အဖို့ ရိုးနေပြီ ဖြစ်ပါသည်။ ယခုဟောင်သည့်အသံမှာ တစ်မူထူးသလိုပင်။

ညဂျူတီ ဆရာဝန်အခန်းသည် အလုပ်စားပွဲရှိရာ၌ အပြင်တံခါး၊ အိပ်ခန်းအဝင်၌ အတွင်းတံခါး၊ တံခါးနှစ်ထပ် ရှိပါသည်။ ညအိပ်လျှင် အပြင်တံခါးကို အပေါ် မင်းတုပ်ထိုးပြီး အတွင်းတံခါးကိုတော့ စေ့ရုံသာ စေ့ထားပါသည်။

ကျွန်မသည် ပက်လက်အနေအထားဖြင့် လက်နှစ်ဖက် ဘေးချလျက်ရှိပြီး အရိပ်အယောင်တစ်ခုသည် စေ့ထားသော တံခါးကို ဖွင့်လျက်ဝင်လာသည်ကို သိရှိရပါသည်။ ပြီးလျှင် ကျွန်မ၏ ဘေးမှ ခေါင်းရင်းဘက်သို့ ရောက်ရှိ



လာပြီး စာရေးစက္ကူအသစ်ကို ခေါက်လိုက်၊ ခြေလိုက် ဆော့ကစားနေသကဲ့သို့ ချွီးချွီးချွတ်ချွတ်အသံများကို ကြားရပါသည်။

အသံများသည် ခေါင်းရင်းမှ ဘေးသို့၊ ဘေးမှ ခြေရင်းဘက်သို့ တစ်ဖန် ခြေရင်းဘက်မှ ခေါင်းရင်းဘက်သို့ အခေါက်ခေါက်အပြန်ပြန် တချွတ်ချွတ် ကြားနေရပါသည်။

အမှောင်ထဲတွင် ဤကဲ့သို့ ကြားနေရပြီး ကျွန်မသည် မလှုပ်မယှက် အသက်တောင် မရှူဟု ထင်မိပါသည်။ နှလုံးသည် အပြင်သို့ ခုန်ထွက်မတတ် မြင်းပြေးသည့်အလား တဒိန်းဒိန်းဖြင့် ကြမ်းတမ်းစွာ ခုန်လျက် လှုပ်ရှားဖို့လဲ သတိမရ၊ အော်ဟစ်အကူအညီ တောင်းဖို့လဲ အကြံမရ၊ ဘာကိုမှလည်း မစဉ်းစားနိုင်၊ အင်အားတစ်ခုသည် ကျွန်မ၏ စိတ်နှလုံးကို လွှမ်းမိုး ဖိစီးထားသကဲ့သို့ အခိုက်အတန့်မျှ အသိစိတ်ပျောက်သလို ဖြစ်နေခဲ့ပါသည်။

ခဏကြာလျှင် သမီး၏ ခေါင်းရင်းရှိ လက်နှိပ်ဓာတ်မီးသည် ဖျတ်ခနဲ လင်းသွားခဲ့ပါသည်။ ပြီးလျှင် တစ်စုံတစ်ရာသည် ပွင့်ဟနေသော တံခါးမှ ပြန်လည်ထွက်ခွာသွားပြီး ချွတ်ချွတ်အသံများလည်း ပျောက်သွားခဲ့ပါသည်။

ထိုအခါမှ ကျွန်မသည် အသက်ဝင်လာသကဲ့သို့ ဝေါက်ခနဲ ထထိုင်ပြီး မီးခလုတ်ဖွင့်ပါသည်။ ထို့နောက် အပြင်တံခါးမင်းတုပ်ကို ကပျာကယာဖွင့်၍ ဒရဝမ်ကို ခေါ်ပါသည်။

'ဇော်အောင်...ဇော်အောင်'

ကျွန်မ၏အသံသည် ထိတ်လန့်တုန်လှုပ်မှုဖြင့် ကျယ်လောင်သွားပါသည်။ ဇော်အောင်သာမက တာဝန်ကျဆရာမနှင့် အခြားဝန်ထမ်းများပါ နိုး၍ ကျွန်မအနီးသို့ ရောက်ရှိလာကြပါသည်။

'ငါ့ကို တစ္ဆေခြောက်တာ၊ ငါ့ကို တစ္ဆေခြောက်တာ သိပ်ကြောက်စရာကောင်းတာပဲ။ တစ်ခါမှ မကြုံဖူးဘူး'

ကျွန်မ၏အမူအရာမှာ ကြောက်ရွံ့မှုဖြင့် မျက်ရည်များဝိုင်း၍ ပြူးပြူးပျာပျာ ဖြစ်နေပါသည်။

'ဟင် ဆရာ့သမီးလေးရော'

ညဂျူတီအလုပ်သမား ပုစူးမက သတိတရမေးပြီး အခန်းထဲ ဝင်ကြည့်ပါသည်။

သမီးမှာ နှစ်ခြိုက်စွာ အိပ်မောကျနေပါသည်။ ဘာမှမဖြစ်ပါ။ သမီး၏ ခေါင်းရင်းရှိ လက်နှိပ်ဓာတ်မီးမှာ အနေအထားမပျက် မီးလင်းလျက်သား။

'ကလေးက အိပ်နေတာပဲ။ ဘာမှ မဖြစ်ဘူး။ ဆရာ့ကိုပဲ ခြောက်တာနေမှာ'

'ဆရာ့ဓာတ်မီးက ဖွင့်လျက်ကြီး'

ကျွန်မသည် ညဂျူတီအဖွဲ့သားများကို ဖြစ်ကြောင်းကုန်စင် ပြောပြပါသည်။

'ဆရာနေ့ခင်းက လူနာကို စိတ်စွဲလို့ ဖြစ်တာနေမှာ'

ညဂျူတီ ဆရာမဒေါ်ချိုချိုက ပြောပါသည်။

'တစ္ဆေခြောက်ရင် အခြောက်ခံရတဲ့သူပဲ သိတာ၊ မဆိုင်တဲ့သူက ဘာမှ မဖြစ်ဘူးတဲ့'

'ထမင်းစေ့ကို နင်းမိရင်လဲ ထမင်းလုံးတစ္ဆေ ခြောက်တတ်တယ်တဲ့'

'တစ္ဆေက ဆရာ့ကို သတ္တိစမ်းတာနေမှာ ဆရာဝန်ဆိုတော့ တစ္ဆေ မကြောက်ဘူးလားလို့'

'ဆရာကြောက်ကြောက်နဲ့ ဓာတ်မီး



www.burmeseclassic.com

www.burmeseclassic.com

ထိုးပြီး ကိုယ့်ဟာကိုယ် မေ့နေတာ ဖြစ်မယ်'

လုပ်ဖော်ကိုင်ဖက်များက ကြားဖူးနားဝ ရှိသမျှ တစ်ယောက်တစ်ပေါက် ပြော ဆိုနေကြပါသည်။

'ငါ ဒီဆေးရုံမှာ အလုပ်လုပ်တာ(၅) နှစ်ရှိပြီ။ ဒါမျိုး တစ်ခါမှ မဖြစ်ဖူးဘူး။ ငါ့တစ်ကိုယ်လုံး မလှုပ်နိုင်တဲ့ဟာ ဘယ် လိုလုပ် ဓာတ်မီးကို ယူပြီးထိုးမှာလဲ'

သူများယုံတာ မယုံတာ အကြောင်း မဟုတ်ပါ။ ကျွန်မသည် ထိုညမှစ၍ မီးပိတ်ပြီး မအိပ်ရဲတော့သည့်အပြင် ပူစူးမကို အိပ်ဖော်ခေါ်၍ အိပ်ရပါတော့ သည်။ ညစဉ် ရွတ်ဖတ်သရဇ္ဈာယ်မှုကို လည်း မပျက်ရဲတော့ပါ။

ကျွန်မအနေဖြင့် ခန္ဓာကိုယ်ပင်ပန်းမှု ဒဏ်ကို အတော်အသင့် ခံနိုင်သော်လည်း စိတ်တုန်လှုပ် ချောက်ချားရ သော ဤဖြစ်ရပ်မျိုးကိုမူ ထပ်မံ၍ မရင်ဆိုင်ရဲတော့ပါ။

* * *

ကျွန်မတို့သည် ဆေးပညာသင်ယူစဉ်ကပင် လူသေအလောင်းများကို ခွဲ၍ ပညာသင်ယူခဲ့ကြပါသည်။ လူသေ အလောင်းအမျိုးမျိုးကိုလည်း တာဝန် အရ ခွဲစိတ်ကြရပါသည်။ ဆေးရုံတွင် သေဆုံးမှုများကိုလည်း နေ့နေ့ညည ကြုံတွေ့ကြရပါသည်။ တာဝန်ပြီးလျှင် လက်ဆေး၍ ထမင်းစားနိုင်ကြပါသည်။ စွဲလမ်းမှု၊ ကြောက်ရွံ့မှုမရှိဘဲ ပြီးပြီး ပျောက်ပျောက် ဖြစ်သွားပါသည်။

လူနာဦးသန်းမောင် သေဆုံးသည့် နေ့တွင် တိုက်ဆိုင်စွာ ကြုံတွေ့ရသော ဤဖြစ်ရပ်ကို ဦးသန်းမောင်သည် မေ့ ဆေးပေးသော ကျွန်မကို မကျေနပ်၍ ခြောက်လှန့်သည်ဟု စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

နောက်ပိုင်းတွင် ဘာသာရေးစာပေ များ ဖတ်ရှုလေ့လာရသောအခါ ကျွန်မ အတွေးများ ပြောင်းလဲခဲ့ပါသည်။ ဦးသန်းမောင်၏ဝိညာဉ်သည် ကျွန်မကို မကျေနပ်၍ ခြောက်လှန့်ခြင်း မဟုတ်ဘဲ သူ့အား အနီးကပ် ကြည့်ရှုပေးခဲ့သော ကျွန်မက သူ့ကို မေတ္တာပို့ အမျှဝေစေ လို၍ ဖြစ်နိုင်သည်ဟု တွေးမိခဲ့ပါသည်။

အကြောင်းတိုက်ဆိုင်၍ ဤဖြစ်ရပ် ကို အခြားသူများအား ပြောပြသော အခါ တစ္ဆေကို ယုံကြည်သူအချို့ သော်လည်း **"တစ္ဆေကတော့ ဓာတ် မီးခလုတ် မဖွင့်ဘူး ထင်တယ်"**ဟု ပြောကြပါသည်။

ဤကဲ့သို့ ထူးခြားဖြစ်စဉ်များသည် လူတိုင်း အမြဲတစေ ကြုံတွေ့ရသည် မဟုတ်၍ မယုံသူများကို အပြစ်မဆိုလို ပါ။

မည်သို့ဖြစ်စေ၊ ကျွန်မမှာ လုပ်ကြ လီဆယ်ရန်အကြောင်းလည်း မရှိ၍ **"ပြောမယုံ ကြုံဖူးမှသိကြပါမည်"** ဟူ၍သာ...။

***အဖြစ်မှန်ကို အမည်များ ပြောင်း၍ ရေးပါသည်။***

**အင်ကြင်း(ကသာ)**

စာမျက်နှာ (၂၆၇)မှ အဆက်

တော့သည်။ ငရုတ်သီးတောင့်တွေ ဘယ်က မျောလာပါလိမ့် ထိုမေးခွန်းကို သာ ဦးပြုံးစိတ်ထဲတွင် အပြန်ပြန်မေး နေမိသည်။

မျက်နှာမူထားသော တောင်ကုန်း ကို ကြည့်လိုက်သည်။ လုံးပတ် လေးတောင်ခန့် ထီးထီးမားမားကြီး ပေါက်နေသော သစ်ပင်ကြီးတစ်ပင်သာ တွေ့ရသည်။ ကျန် ဘာပင်မှ မတွေ့။

ထိုတောင်ကုန်းပေါ်သို့ ဦးပြုံးတက် သွားသည်။ သစ်ပင်ကြီးအောက် ရောက်တော့ ငရုတ်သီးတောင့်များကို ဟိုတစ်စု၊ ဒီတစ်စု ပုံနေတာကို တွေ့လိုက်ရလေသည်။ ငရုတ်သီးတစ် တောင့်ကို ကောက်ယူပြီး ကိုက်ကြည့် လိုက်လေသည်။ ထွီးခနဲ ထွေးလိုက်၏။ တော်တော်စပ်သော ငရုတ်မိုးမျှော်ပါ လား။

ထူးတော့ ထူးဆန်းနေသည်။ လူသူ အသွားအလာ ကျဲပါးသော တောကြီး မျက်မည်းထဲ၌ ငရုတ်သီးမိုးမျှော်တောင့် တွေ မြင်တွေ့နေရသည်က ဆန်းတော့ ဆန်းကြယ်နေသည်။ အပင်ကိုလည်း ရှာမတွေ့။ ငရုတ်ပင်မှာ အမြင့်ဆုံးရှိမှ သုံးပေ၊ ယခု ဤတောင်ကုန်းပေါ်မှာ အပင်ဆို၍ ထီးထီးမားမား သစ်ပင်ကြီး တစ်ပင်သာရှိ၏။

ငရုတ်သီးတောင့်များကို ဦးပြုံး လိုက်ကောက်နေသည်။ မိုးကလည်း သဲသဲမဲမဲ ရွာနေဆဲ။ လေတစ်ချက် ခပ်ကြမ်းကြမ်းဝှေ့ယမ်း တိုက်ခတ်လိုက် သည်။ ထိုအခါ ဦးပြုံးခေါင်းပေါ်သို့ တစ်ပေါက်ပေါက်ဖြင့် ပြုတ်ကျလာကြ သော အရာများကို မြေပေါ်ရောက်၍ ကြည့်လိုက်လေ၏။

'ဟင် ငရုတ်သီးတောင့်တွေပါလား' အာမေဋိတ်သံနှင့်အတူ ဦးပြုံး ပိုမို အံ့ဩသွားရပြီ။ အပင်ကြီးကို မော့ ကြည့်မိ၏။ ခေါင်းတမော့အဆုံး ကြည့် ရ၏။ အကိုင်းအလက်က အောက်ခြေ တွင်မရှိ။

ထိပ်ဖျား၌သာ အကိုင်းခက်များ ဖွဲ့စည်းထားလေသည်။ ရှင်းရှင်းပြော ပြတ် ဘာကိုမျှ မတွေ့ရ၊ မိုးကလည်း ရွာ၊ တောင်နိုးတွေကလည်း ကျနေသည့် အတွက် ဘာပင်မှန်း မသိခဲ့ရပေ။

ထိုငရုတ်သီးများကို တစ်ဘူးနီးပါး ရွာသို့ယူလာခဲ့သည်။ ထိုအဖြစ်အပျက် သည် ကြာတော့ကြာခဲ့ပါပြီ။ ကုလား တောင်ပေါ်၌ ငရုတ်ပင် တကယ်ရှိ မရှိ ဆိုတာ စာဖတ်ပရိသတ်များ အနေဖြင့် ဤဆောင်းပါးကိုဖတ်ပြီး အဖြေထုတ် နိုင်လိမ့်မည်ဟု စာရေးသူအနေဖြင့် မျှော်လင့်မိပါသည်။

**ဒဿတင်ရွှေ**



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တင်
(ညောင်လေးပင်)

ပိတောက်စွဲတဲ့

# သရဲနောက်ပိုး

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တွင် ''ငွေလုံ''ဟုခေါ်သော ရှေးဆန်ဆန်နာမည်နှင့် ရပ်ကွက်ကြီးတစ်ခုရှိသည်။ ထိုရပ်ကွက်တွင် ကျယ်ဝန်းသော ခြံကြီးနှင့် ရှေးဟောင်းအိမ်ကြီးတစ်လုံး ရှိလေသည်။

ထိုအိမ်ကြီး၏ ရှေ့တည့်တည့်တွင် အလွန်အိုမင်းနေပြီဖြစ်သော ဖု၊ ထစ်၊ ချုတ်တွခြင်းတို့နှင့် ဖွဲ့စည်းထားသည့် ပိတောက်ပင်ကြီးတစ်ပင် ရှိသည်။

ပိတောက်ပင်ကြီးမှာ အရွက်၊ အကိုင်း၊ အခက်တို့နှင့် သိပ်သိပ်သည်းသည်းရှိသည်။ မခုတ်မထွင်ဘဲ ထားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်သောကြောင့် အလွန်အေးမြသော အရိပ်အာဝါသကို ဖြစ်စေလျက် ရှေးဟောင်းအိမ်ကြီးကို ထီးကြီး မိုးထားသလို အလှဆင်ထားသည်။

ပိတောက်ပင်ကြီးနှင့် အိမ်ကြီးမှာ လိုက်ဖက်ပြီး ခမ်းနားထည်ဝါလျက်ရှိပါသော်လည်း ထိုအိမ်ကြီး၌ ဆင်းရဲနွမ်းပါးသော ဆိုက်ကားဆရာ ကိုခင်ဦးနှင့် ကုန်စိမ်းရောင်းသူ မစံပယ်တို့ နေထိုင်ကြသည်။

သူတို့ဇနီးမောင်နှံတွင် သားငယ်နှင့် သမီးငယ်တို့လည်း ရှိကြသည်။ ထိုအိမ်ကြီးသို့ သူတို့မိသားစု ရောက်လာပုံကလည်း ခပ်ဆန်းဆန်းဖြစ်သည်။

ရှေးဟောင်းအိမ်ကြီးမှာ သရဲခြောက်သည်ဟု နာမည်ကြီးသည်။ အိမ်ရှင်တို့ မနေရဲ၍ အိမ်ငှားထားကြသည်။ အိမ်ငှားများလည်း တစ်ယောက်ပြီးတစ်ယောက် ပြောင်းပြေးကြသည်။ အိမ်ကြီးတွင် အိမ်စောင့်၊ ခြံစောင့်ပင် မရှိအောင် ဖြစ်လေသည်။

ထိုအခြေအနေတွင် နေထိုင်စရာမရှိ၍ သောကရောက်နေသော ကိုခင်ဦးတို့မိသားစု အကွက်ဆိုက်သွားသည်။ သူရော သူ၏ဇနီး မစံပယ်တို့ပါ သရဲတစ္ဆေ မကြောက်တတ်ကြပါ။ ဤသို့ဖြင့် ထိုခြံ၊ ထိုအိမ်ကြီးသို့ ခြံစောင့်၊ အိမ်စောင့်အဖြစ် အခမဲ့ နေထိုင်ခွင့် ရခဲ့ကြသည်။

အိမ်ကြီးမှာ နှစ်ထပ်ရှေးဟောင်း အိမ်ကြီးအိမ်ပေါ်ထပ်ကို အမြဲပိတ်ထားသည်။ အိမ်အောက်ထပ်၌ သူတို့မိသားစုကို နေထိုင်ရန် အိမ်ရှင်က ခွင့်ပြုခဲ့သည်။

သူတို့ ပျော်သလောက်နေနိုင်သည်။ အိမ်ရောင်းရလျှင်တော့ ဖယ်ပေးပါမည်ဟု ကတိစကား ပြောထားရသည်။





www.burmeseclassic.com

www.burmeseclassic.com

ရေချိုးချင်သူ ရေချိုးဆိပ်နှင့် တိုးသလို ကိုခင်ဦးတို့မိသားစု အိမ်ကြီး၌ ပျော်ရွှင်စွာ နေခဲ့ကြသည်။


ဆိုက်ကားဆရာ ကိုခင်ဦးက ဆိုက်ကားနင်း၊ ဇနီးသည် မစံပယ်က နံနက်တိုင်း ကုန်စိမ်းတန်းတွင် ဈေးရောင်း၊ သမီးကြီး ရွှေယမင်းနှင့် သားငယ် ဇော်ထက်တို့က အိမ်နှင့် မနီးမဝေးရှိ မူလတန်းကျောင်းကလေးတွင် ကျောင်းတက်ကြနှင့် အဆင်ကိုပြေနေသည်။

မစံပယ် ခြံကြီးထဲသို့ ရောက်လာခါစက ရေနံချေးသုတ်ထားသဖြင့် မည်းမှောင်နေသော အိမ်ကြီးနှင့် ပိတောက်ပင်ကြီးကို ငေးကြည့်ရင်း လွမ်းသလို ဆွေးသလို ခံစားမိသည်။ ယခင်အခါက မိမိ နေထိုင်ဖူးသလိုလို ခံစားနေမိသည်။

ပြီးမှ ခေါင်းကို ယမ်းခါရင်း မိမိ၏ အတွေးကို ငြင်းဆန်လိုက်သည်။ ''တန်ရာတန်ရာ တွေးစမ်းပါ မိစံပယ်ရယ်''ဟု စိတ်ထဲက ပြောမိသည်။ ခက်သည်မှာ ခြံကြီးထဲ၌ ပေါက်ရောက်နေသော သရက်၊ ပိန္နဲ၊ မာလကာပင်ကြီးများကိုပါ သူ မှတ်မိနေသလိုလို ရှိခြင်းပင်။

အဆိုးဆုံးမှာ လသာသော ညများနှင့် ဆိပ်ဖလူးပန်းတို့၏ သင်းပျံ့သော ရနံ့များပါတည်း။ ထိုညများတွင် ဘာရယ်မသိ၊ ဘယ်ကို လွမ်းလို့လွမ်းမှန်းမသိဘဲ ငိုချင်သလို ရှိတတ်ခြင်းကြောင့် ကိုယ့်ဘာသာကိုယ် အံ့သြနေမိသည်။

ဇော်ထက်ကလေးနှင့် အစ်မ ရွှေယမင်းတို့မှာ ခြံကျယ်ဝန်းကျယ်ကြီးထဲ၌ ဆော့ကစား ပျော်ပါးနေကြသည်။ သားနှင့်သမီးကိုကြည့်၍ မစံပယ် စိတ်ချမ်းသာရသည်။



ဘဝရေစက်ကြောင့် ဘာမှ မသက်ဆိုင်ဘဲ ဤအိမ်ကြီးနှင့် ခြံဝင်းကြီးထဲတွင် နေထိုင်ခွင့် ရခဲ့ခြင်း၏ ဆန်းကြယ်သော ကံတရားကို တွေးမိသည်။

ညအခါများတွင်မူ ပိတောက်ပင်ကြီးမှ ပိတောက်ကိုင်းရှည်ကြီးများသည် လက်ချောင်း၊ လက်တံရှည်ကြီးများနှင့် ရိုက်ပုတ်သကဲ့သို့ အိမ်ကြီး၏ သွပ်ခေါင်မိုးများကို လေတိုက်သောအခါများတွင် တဝုန်းဝုန်းမြည်အောင် ထိခတ်ရိုက်ပုတ်တတ်သည်။

ဤအသံများကိုပင် သရဲခြောက်သည်ဟု ထင်ကြလေသလားမသိ။ မည်သို့ဆိုပါစေ ကိုခင်ဦး၊ မစံပယ်တို့မိသားစုကတော့ မည်သည့် အဆင်း၊ အသံ၊ အနံ့မျှ မရဘဲ ငြိမ်းအေးသာယာ ပျော်ရွှင်လျက် ရှိကြသည်။

* * *

ညက မိုးနံ့ကလေး တသင်းသင်း ရှိသည်။ သင်္ကြန်ရနံ့သင်းခြင်း ဖြစ်သည်။ မိုးရွာမည်လားမသိ။ ပေါ မိုးသက်လေအေးနှင့်အတူ မိုးဖွဲကလေးများ ပိတောက်ပန်းတို့ ဖူးပွင့်လာကြတော့မည်။

မိုးရေစက်တို့ ပိတောက်ဖူးတို့ကို ထိနမ်းကြသည်မို့ ညဥ့်နက်ပိုင်းတွင် ပိတောက်ရနံ့တို့ တစ်ခြံလုံးကို လွှမ်းခြုံထွေးပွေ့ထားပြီ။ ရနံ့သင်းတို့သည် ခြံကြီးကိုကျော်၍ ရပ်ကွက်တစ်ခုလုံးကိုပင် သင်းတပျံ့ပျံ့ ကြိုင်စေတော့သည်။

ထူးခြားသည်မှာ အလုထူးတင့်တယ်သည့် ပိတောက်ပွင့်ကလေးများကို တစ်ဖူးတစ်ခက်မျှ ငွေလုံ ရပ်ကွက်သူ ရပ်ကွက်သားတို့က လာရောက်ခူးယူခြင်းမရှိကြ။

စွဲမက်ဖွယ် ပိတောက်ပန်းကလေးများကို အထိတ်အလန့် ရှိနေကြသည်။ ဒါကို ကိုခင်ဦးရော၊ မစံပယ်ပါ သတိပြုမိကြသည်။

'ကိုခင်ဦးရေ တော် ဒီနေ့ ဆိုက်ကား မထွက်ပါနဲ့၊ ပိတောက်ကိုင်းတွေခုတ်ပြီး ပန်းခူးရမယ်။ ရတဲ့ပန်းတွေကို ဘုရားလှူမယ်။ ပြီးတော့ ဈေးကိုပို့မယ် တော်ရေ'

ဟု ဝမ်းမြောက်ဝမ်းသာ ပြောသည်။

ကိုခင်ဦး ခါးတောင်းအမြောင်သား နှင့် ပိတောက်ကိုင်းများကို ချိုင်ချသည်။ မစံပယ်နှင့် သမီးကြီး၊ သားငယ်တို့က ပန်းများကို ခူးယူကြသည်။

ပန်းများကို စနစ်တကျ စည်းနှောင်၍ ငှက်ပျောဖက် ခင်းထားသော ခြင်းကြီးများတွင်ထည့်သည်။ ကိုခင်ဦးက သူ့ဆိုက်ကားလေးနှင့် ဈေးသို့ စော စွာပို့ပေးခဲ့သည်။

ထိုနေ့က ရိုက်စားနေ့ ငွေနှစ်သော ခွဲလောက် လျှော့ခနဲ ရလိုက်သည်။ အို... ကျေးဇူးရှင် ပိတောက်ပင်ကြီး တကား။ သူတို့မိသားစု ပျော်တပြုံး နှင့် ပိတောက်ပင်ကြီးကို ကျေးဇူး မဆုံးတော့။

ဒုတိယနေ့တွင် အစွမ်းကုန် ခဲ့ပြီးသော ပိတောက်ကြွင်းပွင့်က များကို ဆက်ခူးရသေးသည်။ ထို နံနက်က ထူးခြားသော ဖြစ်စဉ် မစံပယ် ကြုံရသည်။





www.burmeseclassic.com

www.burmeseclassic.com

ပိတောက်ပင်ကြီးနှင့် ဆက်စပ်နေခြင်းတော့ရှိသည်။ ပိတောက်ပန်းတစ်စည်းကို ငှက်ပျောဖက်စိမ်းနှင့်ထုပ်၊ နှီးကြိုးနှင့် တုပ်နှောင်ထားပြီး မိမိ၏ အိပ်ရာဘေး စားပွဲခုံလေးပေါ်တွင် အကျအန တင်ထားသည်ကို တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

'ဗိုကို ဘယ်သူကများ ပိတောက်ပန်းလက်ဆောင် လာပေးသနည်း။ ပိတောက်ပန်းစည်းရှင် ဘယ်သူလဲ'

သူမ၏ချစ်လင် ကိုခင်ဦးမှာ မိုးအေးအေးနှင့် ကွေးကွေးကလေး အိပ်ပျော်နေသည်။ **"မဟုတ်မှလွဲရော ကိုခင်ဦး ငယ်မူပြန်ပြီး ငါမသိအောင် ပိတောက်ပန်းတွေ ခူးထားတာပဲ ဖြစ်ရမယ်"**ဟု ဖြစ်နိုင်ခြေ ရှိသည်ကို တွေးမိသည်။

တစ်ကိုယ်တည်း ရှက်ပြုံးကလေး ပြုံးမိသည်။ ရင်ထဲတွင် ကြည်နူးသလိုလိုတော့ ရှိသည်။ ကြက်သီးမြမြကလေး ထသွားသည်။ ရင်ထဲက ဗိုခနဲ ခံစားရသည်။

နေအတော်မြင့်မှ ကိုခင်ဦး အိပ်ရာက နိုးသည်။ ရေနွေးကြမ်း၊ ပဲပြုတ်ဆီဆမ်းနှင့် နံနက်စာကို စီစဉ်ထားခဲ့ပြီးဖြစ်၍ အားပါးတရ ထမင်းစားနေသူ လင်တော်မောင်ကို ပိတောက်ပန်းစည်းအကြောင်း ရှက်စနိုးနှင့် မေးကြည့်သည်။

'ကိုခင်ဦး တော် ကျွန်မဖို့ ပိတောက်ပန်းတွေ ထခူးသေးလားဟင်'

ကိုခင်ဦးသည် စားလက်စ ထမင်းလုတ်ကို ဝါးရင်း မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ မစံပယ်ကို အံ့အားသင့်ကြည့်ရာမှ...

'ဘာရယ် ဘာကွ၊ မင်းကို ငါက ပိတောက်ပန်း လက်ဆောင်ပေးရမယ် ဟုတ်လား ဟား ဟား ဟား'



ဟု ပြောရင်း အဆက်မပြတ် ရယ်မောသဘောကျနေသည်။ ပြီးမှ...

'မစံပယ်ရယ် တို့များ ကလေးနှစ်ယောက်တောင် ရနေပြီ မင်းမလဲ စိတ်ကူးယဉ်တတ်ပါဘိကွာ။ ဒီပိတောက်ပန်းကို ငါ မခူးရပါဘူးကွာ။ မဟုတ်မှလွဲရော မင်းကို ဘယ်သူကများ စိတ်ဝင်တစားနဲ့ ပိတောက်ပန်းလာပေးရပါ့လိမ့်'

ဟု ပြောလေသည်။

ဟုတ်တော့ ဟုတ်သည်။ မစံပယ်လည်း ဤသို့ပင် တွေးမိပါသေးသည်။ မည်သို့ဆိုပါစေ ပိတောက်ပန်းစည်းကလေးသည် မစံပယ်၏ရင်ကို ဖိုလှိုက်မောလျစေခဲ့တာတော့ အမှန်ပင်။

ထိုစဉ် လင်တော်မောင် ကိုခင်ဦးသည် ထူးဆန်းသော ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြခဲ့သည်။

* * *

'အေးကွ မစံပယ် ဒီခြံကြီးကို သရဲခြောက်တယ်ဆိုပြီး သူများ မနေရဲလို့ တို့ကို ပေးနေခဲ့တာ မင်းရော၊ ငါရော တစ်ရပ်ကွက်လုံး အသိပဲ၊ တို့နေတုန်းမှာ မခြောက်လှန့်ခဲ့ဘူးနော်။

အေး ဒီခြံကြီးအကြောင်းကို တလောက ဘကြီးသက်ဆိုတဲ့ ဒီရပ်ကွက်သား အဘိုးကြီးတစ်ဦးက ငါ့ဆိုက်ကားကိုစီးရင်း ပြောပြခဲ့ဖူးတယ်ကွယ့်။

ဒီခြံကြီးထဲမှာ လွန်ခဲ့တဲ့ အနှစ်(၃၀)ကျော်က ချမ်းသာတဲ့ လင်မယားနှစ်ယောက် နေခဲ့ကြသတဲ့။ သူတို့က ကုန်သည်တွေလေ။ အခုလို တန်ခူးလမှာ သူ့အမျိုးသမီး ဇနီးချောကလေးအတွက် ချစ်သက်လက်ဆောင်ပေးဖို့ လင်တော်မောင်က ပိတောက်ပန်း တက်ခူးပါသတဲ့။

အဲဒါ ပိတောက်ကိုင်းဆွေးကို နင်းမိပြီး လိမ့်ကျကွယ်လွန်ခဲ့ရှာတယ်။ အဲဒီအမျိုးသားဟာ ပိတောက်ပန်းရယ်၊ သူ့ဇနီးနဲ့ သူ့အိမ်ကြီးကိုပါ စွဲလမ်းပြီး မကျွတ်မလွတ်နဲ့ ဒီခြံကြီးထဲမှာ ရှိနေသတဲ့။

အဲဒါကို ဒီရပ်ကွက်သားတွေက သိကြတယ်။ တို့ကို ဘာများဖြစ်ကုန်မလဲလို့ စောင့်ကြည့်နေကြသတဲ့။ ရပ်ကွက်သူ ရပ်ကွက်သားတွေကတော့ ခြံနားတောင် မကပ်ရဲကြတာ တို့အမြင်ပဲလေ။

ဒီခြံကြီးဟာ ဒီလိုနဲ့ပဲ ရောင်းလိုက်၊ ဝယ်လိုက်နဲ့ လက်ဆင့်ကမ်းလာလိုက်တာ အခု တို့ခြံပိုင်ရှင်အထိပဲ ဆိုပါတော့။ မူလ ခြံပိုင်ရှင်အမျိုးသမီးလဲ သူ့အမျိုးသားစိတ်နဲ့ပဲ ကွယ်လွန်သွားရှာသတဲ့။

နောက်တော့ ခြံရှင်ရဲ့ မိဘများဟာ ဒီခြံကို ဈေးပေါပေါနဲ့ ရောင်းချလိုက်တယ်။ အခုဆို ခြံရှင်တွေ (၅)ယောက်မြောက်တောင် ပြောင်းသွားပြီတဲ့'

ဟု ရှည်လျားစွာ ပြောပြသည်။

မစံပယ်သည် လင်တော်မောင်၏ စကားကို ကြားရသောအခါ စိတ်မကောင်းစရာ အဖြစ်ဆိုးတို့ကြောင့် မျက်နှာကလေး ညှိုးနွမ်းသွားသည်။

'ဟား...ဟား...ဟား... မင်းက မျက်စိပျက် မျက်နှာပျက်နဲ့ ဘယ်လို ဖြစ်နေရ



www.burmeseclassic.com

www.burmeseclassic.com

လဲကွ၊ တန်တော့ ဖို့မိန်းမကို ပိတောက်ပင် သရဲနောက်ပိုးက ပိတောက်ပန်းစည်း လာဆက်သပြီး ယန်းဆက်သယားကြီး ဖြတ္တလုပ်ပြီနဲ့ တူတယ်ဟေ့'

ဟု အသံပြကြီးနှင့် တဟားဟား ရယ်မောပြောလေတော့သည်။

* * *

ထိုညက မစံပယ် အိပ်ရာစောစော ဝင်ခဲ့သည်။

သားနှင့် သမီးလည်း မိမိအနီးတွင် အိပ်ပျော်နေကြပြီ။ ကိုခင်ဦးမှာ ညပိုင်း ဆိုက်ကားထွက်နင်းနေသည်။ စားရေးသောက်ရေးမှာ အဆင်ပြေလှသည် မဟုတ်။ ကုန်ဈေးနှုန်းက အတက်သာ ရှိသည်။ ကျသည်ဟူ၍ မရှိခဲ့။

သားငယ်နှင့် သမီးကြီး ကျောင်းစရိတ်ကလည်း တစ်နှစ်ထက်တစ်နှစ် ပို၍တိုးလာသည်။ သည်ကြားထဲ မဖိတ်ခေါ်ချင်သော်လည်း နောက်တိုးကလေး ဖြစ်လာမည့် ကိုယ်ဝန်ကလည်း ဆောင်ထားရပြန်ပြီ။

ကိုခင်ဦးကတော့ မီးဖွားစရိတ်အတွက် အားကြိုးမာန်တက် ဆိုက်ကားနင်းထွက်နေသည်။

ညဦး(၁၀)နာရီခွဲလောက်တွင်...

'မိန်းမရေ...မိန်းမရေ...မိန်းမ...'

ဟု ခေါ်သံကြားရသည်။

အိမ်ရှေ့တံခါးဝမှ ခေါ်သံ။ ခေါ်သံက ပီပီသသ မိမိ ကျွမ်းဝင်ရင်းနှီးသော အသံပင် ဖြစ်သည်။

'ကိုခင်ဦးလား...လာပြီ တော်ရေ'

ဟု အသံပေးကာ အိပ်ရာမှ လူးလဲထရင်း အိမ်တံခါးမကြီးကို ဖွင့်လိုက်သည်။

လဆုတ်ရက်ဖြစ်၍ အိမ်ရှေ့တွင် သစ်ပင်ကြီးများ၏ အရိပ်တို့ တစ်ပိတစ်ပိုင်း လရောင်ကြားသို့ တိုးဝင်လှုပ်ခတ်နေသည်။ ဖြူဖျော့ဖျော့ လရောင်အလင်းထဲက လေပြည်သရမ်း၍ လှုပ်ခတ်နေသော သစ်ရိပ်များမှာ ချောက်ချားစရာ ကောင်းနေသည်။ မစံပယ် တံခါးကို ဖွင့်လိုက်သော်လည်း ကိုခင်ဦးကို မတွေ့ရ။ ဘယ်သူ့ကိုမှလည်း မတွေ့ရ၍...

'ဟင်...ကိုခင်ဦးလဲ မရှိပါလား'

မစံပယ် နှုတ်ဖျားက တအံ့တဩ အသံ ထွက်သွားသည်။ မျက်စိကို ပွတ်သပ်ရင်း ကြည့်သည်။ မတွေ့... မတွေ့။

အမှတ်မထင် ပိတောက်ပင်ကြီးဘက်သို့ ကြည့်လိုက်မိရာတွင် လား...လား ပိတောက်ပင်အောက်ကို ရိပ်ခနဲ ဝင်သွားသော မည်းမည်းသဏ္ဌာန် တစ်ခုပါလား။

ရင်ထဲက ဖိုခနဲဖြစ်သည်။ ကြက်သီးမွေးညင်းထကာ ခေါင်းနပန်းကြီးသွားသည်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဟူ၍ မိမိအားကိုးသော သရဏဂုံကို အထပ်ထပ်ရွတ်ဆိုရင်း ကြောက်စိတ်ကို ရဲဆေးတင်သည်။ ရေတစ်ခွက်ကိုလည်း သရဏဂုံရွတ်ဆို သောက်လိုက်သေးသည်။

အိပ်ရာသို့ ပြန်ဝင်ရင်း ကိုခင်ဦး ပြန်လာလျှင် ထူးခြားသော ဖြစ်ရပ်ကလေးကို ပြောပြရဦးမည်ဟု တွေးနေရာမှ အိပ်ပျော်သွားခဲ့သည်။

ထိုဇာတ်လမ်းကို ကိုခင်ဦးအား ပြောပြသည်။ သရဲတစ္ဆေမကြောက်တတ်သော ကိုခင်ဦးက တဟီးဟီး ရယ်မောရင်း...

'မစံပယ်ရယ်... နင်က ဟိုအရင်ဘဝက ဒီခြံနဲ့ အိမ်ကြီးကိုပိုင်တဲ့ သူဌေးကတော် ဖြစ်ခဲ့တယ်နဲ့ တူပါတယ်။ ခုမှ ဆိုက်ကားသမားမိန်းမ ဖြစ်နေရတာကွ ဟား...ဟား... ဟား...'

ဟု ထုံးစံအတိုင်း တဟားဟား ရယ်မောနေသည်။

'အို... တော်ကလဲ မဆီမဆိုင်တွေ ပြောရော့မယ်'

ဟု မစံပယ်က ပြောရှာသည်။

* * *

ရှေ့ရေးကိုတွေးရင်း မစံပယ် အိ
မပျော်နိုင်သေး။ အိမ်တွင် သုံးစ
ထင်းမရှိ။ တောင်ငူဆိုတာက မြို့ကြ
ပြကြီးမို့ ထင်းက ရှားပါဘိ။ ဝယ်သုံး
ရသည်။ ဝယ်စရာပိုက်ဆံက ပြတ်
သည်။

ထင်း...ထင်း...ထင်း... ဘယ်
လုပ်ရပါ့။ တောင်တွေးတောတွေး
အိပ်မပျော်နိုင်ခဲ့။

ညဦးနက်ချိန်တွင် လေကြီးမိုး
တိုက်သည်။ ကိုခင်ဦးက အိပ်ရာထဲ
သားသမီးနှစ်ယောက်နှင့်အတူ အ
အပင်ကင်းစွာ အိပ်မောကျနေသည်
လေမိုးတို့ကို အကြောင်းပြု၍ မစံပ
စိတ်ကူးတစ်ခု ပေါ်လာသည်။

'ပိတောက်ကိုင်းကြီးတွေ ကျိုးကျ
ထင်းတွေရရင်ကောင်းမယ်'

ဟု တောင့်တတွေးမိခြင်းပါ။
ပြီး မကြာလှပါ။ လေသံမိုးသံတို့
အတူ ဝုန်းခနဲ၊ ဒိုင်းခနဲအသံကြီး ထွ
လာသည်။ ပိတောက်ကိုင်း
အိမ်ခေါင်မိုးပေါ်သို့ ပြုတ်ကျ၊ ကျိုး
ခြင်းဖြစ်၍ တစ်အိမ်လုံး သိမ့်သိမ့်
တုန်လှုပ်သွားသည်။ ကိုခင်ဦး လ
လာသည်။

'ပိတောက်ကိုင်းကြီး ကျိုးကျ
တူတယ်ဟ'

ဟု ပြောရင်း ပြန်အိပ်သွားသ
နံနက်မိုးသောက် အလင်း
သောအခါ ပိတောက်ကိ
ကြက်ပေါင်ပဲ့၍ ကျိုးကျလ

www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြရသည်။ သူတို့မိသားစုအတွက် တစ်မိုးတွင်းစာ ထင်းအတွက် မပူရတော့။

မစံပယ်သည် သူ စိတ်ထဲမှ တောင့်တလိုက်သလို ဖြစ်သွားသည်ကို သတိပြုမိသည်။ ကိုခင်ဦးကိုတော့ မပြောပြဖြစ်ခဲ့ပါ။ သူ့ကိုယ်သူလည်း ဇဝေဇဝါ ဖြစ်နေသည်။

'ဒီမကျွတ်မလွတ်တဲ့ ပရလောကသားနဲ့ ဖိုးဘယ်လိုများ ပတ်သက်နေပါသလဲ'

ဟု စဉ်းစားမရအောင် ဖြစ်သည်။

ကိုခင်ဦးကို မပြောဘဲ လျှို့ဝှက်ထားသော အကြောင်းတစ်ခု ရှိပေသေးသည်။ ထိုအဖြစ်မှာ မိန်းမရေ၊ မိန်းမရေဟု ခေါ်ပြီး တံခါးဖွင့်ခိုင်းခဲ့သည်မှာ သုံးကြိမ်တိုင်တိုင် ဖြစ်သည်။

'ဒီပရလောကသား နည်းနည်းတော့ လွန်လာပြီ။ သူများရဲ့ ကာမပိုင် မိန်းမသားကို ပြစ်မှားရတယ်လို့'

ဟု တွေးမိသည်။

သို့လော သို့လော အတွေးများနှင့် ညအိပ်ရာဝင် ဘုရားရှိခိုးတိုင်း ပိတောက်ပင်ကြီးထံသို့ မိမိစိတ်ကို ညွှတ်၍ မေတ္တာပို့ အမျှအတန်း ပေးဝေခဲ့သည်။

ငယ်စဉ်ကာလ မိဘများ သင်ကြားပေးခဲ့သော ဘာသာရေး အဆုံးအမတို့ကြောင့် ဆင်းရဲသော်လည်း ရတနာသုံးပါးကို မစံပယ် ကြည်ညိုအားကိုးခဲ့သည်။

မစံပယ်သည် သူမကို အကြိမ်ကြိမ် သတိပေးသလို ပြုမူနေသော ပိတောက်ပင်က ပရလောကသားအတွက် ကုသိုလ်ပြုရန် ဆုံးဖြတ်သည်။

ကိုခင်ဦးကို ပြောပြပြီး သင်္ကန်းတစ်စုံနှင့် ဆွမ်းတစ်အုပ်အား မိမိတို့ကိုးကွယ်ရာ ဘုန်းတော်ကြီးထံ သွားရောက်လှူဒါန်းသည်။ ကောင်းမှုအတွက်



စိတ်အားထက်သန်စွာ အမျှဝေပေးသည်။

ကိုခင်ဦးကလည်း စိတ်သဘောထား ကောင်းသူ ဖြစ်သည့်အလျောက် ကြည်ကြည်ဖြူဖြူ ခွင့်ပြုခဲ့သည်။

ထိုအလှူကလေး အထမြောက်သွားသောအခါ မစံပယ်၏ စိတ်အစဉ်သည် အလွန်ပေါ့ပါးဝမ်းမြောက်၍ ပီတိစိတ်များ တဖွားဖွား ဖြစ်ရသည်။

အိပ်မက်ထဲတွင် လူစိမ်းတစ်ယောက်သည် အိပ်ခန်းထဲသို့ ရောက်လာသည်။ သူ့မျက်နှာကိုမူ သဲသဲကွဲကွဲ မတွေ့ရ။ လူပုံဏ္ဍာန် ဖြစ်သော်လည်း အရိပ်အငွေ့သဘောမျှသာ မြင်ရခြင်းဖြစ်သည်။

'ကျွန်ုပ် သင့်ကို များစွာ ကျေးဇူးတင်ပါတယ်။ တစ်ခါက ဇနီးမယား ဖြစ်ခဲ့ဖူးလို့ မိန်းမရေလို့ ခေါ်မိတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။

ကျွန်ုပ်ကို ပြန်သတိရစေချင်တာကြောင့် ခေါ်ရတာပါ။ အခုတော့ သင်ပြုပေးတဲ့ ကောင်းမှုကုသိုလ်တို့ကြောင့် ကျွန်ုပ် သာဓုခေါ်ရလို့ ကျွတ်တမ်းဝင်ခွင့် ရခဲ့ပါပြီ။ ကျွန်ုပ်ကို သွားခွင့်ပြုပါတော့'

ထို ထိုသဏ္ဍာန်ပုံရိပ်က ပြောပြီး ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

မစံပယ် အိပ်ပျော်နေရာမှ ကြည်လင်စွာ နိုးလာသည်။ ရင်ထဲမှာတော့ ဝမ်းနည်းဝမ်းသာသလို ခံစားရသည်။ ဘာပဲပြောပြော ဘဝဟောင်းက မိမိနှင့် ပတ်သက်ခဲ့သူ "ပိတောက်စွဲတဲ့ သရဲနောက်ပိုး" တော့ ဘဝပြောင်း၍ ကျွတ်တမ်းဝင်လေပြီဟု တွေးမိရင်း ဝမ်းသာရသည်။

ထိုအချိန်တွင် အိမ်ရှေ့ရှိ ပိတောက်ပင်အိုကြီးဆီမှ ညဥ့်ငှက်မောင်နှံ ဇီးကွက်ငှက်နှစ်ကောင်၏ "ကြည့်ကွက်၊ ကြည့်ကွက်" ဟူသော အော်မြည်ချစ်တင်းနှောသံ ကြားရသည်။

ညဥ့်ကာလသည် တိတ်ဆိတ်မှောင်ပိန်းလျက်ရှိသည်။ ထိုအမှောင်ကြီးထဲ၌ မိမိတို့သည် ထင်မိထင်မှား စမ်းတဝါးဝါးနှင့် သံသရာခရီးကို သွားနေကြရသည်ဟု မစံပယ် ထိတ်လန့်သံဝေဂ ဖြစ်မိလေသည်။

မစံပယ်နံဘေး၌ အိပ်ပျော်နေရှာသော လင်တော်မောင် ကိုခင်ဦးကမူ မစံပယ်ဘက်သို့ ကိုယ်ကိုစောင်းလှည့်လာပြီး ကယောင်ကတမ်း လှမ်းဖက်လျက် တခေါခေါဟောက်ရင်း အိပ်မောကျနေလေသည်။

**[တောင်ငူမြို့၊ ငွေလုံ့ရပ်ကွက်မှ ဆိုက်ကားဆရာ ကိုခင်ဦး ပြောပြသော ဇာတ်လမ်းကို ခံစားရေးဖွဲ့ပါသည်။]**

**မေတ္တာရည်လျက်...**

**မျိုးတင့်**
**(ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်သော

# ပရလောကသားများ

တက္ကသိုလ် ဘုန်းနိုင်

၁၉၈၅ ခုနှစ်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း သိန္နီမြို့၌ တာဝန်ထမ်းဆောင်နေချိန်တွင် ဖြစ်ပါသည်။ ရုံးအဆောက်အအုံမှာ အုတ်ညှပ်နှစ်ထပ်တိုက်ဖြစ်ပြီး အလျားမှာ ပေ (၆၀)နှင့် အနံမှာ ပေ (၂၀)ရှိသည်။ ရုံးခန်းကို အောက်ထပ်တွင်ထားပြီး အပေါ်ထပ်တွင် အစည်းအဝေးခန်းနှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ရုံးခန်းတစ်ခန်းစီကို အခန်းဖွဲ့၍ ကာရံထား၏။ အပေါ်ထပ်သို့ တက်ရန် ပြင်ပမှ လှေကားတပ်ဆင်ထား၏။

ဝန်ထမ်းနေအိမ် (၂)ခန်းမှာ လူပြည့်နေသဖြင့် ရုံးအပေါ်ထပ်ရှိ အစည်းအဝေးခန်းတွင် တစ်ဦးတည်းနေရသည်။ ရုံးအဆောက်အအုံမှာ ဆောက်လုပ်ပြီးကာစဖြစ်ပြီး ဖက်ဆစ်ဂျပန်ခေတ်တွင် ဂျပန်များက တိုင်းရင်းသားလူမျိုးများကို ကြိုးတုပ်၍ သေနတ်နှင့် ပစ်သတ်ခဲ့သော လူသတ်ကုန်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်၏။

တချို့သော မိတ်ဆွေများက ရုံးပေါ်တွင် တစ်ယောက်တည်း မနေသင့်ကြောင်း ကန့်ကွက်ကြ၏။ မြို့နယ်ပြည်သူ့ကောင်စီရုံးအဖွဲ့မှူးက သူနှင့်အတူလာနေရန် ဖိတ်ခေါ်သည်။ ကျွန်တော်က အေးအေးဆေးဆေး ပုတီးစိပ်ပြီး ဘာဝနာလုပ်ငန်းများကို လွတ်လပ်စွာ လုပ်လိုသဖြင့် အားလုံးကို တောင်းပန်၍ ရုံးပေါ်တွင် မဖြစ်မနေ တက်၍နေလိုက်၏။ ရုံးသစ်ဖြစ်သည့်အပြင် အိမ်တက်ဆွမ်းလည်း မကျွေးရကြောင်း သိရှိရသည်။

ကျွန်တော်အိပ်သော ခုတင်မှာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့အတွက် ကာရံထားသော နံရံနံဘေးတွင်ဖြစ်၏။ အခန်းကို အထပ်သားများဖြင့် ကာရံ
ထားသည်။ ညစဉ် အိပ်ချိန်၌ တစ်ဖက်
ခန်းမှ မျဉ်းလုံးလွတ်ကျသံ တခေါက်
ခေါက်နှင့် ကြားနေရ၏။ တစ်ခါတစ်
နံရံကို ပေတံနှင့် ခေါက်သောအသံ
ကြားနေရသည်။

ရောက်ခါစတွင် ထိုအသံမျ
ကြောင့် အိပ်၍မပျော်ပါ။ နောက်တွ
ဝိပဿနာဘာဝနာကို ရှုမှတ်၍ အိ
သဖြင့် ထိုအသံများမှာ ရိုးအီသွား
အိပ်ပျော်သွားပါတော့သည်။

ညတစ်ညတွင် မိုးသက်လေပြင်းမျ
ကျနေ၏။ ကျွန်တော်သည် အေးအေ
နှင့် စောင်ခြုံ၍ အိပ်ပျော်သွား၏။ ည
သန်းခေါင်ကျော်အချိန်တွင် တရှုပ်ရှု
နှင့် ခြေသံများ ကြား၍ ခြင်ထောင်
အသာ လှပ်ကြည့်လိုက်ရာ လူတ
ယောက် အစည်းအဝေးခန်းအတွ
လမ်းလျှောက်နေသည်ကို တွေ့လိုက်
သည်။

www.burmeseclassic.com

www.burmeseclassic.com

အစပထမတော့ သူခိုးဟု ထင်မိလိုက်သည်။ အစည်းအဝေးအခန်းအတွင်း ခိုးစရာ ဘာပစ္စည်းမှ မရှိသည့်ပြင် ကျွန်တော်၏ အဝတ်အစားသေတ္တာမှာလည်း ခုတင်ခြေရင်းတွင် ရှိသဖြင့် သူခိုး မဖြစ်နိုင်ပါ။ လမ်းလျှောက်နေသူ၏ ဝတ်စားဆင်ယင်ပုံမှာ ပင်နီရောင် ရှမ်းတိုင်းရင်းသားဝတ်စုံဖြစ်၏။ မျက်နှာကို မမြင်ရဘဲ ညအမှောင်တွင် မှုန်တဝါးဝါးနှင့်သာဖြစ်သည်။

ကျွန်တော်သည် အိပ်ရာမှ အလူးအလဲ ထလိုက်၏။ ခြင်ထောင်အတွင်းမှပင် ဘုရားကိုသာ အာရုံပြု၍ လက်အုပ်ချီပြီး မေတ္တာသုတ်ကို ရွတ်လိုက်သောအခါ လမ်းလျှောက်နေသော ပရလောကသားမှာ ပျောက်သွား၏။ ဆက်လက်၍ တရားရှုမှတ်သောအခါ ဘာသံမှ ထပ်မကြားရတော့သဖြင့် အိပ်ရာဝင်သောအခါ နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့သည်။

တစ်နေ့တွင် ဌာနတစ်ခုသို့ စာရင်းစစ်ဆေးရန်အတွက် စာရင်းစစ်အဖွဲ့နှင့် လိုက်သွားသည်။ နံနက်စာစားပြီးနောက် ရုံးတွင် အရေးတကြီးလုပ်ဆောင်ရန် လုပ်ငန်းများ ရှိသဖြင့် ရုံးသို့ ပြန်လာ၏။ ရုံးကို ရောက်သောအခါ ကျွန်တော်၏ အခန်းရှေ့တွင် ဆောက်လုပ်ရေးမှ ဝန်ထမ်းနှစ်ဦးကို တွေ့လိုက်ရသည်။

သူတို့နှစ်ဦးက ကျွန်တော်ကို မြင်တွေ့လိုက်သောအခါ အံ့အားသင့်စွာ ဖြင့်ကြည့်ပြီး အခန်းထဲသို့ လျှပ်တစ်ပြက် ဝင်ကြည့်လိုက်ကြ၏။ အခန်းတံခါးမှာ စေ့ရုံသာ စေ့ထားသဖြင့် အလွယ်တကူ ဖွင့်နိုင်ပါသည်။အခန်းတွင်း လှည့်ပတ်ကြည့်ရှုပြီးနောက် ဝန်ထမ်းတစ်ဦးက ပြောသင့်မပြောသင့် စဉ်းစားပြီးမှ အောက်ပါအတိုင်း ပြောပြ



ပါတော့သည်။

'အစီရင်ခံစာကို ညှိနှိုင်းဖို့ ဆရာ့ဆီလာကြတာပါ။ ရုံးခန်းမှာ မတွေ့တော့ ရုံးအကူက အပေါ်ထပ်မှာရှိတယ်လို့ ပြောလို့ အပေါ်ထပ်ကို တက်လာကြတာ။ အပေါ်ရောက်တော့ ဆရာ့ကို အခန်းထဲမှာ လမ်းလျှောက်ပြီး ပုတီးစိပ်နေတာတွေ့တာနဲ့ အထဲကို မဝင်သေးဘဲ အပြင်က စောင့်နေတုန်း ဆရာ အပြင်က ပြန်ရောက်လာတာ တွေ့တော့ ကျွန်တော်တို့ အံ့အားသင့်ပြီး အခန်းထဲ ဝင်ကြည့်တော့ ဘာမှ မတွေ့ရတော့ဘူး'

ဒီတော့ ကျွန်တော်က...

'ဆရာအတွက်တော့ ရိုးနေပါပြီ။ သူတို့လဲ သူတို့ဘာသာ နေကြတာပဲလေ။ အနှောင့်အယှက် မပေးရင်တော့ ဘာမှကိစ္စမရှိပါဘူး။ နေတတ်သလို နေကြပါစေ'

ဝန်ထမ်းနှစ်ဦးက အံ့ဩစွာ သတ္တိကောင်းသူတစ်ဦးအဖြစ် ချီးမွမ်းကြ၏။ အစီရင်ခံစာ ညှိနှိုင်းပြီးသောအခါ ''သရဲခြောက်သောရုံး''ဟု မချင့်မရဲ ပြောပြီးပြန်သွားကြပါတော့သည်။

၁၉၈၈ ခုနှစ်တွင် အရေးအခင်းဖြစ်ပြီးသောအခါ မြို့နယ်ပြည်သူ့ကောင်စီ မရှိတော့သဖြင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့လည်း မရှိတော့ပါ။ ထိုအခန်း လွတ်သွားသဖြင့် အစည်းအဝေးခန်းတွင် မနေတော့ဘဲ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ရုံးခန်းသို့ ပြောင်းရွှေ့နေလိုက်သည်။

ခုတင်ကို အရှေ့ဘက်သို့ ခေါင်းပြုပြီး ပြတင်းတံခါးနှင့် နီးအောင် ကပ်ထားလိုက်၏။ ညအိပ်ရာဝင်သောအခါ ရင်ဘတ်ပေါ်တွင် တစ်ခုခုနှင့် ဖိထားသလို ခံစားရပြီး တစ်ပတ်ကြာမျှ ကောင်းကောင်းအိပ်၍ မရပါ။ ပက်လက်လှန်၍ အိပ်မရသဖြင့် စောင်းအိပ်ပြန်ကလည်း လူတက်ဖိထားသလို ခံစားနေရ၏။

တစ်ညတွင် အိပ်မက် မက်သည်။ အိပ်မက်ထဲတွင် ရှမ်းတိုင်းရင်းသား တစ်ဦးက ကျွန်တော်အိပ်နေသော ခုတင်ကို လက်ညှိုးထိုးပြီး''ငါ့နေရာ ဖယ်ပေး''ဟု ပြောသွားသဖြင့် နောက်တစ်နေ့တွင် ခုတင်ကို အနောက်ဘက်သို့ ရွှေ့လိုက်သောအခါမှသာ ကောင်းစွာ အိပ်ပျော်သွားတော့သည်။

ကျွန်တော်သည် ထိုအချိန်မှစ၍ ဘုရားရှိခိုးပြီးတိုင်း မေတ္တာသုတ်နှင့် ပဋ္ဌာန်းဒေသနာတော်ကို ပုံမှန် ရွတ်ဖတ်ပူဇော်ခဲ့၏။ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ခါစတွင် ညအိပ်ရာဝင်တိုင်း၌ ဓား၊ လှံ၊ လက်နက်များ လွင့်စဉ်လာသည်ကို မြင်မက်၏။ လူမပါ လက်မည်းကြီးတစ်ခုက ရုံးမှ ထွက်သွားရန် လက်အမူအရာဖြင့် ပြ၏။ ရက်ကြာလာသောအခါ အဆိုပါ အိပ်မက်ပုံရိပ်များသည် ပျောက်ကွယ်ကြကုန်သည်။

ဘုရားပွဲတော်ရှိသော တန်ဆောင်မုန်းလ၏ ညတစ်ညတွင် ဖြစ်သည်။ ကျွန်တော်သည် ထိုစဉ်က မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးက လာခေါ်၍ ဘုရားပွဲသို့ ပါသွား၏။ ညစော လည်း ဘုရားပွဲကို ခေတ္တ သ[illegible]နေ



www.burmeseclassic.com

www.burmeseclassic.com

ချိန်ဖြစ်သည်။ ဝန်ထမ်းဟောင်းနှစ်ဦးသည် အရက်မူး၍ ရောက်လာကြ၏။ ကျွန်တော့်ထံ အရက်ဖိုးတောင်းရန်အတွက် ဖြစ်သည်။

ရုံးတွင် မည်သူမျှ မတွေ့သဖြင့် ရုံးတံခါးဝ၌ အရက်ဆက်သောက်ရင်း စောင့်နေကြ၏။ အရှိန်အတော်ရလာသောအခါ ရုံးတံခါးမကြီး ဖွင့်သံကြားရပြီး အမျိုးသမီးတစ်ဦး ထွက်လာ၏။ အမျိုးသမီးမှာ ထဘီရင်ရှားနှင့်ဖြစ်ပြီး လက်ပါမလာပါချေ။ အမူးသမားနှစ်ဦး ကြောက်လန့်ပြီး ထပြေးကြသဖြင့် အမူးပင် ပြေသွားကြောင်း ပြန်ပြောပြသည်။

ကျွန်တော်နေသော ရုံးအပေါ်ထပ်တွင် ပရလောကသားနှစ်ဦးရှိသည်။ နှစ်ဦးစလုံးမှာ သူတော်ကောင်းများဖြစ်သဖြင့် ပဋ္ဌာန်းဒေသနာတော်နှင့် မေတ္တသုတ် ရွတ်ဖတ်ပူဇော်သည့်နေ့မှစ၍ ဘာသံမျှ မကြားရတော့ပါ။ ရုံးအောက်ထပ်ရှိ အခန်းထဲမှ ပရလောကသားများက အနည်းငယ် ကြမ်းတမ်းသည်။

သောက်ရေအိုးတွင် ကြေးလင်ပန်းဖုံးထားရာ ညဘက်တွင် ကြေးလင်ပန်းကို ဆွဲဖွင့်လိုက်သောအသံ "ဂျလွမ်း" နှင့် ရေသောက်သည့်အသံ "ဂွပ်၊ ဂွပ်"တို့ကို အပေါ်ထပ်မှ အတိုင်းသားကြားနေရ၏။ ညစောင့်အား ရုံးအတွင်း၌ အိပ်ခိုင်း၍ မရပါ။ အနှောင့်အယှက်ပေးသဖြင့် ရုံးပြင်ပတွင်သာ စောင့်ရသည်။

တစ်နေ့တွင် တောင်ဥက္ကလာပမှ ဆရာဦးလှသန်းဆိုသူ ပုဂ္ဂိုလ်တစ်ဦး သိန္နီမြို့သို့ ရောက်လာ၏။ မြို့သူမြို့သားများအား ဆေးကုသခြင်းနှင့် ပယောဂကုခြင်း အလုပ်ကို လုပ်ပေး၏။ ဆရာအား ရုံးသို့ ပင့်ဖိတ်သဖြင့် ကြွလာသောအခါ ရုံးတွင် ပရလောကသားများရှိနေကြောင်းနှင့် သံဃာတော်များအား ဆွမ်းပင့်ကျွေးရန်အကြံပြု၏။ ရုံးသစ်ဖွင့်ပြီးသော်လည်း ဆွမ်းမကျွေးရသေးသဖြင့် ကျွန်တော်သည် လိုလိုချင်ချင်ပင် သံဃာတော်(၅)ပါးကို ရုံးသို့ပင့်၍ ဆွမ်းကျွေးလိုက်၏။

သံဃာတော်များကို ဆွမ်းကပ်ပြီး ရေစက်ချ အမျှပေးဝေသောအခါ ဆရာဦးလှသန်းက ပရလောကသားများကိုလည်း ရေစက်ချ အမျှဝေနိုင်ရန်အတွက် ဖန်ခွက်များတွင် ရေထည့်၍ ပန်းကန်ပြားပေါ်တွင်တင်ပြီး ကျွန်တော်တို့၏ နောက်ဘက်တွင် တန်းစီ၍ ချထားပေးလိုက်သည်။

ဆရာတော်မှ ရေစက်ချ အမျှပေးဝေသောအခါ ကျွန်တော်တို့ ခေါ်ဆိုလိုက်သော ကျယ်လောင်စွာ ထွက်ပေါ်လာသည့် သာဓုခေါ်ဆိုသံများနှင့်အတူ လေလှိုင်းကြားတွင် သာဓုခေါ်ဆိုသံများကို မထင်မရှား သဲ့သဲ့လေး ကြားလိုက်ရသည်။

ဆွမ်းကျွေးခဲ့သောညတွင် အိပ်မက်မြင်သည်။ အိပ်မက်ထဲတွင် ရှမ်းတိုင်းရင်းသားဝတ်စုံနှင့် အမျိုးသားနှစ်ဦးက ပြုံးရွှင်သော မျက်နှာများဖြင့် ကျွန်တော့်အား **"ကျေးဇူးတင်ပါတယ်"** ဟု နှုတ်ဆက်စကား ပြောလာပါသည်။ အပေါ်ထပ်ရှိ ပရလောကသားနှစ်ဦးမှာ ကောင်းရာသုဂတိဘုံသို့ ရောက်သွားပြီဖြစ်ကြောင်း ခန့်မှန်းရသည်။

ကျန်နေသေးသော ပရလောကသားများကို ဆရာ ဦးလှသန်းက နေရာပြောင်းရွှေ့ပေးသွားသဖြင့် ထိုအချိန်မှစ၍ ရုံးတွင် အနှောင့်အယှက်ကင်း၍ အေးချမ်းစွာ နေထိုင်ရပေတော့သည်။

တက္ကသိုလ် အပန်ငယ်

စာမူရှင်များသို့ . . .

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

ပေးစားရှာဖြင့် . . .

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ဤ ဖြစ်ရပ်မှန်ဇာတ်လမ်းမှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ အထူးထုတ် အမှတ် (၁၉၂)တွင် စာရေးသူ ရေးသားသည့် "ကျောက်အိုးတောင်က ထူးခြားသည့် ဂျီ(ချေ)မလေး" အကြောင်းပါလာသည့်အတွက် ကျိုကုန်းရွာမှ မိတ်ဆွေများကို ပြသရန် အရောက် သွားခဲ့စဉ်က ကြားသိခဲ့ရသည့် ဖြစ်ရပ် မှန်ဇာတ်လမ်း ဖြစ်ပါသည်။

ခရီးရောက်မဆိုက်ပင် ရွာခံမိတ်ဆွေ ကိုဌေးဝင်း၏ ဇနီး မတင်ဌေးရဲ့မိခင် အေါမြရင် ကွယ်လွန်သည်နှင့် ကြုံကြိုက်နေပါသည်။ ညပိုင်းတွင် ရွာထဲမှ လူကြီးလူငယ်များနှင့် ဝိုင်းဖွဲ့ကာ ရေနွေးသောက်ရင်း၊ ကွမ်းယာ,လက်ဖက် ဝါးရင်း စကားစုံစီ ပြောဖြစ်ခဲ့ပါသည်။

ထိုသူများထဲမှ စာပေဗဟုသုတ အတန်ကြွယ်ဝသူ **ဦးနွားမောင်**နှင့် စာရေးသူအား ကိုဌေးဝင်းက မိတ်ဆက် ပေးပါသည်။

'ဘိုးနွားမောင် ဒါ ဝန်းသိုက စာရေးဆရာလေ။ ကျောက်အိုးတောင်က ဂျီမလေးအကြောင်း ရေးတာ သူပေါ့'

'ဟုတ်လား။ ငါ့တူနဲ့ တွေ့ရတာ ဝမ်းသာတယ်ညယ်။ ငါ့တူရေးတဲ့ ဆောင်းပါးကို တို့ရွာဘုန်းကြီး ဦးသုဓမ္မ စာရ ပြလာလို့ ဉပုသ်ဇရပ်မှာ ဖတ်ခဲ့ရတယ်။ ဘုန်းကြီးက နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို လစဉ် ဝယ်ဖတ်နေတာညယ်။

အေး ငါ့တူက ထူးခြားဆန်းကြယ်တဲ့ အကြောင်းအရာတွေကို ရှာဖွေဖော် ထုတ်ပြီး ရေးသား တင်ပြပေးနေတာ ဆိုတော့ မတွေ့ဘူး၊ မကြုံဘူးသေးတဲ့ ဇာတ်ပရိသတ်တွေအတွက် အံ့ကြား အမြင် များစေတာပေါ့။



ဇော်မြင့်မိုင်း
(ဝန်းသို)

# လှည်းဘီးတောင်က မမောင်နှမနှင့်

## ပျောက်ဆုံးနေသော ကျောက်လှည်းဘီးနှစ်ခု

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကလဲ လောကီ၊ လောကုတ္တရာ အစုံပါဝင်ပြီး လူကြီးလူငယ်မရွေး ဖတ်သင့်တဲ့ စာအုပ်ကောင်း တစ်အုပ်ပါကွယ်။ ကောင်းတယ်၊ ကောင်းတယ်'

'ဘိုးနွားမောင် ကိုမြင့်ကို **လှည်းဘီးတောင်အကြောင်း** နည်းနည်းပါးပါး ပြောပြပေးလိုက်ပါဦးဗျာ'

ကိုဌေးဝင်းက စကားလမ်းကြောင်း ပေးလိုက်သဖြင့် ဘိုးနွားမောင်သည် ကွမ်းယာပြီး ပါးစောင်တွင်းသို့ ထည့် လိုက်သည်။

'အင်း လှည်းဘီးတောင်အကြောင်း ပြောရမယ် ဆိုရင် ယုံကြည်လက်ခံနိုင်စရာ မရှိအောင်





www.burmeseclassic.com

www.burmeseclassic.com

အုံညြို့ကောင်းတယ် ဝိုတု။ လှည်းဘီးတောင် မောင်နှမဆိုတာ ရှိတယ် ညယ်။ မောင်ကြီးက မြွေအေး။ နှမက မြလေးတဲ့။ လှည်းဘီးတောင်ကို အရင်တုန်းက မောင့်တောင်လို့ ခေါ်ကြတယ်ကွယ့်။ ကျောက်အိုးတောင်ရဲ့ အရှေ့ဘက် သိပ်မဝေးလှဘူး။

အဲဒီမောင့်တောင်မှာ မောင်ကြီး မြွေအေး နေတာ။ ကျိုးတောင်နဲ့ နန်းခမ်းအကြား စကြာမောင်ရွာနားက နန့်ငဲချောင်းကူး မီးရထားလမ်း စကြာမောင်တံတားကြီးအောက်နားမှာ မြေနီအိုက်နဲ့ ဖျောက်ဆိပ်တော ရှိတယ်။ အဲဒီမှာ နှမ မြွေအေးနေတာ။

နယ်ချဲ့အင်္ဂလိပ်တွေ မြန်မာနိုင်ငံအနှံ့ အပြားမှာရှိတဲ့ ကျောင်း, ကန်, ဘုရား, ပုထိုး အမျိုးမျိုးက ခိုးယူတူးဖော်လာခဲ့တဲ့ ရတနာပစ္စည်းတွေကို ရထားနဲ့ တင်လာတာ။ ဂျပန်က လေယာဉ်နဲ့ ဗုံးချလို့ စကြာမောင်တံတားမှာ ရေထဲ ကျကုန်ရော။ ဆယ်လို့ရတဲ့ ရတနာအချို့ကို ကျောက်အိုးတောင်အရှေ့က မောင့်တောင်မှာ အင်္ဂလိပ်တွေ မြှုပ်ထားခဲ့ကြတယ်။

ဆယ်လို့မရတဲ့ ရတနာတွေကတော့ မြေနီအိုက်ထဲမှာပဲပေါ့။ ရေကြည်တော့ အိုက်ထဲက ရတနာတွေ ဝင်းဝင်းလက်လက်နဲ့ မြင်ရလို့ ဆင်းငုပ်တဲ့ အင်္ဂလိပ် နှစ်ယောက်တောင် ရေနစ်သေတယ်လို့ ကြားမိလိုက်တယ်ကွယ့်။

ဂျပန်ခေတ်က ဂျပန်စစ်သားတွေ ဝတ်လစ်စလစ်နဲ့ ရေချိုးကြတော့ မြေနီအိုက်မှာ နေရတာ စိတ်ညစ်ဖို့ကောင်းလို့ မောင်ကြီးမြွေအေးနေတဲ့ မောင့်တောင်ကို ပြောင်းရွှေ့လာတော့မယ့်အကြောင်း နှမ မမြွေလေးက အသိပေးလိုက်တယ်။

**ညဥ့်သန်းခေါင်ယံအချိန်မှာ မြေနီအိုက်က ရွှေရွှေစွာ ရတနာတွေကို လှည်းတွေနဲ့တင်ပြီး မောင်တော့ဆူတိုးလို့ မောင့်တောင်ကို ပြောင်းလာခဲ့ကြတယ်။**

အဲဒီ စကြာမောင်တံတား မြောက်ဘက် **ဦးပေချောက်(ယခု–ပေတလူချောက်)** တောင်ယာမှာ ကျွဲခြံရွာသား တစ်ယောက် စိုက်ပျိုးလုပ်ကိုင်စားနေတာ ရှိတယ်။ ညကြီးသန်းခေါင် လူသံတွေ၊ လှည်းသံတွေ၊ မောင်းသံတွေ ဆူဆူညံညံ ကြားရတာနဲ့ မနက်လင်းလို့ သွားကြည့်လိုက်တော့ လှည်းလမ်းကြောင်းမှာ ရွှေမန်ကျည်းတောင့် (၃) တောင့် ကောက်ရခဲ့တယ်တဲ့ဗျား။

မြေနီအိုက်ကနေ မောင့်တောင်ကို ရွှေ့ပြောင်းတာ မိုးလင်းသွားလို့ နောက်ဆုံးရောက်တဲ့ လှည်းကို နွားတွေ အမြန်ဖြုတ်လွှတ်ပြီး လှည်းဘီးနှစ်ဘီးပါ ဖြုတ်လှိမ့်ချလိုက်တယ်တဲ့။ လှည်းလမ်းက တောင်ထိပ်ကို တက်သွားတာဆိုတော့ **လှည်းအိမ်နဲ့ ရတနာတွေကတော့ တောင်ထိပ်မှာပဲ ရှိလိမ့်မယ်။**

လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)လောက်က လှည်းဘီးတောင်မှာ ရွှေအကြီးအကျယ်ထွက်လို့ နန်းခမ်းဘက်ကရော၊ ကျိုးတောင်ဘက်ကရော လာတူးလိုက်ကြတာ ပွဲတော်ကြီးဖြစ်လို့ ဝိုတုရာ။ တို့ရွာသားတွေတောင် တချို့ ရွှေအတော်ရလိုက်ကြသေးတာကွယ်'

ဘိုးနွားမောင်သည် လှည်းဘီးတောင် အကြောင်း စီကာပတ်ကုံး ပြောပြီး စကားကို ခဏရပ်ကာ ရေနွေးသောက်နေစဉ် ကိုဗွေးဝင်း၏ဦးလေး ဦးအုန်းရွှေက စကားစလိုက်သည်။

'စကားမစပ်ပ, ကျုပ်က ကြားဖြတ်ပြီး ပြောရဦးမယ်။ ကျုပ်အခင်းတဲ စောင့်တဲ့ ကိုကြီးမောင်ကို မှတ်မိတယ် မဟုတ်လား ကိုနွား'

'မှတ်မိသားပဲ။ မြစ်ဝကျွန်းပေါ်ဘက်က ဖျာပုံသားလေ'

'ဟုတ်တယ်။ တစ်နေ့မှာ ကျုပ်အခင်းထဲကို ရောက်သွားတော့ ကိုကြီးမောင်က ထမ်းပိုးတွေ ခုတ်ထားတာ တွေ့ရတယ်ဗျ။ ဘယ်မှာ သွားခုတ်တာလဲလို့ ကိုကြီးမောင်ကို မေးကြည့်တော့ ကျောက်အိုးတောင်အရှေ့က **မောက်လောင်**မှာ သွားခုတ်ခဲ့တာတဲ့။ **မောင့်တောင်ကို မောက်လောင်လို့ ခေါ်ခေါ်ကြတာလဲ** မှတ်ထားဦး ကိုမြင့်။

အဲဒီ မောက်လောင် တောင်စောင်း... ဝါးဖြူရုံနှစ်ရုံမှာ ခုတ်ပြီး အောက်နား... ထောက်ကြန့်ပင်ပြန့်မှာ ထမ်းပိုးအကြ... ခုတ်လို့ ထမ်းလာခဲ့တာတဲ့။

ထောက်ကြန့်ပင်မှာ ကျောက်လှည်းဘီး... ထောင်ထားတာ တွေ့လို့ သေချာကိုင်ကြ... သေးတယ်တဲ့ဗျာ။ ကျုပ်လဲ အဲဒီကျော... လှည်းဘီးကြီးကို တစ်ခါမှ သွားမကြည့်... လိုက်ဘူး။ နောက် ကိုကြီးမောင်လဲ ရှာန်... ပြီး ကျုပ်ဆီက ထွက်သွားတာ ဒီနေ့အ... ပြန်မတွေ့ရတော့ဘူး ကိုနွားရေ'

'ကိုအုန်းရွှေက ကျောက်လှည်း... အကြောင်း စ,ခဲ့မှတော့ ကျုပ်က... ငါးပိစွက်၊ ဆားစွက် ဝင်စွက်လိုက်... မယ်ညယ်'

စာရေးသူအနားမှ လက်ဖက်ဝါး... စိတ်ဝင်စားစွာ နားထောင်နေသ... ဦးကြီးဖေကလည်း စကားဝိုင်းတွင် ... ပါလာသည်။

'ပြောပါ ဦးကြီးဖေ။ အစားမြိန်... သုခ များတယ်၊ စကားမြိန်တော့ ... ပွားတယ်တဲ့။ ကျွန်တော့်အတွက် ... ဗဟုသုတရတာပေါ့။ ဒါမှလဲ ကျွန်... က စာဖတ်ပရိသတ်တွေကို အ... အကြွေမျာမျာ ဖြန့်ဝေပေးနိုင်မှာပေ...'

'သေသွားရှာပါပြီ၊ မော်ခါးရွာက ... **အစ်ကိုဦးဘာသီး** လူကောင်းနတ်... ဖြစ်ပါစေ။ တစ်ရက်တော့ ကျွဲ... မောက်လောင် ထောက်ကြန့်ပင်... **ရွှေလှည်းဘီးကြီး တွေ့ခဲ့တ... ဗျ။**

**တစ်ယောက်တည်း မ,လို့မနိုင် ... လို့၊ လှိမ့်လို့မရနဲ့ ရှိ့ မော်ခါရွာ... မြင်ပြီး သူ့မိန်းမ ဒေါ်မွှားသက်ကို ... တိတ်တိတ် ခေါ်လို့ လှည်းယာ... ထောက်ကြန့်ပင်ပြန့်မှာ ရွှေ... ကြီး ရှာကြတာပေါ့။ လုံးဝ... ရှာမတွေ့တော့ဘူးတဲ့။**





www.burmeseclassic.com

www.burmeseclassic.com

မောက်လောင်တောင်ခြေက **မာတာကန် (မာတာရွာပျက်ရှိသည်)**ထဲကို **လှည်းဘီးရာ ဆင်းသွားတာပဲ** မြင်ခဲ့ရတယ်တဲ့ဗျား။ ကျုပ်အစ်ကိုကလဲ အ, တယ် ညယ်။ ရွှေလှည်းဘီးကြီး တွေ့တာများ ရွာပြန်ပြီး မိန်းမ ခေါ်နေသေးတယ်။ သူ့ကို ထိုက်လို့ပေးတာ သူ ရတဲ့နည်းနဲ့ လှည်းပုံတောင်းတစ်ချောင်းလောက်ဖြစ်ဖြစ် ဓားနဲ့ခုတ်ဖဲ့၊ ကျောက်ခဲနဲ့ထုချိုးလို့ ယူခဲ့ရမှာဗျ။ **နတ်က ရွှေလှည်းဘီးကြီးကို ပြတာလား၊ ပေးတာလားကို မပြောတတ်တော့ဘူးဗျာ'**

'ခဲအိုကြီးတို့ လင်မယားမှာ သေတဲ့အထိ ရွှေလှည်းဘီးကြီးအကြောင်းကို ပြောမဆုံးနိုင်ဘူး'

ဦးကြီးဖေဓါဖနီး ဒေါ်တင်ရီကပါ ထောက်ခံလေသည်။

'ကဲဗျာ ဟိုတုန်းက ကျွန်တော်တို့ **မောက်လောင်ချောင်း(မောင့်တောင်မှစီးလာသည့်ချောင်း)** မီးရထားသံလမ်းတံတားရေပေါက်မှာ ရွှေတူးကြတော့ ကျောက်လှည်းဘီးကြီးတစ်ခုကို တွေ့မိသေးတယ်ဗျ။

ရွှေကိုသာ အလုအယက် တူးနေကြတာဗျာ။ အဲဒီ ကျောက်လှည်းဘီးကြီးကို ဟိုရွှေ့လိုက်၊ ဒီရွှေ့လိုက်နဲ့ ဘယ်သူမှ ဂရုမထားမိကြဘူး။

ကိုယ်နဲ့မထိုက်တော့ ကျောက်လှည်းဘီးကြီး ရွှေတွင်းတွေထဲများ ကျသွားသလား။ မြေစာတွေများ ဖုံးသွားသလား မပြောတတ်ဘူး။ ဘယ်သူမှ ခဲရာခဲဆစ် ပင်ပန်းခံပြီး ဒီကျောက်လှည်းဘီးကြီးကို အိမ်သယ်သွားမှာ မဟုတ်ဘူး။ အဲဒီ မောက်လောင်ရေပေါက် အနီးတစ်ဝိုက်မှာပဲ ရှိလိမ့်မယ်ထင်တယ်။

အမှန်က ရထိုက်တဲ့လူဆိုရင် ရွှေလှည်းဘီးကြီးဖြစ်မှာ သေချာပါတယ်။ **ဉာဏ်မရှိ ကံရှိတိုင်းမွဲဆိုတဲ့** ရှေးလူကြီးတွေရဲ့စကားဟာ ကျွန်တော်တို့ အတွက် ပြောခဲ့တာ ဖြစ်မှာပါဗျာ'



လူငယ်တစ်ယောက်က မောက်လောင်ရေပေါက်မှာ ရွှေတူးခဲ့စဉ် ယင်းတို့တွေ့မြင်မိသော ကျောက်လှည်းဘီးတစ်ခုအကြောင်းကို အားမလိုအားမရနှင့် ပြောပြခြင်း ဖြစ်သည်။

'မာတာရွာပျက်မှာ ရေတွင်းနှစ်တွင်းရှိတယ်ကွယ့်။ ဘယ်ရေတွင်းဟောင်းထဲမှာလို့ကို မဆိုနိုင်ဘူး။ **ရွှေမောင်းကြီး** တွေ့ကြရတယ်လို့ လူပြောသူပြောများတယ်။ ဒါပေမယ့် ဘယ်သူမှ ရေတွင်းထဲ ဆင်းမယူဝံ့တော့ ရတယ်လို့ ပြောသံ မကြားမိသေးဘူး။

ကဲ ငါ့တူရေ၊ အခုပြောပြခဲ့ကြတဲ့ လှည်းဘီးတောင်က မြအေး,မြလေးတို့ မောင်နှမနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ အကြောင်းအရာတွေကို **ယုံချင်ယုံ၊ မယုံချင်နေ၊ ပုံပြင်တော့ မဟုတ်ဘူး ဆိုတာ မှတ်သွားဦးနော်။**

တို့တောရွာတွေမှာက စာရေးဖို့ အကြောင်းအရာတွေ ပေါပါတယ်ညယ်၊ မကြာမကြာလေး အလည်အပတ် လာခဲ့ပေါ့ကွယ်။ အခုရော ဘယ်လောက်ကြာဦးမလဲ ငါ့တူ'

'အခုတစ်ခေါက်တော့ ဟောဒီက ဦးလေးအုန်းရွှေ အကူအညီတောင်းထားလို့ နည်းနည်းကြာဦးမယ် အဘ'

'ကိုအုန်းရွှေက ဘာတွေများ အကူအညီတောင်းထားပြန်တာလဲ'

'တခြားမဟုတ်ပါဘူး ကိုနွားရေ၊ ဒေါ်မြရင်ရဲ့ကိစ္စ ရက်လည်ပြီးရင် ဟိုတုန်းက ရွှေအကြီးအကျယ် တူးခဲ့ရခဲ့ကြတဲ့ မောက်ကုန်းမှာ ဖြုန်းစုပ်စက်နဲ့ ရွှေအကျန်အကြွင်း သိမ်းမလို့ပါ။

အဲဒီမှာ ကိုမြင့်က တဲစောင့်ရင်း ဘေးက အန္တရာယ်ကင်းရှင်းအောင် စောင့်ကြပ် ကြည့်ရှုပေးဖို့ မေတ္တာနဲ့ အကူအညီတောင်းထားတာပါ။ အားတဲ့အချိန်မှာ ရွှေလဲ အောင်ကျော်ကျင်ယူပေါ့ဗျာ'

'အင်း လုပ်ချင်တဲ့ဆန္ဒနဲ့ ရချင်တဲ့ လောဘနောက်ကို လိုက်ပြီဆိုရင် အရာရာမှာ ဉာဏ်နဲ့ဆင်ခြင်ပြီး သတိဝီရိယထားလို့ လုပ်ကြကိုင်ကြရင် ဘေးအန္တရာယ် ကင်းရှင်းပါတယ်။ ဘာပဲလုပ်လုပ် ရတနာသုံးပါးကိုတော့ လုံးဝ မမေ့ကြနဲ့ကွယ်။ ကဲ စကားပြောလို့တော့ ကောင်းတယ်ဟေ့။ ညဉ့်လဲ အတော်နက်သွားပြီ မနက်ဖြန်လဲ လုပ်စရာတွေက ရှိသေးတယ်။ လူစုခွဲကြစို့ ညယ်'

မဝေးသောကာလက အမှန်တကယ် တွေ့မြင်ခဲ့ကြသည့် **ဤလှည်းဘီးတောင်တစ်ဝိုက်နှင့် မောက်လောင် မီးရထားသံလမ်း ရေပေါက်မှ ပဟေဠိဆန်တဲ့ ကျောက်လှည်းဘီးကြီးနှစ်ခုကို ကုသိုလ်ထူး၍ အမှတ်မထင် တွေ့မြင်ရရှိခဲ့သူများရှိပါက** စာရေးသူ မေတ္တာရပ်ခံ ပန်ကြားလိုပါသည်။

အခြားအဟုတ်ပါ။ **တစ်မူးရလို့ တစ်ပဲလှူ ဆိုသည့် စကားအတိုင်း** အမျိုးဘာသာ သာသနာအတွက် ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေနိုင်ပါစေဟု...။

***အားလုံး မင်္ဂလာ ရှိပါစေ။***

**အေးမြင့်စိုး(ဝန်းသို)**

**နဂါးရွာရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားဆန်းပြား အကျိုးများသည့် ပုတီးစိပ်

ဦးကလျာဏ
(လှိုင်ကော်)



စာရေးသူသည် ဆောင်းရာသီရောက်လျှင် လှိုင်ကော်မြို့မှ ရန်ကုန်မြို့သို့ ကြွရောက်ပြီး ဆောင်းရာသီရှောင်လေ့ရှိပါသည်။ ရန်ကုန်မြို့သို့ရောက်လျှင် သွားရေးလာရေး လွယ်ကူသည့် ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် ဓမ္မာလင်္ကာရကျောင်း၌ တည်းခိုလေ့ ရှိပါသည်။

ဓမ္မာလင်္ကာရကျောင်းမှ ဦးဥတ္တရ၊ ဦးပညာဝံသ၊ ဦးဉာဏိကတို့က စာရေးသူအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ စီစဉ်ပေးကြသည့်အတွက် ယင်းကျောင်း၌ တည်းခိုရသည်မှာ အလွန်စိတ်ချမ်းသာရပါသည်။

လွန်ခဲ့သော ငါးနှစ်ခန့်က စာရေးသူ ဓမ္မာလင်္ကာရကျောင်း ရောက်ပြီး သုံးရက်မြောက်နေ့ ညနေပိုင်းတွင် မန္တလေးမြို့မှ ဦးပဥ္စင်းကြီးတစ်ပါး ကြွလာပါသည်။ ညအိပ်သောအခါ စာရေးသူနှင့် ဦးပညာဝံသက ကျောင်း၏တောင်ဘက်သို့ ဦးခေါင်းပြုပြီး၊ မန္တလေးမြို့မှ ကြွလာသည့် ဦးပဥ္စင်းကြီးက မြောက်ဘက်သို့ ဦးခေါင်းပြုပြီး အိပ်ကြပါသည်။

နံနက်လေးနာရီရောက်လျှင် အိပ်ရာမှ ထကြပြီးကာ မျက်နှာသစ်ခြင်း စသည့် ကိစ္စများ ဆောင်ရွက်ပြီး ဦးပညာဝံသက နွေမိုးဆောင်း နေ့စဉ်ပြုလုပ်နေကျဝတ်အတိုင်း ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာဘာဝနာပွားများ အမျှဝေရန် ရွှေတိဂုံစေတီတော်သို့ ကြွသွားပါသည်။

မန္တလေးမှ ဦးပဥ္စင်းကြီးလည်း အိပ်ရာလိပ်ခြင်း စသည့် ပြုဖွယ်များ ဆောင်ရွက်ပြီး ဓမ္မာလင်္ကာရကျောင်းမှ ထွက်သွားကာ နေ့လယ်ပိုင်း တစ်ခါ

တစ်ရုံ ညနေငါးနာရီလောက်မှ ကျောင်
ပြန်လာလေ့ရှိပါသည်။

ဤသို့ အတူတကွနေကြရာ လေ
ရက်မြောက်ညနေ ညနေလေးနာ
အချိန် စာရေးသူ ပုတီးစိပ်နေရာသို့
ယင်းဦးပဥ္စင်းကြီး ကြွလာပြီး...

'ဆရာတော် ပုတီးစိပ်တာ ကြည့်ညို
ထူးခြားဆန်းပြား အကျိုးများတဲ့ ပုတီးစိပ်နည်း
လှူဒါန်းချင်ပါတယ်ဘုရား'

'အလှူခံပါတယ်။ ဦးပဥ္စင်းကြီးလှူ
မယ့် ပုတီးစိပ်နည်းရဲ့ သမိုင်းကြောင်
ပြောပြပါဦး'

ဟု မိန့်ကြားရာ မန္တလေး ဦးပဥ္စင်းကြီ
က...

'မှန်လှပါ အပြည့်အစုံလျှောက်
မယ် ဘုရား'

ဟု ဝန်ခံပြီး အောက်ပါအတိုင်
စီကာပတ်ကုံး လျှောက်ထားပါသည်

'တပည့်တော်ရဲ့ မိဘများက ရှ
ပြည်နယ်၊ စစ်တွေမြို့က ဖြစ်ပါတယ်
တပည့်တော် စတုတ္ထတန်းအောင်
အထက်တန်းပညာ ဆက်လက်သ
ကြားရန် မိဘများက ရန်ကုန်မြို့
အဒေါ်ထံ ပို့ပေးလိုက်ပါတယ်။

ရန်ကုန်မြို့မှ ဒသမတန်းအောင်
ပြီး အဖော်ကောင်းတာနဲ့ နိုင်ငံခြ
သင်္ဘောသားအဖြစ် လိုက်သွား
ကမ္ဘာကြီးကို အခေါက်ပေါင်းမြ
ရေလမ်းဖြင့် ပတ်ခဲ့ပါတယ်။ ...



www.burmeseclassic.com

www.burmeseclassic.com

လမ်းမပြင် ပင်လယ်ထဲ သွားနေရတဲ့ သင်္ဘောသားဘဝကို ငြီးငွေ့လာတာနဲ့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ဆင်းနေခဲ့ပြီး ဓာတ်ပုံဆရာ လုပ်ပါတယ်။

ဓာတ်ပုံဆရာ လုပ်နေစဉ် အမေရိကန်လူမျိုး ခရစ်ယာန်သာသနာပြု ဘုန်းကြီးတစ်ပါးနဲ့ ရင်းနှီးခင်မင်ခဲ့ပါတယ်။ ယင်းဘုန်းကြီးရဲ့ သာသနာပြုလုပ်ငန်းတွေမှာလဲ တပည့်တော်က ဓာတ်ပုံပညာဖြင့် ကူညီခဲ့ပါတယ်။ ဓာတ်ပုံဆရာဘဝနဲ့ ဘန်ကောက်မြို့မှာ လှည့်လည်နေတုန်း ရုပ်ရှင်အဖွဲ့တစ်ခုနဲ့ အဆက်အသွယ်ရပြီး လခစား ဓာတ်ပုံဆရာအဖြစ် ရုပ်သေဓာတ်ပုံ လိုက်ရိုက်ပေးရပါတယ်။

နောက် ရုပ်ရှင်လက်ထောက်ဓာတ်ပုံဆရာ ဖြစ်လာပါတယ်။ နှစ်,နှစ်လောက် လုပ်မိတော့ ရုပ်ရှင်ဓာတ်ပုံလုပ်ငန်းနဲ့ ပတ်သက်ပြီး ကိုယ်ပိုင်ထူထောင် လုပ်ကိုင်ချင်စိတ် ဖြစ်လာပါတယ်။

ကိုယ်ပိုင်ထူထောင်နိုင်ဖို့ ငွေအရင်းအနှီး ဘယ်လိုရနိုင်မလဲ၊ ဘယ်ကရမှာလဲလို့ နေ့စဉ်တွေးနေမိတယ်။ ခြောက်လလောက်ကြာတော့ ဆွစ်ဇာလန်နိုင်ငံမှာနေတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ ဘန်ကောက်မြို့လယ်ရှိ စားသောက်ဆိုင်တစ်ခုရှေ့မှာ ဆုံမိပါတယ်။ ဆိုင်အတွင်းဝင်ပြီး ကော်ဖီသောက်ရင်း ရှေးဟောင်းနှောင်းဖြစ် ပြောကြရာမှ ဆွစ်ဇာလန်မှလာတဲ့ မိတ်ဆွေက လုပ်ငန်းအကြောင်း မေးပါတယ်။

ရုပ်ရှင်ကုမ္ပဏီတစ်ခုမှာ လခစား ရုပ်ရှင်ဓာတ်ပုံဆရာ လုပ်နေကြောင်း၊ ကိုယ်ပိုင်ဓာတ်ပုံလုပ်ငန်း ထူထောင်ပြီး စီးပွားရေးကို ဖောက်ချလုပ်ကိုင်လိုကြောင်း၊ အရင်းအနှီး မပြည့်စုံသေးကြောင်း ပြောပြရာ ယင်းမိတ်ဆွေမှ သူ ဘန်ကောက်မြို့မှာ နေစဉ်က အဲဒီ



လို ဖြစ်ခဲ့ဖူးကြောင်း၊

အရင်းအနှီး ရရှိရန် ရှာနေစဉ် မြန်မာလူမျိုး ဘုန်းတော်ကြီးတစ်ပါးက အဓိဋ္ဌာန်ဝင် ပုတီးစိပ်နည်းတစ်ခု ရေးပေးကြောင်း။ ယင်းပုတီးစိပ်နည်းကို ယုံယုံကြည်ကြည်ဖြင့် အဓိဋ္ဌာန်တင်ပြီး ပွားများအားထုတ်ရာ အဓိဋ္ဌာန်နှစ်ကြိမ်ဖြင့် ကူညီသူ ပေါ်လာပြီး လုပ်ငန်းအဆင်ပြေသွားကြောင်း အားပါးတရ ပြောပြကာ ပုတီးစိပ်နည်းကို ရေးပေးပါတယ်။ ယုံယုံကြည်ကြည်ဖြင့် ကြိုးစားအားထုတ်ရန် လေးလေးနက်နက် တိုက်တွန်းပါတယ်။

မိတ်ဆွေ ရေးပေးတဲ့ ပုတီးစိပ်နည်းကို ယုံယုံကြည်ကြည်ဖြင့် အဓိဋ္ဌာန်တင်ကာ အချိန်မှန်မှန် အားထုတ်ခဲ့ပါတယ်။ အဓိဋ္ဌာန်ပြည့်ပြီး တစ်လအကြာမှာ အမေရိကန်လူမျိုး ခရစ်ယာန်ဘုန်းကြီးက ဖုန်းဆက်ခေါ်လို့ သွားတွေ့တာ သူ အသက်ကြီးပြီမို့ ခရစ်ယာန်သာသနာပြုက အနားယူပြီး မွေးရပ်ဇာတိ အမေရိကန်နိုင်ငံသို့ ပြန်တော့မယ်။ **"ငါ့အသုံးအဆောင်ပစ္စည်းအားလုံး မင်းပဲယူလိုက်တော့"** လို့ ပြောပြီး ပေးခဲ့ပါတယ်။

တပည့်တော် စုဆောင်းထားခဲ့တဲ့ ငွေနဲ့ အမေရိကန် ခရစ်ယာန်သာသနာပြုဘုန်းကြီး ချီးမြှင့်တဲ့ ပစ္စည်းများ ရောင်းရငွေ ပေါင်းပြီး ကိုယ်ပိုင်ရုပ်ရှင်ဓာတ်ပုံလုပ်ငန်းလုပ်ရာ အောင်မြင်တိုးတက်ခဲ့ပါတယ်။

အသက်ခြောက်ဆယ် ပြည့်တဲ့နေ့မှာ တစ်ယောက်တည်း ထွေရာလေးပါး စဉ်းစားနေစဉ်...

"ငါ တစ်နေ့ သေရမှာပါလား။ ဘဝကူးကောင်းရန် စိတ်ချလောက်တဲ့ ကုသိုလ်ကောင်းမှု ရှိထားရန် လိုအပ်တယ်။ မြန်မာနိုင်ငံပြန်ပြီး ဒုလ္လဘရဟန်းဝတ်ကာ စနစ်တကျ တရားအားထုတ်မှ သင့်တော်မယ်"

လို့ ဆုံးဖြတ်ပြီး ရန်ကုန်မြို့ကို ပြန်ခဲ့ပါတယ်။

ရန်ကုန်မြို့ရှိ ရိပ်သာကြီးတစ်ခုမှာ ဒုလ္လဘရဟန်းဝတ်ပြီး တစ်ဝါတွင်း တရားစခန်းဝင်တာ နှစ်လလောက်နဲ့ တရားသဘော ပေါက်သွားတာနဲ့ တစ်သက်လုံး ရဟန်းဘဝနဲ့ နေတော့မယ်လို့ ဆုံးဖြတ်ပြီး ဘန်ကောက်မြို့ကို မပြန်တော့ဘဲ တရားစခန်းဝင်စဉ်က ရင်းနှီးခဲ့တဲ့ ဆရာတော်တစ်ပါးရဲ့ ချီးမြှောက်မှုနဲ့ မန္တလေးမြို့မှာ နေပါတယ်'

ဟု လျှောက်ထားပါသည်။

စာရေးသူသည် ယင်းဦးပဥ္စင်းကြီးထံမှ ပုတီးစိပ်နည်း ရရှိပြီး ရက်သတ္တပတ်အကြာ သာသနာရေးကိစ္စဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့သို့ သွားရောက်ရာ ပရဟိတမြို့ ရွှေကျောင်းတွင် အင်္ဂပူမြို့ အင်းဝကျောင်းမှ ဘုန်းကြီး ဦးဝိသိဋ္ဌနှင့် ဆုံမိပါသည်။

ဘုန်းကြီး ဦးဝိသိဋ္ဌသည် အင်္ဂပူမြို့နယ်၌ ဗုဒ္ဓဝင်နှင့်မင်္ဂလာ စာမေးပွဲကို နှစ်ပေါင်းများစွာ သင်ကြားပို့ချစည်းရုံးနေသည့် ဆရာတော်တစ်ပါးဖြစ်ပြီး အထက်တန်း ဂုဏ်ထူးဆောင်ဘွဲ့ရခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com

တော်များလည်း ရရှိထားသူ ဖြစ်ပါသည်။

ယင်းဆရာတော်အား အထက်ပါ အကြောင်းအရာနှင့် ပုတီးစိပ်နည်းကို လျှောက်ထားရာ စိတ်ဝင်စားစွာဖြင့် ရေးကူးပြီး အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ (၁၅-၁-၂၀၁၃)နေ့ မြန်အောင်မြို့ ပရဟိတမြို့ ရွှေကျောင်းတွင် ယင်းဦးဝိသိဋ္ဌနှင့် ပြန်လည်ဆုံတွေ့စဉ် မိမိပေးခဲ့သည့် ပုတီးစိပ်နည်းဖြင့် အဓိဋ္ဌာန်ဝင်ခဲ့ရာ ထူးထူးခြားခြား အောင်မြင်ကြောင်း ဝမ်းမြောက်ဝမ်းသာ အားပါးတရ ပြောပါသည်။ ယင်းမှ တစ်ဆင့် တပည့်ဒကာများကို ကျင့်စဉ် လက်ဆင့်ကမ်းရာ အဓိဋ္ဌာန်ဝင်သူတိုင်း ထူးခြားမှုရှိကြောင်း ပြောပြပါသည်။

စာရေးသူကိုယ်တိုင် အဓိဋ္ဌာန်ဝင်ရာ ထူးခြားသော အောင်မြင်မှုများ ရရှိခဲ့ပါသည်။ ယင်းအောင်မြင်မှုများထဲမှ တစ်ခုကို ပြောပြပါမည်။ စာရေးသူနှင့် သီတဂူဆရာတော်တို့ မဆုံမိကြသည်မှာ သုံးနှစ်ကျော်ခဲ့ပါပြီ။ တစ်နေ့ နံနက် ဆယ်နာရီအချိန် မြစ်ကြီးနားမြို့မှ ဆရာတော်ကိုယ်တိုင် ဖုန်းဆက်ပြီး **'ကျောင်းမြေ နှစ်ကေလှူရင် ကယားပြည်နယ်အတွက် ခုတင်ငါးဆယ်ဆံ့ မျက်စိအထူးကု ဆေးရုံဆောက်ပေးမည်'** ဟု မိန့်ကြားပါသည်။

စာရေးသူက **'လှူပါမည် ဘုရား'** ဟု လျှောက်ထားလိုက်ရာ **'ကျောင်းမှ စောင့်နေ လာခဲ့မည်'**ဟု ပြောပြီး ရက်သတ္တနှစ်ပတ်အကြာ ဆရာတော်ကြွလာပြီး ဆေးရုံဆောက်မည့်နေရာ ညွှန်ပြပါသည်။

သီတဂူဆရာတော်၏ ညွှန်ပြရာနေရာတွင် ဦးရှိန်ဝင်း + ဒေါ်ခင်ချိုဦး(တက်လမ်းဆောက်လုပ်ရေးမိသားစု) အနံပေ (၈၀)၊ အလျား ပေ(၁၂၈)ရှိ ခုတင်



(၅၀)ဆံ့ဆေးရုံကြီးကို သိန်းပေါင်း သုံးထောင့်ရှစ်ရာ အကုန်ကျခံကာ ဆယ်လနှင့်အပြီး ဆောက်လုပ်ပြီး သီတဂူဆရာတော်ကြီး၏ သိန်းနှစ်ထောင်ကျော်တန် ဆေးရုံသုံးပစ္စည်း ထောက်ပံ့မှုဖြင့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ ဆင်းရဲနွမ်းပါးသည့် မျက်စိဝေဒနာရှင် (၂၃၁၀)ဦးကို မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဦးမြအောင်(ငြိမ်း)နှင့် မျက်စိအထူးကု ဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် အခမဲ့ အစားအစာကျွေးပြီး ကုသပေးခဲ့ပါသည်။

**[လူမျိုးမရွေး၊ ဘာသာမရွေး၊ တောင်ပေါ်တိုင်းရင်းသား ဆင်းရဲနွမ်းပါးသည့် မျက်စိဝေဒနာရှင်များကို စဉ်ဆက်မပြတ် ကုသပေးနိုင်ရန်နှင့် ဆေးရုံတော်ကြီး စောင့်ရှောက်ထိန်းသိမ်းရန် ထာဝရဆေးပဒေသာပင်(အလင်းဒါန) အလှူရှင်များကို စောင့်မျှော်လျက် ရှိပါသည်။)**

စာရေးသူကိုယ်တိုင် ထူးကဲသော ကောင်းကျိုးရရှိသလို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များလည်း ထူးကဲသော ကောင်းကျိုးရရှိစေရန် မျှဝေလိုက်ပါသည်။

### ထူးခြားဆန်းပြားသည့် ပုတီးစိပ်

၉ ဇာဝါ၊ သောမ္မာ၊ မပုဟာံ၊ ဣန္ဒြေ၊ သဝိဘ၊ အသုတိက၊ သသမ္ဗ၊ ဂတောပိရ၊ ရစဏ။

**အသံထွက်**

၉ ဇာဝါ၊ သွန်မာ၊ မပုဟံ၊ အိန်နေ၊ သဝိဘ၊ အသုတိက၊ သသံပ၊ ဂတောပိရ၊ ရစဏ။

စာလုံး(၂၇)လုံးဆုံးမှ ပုတီး(၁)လုံးချ၊ အလုံး(၁၀၀)ရှိ ပုတီးဖြင့် တစ်ရက် (၂၈)ပတ်စိပ်၊ ရက်(၃၀)ပြည့်လျှင် ဂုဏ်တော်အကြိမ်ပေါင်း (၈၄၀၀၀) ပြည့်၏။

သီလ,သမာဓိအား ကောင်းကောင်းဖြင့် အဓိဋ္ဌာန်ဝင်လျှင် အလွန်ထူးခြားသော ကောင်းကျိုးရ၏။ ရိုးရိုးအဓိဋ္ဌာန်ဝင်လျှင် အဝတ်အထည် စသည့် အသုံးအဆောင်ပစ္စည်း ရရှိတတ်ပါသည်။

စွယ်စုံတတ်သော ဆရာတော်ကြီး တစ်ပါးက...

'သိဒ္ဓိ မပတ်ဒွိရှိသည့် ပုဂ္ဂိုလ်ထူးကြီးများ စီရင်ထားသည်ကို မစိစစ်နှင့်၊ မဝေဖန်နှင့် ယုံကြည်လျှင်လုပ် အကျိုးရှိ၏။ မယုံကြည်လျှင် မလုပ်နှင့်'

ဟု မိန့်ကြားပါသည်။

စာလုံးပေါင်း (၂၇)လုံး၊ စာပိုဒ်ပေါင်း (၉)ပိုဒ်ဖြင့် တြင်းကျေ၊ နဝင်းကျေ စီရင်ထားသော ပုတီးစိပ် ဖြစ်သည်။ အထက်ပါ စာလုံးများသည် ဂုဏ်တော် (၉)ပါးတွင် ပါဝင်ကြပါသည်။ မည်သည့် ပုဂ္ဂိုလ်က မည်ကဲ့သို့ စီရင်ထားသည်ကို မစဉ်းစားတတ်ပါ။ ထူးခြားမှုရှိတာ အမှန်ဖြစ်ပါသည်။

***အစစအရာရာ အောင်မြင်တိုးတက်ကြပါစေ။***

**ဦးကလျာဏ**
**(လှိုင်ကော်)**



www.burmeseclassic.com

www.burmeseclassic.com



# အလောင်းထမ်းမွေးခြင်းနှင့်

## ဝတ်သက်၍ ဤသို့ဖြစ်ပါသည်

ဘုရိုးနေ (စစ်တွေ)

**၂၀၁၃ ခုနှစ်၊ မတ်လ အမှတ် (၂၃၀)၊ စာမျက်နှာ(၂၆၄) နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းတွင်** ဆောင်းပါးရှင် **လှမြင့်သစ်၏ အလောင်းထမ်းမွေး ခြင်းအကြောင်း**ကို ဖတ်ရှုခဲ့ရပါသည်။ အောက်ပါအတိုင်း ဖြစ်ပါသည်။

အလောင်းထမ်းမွေးခြင်းဆိုသည်မှာ မိခင် တစ်ဦးမှ သား(၄)ယောက်၊ သမီး(၁)ယောက် မွေးဖွားခြင်းဟု ခေါ်ပါသည်။ ဤသို့ မွေးဖွား လျှင် သမီးဖြစ်သူ (နှမကလေး)သေဆုံး ပျက်စီးပြီး သား(၄)ယောက်(မောင်များ)က အလောင်းပိုင်းချရသည့် ကိန်းဆိုက်သော ကြောင့် အလောင်းထမ်းမွေးခြင်းဟု ခေါ်သည်' စာရေးသူ ဤကဲ့သို့ တစ်ဆင့်စကား တစ်ဆင့် ကြားဖူးပါသည်။

- အလောင်းထမ်းမွေးခြင်း ဆိုသည် မှာ မိခင်တစ်ဦးမှ သား(၄)ယောက် ဆက်တိုက်မွေးပြီးမှ သမီး(၁) ယောက် မွေးခြင်းကို ဆိုလိုသည်ဟု သိရှိပါသည်။ (၄.၁)
- သား(၃)ယောက် မွေးပြီးလျှင် သမီး(၁)ယောက်မွေးပြီးမှ သား (၁)ယောက် ထပ်မွေးလျှင် မဆိုင် ဟု ကြားဖူးပါသည်။ (၃.၁.၁)
- သမီး(၁)ယောက် မွေးပြီး သား(၄) ယောက် ဆက်မွေးလျှင် မဆိုင်ဟု ကြားဖူးပါသည်။ (၁.၄)

စာရေးသူသည် ရခိုင်တိုင်းရင်းသား ဖြစ်ပါသည်။ ဤကဲ့သို့ အယူအဆများ ရခိုင်တိုင်းရင်းသားများတွင်လည်း ရှိ ပါသည်။ **"သမီး(၄)ယောက် သား (၁)ယောက်လည်း မမွေးကောင်း"** ဟု ဆိုပါသည်။

ဤသို့ မွေးဖွားလျှင် တစ်ဦးကို သင့်တော်ရာ (ဆွေမျိုးများထံ) အဖိုး အခများယူ၍ ရောင်းချပြီးလျှင် တခြား သူသားအဖြစ် ခံယူစေခြင်းဖြင့် ယတြာ ပြုကြပါသည်။

ဤကဲ့သို့ မွေးဖွားလျှင် မွေးသည့် မိခင်က **"မိမိသည် ခွေးကလေး မွေးဖွားသည် ဖြစ်ကြောင်း တစ်ပါးသူ အား ပြောကြားစေခြင်း၊ လူမဟုတ် ကြောင်း၊ ခွေးကလေးဖြစ်သည်ဟု တစ်ပါးသူကလည်း လက်ခံ ခေါင်း ညိတ်ပြုခြင်းဖြင့် ယတြာပြုကြပါ သည်။**

စာရေးသူ၏မိခင် (ဒေါ်လှညို)သည် အပေါ်မှ အစ်ကို(၄)ယောက် မွေးဖွား ပြီးမှ မွေးဖွားသူဖြစ်ပါသည်။

အစ်ကိုများဖြစ်ကြသော (၁)ဦးကျော် လှဦး၊ (၂)ဦးကျော်ထွန်း၊ (၃) ဦးကျော် လှဖြူ၊ (၄) ဦးကျော်မြတို့ မွေးဖွားပြီးမှ မိခင်ဒေါ်လှညိုကို မွေးဖွားပါသည်။

ဦးကျော်မြကို ဆွေမျိုးများထံသို့ ပို့၍ ကြီးပြင်းစေပါသည်။

မိခင်ဒေါ်လှညိုကိုလည်း ဆွေမျိုးများ အိမ်တွင် အိပ်ရန် မကြာခဏ ပြုလုပ် စေခဲ့သည်ဟု ဆိုပါသည်။

ညီအစ်ကို(၄)ဦး ဆက်တိုက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် တစ်ဦးကို ဖွဲ့ထုတ်ပြီး (၃)ဦး အဖြစ် သတ်မှတ်ကာ ယတြာပြုသည်ဟု ဆိုပါသည်။

နံပါတ်**(၄)ဦးကျော်မြ**မှာ ငယ်စဉ်ကပင် သေဆုံးသွားခဲ့ပါသည်။

မိခင်ဒေါ်လှညိုပြီး မောင်ငယ်တစ်ဦး ထပ်မံ မွေးဖွားပါသည်။ ထို့ကြောင့် သား(၄)ယောက်၊ သမီး(၁)ယောက် ပြန်လည်၍ ဖြစ်သွားပါသည်။

စာရေးသူ၏ အဘိုးအဘွား(မိခင် ဒေါ်လှညို၏ မိခင်၊ ဖခင်)တို့သည် (၂)ဦးစလုံး အသက်(၈၆)နှစ်တွင် သခ်ီရသဘောအတိုင်း သေဆုံးခဲ့ကြပါသည်။

အစ်ကို(၃)ဦးမှလည်း အသက်(၈၆)နှစ်အထက်နေပြီးမှ သခ်ီရသဘောတိုင်း သေဆုံးခဲ့ပါသည်။

ယခုအချိန်တွင် မိခင်ဒေါ်လှညိုသည် မြို့သူကြီးရပ်၊ လမ်းမကြီး စစ်တွေမြို့တွင် ကျန်းမာစွာ ရှိနေပြီး အသက်(၈၄)နှစ်ကျော်၍ သက်ကြီးပူဇော်ပွဲ ဝင်ခွင့်ရနေပါပြီ။

မိခင်၏ မောင်ငယ်မှာလည်း အသက်(၈၀)ကျော်၍ ကျန်းမာစွာဖြင့် စစ်တွေမြို့တွင် ရှိနေပါသည်။

စာရေးသူအမြင် ယုံကြည်မှုပြောရလျှင် ညီအစ်ကိုရင်းမောင်နှမများမှာ မိခင်တစ်ဦးတည်း ဝမ်းတွင် **ကံဆုံ၍ အတူနေရခြင်း။ ကံကုန်သည့်သူက အရင်ခွဲခွာရခြင်းသာလျှင် ဖြစ်သည်ဟု ယူဆမိပါသည်။**

စာဖတ်သူများ မိမိဉာဏ်ဖြင့်သာလျှင် ဝေဖန် ဆုံးဖြတ်ကြပါကုန်...

**အရီးနု(စစ်တွေ)**

# သွားရောဂါ

## သက်သာပျောက်ကင်းစေသည့် ဆေးတစ်လက်



တစ်နေ့တွင် စာရေးသူသည် သွားဖုံးအရင်း နာနေ၍ အိပ်ရာထဲတွင် မှိန်းနေပါသည်။

ထိုအချိန်တွင် ရွာထဲမှ ဒကာတစ်ယောက် ကျောင်းသို့ ရောက်လာပါသည်။

ထိုဒကာက...

'အရှင်ဘုရား အိပ်ရာထဲ မှိန်းနေတာ နေမကောင်းလို့လား ဘုရား'

'ဟုတ်တယ် ဒကာကြီး။ တခြားတော့ မဟုတ်ပါဘူး။ သွားဖုံးအရင်းတွေနာ နေလို့ အိပ်ရာထဲ မှိန်းနေတာပါ'

'ဒါဆိုရင် တပည့်တော် လုပ်သလို လုပ်ကြည့်ပါလား ဘုရား'

'ဘယ်လို လုပ်ရမှာလဲ ဒကာကြီး'

'ဒီလိုပါဘုရား... ပုဏ္ဏရိက်ပန်း အရွက်လက်တစ်ဆုပ်စာ၊ မာလကာရွက် လက်တစ်ဆုပ်စာ၊ တမာခေါက် လက်သုံးလုံးခန့် အပြားပမာဏလောက်၊ လက်တစ်ထွာ အတိုင်းအရှည်လောက်တားနဲ့ခွာပြီး ဒီသုံးမျိုး ရောစပ်ပါ။

သင့်တော်ရုံ မြေအိုးထဲထည့်၊ သုံးခွက်တစ်ခွက်တင်ကျို အအေးခံပါ။ ပြီးလျှင် ထို အရည်ကို ငုံလိုက်၊ ပြန်ထွေးလိုက် အကြိမ်ကြိမ် ပြုလုပ်ပေးပါ။

နှစ်ရက်၊ သုံးရက် ဆက်တိုက် လုပ်ပေးပါ။ သွားဖုံးနာတင်မက သွားကိုက်၊ သွားကျင် ရောဂါတွေပါ ပျောက်ပြီး ယိုင်နဲ့နေတဲ့ သွားတွေတောင် ပြန်ခိုင်လာပါလိမ့်မယ်'

'ဒကာကြီး ပြောသလိုဆို ဒကာကြီးဆေးက အတော်ကောင်းပါးလား။ ဦးပဥ္စင်း အသုံးပြုပြီးလို့ ဦးပဥ္စင်းရဲ့ သွားဖုံးအရင်းနာနေတာ ပျောက်တယ်ဆိုရင် အများအတွက် အကျိုးရှိအောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို စာရေးပြီး ပို့လိုက်မယ်နော်'

'ကောင်းပါတယ်ဘုရား ပို့ဖြစ်အောင် ပို့လိုက်ပါ'

ကဲ စာရှုသူ ဦးပဥ္စင်းလဲ ထိုဒကာကြီး ပြောပြီးပြီးချင်း ကပ္ပိယကို ပြုလုပ်ခိုင်းပြီး ချက်ချင်း အသုံးပြုကြည့်ရာ သုံးရက်အတွင်း သက်သာပျောက်ကင်းသွားပါတယ်။

သွားရောဂါ ဝေဒနာရှင်များအား ကိုယ်ချင်းစာလျက်...

**ဦးပညာလင်္ကာရ(ပန်းတောင်း)**
**ကျွဲရဲကျောင်းဆရာတော်**



www.burmeseclassic.com

www.burmeseclassic.com

# လူနှင့် အာကာသခန္ဓာ

ဦးမောင်ဦး

ဝီလီယမ်ဂျာဟာဒိုင်းဆိုသူ အင်္ဂလိပ်လူမျိုး ဝတ္ထုစာရေးဆရာ၊ ပြဇာတ်စာရေးဆရာတစ်ဦးသည် အေးချမ်းစွာပင် အိပ်စက်အနားယူနေ၏။ သူသည် အရက်သောက်သောပါ။ အခြားသော စိတ်ငြိမ်ဆေးများ၊ အိပ်ဆေးဝါးများကိုလည်း သုံးစွဲတတ်သူ မဟုတ်။

ထို့အပြင် သူသည် ဂန္ဓာရီပညာရပ်များဆိုင်ရာ ဗဟုသုတနှင့် ပတ်သက်၍လည်း အနည်းငယ်လောက်မျှသာ ရှိသူတစ်ဦး ဖြစ်ပြန်လေရာ **ဝိညာဉ်လိပ်ပြာခန္ဓာထွက်ခြင်းနှင့်** ပတ်သက်၍ လုံးဝ အတွေ့အကြုံ မရှိရှာပါ။ ထိုကိစ္စများထက် သူ့အလုပ်တွေ ပြီးစီးဖို့ကိုသာ အာရုံရှိ၏။

သို့ရာတွင် အိပ်နေလျက်က ရုတ်တရက် သူနိုးလာ၏။ အိပ်မက် မက်နေခြင်းလည်း မဟုတ်။ ရုတ်တရက် ထရပ်လိုက်ရာ ခုတင်အောက်ရှိ မီးလုံးကလေး၏ ခလုတ်အနီးသို့ ရောက်နေသည်ကို တွေ့ရ၏။

**ဤတွင် မီးခလုတ်ကို ဖမ်း၍ သူနှိပ်လိုက်ပါသည်။ လက်ထွေက ဘာကိုမှ မဖမ်းမိချေ။ အံ့ဩစရာပင် သူ့အတွင်းအသိစိတ်လည်း နိုးကြားစွာ ရှိနေ၏။**

ဤတွင် သူ စဉ်းစားကြည့်မိသည်။ သူ့ ခန္ဓာကိုယ်တွင် ဘာများ ချို့ယွင်းနေသနည်း၊ ဘာတွေများ ဖြစ်နေသနည်း။ အိပ်မက် မဟုတ်သည်ကလည်း သေချာနေ၏။

တစ်ဖန် ပြန်၍ ပတ်ဝန်းကျင်အား သတိ ပြုမိလိုက်သည်တွင်မှ သူသည် လူတို့ တွေ့သိပြီးသမျှ ရုပ်ဝတ္ထုအားလုံးတို့ကို ဆန့်ကျင်လျက် အခန်းမျက်နှာကြက်နှင့် ကြမ်းပြင်တို့အကြားတွင် မိုးပျံပူဖောင်းတစ်လုံးသဖွယ် ပေါလောမျောနေသည်ကို သိရပြန်၏။

သူ၏ ခြေဖဝါးနှစ်ဖက်ပေါ်တွင် ရပ်၍ မရပြန်။ ဘာတွေ ဖြစ်ကုန်သည်ကိုလည်း ဘာမျှ နားမလည်နိုင်လောက်အောင်ပင် ဖြစ်နေ၏။ ဤတွင် သူ့အား အင်အားတစ်ခုခုက တွန်းလိုက်သလိုလို ခံစားလိုက်ရလေသည်။

သူသည် အခန်းတစ်လျှောက် လျှော၍ မျောသွားပြီးနောက် အခန်းတံခါး လက်ကိုင်အနီးသို့ ရောက်သွားပြန်၏။

တံခါးလက်ကိုင်ကိုမှ ဆုပ်၍မရ။ ထုံးစံအတိုင်း ဘာကိုမျှ မဖမ်းမိ။ သူ၏ ခန္ဓာအသစ်သည် ဘာကိုမျှ ဆုပ်ကိုင်၍ မရနိုင်မှန်း သတိထားမိလာသည်။

ဤတွင် ရုပ်ရှင်ရုံထဲ၌ ရုပ်ရှင်ပြသည့်အခါ ပြစက်မှထိုးသော ဆလိုက်မီး၏ အရောင်ကဲ့သို့သော အလင်းတန်းကလေး တစ်တန်းသည် **သူ၏ ယခု ခန္ဓာနှင့် ခုတင်ပေါ်ရှိ ရုပ်ခန္ဓာကြီးတို့အား ဆက်သွယ်နေသည်**ကို တွေ့မိလေတော့၏။

**ရုပ်ခန္ဓာကြီးမှာမူ ခုတင်ပေါ်တွင် အိပ်လျက်သားပင်။**

ဂျာဟာဒိုင်းသည် ယခု ဖြစ်နေသည့် အဖြစ်ကို ပထမဆုံးအကြိမ်အဖြစ် ထိတ်လန့်သွားမိ၏။ ထို့နောက် သူ၏ခန္ဓာယာဉ် အသစ်အား စမ်းသပ်မှု ပြုလုပ်လိုစိတ် ပေါ်လာတော့သည်။

**သူသည် အိပ်ခန်းတံခါး၏ လက်ကိုင်အား မည်သို့မျှ လှည့်ဖွင့်၍ မရသော်လည်း တံခါးရွက်ကိုဖောက်၍ ဖြတ်သန်းကြည့်ရာတွင်မူ လွယ်ကူလှသည်ကို တွေ့ရလေ၏။**

**သူသည် ရေချိုးခန်းအတွင်းသို့ ထိုနည်းအတိုင်း ဝင်၍ကြည့်၏။ ဘယ်သူမျှ မရှိ။ ပြတင်းပေါက်က မှန်လျက်သားနှင့် ရေချိုးပြီးလျှင် သုတ်သည့် မျက်နှာသုတ်ပဝါကလည်း တန်းတွင် ချိတ်လျက်သားပင်။**



▼ အာကာသခန္ဓာများ လွင့်မျောနေခြင်းကို သရုပ်ဖော်ထားသော ရှေးဟန်ပန်းချီကားတစ်ချပ်

ထို့နောက် သူသည် အခန်းအားလုံးဆီသို့ ဝင်ကြည့်ပြီးနောက် မည်သည့် တံခါးများက ပိတ်ထားကာ၊ မည်သည့်တံခါးများက ပွင့်၍နေသည်ကို သတိထား လေ့လာရန် ဆုံးဖြတ်လိုက်၏။

သူသည် အလေးချိန်မဲ့စွာဖြင့်ပင် လေထဲတွင် ဟိုမှသည်မှ လွယ်ကူစွာ သွားလာနိုင်၏။ အံ့ဖွယ်ပင်တည်း။ သူ၏ ခန္ဓာအသစ်နှင့် အဟောင်းကို ဆက်သွယ်နေသည့် အလင်းတန်းကလေးကရော ဘာသဘောပေနည်း။

သူသည် လုပ်စရာရှိသည်တို့ကို လုပ်ပြီးနောက် ခုတင်ဆီသို့ ပြန်သွား၍ သူ၏ခန္ဓာဟောင်းကို ကြည့်ပြန်သည်။ ဤတွင် သူ၏ သတ္တိများ ပြန်၍ပေါ်ပေါက်လာ၏။

**'မလုပ်သေးဘူး'** ဟု သူ့ကိုယ်သူ ပြန် ပြောလိုက်ရင်း လေထဲတွင် လျင်မြန်စွာ ပျံသန်းကြည့်ပြန်၏။





www.burmeseclassic.com

www.burmeseclassic.com

အိမ်အပြင်ဘက်သို့ ထွက်ကြည့်၏။

သူသည် အောက်သို့ ဖြည်းညင်းစွာ ကျဆင်းစေရန် တွေးလိုက်သောအခါ မြို့လယ်ရှိ မြက်ခင်းပြင်ပေါ်တွင်ပင် လမ်းလျှောက်နိုင်သည်ကို သိရပြန်၏။

နောက်ဘက်သို့ လှည့်ကြည့်လိုက်ရာတွင်လည်း အလင်းရောင် ထွက်နေသော ကြိုးတန်းသဖွယ် အလင်းတန်းကလေး ရှိနေဆဲ ဖြစ်သည်ကို တွေ့ရပြန်၏။

**ဤတွင် ရုတ်တရက် ဆောင့်၍ ဆွဲလိုက်သလို ခံစားလိုက်ရပြီး အိပ်ရာပေါ်တွင် ရှိနေဆဲ သူ၏ မူလခန္ဓာဆီသို့ ပြန်ရောက်သွားလေတော့သည်။**

ယခု အဖြစ်အပျက်သည် အိပ်မက်တစ်ခုသာပင်လော။ မဟုတ်ဟု ဂျာဟာဒိုင်း ဆုံးဖြတ်ပါသည်။

'အရာရာဟာ တကယ် အစစ်အမှန်တွေပဲဗျ။ အဲဒီအချက်က အိပ်မက်ပဲလို့ ထင်နေတာကို ပျောက်သွားစေတော့တာပဲ။ ကျွန်တော် အိပ်ရာကထလိုက်ပြီး အခန်းတွေ အားလုံးကို ဝင်ကြည့်တယ်။

ကျွန်တော် လေထဲမှာ မျောနေတုန်းက မှတ်ထားတဲ့ တံခါးတွေကို ပြန်ကြည့်တာပါ။ ပိတ်ထားတဲ့တံခါး၊ ဖွင့်ထားတဲ့ တံခါး၊ ကန့်လန့်ကာချထားတဲ့ ပြတင်းပေါက် အားလုံး ကွက်တိပါပဲဗျာ'

ဟု ဂျာဟာဒိုင်းက ပြောပါသည်။

ဂျာဟာဒိုင်း၏ အတွေ့အကြုံသည် သာမန်မဟုတ်။ သို့ရာတွင် **အတူမရှိ၊ အတုမရှိလည်း မဟုတ်ပြန်။ ထိုသို့သော မိမိ၏ ခန္ဓာကိုယ်ပြင်ပသို့ ရောက်သွားသည့် အတွေ့အကြုံမျိုး**(Out-Of-Body Experience)ကို အခြားသူအချို့လည်း ကြုံဖူးကြပါသည်။

၁၉၆၈ ခုနှစ်ခန့်ကလည်း စီလီယာဂရင်းဆိုသူ "**နာမရူပ သုတေသနအဖွဲ့**"တစ်ခုမှ ပုဂ္ဂိုလ်တစ်ဦးက မိမိ၏ခန္ဓာကိုယ် ပြင်ပသို့ ရောက်သွားဖူးသောသူ (၃၆၈)ဦးခန့်ကို မေးမြန်းတွေ့ဆုံ၍ သုတေသနပြုခဲ့ပါသည်။

ဂန္ဓာရီပညာရှင်အချို့ကမူ လူတို့သည် ရုပ်ခန္ဓာကြီးတစ်ခုတည်းသာ ရှိနေသည်မဟုတ်။ နေ့စဉ်ထိတွေ့ သွားလာလှုပ်ရှားနေသော ခန္ဓာကြီးနှင့်အတူ အခြားသော ခန္ဓာများလည်း ရှိသေးသည်ဟုဆိုပါသည်။

ယင်းခန္ဓာများသည်လည်း သူတို့နှင့် သက်ဆိုင်ရာ လောကအသီးသီးတွင် လက်ရှိ ရုပ်ခန္ဓာကြီးကဲ့သို့ပင်လျှင် စစ်မှန်သောခန္ဓာနှင့် စစ်မှန်သော လောကအဖြစ် တည်ရှိနေနိုင်သည်။ ယင်း**လောကတို့ကို "ဘုံ"အမျိုးမျိုးဟု ခေါ်ကြသည်။**

**သက်ဆိုင်ရာခန္ဓာနှင့် သက်ဆိုင်ရာဘုံ အတွက် ဖြစ်ပျက်သမျှတို့သည် အစစ်အမှန် တွေ့ရှည်သော ဖြစ်သည်။**

ယခု ကျွန်ုပ်တို့၏ ရုပ်လောကဝယ် ထိ၊ ကြား၊ သိ၊ မြင်၊ နံနေသမျှကိုသာ အစစ်အမှန်ဟု လေ့နံ့မားထစ် ယူဆပါက မှားပေလိမ့်မည်။

ထို့အပြင် ခန္ဓာအမျိုးမျိုးတို့ သည် ကျွန်ုပ်တို့၏ လက်ရှိ ရုပ်ခန္ဓာကြီးနှင့် အတူတူပင် ထပ်၍သော်လည်းကောင်း၊ ရောယှက်၍ သော်လည်းကောင်း တည်ရှိနေသကဲ့သို့ **ယင်း ဘုံအမျိုးမျိုးတို့သည်လည်း ယနေ့ ရုပ်လောကတွင် ထိုသို့ပင် ရှိနေလေ သည်။**

ဟုတ်ပေပြီ။ သို့ဆိုလျှင် လူတို့ဝယ် ခန္ဓာ မည်မျှ ရှိလေသနည်း။ အနောက်တိုင်းပညာ ရှင်အချို့၏ အလိုအရမူ အောက်ပါအတိုင်း ပင် ဖြစ်ပါသည်။

* * *

| ခန္ဓာများ | လောကများ |
|---|---|
| ၁။ ရုပ်ခန္ဓာနှင့် လိပ်ပြာခန္ဓာ | လက်ရှိရုပ်လောက |
| ၂။ အထင့်နိမ့် အာကာသခန္ဓာ<br>၃။ အထင့်မြင့် အာကာသခန္ဓာ | အာကာသလောက |
| ၄။ ခိုင်မာသော မနောခန္ဓာ<br>၅။ နုနယ်သော မနောခန္ဓာ | မနောလောက |
| ၆။ ခိုင်မာသော ဝိညာဉ်ခန္ဓာ<br>၇။ နုနယ်သော ဝိညာဉ်ခန္ဓာ | ဝိညာဉ်လောက |

အာကာသခန္ဓာ လွင့်မျော၍ ဓဲ့သို့ ထွေ့ရောက်သွားခြင်းကို
◆ သရုပ်ဖော် ရေးဆွဲထားသော ပန်းချီကားတစ်ချပ်



လက်ရှိ ရုပ်လောကကို **ဟီဘရူး ဘာသာအရ အက်ဆီယာ** (Assiah = World of Matter) ဟု ခေါ်၏။ အာကာသလောကကို ဟီဘရူးဘာသာအရ **ယက်ဇီရာ** (Yetzirah = Astral World) ဟု ခေါ်ကာမနောလောကကိုမူ**ဘရီ ယာ**(Briah = Mind World) ဟု ခေါ်ကြ၍ ဝိညာဉ်လောကကို **အက်ဇီလု(သ်)** (Atziluth = Spiritual World) ဟု ခေါ်ကြ သည်။

ယခု အထက်တွင် ဖော်ပြခဲ့သော ဝီလီယမ်ဂျာဟာ ၏ အဖြစ်အပျက်မျိုးကို "**အာကာ သခန္ဓာ ထွက်ခွာခြင်း**" ဟု အနောက်တိုင်းပညာရှင်တို့ က ကြ၏။ ရုပ်ခန္ဓာမှ အာကာသ ခေတ္တမျှ ခွာခြင်းပင် ဖြစ်ပါ

ထိုသို့ ခွာထွက်နိုင် ဂန္ဓာရီနည်းလမ်းများ





www.burmeseclassic.com

www.burmeseclassic.com

နိုင်သေးသည်ဟု ဆိုကြပြန်၏။ ထိုသို့ အာကာသခန္ဓာ ခွာထွက်ရာတွင် ရုပ်ပုံ တစ်ခုခုကို ရွေးချယ်၍ အာရုံစူးစိုက်လေ့ ရှိကြပါသည်။

ဥပမာ ဆိုရသော် တားရော့ကတ်ပြားမှ ပုံတစ်ခုခု၊ အခြား အရုပ်သင်္ကေတတစ်ခုခုသည့် အာကာသလောကနှင့် ဆက်သွယ်သော ပုံတစ်ခုခုကို အာရုံစူးစိုက်စွာ ကြည့်ရှုပြီး **"သွားရောက် လည်ပတ်လိုသော ဆန္ဒ"ကို အာရုံဝယ် တည်စေကြ၏။**

**ထို စိတ်အနေအထားကိုမူ သင်ယူ၍မရ လေ့ကျင့်ရင်းဖြင့်သာ သိလာနိုင်၏။**

ထို့နောက် ယင်း အာကာသလောက၏ တံခါးပေါက်ဖြစ်သော သရုပ်သင်္ကေတကို အာရုံဝယ် စွဲမြဲသွားပြီဆိုပါက **မျက်စိများကို မှိတ်လိုက်ကာ မနောအာရုံဝယ် ထင်မြင်လာစေရန် အာရုံပြုထား၊ ညွှတ်ထားရပါမည်။**

ထို့နောက် မိမိသည် အာကာသခန္ဓာဖြင့် ယင်းလောကထဲဝယ် သွားလာနေသည်ဟု အာရုံကို ညွှတ်ယူရမည်ဖြစ်၏။

အနီးစပ်ဆုံးမှာ အိပ်မက်ထဲတွင် သွားလာလှုပ်ရှားနေသကဲ့သို့ပင် ဖြစ်လေသည်။ အိပ်မက်ထဲမှ လောကသည် တကယ် မရှိချေ။ သို့ရာတွင် အိပ်မက်မှ မနိုးမချင်း တကယ် ခံစား ကြုံတွေ့နေရလေသည်။

ဤတွင် ယခု ရုပ်လောကသည် အိပ်မက်လော၊ အိပ်မက် မြင်မက်ခြင်းကသာလျှင် တကယ့်လောကသို့ ခေတ္တမျှ ပြန်ရောက်သွားခြင်း ဖြစ်လေသလော ဟူသည့် အတွေးများ ပေါ်ပေါက်လာကြပြန်လေ၏။

တစ်ဖန် ကြည့်ရှုကိုင်တွယ်မည့်သူ ဟူ၍ ညည်သူမျှ မရှိပါက ယနေ့ ရုပ်လောကကြီးသည်လည်း ရှိတော့မည်မဟုတ် ဟူ၍လည်း တွေးကြည့်ကြပြန်သည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း အာကာသခန္ဓာကို လွှင့်နိုင်သောပုဂ္ဂိုလ်များ ရှိပါသည်။ ထိုသို့သော သူတစ်ဦးနှင့် ကြုံဖူးရာတွင် သူကမူ အိမ်တစ်အိမ်ဆီသို့ အာကာသခန္ဓာဖြင့် သွားရောက်ရာတွင် ဘုရားစင်ရှိရာ နေရာထက် ကျော်လွန်၍ အိမ်တွင်းသို့ ဝင်၍မရဟု ပြောဖူးပါသည်။

ထိုသို့ ကျော်လွန်၍ ဝင်၍ မရနိုင်သည်မှလွဲ၍ အခြားသော အချက်အလက်များကိုမူ



မှန်ကန်စွာ ပြောပြနိုင်လေသည်။

ထိုသို့ အာကာသခန္ဓာကို လွှင့်ထုတ်ခြင်း မဟုတ်သော်လည်း တစ်နည်းနည်းဖြင့် အဝေးမှ ဖြစ်ရပ်တို့ကို သိနိုင်သော အစွမ်းသည် သတ္တဝါတို့တွင် ရှိနေလေရာ **မစ္စ၊ အင်၊ ရန်ဆန်၏ ကိုယ်တွေ့ဖြစ်ရပ်ကလေးကို** ရေးသားဖော်ပြလိုက်ပါသည်။ **၁၉၅၉ ခုနှစ်၊ အောက်တိုဘာလထုတ် "ဖိတ်(Fate)"မဂ္ဂဇင်းတွင်** ဖော်ပြခဲ့သော ဖြစ်ရပ်တစ်ခုပင်တည်း။

'ကျွန်မရဲ့ အစ်ကိုဟာ ဘူဒိုဇာလို့ခေါ်တဲ့ စက်ကြီးကို မောင်းတဲ့သူပါ။ သူဟာ အိမ်နဲ့ (၈)မိုင်လောက်ဝေးတဲ့ နေရာမှာ အလုပ် လုပ်ရပါတယ်။

ကျွန်မကတော့ သူ အလုပ်သွားနေတုန်း အိမ်မှာ ဝေယျာဝစ္စတွေလုပ်ပြီး ကျန်ခဲ့တာပေါ့ရှင်၊ တစ်နေ့မတော့ အစ်ကိုလဲ အလုပ်သွားပြီ။

ကျွန်မကတော့ အိမ်မှာပဲ အလုပ်ကလေးတွေ အခွံသင်နေရင်းက အာရုံထဲမှာ မြင်ကွင်းတွေ ဖျတ်ခနဲ ပေါ်လာပါတော့တယ်။

အဲဒီ အာရုံထဲက မြင်ကွင်းမှာတော့ အစ်ကို မောင်းရတဲ့ စက်ကြီးဟာ မိုးပေါ်ကို ထောင်နေပါတယ်။ အဲဒီ မြင်ကွင်းဟာ ကြောက်စရာကြီး ဖြစ်နေတာကြောင့် ကျွန်မဟာ လက်ကိုတောင် စက်ကြီးလိုပဲ လိုက်ထောင်မိပါသေးတယ်။

အောက်ကို လဲကျလာတော့မယ့် စက်ကြီးကို ယောင်ပြီး လက်နဲ့ ခံလိုက်တဲ့ သဘောပါပဲ။ ပြန်ပြီး သတိဝင်လာလို့ နာရီကို လှမ်းကြည့်လိုက်တော့ ညနေ သုံးနာရီ ဆယ့်ငါးမိနစ်ဆိုတာကို သိလိုက်ရပါတယ်။

ညနေဘက် အစ်ကို အိမ်ပြန်လာတဲ့အခါကျတော့မှ ကျွန်မ အာရုံမှာ မြင်လိုက်ရတာက အမှန်ပဲဆိုတာကို သိရပါတော့တယ်ရှင်။ နေ့လယ်က အစ်ကိုရဲ့ စက်ကြီးဟာ အခြေမခိုင်ဘဲ ချော်ပြီး မှောက်သွားတယ်တဲ့။ အဲဒီလို မှောက်သွားတဲ့အခါမှာလဲ မြေတူးတဲ့ စက်သွားကြီးဟာ ကျွန်မ မြင်လိုက်ရတဲ့ အတိုင်းပဲ မိုးပေါ် ထောင်နေတယ်တဲ့။

အစ်ကိုကတော့ အဲဒီလို မိုးပေါ်ထောင်နေတဲ့ စက်သွားကြီးရဲ့ အောက်နေရာက မြေပြင်ပေါ်မှာ လွင့်ကျနေပြီး သူ့အပေါ်ကို စက်ကြီး ပိလာတော့မှာပဲလို့ ထင်နေသတဲ့။

ဒါပေမယ့် စက်ကြီးဟာ သူ့အပေါ်ကို ကျမလာတော့ ဘယ်လိုဖြစ်တာပါလိမ့်လို့ သတိဝင်လာပြီး စက်ကြီးကို သေသေချာချာ ပြန်ကြည့်လိုက်သတဲ့။

ဒီတော့မှ စက်ကြီးဟာ ထောင့်စွန်းက ဂေါ်ပြားလိုဟာတစ်ခုပဲ မြေကြီးထဲမှာ နစ်နေပြီး အဲဒီ နစ်နေတဲ့ဟာကြောင့်ပဲ အောက်ကို ပြုတ်မကျနိုင် ဖြစ်နေတာကို တွေ့ရသတဲ့။

ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲလို့ အစ်ကိုက ပြောပါတယ်။ ဒီလောက် လေးလံတဲ့ ဘူဒိုဇာစက်ကြီးရဲ့ အလေးချိန်ကို ဒီလောက် အခြေခိုင်မှုကလေးက ဘယ်လိုမှ ထိန်းမထားနိုင်ဘူးလို့ ပြောပါတယ်။ ဒါပေမယ့် ပြုတ်မကျသေးပါဘူး။

အဲဒီလို တွေ့လိုက်ပြီး သူလဲ စက်ပိကျမယ့်နေရာကနေ အမြန်ဆုံး လိမ့်ထွက်လိုက်ပါတယ်။ နောက်တော့လဲ စက်ကြီးဟာ ခုနက နေရာမှာပဲ ပြုတ်ကျလာတာပါပဲတဲ့။

အဲဒီလို ဖြစ်ခဲ့တဲ့အချိန်ကတော့ နေ့လယ်ပိုင်း လက်ဖက်ရည်သောက်ချိန်အပြီး ညနေပိုင်း ရောက်ခါစ သုံးနာရီ ဆယ့်ငါးမိနစ်ပါပဲတဲ့ရှင်...'

**ဦးမောင်ဦး**

ကိုးကား

၁။ The Meaning of Magic.

၂။ Thought Flah.

**နတ်ဖူးဖွားရောင်ခြည်မဂ္ဂဇင်းပြု**

www.burmeseclassic.com

လောကသည် လည်ပတ်သော သဘောရှိ၏။ ထို့ကြောင့် သံသရာဟု ခေါ်၏။ သံသရာအတွင်း လူ့နတ်သတ္တဝါ မှန်သမျှ အို,နာ,သေဘေးဖြင့် တွေ့ရ၏။ ထိုဘေးဒုက္ခသံသရာအတွင်း နစ်ဆင်းနေသော ပုထုဇဉ်များစွာအနက် သူတော်ကောင်းတို့သည် ယင်းသံသရာမှ ရုန်းထွက်လိုကြ၏။ ရုန်းထွက်နိုင်ရန် အကျင့်မှန်ကို ရှာဖွေကြ၏။

ထိုအခါ ဒုက္ခကို မြင်၏။ ဒုက္ခဖြစ်စေသော သမုဒယကို မြင်၏။ ဒုက္ခမှ လွတ်ရာကို မြင်၏။ ဒုက္ခမှ လွတ်ရာလမ်း(မဂ်)ကို မြင်၏။ မြင်သည့်အတိုင်း ကျင့်ကြံအားထုတ်၍ သံသရာဝဲဩဃမှ ရုန်းထွက်ကြ၏။ ထိုအကျင့်သည် ခက်ခဲနက်နဲလှ၏။ သို့သော် လူသားတို့မှ ကင်းလွတ်ရာ အကျင့်မဟုတ်၊ ကာယ်တင်ရှင် အကျင့်မဟုတ်။ မိမိကိုယ်ကို အားကိုးလျက် မိမိလွတ်ရာလမ်းကို ရှာဖွေရသောအကျင့် ဖြစ်၏။

တစ်နည်းအားဖြင့် သဘာဝမမွ အကျင့် ဖြစ်၏။ ထို့ကြောင့် ဤအယူကို လူသားဆန်သောသူတိုင်း နှစ်လိုကြ၏။ ကျင့်ကြံကြ၏။ ဗုဒ္ဓဘာသာဝင် မဟုတ်သူများပင်လျှင် **"ဤအကျင့်ကား တော်တည့် မှန်ကန်၏၊ သဘာဝဖြစ်၏၊ ဖြောင့်မှန်၏၊ ကျင့်ကြံအားထုတ်သင့်၏၊ မွန်မြတ်၏"** ဟု မှတ်ချက်ပြုကြ၏။

သို့သော် တမလွန်ဘဝ ရောက်ရှိပြီးမှ ဗုဒ္ဓဘာသာသို့ ချဉ်းကပ်လိုသော ဖြစ်ရပ်မျိုးကို တွေ့ရန် ခဲယဉ်းလှ၏။ ဤစာစုသည် ကွယ်လွန်ခဲ့ပြီးနောက်မှ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းအတိုင်း ပြုမူဆောင်ရွက်ပေးပါရန် အကြောင်းပြုလာသော ပရလောကသားတစ်ဦး၏ ဖြစ်ရပ်မှန် ဖြစ်၏။

စောင့်စည်းအပ်သော အကြောင်း



ကောင်းသူ

# ကွယ်လွန်သူ၏ ဝဋ္ဋမှန်

များကြောင့် မူလ ကာယကံရှင်၏ အမည်၊ ကိုးကွယ်ရာဘာသာ၊ နေရပ် လိပ်စာ စသည်တို့ကို ပြောင်းလွှဲထားခြင်းမှအပ အမှန်တကယ် ဖြစ်ပျက်ခဲ့သောအကြောင်းအရာ ဖြစ်ပါ၏။ ထို

အကြောင်းများကို သိရှိလာခြ... ဤသို့ ဖြစ်လေ၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ... မရှောင်သာသော အကြော... တစ်ရပ်ကြောင့် မိမိဇာတိ... နေပြည်တော် လယ်ဝေးမြို့သို့ ... ရှိခဲ့လေ၏။ ပြုဖွယ်ကိစ္စများ ဆော... ပြီးသောအခါ သူငယ်ချင်းလည်း... ညီအစ်ကို တစ်ဝမ်းကွဲလည်း ဖြ... ငှက်ပျောတောကျေးရွာနေ...



www.burmeseclassic.com

www.burmeseclassic.com

ထံသို့ ရောက်ရှိခဲ့လေ၏။

ထိုသို့ရောက်ရှိပြီးနောက် ရှေးဟောင်းနှောင်းဖြစ်များကို မပြီးနိုင်အောင် ပြောဆိုနေကြစဉ် မော်တော်ယာဉ်တစ်စီးဖြင့် သံဃာတော်တစ်ပါး ကြွရောက်လာလေ၏။ ယင်းသံဃာတော်မှာ ကိုသန်းနွဲ့၏ အဒေါ်ဖြစ်သူမှ ပဋ္ဌင်းခံပေးခဲ့သည့်အတွက် အသက်(၉၄)နှစ်အရွယ်ရှိပြီဖြစ်သော ပဋ္ဌင်းအမကြီးကို လာရောက်တွေ့ဆုံခြင်း ဖြစ်လေ၏။ ယင်းနောက်မှ ကျွန်ုပ်တို့ စကားဝိုင်းသို့ ရောက်ရှိလာပြီး ကိုသန်းနွဲ့က မိတ်ဆက်ပေးလေ၏။

ထိုသံဃာတော်မှာ ရုံးဌာနကြီးတစ်ခု၏ ကိုးကွယ်ရာ ဆရာ,ဒကာ ကျောင်းမှ ကျောင်းထိုင်ဆရာတော်ဖြစ်ပြီး သက်တော်မှာ(၃၅)နှစ်ခန့်သာ ရှိ၏။ ထိုသို့ပြောဆိုနေကြရာမှ နှစ်ဆန်းတစ်ရက်နေ့တွင် သံဃာတော်များအား ပင့်ဖိတ်၍ ရုံးဌာနကြီးတွင် ပရိတ်တရားတော်များ နာကြားသောအကြောင်းကို ရောက်ရှိသွားလေ၏။ ထိုအခါမှ ဆရာတော်က...

'ပရိတ်ရွတ်တယ်ဆိုတာနဲ့ အကာကြီးကို ပြောရဦးမယ်။ ကျုပ်တို့ ပရိတ်ရွတ်ပြီး သုံးရက်လောက်အကြာမှာ ဌာနအတွက် ဖွင့်ထားတဲ့ စားသောက်ဆိုင်မှာ အဲဒီဆိုင်က အမျိုးသမီးတစ်ဦးကို ပရလောကသားတစ်ဦးက ဝင်ပူးတဲ့ ဖြစ်ရပ်တစ်ခု ကြုံခဲ့ရသေးတယ်ဗျာ'

ဟု မိန့်လေ၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း စိတ်ဝင်စားစွာဖြင့်...

'မှန်ပါ...အကြောင်းစုံ အမိန့်ရှိပါဦးဘုရား'

ဟု စကားထောက်ရလေ၏။ ဆရာတော်က...

'ဒီလိုဒကာကြီးရဲ့...ကျုပ်လဲ ဘုန်းကြီးဝတ်တာက ငယ်ငယ်ကတည်းကပါ။ ခုလို ပရလောကနဲ့ ပတ်သက်တဲ့



ခြောက်လှန့်တာ ဆိုတာတွေကို ကြားဖူးပေမယ့် ခုလို ကိုယ်တွေ့မြင်ရတာတော့ ပထမဆုံးပါပဲ။ ပြီးတော့ ဒီပုဂ္ဂိုလ်က ဗုဒ္ဓဘာသာမဟုတ်ဘူး။

ဖြစ်စဉ်ကတော့ ဒီကလေးဟာ ဌာနကြီးမှာ အလုပ်ဝင်ခါစ ရှိပါသေးတယ်။ အသက်က (၂၂)နှစ်ရှိသေးတယ်ဆိုတော့ တကယ်တော့ နုမြောစရာပါပဲ။ ဒီမှာ သင်တန်းတက်နေတုန်း သင်္ကြန်တွင်း ခွင့်ရက်ရှည်ရလို့ မိဘရပ်ထံ ပြန်သွားခဲ့တာပါ။ ခွင့်ကာလကုန်ဆုံးတော့ သင်တန်းပြန်တက်ဖို့ ပြန်လာခဲ့တာပေါ့။

အဲဒီလို ပြန်လာတုန်း အမြန်ကား(Express)မှာ ရှေ့ဆုံးက လိုက်လာခဲ့တယ်။ တစ်နေရာရောက်တော့ ကွမ်းစားလာရာက ကွမ်းထွေးချင်လို့ တံခါးရှတ်တရက် ဖွင့်ပြီး ကွမ်းထွေးလိုက်တယ်။ တကယ်တော့ သူ့ဘေးက ပြတင်းပေါက်က ထွေးလိုက်ရင် ဘာမှမဖြစ်ပေမယ့် တံခါးဖွင့် ခေါင်းပြူပြီး ထွေးလိုက်တဲ့အခါ နောက်က ကျော်တက်လာတဲ့ အမြန်ကား(Express) တစ်စီးက ဦးခေါင်းကို တိုက်ပြီး အဲဒီနေရာမှာ ပွဲချင်းပြီး သေဆုံးသွားတယ် ဒကာကြီး'

'သနားစရာပါပဲ ဘုရား'

'ဒါပေါ့ ဒကာကြီး အကာလမရဏဆိုတာ ဒီလိုပါပဲ။ အရွယ်မတိုင်မီ ကွယ်လွန်ရတာပေါ့။ လူ့ဘဝဆိုတာ ဘယ်တော့ သေရမယ်၊ ဘယ်နေရာမှာ သေရမယ်၊ ဘာရောဂါနဲ့ သေရမယ် ဆိုတာ ဘယ်သူမှမသိနိုင်တဲ့ အကြောင်းကိစ္စလို့ တရားတော်မှာ ရှိပါတယ်။

သူကွယ်လွန်သွားတော့ သူ့ဌာနဆိုင်ရာက သိပြီး သူ့အလောင်းကို မိဘတွေထံ အရောက် ပို့ပေးရတာပေါ့။ မိဘတွေကတော့ မဖြေနိုင်ဘူးပေါ့ ကွယ်။ ဘုန်းကြီးတို့ကတော့ ဒီကလေးဟာ ဗုဒ္ဓဘာသာဝင်မဟုတ်လို့ ဆွမ်းသွတ်တာ၊ သရဏဂုံတင်တာ စသည်ဖြင့် လုပ်မပေးလိုက်ရဘူးပေါ့ကွယ်။

ဒါပေမယ့် အဲဒီလို ကွယ်လွန်ပြီး (၃)ရက်အကြာမှာ သူ့ဌာနကြီးရဲ့ စားသောက်ဆိုင်က သူနဲ့ခင်တဲ့ "မအေးသန်း"ဆိုတဲ့ အမျိုးသမီးကို ဝင်ပူးပါလေရော'

'ဝင်ပူးတယ်ဆိုတာ ဘယ်လိုပါလဲဘုရား'

'ဝင်ပူးတယ်ဆိုတာ အမျိုးသမီးက လက်ရှိ အကောင်းပကာတိ အခြေအနေက တုန်တုန်ယင်ယင်ဖြစ်လာပြီး အဲဒီကလေးနဲ့အတူ သင်တန်းတက်နေတဲ့ ကလေးတွေကို "ဟေ့ကောင်တွေ ငါ...ပါကွာ။ မင်းတို့ သင်တန်းတက်နေတဲ့နေရာကို ငါလာလို့ မရဘူးကွာ။ နှစ်ဆန်းတစ်ရက်နေ့က မင်းတို့ ပရိတ်ရွတ်ထားကြတယ် မဟုတ်လား။ ငါ ဒီကိုရောက်အောင် သုံးရက်လောက် လာခဲ့ရတယ်။ ဒုက္ခရောက်လိုက်တာကွာ"ဆိုပြီး ပြောတယ်။

အဲဒီအချိန်မှာ ဆိုင်ထဲမှာ သူနဲ့ သင်တန်းအတူတူတက်နေတဲ့ သူငယ်ချင်းတွေ ရှိနေကြတယ်။ သူတို့လဲ အံ့အားသင့်သွားပြီး "မင်း ဘာလိုချင်တာလဲ ..."လို့ ပြောတော့ "ငါ သူမှ



www.burmeseclassic.com

www.burmeseclassic.com

မစားရ၊ မသောက်ရတာ ကြာပြီကွာ။ လောလောဆယ် ငါကြိုက်တဲ့ သံပရာရည်တစ်ခွက် တိုက်စမ်းပါကွာ''လို့ ပြောတော့ ဆိုင်ရှင်က မတ်ခွက်အကြီးကြီးနဲ့ ချက်ချင်း ဖျော်တိုက်လိုက်တော့ တစ်ခွက်လုံးကို တစ်ကြိမ်တည်း မော့သောက်ပစ်လိုက်တယ်။ ပြီးတော့...

"ငါ့ကိုလဲ သံဃာတော်တွေနဲ့ သက်နှီးကပ်ပြီး ပရိတ်ရွတ် အမှုအတန်းဝေပေးပါကွာ"

လို့ ပြောတယ်။ သူ့သူငယ်ချင်းတွေကလဲ...

''စိတ်ချ မင်းလိုအပ်တာ ငါတို့အားလုံးလုပ်ပေးမယ်''

လို့ ပြောပြီး...

''မင်းလဲ တရားနာလာမှာလား''

ဆိုတော့...

''ငါ့ကို ဖိတ်ရင် ငါလာလို့ရတယ်''

လို့ ဖြေတယ်။ ဒါနဲ့ သူငယ်ချင်းတွေက...

''လာခဲ့ပါကွာ ဖိတ်ပါတယ်

လို့ ပြောလိုက်တယ်။ အဲဒီမှာပဲ အဲဒီ မအေးသန်းဆိုတဲ့အမျိုးသမီးက ဟင်း...ခနဲ သက်ပြင်းရှည်ကြီးချပြီး ကြောင်တောင်တောင်နဲ့ ''ငါ ဘာဖြစ်သွားတာလဲ၊ ဘာလို့ ငါ့ကို ဝိုင်းနေကြတာလဲ''လို့ မေးတယ်။ ဘေးက လူတွေက အကြောင်းအကျိုးပြောမှ သူလဲ သိသွားတယ်။ အဲဒီအမျိုးသမီးကတော့ ...နဲ့ ခင်မင်တဲ့သူပါ'

'ဒါနဲ့ပဲ ...ဖြစ်ချင်တာတွေ ဆောင်ရွက်ပေးလိုက်တာပဲလား ဘုရား'

'အဲဒီလိုတော့ မဟုတ်ဘူး။ အဲဒီသတင်းစကားက တစ်ဆင့်စကားတစ်ဆင့်နားဆိုသလို လူကြီးတွေ သိသွားခဲ့တယ်။ ဒါကြောင့် ဒီလိုဖြစ်ခဲ့တာ ဟုတ်ရဲ့လားလို့ စုံစမ်းကြည့်ကြတာပေါ့။ အမှန်တကယ်ဖြစ်ခဲ့တယ်ဆိုတာ သိတော့ လူကြီးတွေကလဲ ကွယ်လွန်



သူရဲ့ ဆန္ဒအတိုင်း ဆောင်ရွက်ပေးလိုက်ကြပါဆိုတာနဲ့ အဲဒီကိစ္စက ဘုန်းကြီးရဲ့ကျောင်းကို ရောက်လာတာပေါ့။ ပြီးတော့ ဒါကလဲ လုပ်ပေးသင့်တဲ့ကိစ္စပဲ မဟုတ်လား။

ဒါကြောင့် တာဝန်ရှိသူတွေ၊ ...ရဲ့ သူငယ်ချင်းတွေ၊ စားသောက်ဆိုင်က ဆိုင်ရှင်နဲ့ မအေးသန်းတို့လဲ ဘုန်းကြီးရဲ့ကျောင်းမှာ အတူ ရောက်လာကြတာပေါ့။ ဘုန်းကြီးလဲ ဆွမ်း၊ သင်္ကန်း အစရှိတဲ့ လှူဖွယ်ဝတ္ထုတွေ လက်ခံပြီး ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပေးရတယ်။

အဲဒီ ...ဆိုတဲ့ ကလေးကိုလဲ သူတို့ဆန္ဒအရ ယခု တရားနာကြွရောက်ပါဆိုပြီး ပင့်ဖိတ်ထားလိုက်ရတာပေါ့။ သူ့ကို ရည်မှန်း နောက်တော့ ရေစက်ချ၊ အမျှအတန်းဝေပေးရတာပေါ့ ဒကာကြီး'

'အဲဒီမှာ ထူးခြားမှု တစ်စုံတစ်ခုများ တွေ့သေးလား'

'မတွေ့ဘူး ဒကာကြီး'

'ဒါဆိုရင် ဒီဖြစ်ရပ်က အရှင်ဘုရားကိုယ်တွေ့လို့ ပြောလို့မရဘူး ထင်ပါတယ် ဘုရား။ ...ပူးဝင်တယ် ဆိုတာကိုမှ ကိုယ်တော်က ကိုယ်တိုင် မတွေ့ရဘူး မဟုတ်လားဘုရား'

'စကားမဆုံးသေးဘူး ဒကာကြီး။ အဲဒီမှာ ထူးခြားတာ မတွေ့ရပေမယ့် ...သူငယ်ချင်းတွေက သူတို့နေတဲ့ အဆောင်မှာပါ ပရိတ်တရားများ ရွတ်ပွားပေးပါလို့ မေတ္တာရပ်ခံလို့ အဲဒီအဆောင်ကို ဘုန်းကြီးကိုယ်တိုင် ကြွရတယ်။ ကျန်တဲ့ တရားနာသူတွေလဲ လိုက်ပါခဲ့ကြတာပေါ့။ အဲဒီမှာ ပရိတ်တရားများ ပွားများ ရွတ်ဖတ်ပြီးတဲ့အခါမှာ မအေးသန်းဆိုတဲ့ မိန်းကလေးက တုန်တုန်ယင်ယင်ဖြစ်လာပြီး ဝင်ပူးပါလေရော ဒကာကြီး'

'ဒီလိုလား...အရှင်ဘုရား ဒါဆိုရင်တော့ ကိုယ်တိုင်တွေ့ကြုံရတယ်လို့ ဆိုနိုင်ပါပြီ'

'မှန်တာပေါ့ ဒကာကြီး ကျုပ်လဲ ဒါမျိုး တစ်ကြိမ်မှ မတွေ့ဖူးပါဘူး။ အဲဒီမှာ ...က မအေးသန်းရဲ့ ကိုယ်ထဲက ပြောတယ်လို့ ယူဆရတာက...

"သူငယ်ချင်းတို့ မင်းတို့က ငါ့ကို ကြောက်လို့ ရှောင်နေကြတယ်။ ငါက မင်းတို့ကို ဘာမှ မလုပ်နိုင်ပါဘူး။ ခင်လို့ လာနေတာပါကွာ။ မရှောင်ကြပါနဲ့။ တခြားအခန်းတွေမှာ ပြောင်း မအိပ်ကြပါနဲ့။ ငါ ဒီကိုလာရတာ အလွန် ပင်ပန်းပါတယ်"

လို့ ပြောတယ်။ ဒါနဲ့ သူငယ်ချင်း တစ်ယောက်က သူတို့တိုင်းရင်းသား ဘာသာစကားနဲ့ ပြောတော့...

"ငါ့ကို ဗမာလိုပဲ ပြောပါကွာ။ ငါက ခေါင်း ထိထားတော့ ပင်ပန်းလို့ပါ။ ကဲ...ငါ့ကို သံပရာရည်တိုက်ကြပါဦး။ ကွမ်းလဲ ကျွေးပါဦးကွာ။ အဲဒီကွမ်းကြောင့် ငါ ဒုက္ခရောက် ရပေမယ့် ကွမ်းစားချင်လွန်းလို့ပါ"

လို့ ပြောပြန်တယ်။ ဒါနဲ့ သံပရာရည် တိုက်၊ ကွမ်းကျွေးရပြန်တယ်'

'စကားပြောတာ၊ ပူးဝင်တာ အချိန်အကြာကြီးပါလား ဘုရား'

'မှန်တယ်ဒကာကြီး အချိန်

www.burmeseclassic.com

တော်ကြာတယ်။ ကျုပ်တို့ကသာ စကားမဖြတ်ရင် ဆက်ပြီး ရှိနေဦးမယ် ထင်ရတယ်။ ဒါနဲ့ ဘယ်ရောက်သွားပါလိမ့်။ သြော်...ကွမ်းကျွေးပြီးမှ ...ဝင်နေတဲ့ သူက...

"အရှင်ဘုရား တပည့်တော်ပစ္စည်းတွေ ဒီမှာ ရှိပါသေးတယ်။ အဲဒါတွေ ဘုန်းကြီးကို လှူပါရစေ။ ပြီးတော့ ပေးစရာအကြွေးက သူငယ်ချင်းတွေကို ပေးရမှာ ရှိပါသေးတယ်။ ဆပ်ပေးပါဘုရား"လို့ တောင်းပန်တယ်။ ဒိုလဲ ဒိုလို့ပေါ့ ဒကာကြီးရယ်။ ဒါနဲ့ သူငယ်ချင်းတွေက ဝိုင်းပြီး...

"မင်းအကြွေးတွေ ငါတို့အားလုံး လျှော်ပစ်လိုက်ပါပြီကွာ"

လို့ ပြောကြတယ်။ သူ့ပစ္စည်းတွေကိုတော့ သူ့မိဘတွေ တောင်းလို့ ပြန်ပို့ပေးရလိမ့်မယ်လို့ ပြောတော့...

"ဒါဆို စတီးလ်ဇလုံကြီးတစ်ခုကိုတော့ ဘုန်းကြီးကျောင်းမှာ လှူပရစေ။ သူ့အားကစား ကာယလုပ်တဲ့ဝတ်စုံကိုတော့ ကောင်လေးတစ်ယောက်ကို လှူလိုက်ပါ"

ဆိုလို့ "ကဲ... မင်းဆန္ဒပြည့်ဝအောင် လုပ်ပါမယ်"လို့ ပြောလိုက်ရတယ်။ အားလုံးပြောပြီးတော့မှ ...က...

"ကဲ... ဒါဆိုရင် သွားခွင့်ပြုပါတော့၊ တရားနာလိုက်ရလို့ ငါလဲ အေးချမ်းသွားပါပြီ။ ခရီးစရိတ်တော့ ပေးလိုက်ကြပါ။ ငွေတစ်ထောင်ပေးပါ"လို့ ပြောပြန်တယ်။ ဒါနဲ့ အဲဒီ ဝင်ပူးနေတဲ့ မအေးသန်းလက်ထဲကို ငွေတစ်ထောင် ထည့်ပေးလိုက်တယ်။ ဒီတော့ "ကဲ... အားလုံးသွားပြီ"လို့ နှုတ်ဆက်ပြီး သက်ပြင်းရှည်ကြီးချ ထွက်သွားတော့တာပါပဲ။

ဒီတော့မှ မအေးသန်းကလဲ "ဘာဖြစ်နေကြတာလဲ၊ လက်ထဲက ပိုက်ဆံက ဘယ်က ရောက်လာတာလဲ"ဆိုပြီး ငေးတိငေးကြောင်နဲ့ ဖြစ်နေယ်။ သူဘာမှ မသိလိုက်ရဘူးဆိုတဲ့ သဘောသူ့ရုပ်နဲ့ ...ရဲ့နာမ် ဖြစ်နေတာကိုး'

'အဲဒီလို ပူးဝင်လို့ ရလို့လား ဘုရား။ သူက ဘယ်လိုအဆင့်မျိုးလဲ၊ ဘယ်လိုဘုံဘဝမှာလဲဘုရား'

'ဒါကတော့ ဒကာကြီးရယ်... စုတိစိတ်ကျလို့ ဘဝတစ်ပါး လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ တိရစ္ဆာန်ဘဝ ရောက်ခဲ့ရင်တော့ ဘယ်လိုမှ ပူးဝင်နိုင်စရာ မရှိဘူးပေါ့။ ပြိတ္တာဘဝမှာလို ကောင်းမှုကို သာဓုခေါ်နိုင်တဲ့ဘဝမှာ ရောက်နေရင်တော့ ခုလို သွားလာနေနိုင်သေးတာပေါ့။

စာပေကျမ်းဂန်တွေထဲမှာလဲ ရှိ၊ သမိုင်းရာဇဝင်တွေထဲမှာလဲ ရှိပါတယ်။ ခုလို ပူးဝင်ပြောဆိုကြတာတွေ ဖတ်ရမှတ်ရဖူးပါတယ်။ ကိုယ်တိုင်ကတော့ ခုကိစ္စဟာ ပထမဆုံးတွေ့တာပေါ့ ဒကာကြီး'

'အဲဒီနောက် ဘယ်လို ဆက်ဖြစ်ခဲ့တာတွေရှိသလဲ ဘုရား'

'အင်း... နောက်ပိုင်းမှာတော့ ထူးခြားတဲ့ ဖြစ်စဉ်တွေ မတွေ့ရတော့ပါဘူး။ သူက တခြားဘာသာကိုးကွယ်ပေမယ့် အရင်ကတည်းက ဗုဒ္ဓဘာသာနဲ့ အတော်နီးစပ်ပြီး နှစ်သက်ခဲ့တယ်လို့ သူ့သူငယ်ချင်းတွေက ပြောပါတယ်။ သူဖြစ်ချင်တဲ့ ကောင်းမှုတွေ ပြုပေးပြီး အမျှအတန်းရရှိခဲ့လို့ ပိုပြီး သင့်တော် ကောင်းမွန်တဲ့ဘုံဌာနကို ရောက်သွားတယ်လို့ ယူဆရမှာပေါ့'

'အရှင်ဘုရားက အဲဒီလူငယ်ကလေးကို တွေ့ဖူးသလား ဘုရား'

'မတွေ့ဖူးပါဘူး။ အဆောင်မှာ သူ့သူငယ်ချင်းတွေနဲ့ အတူရိုက်ထားတဲ့ ဓာတ်ပုံရှိတယ်။ အဲဒီဓာတ်ပုံထဲက ပုံကိုတော့ လက်ထောက်ပြပြီး ဒါ သူ့ပုံလို့ ပြောတယ်။ ခုခေတ်စကား ပြောရရင်တော့ လန်းတယ်ဆိုလား ဘာဆိုလား ပေါ့။ အဲဒါမျိုးစတိုင်ပေါ့ ဒကာကြီး'

'ဒါက မအေးသန်းက စိတ်စွဲပြီး အာရုံမှားပြောတာတွေ မဖြစ်နိုင်ဘူးလား ဘုရား'

'စဉ်းစားစရာ ရှိတာပေါ့လေ။ ဒါပေမယ့် သူပြောတဲ့ အကြောင်းအရာတချို့ကတော့ မအေးသန်း မသိနိုင်တာတွေလဲ ပါနေတာပဲ။ ဥပမာ...သူ့သူငယ်ချင်း ဘယ်သူက သူ့ကို ကြောက်ပြီး ဘယ်အခန်း သွားအိပ်တယ်။ ဘယ်ပစ္စည်းက ဘယ်လိုရှိတယ်။ ဘယ်သူ့ကို အကြွေး ဘယ်လောက်ဆပ်ရမယ်ဆိုတာမျိုးတွေက မအေးသန်းသိနိုင်ဖို့ ခက်တယ်'

'မှန်ပါတယ် ဘုရား...ဒီတော့ ဒီလို အကြောင်းကိစ္စကို ဘယ်လိုများ ထင်မြင်ပါသလဲ ဘုရား'

'ဒကာကြီးက ဘုန်းကြီးကို ဆုံးဖြတ်ခိုင်းနေတာကိုး။ လောကမှာ ဘယ်လို အကြောင်းကိစ္စတွေရှိရှိ ကြားတာ,မြင်တာ,သိတာတွေကို ဒီလိုပဲ မှတ်ထားလိုက်ပါ။ ဆုံးဖြတ်မယ်ဆိုရင်လဲ ပညာဗဟုသုတဉာဏ်ဦးစီးပြီး ချင့်ချိန် ဆုံးဖြတ်ပါ။ ခုလို အကြောင်းကိစ္စတွေကို ယုံကြည်သူတွေက ဟုတ်တယ်၊ မှန်တယ် ထောက်ခံပြီး မယုံကြည်သူတွေက သံသယအမျိုးမျိုးနဲ့ ပြောကြ,ဝေဖန်ကြလိမ့်မယ်။ ဒကာကြီးကတော့ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်နိုင်တယ် မဟုတ်လား'

ကျွန်ုပ်လည်း အပြောပိုင်နိုင်လှသော ဆရာတော်အား လက်အုပ်ချီရင်း ခေါင်းညိတ်ရယ်မောလျက်...

'မှန်ပါ့ ဘုရား'

ဟုသာ ဖြေကြားလိုက်ရပါတော့သည်။

ကောင်းသုခ

www.burmeseclassic.com

ယခုမြင်တွေ့ရတဲ့ လက္ခဏာရှင်ကတော့ **အသက်(၃၀)ဝန်းကျင် အမျိုးသမီးတစ်ဦး**ရဲ့လက္ခဏာပဲ ဖြစ်ပါတယ်။ အထူးကတော့ ကျန်းမာရေးအကြောင်း သိချင်ခြင်းပါပဲ။ ဒါကြောင့် သူ့ရဲ့လက္ခဏာကို စစ်ဆေးတဲ့အခါမှာတော့...

ဉာဏ်လမ်းကြောင်းရဲ့ **ကျွန်းသင်္ကေတ (က–၁)၊ (က–၂)**အားဖြင့် နှစ်ခုတွေ့ရပါတယ်။

ဒီနေရာမှာ **ကျွန်းလား၊ ကြာဖူးလား** လို့ ခွဲခြားဖို့ လိုပါတယ်။ ကြာဖူးဆိုရင်တော့ ကောင်းပါတယ်။ ကျွန်းဆိုရင်တော့ မကောင်းပါဘူး။ ဒီတော့ တိုင်းတာကြည့်လိုက်တော့...

# ကျွန်းမာရေးနှင့်

## လက္ခဏာအမြင်




**(က–၁)သည်**(၁)စင်တီမီတာအတွင်းမှာမို့ ကျွန်းလို့ သတ်မှတ်ပြီး ငယ်စဉ်က ခေါင်းမူးခေါင်းကိုက်ခြင်း၊ သတိမေ့ခြင်း၊ မှတ်ဉာဏ်ကျခြင်းတို့ ဖြစ်တတ်ကြောင်း ပြောပြရာ မှန်ကြောင်း ဝန်ခံပြီး ယခုလဲ ခေါင်းမူးခေါင်းကိုက်ဝေဒနာ ခံစားရမိခြင်းကြောင်း ပြောပြပါတယ်။

**(က–၂)သည်** (၂)စင်တီမီတာ နီးပါးရှိပြီး ကျွန်းမဟုတ်ပါဘူး။ ကြာဖူးဖြစ်လို့ ကောင်းပါတယ်။ အမှန်က လက္ခဏာရှင်သည် ကျွန်းထင်ပြီး ဒါကြောင့် ဒီလိုဖြစ်တာပဲလို့ စိတ်ထဲစွဲရပုံရပါတယ်။ အမှန်ကတော့ ဒီသင်္ကေတကြောင့် မဟုတ်ပါဘူး။

ဒါကြောင့် နှလုံးလမ်းကြောင်းသည် ကြိုးသင်္ကေတမှာ ဖွာလန်နေတဲ့အတွက် နှလုံးအားနည်းခြင်း၊ သွေးအားနည်းခြင်း၊ သွေးတိုးခြင်း၊ သွေးလှည့်ပတ်မှုမမှန်ကန်ခြင်း စတဲ့ ဝေဒနာများကြောင့် ခေါင်းမူးခေါင်းကိုက် ခံစားရကြောင်း ရှင်းပြပေးလိုက်ရပါတယ်။

ဗဟုသုတအဖြစ် တင်ပြပေးလိုက်ပါတယ်။

***သင်၏ဘဝ သာယာချမ်းမြေ့ပါစေ။***

**ဆရာ ဦးခင်မောင်လင်း**
***(B.Sci ရွှေဘို)***
**(လက္ခဏာမဟာဘုတ်သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ယခု ရေးသားတင်ပြမည့် အကြောင်းသည် လောကီရေးရာ ကိစ္စ ဖြစ်ပါသည်။ **တိရစ္ဆာန် နိမိတ်ကောက် ဆောင်းပါးများစွာ ဖတ်ရှုခဲ့ရဖူးပါသည်။** ထိုအခါ အခွင့်သင့်လျှင် ရေးမည် ကြံထားခဲ့သည့်အတိုင်း ယခု ဆောင်းပါးကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ယခု ရေးသားသည့် အကြောင်းသည် အမှန်တကယ် ဖြစ်ခဲ့သော အကြောင်းတရားတစ်ခုပါ။ စာဖတ်သူတို့ သုတရစေရန်နှင့် လောကတွင် အဆန်းအကြယ်တို့ဖြင့် ပြည့်နေသည်ကို ပို၍ပို၍ လက်ခံစေလိုပါသည်။

ဖြစ်ပုံဆန်းကြယ်

**လွန်ခဲ့သော အနှစ်(၂၀)ကျော် ယောက်က** ဖြစ်ပါသည်။ စာရေးသူတို့နှင့် အလွန် ရင်းနှီးကျွမ်းဝင်မှုရှိသော အိမ်ထောင်စုတစ်စု ရှိခဲ့ပါသည်။

ထိုအိမ်ထောင်စု၏ အိမ်သား (မိသားစု)များ၏ အလေ့အထကို အနည်းငယ် တင်ပြရန်လိုပါသည်။ ယခု စာရေးသူ တင်ပြသည့် မိသားစုဝင်များသည် ဘာသာတရားတွင် အလွန် ကိုင်းရှိုင်းသော မိသားစုဖြစ်ပါသည်။

မည်မျှလောက် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုသဒ္ဓါ ရှိသလဲဆိုလျှင် ရဟန်းဒါယကာ၊ ကျောင်းဒယကာ ဖြစ်ပါသည်။ တစ်ဦးတည်းသော ဒါယကာလည်း ဖြစ်လေသည်။

ရဟန်း၊ သာမဏေများကို နေ့စဉ် နံနက်တိုင်း ဆွမ်းလောင်းလှူသည်မှာလည်း အပါး(၂၀)ပင် ကျော်မည် ထင်ပါသည်။ အိမ်ထောင်ဦးစီးဖြစ်သူသည် ဌာနတစ်ခုမှ ဝန်ထမ်းဖြစ်ပြီး အလွန် ရိုးသား၍ လေးစားကြည်ညိုခြင်း ခံရသူ ဖြစ်ပါသည်။



ဇော်ထက်
(ဆရာအနောက်မြို့တော်)

# အိမ်မြှောင် တက်ခေါက်ရင်

ထိုအိမ်ထောင်ဦးစီးသည် ညဥ့်တိုင်းတွင် ဘုရားဝတ်ပြုခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း စသည့် စရဏအကျင့်တို့ကို နေ့တိုင်း ပွားများနေသူတစ်ယောက်လည်း ဖြစ်ပါသည်။

BURMESE CLASSIC .com

တစ်နေ့သော်...

စာရေးသူ၏ မိတ်ဆွေ နိစ္စဓူဝ ဝတ်ကို ဖြည့်ကျင့်နေသော ညအချိန်ဟု ဆိုပါသည်။

**ထိုသို့ တရားစခန်း အလုပ်များကို ဆောင်ရွက်နေစဉ် ဘုရားခန်း၏ မြောက်ဘက်အရပ် အိမ်အမိုးဘက်မှ အိမ်မြှောင် တက်ခေါက်သံ ကြားရပါတော့သည်။**

အရင့်အရင်အခါများက နိစ္စဓူဝ ကိစ္စများ ပြီးဆုံးသောအခါ **မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်း ပြုလုပ်မြဲဖြစ်၏။** ထိုအခါမျိုးတွင် **ဝမ်းသာကြည်နူးဖွယ်ရာ အိမ်မြှောင် စုတ်ထိုးသံတို့ တစ်အိမ်လုံး ညံနေအောင်ပင် ဝေဝေဆာဆာ ရှိပါသည်။**

'အဲဒီညက ကျွန်တော် အလွန် အံ့အားသင့်သွားပါတယ်။ ဘာကြောင့်မှန်းမသိဘူး အလိုလိုနေရင်း တုန်လှုပ်ချောက်ချားမှုကို ခံစားလိုက်ရပါတယ်။ ကျွန်တော် ပင့်ကိုက ကြောက်လန့်ခြင်း အလျှင်း မရှိခဲ့ဘူးပါ'

ဟု ပြောပါသည်။

အိမ်မြှောင် တက်ခေါက်သံသည် လူတစ်ယောက် ဒေါသတကြီးဖြစ်၍ စိတ်ဆိုးမာန်ဆိုးဖြစ်ပြီး တက်ခေါက်သည့်အလား အသံမှာ ထွက်ပေါ်သည်။





www.burmeseclassic.com

www.burmeseclassic.com

တက်ခေါက်သံသည် မာကျောပြီး ဝိသပါသည်။ **"တောက်၊ တောက်၊ တောက်"**ဟု (၃)ခွန်းဆက် တက်ခေါက်လိုက်ခြင်း ဖြစ်ပါတော့သည်။

'ကျွန်တော်ကတော့ ပုံမှန်အတိုင်း ပြုမြဲဝတ်များ အပျက်မခံပါ။ နေ့စဉ် လုပ်မြဲလုပ်နေပါတယ်'

ဟု ပြောပါသည်။

'အိမ်မြှောင်တက်ခေါက်သံ ကြားရပြီး အများဆုံး(၄၅)လထက် မကြာလောက်ပါဘူး။ ကျွန်တော် ကျန်းမာရေးညံ့ပြီး အိပ်ရာထဲမှာ ဗုန်းဗုန်းလဲခဲ့တာ လပေါင်း(၃၀)ကျော် ကြာသွားတယ်'

BURMESE CLASSIC .com

ဟု ပြောပါသည်။

အိမ်ထောင်ဦးစီး ကျန်းမာရေး ချို့ယွင်း၍ အိပ်ရာထက် ပက်လက်နေရသောအချိန်တွင် မိသားစုဝင်အားလုံး စီးပွားရေး ကျဆင်းလာပါတော့သည်။ ကလေးများ၏ ပညာရေးမှာလည်း ကျောင်းမပြီး၍ ကသိကအောက် ဖြစ်ကုန်ပါတော့သည်။

အသက်သာ အသေခံမယ်။ အကျင့်စာရိတ္တနှင့် ဘာသာရေးတော့ အပျက်မခံဘူးဆိုပြီး ဖွဲလုံ့လ ကြီးမားစွာနှင့် ရှန်းကန်ခဲ့ရာ ယခုအချိန်တွင် တကယ် ပြည့်စုံနေသော သီရိဂေဟာ အိမ်ထောင်စုတစ်ခု ဖြစ်နေပါပြီ။

လောကဓံကို ကျားကန်ခဲ့သည့် ဖွဲ၊ သတ္တိနှင့် သဒ္ဓါအားများကို စာရေးသူက အထူး လေးစားမိပါသည်။

စာရေးသူ စဉ်းစားမိပါသည်။ ယခု မျက်မှောက်ဘဝ ပစ္စက္ခမှာ မကောင်းတာ ဘာမျှ မလုပ်သည့်သူ၊ မြတ်စွာဘုရားကို အမြဲ ဦးထိပ်ထားပြီး ကျင့်ကြံပွားများနေသည့် ပုဂ္ဂိုလ် ဘာကြောင့်များ လောကတွင် **အလွန် ဖြစ်ခဲကြုံခဲသည့်နိမိတ် ကြုံရတာလဲ။**

အိမ်မြှောင်စုတ်ထိုး၍ လာဘ်တွေ တိုးတာ ကိုယ်တွေ့တွေ အများကြီး ကြုံရပါသည်။ ယခု အိမ်မြှောင် တက်ခေါက်၍ ဒုက္ခ ကြုံတွေ့ရတာကတော့ ယုံနိုင်ဖွယ် မရှိလို့ကို ဆိုရမှာပါ။

ယခု စာရေးသူ ရေးသားတင်ပြရသည်မှာ ကာယကံရှင်၏ သီလ၊ သမာဓိတို့ကို လေးစားယုံကြည်ရသူ ဖြစ်၍ ယုံပါပြီလို့ပင် ပြောချင်ပါတော့သည်။

အိမ်မြှောင် တက်ခေါက်သံကို မကြားလိုက်ရသည်မှအပ အခြားကိစ္စအားလုံး ကိုယ်တိုင် တွေ့မြင်နေရသည့် အမှန်တွေ ဖြစ်ပါသည်။

စာရေးသူ စဉ်းစားမိတာ တစ်ခု ရှိပါသေးသည်။ ယခုကဲ့သို့ ဖြစ်ခဲ့သည့် တကယ့်ဖြစ်ရပ်မှန် ကိစ္စသည် **အတိတ်ကံကြောင့်လား၊ ပစ္စုပ္ပန်ကံကြောင့်လား ဝေခွဲရန် ခက်လှပါတော့သည်။**

မိသားစု ဆင်းရဲဒုက္ခ ရောက်ခဲ့ရပေမယ့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါဖြင့် ပြုမြဲဝတ်များ ပုံမှန်အတိုင်း ပြုလုပ်ရင်း လောကဓံ ဆင်းရဲမှုများကို တွန်းလှန်နိုင်ခဲ့သည့် ထိုပုဂ္ဂိုလ်ကို စာရေးသူအနေဖြင့် ပို၍ လေးစားချစ်ခင်မိပါတော့သည်။

(ဖြစ်ရပ်မှန် အကြောင်းအချက် တစ်ခု ဖြစ်သော်လည်း ကာယကံရှင်၏ အမည်နာမတို့ မဖော်ပြနိုင်သည်ကို နားလည် ခွင့်လွှတ်ပေးကြပါရန်။)

***ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ပြည့်စုံကြပါစေ။***

**အောင်ထက်**
***(ရွာအနောက်မြို့တော်)***

**စာမူရှင်များသို့...**

**ပေးပို့သော**

**စာမူများကို**

**မူမှား**

**ထားကြပါရန်နှင့်**

**မရွေးချယ်ပါက**

**ပြန်လည်ပေးပို့မည်**

**မဟုတ်ပါကြောင်း**

**အသိ**

**ပေးအပ်ပါသည်။**

လေးစားစွာဖြင့်...

**နှစ္စတ္တရောင်ခြည်မဂ္ဂဇင်း**



F.38B, August, 2013

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရဲ့ အရပ်ဒေသမှာ မိုးခေါင်ရေရှား အရပ်ဒေသဖြစ်လို့ ကောင်းကင်မှ ရွာသွန်းချလာမယ့်မိုးကို မမျှော်လင့်တော့ဘဲ မြေအောက်မှ ရေကို ပိုက်တွင်းတူးပြီး တစ်နိုင်တစ်ပိုင် အဖြစ်နဲ့ စက်များဖြင့် မြေအောက်မှ ရေကို စုပ်ထုပ်ပြီး စိုက်ပျိုးရေးများကို လုပ်ကိုင်စားသောက်လျက် ဘဝကို ရပ်တည်နိုင်အောင် ကြိုးစားနေကြရပါတယ်။

အဲဒီလို စိုက်ပျိုးရေး လုပ်ကိုင်ကြရာတွင် သီးနှံပင်များ၊ ပန်းခင်းများအနီးတွင် နေစရာ၊ မိုးခိုစရာအဖြစ်နှင့် ထန်းရွက်မိုး တဲငယ်များကို ဆောက်လုပ်ထားကြရာတွင် ရွာထဲမှ အဘအိုတစ်ဦးက ကျွန်တော်တို့လူငယ်များကို သတိပေး၍ ပြောဆိုဆုံးမ သွန်သင်ပေးပါတယ်။

အသက်အားဖြင့် (၈၅)နှစ်ရှိပြီဖြစ်သော အဘဦးရွှေသင်းမှ သတိပေးနေတာကတော့...

'ငါ့မြေးတို့ ခေတ္တခဏ နားနေဖို့ တဲဆောက်တာကတော့ ကောင်းပါတယ်။ တဲရဲ့ ခေါင်မိုးပေါ်ကို ခွေးမတက်နိုင်အောင် ဆောက်ကြ။ တဲခေါင်မိုးအပေါ်ကို ခွေးတက်ရင် အဲဒီတဲမှာ နေထိုင်တဲ့လူတွေ ကျန်းမာရေး ထိခိုက်တတ်တယ်။

အဲဒီလို ကျန်းမာရေး မကောင်းဖြစ်ခဲ့ရင် လောကဓာတ်ဆေးတွေ၊ ဆရာဝန်တွေ၊ ဒေါက်တာတွေ၊ ပါရဂူတဲ့ရှုတွေလဲ ကုလို့ မပျောက်နိုင်ဘူး။ အိမ်မှာရှိရှုမဲ့စု စုထားတဲ့ ရွှေတိုငွေစလေးတွေ ကုန်သွားတာပဲ' လို့ ပြောဆိုဆုံးမပါတယ်။

ကျွန်တော်ကလဲ သိလိုဇောဆန္ဒဖြင့် အဘအိုကို ဆက်လက်မေးကြည့်ပါတယ်။

'ဘဘရယ် ကျွန်တော်တို့ အရပ်မှာ

ရွှေဝိုး (ရမည်းသင်း)

# ခွေးမရောက် အိမ်ခေါင်

လူတွေနေတဲ့ ကြမ်းပြင်ပေါ်ကိုလဲ ခွေးတက်တာကို တွေ့ဖူးပါတယ်။ ခေါင်မိုးပေါ်ထိအောင် ခွေးတက်တာ ရှိဖူးလို့လား၊ ကျွန်တော်တော့ တစ်ခါမှ မကြားဘူး၊ မတွေ့ဘူးလို့ပါ အဘရယ်။ ရှိတယ်ဆိုရင်လဲ ပြောပြပေးပါဦး'

'ရှိတာပေါ့၊ သိပ်ရှိတာပေါ့ ငါ့မြေးရဲ့။ အခုလဲ အဲဒီလူမိသားစုတွေ ရှိသေးတယ်။ အစအဆုံး အကုန်လုံးကို သိရအောင် သွားမေးကြည့်ပါလား'

'ဟုတ်ကဲ့ အဘ၊ အဲဒီမိသားစုက အခုဘယ်မှာနေသလဲ၊ နာမည်က ဘယ်လိုခေါ်သလဲ'

'အဲဒီမိသားစုက **ပေါက်ကုန်းရွာက ဦးမြင့်ဆွေ+ဒေါ်ဝင်းကြည်တို့။** အခုတော့ ရွာရဲ့ အရှေ့ဘက် လယ်ကွင်းထဲမှာ စိုက်ပျိုးရေး လုပ်ကိုင်နေတယ်။

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

သူတို့နေထိုင်တဲ့ တဲခေါင်မိုးအပေါ်ကို ခွေးတက်တာ'

'ဟုတ်ကဲ့ပါအဘ လူနေတဲ့ ခေါင်မိုးပေါ်ကို ခွေးက ရောက်အောင် တက်တယ်ဆိုတော့ ထူးဆန်းပြီး အံ့သြစရာပဲနော်။ ကြုံကြုံဖန်ဖန် ခွေးကလဲ တက်စရာရှားလို့'

'အေးလေ အဲဒါကြောင့် ပြောတာပေါ့။ အိမ်ခေါင်မိုးကို ခွေးတက်တယ်ဆိုတာ အကြောင်းထူးရှိနေလို့ပေါ့ ငါ့မြေးရဲ့'

BURMESE CLASSIC .com

## ဦးမြင့်ဆွေနှင့် တွေ့ဆုံခြင်း

'ဦးမြင့်ဆွေတို့နေထိုင်တဲ့ တဲအိမ်ခေါင်မိုးပေါ်ကို ခွေးတက်တယ်လို့ကြားဖူးလို့ဗျာ။ အဲဒါလေးနဲ့ ပတ်သက်ပြီး ဖြစ်ပျက်ခဲ့တာလေး ကျွန်တော်တို့ကို ဗဟုသုတအဖြစ်နဲ့ မှတ်ထားရအောင် ပြောပြပေးပါဗျာ'

'အေး...ဟုတ်ပြီကွာ။ ငါကလဲ မင်းတို့လို နောက်ကလူငယ်တွေကိုရော မသိသေးတဲ့လူတွေပါ ငါတို့ရဲ့ အဖြစ်အပျက်တွေကို ပြောပြချင်နေတာ ကြာပြီ။ ငါ့မှာ မင်းလို သိချင်တဲ့သူနဲ့ တွေ့ရတာ ဝမ်းသာတယ်ကွာ။ နောက်ထပ်လူတွေ ဒီလိုမဖြစ်ကြရအောင်၊ ဖြစ်လာရင်လဲ နမူနာယူတတ်ကြရအောင် သတိပေးချင်နေတာ ကြာပြီကွာ'

'ဟုတ်ကဲ့ ဘယ်လိုက စ,ဖြစ်တာပါလဲ ဦးရယ်'

'ဒီလိုကွာ... အဲဒီလိုဖြစ်တဲ့နှစ်က မှတ်မှတ်ရရ **မြန်မာသက္ကရာဇ် ၁၃၄၅ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ကတည်းက** မိုးကြီးတွေရွာ၊ လယ်တွေက ရေတွေရတော့ လယ်ကို စပါးစိုက်ရအောင် ဆိုပြီးတော့ နွားထိုးကန်အောက်က လယ်ကြားထဲမှာ ဆောက်ထားတဲ့ တဲမှာ ညအိပ်နေခဲ့တာ။ လယ်စိုက်လို့



မပြီးမချင်း ငါလဲ ရွာကို မပြန်ဖြစ်တော့ဘူး။

ပြန်ရင်လဲ လမ်းက ဆိုးတယ်။ မိုးကောင်းတော့ ရွှံ့ဗွက်တွေချည်းများတယ်။ တဲမှာပဲနေမယ်ဆိုပြီး နေလိုက်တာ မိုးကလဲ နှစ်ရက်ခြား၊ သုံးရက်ခြား ရွာတဲ့အခါကျတော့ တဲအောက်ကို ရေတွေ ရောက်လာတာ ထမင်းဟင်းကို ချက်လို့ မဖြစ်တော့တာနဲ့ မြောက်ဘက်က ကုန်းပေါ်ကို တက်ပြီး တဲဆောက်နေလိုက်တယ်။

တဲလဲ ဆောက်ပြီးရော နေလိုက်တာ လူနေဖို့ ကြမ်းခင်းက တို့ခါးလောက်၊ တဲတံစက်မြိတ်က လူနဲ့ မတ်တတ်ရပ် လွတ်ရုံဆောက်တာပဲ။ ငါးရက်လောက် နေပြီးတော့ ခွေးနက်ကြီးတစ်ကောင်က တို့နေတဲ့ တဲရဲ့ခေါင်မိုးပေါ်ကို ပထမ တစ်ရက်က တက်ပြီး အိပ်တယ်။

ငါနဲ့အတူ တဲနားနီးချင်းတွေ မြင်တော့ ခဲနဲ့ပစ်ချ မောင်းထုတ်လိုက်တာ မြောက်ဘက်က တောချုံထဲကို ဝင်ပြီးတော့ ပျောက်သွားတာ၊ ငါတို့နဲ့ အနီးအနားက တဲတွေက ခွေးလဲ မဟုတ်ဘူး။

နောက်ထပ် ဒုတိယအကြိမ်ကျတော့ ခေါင်မိုးပေါ်ကို တက်ပြီး ခွေးက ငုတ်တုတ်ထိုင်ပြီး အူတယ်။ နောက်နေ့တွေလဲ ဒီလိုပဲ။ သုံးရက်လောက် ဆက်ပြီး တဲခေါင်ကိုတက်ပြီး အူတယ်။ အဲဒီလို သုံးရက်ဆက်တိုက် ဖြစ်ပြီးတော့ ညကျတော့ ငါ အိပ်မက် မက်တယ်။

အိပ်မက်ထဲမှာ လူမည်းကြီးတွေ ငါးယောက်က **တို့နေတဲ့နေရာ မင်းတို့မနေရဘူး။ ခုဖယ်ပေး၊ ခုဖယ်ပေးနဲ့ အော်တာ မဖယ်ဘူးလား။ တို့နေတဲ့နေရာက ဖယ်မပေးရင် တွန်းချမယ်နဲ့ တင်းပုတ်တို့** အကြီးကြီးတွေ ကိုင်ပြီးတော့ ငါတို့မိသားစုကို ထုပစ်မယ်၊ ခုဖယ်ပေး ခုဖယ်ပေးနဲ့ အော်တာကွာ။

ငါတို့ကိုလဲ ထုမယ်လုပ်တော့ ငါလဲ လန့်ပြီး အော်ပစ်တာပေါ့ကွာ။ မလုပ်ပါနဲ့ ဖယ်ပေးပါ့မယ်လို့။ ငါကတော့ အိပ်မက် မက်ပြီးအော်တာ အသံတွေက အပြင်ကို ထွက်သွားတော့ ငါ့မိန်းမ မဝင်းကြည်ကလဲ ကြောက်ကြောက်နဲ့ အော်တာ ဘေးနားက တဲတွေက လူတွေ ရောက်လာတယ်။

ရောက်လာပြီး **"ဟာ ဘာဖြစ်တာလဲ"** ဆိုပြီး ငါတို့ကို အတင်းနှိုး မေးကြတော့ ငါလဲ သတိရပြီး နိုးလာတာ ပြီးတော့ လူတစ်ကိုယ်လုံး ချွေးတွေထွက်တာ စိုရွှဲနေတာပဲ။ မောပြီးတော့ ရေတွေသောက်၊ ပြီးတော့မှ လာတဲ့ လူတွေကို ရှင်းပြရတာ။

လာတဲ့လူတွေကလဲ "မင်း နေ့လယ်က အလုပ်ပင်ပန်းပြီး အိပ်လိုက်တော့ သွေးလေချောက်ချားပြီး ကယောင်ချောက်ချားနဲ့ အိပ်မက် မက်တာပါ ဘုရားဝတ်တက် မေတ္တာပို့ပြီး အမျှဝေ ပြီး အိပ်ရင် မကောင်းတဲ့ အိပ်မက်တွေ မမက်တော့ပါဘူး" ဆိုပြီးတော့ လူတွေက ပြန်သွားတာပေါ့ကွာ။

ငါတို့ကတော့ အိပ်မပျော်တော့ဘူး အချိန်ကလဲ ငါ့နာရီကို ကြည့်လိုက်တော့ မနက် သုံးနာရီထိုးပြီးနေပြီ အဲဒါနဲ့ ထမင်းဟင်းကို ချက်နေလိုက်တာ ဘုရားလဲ ဆွမ်းကပ်၊ ရေစက်ချ မေတ္တာပို့ အမျှဝေပြီးတော့ နို့လဲ ထမင်း



www.burmeseclassic.com

www.burmeseclassic.com

ကြမ်းစား၊ ရေနွေးကြမ်းသောက်ပြီးတော့ မိုးလင်းတာပဲ။

အဲဒီနေ့က စပါးပျိုးနုတ်တဲ့ လူတွေကလာ၊ ကောက်စိုက်မတွေကရောက် စိုက်ကြတာပေါ့။ ငါကလဲ နောက်နေ့ကောက်စိုက်ဖို့ရာကို လယ်လူးလယ်ကြမ်း လက်စားလိုက်တဲ့ ထွန်နွားခြင်းတွေနဲ့ပေါ့။ ကောက်စိုက်မတွေ ရသခိုက် ဆိုပြီးတော့ ဆက်ပြီးလုပ်လိုက်တာ တဲကို ဒီနေရာကနေ ပြန်မရွှေ့ဖြစ်ဘဲ ကြာသွားတယ်။

အရင်က ခွေးတက်တဲ့ရက်နဲ့ဆိုရင် ငါးရက်လောက်ရှိတော့ ခွေးကျားကြီးကွာ အကြီးကြီး။ တို့ဒီနားက မွေးထားတဲ့ ခွေးတွေ တစ်ကောင်မှ ထပြီးတော့ မဟောင်ရဲဘူး။ တို့ခွေးတွေကပဲ သူ့ကိုမမြင်တာလား၊ သူ့အော်တာကို မကြားတာလား မသိဘူး။ တဲခေါင်မိုးပေါ်တက်ပြီး အိပ်ပြတယ်။ ငုတ်တုတ်ထိုင်ပြီး အူပြတယ်။

အဲဒါနဲ့ငါတို့တစ်တွေက သိတော့ ခဲနဲ့ပေါက်၊ တုတ်နဲ့ပစ် လုပ်လိုက်တာ ခွေးကို ဘယ်သူမှ မှန်အောင် မပစ်နိုင်ဘူး။ အရင်ခွေးနက်ကြီးလိုပဲ ချုံတောထဲဝင်ပြီး ပျောက်သွားတာ။

အဲဒီလိုဖြစ်ပြီး နောက် သုံးရက်,လေးရက်ကြာတော့ ငါလဲ ထမင်းစားလို့မရ၊ ဗိုက်ကအောင့်၊ တစ်ခါတလေ မူးမေ့သွား၊ တုန်ပြီးတော့ဖျား၊ ကိုယ်တွေကပူ။ အဲဒါနဲ့ ရွာမှာရှိတဲ့ ဆေးဆရာတွေနဲ့ကု၊ လေး,ငါးရက်ကြာတော့လဲ ဝေဒနာက မသက်သာ၊ ရမည်းသင်းမြို့ကိုသွား၊ ဆေးခန်းက ဆရာဝန်တွေနဲ့ကု အထူးကုဆရာဝန်တွေနဲ့လဲ ကုတာပါပဲ။

အထူးကုဆရာဝန်ကလဲ ဆေးရုံကြီးကပဲလေ။ အပြင်မှာ ဆေးခန်းဖွင့်ထားတာ မထူးခြားဘူး။ ဆေးရုံတက်ဆိုလို့



ဆေးရုံတက်တော့လဲ ရောဂါဝေဒနာက မသက်သာတဲ့အပြင် လူက အစာမဝင်တော့ အားနည်းပြီး တုံးလုံးလဲ။ ဆေးရုံမှာ ဆယ်ရက်လောက်ကြာတော့ လူက မလှုပ်နိုင်တော့ဘူး။ အသံလဲ မထွက်တော့ဘူး။

အဲဒါနဲ့ တစ်ခါ ငါ့ဇနီး ဝင်းကြည်ရဲ့ အစ်ကို ငါ့ယောက်ဖကြီး ကိုချစ်အေးကို ဝင်းကြည်က ခေါ်လာပြီး ငါ့ကို ကြည့်တယ်။ ပြီးတော့ သူက ပြောတယ်။ မင်းတို့ဟာက အနာတလွဲ ဆေးတလွဲ ဖြစ်နေတယ်။ ရောဂါပျောက်မှာ မဟုတ်ဘူး။ ရွာကိုပြန်ခေါ်ခဲ့ ငါ့လုပ်မယ်။ ငါလုပ်လို့ ရတယ်။ အချိန်မီသေးတယ်နဲ့ ပြောရောပေါ့။

အဲဒါနဲ့ ဝင်းကြည်က အစ်ကို ဟုတ်ပါ့မလား။ လူက အသံမထွက်တော့ဘူး။ အစာလဲ မစားဘူး။ ရွာကိုခေါ်လို့ ကားဆောင့်တာနဲ့ လှည်းက စီးရဦးမှာ။ နွားလှည်းဆောင့်တာရော ဒဏ်ခံနိုင်ပါ့မလား။

အဲဒါနဲ့ ယောက်ဖကြီးကလဲ ချက်ချင်းပဲထပြီး သစ္စာဆိုတိုင်တည်ပြီး ငါ့ကိုလက်ညှိုးထိုးပြီး ပြောထည့်လိုက်တာ...

"ဟေ့ကောင် မြင့်ဆွေ မင်းအခုထ၊ ကိုယ်ဘာသာကိုယ်ထ အခု မင်းကြိုက်တာစားပြီးတော့ ဆေးရုံကဆင်းခဲ့၊ ရွာကိုပြန်ခဲ့၊ ရွာကျမှ ငါလုပ်မယ်၊ အခုဆရာဝန်တွေဆီ ဆင်းခွင့်ရအောင် ငါသွားပြောမယ်၊ ပြီးရင် ငါလဲပြန်မယ်၊ နောက်ကလိုက်ခဲ့"

လို့ ခေါ်ပြီး ပြန်သွားရောပေါ့။

ဟာ... သူပြောတော့လဲ အဟုတ်ပဲကွ။ သူမလာခင်က ငါ့ကိုယ်ငါ မထနိုင်ဘူး။ သူများထူပေးမှ ထနိုင်တာ။ အရင်က အစာလဲ မဝင်ဘူး။ စားချင်စိတ်လဲ သိပ်မရှိဘူး။ ကိုချစ်အေးက စားနိုင်းလိုက်တော့ ဝမ်းတွေဟာပြီး လွတ်ကို စားချင်နေတာ။

အဲဒီနေ့က မှတ်မှတ်ရရကွာ မင်းကိတ်မုန့်တွေ သုံးထုပ် တစ်ထိုင်တည်း ကုန်သွားတာ။ အဲဒါနဲ့ ဆေးရုံကဆင်း ကားဂိတ်ရောက်တော့ ကားစောင့်နေရင်း ထမင်းက တစ်ချိုင့်၊ ဟင်းကောင်းပါတာ မဟုတ်ဘူး။ ခရမ်းချဉ်သီးချက်ကလေးနဲ့ စားပစ်လိုက်တာ။ နောက်တစ်ချိုင့်စားမယ်လုပ်တော့ ကားက ရောက်လာ ကားပေါ်တက်လိုက်တာပေါ့ကွာ။

ကင်ပွန်းချို ကားဂိတ်ရောက်တော့ ရွာက လှည်းက မရောက်သေးဘူး။ အဲဒီမယ် ကျန်တဲ့ ထမင်းတစ်ချိုင့် ခရမ်းချဉ်သီးချက်နဲ့ပဲ ထပ်စားပြန်ရော။ ထမင်းတစ်ချိုင့်ကုန်တော့ လှည်းက ရောက်လာရော။ အဲဒါနဲ့ လှည်းပေါ်တက်ပြန်လာလိုက်တာပဲ'

'အဲဒီတော့ ဦးမြင့်ဆွေတို့ အိမ်ကိုရောက်တော့ ဦးချစ်အေးက ဘယ်လိုဆေးတွေနဲ့ ကုသေးလဲ။ ပရဆေးလား။ ထိုးဆေးတွေနဲ့လား'

'ဟာ ငါ့ယောက်ဖကြီး ကိုချစ်အေးက ဝိဇ္ဇာမဟာဒ္ဒိဂိုဏ်းဆရာဆိုတော့ သူ့ရဲ့ဆရာ ဦးအုန်းကြည်က ပေးတဲ့ ပညာနဲ့ လုပ်တာပေါ့ကွာ။ ငါလဲ အရင်ကတော့ သွေးရိုးသားရိုး ရာသီဥတုကြောင့်ဖြစ်တယ်ထင်ပြီး သူ့ကို မခေါ်မိဘူး။ ကိုချစ်အေး လုပ်ပေးပါမှ



www.burmeseclassic.com

www.burmeseclassic.com



အကူအညီမတောင်းမိဘူး။ မခိုင်းမိဘူးပေါ့ကွာ။ သူတို့ဆရာတွေကလဲ သားချင်းတော်ပေမယ့်လို့ ခိုင်းမှ လုပ်ပေးလို့ရတာတဲ့လေကွာ။

အဲဒါနဲ့ အိမ်ကိုရောက်တော့ ကိုချစ်အေးက ပြောတယ်။ ဘုရားပွဲတင်ရမယ်။ ငှက်ပျောသီးဝယ်။ ရခိုင်ဖီးရမှတဲ့။ အုန်းသီးကိုလဲ ကြွက်မြီးကောင်းတာလေးကိုဝယ်။ ဖယောင်းတိုင်၊ အမွှေးတိုင်ပေါ့ကွာ။ ဝယ်ခိုင်းပြီးတော့ ရရော။ ညကျတော့ ဘုရားပွဲတင်ပြီး သူဟာသူလုပ်တာပဲပေါ့။ ငါလဲ ကောင်းကောင်း မမှတ်မိတော့ဘူး'

## ဦးချစ်အေးနှင့် တွေ့ဆုံခြင်း

'ဦးချစ်အေးက ဦးမြင့်ဆွေတို့နေတဲ့ တဲခေါင်မိုးပေါ်ကို ခွေးတက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ အကူအညီပေးခဲ့တာလေးကို ကျွန်တော့်ကို ပြောပြပေးပါဦး။ ရှင်းလင်းအောင်ပေါ့ဗျာ'

'မြင့်ဆွေတို့က ဒီလိုကွ... နွားထိုးကန်အောက်မှာ တဲဆောက်ပြီးနေတာ။ မိုးတွင်းမှာ မိုးကြီးပြီး ရေတွေလာတော့ တဲမှာနေလို့ မရတော့လို့ မြောက်ဘက်က ကုန်းကွက်ယာကွက်ထဲကိုနေဖို့ တဲသွားဆောက်တာ။ သူတို့တဲဆောက်တဲ့နေရာက ကျုတ်တွေနေတဲ့နေရာ ဖြစ်နေတော့ ကျုတ်တွေက အနေမခံဘူးဆိုပြီး ခွေးယောင်ဆောင်ပြီး တဲခေါင်မိုးပေါ်ကို တက်ပြတာ။

လူက လူရိုးဆိုတော့ အဲဒါကိုနေတာ။ ဒီပြင် နေစရာက နေရာမရှိဘူး။ နောက်ထပ်ပြောင်းဖို့ ဆိုတာလဲ ဖြုန်းခနဲ မလွယ်ဘူး။ လယ်ထွန်ကောက်စိုက်ကလဲ အရေးကြီးနေတာ။ အဲဒါနဲ့ ဆက်နေတော့ လူတွေ တစ်ယောက်ပြီး တစ်ယောက် နေမကောင်းဖြစ် ဆေးကုတော့လဲ မပျောက်ဘူး။

အဲဒါနဲ့ အမေက ငါ့ကို ဆူပါရောကွာ။ လာမမေးလို့ လုပ်မပေးလို့တဲ့လေကွာ။ ငါက အမေ့ကို ပြောတယ်။ ကျွန်တော့်ကလေးတွေကို သွားအမေးခိုင်းတယ်။ ကျွန်တော်လာလို့ မရဘူး။ သူတို့က ကျွန်တော့်ကို လာမပြောဘူး။ အလုပ်မခိုင်းဘူး။ ကျွန်တော်လုပ်လို့ မရဘူးလို့ ဆိုတော့ အမေက ဒေါနဲ့မောနဲ့ပေါ့ကွာ။

ငါနဲ့အတူတူနေတာ သူတို့မပြော ငါပြောတယ် သွား မင်းလုပ်ပေးချည်။ ငါခိုင်းတာ၊ ငါပြောတာ သွားအခုဆိုတော့။ အဲဒီလိုပြောနေတုန်း ဝင်းကြည်ကလဲ ရောက်လာတာ ဝင်းကြည်ကလဲ ငါ့နမဆိုတော့ "ဟုတ်တယ် အစ်ကို ကျွန်မတို့က အလုပ်ကလဲ အရေးကြီး၊ ရုတ်တရက်ကြီးဆိုတော့ ဒီလိုလဲ မထင်တော့ အစ်ကို့ဆီကို မလာဖြစ်ဘူး။ အခု အမေနဲ့ ပြောသံကြားမှ ကျွန်မလဲ သတိရတာ၊ အဲဒါ အစ်ကို လုပ်ဦးတဲ့" ပြောရော။

အဲဒီလိုပြောတော့မှ ငါက ဘာကြောင့် ဖြစ်တယ်ဆိုတာ သိပြီးသားကိုးကွ။ အဲဒါနဲ့ ငါလဲ ချက်ချင်းပဲ ဘုရားစင်တိုင်ကို လက်နဲ့ကိုင်ပြီးတော့ နတ်တွေကို အကူအညီ တောင်းခိုင်းလိုက်တာ။ နင်တို့ ဆေးရုံက ပြန်ဆင်းခဲ့ဆိုတော့ အမေနဲ့ ဝင်းကြည်က ဆေးရုံကို လိုက်ကြည့်ရဦးမယ်ဆိုလို့ ဒီကနေ ပြောလိုက်ရင်ရတယ်ဆိုတာကို မဟုတ်ဘူးတဲ့။ လိုက်ကို လိုက်မှတဲ့ဆိုတော့ ဝင်းကြည်ကတော့ ငါက ခေါ်လိုက်ရင်ရတယ်။ အမေဆိုတော့ ဟော့ကောင်နေလို့ မရတော့ဘူး။ အဲဒါနဲ့ ငါလိုက်သွားရတာကွာ'

'အဲဒီတော့ ဆေးရုံကနေ ဦးချစ်အေးက ပြန်ခေါ်ခဲ့တယ်ဆိုပါတော့'

'ပြန်ခေါ်ရတော့တာပေါ့။ ဝင်းကြည်ကလဲ အအိပ်ပျက် အစားပျက်နဲ့ သူလဲ နေမကောင်းဖြစ်လာရော။ အိမ်ရောက်တော့ ဘုရားပွဲတင်လှူ၊ ပြီးတော့ ကွင်းပိုင်နယ်ပိုင် နတ်တွေကိုလဲ သူတို့အတွက် ဘုရားကို လှူပေးပြီး မြင့်ဆွေရဲ့ကိုယ်မှာ စွဲကပ်နေတဲ့ အစွဲတွေကို ခေါ်သွင်းပြီး **"မင်းတို့ ဘာဖြစ်လို့ လုပ်တာလဲ ခုပြော"** ဆိုပြီးတော့ မေးတော့ ကျုတ်တွေက သူတို့နေတဲ့နေရာကို လာပြီးတော့ တဲဆောက်နေတော့ ကျုတ်တွေမှာ နေစရာ မရှိတော့ဘူး။

ကျုတ်တွေက ခွေးယောင်ဆောင်ပြီးတော့ တဲခေါင်မိုးပေါ်ကို တက်ပြ အိပ်ပြ၊ အော်(အူ)ပြတယ်။ ဒီလူကြီးက လူရိုးကြီးဆိုတော့ နေမြဲနေနေတာ အစဦးက ခွေးနက်ကြီး၊ နောက် ခွေးကျားတွေ လုပ်ပြလဲ မရဘူး။ သူတို့က နေမြဲနေနေတော့ ခုလို လုပ်လိုက်ရတာဗျ။ အဲဒါ ဆရာနဲ့ တွေ့တာပဲတဲ့။

အဲဒီတော့ မင်းတို့တစ်တွေ ဒီ မြင့်ဆွေ တစ်ယောက်တည်းကို လုပ်တာကောဟုတ်ရဲ့လား။ ဝင်းကြည်ကိုရော မင်းတို့ လုပ်ထားတာမဟုတ်လား ပြောစမ်းလို့ဆိုတော့ ဟုတ်ပါတယ်တဲ့ သေအောင်တော့ မလုပ်ပါဘူး။ သတိရရင် ဒီနေရာက တဲကို ရွှေ့ပေးရင် ကျေနပ်ပါတယ်တဲ့။

အေး... ဒီနေရာမှာ မင်းတို့ ရှိတယ် ဆိုတာကို လူတွေက မသိဘူး။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလဲ ဟိုဘက်မှာ ရေတွေကြီးပြီး နေစရာမရှိလို့ လာနေတာ။ မင်းတို့ကို ငါ နေရာပေးမယ်။ ငါပေးတဲ့နေရာကို မင်းတို့ နေမလားဆိုတော့ နေမယ်တဲ့။

အဲဒါဆို မင်းတို့ ဒီနားမှာရှိတဲ့လူတွေကို မင်းတို့မလုပ်နဲ့။ လူတွေမှာ စွဲကပ်နေတဲ့ အစွဲတွေပြန်နုတ်ဆိုတော့ နုတ်ပါ့မယ်တဲ့။ အဲဒါနဲ့ သူတို့ကို မြောက်ဘက်က လူတွေနဲ့ ဝေးတဲ့ လုပ်စားလို့မရတဲ့ ကျောက်တောင်ကုန်းပေါ်ကို နေရာပေးလိုက်တာ။

ဒီမြင့်ဆွေတို့မိသားစုတင် ဘယ်ဟုတ်မလဲ၊ ရှစ်ခါးလဲ ဆေးရုံမှာ တစ်လလောက်ကြာကြာ အစာမစား ရေမသောက်နဲ့ ဖြစ်နေတာ ရှစ်ခါးတဲပေါ်လဲ ခွေးတက်တာပဲ။ အဲဒီနားက တဲတွေပေါ် ခွေးတွေတက်တာချည်းပဲ။

ဇော်ဝင်းလဲ တဲခေါင်ပေါ် ခွေးတက်ပြီး မကြာဘူး။ ထန်းပင်ပေါ်ကကျတာ။ ရွှေဝင်းလဲ ဒီအတိုင်းပဲ။ သူတို့က ငါ့ကို မခေါ်ဘူး၊ မပြောဘူး။ အဲဒီတော့ ငါလဲ သူတို့ကို သွားလုပ်ပေးလို့မရဘူး။

အဲဒီလို ဖြစ်တာကွ။ တခြားလူတွေက ကိုယ်တိုင်ဖြစ်တာ မဟုတ်တော့ မယုံဘူး။ အဲဒီလိုဖြစ်ပြီးတော့မှ ငါလဲ ရှေးကလူကြီးတွေ ပြောခဲ့တာကို ပြန်ပြီး အမှတ်ရတာ'

'ရှေးလူကြီးတွေက ဘယ်လိုများ ပြောခဲ့ မှာကြားခဲ့လို့လဲ ပြောပြပါဦးဗျာ'

'ဪ ရှေးလူကြီးတွေ ပြောခဲ့တာက ခွေးမရောက်ကောင်းတာ အိမ်ခေါင် လူမရောက်ကောင်းတာ မြင်းမိုရ်တောင်လို့ ဆိုကြတယ်။ အခု လူတွေနေတဲ့ တဲအိမ်ခေါင်မိုးပေါ်ကို ခွေးတက်တာကတော့ အဲဒီတဲအိမ်မှာနေတဲ့ လူတွေ နေမကောင်းဖြစ်တာပဲ။ ငါလဲ အဲဒီကျမှ တွေ့ဖူးကြုံဖူးတာ။

ဆေးရုံက ဆရာဝန်တွေ၊ ပါရဂူတွေ၊ အထူးကုတွေ ဒီလူတွေဖြစ်တဲ့ဥစ္စာ ရောဂါ ရှာမတွေ့ဘူးဗျ။ ဘာများထင်တုန်း။ ဘာစက်နဲ့မှ ရှာလို့မရဘူး။ ဘယ်လိုလုပ်ပြီး ရှာလို့ရမလဲကွ။ သွေးရိုးသားရိုးက ဖြစ်လာတဲ့ ကိစ္စမှ မဟုတ်တာ။ စုန်းကဝေနဲ့ အောက်နတ်တွေ ကျတ်တွေ ဆရာတွေက လုပ်တယ်ဆိုတာက ဓာတ်သဘောပဲလေ။ ဓာတ်ဆိုတာကလဲ စိတ်မနောဓာတ်ကို ဆိုတာပဲ။

သူတစ်ပါးရဲ့ စိတ်ဆိုတာ ဝင်ကြည့်လို့မှ မရတာ။ မြင်ရတာမျိုးလဲ မဟုတ်ဘူးလေ။ ဒါကြောင့်မို့လို့ ငါက နတ်တွေကို မေတ္တာပို့ပြီး အကူအညီ တောင်းလိုက်တာနဲ့ တစ်လလောက် မထဘဲ အိပ်ရာထဲ လဲနေတဲ့လူက ငေါက်ခနဲ ထထိုင်တာပေါ့။

မကောင်းတဲ့နတ်က စီးထားရင် မကောင်းတာဖြစ်တာပဲ။ အဲဒီတော့ သူတို့ကို တစ်ဆင့်ပြီး တစ်ဆင့်ပိုင်တဲ့ နတ်တွေကို အကူအညီတောင်းရတာပေါ့။

သူတို့ကို အပိုင်နိုင်ဆုံးကတော့ ဘိုးတော်သိကြားမင်းနဲ့ စတုလောကပါလ နတ်မင်းကြီးတွေဖြစ်တဲ့ ဓတရဋ္ဌ၊ ဝိရူဠှက၊ ကုဝေရ၊ ဝိရူပက္ခဆိုတဲ့ နတ်မင်းကြီးလေးပါးပဲလေ။ အဲဒီနတ်မင်းကြီးလေးပါးကို ကျေနပ်အောင်၊ သဘောကျအောင် ကိုယ်ကလဲ ကိုယ်ကျင့် သီလစရဏကို လုပ်ဆောင်ပြရတယ်'

'ဦးချစ်အေးပြောတဲ့ နတ်မင်းကြီးလေးပါး သဘောကျအောင် လုပ်ဆောင်ရတဲ့ ကိုယ်ကျင့်သီလစရဏဆိုတာကို နည်းနည်းလောက် ရှင်းပြပေးပါလား။

လုပ်ပုံ လုပ်နည်းလေးပေါ့ဗျာ။ ကျွန်တော်တို့လဲ ပညာအမွေ မျှဝေပေးတဲ့အနေနဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့အပေါ် တာဝန်ကျလာရင်လဲ ထမ်းဆောင်တတ်အောင် ဆိုပါတော့ဗျာ'

'ဪ ခက်တယ်ကွ။ တာဝန်ကျရင် ထမ်းဆောင်တတ်အောင် ဆိုတာက ပြောပြလိုက်တာက လွယ်တယ်။ တကယ်လုပ်ဆောင်ဖို့ကျတော့ လူတိုင်းလိုက်မလုပ်နိုင်ကြဘူး။ အခြေခံကတော့ မြတ်ဗုဒ္ဓ ဟောကြားခဲ့တဲ့ ငါးပါးသီလပဲ။

အဲဒီ ငါးပါးသီလကို မကျိုးမပေါက်ဘဲ ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင်နေဖို့ပဲ။ ကာယကံ၊ ဝစီကံ၊ မနောကံပါ မြဲနေမှ။ အပြင်မှာ မြဲနေတာတောင်မှ အိပ်တဲ့အခါ အိပ်မက်ထဲမှာ ဖောက်ပြန်ချင်သေးတယ်။ ဒါကိုလဲ သတိထားမှ။ အဲဒါကလဲ အလုပ်လုပ်တဲ့အခါ အစပိုင်းလောက်ပါပဲ နောက်တော့ မြဲသွားပါတယ်။

အထူးသဖြင့်တော့ မနောကံဆိုတဲ့ စိတ်ပါပဲ။ သဘောတစ်ခုက ဒီနေရာဆို ဒီနေရာပဲ။ စိတ်က ငြိမ်နေမှ။ နှုတ်ဝစီက ဒီနေရာလို့ ဆိုပြီးတော့ စိတ်မနောက ဟိုဘက်ဒီဘက် ရောက်နေရင် မဟုတ်သေးဘူး။

သဘောတစ်ခုက ဘုရားလို့ပြော ဆိုလိုက်ရင် နှုတ်ဝစီက ပြောတာနဲ့



www.burmeseclassic.com

www.burmeseclassic.com

စိတ်မနောက ရှင်းခနဲ လင်းခနဲ မြင်နေရမှ။ နောက်ပြီးတော့ ကိုယ်ကလဲ ဤကုသိုလ်ကြောင့် ဒီလိုဟာ ရ,ရပါလို၏ လို့လဲဆုတောင်း။ နတ်တွေကိုလဲ အကူအညီတောင်း။ ဒီဝေဒနာရှင်ကိုလဲ နတ်တွေဆီကနေ အလျှုခံ တောင်းတတ်ရတယ်။

အဲဒါကြောင့် ကိုယ်ကျင့်သီလစရဏမှန်မှ၊ အလျှုခံနိုင်တဲ့ အရည်အချင်းရှိမှဖြစ်တာ ဘုန်းကြီးတွေ၊ သီလရှင်တွေလိုပုံစံနဲ့ အလျှုခံလို့ရတာလဲ မဟုတ်ဘူး။

အခု ဒီလို ရောဂါဝေဒနာတွ ဖြစ်တယ်ဆိုရင် ဘယ်နေရာက ဘာဖြစ်တယ်ဆိုတာကို ကိုယ်က သိအောင်လုပ်နိုင်မှ။ ရှင်းခနဲ လင်းခနဲ သိနေဖို့ရာက သမထကျင့်စဉ် စိတ်ငြိမ်အောင်ကျင့်နိုင်မှ။

BURMESE CLASSIC .com

အဲဒါကြောင့် ဆရာကြီးတွေက ပြောတာပေါ့“**ဓာတ်ပိုင်မှ နတ်နိုင်တယ်။ နတ်နိုင်မှ ပညာရောက်တယ်။ ပညာရောက်မှ ဝိဇ္ဇာဖြစ်မယ်။ ဝိဇ္ဇာဖြစ်မှ မဂ်ဉာဏ်ရမယ်။ မဂ်ဉာဏ်ရမှ ဖိုလ်ဉာဏ်ဝင်မယ်။ ဖိုလ်ဉာဏ်ဝင်မှ နိဗ္ဗာန်ရမယ်**”လို့ ဆိုကြတာပေါ့။

ဓာတ်ပိုင်မှဆိုတာ စိတ်ဓာတ်မနောကိုဆိုတာပဲ။ ကိုယ့်မနောကို ကိုယ်ပိုင်မှလဲ နတ်တွေက အကူအညီပေးတာ။ အဲဒီလိုမှ မဟုတ်ရင် နတ်တွေရဲ့ အကူအညီကို မရနိုင်ဘဲ ဖြစ်နေတတ်တယ်။ တစ်လလောက်နီးပါး အစာမစားဘဲ ရေလေးပဲ နည်းနည်းပါးပါး သောက်ပြီး အိပ်ရာထဲ လဲနေတာဟာ သာမန် သွေးရိုးသားရိုးဆိုရင် ဘယ်လိုလုပ်ပြီး နေနိုင်ပါ့မလဲ စဉ်းစားကြည့်ဦးမှပေါ့။

ငါ လုပ်နေတာ မင်းလဲ အသိသားပဲ။ တစ်ခါတလေ မင်းရဲ့ရှေ့တင်ပဲ၊ ငါ့အိမ်ကနေ ဘုရားအိုးစင်တိုင်ကို လက်နဲ့ ကိုင်ပြီး ဒီကနေ ပြောလိုက်တာနဲ့ ဟိုမှာ လူနာက ကောင်းနေတာ။ ငါနဲ့ မတွေ့စေနဲ့လို့ဆိုရင် စုန်းကဝေတွေက အတွေ့မခံရဲဘူး။ သူတို့ လုပ်ထားတဲ့ ပညာကို သူတို့က ပြန်နုတ်သွားပြီး လူနာကနေခွာသွားတာ။

ငါကနေ စိတ်ထဲက မကျေနပ်လို့ အဲဒီလူနာရဲ့ ခန္ဓာကိုယ်မှာ စွဲနေတဲ့ အစွဲကို လူနာရှင်အိမ်ရဲ့ ဘုရားစင်ရှေ့နားမှာ ချုပ်ထားလိုက်လို့ဆိုရင် နတ်တွေက ချုပ်ထားတာ။ ငါ သွားလိုက်ရင် အဲဒီလူနာဟာ ဘုရားစင်ရှေ့နားမှာ ငုတ်တုတ်ထိုင်ပြီး လက်ကို နောက်ထားပြီးတော့ နေနေတာပဲ။

အဲဒီတော့ အခု ဝေဒနာရှင်ဟာ ဘယ်လိုဖြစ်နေပါတယ်လို့ ဆရာ့ကို လာပင့်တဲ့လူက ပြောလိုက်တာနဲ့ ဒီလိုဖြစ်နေတာဟာ နတ်က မကျေနပ်တာလား၊ ကျက်တွေက လုပ်တာလား သရဲက ဖမ်းစားတာလား၊ စုန်းကဝေက ဖမ်းစားတာလား၊ အောက်လမ်းဆရာတွေက အောက်လမ်းနည်းနဲ့ တိုက်တာလား၊ လူ့ပူးတားလား ဆိုတာကို ဆရာလုပ်တဲ့သူက ခွဲခြားပြီးသိနေရတယ်။

မဟုတ်ရင် လူနာရှင်မှာ ဒုက္ခရောက်တတ်တယ်။ မခွဲခြားတတ်တဲ့ ဆရာဆိုရင် အဲဒီလူနာရှင်မှာ စွဲနေတဲ့ အစွဲက သိတယ်။ ဆရာကို ထပြီး နပန်းလုံးတတ်တယ်။

အဲဒါကြောင့် ကိုယ်ဘက်က အကျင့်စရဏဆိုတာ ပိုင်နေအောင်လုပ်ထားရတယ်။ အဲဒါမှ သွေးရိုးသားရိုးနဲ့ ဘယ်နေရာမှာ ဘယ်လို ဖြစ်နေတယ်ဆိုတာကို တည့်တည့်မတ်မတ်ကို သိနေမှ ကိုယ်လုပ်တိုင်းဖြစ်တာ။

အဲဒီတော့ ကိုယ့်ဘက်ကနေ သီလကို လုံခြုံအောင် ထိန်းပြီးတော့ သမထကျင့်စဉ်ကို အားထုတ်ပြီး ကျင့်ထားဖို့ပဲ လိုပါတယ်။ နတ်၊ ကျက်၊ သရဲဆိုတာ မင်းတို့ငါတို့လို သာမန်လူတွေ မဟုတ်တော့ မြင်ရတာမျိုးမဟုတ်ဘူး။

အောက်လမ်းဆရာတို့၊ စုန်းကဝေတို့ဆိုတာ လူတော့လူပဲ။ သူတို့က လူကိုယ်တိုင် လာလုပ်တာ မဟုတ်ဘူး။ ဓာတ်သဘောနဲ့လာတာ။ အဲဒါကြောင့် တချို့ဆရာတွေ မျက်စိလည်တာပေါ့။

အောက်လမ်းဆရာတွေကလဲ သူတို့ပညာနဲ့ သူတို့ပညာပြပြီး လိမ်သွားတာလဲရှိတာပေါ့။ အဲဒီလို ဆရာတွေကျတော့ လူတွေက ယုံတယ်ကွ တကယ်လဲ ပျောက်တာမဟုတ်ဘူး ငါတို့ကျတော့ အောက်လမ်းဆရာတွေလို ပြခွင့်မရဘူး။ အဲဒီတော့ လူတွေက သိပ်ပြီး မယုံချင်ဘူး။ ငါတို့အကြောင်းကိုသိတဲ့ လူတွေကသာ လာပင့်ပြီး အကူအညီတောင်းတာ။

ငါတို့က ငွေတောင်းတာလဲ မဟုတ်တော့ လူတွေကလဲ အသိတရားနည်းပါးတယ်။ ကိုယ့်မှာ တာဝန်ကျလာလို့သာ လုပ်ပေးရတာ ဆရာကြီးတွေက ဒဏ်ခတ်မှာကိုလဲ ကြောက်ရသေးတယ်’

‘ဟုတ်ကဲ့ပါဆရာ အခုလို ရှင်းပြပေးတာကို ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင် ဝမ်းမြောက်ပါတယ်။ ဆရာဦးချစ်အေး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေဗျာ’

**သဗ္ဗေသတ္တာ ကမ္မဿကာ**

**ရွှေမိုး**
**(ရမည်းသင်း)**

www.burmeseclassic.com